ရန်ကင်းတောင်စာစဉ်(၅၂)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

အရှင်ဒေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)
ရေးသားပြုစုတော်မူသော

ပဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၆၉ ကောဇာ - ၁၃၈၇ ခရစ် - ၂၀၂၅

ရန်ကင်းတောင်စာစဉ်(၅၂)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)
ရေးသားပြုစုတော်မူသော

ပဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၆၉ ကောဇာ - ၁၃၈၇ ခရစ် - ၂၀၂၅

ပဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ

ခွင့်ပြုချက်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ စာမေးပွဲ ဌာနခွဲ၏ ၂၆-စ-၂၀၂၅ ရက်စွဲပါ စာအမှတ် ဝဉ/၁၁/သသန-၁(၃၄၉) ဖြင့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)ပညာရေးအဖွဲ့ငယ်၏ ခွင့်ပြုချက်အရ ထုတ်ဝေသည်။



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၌
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ် **အုပ်ရေ ၂၀၀၀** **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ**

ဖြန့်ချိရေး

၁။ ရန်ကင်းတောင်စာစည် (နေပြည်တော်၊ ဒကွိဏ္ဏသီရိမြို့) ဖုန်း ၀၉-၄၃၀၇၅၇၀၄၊ ၀၉-၄၅၄၁၁၄၅၁၁
၂။ သော်တာစန်းစာပေ (နေပြည်တော်၊ ပျဉ်းမနားမြို့) ဖုန်း ၀၉-၄၃၀ ၃၅၄၉၅၊ ၀၉-၉၇၄၂၂၈၇၉၅
၃။ သစ္စာမဏ္ဍိုင်ပိဋကတ်စာပေ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)ဖုန်း ၀၉-၅၀၆၀၈၄၅၊ ၀၉-၉၆၅၀၆၀၈၄၅
၄။ သီရိရတနာပိဋကတ်စာပေ (ဖုန်း ၀၉-၅၁၂၅၂၈၊ ၀၉-၇၇၆၂၂၅၃၄)

ဥယျောဇနဂါထာယော

၁။ ပုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ သခီါရာနံ ဟိ လက္ခဏံ။
သြကာသော နတ္ထိ ဘာဝေတုံ၊ နာမမတ္တံ န နာယတိ။

၂။ ပုဒ္ဓေါ လောကေ ဥပဇ္ဇိတွာ၊ ဣဒါနိ လက္ခဏတ္တယံ။
ဘာဝေတုံ စေဝ သောတုံ စ၊ လဘန္တေဝ နု ဒုက္ခရံ။

၃။ ယေ ယေ မညန္တိ ဒုမ္မေဓာ၊ ဘာဝနာ နာမ ဒုက္ကရာ။
ပရိဝဇ္ဇေန္တိ တေ ဓမ္မံ၊ တာဒိသာ တာဒိသာ ဗဟူ။

၄။ ဓုတင်ေါ ကောဝိဒေါ ထေရော၊ နဘူးကျင်းဂ္ဂတိ ဝိဿုတော။
ရွှေဥမင်တိ မဟာထေရော ၊ ယော ဓမ္မဿ ဝိပဿကော။

၅။ တေသံ သိဿော မဟာထေရော၊ ဇာတိယာ ပြာဟွဏောပိ ယော။
အာစာရဂုဏသမ္ပန္နော၊ သိဿာနံ အနုကမ္ပကော။

၆။ သဗ္ဗေသံဝ သုဗောဓယ၊ အယံ ဂန္ထော စိရံ ကတော။
ပဿိတွာန ဂ္ဂမံ ဂန္ထံ၊ လဘန္တု ဓမ္မမုတ္တမံ။ (ပထျာဝတ္တဂါထာယော)

မဟာဝိဟာရဝါသီ အာဘယတ္ထေရော
မဟာဝိဟာရေ၊ သပြေကျင်းဂါဓေ၊
ပြင်ဦးလွင်နဂရေ၊ မန္တလေးပဒေသေ။

၁။ ဗုဒ္ဓစန္ဒေ၊ လမင်းတမျှ, မဟာကရုဏာဖြင့်, အေးမြစေတော်မူသော ဘုရားရှင်သည်၊ အနုပုန္နေ၊ ငါတို့နေရာ, ဤကမ္ဘာဝယ်, ဖြစ်လာ ပွင့်လင်း, မရှိလျင်းသော်၊ သခ်ါရာနံ၊ ကြောင်းမျိုးဖန်ဖန်, စီမံအပ်သည့်, ရုပ်နာမ်ဓမ္မ, သခ်ါရတို့၏၊ လက္ခဏာ၊ အနိစ္စ, ဒုက္ခ, အနတ္တဟု မှတ်သားပြုကြောင်း, လက္ခဏာအပေါင်းကို၊ ဘာဝေတုံ၊ မဂ်ဖိုလ် နိဗ္ဗာန်, ရဖို့ရန်ဟု, ရည်သန်လျက်သာ, ဘာဝနာကမ္မဋ္ဌာန်း, စီးဖြန်းပွားများအားထုတ်ခြင်းငှာ၊ သြကာသော၊ အခွင့်အလမ်းကောင်းသည်၊ နတ္ထိ၊ တစ်ရံတစ်စိမရှိနိုင်ပေ။ နာမမတ္တံ၊ အားထုတ်ပွားများ, မဆိုထားနှင့်, ရုပ်နာမ်ဓမ္မ, သခ်ါရတို့၏, အမည်နာမမျှကိုသော်မှလည်း၊ န နာယတိ၊ ကြားဖူးမရှိ, မသိအပ် မသိနိုင်ပေ။

၂။ ဗုဒ္ဓေါ၊ သစ္စာလေးပါး, မြတ်တရားကို, ကိုယ်တိုင်သိမြင်, ဘုရားရှင်သည်၊ လောကေ၊ ငါတို့နေကြ, ဤလောကၦ၊ ဥပ္ပဇ္ဇိတ္ထာ၊ လောကအကျိုး, ရည်ရွယ်ကိုး၍, ပွင့်ထွန်းတော်မူလာခဲ့ခြင်းကြောင့်၊ ဣဒါနိ၊ သာသနာထွန်းပ, ခုကာလဝယ်၊ လက္ခဏတ္တယံ၊ ရုပ်နာမ်ဓမ္မ, သခ်ါရတို့၏, အနိစ္စ, ဒုက္ခ, အနတ္တဟု, မှတ်သားပြုကြောင်း, လက္ခဏာသုံးပါးအပေါင်းကို၊ ဘာဝေတုံ စေဝ၊ ဘာဝနာကမ္မဋ္ဌာန်း, စီးဖြန်းပွားများ အားထုတ် ခြင်းငှာလည်းကောင်း၊ သောတုံ စ၊ မှတ်သားသင်ယူ, ကြားနာခြင်းငှာလည်းကောင်း၊ န ဒုက္ကရံ၊ ဟောဖော်ညွှန်ပြ, ဆုံးမမည့်သူ, ပေါသည့်တာကြောင့်, ခက်ခဲမရှိ, လွယ်ကူ၍ သာလျှင်၊ လဘန္တေဝ (လဘန္တိ ဧဝ)၊ မုချမသွေ, ရရှိကြပေ၏။

၃။ (တထာပိ)၊ ထိုသို့ပင် ခက်ခဲမရှိ, ရရှိကြငြားသော်လည်း၊ ဘာဝနာ နာမ၊ ဝိပဿနာ ခေါ်ငြား, ဘာဝနာတရားသည်၊ ဒုက္ကရာ(ဣတိ)၊ စီးဖြန်းအားထုတ်, ကြိုးကုတ်ဖို့ရန်, ငါတို့အဖို့, ခက်ခဲလှပါပေ၏ ဟူ၍၊ ဒုမ္မေဓာ၊ ပညာနည်းပါး၊ ငမိုက်သား ဖြစ်ကြကုန်သော၊ ယေ ယေ၊ အကြင် အကြင် ရဟန်း ရှင်လူတို့သည်၊ မညန္တိ၊ စိတ်ဝယ်စွဲကာ, မှတ်သားထားကြလေကုန်၏။ တေ၊ ဘာဝနာအလုပ်, အဟုတ် ခက်ဟု, မှတ်သားစွဲယူ, ထိုရဟန်း ရှင်လူတို့သည်၊ ဓမ္မံ၊ ပွားများအားထုတ်, တရားအလုပ်ကို၊ ပရိဝဇ္ဇေန္တိ၊ အဝေးကပင်, မကြားချင်ဟု, ရှောင်လွှဲကြကုန်၏။ တာဒိသာ တာဒိသာ၊ တရားဟုဆို, မကြားလိုဟု, ရှောင်လိုကြသော ထိုကဲ့သို့ ထိုကဲ့သို့သော သူတို့သည်၊ ဗဟူ၊ ရေတွက်မရ, များလွန်းလှပေ၏။

၄။ ခုတဂေါ၊ ကိလေသာများ, ခေါင်းပါးစေကြောင်း, အကျင့်ကောင်းတစ်ရပ်, ခုတင်မြတ်ကို, မပျက်ကျင့်ကာ ဆောင်တော်မူတတ်သော၊ ကောဝိဒေါ၊ ပါဠို မြန်မာ, နှစ်ဘာသာဖြင့်, များစွာကျမ်းကို, ရေးစွမ်းနိုင်သည့် ပညာရှင်အစစ်လည်း ဖြစ်တော်မူသော၊ နဘူးကျင်း

ဣတိ ဝိဿုတော၊ နဘူးကျင်းတောရ, မြတ်ဌာန၌, မျှတစံပျော်, ဆရာတော်ဟု ထင်ပေါ် ကျော်ကြားတော်မူသော၊ (ယော စ)ထေရော၊ သီလ သမာ, မြတ်ပညာဖြင့်, ခိုင်မာလတ်သည့်, အကြင်မထေရ်မြတ်သည်လည်းကောင်း၊ (အတ္ထိ)၊ ငါတို့နေရာ, ဤမြန်မာဝယ်, မှန်စွာမသွေ, ရှိတော်မူပေ၏။ ဓမ္မဿ၊ ရုပ်နာမ်ဓမ္မ, သခ်ၤါရကို၊ ဝိပဿကော၊ အနိစ္စ, ဒုက္ခ, အနတ္တဟု, အထူး ရှုမှတ်, သုံးသပ်တော်မူသော၊ ရွှေဥမင်တိ (ဝိဿုတော)၊ ရွှေဥမင်ကျောင်းတော်, ကိန်းဝပ်ပျော်၍, ရွှေဥမင်ဆရာတော်ဟု, ထင်ပေါ် ကျော်ကြားတော်မူသော၊ ယော မဟာထေရော စ၊ သီလ သမာ, မြတ်ပညာဖြင့်, ခိုင်မာလတ်သည့်, အကြင် မထေရ်မြတ်သည်လည်းကောင်း၊ (အတ္ထိ)၊ ငါတို့နေရာ, ဤမြန်မာဝယ်, မှန်စွာမသွေ, ရှိတော်မူပေ၏။

၅။ တေသံ (မဟာထေရာနံ)၊ သီလ သမာ, မြတ်ပညာဖြင့်, ကြီးမားခိုင်မတ်, ထို မထေရ်မြတ်နှစ်ပါးတို့၏၊ သိဿော၊ ဓုတင် ဝိပဿနာ, ကျင့်နှစ်ဖြာကို, ဆက်ခါအမွေ, ရရှိပေတတ်, တပည့်မြတ်ဖြစ်သော၊ ဇာတိယာ၊ အမျိုးဇာတ်အားဖြင့်၊ ဗြာဟ္မဏောပိ၊ ခတ္တိယ ဗြာဟ္မဏ, ဝေဿ သုဒ္ဒ, ဇာတ်လေးဝတွင်, ဗြာဟ္မဏ မျိုးရိုးလည်းဖြစ်သော၊ ယော မဟာထေရော၊ ခေမာနန္ဒ, နာမမည်ခေါ်, အကြင် မထေရ်ကျော်သည်၊ အာစာရ ဂုဏသမ္ပန္နော၊ အကျင့်သီလ, ဂုဏ်အဝဝနှင့်လည်း ပြည့်စုံလှပေ၏။ သိဿာနံ၊ မိုခိုအားထား, တပည့်များအပေါ်၌လည်း၊ အနုကမ္ပကော၊ အစဉ်သနား, မေတ္တာထားကာ, စောင့်ရှောက်တော်မူတတ်ပေ၏။

၆။ သတ္ထေသံ၊ အလုံးစုံကုန်သော ဝိပဿနာလိုလား, မျိုးကောင်းသားနှင့်, မျိုးကောင်းသမီး, အသီးသီးတို့၏၊ သုဗောဓာယ ဧဝ၊ ခက်ခဲမရှိ, လွယ်ကူဘိ၍, သိရှိနားလည်နိုင်ခြင်း အကျိုးငှာသာလျှင်၊ အယံ ဂန္ထော၊ ပဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ, နာမံသတ်မှတ်, ဤကျမ်းတော်မြတ်ကြီးကို၊ စိရံ၊ တစ်နှစ်လွန်မြောက်, နှစ်-နှစ် ရောက်အောင် ကြာမြင့်ပြီးမှ၊ (တေန မဟာထေရေန)၊ ခေမာနန္ဒ, နာမမည်ခေါ်, ထိုမထေရ်ကျော်သည်၊ ကတော၊ နိဂုံးကမွတ်, အဆုံးသတ်ကာ, ရေးသားအပ်လေပြီ။ ဣမံ ဂန္ထံ၊ ပဌာန်း တရားတော်နှင့် ဝိပဿနာအခြေခံ, နာမံသတ်မှတ်, ဤကျမ်းတော်မြတ်ကြီးကို၊ ပသိတွာန၊ ရဟန်း ရှင်လူ, များဗိုလ်လူတို့, ဖတ်ရှုကြပြီးလျှင်၊ ဓမ္မမုတ္တမံ၊ လောကီတရား, များအပြားထက်, လွန်မြင့်မြတ်သည့်, မဂ်ဖိုလ်နိဗ္ဗာန်ကို၊ လဘန္တု၊ မျက်မှောက်ဘဝ၊ အားထုတ်ကြ၍, ရရှိနိုင်ကြပါစေကုန်သတည်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ ဆုတောင်းပတ္ထနာ နိဒါန်းစာလွှာ



မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် (၆)ဝါလွန်မြောက် (၇)ဝါသို့ ရောက်ရှိမည့် မဟာသက္ကရာဇ် (၁၀၉)ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေတွင် သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံ စသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဏကမွေလာ မြကျောက်ဖျာထက်၌ သီတင်းသုံးတော်မူလျက် မယ်တော်မိနတ်အမှူးရှိသော စကြဝဠာတိုက်တစ်သောင်းက နတ်ငြဟ္မာအပေါင်းတို့အား ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် မိမိကိုယ်တိုင် သစ္စာလေးပါး မြတ်တရားကို သိတော်မူသကဲ့သို့ ဝေနေယျသတ္တဝါများကိုလည်း သိစေတော်မူလိုသည့် မဟာကရုဏာတော်ကြောင့် အဘိဓမ္မာဒေသနာတော်မြတ်ကို ရက်မှလသို့ကြာသည့်တိုင် အပင်ပန်းခံ ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားတော်များသည် နက်နဲမှုဟူသော ဂမ္ဘီရ၊ သိမြင်နိုင်ခဲမှုဟူသော ဒုဒ္ဒသ၊ တွေးခေါ်ကြံဆ၍ မသိနိုင်ခြင်းဟူသော အတက္ကာဝစရ၊ သိမ်မွေ့မှုဟူသော နိပုဏ၊ တကယ့်ပညာရှင်များသာ သိမြင်နိုင်ခြင်းဟူသော ပဏ္ဍိတဝေဒနိယဟုဆိုအပ်သော အင်္ဂါရုပ်များနှင့် ပြည့်စုံသော တရားတော်များဖြစ်ပါသည်။

ထိုသို့သော အင်္ဂါရုပ်ဂုဏ်ထူး ဝိသေသများနှင့် ပြည့်စုံလှသည့် အဘိဓမ္မာတရားတော်များအနက် နောက်ဆုံး အဘိဓမ္မာကျမ်းဖြစ်သော မဟာပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို လေ့လာကြည့်ရှု သင်ယူလိုကြသော ပုဂ္ဂိုလ်အပေါင်းတို့အား

ပဋ္ဌာန်းဒေသနာတော်၌ ဟောတော်မူထားသည့် ပစ္စည်းတရား တစ်ခုချင်းစီ၏ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စယသတ္တိအားဖြင့် ကျေးဇူးပြုပုံ အလုံးစုံကို ဘုရားရှင်အလို တော်ကျ သိနိုင်ရုံမျှမက မိမိတို့၏သန္တာန်၌ အဘိဓမ္မာဉာဏ်၊ ပရမတ်ဉာဏ် အမြင်များ ဖြစ်ပေါ်ကြလျက် ရုပ်တရားကို ရုပ်တရားသဘောအနေနှင့်လည်းကောင်း၊ စိတ်စေတသိက် နာမ်တရားတို့ကို နာမ်သဘောတရားအနေနှင့်လည်းကောင်း မှန်မှန်ကန်ကန် ခွဲခြားသိနိုင်သည့် နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ဆိုအပ်သော အဘိဓမ္မာဉာဏ်ကို အရင်းခံ၍ အထက် အထက်ဖြစ်သော ဝိပဿနာဉာဏ်များ အဆင့်ဆင့်ဖြစ်ပေါ်ရရှိကြပြီး ချမ်းသာစစ်၊ ချမ်းသာမှန်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာမြတ်ကို မျက်မှောက်ပြုနိုင်ကြသည့်တိုင် အထောက်အပံ့ကောင်း သဖွယ်ဖြစ်နိုင်ရန် အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) ရေးသားပြုစုတော်မူသော ဤ“ပဋ္ဌာန်းတရားတော်နှင့် ဝိဿနာအခြေခံ” ဟူသော အဘိဓမ္မာဆိုင်ရာ ဓမ္မစာအုပ်ကို လေ့လာဖတ်ရှုကြပြီး အဘိဓမ္မာဉာဏ်၊ ပရမတ်ဉာဏ်အမြင်များ ရရှိတော်မူကြလျက် မိမိတို့၏ ပါရမီအားလျော်စွာ တရားထူး၊ တရားမြတ်များ ရရှိနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။



ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
နာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

ဆုတောင်း

ဤကောင်းမှုကုသိုလ်ကြောင့်
ကမ္ဘာပေါ်တွင်
မြတ်ဗုဒ္ဓသာသနာတော်
အစွန့်ရှည်ကြာ တည်တံ့၍
ကမ္ဘာသူ ကမ္ဘာသားများ
ဝိမုတ္တိသုခကို
ရရှိခံစားနိုင်ပါစေသတည်း။

အရှင်ခေမာနန္ဒ
ရန်ကင်းတောရ၊ သပြေပင်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
*	ဥယျောဇနဂါထာယော	က
*	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ ဆုတောင်းပတ္ထနာ နိဒါန်းစာလွှာ	ကီ
*	ဆုတောင်း	ကူ
*	မာတိကာ	ကေ
*	ကျေးဇူးဥပကာရ	ဂဲ
*	ဦးခိုက်ပူဇော် ဓမ္မစေတီတော်	ဂေါ်
*	နိဒါန်း	ဂါး
	၁ – ဟေတုပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၁
၂။	Root condition (Hetu paccaya)	၁
၃။	ဟေတုပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၁
၄။	Hetu Paccaya	၂
၅။	ရေသောက်မြစ်ခြောက်သွယ်	၂
၆။	လောကကြီး စည်ပင်ဖွံ့ဖြိုးနေသည်	၃
၇။	ကိလေသာကိုပယ်ခြင်း	၃
၈။	ကုဒ္ဒါလပဏ္ဍိတခေါ် ပေါက်တူးသုခမိန်	၄
၉။	သံသရာရှည်သမျှ	၅
၁၀။	သတိပဋ္ဌာန်တရား	၆
၁၁။	စိတ္တာနုပဿနာသတိပဋ္ဌာန်	၇
၁၂။	အညတရရဟန်းတော်နှင့် မာတိကာမာတာ	၈
၁၃။	ဟေတုပစ္စယောသည် ဝိပဿနာ၏အာရုံ	၈
၁၄။	ဒေါသကို ဝိပဿနာရှုကွက်ဖော်ခြင်း	၉
၁၅။	ဒေါသဖြစ်ရသည်ကို ရှုက်တတ်လာသည်	၁၀
၁၆။	ဓမ္မသဘာဝဟူသည် မျက်နှာမလိုက်ပါ	၁၁
၁၇။	ဓာတ်ခံနှင့် အာရုံ	၁၃

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ပေါ်ပြီးပျောက်နေသည့် သဘာဝတရား	၁၄
၁၉။	ပဋ္ဌာန်းဝိပဿနာတရား	၁၅
၂၀။	ကိလေသာသည် ဉာဏ်မျက်စိကွယ်သူကိုသာ အနိုင်ယူသည်	၁၆
၂၁။	ခုဇ္ဇတ္တရာကျွန်မ၏ အရိယာဘဝအလှ	၁၆
၂၂။	ဟေတုပစ္စယောဆုတောင်း	၁၈
၂၃။	ဟေတုပစ္စယော သိမှတ်ဖွယ်	၁၉
	၂ – အာရမ္မဏပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၁
၂။	Object condition (Arammana paccaya)	၂၁
၃။	အာရမ္မဏပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၂
၄။	Arammana Paccaya	၂၂
၅။	‘မြင်တာ’က ပရမတ်၊ ‘ငါ’က ပညတ်	၂၃
၆။	‘ဝိပဿတိ’နှင့် ‘အဿာဒေတိ’	၂၄
၇။	အာရုံသည် အာရုံမျှသာဖြစ်သည်	၂၄
၈။	ဓာတ်ခံညံ့ရှာသည့် မာဂဏ္ဌိပုဏ္ဏားမကလေး	၂၅
၉။	အဝိဇ္ဇာပစ္စယာ သခ်ါရာ	၂၆
၁၀။	ပျက်စီးခြိန်တန်သူသည် အမှားကိုအမှန်ထင်ပြီး အမှန်ကိုအမှားထင်	၂၇
၁၁။	အာရမ္မဏာနုသယနှင့် သန္တာနာနုသယ	၂၈
၁၂။	ပကတိမီးထက်ပြင်းထန်သည့် ကာမရာဂမီး	၂၉
၁၃။	ဝေဒယိတသုခသည် ချမ်းသာအစစ်ကို မပေးနိုင်ပါ	၃၁
၁၄။	ဝိပဿနာကမ္မဋ္ဌာန်း	၃၁
၁၅။	Right understood and Wrong understood.	၃၃
၁၆။	မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသောမမွေ	၃၃
၁၇။	ဥပမာဆောင်၍ သိနိုင်သည်	၃၄
၁၈။	‘ကြည့်တာ’နှင့် ‘မြင်တာ’၊ ‘ကြားတာ’နှင့် ‘နားထောင်တာ’	၃၅
၁၉။	မတည်တံ့သည့် သဘောအမှန်ကိုသိရန် ဝိပဿနာတရားအားထုတ်ရသည်	၃၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၀။	သဘာဝတရား၏ ဥပဒေသ The law of nature	၃၇
၂၁။	ဝိပဿနာရှုကွက် ပေါ်လာရန်လိုအပ်	၃၉
၂၂။	သဘာဝတရား၏ လျှို့ဝှက်ချက်	၄၀
၂၃။	စားနေစဉ်၌လည်း ဝိပဿနာရှုပွားရမည်	၄၁
၂၄။	'ထွေလီကာလီ အမယ်စုံ' သုတေသန	၄၁
၂၅။	ပါးစပ်ထဲ၌ အရသာပြောင်းနေသည့်ဖြစ်စဉ်	၄၂
၂၆။	ဟေတု၊ အာရမ္မဏနှင့် အဓိပတိ	၄၃
၂၇။	စူဠသောတာပန် (၀၀) သောတာပန်အငယ်	၄၄
၂၈။	သုဒ္ဓါဝါသပြဟ္မာဘုံနန်း စံလွန်တော်မူသည့် အနာဂါမ်မထေရ်တစ်ပါး	၄၅
၂၉။	အာရမ္မဏပစ္စယောဆုတောင်း	၄၆
၃၀။	အာရမ္မဏပစ္စယော သိမှတ်ဖွယ်	၄၇
	၃ – အဓိပတိပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၄၈
၂။	Predominance condition (Adhipati paccaya)	၄၈
၃။	အဓိပတိပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၄၈
၄။	Adhipati Paccaya	၄၉
၅။	အဓိပတိ (၄) ပါး	၄၉
၆။	ဘုရားလောင်းသုမေဓာရှင်ရသေ့၏ အဓိပတိထိုက်သည့်ဆန္ဒ	၅၀
၇။	ခေါင်းဆောင်ကောင်းလိုသည်	၅၂
၈။	ထွက်လေထိသိ၊ ဝင်လေထိသိ	၅၃
၉။	ထိနေသည်ကို ထိနေမှန်းသိရမည်	၅၃
၁၀။	သူရူး၊ သူနှမ်း ဥပမာ	၅၄
၁၁။	ခွေးရူးပြန်သူ ဥပမာ	၅၄
၁၂။	ပဲ့မနိုင်သော လှေသူကြီးဥပမာ	၅၄
၁၃။	ဧဒါနဒီ၊ ပဂ်လနဒီ	၅၅
၁၄။	ဝိပဿနာ၏ ကနဦးအစ	၅၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅။	ပဋ္ဌာန်းတရားတော်လာ ကာယဖောဋ္ဌဗ္ဗ ရုပ်ပရမတ်၊ နာမ်ပရမတ်	၅၆
၁၆။	သမုဒယဝယဓမ္မာ	၅၇
၁၇။	ဥဒယဗ္ဗယဉာဏ်	၅၇
၁၈။	အနိစ္စမြင်လျှင် အနတ္တထင်	၅၈
၁၉။	အရှင်စူဠပန်ထူထောင်ခဲ့ဖူးသည့် အတိတ်ကောင်းကံနှင့် မကောင်းကံ	၅၉
၂၀။	ပရမတ်ပေါ်လျှင် ပညတ်ငုပ်သည်	၆၀
၂၁။	ဖြစ်ပျက်ဉာဏ် ထင်လာရန်သာပဓာန	၆၁
၂၂။	သိသင့်သည့် ဖြစ်ပျက်ဉာဏ်	၆၂
၂၃။	အဓိပတိတရားနှင့် မဟာသီဝမထေရ်၏ဘဝ	၆၂
၂၄။	ဝိရိယနည်းသူတို့၏ ဆင်ခြေ	၆၄
၂၅။	ပရမတ်ဝိပဿနာဉာဏ်ပေါ်လျှင် ဉာဏ်အဆင့်အဆင့်တက်သည်	၆၅
၂၆။	မဂ်လေးပါးနှင့် လျော်သည့်ဉာဏ်	၆၆
၂၇။	ဗလဝဝိပဿနာဉာဏ်၊ ပဋိဝိပဿနာဉာဏ်	၆၆
၂၈။	မိမိအားထုတ်နေသည့်တရားသည် မဂ္ဂင်လမ်းကြောင်းမှန်ပေါ် ရောက်ရန်လိုသည်	၆၇
၂၉။	အဓိပတိစိတ်ဖြင့် အာထုတ်သင့်ပါသည်	၆၇
၃၀။	အဓိပတိပစ္စယောဆုတောင်း	၆၈
၃၁။	အဓိပတိပစ္စယော သိမှတ်ဖွယ်	၆၉

၄ – အနန္တရပစ္စယော

၁။	ပစ္စယနိဒ္ဒေသ	၇၁
၂။	Proximity condition (Anantara paccaya)	၇၂
၃။	အနန္တရပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၇၃
၄။	Anantara Paccaya	၇၃
၅။	ရှေ့ပစ္စည်း (၃) ပါးနှင့်မတူသည့် အနန္တရပစ္စယော	၇၄
၆။	တန်ခိုးအာနုဘော်ကြီးသည့် နတ်မင်း၊ ဗြဟ္မာမင်းများကလည်း တရားနာကြသည်	၇၄
၇။	သဿတဒိဋ္ဌိ View of eternalism	၇၅
၈။	စိတ်၏သက်တမ်း (Life time of citta)	၇၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉။	စိတ်၏သက်တမ်း ခဏငယ် (၃) ချက်သာရှိသည်	၇၇
၁၀။	ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်မှုအဆင့်ဆင့်	၇၇
၁၁။	အာဂန္တုဇော့်သည်ဖြစ်သော ကိလေသာ	၇၈
၁၂။	ကိလေသာနှင့် သတိဉာဏ် 'ဘတစ်ပြန်၊ ကျားတစ်ပြန်'	၇၈
၁၃။	စိတ်သည် ကမ္မဋ္ဌာန်း၏အာရုံ	၇၉
၁၄။	အားထုတ်၍ကောင်းလျှင်တရား၊ မကောင်းလျှင်လည်းတရား	၈၀
၁၅။	သမာဓိလွန်ပြီး ဝီရိယလျှော့	၈၀
၁၆။	ရုပ်တရားနှင့် နာမ်တရားမျှသာ	၈၁
၁၇။	လူကနားလည်လာခြင်း မဟုတ်ပါ	၈၂
၁၈။	တရားသဘောကြောင့် အာရုံများ သိမ်မွေ့နေတတ်သည်	၈၃
၁၉။	အကြောင်းအကျိုးကို သိမ်းဆည်းသည့်ဉာဏ်	၈၃
၂၀။	ပေါ်လာပြီး ပျောက်နေသည်	၈၄
၂၁။	မကြုံစဖူး ထူးသည့်တရား	၈၅
၂၂။	ဘာဝနာရတိပမာ အထင်ရောက်တတ်သည်	၈၆
၂၃။	ဥပက္ကိလေသာ (၁၀) ပါး	၈၇
၂၄။	ဩဘာသကို နိဗ္ဗာန်ထင်တတ်သည်	၈၈
၂၅။	အရောင်အလင်းကို နိဗ္ဗာန်ဟုအထင်မှားတတ်သည်	၈၈
၂၆။	ဖြစ်ပေါ်လာပြီး တစ်မုဟုတ်ချင်း ပျောက်ပျောက်သွားသည်	၉၀
၂၇။	ဥဩသံရှည်လည်း အပိုင်းပိုင်း ပြတ်ပြတ်နေသည်	၉၁
၂၈။	သူ့အလိုလို ရှုမှတ်ပြီးသားဖြစ်နေသည်	၉၂
၂၉။	ယောဂီ၏ကမ္မဋ္ဌာန်းမှာ ကောင်းမြဲ ကောင်းနေပါတော့သည်	၉၂
၃၀။	ဉာဏ်ကဥပေက္ခာပြုသည်	၉၃
၃၁။	မဂ္ဂဝီထိ၌ပါသောဉာဏ်	၉၄
၃၂။	မဂ်ဖိုလ်အရာ သိမ်မွေ့လွန်းသဖြင့် မှားတတ်ပါသည်	၉၅
၃၃။	ရဟန္တာရသေ့ ဥပါသိကာမ	၉၆
၃၄။	ရဟန္တာမ လူထွက်သွားသည်	၉၆
၃၅။	သတိတရားကြီးစွာထား၍ စဉ်းစားရန်လိုသည်	၉၈

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၆။	အဆုံးအဖြတ်မှားတတ်သည်	၉၉
၃၇။	မက်စရာကောင်းသော မဂ်အတုများ	၉၉
၃၈။	မဂ်အတုနှင့် မဂ်အစစ်	၁၀၀
၃၉။	ငါးပါးသီလထဲက အလယ်တစ်ပါးမလုံဘဲ သောတာပန်အထင်ရောက်သူ	၁၀၁
၄၀။	ကင်းမလက်မဲသတ်သည့် သောတာပန်ပုဂ္ဂိုလ်	၁၀၃
၄၁။	ငါးရံ့အရှင်ကိုသတ်ခိုင်းပြီး မိမိသီလမပျက်ဟု ထင်နေသည့်ယောဂီ	၁၀၄
၄၂။	အနန္တရပစ္စယောဆုတောင်း	၁၀၅
၄၃။	အနန္တရပစ္စယော သိမ့တ်ဖွယ်	၁၀၆

၅ – သမနန္တရပစ္စယော

၁။	ပစ္စယနိဒ္ဒေသ	၁၀၇
၂။	Contiguity condition (Samanantara paccaya)	၁၀၈
၃။	သမနန္တရပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၁၀၉
၄။	Samanantara Paccaya	၁၀၉
၅။	သမနန္တရပစ္စယောကို ဟောတော်မူရခြင်းအကြောင်း	၁၁၀
၆။	တဒင်္ဂရွင်လန်းသောစိတ်၏ အခြားမဲ့၌ ဖားဘဝမှသည် နတ်သားဘဝ	၁၁၁
၇။	ဆွမ်းခံလမ်း၌လည်း ရဟန္တာဖြစ်နိုင်သည်	၁၁၃
၈။	မဟာဖုဿဒေဝထေရ်	၁၁၄
၉။	မဟာနာဂမထေရ်မြတ်ကြီး	၁၁၄
၁၀။	ကနဦး ဝိပဿနာဉာဏ် အရေးကြီးသည်	၁၁၅
၁၁။	ဝိပဿနာဉာဏ်နှနေသည့် တောနေရဟန်း နိဿယည်းကင်းခွင့်ရှိသည်	၁၁၆
၁၂။	တရုဏဝိပဿနာနှင့် ဗလဝဝိပဿနာ	၁၁၇
၁၃။	သေမင်းမမြင်	၁၁၇
၁၄။	သခ်ါရုပေက္ခာဉာဏ်မှသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်	၁၁၈
၁၅။	နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း	၁၁၉
၁၆။	သောတာပန်၊ သကဒါဂါမ်မှသည် အနာဂါမ်ဘဝသို့ တက်လှမ်းခြင်း	၁၂၀
၁၇။	တရားရှာသူ၏ တရားလမ်းကြောင်း	၁၂၀

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ပိဋ္ဌကတ်တော်များရှိနေသဖြင့် အရိယာခေတ်မကုန်သေးပါ	၁၂၁
၁၉။	လောကီနယ်နှင့် လောကုတ္တရာနယ်၏ ထိုတဒင်္ဂ်	၁၂၂
၂၀။	သမနုဿရုပစ္စယောဆုတောင်း	၁၂၂
၂၁။	သမနုဿရုပစ္စယော သိမ့တ်ဖွယ်	၁၂၃
	၆ – သဟဇာတပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၁၂၄
၂။	Born together Condition (Sahajata Paccaya)	၁၂၄
၃။	သဟဇာတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၁၂၄
၄။	Sahajata Paccaya	၁၂၅
၅။	နာမ်ရုပ်တရား ကျေးဇူးပြုကြသည်	၁၂၅
၆။	မတည်တံ့ မခိုင်ခံ့သည့် ပရမတ်တရား	၁၂၆
၇။	နတ်ပြဟ္မာများလည်း သဿတဒိဋ္ဌိမလွတ်ပါ	၁၂၆
၈။	ရုပ်ကလာပ်အမှုန်အမွှား	၁၂၈
၉။	ပဋ္ဌာန်းတရားတော်	၁၂၈
၁၀။	အဏုမြူ (Atom) နှင့် ပရမာဏုမြူ (Particle)တို့အကြောင်း	၁၂၉
၁၁။	ယနေ့သိပ္ပံပညာ၏ လေ့လာတွေ့ရှိချက်	၁၃၀
၁၂။	ဆဲလ် (Cells) ဟူသော ကလာပ်စည်း	၁၃၁
၁၃။	လူ၏ခန္ဓာကိုယ်ကို တည်ဆောက်ထားသည့် ကလာပ်စည်းများ	၁၃၁
၁၄။	ငယ်ရွယ်သူနှင့် ကြီးရင့်သူ၏ ကလာပ်စည်းဖြစ်ပျက်နှုန်း ခြားနားချက်	၁၃၂
၁၅။	ကလာပ်စည်းတစ်ခု၏ သက်တမ်း	၁၃၂
၁၆။	ခံစား၍မသိနိုင်သည့် ဖြစ်ပျက်အစဉ်	၁၃၃
၁၇။	ဆရာသခင်တို့ပေးသည့်နည်း မကွဲပြားပါ၊ အတူတူပင်ဖြစ်သည်	၁၃၃
၁၈။	အသိ၏အစ ဝိပဿနာဉာဏ်က	၁၃၄
၁၉။	အသိဉာဏ်အဆင့်ဆင့် မြင့်တက်ခြင်း	၁၃၅
၂၀။	သံသရာရှည်ချင်တိုင်းရှည်၍ နေပါတော့သည်	၁၃၆
၂၁။	သဟဇာတပစ္စယောဆုတောင်း	၁၃၇
၂၂။	သဟဇာတပစ္စယော သိမ့တ်ဖွယ်	၁၃၈

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၇ – အညမညပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၁၄၀
၂။	Mutuality condition (Aññamañña Paccaya)	၁၄၀
၃။	အညမညပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၁၄၀
၄။	Aññamañña Paccaya	၁၄၁
၅။	သစ်သားသုံးခွ တိဒဏ္ဍသို့	၁၄၁
၆။	အရှုခံအာရုံသာဖြစ်သည်	၁၄၂
၇။	ရာဟုလာအား ဟောကြားတော်မူသော မာတ်ကမ္မဋ္ဌာန်း	၁၄၂
၈။	ရာဟုလာ ပထဝီမာတ်ဟူသည် အဘယ်နည်း	၁၄၃
၉။	ရာဟုလာ အာပေါမာတ်ဟူသည် အဘယ်နည်း	၁၄၃
၁၀။	ရာဟုလာ တေဇောမာတ်ဟူသည် အဘယ်နည်း	၁၄၄
၁၁။	ရာဟုလာ ဝါယောမာတ်ဟူသည် အဘယ်နည်း	၁၄၅
၁၂။	သဗ္ဗညုတညာဏ်တော်ကြီးဖြင့်သာ လက်လှမ်းမှီနိုင်သည့်တရားများ	၁၄၆
၁၃။	ပထဝီမာတ်ကို ရှုဆင်ခြင်ပုံ	၁၄၇
၁၄။	အာပေါမာတ်ကို ရှုဆင်ခြင်ပုံ	၁၄၈
၁၅။	တေဇောမာတ်ကို ရှုဆင်ခြင်ပုံ	၁၄၈
၁၆။	ဝါယောမာတ်ကို ရှုဆင်ခြင်ပုံ	၁၄၈
၁၇။	ဝိပဿနာ၏ အရှုခံအာရုံ နာမ်တရား	၁၄၉
၁၈။	အတ္တသညာကို မခွာနိုင်လျှင် သတိပဋ္ဌာန်ဘာဝနာမဖြစ်နိုင်သေး	၁၅၀
၁၉။	သွားသူ ရပ်သူမရှိ ပရမတ္ထဓမ္မသဘာဝမျှသာရှိသည်	၁၅၀
၂၀။	ကိုယ်ကောင်ကြီးသည် မော်တော်ကား၊ ဒရိုင်ဘာသည်စိတ်	၁၅၁
၂၁။	မာတ်သဘာဝတို့၏ ဆန်းကြယ်စွာ အလုပ်လုပ်ပုံ	၁၅၂
၂၂။	တဒင်္ဂ တစ်ခဏမျှတည်တံ့သည်ဟူ၍ မရှိပါ	၁၅၂
၂၃။	စင်္ကြံကမ္မဋ္ဌာန်း	၁၅၃
၂၄။	စင်္ကြံကမ္မဋ္ဌာန်း အားထုတ်ခြင်း	၁၅၄
၂၅။	Formal and Informal walking Meditation Practice	၁၅၅
၂၆။	စင်္ကြံကမ္မဋ္ဌာန်း အလေ့အကျင့်	၁၅၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၇။	ထိတာလည်း အသစ်၊ သိတာလည်း အသစ်	၁၅၆
၂၈။	ခြေတစ်လှမ်းဆီသည် နိဗ္ဗာန်ကိုဦးတည်ရမည်	၁၅၇
၂၉။	အညမညပစ္စယောဆုတောင်း	၁၅၇
၃၀။	အညမညပစ္စယော သိမှတ်ဖွယ်	၁၅၈
	၈ – နိဿယပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၁၅၉
၂။	Dependence condition (Nissaya Paccaya)	၁၅၉
၃။	နိဿယပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၁၆၀
၄။	Nissaya Paccaya	၁၆၀
၅။	မြင်သိစိတ်၊ ကြားသိစိတ် စသည်ဖြစ်ရန် အကြောင်းအင်္ဂါများ	၁၆၁
၆။	ပဉ္စဒ္ဒါရနှင့် မနောဒ္ဒါရ နှစ်ပါးစုံ အာရုံထင်ခြင်း	၁၆၂
၇။	အာရုံများ တစ်ပြိုင်နက်ထင်လာပုံ	၁၆၃
၈။	စက္ခုဝိညာဏ်သေပျောက်ပုံ	၁၆၃
၉။	မနောဝိညာဏ်အကြည်	၁၆၄
၁၀။	သစ်ကိုင်း၌ ငှက်နားသဖြင့် အရိပ်ထင်သည့်ဥပမာ	၁၆၄
၁၁။	အမှန်ကိုသိသောကြောင့် ‘ကွန်ပျူတာဝိညာဉ် ထွက်သွားပြီ’ဟု မည်သူမှ မပြောကြပါ	၁၆၅
၁၂။	အမှန်ကိုမသိသောကြောင့် ‘ခန္ဓာကိုယ်ထဲက ဝိညာဉ်ထွက်သွားပြီ’ဟု ပြောကြသည်	၁၆၆
၁၃။	ပဋ္ဌာန်းတရားတော်လာ ဝိပဿနာရှုကွက်	၁၆၇
၁၄။	ခန္ဓာ၏သဘောအမှန်ကို နားလည်ထားသူသည် မတပ်မက်ပါ	၁၆၈
၁၅။	ဝိပဿနာတရား ရှုပွားခြင်း	၁၆၉
၁၆။	ရဟန္တာအရှင်မြတ်များလည်း ဝိပဿနာရှုပွားတော်မူသည်	၁၇၀
၁၇။	ရဟန္တာအရှင်မြတ်များသည် အကုသိုလ်ကိုလည်း ဝိပဿနာရှုပွားတော်မူသည်	၁၇၁
၁၈။	ပုထုဇဉ်မှသည် အနာဂါမ်ရဟန္တာဖြစ်သည့်တိုင် ပွားများရသည့်တရား	၁၇၂
၁၉။	စိတ်နှင့် ရုပ်သည် အပြန်အလှန်တည်မှီကြသည်	၁၇၃
၂၀။	ဘဝတစ်ခုလုံးကို အလျော်အစား လုပ်ငံ့တော်မူကြသည်	၁၇၄
၂၁။	မျက်စိလည်းကွဲပျက်၊ ကိလေသာလည်း ကွဲပျက်ကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသည်	၁၇၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၂။	သီရိမာကို စွဲလမ်းသောရဟန်း	၁၇၇
၂၃။	သီရိမာ၏အလောင်းကောင်ကိုပြ၍ သုသာန်၌ တရားဟောတော်မူသည်	၁၇၉
၂၄။	နိဿယပစ္စယောဆုတောင်း	၁၈၀
၂၅။	နိဿယပစ္စယော သိမ့တ်ဖွယ်	၁၈၁
	၉ – ဥပနိဿယပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၁၈၃
၂။	Powerful dependence condition (Upanissaya Paccaya)	၁၈၃
၃။	ဥပနိဿယပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၁၈၄
၄။	Upanissaya Paccaya	၁၈၄
၅။	The great causes, Strong causes	၁၈၅
၆။	ဗလဝန္ဒ့ ဒုဗ္ဗလ	၁၈၅
၈။	ရူပသန္တတိနှင့် နာမသန္တတိအကြောင်း သိကောင်းစရာ	၁၈၈
၉။	တရားရနိုင်ရန် ပုဂ္ဂိုလ် (၄)မျိုးအကြောင်း	၁၈၈
၁၀။	တရားအားထုတ်ရန် ပရိကံ	၁၉၀
၁၁။	နွားရိုင်းကို ဆုံးမသည့် ဥပမာပြု	၁၉၀
၁၂။	ဖွတ်တောင်ပို့ ဥပမာ	၁၉၁
၁၃။	ပင့်ကူ ဥပမာ	၁၉၁
၁၄။	သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ	၁၉၁
၁၅။	တစ်ကြောင်းတည်းသောလမ်း	၁၉၃
၁၆။	တရားအသိတိုးပြီး အသိအမြင်ပြောင်းခြင်း	၁၉၅
၁၇။	သပ္ပာယတရား	၁၉၆
၁၈။	အရှင်မေယိယမထေရ်နှင့် အာဝါသသပ္ပာယ	၁၉၇
၁၉။	အာဟာရကိုအကြောင်းပြုပြီး ရဟန်းဖြစ်လာသည့် စိတ္တဟတ္ထမထေရ်	၁၉၉
၂၀။	ပဋိစ္စသမုပ္ပါဒ်နှင့် ပဌာန်းတရားတော်	၂၀၁
၂၁။	အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား ကျေးဇူးပြုခြင်း	၂၀၁
၂၂။	အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ကျေးဇူးပြုခြင်း	၂၀၂

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၃။	အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား ကျေးဇူးပြုခြင်း	၂၀၂
၂၄။	မီးကျီးခဲပေါ် ယင်မနားသကဲ့သို့	၂၀၃
၂၅။	နတ်သမီး၏အတွေ့ကြောင့် စျာန်ရ ရသော် သီလပျက်ခဲ့ရှာသည်	၂၀၃
၂၆။	သတ္တဝါတို့၏ ကိုယ်တွင်းမှ ကာမတဏှာမောတ်ဆိုး	၂၀၅
၂၇။	ဘဝါဘဝအဆက်ဆက်တိုင် နုံချာစေသည့် ကာမဝတ္ထု	၂၀၆
၂၈။	ဝတ္ထုကာမနှင့် ကိလေသာကာမ	၂၀၆
၂၉။	ဥပနိဿယပစ္စယောဆုတောင်း	၂၀၇
၃၀။	ဥပနိဿယပစ္စယော သိမှတ်ဖွယ်	၂၀၈
	၁၀ – ပုရေဇာတပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၀၉
၂။	Born earlier condition (Purejata Paccaya)	၂၀၉
၃။	ပုရေဇာတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၁၀
၄။	Purejata paccaya	၂၁၁
၅။	ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတ၏မျိုးတူပစ္စည်း	၂၁၁
၆။	ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတ၏ဆိုလိုရင်း	၂၁၂
၇။	ဝတ္ထုပုရေဇာတ ကြိုတင်ဖြစ်နှင့်သည်	၂၁၂
၈။	ပသာဒ ၆ မျိုးနှင့် အကြည် ၆ မျိုး (၀၊) ဓာတ်မှန်	၂၁၃
၉။	မှန်အကြည်တံခါး	၂၁၃
၁၀။	စက္ခုပသာဒ မျက်စိရုပ်နှင့် မြင်သိစိတ်ကလည်း ပရမတ်	၂၁၄
၁၁။	မမြဲသောတရားကို မမြဟုသိမှ လွတ်မြောက်မည်	၂၁၅
၁၂။	ရုပ်ပရမတ်၊ နာမ်ပရမတ်တို့၏ သဘောသဘာဝ	၂၁၅
၁၃။	မြစ်ရေများစီးဆင်းသကဲ့သို့	၂၁၆
၁၄။	သောတာပန် အငယ်စား	၂၁၆
၁၅။	“နေတံ မမ” ငါ့ဥစ္စာမဟုတ်	၂၁၈
၁၆။	ဘုရားရှင်သည် ပုဂ္ဂိုလ်၏စရိုက်အားလျော်စွာ ဟောကြားတော်မူသည်	၂၁၉
၁၇။	ကိုသုကောပမသုတ်	၂၁၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ပုရေဇာတပစ္စယောဆုတောင်း	၂၂၁
၁၉။	ပုရေဇာတပစ္စယော သိမှတ်ဖွယ်	၂၂၂
	၁၁ – ပစ္ဆာဇာတပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၂၃
၂။	Born Later condition (pacchajata paccaya)	၂၂၃
၃။	ပစ္ဆာဇာတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၂၃
၄။	Pacchajata Paccaya	၂၂၄
၅။	Born Later	၂၂၄
၆။	ဝိပဿနာတရားအားထုတ်ရခြင်းအကြောင်း	၂၂၄
၇။	ငါနှင့် ငါ့ဖန်ခွက် ဥပမာ	၂၂၆
၈။	ဓမ္မသဘာဝဟူသည် ခက်ခဲနက်နဲပါသည်	၂၂၆
၉။	ကလေးကစားစရာအရုပ် ဥပမာ	၂၂၇
၁၀။	အရိယာအသိနှင့် ပုထုဇဉ်အသိ	၂၂၈
၁၁။	ပစ္ဆိမဘဝိကဓ၏အားကြီးသည့် ပစ္ဆာဇာတသတ္တိ	၂၂၉
၁၂။	ခိုးသားများ တရားရကြသည်	၂၃၀
၁၃။	ပစ္ဆာဇာတပစ္စယောဆုတောင်း	၂၃၁
၁၄။	ပစ္ဆာဇာတပစ္စယော သိမှတ်ဖွယ်	၂၃၂
	၁၂ – အာသေဝနပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၃၃
၂။	Repetition condition (Asevana paccaya)	၂၃၃
၃။	အာသေဝနပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၃၃
၄။	Asevana Paccaya	၂၃၄
၅။	Doing Something again and again	၂၃၅
၆။	ပါရမီဖြည့်ကျင့်မှုကို အာသေဝနဖြင့် နားလည်နိုင်သည်	၂၃၅
၇။	ဝိပဿနာတရားရှုပွားခြင်း	၂၃၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈။	ဝိပဿနာဟူသည် ပစ္စုပ္ပန်ဖြစ်ဆဲကိုရှုခြင်း	၂၃၆
၉။	ဖြစ်ပျက်ဉာဏ် ပိုင်ရမည်	၂၃၆
၁၀။	ဆရာသမားတို့၏အသိသည် ကိုယ်ပိုင်အသိမဟုတ်သေး	၂၃၇
၁၁။	အဝိဇ္ဇာဟူသည် မောဟကိလေသာ	၂၃၇
၁၂။	ကိလေသာပရိနိဗ္ဗာန်နှင့် ခန္ဓပရိနိဗ္ဗာန်	၂၃၈
၁၃။	ဖိုလ်သည် အားထုတ်ခြင်းကင်း၏	၂၃၉
၁၄။	ဇောခုနစ်ကြိမ်တွင် အဘယ်ဇော အားကြီးဆုံးဖြစ်သနည်း	၂၃၉
၁၅။	အဟောသိကံဖြစ်ရသည့် အပရာပရိယဝေဒနီယကံ	၂၄၀
၁၆။	အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရား	၂၄၀
၁၇။	ဘဝမခြားအကျိုးပေးသည့် မောင်ပုဏ္ဏာတို့၏အလှူ	၂၄၁
၁၈။	စိတ်တူ သဘောတူ လှူဒါန်းကြသည်	၂၄၂
၁၉။	ဇောစေတနာက ပေါ်ပြီးပျောက်သွားပါသော်လည်း သတ္တိကျန်ခဲ့သည်	၂၄၃
၂၀။	လူရမ်းကားနန္ဒ လွန်ကျူးသောအပြစ် ဘဝမခြား အကျိုးပေးတော့သည်	၂၄၃
၂၁။	ဥပ္ပလဝဏ်ရဟန်းပြုသည်	၂၄၄
၂၂။	လူမိုက်နန္ဒ မြေမျိုခံရသည်	၂၄၅
၂၃။	အကြောင်းဓမ္မနှင့် အကျိုးဓမ္မကိုလေ့လာခြင်း	၂၄၆
၂၄။	အလွန်ရိုးရှင်းသော ထမင်းတစ်ပန်းကန်ဥပမာ	၂၄၆
၂၅။	အနည်းငယ်ခက်ခဲသော အသားဟင်းတစ်ခွက်ဥပမာ	၂၄၇
၂၆။	သာ၍ခက်ခဲနက်နဲသောကံ၏အကြောင်း	၂၄၈
၂၇။	အာသေဝနပစ္စယောဆုတောင်း	၂၄၈
၂၈။	အာသေဝနပစ္စယော သိမှတ်ဖွယ်	၂၄၉
	၁၃ – ကမ္မပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၅၀
၂။	Kamma condition (Kamma paccaya)	၂၅၀
၃။	ကမ္မပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၅၀
၄။	Kamma paccaya	၂၅၁

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅။	သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ	၂၅၁
၆။	သံဝိဓာနကိစ္စနှင့် ဗီဇနိဓာနကိစ္စ	၂၅၁
၇။	ကံသုံးပါး	၂၅၂
၈။	စေတနာစေတသိက်က လှုံ့ဆော်ပေးသောကြောင့် ကံဖြစ်လာသည်	၂၅၃
၉။	စိတ်ဖြစ်တိုင်း စေတနာပါသည်	၂၅၃
၁၀။	ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကပင် ကံဖြစ်သည်	၂၅၄
၁၁။	ကံအကျိုးပေးနှင့် သရုက်စေ့ဥပမာ	၂၅၄
၁၂။	အဝိဇ္ဇာတိမ်တိုက်ကြီးများ	၂၅၅
၁၃။	သံသရာခရီးသည်၏ သံသရာခရီးရှည်	၂၅၅
၁၄။	အဘိသင်္ခါရတရားများ	၂၅၆
၁၅။	အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရဖြစ်သည်	၂၅၇
၁၆။	ပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း	၂၅၇
၁၇။	အပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း	၂၅၈
၁၈။	အာနေဉ္ဇာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း	၂၅၈
၁၉။	မဂ်လေးတန်၊ ဖိုလ်လေးတန်ပုဂ္ဂိုလ်	၂၅၉
၂၀။	အရိယာမဟုတ်သူကလည်း ကွန်ဒြေကိုကြည့်၍ မှန်းဆကြည်ညိုနိုင်သည်	၂၆၀
၂၁။	ပုထုဇဉ်နှင့် အရိယာအမြင်မတူကြပါ	၂၆၁
၂၂။	လူသားတိုင်း ကံကိုထူထောင်နေကြသည်	၂၆၂
၂၃။	ပုဏ္ဏာဒါသီ၏ ဘဝနောက်ကြောင်း	၂၆၂
၂၄။	ကမ္မပစ္စယောဆုတောင်း	၂၆၄
၂၅။	ကမ္မပစ္စယော သိမှတ်ဖွယ်	၂၆၅
	၁၄ – ဝိပါကပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၆၇
၂။	Kamma-result condition (Vipaka Paccaya)	၂၆၇
၃။	ဝိပါကပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၆၇
၄။	Vipaka Paccaya	၂၆၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅။	ကံကိုထူထောင်သူလည်းမရှိ၊ ဝိပါက်အကျိုးခံသူလည်းမရှိ	၂၆၈
၆။	သူတော်ကောင်းတို့သည် သံသရာကို ဘေးဒုက္ခဟု မြင်တော်မူကြသည်	၂၆၉
၇။	ပုထုဇဉ်၏နေအိမ်သည် အပါယ်လေးဘုံ	၂၇၀
၈။	ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ကာလဟူသည်	၂၇၁
၉။	ကောကာလိကရဟန်း၏ အကုသိုလ်ဝိပါက်အကျိုး	၂၇၁
၁၀။	မယားမိုက်၏စကားကြောင့် မိဘတို့ကိုသတ်ခဲ့မိသည့် အကုသိုလ်ဝိပါက်အကျိုး	၂၇၂
၁၁။	ထူထောင်ထားခဲ့သောကံကို ရှောင်လွှဲမရပါ	၂၇၄
၁၂။	ရဇ္ဇုမာလာ၏ ဝိပါက်အကျိုး	၂၇၅
၁၃။	ဝိပါက်အကျိုးပေးမည့်ကံတရားများ တစ်နေရာရာ၌စုမနေပါ	၂၇၆
၁၄။	ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီးချုပ်နေသည့် စိတ်ဖြစ်စဉ်	၂၇၈
၁၅။	ဝိပါကပစ္စယောဆုတောင်း	၂၇၈
၁၆။	ဝိပါကပစ္စယော သိမှတ်ဖွယ်	၂၇၉
	၁၅ – အာဟာရပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၈၀
၂။	Nutriment condition (Ahara Paccaya)	၂၈၀
၃။	အာဟာရပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၈၀
၄။	Ahara Paccaya	၂၈၀
၅။	အိမ်အိုကြီးကို ကျားတိုင်ထောက်သည့်ပမာ	၂၈၁
၆။	သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ	၂၈၁
၇။	ရူပ အရူပ ဗြဟ္မာ	၂၈၁
၈။	ရုပ်နာမ် အာဟာရ	၂၈၂
၉။	စတုသမုဋ္ဌာနိကဩဇာ	၂၈၂
၁၀။	စားနေစဉ် သတိရှိခြင်းအကျိုး	၂၈၃
၁၁။	စားနေစဉ်၌ ဝိပဿနာတရားရှုမှတ်ခြင်း	၂၈၄
၁၂။	ရသာတဏှာကြောင့် ပေါ်ပေါက်လာသော ဓမ္မန္တရာယ်	၂၈၅
၁၃။	ရသတဏှာဖြင့် ဖြားယောင်းခြင်း	၂၈၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄။	မာယာထောင်ချောက်ထဲသို့ သက်ဆင်း	၂၈၇
၁၅။	ရုပ်အာဟာရနှင့် နာမ်အာဟာရ	၂၈၈
၁၆။	ဖလသမာပတ်ချမ်းသာဟူသော နာမ်အာဟာရကြောင့် ခန္ဓာကိုယ်တင့်တယ်ရွှင်လန်းသည်	၂၈၉
၁၇။	ဖဿသည် နာမ်အာဟာရ	၂၉၁
၁၈။	သီလကိုဆင်ခြင်၍ ဖြစ်လာသောပီတိသည်ပင် အာဟာရ	၂၉၁
၁၉။	အာဟာရပစ္စယောဆုတောင်း	၂၉၃
၂၀။	အာဟာရပစ္စယော သိမှတ်ဖွယ်ရာ	၂၉၄
	၁၆ – ဣန္ဒြိယပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၂၉၆
၂။	Faculty condition *(*Indriya Paccaya*)*	၂၉၆
၃။	ဣန္ဒြိယပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၂၉၇
၄။	Indriya Paccaya	၂၉၇
၅။	ရုပ်ဣန္ဒြေနှင့် နာမ်ဣန္ဒြေ	၂၉၈
၆။	စက္ခုန္ဒြေ၊ သောတိန္ဒြေစသည့် ဣန္ဒြေ (၆)ပါး	၂၉၉
၇။	'ဣန္ဒိယဂုတ္တဒွါရ ဧတဒဂ်'ဘွဲ့ထူးရှင် ညီတော်နန္ဒမင်းသား	၂၉၉
၈။	နေ့စဉ်ဘဝထဲက ဣန္ဒြိယပစ္စယော	၃၀၁
၉။	အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်	၃၀၂
၁၀။	လွတ်လမ်းရယ် ဘယ်မမြင်	၃၀၂
၁၁။	ကိလေသာဖြစ်ခွင့်မရှိနိုင်ရန် ဣန္ဒြေကိုစောင့်စည်းရမည်	၃၀၃
၁၂။	ကြုံဆုံသည့်အာရုံတိုင်း၌ ဝိပဿနာရှုပွားရမည်	၃၀၄
၁၃။	ရှုမှတ်မှုနှင့် ပယ်နိုင်ပါက ကိလေသာဖြစ်ခွင့်မရှိပါ	၃၀၄
၁၄။	စိတ်ဖြစ်တိုင်း သိသိနေရမည်	၃၀၅
၁၅။	ထိုထိုစိတ်တို့သည် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီးချုပ်သည်	၃၀၆
၁၆။	သစ္စာလေးပါးတရားမြတ်	၃၀၇
၁၇။	ဧကာယနမည်သော တစ်ကြောင်းတည်းသောလမ်း	၃၀၇
၁၈။	ပွားများရမည့် စိတ္တာနုပဿနာသတိပဋ္ဌာန်	၃၀၈

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉။	ဆန္ဒထက်သန်သူမှသာ အရိယာဖြစ်မည်	၃၀၈
၂၀။	တည်ကြည်သော ကျန်ခြေရှိသည့် နိဂြောဓသာမဏေ	၃၀၉
၂၁။	ကျန်ခြေထက်ကြောင်းတရား (၉) ပါး	၃၁၀
၂၂။	ကျန်ခြေငါးပါး တစ်လုံးတစ်စည်းတည်းဖြစ်ခြင်း	၃၁၁
၂၃။	ပေါင်ဋ္ဌလမထေရ်မြတ်	၃၁၁
၂၄။	ကျန်ခြေယပစ္စယောဆုတောင်း	၃၁၃
၂၅။	ကျန်ခြေယပစ္စယော သိမှတ်ဖွယ်	၃၁၄
	၁၇ – ဈာနပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၃၁၆
၂။	Jhana condition (Jhana paccayo)	၃၁၆
၃။	ဈာနပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၃၁၆
၄။	Jhana Paccayo	၃၁၆
၅။	စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်	၃၁၇
၆။	ဈာန်ကို ကုသိုလ်၊ အကုသိုလ်ဟု ပုံသေမဆိုနိုင်ပါ	၃၁၈
၇။	ရဟန်းသီလကို ဆင်ခြင်ပြီး ဖြစ်ပေါ်လာသည့် ပီတိကို ဝိပဿနာရှုသည်	၃၁၈
၈။	ဝေဒနာကိုအကြောင်းပြုပြီး ရဟန္တာဖြစ်တော်မူသည်	၃၂၀
၉။	အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန်	၃၂၂
၁၀။	သဒ္ဓါတရားအားကြီးမားသည့် အသန္ဓိမိတ္တာ မိဖုရားကြီး	၃၂၂
၁၁။	သမထယာနိကနှင့် ဝိပဿနာယာနိက	၃၂၃
၁၂။	ကမ္မဋ္ဌာန်းဘာဝနာ	၃၂၄
၁၃။	ဘုရားပုံတော်ကို အာရုံပြုပြီး ရဟန္တာဖြစ်တော်မူသည့် မထေရ်မြတ်	၃၂၅
၁၄။	သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်း	၃၂၇
၁၅။	ကူးခတ်ရန် ခက်သောနေရာ	၃၂၇
၁၆။	ဝိပဿနာအားထုတ်ရာတွင် ဈာန်သဘောများပါနေတတ်သည်	၃၂၈
၁၇။	ငြိမ်းအေးမှု အဆင့်ဆင့်ရှိပါသည်	၃၂၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ဆရာတစ်ပါးမှားလျှင် တပည့်အများ အကျိုးနည်းနိုင်သည်	၃၃၀
၁၉။	စျာန်လမ်းနှင့် ဉာဏ်လမ်း မှားတတ်သည်	၃၃၁
၂၀။	ဆင်ရိုင်းကြီးကို ဖန်ဆင်းနိုင်စွမ်းသည့် မထေရ်မြတ်	၃၃၂
၂၁။	ရဟန္တာတိုင်း ကောင်းကင်မပျံနိုင်ပါ၊ ကောင်းကင်ပျံနိုင်တိုင်း ရဟန္တာမဟုတ်ပါ	၃၃၃
၂၂။	ကိုရင်ကလေး တော်တော်စျာန်ကစား ကန်းမနှင့်ညား	၃၃၄
၂၃။	စျာနပစ္စယောဆုတောင်း	၃၃၆
၂၄။	စျာနပစ္စယော သိမှတ်ဖွယ်	၃၃၇
	၁၈ – မဂ္ဂပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၃၃၉
၂။	Path condition *(Magga Paccaya)*	၃၃၉
၃။	မဂ္ဂပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၃၃၉
၄။	Magga paccayo	၃၃၉
၅။	ပဋ္ဌာန်းတရားတော်လာ မဂ္ဂင် (၁၂)ပါး	၃၄၀
၆။	မဂ္ဂင်လမ်းပေါ်၌ ဝိပဿနာတရားအားထုတ်ခြင်း	၃၄၂
၇။	သံသရာခရီး လျှောက်လှမ်းနေကြသည်	၃၄၂
၈။	သဿတဒိဋ္ဌနှင့် ဥစ္ဆေဒဒိဋ္ဌ သရက်သီးဥပမာ	၃၄၃
၉။	ဓာတ်ကြီး (၄)ပါး ရှုကွက်ဖြင့်လည်း ဉာဏ်ပေါ်သည်	၃၄၄
၁၀။	ဉာဏ်၏သိမှု အားကောင်းလာသည်	၃၄၄
၁၁။	သခ်ါရကို ဥပေက္ခာပြုထားသောဉာဏ်	၃၄၅
၁၁။	ဝိပဿနာဉာဏ် အဆင့်ဆင့်မြင့်တက်ခြင်း	၃၄၇
၁၂။	သောတာပန်၌ အလွန်ဆုံး (၇) ဘဝသာရှိသည်	၃၄၇
၁၃။	သောတာပန်သည် ရုပ်ဓမ္မ၊ နာမ်ဓမ္မ၏အပြစ်ကို သိပြီးဖြစ်	၃၄၈
၁၄။	နတ်စည်းစိမ်ကို ကဲ့ရဲ့ရှုတ်ချပြီး ထွက်ပြေးခဲ့သည့် ရဟန်းတစ်ပါး	၃၄၉
၁၅။	ဘာဝနာ၏အစွမ်းသတ္တိကြောင့် နတ်ပြည်ကိုငြီးငွေ့	၃၅၀
၁၆။	သောတာပန်ပုဂ္ဂိုလ် သုံးမျိုးရှိသည်	၃၅၁
၁၇။	ဘုရားပရိနိဗ္ဗာန်စံသည့်အချိန်အထိ ရဟန္တာမဖြစ်ခဲ့သည့် အရှင်အာနန္ဒာ	၃၅၂

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်လျက်ပင် ရဟန္တာဖြစ်တော်မူသည်	၃၅၂
၁၉။	မင်္ဂအဋ္ဌင်္ဂသည် တိုတောင်းလှပါသည်	၃၅၄
၂၀။	ဝိပဿနာအခိုက် ဗောဇ္ဈင်တွေဖြစ်နေကြပုံ	၃၅၅
၂၁။	ပုထုဇဉ်နယ်နှင့် အရိယာနယ်	၃၅၆
၂၂။	နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ	၃၅၇
၂၃။	ဝိပဿနာယောဂီတို့၏ အတွေ့အကြုံ	၃၅၇
၂၄။	အရိယာမင်္ဂအဆင့်ဆင့်က အကုသိုလ်အဆင့်ဆင့်ကို ပယ်သည်	၃၅၈
၂၅။	မင်္ဂဖြစ်ပုံအချင်းအရာ	၃၅၈
၂၆။	သောတာပန် အရိယာပုဂ္ဂိုလ်တို့၏ ဂုဏ်ရည် (၇)ပါး	၃၅၉
၂၇။	ခက်ခဲနက်နဲလှသည့် ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာ	၃၆၁
၂၈။	မဂ္ဂပစ္စယောဆုတောင်း	၃၆၁
၂၉။	မဂ္ဂပစ္စယော သိမှတ်ဖွယ်	၃၆၂

၁၉ – သမ္မယုတ္တပစ္စယော

၁။	ပစ္စယနိဒ္ဒေသ	၃၆၄
၂။	Association condition (Sampayutta Paccaya)	၃၆၄
၃။	သမ္မယုတ္တပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၃၆၄
၄။	Sampayutta Paccaya	၃၆၄
၅။	ဖြစ်တူ၊ ချုပ်တူ၊ အာရုံတူ၊ မှီရာတူကြသည်	၃၆၅
၆။	ခန္ဓာ (၅)ပါးတရား	၃၆၆
၇။	နာမ်ခန္ဓာ (၄)ပါး	၃၆၆
၈။	အကြောင်းအကျိုးတရား	၃၆၆
၉။	နာမ်ခန္ဓာလေးပါးအတွက် ဝိပဿနာရှုကွက်	၃၆၇
၁၀။	အပြောင်းအလဲမြင်ပါစေ	၃၆၇
၁၁။	သမ္မယုတ္တပစ္စယောဆုတောင်း	၃၆၈
၁၂။	သမ္မယုတ္တပစ္စယော သိမှတ်ဖွယ်ရာ	၃၆၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၂၀ – ဝိပ္ပယုတ္တပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၃၇၀
၂။	Dissociation condition (Vippayutta Paccaya)	၃၇၀
၃။	ဝိပ္ပယုတ္တပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၃၇၀
၄။	Vippayutta Paccaya	၃၇၁
၅။	သုံးပါးအပြားရှိသည်	၃၇၁
၆။	ဝတ္ထာရမ္မဏဝိပ္ပယုတ္တ	၃၇၂
၇။	သမ္မယုတ္တမဖြစ် ဝိပ္ပယုတ္တ၏သတ္တိ	၃၇၃
၈။	မပေါင်း၊ မစပ်၊ မရောခြင်းကပင် ကျေးဇူးပြုခြင်းတည်း	၃၇၃
၉။	သမ္မယုတ္တအဖြစ် တစ်ပေါင်းတည်းမဖြစ်	၃၇၄
၁၀။	တရားအားထုတ်ခြင်း	၃၇၄
၁၁။	ထိ ထိနေသည် သိ သိနေရမည်	၃၇၅
၁၂။	နိဗ္ဗာန်ဟူသည် အငြိမ်းဓာတ်	၃၇၆
၁၃။	ရောဂါပျောက်ကင်းသည့် ဥပမာ	၃၇၇
၁၄။	မဂ္ဂင်္ဂဝနာ အားထားရာ	၃၇၈
၁၅။	ဝေဒယိကသုခနှင့် သန္တိသုခ	၃၇၉
၁၆။	နိဗ္ဗာန်၏သဘော	၃၈၀
၁၇။	ဝိပ္ပယုတ္တပစ္စယောဆုတောင်း	၃၈၁
၁၈။	ဝိပ္ပယုတ္တပစ္စယော သိမှတ်ဖွယ်	၃၈၂
	၂၁ – အတ္ထိပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၃၈၃
၂။	Presence condition (Atthi Paccaya)	၃၈၃
၃။	အတ္ထိပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၃၈၅
၄။	Atthi Paccaya	၃၈၅
၅။	အပြန်ပြန်အလှန်လှန် ကျေးဇူးပြုသည်	၃၈၅
၆။	ခန္ဓာ ၅ ပါးကို ဥပမာပြတော်မူခြင်း	၃၈၆

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇။	ဆင်ခြင်လျှင် ကုသိုလ်တိုးသည်	၃၈၇
၈။	မေတ္တာဓာတ်၏အကျိုး	၃၈၈
၉။	ဝိသာခမထေရ်၏ မေတ္တာဓာတ်ကြောင့် ပတ်ဝန်းကျင်မှနတ်များလည်း အေးချမ်းကြသည်	၃၈၉
၁၀။	အတ္ထိပစ္စည်းနှင့် ယထာဘူတဉာဏ်	၃၉၀
၁၁။	လှပသောမာတုဂါမ၏ အပြုံးကို သွားအရိုးစုဟု မြင်တော်မူသည်	၃၉၂
၁၂။	ပရမတ်ကွယ်သောကြောင့် ကိလေသာဖြစ်သည်	၃၉၃
၁၃။	နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပါ	၃၉၄
၁၄။	ပဋ္ဌာန်း၏ပစ္စယသတ္တိ	၃၉၄
၁၅။	နန္ဒာထေရီမ ရဟန္တာဖြစ်ခြင်း	၃၉၅
၁၆။	အတ္ထိပစ္စယောဆုတောင်း	၃၉၇
၁၇။	အတ္ထိပစ္စယော သိမှတ်ဖွယ်	၃၉၈
	၂၂ - နတ္ထိပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၄၀၀
၂။	Absence condition (Natthi Paccaya)	၄၀၀
၃။	နတ္ထိပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၄၀၀
၄။	Natthi paccaya	၄၀၀
၅။	မြစ်ရေအလျဉ်ပမာ	၄၀၁
၆။	ပုထုဇဉ်နတ်ဗြဟ္မာများလည်း 'သဿတဒိဋ္ဌိ'အားကြီးကြသည်	၄၀၁
၇။	နတ္ထိနှင့် ဝိဂတ သဘောအနှစ်ချုပ်	၄၀၃
၈။	မြန်လွန်းသည့်ထိုစိတ်	၄၀၄
၉။	မြင်သိစိတ်တစ်ခု ပေါ်ပေါက်လာရန်	၄၀၅
၁၀။	ရုပ်၏သက်တမ်း (Life time of rupa)	၄၀၅
၁၁။	Cell ၏ သက်တမ်း	၄၀၆
၁၂။	ဒိဋ္ဌိကြောင့် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ကြ	၄၀၆
၁၃။	ဘဝပြောင်းသွားသောအခါ ဘာမှမပါ	၄၀၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄။	သဿတဒိဋ္ဌနှင့် ဥစ္ဆေဒဒိဋ္ဌ	၄၀၈
၁၅။	ဘဝကူးပြောင်းခြင်းဆိုင်ရာ အယူအဆများ	၄၀၈
၁၆။	စုတိနှင့် ပဋိသန္ဓေသည် စိတ္တက္ခဏတစ်ချက်သာခြားသည်	၄၀၉
၁၇။	ဦးဖိုးလှနှင့် နတ်ဒေဝါဖိုးလှ	၄၁၀
၁၈။	န စ သော၊ န စ အညော	၄၁၀
၁၉။	ကြားသိ၊ နာသိမှသည် ခန္ဓာသိဖြစ်လာရန်	၄၁၁
၂၀။	မရဏာနုဿတိ သုံးနှစ်ပွားများသည့် ရက်ကန်းသည်၏သမီး	၄၁၁
၂၁။	သဿတဒိဋ္ဌ စင်ကြယ်ရန် အရေးကြီးသည်	၄၁၄
၂၂။	ပုထုဇဉ်၏ ဆရာရှာရသည့်ဒုက္ခ	၄၁၅
၂၃။	သောတာပန်ပုဂ္ဂိုလ်၏ ခိုင်မြဲသည့် ယုံကြည်မှု	၄၁၅
၂၄။	ရုပ်တရား၊ နာမ်တရားကို နာကြားဖူးသည့် ပုဏ္ဏား၏အိမ်ရှေ့ ဘုရားရှင် ကြွတော်မူသည်	၄၁၆
၂၅။	သိရန်ခက်ခဲသည့် စုတိနှင့် ပဋိသန္ဓေ	၄၁၈
၂၆။	သက္ကာယဒိဋ္ဌ၏ ဘုံသုံးဆင့်	၄၀၉
၂၇။	ဒိဋ္ဌနှင့် မဂ္ဂင်	၄၁၉
၂၈။	ပုထုဇဉ်၊ သေက္ခမှသည် ရဟန္တာ	၄၂၀
၂၉။	ဖလသမာပတ်ဝင်စားခြင်း	၄၂၀
၃၀။	မင်ဉာဏ်ဖြင့် ကိစ္စလေးပါးသိသည်	၄၂၁
၃၁။	နတ္ထိပစ္စယောဆုတောင်း	၄၂၁
၃၂။	နတ္ထိပစ္စယော သိမှတ်ဖွယ်	၄၂၂
	၂၃ – ဝိဂတပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၄၂၃
၂။	Disappearance condition (Vigata paccaya)	၄၂၃
၃။	ဝိဂတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၄၂၃
၄။	Vigata Paccaya	၄၂၃

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅။	ရဟန္တာ၏ စုတိစိတ်နောက်၌ ဒုတိယစိတ်မဖြစ်တော့ပါ	၄၂၄
၆။	ရှေးဆရာမြတ်များ၏ အယူအဆ	၄၂၄
၇။	နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းအထူး	၄၂၅
၈။	အလှမာန်ယစ်မူးသည့် ခေမာမိဖုရားကြီးဘဝမှသည် ရဟန္တာထေရီမ၏ဘဝသို့	၄၂၅
၉။	စုတိစိတ်နှင့် ပဋိသန္ဓေစိတ်	၄၂၇
၁၀။	စိတ်တံခါးဝသို့ မဖိတ်ခေါ်ပဲရောက်လာသည့်အာရုံ	၄၂၈
၁၁။	ကုဋ္ဌနိမိတ်၊ အနိဋ္ဌနိမိတ်	၄၂၉
၁၂။	မရဏာသန္နဇောစိတ်	၄၂၉
၁၃။	သေခါနီးအချိန်၌ စိတ်ဖြစ်ပေါ်လာပုံ	၄၃၀
၁၄။	နတ်ပြည်၌ အရိယာဉာဏ်ကို မျက်မှောက်ပြုသည့် ဥပေါသထာနတ်သမီး	၄၃၁
၁၅။	စူဠသောတာပန်ဖြစ်ရုံမျှဖြင့် အပါယ်ဘေး မလွတ်သေးပါ	၄၃၂
၁၆။	အလောင်းတော်သည် သခီရုပေက္ခာဉာဏ်တိုင်ခဲ့သော်လည်း သုဂတိဘဝမမြဲခဲ့ပါ	၄၃၄
၁၇။	ဥပေက္ခာနှင့် ဥပေက္ခာ၏အတားအဆီး	၄၃၆
၁၈။	အနိစ္စ၊ ဒုက္ခ၊ အနတ္တအချက်	၄၃၆
၁၉။	မှတ်သလောက်ကောင်း၊ ကောင်းသလောက်မှတ်နေသောဉာဏ်	၄၃၇
၂၀။	ကုရိယာပုတ်လည်း ခိုင်မြဲသည်	၄၃၈
၂၁။	ဝိဂတပစ္စယောဆုတောင်း	၄၃၈
၂၂။	ဝိဂတပစ္စယော သိမှတ်ဖွယ်	၄၃၉
	၂၄ – အဝိဂတပစ္စယော	
၁။	ပစ္စယနိဒ္ဒေသ	၄၄၀
၂။	Non-disappearance condition (Avigata paccaya)	၄၄၁
၃။	အဝိဂတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ	၄၄၂
၄။	Avigata paccaya	၄၄၂
၅။	အဝိဂတပစ္စည်း၏မျိုးကွဲများ	၄၄၂
၆။	မဟာဘုတ်ရုပ်တို့၏သတ္တိ	၄၄၃

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇။	ဝါယောဓာတ်ကြောင့် လှုပ်ရှားလာသည်	၄၄၅
၈။	မကင်းကွာသောအားဖြင့် ကျေးဇူးပြုသော အဝိဂတပစ္စည်း၏ ဝိပဿနာအမြင်	၄၄၅
၉။	အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်တော်မူသည့် နာဂသမာလမထေရ်	၄၄၆
၁၀။	အဝိဂတပစ္စယောဆုတောင်း	၄၄၈
၁၁။	အဝိဂတပစ္စယော သိမှတ်ဖွယ်	၄၄၉
	၂၅ – သတိပဋ္ဌာန်တရားအားထုတ်နေကြသည့် ယောဂီ၏အတွေ့အကြုံများ	
၁။	ငါ့မှာ ဘာတရားမှ မရှိသေးတာပါလား	၄၅၁
၂။	'တပည့်တော် စိတ်မထွက်ပါဘူးဘုရား'လို့ လျှောက်ဖူးတယ်	၄၅၁
၃။	ဥပုသ်စောင့်တယ်ဆိုတာ တော်တော်မလွယ်ပါလား	၄၅၂
၄။	အရင်စိတ်နဲ့သာဆိုရင် ရုံးရောက်၊ ဂါတ်ရောက်ဖြစ်မှာ သေချာတယ်	၄၅၂
၅။	သတိမရှိတာကို ရှက်တတ်အောင် ဆရာတော်က ဘယ်လိုမျှား သင်ပေးလိုက်သလဲမသိဘူး	၄၅၃
၆။	Customer အသစ်လား၊ လေသံက မာလိုက်တာနော်	၄၅၃
၇။	ကိလေသာကိုအထင်မသေးနဲ့ ကိုယ့်ကိုယ်ကိုအထင်မကြီးနဲ့	၄၅၄
၈။	စိတ်ကို ကြည့်နေ သိနေပါသော်လည်း မနိုင်မနင်းကြီးဖြစ်နေပါတယ်	၄၅၅
*	အက္ခရာစဉ်အညွှန်း	၄၅၇
*	ပဋ္ဌာန်းပစ္စည်းကိုမျိုးအလိုက်လေ့လာခြင်း	၄၆၆
*	မှီငြမ်းကိုးကားသည့် ကျမ်းစာအုပ်များ	၄၆၈

ကျေးဇူးဥပကာရ မော်ကွန်း



"ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ"ကျမ်းစာအုပ်၏ စာမူကြမ်းကို မူလပဓာန သာသနာ့တာဝန် များပြားနေသည့်ကြားက "ဆုတောင်းပတ္ထနာ နိဒါန်းစာလွှာ"ရေးသား ခီုးမြှင့်ပေးတော်မူခဲ့သည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ သန်လျင် မင်းကျောင်းပထမပြန်စာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ (ပထမကျော်၊ သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သာသနာဓဇဓမ္မာစရိယ)အား လည်းကောင်း၊ "ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ" ကျမ်းစာအုပ်ကောင်း တစ်အုပ် ဖြစ်ပေါ်လာနိုင်ရန် ခိုင်မာသည့် ကျမ်းညွှန်းများစွာကို လမ်းညွှန် တည့်မတ်ပေးတော်မူခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ(တွဲဖက် သာသနာပိုင်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသအား လည်းကောင်း၊ စာမူကြမ်းကို အစမှအဆုံးထိ ဖတ်ရှုပေးတော်မူပြီး ယခုကဲ့သို့ ကျမ်းစာအုပ်ကောင်းတစ်အုပ် ပေါ်ထွက်လာနိုင်ရန် အဖိုးမဖြတ်နိုင်သည့် အကြံဉာဏ်ကောင်းများစွာကို ပေးတော်မူခဲ့သည့် မဟာဂန္ဓာရုံ ဘုံကျော်ဆရာတော်အား လည်းကောင်း၊ စာမူကြမ်းပါ ပါဠိနှင့် မြန်မာစာသဒ္ဒါရေး တို့ကိုပါ မခြွင်းမချန် စေ့စေ့စပ်စပ် စစ်ဆေးပြုပြင် တည့်မတ်ပေးတော်မူခဲ့သည့် မှော်ဘီ သာသနာ့ဝန်ဆောင် ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဦးစန္ဒသိရီ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)အား လည်းကောင်း၊ ဥယျောဇန ပါဠိဂါထာကို ရေးသားသီကုံးပေးခဲ့သည့် မဟာဝိဟာရ လှည်းကူးဆရာတော် ဦးအာဘယာလင်္ကာရ အရှင်မြတ်အား လည်းကောင်း၊ ဤစာအုပ်ပေါ်ပေါက်လာနိုင်ရန် အကြံဉာဏ်ကောင်းများစွာပေးခဲ့သော ညီတော် ဦးဇောတိသာရအား လည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါသည်ဘုရား။

ဆက်လက်ပြီး စာမူကြမ်းများကိုဖတ်ရှုကာ ကျမ်းညွှန်းများ တိုက်ဆိုင်စစ်ဆေးပေးတော်မူခဲ့သည့် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)မှ တပည့်များဖြစ်ကြသော ဦးစန္ဒိမာဘိဝံနယာစရိယ(ကမ္မဋ္ဌာနာစရိယ)၊ B.Sc(Bot). ADMK (THAMES-OXFORD),DMA) နှင့် မြို့တော်ဝန်ကျောင်း၏ စာချုပ်ဦးဉာဏောဘာသ (သာသနာဓဇမဟာစရိယ)တို့အားလည်းကောင်း၊ ဆက်လက်ပြီး ဤကျမ်းစာအုပ်ကို လက်ရေးစာမူမှသည် ဆဋ္ဌမအကြိမ်တိုင်တိုင် ကွန်ပျူတာ စာမူချောထွက်ပေါ်လာသည့်အထိ အဆင့်ဆင့် ဖတ်ရှုပြင်ဆင်နိုင်ရန် (၆)ကြိမ်တိုင်တိုင် Proof ထုတ်ကာ ပုံနှိပ်နိုင်သည့်အထိ ဆောင်ရွက်ပေးခဲ့ကြသည့် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၏ ရုံးခန်းမှတပည့်များ ဖြစ်ကြသည့် တာဝန်ခံဆရာလေး ဒေါ်ကုသလာ (B.A, Myanmar)၊ ဒေါ်ဝိမလာ (B.A, Philosophy)၊ ဒေါ်နန္ဒနာနှင့် ရုံးအဖွဲ့အားလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

ဆက်လက်၍ ဤစာအုပ်၏ စာမူကြမ်းအဆင့်ဆင့်၌ မြန်မာစာသတ်ပုံအပါအဝင် ပုဒ်ထီး၊ ပုဒ်မ ထားသိုမှုကအစ ခွဲထားတို့ကို အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေးတည့်မတ်ပေးခဲ့သည့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ခင်မျိုးသစ် (B.A, B.Ed) ကိုလည်းကောင်း၊ ပဋ္ဌာန်းတရားတော် လေ့လာနိုင်ရန် တိမ်မြုပ်ပျောက်ကွယ်နေသည့် ရှားပါးကျမ်းစာအုပ်များစွာကို ရှာဖွေလျှဒါန်းပြီး ပဋ္ဌာန်းတရာတော်ကို လက်တွေ့ Applied Method သိဖြင့် လေ့လာဆည်းပူးနိုင်ရန် ကူညီပေးခဲ့သည့် (World- wide Patthana Dhamma Conference)၏ ပဋ္ဌာန်းစာတမ်းရှင် အင်ဂျင်နီယာ ဒါယကာဦးအုန်းကျော် (B.E Electrical Power)နှင့် ဒါယိကာမ ဒေါ်မြမဋ္ဌူထွန်းတို့အားလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)
သန္တိသုခဝိဟာရ၊ (နေပြည်တော်မြို့တော်ဝန်ကျောင်းတိုက်ခွဲ)
ပြင်ဦးလွင်မြို့နယ်၊ သိမ်အင်းကျေးရွာ
ရက်စွဲ-၂၀၂၅ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်

ဦးခိုက်ပူဇော် ဓမ္မဒေတီတော်

နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ရန်အောင်မြင်တောရ(မြို့တော်ဝန်ကျောင်း)နှင့် ပြင်ဦးလွင်မြို့နယ် သန္တိသုခဝိဟာရ (နေပြည်တော်မြို့တော်ဝန်ကျောင်းတိုက်ခွဲ)တို့၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ရန်ကင်းဆရာတော်သည် ကလေးသူငယ်များအတွက် ယဉ်ကျေးလိမ္မာစာအုပ်မှစ၍ ဝိပဿနာဆိုင်ရာစာအုပ်များ၊ ရဟန်းဝိနည်းဆိုင်ရာစာအုပ်များ၊ ဓုတင်ဆိုင်ရာစာအုပ်များ၊ သိမ်ဆိုင်ရာစာအုပ်နှင့် အရဏ်တက်ချိန်ဆိုင်ရာစာအုပ် အပါအဝင် ယနေ့အချိန်အထိ စာအုပ်ပေါင်း (၅၂)အုပ်၊ စုစုပေါင်းအုပ်ရေ နှစ်သန်းခွဲကျော် အထိ ပုံနှိပ်ဖြန့်ချိခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဆရာတော်၏ ကျမ်းစာအုပ်အချို့ကို သာသနာရေးဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ပြီး ပါဠိဘာသာ ကမ္ဘာသုံး ရိုမန်ပါဠိနှင့် အင်္ဂလိပ်ဘာသာသို့ အသီးသီး ပြန်ဆိုလျက်ရှိပါသည်။

ဆရာတော် ရေးသားပြုစုသမျှသော စာအုပ်များကို အနီးနေတပည့်တစ်ပါးအနေဖြင့် စာမူကြမ်းကို ဖတ်ရပါသည်။ သတ်ပုံသတ်ညွှန်းများ စိစစ်ရပါသည်။ ဘာသာပြန်လုပ်ငန်း၌လည်း စွမ်းနိုင်သမျှ ပါဝင်ရပါသည်။ ခက်ခဲနက်နဲသော ကျမ်းညွှန်း၊ ကျမ်းကိုးများကို အခါအားလျော်စွာ ရှာဖွေရန် တာဝန်ပေးတော်မူသဖြင့် အချိန်ယူ၍ ရှာရပါသည်။ ဆရာတော်က တပည့်အား ပရိယတ္တိကျမ်းကြီးများကို ကြည့်ရှုတတ်ရန်နှင့် ဘယ်ကျမ်း၌ ဘယ်စာရှိသည်ကို ရှာတတ်ရန် သင်ကြားပေးနေခြင်းဖြစ်ကြောင်း ယခုအခါ ပို၍ သိရှိနားလည်လာရပါသည်။

ကျမ်းပြုဆရာတော်သည် ကျမ်းစာအုပ်များကို ရေးသားပြုစုနေသည့်ကြားကပင် ပြည်တွင်း ပြည်ပမှတပည့်များကို Zoom Application ဖြင့် Online သင်တန်းဖွင့်၍ ပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝသင်တန်း (Daily Life Patthana Coruse) ကို ညစဉ်ညတိုင်း ဖွင့်လှစ်ပို့ချခဲ့သည်မှာ ယခုအခါ (၅) နှစ်တာကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဆရာတော်၏ သင်တန်းပို့ချနည်းမှာ စာကိုစာအတိုင်း ဖတ်ပြရှင်းပြရုံမျှ မဟုတ်ဘဲ ခန္ဓာဉာဏ်သက်ဝင်လာသည့်အထိ သင်ပြပေးတော်မူသည့်နည်းတူ မိမိတို့၏ နေ့စဉ်ဘဝထဲ၌ ပဋ္ဌာန်းပစ္စည်းအလိုက် မည်သို့မည်ပုံ ကျင့်သုံးရမည်ကိုလည်း သင်ကြားပေးတော်မူပါသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပမှ Online သင်တန်းတက်ရောက်သူ တပည့်များလည်း တစ်စတစ်စ တိုးတက်များပြားလျက်ရှိပါသည်။

တစ်ဖက်၌လည်း မာရဝိဇယစေတီတော်မြတ်ကြီး၏ ပဋ္ဌာန်းဂန္ထကုဋ္ဌိ (၂၄)တိုက်၌ ထားရှိမည့်ပုံတော်များကို ဇာတ်နိပါတ်တော်လာဝတ္ထုများနှင့်ပဋ္ဌာန်းပစ္စည်းအလိုက် တိုက်ဆိုင်စစ်ဆေးရွေးချယ်စိစစ် အတည်ပြုပေးရမည့် တာဝန်တစ်ရပ် ရောက်ရှိလာပါသည်။ ငြင်းဆန်၍မရတော့သည့် ထိုသာသနာ့တာဝန်ကို (၂)နှစ်ကျော်ကာလ ကြာသည့်တိုင်အောင် ထမ်းဆောင် တော်မူခဲ့ပါသည်။ “တပည့်တော်က ရက်လများစွာ နေ့နေ့ညည ပဋ္ဌာန်းတရားတော်ထဲ စိတ်ကိုညွှတ်ကိုင်းပြီး မနေမနား အလုပ်လုပ်ခဲ့ရတဲ့အကျိုးကျေးဇူးအဖြစ် အခုဒီကျမ်းစာအုပ် ပေါ်ထွက်နိုင်တာပါဘုရား”ဟု မိန့်တော်မူဖူးသည်။

ထို့ပြင် ဆရာတော်သည် Online ပဋ္ဌာန်းသင်တန်း၌ ခေတ်ပညာတတ်တို့၏ ဉာဉ်အရ ကတ်ကတ်သပ်သပ်၊ နှိုက်နှိုက်ချွတ်ချွတ်၊ အားမနာတမ်းမေးလေ့ရှိသည့် သဒ္ဓါနည်းပြီး ပညာလွန်ကဲသူတို့၏ မေးခွန်းများကို ကာလရှည်ကြာ ဖြေကြားနိုင်ရန် အားထုတ်တော်မူခြင်းကလည်း ဤကျမ်းစာအုပ်ပေါ်ထွက်လာနိုင်ရန် အထောက်အပံ့ ဖြစ်ခဲ့မည်ဟု မဝံ့မရဲ တွေးထင်မိပါသည်။

ဆက်လက်ပြီး ဆရာတော်၏ ကျမ်းစာအုပ်ပြုစုရသည့် စိတ်စေတနာကိုလည်း စာအုပ်၏အစပိုင်း၌ အောက်ပါအတိုင်း ဖတ်ရှုရလေ့ရှိပါသည်။

ဤကောင်းမှုကုသိုလ်ကြောင့်
ကမ္ဘာပေါ်တွင် မြတ်ဗုဒ္ဓသာသနာတော်
အဝွန့်ရှည်ကြာ တည်တံ့၍
ကမ္ဘာသူ ကမ္ဘာသားအများ ဝိမုတ္တိသုခကို
ရရှိခံစားနိုင်ပါစေသတည်း။

ဆရာတော်၏ကျမ်းစာအုပ်ပါ ဆုတောင်းပတ္ထနာအတိုင်း လူသားအများ ချမ်းသာစစ်ချမ်းသာမှန်ဖြစ်သော ဝိမုတ္တိသုခကို ရယူပိုင်ဆိုင်စေလိုသကဲ့သို့ ဆရာတော်ကိုယ်တိုင်လည်း ဂန္ဆဓုရ၊ ဝိပဿနာဓုရ ဟူသော ဓုရနှစ်ဖြာကို ဝိမုတ္တိသုခအလို့ငှာ အစဉ်တစိုက် ဖြည့်ကျင့်တော်မူလျက်ရှိပေမည်ဟု အနီးနေတပည့်တစ်ပါးအနေဖြင့် ယုံကြည်မိပါသည်။

အရှင်စန္ဒိမာဘိဝံသနယာစရိယ(ကမ္မဋ္ဌာနာစရိယ) (B.Sc , ADMK, DMA)
ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း)နေပြည်တော်

နိဒါန်း

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

မြန်မာနိုင်ငံ၏ သာသနာတော်သမိုင်းတစ်လျှောက်၌ ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများက နက်နဲခက်ခဲသော ပဌာန်းတရားတော်မြတ်ကို ကျမ်းပေါင်းများစွာဖြင့် အသီးသီး ဖွင့်ဆိုပေးတော်မူခဲ့ကြပြီးဖြစ်ပါသည်။ ဤသို့ ဖွင့်ဆိုပြသပေးတော်မူခဲ့သည့် ကျေးဇူးရှင်ဆရာသခင်များသာ မပေါ်ထွန်းခဲ့ပါလျှင် မိမိ၏ တစ်ထွာ၊ တစ်မိုက်မျှလောက်သော အသိဉာဏ်ကလေးဖြင့် ပဌာန်းတရားတော်ကို နားလည်သဘောပေါက်ရန်ဝေးစွ လေ့လာဆည်းပူးရန် နည်းစနစ်မျှကိုပင် ရရှိနိုင်မည် မဟုတ်ပါ။

ယခုအခါ၌မူ လယ်တီဆရာတော်ကြီး၊ မူလပဌာန်းဆရာတော်ကြီး၊ ပဌာန်းသိပ္ပံဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာဂန္ဓာရုံဆရာတော်ကြီး၊ ပါမောက္ခချုပ်ဆရာတော်ကြီး၊ တိပိဋကရေစကြိုဆရာတော်ကြီး၊ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်ကြီး စသည့် ကျေးဇူးရှင် ဆရာသခင်များက ဘုရားဟောပဌာန်းတရားတော်မြတ်ကြီးကို ဖွင့်ဆိုရေးသားပေးတော်မူခဲ့သောကြောင့် ယနေ့ပဌာန်းအရာ၌ ကလေးသူငယ်အသိမျှ မိမိရရှိလာခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် လောက၌ တရား (၄)ပါးကို သိရှိနားလည်ရန် ခက်ခဲသကဲ့သို့ သူတစ်ပါးအား နားလည်သည့်အထိ သင်ကြားပို့ချရန် (ရေးသားရန်) မှာမူ သာလွန်၍ခဲယဉ်းကြောင်းကို အဋ္ဌကထာဆရာမြတ်များက ဝိဘင်္ဂကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူခဲ့ဖူးပါသည်။

ထိုတရား (၄)ပါးမှာ သစ္စာလေးပါး တရားတော်၏အကြောင်း၊ သတ္တဝါတို့၏အကြောင်း၊ သတ္တဝါတို့ ပဋိသန္ဓေတည်နေပုံအကြောင်းနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်လည်နေပုံဟူသော (၄)ပါးသော အကြောင်းတရားတို့ကို သိရှိနားလည်နိုင်ရန် အလွန်ပင် ခက်ခဲလွန်းပါသည်။ ထို့ထက် သူတစ်ပါးတို့အား နားလည်သည့်တိုင် ဟောပြော သင်ကြားရေးသားရန်မှာမူ သာလွန်၍ ခဲယဉ်းလှပါပေတော့သည်။

သစ္စံ သတ္ထော ပဋိသန္ဓိ ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ ၊ ဒေသေတုံ စ သုဒုက္ကရော-တိ။

ဘုရားအလောင်းတော်သည် သုံးလောကထွဋ်ထား ဘုရားဖြစ်တော်မူပြီး နောက် လင်းလွန်းပင်ရင်းမှ ဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကြွရောက် သီတင်းသုံးတော်မူပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်၌-

"ငါသိအပ်ပြီးသော ဤတရားကား နက်နဲ၏။ မြင်နိုင်ခဲ၏။ သိနိုင်ခဲ၏။ ငြိမ်သက်၏။ မွန်မြတ်၏။ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာမဟုတ်၊ သိမ်မွေ့၏။ ပညာရှိတို့သာ သိနိုင်၏။ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏။ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏။ ကာမဂုဏ်တို့၌ အလွန် နှစ်ခြိုက်ကုန်၏။ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်ကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏။ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ၊ ဥပဓိအားလုံးကို ပယ်စွန့်ရာ၊ တဏှာ၏ ကုန်ရာ၊ ရာဂ၏ ကင်းရာ၊ ချုပ်ရာငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကိုလည်း မြင်နိုင်ခဲ၏။ ငါသည်လည်း တရားကို ဟောငြားအံ့။ သူတစ်ပါးတို့သည်လည်း ငါ၏တရားကို မသိနားမလည်နိုင်ကုန်ငြားအံ့။ သို့ဖြစ်လျှင် တရားဟောခြင်းသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏။ ငါ့ကိုယ်ငါ ညှဉ်းဆဲခြင်းသာ ဖြစ်ရာ၏" ဟု စိတ်အကြံ ဖြစ်တော်မူခဲ့ဖူးကြောင်းကို မဟာဝါပါဠိတော်၌ လာရှိပါသည်။

ထို့ကြောင့် ဂမ္ဘီရော နက်နဲလွန်းသော၊ ဒုဒ္ဒသော မြင်နိုင်ခဲသော၊ ဒုရာနုဗောဓော သာမန်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းသော၊ အတက္ကာဝစရော လောကရေးရာ ကိစ္စရပ်များပမာ ကြံစည်တွေးတော စဉ်းစားရုံမျှဖြင့်လည်း မသိနိုင်သော၊ ပဏ္ဍိတဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့် ပညာရှိအနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသော အနန္တနယ ပဋ္ဌာန်းတရားတော်နှင့် ခက်ခဲနက်နဲလှသည့် ဝိပဿနာသတိပဋ္ဌာန်တရားတော်တို့ကို အများနားလည်နိုင်ရန် လမျှားစွာမှသည် နှစ်များကြာသည့်တိုင် ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားတို့ကို စိုက်ထုတ်၍ ရေးသားပြုစုထားပါသော်လည်း ပညာရှိတို့၏အမြင်၌ အဆင်မပြေမှုများ တွေ့ရှိတော်မူကြပါလျှင် ဤကျမ်းပြုသူအရှင်အား သွန်သင်ဆုံးမ၊ ညွှန်ကြား ပြသပေးလာပါမူ ကောင်းပေစွ။

အရှင်ခေမာနန္ဒ(ရန်ကင်းတောရ-သပြေပင်)

၁။ ပဋိစ္စသမုပ္ပာဒဝိဘင်္ဂေါ၊ သုတ္တန္တဘာဇနီယံ ဥဒ္ဒေသဝါရဝဏ္ဏနာ၊ ဝိဘင်္ဂကထာ(နှာ-၁၂၃)

၂။ ဗြဟ္မာတောင်းပန်ခြင်း၊ မဟာဝဂ္ဂပါဠိ (နှာ-၇)

၁။ ဟေတုပစ္စယော
အရင်းအမြစ်အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Hetu Paccaya (Root Condition)

ပစ္စယနိဒ္ဒေသ

ဟေတုပစ္စယောတိ - ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

Root condition (Hetu paccaya)

The six roots are related to the phenomena associated with the roots and to the matter produced by them, by root condition.

ဟေတုပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“သစ်ပင်တို့၏ ရေသောက်မြစ်သည် သစ်ပင်ကို ကြီးထွား ဖွံ့ဖြိုးစေနိုင်သကဲ့သို့”ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူသည်နှင့်အညီ သတ္တဝါတို့၏သန္တာန်၌ စွန့်လွှတ်၊ လှူဒါန်း၊ ပေးကမ်းနိုင်စွမ်းသည့် အလောဘရေသောက်မြစ်၊ သည်းခံ ခွင့်လွှတ်နိုင်စွမ်းသည့် မေတ္တာပါသော အဒေါသရေသောက်မြစ်၊ သုံးသပ် ဆုံးဖြတ်နိုင်စွမ်းသည့် ဉာဏ်ပညာပါသော အမောဟရေသောက်မြစ်ဟူသော အမြတ်စား၊ အကောင်းစား အထက်တန်းကျသည့် ကုသိုလ်ရေသောက်မြစ်သုံးသွယ်တို့သည် ကုသလဟေတု ဖြစ်ပါသည်။[၁]

ထို့ပြင် လိုချင်သိမ်းပိုက် စွဲမက်နိုင်စွမ်းသည့် လောဘရေသောက်မြစ်၊ မေတ္တာဓာတ်ခန်းခြောက်ကာ ခွင့်လွှတ်နိုင်စွမ်းမရှိအောင် အလိုမကျ မုန်းတီးသည့် ဒေါသရေသောက်မြစ်၊ အာရုံ၏သဘောမှန်မျှကိုပင် ပိုင်းခြားဝေဖန်နိုင်စွမ်းမရှိသည့် မောဟဟူသော အညံ့စား အကုသိုလ်ရေသောက်မြစ်သုံးသွယ်တို့သည် အကုသလဟေတု ဖြစ်ပါသည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

ထိုထို လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်ခြောက်ပါးတရားတို့သည် အတူတကွဖြစ်သော စိတ်၊ စေတသိက်၊ စိတ္တဇရုပ် နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကြီးထွားဖွံ့ဖြိုးလာစေရန် ဟေတုသတ္တိဖြင့် ကျေးဇူးပြုပါသည်။

Hetu Paccaya

The first condition is Hetu Paccaya. You are all familiar with the word ‘Hetu’. When you hear the word 'Hetu', you know what ultimate realities are represented by Hetu. How many Hetus are there? There are six Hetus; greed, hatred, delusion, non-greed, non-hatred and non-delusion. "Hetu" here means root. It is compared with roots of a tree. Just as the roots maintain a tree or make a tree firm, strong and prosperous. So these roots make co-nascent consciousness and mental factors. Also the mind-produced matter and kamma-produced matter firm, strong and prosperous.

Hetu is compared to roots of a tree. If you look at the roots and a tree, you know that the roots and the tree must be existing at the same time. Roots and the tree must be connected. In the same way, the conditioning factor here must be connected with conditioned factor. The conditioned factors must be arisen simultaneously with conditioning states.[၁၂]

ရေသောက်မြစ်ခြောက်သွယ်

ပဋ္ဌာန်းပါဠိတော်၌ ဟေတုအရ လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟ ဟူ၍ ခြောက်ပါးရပါသည်။ ထိုထိုခြောက်ပါးသော ပစ္စည်းတရားတို့က အရင်းအမြစ် ဖြစ်ကြသည်။ ထို့ကြောင့် ရှေးရှေးအဋ္ဌကထာ ဆရာမြတ်တို့က ဟေတုပစ္စယောကို ရေသောက်မြစ် (Root) ဖြင့် ဥပမာပြုတော်မူခဲ့ကြပါသည်။

ဤတွင် ရေသောက်မြစ်ခြောက်သွယ်ရှိရာ စွန့်လွှတ်နိုင်စွမ်းသည့် အလောဘ ရေသောက်မြစ်ကတစ်သွယ်၊ ခွင့်လွှတ်နိုင်စွမ်းသည့် မေတ္တာပါသော အဒေါသ ရေသောက်မြစ်ကတစ်သွယ်နှင့် သုံးသပ် ဆုံးဖြတ်နိုင်စွမ်းသည့် အမောဟ ဉာဏ်ပညာ ရေသောက်မြစ်ကတစ်သွယ်ရှိရာ ထိုထို အလောဘ၊ အဒေါသ၊ အမောဟတို့သည် အကောင်းစား၊ အမြတ်စား ရေသောက်မြစ်တို့ ဖြစ်ကြသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

တစ်ဖက်တွင် မစွန့်နိုင်၊ မခွာနိုင်သည့် လောဘရဂသောက်မြစ်က တစ်သွယ်၊ အလိုမကျ မုန်းတီးသည့် ဒေါသရဂသောက်မြစ်ကတစ်သွယ်နှင့် ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းမရှိသည့် မောဟရဂသောက်မြစ်ကတစ်သွယ်ရှိရာ ထိုထိုလောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်းသည့် အညံ့စား ရဂသောက်မြစ်တို့ ဖြစ်ကြသည်။

လောကကြီး စည်ပင်ဖွံ့ဖြိုးနေသည်

ဤတွင် သစ်ပင်၏ရဂသောက်မြစ် အားကောင်း ရှင်သန်သည်နှင့်အမျှ သစ်ပင်ကြီး စည်ပင် ဖွံ့ဖြိုးနေပေတော့မည်။ ထိုနည်းအတူ ကုသိုလ်၊ အကုသိုလ် ရဂသောက်မြစ်တို့ အားကောင်း ရှင်သန်နေသမျှ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်၊ တိရစ္ဆာန်ပြည် တို့လည်း စဉ်ဆက်မပြတ် စည်ပင်ဖွံ့ဖြိုး ရှင်သန်နေပေတော့မည်။ ထို့ကြောင့် ယနေ့ မိမိတို့နေထိုင်ရာ လူ့လောကကြီးသည် တလှုပ်လှုပ်၊ တကြွကြွ၊ တရွရွ ဖြစ်နေကြခြင်းမှာ ထိုထို လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟ ရဂသောက်မြစ်က အရင်းခံအကြောင်းဖြစ်သည်။

တစ်နည်းဆိုရသော် လူ့ဘောင်လောကကြီးသည် ကုသိုလ်အရာဒ္ဓလည်း အလောဘ၊ အဒေါသ၊ အမောဟတို့၏သတ္တိကြောင့် တစ်စိတ်တစ်ဝမ်းတည်းဖြင့် သိုက်သိုက်ဝန်းဝန်း၊ တခမ်းတနား ကုသိုလ်ကောင်းမှုကို ပြုလုပ်နေကြသည်။ အကုသိုလ်အရာဒ္ဓလည်း လောဘ၊ ဒေါသ၊ မောဟတို့၏ သတ္တိကြောင့် တလှုပ်လှုပ်၊ တကြွကြွ၊ တရွရွဖြင့် ပျော်ပျော်ရွှင်ရွှင်ကြီး မကောင်းမှုအကုသိုလ်ကို အကောင်အထည် ဖော်နေကြပါသည်။

ကိလေသာကိုပယ်ခြင်း

ဤနေရာတွင် ကိလေသာကို ပယ်စွန့်သည်ဟုဆိုရာ၌ အရိယာဉာဏ်အဆင့်ဆင့်ဖြင့် ဆိုင်ရာကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် ပယ်စွန့်ခြင်းနှင့် ဝိပဿနာဉာဏ်ဖြင့် ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်ခွာထားသည်လည်း ရှိပါသည်။ ထို့ပြင် ငြိတွယ်ကပ်ငြိနေသော ထိုထိုဝတ္ထုအာရုံကို သုတမယအသိဖြင့် ဆင်ခြင်ပြီး မညှာမတာ စွန့်ပစ်ခြင်းဖြင့်လည်း ကိလေသာကို ရံခါ အနိုင်ယူရသည်များလည်းရှိတတ်ကြောင်း ကုဒ္ဒါလပဏ္ဍိတက ပေါက်တူးကို မညှာမတာလွှင့်ပစ်ခဲ့သည့် ဖြစ်စဉ်ကို သာဓကပြု၍ ပြပါမည်။

ကုဒ္ဒါလပဏ္ဍိတခေါ် ပေါက်တူးသုခမိန်

ဘုရားလောင်းသည် တစ်ခုသောဘဝ၌ ဗာရာဏသီပြည်၌ ပေါက်တူးတစ်လက်ဖြင့် မြေကိုတူးဆွ၍ ဘူး၊ ဖရုံ၊ သခွား စသော ဟင်းသီး၊ ဟင်းရွက်ပင်များ စိုက်ပျိုးပြီး ဆင်းရဲခို့ငဲ့စွာ အသက်မွေးရှာလေသည်။ သူ့၌ကိုယ်ပိုင်ပစ္စည်းဟူ၍ ပေါက်တူးတစ်လက်သာ ရှိသည်။ သူ့ကို ကုဒ္ဒါလပဏ္ဍိတဟု ပါဠိစာပေ၌ မှတ်တမ်းတင်ထားသည်။ ကုဒ္ဒါလပဏ္ဍိတဟူသည် ပေါက်တူးသုခမိန်ဟု အဓိပ္ပာယ်ရသည်။

တစ်နေ့သောအခါတွင် ဘုရားလောင်းက 'ငါသည် လူဝတ်ကြောင်ဘဝနှင့်နေ၍ အကျိုးမရှိ၊ လောကကိုစွန့်ပြီး တောထွက်၍ ရသေ့ပြုတော့အံ့'ဟု ကြံစည်သည်။ ထို့ကြောင့် သူ၏အသွားတုံးနေသောပေါက်တူးကို လုံခြုံရာတွင် သိုဝှက်ပြီး ရသေ့ဝတ်လေသည်။ အတန်ကြာသောအခါ ထိုပေါက်တူးကို အောက်မေ့လာသည်။ သူ၏ပေါက်တူးပေါ်၌ တပ်မက်သောစိတ်ကို မချိုးနှိမ်နိုင်သဖြင့် လူပြန်ထွက်သည်။ ဤအတူသာလျှင် နှစ်ကြိမ်မြောက်လည်း လူထွက်ပြန်သည်။ သုံးကြိမ်မြောက်လည်း လူထွက်ပြန်သည်။ ဤသို့ခြောက်ကြိမ်တိုင်တိုင် ပေါက်တူးအတုံးကို လုံခြုံရာတွင် သိုဝှက်ပြီး ရသေ့ဘဝမှသည် လူဘဝသို့ သက်ဆင်းခဲ့ရသည်။

ခုနစ်ကြိမ်မြောက်၌ကား 'ငါသည် ဤအသွားတုံးနေသော ပေါက်တူးကို အမှီပြု၍ အဖန်တလဲလဲ လူထွက်ခဲ့ရပြီ။ ယခုအခါ၌ ထိုပေါက်တူးကို မြစ်ကြီး၏ရေအလျဉ်၌ ပစ်ချ၍ ရသေ့ပြုအံ့'ဟု ကြံစည်သည်။ ထို့နောက် ဘုရားလောင်းသည် မြစ်ကမ်းပါးသို့ သွားရပ်ပြီး 'အကယ်၍ ထိုပေါက်တူးကျရာအရပ်ကို ငါမြင်အံ့၊ တစ်ဖန်သွား၍ ဆယ်လိုယူစိတ် ဖြစ်နိုင်ရာ၏'ဟု တွေးဆင်ခြင်မိလေသည်။ ထိုကြောင့် ဆင်ပြောင်အားနှင့် အားအစွမ်းတူညီသော ဘုရားလောင်းကုဒ္ဒါလပဏ္ဍိတသည် မိမိပိုင်ဆိုင်သည့် ပေါက်တူးပေါ်၌ တပ်မက်သောစိတ်ကို ဖြတ်လိုသောကြောင့် ပေါက်တူး၏အရိုးကိုကိုင်၍ ခေါင်းပေါ်၌ဝှေ့ယမ်းကာ မျက်စိကိုစုံမှိတ်ပြီး မြစ်၏အလယ်သို့ လွှင့်ပစ်ပြီးနောက် "ဇိတံ မေ၊ ငါ အောင်ပြီ"၊ "ဇိတံ မေ၊ ငါ အောင်ပြီ"ဟု သုံးကြိမ်တိုင်တိုင် ကြွေးကြော်နေလေတော့သည်။

ထိုအချိန်အခါ၌ပင် ဗာရာဏသီမင်းသည် ပစ္စန္တရစ်ဒေသကို ငြိမ်းစေပြီး မြစ်ကမ်းပါးသို့ ရောက်လာသည်။ မြစ်ရေဖြင့် ဦးခေါင်းဆေးပြီးလျှင် မင်းဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ဆင်ကျောက်ကုန်းပေါ်သို့တက်၍ စံမြန်းပါသည်။ ဘုရင်ကြီး ဆင်ပေါ်အရောက်၌ ဘုရားလောင်း၏ "ဇိတံ မေ၊ ဇိတံ မေ၊ ငါ အောင်ပြီ၊ ငါ အောင်ပြီ"ဟူ၍ အောင်ပွဲခံသော အသံကျယ်ကြီးကို ကြားသည်။

ထိုအခါ ဘုရင်ကြီးက “ဤယောက်ျားသည် အောင်အပ်ပြီဟုဆို၏။ ထိုယောက်ျားသည် အဘယ်ကို အောင်အပ်သနည်း။ ထိုယောက်ျားကို ခေါ်ကုန်လော့”ဟု မင်းချင်းယောက်ျားတို့ကို မိန့်ကြားသည်။ မင်းချင်းယောက်ျားတို့က ဘုရားလောင်း ကုဒ္ဒါလပဏ္ဍိတကို ဘုရင်ကြီးရှေ့တော်မှောက်သို့ ခေါ်ဆောင်လာသည်။ ဘုရင်ကြီးက “အချင်းယောက်ျား ငါသည် ရှေးဦးစွာ အောင်အပ်ပြီးသော စစ်မြေပြင်ရှိ၏။ ယခုအခါ အောင်ခြင်းကို ပြု၍လာ၏။ သင်သည် အဘယ်ကို အောင်သနည်း”ဟု မေးပါသည်။

ထိုအခါ ဘုရားလောင်းသည် “မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် စစ်ပွဲပေါင်းရာထောင်ချီ၍ အောင်မြင်သော်လည်း ကိလေသာတို့ကို မအောင်မြင်သေး၊ သင်မင်းကြီး၏အောင်ပွဲသည် ကောင်းသောအောင်ခြင်းမဟုတ်။ အကျွန်ုပ်သည်ကား မိမိ၏ကိုယ်တွင်းမှ ကိလေသာတို့ကို အောင်ပွဲခံခဲ့ပြီ”ဟု ဘုရင်မင်းအား ရဲဝံ့စွာဖြင့် လျှောက်ကြားပါသည်။

ထို့နောက် မြစ်ရေပြင်ကိုကြည့်၍ အာပေါကသိုဏ်းရှုရာ ထိုခဏတွင်းဌိပင်စျာန်အဘိညာဉ်ရရှိကာ ကောင်းကင်တွင်ရပ်၍ မင်းကြီးကို တရားဟောပါသည်။ မင်းကြီးသည် ကုဒ္ဒါလပဏ္ဍိတ ဟောသောတရားကို သဘောကျနှစ်သက်တော်မူသဖြင့် ကုဒ္ဒါလပဏ္ဍိတနှင့် အတူလိုက်၍ ရသေ့ဝတ်သည်။ ထို့အတူ ဘုရင်ကြီးနှင့် အတူပါလာသည့် မင်းမှူထမ်းယောက်ျားများလည်း လိုက်၍ ရသေ့ဝတ်ကြပါသည်။[၁]

သံသရာရှည်သမျှ

ဤဝတ္ထုသာဓကဖြင့် (၃၁) ဘုံ သံသရာခရီးသည်ကြီးအဖြစ်မှ လွတ်မြောက်နိုင်ရန်နည်းလမ်းမှာ ထိုထိုလောဘရေသောက်မြစ်၊ ဒေါသရေသောက်မြစ်နှင့် မောဟရေသောက်မြစ်တို့ကို နည်းမှန်လမ်းမှန်ဖြင့် ပယ်နုတ်ရပါမည်။

သို့ဖြစ်ပါ၍ ပဌာန်းတရားတော်ကို လေ့လာဆည်းပူးထားသူအနေဖြင့် ‘မိမိတို့သည် သံသရာခရီးသည်ကြီးအဖြစ် ဘဝထိုထို (၃၁)ဘုံခရီး ရှည်လျားထွေပြား မနားမနေခရီးနှင်လာခဲ့သည်မှာ မည်သည့် တန်ခိုးရှင်၊ ဖန်ဆင်းရှင်ကမှ ဖန်ဆင်းပေးထားခြင်းမဟုတ်ဘဲ ထိုထိုကုသလဟေတုနှင့် အကုသလဟေတု ရေသောက်မြစ်တို့ ရှင်သန်အားကောင်းနေခြင်းသည်သာ ပဓာနအကြောင်းပါတကား’ဟု နားလည် သဘောပေါက်မည် ဖြစ်ပါသည်။

၁။ ကုဒ္ဒါလဇာတကဝဏ္ဏနာ၊ ဧကကနိပါတ၊ ဇာတကအဋ္ဌကထာ (ပထမတွဲ၊ နှာ-၃၃၀)နှင့်
ကုဒ္ဒါလဇာတ်၊ မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဇာတ်ဝတ္ထု (ပထမတွဲ၊ နှာ-၂၈၅)

ဤနေရာတွင် ဆင်ခြင်သုံးသပ်ရန် ရှိလာပါသည်။ ဘုံအားဖြင့် (၃၁)ဘုံ ရှိပါသော်လည်း မိမိတို့ လှည့်လည်သွားရောက်ခဲ့သည့် ဘုံတို့က (၂၆)ဘုံမျှသာ ရှိနိုင်သည်။ အထက်ဖျား ဗြဟ္မာ့ဘုံထဲပါဝင်သည့် သုဒ္ဓါဝါသ (၅)ဘုံသို့ နတ်ပြည်(၆)ထပ်မှ နတ်တို့သည်လည်းကောင်း၊ ဤစာဖတ်နေသူသည် လည်းကောင်း၊ ဤစာကိုရေးနေသူသည် လည်းကောင်း တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးကြသေးပါ။ ရောက်ဖူးသည့် သူတော်ကောင်းကြီးများကလည်း မိမိတို့၏လူ့ဘုံသို့ တစ်ဖန် ပြန်လည်၍ လာရောက်ရိုးထုံးစံ မရှိပါ။ နတ်ဘုံသို့လည်း တစ်ဖန် ရောက်ရိုးထုံးစံ မရှိပါ။ သူတို့၏ ဆုတောင်း ပတ္ထနာအတိုင်း အထက်အထက်ဘုံ၌ပင် ကျွတ်တမ်းဝင်ကြပေတော့မည်။

သတိပဋ္ဌာန်တရား

အကုသလဟေတုမည်သော လောဘ၊ ဒေါသ၊ မောဟကို ပယ်သတ်ရမည့် အလွယ်ကူဆုံးနည်းလမ်းမှာ မြတ်ဘုရား ဟောကြား သွန်သင်တော်မူထားသည့် သတိပဋ္ဌာန်တရား (၄) ပါးမှအပ အခြားနည်းလမ်းမရှိပါပေ။

မြတ်စွာဘုရားရှင်က သတိပဋ္ဌာန်တရား၏ စိတ္တာနုပဿနာကဏ္ဍ၌ -

‘လောဘနှင့်တကွဖြစ်သောစိတ်ကို လောဘစိတ်ဟု သိရမည်။ ဒေါသနှင့်တကွဖြစ်သောစိတ်ကို ဒေါသစိတ်ဟု သိရမည်။ မောဟနှင့် တကွဖြစ်သောစိတ်ကို မောဟစိတ်ဟု သိရမည်’ဟု အောက်ပါအတိုင်း ဟောတော်မူပါသည်။

သရာဂံ ဝါ စိတ္တံ ‘သရာဂံ စိတ္တ’န္တိ ပဇာနာတိ။ ဝီတရာဂံ ဝါ စိတ္တံ ‘ဝီတရာဂံ စိတ္တ’န္တိ ပဇာနာတိ။

They understand mind with greed as ‘mind with greed,’ and mind without greed as ‘mind without greed.’

သဒေါသံ ဝါ စိတ္တံ ‘သဒေါသံ စိတ္တ’န္တိ ပဇာနာတိ။ ဝီတဒေါသံ ဝါ စိတ္တံ ‘ဝီတဒေါသံ စိတ္တ’န္တိ ပဇာနာတိ။

They understand mind with hate as ‘mind with hate,’ and mind without hate as ‘mind without hate.’

သမောဟံ ဝါ စိတ္တံ ‘သမောဟံ စိတ္တ’န္တိ ပဇာနာတိ။ ဝီတမောဟံ ဝါ စိတ္တံ ‘ဝီတမောဟံ စိတ္တ’န္တိ ပဇာနာတိ။

They understand mind with delusion as ‘mind with delusion,’ and mind without delusion as ‘mind without delusion.’ဟု ဟောတော်မူသည်။[၁]

၁။ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၂၃၁)

ထို့ကြောင့် သတိပဋ္ဌာန်တရားတော်လာ စိတ္တာနုပဿနာကမ္မဋ္ဌာန်းကို အားထုတ်သူသည် အချိန်တိုင်း အချိန်တိုင်း မိမိ၏စိတ်ကို အကဲခတ်နေရမည်။ သို့မှသာ လိုချင်စိတ်၊ မုန်းတီးစိတ်၊ မနာလိုစိတ်၊ ဝန်တိုစိတ်၊ ဝါကြွားလိုသည့်စိတ် စသည့်စိတ် ဖြစ်တိုင်း၊ ဖြစ်တိုင်း သိနိုင်မည်။ အကယ်၍ ယောဂီ၏အသိ မဦးနိုင်ပါက ကာယကံအထိလည်းကောင်း၊ ဝစီကံအထိလည်းကောင်း လွန်ကျူးမိပေတော့မည်။

တစ်ဖန် စွန့်ကြဲ လှူဒါန်းလိုသည့်စိတ်၊ သူတစ်ဖက်သားကို ကူညီ စောင့်ရှောက်ပေးလိုသည့်စိတ်၊ သည်းခံ ခွင့်လွှတ်နိုင်သည့်စိတ် ဖြစ်လျှင်လည်း ဖြစ်တိုင်း၊ ဖြစ်တိုင်း သိရမည်။ စိတ်ကို အကဲခတ်သည့်အလေ့အကျင့် အတန်အသင့်ရှိလာသူများအနေဖြင့် မိမိ၏ တစ်နေ့တာဘဝထဲ၌ သွားလာလုပ်ကိုင်နေရင်း ဖြစ်ပေါ်လာသည့်စိတ်ကို သတိ၊ ဝီရိယ၊ ဉာဏ်အားရှိသမျှ သေသေချာချာ သိနိုင်ပါသည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်

စိတ္တာနုပဿနာသတိပဋ္ဌာန် ကျွမ်းကျင်နိုင်နင်းလာသော ယောဂီတစ်ဦးက “တပည့်တော် စိတ်ထဲပေါ်နေတာကို စာနဲ့ချမရေးရဲဘူးဘုရား”ဟု လျှောက်ထားပြီး စကားကို ခေတ္တရပ်ထားသည်။ သူရေးသားထားသည့်စာကို သူတစ်ပါးမြင်မည်ကို စိုးရိမ်၍ဟု ထင်မိသည်။ သို့သော် သူက “တပည့်တော်ရေးတဲ့စာကို တပည့်တော်ကိုယ်တိုင် မဖတ်ရဲ လို့ပါဘုရား”ဟု လျှောက်ပါသည်။ အမှန်တကယ်ပင် စိတ်နှင့်အာရုံဆုံတိုင်း ဖြစ်နေသောစိတ်ကို သိသိနေမည်ဆိုလျှင် ကြည့်ဝံ့စရာ မရှိသကဲ့သို့ ဖတ်ဝံ့စရာလည်း ရှိမည်မဟုတ်ပါ။

ထိုအကြောင်းကို အခြားယောဂီတစ်ဦးက “တပည့်တော်စိတ်ကို အကဲမခတ်တတ်သေးခင်က တပည့်တော်က သူတစ်ပါးကို စေတနာထားပြီး အခမဲ့ကူညီတယ်။ ကျေးဇူးတင်ခံချင်လို့ ကူညီတာ မဟုတ်ပါဘူး။ ဒါကြောင့် ငါစိတ်ကောင်းရှိတယ်လို့ ထင်ထားတာ၊ အခုတော့ ကောင်းတဲ့စိတ်က မပေါ်သလောက်ဖြစ်နေတာကို သိသိလာပါတယ်ဘုရား”ဟု လျှောက်သည်။

ဆယ်တန်းကျောင်းသူ ယောဂီတစ်ဦးကလည်း “တပည့်တော် တရားအားထုတ်တတ်လာတယ်ဆိုတာ ဟုတ်ပါ့မလားလို့ သံသယဖြစ်မိပါတယ်ဘုရား။ ဘာကြောင့်လဲဆိုရင် စာတော်တဲ့ သူငယ်ချင်းတွေအပေါ် မနာလိုတဲ့စိတ်တွေ၊ သူက တပည့်တော်ထက် သာသွားမှာကို စိုးရိမ်တဲ့စိတ်တွေ၊ ကိုယ့်ကိုယ်ကိုယ် မာနတက်နေတာတွေကို ပိုပိုပြီး သတိပြုမိလာလို့ပါ။ အရင်က မရှိတာလား။ ဘုန်းဘုန်းဘုရားပြောသလို ရှိမှန်းမသိတာလားတော့ တပည့်တော် အပိုင်မပြောတတ်သေးပါဘုရား”ဟု လျှောက်ဖူးပါသည်။

အညတရရဟန်းတော်နှင့် မာတိကာမာတာ

ဘုရားရှင်လက်ထက်တော်၌လည်း အညတရရဟန်းတော်တစ်ပါးနှင့် မာတိကာမာတာ အရိယာဒါယိကာမကြီးတို့အကြောင်း သာဓကဝတ္ထုတစ်ခု ရှိပါသည်။ ရဟန်းတစ်ပါးသည် မာတိကာရွာ၌ ဆွမ်းခံပြီး တောထဲတရားအားထုတ်ရန် ဘုရားရှင်ထံပါးခွင့်ပန်သည်။ ထို့နောက် တောထဲကြွသွားသည်။ သို့သော် ထိုရဟန်းသည် ရက်များမကြာမီ ဇရာဝန်ကျောင်းတော်သို့ ပြန်ရောက်လာပြန်သည်။

ဘုရားရှင်က ထိုရဟန်း ပြန်လာရသည့်အကြောင်းရင်းကို မေးတော်မူရာတွင် "မြတ်စွာဘုရား. . . ဒါယိကာမကြီးက တပည့်တော်စိတ်ထဲ တွေးတော ကြံစည်နေတာ မှန်သမျှအားလုံး တစ်ခုမကျန် သိသိနေပါတယ်ဘုရား။ တပည့်တော်က ပုထုဇဉ်တို့ရဲ့ အလေ့အတိုင်း မသင့်တာ၊ မကောင်းတာတွေကို ကြံမိ၊ တွေးမိရင်လည်း ဒါယိကာမကြီးက အကုန်လုံး သိသွားတော့မှာပါဘုရား။ ဒါကြောင့် ဘုရားတပည့်တော် အဲဒီဒါယိကာမကြီးရဲ့ရွာကို ဂေါစရဂါမ်ပြုပြီး မနေဝံ့တော့လို့ ထွက်ပြေးလာခဲ့တာပါဘုရား"ဟု ဖြစ်စဉ်အမှန်ကို ပြည့်ပြည့်စုံစုံ လျှောက်ထားပါသည်။

ဘုရားရှင်က"ချစ်သား. . . တစ်ခုတည်းသောတရားကို စောင့်ရှောက်ပြီး အဲဒီတောထဲမှာပဲ ပြန်နေပါ"ဟု မိန့်တော်မူပါသည်။ ထိုအညတရရဟန်းက "တစ်ခုတည်းသောတရားဆိုတာ ဘာပါလဲဘုရား"ဟု မေးလျှောက်ရာ မြတ်စွာဘုရားက "ချစ်သားရဲ့စိတ်ကို စောင့်ရှောက်ပါ၊ အခြားတစ်ပါးသောအကြောင်းကို မကြံစည်ပါနဲ့"ဟု သင်ကြားပေးတော်မူပါသည်။ ထိုရဟန်းသည် ဘုရားရှင်၏နှုတ်မှ ကရုဏာတော်ဖြင့် မိန့်တော်မူသည့် ဩဝါဒစကားကို ဦးထိပ်ပန်ဆင်လိုက်နာပြီး သူ၏စိတ်ကို စောင့်ရှောက်နိုင်ခဲ့သဖြင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သည်အထိ ကျေးဇူးများခဲ့ပါသည်။[၁]

ဟေတုပစ္စယောသည် ဝိပဿနာ၏အာရုံ

မဟာသတိပဋ္ဌာနသုတ်၌ "သဒေါသံ ဝါ စိတ္တံ 'သဒေါသံ စိတ္တ'န္တိ ပဇာနာတိ" (They understand mind with hate as 'mind with hate.')ဒေါသဖြစ်လျှင် ဒေါသဖြစ်သည်ဟု သိရမည်ဟု ဟောတော်မူပါသည်။

ထိုမှတစ်ဖန် ဟေတုပစ္စယော၏ ပစ္စယနိဒ္ဒေသ၌ "ဟေတူ ဟေတု သမ္မယုတ္တကာနံ-မမ္မာနံ"ဟု ဟောတော်မူပါသည်။ အဓိပ္ပာယ်မှာ ဟေတု (Hetu)နှင့် "သမ္မယုတ္တကာနံ

၁။ အညတရဘိက္ခုဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ (ပထမတွဲ၊ နှာ-၁၈၃)

ဓမ္မာနံ" (Associated dhamma - ယှဉ်တွဲဖြစ်ပေါ်ရာစေတသိက်)နှင့် "တံသမုဋ္ဌာနာနဉ္စ ရူပါနံ" (Mind produced matter - စိတ္တဇရုပ်)ကို ဟောတော်မူခြင်းဖြစ်သည်။

ထို့ကြောင့် မပေးနိုင်၊ မစွန့်နိုင်၊ မခွာနိုင်သည့် လောဘဖြစ်လာလျှင် ထိုလောဘစိတ်နှင့် အတူတကွဖြစ်သည့် နာမ်ခန္ဓာများ (Associated dhamma)နှင့် လောဘစိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်များ (Mind produced matter) ဖြစ်ပေါ်လာသည်။

မေတ္တာတရားခန်းခြောက်ပြီး ခွင့်မလွှတ်နိုင်သည့် ဒေါသဖြစ်လျှင်လည်း ထိုဒေါသစိတ်နှင့် အတူတကွဖြစ်သည့် နာမ်ခန္ဓာများ (Associated dhamma)နှင့် စိတ္တဇရုပ်များ (Mind produced matter) ဖြစ်လာသည်။

ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းမရှိသည့် မောဟဖြစ်လျှင်လည်း ထိုမောဟစိတ်နှင့် အတူတကွဖြစ်သည့် နာမ်ခန္ဓာများ (Associated dhamma)နှင့် စိတ္တဇရုပ်များ (Mind produced matter) ဖြစ်လာသည်။

ထိုနည်းအတူ ပေးကမ်း စွန့်ကြဲလှူဒါန်းသည့် အလောဘဖြစ်လျှင် ထိုအလောဘစိတ်နှင့် အတူတကွဖြစ်သည့် နာမ်ခန္ဓာများ (Associated dhamma) နှင့် စိတ္တဇရုပ်များ (Mind produced matter)ဖြစ်လာသည်။

ခွင့်လွှတ်နိုင်စွမ်းသည့် မေတ္တာပါသော အဒေါသဖြစ်လျှင် ထိုအဒေါသစိတ်နှင့် အတူတကွဖြစ်သည့် နာမ်ခန္ဓာများ (Associated dhamma)နှင့် စိတ္တဇရုပ်များ (Mind produced matter) ဖြစ်လာသည်။

သုံးသပ်ဆုံး ဖြတ်နိုင်စွမ်းသည့် အမောဟဉာဏ်ပညာဖြစ်လျှင် ထိုအမောဟစိတ်နှင့် အတူတကွဖြစ်သည့် နာမ်ခန္ဓာများ (Associated dhamma)နှင့် စိတ္တဇရုပ်များ (Mind produced matter) ဖြစ်လာသည်။

ဤဖြစ်စဉ်သည် လူဖြစ်စေ၊ အဟိတ်တိရစ္ဆာန်ဖြစ်စေ၊ လူပညာရှိဖြစ်စေ၊ လူဇာလဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ၊ ရှင်ရဟန်းဖြစ်စေ ထိုထိုသဘာဝတရားကမျက်နှာလိုက်၍ မပေါ်ဘဲနေမည်မဟုတ်ပေ။[၁]

ဒေါသကို ဝိပဿနာရှုကွက်ဖော်ခြင်း

ဤတွင် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီအနေဖြင့် ဝိပဿနာရှုကွက်ပေါ်လာရန် လိုအပ်ပါသည်။ စိတ်ဆိုးဒေါသထွက်နေသူ၏ ကိုယ်အမူအရာ၊ ခြေလက်အမူအရာ၊ မျက်နှာအမူအရာတို့လည်း ကြမ်းတမ်းနီမြန်းလာပြီး မျက်လုံးများ

၁။ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၂၃၁)

ပြုံးကျယ်လာပါသည်။ ထို့ပြင် နှုတ်မှထွက်သော အသံလည်း နူးညံ့သိမ်မွေ့ခြင်းမရှိတော့ဘဲ နားမချမ်းသာစဖွယ် ဖောက်ဖောက်ပြန်ပြန် ထွက်လာသည်။

ဒေါသဖြစ်လျှင် ဒေါသစိတ်ကြောင့် နှလုံး၏ခုန်နှုန်းလည်း မြင့်တက်လာတော့သည်။ ကျန်းမာနေသည့်လူ၏နှလုံးသည် သာမန်အားဖြင့် တစ်မိနစ်လျှင် ၇၀ ဝန်းကျင် ရှိနေရာမှ ဒေါသထွက်လာလျှင် ၁၀၀ ကျော်အထိလည်း ရှိလာနိုင်သည်။ ထို့ကြောင့် နှလုံးခုန်နှုန်း ရုတ်တရက် တိုးလာသောကြောင့် အရှိန်မြှင့်ပြီး တုန်ခါ၍နေသည့် ခန္ဓာကိုယ်၌ ထင်ရှားရာရာကို သိသိပေးနိုင်သည်။

တစ်နည်းအားဖြင့် ဒေါသဟေတုကြောင့် အသက်ရှူမြန်ဆန်နေသည်ကိုလည်း သိပေးနိုင်သည်။ ဒေါသဟေတုကြောင့် မာကြောခက်ထန်စွာ ထွက်ပေါ်လာသည့် စကားသံကိုလည်း သိပေးနိုင်သည်။ ဒေါသဟေတုကြောင့် တင်းကြပ်နေသည့် မျက်နှာကိုလည်း သိပေးနိုင်သည်။ ဒေါသဟေတုကြောင့် ခန္ဓာကိုယ် မောပန်းနွမ်းလျနေသည်ကိုလည်း သိပေးနိုင်ပါသည်။

သို့သော် အားထုတ်ခါစ၌ ဒေါသထွက်ပြီးနောက် အချိန်အတန်ကြာပြီးမှ သိတာမျိုးလည်း ရှိနိုင်သည်။ စိတ်မပျက်သင့်ပါ။ အလေ့အကျင့် အလွန့်အလွန် နည်းပါးနေသောကြောင့်ဖြစ်ပါသည်။ အလေ့အကျင့် အနည်းငယ်သာရှိသေးသောယောဂီသည် ဒေါသဖြစ်ပြီး စိတ်ရော ရုပ်ပါ ကြမ်းတမ်းလာပြီး နှုတ်မှ မဖွယ်မရာ၊ မသင့်ရာရာတို့ ထွက်ပြီးမှ သတိရပြီး ထိုထိုစိတ်ကို သိတာလည်း ဖြစ်နိုင်သည်။ စိတ်မပျက်သင့်ပါ။ အလေ့အကျင့် နည်းနေသောကြောင့် ဖြစ်ပါသည်။

ထို့ထက် အလေ့အကျင့်အားကောင်းလာသူမှာ စိတ်ထဲ ဒေါသဖြစ်လာသည်နှင့် တစ်ပြိုင်နက် ကြမ်းကြမ်းတမ်းတမ်း ဖြစ်ပေါ်လာသည့် စိတ္တဇရုပ် (Mind produced matter) တို့ကို ထင်ထင်ရှားရှား သိလာနိုင်ပါသည်။ ထို့ထက် သတိပဋ္ဌာန်တရား အလေ့အကျင့် အားကောင်းလာသူမှာမူ ဤအာရုံနှင့် ကြုံဆုံလာလျှင် ဒေါသဖြစ်တော့မည်ကို ကြို၍ သိနိုင်လာမည်ဖြစ်ပါသည်။

ဒေါသဖြစ်ရသည်ကို ရှုက်တတ်လာသည်

ဤသို့ သိလာနိုင်သည့်ယောဂီက အချိန်တိုကလေးအတွင်း အရှိန်အားမကြီးသည့် ဒေါသဖြစ်ရသည်ကိုပင် “ပင်ပန်းလိုက်တာ”ဟု ပြောကြသည်။ ထိုယောဂီတို့သည် ဒေါသ၏အပြစ်ကို အနည်းငယ်မျှဖြစ်စေ ရိပ်မိလာသူများ ဖြစ်ကြပါသည်။

ထို့ကြောင့် "ဒီစကားကို ဒေါသစိတ်နဲ့ ပြောလည်းရတယ်။ ဒေါသမဖြစ်တဲ့စိတ်နဲ့ ပြောလည်း ရနေသားပဲ"ဟု သတိပြုလာနိုင်ကြသည်။ ဒေါသကို အပြီးတိုင် မပယ်သတ်နိုင်သေးသော်လည်း ဒေါသကြောင့် ဦးစွာ မိမိကိုယ်တိုင်ထိခိုက်သည်။ ထို့နောက် သူတစ်ပါးကိုလည်း ထိခိုက်စေနိုင်ကြောင်းကို ယောဂီ၏ခန္ဓာနှင့်တိုက်ပြီး နားလည်နိုင်ပါသည်။

ဤသို့ နားလည်လာသူသည် ယခင်က ဒေါသဖြစ်ဖူးသော်လည်း ဒေါသ၏အပြစ်ကို မသိသောကြောင့် ထပ်ပြန်တလဲလဲ အကြိမ်ကြိမ်အခါခါ ဒေါသဖြစ်ခဲ့သည်။ ယခုအခါ၌ ဒေါသ၏အပြစ်ကို အနည်းငယ်မျှဖြစ်စေ ခန္ဓာနှင့်တိုက်ပြီး နားလည်လာသောအခါ "ဒေါသဖြစ်ရတာ ပင်ပန်းလိုက်တာ"ဟူ၍လည်းကောင်း၊ "ဒေါသအသံနဲ့ အော်လိုက်မိတာ ရှက်စရာကြီး'ဟူ၍လည်းကောင်း သိလာကြပါသည်။ ထိုယောဂီသည် ဒေါသကိလေသာ (၀ါ) ဒေါသဟေတု၏အကြောင်းကို ဉာဏ်နှင့် သိစပြုလာပြီဟု ဆိုနိုင်ပါသည်။

ဓမ္မသဘာဝသည် မျက်နှာမလှိုက်ပါ

လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်စေ ဓမ္မသဘာဝဟူသည် မျက်နှာလိုက်ရိုးမရှိပါ။ အကြောင်းမှာ လူတစ်ယောက်၏သန္တာန်၌ဖြစ်သော ဒေါသနှင့် တိရစ္ဆာန်တစ်ကောင်၏ သန္တာန်၌ဖြစ်သော ဒေါသ၏သဘောသဘာဝ (Characteristic) မှာ ထပ်တူဖြစ်သည်။

ပမာပြရသော် ဖြူဖွေးလှပသည့် တယ်ရီယာ ခွေးပုလေးတစ်ကောင်က အခြားခွေးတစ်ကောင်ကို ရန်လိုပြီး စိတ်ဆိုးလာသောအခါ၌ အစွယ်ထွက်လာသည်။ လည်ဆံမွေးထောင်လာသည်။ ဖောက်ဖောက်ပြန်ပြန် အသံကျယ်ကြီးဖြင့် ဟောင်လာသည်။ ခွေးပိုင်ရှင်၏ လက်ထဲမှ ကြိုးတင်းသည်အထိ ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်နေတော့သည်။ သူ၌ မူလရှိခဲ့သော ချစ်စဖွယ် သိမ်မွေ့သည့်အမူအရာအားလုံး ဒေါသစိတ်ကြောင့် ပျောက်ကွယ်သွားပါတော့သည်။

ထိုနည်းအတူ လှပသည့် မိန်းကလေးငယ်တစ်ဦး စိတ်ဆိုးလျှင်လည်း သူ၏နှုတ်ဖျားမှ ဖောက်ဖောက်ပြန်ပြန် နားမချမ်းသာစဖွယ်စကားသံနှင့် အော်ဟစ်ငိုယိုသံ၊ ဆဲဆိုသံတို့ကို ကြားရမည်။ သူဒေါသထွက်နေချိန်၌ မူလရှိခဲ့သော ချစ်စဖွယ်သိမ်မွေ့သည့် အမူအရာအားလုံး ပျောက်ကွယ်သွားပါတော့သည်။

ထို့ကြောင့် ဘုရားရှင်သည် ပဋ္ဌာန်းပါဠိတော်တွင် “လောဘံ ပဋိစ္စ မောဟော၊ မောဟံ ပဋိစ္စ လောဘော၊ ဒေါသံ ပဋိစ္စ မောဟော၊ မောဟံ ပဋိစ္စ ဒေါသော”ဟူ၍ လည်းကောင်း၊ “အလောဘံ ပဋိစ္စ အဒေါသော အမောဟော၊ အဒေါသံ ပဋိစ္စ အလောဘော အမောဟော၊ အမောဟံ ပဋိစ္စ အလောဘော အဒေါသော”ဟူ၍လည်း ကောင်း ဟောကြားတော်မူခြင်းဖြစ်သည်။[၁]

လောဘကို အကြောင်းပြု၍ မောဟဖြစ်၏။ မောဟကိုအကြောင်းပြု၍ လောဘ ဖြစ်၏။ ဒေါသကိုအကြောင်းပြု၍ မောဟဖြစ်၏။ မောဟကိုအကြောင်းပြု၍ ဒေါသ ဖြစ်၏ဟူ၍ ဟောတော်မူသည်။ ဤတွင် ခွေးပုကလေးသည်လည်းကောင်း၊ မိန်းမလှ ကလေးသည်လည်းကောင်း ဒေါသကို အကြောင်းပြု၍လည်း မောဟဖြစ်ခွင့်ရှိသကဲ့သို့၊ မောဟကိုအကြောင်းပြု၍လည်း ဒေါသဖြစ်ခွင့်ရှိသည်။

ခွေးပုကလေးသည် အဟိတ်တိရစ္ဆာန်ဖြစ်သောကြောင့် သူ၏သန္တာန်၌ဖြစ်နေသော ဒေါသစိတ်ကို ပိုင်းပိုင်းခြားခြား မသိနိုင်ရှာပေ။ မိန်းမလှကလေးသည် အဟိတ်မဟုတ် သော်လည်း ဝိပဿနာတရားကို ရှုမှတ်ပွားများမှုမရှိလျှင် ဒေါသစိတ်ဖြစ်သည်ကို ဒေါသ စိတ်ဖြစ်မှန်း သိနိုင်ရှာမည်မဟုတ်ပေ။ ထိုနည်းအတူ မောဟစိတ်ဖြစ်သည်ကိုလည်း မောဟစိတ်ဖြစ်မှန်း သိနိုင်ရှာမည်မဟုတ်ပေ။

ဆက်လက်ပြီး “သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ”ဟူ၍ပဋ္ဌာန်းပဥ္စာဝါရ၌ လာရှိပါသည်။

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာ သေက္ခာ ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဝိပဿနာအားထုတ်ကြသည့် ပုထုဇဉ်ယောဂီပုဂ္ဂိုလ်သည် လည်းကောင်း အကုသိုလ်ကို (အနိစ္စ-မမြဲ၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-အစိုးမရ)ဟု ဝိပဿနာ ရှုကြကုန်၏။[၂]

အထက်ဥပမာ၌လာရှိသည့် ခွေးပုကလေးသည် အဟိတ်တိရစ္ဆာန်မျိုး၌ ဖြစ်နေ သဖြင့် အကုသိုလ်ကို (အနိစ္စ-မမြဲ၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-အစိုးမရ)ဟု ဝိပဿနာရှုရန် အသို့နားလည်မည်နည်း။ ထို့ကြောင့် ကိလေသာ၏ ကျေးကျွန်ဖြစ်နေသော ခွေးပုကလေး သည် ဒေါသ၏ကျေးကျွန်၊ မောဟ၏ကျေးကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် မျှော်လင့်ချက် မရှိတော့ပေ။’

သို့သော် မိန်းမလှကလေးအတွက်မှာမူ သာသနာတွင်းကာလ၌ လူပဋိသန္ဓေ ဖြစ်သဖြင့် အကုသိုလ်ကို (အနိစ္စ-မမြဲ၊ ဒုက္ခ-ဆင်းရဲ၊ အနတ္တ-အစိုးမရ)ဟု ဝိပဿနာတရား

၁။ ပဋိစ္စဝါရ၊ ဟေတုဂေါစ္ဆက၊ ဒုကပဋ္ဌာနပါဠိ၊ ပဋ္ဌာနပါဠိ။ (တတိယတွဲ၊ နှာ-၁)

၂။ ပဥ္စာဝါရ၊ ကုသလတ္တိက၊ တိကပဋ္ဌာန၊ ပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၃၄)

အားထုတ်ရန် အခွင့်အရေးရှိနေသည်။ သူသည် ဝိပဿနာတရား ရှုပွားနိုင်လျှင် ကိလေသာလက်မှ လွတ်မြောက်နိုင်သည့်အထိ ကျေးဇူးများပေမည်။ အကယ်၍ ဝိပဿနာတရားအားထုတ်ရန် ပျက်ကွက်ခဲ့လျှင်မူ ဤသာသနာသည် ထိုမိန်းမလှကလေး အတွက် မသက်ဆိုင်တော့ပါ။

ဓာတ်ခံနှင့်အာရုံ

တူညီသည့်အာရုံတစ်ခုကို လောဘ၊ ဒေါသ၊ မောဟ ဓာတ်ခံအားကောင်းသူတို့၏ အမြင်နှင့် အလောဘ၊ အဒေါသ၊ အမောဟ ဓာတ်ခံအားကောင်းသူတို့၏အမြင်၌ မိုးနှင့် မြေမက ကွာခြားတတ်ပါသည်။

တစ်နည်းအားဖြင့် လူချင်းတူတူ လောဘအားကောင်းနေသည့်အခိုက်၌ လောဘ သခင်၏အလိုကျ လောဘ၏အခိုင်းအစေ ကျေးကျွန်ပမာ မျက်ကန်းကြီးသဖွယ် ရယူသိမ်းပိုက် မင်းမူပေတော့မည်။ လူချင်းတူတူ ထိုလူသည်ပင် ဒေါသအားကောင်းနေသည့် အခိုက်၌မူ သခင်ဒေါသ၏အလိုကျ ဒေါသ၏အခိုင်းအစေ ကျေးကျွန်ပမာ ကြမ်းတမ်း မိုက်ရိုင်းပေတော့မည်။

သို့ဖြစ်ပါ၍ ဘဝတစ်ခုကို သုံးသပ်ရာတွင် ရုပ်တရားကိုဖယ်ပြီး စဉ်းစားပါက ဘဝင်စိတ်အစဉ်နှင့် ဝီထိစိတ်အစဉ်သာ ရှိသည်။ ငြိမ်သက်နေပါက 'ဘဝင်'စိတ်အစဉ် ဖြစ်နေပြီး လှုပ်ရှားပါက'ဝီထိ'စိတ်အစဉ် ဖြစ်ပါသည်။ ဤသဘာဝတရားသည် ဗြဟ္မာ၊ နတ်၊ လူ၊ ခွေး၊ ကြောင်၊ ပြိတ္တာ၊ ငရဲသား ဟူ၍ မခွဲခြားဘဲ တစ်သမတ်တည်း ဖြစ်နေပါသည်။ သို့သော် သာမန်ပုဂ္ဂိုလ်အနေဖြင့် သတိပြုမိကြမည် မဟုတ်ပါ။

ထို့ကြောင့် ဒေါသစိတ်ကိုလည်းကောင်း၊ ဒေါသစိတ်၏ ဝီထိအစဉ်ကိုလည်းကောင်း မသိနိုင်သောကြောင့် "ငါစိတ်ဆိုးနေတယ်နော်"၊ "မနေ့ကတည်းက ငါစိတ်ဆိုးနေတာ" ဟူ၍ ပြောကြခြင်းဖြစ်သည်။ အမှန်စင်စစ်မှာမူ ရှေ့ရှေ့စိတ်ကို နောက်နောက်စိတ်က ပြန်ပြန်တွေးပြီး ဒေါသစိတ်ကို တစ်ဆက်တည်းဟု ထင်နေကြသည်။ တစ်ဖန် 'ငါ'နှင့် 'ဒေါသ'ကိုလည်း တွဲ၍ 'ငါ့ဒေါသ'ဟု ထင်နေပြန်သည်။

ဒေါသဖြစ်စရာ အာရုံဆုံသခိုက်၌ ဒေါသက စိတ်အိမ်ကို လွှမ်းမိုးခြယ်လှယ်နိုင်ပြီး လောဘဖြစ်စရာ အာရုံဆုံသခိုက်၌လည်း လောဘက စိတ်အိမ်ကို လွှမ်းမိုး ခြယ်လှယ်နေမည်ဖြစ်ပါသည်။ သို့သော် ထိုသူ၏သန္တာန်၌ လောဘလည်း အချိန်ပြည့် လွှမ်းမိုးခြယ်လှယ်နေမည် မဟုတ်သကဲ့သို့ ဒေါသကလည်း အချိန်ပြည့် လွှမ်းမိုးခြယ်လှယ် မင်းမူနေမည်မဟုတ်ပါ။

ပေါ်ပြီးပျောက်နေသည့် သဘာဝတရား

ဝိပဿနာတရားကို နည်းမှန်လမ်းမှန် စနစ်တကျ အားထုတ်နေသည့် ယောဂီက လောဘကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်လာသည်ကို သိနိုင်သည်။ ဒေါသကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်လာသည်ကိုလည်း သိနိုင်သည်။ မောဟကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်လာသည်ကိုလည်း သိနိုင်သည်။

ထိုနည်းအတူ အလောဘကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်လာသည်ကိုလည်း သိနိုင်သည်။ အဒေါသကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်လာသည်ကို သိနိုင်သည်။ အမောဟကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်လာသည်ကို သိနိုင်ပါသည်။

ထိုထိုဟိတ် (၆)ပါးတို့ကြောင့် ရုပ်နာမ်ဓမ္မတို့ ဖြစ်ပေါ်လာကြောင်းကို သိလာသူသည် ဒေါသကို 'ဝ့ဒေါသ'၊ လောဘကို 'ဝ့လောဘ'၊ မောဟကို 'ဝ့မောဟ'ဟု လုပ်မည်မဟုတ်တော့ပေ။ အကြောင်းဆုံ၍ ဖြစ်လာပြီးနောက် တဒင်္ဂ၊ တစ်ခဏမျှ တည်တံ့မနေဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည့် သဘာဝတရားကို တစ်နေ့နေ့ တစ်ချိန်ချိန် သေသေချာချာ သိလာပေတော့မည်။

ဥပမာအားဖြင့် ပတ္တမြား၊ နီလာထွက်သည့်တောင်ပေါ်၌ လမ်းလျှောက်နေသူသည် တစ်နေ့နေ့၌ မိမိခြေထောက်အောက်မှ ရတနာကို မြင်နိုင်သကဲ့သို့တည်း။ သို့သော် ထိုတောင်ပေါ်၌ ကျက်စားနေသည့် သား သမင်၊ ချေ၊ စိုင်၊ ဆတ်တို့ကမူ ထိုပတ္တမြား၊ နီလာတို့ကို သူတို့၏ ပြူးကြောင်ကြောင်မျက်စိအောက် အထင်းသား မြင်နေရသော်လည်း မြေစာမြက်လောက် တန်ဖိုးထားမည်မဟုတ်ပါ။

ထိုနည်းအတူ ကုသလဟေတုဟူသော အလောဘ၊ အဒေါသ၊ အမောဟနှင့် အကုသလဟေတုဟူသော လောဘ၊ ဒေါသ၊ မောဟ ဟိတ် (၆)ပါးတရားတို့ကို စိတ္တာနုပဿနာတရား၏ အရှုခံအာရုံအဖြစ် ရှုပွားနေသောယောဂီသည် တစ်နေ့နေ့၊ တစ်ချိန်ချိန်၌ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ သဘောအမှန်ကို စာသိ၊ ကြံသိ၊ ဆင်ခြင်သိ အဆင့်မှသည် ထွင်းဖောက်၍ သိလာနိုင်မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ပဋ္ဌာန်းတရားတော်သည် ပညတ်မပါဘဲ ပရမတ္ထဓမ္မသက်သက်ဖြစ်သော ရုပ်နာမ်ကိုသာ ဟောတော်မူသော ဝိပဿနာတရားစစ်စစ်ကြီးဖြစ်သောကြောင့်ပေတည်း။

ပဋ္ဌာန်းဝိပဿနာတရား

ဤသို့ နားလည်လာသောယောဂီသည် အာရုံ၏ အရသာကို ခံစားသူဟူ၍လည်း မရှိ၊ ဝေဒနာသာရှိသည်။ အာရုံကို မှတ်သားသူဟူ၍လည်းမရှိ။ သညာသာရှိသည်။ သညာကသာ မှတ်သားသည်။ ဓာတ်လေးပါး ပေါင်းဆုံမိခြင်းကြောင့် မြင်မှုကိစ္စ ဖြစ်ခြင်းပါတကား။ 'သူ'ဟူ၍လည်းကောင်း၊ 'ငါ'ဟူ၍လည်းကောင်း ပြစရာမရှိ၊ ဆိုစရာ မရှိ၊ စွဲလမ်းစရာမရှိ၊ အကြောင်းအလျောက် အကျိုးအနေနှင့် ဖြစ်ပေါ်လာကြသော ပရမတ္ထရုပ်နာမ် အစုအပေါင်းတို့သာ ရှိပါတကားဟု တစ်နေ့နေ့ သိရှိနိုင်မည်ဖြစ်သည်။

ပဋ္ဌာန်းနည်းဖြင့် ဆင်ခြင်ပုံမှာ -

(၁) စက္ခုပသာဒဝတ္ထုရုပ်သည် စက္ခုဝိညာဏ်ကို နိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(၂) ရူပါရုံသည် စက္ခုဝိညာဏ်ကို အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(၃) အာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ်စိတ်ကို အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်။

(၄) အလင်းရောင်သည် စက္ခုဝိညာဏ်ကို ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(၅) အာရုံကို ခံစားသောဝေဒနာ၊ အာရုံကို မှတ်သားသောသညာ စသော စေတသိက်တို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြသည်။

ယင်းသို့လျှင် ထုတ်ဆောင်ပြခဲ့သော ပစ္စည်းတရားတို့ ဖြစ်ပေါ်ပေါင်းဆုံမိသည် ရှိသော် မြင်ခြင်းကိစ္စဖြစ်လာသည်။ မြင်ခြင်းကိစ္စဖြစ်ရာ၌ အဘယ်သူမြင်သည်၊ ငါမြင်သည်၊ သူမြင်သည်၊ မိန်းမမြင်သည်၊ ယောကျ်ားမြင်သည်ဟု အတ္တပညတ်ကို အဘယ်မှာလျှင် ပြနိုင်အံ့နည်း။ အတ္တဟူ၍ ရှာမရ။ ရှိလည်းမရှိ။ ရုပ်နာမ် ပရမတ္ထတရားတို့သာလျှင် အကြောင်းအလျောက် ပေါင်းဆုံမိကြသဖြင့် မြင်ခြင်းကိစ္စ ဖြစ်ပေါ်လာပါတကား။ ဖြစ်ပေါ်ကြပြီးနောက်၌လည်း တည်တံ့ခိုင်မြဲနေသည်မဟုတ်။ အသီးအသီး တစ်မုဟုတ်ချင်း ချုပ်ပျောက်ကြကုန်သော ရုပ်နာမ်ပရမတ္ထတို့သာပါတကား ဟူ၍လည်း ဆင်ခြင် ပွားများကြရသည်။[၁]

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် (နှာ-၁၁၈)

ကိလေသာသည် ဉာဏ်မျက်စိကွယ်သူကိုသာ အနှိုင်ယူသည်

လောဘ၊ ဒေါသ၊ မောဟ ကိလေသာသည် သူ့ကို မသိနိုင်၊ မမြင်နိုင်သူ (၀၊) ဉာဏ်မျက်စိကွယ်နေသူကိုသာ ကျေးကျွန်ပမာ နှိပ်စက်နိုင်စွမ်းရှိသည်။ ဉာဏ်မျက်စိပွင့်ထွန်းလာသူက ကိလေသာကို သိနိုင်စွမ်း၊ မြင်နိုင်စွမ်းရှိလာသောကြောင့် ရှုမှတ်မှုရှိနေသည့်တဒင်္ဂတိုင်း ကိလေသာ၏လက်ခုပ်ထဲမှ လွတ်မြောက်နေပါသည်။

သတိပဋ္ဌာန်တရားတော်၏ သတ္တိကြောင့် တဒင်္ဂပဟာန်ဖြင့် ကိလေသာမှ လွတ်မြောက်နိုင်စွမ်းလျှင် သံသရာမှ အပြီးတိုင်လွတ်မြောက်နိုင်ရန်လည်း အခြားရှုဖွယ်လမ်းဟူ၍ မရှိပါ။ သတိပဋ္ဌာန်တရားသည်သာ သံသရာလွတ်ကြောင်း တစ်ကြောင်းတည်းသောလမ်းဖြစ်ကြောင်းကို အရိယာဘဝအလှ ပြည့်ဝသွားသည့် ခုဇ္ဈတ္တရာကျွန်မ၏ ဝတ္ထုကို ဖော်ပြပါမည်။

ခုဇ္ဈတ္တရာကျွန်မ၏ အရိယာဘဝအလှ

ကောသမ္ဗီပြည့်ရှင် ဥတေနမင်းကြီးသည် သာမာဝတီမိဖုရားကြီးအား နေ့စဉ်ပန်းဖိုးအဖြစ် အသပြာငွေရှစ်ကျပ်ကို ချီးမြှောက်တော်မူလေ့ရှိသည်။ မိဖုရားကြီး၏ထံပါးခံ့ခုဇ္ဈတ္တရာအမည်ရှိသော ခါးကုန်းကျွန်မတစ်ယောက်ရှိသည်။ သူမသည် နေ့စဉ် မိဖုရားအား ပန်းတော်ဆက်သနိုင်ရန် သုမနပန်းသည်ထံသို့ သွားပြီး ပန်းဝယ်ရပါသည်။

ခုဇ္ဈတ္တရာကျွန်မသည် ဘုရင်မင်းကြီးထံပါးမှရသည့် အသပြာငွေရှစ်ကျပ်ထဲမှ ထက်ဝက်ဖြစ်သော အသပြာလေးကျပ်ကို မိမိကိုယ်ကျိုးအတွက် နေ့စဉ် ခိုးဝှက်လေ့ရှိသည်။ ထို့ကြောင့် သူသည် အသပြာငွေလေးကျပ်မျှဖြင့် ပန်းများကို ဝယ်လာပြီး မိဖုရားကြီးထံပါး ဆက်သလေ့ရှိသည်မှာ အချိန်ကာလ အတန်ကြာညောင်းနေပြီဖြစ်သည်။

တစ်နေ့၌မူ သုမနပန်းသည်၏အိမ်၌ ဘုရားအမျှူးပြုသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်ရန် စီစဉ်နေကြပါသည်။ သုမနသည် ယနေ့ သူ့လက်ဝယ်၌ ရှိသည့်ပန်းတို့ဖြင့် မြတ်စွာဘုရားရှင်အား ဦးဦးဖျားဖျား ပူဇော်ပေဦးမည်။ ထို့ကြောင့် ပန်းဝယ်ရန် ရောက်လာသည့် ခုဇ္ဈတ္တရာအား ဆွမ်းဆက်ကပ်ပြီးသည့်အထိ ခေတ္တစောင့်ဆိုင်းပေးရန်နှင့် မိမိတို့နှင့် အတူတကွ ဆွမ်းဆက်ကပ်ပြီး တရားနာကြားရန် ဖိတ်ကြားသည်။ ထူးခြားနေသည်မှာ ယနေ့နံနက် ခုဇ္ဈတ္တရာ၏ဘဝ တစ်ဆစ်ချိုးပြောင်းတော့မည်ကို ဘုရားရှင်မှအပ သုမနပန်းသည်အပါအဝင် လောကသုံးပါး၌ မည်သူတစ်ဦးတစ်ယောက်မှ မသိကြသေးပါ။

သုမနပန်းသည်သည် ဘုရားအမျူးရှိသော ရဟန်းသံဃာတော်တို့အား ဆွမ်း ဆက်ကပ် လှူဒါန်းပါသည်။ ဆွမ်းဘုဉ်းပြီးသောအခါ၌ မြတ်စွာဘုရားရှင်သည် အနုမောဒနာတရား ဟောကြားတော်မူသည်။ ခုဇ္ဈတ္တရာကျွန်မသည် မြတ်စွာဘုရားရှင် ထံတော်ပါးမှ တရားစကားတို့ကို ကြားနာနေစဉ်၌ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ခုဇ္ဈတ္တရာသည် သောတာပတ္တိဖိုလ်၌ တည်သောထိုခဏမှစ၍ ငါးပါးသီလ ခါးဝတ် ပုဆိုးကဲ့သို့ ခိုင်မြဲသွားပါတော့သည်။ ထို့ကြောင့် သူသည် ခိုးခြင်းဟူသော အကုသိုလ် ဒုစရိုက်ကို မလွန်ကျူးဝံ့တော့ပေ။ သီလလုံသွားသောခုဇ္ဈတ္တရာသည် ထိုနေ့နံနက်၌ အသပြာရှစ်ကျပ်အပြည့် ပန်းဝယ်ယူပြီး သာမာဝတီမိဖုရားကြီးထံပါး ဆက်သရန် ပန်းစည်း ထမ်းရွက်သွားသည်။

ခုဇ္ဈတ္တရာ၏လက်၌ များပြားလှသည့်ပန်းတို့ကို တွေ့ရသဖြင့် သာမာဝတီ မိဖုရား ကြီးက တအံ့တသြ ဖြစ်နေသည်။ ဘုရင်မင်းကြီးက ပန်းဖိုးနှစ်ဆပေးလေသလား ဟူ၍ လည်း တွေးမိနေသောကြောင့် ခုဇ္ဈတ္တရာအားမေးရာ “မပေးပါသခင်မ”ဟု ပြန်လည် ဖြေကြားပါသည်။ ဆက်လက်ပြီး “ဒါဆိုရင် ပန်းတွေအများကြီး ဘယ်လိုရလာတာလဲ”ဟု မိဖုရားကြီးက ထပ်ဆင့်၍မေးပါသည်။ ထိုအခါ “အရင့်အရင်နေ့တွေမှာ ပန်းဖိုး အသပြာ ရှစ်ကျပ်ထဲက ထက်ဝက်ကို ကျွန်တော်မျိုးမရဲ့ ကိုယ်ကျိုးအတွက် ခိုးယူသုံးစွဲခဲ့မိပါတယ် သခင်မ”ဟု မကြောက်မရွံ့ အမှန်အတိုင်း ဝန်ခံလျှောက်ကြားသည်။ ဤသို့ အပြစ်ကို ဝန်ခံဝံ့သည်မှာ သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ရည်များစွာထဲက တစ်ပါးဖြစ်ပါသည်။

ထို့နောက် သာမာဝတီမိဖုရားက “ဒီကနေ့ကျတော့ ဘယ်လိုအကြောင်းကြောင့် ပန်းဖိုးမခိုးတော့တာလဲ”ဟု မေးမြန်းသည်ကို ကျွန်မခုဇ္ဈတ္တရာက “ဒီကနေ့ သုမန ပန်းသည်ရဲ့အိမ်မှာ မြတ်စွာဘုရားထံတော်ပါးက တရားနာကြားခွင့်ရခဲ့လို့ မခိုးတော့ တာပါ သခင်မ”ဟု အမှန်အတိုင်း ရဲဝံ့စွာဖြင့် လျှောက်ကြားသည်။[၁] အကယ်၍ ဘုရင့် ဘဏ္ဍာခိုးယူမှုဖြင့် ကြီးလေးသောပြစ်ဒဏ် တစ်ခုခုကျလာမည်ဆိုလျှင်လည်း သူကျခံရန် အသင့်ရှိနေသည်ကို တွေ့ရပါသည်။

အကုသလဟေတု ကြီးစိုးလွှမ်းမိုးကာ ကိလေသာ၏ကျေးကျွန်ဘဝမှ တစ်စိတ် တစ်ပိုင်း လွတ်မြောက်လာသည့် သောတာပန်ပုဂ္ဂိုလ် ခုဇ္ဈတ္တရာ၏အရိယာဂုဏ်ရည်သည် ကြီးကျယ် မြင့်မြတ်လှပါပေသည်။

၁။ သာမာဝတီဝတ္ထု၊ အပဒါန၀ဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၁၀၃)

ပုထုဇဉ်ဘဝ၌ နေ့စဉ်ရက်ဆက် သီလချိုးဖောက်ပြီး မရှက်မကြောက် ခိုးခဲ့ပါသော်လည်း အရိယာဖြစ်ပြီးနောက်၌မူ ငါးပါးသီလ ခိုင်မြဲသွားပါတော့သည်။ အရိယာသီလမည်သည် ဘဝခြားသွားသည့်တိုင် ပျက်ရိုးထုံးစံမရှိပါ။

ထို့ကြောင့် ဝိပဿနာတရား အားထုတ်နေကြသည့် ယောဂီများအနေဖြင့် "ငါ့တပည့်ကြီး သောတာပန်ဖြစ်သွားပြီ၊ ဘယ်သူမှမပြောနဲ့နော်"ဟူသော ဆရာ၏ပြောစကားမျှဖြင့် ရောင့်ရဲမနေဘဲ ငါးပါးသီလတည်းဟူသော အရိယာပေတံဖြင့် မိမိကိုယ်ကျင့်သီလကို မိမိကိုယ်တိုင် ရိုးသားစွာ တိုင်းတာစစ်ဆေးရန် သင့်လှပေတော့သည်။

ဟေတုပစ္စယောဆုတောင်း

"ရေသောက်မြစ်သည် သစ်ပင်ကြီးကို စည်ပင်ဖွံ့ဖြိုးစေရန် ထောက်ပံ့ပေးနိုင်သကဲ့သို့
လူသားအများ၏ သန္တာန်၌လည်း ကောင်းမွန်သော
အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်ဟိတ်တရားတို့ ရှင်သန်ပြီး
လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်ဟိတ်တရားတို့
ကုန်ရာ၊ ကင်းရာ ချုပ်ငြိမ်းရာ နိဗ္ဗာန်ထိတိုင်အောင် ကျေးဇူးပြုနိုင်ပါစေ"

ဟေတုပစ္စယော သိမှတ်ဖွယ်

ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံမှာ

ဟေတုပစ္စည်းသည် နာမ်တရားက နာမ်တရားနှင့် ရုပ်တရား (Mind to Mind and Matter) တို့အား ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

ဟေတုပစ္စယော (ကု၊ ကု + ဗျာ) ဝိထိ

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ)
ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု-ပစ္စယေန ပစ္စယော။[၁]

အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်ဟိတ် တစ်ပါးပါးသည် အတူယှဉ်၍ဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။[၂]

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၈ (စိတ္တဇရုပ်)

အလောဘ၊ အဒေါသ၊ အမောဟ (ကုသိုလ်)

ပုံပါ စက္ခုဒ္ဒါရဝီထိအစဉ်၏ အဓိပ္ပာယ်ရှင်းလင်းချက်

(၁) စက္ခုဒ္ဒါရဝီထိ၊ သောတဒ္ဒါရဝီထိ၊ ဃာနဒ္ဒါရဝီထိ၊ ဇိဝှာဒ္ဒါရဝီထိ၊ ကာယဒ္ဒါရဝီထိ၊ မနောဒ္ဒါရဝီထိ စသည်တို့ ရှိသည့်အနက် စက္ခုဒ္ဒါရဝီထိကို ဥပမာပြပါသည်။

(၂) 'ကုသလာ ဟေတူ၊ အကုသလာ ဟေတူ' တို့ ရှိသည့်အနက် ကုသလာ ဟေတူ ကိုသာ ဥပမာပြပါသည်။

(၃) ကုသလာ ဟေတူ = အလောဘ၊ အဒေါသ၊ အမောဟ။

(၄) ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ = သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်နှင့် စေတသိက် (၃၈)ပါး။

(၅) တံသမုဋ္ဌာနာနဉ္စ ရူပါနံ = စိတ္တဇရုပ်။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၃၂)
၂။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဉ္စာဝါရ (အပိုင်း-၁၊ နှာ-၃)

(၆) ဟေတုပစ္စယေန ပစ္စယော = ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) ဝိထိအစဉ်ကို ရေးဆွဲထားသည့် (Pulse) ခုံးပုံ၏အစကို 'ဥပါဒ်-ဖြစ်'ဟူ၍လည်း ကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍ လည်းကောင်း ကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်[၂]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - သဟိတ်စိတ် ၇၁၊ မောဟမူဒွေးခြေ့ မောဟကြဉ်သော စေတသိက်များ၊ သဟိတ်စိတ္တဇရုပ်နှင့် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပါသည်။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပို့စဉ်တို့ကို မှီငြမ်းသည်။

၂။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းပုဏ္ဏာဝါရဆိုင်ရာစာတမ်းမှ ဝိထိစဉ် (Pulse) ခုံးပုံကို မှီငြမ်းသည်။

၂။ အာရမ္မဏပစ္စယော
အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Arammana Paccaya (Object Condition)

ပစ္စယနိဒ္ဒေသ

အာရမ္မဏပစ္စယောတိ - ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ-ပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

Object Condition (Arammana paccaya)

Visible object-base is related to eye-consciousness-element and its associated phenomena by object condition.

Sound-base is related to ear-consciousness-element and its associated phenomena by object condition.

Smell-base is related to nose-consciousness-element and its associated phenomena by object condition.

Taste-base is related to tongue-consciousness-element and its associated phenomena by object condition.

Tangible object-base is related to body-consciousness-element and its associated phenomena by object condition.

Visible object, sound, smell, taste and tangible object are related to mind-element and its associated phenomena by object condition.

All objects [of the six senses] (dhamma) are related to mind-consciousness-element and its associated phenomena by object condition.

Grasping any phenomenon [as object], these phenomena arise: consciousness and mental factors. The former phenomenon is related to the latter phenomena by object condition.

အာရမ္မဏပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

"တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင်ထစေသို့"ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူခဲ့ကြသည်နှင့်အညီ တောင်ဝှေးကြိုးတန်းသည် မသန်မစွမ်းသူတို့အား သွားလာရန် အမှီဖြစ်၍ ကျေးဇူးပြုသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေးအကြံဟူသော ရုပ် နာမ် အာရုံ (၆)ပါးတို့သည်လည်း ၎င်းတို့ကိုမှီ၍ စိတ်၊ စေတသိက်၊ နာမ်တရားများ ဖြစ်ပေါ်အောင်၊ တည်တံ့အောင် ကျေးဇူးပြုကြသည်။[၁]

ဥပမာ - ကြည့်စရာ၊ မြင်စရာ အရောင်အဆင်းမရှိပါက မြင်ပြီးမှ သိရသည့် မြင်သိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် မြင်သိစိတ် ဖြစ်ပေါ်နိုင်ရန် (၀၊) မြင်သိစိတ် ထူနိုင်၊ ထနိုင်ရန် ဖြူ၊ နီ၊ ဝါ၊ ပြာ အဆင်းအာရုံ အမျိုးမျိုးကို စွဲကိုင်ရပါသည်။

Arammana Paccaya

'Arammana' has two meanings. The first meaning is a place where people take delight, you delight in the place, like an amusement park or a garden or something like that. It is called 'Arammana'. As an amusement park has delightful power, the six objects also have delightful force, so our minds are always delighting in the great object-garden. That is one meaning of the word Arammana'.

The second meaning come from the Pali word 'Alambana'. The second meaning is something to hold on to. It is compared to a staff. If you are infirm, you must depend on the stick or the staff to get up or to stand. In the same way, these objects serve as a stick or a staff for the consciousness and mental factors. Mind and mental factors can arise only when there is an object. When there is no object, consciousness and mental factors cannot arise.

It is also compared to a line of rope. To lead some blind person, you may put out a rope he can hold onto. In the same way, our mind and mental factors are holding onto the object-line of rope. We cannot renounce object-line of rope. If we can renounce sense object-line of rope, we will have to feel the real happiness and peace.[၂၃]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

၂။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၃။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

‘မြင်တာ’က ပရမတ်၊ ‘ငါ’က ပညတ်

စိတ်သည် အာရုံနှင့်ကင်း၍ တဒင်္ဂတစ်ခဏမျှ နေရိုးမရှိသည်မှာ ဓမ္မသဘာဝ ဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ်၌ပင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုပါသည်။

သစ်ပင်ပန်းမန်တို့ဖြင့် ဖူးပွင့်ဝေဆာပြီး လှပနေသောဥယျာဉ်သည် လူ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်းရှိသကဲ့သို့ အဆင်း ရူပါရုံ၊ အသံ သဒ္ဒါရုံ၊ အနံ့ ဂန္ဓာရုံ၊ အရသာ ရသာရုံနှင့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ စသည့် အာရုံတို့သည်လည်း စိတ် စေတသိက်တို့၏ မွေ့လျော်ဖွယ်ရာဖြစ်ကြသည်။ စိတ်၊ စေတသိက်တို့က မခွဲနိုင် မခွာရက်လောက်အောင် မွေ့လျော်ဖွယ်ကိုဆောင်သော သတ္တိထူးသည် အာရမ္မဏ၏သတ္တိဖြစ်သည်။

သို့သော် ထိုထိုအာရုံတို့ကို မြင်ရာတွင် ‘ငါမြင်တယ်’ဟု ပြောကြသည်။ ဤတွင် ‘ငါ’က ပညတ်တရား (Concept) မျှသာဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်မရှိပါ။ ‘မြင်တာကိုသိ’သည့်စိတ်က ပရမတ်အရှိတရား (Ultimate reality) ဖြစ်သည်။ အမှန်တကယ်ရှိပါသည်။

ထိုနည်းတူ ‘ငါကြားတယ်’ဟု ပြောရာတွင်လည်း ‘ငါ’က ပညတ်တရား (Concept) မျှသာဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်မရှိပါ။ “ကြားတာကိုသိ’သည့်စိတ်က ပရမတ်အရှိတရား (Ultimate reality) ဖြစ်သည်။ အမှန်တကယ်ရှိပါသည်။

ထိုနည်းတူ ‘ငါအနံ့ရတယ်’ဟု ပြောရာတွင်လည်း ‘ငါ’က ပညတ်တရား (Concept) မျှသာဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်မရှိပါ။ ‘နံတာကိုသိ’သည့်စိတ်က ပရမတ်အရှိတရား (Ultimate reality) ဖြစ်သည်။ အမှန်တကယ်ရှိပါသည်။

ဆက်လက်ပြီး ‘ငါအရသာသိတယ်’ဟု ပြောရာတွင်လည်း ‘ငါ’က ပညတ်တရား Concept မျှသာဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်မရှိပါ။ ‘အရသာကိုသိ’သည့်စိတ်က ပရမတ်အရှိတရား (Ultimate reality) ဖြစ်သည်။ အမှန်တကယ်ရှိပါသည်။

ထို့နောက် ‘ငါထိတာသိတယ်’ဟု ပြောရာတွင်လည်း ‘ငါ’ကပညတ်တရား (Concept) မျှသာဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်မရှိပါ။ ‘ထိတာကိုသိ’သည့်စိတ်က ပရမတ်အရှိတရား (Ultimate reality) ဖြစ်သည်။ အမှန်တကယ်ရှိပါသည်။

‘ဝိပဿတိ’နှင့် ‘အဿာဒေတိ’

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံဟူသော အာရုံခြောက်ပါးတို့ကို ရှေးဆရာမြတ်များက စားကျက်ဖြင့်လည်း ဥပမာပြုတော်မူကြပါသည်။ နွားစားကျက်၊ ကျွဲစားကျက်ဟူသောအာရုံသည် ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်ပါ။ နာမ်တရားဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်အုပ်စုနှစ်ခုကသာ ကုသိုလ်၊ အကုသိုလ် ဖြစ်ကြပါသည်။

ထို့ကြောင့် အလောဘ၊ အဒေါသ၊ အမောဟဟူသော ဉာဏ်ဦးစီးသည့် ကုသိုလ်နာမ်တရားတို့ အားကောင်းနေလျှင် မသန့်ရှင်းသည့် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ မာနစိတ်၊ မနာလို ဝန်တိုစိတ်တို့ကိုပင် ဝိပဿနာရှုနိုင်ပြီး ‘ဝိပဿတိ’ ဖြစ်ခွင့်ရှိသည်။

သို့ပါသော်လည်း အကုသိုလ်နာမ်တရားတို့ အားကောင်းနေလျှင်မူ ကောင်းမြတ်သန့်ရှင်းသည့် ဒါန သီလ ဘာဝနာကိုပင် ‘ဝိပဿတိ’မဖြစ်ဘဲ သာယာနှစ်သက် မက်မောကာ ‘အဿာဒေတိ’ (Enjoys)နှင့် ‘အဘိနန္ဒတိ’ (Delights) အထိ ဖြစ်ခွင့်ရှိသည်။ ထိုမျှမက လိုချင်မှု လောဘ၊ အယူလွဲမှားမှု ဒိဋ္ဌိ စသော တရားဆိုးတို့ကိုလည်း အဿာဒေတိ၊ အဘိနန္ဒတိ ဖြစ်ခွင့်ရှိပါသေးသည်။[၁]

အာရုံသည် အာရုံမျှသာဖြစ်သည်

လောကဌ် လူလိမ္မာနှင့် လူမိုက်၊ လူချမ်းသာနှင့် လူဆင်းရဲ၊ ရှင်ဘုရင်နှင့် သူတောင်းစား အားလုံးအတွက် စားကျက်မည်သောအာရုံက အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ကုသိုလ်မရနိုင်သည့် အာရုံဟူ၍ မရှိသကဲ့သို့ အပါယ်ငရဲသို့ မပို့ဆောင်နိုင်သည့် အာရုံဟူ၍လည်း မရှိပါ။

ထိုထိုအာရုံတို့ကို ကုသိုလ်ရနိုင်ရန် အသုံးမချတတ်သူနှင့် အသုံးချတတ်သူသာ ကွာခြားသည်။ အချို့သူတို့အတွက် ထိုအာရုံကြောင့် အနှိုင်းအဆမဲ့ ကျေးဇူးများပါသော်လည်း အချို့အတွက်မှာမူ ထိုအာရုံကြောင့်ပင် အကျိုးမဲ့သွားသည့် သာဓကများစွာရှိပါသည်။ အကြောင်းရင်းခံမှာ အာရမ္မဏကြောင့် မဟုတ်ပါ။ အာရမ္မဏမည်သော အာရုံ၌ အပြစ်မရှိပါ။ အာရုံသည် အာရုံမျှသာဖြစ်သည်။ ယောနိသော မနသိကာရရှိခြင်း၊ မရှိခြင်းနှင့် ဓာတ်ခံကောင်းခြင်း၊ မကောင်းခြင်းသာလျှင် ပဓာနအကြောင်းဖြစ်ပါသည်။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၃၄)

မာဂင်္ဂိုပုဏ္ဏေးမကလေးသည် မိဘနှစ်ပါးနှင့်အတူ သက်ရှိထင်ရှား ဘုရားရှင်အား ဖူးခွင့်ရခဲ့သည်။ တရားနာကြားခွင့်လည်း ရခဲ့ပါသေးသည်။ ဓာတ်ခံအား ကောင်းကြသည့် မိဘနှစ်ပါးတို့သည် အနာဂါမ်ဖြစ်ကြသည်။ ဓာတ်ခံအား ညံ့ဖျင်းလွန်းသည့် မာဂင်္ဂိုပုဏ္ဏေးမသည် ဘုရားရှင်အပေါ် ရန်ငြိုးရှင်ဖြစ်ခဲ့သည့်ဝတ္ထုကို ဤနေရာ၌ သာဓကပြုပါမည်။

ဓာတ်ခံညံ့ရှာသည့် မာဂင်္ဂိုပုဏ္ဏေးမကလေး

ကောသမ္ဗီပြည့်ရှင် ဥတေနမင်းကြီး၌ မိဖုရားသုံးပါးရှိသည်။ ပထမမိဖုရားမှာ သာမာဝတီ၊ ဒုတိယမိဖုရားမှာ မာဂင်္ဂိုဖြစ်ပြီး တတိယမိဖုရားမှာ ဝါသုလဒတ္တာတို့ ဖြစ်ကြသည်။ သာမာဝတီမိဖုရားနှင့် သူ၏ကျေးကျွန်ဖြစ်သည့် ခုဇ္ဇုတ္တရာတို့သည် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်တွင် မေတ္တာအရာနှင့် ဗဟုသုတအရာ၌ ဧတဒဂ်ဘွဲ့ထူးအသီးသီး ရမည့်သူများ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် ပဒုမုတ္တရမြတ်စွာဘုရားရှင်ထံတော်ပါးမှ ဗျာဒိတ်တော်ရပြီးကြသည့် ပါရမီရှင်ကြီးများ ဖြစ်ကြသည်။

ဥတေနမင်းကြီး၏ ဒုတိယမိဖုရားမာဂင်္ဂိုသည် ချောမောလှပသည့် ဗြာဟ္မဏမျိုးနွယ် အမျိုးသမီး ဖြစ်သည်။ မာဂင်္ဂိုဧ၏မိဘနှစ်ပါးက သူတို့၏သမီး အလွန်ချောမောလှပသဖြင့် အခြားသူများနှင့် မထိုက်တန်ဟုယူဆကာ တောင်းရမ်းလာသည့် မင်းညီမင်းသား၊ သူဌေးသား၊ သူကြွယ်သားတို့ကိုပင် ပယ်မြစ်ထားပါသည်။

တစ်နေ့သောအခါတွင် ဖခင်မာဂင်္ဂိုပုဏ္ဏားကြီးက မြတ်စွာဘုရားရှင်ကို ဖူးတွေ့နေရပါသော်လည်း သူက ဘုရားရှင်မှန်းမသိရှာဘဲ ယောက်ျားမြတ်တို့၏ လက္ခဏာတော်များနှင့်ပြည့်စုံသည့် ဤပုဂ္ဂိုလ်နှင့်သာ မိမိ၏သမီး ထိုက်တန်သည်ဟု ဆုံးဖြတ်ပြီး ဘုရားရှင်ထံပါး ချဉ်းကပ်သည်။ ထို့နောက် သူ၏သမီးချော မာဂင်္ဂိုပုဏ္ဏေးမကို အလုပ်အကျွေးအဖြစ် သိမ်းပိုက်ရန် လျှောက်ထားလေတော့သည်။

ဘုရားရှင်က မာဂင်္ဂိုပုဏ္ဏားကြီးနှင့် ဇနီးပုဏ္ဏေးမတို့နှစ်ဦး အနာဂါမ်ဖြစ်မည့်အရေးကို မြင်တော်မူသဖြင့် တရားဟောကြားပေးတော်မူပါသည်။ “သင့်သမီး မာဂင်္ဂိုပုဏ္ဏေးမထက် အနှိုင်းအဆမဲ့ ပို၍ချောမောလှပသော မာရ်နတ်၏သမီးများကိုပင် ငါမသိမ်းပိုက်ခဲ့ကြောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ သလိပ်တို့ဖြင့် ပြည့်နေသော သင့်သမီးကို အလိုမရှိပါကြောင်း”ဟူသောစကားရပ်များ တရားဟောရာ၌ ပါရှိသွားသည်။

ဘုရားရှင်၏ နှုတ်တော်ထွက် တရားစကားတို့သည် ပုဏ္ဏားကြီးတို့ လင်မယား အတွက် အနာဂါမ်ဖြစ်ရန် ကြီးစွာသော အကြောင်းအထောက်အပံ့ကောင်း ဖြစ်ခဲ့ပါသော်လည်း မာဂဏ္ဍိပုဏ္ဏေးမကလေးအတွက်မှာမူ မြတ်စွာဘုရားရှင်အပေါ် ငြိုးမာန်ဖွဲ့ရန် ကြီးစွာသော အကြောင်းအထောက်အပံ့ ဖြစ်သွားပါတော့သည်။

ထို့ကြောင့် သူက လက်စားချေရန် အခါအခွင့်ကောင်းကို စောင့်ဆိုင်းလျက်နေခဲ့ပါသည်။ ဥတေနမင်းကြီး၏ မိဖုရားဖြစ်လာသောအခါ၌မူ သုံးလောကထွဋ်ထား ဘုရားရှင်အား လက်စားချေခြင်းလုပ်ငန်းကို စတင်ပါတော့သည်။ မြတ်စွာဘုရားရှင်နှင့် နောက်ပါသံဃာတော်များ ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူစဉ် လူမိုက် လူရမ်းကား အမူးသမားများကို ရွှေ့ငွေပေး၍ မြတ်စွာဘုရားရှင်အား ဆဲရေး၊ ပုတ်ခတ်၊ စွပ်စွဲ၊ ကဲ့ရဲ့ခိုင်းပါသည်။

နေ့စဉ် ဆွမ်းခံဝင်တိုင်း ဆဲရေးသံ ကြားရဖန်များလာသောအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားအား "အရှင်ဘုရား ဤကောသမ္ဗီ ပြည်သူ၊ ပြည်သားများသည် တပည့်တော်တို့ဆွမ်းခံရာနောက်သို့ တကောက်ကောက်လိုက်လျက် ဆဲရေးကြပါသည်။ တခြားအရပ်ဒေသသို့ ကြွသင့်ပါပြီဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "အာနန္ဒာ အခြားအရပ်ကလည်း ဤသို့ပင် ဆဲရေးပြန်သော် နောက်ထပ် အဘယ်အရပ်သို့ သွားမည်နည်း။ အရပ်လေးမျက်နှာမှ ရောက်လာသော ရန်သူတို့ကို ရင်ဆိုင်နိုင်ရမည်။ ထို့ကြောင့် အယူမှားသူတို့ ဆဲရေးသည်ကို သည်းခံခြင်းဖြင့် ရင်ဆိုင်ရမည်။ အာနန္ဒာ မကြောင့်ကြလင့်၊ ဆဲရေးသူတို့သည် ခုနစ်ရက်သာ ဆဲရေးနိုင်ကြမည်။ တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုဘဲ သည်းခံခြင်းအားဖြင့် ဆဲရေးသူတို့သည် ရှစ်ရက်မြောက်သောနေ့၌ ရပ်သွားကြပါလိမ့်မည်"ဟု မိန့်တော်မူပါသည်။

ဤတွင် မာဂဏ္ဍိနှင့် သူ၏မိဘနှစ်ပါးတို့သည် ဘုရားရှင်တည်းဟူသော အတိုက္ကဋ္ဌာရုံကို ဖူးမြင်ခွင့် ကြုံရခြင်းတူပါသော်လည်း မိဘနှစ်ပါးက အရိယာများဖြစ်သွားပြီး သမီးက ရန်ငြိုးရှင်၊ အာယာတရှင်ကြီး ဖြစ်သွားရှာပြီး သူ၏ ဘဝနိဂုံးမလှပခဲ့သကဲ့သို့ တမလွန်လားရာဂတိလည်း အလွန်နိမ့်ကျကာ ငရဲသူဘဝကို ရသွားရှာသည်။

အဝိဇ္ဇာပန္နယာ သခ်ၤရာ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အရ 'သခ်ၤရ၏အကြောင်းရင်းမှာ အဝိဇ္ဇာ'ဖြစ်သည်။ သခ်ၤရဟူသောကံကို ပြုစုပျိုးထောင်ရာတွင် လောဘ၊ ဒေါသ၊ မောဟ ဦးဆောင်ပါက မကောင်းသည့် အကုသိုလ်ကံ သခ်ၤရများကို ထူထောင်ကြပေတော့မည်။ အလောဘ၊

အဒေါသ၊ အမောဟ တို့က ဦးဆောင်ပါက ကောင်းသည့်ကုသိုလ်ကံ သခ်ါရများကို ထူထောင်ကြပေမည်။ ထို့ကြောင့် စေတနာအားလျော်စွာ ကောင်းသည့်ကုသိုလ်ကံ၊ မကောင်းသည့်အကုသိုလ်ကံတို့ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ကြီးကြီးငယ်ငယ်၊ ပုပ္ပရွရွ လောကကြီး၌ ရှိရှိသမျှသောသတ္တဝါတို့သည် အချိန်တိုင်း အချိန်တိုင်း မနားမနေ ကံကိုထူထောင်နေကြပါသည်။ ကောင်းသည့် ကုသိုလ်ကံကိုလည်း ထူထောင်နေကြသည်။ မကောင်းသည့် အကုသိုလ်ကံကိုလည်း ထူထောင်နေကြသည်။ သို့သော် အလွန် ကံထူးကံကောင်းပြီး သံသရာကို ဆန်တက်နေကြသူ အနည်းစုသော လူသားများကမူ ကောင်းသည့်ကံကိုသာ တစိုက်မတ်မတ် ထူထောင်ခွင့် ရနေကြပါသည်။

သတ္တဝါအများစုကမူ အချင်းချင်း ယှဉ်၍ပြိုင်၍ အကုသိုလ် ကာယကံကိုလည်းကောင်း၊ အကုသိုလ် ဝစီကံကိုလည်းကောင်း၊ အကုသိုလ် မနောကံကိုလည်းကောင်း နေ့နေ့ည‌ည မနားမနေ စိုက်လိုက်မတ်တတ် ထူထောင်နေကြပါသည်။

ထိုထိုမသိမလိမ္မာသည့် သတ္တဝါအများစုထဲတွင် မာဂဏ္ဍိပုဏ္ဏေးမကလေးလည်း ပါဝင်ပါသည်။ ထို့ကြောင့် သူ၏သန္တာန်၌ရှိသော အဝိဇ္ဇာက အာဃာတရန်ငြိုးဟူသော သခ်ါရကို ဖော်ထုတ်ပေးလိုက်သောကြောင့် သုံးလောကထွဋ်ထား မြတ်စွာဘုရားရှင် အပေါ် ရန်ငြိုးဖွဲ့ဝံ့ရုံမက လက်စားချေဝံ့လာခြင်း ဖြစ်သည်။

အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ မျက်စိကွယ်နေရှာသည့် မာဂဏ္ဍိပုဏ္ဏေးမသည် ဘုရားရှင်အား ရန်ပြုနေရသည်ကို 'လုပ်သင့်လုပ်ထိုက်သောလုပ်ရပ်'၊ 'တရားမျှတသော ဆောင်ရွက်ချက်'ဟု ခံယူထားရှာပါသည်။ ဤမျှအထိ ဆိုးသွမ်းယုတ်မာသော လုပ်ရပ်ကို သူအကောင် အထည်ဖော်ဝံ့နေခြင်းသည် 'အဝိဇ္ဇာပစ္စယာ သခ်ါရာ'၏ အစွမ်းသတ္တိပေတည်း။ တစ်နည်းအားဖြင့် အမှန်တရားကိုမသိမှု အဝိဇ္ဇာ၏အစွမ်းသတ္တိသာ ဖြစ်လေတော့သည်။[၁]

ပျက်စီးချိန်တန်သူသည် အမှားကိုအမှန်ထင်ပြီး အမှန်ကိုအမှားထင်

'အကုသိုလ်ကံ ဖိစီးခံရသူများအတွက် ပျက်စီးချိန်ရောက်သောအခါ၌ အမှားသည် အမှန်အသွင်ဖြင့် ထင်လာတတ်၏'[၂] ဟု ဝဇိရဗုဒ္ဓိဋီကာဆရာက ဖွင့်ဆိုထားသည့်အတိုင်း မာဂဏ္ဍိသည် လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓအား လက်စားချေနေခြင်းကို မှန်ကန်သောလုပ်ရပ်ဟု ခံယူထားသည်။ ဓာတ်ခံ

၁။ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာခြင်း၊ သုံးသပ်ခြင်း စာအုပ်ကို မှီငြမ်းပါသည်။
၂။ သုဒိန္နဘာဏဝါရဝဏ္ဏနာ၊ ပဌမပါရာဇိက၊ ပါရာဇိက ကဏ္ဍ၊ ဝဇိရဗုဒ္ဓိဋီကာ (နှာ-၆၉)

ညံ့ရှာပြီး ဒေါသနှင့် မောဟ ရေသောက်မြစ် ရှည်နေသမျှ မာဂဏ္ဍိပုဏ္ဏားမသည် ရှေ့ဆက်ရမည့် သံသရာခရီးရှည်၌လည်း မပြုသင့် မပြုထိုက်၊ မကြံသင့် မကြံထိုက်သည်တို့ကို တွေးနေ၊ ကြံနေ၊ လုပ်နေပေဦးတော့မည်သာ။

သံသရာတစ်လျှောက်၌ ထိုဓာတ်ခံဆိုး၊ ဓာတ်ခံညံ့တို့မည်သည် အလိုလို ကောင်းလာရိုး ထုံးစံမရှိပါ။ ယခုကဲ့သို့ ဘုရားရှင်၏သာသနာတွင်းကာလ၌ ဆိုဆုံးမပေးတော်မူမည့် ဆရာသခင်များထံပါးမှ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်များကို နာယူ၊ မှတ်သား၊ ဆည်းပူး၊ သင်ယူကာ ကိုယ်တိုင်ကျင့်ကြံကြိုးကုတ် အားထုတ်မှသာ ဓာတ်ခံကောင်းများ တိုးလာမည်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ကောင်းမွန်သည့် အလောဘ၊ အဒေါသ၊ အမောဟဓာတ်ခံကောင်းများကို ရှာဖွေစုဆောင်းနေရမည်။ တစ်ဖက်၌လည်း ထိုထိုမကောင်းသည့် လောဘ၊ ဒေါသ၊ မောဟ ဓာတ်ခံများကို စွန့်နိုင်ရန် အမြဲကြိုးစားနေရပေမည်။

ထို့ကြောင့် ရှေးရှေးပညာရှိများက 'တစ်စ တစ်စ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်းဆက်တိုင်းကောင်း၏'ဟု ရေးသားခဲ့ခြင်းဖြစ်မည် ထင်ပါသည်။

အာရမ္မဏာနုသယနှင့် သန္တာနာနုသယ

အာရမ္မဏာနုသယဟူသည် ဒွါရ ၆ ပါး၌ ထင်ရှားပေါ်လာသော ရုပ်နာမ်အာရုံတို့ကို မတည်တံ့ မခိုင်ခံ့သည့် အနိစ္စ၊ ချမ်းသာမရှိ ဆင်းရဲအတိပြီးသည့် ဒုက္ခ၊ မိမိအလိုအတိုင်း မဖြစ်သည့် အနတ္တဟူ၍ ဝိပဿနာမရှုမိသောအာရုံကို ပြန်ဆင်ခြင်သောအခါတွင် ကာမရာဂါနုသယလည်း ဖြစ်နိုင်သည်။ ဘဝရာဂါနုသယလည်း ဖြစ်နိုင်သည်။

ထို့ပြင် အဝိဇ္ဇာနုသယလည်းဖြစ်နိုင်သည်။ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယတို့လည်း ဖြစ်နိုင်သည်။ ဝိပဿနာမရှုမိသောအာရုံကြောင့် ဖြစ်ပေါ်လာသည့် အနုသယသည် အာရမ္မဏာနုသယမည်ပေသည်။ အာရမ္မဏာနုသယကို ဝိပဿနာဉာဏ်ဖြင့် ပယ်နိုင်သည်။

ဆက်လက်ပြီး သန္တာနာနုသယဟူသည် ပုထုဇဉ်၏သန္တာန်၌ ဖြစ်ခွင့်ရှိသည့် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသည် ကိလေသာတို့ပေတည်း။ ဤတွင် သောတာပန် ပုဂ္ဂိုလ်၌မူ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် အပြီးတိုင် ပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမှအပ အခြားကိလေသာတို့ ဖြစ်ခွင့် ရှိမြဲရှိနေပါသေးသည်။ ထိုထို ကိလေသာတို့က အကြောင်းဆုံလျှင် ဖြစ်နိုင်သောကြောင့် ၎င်းကိလေသာကိုပင် သန္တာန်၌ ကိန်းနေသည်ဟူ၍ စကားအရာ နားလည်လွယ်ကူရန် တင်စားခေါ်ဝေါ်ရခြင်းဖြစ်သည်။

ထိုနည်းအတူ သကဒါဂါမိမဂ်က ကာမရာဂနှင့် ဗျာပါဒအကြမ်းစားကို ပယ်ပြီးဖြစ်ပါသော်လည်း အနုစားကိလေသာတို့ ဖြစ်ခွင့် ရှိမြဲရှိနေပါသေးသည်။ ထိုထိုကိလေသာတို့က အကြောင်းဆုံလျှင် ဖြစ်နိုင်သောကြောင့် ၎င်းကိလေသာကိုပင် သန္တာန်၌ ကိန်းနေသည်ဟူ၍ စကားအရာ နားလည်လွယ်ကူရန် တင်စားခေါ်ဝေါ်ရခြင်းဖြစ်သည်။

အနာဂါမိမဂ်က ကာမရာဂနှင့် ဗျာပါဒကို ပယ်ပြီးဖြစ်ပါသော်လည်း ဘဝရာဂ၊ မာနနှင့် အဝိဇ္ဇာဟူသော အနုသယ ၃ ပါး ရှိနေပါသေးသည်။ ရဟန္တာမှာမူ အရဟတ္တမဂ်က အနုသယကိလေသာအားလုံးကို တစ်စမကျန် ပယ်ပြီးဖြစ်ပါသည်။

အကျဉ်းအားဖြင့် ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်ခွင့်ရှိသော ကာမရာဂ၊ ဗျာပါဒ စသည် အနုသယကိလေသာကိုပင် သန္တာနာနုသယမည်ပေသည်။

ထိုထိုအနုသယမီးသည် အသက်ကိုသတ်သည်အထိ ပြင်းထန်စွာ ပူလောင်တတ်သော မီးဖြစ်ပါသည်။ ထိုကာမရာဂမီး တောက်လောင်ပြီး ပျံ့လွန်တော်မူခဲ့ရသည့် ရဟန်းတစ်ပါး၏ဝတ္ထုကို ဤနေရာ၌ သာဓကပြု၍ ဖော်ပြပါမည်။

ပကတိမီးထက်ပြင်းထန်သည့် ကာမရာဂမီး

ရဟန်းတစ်ပါးသည် ပရိယတ္တိ စာပေသင်ကြားရန် ခရီးတာဝေးကွာသည့် ကျောင်းကြီးတစ်တိုက်သို့ ကြွသွားသည်။ ဆရာတော်ထံပါး မိမိကိုယ်ကိုအပ်နှံပြီး စာသင်ကြားပေးတော်မူပါရန် လျှောက်ထားရာ ဆရာဘုန်းကြီးက ရဟန်းငယ်၏ ဘဝကို ဆင်ခြင်တော်မူရာတွင် ကြီးစွာသော ဘေးရန်အန္တရာယ်ကို မြင်တော်မူသည်။ ထို့ကြောင့် “ဦးဇင်းက ရွာထဲကို ဆွမ်းခံမကြွဘူးဆိုရင် စာသင်ဖို့လက်ခံမယ်”ဟု မိန့်တော်မူသည်။ ရဟန်းငယ်ကလည်း ရွာထဲမကြွရန် ကတိစကားကို ကြည်ဖြူစွာဖြင့်ပေးပြီး စာပေကို စတင်သင်ကြားပါသည်။

နှစ်ကာလ အတန်ကြာသောအခါ၌ စာပေသင်ကြားခြင်းကိစ္စ ပြီးဆုံးသွားသဖြင့် မိမိ၏ရွာကျောင်းသို့ ပြန်သွားခါနီး၌ ‘ဘာကြောင့်များ ငါ့ကို ရွာထဲဆွမ်းခံသွားဖို့ ခွင့်မပြုတာပါလိမ့်မလဲ’ဟု တွေးတောဆင်ခြင်သည်။ မိမိကတိစကား၏ ကာလတာ ပြည့်စုံပြီဖြစ်သဖြင့် စာသင်တိုက်မှ ထွက်ခွာမည့် ထိုနေ့နံနက်၌ ရွာထဲ ဆွမ်းခံကြွသွားလေသည်။

ဆွမ်းခံအိမ်တစ်အိမ်၏ ရှေ့သို့ရောက်သောအခါ၌ ဝါဝင်းလှပသည့်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးငယ်တစ်ယောက်က ထိုရဟန်းငယ်ကို တဒဂ်မြင်ရသခိုက် အလွန်အမင်းချစ်ခင်တပ်မက်သည့် ရာဂစိတ်ဖြစ်ပေါ်၍ လာလေတော့သည်။ ထို့နောက်

အလျင်အမြန် ယာဂုဆွမ်းစီမံပြီး ရဟန်းငယ်၏အနီးသို့သွားပြီး သပိတ်ထဲ လောင်းလျှူပါသည်။ မိန်းကလေးငယ်သည် ဆွမ်းလောင်းလျှူပြီးသည့်နောက် ရဟန်းကို တပ်မက်စွဲလမ်းသောရာဂ၏ ပူလောင်သောအပူဒဏ်ကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲသွားပါတော့သည်။

မိဘများက မေးမြန်းကြည့်သောအခါ၌ ယနေ့နံနက် ဆွမ်းခံကြွလာသည့် ရဟန်းငယ်နှင့်အတူ နေခွင့်မရပါက သေရတော့မည်ဟု ပြောကြားသည်။ ထိုအခါ ဖခင်သည် မိမိ၏ တစ်ဦးတည်းသောသမီးကလေး၏ဆန္ဒ ပြည့်ဝစေရန် ရဟန်းငယ်ထံသွားကာ ဖြစ်ကြောင်းကုန်စင် လျှောက်ကြားပြီး အိမ်ကိုဖိတ်ခေါ်သည်။ ရဟန်းငယ်က ငြင်းပယ်ပြီး သူလိုရာခရီးကို ကြွသွားသည်။

ထိုအမျိုးသမီးငယ်သည် ရဟန်းငယ်ကို စွဲလမ်းစိတ်ဖြင့် မစားနိုင်မသောက်နိုင် ဖြစ်ကာ ခုနစ်ရက်ကြာသောအခါ၌ သေဆုံးသွားရှာသည်။ မိဘများက သမီးအလောင်းကို သင်္ဂြိုဟ်ပြီးနောက် သမီး၏ဝတ်စုံအဝါရောင်ကို အပိုင်းပိုင်းဖြတ်ပြီး ရဟန်း သံဃာတော်တို့အား ပေးလှူသည်။

ရဟန်းအိုကြီးတစ်ပါးကလည်း ထိုအဝါရောင်အဝတ်ပိုင်းကလေးကို ရလာသဖြင့် စာသင်တိုက်မှ ပြန်ကြွလာသည့် ထိုရဟန်းငယ်အား ရေစစ်လုပ်ပေးရန် ပိတ်စကို အပ်နှံသည်။ ရဟန်းငယ်က “အရှင်ဘုရား ဒီအဝတ်ပိုင်းကလေး ဘယ်ကရလာတာလဲ”ဟု မေးလျှောက်ရာမှ ယာဂုဆွမ်းလောင်းပြီးနောက် သူ့ကိုစွဲလမ်းစိတ်ကြောင့် သေဆုံးသွားသော အမျိုးသမီး၏ အဝါရောင်ပိတ်စဖြစ်ကြောင်းကို သိရလေတော့သည်။

ထိုအခါ ရဟန်းငယ်သည် ‘ငါ့အပေါ်ကို ဒီလောက်ကြီး ချစ်ခင်တပ်မက်ခဲ့တဲ့ အမျိုးသမီးငယ်နဲ့ အတူတကွ မပေါင်းသင်းရလေခြင်း’ဟု တွေးတောပြီး တောက်လောင်လာသော ရာဂမီး၏ဒဏ်ချက်ကြောင့် ပျံလွန်သွားရှာလေသည်။[၁]

ရဟန်းငယ်၏စိတ်ထဲ၌ အဝါရောင်ဝတ်စုံဆင်မြန်းထားသည့် အမျိုးသမီးငယ်၏ ပုံရိပ်က မာတ်ပုံ၊ ဗွီဒီယိုရိုက်ထားသကဲ့သို့ စွဲထင်၍ကျန်ခဲ့ရုံမက သေဆုံးသည့်အထိ ဖြစ်ရခြင်းမှာ အာရမ္မဏာနုသယ၏သတ္တိက အရင်းခံအကြောင်းဖြစ်ပေသည်။

ထို့ကြောင့် ပုထုဇဉ်ဘဝဖြင့် သံသရာခရီးခဲကြီးကို ဆန်တက်နေရသည်မှာ အန္တရာယ်များလွန်းလှပါသည်။ ဘုရားလောင်းသည်ပင် ကိလေသာလက်ခုပ်ထဲ သက်ဆင်းခဲ့ရသည့် ဘဝအသခ်ျမက များလှပါသည်။ သို့ဖြစ်ပါ၍ ကြုံခဲလှသည့် သာသနာတွင်းကာလ၌ ဝိပဿနာဘာဝနာကို ခေမာသောင်ကမ်း တစ်ဖက်ကမ်းသို့ လှမ်းနိုင်သည့်တိုင် ကြိုးပမ်း အားထုတ်သင့်လှပေသည်။

၁။ ပဋ္ဌဝိဓ သံသဂ္ဂဝဏ္ဏနာ၊ ရထဝိနီတသုတ္တဝဏ္ဏနာ၊ ဩပမ္မဝဂ္ဂ၊ မူလပဏ္ဏာသ အဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၅၀)

ဝေဒယိတသုခသည် ချမ်းသာအစစ်ကို မပေးနိုင်ပါ

အာရုံ ၅ ပါး ကာမဂုဏ်တရားဟူသည် လှုပ်ရှားဆောင်ရွက်နေမှသာ သုခချမ်းသာ အရသာပေါ်နိုင်သော ဝေဒယိတသုခဖြစ်သည်။ ပမာပြရသော် မျက်စိကိုဖွင့်၍ ကြည့်ရှုမှသာ အဆင်းအာရုံ၏အရသာ ခံစားနိုင်သည်။ မှိတ်ထားလျှင် (၀ါ) မျက်စိချို့ယွင်းလျှင် အရသာ မခံစားနိုင်တော့ပါ။

နားဖြင့်နားထောင်ပေးနေမှသာ အသံ၏အရသာ ခံစားနိုင်သည်။ နားချို့ယွင်းလျှင် အရသာ မခံစားနိုင်တော့ပါ။ လျှာဖြင့် အရသာခံစားရာတွင်လည်း အစားအသောက်တို့ကို ရှာဖွေပြီး ပါးစပ်ထဲခွံ့ပြီးနောက် လျှာနှင့်သွားတို့က လှုပ်ရှားဆောင်ရွက်နိုင်မှသာ သုခချမ်းသာ အရသာပေါ်နိုင်သည်။ နေမကောင်း၍ဖြစ်စေ၊ ရောဂါကြောင့်ဖြစ်စေ လျှာ၌ ချို့ယွင်းချက်ရှိလာလျှင် အရသာ မခံစားနိုင်တော့ပါ။ ကျန်သည့် ဒွါရများလည်း အလားတူ ဖြစ်ပါသည်။ ထို့ကြောင့် ဝေဒယိတသုခမည်သည် ချမ်းသာအစစ်၊ ချမ်းသာအမှန် မဟုတ်ပါ။[၁]

ဝိပဿနာကမ္မဋ္ဌာန်း

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့၏ အကြည်ဓာတ်သည် ရုပ်ပရမတ်များဖြစ်ကြသည်။ တစ်ဖက်တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ တို့သည်လည်း ရုပ်ပရမတ်များပင် ဖြစ်ကြပါသည်။ ပရမတ္ထမမ္မ၏သဘာဝမှာ တဒင်္၊ တစ်ခဏမျှ တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။[၂]

The eye (base) practise insight into the impermanency, suffering and non-self.

ဟု ပဋ္ဌာန်းတရားတော်၌ လာရှိပါသည်။

ရူပါရုံဟူသောအဆင်းသည် မျက်စိအကြည်ဓာတ်နှင့် တိုက်ဆုံသည်နှင့်တစ်ပြိုင်နက် မြင်သိစိတ်ဖြစ်လာသည်။ ထိုမြင်သိစိတ်သည် မမြဲ၊ ဆင်းရဲ၊ အစိုးမရ ဟူသော ပရမတ္ထမမ္မ၏ သဘာဝအတိုင်း တဒင်္၊ တစ်ခဏမျှ တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

၁။ အရှင်ဇောတိက(ညောင်တုန်း)၏ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပို့ချ ဟောကြားချက်များကို မှီငြမ်းပါသည်။

၂။ ပဋ္ဌာဝါရ၊ ကုသလတ္တိက၊ ပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၃၅)

သောတံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။[၁]

The ear (base) practise insight into the impermanency, suffering and non-self.

သဒ္ဒါရုံဟူသောအသံသည်လည်း နားအကြည်ဓာတ်နှင့် တိုက်ဆုံသည်နှင့် တစ်ပြိုင်နက် ကြားသိစိတ်ဖြစ်လာသည်။ ထိုကြားသိစိတ်သည်လည်း မမြဲ၊ ဆင်းရဲ၊ အစိုးမရဟူသော ပရမတ္ထဓမ္မ၏သဘာဝအတိုင်း တဒင်္ဂ၊ တစ်ခဏမျှ တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

ဃာနံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။[၁]

The nose (base) practise insight into the impermanency, suffering and non-self.

ဂန္ဓာရုံဟူသော အနံ့သည်လည်း နှာခေါင်းအကြည်ဓာတ်နှင့် တိုက်ဆုံသည်နှင့် တစ်ပြိုင်နက် နံသိစိတ်ဖြစ်လာသည်။ ထိုနံသိစိတ်သည်လည်း မမြဲ၊ ဆင်းရဲ၊ အစိုးမရဟူသော ပရမတ္ထဓမ္မ၏သဘာဝအတိုင်း တဒင်္ဂ၊ တစ်ခဏမျှ တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

ဇိဝှံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။[၁]

The tongue (base) practise insight into the impermanency, suffering and non-self.

ရသာရုံဟူသော အရသာသည်လည်း လျှာအကြည်ဓာတ်နှင့် တိုက်ဆုံသည်နှင့် တစ်ပြိုင်နက် အရသာသိစိတ်ဖြစ်လာသည်။ ထိုအရသာသိစိတ်သည်လည်း မမြဲ၊ ဆင်းရဲ၊ အစိုးမရဟူသော ပရမတ္ထဓမ္မ၏ သဘာဝအတိုင်း တဒင်္ဂ၊ တစ်ခဏမျှ တည်တံ့ ခိုင်ခံ့ခြင်းမရှိဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

ကာယံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။[၁]

The body (base) practise insight into the impermanency, suffering and non-self.

ဖောဋ္ဌဗ္ဗာရုံဟူသော အထိအတွေ့သည်လည်း ကိုယ်ကာယအကြည်ဓာတ်နှင့် တိုက်ဆုံသည်နှင့်တစ်ပြိုင်နက် ထိသိစိတ်ဖြစ်လာသည်။ ထိုထိသိစိတ်သည်လည်း မမြဲ၊ ဆင်းရဲ၊ အစိုးမရဟူသော ပရမတ္ထဓမ္မ၏ သဘာဝအတိုင်း တဒင်္ဂ၊ တစ်ခဏမျှ တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

၁။ ပဋ္ဌာဝါရ၊ ကုသလတ္တိက၊ ပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၃၅)

Right understanding and Wrong understanding.

သို့သော် အချိန်တိုင်း၊ အချိန်တိုင်း တိုက်ဆုံနေသော ထိုထိုအာရုံတို့ကို ငါမြင်တယ်၊ ငါကြားတယ်၊ ငါအနံ့ရတယ် စသည်ဖြင့် ထင်မှတ်ယူကြသည်။ မတည်တံ့၊ မခိုင်ခဲ့သည့် ရုပ်တရားနှစ်ပါးတို့ တိုက်ဆုံရာမှ ပေါ်ပေါက်လာသော ထိုမြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ အထိအတွေ့သိစိတ်ဟူသော နာမ်တရားတို့သည် မတည်တံ့၊ မခိုင်ခဲ့ပါသော်လည်း အသိအမြင် မှောက်မှားမှုဟူသော 'ငါ'ပါလာသောကြောင့် မြဲသည်။ ခိုင်ခဲ့သည်ဟု ထင်မှတ်ကြသည်။

ဤသို့ ထင်မှတ်နေသည့် အသိအမြင်တို့သည် မှားယွင်းသည့် Wrong view, Wrong understanding မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း နားလည်သဘောပေါက်နိုင်ရန် ပရိယတ္တိစာပေကို သင်ကြားရမည်။ တရားနာကြားရမည်။ ဝိပဿနာတရားကိုလည်း အားထုတ်ရပါမည်။ စာပေသင်ကြားပြီး တရားနာကြားခြင်းက Study ဖြစ်ပြီး၊ ဝိပဿနာတရားအားထုတ်ခြင်းက Practice ဖြစ်ပါသည်။ ထို Study နှင့် Practice တို့သည် ပရိယတ္တိနှင့် ပဋိပတ္တိတို့ ဖြစ်ကြသည်။

မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသောဓမ္မ

မြတ်စွာဘုရားရှင်သည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ 'အနိစ္စသမ္ဖဿတာ, ဘိက္ခဝေ, ရူပံ ကုတော နိစ္စံ ဘဝိဿတိ'[၁]ဟု ဟောတော်မူပါသည်။

အဓိပ္ပာယ်မှာ 'ရဟန်းတို့ ရုပ်သည် မမြဲ၊ ရုပ်ဖြစ်ပေါ်ခြင်း၏ အကြောင်းအထောက်အပံ့သည်လည်း မမြဲ၊ ရဟန်းတို့ မမြဲသောအကြောင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်သည် အဘယ်မှာ မြဲလိမ့်မည်နည်း'[၂]ဟု ဟောတော်မူသကဲ့သို့ ဝေဒနာသည်လည်းကောင်း၊ သညာသည်လည်းကောင်း၊ သင်္ခါရသည်လည်းကောင်း၊ ဝိညာဏ်သည်လည်းကောင်း ဖြစ်ပေါ်ခြင်း၏ အကြောင်းအထောက်အပံ့သည်လည်း မမြဲ၊ မမြဲသောအကြောင်းကြောင့် ဖြစ်ပေါ်လာသော ထိုထိုတရားသည်လည်း မြဲမြံတည်တံ့ခိုင်ခဲ့သည့်တရား မဟုတ်ပေ။

သို့သော် ဤသဘာဝတရားကို အလွယ်တကူ တွေးသိ၊ ကြံသိ၊ ဆင်ခြင်သိမျှဖြင့် နားလည်ရန် မဖြစ်နိုင်ပါ။ ခက်ခဲနက်နဲသောကြောင့် ပရိယတ်၊ ပဋိပတ်အရာ၌ ကျွမ်းကျင်လိမ္မာသည့် ဆရာသမားများထံပါး ချဉ်းကပ်ပြီး အပတ်တကုတ်နည်းခံပြီး လေ့ကျင့်သင်ကြားရမည်။

၁။ သဟေတုအနိစ္စသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ (နှာ-၂၀)

၂။ ခန္ဓဝဂ္ဂသံယုတ်ပါဠိမြန်မာပြန်၊သဟေတုအနိစ္စသုတ္တ (နှာ-၂၃)

သို့မှသာ အသိဉာဏ်အားလျော်စွာ Right view, Right understood ဟူသော သမ္မာဒိဋ္ဌိအသိဉာဏ် ပွင့်ထွန်းလာပေလိမ့်မည်။ ပွင့်ထွန်းလာသည့် သမ္မာဒိဋ္ဌိ အသိဉာဏ်ကသာ သတ္တဝါများ တစ်သံသရာလုံး မှားယွင်းလာခဲ့သည့် မိစ္ဆာဒိဋ္ဌိ Wrong view, Wrong understanding ကို ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။

ဥပမာဆောင်၍ သိနိုင်သည်

သမ္မာဒိဋ္ဌိအသိအမှန်က မိစ္ဆာဒိဋ္ဌိအသိအမှားအား ဖယ်ရှားနိုင်ပုံကို ဥပမာဖြင့် ပြပါမည်။ တပေါင်းလ၏ လကွယ်ည သန်းခေါင်ကျော်ချိန်၌ လေပြင်းတိုက်လာပါသည်။ သားအမိနှစ်ဦးတည်း နေထိုင်ကြသောဒေါ်မိုးက သူ့အိမ်၏ ပြတင်းတံခါးပိတ်ရန် ထလိုက်သည်။ ထိုအခါ အိမ်ရှေ့၌ လူတစ်ယောက်က ပုဆိုးခြုံပြီး ဆောင့်ကြောင့်ထိုင်နေသည်ကို တွေ့လိုက်ရသဖြင့် ဒေါ်မိုးသည် ရင်တုန်ပန်းတုန်ဖြစ်ကာ ပြတင်းတံခါးကို အလျင်အမြန် ဆွဲ၍ပိတ်လိုက်သည်။ ထို့နောက် သမီးကိုနှိုး၍ နှစ်ယောက်သား ထရံပေါက်က ချောင်းကြည့်ကြရာ ထိုလူသည် အငြိမ်မနေဘဲ လှုပ်လှုပ်ရှားရှားရှိနေသည်ကို တွေ့ရသဖြင့် သားအမိနှစ်ဦး ပို၍ ကြောက်အားပိုလာကြသည်။

သားအမိနှစ်ဦးက ထိုလူဆိုးကြီး၏အရိပ်အယောင်ကို သန်းခေါင်ကျော်သည့်အထိ ချောင်းကြည့်နေရင်း ထိုထရံပေါက်အနား၌ပင် မှေးခနဲ အိပ်ပျော်သွားရာမှ နိုးလာသော အခါ မိုးစင်စင်လင်းတော့သည်။

ဒေါ်မိုးက တံခါးမဖွင့်ရဲသေးဘဲ ထရံပေါက်မှ အပြင်ကို ချောင်းကြည့်ပါသည်။ ဤတွင် အဖြစ်မှန်ကို သိလိုက်ရပါသည်။ ဒေါ်မိုး မနေ့ညနေက အပြင်ထွက်အလုပ်လုပ်ပြီး အိမ်အပြန်၌ ပုဆိုးဟောင်းတစ်ထည်ကို ပန်းချီပေါ်ကို ဖြန့်၍ တင်ထားခဲ့သည်ကို မြင်ရလေတော့သည်။

ထိုအခါ အိမ်ရှေ့၌ ပုဆိုးခြုံထားသည့် လူဆိုး၊ သူခိုး ဟူသော အသိအမှား၊ အမြင်အမှားကြီး လုံးဝ ပျောက်သွားတော့သည်။ ထိုနည်းအတူ ကြောက်စိတ်လည်း တစိုးတစ့ မကျန် ကုန်ပျောက် ကွယ်သွားပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် ပန်းချီပေါ်တင်ထားသည့် ပုဆိုးဟောင်းက ညပိုင်း၌ လေတိုက်၍ လှုပ်နေသည့်အဖြစ်မှန်ကို ဒေါ်မိုး အမှန်အတိုင်း သိလာသောကြောင့်တည်း။

ထိုနည်းအတူ ယောဂီတို့၏သန္တာန်မှ မိစ္ဆာဒိဋ္ဌိ (Wrong view, Wrong understading -အသိအမြင် မှားယွင်းခြင်း)ကိုလည်း အခြားနည်းဖြင့် ဖယ်ရှား၍ မရနိုင်ကောင်းပေ။

သမ္မာဒိဋ္ဌိ (Right view, Right understanding) ဟူသော အသိဉာဏ်အမှန် ရလာလျှင်မူ ထိုအသိဉာဏ်ကပင် မိစ္ဆာဒိဋ္ဌိ (Wrong view, Wrong understanding)ကို ပယ်သတ်ပေမည်။

ဒေါ်မိုး အသိအမြင် မှန်ကန်တည့်မတ်သွားသည့် ထိုတဒင်္အတွင်း၌ အကြောက်တရားများ တစ်စမကျန် လွင့်စဉ် ပြေပျောက်သွားသကဲ့သို့ သမ္မာဒိဋ္ဌိ (Right view, Right understanding) ဟူသော အသိဉာဏ်အမြင်မှန် ရလာသည်နှင့်တစ်ပြိုင်နက် မိစ္ဆာဒိဋ္ဌိ (Wrong view, Wrong understanding) ဟူသော အသိမှား၊ အမြင်မှားတို့က တစ်စမကျန် လွင့်စဉ်ပြေ ပျောက်သွားပေတော့မည်။

'ကြည့်တာ'နှင့် 'မြင်တာ'၊ 'ကြားတာ'နှင့် 'နားထောင်တာ'

မျက်စိနှင့် ရူပါရုံအဆင်းတို့ ကြုံရာ၌ 'ကြည့်တာ'တစ်ခုနှင့် 'မြင်တာ'တစ်ခုဟူ၍ နှစ်ပိုင်းရှိပါသည်။ 'ကြည့်တာ'၌ ကြောင့်ကြဗျာပါရ ပါနေသည်။ 'မြင်တာ'၌မူ မည်သည့် ကြောင့်ကြဗျာပါရမပါဘဲ မြင်ကာမျှသက်သက်ကို ဆိုလိုပါသည်။

ဝိပဿနာတရားအားထုတ်နေသည့် ယောဂီအနေဖြင့် ရူပါရုံအဆင်းနှင့် မျက်စိအကြည်ဓာတ်တို့ဆုံတိုင်း 'ကြည့်တာ' နှင့် 'မြင်တာ'ဟူသော အခြေအနေနှစ်ရပ်ကို ခွဲခြားသိနိုင်ရမည်။

ထိုနည်းအတူ နားနှင့် သဒ္ဒါရုံအသံတို့ ကြုံရာ၌ 'နားထောင်တာ'တစ်ခုနှင့် 'ကြားတာ'တစ်ခုဟူ၍ နှစ်ပိုင်းရှိပါသည်။ 'နားထောင်တာ'၌ ကြောင့်ကြဗျာပါရ ပါနေသည်။ 'ကြားတာ'၌မူ မည်သည့်ကြောင့်ကြဗျာပါရမပါဘဲ ကြားကာမျှသက်သက်ကို ဆိုလိုပါသည်။

ဝိပဿနာတရားအားထုတ်နေသည့် ယောဂီအနေဖြင့် သဒ္ဒါရုံအသံနှင့် နားအကြည်ဓာတ်တို့ဆုံတိုင်း 'နားထောင်တာ'နှင့် 'ကြားတာ'ဟူသော အခြေအနေနှစ်ရပ်ကို ခွဲခြားသိနိုင်ရမည်။

ထိုနည်းအတူ နှာခေါင်းနှင့် ဂန္ဓာရုံအနံ့တို့ကြုံရာ၌ 'အနံ့ခံတာ'တစ်ခုနှင့် 'အနံ့ရတာ'တစ်ခုဟူ၍ နှစ်ပိုင်းရှိပါသည်။ 'အနံ့ခံတာ'၌ ကြောင့်ကြဗျာပါရ ပါနေသည်။ 'အနံ့ရတာ'၌မူ မည်သည့် ကြောင့်ကြဗျာပါရမပါဘဲ နံကာမျှသက်သက်ကို ဆိုလိုပါသည်။

ဝိပဿနာတရားအားထုတ်နေသည့် ယောဂီအနေဖြင့် ဂန္ဓာရုံအနံ့နှင့် နှာခေါင်းအကြည်ဓာတ်တို့ဆုံတိုင်း 'အနံ့ခံတာ'နှင့် 'အနံ့ရတာ'ဟူသော အခြေအနေနှစ်ရပ်ကို ခွဲခြားသိနိုင်ရမည်။

ထိုနည်းအတူ လျှာနှင့် ရသာရုံအရသာတို့ကြုံရာ၌ 'အရသာခံစားတာ'တစ်ခုနှင့် 'အရသာသိတာ'တစ်ခုဟူ၍ နှစ်ပိုင်းရှိပါသည်။ 'အရသာခံစားတာ'၌ ကြောင့်ကြဗျာပါရပါနေသည်။ 'အရသာသိတာ'၌မူ မည်သည့်ကြောင့်ကြဗျာပါရမပါဘဲ အရသာသိကာမျှသက်သက်ကို ဆိုလိုပါသည်။

ဝိပဿနာတရားအားထုတ်နေသည့် ယောဂီအနေဖြင့် ရသာရုံအရသာနှင့် လျှာအကြည်ဓာတ်တို့ဆုံတိုင်း 'အရသာခံစားတာ'နှင့် 'အရသာ သိတာ'ဟူသော အခြေအနေ နှစ်ရပ်ကို ခွဲခြားသိနိုင်ရမည်။

ထိုနည်းအတူ ကိုယ်နှင့် ဖောဋ္ဌဗ္ဗာရုံအထိအတွေ့တို့ကြုံရာ၌ 'ကိုင်တာ'တစ်ခုနှင့် 'ထိတာ' တစ်ခုဟူ၍ နှစ်ပိုင်းရှိပါသည်။ 'ကိုင်တာ'၌ ကြောင့်ကြဗျာပါရပါနေသည်။ 'ထိတာ'၌မူ မည်သည့်ကြောင့်ကြဗျာပါရမပါဘဲ ထိခြင်းကို သိကာမျှသက်သက် ဆိုလိုပါသည်။

ဝိပဿနာတရားအားထုတ်နေသည့် ယောဂီအနေဖြင့် ဖောဋ္ဌဗ္ဗာရုံအထိအတွေ့နှင့် ကိုယ်အကြည်ဓာတ်တို့ဆုံတိုင်း 'ကိုင်တာ'နှင့် 'ထိတာ'ဟူသော အခြေအနေနှစ်ရပ်ကိုလည်း ခွဲခြားသိနိုင်ရမည်။

မတည်တံ့သည့် သဘောအမှန်ကိုသိရန် ဝိပဿနာတရားအားထုတ်ရသည်

ခန္ဓာငါးပါး၏ သဘောအမှန်မှာ မြင်သိစိတ်သည် ဖြစ်သခိုက် တစ်ခဏလေးသာတည်ပြီး ပျောက်သွားသည်။ ကြားသိစိတ်သည် ဖြစ်သခိုက် တစ်ခဏလေးသာတည်ပြီး ပျောက်သွားသည်။ အရသာသိစိတ်မှာလည်း ဖြစ်သခိုက် တစ်ခဏလေးသာတည်ပြီး ပျောက်သွားသည်။ နံသိစိတ်လည်း ဖြစ်သခိုက် တစ်ခဏလေးသာတည်ပြီး ပျောက်သွားသည်။ ထိသိစိတ်လည်း ဖြစ်သခိုက် တစ်ခဏလေးသာတည်ပြီး ပျောက်သွားသည်။ တစ်နည်းအားဖြင့် 'အာရုံ အသစ် အသစ် တိုက်ဆုံတိုင်း' အသိစိတ်တို့ကလည်း အသစ် အသစ် အသစ် ထပ်၍ ထပ်၍ ဖြစ်နေသည်။

ဤသို့ မတည်တံ့သည့်သဘော၊ မခိုင်ခံ့သည့်သဘော၊ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို နားလည်နိုင်ရန် ပိဋကတ်စာပေကို လေ့လာခြင်း၊ သင်ယူခြင်း၊ နာကြားခြင်းဖြင့် လေ့လာနိုင်သည်။ လေ့လာသင်ယူပြီး သိရှိနားလည်သည့်အတိုင်း လေ့ကျင့် အားထုတ်ရပါသည်။

တစ်နည်းအားဖြင့် ဤခန္ဓာကိုယ်ကို အရင်းတည်ပြီး သဘာဝတရား၏ လျှို့ဝှက်ချက်ဖြစ်သော လက္ခဏာရေးသုံးပါးကို စမ်းသပ်ရှာဖွေ သုတေသနပြုနေခြင်းကပင် ဝိပဿနာတရားအားထုတ်နေခြင်းဖြစ်သည်။

သို့မှသည် ဤရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သည် အမှန်တကယ်ပင် မခိုင်ခန့်၊ မတည်တံ့သည့် (Impermanence) သဘောပါတကား၊ မိမိအလိုသို့ မလိုက်ပါသည့် (Non self) သဘောပါတကားဟု ရင်ထဲနှလုံးထဲတွင် ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မာမာ နားလည် သဘောပေါက်လာမည် ဖြစ်ပါသည်။ ဤသဘောသည် ခက်ခဲနက်နဲသောကြောင့် ဥပမာဖြင့် ထပ်မံ၍ ရှင်းပြပါမည်။

သဘာဝတရား၏ ဥပဒေသ The law of nature

နေကြာစေ့နှစ်သက်သူတစ်ဦးက နေကြာစေ့တစ်စေ့ကို ဦးစွာ ပါးစပ်ထဲထည့်မည်။ ထို့နောက် နေကြာစေ့အခွံကို အပေါ်အောက်သွားဖြင့် ဖိလိုက်သောအခါ၌ ချွတ်ခနဲ အသံမြည်ပြီး ကွဲသွားပေလိမ့်မည်။ ထိုအခိုက်အတန့်အတွင်း၌ နေကြာစေ့၏ အခွံ၌ ကပ်ပါလာသည့် ဆား၏ အငန်အရသာနှင့် သကြား၏ ချိုတိုတိုအရသာတို့က ပါးစပ်ထဲက ထွက်လာသည့် သွားရည်နှင့် ရောပေါင်းပြီး လျှာပေါ်၌ သိသိသာသာ ထင်ရှားလာပေမည်။


တစ်စက္ကန့်မျှသာရှိသည့် ထိုအခိုက်အတန့်အတွင်း၌ပင် နေကြာစေ့ကို အံသွားဖြင့် ကိုက်ဝါးသည်နှင့် လျှာပေါ်တွင် ချို၊ ငန်၊ ဆိမ့် အရသာတို့ ရောပြွမ်း၍ ထွက်ပေါ်လာပါသည်။ သို့သော် အလွန်သေးငယ်သည့် နေကြာစေ့တစ်စေ့ကို လူ၏အံသွားကြီးက ချွတ်ခနဲ ကိုက်ဝါးလိုက်သောတစ်ခဏ၌ သွားရည်နှင့် ရောနှောကာ တစ်ခဏအတွင်း အရသာ မှေးမှိန် ပျောက်ကွယ်သွားပါတော့သည်။

သို့ပါသော်လည်း ထို ချို၊ ငန်၊ ဆိမ့်အရသာကို အလွန် နှစ်သက် သဘောကျနေသဖြင့် ထပ်ပြန်၊ ထပ်ပြန် ခံစားလိုသော လောဘစိတ်ကြောင့် လျှာပေါ်၌ ထိုအရသာ မကုန်တကုန် အချိန်တိုကလေး၌ပင် နေကြာစေ့ နောက်တစ်စေ့ပြီး နောက်တစ်စေ့ကို ပါးစပ်ပေါက်ထဲ ပစ်ပစ် ထည့်နေပါတော့သည်။

ဤစာထဲ၌ စာကြောင်းရေများစွာဖြင့် သရုပ်ပေါ်စေရန် ရေးသားဖော်ပြနေရသည့် ဖြစ်စဉ်က လူ၏လျှာပေါ်၌ (၂) စက္ကန့်၊ (၃) စက္ကန့်အတွင်း ပေါ်ပြီးပျောက်သွားသည့် ဖြစ်စဉ်မျှသာတည်း။ သို့သော် လူက နေကြာစေ့ကို မနားတမ်း တစ်စေ့ပြီးတစ်စေ့ ပါးစပ်ထဲ ပစ်ထည့်၊ ပစ်ထည့်နေခြင်းမှာ ပျောက်ပျက်ကုန်ဆုံးသွားသည့် ထိုချိုတိုတို၊ ငန်တန်တန်၊ ဆိမ့်တိမ့်တိမ့် အရသာကို မပြတ်မလပ် ခံစားလိုသည့် လောဘကြောင့် ဖြစ်သည်။

မိမိတို့ ကိုယ်စီကိုယ်စီ၏ဘဝတာ၌ မနားတမ်း၊ မပြတ်မလပ် ခံစားနေသည့် အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံနှင့် အထိအတွေ့ အာရုံတို့သည် သဘာဝတရားအရ တဒင်္ဂတစ်ခဏအတွင်း၌ပင် ကုန်ဆုံး ပျောက်ပျက်သွားစမြဲ ဖြစ်ပါသည်။

မကုန်မဆုံး၊ မပျောက်မကွယ်ဘဲ တစ်ဆက်တည်း ခံစားမြဲ ခံစားနိုင်ရန်မှာမူ မည်သူကမှ ပြုလုပ်ပေး၍လည်းမရ၊ ဖန်တီးပေး၍လည်း မရသကဲ့သို့ တားဆီး၍လည်းမရ၊ ဟန့်တား၍ လည်းမဖြစ်၊ ချုပ်ချယ်၍လည်း မရကောင်းသော သဘာဝတရား The law of nature ဖြစ်ပေသည်။



လျှာပေါ်၌ နေကြာစေ့တစ်စေ့၏ အရသာပေါ်သည့် အခိုက်အတန့်ကို ပြသည့်ဂရပ်ပုံ

ရှင်းလင်းချက်

(က) ဂရပ်ပုံပါ (Time) သည် ၂ စက္ကန့်ခန့်အချိန်ကို ကိုယ်စားပြုသည်။

(ခ) ဂရပ်ပုံပါ (Taste) သည် နေကြာစေ့တစ်စေ့ကို သွားဖြင့် ကိုက်ဖြတ်၍ ပေါ်လာသည့် ချွတ်ဟူသောအသံနှင့် ချိုတိုတို၊ ငန်တန်တန်၊ ဆိမ့်တိမ့်တိမ့် အရသာကို ကိုယ်စားပြုသည်။

(ဂ) AB သည် နေကြာစေ့တစ်စေ့ ကိုက်ဝါးနေစဉ်ပေါ်သည့် အရသာခံမှုကို ကိုယ်စားပြုသည်။

(ဃ) BC သည် နေကြာစေ့၏အရသာ တစ်ခဏအတွင်းပေါ်ပြီး တစ်ခဏ အတွင်း ပျောက်သွားသည်ကို ကိုယ်စားပြုသည်။

သုံးသပ်ချက်

(က) AB မျဉ်းသည် တဖြည်းဖြည်းချင်း တက်ခဲ့သည်။ သို့သော် BC မျဉ်းသည် တစ်မုဟုတ်ချင်း ကျသွားသည်။ ထို့ကြောင့် လောကီအာရုံ ကာမဂုဏ် ဟူသည် မည်မျှပင် မွန်မြတ်ကောင်းမွန်သည်ဟု ဆိုစေကာမူ သာယာမှု ဟူသည် တစ်ခဏ တဒင်္ဂမျှသာခံစားရပြီး ကုန်ပျောက်၍ ကုန်ပျောက်၍

သွားနေပါသည်။ လောဘကိလေသာက သောက်လေ သောက်လေ ငတ်မပြေသည့်နှယ် ထပ်ပြန်၊ ထပ်ပြန် ခံစားလိုသောကြောင့် ကာမဂုဏ်အာရုံတို့ကို မနားတမ်း ရှာဖွေ ဆက်သနေရခြင်းဖြစ်သည်။

(ခ) ဤသို့သော သဘာဝတရား၏ လျှို့ဝှက်ချက် (The secrate of nature) ကို နားလည်ရန် ခက်ခဲသောကြောင့် 'ငါကြိုက်တယ်'၊ 'ငါခံစားတယ်'၊ 'ငါကြိုက်လို့ ငါခံစားတာပေါ့'ဟု ပြောနေကြသည်မှာ သိ၍မဟုတ်ပါ။ တွေးထင်၍ ပြောနေကြခြင်းသာဖြစ်သည်။

ဝိပဿနာရှုကွက် ပေါ်လာရန်လို့အပ်

ဤနေရာ၌ အထက်ပါ ဂရုပ်ပုံဖြင့် ဖော်ပြခဲ့သည့် နေကြာစေ့ ဥပမာကို ဝိပဿနာရှုကွက် ဖော်ပြပါဦးမည်။ 'နေကြာစေ့ အရသာကို ခံစားသည်'ဆိုရာ၌ 'နေကြာစေ့ + အရသာ + ခံစားသည့်သူ'ဟူ၍ အပိုင်း ၃ ပိုင်း ပေါ်လာပါသည်။ 'နေကြာစေ့'သည် ပညတ် (Concept) ဖြစ်သည်။

ပညတ်တရားဟူသည် အခေါ်အဝေါ် သက်သက်မျှသာဖြစ်သောကြောင့် အခေါ်အဝေါ် ပြောင်းလဲရုံမျှဖြင့် မူလသဘာဝသတ္တိ ပြောင်းလဲမသွားပါ။ လူအများ ခေါ်ဝေါ်သုံးစွဲနေသည့် နေကြာစေ့ကို နေကြာစေ့ဟု မခေါ်ဘဲ "နေမကျစေ့'ဟု ပြောင်းခေါ်ခြင်းကြောင့် မည်သည့်အရာမှ ပြောင်းလဲမသွားပါ။ ထိုကြောင့် 'နေကြာစေ့'သည် နာမပညတ်မျှသာဖြစ်သည်။

ဤတွင် ပညတ်ဖြစ်သော 'နေကြာစေ့'နှင့် 'အရသာခံစားသူ'တို့ကို ဝိပဿနာရှု၍ မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုထို ပညတ်တရားတိုင်း၌ မမြဲ အနိစ္စ (Inpermanence)၊ ဆင်းရဲ ဒုက္ခ (Suffering)၊ အစိုးမရ အနတ္တ (Non self) ဟူသော လက္ခဏာရေး ၃ ပါး မရှိသောကြောင့်ဖြစ်သည်။

ဇီဝဝိညာဏ်ဟူသော အရသာသိစိတ်သည် အမှန်တကယ်ရှိသော အရှိတရား၊ ပရမတ်တရားဖြစ်သည်။ လျှာအကြည်ဟူသော ဇီဝပသာဒသည်လည်း အမှန်တရား၊ အရှိတရား၊ ပရမတ်တရား ဖြစ်သည်။ အပေါ်အောက် အံသွားဖြင့် နေကြာစေ့အခွံကို ဖိလိုက်သောကြောင့် ထွက်လာသော အသံသည်လည်း အမှန်တရား၊ အရှိတရား၊ ပရမတ်တရား ဖြစ်သည်။ လျှာပေါ်၌ အရသာသိစိတ်သည်လည်းကောင်း၊ နားထဲ၌ ကြားရသော အသံသည်လည်းကောင်း ခဏမျှမတည်တံ့ဘဲ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည်မှာ ပရမတ္ထဓမ္မသဘာဝ၏ သဘောအမှန်ဖြစ်သည်။

ထို့ကြောင့် ယောဂီက လျှာပေါ်၌ ပေါ်လာသောအရသာကို သတိ၊ ဝီရိယ၊ ဉာဏ်ဖြင့် သေသေချာချာ သိနေနိုင်အောင် ကြိုးစားရမည်။ ထိုအသံနှင့် အရသာတို့သည် တစ်ခဏမျှ တည်တံ့၊ ခိုင်ခံ့နေခြင်းမရှိဘဲ ပြောင်းလဲ၊ ပြောင်းလဲနေသည်ကို တဖြည်းဖြည်း နားလည် သဘောပေါက်လာမည်ဖြစ်ပါသည်။

သို့ပါသော်လည်း လျှာပေါ်၌ အဆက်မပြတ် အရသာပေါ်နေခြင်းမှာ လိုချင်လောဘ၏ စေ့ဆော်တိုက်တွန်းမှုကြောင့် နေကြာစေ့ အသစ် အသစ်ကို ထပ်ပြန် ထပ်ပြန် မနားတမ်း ပါးစပ်ထဲထည့်ပြီး ကိုက်ဝါးနေသောကြောင့် ဖြစ်ပါသည်။

သဘာဝတရား၏ လျှို့ဝှက်ချက်

ဤဖြစ်စဉ်တွင် အတွင်းအာယတန ၆ ပါး (The six internal sense bases.) အပြင်အာယတန ၆ ပါး (The six external sense bases.)နှင့် ဓာတ် ၁၈ ပါး (The eighteen dhatu.) တို့ကို တစ်ပေါင်းတည်း အားလုံးကို နားလည်သဘောပေါက်နိုင်ရန် ယောဂီတို့၏ဉာဏ်က မတတ်နိုင်ကောင်းပေ။

မိမိတို့၏ ဘဝါဘဝက ဆည်းပူးခဲ့သည့် အလေ့အထုံဝါသနာအရ တစ်ပါးကို နားလည်လျှင် ကျန်သည့်အာယတနလည်း ဤနည်းနှင်နှင့် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည့် သဘောအမှန်သာရှိကြောင်းကို ဣန္ဒြေထက်မြက်လာသည်နှင့်အမျှ ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဝိပဿနာအသိဉာဏ် အဆင့်ဆင့် မြင့်တက်လာနိုင်ရန်အတွက် ကျေကျေညက်ညက်ဖြင့် အသိနိုင်နင်းထားသည့် ရှုကွက်ကို နေ့စဉ်အချိန်ပေးပြီး မပျက်မကွက် ကြိုးစားလေ့ကျင့် အားထုတ်နေရပါမည်။

ကမ္မဋ္ဌာန်းတိုးတက်ကြီးပွားရာတွင် လွယ်ကူ ထက်မြက်လာစေရန် နေ့စဉ်ပုံမှန် ကမ္မဋ္ဌာန်းဘာဝနာ (Formal Mediation Practice.)ကိုလည်း လေ့ကျင့်အားထုတ်ရမည်။ အချိန်မရွေး၊ နေရာမရွေးလည်း ကမ္မဋ္ဌာန်းဘာဝနာ (Informal Mediation Practice) လေ့ကျင့်အားထုတ်ရပါမည်။

ထိုနည်းအတူ မျက်စိနှင့် အဆင်း၊ နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ခန္ဓာကိုယ်နှင့် အထိအတွေ့တို့ ကြုံရာ၊ ဆုံရာ၌လည်း သတိ၊ ဝီရိယ၊ ဉာဏ်အား စိုက်၍ သေသေချာချာသိနိုင်ရန် လေ့ကျင့်နေရမည်။ သို့မှသာ သဘာဝတရား၏ လျှို့ဝှက်ချက်ကို တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာ၌ သိရှိနားလည် သဘောပေါက်လာမည်ဖြစ်ပါသည်။

စားနေစဉ်၌လည်း ဝိပဿနာရှုမှားရမည်

စားနေစဉ်၌ ဝိပဿနာတရား ရှုပွားမည့်ယောဂီပုဂ္ဂိုလ်အတွက် မဟာသတိပဋ္ဌာန်ဒေသနာတော်၌ "ပုန စပရံ, ဘိက္ခဝေ, ဘိက္ခု အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ"ဟု ဟောတော်မူပါသည်။[၁]

အဓိပ္ပာယ်မှာ "ရဟန်းတို့ တစ်ဖန် ရဟန်းသည် စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏" ("Furthermore, a bhikkhu acts with situational awareness when eating, drinking, chewing, and tasting;")ဟု လာရှိသည်။ ထို့ကြောင့် အစားအစာ စသည်ကို စားနေစဉ်၌လည်းကောင်း၊ ရေ၊ ကော်ဖီ စသည်ကို သောက်နေစဉ်၌လည်းကောင်း သတိညာဏ်ဖြင့် သိလျက်စားသုံးရမည်။

'ထွေလီကာလီ အမယ်စုံ' သုတေသန

ဤနေရာ၌ နေကြာစေ့ဥပမာပြသကဲ့သို့ပင် ထမင်းတစ်လုတ် ပါးစပ်ထဲရောက်ပုံကို ဆက်လက် ဆန်းစစ်ကြည့်ပါမည်။ ထမင်းစား စားပွဲရှေ့၌ရှိနေသည့် ပန်းကန်ထဲက ထမင်းတစ်လုတ် ပါးစပ်ထဲခွံ့ရန် ပြင်ဆင်နေသည့် ဖြစ်စဉ်ကလည်း အလွန် စိတ်ဝင်စားစရာကောင်းပါသည်။

မိမိတို့ ကိုယ်စီ ကိုယ်စီ နှစ်သက်ကြသည့် ငရုပ်သီး အစပ်လည်းပါသေးသည်။ ငံပြာရည် အငန်လည်း ထည့်ရသေးသည်။ မရမ်းသီးထောင်း အချဉ်လည်းပါသေးသည်။ အသား တစ်ဖတ်ကိုလည်း ထည့်နယ်ထားပါသေးသည်။ ဤမျှ ထွေလီကာလီ အမယ်စုံအောင် စီမံခန့်ခွဲနေသည့်အချိန် မည်မျှကြာမည်ဟု ထင်ပါသနည်း။

ပါးစပ်ထဲဝါးနေသည့် ထမင်းတစ်လုတ် မျိုမချခင်နှင့် နောက်တစ်လုတ် ပါးစပ်ထဲ မခွံ့သေးခင် အလွန်တိုတောင်းသည့် အချိန်ကာလတိုကလေးအတွင်း၌ ထိုထိုထွေလီကာလီ အမယ်စုံကို စီမံ၍ ပြီးစီးသည်။ အချိန်အားဖြင့် စက္ကန့်ပိုင်းမျှသာရှိမည်ဟု ခန့်မှန်းနိုင်ပါသည်။ ဤစာကိုဖတ်ရှုနေသည့် ယောဂီသူတော်ကောင်းအနေဖြင့် ယနေ့ ထမင်းစားပွဲရှေ့ရောက်ချိန်၌ ဤ 'ထွေလီကာလီ အမယ်စုံ'သုတေသနကို မိမိကိုယ်တိုင် ပါဝင်ပြီး သုတေသန လုပ်ဆောင်နိုင်တော့မည် ဖြစ်ပါသည်။

၁။ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၈၁)

ဤရှုကွက်သည် အလွန်ပင် ရိုးရှင်းသောရှုကွက် ဖြစ်ပါသည်။ မိမိတို့ နေ့စဉ် စားဖွယ်စုံကို စားနေပါသော်လည်း သတိသမ္ပဇဉ်လွတ်၍ စားမိခဲ့သည့် ရက်၊ လ၊ နှစ် ကာလများ အလွန်၊ အလွန်ပင် ကြာညောင်းခဲ့လေပြီ။

ထို့ပြင် အစားအစာ စားခါနီး၌ မိမိတို့မြင်တွေ့ရသည့် အဆင်း၏ဆွဲဆောင်မှု အားကြီးသည်ကတစ်ကြောင်း၊ နှာခေါင်း၌ တိုးဝင်လာသည့် အစားအစာအနံ့၏ ဆွဲဆောင်မှုအားကြီးသည်က တစ်ကြောင်းတို့ကြောင့်လည်း သတိဉာဏ်က အဝေးသို့ လွင့်စဉ်ကုန်ခြင်း ဖြစ်ပေသည်။

ယခုအခါ ထမင်းစားစဉ်၌ သတိမကပ်နိုင်သည့် အကြောင်းရင်းအမှန်ကိုလည်း သိခွင့်ရပြီဖြစ်သဖြင့် ပါးစပ်ထဲသို့ မခွံ့သေးခင်ကပင် ထိုထမင်းတစ်လုတ်နှင့် ထွေလီကာလီ အမယ်စုံပြုပြင်နေသည့်ဖြစ်စဉ်ကို ဤစာဖတ်သူ ယောဂီအနေဖြင့်လည်း သူစိမ်းဆန်ဆန် ဘေးကကြည့်ရသကဲ့သို့ သုတေသန ပြုကြည့်သင့်ပါသည်။

ပါးစပ်ထဲ၌ အရသာပြောင်းနေသည့်ဖြစ်စဉ်

ဆက်လက်ပြီး ပါးစပ်ထဲသို့ အမယ်စုံရောက်သွားသောအခါ၌ ဘယ်ဘက်အံသွားက ဝါးနေသည် (ဝါ) ညာဘက်အံသွားက ဝါးနေသည်ကို ဦးစွာ ဆန်းစစ်ကြည့်စေချင်ပါသည်။ ထို့နောက် အရေးပါသည့် လျှာ၏လုပ်ငန်းဆောင်တာ ဆောင်ရွက်ပုံကိုလည်း ဆန်းစစ်ကြည့်စေချင်ပါသေးသည်။ ပါးစပ်ထဲ အစားအစာ မရောက်ခင်ကပင် သွားရည် ထွက်နေပါသည်။ ထိုသွားရည်နှင့် အစားအစာတို့ လုံးထွေးသွားပြီး အထက်အောက်သွားကလည်း ကြိတ်နယ်ပေးသောအခါ၌ အမယ်စုံနေသော အစားအစာ၏ အမျိုးမျိုးပြောင်းလဲနေသော အရသာက လျှာပေါ်၌ ပေါ်လာသည်။ ဤတွင် လျှာပေါ်၌ အရသာပြောင်းနေသည်ကို သေသေချာချာသိရန် လိုအပ်ပါသည်။

ထိုအချိန်၌ တစ်သက်တာ အကျင့်ပါလာသောလက်က ခွံ့ရလတ္တံ့သော ထမင်း လုတ်အတွက် အငြိမ်မနေဘဲ 'ဟိုဟင်းကို ဒီရွှေ့၊ ဒီတို့စရာကို ဟိုရွှေ့၊ ဟိုပန်းကန်ထဲ ဟိုဟာတွေ့နိုးနိုး၊ ဒီပန်းကန်ထဲ ဒီဟာတွေ့နိုးနိုး'ဖြင့် ဣန္ဒြေမရအောင် ဖြစ်နေသည့်လက်ကို တစ်ခဏကလေး သပိတ်နှုတ်ခမ်းပေါ်ကို ဖြစ်စေ (ဝါ) စားပွဲပေါ်ကိုဖြစ်စေ (ဝါ) ပေါင်ပေါ်ကိုဖြစ်စေ တင်ထားသင့်သည်။ ထို့နောက် ခါးကို အနည်းငယ်မတ်မတ်ထား၍ ပါးစပ်ထဲ၌ အရသာတစ်မျိုးပြီးတစ်မျိုး ပေါ်ပြီး ပျောက်နေသည့် ဖြစ်စဉ်ကို သေသေချာချာ ဂရုစိုက်သင့်ပါသည်။

ဤအလေ့အကျင့်ကို အစားစားတိုင်း လေ့ကျင့်ရန် ကြိုးစားသင့်သည်။ အကယ်၍ အစာစားသည့်ဖြစ်စဉ် အစအဆုံးကို မသိနိုင်စေကာမူ စွမ်းနိုင်သမျှ အနည်းငယ်မျှကို ဖြစ်စေ လေ့ကျင့်သင့်သည်။ မဟာသတိပဋ္ဌာန်ဒေသနာတော်လာ ကျင့်စဉ်အတိုင်း စားနေစဉ်၌လည်း ဝိပဿနာတရားကို အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် တစ်နေ့နေ့၌ 'စားနေသူဟူ၍ မရှိဘဲ ကောက်လိုက် ပါးစပ်ပေါက်ထဲထည့်လိုက်၊ ကောက်လိုက် ပါးစပ်ပေါက်ထဲထည့်လိုက် လုပ်ဆောင်နေသည်မှာ စက်ရုပ်ကြီးတစ်ရုပ် Robot က စည်းချက်မှန်မှန် အလုပ်လုပ်နေသည့်ပမာ'ဟု နားလည်လာနိုင်ပါသည်။ သို့မှသာ စားသူလည်းမရှိ၊ အရသာခံသူလည်း ကင်းဆိတ်နေသော သဘာဝ သဘောတရားသက်သက်ကို နားလည်နိုင်ရန် လမ်းစပေါ်လာမည် ဖြစ်ပါသည်။

မောတူ၊ အာရမ္မဏနှင့် အဓိပတိ

ဤနေရာတွင် ပရမတ္ထဓမ္မသဘာဝကို လူအများ နားလည်ရန် မလွယ်ကူသောကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အမည် ပညတ်တင်၍ ပြောဆိုရေးသားကြရပါသည်။ သို့သော် အကုသိုလ်စိတ်၏ ဓမ္မသဘာဝ၌ လောဘမူစိတ် (၈) ပါး၊ ဒေါသမူစိတ် (၂)ပါးနှင့် မောဟမူစိတ် (၂)ပါးဟူ၍ စိတ်စုစုပေါင်း (၁၂)ပါးသာ ရှိသည်။

ထိုလောဘမူစိတ် ကြီးစိုးသည့်အခိုက်ကို 'လောဘကြီးသူ'၊ 'ဒီတိုက်က လောဘကြီးတဲ့ ဦးလောဘရဲ့တိုက်ကြီးပေါ့'ဟူ၍ ပညတ်တင်ပြောမှသာ လူအများ နားလည်ကြပါသည်။ လောဘ၏ကျေးကျွန် ဖြစ်သွားရှာသော ဦးလောဘသည် 'ဣဋ္ဌနိဗ္ဗန္ဓရုပ်'ရုပ်ဟုခေါ်သော အလှ၊ အပ၊ အချော၊ အမွှေ့တို့ကို တွေ့မြင်မိလျှင် 'ဂရုံ ကတွာ' ဖြစ်သွားပြီး ထပ်ပြန်တလဲလဲ တွေ့ချင်၊ မြင်ချင်နေပါတော့သည်။ အသံကောင်းလျှင်လည်း ထိုနည်းအတူ ထပ်ပြန် ထပ်ပြန် ကြားချင်နေပါတော့သည်။ အနံ့ကောင်းလျှင်လည်း ထိုနည်းအတူ ထပ်ပြန်ထပ်ပြန် နမ်းချင်နေပါတော့သည်။ အရသာကောင်းလျှင်လည်း ထိုနည်းအတူ ထပ်ပြန်ထပ်ပြန် စားချင်၊ ဝါးချင်နေပါတော့သည်။

ဤတွင် လှပသောအဆင်းသည်လည်းကောင်း၊ ချိုသာသောအသံသည်လည်းကောင်း၊ ကြည်နူးစရာကောင်းသော ရနံ့သည်လည်းကောင်း၊ ချိုမြိန်သော အရသာသည်လည်းကောင်း၊ နူးညံ့အိစက်သော အတွေ့အထိတို့သည်လည်းကောင်း လောဘကြီးသူကို လွှမ်းမိုးချုပ်ကိုင် စိုးမိုးပေတော့သည်။ ထိုထိုအာရုံက သူ၏စိတ်အစဉ်၌ အဓိပတိ အကြီးအမှူး ဖြစ်သွားပါတော့သည်။

သတိလက်လွတ် ဌက်တောင်ကျွတ်နေသော လောဘသမားသည် လောဘခိုင်းသမျှကို အကောင်အထည်ဖော် လုပ်ဆောင်နေပါတော့သည်။ တရားသည်၊ မတရားသည်၊ ဖြစ်သင့်သည်၊ မဖြစ်သင့်ကို သူမဆင်ခြင်နိုင်တော့ဘဲ ထိုထိုအာရုံနောက်သို့သာ တကောက်ကောက် လိုက်ပါ၍နေပေတော့မည်။ သူသည် သတိပဋ္ဌာန်တရားကို အားထုတ်ခွင့်မရလျှင် ကမ္ဘာကုန်ကျယ်သရွေ့ ဖြစ်လေရာရာဘဝတိုင်း၌ လောဘ၏ကျေးကျွန်ငါးဖြာအာရုံနောက်သို့သာ တကောက်ကောက် လိုက်ပါနေပေတော့မည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ သိတော်မူ၊ မြင်တော်မူနိုင်စွမ်းသည့်အဖြစ် ဆရာသခင်တစ်ပါးက "တော်သလင်းလမှာ လမ်းမတွေပေါ်ကို တရုန်းရုန်းပြေးနေကြတဲ့ ခွေးထီး၊ ခွေးမတွေက အရင်ဘဝတွေတုန်းက နတ်ပြည်မှာ အခုလိုပဲ တရုန်းရုန်းလုပ်ခဲ့ကြပြီးပြီ"ဟု မိန့်ကြားတော်မူဖူးသည်။ ဆရာသခင်တို့၏ စကားတစ်ခွန်းသည် နားထောင်နိုင်သည့် နားရှိသူတို့အတွက် ကြီးစွာသော သတိသံဝေဂကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ဒုဋ္ဌသောတာပန် (၀၊) သောတာပန်အငယ်

ပမာပြရသော် လျှာအကြည်၌ အရသာပေါ်ပေါ်နေခြင်းမှာ 'တစ်စုံတစ်ဦးဦးသော တန်ခိုးရှင် နတ်ဘုရားက ဖန်ဆင်းပေးခြင်းကြောင့်လည်းမဟုတ်၊ ဝိညာဉ် လိပ်ပြာက သိနေခြင်းကြောင့်လည်း မဟုတ်ဘဲ ရသာရုံဟူသော အရသာသည် လျှာအကြည်ဓာတ်နှင့် တိုက်ဆုံခြင်းကြောင့်သာ အရသာသိစိတ် ဖြစ်လာသကဲ့သို့ ရူပါရုံအဆင်းသည်လည်း မျက်စိအကြည်ဓာတ်နှင့် တိုက်ဆုံသောကြောင့်သာ မြင်သိစိတ်ဖြစ်လာသည်။

'သဒ္ဒါရုံဟူသော အသံသည်လည်း နားအကြည်ဓာတ်နှင့် တိုက်ဆုံသောကြောင့်သာ ကြားသိစိတ် ဖြစ်လာသည်'။

'ဂန္ဓာရုံဟူသော အနံ့သည်လည်း နှာခေါင်းအကြည်ဓာတ်နှင့် တိုက်ဆုံခြင်းကြောင့်သာ နံသိစိတ်ဖြစ်လာသည်'။

'ဖောဋ္ဌဗ္ဗာရုံဟူသော အထိအတွေ့သည်လည်း တစ်စုံတစ်ဦးဦးသော တန်ခိုးရှင် နတ်ဘုရားက ဖန်ဆင်း ပေးခြင်းကြောင့်လည်းမဟုတ်။ ဝိညာဉ်၊ လိပ်ပြာ သိနေခြင်းကြောင့်လည်းမဟုတ်ဘဲ ကိုယ်ကာယ အကြည်ဓာတ်ဟူသော အခံဓာတ်နှင့် အတိုက်ဓာတ်တို့ တိုက်ဆုံခြင်းကြောင့်သာ ထိသိစိတ် ဖြစ်လာသည်'ဟူ၍ ယခုရေးသားထားသည့် ဤစာအသိပေါ် အခြေခံ၍လည်းကောင်း၊ မိမိတို့ နာကြားဖူးထားသည့် တရားတော်အပေါ်

အခြေခံ၍လည်းကောင်း ပိုင်ပိုင်နိုင်နိုင် သေသေချာချာ ထဲထဲဝင်ဝင် သိလာခြင်းသည် အကြောင်းတရားကို သိမ်းဆည်း၍ သိသည့် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်သည်။

ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်ထိ ပေါက်ရောက်ထားသူကို အဋ္ဌကထာကျမ်းများ၌ စူဠသောတာပန် (၀၀) သောတာပန်အငယ်စားဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။ 'ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ'။ ထို့ကြောင့် ဤပုဂ္ဂိုလ်သည် မြတ်ဗုဒ္ဓ၏သာသနာတော်၌ ထောက်တည်ရာရပြီး၊ မြဲသောလားရာဂတိရှိသူဟု ဖွင့်ဆိုပါသည်။

သို့ပါသော်လည်း မိမိတို့ရရှိထားသော ဤဉာဏ်မျှဖြင့် ရောင့်ရဲတင်းတိမ်၍ မနေသင့်ပေ။ ထို့ကြောင့် စူဠသောတာပန်မှသည် မဟာသောတာပန်စစ်စစ်ကြီးမက ဘဝသံသရာခရီး၌ ကြုံတောင့်ကြုံခဲ သာသနာတော်နှင့် ကြုံဆုံခွင့်ရနေသည့် ယခုဘဝ၌ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တိုင်အောင် ဆက်လက်၍ အားထုတ်သင့်လှပေတော့သည်။

သုဒ္ဓါဝါသဗြဟ္မာဘုံနှင်း ဧလွန်တော်မူသည့် အနာဂါမ်မထေရ်တစ်ပါး

ဆက်လက်၍ စူဠသောတာပန်၊ မဟာသောတာပန်မက အနာဂါမ်မထေရ်မြတ်ကြီးတစ်ပါးသည်ပင် အရဟတ္တဖိုလ်ကို မျက်မှောက်မပြုရသေးသဖြင့် ရှက်နိုးတော်မူသည့် အကြောင်းကိုလည်း ဤနေရာ၌ ဖော်ပြပါဦးမည်။

အခါတစ်ပါး၌ အနာဂါမ်မိမဂ်ဖိုလ်သို့ ရောက်ပြီးဖြစ်တော်မူသော အနာဂါမ်မထေရ်မြတ်အား အတူနေတပည့်တို့က "အရှင်ဘုရား တရားထူးကို မျက်မှောက် ပြုတော်မူပြီးပြီလားဘုရား"ဟု မေးလျှောက်ကြလေသည်။

မထေရ်မြတ်ကြီးသည် 'အနာဂါမိဖိုလ်ဟူသည် အိမ်ရာဖွဲ့နှောင် လူဘောင်၌ နေသူတို့ပင် ရနိုင်သေးသည်။ မိမိအနာဂါမိဖိုလ်မျှရသည်ကို ပြောကြားရန် ရှက်နိုးလှလေပြီ။ သို့ကြောင့် အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုပြီးနောက်၌သာ တပည့်တို့ကို ပြောကြားပေအံ့'ဟု ဆင်ခြင်တော်မူပြီး တပည့်တို့ကို တစ်စုံတစ်ခုသော စကားကိုမျှ ပြောကြားတော်မမူဘဲ မကြာမီကာလ၌ ပျံလွန်တော်မူပြီး သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်လေသည်။

ထိုအခါ မထေရ်မြတ်ကြီး၏ အတူနေတပည့်တို့က စိုးရိမ်ကြောင့်ကြလျက် မြတ်စွာဘုရားရှင်၏အထံတော်သို့ သွားကာ ဝိုင်းကြွေးကြသည်။ ဘုရားရှင်က "ချစ်သားရဟန်းတို့

၁။ ဝိသုဒ္ဓိမဂ် ဒုတိယတွဲ (နှာ-၂၄၀)

ဘာကြောင့် ငိုကြွေးတာလဲ”ဟု မေးတော်မူသည်။ ရဟန်းတော်များက “ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာက တပည့်တော်တို့အား မျက်ကွယ် ပြုတော်မူသွားပါပြီဘုရား”ဟု လျှောက်ထားသည်။

ဘုရားရှင်က “ချစ်သားရဟန်းတို့ရဲ့ ဥပဇ္ဈာယ်ဆရာက ချစ်သားတို့ကို မျက်ကွယ်ပြုပြီး ပျံလွန်တော်မူသွားတာကို စိုးရိမ်ပူဆွေးမနေကြပါနဲ့။ ချစ်သားတို့ရဲ့ ဥပဇ္ဈာယ်ဆရာက အနာဂါမိဖိုလ်သို့ ရောက်တော်မူပါသော်လည်း ‘အနာဂါမိဖိုလ်ဟူသည် အိမ်ရာဖွဲ့နှောင် လူဘောင်၌နေသူတို့ပင် ရနိုင်သေးသည်။ မိမိ အနာဂါမိဖိုလ်မျှရသည်ကို ပြောကြားရန် ရှက်နိုးလှလေပြီ။ သို့ကြောင့် အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုပြီးနောက်၌သာ တပည့်တို့ကို ပြောကြားပေအံ့’ဟု ဆင်ခြင်တော်မူပြီး တစ်စုံတစ်ခုသော စကားကိုမျှ ပြောကြားတော်မမူဘဲ ပျံလွန်တော်မူပြီးနောက် ယခုအခါ သုဒ္ဓါဝါသဗြဟ္မာဘုံမှာ ဖြစ်နေပါတယ်။ ဒါကြောင့် ချစ်သားရဟန်းတို့ရဲ့ ဥပဇ္ဈာယ်ဆရာအတွက် ကြောင့်ကြမဲ့ရှိကြပါ”ဟု ဘုရားရှင် မိန့်ကြားတော်မူပါသည်။[၁]

အာရမ္မဏပစ္စယောဆုတောင်း

“ကြုံဆုံလာသမျှသော ရူပါရုံ အဆင်း၊ သဒ္ဒါရုံ အသံ၊ ဂန္ဓာရုံ အနံ့၊
ရသာရုံ အရသာ၊ ဖောဋ္ဌဗ္ဗာရုံ အထိအတွေ့နှင့် ဓမ္မာရုံ အတွေးအကြုံ ဟူသော
အာရုံ (၆)ပါးတို့ကို အကြောင်းပြုပြီး လူသားအများ အသိဉာဏ်များပွင့်ထွန်းကာ
ဘဝသံသရာမှ လွတ်မြောက်နိုင်သည့်တိုင်အောင်
အကြောင်းအထောက်အပံ့ကောင်း ဖြစ်နိုင်ပါစေသား”

၁။ ဓမ္မပဒဝတ္ထုမြန်မာပြန် (စတုတ္ထတွဲ) (နှာ-၄၇-၄၉)၊ ဧကအနာဂါမိတ္ထေရဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ-၂ (နှာ-၁၈၈)

အာရမ္မဏပစ္စယော သိမှတ်ပုံ


အာရမ္မဏပစ္စည်း၏ ကျေးဇူးပြုပုံမှာ

အာရမ္မဏပစ္စည်းသည် နာမ်တရား၊ ရုပ်တရား၊ နိဗ္ဗာန်တရားနှင့် ပညတ်တရားတို့က နာမ်တရား တို့အား ကျေးဇူးပြုသောပစ္စည်း (Mind, Matter, Nibbana and Pannatti to Mind.) ဖြစ်သည်။

အာရမ္မဏပစ္စယော (ကု-ကု) မနောဒွါရဝီထိ

ကုသလော မမ္မော ကုသလဿ မမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ကု၊ ကု)
ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။[၁]

'အလျှုဒါနပေး၍၊ ငါးပါးသီလဆောက်တည်၍၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၍၊ ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသော ဥပုသ်သီလတည်းဟူသော ကာမာဝစရ ကုသိုလ်ကို ဆင်ခြင်၏'။[၂]



သော ဉာသံ အ မဟာကုသိုလ်စိတ်(၈)ပါး

၁။ ဒါနံဒတွာ = အလျှုဒါနပေး၍
၂။ သီလံ သမာဒိယိတွာ = ငါးပါးသီလဆောက်တည်၍
၃။ ဥပေါသထကမ္မံကတွာ = ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်
၄။ တံ ပစ္စဝေက္ခတိ = ထိုထို ဒါနသီလနှင့် ရှစ်ပါးသော ဥပုသ်သီလတည်းဟူသော ကာမာဝစရကုသိုလ်ကို ဆင်ခြင်၏။[၃]

ဝီထိအစဉ်ကို ရေးဆွဲထားသည့် (Pulse) ခုံးပုံ၏အစကို 'ဥပါဒ်-ဖြစ်'ဟူ၍လည်းကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍ လည်းကောင်း ကိုယ်စားပြုပါသည်။



ဖြစ် တည် ပျက်[၄]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ်၊ စေတသိက်ဟူသော နာမ်တရားများ၊ ရုပ်တရားများ၊ နိဗ္ဗာန်နှင့် ပညတ်အမျိုးမျိုး ဟူသော အာရုံ ၆ ပါးတို့ ဖြစ်ကြသည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ်၊ စေတသိက်ဟူသော နာမ်တရားများဖြစ်သည်။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၃၃)
၂။ အရှင်ခေမာနန္ဒ(ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဥ္စာဝါရ (အပိုင်း-၁၊ နှာ-၆)
၃။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော် ကြီး၏ သုံးချက်စုချပ်စဉ်တို့ကို မှီငြမ်းသည်။
၄။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းပဉ္စာဝါရဆိုင်ရာစာတမ်းမှ ဝီထိစဉ် Pulse ခုံးပုံကို မှီငြမ်းသည်။

၃။ အဓိပတိပစ္စယော
အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Adhipati paccaya (Predominance condition)

ပစ္စယနိဒ္ဒေသ

အဓိပတိပစ္စယောတိ - ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတ္ဝာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

Predominance condition (adhipati paccaya)

Predominant wish (chanda) is related to its associated phenomena and to the matter produced by them, by predominance condition.

Predominant effort (viriya) is related to its associated phenomena and to the matter produced by them, by predominance condition.

Predominant consciousness (citta) is related to its associated phenomena and to the matter produced by them, by predominance condition.

Predominant investigating wisdom (vimansa) is related to its associated phenomena and to the matter produced by them, by predominance condition.

Grasping any phenomenon as an outstanding object, these phenomena arise: consciousness and mental factors. The former phenomenon is related to the latter phenomena by predominance condition.

အဓိပတိပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“စကြဘုန်းဉူ၊ များဗိုလ်လူတို့၊ ပြိုင်သူမရှိ၊ အုပ်စိုးဘိသို့”ဟု အဋ္ဌကထာ၌ လာရှိသည်နှင့်အညီ စကြဝတေးမင်းကြီးသည် စကြဝဠာတစ်ခုလုံးကို ပြိုင်ဘက်မရှိ အုပ်စိုးသည်။ အုပ်ချုပ်ခံသူများသည် မင်းကြီး၏အလိုသို့ လိုက်ရသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ရုပ်၊ နာမ်၊ ဓမ္မအာရုံတရားများသည်လည်း မိမိအပေါ်၌ အဓိပတိတပ်သောအခါ၌ နာမ်တရားများကို မိမိအလိုက္ခ ဖြစ်အောင် တည်အောင် ကျေးဇူးပြုလေသည်။[၁]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ အကြီးအကဲဖြစ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများဖြင့်လည်း ပမာပြုနိုင်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် အလုံးစုံကို အစိုးရသောကြောင့် အဓိပတိပစ္စည်းဖြင့် ပမာပြုနိုင်ပါသည်။ ဝန်ကြီးများကိုမူ သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုစီကိုသာ အစိုးရသောကြောင့် ဣန္ဒြိယပစ္စည်းဖြင့် ပမာပြုနိုင်ပါသည်။

ထီးပြိုင်နန်းပြိုင်မင်းများ၏ အစိုးရခြင်းက ဣန္ဒြိယပစ္စည်း ယူရပါသည်။ အတုမရှိ ပြိုင်ဘက်ကင်းသည့် စကြာမင်းတို့၏ အစိုးရမှုကိုမူ အဓိပတိပစ္စည်း ယူရပါသည်။

Adhipati Paccaya

Adhipati means predominance. There are two kinds of Adhipati. Arammanadhipati and Sahajatadhipati. Arammanadhipati is very charming object. This object can charm our mind to it. It is compared to a long strong stick or a line of rope. We have explained these examples in the object condition.

Sahajatadhipati is compared to a universal king because that king is the king of all the world. He is the one who is predominant in all the world. As Sahajatadhipati is compared to a universal king and we may compare it to a president in this country. The president has the sole power, so Adhipati is like the president.

There are four Adhipatis. They are predominant desire, predominant effort, predominant mind, and predominant investigation. At one time, only one of them is predominance condition. When one is predominance condition, the others are conditioned state of predominance condition. When earnest desire arises, only earnest desire is predominance condition. When earnest effort arises, only earnest effort is predominance condition. When earnest mind arises, only earnest mind is predominance condition. When earnest investigation arises, only earnest investigation is predominance condition. At one time, only one of them can be predominance condition. These are four Adhipatis.[၁၂]

အဓိပတိ (၄) ပါး

အဓိပတိပစ္စယော၌ သဟဇာတာဓိပတိနှင့် အာရမ္မဏာဓိပတိဟူ၍ နှစ်ပိုင်း ရှိပါသည်။ သဟဇာတာဓိပတိသည် နာမ်အဓိပတိဖြစ်သည်။ အာရမ္မဏာဓိပတိသည် အာရုံအဓိပတိ ဖြစ်သည်။ ဤတွင် သဟဇာတာဓိပတိ (၄) ပါးရှိသည်။ ၎င်းတို့မှာ -

---

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

(၁) ဆန္ဒာဓိပတိ Predominant wish.
(၂) ဝီရိယာဓိပတိ Predominant effort.
(၃) စိတ္တာဓိပတိ Predominant consciousness. နှင့်
(၄) ဝီမံသာဓိပတိ Predominant investigating wisdom. တို့ဖြစ်ကြသည်။

အဓိပတိထိုက်သည့် ဆန္ဒဟူသည် 'စားလည်းဒီစိတ်'၊ 'အိပ်လည်းဒီစိတ်'၊ 'အလုပ်လုပ်နေလည်းဒီစိတ်'ဖြင့် ပန်းတိုင်ဆီသို့ ဦးတည်၍ သွားနေခြင်းဖြစ်သည်။ ထို့ကြောင့် 'ဆန္ဒဝတော ကိနာမ ကမ္မံ နသိဇ္ဈတိ'[၁] ဆန္ဒသာပြင်းပြပါက အဘယ်အရာ မပြီးစီးဘဲရှိမည်နည်းဟု လောကဌ ဆိုရိုးရှိသည်။

လောကကြီးဌ လူအများက လောဘကို ပဓာနဦးစီးဦးဆောင်နေရာဌ ထားလိုကြသည်။ သို့သော် လောဘသည် အဓိပတိမထိုက်ပါ။ ဆန္ဒသာ အဓိပတိထိုက်သဖြင့် ဆန္ဒာဓိပတိရသည်။ လောဘာဓိပတိမရပါ။ ထို့ကြောင့် ပဌာန်းတရားတော်ဌ လာရှိသည့်အတိုင်း သုံးသပ်လျှင် ဆန္ဒသည် လောဘထက် အဆပေါင်းများစွာ ကြီးမားသောစွမ်းပကားရှိလေသည်။

သို့သော် သတိပြုစရာတစ်ခုရှိပါသည်။ ဆန္ဒက ကုသိုလ်တရားဌလည်းပါသည်။ အကုသိုလ်တရားဌလည်း ပါနေသည်။ သို့ဖြစ်ပါ၍ အကုသိုလ်နှင့် ပေါင်းမိသော ဆန္ဒကြောင့် အကုသိုလ်သတ္တိများ တိုးပွားလာမည်။ ကုသိုလ်နှင့် ပေါင်းမိသော ဆန္ဒကြောင့်မူ ကုသိုလ်သတ္တိများ တိုးပွားပေမည်။ ဤနေရာဌ ဝတ္ထုသာဓကအဖြစ် ဘုရားလောင်း သုမေဓာရှင်ရသေ့၏ အဓိပတိထိုက်သည့်ဆန္ဒတော်ကို ဖော်ပြပါမည်။

ဘုရားလောင်းသုမေဓာရှင်ရသေ့၏ အဓိပတိထိုက်သည့်ဆန္ဒ

အလောင်းတော် သုမေဓာပညာရှိသည် တောထွက်ရန် ဆုံးဖြတ်သည်။ ထို့နောက် သူပိုင်ဆိုင်သော ဥစ္စာပစ္စည်းများစွာကိုကြည့်ပြီး 'ငါ၏ အဘ၊ အဘိုး ခုနစ်ဆက်သော ဆွေမျိုးတို့သည် တမလွန်လောကသို့ သွားကြကုန်၏။ သို့သော် ဤဥစ္စာစုကို သူတို့ယူဆောင်၍ မသွားနိုင်ကြကုန်။ ငါတစ်မူကား ဤဥစ္စာများကို နိဗ္ဗာန်တိုင်အောင် ယူဆောင်၍ သွားနိုင်ကြောင်း နည်းကောင်းတစ်ခု ပြုသင့်လှပေတော့သည်'ဟု ကြံစည်လေသည်။

ထို့နောက် အလှူစည်ကြိုးရိုက်တီးပြီး အမရဝတီ နေပြည်တော်တစ်ခွင်လုံးမှ လူအများအား ဥစ္စာပစ္စည်းတို့ကို လှူဒါန်းပြီးနောက် ရသေ့၊ ရဟန်းပြုရန် ဟိမဝန္တာသို့

၁။ ပစ္စယုဒ္ဒေသဝဏ္ဏနာ၊ ပဌာနပကရဏမူလဋီကာ (နှာ-၁၆၉)

တောထွက်လေသည်။ တောထဲ၌ ကမ္မဋ္ဌာန်းတရားကိုကျင့်ရာ ခုနစ်ရက်အတွင်း၌ပင် စျာန်အဘိညာဉ်တရားတို့ ပြည့်စုံပါတော့သည်။

ထိုအချိန်တွင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာပေါင်းလေးသိန်း ခြံရံလျက် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူလာရာ ရမ္မာဝတီပြည်သို့ရောက်၍ သုဒဿန ကျောင်းကြီး၌ သီတင်းသုံးနေတော်မူသည်။ အလောင်းတော် သုမေဓာရှင်ရသေ့သည် သခ်ိမ်းကျောင်းမှထွက်ပြီး ကောင်းကင်ယံသို့ ပျံတက်၍ ရမ္မာဝတီပြည်သို့ရောက်သော အခါ၌ ပြည်သူပြည်သားတို့သည် လမ်းပြင်ဆင်နေကြသည်ကို မြင်လေသည်။ ရသေ့သည် ကောင်းကင်မှ သက်ဆင်း၍ မေးမြန်းရာ၌ သုံးလောကထွဋ်ထား မြတ်စွာဘုရား ကြွတော်မူ နိုင်ရန် လမ်းပြင်ဆင်နေကြကြောင်း သိရလေသည်။

ရှင်ရသေ့သည် ဘုရားဟူသောအသံကို ကြားလိုက်ရသောအခါ ရင်ထဲတွင် နှစ်သက်ခြင်းပီတိများ တလှိုက်လှိုက် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် 'အိုလူအပေါင်းတို့ ငါ့အား ရှင်းလင်းရန် လမ်းတစ်နေရာကို ပေးကြပါကုန်။ ငါသည်လည်း မြတ်စွာဘုရား ကြွသွားတော်မူရန်အတွက် လမ်းခရီးကို သုတ်သင်ပေအံ့'ဟု ပြောပါသည်။ သုမေဓာရသေ့ သည် တန်ခိုးတေဇော် အာနုဘော်ကြီးသည်။ သို့ဖြစ်၍ ပြင်ဆင်ရန်ခက်ခဲပြီး ရွံ့ဗွက် ထူထဲသောနေရာတစ်ခုကို သတ်မှတ်ပြီးလျှင် 'ဤနေရာကို အရှင်သုမေဓာသည် ပြုပြင်ပါ။ တန်ဆာဆင်ပါ'ဟု ပြောပြီး နေရာသတ်မှတ်ပေးကြပါသည်။

သုမေဓာရသေ့သည် သူ၏တန်ခိုးအစွမ်းဖြင့် ဆောင်ရွက်နိုင်ပါသော်လည်း ကိုယ်တိုင်ကိုယ်ကျ ကာယခွန်အားဖြင့် ပြုလုပ်မည်ဟု ကြံစည်ပြီးလျှင် မြေကိုထမ်း၍ ထိုရွံ့ဗွက်ကြီးကို ဖို့ပါသည်။ ထိုစဉ်၌ပင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာအရှင်မြတ် လေးသိန်းကို ဦးဆောင်၍ ကြွတော်မူလာပါသည်။

ရှင်ရသေ့သည် မြတ်စွာဘုရားရှင်အား ပကတိ မျက်စိကိုမမှိတ်ဘဲ ဖူးမြင်ပြီးနောက် ရွံ့ဗွက်ထဲသို့ ဘုရားရှင်၏ခြေတော် မသက်ဆင်းစေဘဲ ကြွနိုင်ရန် ကိုယ်ကို တံတားခင်း မည်ဟု ဆုံးဖြတ်ကာ ရွံ့ဗွက်ပေါ်၌ အလျားလိုက် မှောက်နေရန် ဆုံးဖြတ်လိုက်ပါသည်။ 'ငါသည် အလိုရှိပါမူကား ယနေ့၌ပင် အာသဝေါတရားလေးပါး ကုန်ခန်းသော ရဟန္တာ စင်စစ် ဖြစ်နိုင်၏။ ငါသည် သဗ္ဗညုဘုရားအဖြစ် အားထုတ်ပေအံ့။ များစွာသော သတ္တဝါ အပေါင်းကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ထုတ်ဆယ် ကယ်တင်ပေအံ့'ဟု စိတ်အကြံ ဖြစ်လာသည်။

ထိုအခိုက်အတွင်း၌ပင် ရမ္မာဝတီမြို့သူ သုမိတ္တာပုဏ္ဏားမကလေးသည်လည်း ဒီပင်္ကရာမြတ်စွာဘုရားရှင်အား ပူဇော်ရန် ကြာပန်းရှစ်ခိုင်ကို လက်၌ကိုင်၍ ပရိသတ်

အလယ်သို့ ရောက်ရှိလာပါသည်။ သူသည် သုမေဓာရှင်ရသေ့ကို မြင်လျှင်မြင်ခြင်း မေတ္တာဓာတ်သက်ဝင်ကာ သူ့အတွက် ကြာပန်းသုံးခိုင်ကိုသာ ယူထားပြီး ကျန်သော ကြာပန်းတို့ကို ဘုရားရှင်အား လျှဒါန်းနိုင်ရန် ရှင်ရသေ့လက်ထဲသို့ ပေးအပ်လေသည်။ အလောင်းတော်သည် ရမ္မာဝတီမြို့သူ၏ လက်ထဲမှရရှိသည့် ထိုကြာငါးခိုင်ဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ပြီး ဘုရားဆုပန်လေသည်။

ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် ရွှံ့ဗွက်ထက်၌ အလျားစင်း၍ တံတားခင်းထားသော သုမေဓာရသေ့၏ဦးခေါင်းအနီးတွင် ရပ်တော်မူလျက် -'နောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းရှိသောအခါ ဂေါတမအမည်ဖြင့် ဘုရားအဖြစ်သို့ ရောက်လတ္တံ့" [၁]ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပါသည်။

သုမေဓာရှင်ရသေ့သည် 'လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်ပြီးမှသာ ပရိနိဗ္ဗာန်ပြုအံ့'ဟူသော ဆန္ဒဓိပတိကြောင့် ဘုရားဆုပန်တော်မူခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်ကောင်းလို့သည်

ထို့ကြောင့် အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုလိုသူအနေဖြင့် ဆန္ဒာဓိပတိဖြစ်လျှင် ဝိပဿနာဉာဏ်လည်း ရနိုင်သည်။ သောတာပန်လည်း ဖြစ်နိုင်သည်။ သကဒါဂါမ်လည်း ဖြစ်နိုင်သည်။ အနာဂါမ်လည်း ဖြစ်နိုင်ပါသည်။ အမြင့်အမြတ်ဆုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုလည်း မျက်မှောက်ပြုပြီး ရဟန္တာလည်း ဖြစ်နိုင်သည်။ ထိုနည်းအတူ ဝီရိယသာ အဓိပတိထိုက်ပါစေ၊ ပညာသာ အဓိပတိထိုက်ပါစေ၊ စိတ္တသာ အဓိပတိထိုက်ပါစေ လိုတရနိုင်သည်သာ။

ဤနေရာတွင် ဆန္ဒကောင်းရှိသကဲ့သို့၊ မကောင်းသည့် ဆန္ဒလည်းရှိသည်။ ဝီရိယကောင်းရှိသကဲ့သို့၊ မကောင်းသည့် ဝီရိယလည်းရှိသည်။ ကောင်းသည့်စိတ် ရှိသကဲ့သို့၊ မကောင်းသည့် စိတ်လည်းရှိသည်။ ပညာကမူ အကုသိုလ်ဘက်၌ မရှိသောကြောင့် ကောင်းသောပညာသာရှိသည်။ မကောင်းသောပညာဟူ၍ မရှိပါ။ ပညာသည် ကုသိုလ်ဘက်တော်သားဖြစ်သည်။ ထို့ကြောင့် ပညာကို ခေါင်းဆောင်တင်ပြီး ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရမည် ဖြစ်ပါသည်။

၁။ သုမေဓပတ္ထနာကထာဝဏ္ဏနာ၊ ဗုဒ္ဓဝံသအဋ္ဌကထာ (နှာ-၁၁၄)
ဗျာဒိတ်တော်အခန်း၊ မင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် (ပထမတွဲ-ပထမပိုင်း၊ နှာ-၆၈)

ထွက်လေထိသိ၊ ဝင်လေထိသိ

ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်မည့် ယောဂီပုဂ္ဂိုလ်သည် 'သတော၀ အဿသတိ၊ သတော၀ ပဿသတိ'[၁]ဟူသော ပါဠိတော်နှင့်အညီ အမှတ်သတိရှိလျက် ဝင်သက်ကို ရှူရမည်။ အမှတ်သတိရှိလျက် ထွက်သက်ကို ရှူရမည်။

ဆိုလိုသည်မှာ နှာသီးဖျား (၀ါ) နှုတ်ခမ်းဖျားအထက်၌ ထွက်လေ တိုး၍၊ ထိ၍ နေသည်ကို သိသိနေရမည်။ ဝင်လေ တိုး၍၊ ထိ၍ နေသည်ကို သိသိနေရမည်။ ထိုဝင်လေ၊ ထွက်လေ ဟူသော လေကြောင်းနောက်ကို မလိုက်ဘဲ နှာသီးဖျား (၀ါ) နှုတ်ခမ်းဖျားအထက်၌ တိုး၍၊ ထိ၍ နေသည်ကို သိ၊ သိနေရပါမည်။

အားထုတ်ခါစ အလေ့အကျင့်နည်းသည့် ယောဂီများက သတိညာဏ်အားနည်းနေ၍ ထိနေသည့်သဘောကို မသိနိုင်သေးပါက (၀ါ) မထင်ရှားပါက အသက်ရှူသွင်း၊ ရှူထုတ်သည့်နှုန်းကို ပုံမှန်ထက် အနည်းငယ်မျှ ပြင်းပြင်းကလေး ၄ ကြိမ်၊ ၅ ကြိမ်ခန့် ရှူကြည့်သင့်သည်။ ထိုအခါ၌ ထွက်လေ၏ တိုးမှု၊ ထိမှုသဘော၊ ဝင်လေ၏ တိုးမှု၊ ထိမှု သဘောတို့သည် သာ၍ သိသာ ထင်ရှားလာပါလိမ့်မည်။

ထိနေသည်ကို ထိနေမှန်းသိရမည်

ဤကဲ့သို့ ထိနေသည်ကို ထိနေမှန်း သိသိလာပါက သတိ၊ ဝီရိယ၊ ညာဏ်အား စိုက်ထုတ်ပြီး ထွက်လေ ထွက်တိုင်း တိုးထိနေသည်ကို လည်းကောင်း၊ ဝင်လေ ဝင်တိုင်း တိုးထိနေသည်ကိုလည်းကောင်း သိနိုင်ရန် ကြိုးစား အားထုတ်ရပါမည်။

ဤသို့အားထုတ်ရာ၌ မူလကမ္မဋ္ဌာန်း ဟူသော ဝင်လေ၊ ထွက်လေပေါ်သို့ စိတ်က မနေတော့ဘဲ အခြားတစ်ပါးသောအာရုံက စိတ်ကို အပိုင်စီးထားတတ်သည်ကိုလည်း အကြိမ်ကြိမ် ကြုံရတတ်ပါသည်။ စိတ်မပျက်သင့်ပါ။ မိမိ၏ မူလပင်တိုင် ထွက်လေထိသိ၊ ဝင်လေထိသိ၌ စိတ်ကို ပြန်ထားပြီး လေ့ကျင့်ရပါမည်။ အလေ့အကျင့် အားကောင်းလာသောအခါ၌ စိတ်က မူလပင်တိုင်ကမ္မဋ္ဌာန်းအာရုံ၌ အချိန်ကြာကြာ နေလာနိုင်သည်ကို ကိုယ်တွေ့ ကြုံရပါမည်။

သို့ပါသော်လည်း တရားအားထုတ်ခါစ၌ လေဟူ၍လည်းကောင်း၊ နှာခေါင်းဟူ၍ လည်းကောင်း၊ လေပြင်းပြင်း ထွက်သွားသည်ဟူ၍လည်းကောင်း၊ လေရှည်ရှည် ရှူနေသည်ဟူ၍လည်းကောင်း ပညတ်အာရုံတို့ကို ယူနေတတ်ပါသည်။ ပညတ်အာရုံကို မလွတ်သမျှ ပရမတ်နယ်ကို မရောက်သေးပါ။ တစ်နည်းအားဖြင့် ဝိပဿနာနယ်ကို

၁။ အာနာပါနပဗ္ဗ၊ ကာယာနုပဿနာ၊ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၂၃၁)

မရောက်သေးပါ။ သို့သော် စိတ်မပျက်ဘဲ ကြိုးစား အားထုတ်ရပါမည်။ ဤနေရာတွင် လယ်တီဆရာတော်ကြီး၏ ဗောဓိပက္ခိယဒီပနီမှ အားထုတ်ပုံကို ဖော်ပြပါမည်။

သူရူး၊ သူနှမ်း ဥပမာ

စိတ်သည် အာရုံ၌ ပြေးသွား လွင့်ပါးခြင်းသဘောရှိ၏။ စိတ်ကို အစိုးမရသော သူရူး၊ သူနှမ်းသည် ရောက်မိရောက်ရာ သွားလာ၏။ ဘယ်ကိစ္စမဆို နေရာကျအောင် မလုပ်ဆောင်နိုင်သဖြင့် လူရာမဝင်၊ ဆေးကုသမှ လူကောင်းပြန်ဖြစ်၏။ သူရူး လူကောင်းဖြစ်သော်လည်း သမထဝိပဿနာအရာတွင်မူ သူရူးတွေချည်းဖြစ်ကြ၏။ ဘုရားရှိခိုးမည်ဟု ဦးတည်ပါလျက် ကွတိပိသော တစ်ပုဒ်ဆုံးသည်တိုင်အောင် ဘုရားဂုဏ်တော်၌ စိတ် တည်ငြိမ်မှုမရှိဘဲ အာရုံတစ်ပါး လွင့်ပါးနေကြ၏။

ခွေးရူးပြန်သူ ဥပမာ

ခွေးရူးပြန်သူသည် ရေဆာ၍ ရေကိုမြင်လျှင် ပြေးရပြန်သကဲ့သို့ လူနာသည် ရောဂါပျောက်စေသော အာဟာရကို ကျွေးပါသော်လည်း လျှာနှင့်ထိလျှင် အခါးပကတိဖြစ်နေ၍ ထွေးအန်ပစ်သကဲ့သို့ ဘုရားဂုဏ်တော်ကို မချဉ်းကပ်နိုင်ဘဲ အခြားတစ်ပါး စိတ်ထွက်၍ ရက်လများစွာ ရွတ်ဆိုရှိခိုးသော်လည်း ကွတိပိသော တစ်ပုဒ်ဆုံးအောင် မရောက်နိုင်ကြ။

ထို့အတူ ဒိတ္တိသာကာရကို နှလုံးသွင်းမည်၊ ငြဟ္မဝိဟာရသမထကို နှလုံးသွင်းမည်ဟု ဦးတည်သော်လည်း စိတ်မနိုင်၍ နှုတ်နှင့်သာ အဆုံးသတ်တော့၏။ ပါပသို့ ရမတေ မနော (ဓမ္မပဒ) စိတ်သည် မကောင်းရာ၌သာ မွေ့လျော်၏။ ရေသည် နိမ့်ရာသို့သာ စီးဆင်းမြဲဖြစ်သကဲ့သို့ စိတ်သည် မကောင်းရာ၌သာ မွေ့လျော်၏။

ပဲ့မနိုင်သော လှေသူကြီး ဥပမာ

ပဲ့မနိုင်သော လှေသူကြီးသည် နေ့အခါ မြို့ရွာဆိပ်ကမ်းသို့ လှေဆိုက်ကပ်လိုသော်လည်း မနိုင်သည့်အတွက် လှေမျောရာပါရသကဲ့သို့ စိတ်မနိုင်သောသူတို့သည် သာသနာမရှိသော သုညကမ္ဘာတွင် ကျင်လည်ကြရသည်။

သာသနာတော်၌ ဗုဒ္ဓဘာသာဖြစ်ကြသော်လည်း သတိပဋ္ဌာန်အလုပ် အားမထုတ်ကြသောကြောင့် စိတ်ကိုမနိုင်၊ ဝိပဿနာကို အားမထုတ်နိုင်။ သို့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိပ်ကမ်းသို့ မကပ်နိုင်ကြဘဲ သံသရာ၌ ကျင်လည်ကြလေ၏။

ဇဒါနဒီ၊ ပဂ်လနဒီ

လယ်တီဆရာတော်ကြီး ဆိုဆုံးမတော်မူသကဲ့သို့ မိမိကိုယ်ကို သုံးသပ်ဆင်ခြင်ပြီး ကြိုးစားအားထုတ်ရာတွင် ရံခါ၌ ဘယ်ဘက်နှာသီးဝက လေရှူတာ သိသာထင်ရှားတတ်ပြီး၊ ညာဘက်နှာသီးဝက မထင်မရှားဖြစ်နေသည်ကိုလည်း ကြုံရတတ်သည်။ ရံခါ၌မူ ညဖက်နှာသီးဝက လေရှူတာ သိသာထင်ရှားတတ်ပြီး ဘယ်ဘက်နှာသီးဝက မထင်မရှားဖြစ်နေသည်ကိုလည်း ကြုံရတတ်သည်။ ဤဖြစ်စဉ်များ ကြုံနေရသည်မှာ မမှားပါ။ မှန်ကန်ပါသည်။ တရားအားထုတ်မှ ကြုံရသည့်ဖြစ်စဉ်မျိုး မဟုတ်ပါ။ ယခုဤစာကို ဖတ်ရှုနေသူအနေဖြင့် စာအုပ်ကို စက္ကန့် ၂၀ ခန့် ပိတ်ထားပြီး မိမိ၏နှာသီးဝကို အာရုံပြုကြည့်ပါ။ ဘယ်ညာနှစ်ဖက် ညီညီမျှမျှ လေရှူထုတ်၊ ရှူသွင်းနေခြင်း မဟုတ်သည်ကို ကိုယ်တွေ့သိနိုင်ပါသည်။

အကြောင်းမှာ နှာသီးဝလေစီးကြောင်းများ အချိန်အခါအားလျော်စွာ သဘာဝအတိုင်း ပြောင်းလဲတတ်ကြောင်းကို ရှေးဟောင်း ယောဂကျမ်းများ၌ ဇဒါနဒီ၊ ပဂ်လနဒီ စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်း ဖော်ပြကြပါသည်။

ထိုကြောင့် ဘယ်၊ ညာ နှာသီးဝ၌ လေအဝင်၊ အထွက် မညီမျှမှုမှာ အာနာပါန တရားအားထုတ်ခြင်းနှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ လူတိုင်း၌ရှိနေသည့် သဘာဝဖြစ်စဉ် ဖြစ်ပါသည်။ သို့သော် 'သတိမမူ၊ ဂူမမြင်'ဟု ဆိုထားသကဲ့သို့ အမှတ်မထင် ဖြစ်နေသည့် ကိစ္စရပ်သာတည်း။

ဝိပဿနာ၏ ကနဦးအစ

ထွက်လေထွက်တိုင်း တိုးထိ၍ တိုးထိ၍ သိနေပြီး၊ ဝင်လေ ဝင်တိုင်းလည်း တိုးထိ၍ တိုးထိ၍ သိလာနိုင်သည့်အား ကောင်းလာသည်နှင့်အမျှ နှာသီးဝဟူ၍ မထင်ရှားတော့ဘဲ တိုးနေသည့်သဘောနှင့် ထိနေသည့်သဘောတို့ကသာ ပို၍ သာ၍ ထင်ရှားလာပေတော့မည်။

ဆက်လက်ပြီး ဝင်လေ ဝင်သည့်လေကြောင်းနှင့် ထွက်လေ ထွက်သည့်လေကြောင်းတို့က မထင်ရှားတော့ဘဲ တိုးနေသည့်သဘော၊ ထိနေသည့်သဘောတို့က သာ၍ ပို၍ ထင်ရှားလာပေတော့မည်။ ရံခါ တစ်ခဏမျှ အတွေးအတောကင်းဆိတ်ပြီး တိုးနေသည့်သဘောနှင့် သိနေသည့်သဘောက အချိန်အတန်ကြာသည့်တိုင် ထင်ရှားနေသည်လည်း ကြုံရတတ်ပါသည်။

ဤအတွေ့အကြုံမျိုးသည် အခြို့တရားအားထုတ်နေသည့် ယောဂီ၏ တစ်သက်တစ်ခါ မတွေ့ကြုံဘူးသည့် အတွေ့အကြုံအသစ် ဖြစ်နေတတ်သဖြင့် 'တရားထူးတယ်ဆိုတာ ဒါမျိုးများလား'ဟု တရားထိုင်လျက် တွေးနေမိတတ်သည်။ ဤတွင် ထိုထိုအတွေးများကြောင့် အရှိန်ရလာခါစရှိသေးသည်။ 'ထိသိသတိ၊ ထိသိသတိ'က ကြက်ပျောက်၊ ငှက်ပျောက် ပျောက်၍သွားပါတော့သည်။

စိတ်မပျက်သင့်ပါ။ အစကပြန်၍ အားထုတ်ရမည်ဖြစ်ပါသည်။ သို့သော် ထိုအတွေ့အကြုံမျိုးကို ရလိုလွန်း၍ အလောတကြီးအားထုတ်လျှင်မူ 'လိုက်လေ၊ ဝေးလေ' ဖြစ်ပေတော့မည်။ သတိ၊ ဝီရိယ၊ ဉာဏ်အားစိုက်ပြီး ပုံမှန် ကြိုးစားအားထုတ်သင့်ပါသည်။ ယောဂီအားထုတ်နေသည့် ကမ္မဋ္ဌာန်းသည် ဝိပဿနာဘာဝနာ၏ ကနဦးအစ နယ်နိမိတ်အတွင်းသို့ ချဉ်းကပ်နေပါသည်။

ပဋ္ဌာန်းတရားတော်လာ ကာယဖောဋ္ဌဗ္ဗ ရူပ်ပရမတ်၊ နာမ်ပရမတ်

ထိုဝင်လေထိသိသဘောနှင့် ထွက်လေထိသိသဘောတို့သည် ပရမတ်ဖောဋ္ဌဗ္ဗ ရူပ်တရားတို့ဖြစ်သည်။ ထိသည်ကို 'သိသိ'နေသည့်သဘောက ပရမတ်နာမ်တရားဖြစ်သည်။ ပဋ္ဌာန်းတရားတော်ကို လေ့လာဆည်းပူးနေသည့် ယောဂီတို့အနေဖြင့် ထိမှုနှင့် သိမှုသဘောကို ခန္ဓာဖွဲ့၍ လေ့လာကြည့်ရှုနိုင်ပါသည်။ ခန္ဓာ (၅)ပါး အစုအဖွဲ့၌ 'ထိမှု' သဘောသက်သက်သည် ရူပက္ခန္ဓာဖြစ်သည်။

ထို့နောက် 'ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော'ဟု လာရှိသဖြင့် ကုသိုလ်ဖြစ်သော အဓိပတိသည် အတူယှဉ်တွဲ၍ (Associated) ဖြစ်သည့် ခံစားမှုသဘော ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုသဘော သညာက္ခန္ဓာ၊ အားထုတ်မှုစေတနာသဘော သင်္ခါရက္ခန္ဓာနှင့် သိမှုသဘော ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာ (၄) ပါးတို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။

ထို့ကြောင့် နှာသီးဝဠဲ ထိမှုကြောင့်ဖြစ်ပေါ်လာသော ခံစားမှုသဘော (Feeling sensation)သည် ဝေဒနာက္ခန္ဓာဖြစ်သည်။ မှတ်သားတတ်သောသဘော (Perception)သည် သညာက္ခန္ဓာ ဖြစ်သည်။ စေ့ဆော်အားထုတ်မှု စေတနာသဘော (Mental formation)သည် သင်္ခါရက္ခန္ဓာဖြစ်သည်။ သိမှုသဘော (Consciousness)သည် ဝိညာဏက္ခန္ဓာဖြစ်ပါသည်။

ဤတွင် နှာသီးဝဠဲ လေတိုးဝင်၊ တိုးထွက်ခြင်းကြောင့် 'ထိမှု'မည်သော အဗျာကတသဘောသည် တစ်ခုပြီးတစ်ခု၊ တစ်ထိပြီးတစ်ထိ ပေါ်နေသည်။ ပေါ်ပြီးသည့်နောက်၌

လည်း ခဏမခြား ပျောက်၍ ပျောက်၍ သွားနေသည်။ ထိုထိမှုနှင့် သိမှုတို့သည် သိခါမျှ၊ သိခါမျှသာ သက်တမ်းရှိသဖြင့် အလွန်တိုတောင်းလှပါသည်။

နှာသီးဝ၌ လေတိုးဝင်၊ တိုးထွက်ရာ၌ နှာခေါင်းအတွင်း၌ ဖြစ်စေ၊ နှာသီးဖျား၌ ဖြစ်စေ တွန်းကန် ထိခိုက်နေခြင်းသည် ဝါယောဖောဋ္ဌဗ္ဗရုပ်တရား၏ လက္ခဏာ (Characteristic) ကို သိခြင်းဖြစ်သည်။ ထွက်လေ၊ ဝင်လေ တရွေ့တရွေ့ချင်း ရွေ့နေသည်။ လှုပ်ရှားနေသည်ဟု သိရှိသဘောပေါက်ခြင်းသည်လည်း ဝါယောဖောဋ္ဌဗ္ဗရုပ်၏ရသ (Function)ကို သိနေခြင်းဖြစ်ပါသည်။

သမုဒယဝယမမ္မာ

အားထုတ်မှု အလေ့အလာကောင်းသည်နှင့်အမျှ ယောဂီ၏ဉာဏ်ထဲ၌ နှာသီးဝလည်း ပျောက်နေသည်။ လေကြောင်းလည်း ပျောက်နေတတ်သည်၊ ထိမှုသဘောနှင့် သိမှုသဘောမျှသာ အချိန်အတန်ကြာသည့်တိုင် ထင်ရှား၍ နေတတ်သည်။

တစ်ဖန် ထိုထိမှုသဘောနှင့် သိမှုသဘောကလည်း တစ်ထိ တစ်သိ၊ တစ်ထိ တစ်သိ မျှသာ ပေါ်လာပြီးနောက် ပျောက်၍၊ ပျောက်၍ နေပါသည်။ ဖြစ်ပေါ်လာပြီး ချုပ်၍၊ ချုပ်၍နေသည်ကို သိရှိလာခြင်းသည် ဝိပဿနာဉာဏ်၏ နယ်ပယ်တွင်းသို့ သေသေချာချာ ရောက်လာခြင်းဖြစ်သည်။

ထို့အပြင် မဟာသတိပဋ္ဌာနသုတ်ပါဠိတော်၌ 'သမုဒယဝယမမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ'[၁] ဟူသော ပါဠိတော်နှင့်အညီ နှာသီး၌ ဝါယောဖောဋ္ဌဗ္ဗရုပ်၏ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည်ကို ယောဂီ၏ဉာဏ်ထဲ သိရှိ နားလည်လာခြင်းဖြစ်သည်။

ဥဒယဗ္ဗယဉာဏ်

ပညတ်အာရုံ၌ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော မရှိပေ။ ထို့ကြောင့် ဝိပဿနာ၏အာရုံ မဖြစ်ကောင်းပါ။ ပရမတ္ထအာရုံဟူသည် တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ အစဉ်သဖြင့် ဖြစ်ခြင်း၊ ပျက်ခြင်း ရှိနေသောကြောင့် ဝိပဿနာ၏အာရုံဖြစ်သည်။

'သဗ္ဗေပိ ပရမတ္ထဓမ္မာနာမ သဗ္ဗသော သဏ္ဌာနရဟိတာ ဟောန္တိ၊ အာကာရ ဝိကာရ ကိရိယမတ္တာဧဝ၊ အနုမတ္တေပိ သဏ္ဌာနေ ဒိဿမာနေ တသ္မိံ ဝတ္ထုသ္မိံ အနေကာ ပရမတ္ထဓမ္မာ ပဝတ္တန္တိ'။[၂]

၁။ အာနာပါနပဗ္ဗ၊ ကာယာနုပဿနာ၊ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၂၃၂)

၂။ သုတ္တနိပါတ်အဋ္ဌကထာ

'ပရမတ်ဟူသည် အမူအရာ ကြိယာမျှသာဖြစ်သောကြောင့် ပုံသဏ္ဌာန်မှ လုံးဝ ကင်းဆိတ်သည်။ သဏ္ဌာန်ဒြပ်ဟူ၍ အဏုမြူမျှ မရှိပေ'ဟု လာရှိသည်နှင့်အညီ ယောဂီ၏ ဉာဏ်၌ ပုဂ္ဂိုလ်သတ္တဝါ ကင်းဆိတ်နေသည်။ ထို၍သိနေသည့် သဘောမျှသာ ပေါ်လွင်နေသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက် မပေါ်သကဲ့သို့ မိန်းမ၊ ယောကျ်ားအာရုံလည်း မပေါ်ပေ။ ထိုမှတစ်ဆင့် ကြိုးစားအားထုတ်လျှင် အားထုတ်သည်နှင့်အမျှ အသိဉာဏ်များ အဆင့်ဆင့် တိုး၍ တိုး၍ တက်လာပေတော့မည်။

'အဇ္ဈတ္တံ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ'[၁]ဟူသော ပါဠိတော်နှင့် အညီ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်နေသည့် ယောဂီသည် ရုံခါဠ် မိမိ၏ သန္တာန်၌ ရှုမှတ်ပြီးသိနေသကဲ့သို့ ရုံခါဠ်လည်း သူတစ်ပါး၏သန္တာန်၌ ဤကဲ့သို့ပင် ဖြစ်ပေမည်ဟု ဆုံးဖြတ်နိုင်သည်။ ၎င်းကိုပင် အဇ္ဈတ္တကို တစ်လှည့်၊ ဗဟိဒ္ဓကိုတစ်လှည့် ရှုလျက်နေခြင်းဖြစ်သည်။

အနိစ္စမြင်လျှင် အနတ္တထင်

ဝိပဿနာတရားလမ်းကြောင်း မှန်လာသည်နှင့်အမျှ ယောဂီ၏ဉာဏ်ထဲ အနိစ္စမြင်လျှင် သန္တတိပျောက်တော့သည်။ ဘုရားရှင်သည် မေယိယသုတ်၌ 'အနိစ္စသညိနော မေယိယ အနတ္တသညာ သဏ္ဌာတိ'[၂]ဟု ဟောတော်မူသည်။ ထို့ကြောင့် ယောဂီ၏သန္တာန်၌ အနိစ္စဉာဏ် (Impermanence)ကို ပိုင်ပိုင်မြင်လာလျှင် ဒုက္ခဉာဏ် (Suffering)၊ အနတ္တဉာဏ် (Non self) ထင်လာရန် အထူးကြောင့်ကြစိုက်ရန် မလိုအပ်တော့ပါ။

ပရိယတ်၊ ပဋိပတ်အရာ ကျွမ်းကျင်တော်မူကြသည့် ဆရာတော်ကြီးများကလည်း 'ဝိပဿနာအစ ဉဒယဗ္ဗယဉာဏ်က'ဟု မိန့်တော်မူလေ့ရှိပါသည်။ မြန်မာဘာသာစကားဖြင့် ဉဒယဗ္ဗယဉာဏ်ကို ဖြစ်ပျက်ဉာဏ်ဟု သုံးနှုန်းကြသည်။

ဉဒယဗ္ဗယဉာဏ်မည်သည် ရုပ်ပရမတ်၊ နာမ်ပရမတ်တို့၏ တဒင်္ဂတစ်ခဏမျှတည်တံ့၊ ခိုင်ခံ့ခြင်း မရှိသည့်သဘောကို ယောဂီ၏ဉာဏ်ထဲ သေသေချာချာ ပိုင်ပိုင်နိုင်နိုင် သိလာခြင်းဖြစ်သည်။ ဉာဏ်ဟူသည် စိတ်ကူးကြံဆ ပုံဖော်ပြီး သိရသည်မျိုးမဟုတ်ဘဲ အရှိကို အရှိအတိုင်း သိသိနေခြင်းတည်း။

ဤနေရာ၌ ယောဂီက 'အနိစ္စကိုမြင်လာလျှင် အနတ္တနှင့် ဒုက္ခဉာဏ်တို့သည် အလိုလို ထင်လာသည်'။ ဆိုလိုသည်မှာ ဉဒယဗ္ဗယဉာဏ် ရင့်သန်လာသည်နှင့်အမျှ

၁။ အာနာပါနပဗ္ဗ၊ ကာယာနုပဿနာ၊ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၂၃၂)

၂။ မေယိယသုတ္တ၊ သမ္မောဓိဝဂ္ဂ၊ ပဋမပဏ္ဏာသက၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ-၁၆၉)

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ဖြစ်မှု၊ ပျက်မှုတို့သည် သူ့သဘောသူဆောင်၍ သဘာဝအတိုင်း ဖြစ်ပျက်နေသည်ကို ယောဂီ၏ဉာဏ်၌ ထင်လာခြင်းဖြစ်သည်။

ယခုဘဝကိုမဆိုထားဘိ၊ အတိတ်ဘဝတစ်ခုခု၌ထင်ခဲ့သည့် အနိစ္စသညာသည်လည်း ယခုပစ္စုပ္ပန်ဘဝတိုင်အောင် ကျေးဇူးပြုနိုင်သည့်အကြောင်းကို အရှင်စူဠပန်ဝတ္ထုကို သာဓကပြု၍ ဖော်ပြပါမည်။

အရှင်စူဠပန်ထူထောင်ခဲ့ဖူးသည့် အတိတ်ကောင်းကံနှင့် မကောင်းကံ

သာဝတ္ထိမြို့နေ ဥပါသကာကြီး၏ မြေးဖြစ်သူ မဟာပန်သည် အဘိုးနှင့်အတူ ဘုရားရှင် သီတင်းသုံးတော်မူရာကျောင်းတော်သို့ လိုက်ပါခွင့်ရသဖြင့် ဘုရားရှင်ထံတော်ပါးမှ တရားတော်များကို အကြိမ်ကြိမ်နာရသည်။ ထို့ကြောင့် သူသည် ရဟန်းပြုချင်လာသဖြင့် အဘိုး၊ အဘွားများထံပါး ခွင့်ပန်ကာ ရဟန်းပြုလေသည်။ ထို့နောက် ကမ္မဋ္ဌာန်းတရားအားထုတ်ရာ မကြာမြင့်မီမှာပင် ရဟန္တာဖြစ်ပါသည်။

ကာလအတန်ကြာသောအခါ၌ အရှင်မဟာပန်သည် ညီငယ်စူဠပန်ကိုလည်း ရှင်ရဟန်း ပြုပေးတော်မူသည်။ ညီငယ်ဖြစ်သူ အရှင်စူဠပန်သည် လေးပိုဒ်ရှိသောဂါထာကို လေးလတိုင်တိုင် ကျက်မှတ်သော်လည်း အလွတ်မရနိုင်သည်အထိ ဉာဏ်လေးလွန်းရှာသည်။ ဤသို့ဖြစ်နေသည်မှာလည်း အကြောင်းမဲ့ မဟုတ်ပါပေ။ အရှင်မြတ်သည် ကဿပဘုရားရှင်လက်ထက်တော်၌လည်း ပညာရှိရဟန်းတစ်ပါး ဖြစ်ခဲ့ဖူးပြီး ဉာဏ်လေးသည့်ရဟန်းတစ်ပါးကို ကဲ့ရဲ့ရှုတ်ချ ပြက်ရယ်ပြုခဲ့ဖူးသော ဝဋ်ကြွေးကြောင့် ဖြစ်ပါသည်။

ဤတွင် နောင်တော်ကြီးဖြစ်သူ အရှင်မဟာပန်က 'ဒီမျှဉာဏ်လေးနေလျှင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်မည်မဟုတ်'ဟု ဆင်ခြင်ကာ ညီတော်စူဠပန်ကို ကျောင်းမှ နှင်ထုတ်လိုက်ပါသည်။ ထို့ကြောင့် အရှင်စူဠပန်သည် စိတ်ပျက်အားငယ်စွာဖြင့် လူထွက်တော့မည်ဟု ဆုံးဖြတ်ပြီး နံနက်စောစော အိမ်ပြန်ရန် ထွက်လာခဲ့ပါသည်။

ထိုအချိန်၌ ဘုရားရှင်သည် ဇေတဝန်ကျောင်း၏မုခ်ဦးတွင် စင်္ကြံကြွတော်မူလျက် အရှင်စူဠပန်ကို စောင့်ဆိုင်းတော်မူနေပါသည်။ အရှင်စူဠပန် ရောက်လာသောအခါ မြတ်စွာဘုရားထံပါး သွားရောက်ကာ ဦးခိုက်ကန်တော့ပါသည်။ ဘုရားရှင်က စူဠပန်ကို "ဘယ်သွားမလို့လဲ"ဟု မေးတော်မူရာ အရှင်စူဠပန်က သူ၏ဖြစ်စဉ်ကို အပြည့်အစုံလျှောက်ထားပါသည်။

ထိုအခါဘုရားရှင်သည် အရှင်စူဠပန်ကို ဂန္ဓကုဋီတိုက်သို့ ခေါ်ဆောင်တော်မူပြီး လက်ကိုင်ပဝါပမာဏရှိသော ပိတ်ဖြူပိုင်းကလေးကို လက်ထဲပေးတော်မူပြီး 'ရဇောဟရဏံ'၊

'ရဇောဟရဏံ'ဟု ရွတ်ဆိုပြီး ဆုပ်နယ်နေရန် မိန့်တော်မူပါသည်။ ထို့နောက် ဘုရားရှင်နှင့် သံဃာတော်များသည် ဆရာဇီဝက၏အိမ်သို့ ဆွမ်းဘဉ်းပေးရန် ကြွတော်မူပါသည်။

ထိုပိတ်ဖြူအပိုင်းလေးကို ဆုပ်နယ် ပွတ်ဖန်များလာသောအခါ၌ ဖြူစင်နေသော အဝတ်သည် တဖြည်းဖြည်း ညစ်နွမ်းလာပါသည်။ အရှင်စူဠပန်၏စိတ်တွင် 'ဤအဝတ်ဖြူပိုင်း၏ ရှေးကဖြူစင်မှု ပျောက်ဆုံးသွားလေတော့ပြီ'ဟု သဘောပေါက်လာသည်။ ထိုအခါ ဘုရားရှင်သည် ဆရာဇီဝကအိမ်မှ ရောင်ခြည်တော်လွှတ်ပြီး အရှင်စူဠပန်အား တရားဟောကြားတော်မူရာ တရားအဆုံး၌ အရှင်စူဠပန်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူပြီး ပိဋကတ်သုံးပုံကိုမသင်ရဘဲ အလိုအလျောက် တတ်မြောက် တော်မူသည်။

ဤနေရာ၌ အကြောင်းတရားမရှိဘဲ အကျိုးတရားဖြစ်ပေါ်လာရိုး မရှိပါ။ အရှင်စူဠပန် အလောင်းအလျာသည် ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရဟန်းဖြစ်ခဲ့ပြီး အနှစ် နှစ်သောင်းကြာမြင့်သည့်ကာလတိုင်အောင် ဩဒါတကသိုဏ်း (Object of meditation which is white)ကို စီးဖြန်းခဲ့ဖူးသည်။ ထို့ပြင် တစ်ခုသောဘဝ၌ ဘုရင်ဖြစ်ခဲ့ဖူးပြီး သူ၏နဖူးမှခွေးကို မျက်နှာသုတ်ပဝါအဖြူဖြင့် သုတ်ရာ၌ အညစ်အကြေးစွန်းထင်းသည်ကို မြင်ရသောခဏ၌ အနိစ္စသညာကို ရခဲ့ဖူးပါသည်။

ထို့သို့သော အတိတ်အကြောင်းတရားများအပြင် ယခုဘဝ၌ ကလျာဏမိတ္တသူတော်ကောင်းကြီး ဖြစ်တော်မူသော ဘုရားရှင်ထံတော်ပါး အမှီပြုခွင့်ရခဲ့သောကြောင့် ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူခြင်းဖြစ်ပါသည်။

ထို့ကြောင့် ယနေ့သာသနာတော်နှင့် ကြုံနေသည့် အခါကာလကောင်း၌ သီလသိက္ခာကိုလည်း ကျင့်သင့်သည်။ သမာဓိသိက္ခာကိုလည်း ကျင့်သင့်သည်။ ပညာသိက္ခာကိုလည်း ကျင့်သင့်သည်။ ဤသို့ ကျင့်ကြံနေခြင်းသည် ယခုဘဝ၌လည်း မင်္ဂဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ အကြောင်းမညီညွတ်ခဲ့လျှင်လည်း ဘဝသံသရာ၌ အချည်းနှီးမဖြစ်နိုင်သည်ကို အရှင်စူဠပန်ဝတ္ထုဖြင့် သိခွင့်ရလေပြီ။

ပရမတ်ပေါ်လျှင် ပညတ်ငုပ်သည်

ဝိပဿနာ တရားလမ်းကြောင်းမှန်ပေါ်ရောက်လာလျှင် ပညတ်ပေါ်လျှင် ပရမတ်ငုပ်သည်။ ပရမတ်ပေါ်လျှင်လည်း ပညတ်ငုပ်သည်ဟု ဆရာသခင်များ မိန့်ကြားတော်မူကြသည်။ ဝိပဿနာအားထုတ်မှု အစဉ်၌ အလွန်အရေးပါသော ဖြစ်ပျက်ဉာဏ် (၀၊) ဥဒယဗ္ဗယဉာဏ်၏အာရုံသည် ပရမတ်တရားဖြစ်သည်။

၁။ စူဠပန္ထကတ္ထေရဂါထာဝဏ္ဏနာ၊ ဒသကနိပါတ၊ ထေရဂါထာ အဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၁၈၉)

၂။ စူဠပန္ထကထေရဝတ္ထု၊ အပဒါနဒဝဂ္ဂ၊ ခုဒ္ဒကနိကာယ အဋ္ဌကထာ (ပထမတွဲ၊ နှာ-၁၅၃)

ဥဒယဗ္ဗယညာဏ် အားကောင်းလာသောအခါ၌ ပညတ်နိမိတ်တို့ ဆိတ်သုဉ်းပြီး ပရမတ်သဘောတို့သည် အထူးကြောင့်ကြမစိုက်ရဘဲ သိသာထင်ရှားလာပါသည်။ ထိုအခါ 'ငါ မဟုတ်၊ ငါ့ကိုယ် မဟုတ်၊ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါမဟုတ်'သည်ကို ဝိပဿနာအားထုတ်သော ယောဂီ၏ဉာဏ်ထဲ ရှင်းရှင်းလင်းလင်း သိလာပါတော့သည်။

ထို့ကြောင့် ဝိပဿနာဉာဏ်အဆင့်ဆင့် မြင့်တက်လာသော ယောဂီများက ဉာဏ်ဖြင့်သိရသည့် ဤအခြေအနေတို့ကို အချို့ကမ္မဋ္ဌာန်းဆရာက ရောက်လာသမျှ ယောဂီတို့ကို ဆန္ဒစောပြီး 'ငါ မဟုတ်၊ ငါ့ကိုယ် မဟုတ်၊ ယောက်ျား မရှိဘူး၊ မိန်းမ မရှိဘူး၊ ရုပ်နာမ်သာရှိတယ်'ဟု ဟောပြောတတ်သည်။

ထိုအခါ အိမ်၌ လင်ယောက်ျားနှင့် ရန်ဖြစ်လာသည့် ယောဂီတစ်ဦးက ဆရာတော်က ယောက်ျားမရှိဘူးလို့ ဟောနေတယ်။ 'ငါ့မှာ ယောက်ျား ငုတ်တုတ်ရှိတယ်။ မနေ့ညနေကပဲ အိမ်ကယောက်ျားနဲ့စကားများပြီး အခုတရားစခန်းကို လာဝင်တာ'ဟု တွေးမိပြီး သူတို့ စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည့် သာဓကများစွာ ရှိဖူးသည်။ ဝိပဿနာဉာဏ် မခိုင်သေးသည့်ယောဂီက ဤမျှနက်နဲသောတရားကို သာမန်နားဖြင့် နားထောင်၍ နားလည်နိုင်မည်မဟုတ်ပေ။

ဖြစ်ပျက်ဉာဏ် ထင်လာရန်သာ ပဓာန

'ရုပ်ပရမတ်၊ နာမ်ပရမတ်တို့က တဒင်္ဂတစ်ခဏမျှပင် တည်တံ့၊ ခိုင်ခံ့ခြင်းမရှိကြောင်း'ကို နည်းမှန်လမ်းမှန် တရားအားထုတ်နေသည့် ယောဂီ၏ ဉာဏ်အနု၊ အရင့်အားလျော်စွာ ပိုင်းပိုင်းခြားခြား သိလာနိုင်ပါသည်။

ဝိပဿနာတရား အားထုတ်နေသည့်ယောဂီ၌ ဗဟုသုတများလျှင် များသည့်အလျောက် ရုပ်ဒြပ်မည်သော (Matter)တစ်ခုခု၌ ရှိသင့်ရှိထိုက်သည့် (Weight) အလေးချိန်လည်းမရှိ၊ ရှိသင့်ရှိထိုက်သည့် ဒြပ်ထု (Mass) သဘောလည်းမရှိ၊ ရှိသင့်ရှိထိုက်သည့် သဏ္ဌာန် (Form) လည်းမရှိ၊ ရှိသင့်ရှိထိုက်သည့် အရွယ်အစားပမာဏ (Dimensions) လည်း အရိပ်အမြွက်မျှမရှိကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် နားလည်လာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဝေဘူဆရာတော်ကြီးက "ဖြစ် ပျက် ဉာဏ် ခိုင်လာတဲ့ယောဂီက ထွေလီကာလီတွေကို လိုက်လုပ်မနေနဲ့၊ ဖြစ်ပျက်ကိုသာ ရှုနေ၊ နေရာကျရင် သူ့ဘာသာသူ မြင်သင့်မြင်ထိုက်တာတွေကို သိမြင်လာလိမ့်မယ်"ဟု မိန့်တော်မူခြင်းဖြစ်သည်။[၁]

၁။ ဝေဘူဆရာတော်၏ ဝိပဿနာ၊ ဓမ္မဒါနလက်ကမ်းစာအုပ်

ရေတံခွန်ကျောင်း၊ ဝင်ရော်ဆိပ်ကြီးတောရဆရာတော်က “ဖြစ် ပျက် ဉာဏ် အမြင် စစ်စစ်မှန်မှန် ပေါက်ရောက်ထားသူအဖို့ အရိယာဖြစ်ဖို့ မခက်ခဲတော့ပါဘူး။ မဂ္ဂင်လမ်းကို လျှောက်လှမ်းနေတဲ့ ယောဂီအတွက် အရိယာစခန်းက လက်တစ်ကမ်းမှာရှိပါတယ်”ဟု မိန့်ကြားတော်မူဖူးသည်။

မဂ္ဂင်လမ်းဆုံးကို လျှောက်လှမ်းတော်မူခဲ့သည့် ဆရာသခင်တို့၏ နှုတ်ထွက်စကားသည် ရဲရင့်ပြတ်သား တိကျလှပါသည်။ မိမိအားထုတ်နေသော ဝိပဿနာကမ္မဋ္ဌာန်းသည် အမှန်တကယ်ပင် မဂ္ဂင်လမ်းပေါ် ရောက်မှသာ ဇဝေဇဝါ ပြေပျောက်ကာ စိတ်တုံးတုံး ချနိုင်တော့မည်။ စိတ်ချလက်ချလည်း ရှိပေတော့မည်။ ထိုအခါ ဆန္ဒ၊ ဝိရိယ၊ စိတ္တ၊ ဝီမံသတရားတို့ကို အဓိပတိတပ်လျက် ကျင့်ကြံအားထုတ်မည်ဆိုပါက ဘဝမခြား မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေမည်။

သိသင့်သည့် ဖြစ်ပျက်ဉာဏ်

ဝိပဿနာတရားအားထုတ်ပြီး တရားဉာဏ်တိုးလာသည်နှင့်အမျှ မကြုံစဖူးသော ချမ်းသာ အမျိုးမျိုးကိုလည်း ကြုံရတတ်သည်။ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပြီးနောက် ပိုင်း၌ နှစ်သက်စဖွယ်သော အလင်းရောင်အစုံလည်း ဖြစ်ပေါ်လာတတ်သည်။ တစ်ဖန် ရှုမှတ်ဆဲအခါ၌ ရှုမှတ်စရာ အာရုံနှင့် မှတ်သိစိတ်တို့က ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီး ချုပ်ပျောက်နေသည်ကို ရှင်းလင်းစွာ သိ၍သိ၍နေနိုင်သည်အထိ အသိဉာဏ် ထက်မြက်နေသည်ကိုလည်း ကြုံရတတ်ပါသည်။

တစ်ဖန် ပီတိဖြစ်လာပြီး တစ်ကိုယ်လုံး ကြက်သီးထခြင်း၊ ရင်ထဲနှလုံးထဲ၌ တလှိုက်လှိုက် စိမ့်၍စိမ့်၍လည်း ဆင့်ကာဆင့်ကာဖြစ်ပေါ်လာတတ်သည်။ သို့သော် အကြောင်း မညီညွတ်လျှင်မူ နှစ်ပေါင်း (၃၀)တိုင်တိုင် စိတ်မလျော့ ဝီရိယာဓိပတိ တပ်လျက် တရားအားထုတ်ခဲ့ပါသော်လည်း တရားထူးမရနိုင်ခဲ့သည့် သာဓကလည်း သာသနာတော်၌ ရှိဖူးပါသည်။

အဓိပတိတရားနှင့် မဟာသီဝမထေရ်၏ဘဝ

မဟာသီဝမထေရ်မြတ်ကြီး၌ မြေလျှိုးမိုးပျံနိုင်စွမ်းသည့် ရဟန္တာတပည့်များစွာ ရှိပါသည်။ သို့သော် ဆရာရဟန်းမှာမူ ပုထုဇဉ်အနွယ်ကို မကျော်ဖြတ်ဘဲ ပရိယတ်၊ ပဋိပတ် သင်ကြားရေးဖြင့် မွေ့တော်မူလျက်ရှိသည်။

တစ်နေ့၌ တပည့်ရဟန္တာထေရ်တစ်ပါးက မိမိ၏ဆရာသခင်အား လိမ္မာပါးနပ်စွာ သတိပေးလာသဖြင့် နောက်တစ်နေ့ နံနက်စောစော သပိတ်၊ သင်္ကန်းယူပြီး တရား အားထုတ်ရန် တောထဲ ကြွသွားတော်မူပါသည်။

မထေရ်မြတ်ကြီး ကျောင်းမှထွက်ခွာသွားသည်ကို မည်သည့်တပည့်ကိုမျှ အသိ မပေးခဲ့ပါ။ အသိမပေးခြင်းမှာလည်း ဆရာမထေရ်မြတ်ကြီး၏စိတ်ထဲ၌ 'မိမိလိုပုဂ္ဂိုလ် မျိုးအတွက် အရဟတ္တာမဂ်၊ အရဟတ္တဖိုလ်ဆိုတာ မခဲယဉ်းဘူး။ (၂) ရက်၊ (၃) ရက်လောက် အားထုတ်ရင် ရဟန္တာဖြစ်မယ်။ ဒါကြောင့် ရဟန္တာဖြစ်ပြီးမှ ကျောင်းပြန်ပြီး ဝါဆိုမယ်'ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားတော်မူဟန် တူပါသည်။ ထိုနေ့သည် မိုးဦးကာလ ဝါဆိုခါနီး အချိန်ဖြစ်သည်။

သို့ပါသော်လည်း မထေရ်မြတ်ကြီးသည် ဝါဆိုလပြည့်နေ့အထိ တရားထူး မရရှိ သေးပါ။ ထို့ကြောင့် 'ငါသည် (၂) ရက်၊ (၃) ရက်လောက် အားထုတ်ရင် ရဟန္တာဖြစ်မယ်လို့ မျှော်လင့်ခဲ့ပါသော်လည်း အခု တရားထူးမရဘူး။ ဒီတစ်ဝါတွင်း အားထုတ်မယ်။ ရဟန္တာ ဖြစ်ပြီးမှ ကျောင်းပြန်ပြီး ပဝါရဏာပြုမယ်ဟု ဆုံးဖြတ်တော်မူပြီး ဆက်လက် အားထုတ် တော်မူပါသည်။

တစ်ဝါကျွတ်သော်လည်း ရဟန္တာမဖြစ်။ (၂) ဝါကျွတ်သော်လည်း ရဟန္တာမဖြစ် သောကြောင့် 'မဂ်ဖိုလ်ကို မရနိုင်ခြင်းမှာ ခြေဆေးရခြင်း၊ ခုတင်ပေါ်၌ လဲလျောင်းနေရ ခြင်းများကြောင့်ဖြစ်မည်။ ထို့ကြောင့် ရဟန္တာမဖြစ်သရွေ့ ကျောလည်းမခင်း၊ ခြေလည်း မဆေးတော့အံ့'ဟု ဆုံးဖြတ်ပြီး ထိုင်၊ ရပ်၊ သွား ကျရိယာပုတ်သုံးပါးဖြင့် (၂၉)နှစ်တိုင်တိုင် အားထုတ်ခဲ့ပါသော်လည်း မဂ်ဖိုလ်ကို မရနိုင်ဘဲ ရှိနေတော့သည်။ မထေရ်မြတ်ကြီး ဝိရိယာဓိပတိကား အံ့ဖွယ်ဖြစ်ပါသည်။

မထေရ်မြတ်ကြီး တောထွက်တော်မူပြီး အနှစ် (၃၀)ပြည့် ပဝါရဏာနေ့သို့ ရောက် သည့်တိုင် ရဟန္တာမဖြစ်သေးသဖြင့် 'သြော်. . . ငါတရားအားထုတ်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ပြည့်ခဲ့ပြီး အရဟတ္တဖိုလ်ကိုလည်း မရသေး။ ငါဒီဘဝ မဂ်ဖိုလ်ရပုံ မပေါ်ဘူး'ဟု တွေးဆင်ခြင်မိပြီး ဝမ်းနည်းလာသဖြင့် မျက်ရည်ယိုစီးကာ ငိုကြွေးတော်မူသည်။

ထိုအချိန်၌ နတ်သမီးတစ်ယောက်က မထေရ်ကြီးအား သတိပေးလိုသဖြင့် မနီး မဝေးတွင် ရှိုက်ကြီးတငင် ငိုကြွေးနေပါသည်။ မထေရ်ကြီးက "ဒီမှာငိုနေတာ ဘယ်သူလဲ" ဟု မေးသောအခါ "တပည့်တော် နတ်သမီးပါဘုရား"ဟု လျှောက်သည်။ "ဘယ်လို အကြောင်းကြောင့် ငိုနေရတာလဲ"ဟု မေးသောအခါ၌ "မဂ်ဖိုလ်နိဗ္ဗာန်ရရန် ငိုနေကြောင်း ပါဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ မဟာသီဝမထေရ်ကြီးသည် သတိ သံဝေဂရကာ မိမိကိုယ်ကို ဤသို့ ဆုံးမလေသည်။ -"အို-အမောင်မဟာသီဝ နတ်သမီးငယ်ကပင် သင့်ကို ပြက်ရယ်ပြုနေချေပြီ၊ ဤအပြုအမူသည် သင့်လျော်ပါသေးရဲ့လား"ဟု ဆင်ခြင်ဆုံးမတော်မူပြီး အဓိပတိတရားများ ရှေးကထက် ထက်သန်စေလျက် ဝိပဿနာတရားကို ပွားများ အားထုတ်တော်မူရာ မကြာမြင့်မီ ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်တော်မူပါသည်။[၁]

ဝီရိယနည်းသူတို့၏ ဆင်ခြေ

ထို့ကြောင့် မဟာသီဝမထေရ်မြတ်ကြီးတို့ကဲ့သို့ အရိုးကြေကြေ အရေခမ်းခမ်းဟူသောဝီရိယဖြင့် ကြိုးစားရန် ယောဂီ၏တာဝန်ဖြစ်သည်။ ဝီရိယအပိုင်းအခြားကို ပြည့်မီအောင် အားထုတ်ပါလျက် တရားထူးမရခဲ့လျှင်သာ ခေတ်သမယကိုလည်းကောင်း၊ ဒွိဟိတ်ကိုလည်းကောင်း၊ ပါရမီကိုလည်းကောင်း လွှဲချသင့်က လွှဲချထိုက်၏။

ယခုမူ ယင်းသို့ အားမထုတ်ပါဘဲလျက် မဂ်ဖိုလ်ရထိုက်တဲ့ ခေတ်အခါမဟုတ်ဘူးဟူ၍လည်းကောင်း၊ ပါရမီကကို နည်းလွန်းလို့ပါဟူ၍လည်းကောင်း ပြောဆိုနေကြ၏။ နေယျပုဂ္ဂိုလ်တို့၏ ခေတ်ကာလ၌ ဝီရိယအချိုးမကျရှိနေမှုကို မသိကြ၍ ပြောဆိုနေကြ၏။

အမှန်တကယ်အားဖြင့်လည်း အရှင်သောဏ၊ အရှင်စက္ခုပါလတို့သည် ဝါတွင်း (၃)လပတ်လုံး မအိပ်ဘဲ ထိုင်မှု၊ စင်္ကြံသွားမှုနှင့် အားထုတ်တော်မူခဲ့၏။ ဖုဿဒေဝမထေရ်သည် ထိုကဲ့သို့ (၂၅)နှစ်တိုင်တိုင် အားထုတ်တော်မူ၏။ မဟာသီဝမထေရ်သည် မအိပ်ဘဲ အနှစ် (၃၀)တိုင်တိုင် အားထုတ်တော်မူခဲ့၏။

ယခုကာလ အားထုတ်သူတို့မှာ ဝီရိယနည်းသည့်အပြင် ပရိယတ္တိပညာ အားသေးကြ၏။ ပရိယတ္တိပညာရှိသူတို့မှာလည်း ဘုန်းကြီးမှု၊ တရားဟောပြောမှု၊ ကျမ်းဂန်ရေးသားမှုစသည့် ပလိဗောဓတို့နှင့်သာ နေကြ၏။ နှစ်ရှည်လများ ဝီရိယမရှိကြကုန်။

အချို့က ပါရမီပြည့်လျှင် ကျွတ်ချိန်ကျ ကျွတ်လိမ့်မည်။ ရမည်၊ မရမည် မသိသကဲ့သို့ အပင်ပန်းမခံနိုင်ဟု ပင်ပန်းမည်ကို ကြောက်ကြ၏။ ဤဘုရားသာသနာ၌ မကျွတ်သော်လည်း အပင်ပန်းခံရသော ဘာဝနာ အာစိဏ္ဏကံသည် လွန်စွာကြီးကျယ်သော ကံဖြစ်၍ အပ္ပါယ်မကျ၊ သုဂတိဘဝအဆက်ဆက်နှင့် နောက်ဘုရားကို တွေ့လိမ့်မည်၊ အပင်ပန်းမခံနိုင်လျှင် သာသနာနှင့်ကြုံသော်လည်း မကျွတ်နိုင်ပြီ၊ ရှုံးမှုကြီး သက်သက်သာဖြစ်၏ဟု လယ်တီဆရာတော်ကြီးက ဗောဓိပက္ခိယဒီပနီ၌ ရေးသားတော်မူပါသည်။

၁။ မဟာသီဝတ္ထေရဝတ္ထု၊ သက္ကပဉ္ဉသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ-၃၁၉)

ပရမတ်ဝိပဿနာဉာဏ်ပေါ်လျှင် ဉာဏ်အဆင့်ဆင့်တက်သည်

ဝိပဿနာတရားအားထုတ်ရာတွင် ဗလဝဥဒယဝယဉာဏ် အားကောင်းလာသည်နှင့်အမျှ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ဖြစ်၊ ပျက် တို့သည် အထူးကြောင့်ကြမစိုက်ရဘဲ သဘာဝအတိုင်း ဖြစ်ပျက်နေသည်ကို ယောဂီ၏ ဉာဏ်အမြင် ရှင်းလာမြဲဖြစ်သည်။

ဤသို့ မခိုင်ခံ့သည့်သဘော၊ မတည်တံ့သည့်သဘောကို ပိုင်ပိုင်မြင်လာသော ယောဂီသည် ရုပ်နာမ်နှစ်ပါးပေါ်၌ ငြီးငွေ့လာမည်မှာ ဓမ္မတာဖြစ်သည်။ "သမ္မာပသဒံ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တာသ္မိ ဝိမုတ္တာမ္ဟိတိ ဉာဏံ ဟောတိ"[၁]ဟု ဟောတော်မူပါသည်။[၂]

ပါဠိတော်၏ဆိုလိုရင်းမှာ ရုပ်နာမ်နှစ်တန်၏ ဖြစ်ပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် အမှန်မြင်သည်ရှိသော် လောကီစည်းစိမ်ချမ်းသာနှင့်တကွ သံယောဇဉ်အဖြာဖြာတို့ကို တွယ်တာ ကပ်ငြိသည့်စိတ်မရှိဘဲ ငြီးငွေ့၍သာ နေပါတော့သည်။

တစ်နည်းအားဖြင့် ပစ္စည်းဥစ္စာ၊ ရတနာ ရွှေငွေ၊ ဆန်ရေစပါး၊ သားမယား စသည်စသည်တို့ အပေါ်၌လည်း အာသာပြတ်ခြင်း၊ တပ်မက် နှစ်သက်ခြင်းကင်း၍ နေပါတော့သည်။

ဤတွင် တပ်မက်နှစ်သက်ခြင်း အလျဉ်းမရှိသည်နှင့်အမျှ ကိလေသဝဋ်၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါးမှ လွတ်မြောက်ရန် ကြိုးပမ်းပါတော့သည်။ ကြိုးပမ်းသည်နှင့်အမျှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရ၍ အပါယ်ဘေးမှ လွတ်မြောက်နိုင်ပေသည်။ လွတ်မြောက်လျှင် လွတ်မြောက်မှန်းသိကာ စိတ်ချလက်ချ ဝမ်းသာပေတော့သည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တိုင်အောင် မျက်မှောက်ပြုရလျှင်မူကား ပြောဖွယ်ရာ မရှိတော့သည်သာ။

ဝိပဿနာဉာဏ်မည်သည် ပရမတ် ရုပ်တရား၊ နာမ်တရားတို့၏ လက္ခဏာရေးသုံးပါးဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးအနက် တစ်ပါးပါးကို သိရန်သာ လိုရင်းဖြစ်ပေသည်။

ဥပမာအားဖြင့် အနိစ္စကိုသိလျှင် ဒုက္ခနှင့် အနတ္တတို့ကို သိခြင်းကိစ္စ ပြည့်စုံတော့သည်။ ဒုက္ခကိုသိလျှင်လည်း အနိစ္စနှင့် အနတ္တတို့ကို သိခြင်းကိစ္စ ပြည့်စုံတော့သည်။ အနတ္တကိုသိလျှင်လည်း ဒုက္ခနှင့် အနိစ္စတို့ကို သိခြင်းကိစ္စ ပြည့်စုံတော့သည်။ ဉာဏ်ထဲ၌ လက္ခဏာရေးတစ်ပါး ပိုင်ပိုင်ပေါ်လွင်လာလျှင် အခြားနှစ်ပါးကိုသိရန် အထူး ကြောင့်ကြစိုက်ရန် မလိုတော့ပါ။

၁။၂။ အလဂဒ္ဒူပမသုတ္တ၊ သြပမ္မဝဂ္ဂ၊ မူလပဏ္ဏာသပါဠိ (နှာ-၁၉၂)

မင်္ဂလေးပါးနှင့် လျော်သည့်ဥာဏ်

လက္ခဏာရေးသုံးပါးအနက် အနိစ္စကိုလည်းကောင်း၊ ဒုက္ခကိုလည်းကောင်း၊ အနတ္တကိုလည်းကောင်း ကောင်းစွာရှုမြင်နိုင်လျှင် မင်္ဂလေးတန်၊ ဖိုလ်လေးတန်ကို ရနိုင်သော အရည်အချင်းရှိပြီးဖြစ်ကြောင်းကို ပါဠိတော်လာအတိုင်း ဖော်ပြပါမည်။

'သော ဝတ, ဘိက္ခဝေ, ဘိက္ခု သဗ္ဗသခ်ိရေ အနိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ'။[၁]

'ရဟန်းတို့ - ထိုရဟန်းသည် အလုံးစုံသောသင်္ခါရတို့ကို အနိစ္စဟုရှုသည် ရှိသော် မင်္ဂနှင့်လျော်သော 'အနုလောမဉာဏ်'နှင့် ပြည့်စုံမည့်အကြောင်းသည်ရှိ၏။ မင်္ဂနှင့် လျော်သော 'အနုလောမဉာဏ်'နှင့် ပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သင်္ကဝင်မည့် အကြောင်းသည်ရှိ၏။ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သင်္ကဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို သော်လည်းကောင်း၊ အနာဂါမိဖိုလ်ကို သော်လည်းကောင်း၊ အရဟတ္တဖိုလ်ကိုသော်လည်းကောင်း မျက်မှောက်ပြုမည့် အကြောင်းသည် ရှိ၏'ဟု ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ လာရှိသည်။

ဗလဝဝိပဿနာဉာဏ်၊ ပဋိဝိပဿနာဉာဏ်

လောကီ ဝိပဿနာဉာဏ်တို့တွင် ဤဘင်္ဂဉာဏ်သည် အလွန်အားကြီးသောကြောင့် 'ဗလဝဝိပဿနာဉာဏ်'ဟု အမည်ရသည်။ ဤဗလဝဝိပဿနာဉာဏ်တိုင်အောင် အားထုတ်ထားသောယောဂီသည် အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၌လည်းကောင်း၊ တစ်နည်းအားဖြင့် သွားနေစဉ်၌သော်လည်းကောင်း၊ ရပ်နေစဉ်၌သော်လည်းကောင်း၊ ထိုင်နေစဉ်၌သော်လည်းကောင်း၊ ထနေစဉ်၌သော်လည်းကောင်း၊ စားနေစဉ်၌သော်လည်းကောင်း မင်္ဂဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဟု မဆိုအပ်ကြောင်းကို မူလပဏ္ဏာသဋ္ဌီကာ၌ အောက်ပါအတိုင်း လာရှိပါသည်။

'ယဿ သဒ္ဓါ ဗလဝတီ, ဝိပဿနာ စ အာရဒ္ဓါ, တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ စ မဂ္ဂဖလပဋိဝေဓော နာမ န ဟောတီတိ ဝတ္တုံ, ဣတိ မဂ္ဂဝိမောက္ခေန ဝိမုစ္စန္တဿ သမယော ဝါ အသမယော ဝါ နတ္ထီတိ'။[၂]

၁။ ဝိပဿနာကထာ၊ ဝိဝေကကထာ၊ ပညာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ (နှာ-၄၀၉)

၂။ မဟာသရောပမသုတ္တဝဏ္ဏနာ၊ ဩပမ္မဝဂ္ဂ၊ မူလပဏ္ဏာသဋ္ဌီကာ (ဒုတိယတွဲ၊ နှာ-၁၇၈)

တစ်ဖန် ဘင်္ဂဉာဏ်ကို 'ရှေ့နောက်ဆင့်လျက် ကုန်ပျက်သွားကြသည်'ဟု သိမြင်သောကြောင့် ဘင်္ဂါနုပဿနာဉာဏ်ဟူ၍လည်း ခေါ်သည်။ ဤဉာဏ်အဆင့်၌ ဝိပဿနာကိုပင် ထပ်ဆင့်၍ ဝိပဿနာရှုပွားသောကြောင့် ပဋိဝိပဿနာဉာဏ်[၁]ဟူ၍လည်း ခေါ်ကြောင်း နေတ္တိပ္ပကရဏဋီကာ၌ လာရှိပါသည်။

မိမိအားထုတ်နေသည့်တရားသည် မဂ္ဂင်လမ်းကြောင်းမှန်ပေါ် ရောက်ရန်လို့သည်

ဘာဝနာတရားကို အားထုတ်သည့်အစဉ်၌မူ အချို့ယောဂီများက ဉာဏ်သွက်ပြီး အချို့က ဉာဏ်လေးကြသည်။ ထို့ကြောင့် မိမိအားထုတ်သည့်ကာလ မည်မျှကြာခဲ့ပြီဖြစ်သော်လည်း ဤကဲ့သို့ တရားအတွေ့ မရသေးသည်ကို စိတ်မပျက်သင့်ပါ။ စာသင်ကျောင်း၌ စာသင်ရာ၌ တစ်နှစ်တစ်တန်းအောင်လျှင် (၇) နှစ်ကာလ ကျောင်းနေလျှင် (၇) တန်းအောင်မည်။ (၁၀) နှစ်ကာလ ကျောင်းနေလျှင် (၁၀) တန်းအောင်မည်။ ဤဝိပဿနာလမ်းကြောင်း၌မူ အချိန်ကာလဖြင့် ပိုင်းခြား၍ အဘယ်မျှဉာဏ်တိုးလာသည်ဟု ပိုင်းခြားရန် မဖြစ်နိုင်ကောင်းပေ။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ် (Insight wisdom) ၏သဘော ဖြစ်သောကြောင့်တည်း။

သို့ဖြစ်ပါ၍ ဝိပဿနာဉာဏ် တိုးတက်လာရန်မှာ ဓမ္မဗျာပါရ၏ တာဝန်ဖြစ်သည်။ ယောဂီပုဂ္ဂိုလ်အနေဖြင့် ပုဂ္ဂလဗျာပါရစိုက်ထုတ်၍ တရားတိုးကြောင်းကိုသာ ပြုရပါမည်။ တရားတိုးရန်မှာ ဓမ္မ၏တာဝန်သာဖြစ်သည်။

ထို့ကြောင့် ဆရာ့ထံပါးမှ ကမ္မဋ္ဌာန်းနည်းကို နည်းမှန်၊ လမ်းမှန် သင်ကြားရယူပြီးနောက် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိနှင့် ဝီမံသာဓိပတိလေးပါးအနက် မိမိ၏ရှေးရှေးဘဝါဘဝက ဖြည့်ကျင့်လာခဲ့သည့် ပါရမီအားလျော်စွာ မိမိ၏စိတ်ကို လွှမ်းမိုးနိုင်ဆွဲဆောင်နိုင်သော အဓိပတိထိုက်သည့် သတ္တိတစ်ပါးပါးဖြင့် ကြိုးစားအားထုတ် သင့်လှပေတော့သည်။

အဓိပတိစိတ်ဖြင့် အားထုတ်သင့်ပါသည်

ယနေ့ မြန်မာ့မြေပေါ်၌ ပရိယတ္တိသာသနာ့အရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ ပရိယတ်ကို အခြေခံသည့် ပဋိပတ်နည်းလမ်းကောင်းလည်း မတိမ်ကော၊

၁။ သာသနပဋ္ဌာနဝါရဝဏ္ဏနာ၊ နေတ္တိပ္ပကရဏဋီကာ (နှာ-၁၃၄)

မပပျောက်သေးပါ။ နည်းမှန်လမ်းမှန်ကို သင်ကြားပြသပေးမည့် ဆရာ့ထံပါး ချဉ်းကပ်ပြီး အားထုတ်မည်ဆိုလျှင် မိမိတို့၏ ပါရမီအားလျော်စွာ ဥဒယဝယမည်သော ဖြစ်ပျက်ဉာဏ်စစ်စစ်ကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုဉာဏ်ကို အခြေခံ ပါဒကပြုပြီး အားထုတ်လျှင် ဗလဝဝိပဿနာဉာဏ် ပေါ်လာပြီးနောက် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သာသနာတော်နှင့် ကြုံနေသည့် ယခုဤဘဝ၌ အဓိပတိစိတ်ထားဖြင့် ကြိုးစား အားထုတ်သင့်လှပေတော့သည်။

အဓိပတိပန္နယောဆုတောင်း

“စကြဝတေးမင်းသည် ပြိုင်သူမရှိ အုပ်စိုးဘိသကဲ့သို့
လူတိုင်း၊ လူတိုင်း၏ စိတ်အစဉ်၌လည်း ထက်သန်သော ဆန္ဒ၊ ကြံ့ခိုင်သော စိတ်ဓာတ်၊
မဆုတ်နစ်သော ဝီရိယနှင့် စူးစမ်းဆင်ခြင်နိုင်စွမ်းသော ဉာဏ်ပညာအသီးသီးတို့က
အချိန်နေရာအားလျော်စွာ ဆတက်ထမ်းပိုး ထက်မြက်ကြပြီး
လောကထက်မြင့်မြတ်သော လောကုတ္တရာတရားကို
ဘဝမခြား မျက်မှောက်ပြုနိုင်ရန် အထောက်အပံ့ကောင်း ဖြစ်နိုင်ပါစေသား”

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စု ချပို့စဉ်တို့ကို မှီငြမ်းသည်။

၂။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းပစ္စာဝါရဆိုင်ရာစာတမ်းမှ ဝီထိစဉ် Pulse ခုံးပုံကို မှီငြမ်းသည်။

အဓိပတိပစ္စယော သိမှတ်ဖွယ်

အဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံမှာ

အဓိပတိပစ္စည်းသည် နာမ်တရား၊ ရုပ်တရားနှင့် နိဗ္ဗာန်တရား (Mind Matter and Nibbana to Mind.) တို့အား ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

အဓိပတိပစ္စယော (ကု၊ ကု + ဗျာ)ဝိဓိ


ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ)

သဟဇာတာဓိပတိ = အတူတကွဖြစ်၍ လွန်ကဲစွာအစိုးရသည့် သဟဇာတာဓိပတိ ပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဟူသည် -

ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။[၁]

ကုသိုလ်ဖြစ်သော အဓိပတိသည် အတူယှဉ်၍ဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော ကုသိုလ်နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။။[၂]

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၈ (စိတ္တဇရုပ်)

ဆန္ဒ + ဝီရိယ + ပညာ (ကုသိုလ်)

ပုံပါ စက္ခဒ္ဓါရဝီထိအစဉ်၏ အဓိပ္ပာယ်ရှင်းလင်းချက်

(၁) စက္ခဒ္ဓါရဝီထိ၊ သောတဒ္ဓါရဝီထိ၊ ဃာနဒ္ဓါရဝီထိ၊ ဇိဝှာဒ္ဓါရဝီထိ၊ ကာယဒ္ဓါရဝီထိ၊ မနောဒ္ဓါရဝီထိ စသည်တို့ရှိသည့်အနက် စက္ခဒ္ဓါရဝီထိကို ဥပမာပြပါသည်။

(၂) ကုသလာဓိပတိ၊ အကုသလာဓိပတိတို့ ရှိသည့်အနက် ကုသလာဓိပတိကိုသာ ဥပမာပြပါသည်။

(၃) ကုသလာဓိပတိ = ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ

(၄) ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ = သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်နှင့် စေတသိက် (၃၈) ပါး။ သို့သော် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ(ဝီမံသ)တစ်ပါးပါး အဓိပတိဖြစ်လျှင် ထိုတရားမှတစ်ပါး အခြားစိတ်နှင့် စေတသိက်တို့ကို 'သမ္မယုတ္တကာနံ ခန္ဓာနံ'ယူသည်။

(၅) တံသမုဋ္ဌာနာနဉ္စ ရူပါနံ = သာဓိပတိ စိတ္တဇရုပ်။

(၆) အဓိပတိပစ္စယေန ပစ္စယော = အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) ဝီထိအစဉ်ကို ရေးဆွဲထားသည့် (Pulse) ခုံပုံ၏အစကို 'ဥပါဒ်-ဖြစ်'ဟူ၍လည်းကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍ လည်းကောင်း ကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်[၂]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ သဟဇာတဓိပတိ

ပစ္စယဟူသော အကြောင်းတရားမှာ - ဆန္ဒ၊ ဝီရိယ၊ စိတ္တနှင့် ဝီမံသဟူသော အဓိပတိတရား (၄)ပါးတို့ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - သာဓိပတိဇော ၅၂ ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၁၁ ပါးနှင့် သာဓိပတိစိတ္တဇရုပ်တို့ဖြစ်သည်။

၂။ အာရမ္မဏာဓိပတိ

ပစ္စယဟူသော အကြောင်းတရားမှာ - အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ်၊ ဒေါသမူ-၂၊ မောဟမူ-၂၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် (၈၄)ပါး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် (၄၇) ပါးနှင့် နိဗ္ဗာန်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈) ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် (၄)ပါး၊ လောကုတ္တရာစိတ် (၈)ပါးတို့ ဖြစ်သည်။

၁။ အရှင်ခေမာနန္ဒ(ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဉ္စာဝါရ (အပိုင်း-၁၊ နှာ-၁၉)

၂။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၃၆)

၄။ အနန္တရပစ္စယော
အကြားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Anantara Paccaya (Proximity condition)

ပစ္စယနိဒ္ဒေသ

အနန္တရပစ္စယောတိ - စက္ခုဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏာဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရ-ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

Proximity condition (Anantara paccaya)

Eye-consciousness-element and its associated phenomena are related to mind-element and associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by Proximity condition.

Ear-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by Proximity condition.

Nose-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by Proximity condition.

Tongue-consciousness-element and its associated phenomena are related to mind-element and its associated phenomena by Proximity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by Proximity condition.

Body-consciousness-element and its associated phenomena are related to mind-element and its associated phenomena by Proximity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by Proximity condition.

Preceding wholesome phenomena are related to subsequent wholesome phenomenaby Proximity condition.

Preceding wholesome phenomena are related to subsequent indeterminate phenomena by Proximity condition.

Preceding unwholesome phenomena are related to subsequent unwholesome phenomena by Proximity condition.

Preceding unwholesome phenomena are related to subsequent indeterminate phenomena by Proximity condition.

Preceding indeterminate s phenomena are related to subsequent indeterminate phenomena by Proximity condition.

Preceding indeterminate phenomena are related to subsequent wholesome phenomena by Proximity condition.

Preceding indeterminate phenomena are related to subsequent unwholesome phenomena by Proximity condition.

In contiguity to any [preceding] phenomenon these [subsequent] phenomena arise: consciousness and mental factors. Those [preceding] phenomena are related to those [subsequent] phenomena by Proximity condition.

အနန္တရပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

"ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့"ဟု ရှေးဆရာမြတ်တို့က ဆိုထားသည်နှင့်အညီ စကြဝတေးမင်းကြီးသည် နတ်ရွာစံပြီးသည်နှင့်တစ်ပြိုင်နက် သားကြီးရတနာ ဘုရင်ဖြစ်လာသကဲ့သို့ ရှေးရှေးနာမ်တရားများ ချုပ်ပျောက်၍ နောက်နောက် နာမ်တရားများ အကြားမရှိ ဖြစ်ပေါ်အောင် ကျေးဇူးပြုကြသည်။[၁]

မည်သည့်စိတ်မှ အကြားခ်ဥ် မခြားသဖြင့် အကြားမရှိဟု ခေါ်သည်။ အကြားမရှိဘဲ ရှေ့စိတ်၊ နောက်စိတ်တို့ နှစ်စိတ်မဟုတ်ဘဲ တစ်ဆက်တည်းပင် ဖြစ်နေသည်ဟု ထင်မှတ်မှားလောက်အောင်ပင် အကြားမရှိခြင်းကို အနန္တရပစ္စယောဟု ခေါ်ပါသည်။

Anantara Paccaya

'Anantara' means no interval. It is translated as proximity. It means no interval. Between the preceding mind and the following mind there must be no interval. There must be no interval of ultimate reality. It does not mean there is no interval of time. There must be no ultimate reality between preceding one and the following one.

This is compared to the death of a universal king. When a universal king dies, that means he gives his son the chance to become a king. In the same way, by disappearing, this condition gives chance to the succeeding one to arise. Anantara condition can be applied only to consciousnesses and mental factors. If you want to explain Anantara, you have to explain with the diagram of Vithi, the mental process.

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

The most familiar of thought processes is seeing thought process. There is past bhavanga, vibrating bhavanga, stopped bhavanga, five-sense-door adverting consciousness, eye-consciousness, receiving, investigating, determining, Javanas, registering and stream of bhavanga. You may choose something of them. Let us say about mental process. When five-sense-door adverting consciousness disappears, eye-consciousness arises. If five-sense-door adverting conciousness does not disappear, eye-consciousness cannot arise. When eye-consciousness disappears, receiving consciousness arises. When receiving consciousness disappears, investigating consciousness arises. In the same way, Anantara can go along like this so long as there is the stream of consciousness. That means there is this condition in the whole life or even in the whole Samsara.[၁၂]

ရှေ့ပစ္ဆည်း (၃) ပါးနှင့် မတူသည့် အနန္တရပစ္စယော

ဘုရားရှင်သည် ဟေတုပစ္စည်း၌ အကြောင်းဓမ္မက နာမ်တရား (Mind) ဖြစ်ပြီး၊ အကျိုးဓမ္မက နာမ်နှင့် ရုပ်တရား(Mind and matter) တို့ဖြစ်ကြောင်း ဟောတော်မူသည်။ တစ်ဖန် အာရမ္မဏပစ္စည်း၌မူ အကြောင်းဓမ္မက နာမ်တရား၊ ရုပ်တရား၊ နိဗ္ဗာန်နှင့် ပညတ် (Mind, Matter, Nibbna and Pannatti)ဖြစ်ပြီး၊ အကျိုးဓမ္မက စိတ်နှင့် စေတသိက် နာမ်တရား (Citta, Chatika)တို့ဖြစ်ကြောင်း ဟောတော်မူသည်။

ဆက်လက်ပြီး အဓိပတိပစ္စည်း၌မူ အကြောင်းဓမ္မက ဆန္ဒ (Wish)၊ ဝီရိယ(effort)၊ စိတ္တ (consciousness)၊ ဝိမံသ (Insight wisdom) ဟူသော နာမ်တရားတို့ဖြစ်ပြီး၊ အကျိုးဓမ္မက နာမ်နှင့် ရုပ်တရား (Mind and matter)ဖြစ်ကြောင်း ဟောတော်မူသည်။

ယခု အနန္တရပစ္စည်း၌မူ အကြောင်းဓမ္မကလည်း နာမ်တရား (Mind)ဖြစ်ပြီး၊ အကျိုးဓမ္မကလည်း နာမ်တရား (Mind) ဖြစ်ကြောင်းကို ဟောတော်မူပါသည်။

တန်ခိုးအာနုဘော်ကြီးသည့် နတ်မင်း၊ ဗြဟ္မာမင်းများကလည်း တရားနာကြသည်

ဤအဘိဓမ္မာတရားတော်ကို နာကြားနေကြသည့် ပုဂ္ဂိုလ်များမှာ နတ်ဗြဟ္မာများ ဖြစ်ကြသည်။ ထိုထိုနတ်ဗြဟ္မာများအနေဖြင့် နာမ်တရားကြောင့် နာမ်တရားဖြစ်သည် ကိုလည်းကောင်း၊ နာမ်တရားကြောင့် နာမ်ရုပ်တရားဖြစ်သည်ကိုလည်းကောင်း ဘုရားရှင် ဟောတော်မူသဖြင့် သိခွင့်ရကြလေသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

သို့သော် တန်ခိုးကြီးသည့် ပုထုဇဉ်နတ်ဗြဟ္မာတို့က ဘဝအသစ်ဖြစ်ရာတွင်မူ သတ္တဝါတို့၏ ခန္ဓာကိုယ်ကြီးထဲ၌ ထာဝရခိုင်မြဲသည့်၊ မသေမပျောက်တတ်သည့် အမတသဘာဝ တစ်ခုခု ဧကန်မုချ ရှိသည်ဟု ယူဆနေကြသည်။

မိရိုးဖလာဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ကလည်း ဝိညာဉ်ရှိသည်ဟု ယူဆကြသည်။ အချို့က လိပ်ပြာရှိသည်ဟု ယူဆကြသည်။ ထိုသူတို့က 'လူသေသွားသော်လည်း ထိုဝိညာဉ်၊ လိပ်ပြာကမသေ'ဟု ယူဆသည်။ ဆိုလိုသည်မှာ ထိုထိုဝိညာဉ်၊ လိပ်ပြာက ထာဝရမသေ၊ မပျောက်မပျက်ဘဲ ဘဝဟောင်းမှထွက်ခွာ၍ ဘဝအသစ်အသစ်သို့ ကူးပြောင်း ဝင်ရောက်လေ့ရှိသည်ဟု ယုံကြည်ကြသည်။

မြန်မာလူမျိုးတို့က ယုံကြည်ရုံသက်သက် ယုံကြည်သော်လည်း တန်ခိုးအာနုဘော်ကြီးမားသည့် နတ်၊ ဗြဟ္မာများကမူ 'အဘယ်မည်သောပုဂ္ဂိုလ်က ကုသိုလ်ကောင်းမှုပြုခဲ့သဖြင့် တုသိတာနတ်ပြည် ရောက်လာသည်'ဟု ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်အဖြစ် သေသေချာချာ သိမြင်နေကြသည်။ အမှန်တကယ်လည်း ထိုထိုကုသိုလ်ကောင်းမှုတို့ကြောင့် လူပြည်မှစုတေပြီး နတ်ပြည်၌ ဖြစ်လာခြင်းဖြစ်သည်။

တစ်ဖန် 'အဘယ်မည်သော ပုဂ္ဂိုလ်က ငရဲဘုံ၊ ပြိတ္တာဘုံသို့ ရောက်သွားသည်'ကိုလည်း နတ်ဗြဟ္မာတို့က မြင်နေကြသည်။ ထို့ကြောင့် သူတို့သည် ယုံကြည်သည့်အဆင့် ထက်သာလွန်ပြီး မြင်နိုင်သည့်အဆင့်၌ ရှိနေကြသည်။ မြင်တွေ့ရတိုင်း မှန်ကန်သည်ဟု ယူရန် မဖြစ်နိုင်ပေ။ သို့ပါသော်လည်း အဘယ်မျှလောက်သော အကုသိုလ်ကြောင့် အဘယ်ငရဲသို့ ကျရောက်သည်။ အဘယ်မျှသော ကုသိုလ်ပြုခြင်းကြောင့် အဘယ်နတ်ပြည်ရောက်သည်ကိုမူ ထိုထိုနတ်ဗြဟ္မာတို့ သိမြင်နိုင်စွမ်း မရှိကြပေ။

သဿတဒိဋ္ဌိ View of eternalism

တစ်ဖန် တန်ခိုးအာနုဘော်ကြီးမားသည့် နတ်၊ ဗြဟ္မာများကလည်း မိရိုးဖလာဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အစဉ်အလာ ယုံကြည်လာသကဲ့သို့ ခန္ဓာအဟောင်းမှ ခန္ဓာအသစ်သို့ ဘဝကူးပြောင်းမှုဖြစ်စဉ်တွင် ပျက်စီးသွားသော ခန္ဓာအဟောင်းမှ အမတဖြစ်သောအရာတစ်ခုခု (ဝါ) ထာဝရ တည်တံ့ခိုင်မြဲသောအရာတစ်ခုခု (ဝါ) ဝိညာဉ်၊ လိပ်ပြာတစ်ခုခုက ခန္ဓာအသစ်သို့ ကူးပြောင်းလာသည်ဟု ယုံကြည်ကြသောကြောင့် နာမ်တရားကို မြဲသည်ဟူသော သဿတဒိဋ္ဌိ (View of eternalism)အရာ၌ နတ်၊ ဗြဟ္မာနှင့် မြန်မာလူမျိုးအများစု၏ အယူအဆ တူညီနေကြပါသည်။

အဘယ်ကြောင့် တန်ခိုးအာနုဘော်ကြီးမားသည့် နတ်၊ ဗြဟ္မာများက နာမ်ကို မြဲသည်ဟူသော သဿတဒိဋ္ဌိ (View of eternalism) အရာ၌ အသိအမြင် မစင်ကြယ်ကြသနည်းဟူသော မေးခွန်းအတွက် အနန္တရပစ္စယောကို ဘုရားရှင်ဟောကြားတော်မူခြင်း ဖြစ်မည်ဟု ထင်ပါသည်။

စိတ်၏သက်တမ်း (Life time of citta)

ဤအနန္တရပစ္စယောကို နားလည်နိုင်ရန် ဦးစွာ လက်ဖျစ်တစ်တွက် အချိန်တို အတွင်း၌ ကုဋေတစ်သိန်းဟူသော ကိန်းဂဏန်းသင်္ချာကို ယနေ့ခေတ် သင်္ချာပညာရပ်ဖြင့် ဖြန့်၍ပြပါမည်။

လက်ဖျစ်တစ်တွက် အချိန်တိုကို သင်္ချာတွက်ချက်ရာတွင် လွယ်ကူရန် ယေဘုယျ အားဖြင့် (၁)စက္ကန့်ထားပါမည်။ အမှန်တကယ်တွင်မူ လက်ဖျစ်တစ်တွက် အချိန်တို ကလေးသည် (၁)စက္ကန့်ထက်ပင် ပို၍ တိုတောင်းမည်ဖြစ်ပါသည်။ သို့ပါသော်လည်း သင်္ချာတစ်ခုကို တည်ဆောက်ရာ၌ လွယ်ကူစေရန် 'လက်ဖျစ်တစ်တွက် = (၁)စက္ကန့်'ဖြင့် ဂဏန်းသင်္ချာဖြန့်၍ တွက်ပါမည်။

ထို့ကြောင့် ကုဋေတစ်သိန်းဟူသောသင်္ချာ၌ (1)၏နောက်၌ သုညစုစုပေါင်း (12) လုံးရှိသည်။ ဤတွင် (10^{12}) ရပါသည်။ ဤသင်္ချာကို (1 Trillion) ဟူ၍ သုံးနှုန်းရပါသည်။

ဤတွင်တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းကို သင်္ချာစနစ်ဖြင့်ရေးပါက (10^{12}/sec) ရပါသည်။ ဤသင်္ချာကို သိပ္ပံဘာသာရပ်နှင့် သင်္ချာဘာသာရပ်တို့၌ အသိဉာဏ်ဗဟုသုတ အတန်အသင့် ရှိကြသူတိုင်း နားလည်နိုင်ကြမည် ဖြစ်ပါသည်။

ထို့ကြောင့် တစ်စက္ကန့်လျှင် စိတ်အလုံးပေါင်း (1 Trillion Processing) ဖြစ်နေသည်ကို စဉ်းစားဆင်ခြင် သုံးသပ်နိုင်ရန် အနည်းငယ် လွယ်ကူလာပြီဟု ထင်ပါသည်။ တစ်နည်းအားဖြင့် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းမည်သော စိတ်အလုံးပေါင်း (1Trillion)သည် မရပ်မနား ပေါ်ပြီးပျောက်နေသည်။ ဖြစ်ပြီး ပျက်နေသည်။

ထို့ကြောင့် စိတ်တစ်လုံး၏သက်တမ်းမှာ တစ်စက္ကန့်ကို (1Trillion)ဖြင့် စား၍ ရသော အချိန်တိုမျှသာဖြစ်သည်။ တစ်နည်းအားဖြင့် တစ်စက္ကန့်ကို တစ်၏နောက်၌ သုည (၁၂) လုံးရှိသော ဂဏန်းသင်္ချာဖြင့် စား၍ရသော အချိန်တိုကလေးဖြစ်သည်။

ထိုအချိန်ကို သင်္ချာဖြန့်၍ရေးလျှင် စိတ်တစ်လုံး၏သက်တမ်းမှာ (၀. ၀၀၀၀၀၀၀ ၀၀၀၀၁) စက္ကန့်ဖြစ်သည်။ စိတ်တစ်လုံးစီ၊ စိတ်တစ်လုံးစီသည် ထိုမျှတိုတောင်းလွန်းသော အချိန်ကာလတိုအတွင်း၌ ဖြစ်၍ တည်၍ ပျက်၍ နေပါသည်။

စိတ်၏သက်တမ်းမှာ ခဏငယ် (၃) ချက်သာရှိသည်

တစ်နည်းအားဖြင့် စိတ်၏သက်တမ်းသည် ဥပါဒ်ခဏ၊ ဌိတိခဏ၊ ဘင်ခဏဟူသော ခဏငယ်သုံးချက်သာရှိပါသည်။ စိတ်ဖြစ်ဆဲအခိုက်ကို ဥပါဒ်ခဏ၊ တည်ဆဲအခိုက်ကို ဌိတိခဏ၊ ပျက်ဆဲအခိုက်ကို ဘင်ခဏဟု အသီးသီးခေါ်ပါသည်။ ဤဥပါဒ်ခဏ၊ ဌိတိခဏ၊ ဘင်ခဏ ဟူသော ခဏငယ် (၃)ချက်ကို စိတ္တက္ခဏ (၁)ချက်ဟုခေါ်သည်။ ထို့ကြောင့် စိတ်၏အသက်သည် ခဏငယ် (၃)ချက်ရှိသည်။ တစ်နည်းအားဖြင့် စိတ္တက္ခဏ (၁)ချက်ရှိသည်ဟု မှတ်သားနိုင်ပါသည်။

ထူးခြားနေသည်မှာ ဤစိတ်ဖြစ်စဉ်ကြီး တရစပ်ပေါ်ပြီး ပျောက်နေပါသော်လည်း လူပုဂ္ဂိုလ်၏ကိုယ်ခ္ဌလည်းကောင်း၊ စိတ်ခ္ဌလည်းကောင်း နာကျင်မှု၊ မချမ်းမြေ့မှု မခံစားရသကဲ့သို့ ပကတိမျက်စိဖြင့်လည်း မမြင်နိုင်ပါ။

သို့သော် သတိပဋ္ဌာန်ဘာဝနာကမ္မဋ္ဌာန်း နည်းမှန်လမ်းမှန်အားထုတ်၍ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာဌာန အလေ့အကျင့်ကောင်းသော ယောဂီတို့၏ဉာဏ်ခ္ဌ တစ်စက္ကန့်အတွင်းခ္ဌ မထင်မှတ်လောက်အောင် စိတ်အလုပ်လုပ်နေပုံ (Mind Processing) ကို သိရှိနိုင်ကြသည်။ ထို့ကြောင့် ဤနေရာခ္ဌ ဝိပဿနာအားထုတ်မှုအပိုင်းကို ဖော်ပြပါမည်။

ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်မှုအဆင့်ဆင့်

ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်မှုအဆင့်ဆင့်ကို သတိပဋ္ဌာန်တရားလေးပါးကို အခြေခံ၍ ရေးသားပါမည်။ တရားအားထုတ်ခါစခ္ဌ နှာသီးဝ၊ နှာသီးဖျားခ္ဌ ဝင်လေဝင်တိုင်း တိုး၍ တိုး၍ ထိနေသည်။ ထွက်လေထွက်တိုင်း တိုး၍ တိုး၍ ထိနေသည်ကို အာရုံအဖြစ် သိသိနေသည်။ သို့ပါသော်လည်း ပုံ့လွှင့်သောစိတ်ကို အာရုံအဖြစ် မယူနိုင်သေးသဖြင့် ‘စိတ်က ဘယ်ကိုမှ မပုံ့လွှင့်ပါဘူး’ဟူ၍လည်းကောင်း၊ ‘တရားထိုင်တဲ့အချိန် စိတ်ငြိမ်နေပါတယ်’ဟူ၍လည်းကောင်း၊ ‘စိတ်မထွက်ပါဘူး၊ နှာသီးဝမှာ ထိတာကို သိသိနေပါတယ်’ ဟူ၍လည်းကောင်း ထင်တတ်ကြသည်။

ကြိုးစားအားထုတ်လာပြီးနောက် ပုံ့လွှင့်သောစိတ်ကို သိနိုင်လောက်သည့်အထိ သတိ၊ သမာဓိ၊ ဉာဏ်အားကောင်းလာသောအခါခ္ဌမူ ‘နှာသီးဝမှာ ဝင်လေ၊ ထွက်လေ တိုးဝင် တိုးထွက်တာကို သိနေတုန်းမှာပဲ စိတ်တွေက ဘယ်ရောက်ကုန်မှန်းကို မသိတော့ပါဘူး’ဟူ၍လည်းကောင်း၊ ‘ရှုမှတ်စိတ်မဟုတ်တော့ဘဲ မသင့်တော်တာတွေကို တွေးနေတာလည်း ရှိနေပြန်တယ်’ဟူ၍လည်းကောင်း သိလာကြသည်။

ရံခါ၌မူ 'အရင် တရားအားမထုတ်ခင်တုန်းက ငါ့စိတ်တွေကောင်းနေတယ်။ အခု တရားအားထုတ်လိုက်မှ ဒီလောက်ကြီး မကောင်းတဲ့စိတ်တွေပေါ်လာတယ်'ဟူ၍လည်း ထင်တတ်ကြပါသည်။ အမှန်မှာ ကိလေသာပေလူးပြီး ညစ်ပတ်နေသောထိုစိတ်ကို ယခင် တရားအားမထုတ်ခင်က သိနိုင်သည့်ဉာဏ် မရှိခဲ့သောကြောင့်ဖြစ်သည်။

အာဂန္ဆန္ဒည့်သည်ဖြစ်သော ကိလေသာ

ယခင်က စိတ်အိမ်ကို ကိလေသာက ပိုင်စိုးထားသည်။ ယခုအခါ စိတ်အိမ်၌ သတိဉာဏ်က အထိုက်အလျောက် နေရာယူလာပါသည်။ ထို့ကြောင့် အာဂန္ဆန္ဒည့်သည် ဖြစ်သော ကိလေသာက အခွင့်အခါကိုချောင်းပြီး လှုပ်ခနဲဝင်လာတတ်သည်။ ထိုအခါ အိမ်ရှင်ဖြစ်သော သတိဉာဏ်က အာဂန္ဆန္ဒည့်သည် သူခိုးကိလေသာကို မိမိရရ ဖမ်းမိလိုက်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် တရားအားထုတ်ပြီးနောက်ပိုင်း၌ စိတ်က ညစ်ပတ်ပေရေလာခြင်း မဟုတ်ပါ။ ယခင်က ပေပေရေရေစိတ်ဖြင့် ကာလရှည်ကြာ နေဖူးလှသော်လည်း သတိပဋ္ဌာန် အလေ့အကျင့်မရှိသောကြောင့် မသိမမြင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ယခုကဲ့သို့ သိလာခြင်းသည် ကမ္မဋ္ဌာန်းတရားသဘောအရ အသိတိုးလာခြင်းဖြစ်ပါသည်။

သို့ပါသော်လည်း တစ်သံသရာလုံး အိမ်ရှင်အဖြစ်လက်ခံထားခဲ့မိသော ကိလေသာကို သတိ၊ ဝီရိယ၊ ဉာဏ်က လွယ်လွယ်ကူကူဖြင့် နှိမ်နှင်းနိုင်မည် မဟုတ်သေးပါ။ ထို့ကြောင့် အတွေးနယ်ချဲ့နေသောစိတ်ကို ချည်တိုင်ပေါ်သို့ ပြန်ရောက်လာရန် အခက်အခဲမရှိပြန်၍ ဆွဲယူနိုင်ပါသော်လည်း ရံခါ၌မူ အတွေးရေယဉ်ကြောထဲ၌ မျောပါမြဲ ပါနေတတ်ပါသည်။

ကိလေသာနှင့်သတိဉာဏ် 'ဘတစ်ပြန်၊ ကျားတစ်ပြန်'

ဤသို့ဖြစ်နေသည်မှာ ကိလေသာနှင့် သတိ၊ ဝီရိယ၊ ဉာဏ်တို့က နယ်လှည့်နေကြခြင်း ဖြစ်သည်။ 'ဘတစ်ပြန်၊ ကျားတစ်ပြန်'တိုက်ခိုက်နေခြင်းဖြစ်သည်။ သို့သော် အမြဲအနိုင်ပိုင်းလာခဲ့သော ကိလေသာကျားကသာ နိုင်နေပြီး အဘဉာဏ်၏အလှည့် မရောက်နိုင်သဖြင့် 'ဘတစ်ပြန်၊ ကျားတစ်ပြန်' ဖြစ်မလာဘဲ 'ကျားတစ်ပြန်၊ ကျားတစ်ပြန်'သာ ဖြစ်နေသည်။

စိတ်မပျက်ဘဲ ကြိုးစားအားထုတ်နေရပါမည်။ ရှုမှတ်မှုအား ကောင်းလာသော အခါ၌ စိတ်ပျံလွင့်သည်နှင့်တစ်ပြိုင်နက် သိလာနိုင်မည်ဖြစ်ပါသည်။ ထိုအခါ ပျံ့လွင့် စိတ်ကြောင့် ကမ္မဋ္ဌာန်းလုပ်ငန်းခွင် အနှောင့်အယှက် နည်းလာပါမည်။ ထို့ကြောင့် ပင်တိုင်ကမ္မဋ္ဌာန်းကို ရှုမှတ်နေပါက အတွေးအတောကင်းမည်။ စိတ်မပျံ့လွင့်နိုင်ပါ။ စိတ်ပျံ့လွင့်ပြီး အတွေး အတောများနေလျှင်လည်း ပင်တိုင်ကမ္မဋ္ဌာန်းမှ လွတ်နေလေပြီ။

သို့ပါသော်လည်း ပေါ်လာသောစိတ်ကူးကို သဘောကျနှစ်သက်ပြီး ဆက်၍ ဆက်၍ တွေးနေလျှင်မူ အတွေးပျောက်နိုင်တော့မည် မဟုတ်ပေ။ ဤနေရာတွင် သမာဓိအား အသင့်အတင့် ကောင်းလာသောအခါ၌ 'စိတ်ကူးယဉ်ရတာ တော်တော် ကောင်းတယ်။ ဒါကြောင့် အတွေးကို မဖြတ်ချင်ဘူး'ဟူ၍လည်းကောင်း၊ 'အတွေးပျောက် သွားမှာကို စိုးရိမ်တယ်'ဟူ၍လည်း ဖြစ်တတ်ပါသည်။ ဤသို့ စိတ်အလိုလိုက်နေပါက ကမ္မဋ္ဌာန်းတိုးတက်မှုကို မျှားစွာ ထိခိုက်ပါလိမ့်မည်။

စိတ်သည် ကမ္မဋ္ဌာန်း၏အာရုံ

အမှန်မှာမူ ထိုထိုစိတ်ကူး၊ အတွေးအတောများသည် ပင်တိုင်ကမ္မဋ္ဌာန်း၏ အာရုံ ဖြစ်လာရန်လိုပါသည်။ တစ်နည်းအားဖြင့် အတွေးပေါ်တိုင်း ရှုမှတ်ပြီး ဖြစ်နေမည် ဆိုလျှင် 'ဝင်လေထွက်လေ တိုးထိတာကို သိတာထက် အတွေးစိတ်တွေကိုချည်း မနားတမ်း သိနေတယ်'ဟူ၍လည်းကောင်း၊ 'ထင်ရှားရာတွေ သိသိနေရလို့ ပင်တိုင်ချည်တိုင်ကို ရောက်တာ နည်းသလိုဖြစ်လာတယ်'ဟူ၍လည်းကောင်း ဖြစ်လာလျှင် ထိုစိတ်ကိုပင် အာရုံ အဖြစ် ရှုနိုင်လာပြီဟု ဆိုနိုင်မည်။ တစ်နည်းအားဖြင့် ကမ္မဋ္ဌာန်းလုပ်ငန်းခွင် ပျက်သည့်အထိ အတွေးအတောက အနှောင့်အယှက် မပေးတော့ပါ။

ဤအခြေအနေ၌ တရားရှုမှတ်သောအခါ အာရုံနှင့် မှတ်စိတ်တို့က တစ်ထပ်တည်း ကျနေတတ်သည်။ ထို့ကြောင့် တရားရှုမှတ်ရသည်မှာ မူလအစရှုမှတ်စဉ်ကကဲ့သို့ အာရုံ ပျောက်လိုက်၊ ရှုမှတ်စိတ် မမိလိုက် မဖြစ်တော့ဘဲ အတန်အသင့် နေရာကျလာသည်ဟု ထင်မှတ်ရတတ်သည်။ သို့သော် အကြောင်းမပြည့်စုံသောအခါ၌ ဤအခြေအနေများ ရုတ်တရက် ပျောက်သွားတတ်သည်။ တစ်နည်းအားဖြင့် ရှုစိတ်လည်းပျောက်ပြီး အာရုံ လည်း ရှာမတွေ့ဘဲ ဖြစ်သွားတတ်သည်။

အားထုတ်ကောင်းလျှင်လည်းတရား၊ မကောင်းလျှင်လည်းတရား

တရားအားထုတ်၍ကောင်းသည့် အခြေအနေမျိုး၌ ယောဂီက ယခင်ကြုံခဲ့ဖူးသည့် 'တရားအားထုတ်လို့ ကောင်းလိုက်တာ'ဟူသော အခြေအနေမျိုးကို သဲသဲမဲမဲကြီးလိုက်ရှာပါတော့သည်။ တရား၏သဘောမှာ 'မဲပြီး ရှာလေ၊ သာ၍ဝေးလေ'ဖြစ်တတ်သည်။

ထိုအခြေအနေမျိုး ကြုံလာသောအခါ၌ အားငယ်စိတ်ပေါ်လာတတ်သည်။ တရားသဘောဟူသည် စီးပွားရှာသကဲ့သို့ လောဘဖြင့် သဲကြီးမဲကြီးရှာတိုင်း တွေ့ရတတ်သော သဘောမျိုးမဟုတ်ပါ။ တရားအားထုတ်၍ 'ကောင်းတာလည်းတရား၊ မကောင်းတာလည်းတရား'ဟူ၍ လက်ခံထားရမည်။

အမှန်မှာ 'တရားအားထုတ်လို့ ကောင်းလိုက်တာ'ဟူသောအခြေအနေကို သဲကြီးမဲကြီးရှာနေသောစိတ်ကို မရှုမှတ်မိသောကြောင့် ဤအခြေအနေသို့ ရောက်လာခြင်းဖြစ်ပါသည်။ ဤအခြေအနေအတိုင်း ဆက်တိုးနေပါက ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်တော့မည်။

ယခင်တရားအားထုတ်ရာ၌ ကောင်းခဲ့သည့်အခြေအနေတစ်ခုခုကို ကောင်းအောင်မျှော်လင့်နေခြင်းသည် လောဘကိလေသာ ဝင်လာခြင်းဖြစ်သည်။ ရလာရန်၊ ဖြစ်လာရန် လွန်ကဲသော ကြောင့်ကြစိုက်မှုက ဝီရိယလွန်သွားခြင်းကြောင့် ဖြစ်ပါသည်။

ဆောင်ရွက်ရန် အကောင်းဆုံးသောနည်းလမ်းမှာ အမှတ်ကျဲကျဲဖြင့် ရှုမှတ်လျက် ခေတ္တအနားယူသင့်ပါသည်။ ထို့နောက် ရေမိုးချိုး၊ အဝတ်အစားလဲပြီးနောက် စကြံ့ကမ္မဋ္ဌာန်းမှစ၍ အားထုတ်သင့်ပါသည်။

တရားအားထုတ်ရာ၌ ကြုံရတတ်သောအခက်အခဲကို မှတ်သားထားရမည်။ ကျော်လွှားနိုင်ခဲ့သည့် အခြေအနေကိုလည်း မမေ့သင့်ပါ။ သင်ခန်းစာအဖြစ် မှတ်ယူရမည်။ နောက်နောင်လည်း အလားတူ အဆင်မပြေမှု ကြုံလာသောအခါ၌ မပင်မပန်း ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ အခက်အခဲတစ်ခုကို ကျော်လွှားနိုင်တိုင်း အသိအမြင် ဗဟုသုတများစွာ ရမည်ဖြစ်ပါသည်။

သမာဓိလွန်ပြီး ဝီရိယလျှော့

ကြုံတွေ့လာသော အခက်အခဲကို ကျော်လွှားပြီးနောက် ကမ္မဋ္ဌာန်းအချိုးကျကာ ရှုမှတ်အားကောင်းလာနိုင်ပါသည်။ ထိုအခါ အရောင်အလင်းများလည်း တွေ့ရတတ်သည်။ ဆလိုက်ထိုးသည့်အရောင်ကဲ့သို့လည်း တွေ့ရတတ်သည်။ သက်တန့်ရောင်ကဲ့သို့

ရောင်စုံကိုလည်း တွေ့ရတတ်သည်။ သေသွားခဲ့ပြီးဖြစ်သော မိမိတို့၏ အသိမိတ်ဆွေတို့ကိုလည်း တွေ့ရတတ်သည်။ ရံခါ အဝေးဌာန မှုန်ဝါးဝါးတွေ့ရတတ်သည်။ ရံခါဌာနလည်း မျက်နှာ အနီးကပ်၍လည်း တွေ့ရတတ်သည်။ ထိုအခါဌာန ရုတ်တရက် ကြောက်စိတ်လည်း ဝင်လာတတ်ပါသည်။ ကြောက်စရာအာရုံတွေ့၍ ကြောက်ပြီး ကမ္မဋ္ဌာန်းအားမထုတ်ဘဲလည်း နေမိတတ်သည်။ ကြည်ညိုစဖွယ် ဘုရားစေတီပုထိုး စသည်ကို ဖူးမြင်ရ၍လည်း ရံခါ ဝမ်းမြောက်ပြီး ကမ္မဋ္ဌာန်းအားမထုတ်ဘဲလည်း နေမိတတ်သည်။

တကယ်တန်းဌာမူ ထိုထိုအာရုံအဖုံဖုံတို့သည် အိပ်မက်ထဲဌာပေါက်သော သိန်းတစ်သောင်းဆုကြိုးကို ထုတ်သုံး၍ မရသကဲ့သို့ဟူ၍လည်းကောင်း၊ အိပ်မက်ထဲဌာ အခုတ် ခံခဲ့ရသောဓားချက်သည် သွေးမထွက်သကဲ့သို့ဟူ၍လည်းကောင်း နားလည်ရမည် ဖြစ်ပါသည်။[၁]

ဤသို့ မြင်တွေ့လာရသည်မှာ ကမ္မဋ္ဌာန်းကျွမ်းကျင်သူများဌာလည်း ဖြစ်တတ်သည်။ မကျွမ်းကျင်သူများဌာလည်း ဖြစ်တတ်သည်။ အကြောင်းမှာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ် စသည်အားဖြင့် သိစရာအာရုံများစွာ ရှိနေသော်လည်း ပေါ်ရာရာ၊ ထင်ရှားရာရာကို ကြောင့်ကြစိုက်ပြီး မရှုမှတ်မိဘဲ ဝင်လေ၊ ထွက်လေကိုသာ အားစိုက်ပြီး ရှုမှတ်မိသောကြောင့် သမာဓိအားကောင်းလာပြီး ပညာ၊ ဝိရိယစသည့် ဣန္ဒြေတရားတို့ မညီမျှတော့ဘဲ အာရုံအမျိုးမျိုး ပေါ်လာခြင်းဖြစ်ပါသည်။ ယောဂီ၏ စိတ်က မသိမသာညွတ်သောကြောင့်လည်း ထိုထိုအာရုံတို့ ပေါ်လာတတ်သည်။

ရှုပ်တရားနှင့် နာမ်တရားမျှသာ

ဆက်လက် ကြိုးစားအားထုတ်လာသောအခါဌာ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဣန္ဒြေတရားတို့ အားကောင်းလာသောအခါဌာ ထိုထို ထူးခြားဆန်းကြယ်သော အာရုံတို့လည်း ပျောက်ကင်းသွားပါသည်။

လေကြောင်းနောက်ကိုလည်း မလိုက်ရပါ။ ဝင်လေတိုးသိ၊ ထွက်လေတိုးသိကိုလည်းကောင်း၊ နားဌာကြားရသည့် အသံကိုလည်းကောင်း၊ ခန္ဓာကိုယ်ဌာ ပေါ်နေသည့် ယားယံ၊ နာကျင်၊ လေးလံ၊ ပေါ့ပါး စသည်ကိုလည်းကောင်း၊ စိတ်ဌာပေါ်လာသောအတွေးအကြံတို့ကိုလည်းကောင်း ရှုမှတ်မြဲ ရှုမှတ်ရပါမည်။

၁။ ရွှေကျောင်းကုန်း ဆရာတော်ကြီး၏ ပဋိဘာနဉာဏဒဿနကထာကျမ်း (နှာ-၄၀၁)

ရှုမှတ်မှုအားကောင်းပြီး သတိ၊ ဝီရိယ၊ ဉာဏ်အားကောင်း လာသောအခါ၌ ပူသည့်သဘော၊ အေးသည့်သဘော၊ မာသည့်သဘော၊ ပျော့သည့်သဘောနှင့် တွန်းကန် လှုပ်ရှားတုန်ခါခြင်းဟူသော မဟာဘုတ်တို့၏ ဖောက်ပြန်ပြောင်းလဲမှုကိုလည်း ပေါ်တိုင်း ပေါ်တိုင်း သိသိနေရမည်။

လူကနားလည်လာခြင်း မဟုတ်ပါ

ရှုမှတ်အားကောင်းလာသည်နှင့်အမျှ ဤနေရာတွင် ဖောက်ပြန်ပြောင်းလဲနေသည့် ရုပ်၏သဘောကတစ်ခု၊ သိသိနေသည့်သဘောကတစ်ခုဟူ၍ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ကွဲပြားလာတတ်သည်။

ထိုထိုရုပ်အာရုံတို့က တစ်ခုချင်းစီ၊ တစ်ခုချင်းစီဟု သိလာသကဲ့သို့ မာသည့်သဘောကတစ်ခု၊ ၎င်းကိုသိနေသည့်သဘောကတစ်ခု ဟူ၍လည်းကောင်း၊ တွန်းကန်လှုပ်ရှားသည့်သဘောကတစ်ခု၊ ၎င်းကို သိနေသည့်သဘောကတစ်ခု ဟူ၍လည်းကောင်း သီးခြားစီဖြစ်နေကြောင်းကို ကွဲကွဲပြားပြား သိလာနိုင်သည်။ တစ်နည်းအားဖြင့် အသိခံအာရုံကတစ်ခု၊ သိသိနေသည့်သဘောကတစ်ခုဟူ၍ ရှင်းရှင်းလင်းလင်း နားလည်လာနိုင်သည်။ လူကနားလည်လာသည်မဟုတ်ပါ။ ဉာဏ်က နားလည်လာခြင်းဖြစ်ပါသည်။

ထိုအခါ အာရုံနှင့် မှတ်စိတ်တို့ တကွဲတပြားစီ ရှင်းရှင်းလင်းလင်း ပိုင်းပိုင်းခြားခြားသိရှိလာပြီးနောက်ပိုင်း အားထုတ်၍လည်း ကောင်းလာသည်။ ရှေ့ပိုင်းအားထုတ်စဉ်ကမူ တင်းနစ်ဘောလုံးတစ်လုံး နံရံကို ပစ်ပေါက်လိုက်သောအခါ၌ ချက်ချင်း ဆန့်ကျင်ဘက်အရပ်သို့ လွင့်စဉ်သကဲ့သို့ တစ်ခဏကလေးမျှ စိတ်တည်ကြည်မှုမရဘဲ ကစဉ့်ကလျားဖြစ်နေရာမှ ယခုအခါ၌ မှတ်စိတ်နှင့် အာရုံတို့ တိတိကျကျ သိသိနေရသဖြင့် ပီကေကို ဝါးပြီး နံရံ၌ပစ်ပေါက်လိုက်သောအခါ၌ ထိသည့်နေရာ၌ပင် ကပ်ခနဲ၊ ကပ်ခနဲ ကပ်နေသကဲ့သို့ ဖြစ်နေသည်။ တစ်နည်းအားဖြင့် ပေါ်လာသည့်အာရုံကို မပင်မပန်း မကြောင့်မကြ သိ၍ သိ၍ နေခြင်းကို ဆိုလိုပါသည်။

ထို့ကြောင့် ရှုမှတ်သည့်စိတ်က တစ်ခုသတ်သတ်၊ အရှုခံအာရုံက တစ်ခုသတ်သတ်စီဖြစ်နေသည်ကို ရှင်းရှင်းလင်းလင်း သိလာပါသည်။ ပမာပြရသော် အသံကတစ်ခု၊ အသံကိုသိသည့်စိတ်ကတစ်ခု၊ အတွေးကတစ်ခု၊ ထိုအတွေးကို သိနေသည့်စိတ်ကတစ်ခု ကွဲကွဲပြားပြား၊ ရှင်းရှင်းလင်းလင်း သိနိုင်လာသဖြင့် 'အသိခံရုပ်တရားနှင့် သိသိနေသည့် နာမ်တရား'မျှသာရှိသည်ကို သဘောကျနိုင်မည်ဖြစ်သည်။

တရားသဘောကြောင့် အာရုံများ သိမ်မွေ့နေတတ်သည်

နှာသီးဝ၌ လေတိုးဝင်၊ တိုးထွက်နေသည်ကို ရှုမှတ်နေစဉ်၌ပင် အခြားတစ်ပါးသော မှတ်သိရန်အာရုံများက အထူးကြိုးစားပြီး ရှာကြံစရာမလိုအပ်ဘဲ အသင့်ပေါ်ပေါ် နေတတ်သည်။ ပမာပြရသော် ခန္ဓာကိုယ်၌ ယားယံမှုကိုရှုမှတ်နေစဉ်၌ပင် အခြားနေရာ၌ နာကျင်မှုက ထင်ထင်ရှားရှားကြီးပြလာသဖြင့် သိသိနေရတတ်သည်။ အားထုတ်ခါစကဲ့သို့ အထူးတလည် ရှာကြံပြီး ရှုမှတ်နေရခြင်းမျိုး မရှိတော့ခြင်းကို ဆိုလိုပါသည်။

အချို့ယောဂီများမှာ နာကျင်မှုဒုက္ခဝေဒနာများကိုသာ မပြတ်တမ်း ရှုမှတ်နေရသဖြင့် အရပ်ထဲ ကြားဖူးနားဝ ဗဟုသုတရှိသူများက 'ငါ့မှာ အကုသိုလ်ဝဋ်ကြွေး ပေးဆပ်ရတာ များလွန်းတယ်'ဟူ၍လည်း ပြောတတ်ကြသည်။

အချို့သောယောဂီမှာမူ ဘုရားဆင်းတုတော်များ ကောင်းကင်၌ပျံသန်းနေသည်ကို မြင်ရ၊ အချို့က ရုက္ခစိုးကို တွေ့တတ်သည်ဟု ပြောတတ်သည်။ မြင်ရသမျှအားလုံးမှာ အာရုံမျှသာဖြစ်သည်။ သို့ပါသော်လည်း အချို့သောယောဂီက သူတရားအားထုတ်စဉ် ဤကဲ့သို့ စိတ်ကြည်လင် ချမ်းမြေ့စရာကောင်းသည့်အာရုံများ မပေါ်ဘူးသဖြင့် သူ၌ တရားတိုးတက်မှု မရှိလေသလောဟူ၍လည်း မိမိကိုယ်ကို သံသယဖြစ်နေတတ်ပါသည်။ သံသယဖြစ်ရန် မလိုပါ။ ထိုသံသယစိတ်လည်း အရှုခံအာရုံဖြစ်သည်ကို သတိပြုရပါမည်။

ရံခါ၌မူ ဝင်လေထွက်လေသိမ်မွေ့ပြီး ပျောက်နေတတ်ပါသည်။ အားထုတ်ခါစ၌ ဝင်လေထွက်လေ ရှာမတွေ့ဘဲ ဖြစ်တတ်ပါသေးသည်။ အကြောင်းမှာ ဤမျှထင်ရှားသော ဝင်လေထွက်လေကို သိနိုင်လောက်သည့် သတိ၊ သမာဓိ အားနည်းနေသောကြောင့် ဖြစ်ပါသည်။ ယခု ဝင်လေထွက်လေ ပျောက်နေခြင်းမှာ သိမ်မွေ့သွားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သိမ်မွေ့သည့် ဝင်လေထွက်လေက နှာသီးဝ၊ နှုတ်ခမ်းဖျား၌ သိမ်သိမ်မွေ့မွေ့ တိုးထိနေသည်ကို သိနိုင်ရန် သတိ၊ ဝီရိယ၊ ဉာဏ်အားကောင်းရန် လိုအပ်လာသောအခါ၌ ဖြစ်ပါသည်။ ရှုမှတ်စရာအာရုံ မထင်ရှားဘဲဖြစ်နေသည်ကို အထူး ကြောင့်ကြစိုက်ပြီး မရှာဖွေတော့ဘဲ ပေါ်ရာရာ၊ ထင်ရှားရာရာကို သိသိပေးနေရမည်။

အကြောင်းအကျိုးကို သိမ်းဆည်းသည့်ဉာဏ်

ဤသို့ရှုမှတ်နေစဉ်၌ပင် ရံခါ ခန္ဓာကိုယ်၌ တသိမ့်သိမ့်၊ တစိမ့်စိမ့်ဖြင့် ကြက်သီးများ ထနေတတ်သည်။ ဝိပဿနာကြောင့် ဖြစ်ပေါ်လာသော ပီတိ၏သတ္တိကြောင့် စိတ္တဇရုပ်များ ထင်ရှားလာခြင်းဖြစ်သည်။ ဤသည်မှာလည်း ရှုမှတ်စရာအာရုံဖြစ်သည်။

ရှုမှတ်စရာအာရုံအမျိုးမျိုး စဉ်ဆက်မပြတ် ပေါ်နေသောကြောင့် ရှုမှတ်နေရခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ရှေးရှေးဘဝများက ထူထောင်လာခဲ့သောကံကြောင့် ယခုဘဝ၌ အကျိုးရုပ်နာမ်တရားတို့ ဖြစ်လာသည်ဟူ၍လည်းကောင်း၊ မည်သည့်တန်ခိုးရှင်ကမှ ဖန်ဆင်းပေးခြင်းမဟုတ်ဘဲ အကြောင်းအကျိုးဆက်၍ ဖြစ်နေခြင်းမျှသာဟူ၍လည်း သဘောကျတတ်သည်။

မသိမှု အဝိဇ္ဇာဟူသောအကြောင်းကြောင့် သခ်ါရမည်သော ကောင်းကံ၊ မကောင်းကံတို့ကို ထူထောင်ခြင်းကြောင့် ဘဝ၌ ဆူကြုံနိမ့်မြင့် ကွာခြားနေခြင်းဖြစ်သည်။ ယခုဘဝ၌ မကောင်းသည့်ကံများကို ဆက်လက် ထူထောင်ဦးမည်ဆိုလျှင် မကောင်းသည့် အကျိုးများသာ ဖြစ်လာပေဦးတော့မည်ဟူ၍လည်း ပရိယတ္တိစာပေ ဗဟုသုတအားလျော်စွာ၊ ပါရမီအားလျော်စွာ သိမြင် သဘောကျတတ်သည်။

ဤသို့ အကြောင်းအကျိုးသဘောကို နားလည်လာသဖြင့် ပုဂ္ဂိုလ်သတ္တဝါဟူသည် အခေါ်အဝေါ် သက်သက်မျှသာဖြစ်သည်ကို နားလည် သဘောကျလာတော့သည်။ ဤသည်မှာ အကြောင်းအကျိုးကို သိမ်းဆည်းတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်မည်ပေသည်။

ပေါ်လာပြီး ပျောက်နေသည်

ဤကဲ့သို့ ရှုမှတ်အား ကောင်းလာသည်နှင့်အမျှ စိတ်ထွက်သည်နှင့် တစ်ပြိုင်နက်တည်း ရှုမှတ်နိုင်လာသည်။ 'ရေသောက်မယ်'ဟု စိတ်ထဲပေါ်လာသည်။ ထိုစိတ်ပေါ်သည်နှင့် အလိုလို ရှုမှတ်ပြီး ဖြစ်နေတော့သည်။ 'အိပ်ဦးမယ်'ဟု စိတ်ထဲပေါ်လာသည်။ ထိုစိတ်ပေါ်သည်နှင့် အလိုလိုရှုမှတ်ပြီး ဖြစ်နေပါတော့သည်။ တရားသဘောအရ ရှုမှတ်၍ကောင်းလာသောအခါ၌ ဝမ်းမြောက် ဝမ်းသာဖြစ်လာသောကြောင့် 'ဝမ်းသာတယ်'ဟု စိတ်ထဲပေါ်လာသည်။ ထိုစိတ်ပေါ်သည်နှင့် အလိုလိုရှုမှတ်ပြီး ဖြစ်နေပါတော့သည်။

အလိုလိုရှုမှတ်မိရုံမက ပေါ်လာသမျှ၊ ပေါ်လာသမျှ အာရုံတိုင်းကိုလည်း အလွန်သွက်လက် လျင်မြန်စွာဖြင့် မပင်မပန်း ရှုမှတ်နိုင်နေသည်။ မြန်ဆန်နေသောကြောင့် ရှုနေသည်၊ မှတ်နေသည်ဟူ၍ မရှိတော့ဘဲ 'သိခါမျှ'၊ 'သိခါမျှ'သာ ဖြစ်နေပါတော့သည်။

ဤဉာဏ်အဆင့်တွင် ရှုမှတ်မိသည့်အာရုံတိုင်း တစ်ခဏမျှ တည်တံ့မနေဘဲ ပျောက်၍ ပျောက်၍ သွားနေသည် ဟူ၍လည်းကောင်း၊ ကုန်ကုန်သွားနေသည် ဟူ၍လည်းကောင်း မပင်မပန်း သိလာပါသည်။ ထင်ထင်ရှားရှား သိလာသည်။ ဤသို့ ပျောက်ပျောက်သွားရာတွင် ရှုမှတ်သည့်အာရုံနှင့် ရှုမှတ်စိတ်တို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ကုန်၍ ပျောက်၍ သွားသည်ကို ထင်ထင်ရှားရှား သိလာနိုင်ခြင်းဖြစ်သည်။

ပမာပြရသော် ရေတံလျှောက်ထဲမှရေများ အဆက်မပြတ်ကျပြီး ကုန်ပျောက်နေသကဲ့သို့လည်းကောင်း၊ လျှပ်စီးများ လက်ပြီးသည်နှင့်တစ်ပြိုင်နက် ရှာမတွေ့သည့်အထိ အကြွင်းအကျန်မရှိ ကုန်ပျောက်သကဲ့သို့လည်းကောင်း ပမာပြုနိုင်ပါသည်။

စကြိ်လျှောက်ရာ၌လည်း ဂွမ်းပုံပေါ်လျှောက်နေရသကဲ့သို့ ဖြစ်တတ်သည်။ တိမ်ပေါ် လျှောက်နေရသကဲ့သို့လည်း ဖြစ်နေတတ်သည်။ မိုင်ပေါင်းများစွာ လျှောက်ရမည်ဆိုလျှင်လည်း မမောမပန်း လျှောက်နိုင်သကဲ့သို့ ခန္ဓာကိုယ် ပေါ့ပါးကြည်လင်လန်းဆန်းနေတတ်သည်။ တစ်ထိ၊ တစ်သိ၊ တစ်ထိ တစ်သိကလည်း ပေါ်ပြီးပျောက်နေသည်မှာ အလွန်ပင် ရှင်းလင်းနေတော့သည်။

ထို့ကြောင့် အချို့ယောဂီတို့၏စိတ်ထဲတွင် 'ငါတို့ဆရာဘုန်းကြီးတွေ ငါ့လောက် တရားကောင်းတာ ကြုံဖူးမယ်မထင်ဘူး'ဟူ၍လည်းကောင်း၊ တရားထူးတရားမြတ်ဆိုတာ ဒါကို ပြောတာဖြစ်မယ်'ဟူ၍လည်းကောင်း တွေးထင်နေမိတတ်သေးသည်။

မကြုံစဖူး ထူးသည့်တရား

ဤကဲ့သို့ အသိဉာဏ်ရှင်းလာသောအခါ၌ သြဘာသမည်သော ဝါ၊ စိမ်း၊ နီ၊ ပြာ စသည့် အရောင်အလင်းများလည်း ပြိုးပြိုးပြက်ပြက် တွေ့ရတတ်သည်။ အလွန်အမင်း လွန်ကဲသော ဝမ်းမြောက်မှုပီတိလည်း ဖြစ်လာတတ်ပါသည်။ ပဿဒ္ဓိဟူသော စိတ်အေးငြိမ်းမှုများလည်း အလွန်ထင်ရှားစွာ ဖြစ်လာတတ်ပါသည်။

တစ်ဖန် ကိုယ်ရောစိတ်ပါ ပေါ့ပါးခြင်းဟူသော လဟုတာသည်လည်းကောင်း၊ ကိုယ်စိတ်ချမ်းသာခြင်းဟူသော သုခသည်လည်းကောင်း ဖြစ်လာတတ်ပါသေးသည်။ ဤသို့ မကြုံစဖူး အရည်အသွေးမြင့်မားသည့် စိတ်အစဉ်တို့သည် ဝိပဿနာတရားကို လမ်းကြောင်းမှန်စွာ အားထုတ်ကြသည့်ယောဂီများ တွေ့ကြုံရတတ်စမြဲ ဖြစ်သည်။ ဤအခြေအနေတို့ကြောင့် ဝိပဿနာတရားလမ်းကြောင်း မှားယွင်းသည်ဟု မဆိုနိုင်ပါ။

သို့သော် ယခုကဲ့သို့ မဖြစ်စဖူး ထူးထူးခြားခြားဖြစ်လာသည့် စိတ်အစဉ်ကို မရှုမှတ်မိဘဲ သာယာနှစ်သက်၊ သဘောကျနေမိလျှင်မူ ထိုထိုနှစ်သက်မှု တဏှာနိကန္တိကြောင့် ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာ လျှောကျ ပျက်စီးတတ်လေသည်။

ကြုံတွေ့နေရသော စိတ်အခြေအနေသည် သာယာ နှစ်သက်စဖွယ်လည်းကောင်းမွန်လှသည်။ ပရိယတ်၊ ပဋိပတ်အရာ ကျွမ်းကျင်လိမ္မာသည့် ဆရာ့ထံပါးမှ သွန်သင်ဆုံးမမှုကို မရပါက 'ငါ လောကုတ္တရာတရားထူးကို မျက်မှောက်ပြုပြီ' 'တရားထူး ရလာလို့သာ အခုလို စိတ်အဆင့်အတန်းက မကြုံစဖူးအောင် မြင့်မားနေတာ'ဟူ၍လည်း ထင်မှတ်မှားတတ်ကြပါသည်။

ဘာဝနာရတိပမာ အထင်ရောက်တတ်သည်

သိမ်မွေ့သည့် ထိုတဏှာနိကန္တိကို ကမ္မဋ္ဌာန်းဘာဝနာ၌ မွေ့လျော်ခြင်းဟူသော ဘာဝနာရတိဟူ၍လည်း ထင်မှတ်မှားတတ်သည်။ မှားလည်း မှားလောက်ပါပေသည်။ ဣရိယာပုတ်တစ်ခုဖြင့် အားထုတ်နေသည့် အချိန်ကာလ နာရီပေါင်းများစွာ ကြာမြင့်ပါသော်လည်း အမှတ်သတိမပျက် အသိဆက်လျက် အေးချမ်းမှုကလည်း တစ်သားတည်း ကပ်၍ပါနေတတ်သည်။

အတွေးအတောတစ်ခုခု ဝင်လာပါက ထိုအတွေးစိတ်ဦးကို အလိုလိုရှုမှတ်ပြီးဖြစ်နေသည်။ ထို့နောက် မူလအတိုင်း ရှုမှတ်မြဲရှုမှတ်ကာ ချမ်းသာမြဲ ချမ်းသာနေတော့သည်။ ထို့ကြောင့် ဥဒ္ဓစ္စကလည်းကောင်း၊ ထိနမိဒ္ဓကလည်းကောင်း ယောဂီ၏စိတ်ကို လွှမ်းမိုး နှိပ်စက်ခြင်းမှ လွတ်ကင်း၍ နေပါတော့သည်။

သမထအခြေခံပါလာလျှင်မူ မိုးလင်းသည်မှ မိုးချုပ်၊ မိုးချုပ်သည်မှ မိုးလင်းသော်လည်း မပင်မပန်း ဘာဝနာမပျက် စွဲမြဲကပ်တည်၍ ချမ်းချမ်းသာသာဖြင့် နေ၍ရနေတတ်သည်။

ဝတ္တရားရှိ၍သာ ကိုယ်လက် သုတ်သင်နေရသည်။ ခန္ဓာကိုယ်အတွက် တာဝန်ရှိ၍သာ ဆွမ်းအာဟာရ ဘုဉ်းပေးသုံးဆောင်နေရသည်။ မစားဘဲနေ၍လည်း ရနေသည်။ မအိပ်ဘဲ နေသော်လည်း ရနေသည်။ မစားရ၊ မအိပ်ရသော်လည်း ကိုယ်လက်ပင်ပန်းမှုမရှိဘဲ အသားအရေများ ကြည်လင် ဝင်းပလျက် ရှိတတ်သည်။

ရံခါ၌လည်း အဓိဋ္ဌာန်တင်ပြီး အချိန်ကာလပိုင်းခြား၍ တရားရှုမှတ်ပါက သတ်မှတ်ချိန် တစ်စက္ကန့်မလွဲ အဓိဋ္ဌာန်မှထသည်။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ထိုင်နေစဉ်၌သာ မဟုတ်ဘဲ စကြီ်လျှောက်နေစဉ်၌လည်း ငြိမ်းအေးမြဲ ငြိမ်းအေး၍နေပါတော့သည်။ စကြီ်အပြန်များစွာ လျှောက်နေစေကာမူ မောပန်းသည်ဟူ၍လည်းမရှိ၊ ပင်ပန်းသည် ဟူ၍လည်းမရှိဘဲ လျှောက်ကောင်းမြဲ ကောင်းနေပါတော့သည်။

ထိုအခြေအနေ၌ ယောဂီ၏စိတ်အစဉ်ကို ဆင်ခြင်ရာ၌ အချိန်ကာလများကြာသည့်တိုင် ကိလေသာနီဝရဏအရိပ်အရောင် စိုးစဉ်းမျှမရှိ၊ ထိုထိုတရားဆိုးတို့မှ ပကတိလွတ်မြောက်၍ နေပါတော့သည်။

ဤနေရာ၌ ပရိယတ်၊ ပဋိပတ်အရာ ကျွမ်းကျင်လိမ္မာသည့် အာစရိယဆရာကောင်းကို အမှီသဟဲမရပါက မိမိရရှိထားသောတရားသည် ယခုအခါ 'အထွဋ်အထိပ်သို့ရောက်လေပြီ'ဟူ၍လည်းကောင်း၊ 'ငါအလိုရှိတိုင်း အဓိဋ္ဌာန်တင်၍ ဖလသမာပတ် ဝင်စားနိုင်ပြီ'ဟူ၍လည်းကောင်း အဓိမာနဖြစ်နေတတ်ပါသည်။

ဥပက္ကိလေသာ (၁၀)ပါး

ဥပက္ကိလေသာတို့သည် မဂ်ဖိုလ်ကို မျက်မှောက်ပြုပြီးသူ၌လည်း မပေါ်ပါ။ ကမ္မဋ္ဌာန်း ချထားသူ၌လည်း ဥပက္ကိလေသာတို့ မပေါ်ပါ။ ပျင်းပျင်းရိရိ အားထုတ်နေသည့် ယောဂီ တို့၌လည်း မပေါ်ပါ။ ကမ္မဋ္ဌာန်းကို နည်းမှန်လမ်းမှန် မလျော့သောဇွဲလုံ့လဖြင့် အားထုတ် နေသော ယောဂီတို့၌သာ ပေါ်ရိုးဓမ္မတာတည်း။

ဥပက္ကိလေသာ (၁၀)ပါးရှိပါသည်။ ၎င်းတို့မှာ -

ဩဘာသေ စေဝ ဉာဏော စ၊ ပီတိယာ စ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေ စေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။
အဓိမောက္ခေ စ ပဂ္ဂါဟေ၊ ဥပဋ္ဌာနေ စ ကမ္ပတိ။
ဥပေက္ခာဝဇ္ဇနာယစေဝ၊ ဥပေက္ခာယ စ နိကန္တိယာ။[၁]

(၁) ဩဘာသ = အလင်းရောင်ကို ထင်ထင်ရှားရှား တွေ့မြင်ရခြင်း။
(၂) ဉာဏ = ဒွါရခြောက်ပါး၌ ပေါ်လာသမျှသော အာရုံတို့ကို လျင်မြန် လွယ် ကူစွာဖြင့် ပိုင်းပိုင်းခြားခြား ရှင်းရှင်းလင်းလင်းသိခြင်း။
(၃) ပီတိ = တသိမ့်သိမ့်၊ တစိမ့်စိမ့် ငြိမ့်ငြိမ့်ညောင်းညောင်း အတွေ့ထူးများ ပေါ်ခြင်း။
(၄) ပဿဒ္ဓိ = ကြောင့်ကြမှု၊ ပျံ့လွင့်မှု စသည့် ပူပန်မှုအလုံးစုံကင်း၍ စိတ်ရောကိုယ်ပါ ငြိမ်းအေးခြင်း။
(၅) သုခ = စိတ်ရောကိုယ်ပါ အလွန်ချမ်းသာခြင်း။
(၆) အဓိမောက္ခ = ဘုရား၊ တရား၊ သံဃာပေါ်၌ အလွန်ကြည်ညိုခြင်း။
(၇) ပဂ္ဂါဟေ = ကြောင့်ကြလည်းမစိုက် ပျင်းရိမှုလည်းမရှိ ညီမျှစွာ အားထုတ်ခြင်း။
(၈) ဥပဋ္ဌာန = ပေါ်လာသမျှသော ဖြစ်ခိုက်ဖြစ်ခိုက်၌ ရှုမှတ်နိုင်ခြင်း။
(၉) ဥပေက္ခာ = ချစ်ခြင်း၊ မုန်းခြင်း ကင်းလျက် အညီအမျှ ရှုနိုင်ခြင်း။
(၁၀) နိကန္တိ = ဝိပဿနာဘာဝနာ၌ ငြိကပ် တွယ်တာ သာယာသဘောကျခြင်း။

၁။ ဓမ္မဒ္ဒစ္စဝါရနိဒ္ဒေသ၊ ယုဂနဒ္ဓဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ (နှာ-၂၉၂)

ဩဘာသကို နိဗ္ဗာန်ထင်တတ်သည်

တရားရှုမှတ်နေစဉ်၌ အရောင်အလင်းများကို တွေ့ရတတ်သည်။ သဘောကျစရာလည်းကောင်းသည်။ နှစ်သက်စရာလည်းကောင်းသည်။ အချို့က မျက်စိမှိတ်ထားစဉ် စိတ်ထဲ၌သာ လင်းနေပြီး မျက်စိဖွင့်ကြည့်သောအခါ၌ မလင်းတော့ပါ။ အချို့ကမူ မျက်စိပိတ်ထားသော်လည်း လင်းနေသည်။ မျက်စိဖွင့်လျှင်လည်း လင်းနေတတ်သည်။

မြန်မာနိုင်ငံသာသနာ့သမိုင်း၌ ထင်ရှားကျော်ကြားခဲ့သည့် ဆရာတော်ကြီးတစ်ပါးက ဝိပဿနာတရားအားထုတ်စဉ် ပေါ်လာတတ်သော အလင်းရောင်သည် နိဗ္ဗာန်တည်းဟူ၍ ကျမ်းစာများရေးသားပြီး အဆုံးအဖြတ်ပေးဖူးသည်။ ကျမ်းကိုး အထောက်အထား များလည်းပြသည်။ ဆရာတော်ပြသည့် ကျမ်းများအနက် ဓမ္မစကြာပါဠိတော်ကိုလည်း ကိုးကားထားသည်။

'ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ'။

ထို့ကြောင့် အထက်ပါ ပါဠိတော်အရ အလင်းရောင်ပေါ်လာခြင်းသည် တရားထူး တရားမြတ်ကို မျက်မှောက်ပြုခြင်းဖြစ်ကြောင်း၊ တရားတိုးတက်သောဆရာတော်၏ တပည့် များ၌လည်း အလင်းရောင် ပြိုးပြိုးပြက်ပြက် တွေ့ရတတ်ကြောင်း ပြဆိုထားပါသည်။ 'ကျမ်းစာတတ်ရုံနှင့်မပြီး ကျမ်းညှိတတ်ရန်လည်းလိုသေးသည်'ဟူသော ဆရာသခင်တို့၏ အဆုံးအမကို-ဦးထိပ်ပန်ဆင် လိုက်နာကြရပေမည်။

တကယ်တမ်းမှာမူ ဩဘာသမည်သော အလင်းရောင်သည် ရှုမှတ်ရမည့် တရား အာရုံသာဖြစ်ပါသည်။ နိဗ္ဗာန်မဟုတ်ပါ။ လက်ခံ သိမ်းပိုက်ရမည့်တရားလည်း မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် လက်ခံသိမ်းပိုက်မိလျှင် ဝိပဿနာညစ်ညူးပြီး တရား လုပ်ငန်း ရပ်တန့်သွားပေမည်။

အမှန်မှာမူ ဥပက္ကိလေသာ (၁၀)ပါးအနက် နိကန္တိမှအပ ကျန် (၉)ပါးသည် မိမိတို့ အားထုတ်သည့် ဝိပဿနာလမ်းခရီး၌ ကြုံရ၊ တွေ့ရ၊ ဆုံရမည့် တရားများသာဖြစ်ပါသည်။ ထိုထိုတရား (၉)ပါးကြောင့် ကမ္မဋ္ဌာန်းလမ်းကြောင်း မရပ်တန့်သေးပါ။ မပျက်စီးသေးပါ။ နောက်ဆုံးတစ်ပါးဖြစ်သော 'နိကန္တိ'ကြောင့်သာ ဘာဝနာကမ္မဋ္ဌာန်း၌ ကြီးစွာသော အဟန့်အတား ဖြစ်စေသောကြောင့် ဥပက္ကိလေသာအမည်ရခြင်း ဖြစ်ပါသည်။

အရောင်အလင်းကို နိဗ္ဗာန်ဟူအထင်မှားတတ်သည်

ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် ကျမ်းစာအုပ်ထဲမှ အရောင်အလင်းကို မဂ်ဟူထင်မှားပုံကိုလည်း ဤနေရာတွင် အကြောင်းစုံနေသဖြင့် ဖော်ပြပါဦးမည်။

ရှေးအခါက ရဟန်းတော်ကြီးတစ်ပါးကို လူများက လောကုတ္တရာတရားထူးကို ပိုင်ပိုင်ရထားသောရသေးပုဂ္ဂိုလ်ဟူ၍ ချီးကျူးပြောဆိုနေကြ၏။ ရဟန်းတော်ကြီး၏ သဒ္ဓိဝိဟာရိကတပည့်များ ဆည်းကပ်လာရောက်ကြသဖြင့် "ငါ့ရှင်တို့ ဘာကိစ္စလာကြသနည်း"ဟုမေး၏။ "အရှင်ဘုရား နှလုံးသွင်းသောကမ္မဋ္ဌာန်းကို မေးလျှောက်ရန်လာကြပါသည်"လျှောက်၏။

"ထိုင်ကြလော့-တစ်ခဏချင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်းတရားကို ပြောကြားမည်"ဟုဆို၍ "သာသနာတော်ထမ်း ရဟန်းသည် မိမိနေရာဌာနသို့ ဝင်၍ မူလကမ္မဋ္ဌာန်းကို နှလုံးသွင်း၏။ မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ထိုရဟန်းအား အရောင်အလင်းသည်ဖြစ်၏။ ဤအရောင်အလင်း ဖြစ်ခြင်းသည် ပထမမဂ်ပင်တည်း။ ဒုတိယ၌ အရောင်အလင်းဖြစ်၏။ ဤကား ဒုတိယမဂ်တည်း။ တတိယ၊ စတုတ္ထ အရောင်အလင်းဖြစ်၏။ တတိယ၊ စတုတ္ထမဂ်ပင်တည်း။ ဤသို့ဖြင့် မဂ်သို့ရောက်ခြင်း၊ ဖိုလ်သို့ရောက်ခြင်းဖြစ်သည်"ဟု ပြောကြားလေသည်။

တပည့်များက "ငါတို့ဆရာသည် ရဟန္တာဖြစ်၍သာ ဤသို့ ပြောကြားနိုင်ရာသည်"ဟု ရဟန္တာအဖြစ်ဖြင့် ဆုံးဖြတ်ကာ ယုံကြည်ကြကုန်၏။ ထိုရဟန်းတော်ကြီးသည် နောက်မကြာမီ ပုံတော်မူသဖြင့် တပည့်ဒကာများက ရဟန္တာဟူသော ကြည်ညိုခြင်းဖြင့် အထူးတလည် တင့်တင့်တယ်တယ် တတ်နိုင်သမျှ စီမံဖန်တီး၍ သင်္ဂြိုဟ်ကြကုန်၏။ ကျောင်းအာရာမ်အဝင် စေတီတည်၍လည်း အရိုးဓာတ်ကို ပူဇော်ကြကုန်၏။

အခါတစ်ပါး၌ အာဂန္တုများ ရောက်လာကြ၍ မထေရ်ကြီးကို ဖူးမြော်ကန်တော့ရန် မထေရ်ကြီးကို မေးကြရာ ပရိနိဗ္ဗာန်ပြုကြောင်း ပြောကြ၏။ "ငါ့ရှင်တို့ မထေရ်ကြီးအား တရားရပုံကို မေးလျှောက်လိုက်ကြပါ၏လော"ဟုဆိုသဖြင့် "မေးလျှောက်လိုက်ပါသည်ဘုရား။ တရားအားထုတ်သောရဟန်းသည် ပထမ အရောင်အလင်းဖြစ်၏။ ဤအရောင်အလင်းသည် ပထမမဂ်ဖြစ်သည် စသည်ဖြင့် ဖြေကြားသွားကြောင်းပါဘုရား"ဟု ပြောပြသောအခါ အာဂန္တုက ရဟန်းတော်များက "ငါ့ရှင်တို့ ဤအရောင်အလင်းတို့သည် မဂ်မဟုတ်ကြကုန်၊ ဝိပဿနုပက္ကိလေသ=ဝိပဿနာ၏ အညစ်အကြေး အနှောင့်အယှက်သာဖြစ်သည်။ ပုံတော်မူသောမထေရ်သည် ပုထုဇဉ်သာလျှင်ဖြစ်သည်"ဟု အဆုံးအဖြတ်ပေးတော်မူကြသည်။[၁]

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် (နှာ-၈၉)

ဖြစ်ပေါ်လာပြီး တစ်မှုဟူတ်ချင်း ပျောက်ပျောက်သွားသည်

ထိုကဲ့သို့သော ဝိပဿနာအညစ်အကြေးကို လွန်မြောက်လာပြီးနောက် ဘာဝနာကမ္မဋ္ဌာန်းကို ဆက်လက်၍ ရှုမှတ်အားထုတ်လာသောအခါ၌ ဉာဏ်အားကောင်းသည်နှင့်အမျှ မှတ်သိနေသည့်သဘောကလည်း ပေါ်ပြီးပျောက်နေသည်။ တစ်ချက်ပေါ်၊ တစ်ချက်သိ၊ တစ်ချက်ပေါ်၊ တစ်ချက်သိရုံမျှ၊ သိရုံမျှကို သေသေချာချာ သိမြင်သဘောကျနိုင်လာတော့သည်။

စကြိ်ဳလျှောက်ရာ၌လည်း အစပိုင်းတွင် ခြေဖဝါးဟူ၍လည်းကောင်း၊ ကြမ်းပြင် ဟူ၍လည်းကောင်း သိနေသည်။ ရုံခါ၌မူ ပါကေးကြမ်းခင်း ဟူ၍လည်းကောင်း၊ ပါကေး၌လည်း ကျွန်းပါကေးအခင်းဟူ၍လည်းကောင်း၊ ကိုးရိုးယားပါကေးဟူ၍လည်းကောင်း အမည်ပညတ်များ ပါနေတတ်သည်။

သတိပဋ္ဌာန်တရား၌ အလေ့အကျင့်အားကောင်းလာသော အခါ၌မူ ကျွန်းဟူသော ပညတ်၊ ပါကေးဟူသောပညတ်၊ ကိုးရိုးယားဟူသော ပညတ်တို့ မပေါ်တော့ဘဲ မာသည့်သဘောနှင့် ၎င်းကို သိနေသည့်သဘော၊ ပူသည့်သဘောနှင့် ၎င်းကို သိနေသည့်သဘောမျှသာ ထင်ရှား၍ လာပါတော့သည်။

ထို့ထက် အသိဉာဏ်ရင့်ကျက်လာသောအခါ၌မူ ထိုမာသည့်သဘောလည်း သိသည့် အခိုက်မျှသာရှိပြီး၊ ထိုပူသည့်သဘောကလည်း သိသည့်အခိုက်မျှသာရှိပြီး တစ်ထိနှင့် တစ်သိ၊ တစ်ထိနှင့် တစ်သိမျှသာ ထင်ရှား၍နေပါတော့သည်။ ထိုတစ်ထိနှင့် တစ်သိကလည်း အစဉ်အမြဲ အသစ် အသစ် အသစ် ဖြစ်နေသည်ဟူ၍ လည်းကောင်း၊ ရုံခါ၌လည်း အဟောင်း အဟောင်း ပျောက်၍ ပျောက်၍နေသည် ဟူ၍လည်းကောင်း နားလည်သဘောပေါက်ကာ အသိအမြင်များ ရှင်းလာနိုင်ပါသည်။

စကြိ်ဳကမ္မဋ္ဌာန်း ရှုပွားနေစဉ်၌ အကြားအကြားတွင် စိတ်ကူးအကြံအစည်များလည်း ဝင်လာတတ်သေးသည်။ သာဓကအားဖြင့်ပြရလျှင် ညဉ့်နက်လာသဖြင့် 'ဘယ်နှနာရီထိုးပြီလဲ'ဟူသော စိတ်ကူးပေါ်လာသည်နှင့် မျက်လုံးက နံရံ၌ချိတ်ထားသည့် နာရီကို ကြည့်နိုင်ရန် ဦးခေါင်း လှည့်ချင်သည့် စိတ်ပေါ်လာသည်ကို သေသေချာချာ သိလိုက်သည်။ ထိုခဏ၌ပင် ဦးခေါင်းလှည့်ချင်သည့်စိတ် ပျောက်သွားသည်။ နာရီကြည့်ချင်စိတ်လည်း ပျောက်သွားသဖြင့် ဦးခေါင်းလည်း မလှည့်ဖြစ်၊ နာရီလည်း မကြည့်ဖြစ်တော့ဘဲ စကြိ်အမှတ်သတိဖြင့် မူလအတိုင်း လျှောက်မြဲသာ လျှောက်နေပါတော့သည်။

ရုံခါ၌လည်း 'အတော်ကြီး ညောင်းနေပြီ ထိုင်ဦးမယ်'ဟူသောစိတ် ပေါ်လာသည်။ ထိုစိတ်ပေါ်လာသည်နှင့် အမှန်တကယ်ပင် ခြေထောက်များလေးလံပြီး ခြေဖဝါးပြင်ပါ

ကျိန်းနေသည်ကို ခံစားလာရတော့သည်။ ထိုထိုပေါ်လာသည့်စိတ်တို့ကို သေသေချာချာ မိမိရရ သိလိုက်သောခဏ၌ လေးလံပြီး နားချင်သည့်စိတ် တစ်မှုဟုတ်ချင်း ပျောက်သွားပြီး စကြိ်ုအမှတ်သတိဖြင့် မူလအတိုင်း လျှောက်မြဲသာ လျှောက်နေပါတော့သည်။ ဤနေရာ၌ စာကြောင်းရေများစွာဖြင့် ရေးသားနေရပါသော်လည်း အမှန်တကယ် သိသည့်အခိုက်၌မူ စာတစ်လုံးဖတ်နေသည့်အချိန်ထက်ပင် တိုတောင်းလွန်းပါသည်။

ဤသို့ သဘောပေါက်လာသောယောဂီက ဖြစ်ပေါ်လာပြီး တစ်မှုဟုတ်ချင်း ပျောက် ပျောက်သွားသောကြောင့် မမြဲသည့်သဘောကို ခန္ဓာဉာဏ်တွေ့ သဘောကျနိုင်မည် ဖြစ်ပါသည်။ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ပျောက်ပျောက်သွားသောကြောင့် ဆင်းရဲသည့် သဘောပါတကား ဟူ၍လည်း သဘောကျနိုင်ပါသည်။

မိမိအလိုအတိုင်း ပြုပြင်၍လည်းမရ၊ စီမံ၍လည်းမရဘဲ သူ့သဘောအတိုင်းသူ ဖြစ်ပျက်ကာ အစိုးမရသည့် သဘောပါတကားဟူ၍လည်း သဘောကျနိုင်ပါသည်။ ဤသို့အားဖြင့် ဝိပဿနာဉာဏ်များ အစဉ်အတိုင်း တက်၍လာမည်ဖြစ်သည်။ လူက ဉာဏ်ကို တင်ပေး၍မရသကဲ့သို့ ဆရာသမားများကလည်း ဝိပဿနာဉာဏ်ကို တင် မြှောက်ပေး၍ မရနိုင်ပါ။ ဆရာက သင်ပြပေးရုံမျှသာ တတ်နိုင်ပါသည်။

ဥဿဿံဖွည်လည်း အပိုင်းပိုင်းပြတ်ပြတ်နေသည်

အာရုံဒွါရတိုက်ဆုံပြီးနောက် ကြုံလာဆုံလာသည့် မည်သည့်အာရုံဖြစ်စေ ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း အာရုံနှင့်ရှုစိတ်တို့သည် အတွဲလိုက် ပျောက်ပျောက်သွားသည်ကို ရှင်းရှင်း လင်းလင်းသိလာသည်။ ဤတွင် အချို့က အသိခံအာရုံ ပျောက်ပျောက် နေသည်ကိုသိသည်။ အချို့က ရှုမှတ်သည့်စိတ်က ရှုမှတ်ပြီးသည်နှင့် ပျောက်ပျောက်သွားသည်ကို သိကြသည်။

တရားအားထုတ်ခါစ၌ အသံရှည်ကိုကြားရလျှင် မရှုမှတ်တတ်ဘဲ ဖြစ်နေတတ်သည်။ ထို့ကြောင့် အသံအာရုံကို အနှောင့်အယှက်ကြီးဟု ယောဂီအများစုက ပြောလေ့ရှိကြသည်။ အသိဉာဏ်အဆင့် တစ်စတစ်စမြင့်လာသောအခါ၌ ထိုသံရှည်သည်လည်း မနားတမ်း တစ်ဆက်တည်း ကြားနေရသည်မဟုတ်ဘဲ အပိုင်းအပိုင်း ပြတ်၍ ပြတ်၍ ကြားနေရခြင်း ဖြစ်ကြောင်း သိလာနိုင်သည်။ အချို့ယောဂီက 'ဥဿဿဆွဲတဲ့စက် ပျက်နေတယ်ထင်တယ်။ အသံက တစ်ဆက်တည်းမဟုတ်ဘဲ အပိုင်းပိုင်းပြတ်ပြတ်ပြီး ထွက်နေတာကို ကြားနေရတယ်'ဟု ထင်တတ်ကြသည်။

ဤအဆင့်၌ အသံကိုမရှုမှတ်တတ်သူတို့ကပင် အသံအာရုံကို ရှုမှတ်ရသည်မှာ ငြီးငွေ့ခြင်းမရှိကြတော့ပါ။ တစ်နည်းအားဖြင့် အသံအာရုံက အားထုတ်နေသည့် ဝိပဿနာတရားကို အနှောင့်အယှက် မပေးနိုင်တော့ပါ။

သို့သော် ကျယ်လောင်စွာ ဖွင့်ထားသည့် ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းဖြစ်စေ၊ မိမိကြိုက်နှစ်သက်ခဲ့သည့် သီချင်းသံဖြစ်စေ မိမိအနီးအပါး၌ တစ်စုံတစ်ဦး တစ်ယောက်က ကျယ်ကျယ်လောင်လောင် ပြောကြားနေသည့်စကားသံတို့ကမူ တရားလုပ်ငန်းအတွက် အနှောင့်အယှက် ပေးနိုင်ပါသေးသည်။

သူ့အလိုလို ရှုမှတ်ပြီးသားဖြစ်နေသည်

ရှုမှတ်နေရသည်မှာ သဘောကျစရာ၊ ပျော်စရာဖြစ်မလာသကဲ့သို့ ပျင်းရိနေခြင်းလည်းမဟုတ်ပါ။ သို့ပါသော်လည်း ရှုမှတ်၍မူ ကောင်းနေသည်။ ထိုင်သည့်ဣရိယာပုတ်ဖြင့် ရှုမှတ်ရာတွင် အချိန်နာရီ အတန်ကြာသည့်တိုင်အောင် ခန္ဓာကိုယ်၌ ညောင်းညာကိုက်ခဲခြင်းမရှိသကဲ့သို့ စိတ်ထဲ၌လည်း ပျင်းရိ၊ ငြီးငွေ့၊ ထိုင်းမှိုင်းနေခြင်းလည်းမရှိပါ။

ယခင်အားထုတ်စဉ်ကကဲ့သို့ ပုဂ္ဂိုလ်က အထူးကြောင့်ကြစိုက်ပြီး အားထုတ်ရသည်မဟုတ်ဘဲ သူ့အလိုလို ရှုမှတ်လျက် ဖြစ်နေတတ်သည်။ ပမာပြရသော် ဤသို့ရှုမှတ်၍ အဆင်ပြေသည့် အခြေအနေကိုရောက်ရန် ယခင်က အချိန်ယူပြီး ပျိုးနေခဲ့ရဖူးသည်။ ရံခါ၌မူ ရှုမှတ်ရသည်မှာ အချိုးမကျဘဲ အချိန်နာရီများစွာ ကုန်သွားသည်ကိုလည်း ကြုံခဲ့ရဖူးသည်။ ယခုအခါ၌မူ ကမ္မဋ္ဌာန်းဘာဝနာကို အာရုံပြုပြီး တစ်ချက်၊ နှစ်ချက် ရှုမှတ်ရုံမျှဖြင့် သူ့အလိုလို ရှုမှတ်ပြီးသား ဖြစ်နေပါတော့သည်။

ယောဂီ၏ကမ္မဋ္ဌာန်းမှာ ကောင်းမြဲ ကောင်းနေပါတော့သည်

ထို့ကြောင့် အလွန် သက်သောင့်သက်သာရှိလှပြီး တရားအားထုတ်၍ ကောင်းနေသည်မှာ သိသာ ထင်ရှားလွန်းနေသည်။ ထူးခြားသည်မှာ ခန္ဓာကိုယ်အနေအထားနှင့် ဣရိယာပုတ်တို့ကို မိမိထားလိုသည့် အနေအထားအတိုင်းထားလျှင်လည်း အရုပ်တစ်ခုကဲ့သို့ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်၊ ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေပါတော့သည်။ ဤတွင် ဣရိယာပုတ်ငြိမ်နေသကဲ့သို့ စိတ်လည်းရှုမှတ်စရာအာရုံ၌ ကပ်ခနဲ၊ ကပ်ခနဲနေပြီး ငြိမ်နေတတ်သည်။

ရုံခါ နေဝင်ဆည်းဆာအချိန်မှ စတင်၍ အားထုတ်လာခဲ့သော ရဟန်းယောဂီသည် နောက်တစ်နေ့နံနက် အရုဏ်တုံးခေါက်ပြီးနောက် ဆွမ်းခံချိန်ရောက်သဖြင့် ဆွမ်းခံကြွသော်လည်း အိပ်ရေးပျက်သည့် လက္ခဏာမပေါ်ပေ။

ဆွမ်းဘုဉ်းပြီးနောက် စေတီတော်တံမြက်လှည်းခြင်း၊ သင်္ကန်းလျှော်ခြင်း၊ ရေချိုးခြင်း၊ သီတင်းသုံးဖော်များနှင့် စကားအနည်းငယ် ပြောဆိုပြီးနောက် တရားအားထုတ်ရာတွင်လည်း ထိုရဟန်းယောဂီ၏ ကမ္မဋ္ဌာန်းမှာ ကောင်းမြဲကောင်းနေတော့သည်။

ယခင် ဉာဏ်အားမပြည့်ခင်က စကားအနည်းငယ်ပြောလျှင်ဖြစ်စေ၊ ဝေယျာဝစ္စ ပြုလုပ်လျှင်ဖြစ်စေ မိမိအားထုတ်လက်စ ကမ္မဋ္ဌာန်းကို အစဖော်၍မရသည်ကို ကြုံရဖူးသော်လည်း ယခုအခါ၌ ကမ္မဋ္ဌာန်းအာရုံ မည်မျှတည်တံ့၊ ခိုင်ခံ့သည်ကို သိလိုသဖြင့် စမ်းသပ်သည့်အနေဖြင့် အသိသတိလွတ်ချပြီး နေမြဲအတိုင်း ခေတ္တ၊ ခဏနေပြီးနောက် တရားကို ဆက်အားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းမပျက်စီးဘဲ ကောင်းမြဲကောင်းနေပါတော့သည်။

ဉာဏ်ကဥပေက္ခာပြုသည်

တရားအားထုတ်ရာတွင်လည်း ယခင်ကကဲ့သို့ အာရုံများစွာကို ရှုမှတ်နေရသည် မဟုတ်တော့ဘဲ အာရုံစုစည်းလာသဖြင့် ရှုမှတ်စရာအာရုံ နည်းသကဲ့သို့ဖြစ်လာသည်။ ထို့ကြောင့် မပင်မပန်း သက်သောင့်သက်သာ ရှုမှတ်လာနိုင်သည်။ ရုံခါ ပေါ်ရာ၊ ပေါ်ရာ အာရုံကို ဖြန့်၍သိနိုင်ရန် ကြိုးစားပါသော်လည်း ပင်ပန်းသကဲ့သို့ ဖြစ်လာသဖြင့် သိမ်မွေ့နူးညံ့နေသည့် အာရုံအနည်းငယ်မျှဖြင့် နာရီများစွာ နေ၍ရနေတတ်သည်။

သိမ်မွေ့သည့်အာရုံကို မှေးပြီးလိုက်သည်ဟုဆိုရာတွင် ဘာမှမသိဘဲ အိပ်ငိုက်လျက်၊ ပျင်းရိလျက်လိုက်ခြင်း မဟုတ်ပေ။ ထင်ထင်ရှားရှား ပီပီသသ ပေါ်ပေါ်ထင်ထင် သိမှတ်လျက်နေခြင်းကို ဆိုလိုပါသည်။ ရုံခါ၌မူ အစမှတ်ရာတွင် အာရုံကြမ်းပြီး ပေါ်ရာပေါ်ရာ လိုက်ရသော်လည်း အချိန်အနည်းငယ်အတွင်း၌ပင် အထူးကြောင့်ကြမစိုက်ရဘဲ မူလသိမ်မွေ့နူးညံ့ရာသို့ ရောက်တော့သည်သာ။

ဤနေရာတွင် ကမ္မဋ္ဌာန်းအာရုံသည် သိမ်မွေ့နူးညံ့နေပါသော်လည်း အလွန်ထင်ရှား၍နေသည်။ ထိုသိမ်မွေ့သောအာရုံပေါ်၌ ရုံခါလည်းမှေးပြီး လိုက်နေမိတတ်သည်။ ရုံခါ၌လည်းအာရုံ၏ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည့်သဘောကို ကျော်လွန်၍ တည်တံ့မှုမရှိဘဲ 'ပြောင်းလဲနေသည်'ဟူ၍ အသိဉာဏ်ထဲတွင် သေသေချာချာ ရှင်းရှင်းလင်းလင်း သိနေတတ်သည်။ တစ်နည်းအားဖြင့် ရှုမှတ်စရာအာရုံသည် 'ပြင်ကြီး'မဟုတ်ဘဲ

အာရုံ၏ 'အပြောင်းအလဲ'ကို တိတိကျကျ သေသေချာချာ သိနေတတ်သည်။ ဤအခြေအနေ၌ လူက ကမ္မဋ္ဌာန်းကို အားထုတ်နေရသည် မဟုတ်တော့ပါ။ ဓမ္မက ဓမ္မအလုပ်လုပ်နေခြင်းသာဖြစ်သည်။

ဤမျှစုစည်းပြီး ဤမျှသိမ်မွေ့သော အာရုံမှထွက်၍ အခြားအာရုံများဆီသို့ စိတ်ကို လွှတ်ကြည့်ပြီး စမ်းသပ်မည်ဆိုလျှင်လည်း အာရုံကိုဖြန့်၍မရတော့ဘဲ မူလအာရုံ၌သာ နေတတ်ပါသည်။ အလွန်ကြည်လင်သန့်ရှင်းရုံမက ငြိမ်းအေးချမ်းသာပြီး အငြိအချိတ်ကင်းသော စိတ်တစ်ခုတည်းဖြင့် တောင့်တခြင်း၊ ကြောင့်ကြခြင်းကင်းလျက် နာရီများစွာနေ့ညများ ကုန်လွန်သွားပါသော်လည်း ငြီးငွေ့ခြင်း၊ အလိုမကျခြင်း၊ အားမထုတ်ဘဲ နေလိုခြင်းဟူသောစိတ်များ ပေါ်မလာတော့ပေ။

မဂ္ဂဝီထိ၌ပါသောဉာဏ်

အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော။
ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။
ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။
မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော။[၁]

အထက်ပါ ပဋ္ဌာန်းပါဠိတော်အရ အနုလောမဉာဏ်သည်လည်းကောင်း၊ ဂေါတြဘူဉာဏ်သည်လည်းကောင်း၊ မဂ်ဉာဏ်သည်လည်းကောင်း၊ ဖိုလ်ဉာဏ်သည်လည်းကောင်း တစ်ခုတည်းသော မဂ္ဂဝီထိအတွင်း၌ ပါဝင်သောဉာဏ်များ ဖြစ်ကြသည်။ အလွန်သိမ်မွေ့သော ဉာဏ်များဖြစ်သောကြောင့် ယောဂီတို့၏ရှုမှတ်မှု၌ ကွဲကွဲပြားပြား သိရန်ခက်ခဲလှပါသည်။ သို့ပါသော်လည်း ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍သိနိုင်ပါသည်။

သိလာပုံမှာ ပုံမှန်ရှုမှတ်နေသည့် အာရုံများစုစည်းလာပြီးနောက် အလွန်လျင်မြန်လာတတ်သည်။ စိတ်ရောကိုယ်ရော အားရှိလာသကဲ့သို့ အမှတ်သွက်လာသည်။ တစ်နည်းအားဖြင့် ရှုမှတ်နေရသည်မှာ မူလအတိုင်းပင် ကောင်းမြဲကောင်းနေသည်။ ထူးခြားသည်မှာ မြန်နေသည်။ စိတ်၌အားအင်ပြည့်နေသည်။ မထင်မရှား ဇဝေဇဝါမဟုတ်ဘဲ သိသာထင်ရှားနေသည်။ ဤသို့ တရစပ်ရှုမှတ်နေစဉ်၌ပင် ရှုမှတ်နေသည့် အာရုံနှင့် မှတ်သိနေသည့်စိတ်တို့အားလုံး တစ်ခုမကျန် ချုပ်ငြိမ်းသွားတော့သည်။ တစ်နည်းအားဖြင့် အာရုံနှင့် ရှုစိတ် အကြွင်းအကျန်မရှိ အားလုံးပြတ်တောက်သွားပါတော့သည်။ ပြန်၍

၁။ ပဋ္ဌာန်းပါဠိ (ပထမတွဲ၊ နှာ-၁၃၈)

ဆင်ခြင်သောအခါ၌ ဘာမှမသိသကဲ့သို့ ဖြစ်သွားသည်ဟုဆိုရာတွင် အိပ်ပျော်သွားသည်လည်း မဟုတ်သကဲ့သို့ အမှတ်လွတ်သွားသည်လည်း မဟုတ်ပါ။

ဤသို့အမှတ်ပြတ်လျက် အာရုံ အာရမ္မဏိက သခ်ၤါရအလုံးစုံ ချုပ်ငြိမ်း ကင်းဆိတ်နေခိုက်တွင် ထိုချုပ်ငြိမ်းရာသို့ ရှေးဦးစွာ ကျရောက်လျက် သိမှုသည် ဂေါတြဘူဉာဏ်မည်၏ ဟူ၍လည်းကောင်း၊ ထိုသခ်ၤါရချုပ်ငြိမ်းရာ၌ တစ်ခဏကလေးမျှ တည်တံ့သော အလယ်ပိုင်းသိမှုသည် မဂ်ဉာဏ်မည်၏ဟူ၍လည်းကောင်း၊ ဆင်ခြင်မှုမဖြစ်မီက သခ်ၤါရအာရုံ ချုပ်ငြိမ်းနေသော နောက်ဆုံးပိုင်းသဘောကို ဖိုလ်ဉာဏ်ဟူ၍လည်းကောင်း ပိုင်းခြားဆုံးဖြတ်နိုင်ရာ၏ဟု မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုဖွယ်ကျမ်း၌လာရှိသည်။ အလွန်နက်နဲသော ဉာဏ်၏အရာဖြစ်သဖြင့် ပရိယတ်၊ ပဋိပတ်အရာ၌ ကျွမ်းကျင်လိမ္မာသည့် ဆရာတို့၏ အနီးကပ်စောင့်ရှောက်မှုကို ယူနိုင်လျှင် အလွန် သင့်မြတ်လှပါသည်။

မဂ်ဖိုလ်အရာ သိမ်မွေ့လွန်းသဖြင့် မှားတတ်ပါသည်

ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားခဲ့သည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်၌ 'မဂ်ဖိုလ်အရာသည် ဝိပဿနာ၌ အရေးအကြီးဆုံး လိုရင်းပဓာနအချက်ကြီးဖြစ်၍ မေတ္တာတရားရှေ့ထားကာ ထင်ရှားစွာ ရေးသားဖော်ပြခြင်းပေတည်း'ဟု စကားဦးနိဒါန်းခံ၍ အောက်ပါသာဓကတို့ကို အကျယ်တဝင့် ရေးသားဖော်ပြပါသည်။

စာပေကျမ်းဂန် တတ်သိလိမ္မာကြပြီးသော ရဟန်းတော် ဆရာတပည့်နှစ်ပါးသည် တရားကို သက်စွန့်ကြိုးပမ်း အားထုတ်တော်မူကြရာ မဂ်လေးပါး၊ ဖိုလ်လေးပါးကို ရပြီဟု ထင်မှတ်ကြ၍ ဆရာတပည့် နှစ်ဦးသဘောတူဆုံးဖြတ်ထားကြပြီး ယခုကျမ်းစာရေးသော ဆရာတော်ထံလာ၍ လျှောက်ထားသောကြောင့် ဒိဋ္ဌမျက်မြင် တွေ့ရပေသည်။ ဆရာတော်က ပြန်၍ အမိန့်ရှိတော်မူသည်မှာ-

"တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် လွန်စွာထက်မြက်စူးရှ၍ ရင့်သန်အားကောင်းနေသည့်အခါ ရုပ်၊ နာမ်အပေါ်၌ လွန်စွာ ဒုက္ခထင်မြင်သော ဒဏ်ချက်ကြီးနေသောကြောင့် ကာယကံ၊ ဝစီကံ ကျူးလွန် သောင်းကျန်းသော ကိလေသာနှင့် မနောကံဘုံ၌ဖြစ်သော ပရိယုဋ္ဌာနကိလေသာတို့သည် ကွယ်ဝှက်၍နေတတ်သည်။ ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ် ထက်သန်အားကောင်းနေသမျှကာလပတ်လုံး တစ်လ . . . ၊ ငါးလ . . . ၊ တစ်နှစ် . . . ၊ ခုနစ်နှစ် စသည်ဖြင့် ဝိတိက္ကမကိလေသာတို့သည် ကွယ်ဝှက်နေတတ်သည်။ အနုသယကိလေသာကို မဂ်ဖြင့် တကယ်မပယ်သေးဘဲ မိမိစိတ်က

'အဓိမာန'ဖြစ်၍ ဆုံးဖြတ်ထားတတ်သည်"ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဆုံးမတော်မူဖူးကြောင်းကို တရားသဖြင့် ဟောပြောလိုက်သည်။

ထိုကဲ့သို့ ဟောပြောသော်လည်း မိမိတို့ ထင်မြင်ချက်ကို မလျှော့သေး။ ထို့နောက် ဆရာတပည့်နှစ်ပါးတွင် တပည့်ဖြစ်သော ရဟန်းနှင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် တစ်ယောက်တွေ့ကြရာ တရားအားထုတ်ရာ၌ မိမိတို့ ဖြစ်ပျက်ပုံအလုံးစုံကို သုံးရက်၊ လေးရက်ဆင့်၍ နှိုးနှောဆွေးနွေးကြသောအခါကျမှ မိမိတို့ မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် ဆုံးဖြတ်ထားသည်ကို မဟုတ်ကြောင်းသိရ၍ ဆရာတပည့် တရားကို ပြန်အားထုတ်ရသည်ကို ဆရာတော်အား ပြန်၍ လျှောက်ထားသောကြောင့် သိရပြန်သည်။[၁]

ရဟန္တာရသေ့ ဥပါသိကာမ

ရသေ့ဥပါသိကာမတစ်ယောက်နှင့် လူဝတ်ကြောင် ဥပါသိကာမတစ်ယောက်၊ ထိုနှစ်ယောက်သော ယောဂီပုဂ္ဂိုလ်တို့တွင် ရသေ့မကလေးကို ဆရာက မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် တက်၍ ရဟန္တာမဖြစ်နေပြီဟု ဆုံးဖြတ်ပြီး တစ်ကျောင်းတိုက်လုံးရှိ ရဟန်း၊ ရှင်၊ လူ၊ သီလရှင်များကို ခေါ်၍ ရှိခိုးခိုင်းသည်။ မယုံကြည်၍ ရှိမခိုးကြပေ။ ထိုအကြောင်းကို ဆရာတော်ထံ လာလျှောက်၍ သွားစစ်ရသောကြောင့် ဒိဋ္ဌမျက်မြင် တွေ့ဖူးရလေသည်။

ရဟန္တာမ လူထွက်သွားသည်

လူဝတ်ကြောင် ဥပါသိကာမယောဂီပုဂ္ဂိုလ်တစ်ယောက်သည် တရားကို သက်စွန့်ကြိုးပမ်းအားထုတ်ပြီး ဝိပဿနာဉာဏ် လွန်စွာ ရင့်သန် အားကောင်းလာသောအခါ ကြမ်းတမ်းသော ကိလေသာတို့သည် ကွယ်ငုပ်နေသောကြောင့် မိမိစိတ်သည် လွန်စွာ စင်ကြယ်တည်ကြည်လှသဖြင့် 'အဓိမာန' ဖြစ်၍ မိမိကိုယ်တိုင် မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် ရပြီဟု ဆုံးဖြတ်ပြီးလျှင် လာသမျှ ရဟန်းရှင်လူအပေါင်းတို့ကို တရားဟောနေရာ ရက်၊ လပေါင်းအတော်ကြာမှ ဆရာတော်ထံ ဝန်ထောက်ကတော်တစ်ယောက်နှင့် ထိုယောဂီမ၏ အစ်မများက တရားနှိုးနှောရန် ခေါ်လာ၍ တွေ့ရပေသည်။

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၅၉၁)

ကိုယ်ရုံမှာ သီလရှင်များ ကိုယ်ရုံထက် အသွေးရင့်သည်။ ဆရာတော်နှင့် အတောင်ငါးဆယ်လောက် ကွာသောနေရာမှ လာနေသည်မှာ နာရီဝက်လောက် ကြာလိမ့်မည်ဟု ထင်ရသည်။ သတိပဋ္ဌာန်အချို့ကျကျ စိတ္တာပ္ပါဒ် အစဉ်အတိုင်းမှတ်၍ လာနေသည်။ ထိုယောဂီမ၏ အမူအရာမြင်ရသည်မှာ လွန်စွာ ကြည်ညိုဖွယ် ဖြစ်ပေသည်။ ဆရာတော့်ရှေ့ ရောက်သောအခါ ဝတ်ချနေသည်မှာ မပြီးနိုင်အောင်ဖြစ်ပေသည်။ ထိုယောဂီ ဥပါသိကာမလေးကို ဆရာတော်က-

"ယောဂီ ဥပါသိကာမကလေး - မိမိအားထုတ်သော တရားများကို ကြည်ညိုလို၍ လျှောက်စေလိုသည်"ဟု အမိန့်ရှိတော်မူရာ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ပြေပြစ်သိမ်မွေ့နက်နဲစွာ လျှောက်ထားနေသည်မှာ နှစ်နာရီထက်မနည်း ကြာလိမ့်မည်ဟု ထင်မိပေသည်။ ဂေါတြဘူဇော၊ မဂ်ဇော၊ ဖိုလ်ဇော ဖြစ်ပေါ်ပုံနှင့်တကွ မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် ဖြစ်ပေါ်ပုံများပါ လျှောက်ထားသည်။ (ဆရာတော်က အထူး ကြည်ညို၍ သာဓု၊ သာဓု၊ သာဓု သုံးကြိမ် ခေါ်မိတော့သည်။)

လျှောက်ထားသလောက် မဟုတ်သေးသော်လည်း ပုထုဇဉ်အနွယ် ပြတ်လောက်ပြီဟု ယုံကြည်ရပေသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာအရာမှာ ထိုမျှလောက် သိမ်မွေ့နက်နဲသော အရာဌာနများကို ချောမောစွာ သဘာဝဓမ္မကျအောင် အစ၊ အလယ်၊ အဆုံး အစစ်ခံနိုင်သောပုဂ္ဂိုလ် မတွေ့ဘူးသလောက်ဖြစ်သည်။ သို့အတွက် ဆရာတော်က သာဓုခေါ်မိသည်။ တကယ်အစစ်ခံသည့်အတိုင်း ရဟန္တာဖြစ်ခဲ့လျှင် ယခုလောက် ရက်၊ လ ကြာအောင် သီလရှင်ဝတ်ဖြင့် မနေနိုင်ဟု စာနှင့် တိုက်ကြည့်သင့်ပေသည်။

ထို့နောက် ဆရာတော်က အနုသယခုနစ်ပါးသည် (၃၁)ဘုံ၌ ခန္ဓာငါးပါးကို ဖြစ်စေတတ်သော မျိုးစေ့အစစ်အမှန်ဖြစ် ကြောင်းနှင့်တကွ အနုသယများ၏ သဘာဝဓမ္မ ငုပ်ကိန်းပုံ၊ ဖြစ်ပေါ်ပုံများကို သေချာကျနစွာ ဟောပြပေးသည်။ အနုသယ၏သဘာဝဓမ္မများကို အလျင်က မနာဘူးသေးသောကြောင့် ဥပါသိကာမက အထူးသဖြင့် သဘောကျသွားပေသည်။

ထိုယောဂီ ဥပါသိကာမလေးကို တရားဟောပြီးနောက် နှစ်နှစ်လောက်ရှိသော အခါ လူတို့၏အမူအရာ ပုတီးလက်ကောက်စသော အဆင်တန်ဆာများ အပြည့်အစုံဝတ်ဆင်၍ အလှူတစ်ခုမှာ သံဃာတော်များအား လှူဒါန်းနေသည်ကို ဆရာတော်ကိုယ်တိုင် တွေ့မြင်ရရာ ဆရာတော်မှာ များစွာ သံဝေဂဖြစ်တော်မူပေသည်။ နောက်မှ စဉ်းစား၍ ဘုရားလက်ထက်တော်က 'သောတာပန်ကျောင်းအမကြီး ဝိသာခါကဲ့သို့ ဖြစ်နေ

မလားမသိရ'ဟု စိတ်ကိုဖြေရပေသည်။ ထိုနောက် အိမ်ထောင်ပြု၍ သားသမီးတွေနှင့် ဖြစ်ကြောင်းကို သူ၏မိတ်ဆွေ ဝန်ထောက်ကတော်ကြီးကပြော၍ သိရပြန်သည်။

မင်္ဂ ဖိုလ် လေးဆင့်ရပြီဟု ဆရာက ဆုံးဖြတ်ထားသော ရသေ့မကလေးလည်း ထိုယောဂီမကလေးနှင့်တူစွာ အိမ်ထောင်ပြုသွားသည်ကို သူ၏အစ်မရင်းက ဆရာတော်ကို လျှောက်ထား၍ သိရပြန်သည်။ ဆုံးဖြတ်သောပုဂ္ဂိုလ်သည် တရားအားထုတ်နေသော ဆရာကောင်းတပည့် စာတတ်ပုဂ္ဂိုလ်ဖြစ်၍ ဆရာတပည့် 'မင်္ဂလေးဆင့်ရပြီ'ဟု သဘောတူ ဆုံးဖြတ်ထားသော ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်။[၁]

သတိတရားကြီးစွာထား၍ စဉ်းစားရန်လို့သည်

သို့အတွက် ယခုအခါ တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ယခုရေးသားဖော်ပြခဲ့သော အချက်ကြီးများကို သတိတရားကြီးစွာထား၍ စဉ်းစားကြစေလိုသည်။ ဆိုခဲ့ပြီးသောအရာမျိုးဌ ဆရာရော တပည့်ပါ သဘာဝမမှကို ပိုင်ပိုင်နိုင်နိုင် သိဖို့ရန် လွန်စွာ ခဲယဉ်းလှပေသည်။

ထို့ကြောင့် "ဥပရိပဏ္ဏာသပါဠိတော်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်"ကြီးများ၌ ဟောကြားဆုံးမတော်မူသော အရိယာဖြစ်ခြင်းအင်္ဂါများကို စေ့စေ့စပ်စပ် ကြည့်ရှုမှတ်သားပြီးမှ မိမိသန္တာန်၌ ပယ်ပြီးသောတရားများတွင် -ဘယ်တရားများကို အကြွင်းအကျန်မရှိ ပယ်အပ်ပြီးလေပြီ၊ ဘယ်တရားများကား ဝိပဿနာရင့်သန်နေဆဲဖြစ်၍ တဒင်္ဂအားဖြင့် ကွယ်ငုပ်နေကြသည်ဟု အမြင်မှန်ရအောင် ဉာဏ်ဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်အပ်လှပေသည်။

ထိုသို့ သုံးသပ်ဆင်ခြင်မှု မရှိသဖြင့် ဝိပဿနာဉာဏ်အမြင် အားနည်း၍ ဗဟိဒ္ဓ၌ လွန်စွာ ချစ်ခင်နှစ်သက်ဖွယ်ရှိသော အာရုံငါးပါးတို့နှင့် တွေ့မြင်ထိခိုက် လုံးထွေးမိကြသော အခါ တစ်ဖန်ပြန်၍ စိမ်းရှင်ခြင်းငှာမဖြစ်နိုင်၊ အသေကြီးပဲဟု မှတ်ထင်လောက်အောင် တစ်နွေလုံး ခြောက်နေသော သစ်ပင်ကြီးသည် မိုးရွာ၍ ရေသောက်မြစ်ကို ရေနူးနူးနပ်နပ် စိုလာသောအခါ ရေသောက်မြစ်မှတစ်ဖန် ပြန်၍ ဓာတ်ဆီဩဇာတက်ပြီးလျှင် အညွှန့်၊ အရွက်၊ အခက်၊ အလက်၊ အပွင့်၊ အသီးတွေ ပင်လုံးကျွတ် ဝေဆာအောင်ထွက်ပြီး စိမ်းရှင်ခြင်းအဖြစ်သို့ တစ်ဖန်ရောက်၍ လာပြန်သကဲ့သို့ ထိုသစ်ပင်နှင့်မခြား ယောဂီပုဂ္ဂိုလ်တို့၏ စိတ်၌ တဒင်္ဂအားဖြင့် ကွယ်ငုပ်နေသော အနုသယများကို ဆရာတပည့်ဖြစ်သူတို့ စိတ်မှာ တကယ်ပင် အမြစ်ပြတ်လေပြီဟု ထင်မှတ်၍ သဘောတူဆုံးဖြတ်ထားကြသည်ကို ဆရာတော်ကိုယ်တိုင် တွေ့ဖူးသဖြင့် ထင်ရှားစွာ ရေးသားပြခဲ့လေပြီ။

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၅၉၂)

အဆုံးအဖြတ်မှားတတ်သည်

အချို့မှာ 'ဆရာက ဆုံးဖြတ်ပေးထားတတ်သည်'။ အချို့သော ယောဂီပုဂ္ဂိုလ်တို့မှာ 'ကိုယ့်ဟာကိုယ် အထင်မှား၍ ဆုံးဖြတ်ထားတတ်'သည်။ ထိုအရာ၌ သဘာဝမမှကို ကျကျနန ပိုင်ပိုင်နိုင်နိုင် သိကြရန်မှာ အလွန်သိမ်မွေ့သော အရာဌာနဖြစ်၍ သဒ္ဓါတရားကို ရှေ့သွားမပြုဘဲ ပညာတရားကိုသာ ရှေ့သွားပြု၍ ကောင်းမွန် မှန်ကန်စွာ ဆုံးဖြတ်ရပါမည်။

ထို့ကြောင့် ဥပရိပဏ္ဏာသပါဠိတော်ကြီး၌ ဟောတော်မူသော ဆဆက္ကသုတ်၊ ဗဟုဓာတုကသုတ်များကို ကြည့်ရှုမှတ်သားပြီး အကြွင်းအကျန်မရှိ ပယ်ပြီးသောတရား၊ ငုပ်လျှိုးနေသောတရား၊ လုံးလုံးကြွင်းကျန်သောတရားများကို သေချာစွာ တိုက်ဆိုင်စစ်ဆေးကြည့်ပြီး ဟုတ်တိုင်းမှန်စွာ သိရှိမှ ဆရာတပည့်နှစ်ဦးလုံး စိတ်ချလက်ချ ဆုံးဖြတ်ရန် သင့်လျပါသည်။

ထိုကဲ့သို့ မှန်ကန်သည့်အတိုင်း သိပြီးသောနောက်၌ပင် အစစအရာရာ အကဲခတ်၍ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးငါးခြောက်နှစ်၊ ခုနစ်နှစ်လောက်ကျအောင် ကံသုံးပါး အမူအရာဟူသမျှကို ကြည့်ရှုဆင်ခြင်နေရဦးမည်။ ထိုကဲ့သို့ ဆင်ခြင်ကြည့်ရှု၍ တစ်စုံတစ်ရာမျှ မသင့်မတင့်သောအမူအရာများ မပေါ်ပေါက်မှ စိတ်ချရမည်။ ထိုမျှလောက် သိမ်မွေ့နက်နဲ ခက်ခဲသောအရာဌာနဖြစ်သောကြောင့် သာမန်ဖြစ်သော အရာတို့သည် မဆုံးဖြတ်အပ်၊ မဆုံးဖြတ်ထိုက်ပေ။ ကြပ်ကြပ်သတိရှိကြပါ ယောဂီ၊ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့။[၁]

မက်စရာကောင်းသော မဂ်အတွေ့များ

ဤနေရာတွင် ရွှေကျောင်းကုန်းဆရာတော် ဝနဝါသီဥေ္ဒ ယျမမ္မသာမိထေရ်၏ ပဋိဘာနဉာဏဒဿနကထာကျမ်း၌လည်း မဂ်အတုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားတော်မူပါသည်။

ဓမ္မေသက . . .

ယောဂီတိုင်းလိုလိုပင် သမ္မသနဉာဏ်မှစ၍ သတိလစ်မှုများ ဖြစ်ပေါ်တတ်၏။ ဤဉာဏ်၌ကား ထူးကဲစွာပင်ဖြစ်လာတတ်၏။ ၎င်းတို့မှာ -

---

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၅၉၃)

(၁) ပီတိအား အလွန်ကောင်းသဖြင့် အလုပ်၌ နှစ်သက်အားရ သဘောကျနေခြင်းကြောင့် အေးခန့၊ သိမ့်ခနဲဖြစ်ကာ တစ်မှတ်စာလောက် ပြတ်တောက်သွားတတ်၏။

(၂) ပဿဒ္ဓိအားကောင်းသဖြင့်လည်း နာကျင်ကိုက်ခဲမှုကင်းရှင်း၍ မှတ်စိတ်သည်ကြောင့်ကြမှုမရှိ၊ နူးညံ့သိမ်မွေ့စွာ မှတ်သိနေရာမှ ကိုယ်ရောစိတ်ပါ အေးငြိမ်းပေါ့ပါးလာသောကြောင့် တစ်မှတ်စာမျှ ချုပ်ပြတ်သွားတတ်၏။

(၃) ဥပေက္ခာအားကောင်းသဖြင့်လည်း မိမိပယောဂမပါ၊ သူ့အလိုလို မှတ်သိနေရာမှလည်း တစ်မှတ်စာမျှ ပြတ်တောက်သွားတတ်၏။

(၄) ဝီရိယအားကောင်းသဖြင့် တည်စိတ် တစ်ချက်စာမျှ ပျံ့ထွက်သွားရာမှလည်း ပြတ်တောက်မှု ဖြစ်တတ်၏။

(၅၊၆) သမာဓိအားကောင်းသဖြင့်လည်း အမှေးလွန်ကာ ထိနမိဒ္ဓ ဝင်ရောက်လာပြီး တစ်မှတ်စာမျှ ပြတ်တောက်သွားတတ်သေး၏။

ထိုခြောက်မျိုးတို့သည် ဤဉာဏ်၌ အဖြစ်အများဆုံးပင်။ ဤသည်မှာ တကယ် ချုပ်ပြတ်သွားသည်ကား မဟုတ်။ သတိလစ်ခြင်းမျှသာ။ တစ်မှတ်စာမျှ ကျော်သွားခြင်းမျှသာ။

မဂ်အတူနှင့် မဂ်အစဉ်

က။ မဂ်အစစ်သည် မချုပ်ပြတ်မိ၌ သာမန်အေးငြိမ်းမှုမျှသာဖြစ်ပြီး ချုပ်ပြတ်ပြီးနောက်ပိုင်း၌ကား ဖိုလ်၏စွမ်းအားသတ္တိကြောင့် အေးငြိမ်းမှုကြီး ထူးကဲစွာ ဝင်လာတတ်၏။

ခ ။ မဂ်အတူသည်ကား မချုပ်မီဖြစ်စေ ချုပ်ပြီးနောက်ဖြစ်စေ သာမန်ထက် မပိုပြီ။ စိတ်နေသဘောထားလည်း သာမန်ထက် မပိုပြီ။

ဥဒယဗ္ဗယဉာဏ်မှာတုန်းက မဂ်ကျပြီအထင်သည် မချုပ်ပြတ်ဘဲလျက် အခြောက်တိုက် ထင်ကြေးမျှသာဖြစ်ပြီး ဤဉာဏ်၌ကား သတိလစ်သည်ကို ချုပ်ပြတ်သွားသည်ထင်ကာ မက်နေခြင်းသာတည်း။

တစ်ဖန် မဂ်၏ချုပ်ပြတ်မှုကား မပြတ်မီ တစ်မှတ်စာ၊ နှစ်မှတ်စာကပင် သွက်လက်လာတတ်၏။ ပြတ်ပြီးနောက် ပြန်မှတ်၍ မကောင်းတတ်။ ဝန်ထုပ်ကြီးတစ်ခု ကျသွားဟန်ဖြင့် ပေါ့ပါးကာ ရှုကွက်နှင့် မှတ်စိတ်တို့ တွေ့လွဲ လွဲချော်နေတတ်၏။

သတိလစ်မှုကား မပြတ်မီ ရှေ့အဖို့ကလည်း သိမ်မွေ့စွာပင် ဖြစ်နေပြီး ပြတ်ပြီး နောက်ပိုင်း၌လည်း သိမ်မွေ့စွာပင် မှတ်ကောင်းနေတတ်၏။

ဓမ္မသက. . .

နေရာမကျသေးသည်ကို နေရာကျသည်ထင်လျှင် နေရာမကျ ဖြစ်တတ်လှ၏။ နေရာမကျသည်ကို နေရာမကျသေးဟု သိမှသာ နေရာကျလာတတ်ချေ၏။ သို့ကြောင့် ဤသတိလစ်မှု ခြောက်ပါးတို့ကိုလည်း သတိပြု၍ ရှောင်ရှားရာ၏။[၁]

ငါးပါးသီလထဲက အလယ်တစ်ပါးမလုံခဲ့ သောတာပန်အထင်ရောက်သူ

ဤနေရာ၌ ယောဂီကိုယ်တိုင် အဆုံးအဖြတ်မှားခဲ့သည့် သာဓကတစ်ခုကို ဖော်ပြပါမည်။ ထိုယောဂီသည် နေပြည်တော်မတည်ခင် ပျဉ်းမနားမြို့၏ ဆင်ခြေဖုံးရွာကြီး၌ နေထိုင်သူဖြစ်သည်။ ရဟန်းလူထွက် လူပြန်တော် ပညာရှိဖြစ်ပါသည်။ သူသည် ရဟန်းလူထွက်ပီပီ စာသံပေသံဖြင့် စကားပြောတတ်သည်။ ရံခါ စာရေးရာ၌ လိုအပ်လာသောပါဠိအကိုး ကျမ်းညွှန်းရှာခိုင်းလျှင် စိတ်ဝင်တစား ရှာပေးလေ့ရှိသည်။ သူသည် ဝိပဿနာတရားအားထုတ်ရာ၌လည်း ဝါသနာထုံသူဖြစ်သည်။ ရံခါ တရားလျှောက်ရန် တောရကျောင်းသို့ လာတတ်သည်။

ဆောင်းဦးရာသီ၏တစ်မနက် ဘုန်းကြီးဆွမ်းခံကြွရာမှ တောထဲသို့ဝင်ချိန်၌ ထိုဒါယကာလည်း တောရကျောင်းသို့ စက်ဘီးဖြင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ ခြေထောက်ဆေးရန် ရေဖလားဖြင့် ရေလောင်းပေးသည်။ သူလျှောက်ထားချက်များကို ဆွမ်းမဘုဉ်းခင် နားထောင်ပေးမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

သူလျှောက်ထားလာသည်မှာ “ဘုရားတပည့်တော်အတွက် အရေးတကြီး အဆုံးအဖြတ်တစ်ခု လိုအပ်နေလို့ ဆရာတော်ထံပါး အဆုံးအဖြတ် နာကြားလိုပါတယ် ဘုရား”ဟု နိဒါန်းချီပါသည်။ ထို့နောက် သူသည် ဥပုသ်ဇရပ်တစ်ခု၌ တစ်လ အဓိဋ္ဌာန်ဝင်ပြီး ဝိပဿနာတရား အားထုတ်ခဲ့သည့်အကြောင်းနှင့် တရားထူး၊ တရားမြတ်ကို မျက်မှောက်ပြုခဲ့ပြီး ဖြစ်သည့်အကြောင်းကို လျှောက်ထားလာပါသည်။

ထို့နောက် “အနုလောမ၊ ဂေါတြဘူအပါအဝင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်တို့ကို ပြည့်စုံစွာ လျှောက်ပါသည်။ စာလာပေလာအတိုင်း ပြည့်စုံ မှန်ကန်နေပါသည်။ ဘာမှမှတ်ချက်ပေးရန် မရှိသဖြင့် စိတ်ပါဝင်စားစွာဖြင့် တိတ်တဆိတ် နားထောင်နေခဲ့ပါသည်။

၁။ ရွှေကျောင်းကုန်းဆရာတော်၏ ပဋိဘာနဉာဏဒဿနကထာကျမ်း (နှာ-၈၁၁)

ထို့နောက် သူရှုမှတ်မှုအစဉ်၌ အာရုံများစုစည်းလာပုံ၊ အလွန်လျင်မြန်သွက်လက်လာပုံအပါအဝင် စိတ်ခွန်အားအပြည့် တရစပ် ရှုမှတ်နေပုံနှင့် ရှုမှတ်နေစဉ်၌ပင် အာရုံနှင့် မှတ်စိတ်တို့အားလုံး တိခနဲ အကြွင်းအကျန်မရှိ အားလုံး ပြတ်တောက်သွားပုံတို့ကိုလည်း ကျကျနန လျှောက်ပါသည်။

ဒါယကာအား ဤနေရာတွင် ပီတိအဟုန်ကြောင့်လည်း ဖြစ်တတ်ကြောင်း၊ ပဿဒ္ဓိအား ကောင်းခြင်းကြောင့်လည်း ဖြစ်တတ်ကြောင်း၊ ဥပေက္ခာကြောင့်လည်း ဖြစ်တတ်သေးကြောင်း၊ ရံခါ၌မူ သမာဓိလွန်၍ ထိနမိဒ္ဓကြောင့်လည်း ဖြစ်တတ်ကြောင်းကို ရှင်းပြပါသည်။

ဒါယကာက သူကြုံတွေ့ခဲ့သည့် အတွေ့အကြုံတို့ကို ပါဠိအဋ္ဌကထာကျမ်းများဖြင့် အကြိမ်ကြိမ် တိုက်ဆိုင်စစ်ဆေးခဲ့ပြီးကြောင်းကိုလည်း ပြည့်စုံစွာ လျှောက်ထားပါသည်။ ထို့နောက် ဆရာတော်၏ သဘောအမြင်ကိုသိချင်၍ ယနေ့ တောရကျောင်းကို လာခြင်းဖြစ်ကြောင်း လျှောက်ထားပြီး နိဂုံးချုပ်ပါသည်။

နက်နဲသိမ်မွေ့ခက်ခဲလှသော လောကုတ္တရာတရားအရာ ဆုံးဖြတ်ရန်တာဝန်ကြီးလေးလွန်းပါသည်။ သို့ပါသော်လည်း လူပုဂ္ဂိုလ်ဖြစ်နေသဖြင့် သီလစံပေတံဖြင့် တိုင်းတာကြည့်ရန် အကြံပြုမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် “အရိယာသောတာပန်ရဲ့ ဂုဏ်ရည်ထဲမှာ (၅)ပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲတယ်နော်”ဟု ရဟန်းလူထွက် စောဒကမတက်လာရန် စဉ်းစဉ်းစားစားဖြင့် ပြောပါသည်။ မိမိ၏ စကားဝါကျမဆုံးခင် သူ၏ထိပ်ပြောင်နေသော ဦးခေါင်းမှ ချွေးသီးချွေးပေါက်များ ဒလဟောစီးကျလာပြီး ဂနာမငြိမ်ဖြစ်လာသည်။

ထို့နောက် သူ၏စက်ဘီးကိုကြည့်သည်။ ထို့နောက် နေရာမှထရန် ပြင်ဆင်ပြီး မြန်မြန်သွက်သွက် ဦးချသည်။ ထို့နောက် “ငါးပါးထဲက သီလတစ်ပါး မလုံနိုင်ခဲ့ပါဘုရား”ဟု တုန်ယင်သောအသံဖြင့် လျှောက်ထားသည်။ သူ၏မျက်နှာသည် ချွေးကြောင့်လော (ဝါ) မျက်ရည်ကြောင့်လောမသိ စိုရွှဲနေသည်ကို သတိပြုမိသည်။

ဤမြင်ကွင်းကြောင့် စိတ်ထဲ အလွန်ပင် အားတုံအားနာဖြစ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့နံနက်အစောၦ သောတာပန်ဟု ဝန်ခံထားသော အရိယာပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏စကားတစ်ခွန်းကြောင့် စိတ်မချမ်းမသာ ဖြစ်လေပြီလောဟု တွေးမိသောကြောင့်ဖြစ်ပါသည်။ မိမိအနားမှမထွက်ခွာမီ သူ့ကို စကားတစ်ခွန်းဖြစ်စေ ပြောလိုပါသေးသည်။

သို့ဖြစ်ပါ၍ “ဒကာကြီး ဘယ်သီလမလုံတာပါလဲ”ဟု စကားအစ ဖော်လိုက်မိသည်။

ထိုအခါ အရိယာသောတာပန်ဒကာကြီးက “ငါးပါးသီလထဲက အလယ်ကတစ်ပါး”ဟု ပြောပြောပြေးပြေးဖြင့် ဘုန်းကြီးရှေ့က အလျင်အမြန် ပြန်ထွက်သွားပါတော့သည်။

သူ၏စကားကြောင့် ဘုန်းကြီး မှင်တက်မိပါသည်။ ငါးပါးသီလထဲက အလယ်က တစ်ပါးဟူသည် ‘ကာမေသုမိစ္ဆာစာရ’ဖြစ်နေသည်။ ဤသိက္ခာပုဒ်သည် သာမန် မိကောင်းဖခင် သားသမီးတို့ကပင် သစ္စာဆိုနိုင်လောက်သည့်အထိ စောင့်ထိန်း ကျင့်သုံးကြသော သိက္ခာပုဒ်ဖြစ်ပါသည်။ အရိယာသောတာပန်အဖို့ အဘယ်ပြောဖွယ်ရှိတော့အံ့နည်း။

ကင်းမလက်မဲသတ်သည့် သောတာပန်ပုဂ္ဂိုလ်

တက္ကသိုလ်၏ ပါမောက္ခဒေါက်တာကြီးသည် ၂၀၁၀ ပြည့် နှစ်ဦး၌ သက်ပြည့်ပင်စင်ယူသည်။ နိုင်ငံတာဝန် ထမ်းဆောင်ပြီးဖြစ်သောကြောင့် တရားစခန်းဝင်ရန် ဆုံးဖြတ်ပါသည်။ ထို့နောက် ထင်ရှားသည့် တရားစခန်းသို့သွားပြီး ‘တရားထူးမရမချင်း အိမ်မပြန်ဟူသော အဓိဋ္ဌာန်ဖြင့် တရားအားထုတ်ပါသည်။

ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ၌ ပါမောက္ခဆရာကြီးကို တရားပြသည့် ဆရာတော်က ‘အရိယာသောတာပန်ဖြစ်ပြီ’ဟု အဆုံးအဖြတ်ပေးပါသည်။ ‘အပါယ်ငရဲမှ လွတ်မြောက်ပြီ’ဟူ၍လည်း ဆရာသမားများက သေသေချာချာ တရားဟောပေးလိုက်ပါသည်။ ဆရာကြီး၏ အဓိဋ္ဌာန်သည် မပင်ပန်းဘဲ အချိန်တိုအတွင်း ပြည့်သွားပါတော့သည်။

ထို့ကြောင့် သူ၏အိမ်မှ ပုထုဇဉ်ဘဝဖြင့် ထွက်လာခဲ့ပြီး ယနေ့ အရိယာဘဝ အလှဖြင့် အိမ်ပြန်ရတော့မည်ဖြစ်၍ ဆရာကြီး၏စိတ် လှုပ်ရှားနေပါသည်။ မနက်အစောပြန်ရန် ပြင်ဆင်ထားသော်လည်း နွေအကုန် မိုးအကူး၌ ရွာသောမိုးသည် မစဲနိုင်ဘဲဖြစ်နေသဖြင့် နေ့ခင်းမှ အိမ်ပြန်ရောက်သွားပါသည်။ အိမ်ရှေ့၌ ရေဝပ်နေသည်ကို တွေ့ရသည်။

အိမ်ထဲသို့ရောက်သောအခါ၌ ဇနီးနှင့် သမီးတို့၏ စိုးရိမ်တကြီး အော်ဟစ်နေသံကို ဆရာကြီးကြားလိုက်ရသည်။ အခြေအနေကို အကဲခတ်သောအခါ၌ မြေးကလေး အိပ်နေသည့် ပုခက်၏အထက် သံတန်းပေါ်၌ အဆိပ်ပြင်းသော ကင်းမလက်မဲတစ်ကောင် အမြီးထောင်လျှက်တွေ့ရသည်။ ထိုသတ္တဝါသည် လက်တစ်ဝါးစာမျှ အရွယ်ကြီးမားပြီး အရောင်မှာ မဲပြောင်နက်မှောင်နေသည်။ မိုးကြီးသဖြင့် မြေတွင်းထဲက ထွက်လာပြီး အိမ်ပေါ် ရောက်လာဟန်တူပါသည်။ အချိန်မရွေး မြေးကလေးပေါ်သို့ ကျလာနိုင်သဖြင့် အန္တရာယ်ကြီးမားလွန်းပါသည်။

ဆရာကြီးသည် အချိန်မဆိုင်းတော့ဘဲ အလျင်အမြန် ဆုံးဖြတ်လိုက်ပါသည်။ ဦးစွာ သမီးလက်ထဲမှ သံချွန်ကို ဆွဲယူလိုက်သည်။ ထို့နောက် ဇနီးလက်ထဲမှတုတ်ကိုလည်း ယူထားလိုက်သည်။ မြေးကလေးကို ပုခက်ထဲမှ ပွေ့ယူခိုင်းလိုက်သည်။

ထို့နောက် “နင်တို့ပုထုဇဉ်တွေ နောက်ဆုတ်ကြ။ အကုန် အပယ်ကျကုန်မယ်။ ငါက အပယ်လွတ်လာပြီ။ ဒီကိစ္စ ငါလုပ်လိုက်မယ်”ဟုပြောပြီး သံချွန်ကို သေသေချာချာ ချိန်ပြီး လက်နှစ်ဖက်ဖြင့် ထိုးလိုက်ရာ ထိုသတ္တဝါကလေးသည် ဆရာကြီး၏ သံချွန်ထိပ်၌ အသက်ပျောက်သွား ရှာလေသည်။

သောတာပန်အရိယာဟူသည် သူ့အသက်ကို မသတ်ပါ။ သူ့အသက်ကို သတ်နေသေးလျှင်လည်း သောတာပန်မဟုတ်ပါ။ တရားပြဆရာက သတ်မှတ်ပေးလိုက်သည့် သောတာပန် ဘွဲ့တံဆိပ်အတုကို အတုမှန်း ပါမောက္ခဆရာကြီး ခွဲခြားသိနိုင်ပါမူ ကောင်းလေစွ။

ငါးရံ့အရှင်ကိုသတ်ခိုင်းပြီး မိမိသီလမပျက်ဟု ထင်နေသည့်ယောဂီ

ဤနေရာ၌ ဆရာသမားတို့၏ ဆုံးဖြတ်ချက်ကြောင့် မိမိကိုယ်ကို အရိယာသောတာပန်ဟု အထင်ရောက်သူ ဒါယိကာမ၏ ဖြစ်စဉ်ကိုလည်း ဆက်လက် ဖော်ပြပါမည်။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၁)လမ်း၌နေထိုင်သည့် ဒါယိကာမကို တရားအားထုတ်သည့်ကျောင်းတိုက်မှ ဆရာသမားများက သူ့ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်ပေးထား ကြောင်းသိရသည်။ သူ၏လျှောက်ထားချက် အသေးစိတ်ကို နားထောင်ကြည့်ရာတွင်လည်း စာလာပေလာအတိုင်း ကိုက်ညီနေသည်။ ဒါယိကာမသည် ပါဠိစာပေနှင့် ဝေးရုံမက အတန်းပညာ၌လည်း ငါးတန်းအထိသာ ကျောင်းတက်ခဲ့ဖူးသူ ဖြစ်သည်။

ထို့ကြောင့် သူ့ကို သီလပေတံဖြင့် တိုင်းတာရန် ပြောပြပါသော်လည်း သူငါးပါး သီလလုံသည်ဟု အတန်တန်လျှောက်ထားသည်။ သို့ဖြစ်၍ ဒါယိကာမကြီးကို ‘စိတ်ကို အကဲခတ်ရန်’ သင်ကြားပေးလိုက်ပါသည်။ (၆)လခန့်ကြာသောအခါ၌ မရွှင်ပျသော မျက်နှာဖြင့် ကျောင်းသို့ ရောက်လာပါသည်။

သူ့စိတ်ကိုသူ အနည်းငယ် အကဲခတ်တတ်လာသောအခါ၌ သီလတစ်ပါး ရက်ရက်စက်စက် ကျူးလွန်မိနေကြောင်းကို မျက်ရည်ဝိုင်းပြီးငြိုးငယ်သော မျက်နှာဖြင့် လျှောက်ထားလာပါသည်။

သူသည် အိမ်ရှင်မတစ်ဦးဖြစ်သဖြင့် နေ့စဉ်ဈေးဝယ်ရကြောင်း ငါးရံ့အသေများ မလတ်ဆတ်သောကြောင့် အရှင်ဝယ်လေ့ရှိကြောင်း၊ ငါးအရှင်ကိုမဆိုထားဘိ ပိုးဟပ်အရှင်ကို ပင်မသတ်ဘူးကြောင်း၊ ရွေးထားပေးခဲ့သည့်ငါးကို ထိုငါးစိမ်းသည်က သတ်ပြီး သူ့ကိုရောင်းကြောင်း စသည်ဖြင့် အကျယ်တဝင့်လျှောက်ပါသည်။

ထို့နောက် “တပည့်တော်က ငါးအရှင်တွေကို စိတ်ကြိုက်ရွေးပြီး ငါးစိမ်းသည်လက်ထဲ အပ်ထားခဲ့မိပါတယ်ဘုရား။ ဈေးဝယ်ပြီးမှ သူ့ဆီပြန်လာပြီးတော့ ငါးကိုယူပါတယ်။ သူ့ကို ငါးသတ်ပေးပါလို့ ပါးစပ်ကမပြောသော်လည်း တပည့်တော်ရဲ့လုပ်ရပ်က သတ်ခိုင်းတာပါဘုရား။ တကယ့်ကို သတ်ခိုင်းမိပါတယ်ဘုရား။ တပည့်တော် သီလမလုံခဲ့ကြောင်းကို ဝန်ခံ လျှောက်ထားပါတယ်ဘုရား”ဟု အကျယ်တဝင့် လျှောက်ထားပြီး တရှုပ်ရှုပ် ငိုနေပါတော့သည်။ “တပည့်တော်မရဲ့အပြစ်ကို တပည့်တော်ကိုယ်တိုင် မြင်ပါပြီဘုရား။ ဒီနေ့ ဆွမ်းဟင်းထဲပါတဲ့ ငါးဟင်းက ငါးရဲ့အသေ ဝယ်ချက်လာတာပါဘုရား။ နောက်နောင် ဘယ်သောအခါမှ မလွန်ကျူးတော့ပါဘုရား”ဟု ငိုတစ်လှည့် ရှိုက်တစ်လှည့်ဖြင့် လျှောက်ထားသည်။

ပထမဖြစ်စဉ်သည် စာတတ်ပေတတ် ယောဂီကိုယ်တိုင် ဆုံးဖြတ်ခြင်းဖြစ်ပြီး၊ ဒုတိယဖြစ်စဉ်သည် ဆရာသမားများက ဆုံးဖြတ်ပေးခြင်း ဖြစ်ပါသည်။

သာသနာတော်၌ ရှေးရှေးကာလမှသည် ယနေ့ထိတိုင် သတိပြုစရာ ဖြစ်နေသော မဂ်ဖိုလ်အရာသည် အလွန်ပင်သိမ်မွေ့လွန်းသဖြင့် အဆုံးအဖြတ်မစောရန် မေတ္တာရှေ့ထား ရေးသားရခြင်း ဖြစ်ပါသည်။ ဘုရားရှင်ဟောတော်မူသည့် ‘ကောသမ္ဗိယသုတ်’[၁] နှင့် ‘ဓမ္မာဒါသ ဓမ္မပရိယာယသုတ်’[၂]လာ အရိယာသူတော်ကောင်း အင်္ဂါရုပ်တို့ဖြင့်လည်း စစ်ဆေးသင့်လှပါသည်။

ဤသို့သောအခြေအနေအကြောင်းကြောင့် လယ်တီဆရာတော်ကြီးက ဆန္ဒမစောဘဲ ‘(၇)နှစ် စောင့်ကြည့်သင့်တယ်’ဟု မိန့်တော်မူခြင်း ဖြစ်မည်ဟုထင်ပါသည်။

တစ်ဖန် မိုးကုတ်ဆရာတော်ဘုရားကြီးက (၁၊၇၊၁၉၆၂)ရက်နေ့၌ ဟောကြားတော်မူသည့် တရားတော်၌လည်း ချုပ်ရုံမျှနှင့် အရိယာသောတာပန်ဟု မဆုံးဖြတ်သေးဘဲ ‘ကောသမ္ဗိယသုတ်’လာ အင်္ဂါ(၇)ပါး ပြည့်စုံ မပြည့်စုံကိုလည်း စစ်ဆေးရမည်ဟု သတိပေးတော်မူဖူးပါသည်။

အနန္တရပစ္စယောဆုတောင်း

“စကြဝဠာမင်း နတ်ရွာစံပြီးသည်၏အခြားမဲ့၌ သားကြီးရတနာ နန်းတက်သဖြင့်
တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့ လူသားတို့၏ သန္တာန်၌လည်း
ဖြူစင်ကောင်းမြတ်သော ကုသိုလ်စိတ်အစဉ်တို့က ခြားပြတ်ခြင်းမရှိဘဲ
စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်ထွန်းနိုင်ပါစေသား”

၁။ ကောသမ္ဗိယသုတ္တ၊ စူဠဋ္ဌယမကဝဂ္ဂ၊ မူလပဏ္ဏာသပါဠိ။ (နှာ-၃၉၅)

၂။ ဓမ္မာဒါသဓမ္မပရိယာယ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ (နှာ-၇၉)


အနန္တရပစ္စယော သိမ့်တ်ပ္ဓယ်

အနန္တရပစ္စည်း၏ကျေးဇူးပြုပုံမှာ

အနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind)ကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

အနန္တရပစ္စယော (ကု-ကု၊ ကု-ဗျာ) ဝိထိ

၁- အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော (ကု-ကု)
၂- ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော (ကု-ကု)
၃- မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော (ကု-ဗျာ)



မဟာကုညဿံ - ၄

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ရဟန္တာတို့၏ စုတိကြဉ်သောစိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ရဟန္တာတို့၏ စုတိနှင့်တကွ စိတ် (၈၉) ပါးနှင့် စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။

၁။ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး၏ ပရမတ္ထသရူပဘေဒနီကျမ်းနှင့် ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိတို့ကို မှီငြမ်းသည်။

၅။ သမနန္တရပစ္စယော

ကောင်းစွာ အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

Samanantara Paccaya (Contiguity condition)

ပစ္စယနိဒ္ဒေသ

သမနန္တရပစ္စယောတိ - စက္ခုဝိညာဏာဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏာဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏာဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏာဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏာဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏာဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏာဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏာဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏာဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏာဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရ-ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ-ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

Contiguity condition (Samanantara paccaya)

Eye-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by contiguity condition.

Ear-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by contiguity condition.

Nose-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by contiguity condition.

Tongue-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by contiguity condition.

Body-consciousness-element and its associated phenomena are related to mind-element and its associated phenomena by contiguity condition. Mind-element and its associated phenomena are related to mind-consciousness-element and its associated phenomena by contiguity condition.

Preceding wholesome phenomena are related to subsequent wholesome phenomena by contiguity condition.

Preceding wholesome phenomena are related to subsequent indeterminate phenomena by contiguity condition.

Preceding unwholesome phenomena are related to subsequent unwholesome phenomena by contiguity condition.

Preceding unwholesome phenomena are related to subsequent indeterminate phenomena by contiguity condition.

Preceding indeterminate phenomena are related to subsequent indeterminate phenomena by contiguity condition.

Preceding indeterminate phenomena are related to subsequent wholesome phenomena by contiguity condition.

Preceding indeterminate phenomena are related to subsequent unwholesome phenomena by contiguity condition.

In immediacy to any [preceding] phenomena these [subsequent] phenomena arise consciousness and mental factors. Those [preceding] phenomena are related to those [subsequent] phenomena by contiguity condition.

သမနန္တရပစ္စည်း၏ ဥပမာနှင့် ဥပစမယျ

“စည်းစိမ်မမက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့”ဟု လာရှိသည်နှင့်အညီ စကြဝတေးမင်းကြီးသည် တောရပ်မှိသောအခါ သားကြီးရတနာသည် ကောင်းစွာ တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့ ရှေးရှေးနာမ်တရားများသည် ချုပ်ပျောက်၍ နောက်နောက်နာမ်တရားများ ကောင်းစွာ အကြားမရှိဖြစ်ပေါ်အောင် ကျေးဇူးပြုသည်။

မည်သည့်စိတ်မှ အကြားဥမခြားသဖြင့် အကြားမရှိဟုခေါ်သည်။ အကြားမရှိဘဲ ရှေ့စိတ်၊ နောက်စိတ်တို့ နှစ်စိတ်မဟုတ်ဘဲ တစ်ဆက်တည်းပင် ဖြစ်နေသည်ဟု ထင်မှတ်မှားလောက်အောင်ပင် ကောင်းစွာအကြားမရှိခြင်းကို သမနန္တရပစ္စယောဟု ခေါ်ပါသည်။[၁]

Samanantara Paccaya

The next condition is Samanantara Paccaya. The only difference is 'Sam'. So actually they are the same. Only the name is different. One is Anantara and the other is Samanantara. Some teachers try to see some difference between these two. They are too subtle. It is better just to take them as identical. It is compared to the renunciation of a universal king. It is the same thing. The king gets fed up with his life. The king leaves his country and goes into the forest. When he

---

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

leaves the country, his son gets the opportunity to become king. By disappearing the next one gets opportunity to arise. Anantara and Samanantara are actually the same.[၁၂၂]

သမနန္တရပစ္စယောကို ဟောတော်မူရခြင်းအကြောင်း

မိုးကုတ်ဆရာတော်ကြီးက "ပုဂ္ဂလဇ္ဈာသယအလို့ငှာ အနန္တရ၊ သမနန္တရပစ္စည်းနှစ်ပါးကို ဟောရ၏။ အနန္တရပစ္စည်းကို နာကြားဖူးသည့် ပုဂ္ဂိုလ်က သမနန္တရပစ္စည်းကို နာကြားရ သောအခါ မိမိတို့သည် ပရိစယလေ့ကျက်ခဲ့သည့် တရားမဟုတ်သောကြောင့် သူတို့၏ဉာဏ်၌ မထင်ရကား ကျွတ်တမ်းဝင်နိုင်ရန်တွက် ပုဂ္ဂိုလ်၏ အဇ္ဈာသယကို ကြည့်တော်မူပြီးလျှင် အနန္တရပစ္စည်းကို နာဖူး၊ အားထုတ်ခဲ့ဖူးသောပုဂ္ဂိုလ်အား အနန္တရပစ္စည်းကို ဟောရသည်။ သမနန္တရပစ္စည်းကို နာဖူးတဲ့ပုဂ္ဂိုလ်အား သမနန္တရပစ္စည်းကို ဟောတော်မူရတယ်"လို့မှတ်။ တရားထူး၍ ဟောတော်မူသည်မဟုတ်။

တစ်နည်းအားဖြင့် သမနန္တရကိုဟောမှ ဒေသနာတော်တင့်တယ်ရကား ဒေသနာတော်ကို တန်ဆာဆင်သောအားဖြင့် ဒေသနာဝိလာသအားဖြင့် ဟောတော်မူသည်ဟု အချို့သောဆရာများက ယူကြပေသည်။

သမနန္တရပစ္စည်းကို သံ-သဒ္ဒါကလေးနဲ့ အထူးပြုပြီး ဟောတော်မူရခြင်းမှာ ပထမစိတ် ချုပ်ပျောက်သွားလို့ရှိရင် နောက်စိတ်များ ဖြစ်ပေါ်သည်။ ဤကဲ့သို့ပင် ဖြစ်ပါငြားသော်လည်း ထက်အောက်ဝန်းကျင်ပတ်လည်တို့၌ စောင့်ဆိုင်းနေခြင်း မရှိပါဘဲ အကြောင်းတိုက်ဆိုင်ခဲ့ရင် ဖြစ်ရမယ်။ အကြောင်းမတိုက်ဆိုင်ခဲ့သော် ပျက်ရမည်လို့ ဆိုတဲ့ သတ္တိသဘာဝကို သိစေခြင်းအကျိုးငှာ ဟောတော်မူတယ်မှတ်။

ဥပမာအားဖြင့် ထင်ရှားအောင် ပြဦးအံ့ - "ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ"ဟူသည်နှင့်အညီ ထက်ကောင်းကင်မှာ လျှပ်စစ်တို့သည် အကြောင်း တိုက်ဆိုင်တဲ့အခါမှာ ဝင်းခနဲ၊ ဝင်းခနဲ ပေါ်လာရ၏။ အကြောင်းမတိုက်ဆိုင်တဲ့အခါမှာ မပေါ်ဘဲ နေကြသကဲ့သို့ မှတ်ရမယ်။

ပထမဇောကြောင့် နောက်ဒုတိယဇောကလေး ဖြစ်ပေါ်လာရ၏။ ပထမဇောသည် ဇာတိ စသောတရားတို့က နှိပ်စက်ခြင်းကြောင့် ပျက်စီးရ၏။ ဒါကြောင့် "ဟုတ္ဝာ အဘာဝဋ္ဌေန အနိစ္စာ"လို့ မိန့်ထားရကား ဤကဲ့သို့ ပျက်စီးသွားရတာကလေးသည် အနန္တရသတ္တိမှတ်။ နာမ်တရားတို့သည် ရုပ်တရားများကဲ့သို့ သဏ္ဌာန်အားဖြင့် မရှိသည်၏ အဖြစ်ကို သိစေလိုသောကြောင့် သမနန္တရကို သံ-သဒ္ဒါဖြင့် ထပ်ဟောရ၏။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်ကလေး ပေါ်လာ၏။ ပေါ်ပြီးသည့်နောက် ငါသည် ချုပ်ငြိမ်းရုပ်သိမ်းရတော့မယ်။ ချုပ်ရငြားသော်လည်း ငါ့မှာ အလုပ်ဝတ္တရားကလေး ရှိ၏။ ဘာအလုပ်လဲဆိုရင် စိတ်အစဉ်မပြတ်မှုကလေး အားထုတ်ဖို့ရာ ရှိသေးတာကြောင့် ချုပ်ငြိမ်းရုပ်သိမ်းတဲ့ သတ္တိကလေးသည် အနန္တရသတ္တိမှတ်ပါ။

သမနန္တရကတော့ ငါသည် ချုပ်ငြိမ်းရုပ်သိမ်းရတော့မယ်။ ချုပ်ငြိမ်းရုပ်သိမ်းရငြားသော်လည်း ကိစ္စဌာနအားဖြင့် လျော်လျောက်ပတ်တဲ့ တရားကလေးသာ လာရမယ်ဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်းသွားတယ်။ ၎င်းချုပ်ငြိမ်းရုပ်သိမ်းသွားတဲ့ တရားကလေးသည် သမနန္တရမှတ်။

ပဉ္စဒ္ဒါရာဝဇ္ဇန်းပြီးလျှင် ဒဿနကိစ္စတပ်တဲ့ စက္ခုဝိညာဏ်မှသာလျှင် ဝင်ရမယ်။ ဒဿနကိစ္စမတပ်ရင် မဝင်ရဘူးဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်းသွားတဲ့ သတ္တိကလေးသည် သမနန္တရ သတ္တိကလေးမှတ်လေ။

အနန္တရမှာတော့ "ရှေ့စိတ်ချုပ်သွားရင် ဘယ်လိုစိတ်တွေပေါ်ပေါ် အစဉ်မပြတ်ဖြစ်ပြီးရင် ပြီးရောလို့ဆိုတဲ့ သတ္တိသာရှိ၏။ ကိစ္စဌာနဟာ အရေးမကြီးဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့ အာရုံတူလျှင် ပြီးရောဆိုပြီး ချုပ်သွားရကား အနန္တရနှင့် သမနန္တရတို့မှာ ကိစ္စဌာနမှတ်တာနှင့် အာရုံမှတ်တာမှာသာ ကွဲပြားပါသော်လည်း ၎င်းနှစ်ပါးတို့မှာ တူတယ်လို့မှတ်ပါ။" နိယာမအားဖြင့် သိစေလိုသောကြောင့် ဓာတ်နှင့်အထူးပြုပြီး ဟောရတယ်လို့မှတ်ပါဟု အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ် အဘိဓမ္မာပဌာန်း ညဝါမှတ်စုစာအုပ်၌ လာရှိပါသည်။[၁]

တဒဂ်္ဂရွှင်လန်းစေသော စိတ်၏ အခြားမဲ့၌ ဖားဘဝမှသည် နတ်သားဘဝ

မြတ်စွာဘုရားရှင်သည် စမ္ဘာပြည်၌ ဂဂ္ဂရာမိဖုရား တူးဖော်ထားသည့် ဂဂ္ဂရာအမည်ရသော လေးထောင့်ကန်၏ အနီးတွင် သီတင်းသုံးနေတော်မူပါသည်။ ထိုစဉ် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သော သတ္တဝါများကို ဆင်ခြင်တော်မူပါသည်။

ဘုရားရှင်ဉာဏ်တော်ဝယ် ဖားကလေးတစ်ကောင်သည် ငါဘုရား၏ တရားတော်အသံ၌ ကြည်သာရွှင်လန်းသောစိတ်ဖြင့် အာရုံပြုနေစဉ် တစ်ပါးသူ၏ ပယောဂဖြင့် စုတေသေလွန်မည်။ ထိုကြည်လင်သော စိတ်အစဉ်၏သတ္တိကြောင့် အထက်နတ်ပြည်၌ နတ်သားဖြစ်မည်။ ဖားဘဝမှဖြစ်လာသည့် ထိုနတ်သားသည် အခြံအရံနှင့်တကွ ငါဘုရား၏

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ် အဘိဓမ္မာပဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စုချပ်စဉ်။

အထံတော်သို့ ပရိသတ်မျက်မှောက်၌ လာရောက်ပေမည်။ ထိုအခါ များစွာသော တရားနာပရိသတ်အပေါင်းတို့အတွက် ကျေးဇူးများပေလတ္တံ့ဟု မြင်တော်မူသည်။

သို့ဖြစ်ပါ၍ ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် စမ္ပာမြို့အတွင်းသို့ ဆွမ်းခံကြွတော်မူသည်။ ထို့နောက် ဆွမ်းကိစ္စပြီးသောအခါ၌ ဂန္ဓကုဋီတိုက်တော်သို့ ဝင်တော်မူလျက် ဖလသမာပတ်ချမ်းသာဖြင့် နေ့အဖို့ကို ကုန်လွန်စေပါသည်။ ညနေချမ်းရောက်သောအခါ လေးထောင့်ရောကန်၏အနီး၌ တန်ခိုးပြာဋိဟာဖြင့် ဆောက်လုပ်ထားသော မဏ္ဍပ်အတွင်းသို့ ကြွတော်မူကာ တရားဒေသနာတော်ကို ဟောကြားတော်မူပါသည်။

ထိုအခါ ရောကန်အတွင်း၌နေသော ဖားကလေးတစ်ကောင်သည် ကုန်းပေါ်သို့ တက်လာရာ ဘုရားရှင်၏ တရားအသံတော်ကို ကြားလေသည်။ ဖားငယ်သည် ပရိသတ်အစွန်အဖျား၌ ဝပ်လျက် 'ဤအသံသည်ကား တရားတော်အသံပေတည်း'ဟူသော အမှတ်သညာဖြင့် အာရုံပြုနေသောကြောင့် ဖားကလေး၏စိတ်သည် ကြည်သာရွှင်လန်းလျက်ရှိနေပါသည်။

ထိုအခိုက်၌ပင် နွားကျောင်းသားတစ်ယောက်လည်း ဘုရားရှင်တရားဟောတော်မူရာအရပ်သို့ ရောက်ရှိလာပါသည်။ သူသည် တရားဟောတော်မူနေသည့် ဘုရားရှင်နှင့် တရားတော်နာယူလျက်ရှိသည့် ပရိသတ်တို့ကို တွေ့မြင်ရသောအခါ၌ စိတ်ပါဝင်စားသွားသည်။ ထို့ကြောင့် သူ့လက်ထဲမှတုတ်ကို မြေပြင်၌ထောက်၍ ရပ်နေသည်။ သူ၏တုတ်သည် အမှတ်မထင် ဖားကလေး၏ဦးခေါင်းပေါ်သို့ ထောက်မိလျက်သား ဖြစ်သွားပါတော့သည်။ ဖားကလေး သည် မြတ်စွာဘုရားရှင်၏ တရားအသံတော်ကြောင့် စိတ်အစဉ်ကြည်သာရွှင်လန်းနေစဉ် ခဏ၌ပင်လျှင် သူ၏ဦးခေါင်း၌ ရသောဒဏ်ရာကြောင့် သေဆုံးသွားရှာလေသည်။

ဖားကလေးသည် စုတိပြီး ခဏမခြား ဥပပတ္တိပဋိသန္ဓေဖြင့် တာဝတိံသာနတ်ပြည်၏ ရွှေဗိမာန်၌ နတ်ဝတ်အဆင်းတန်ဆာ အပြည့်အစုံဖြင့် ဘဝအသစ် ဖြစ်လာပါသည်။ ထိုအခါ 'ငါသည် အဘယ်ကုသိုလ်ကောင်းမှုကို ပြုခဲ့လေသနည်း'ဟု စူးစမ်းဆင်ခြင်သောအခါ၌ ဘုရားရှင်၏ တရားတော်အသံကို အာရုံပြုနေစဉ် သေဆုံးခဲ့သည့်အဖြစ်ကို သိမြင်လေသည်။

ထို့ကြောင့် သူသည် နတ်သမီးအခြွေအရံနှင့်တကွ ကြီးမားလှစွာသော နတ်၏တန်ခိုးကဒ္ဓိပါဒ်ဖြင့် ဘုရားရှင်ရှေ့တော်မှောက်လာပြီး ရှိခိုးသည်။ ဖားနတ်သားကို ဘုရားရှင်သည် သိတော်မူလျက်ပင်လျှင် တရားနာပရိသတ်အပေါင်းအား ကံ၏အကျိုး

ကိုလည်းကောင်း၊ ဘုရားရှင်၏ တန်ခိုးအာနုဘော် အစွမ်းတော်ကိုလည်းကောင်း မျက်မြင်ဒိဋ္ဌ ကိုယ်တိုင်သိမြင်ရစေခြင်းငှာ ဤသို့ မေးမြန်းတော်မူသည်။

"ငါဘုရားရှေ့ ရှိခိုးလာသည့် တန်ခိုးအာနုဘော်ကြီးမားသော အသင်နတ်သားသည် အဘယ်သူပါနည်း"ဟု ဘုရားရှင်မေးတော်မူရာ ဖားနတ်သားက နတ်သားမဖြစ်မီ ရှေးဘဝဆီက ဖားသတ္တဝါဖြစ်ခဲ့သည့်အကြောင်းနှင့် မြတ်စွာဘုရားရှင်၏ တရားအသံတော်ကို အာရုံပြုပြီး ကြည်သာရွှင်လန်းသော စိတ်အစဉ်ရှိနေစဉ်၌ပင် နွားကျောင်းသား၏တုတ်ဖြင့် ဦးခေါင်းကို ထောက်မိ၍ စုတိစိတ်ကျသောကြောင့် ထိုစုတိစိတ်၏အခြားမဲ့၌ တာဝတိံသာနတ်ပြည်တွင် ဖားနတ်သားဖြစ်လာကြောင်းကို ပြည့်ပြည့်စုံစုံ လျှောက်ကြားပါသည်။[၁]

ဤနေရာတွင် လူမဟုတ်ဘဲ အဟိတ်တိရစ္ဆာန်ဖြစ်နေရှာသော ဖားသတ္တဝါကလေးသည် ဘုရားရှင်ဟောကြားတော်မူသော တရားတော်၏ အဓိပ္ပာယ်ကို တစ်လုံးတစ်ပါဒမျှ သိနိုင်ရှာမည် မဟုတ်ပါ။

သို့ဖြစ်စေကာမူ ဘုရားရှင်၏နှုတ်တော်ထွက် အသံတော်၏သတ္တိက ကြီးမားလွန်းပါသည်။ အဘယ်ကြောင့်ဆိုသော် သုဂတိဘုံသို့ရောက်ရန် အလွန်ပင် အခွင့်အရေးနည်းပါးလွန်းသော ဒုဂ္ဂတိဘုံသား အဟိတ်တိရစ္ဆာန် ဖားကလေးသည် ဘုရားရှင်၏ အသံတော်ကြောင့် သူ၏စိတ် ကြည်သာရွှင်လန်းနေသည့် အခိုက်အတန့်အတွင်း၌ပင် စုတိစိတ်ကျလေသည်။ ထိုစုတိစိတ်၏ အခြားမဲ့၌ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ သတ္တိကြောင့် တာဝတိံသာနတ်ပြည်၌ ဖားနတ်သား ဖြစ်လာသည်။

ထိုနည်းအတူ ဘာဝနာကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ်ပြီး ဗလဝဝိပဿနာဉာဏ်ထက်သန်နေသော ယောဂီတို့အတွက်လည်း စိတ္တက္ခဏတစ်ချက်၏ အခြားမဲ့၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီး ပုထုဇဉ်ဘုံသားမှသည် အရိယာဘုံသားဖြစ်နိုင်ပါသည်။

ဆွမ်းခံလမ်း၌လည်း ရဟန္တာဖြစ်နိုင်သည်

တောကျောင်း၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်တို့သည် အချင်းချင်း ကတိကဝတ် ပြုတော်မူကြသည်။ "ငါ့ရှင်တို့ ငါ့ရှင်တို့သည် ကြွေးမြီပူခြင်းကြောင့်လည်း ရဟန်းပြုကြသည်မဟုတ်ကြ။ မင်းဘေး၊ မင်းဒဏ် ကြောက်၍လည်း ရဟန်းပြုကြသည်မဟုတ်ကြ။ စင်စစ်ကား ဝဋ်ဒုက္ခမှ လွတ်မြောက်လိုသော ဆန္ဒဖြင့်သာလျှင် ရဟန်းပြုကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ငါတို့သည် သွားစဉ်၌ ဖြစ်ပေါ်လာသော ကိလေသာကို သွားစဉ်၌

၁။ မဏ္ဍူကဒေဝပုတ္တဝိမာနဝဏ္ဏနာ၊ မဟာရထဝဂ္ဂ၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထု အဋ္ဌကထာကိုမှီငြမ်းသည် (နှာ-၂၀၁)

သာလျှင် နှိပ်ကွပ်ကြ၊ ပယ်ဖျောက်ကြ၊ ထိုနည်းအတူ ရပ်စဉ်၊ ထိုင်စဉ်၊ အိပ်စဉ်၌ဖြစ်သော ကိလေသာတို့ကိုလည်း ထိုထိုနေရာ၌ပင် နှိပ်ကွပ်ကြ၊ ပယ်ဖျောက်ကြစတမ်း”ဟူ၍ ကတိကဝတ်ပြုပြီး တရားအားထုတ်တော်မူကြပါသည်။

ထိုရဟန်းတော်တို့သည် ဆွမ်းခံရွာသို့ သွားသောအခါတွင် ဆွမ်းခံလမ်း၌ရှိသော ကျောက်တုံးကျောက်ဖျာကို အမှတ်ပြု၍ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းလျက် သွားကြကုန်၏။ အကယ်၍ တစ်ပါးပါးသောရဟန်းသည် သွားစဉ်၌ ကိလေသာ ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့၊ သွားစဉ်၌သာလျှင် ထိုကိလေသာကို ငြိမ်းအေးစေ၏။ အကယ်၍ ငြိမ်းအေးစေခြင်းငှာ မတတ်နိုင်သည်ဖြစ်အံ့၊ ထိုရဟန်းသည် ရှေ့သို့မသွားဘဲ ရပ်၍နေ၏။ နောက်မှ လာသော ရဟန်းသည်လည်း ရပ်၏။ ကိလေသာ မငြိမ်းသေးသဖြင့် ရှေ့မရပ်သော ရဟန်းက “ငါ၏သန္တာန်၌ဖြစ်သော ကာမဝိတက်ကို နောက်မှလာသော ရဟန်းက သိသွားပြီ။ ငါ၏အမှုသည် မလျော်ပတ်ပါတကား”ဟု မိမိကိုယ်ကို အပြစ်တင်ဆုံးမပြီး ကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်တော်မူရာ ထိုနေရာ၌ပင် အရိယာအဖြစ်သို့ ရောက်ဖူးသောပုဂ္ဂိုလ်လည်း ရှိလေသည်။

မဟာဖုဿဒေဝထေရ်

မဟာဖုဿဒေဝထေရ်သည် (၁၉)နှစ်တို့ကာလပတ်လုံး အသွားအပြန် ကမ္မဋ္ဌာန်းအာရုံဖြင့်သာ ဖြည့်ကျင့်တော်မူသည်။ မထေရ်မြတ်သည် ကမ္မဋ္ဌာန်းလွတ်သောစိတ်ဖြင့် သွားမိခဲ့လျှင် ထိုကမ္မဋ္ဌာန်းလွတ်သောနေရာသို့ ပြန်၍ပြန်၍ရပ်ပြီးမှ ရှေ့သို့ ကြွတော်မူလေ့ရှိသည်။ လမ်းဘေးဝဲယာ၌ လယ်ယာထွန်ယက်နေကြသော လူတို့ကမြင်သောအခါ၌ “ဤမထေရ်သည် အဖန်ဖန် နောက်သို့ ပြန်ကာကြွလေသည်။ လမ်းပင်မှား၍လေလော သို့မဟုတ် တစ်စုံတစ်ရာပင် ကျကျန်ရစ်လေသလော”ဟု ပြောကြ၏။ မထေရ်သည် လူတို့၏စကားကို ဂရုမပြုဘဲ ကမ္မဋ္ဌာန်းအာရုံနှင့် ယှဉ်သောစိတ်ဖြင့်သာလျှင် ရဟန်းတရားကို အားထုတ်ခဲ့ရာ အနှစ်(၂၀)အတွင်း၌ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

မဟာနာဂမထေရ်မြတ်ကြီး

ဤကဲ့သို့ပင် မဟာနာဂထေရ်သည်လည်း ဘုရားရှင်၏ မဟာပဓာနအကျင့်ကို ပူဇော်လိုသည်ဖြစ်၍ ခုနစ်နှစ်ပတ်လုံး ရပ်သောက္ကရိယာပုတ်၊ စင်္ကြံလျှောက်သော က္ကရိယာပုတ်တို့ဖြင့်သာလျှင် အဓိဋ္ဌာန်ပြု၍ သီတင်းသုံးတော်မူသည်။ ထို့နောက် (၁၆)နှစ်ပတ်လုံး

ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်တော်မူပြီးနောက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူလေသည်။ မဟာနာဂထေရ်သည်လည်း ကမ္မဋ္ဌာန်းနှင့် ယှဉ်သောစိတ်ဖြင့်သာ ခြေကြွခြင်း၊ ခြေချခြင်းကို ပြုတော်မူသည်။ ကမ္မဋ္ဌာန်းကင်းလွတ်သောစိတ်ဖြင့် ကြွမိလျှင် တစ်ဖန် ပြန်ချပြီးမှ ကြွတော်မူသည်ဟု ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားဌ္ဌ လာရှိပါသည်။[၁]

ကနဦး ဝိပဿနာဉာဏ် အရေးကြီးသည်

ဝိပဿနာ၏အာရုံမှာ ရုပ်ပရမတ်၊ နာမ်ပရမတ်ဖြစ်သည်။ ပရမတ်ဟူသည် ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အရွယ်အစားမရှိ သဘောသက်သက်မျှသာ ဖြစ်သည်။ ဉာဏ်ထဲ၌ ပရမတ်အစစ် ပေါ်လာသောယောဂီသည် မိမိ၏ ဝိပဿနာလမ်းကြောင်း တည့်မတ်ပြီဟု ယုံကြည် စိတ်ချရပေတော့မည်။

ကမ္မဋ္ဌာန်းကြီးပွားတိုးတက်ရန်မှာမူ ကလျာဏမိတ္တ ဆရာသမားကောင်းတို့၏ အားပေး တိုက်တွန်းပေးမှုကလည်း ယောဂီအတွက် အရေးကြီးသည်။ ယောဂီကလည်း ကြိုးစားအားထုတ်ရမည်။ ဝိပဿနာဉာဏ် အဆင့်ဆင့် မြင့်တက်လာသည်နှင့်အမျှ ကာမအာရုံအပေါ် သာယာမှုကင်းကာ ငြီးငွေ့လာတော့၏။

'သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ'။[၂]

'ရဟန်းတို့ ဤသို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏'ဟု လာရှိသည်။

ဗလဝဝိပဿနာဉာဏ်အမြင် ထက်သန်လာသည်နှင့်အမျှ ငြီးငွေ့လာမည်မှာ ဓမ္မတာဖြစ်သည်။ ငြီးငွေ့လျှင် လွတ်မြောက်အောင် ကြိုးစားအားထုတ်ပေမည်။ ကြိုးစားအားထုတ်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရ၍ အပါယ်ဘေးမှ လွတ်မြောက်တော့မည်။ လွတ်မြောက်မှန်းသိလာလျှင် သံသရာဘေး အနာဂတ်အရေးအတွက် စိတ်ချလက်ချ ဖြစ်တော့သည်သာ။

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် (နှာ-၁၁၀)

၂။ အနိစ္စသုတ္တ၊ အနိစ္စဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ (နှာ-၁၈)

ဝိပဿနာဉာဏ်နှစ်နသည့် စတာစနရဟန်း နိဿယည်းကင်းခွင့်ရှိသည့်

ရဟန်းတစ်ပါးသည် (၅)ဝါတိုင်တိုင် ဥပဇ္ဈာယ်ဆရာနှင့်ဖြစ်စေ၊ နိဿယည်းဆရာနှင့်ဖြစ်စေ ကင်းကွာ၍ နေခွင့်မရှိပါ။ ဆရာသမားများကလည်း တပည့်ရဟန်းငယ်ကို နိဿယည်းဆရာ မရှိရာအရပ်သို့ ရက်ကာလရှည်ကြာနေရန် ခွင့်မပြုကောင်းသောကြောင့် 'ဆောင်ရွက်ရန် ကိစ္စပြီးပါက အမြန်ပြန်လာ'ရန် မှာကြားရမည်ဟု ဝိမတိဋ္ဌီကာ၌ ဖွင့်ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာနှင့် ကင်း၍ တစ်ည၌်မျှနေမိလျှင် ဒုက္ကဋ်အာပတ်သင့်မည် ဖြစ်သောကြောင့်တည်း။

တပည့်ရဟန်းငယ်ကို စောင့်ရှောက်ရန် ဆရာ၏တာဝန်ကို ဘုရားဥပဒေတော်၌ ဤမျှ တိကျစွာ ပြဆိုထားသည်။ သို့ဖြစ်ပါသော်လည်း တော၌နေပြီး ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်နေသောရဟန်း၏ ဘာဝနာဉာဏ် နုနယ်နေပါက ဝါဆိုလပြည့်နေ့ မတိုင်ခင် အထိ နိဿယည်းမယူဘဲ နေခွင့်ရှိသည်။ အာပတ်မသင့်ပါ။ ဝါဆိုလပြည့်နေ့၌မူ နိဿယည်းဆရာရှိရာအရပ်သို့ သွားပြီး ဝါဆိုရမည်။[၁]

ဆက်လက်ပြီး ရဟန်းတစ်ပါး လိုက်နာကျင့်သုံးရမည့် ဘုရားဥပဒေတော်တွင် ဥပဇ္ဈာယ်ဆရာပေါ်၌ ပြုကျင့်ရမည့်ဝတ်များရှိပါသည်။ ထိုထိုဝတ်ကို မပြုလုပ်ဘဲနေလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ သီလျက် လွန်ကျူးမိသောရဟန်း သီလပျက်ယွင်းပါက မဂ်ဖိုလ်နိဗ္ဗာန်ထိတိုင် မဂ္ဂင်္ဂရာယ်ဖြစ်နိုင်သည်။[၂] သို့ရာတွင် ထက်သန်သောဝီရိယဖြင့် ပြင်းထန်စွာ အားထုတ်ပြီး ယနေ့၊ မနက်ဖြန်၌ပင် တရားထူး၊-ဉာဏ်ထူးရရန် မျှော်လင့်ချက်ရှိသူဖြစ်လျှင်မူ ဆရာ့ထံပါး ပန်ကြားပြီး ထိုထိုဝတ္တရားများကို မဆောင်ရွက်ဘဲ နေခွင့်ရှိသည်။ ရဟန်းယောဂီ၏ ပဓာနအလုပ်ဖြစ်သော ဘာဝနာကမ္မဋ္ဌာန်းကိုသာ ကြိုးစား၍ အားထုတ်နေခြင်းကြောင့် အာပတ်မသင့်ပါ။

ယော ပန အစ္ဆာရဒ္ဓဝိပဿကော "အဇ္ဇ ဝါ သုဝေ ဝါ"တိ ပဋိဝေဓံ ပတ္ထယမာနော ဝိစရတိ၊ တေန ဥပဇ္ဈာယဝတ္တာဒီနိပိ ဟာပေတွာ အတ္တနော ကိစ္စမေဝ ကာတဗ္ဗံ။[၃]

၁။ ဂမိကာဒိနိဿယဝတ္ထုကထာ၊ မဟာခန္ဓက၊ ဝိနယမဟာဝဂ္ဂပါဠိ (နှာ-၃၁၄)

၂။ ဧကုတ္တရိကနယော၊ သောဠသမဟာဝါရ၊ ပရိဝါရအဋ္ဌကထာ (နှာ-၁၅၇)

၃။ အတ္တာဒတ္ထဇေရဝတ္ထု၊ အတ္တဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၁၀၃)

တရုဏဝိပဿနာနှင့် ဗလဝဝိပဿနာ

တရုဏဝိပဿနာဟူသည် နာမရူပပရိစ္ဆေဒဉာဏ်မှသည် ဥဒယဗ္ဗယဉာဏ်တိုင်အောင် (၄)ပါးသောဉာဏ်တို့ကို ကျမ်းဂန်များ၌ပြသည်။ ဗလဝဝိပဿနာကိုမူ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ်တို့ကို ပြဆိုသည်။

'ဗလဝဝိပဿနာတိ ဘယတူပဋ္ဌာနေ ဉာဏံ အာဒီနဝါနုပဿနေ ဉာဏံ မုဉ္စိတုကမျတာဉာဏံ သင်္ခါရုပေက္ခာဉာဏန္တိ စတုန္နံ ဉာဏာနံ အဓိဝစနံ။(ပ)။ **တရုဏဝိပဿနာ**တိ သင်္ခါရုပရိစ္ဆေဒေ ဉာဏံ ကင်္ခါဝိတရဏေ ဉာဏံ သမ္မသနေ ဉာဏံ မဂ္ဂါမဂ္ဂေ ဉာဏန္တိ စတုန္နံ ဉာဏာနံ အဓိဝစနံ'။[၁]

အင်္ဂုတ္တိုရ်ဋ္ဌကာဋ္ဌမူ ကေစိဆရာများက ဘင်္ဂဉာဏ်ကို ဗလဝိပဿနာယူကြောင်း ပြဆိုထားပါသည်။ ဝိပဿနာဉာဏ်အရာတွင် ဘင်္ဂဉာဏ်သည် အားကြီးသောဉာဏ်ဖြစ်သည်။ ထို့ကြောင့် မည်သို့ပင်ဆိုစေကာမူ ဤနေရာတွင် တရုဏဝိပဿနာသည် ဗလဝဝိပဿနာဉာဏ်ပေါ်လာရန် အကြောင်းပစ္စယအမှန် ဖြစ်ပေတော့သည်။

'ဝိပဿနာတိ ဗလဝဝိပဿနာ။ ကေစိ "ဘင်္ဂဉာဏတော ပဋ္ဌာယာ"တိ ဝဒန္တိ။[၂]

သေမင်းမမြင်

ရေပွက်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း ဤအတူ (ခန္ဓာငါးပါးဟူသော)လောကကို ရှုကြည့်သူကို သေမင်းမမြင်နိုင်ဟု ဓမ္မပဒ၌ လာရှိပါသည်။

ယထာ ပုဗ္ဗုဋ္ဌကံ ပသ္သေ၊ ယထာ ပသ္သေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။[၃]

ပျက်သွားသည်ဟု ဘင်္ဂဉာဏ်ဖြင့် သိမြင်အပ်ပြီးသော အာရုံတိုင်း၊ အာရုံတိုင်းနှင့် စပ်လျဉ်း၍ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဘဝသစ်ခန္ဓာတို့ မဖြစ်ထိုက်ကုန်ပြီ။ ထို့ကြောင့် မဖြစ်ထိုက်သော ထိုဘဝသစ်ခန္ဓာတို့အတွက် အသေငြိမ်းသည်ကိုလည်းကောင်း၊ အပျက်ကိုမြင်သော ဘင်္ဂဉာဏ်စသည်ဖြင့် အစဉ်အတိုင်းရှုမြင်၍ အရဟတ္တဖိုလ်သို့ ရောက်သော

၁။ ဥပနိဿသုတ္တဝဏ္ဏနာ၊ ဒသဗလဝဂ္ဂ၊ နိဒါနသံယုတ္တ၊ နိဒါနဝဂ္ဂအဋ္ဌကထာ (နှာ-၅၀)
၂။ ကလျာဏမိတ္တာဒိဝဂ္ဂဝဏ္ဏနာ၊ အင်္ဂုတ္တရ၊ ဧကကနိပါတဋီကာ (နှာ-၁၁၇)
၃။ ပဠဝသတဝိပဿကဘိက္ခုဝတ္ထု၊ လောကဝဂ္ဂ၊ ဓမ္မပဒပါဠိ (နှာ-၃၉)

အခါ၌ ဘဝသစ်နှင့်ဆိုင်သော သေမှုလုံးဝကင်းငြိမ်းသည်ကိုလည်းကောင်း ရည်ရွယ်၍ ‘သေမင်း မမြင်နိုင်’ဟု ဟောတော်မူခြင်းဖြစ်သည်။[၁]

သခ်ၤိရုပေက္ခာဉာဏ်မှသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်

အားသေးသော တရုဏဝိပဿနာဉာဏ်မှသည် အားကြီးသော ဗလဝဝိပဿနာဉာဏ်သို့တိုင်အောင် ကြိုးစားအားထုတ်လာသောအခါ၌မူ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးအနက် တစ်ပါးပါးက ကောင်းမွန်ပြည့်စုံစွာ ထင်ရှားလာသည်။

ဤသို့ရှုမြင်လာသောယောဂီ၏ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်လောက်သည့်အထိ အားပြည့်သောအခိုက်၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တဒင်္၊ တစ်ခဏအတွင်း၌ မျက်မှောက်ပြုပေမည်။

အကယ်၍ အကြောင်းမပြည့်စုံသေးပါမူကား မတည်တံ့၊ မခိုင်ခံ့သည့် သခ်ၤိရ၏ သဘောကို ရှုမှတ်နေသော ဝိပဿနာဉာဏ်သည် အလွန်သိမ်မွေ့ပြီး သိသာထင်ရှားသွက်လက်နေရာမှ တဖြည်းဖြည်း အားအရှိန် လျော့ပါးသွားတတ်သည်။

ထိုအချိန်၌ တစ်စုံတစ်ခုခုသော ကွရိယာပုတ်ကြောင့် ခန္ဓာကိုယ်၌ နာကျင်မှု၊ မသက်သာမှုများ ရှိနေပါက ကွရိယာပုတ်ကို ပြုပြင်သင့်ပါသည်။ ထို့နောက် မူလရှုမှတ်လာသည့် ရုပ်နာမ်နှစ်ပါး၏ ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက်နေသည့်သဘောကိုပင် ကြိုးစားပွားများ အားထုတ်သွားရပါမည်။ မကြာမြင့်မီ အချိန်အတွင်း၌ပင် အားကောင်းသော ဗလဝဝိပဿနာဉာဏ်သို့ ရောက်မြဲအတိုင်း ရောက်သွားတတ်ပါသည်။

ဤနေရာ၌ မကြုံစဖူး နူးညံ့သိမ်မွေ့ပြီး အမှတ်သတိကလည်း မပြတ်တမ်းဆက်လာသောအခါ၌ ‘ငါ နေရာကျတော့မယ်ထင်တယ်’ဟူ၍လည်းကောင်း၊ ‘တရားထူးတယ်လို့ ကြားဖူးနေတာ ဒါဖြစ်မယ်’ဟူ၍လည်းကောင်း ကြံစည် စိတ်ကူးမိတတ်သည်။ ဤအတွေးအတောများကြောင့်လည်း ဝိပဿနာကမ္မဋ္ဌာန်း လျှောကျတတ်ပါသည်။

ဤသို့ ထွေထွေလီလီတို့ကို မကြုံမစည်ဘဲ ရှုမှတ်မြဲအတိုင်း ရှုမှတ်သွားပါက မူလရောက်ခဲ့ဖူးပြီးဖြစ်သည့် ဗလဝဝိပဿနာဉာဏ်သို့ ရောက်ကာ အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတတို့အနက် တစ်ပါးပါးသို့လည်း ဆိုက်ရောက်တတ်သည်။ သို့မဟုတ်ပါက အရိယာဉာဏ်အထိ မတက်လာဘဲ သခ်ၤိရုပေက္ခာဉာဏ်၌ပင် ကာလအတန်လည်း ကြာမြင့်တတ်ပါသည်။

၁။ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း (နှာ-၂၀၈)

ထို့ကြောင့် ဗလဝဝိပဿနာဉာဏ်ရောက်လျှင် အကြောင်းပြည့်စုံသည့်နှင့် တစ်ပြိုင်နက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်သည့် အထောက်အထားများစွာကို ပါဠိ၊ အဋ္ဌကထာတို့၏ နေရာများစွာ၌ လာရှိပါသည်။[၁]

သတိပြုစရာရှိသည်မှာ အချို့ယောဂီမှာ သခ်ၤါရုပေက္ခာဉာဏ်သို့ တစ်ကြိမ်ရောက်ရုံမျှဖြင့်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုတတ်သည်။ အချို့မှာ သခ်ၤါရုပေက္ခာဉာဏ်သို့ အကြိမ်များစွာရောက်ပြီးနောက်၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုတတ်သည်။

သို့ဖြစ်ပါ၍ ဆရာ့ထံပါး စနစ်တကျနည်းခံယူပြီး ဗလဝဝိပဿနာဉာဏ်တိုင်အောင် ကြိုးစားအားထုတ်လာခဲ့သော ယောဂီအနေဖြင့် မလျှော့သော ဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် အားထုတ်လျှင် အကြောင်းပြည့်စုံပါက ဘဝမခြားဘဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း

ဤနေရာတွင် အကြောင်းဆုံလာသဖြင့် ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ကြီး ဟောကြားတော်မူသည့် တရားစာအုပ်ထဲမှ နိဗ္ဗာန်မျက်မှောက်ပြုပုံကို ကူးယူဖော်ပြပါမည်။

"မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တကယ်ရတော့မည့်အကြိမ်မှာ ဘယ်လိုဖြစ်တတ်ပါသနည်းဟူမူကား အနိစ္စလက္ခဏာ အစရှိသည်တို့ကို ရှုနေရင်း ဝိပဿနာအာရုံတည်းဟူသော သခ်ၤါရပရမတ်သဘောတို့၏ အနိစ္စအစရှိသော လက္ခဏာရေးတို့ကို အရှိန်ပြင်းစွာ ထင်ထင်ရှားရှား လျင်လျင်မြန်မြန် ရှုမြင်နေရာမှ သခ်ၤါရနိမိတ်မရှိရာ အသခ်ၤတဓာတ်သို့ ရုတ်တရက် အာရုံပြု၍ သွားတတ်သည်လည်းရှိ၏။

ထိုသို့ မဟုတ်မူ၍ သခ်ၤါရနိမိတ်ဖြစ်သော အနိစ္စလက္ခဏာ စသည်တို့ကို အရှိန်ပြင်းပြင်းထန်ထန် လျင်လျင်မြန်မြန် ဖြစ်ပျက်နေသည်တို့ကို ရှုမြင်နေရာမှ တဖြည်းဖြည်း အရှိန်လျော့နည်း၍ လာသလိုဖြစ်ကာ ဖြည်းညင်းသာယာစွာ မသိမသာဆိုသလို တစ်စထက်တစ်စ နူးညံ့သိမ်မွေ့၍လာရင်း ထိုနူးညံ့သိမ်မွေ့စွာဖြစ်လာသော ဝိပဿနာအာရုံတို့ကို လွတ်လျက် ဖြစ်ခြင်းပျက်ခြင်း အလျဉ်းမရှိသော၊ လောကီအာရုံတို့မှ လုံးဝကင်းလွတ်

၁။ ဥပနိဿယုတ္တဝဏ္ဏနာ၊ ဒသဗလဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ္တ အဋ္ဌကထာ။ (နှာ-၅၂)
ကင်္ခါဝိတရဏီဗုဒ္ဓဝံသပါဠိတော်၊ ဗာဟိရကထာ၊ ဥပနိဿယသမ္ပဒါဒိကထာ။ (နှာ-၁၁၈)

သော၊ လောကထက်မြတ်သော လောကုတ္တရာနိဗ္ဗာန်အာရုံသို့ ကူးပြောင်း၍ အာရုံပြုသွားတာမျိုးလည်းရှိ၏"ဟု ဆရာတော်ကြီး ဟောတော်မူသည်။[၁]

သောတာပန်၊ သကဒါဂါမ်မှသည် အနာဂါမ်ဘဝသို့ တက်လှမ်းခြင်း

ဝိပဿနာဉာဏ် အဆင့်ဆင့် မြင့်တက်လာပြီးနောက် အရိယာဉာဏ်ကို မပင်မပန်း၊ မကြောင့်မကြဖြင့် တက်လှမ်းနိုင်သည့် သူတော်ကောင်းများလည်း မရှိမဟုတ်ရှိကြပါသည်။ သို့သော် မိမိတို့ အဆင့်ဆင့် ဖြတ်သန်း တက်လှမ်းလာခဲ့သည့် ဝိပဿနာဉာဏ်နှင့် သဘောသဘာဝမတူ ကွဲပြားခြားနားနေသည့် မဂ်အကူး၌ လမ်းခရီးအဆင်မပြေတော့ဘဲ နောက်ပြန်ကျတတ်ပါသေးသည်။ အချို့မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိပါကောက်မရတော့သည့်အထိ ကျပျောက်တတ်ပါသေးသည်။

ဤအဆင့်တွင် ကိုယ်တိုင် ရောက်ခဲ့၊ ကြုံခဲ့ဖူး၍ ဆရာသခင်တို့၏ မေတ္တာအား၊ ကရုဏာအား၊ ပညာအားတို့က ပုထုဇဉ်တပည့်ယောဂီအတွက် မှီခိုရာ၊ အားထားရာအစစ်ကြီး ဖြစ်ပေတော့မည်။

တပည့်ယောဂီကိုယ်တိုင် လမ်းရှာပြီး တက်လှမ်းရန်မှာမူ အလွန်ပင် နူးညံ့ သိမ်မွေ့သောကြောင့် အခက်အခဲ ရှိနိုင်ပါသည်။ အကြောင်းမှာ တပည့်ယောဂီသွားရမည့် မြွေလိမ်မြွေကောက် ခြေသွားလမ်းကလေးသည် အစောပိုင်း၌ ပေါ်မယောင်ယောင်ဖြစ်နေရာမှ ယခုအခါ၌ ကိလေသာတည်းဟူသော ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးမိသွားသောကြောင့်တည်း။

ထို့ကြောင့် ဆရာသခင်၏ ကျွမ်းကျင်လိမ္မာမှုအပြင် တပည့်ယောဂီ၏ဘဝါဘဝကဆည်းပူး ဖြည့်ကျင့်ခဲ့သည့် နောက်ခံပါရမီဓာတ်ခံကလည်း ဤနေရာ၌ အရေးပါလှပါသည်။ ထို့ကြောင့် ဣန္ဒြေတရား၊ ဗိုလ်တရားတို့ကိုအားပြုပြီး မဂ်ခရီးကို တစ်ဖန် တက်လှမ်းလာသောယောဂီအဖို့ အကြောင်းတရားတို့ ပြည့်စုံပါက သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်နှစ်ပါးအထိ မျက်မှောက်ပြုနိုင်မည်။ ဤနေရာ၌ ရွှေကျောင်းကုန်းဆရာတော်ကြီး၏ ပဋိဘာနဉာဏဒဿနကျမ်းကို မှီငြမ်း၍ ဖော်ပြပါမည်။

တရားရှုသူ၏ တရားလမ်းကြောင်း

ဆရာတော်ကြီး၏ ကျမ်းစာ၌ 'အကယ်တိတိ ထိုအောက်မဂ် (၂)ပါးတို့၌လည်း ဆန္ဒအား မကုန်ခန်းသေး၍ တက်လမ်းအတိုင်း အားသွန်တက်ခဲ့ရာမှ အထက်မဂ်ခရီးများ

၁။ ဝေဘူဆရာတော်၏ ဝိပဿနာ စာအုပ်ကိုမှီငြမ်းသည်။

အထိ ခရီးပေါက်သော် ပု-ဒိ-အာ ဖြင့်သာ နှစ်သိမ့် ရချေတော့မည်။ ၎င်းကို စာအားဖြင့် သီလတစ်ခုကောင်း ထူးခွန်မှုဖြင့် ကိစ္စပြီးစီးလေသူဟူ၏။ သို့မဟုတ် သီလနောက် ဘာရိက္ခာမျှမပါသော လက်လုပ်လက်စားသမားတည်း'ဟု ဖော်ပြတော်မူပါသည်။

ဆက်လက်ပြီး 'အကယ်တိတိ စေ့စပ်ရုံမျှမက စူးစိုက်မှုပါ ပါဝင်လာပြီး အတည်ဉီးစားပေးဖြင့် ဉာဏ်အဆင့်ဆင့် တက်လာသူလည်း မဂ်အကူး၌ ထစ်ငေါ့နေပေတော့မည်။ အလူးအလဲ အားထုတ်နိုင်မှသာ တက်ရောက်ရတတ်မည့်သူတည်း။

ထိုတရားရှာသမားသည် နောက်ခံပါရမီ အထောက်အားကောင်းနေသော် အနာဂါမ်အဆင့်ထက် မပိုနိုင်။ အကယ်တိတိ ဆန္ဒအား မကုန်ခန်းသေး၍ တက်လမ်းအတိုင်း အားသွန်တက်ခဲ့ရာမှ ကိစ္စပြီးစီးသော် ဆဋ္ဌာဘိညာဖြင့်သာ နှစ်သိမ့်ရချေတော့မည်။ ၎င်းကို စာအားဖြင့် သမာဓိတစ်ခုကောင်း ထူးခွန်မှုဖြင့် ကိစ္စပြီးစီးလေသူဟူ၏။ သို့မဟုတ် သီလနောက် သမာဓိရိက္ခာပါသူ၏ စားပွဲတည်း'ဟု ဆရာတော်ကြီးက ဖော်ပြတော်မူပါသည်။[၁]

ပိဋကတ်တော်များရှိနေသဖြင့် အရိယာခေတ်မကုန်သေးပါ

ဤတွင် ခေတ်မရှိတော့သဖြင့် အရိယာမဖြစ်။ အရိယာခေတ်ကုန်ပြီဟု မဆိုနိုင်သေးပါ။ မဂ်စစ် ဖိုလ်စစ်သို့ တက်လှမ်းနိုင်မည့် လမ်းညွှန်ပိဋကတ်တော်များ ဘုရားဟောမူရင်းအတိုင်း လတ်လတ်ဆတ်ဆတ် ရှိနေပါသေးသည်။ ထိုထိုပိဋကတ်တော်လာအတိုင်း လမ်းညွှန်ပြပေးနိုင်မည့် ဆရာကောင်းလိုပေသည်။ အကယ်၍ ဖြစ်နိုင်ပါမူတရားပြသပေးမည့် မိမိ၏ ဆရာသခင်ကိုယ်တိုင် တစ်မဂ်၊ တစ်ဖိုလ်ကို ဆွတ်ခူးပိုင်ဆိုင်ထားသူဖြစ်ပါမူ ကောင်းလေစွ။

သို့သော် အရိယာဆရာတို့သည် အပ္ပိစ္ဆဂုဏ်ရှင်များ ဖြစ်တော်မူကြပါသည်။ သို့ဖြစ်ပါ၍ ဝါကြွားပလွားပြီး မိမိ၏ဂုဏ်ကို ဖော်ကျူးနေမည်မဟုတ်ပါ။ အကယ်၍ တစ်စုံ၊ တစ်ဦးဦး၊ တစ်ပါးပါးက 'ငါအရိယာတည်း'၊ 'ငါသောတာပန်တည်း'၊ 'ငါအနာဂါမ်တည်း'ဟု ဖော်ကျူး၊ ဂုဏ်ယူဝင့်ကြွားနေလျှင်လည်း အပ္ပိစ္ဆဂုဏ်မဲ့ မဟိစ္ဆဂုဏ်ရှင်ဖြစ်နေသဖြင့် ထိုသူသည် အရိယာစစ်စစ် မဟုတ်နိုင်တော့ပါ။

ဤတွင် ဥပမာတစ်ခု ပြလိုသည်မှာ လူတစ်ရပ်မက ကြီးမားလှသော သဲပုံကြီးကို ခက်ခဲပင်ပန်းစွာဖြင့် နေကုန်နေခန်း ရွှေကျင်သောအခါ၌ လက်သန်းတစ်ခွံမျှရှိသော ရွှေစစ်စစ်ရရန် မလွယ်ကူသကဲ့သို့ လောကဥ္စာ အရိယာပုဂ္ဂိုလ်တစ်ပါး ပေါ်ထွန်းလာရန် ထိုသဲပုံကြီးထဲက ရွှေကျင်ရသည်ထက်ပင် များစွာ ခက်ခဲလှပေသည်။

၁။ ရွှေကျောင်းကုန်း ဆရာတော်ကြီး၏ ပဋိဘာနဉာဏဒဿနကထာကျမ်းကို မှီငြမ်းသည်။

ဧလောကီနယ်နှင့် ဧလောကုတ္တရာနယ်၏ ထိုတခင်

အကယ်စင်စစ်မှာမူ စိတ္တက္ခဏတစ်ခု၏ ဤမှာဘက်ကမ်းသည် လောကီ ကိလေသာနယ်၊ ပုထုဇဉ်တို့ဂေဟာဖြစ်သည်။ ဟိုမှာဘက်ကမ်းသည် ကိလေသာချုပ်ငြိမ်းရာ လောကထက်မြင့်မြတ်သည့် လောကုတ္တရာနယ်၊ အရိယာတို့ဌာန ဖြစ်သွားပါသည်။

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတသတ္တိဖြင့် ကျေးဇူးပြုသည့် ထိုစိတ္တက္ခဏတစ်ချက်၏ တန်ဖိုးကား ကြီးကျယ်လှပေသည်။ မြင့်မြတ်လှပေသည်။ ပုထုဇဉ်နယ်၏ဘဝဒုက္ခတို့ကို ကျော်ဖြတ်ပြီး အရိယာနယ်သားဖြစ်ခွင့်ရှိသည့် ထိုအခိုက်အတန့်ကို ယနေ့ မြတ်စွာဘုရားရှင်၏ သာသနာတွင်းကာလ၌ လက်ဝယ်ပိုင်ဆိုင်နိုင်သည့် အခွင့်အလမ်းကြီးသည် လက်တစ်ကမ်း၌ ရှိနေပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အားကိုးရာအစစ် ဖြစ်ပေတော့သည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် တရားတော်သည် အားကိုးရာအစစ် ဖြစ်ပေတော့သည်။ ဘုရားရှင်၏ တပည့်သား သံဃာတော်များသည် အားကိုးရာအစစ် ဖြစ်ပါပေတော့သည်။

ဤနေရာ၌ ဝိပဿနာတရားကို မြတ်မြတ်နိုးနိုး အားထုတ်နေကြသည့် ယောဂီတို့အတွက် ဝေဘူဆရာတော်ကြီး၏ ပြတ်သားသော အဆုံးအမစကားဖြင့် နိဂုံးချုပ်ပါမည်။

“ထွေလီကာလီတွေကို လိုက်လုပ်မနေနဲ့၊ ဖြစ်ပျက်ကိုသာလျှင်ရှုနေ၊ သူ့နေရာကျရင် သူ့ဘာသာသူ မြင်သင့် မြင်ထိုက်တာတွေကို မြင်၍တွေ့၍ လာလိမ့်မယ်’။

သမနန္တရပစ္စယောဆုတောင်း

“စကြဝဠတေးမင်းသည် အရည်ဝါသီ တောရပ်မှိသောအခါ၌
သားကြီးရတနာမှာ တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ဖြူစင်ကောင်းမြတ်သော ကုသိုလ်စိတ်အစဉ်တို့
ခြားပြတ်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်နိုင်ပါစေသား”

သမနုဿရပစ္စယာ သိမှတ်ပွယ်


သမနုဿရပစ္စည်း၏ကျေးဇူးပြုပုံမှာ

သမနုဿရပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind) ကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

သမနုဿရပစ္စယော (ဗျာ-ဗျာ)ဝိထိ

ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ သမနုဿရပစ္စယေန ပစ္စယော။ (ဗျာ-ဗျာ)

လူဘဝစုတိပြီး အရူပသတ်ဖြဟ္မာဘုံ ပဋိသန္ဓေစိတ်အစဉ်



ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ရဟန္တာတို့၏ စုတိကြဉ်သော စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ စိတ် (၈၉) ပါးနှင့် စေတသိက် (၅၂) ပါးတို့ဖြစ်သည်။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပ်စဉ်တို့ကို မှီငြမ်းသည်။

၆။ သဟဇာတပစ္စယော
ပစ္စယုပ္ပန်တရားတို့ကို အတူတကွအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Sahajata Paccaya (Born together Condition)

ပစ္စယနိဒ္ဒေသ

သဟဇာတပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ-ပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတ-ပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန ပစ္စယော။

Born together Condition (Sahajata Paccaya)

The four immaterial aggregates are mutually related to one another by born together condition.

The four great essentials are mutually related to one another by born together condition.

At the moment of conception, mind and matter are mutually related to each other by born together condition.

The phenomena consciousness and mental factors are related to mind-produced matter by born together condition.

The great essentials are related to derived matter by co-nascence condition.

Material phenomena are sometimes related to immaterial phenomena by co-nascence condition. Sometimes they are not related by born together condition.

သဟဇာတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“အလင်းဖြစ်မှု၊ ဆီးမီးပြုသည်၊ တန္ဆူပမာ”ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူသည်နှင့်အညီ မှောင်နေသည့် တိုက်ခန်းထဲ၌ ဆီမီးညှိထွန်းလိုက်သည်နှင့် တစ်ပြိုင်နက် မီးတောက်ခြင်းနှင့် အလင်းရောက်ခြင်းတို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း

အတူတကွဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာ ပဋိသန္ဓေ (၄)ပါး၊ မဟာဘူတ် (၄)ပါး၊ စိတ်၊ စေတသိက်၊ ဟဒယဝတ္ထုတို့သည်လည်း ဥပါဒ်၊ ဌိ၊ ဘင်အားဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အတူတကွ (Connascence condition or Born together) ဖြစ်၍ ကျေးဇူးပြုကြသည်။

တစ်နည်းအားဖြင့် မီးတောက်ဟူသော အကြောင်းကြောင့် အလင်းရောင်ဟူသော အကျိုး ဖြစ်ပေါ်လာရာတွင် အကြောင်းနှင့်အကျိုးက တစ်ပြိုင်တည်း၊ အချိန်အားဖြင့်လည်း တစ်ချိန်တည်း ဖြစ်ပေါ်ကာ ကျေးဇူးပြုကြသည်။[၁]

Sahajata paccaya

The next one is Sahajata Paccaya. 'Saha' means together. 'Jata' means arisen. 'Sahajata' means arisen together. It is translated as co-nascence. It is compared to a lamp. When there is a lamp, if the lamp is existing, there is light. Light is the conditioned state. The lamp is the conditioning state. The lamp and the light exist at the same time. Regarding Sahajata the conditioning states and the conditioned states must arise at the same time. In order to explain this, you can pick up any type of consciousness, mental factors and matter born of mind. Also, between material properties (the four essentials and the depending ones) you can explain anything you like this is condition of Sahajata.[၂၃]

နာမ်ရုပ်တရား ကျေးဇူးပြုကြသည်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဟေတုပစ္စည်း၌ နာမ်တရား (Mind) ကြောင့် နာမ်နှင့် ရုပ်တရား (Mind and matter)တို့ဖြစ်ကြောင်း ဟောတော်မူခဲ့သည်။ အနန္တရနှင့် သမနန္တရပစ္စည်း၌လည်း နာမ်တရား (Mind)ကြောင့် နာမ်တရား (Mind)တို့ ဖြစ်ကြောင်းကို ဟောတော်မူပါသည်။

တစ်ဖန် သဟဇာတပစ္စည်း၌မူ နာမ်တရား (Mind) ကြောင့် နာမ်တရား (Mind) တို့ ဖြစ်ကြောင်းကိုလည်းကောင်း၊ ရုပ်တရား (Matter) ကြောင့် ရုပ်တရား (Matter) တို့ ဖြစ်ကြောင်းကိုလည်းကောင်း၊ နာမ်တရား (Mind) ကြောင့် နာမ်နှင့် ရုပ်တရား (Mind and matter) တို့ ဖြစ်ကြောင်းတို့ကိုလည်းကောင်း ကျယ်ပြန့်စွာဖြင့် ဟောတော်မူပါသည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

၂။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၃။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

မတည်တံ့၊ မခိုင်ခံ့သည့် ပရမတ်တရား

ထိုထို နာမ်တရား(Mind) ကလည်း ပရမတ်တရားဖြစ်ပြီး ရုပ်တရား(Matter) ကလည်း ပရမတ်တရားပင်ဖြစ်ပါသည်။ ရူပါရုံအဆင်းကလည်း ပရမတ်တရား၊ မြင်သိစိတ်ကလည်း ပရမတ်တရားပင် ဖြစ်သည်။ ရူပါရုံနှင့် စက္ခုပသာဒတို့သည် ပင်ကိုသဘောအားဖြင့် ဖောက်ပြန် ပြောင်းလဲနေသည်။

ထိုအဆင်းနှင့် စက္ခုပသာဒတို့ တိုက်ဆုံ၍ဖြစ်ပေါ်လာသည့် မြင်သိစိတ်သည် အဘယ်၌ တည်တံ့ ခိုင်မြဲလေမည်နည်း။ ဥပမာအားဖြင့် သေတတ်သည့် မိဘနှစ်ပါးက မွေးဖွားလာသော သားကလေး၌ သေတတ်သည့်ဗီဇသတ္တိ မွေးရာပါဖြစ်သကဲ့သို့တည်း။

ထို့ကြောင့် ဘုရားရှင်က 'အနိစ္စသမ္ဖုတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ' ရဟန်းတို့ မမြဲသောအကြောင်းကြောင့် ဖြစ်ပေါ်လာသောရုပ်သည် အဘယ်မှာ မြဲလိမ့်မည်နည်း'ဟု ဟောတော်မူပါသည်။

ဆက်လက်ပြီး 'အနိစ္စသမ္ဖုတာ ဘိက္ခဝေ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ' ရဟန်းတို့ 'မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှုဝေဒနာသည် အဘယ်မှာမြဲလိမ့်မည်နည်း'ဟူ၍လည်းကောင်း၊ 'အနိစ္စသမ္ဖုတာ ဘိက္ခဝေ သညာ ကုတော နိစ္စာ ဘဝိဿတိ' ရဟန်းတို့ 'မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော မှတ်သားမှုသညာသည် အဘယ်မှာ မြဲလိမ့်မည်နည်း'ဟူ၍လည်းကောင်း၊ 'အနိစ္စ-သမ္ဖုတာ ဘိက္ခဝေ သင်္ခါရာ ကုတော နိစ္စာ ဘဝိဿန္တိ"ရဟန်းတို့ "မမြဲသောအကြောင်းကြောင့် ဖြစ်ပေါ်လာသော စေ့ဆော်မှုသင်္ခါရသည် အဘယ်မှာ မြဲကြလိမ့်မည်နည်း'ဟူ၍လည်းကောင်း၊ 'အနိစ္စသမ္ဖုတံ ဘိက္ခဝေ ဝိညာဏံ ကုတော နိစ္စံ ဘဝိဿတိ'ရဟန်းတို့ 'မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော သိမှုဝိညာဏသည် အဘယ်မှာ မြဲလိမ့်မည်နည်း'ဟု ဟောတော်မူပါသည်။[၁]

နတ်ဗြဟ္မာများလည်း သဿတဒိဋ္ဌိမလွတ်ပါ

မြတ်စွာဘုရားရှင်သည် သဟဇာတပစ္စယော၌ 'နာမ်ရုပ်က နာမ်ရုပ်'ကို ကျေးဇူးပြုကြောင်းကို 'ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော'-ဟု ဟောတော်မူပါသည်။ သို့ပါသော်လည်း တရားနာကြားနေကြသည့် ပုထုဇဉ် နတ်ဗြဟ္မာပရိသတ်တို့က ပဋိသန္ဓေအခိုက်ကို သေသေချာချာ ရှင်းရှင်းလင်းလင်း နားလည်ထားဟန်မရှိပါ။

၁။ သဟေတုအနိစ္စသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိ (နှာ-၂၀)

အထူးအားဖြင့် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးပြောင်းသည့် ပဋိသန္ဓေအရာ၌ အသိအမြင်မရှင်းခြင်းက သဿတဒိဋ္ဌိ (View of eternalism)ကို ကြီးထွားစေပါသည်။ တန်ခိုးကြီးသော နတ်ဗြဟ္မာတို့က သတ္တဝါတို့၏ တစ်ဘဝ၊ နှစ်ဘဝမက ဘဝများစွာကို သိမြင်နိုင်စွမ်း ရှိကြပါသည်။ သို့ပါသော်လည်း ဘဝကူးပြောင်းပုံကို သူတို့ အသိအမြင် မရှင်းနိုင်ပါ။ အကြောင်းမှာ ဤကိစ္စသည် ဘုရားရှင်တို့၏ ဉာဏ်တော်အရာ ဖြစ်သောကြောင့်တည်း။

ဤနေရာတွင် ဘဝကူးပြောင်းပုံ၌ အသိအမြင်မရှင်းခြင်းက သဿတဒိဋ္ဌိ (View of eternalism) တစ်ခုတည်းကိုသာ ဖြစ်စေသည်မဟုတ်ပါ။ ဘဝပြတ်သည်ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ (View of nihilism)ကိုလည်း ဖြစ်စေနိုင်ပါသည်။

ဘဝတစ်ခု စတင်ဖြစ်ရာတွင် ပဋိသန္ဓေအခိုက်၌ နာမ်တရားချည်းသက်သက် ဖြစ်သည် မဟုတ်ပါ။ နာမ်နှင့်ရုပ် တစ်ပြိုင်တည်း ဖြစ်လာကြောင်းကို ပဋ္ဌာန်းပါဠိတော်၌ "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊ အညမညပစ္စယေန ပစ္စယော"[1]ဟု လာရှိပါသည်။

ဤတွင် ပဋိသန္ဓေအခိုက်တန့်၌ ဖြစ်လာသည့် ရုပ်တရားက ဟဒယဝတ္ထုရုပ် ဖြစ်ပါသည်။ ထိုအခိုက်အတန့်၌ ဖြစ်လာသည့်နာမ်တရားက ပဋိသန္ဓေစိတ် ဖြစ်ပါသည်။ ထိုဟဒယဝတ္ထုရုပ်နှင့် ပဋိသန္ဓေစိတ်တို့က တစ်ပြိုင်နက်တည်း အတူတကွဖြစ်သောကြောင့် တစ်ပြိုင်နက်တည်း အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပါသည်။

ပဋိသန္ဓေအခိုက်၌ နာမ်ကိုမှီပြီး ရုပ်ဖြစ်လာသည်။ ထို့အတူ ရုပ်ကိုမှီပြီး နာမ်ဖြစ်လာသည်ဟု ဘုရားရှင်ဟောတော်မူခြင်းဖြစ်သည်။ တရားနာနေကြသည့် နတ်ဗြဟ္မာတို့က 'သတ္တဝါတို့၏အစ နာမ်တရားသက်သက်က'ဟု ယူဆသည့် ယူဆချက် မှားယွင်းနေကြောင်းကို သိရှိခွင့်ရပြီး ဆန်းစစ်နိုင်ကြတော့မည်ဖြစ်သည်။

ဗြဟ္မာပရိသတ်တို့၏ သန္တာန်၌ နိဝရဏတရားတို့ ကင်းစင်နေသဖြင့် ဘုရားရှင်ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော်ကို နားလည် သဘောပေါက်နိုင်စွမ်းရည် (Understanding ability) မြင့်မားကြပါသည်။ ထို့ကြောင့် တရားနာကြားနေစဉ်၌ပင် လောကုတ္တရာတရားထူးကို မျက်မှောက် ပြုနိုင်စွမ်းရှိကြမည်ဖြစ်သည်။

သို့သော် ယနေ့ခေတ် လူသားတို့၏သန္တာန်၌မူ ကိလေသာနိဝရဏတရား အပြည့်အမောက် ထူထည်ကြီးမားနေသောကြောင့် တရားလည်း နာကြားရမည်။ တရားလည်း အားထုတ်ကြရမည်။ ဤမျှဖြင့်လည်း တော်ကာကျပြီဟု မဆိုနိုင်သေးပါ။

၁။ ပဋ္ဌာန်းပါဠိ (ပထမတွဲ၊ နှာ-၅)

ရုပ်ကလာပ်အမှုန်အမွှား

ဗုဒ္ဓမြတ်စွာဘုရားရှင်က နတ်ဗြဟ္မာတို့ကို ဟောကြားတော်မူခဲ့သည့် ပဋ္ဌာန်းတရားတော်နှင့် အဘိဓမ္မာတရားတော်၏ အလိုအားဖြင့် လောက၌ ရှိရှိသမျှသော သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှ အားလုံး မပြောင်းမလဲ တည်တံ့၊ ခိုင်ခံ့သည်ဟူ၍ မရှိပါ။ ရုပ်တရားသည် မရေမတွက်နိုင်လောက်အောင် များပြားသည့် အဋ္ဌကလာပ် ရုပ်မှုန်များဖြင့် ဖွဲ့စည်းနေပြီး တစ်သမတ်တည်း ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။ နာမ်တရားကလည်း ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေကြသည်။

ထိုကဲ့သို့ မရပ်မနား တရစပ်ချုပ်ပျောက်သွားသည့် နေရာ၌ အသစ်အသစ်သော ရုပ်တရား၊ နာမ်တရားတို့က အကြားအလပ်မရှိ အဆက်မပြတ် အစားထိုးလျက်ရှိပါသည်။ ဤသည်မှာ မည်သည့်တန်ခိုးရှင်ကမှ ဖန်ဆင်းပေးထားခြင်းမရှိသည့် ဓမ္မသဘာဝ သက်သက် ဖြစ်ပေတော့သည်။

ပဋ္ဌာန်းတရားတော်

ထို အသစ် အသစ် အသစ် ဖြစ်ပေါ်လာသော ရုပ်တရား၊ နာမ်တရားတို့သည် အကြောင်းမဲ့ ဖြစ်ပေါ်နေကြသည် မဟုတ်ပါ။ အကြောင်းရုပ်ကလာပ်တို့က အကျိုးအဖြစ် ပေါ်ပေါက်လာမည့် ရုပ်ကလာပ်တို့ကို ဆိုင်ရာ ဆိုင်ရာသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့လျက်ရှိကြသည်။

ဤဖြစ်စဉ်ကို ပဋ္ဌာန်းတရားတော်၌ “ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ”ဟူ၍ ဟောတော်မူပါသည်။ အဓိပ္ပာယ်မှာ မဟာဘုတ်တစ်ပါးကိုစွဲ၍ မဟာဘုတ် (၃)ပါးဖြစ်သည်။ မဟာဘုတ် (၃)ပါးကိုစွဲ၍ မဟာဘုတ် (၁)ပါးဖြစ်သည်။ မဟာဘုတ် (၂)ပါးကိုစွဲ၍ မဟာဘုတ်(၂) ပါး ဖြစ်သည်။

မဟာဘုတ် (၄) ပါးရှိပါသည်။ မာသည့်၊ ပျော့သည့် သဘောက ပထဝီဓာတ် ဖြစ်သည်။ ပူသည့်၊ အေးသည့်သဘောက တေဇောဓာတ် ဖြစ်သည်။ တွန်းကန်လှုပ်ရှားသည့်သဘောက ဝါယောဓာတ်ဖြစ်သည်။ ယိုစီးဖွဲ့စည်းသည့်သဘောက အာပေါဓာတ်ဖြစ်သည်။

အထက်ပါ ပဋ္ဌာန်းပါဠိတော်အရ ပထဝီဓာတ်ကို စွဲမှီ၍ တေဇောဓာတ်၊ ဝါယောဓာတ်နှင့် အာပေါဓာတ်တို့ ဖြစ်ကြသည်။ တေဇောဓာတ်၊ ဝါယောဓာတ်နှင့် အာပေါဓာတ်တို့ကို စွဲမှီ၍ ပထဝီဓာတ်ဖြစ်သည်။ ပထဝီဓာတ်နှင့် တေဇောဓာတ်တို့ကို စွဲမှီ၍ အာပေါဓာတ်နှင့် ဝါယောဓာတ်တို့ ဖြစ်ကြသည်။

တစ်ဖန် နာမ်ခန္ဓာသည်လည်း "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ" ဝေဒနာက္ခန္ဓာ (The aggregate of sensation) တစ်ပါးကို စွဲမှီ၍ သညာက္ခန္ဓာ (The aggregate of perception)၊ သင်္ခါရက္ခန္ဓာ (The aggregate of mental formation နှင့် ဝိညာဏက္ခန္ဓာ (The aggregate of life-force)တို့ (၃)ပါး ဖြစ်သည်"ဟု ဟောတော်မူပါသည်။ ထိုနည်းအတူ "သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာသုံးပါးကို စွဲမှီ၍ ဝေဒနာက္ခန္ဓာတစ်ပါး ဖြစ်ကြသည်"ဟု ပဋ္ဌာန်းပါဠိတော်၌[1] ဟောတော်မူပါသည်။

အဏုမြူ (Atom) နှင့် ပရမာဏုမြူ (Particle) တို့အကြောင်း

ဆက်လက်ပြီး သေက္ခတောင်ဆရာတော် ဦးတိလောက၏ ကျမ်းစာအုပ်တွင် ရုပ်ကလာပ်၊ ရုပ်အမှုန်တို့၏ ဖြစ်တည်နေမှုကို ဖော်ပြတော်မူရာတွင် အခြေခံရုပ်ကလာပ်ကို ပရမတ်ရုပ်ကလာပ်ဟု မှတ်ကြ၊ ပရမတ်ရုပ်ကလာပ်မည်သည်ကား တစ်ပါးကို တစ်ပါး မမှီတွယ်ရဘဲ မဖြစ်နိုင်ကြ၊ မတည်နိုင်ကြ၊ ထိုသို့မဖြစ်နိုင်၊ မတည်နိုင်ကြသောကြောင့် ဘယ်ရုပ်က အောက်က၊ ဘယ်ရုပ်က အထက်က၊ ဘယ်ရုပ်က လက်ဝဲ၊ ဘယ်ရုပ်က လက်ယာ၊ ဘယ်ရုပ်က အတွင်း၊ ဘယ်ရုပ်က အပြင်ကဟု ရွေးချယ်မရဘဲ တစ်ခုတည်း ဖြစ်နေကြ၏။

ထို့ကြောင့် တစ်ခုစီ၊ တစ်ခုစီ ကွဲပြားသွားအောင် ခွဲခြား၍မရသော အဝိနိဗ္ဘောဂ ရုပ်များအဖြစ် စုစည်းနေကြ၏။ ထိုရုပ်များသည် သဟဇာတသဘောဖြင့် အကုန်လုံး အတူတကွ တစ်ပြိုင်တည်းဖြစ်ပေါ်လာ၍ ပျက်လျှင်လည်း အကုန်လုံး အတူတကွ တစ်ပြိုင်တည်း ပျက်ကြလေ၏။ မြေဓာတ်လွန်ကဲသော ပရမတ်ရုပ်ကလာပ်ပေါင်း သိန်း၊ သန်း၊ ကုဋေလောက် သမူဟကလာပ်များ ပေါင်းစုဖွဲ့ကြလျှင် ပရမာဏုမြူ ဖြစ်လာ၏ဟု ကျမ်းပြု အရှင်မြတ်က ဖော်ပြတော်မူသည်။

ဆက်လက်၍ ထိုထိုပရမာဏုမြူ၏ အထည်ပမာဏ အရွယ်အစားကို ဖော်ပြရာတွင် 'ဦးခေါင်းက သန်းတစ်ကောင်ကို ခုနစ်စိတ်စိတ်သော် တစ်စိတ်စာသည် လိက္ခာ

၁။ ပဋ္ဌာဝါရ၊ ကုသလတ္တိက၊ တိကပဋ္ဌာန၊ ပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၄၀)

မည်သော ပိုးတစ်ကောင်နှင့် ညီမျှသည်'။ (ထိုလိက္ခာဟူသောပိုးသည် ဝဲနာ၊ ယားနာ ဖြစ်စေသော ပိုးအမျိုးအစားဖြစ်ကြောင်းကို ယနေ့ ဆေးသိပ္ပံက အတည်ပြုကြပါသည်။)

ဆက်လက်ပြီး ဆရာတော်ကြီး၏ကျမ်းစာ၌ 'ထိုပိုးကောင်ငယ်တစ်ကောင်ကို (၃၆) စိတ် စိတ်သော် တစ်စိတ်သည် ရထရေဏုမြူတစ်ခုနှင့် ညီမျှ၏။ ထိုရထရေဏုမြူ တစ်လုံးကို (၃၆) စိတ် စိတ်သော် တစ်စိတ်သည် တဇ္ဇာရီမြူတစ်ခုနှင့် ညီမျှ၏။ ထိုတဇ္ဇာရီမြူ တစ်လုံးကို (၃၆) စိတ် စိတ်သော် တစ်စိတ်သည် အဏုမြူ Atom တစ်ခုနှင့် ညီမျှ၏။ ထိုအဏုမြူ Atom တစ်လုံးကို (၃၆) စိတ် စိတ်သော် တစ်စိတ်သည် ပရမာဏုမြူ တစ်ခုနှင့် ညီမျှ၏'ဟု ဖော်ပြပါရှိသည်။

ယနေ့သိပ္ပံပညာ၏ လေ့လာတွေ့ရှိချက်

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဘိဓမ္မာတရားတော်အရ အဏုမြူ (Atom) တစ်လုံးကို ပရမာဏုမြူ (Particle)များစွာဖြင့် ဖွဲ့စည်းထားသည်ဟု နားလည်ရမည် ဖြစ်ပါသည်။ ယနေ့ သိပ္ပံပညာရှင်များကလည်း ရုပ် (Matter)ကို အထပ်ထပ် ခွဲခြမ်းစိတ်ဖြာပြီး အဆင့်ဆင့် လေ့လာသောအခါ ရုပ်၌ အနှစ်အဆံခိုင်မာမှုဟူ၍ တစ်စုံတစ်ရာမှ မတွေ့ရှိရဘဲ စွမ်းအင် (Energy)မျှသာ ရှိတော့ကြောင်းကို ဖော်ထုတ်လာနိုင်ကြပါသည်။

ထိုစွမ်းအင် (Energy)မျှသာရှိသော သဘောတရားကြောင့် ရုပ်ဟုခေါ်၍ မဖြစ်နိုင်တော့ကြောင်းကို သိပ္ပံပညာရှင်တို့က ပြဆိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရုပ် (Matter)၌ ပါဝင်ရမည့် အင်္ဂါရုပ်များစွာရှိရာ ထိုစွမ်းအင် (Energy) ဟူသော သဘောတရားတွင်မူ ထိုရုပ်၏အင်္ဂါရုပ်များ ပါဝင်ခြင်းမရှိသည်ကို ထင်ထင်ရှားရှား တွေ့ရပါသည်။

သိပ္ပံပညာရှင်များ၏အလိုအရ ရုပ်မည်သော Matter တစ်ခု၌ (Weight) အလေးချိန် ရှိရမည်၊ (Mass) ဒြပ်ထုသဘော ရှိရမည်။ (Form) အဆင်းသဏ္ဌာန် ရှိရမည်။ (Dimensions) အရွယ်အစား ပမာဏတို့ရှိရမည်ဟုဆိုပါသည်။ ဤစွမ်းအင် (Energy) ဟူသော သဘောတွင်မူ ထိုထိုအင်္ဂါရုပ်များ မရှိကြောင်းကို ယနေ့ ရူပဗေဒသိပ္ပံပညာရှင်များက အခိုင်အမာ အတည်ပြုလာကြသည်။

ထို့ကြောင့် ယနေ့ သိပ္ပံပညာရှင်တို့က ရုပ်ဟူသော (Matter) တွင် ထာဝရတည်မြဲသည့် အထည်ဒြပ်သဘောမရှိကြောင်းကို သက်သေထူပြနိုင်ခြင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၅၀၀)ကျော်က ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် 'ရူပံ ဘိက္ခဝေ အနတ္တာ'ဟူသော ဒေသနာတော်နှင့် တသွေမတိမ်း ညီညွတ်၍နေသည်ကို အံ့ဖွယ်တွေ့ရှိရပါသည်။

ဆဲလ် (Cells) ဟူသော ကလာပ်စည်း

ထိုအဏုမြူမှုတ်မှုန်လေးကတစ်ခုကို အက်တမ် (Atom)ဟု အမည်ပေးထားသည်။ ထိုအက်တမ်ကို ထပ်မံ၍ ခွဲခြမ်း စိတ်ဖြာသောအခါ ပရိုတွန် (Proton)၊ နျူထရွန် (Neutron) နှင့် အီလက်ထရွန် (Electron)တို့ ပါဝင်နေကြောင်း တွေ့ရှိကြပါသည်။ ထိုထို ဓာတ်မှုန်တို့သည် တည်ငြိမ်နေသည်မဟုတ်ဘဲ နျူကလိယပ်စ် (Nucleus) ဟုခေါ်သော ဝတ်ဆံကို ဗဟိုပြု၍ မရပ်မနား လှည့်လည်နေကြသည်။ လူ့ခန္ဓာကိုယ်တွင် ထိုအက်တမ် (Atom) တစ်ခုထက်ပိုပြီး ပေါင်းစပ်ကြီးထွားလာပါက မော်လီကျူး (Molecules)ဟု ခေါ်သည်။

ဥပမာအားဖြင့် ကျောင်း၌သင်ယူခဲ့ကြသည်မှာ ရေထဲ၌ ဟိုဒရိုဂျင်အက်တမ် (၂) ခုနှင့် အောက်စီဂျင်အက်တမ် (၁) ခု ပါဝင်သဖြင့် H_2O ဟုခေါ်သည်။ ထို H_2O ကို မော်လီကျူး (Molecules) ဟု ခေါ်သည်။ ထိုမော်လီကျူးများ စနစ်တကျ ဖွဲ့စည်းလာသောအခါ ဆဲလ် (Cells) ဟူသော ကလာပ်စည်းများ ဖြစ်ပေါ်လာပါသည်။

လူ၏ခန္ဓာကိုယ်ကို တည်ဆောက်ထားသည့် ကလာပ်စည်းများ

လူတစ်ယောက်၏ခန္ဓာကိုယ်ကို ယေဘုယျအားဖြင့် (Cells) ဟုခေါ်သော ကလာပ်စည်းပေါင်း (30 Trillion)ခန့်ဖြင့် ဖွဲ့စည်းထားပါသည်။ (1 Trillion = 10^{12}) တစ်နည်းအားဖြင့် (၁)၏နောက်က သုည (၁၂) လုံးရှိသည့် ကိန်းဂဏန်းသင်္ချာ ဖြစ်သည်။)

လူတစ်ယောက်၌ ရှိသည့်ထို (30×10^{12}) (Cells) ထဲမှ (၁) စက္ကန့်လျှင် (Cells) စည်းပေါင်း (3×10^9) သုံးဘီလီယန် သေကြေ ပျက်စီးနေကြသည်။ သုံးဘီလီယန်ဟူသည် (၃)၏ နောက်၌ သုည(၉)လုံးရှိသောသင်္ချာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် (Cells) ဟူသော ကလာပ်စည်းတစ်ခုသည် သူ၏တာဝန် ထမ်းဆောင်ပြီးပါက ပျက်သွားသည်ဟု သိပ္ပံပညာရှင်များက ပြောကြပါသည်။

ထိုပျက်စီးနေသည့် ကလာပ်စည်းတို့၏နေရာ၌ ကလာပ်စည်း အသစ်အသစ်တို့ ပြန်၍အစားထိုးလာနေပါသည်။ ပျက်စီးသည့် ကလာပ်စည်းအရေအတွက်နှင့် အသစ်အသစ် အစားထိုးသည့် ကလာပ်စည်းအရေအတွက် တူညီနေသည်။ (Cells are constantly dying and new ones are being made simultaneously)ဟု သိပ္ပံကဆိုထားသည်။

ငယ်ရွယ်သူနှင့် ကြီးရင့်သူ၏ ကလာပ်စည်းဖြစ်ပျက်နှုန်း ခြားနားချက်

အသက်အရွယ် ငယ်ရွယ်စဉ်ကာလ၌ ပျက်စီးသွားသည့် ကလာပ်စည်း၏ အရေအတွက်နှင့် ပြန်လည်တည်ဆောက်၍ အသစ် အသစ်ဖြစ်နေသည့် ကလာပ်စည်း အရေအတွက်တို့ တူညီနေသည်။ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ကလာပ်စည်းများ သေကြေပျက်စီး သည့်နှုန်းကများပြီး ပြန်လည် ဖြည့်တင်းရန် အသစ်ဖြစ်သည့် ကလာပ်စည်းက နည်းပါးလာလေသည်။ ထို့ကြောင့် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ အသားအရေ ကြည်လင်တောက်ပမှု နည်းပါးလာသည်။ အရေပြားများ တောင့်တင်းမှုမရှိဘဲ လျော့ရဲလာပြီး တွဲကျလာသည်ကို ပကတိမျက်စိဖြင့်လည်း တွေ့မြင်နေရပါသည်။

ကလာပ်စည်းတစ်ခု၏ သက်တမ်း

ဆေးသိပ္ပံပညာ၏ တွေ့ရှိချက်တွင် (Cells) ဟုခေါ်သော ကလာပ်စည်းတစ်ခုချင်းစီ၊ တစ်ခုချင်းစီသည် အငြိမ်မနေဘဲ လှုပ်လှုပ်ရွရွ၊ လှုပ်လှုပ်ရွရွဖြစ်ပြီး လှုပ်ရှားနေကြောင်းနှင့် အသေအချာ လေ့လာကြည့်သောအခါတွင် ကလာပ်စည်းတစ်ခုချင်းစီသည် သူတို့၏ တာဝန် ပြီးဆုံးသွားသည်နှင့် ပျက်၍၊ ပျက်၍၊ ပျက်၍သွားနေသည့် အစဉ်အတန်းကြီး ဖြစ်နေသည်ကို ပညာရှင်များက အံ့ဖွယ် ဖော်ထုတ်ပြသလာကြပါသည်။

(Cells) ဟုခေါ်သော ကလာပ်စည်းတစ်ခု အသက်ရှင်နိုင်သည့် သက်တမ်းမှာ (Nano one second)သာ ရှိလေသည်။ (Nano one second) ဟူသည် (၁)စက္ကန့်၏ သန်းတစ်ထောင်ပုံ တစ်ပုံဖြစ်သည်။ တစ်နည်းပြောရလျှင် (၁) စက္ကန့်ကို (10^9)ဟူသော သန်းတစ်ထောင်နှင့် စား၍ရလာသော အလွန်တိုတောင်းသည့်အချိန်ကို ခေါ်ပါသည်။ တစ်နည်းအားဖြင့် (၁)စက္ကန့်အချိန်၏ သန်းတစ်ထောင်ပုံ တစ်ပုံမျှသာရှိသော အချိန်ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ရုပ်ကလာပ်တစ်ခု၏ သက်တမ်းသည် လက်ဖျစ်တစ်တွက်၏ ကုဋေ (၅၈၀၀)ပုံ (၁)ပုံခန့်သာ ရှိသည်ဟု ဟောကြားတော်မူခဲ့သည်။

ဤတွင် လက်ဖျစ်တစ်တွက်ဟူသော တိုတောင်းလှသည့် အချိန်ကို နားလည်လွယ်ရန် တစ်စက္ကန့်ထား၍ စဉ်းစားမည်ဆိုလျှင် (58×10^9) သန်းဖြင့် (၁)စက္ကန့်ကိုစား၍ ရလာသောအချိန်တိုကလေးသည် ရုပ်၏အသက်ဖြစ်သည်။

ရုပ်သည် တည်တံ့မှုမရှိဘဲ အစဉ်အမြဲ ဖြစ်၍ပျက်၍ ပြောင်းလဲ၍သာ နေသောကြောင့် ရုပ်၏သက်တမ်းကို အချိန်အားဖြင့် မည်မျှကြာမြင့်သည်ဟု ပြောရန် အလွန်ပင် ခက်ခဲပါသည်။

ဘုရားရှင်၏တပည့်ဖြစ်သူ ဥပစာလာရဟန္တာထေရီမက 'အလုံးစုံသော လောကသည် မီးတောက်မီးလျှံ ထွက်နေ၏။ အလုံးစုံသောလောကသည် တုန်လှုပ်နေ၏'ဟု အောက်ပါဂါထာဖြင့် မာရ်နတ်အားမိန့်ကြားတော်မူဖူးသည်။

"သဗ္ဗော ပဇ္ဇလိတော လောကော, သဗ္ဗော လောကော ပကမ္ပိတော။"[၁]

ခံစား၍မသိနိုင်သည့် ဖြစ်ပျက်အစဉ်

အမှန်တကယ်တွင်မူ လူဟုသမုတ်ထားသော ဤကိုယ်ကောင်ကြီးကို ရုပ်အမှုန်ပေါင်း မြောက်မြားစွာဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းရုပ်အမှုန်များသည် တည်တံ့ ခိုင်ခံ့နေသည်မဟုတ်ဘဲ ပေါ်ပြီးပျောက်နေသည့် သဘောတရားမျှသာဖြစ်သည်။ နာမ်တရားအပိုင်းတွင်လည်း အလွန့် အလွန် တိုတောင်းသည့် ကာလအတွင်း၌ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည့် သဘောတရားမျှသာဖြစ်သည်။

ဤမျှမြန်ဆန်သောအရှိန်အဟုန်ဖြင့် ဖြစ်တည်ပျက်နေသော ရုပ်တရား (Matter) နှင့် နာမ်တရား (Mind)တို့ဖြင့် မိမိတို့၏ ခန္ဓာကိုယ်ကို တည်ဆောက်ထားသည်။ လူတစ်ယောက်အနေဖြင့် စက္ကန့်မလပ် မနားတမ်း ဖြစ်ပျက်ပြောင်းလဲနေသော ဖြစ်စဉ်ကြီးကို သိလည်းမသိ၊ ချမ်းသာသည့်ခံစားမှု၊ ဆင်းရဲသည့်ခံစားမှုဟူ၍ တစ်စုံတစ်ရာမျှလည်း မရှိကြောင်းကို ဗုဒ္ဓစာပေများ၌ လာရှိပါသည်။

ထိုနည်းအတူ သိပ္ပံပညာရှင်များကလည်း ရုပ်ကလာပ်စည်းတို့၏ ဖြစ်ပျက်ပြောင်းလဲမှုကြောင့် လူ၏ခန္ဓာကိုယ်၌ 'မည်သည့်ခံစားမှုကိုမှ ပြခြင်းမရှိပါ'ဟု ပြောသည်။ တစ်နည်းအားဖြင့် ပရမတ္ထမမှသဘာဝအနေဖြင့် အမှန်ရှိ၊ တကယ်ရှိသည့် ဖြစ်ပျက်အစဉ်ကို ပကတိမျက်စိဖြင့် မြင်လည်းမမြင်နိုင်သကဲ့သို့ ခံစားသိဖြင့်လည်း မသိနိုင်ပေ။

ဆရာသခင်တို့မေးသည့်နည်း မကွဲပြားပါ၊ အတူတူပင်ဖြစ်သည်

ထိုထိုရုပ်နာမ် ပရမတ္ထမမှသဘောအမှန်ဖြစ်သည့် မမြဲ (Impermanence) ဆင်းရဲ (Suffeing) အစိုးမရ (Non self) ကို ယောဂီ၏ဉာဏ်ထဲ ပေါ်လွင်ထင်ရှားလာရန် တရားနာရမည်။ သတိပဋ္ဌာန်တရားကိုလည်း အားထုတ်ရပါမည်။

၁။ ဥပစာလာသုတ္တံ၊ သဂါထာဝဂ္ဂသံယုတ်ပါဠိ (နှာ-၁၃၄)

တရားအားထုတ်ရာတွင် အခြို့ဆရာမြတ်များက နှာသီး၀၌ လေတိုး၀င်၊ တိုးထွက်သည်ကိုလည်းကောင်း၊ အခြို့ဆရာမြတ်များက ဝမ်းဗိုက်၏ ဖောင်းမှု၊ ပိန်မှုကိုလည်းကောင်း၊ အခြို့ဆရာမြတ်များက ဟဒယ၀တ္ထု၏ လှုပ်ရှားတုန်ခါမှုကိုလည်းကောင်း ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် အသီးသီး ချီးမြှောက်ပေးတော်မူကြပါသည်။

ဝမ်းဗိုက် ဖောင်းပိန်ဟူသည် ၀ါယောဖောဋ္ဌဗ္ဗဓာတ်၏ တွန်းကန်လှုပ်ရှားသည့် သဘောကို ရှုပွားရခြင်းဖြစ်သည်။ နှာသီး၀၊ နှုတ်ခမ်းဖျား၌ လေတိုးထိနေခြင်းဟူသည် ၀ါယော ဖောဋ္ဌဗ္ဗဓာတ်၏ တိုးထိမှုကို ရှုပွားခြင်းဖြစ်ပါသည်။

တစ်ဖန် ဟဒယ၀တ္ထုဟူသည် ခန္ဓာကိုယ်အနှံ့အပြား၌ နှလုံး၏စည်းချက်နှင့်အညီ ၀ါယောဖောဋ္ဌဗ္ဗဓာတ်၏ တွန်းကန် လှုပ်ရှားတုန်ခါမှုကို ရှုပွားခြင်း ဖြစ်ပါသည်။ နည်းမကွဲပြားပါ။ သဘောချင်းတူပါသည်။

ထို့ကြောင့် တရားအားထုတ်ကြသည့် ယောဂီများအနေဖြင့် နည်းကိုလည်း မစွဲသင့်ပါ။ ရှုမှတ်ရန် နေရာပေးထားသည့် ချည်တိုင်ကိုလည်းကောင်း မစွဲသင့်ပါ။ ဆရာသခင်များပေးသည်မှာ မိမိတို့သွားခဲ့ဖူးသည့်လမ်း၊ မိမိတို့ရောက်ခဲ့ဖူးသည့် စခန်းကို ပြသပေးတော်မူခြင်းသာဖြစ်သည်။ မိမိအတွက် သင့်တော်မှုရှိမရှိ၊ ကိုက်ညီမှု ရှိမရှိကို ဆန်းစစ်ရန်မှာ တရားလိုလားသည့် ယောဂီ၏တာဝန်သာဖြစ်သည်။

အသိ၏အစ ဝိပဿနာဉာဏ်က

ဤတွင် တွန်းကန်လှုပ်ရှား တိုးထိနေသည့်သဘောကို တစ်တိုး တစ်သိ၊ တစ်တိုး တစ်သိဖြင့် စည်းချက်မိမိ ကြိုးစား အားထုတ်လာသူသည် တစ်တိုး တိုးပြီးသည်နောက် ပေါ်လာသည့်တစ်သိက အသစ် အသစ် ဖြစ်နေသည်။ နောက်တစ်တိုး တိုးပြီးသည်နှင့် ပေါ်လာသည့် တစ်သိက အသစ် အသစ် ဖြစ်နေသည်။ ထိုအခါ အားထုတ်နေသည့် ယောဂီသည် 'တိုးတာလည်း အသစ်၊ သိတာလည်း အသစ်ပါလား'ဟု နားလည် သဘော ပေါက်လာနိုင်ပါသည်။

ထိုအချိန်၌ ခန္ဓာကိုယ် ခေါင်း၊ ခါး၊ ခြေ၊ လက်တို့သည်လည်းကောင်း၊ ဝမ်းဗိုက်သည်လည်းကောင်း၊ နှာခေါင်းသည်လည်းကောင်း စသည် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့သည် စိတ်အာရုံထဲ ပေါ်မလာဘဲ တိုးမှုသဘောနှင့် သိမှုသဘောတို့သာ ထင်ရှားနေတော့သည်။

အသိညာဏ်ရင့်ကျက်လာသည်နှင့်အမျှ 'တိုးမှုသဘောကလည်း ပေါ်လာပြီးနောက် ချက်ချင်း ပျောက်ပျောက်နေသကဲ့သို့ သိမှုသဘောကလည်း ပေါ်လာပြီးနောက် ချက်ချင်း ပျောက်ပျောက် သွားနေပါတကား'ဟု သိရှိနားလည် သဘောပေါက်လာနိုင်သည်။

ဤနေရာတွင် အသစ် အသစ်ဖြစ်နေသည်ဟု သိလာသောအသိကလည်း မှန်ပါသည်။ ပေါ်လာပြီး ချက်ချင်း၊ ချက်ချင်း ပျောက်ပျောက်သွားနေသည်ဟု နားလည်လာသောအသိလည်း မှန်ပါသည်။ ဤခန္ဓာကိုယ်ကောင်ကြီး၌ တည်တံ့ခိုင်ခံ့သည့် သဘောဟူ၍ ဘာမျှမရှိပါကလားဟု သိလာသောအသိလည်း မှန်ပါသည်။ သိဆဲတစ်ခဏ၌သာ ထင်ရှားရှိပြီး သိပြီးသည်နှင့် တစ်ပြိုင်နက် အကြွင်းအကျန်မရှိ ပျောက်ပျောက်နေသည်ဟု သိလာသော အသိလည်း မှန်ကန်ပါသည်။

ဆက်လက်ပြီး ပေါ်လာပြီးနောက် ပျောက်ပျောက်နေသည့်သဘောသည် မခိုင်မြဲသည့်သဘော၊ အစိုးမရသည့်သဘော၊ ဆင်းရဲသည့်သဘောဟူ၍ ယောဂီ၏ဉာဏ်၌ ထင်လာသောအသိလည်း မှန်ကန်ပါသည်။ ဝိပဿနာတရားကို နည်းမှန်လမ်းမှန် စနစ်တကျ အားထုတ်လာသောကြောင့် ဤသို့ အသိညာဏ်အဆင့်ဆင့် မြင့်တက်လာ၍ အမှန်ကို အမှန်အတိုင်းသိလာခြင်း ဖြစ်သည်။

အသိညာဏ်အဆင့်ဆင့် မြင့်တက်ခြင်း

ဤတွင် နာမ်တရားအချင်းချင်း ပေါင်းဆုံပြီး 'သိခြင်း'သည်လည်းကောင်း၊ 'ချမ်းသာ ဆင်းရဲခံစားခြင်း'သည်လည်းကောင်း၊ 'မှတ်သားခြင်း'သည်လည်းကောင်း၊ 'စေ့ဆော်ခြင်း'သည်လည်းကောင်း အပြန်ပြန်အလှန်လှန် ဖြစ်ပေါ်လာသောကြောင့် ဤနာမ်တရားများ ဖြစ်ပေါ်လာရန် မည်သည့်တန်ခိုးရှင်ကမှ ဖန်ဆင်းပေးရန်လည်း မလိုသကဲ့သို့ အကြောင်းမဲ့ဖြစ်လာခြင်းလည်းမဟုတ်ဟု ခိုင်ခိုင်မာမာ သိရှိသဘောပေါက်လာခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါသည်။ ယထာဘူတဉာဏ်ဟူ၍လည်း ခေါ်သည်။ တစ်နည်းအားဖြင့် ဝိသုဒ္ဓိစင်ကြယ်ခြင်းအရ ကင်္ခါဝိတရဏဝိသုဒ္ဓိ ယုံမှားသံသယမှ လွန်မြောက်သည့်ဉာဏ် (Purity from overcoming of doubt) ဖြစ်သည်။

ဤမျှ လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းလာသော ယောဂီအနေဖြင့် ဤဘဝ၌ 'ငါအားထုတ်နေတဲ့ ဝိပဿနာတရား မှန်မှမှန်ရဲ့လား'ဟူ၍ အားထုတ်နည်းပေါ်၌ သံသယကင်းပြီး စိတ်ချလက်ချရှိတော့သည်။

ထို့ကြောင့် 'ငါ့အတွက် ဝိပဿနာတရားပြဆရာ နောက်ထပ် ရှာရလေဦးမလား' ဟူ၍လည်း သံသယရှင်းပြီး စိတ်ချလက်ချရှိတော့သည်။ စာပေဆိုင်ရာ ဗဟုသုတရှိလျှင် ဆုံးဖြတ်ချက် ပို၍ စိတ်ချလက်ချ ခိုင်မြဲတတ်သည်။ စာပေဗဟုသုတ နည်းပါးလျှင်မူ လောကီဝိပဿနာဉာဏ်မျှသာ ဖြစ်သည်ကတစ်ကြောင်း၊ ပုထုဇဉ်အနွယ် မပြတ်သေးသည်က တစ်ကြောင်းတို့ကြောင့် စိတ်ယိမ်းယိုင်နိုင်ပါသေးသည်။

သံသရာရှည်ချင်တိုင်းရှည်၍ နေပါတော့သည်

ဘုရားရှင်ဟောကြားတော်မူသော တရားတော်သည် တိကျသည်။ ပြတ်သားသည်။ ရှင်းလင်းသည်။ သို့သော် သူလိုကိုယ်လို သာမန်လူသားတစ်ယောက်အနေဖြင့် ဤသို့ ခိုင်မြဲမှု မရှိ၊ အနှစ်သာရမရှိသော ဓမ္မသဘာဝတရားကို ဓမ္မသဘာဝ သက်သက်အဖြစ် သိရှိနားလည် သဘောပေါက်နိုင်ရန် ခက်ခဲပါသည်။ လက်ခံရန်မှာမူ သာ၍ပင် ခက်ခဲပါသေးသည်။

ဤသို့သောအကြောင်းကြောင့် ရူပါရုံနှင့် စက္ခုပသာဒတို့ တိုက်ဆုံမှုကြောင့် ဖြစ်ပေါ်လာသည့် မြင်ခြင်းပေါ်မူတည်ပြီး လည်းကောင်း၊ ကြားခြင်း၊ နံခြင်း၊ ထိတွေ့ခြင်း စသည်ပေါ်မူတည်ပြီး ဖြူနီဝါပြာအရောင်အသွေး အဆင်းသဏ္ဌာန် (Form)၊ အဝိုင်းလေးထောင့် အရွယ်အစားပမာဏ (Dimension)၊ အလေးချိန် (Weight) ဒြပ်သဘော (Mass)ဟူ၍ ပညတ် ဝေါဟာရ တင်ကြရပါသည်။

ထိုနည်းအတူ စက္ခုပသာဒ သက်သက်ဖြစ်သော ဓမ္မသဘာဝကို မသိနိုင်သဖြင့် "ငါ့မျက်စိ ကြည့်ကောင်းတယ်၊ ငါ့မျက်စိလှတယ်၊ ငါ့မျက်စိ အမြင်အား မကျသေးဘူး" ဟူ၍ မာနဖြစ်ကြသည်။

အချို့ကလည်း ငါ့မျက်စိကောင်းအောင် ဘုရားသခင်က စောင့်ရှောက်ပေးထားတယ်-ဟူ၍လည်းကောင်း၊ -နတ်တွေ စောင့်ရှောက်ပေးထားလို့ ငါ့မျက်စိ ကောင်းနေတာဟူ၍လည်းကောင်း၊ ဘာအကြောင်းကြောင့်မှ မဟုတ်ဘူး။ အမေမွေးတဲ့အတိုင်း သူ့အလိုလို ငါ့မျက်စိတွေ ကောင်းနေတာဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ယူဆကြသည်။

အသိဉာဏ်မှုန်ဝါးမှုကြောင့် မူလသဘာဝ အကြောင်းတရားပျောက်နေခြင်း ဖြစ်ပါသည်။ ဤရုပ်တရား၊ နာမ်တရားဟူသည် 'အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားမျှသာဖြစ်သည်'ဟု မသိနိုင်သေးသမျှကာလပတ်လုံး သတ္တဝါတို့သည် သံသရာရေအလျဉ်ကြောင်မျှောပါကာ သံသရာရှည်ချင်တိုင်း ရှည်နေပေဦးတော့မည်သာ။

သဟဇာတပစ္စယောဆုံတောင်း

“ဆီမီးခွက် ညှိထွန်းသောအခါ ဆီမီးတောက်နှင့် အလင်းရောင်တို့သည်
အတူတကွဖြစ်ကြသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း
ကောင်းမွန်သောနာမ်တရားနှင့် ကောင်းမွန်သောရုပ်တရားတို့ အတူတကွဖြစ်ကြပြီး
နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား”

သဟဇာတပစ္စယော သိမ့်တ်ဖွယ်


သဟဇာတပစ္စည်း၏ ကျေးဇူးပြုပုံမှာ

သဟဇာတပစ္စည်းသည် နာမ်တရားက နာမ်နှင့် ရုပ်တရား (Mind to Mind and Matter) ကိုလည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to Matter) ကိုလည်းကောင်း၊ နာမ်တရားနှင့် ရုပ်တရားတို့ အပြန်အလှန် (Mind to Matter mutually) ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

သဟဇာတပစ္စယော (စုတိ ပဋိသန္ဓေ)ဝိထိ

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။[၁]

မရဏာသန္နဇော (လူဘဝပဋိသန္ဓေ)



သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊ နိဿယပစ္စယေန ပစ္စယော။ ပဋိသန္ဓေအခိုက်၌ နာမ်ကိုမှီပြီး ရုပ်ဖြစ်လာသည်။ ရုပ်ကိုမှီပြီး နာမ်ဖြစ်လာသည်ဟု ဘုရားရှင်ဟောတော်မူခြင်း ဖြစ်သည်။ ပမာပြရသော် စိတ်စေတသိက် အကြောင်း ဖြစ်လျှင် ဟဒယဝတ္ထုရုပ်က အကျိုးဖြစ်မည်။ ဟဒယ ဝတ္ထုရုပ်က အကြောင်းဖြစ်လျှင် စိတ် စေတသိက်တို့က အကျိုးဖြစ်မည်။[၂]

၁။ ပဋ္ဌာနပါဠိ (နှာ-၁၄၀)

၂။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် ဒီးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပ်စဉ်တို့ကို မှီငြမ်းသည်။

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

(က) နာမ်တရားက နာမ်နှင့် ရုပ်တရား (Mind to Mind and Matter) ကို ကျေးဇူးပြုရာတွင်-
ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

(ခ) ရုပ်တရားက ရုပ်တရား (Matter to Matter) ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘူတ် (၄) ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - မဟာဘူတ် (၄) ပါးနှင့် ဥပါဒါရုပ်တို့ ဖြစ်သည်။

(ဂ) နာမ်တရားနှင့် ရုပ်တရားတို့ (Mind and Matter) အပြန်အလှန် ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ပဉ္စဝေါကာရပဋိသန္ဓေ (၁၅)ပါး၊ စေတသိက်(၃၅)ပါး၊ ဟဒယဝတ္ထုတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဟဒယဝတ္ထု၊ ပဉ္စဝေါကာရပဋိသန္ဓေ (၁၅)ပါး၊ စေတသိက် (၃၅)ပါးတို့ ဖြစ်သည်။

၇။ အညမညပစ္စယော
အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား
Aññamañña Paccaya (Mutuality condition)

ပစ္စယနိဒ္ဒေသ

အညမညပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

Mutuality condition (Aññamañña Paccaya)

The four immaterial aggregates are related to one another by mutuality condition.

The four great essentials are related to one another by mutuality condition.

At the time of conception, mind and matter are related to each other by mutuality condition.

အညမညပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“သစ်သားသုံးခွ၊ ချင်းချင်းမသို့”ဟု ရှေးဆရာမြတ်တို့က မိန့်ဆိုတော်မူသည်နှင့် အညီ သုံးချောင်းထောက် သစ်သားသုံးချောင်း၌ ခြေတစ်ချောင်းနှင့် တစ်ချောင်း အချင်းချင်း အပြန်အလှန် အမှီသဟဲထောက်ကန်ပြီး ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာ (၄) ပါး၊ မဟာဘူတ် (၄) ပါး၊ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ဟဒယဝတ္ထုတို့သည် ပစ္စယုပ္ပန်ကွဲပြားသော်လည်း အချင်းချင်း အပြန်အလှန် ထောက်ပံ့လျက် ကျေးဇူးပြုကြသည်။[၁]

အညမညပစ္စယောဟူသည် တစ်ပါးက တစ်ပါးကို ကျေးဇူးပြုသည်ဟူ၍လည်းကောင်း၊ အချင်းချင်း ကျေးဇူးပြုသည်ဟူ၍လည်းကောင်း အဓိပ္ပာယ်ယူနိုင်ပါသည်။ ခြေထောက်သုံးချောင်း လဲပြိုမသွားစေရန် အချင်းချင်း အပြန်အလှန် အားပေးထောက်ကူကာ ကျေးဇူးပြုကြသည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

Aññamañña Paccaya

The next one is Aññamañña Paccaya, reciprocal condition. Aññamañña is translated as mutuality. That means supporting one another. In order for the states to support one another, they must be of the same nature. They must be Namas, not Nama with Rupa. Although Nama and Rupa arise together, there is no Aññamañña There is only one instance where there is Aññamañña between Näma and Rupa.

Aññamañña is compared to where three sticks are put together against each other, like tripod. You put three sticks together and they stand each depending on the other one. During lifetime there is no Aññamañña between Näma and Rupa, but at the moment of rebirth linking there is Aññamañña between Nama and Rupa. At the moment of rebirth linking for human beings, there are the rebirth consciousness, mental factors and heart base. We find on one hand, and we find consciousness and mental factors on the other hand. They are mutually supporting. In order to be Aññamañña they must be Sahajata also. They must arise at the same time. Between these two Sahajata is wider in scope than Afñ̃ñamañña. There may be Sahajata but there may or may not be Aññamañña. Whenever there is Aññamañfña, there is Sahajata.[၁၂]

သစ်သားသုံးခွ တိဒဏ္ဍသို့

အညမညပစ္စယောကို ခြေထောက်သုံးချောင်း လဲပြိုမသွားစေရန် အချင်းချင်း အပြန်အလှန် အားပေးထောက်ကူကာ ကျေးဇူးပြုသည်နှင့်တူကြောင်း 'သစ်သားသုံးခွ တိဒဏ္ဍသို့'ဟု ရှေးအဋ္ဌကထာ ဆရာမြတ်တို့က ဥပမာပြုတော်မူကြပါသည်။

ထို့ကြောင့် သုံးချောင်းထောက်ခုံကလေး၌ ခြေတစ်ချောင်းနှင့် တစ်ချောင်း အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာ (၄) ပါး၊ မဟာဘူတ် (၄) ပါး၊ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ဟဒယဝတ္ထုတို့သည် ပစ္စယုပ္ပန်ကွဲပြားသော်လည်း အချင်းချင်း အပြန်အလှန် ထောက်ပံ့လျက် ကျေးဇူးပြုကြပါသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

အရှုခံအာရုံသာဖြစ်သည်

စတ္တာရော ခန္ဓာဟူသော နာမ်တရားသည် သိတတ်သည့်သဘောရှိသည်။ စတ္တာရော မဟာဘူတာဟူသော ရုပ်တရားသည် အသိခံအာရုံ သက်သက်မျှသာ ဖြစ်ပါသည်။ ရုပ်တရား၌ သိနိုင်စွမ်းသည့်သတ္တိ မရှိပေ။

ဝိပဿနာတရားကို ရှုပွားရာ၌ အစဦးပိုင်း ဉာဏ်မရင့်မီကာလတွင် အသိခံအာရုံမှာ သိသာထင်ရှားသည့် ရုပ်တရားသာ ဖြစ်နေတတ်သည်။ ယောဂီ၏ ဝိပဿနာဉာဏ် ရင့်သန်လာသောအခါတွင်မူ စိတ်ဝယ် အခါမလပ်ဖြတ်သန်းနေသည့် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စသည် နာမ်တရားတို့ကလည်း ဝိပဿနာ၏ အရှုခံအာရုံ ဖြစ်လာနိုင်သည်။

ဤနေရာတွင် အရှုခံအာရုံ (၀၂) အသိခံအာရုံဖြစ်သည့် ရုပ်တရား၌ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဟူ၍ (၄) ပါး ရှိပါသည်။ ထိုမဟာဘုတ် (၄) ပါးသည် “ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ၊ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ၊ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော”ဟု လာရှိသည့် ပဋ္ဌာန်းပါဠိတော်အရ တစ်ခုသောမဟာဘုတ်ရုပ်သည် သုံးခုသောမဟာဘုတ်ရုပ်တို့အား လည်းကောင်း၊ သုံးခုသောမဟာဘုတ်ရုပ်သည် တစ်ခုသောမဟာဘုတ်ရုပ်အားလည်း ကောင်း၊ နှစ်ခုသောမဟာဘုတ်ရုပ်သည် နှစ်ခုသောမဟာဘုတ်ရုပ်တို့အားလည်းကောင်း အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည်။ သို့ပါသော်လည်း အာပေါမှာမူ ဝိပဿနာရှုမှတ်မှု အစဉ်၌ မထင်ရှားတတ်ပေ။

တစ်ဖန် အသိခံအာရုံဖြစ်သည့် မဟာဘုတ်တို့သည်လည်း ဖြစ်၊ တည်၊ ပျက်၊ ဖြစ်၊ တည်၊ ပျက် အစဉ်ဖြင့် ပေါ်ပြီး ပျောက်နေပါသည်။ သိရုံမျှ၊ သိရုံမျှ၊ အသိခံရုံ သက်သက်မျှသာဖြစ်သည်။ ဤတွင် သိရုံမျှဟူသည် ဝိပဿနာဉာဏ်ဖြင့် သိသိနေခြင်းကို ဆိုလိုပါသည်။ အကြောင်းဆုံလာသဖြင့် ရှင်ရာဟုလာအား ဘုရားရှင်ဟောကြားတော်မူသည့် ဓာတ်ကမ္မဋ္ဌာန်းကို ဤနေရာတွင် ဖော်ပြပါမည်။

ရာဟုလာအား ဟောကြားတော်မူသော ဓာတ်ကမ္မဋ္ဌာန်း

အရှင်ရာဟုလာသည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရုပ်ကိုသာလျှင် ရှုရပါမည်လော”ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က “ရာဟုလာ- ရုပ်ကိုလည်း ရှုရမည်။ ဝေဒနာကိုလည်း ရှုရမည်။ သညာကိုလည်း ရှုရမည်။ သင်္ခါရတို့ကိုလည်း ရှုရမည်။ ရာဟုလာ- ဝိညာဏ်ကိုလည်း ရှုရမည်”ဟု မိန့်တော်မူသည်။

ရာဟုလာ ပထဝီဓာတ်ဟူသည် အဘယ်နည်း

ဆက်လက်ပြီး ရာဟုလာ- ဥပါဒိန္နရုပ်တရားဟူသည် အဘယ်နည်း။ ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်းတို့ ဖြစ်သည်။ ထို့အပြင် အဖျ့တ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ကြမ်းတမ်းသော ကြမ်းတမ်းသည်၏အဖြစ်သို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နရုပ်တရားသည်ရှိ၏။ ရာဟုလာ- ဤဆိုအပ်ပြီးသော အလုံးစုံသော ရုပ်တရားကို အဖျ့တ္တသန္တာန်၌ဖြစ်သော ပထဝီဓာတ်ဟူ၍ ဆိုအပ်ပေ၏။ အမှန်အားဖြင့် အကြင်အဖျ့တ္တသန္တာန်၌ဖြစ်သော ပထဝီဓာတ်သည်လည်းကောင်း၊ အကြင်ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ပထဝီဓာတ်သည်လည်းကောင်း ရှိ၏။ ထိုအလုံးစုံသော ပထဝီဓာတ်သည် ပထဝီဓာတ်ချင်း တူသည်သာတည်း။ “ထိုအလုံးစုံသော ပထဝီဓာတ်သည် ငါပိုင်ဥစ္စာမဟုတ်။ ထိုပထဝီဓာတ်သည် ငါမဟုတ်၊ ထိုပထဝီဓာတ်သည် ငါ၏ကိုယ် ‘အတ္တ’မဟုတ်ဟူ၍ ဤသို့ ထိုနှစ်ပါးသော ပထဝီဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။ ဤသို့ ထိုပထဝီဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာဝိပဿနာဉာဏ်ဖြင့် ရှုလတ်သော် ပထဝီဓာတ်၌ ငြီးငွေ့၏။ ပထဝီဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏”ဟု ဟောတော်မူပါသည်။

ရာဟုလာ အာပေါဓာတ်ဟူသည် အဘယ်နည်း

ဆက်လက်ပြီး ဘုရားရှင်သည် -ရာဟုလာ- အာပေါဓာတ်ဟူသည် အဘယ်နည်း။ အာပေါဓာတ်သည် အချို့ကား အဖျ့တ္တသန္တာန်၌ ဖြစ်၏။ အချို့ကား ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏။ ရာဟုလာ- အဖျ့တ္တသန္တာန်၌ဖြစ်သော အာပေါဓာတ်ဟူသည် အဘယ်နည်း။ အဖျ့တ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ယိုစီးသော ယိုစီးခြင်းသို့ရောက်သော အကြင်ဥပါဒိန္နဓာတ်သဘောသည် ရှိ၏။ ဤဥပါဒိန္နဓာတ်သဘောဟူသည် အဘယ်နည်း။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့ ဖြစ်သည်။ ထို့အပြင် အဖျ့တ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ယိုစီးသော ယိုစီးခြင်းသို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နဓာတ်သဘောသည် ရှိ၏။ ရာဟုလာ- ဤသို့သဘောရှိသော ဓာတ်သဘောကို အဖျ့တ္တသန္တာန်၌ဖြစ်သော

အာပေါဓာတ်ဟူ၍ ဆိုအပ်၏။ အမှန်အားဖြင့် အကြင်အဖျ့ဓာတ္တသန္တာန်၌ဖြစ်သော အာပေါဓာတ်သည်လည်းကောင်း၊ အကြင်ဗဟိဒ္ဓသန္တာန်၌ဖြစ်သော အာပေါဓာတ်သည် လည်းကောင်းရှိ၏။ ဤအလုံးစုံသော အာပေါဓာတ်သည် အာပေါဓာတ်ချင်း တူသည်သာတည်း။ ထိုအလုံးစုံသော အာပေါဓာတ်သည် "ငါပိုင်ဥစ္စာမဟုတ်၊ ထိုအာပေါဓာတ်သည် ငါမဟုတ်၊ ထိုအာပေါဓာတ်သည် ငါ၏ကိုယ် 'အတ္တ'မဟုတ်ဟူ၍ ဤသို့ထိုအာပေါဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့်ရှုအပ်၏။ ဤသို့ ထိုအာပေါဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့်ရှုလတ်သော် အာပေါဓာတ်၌ငြီးငွေ့၏။ အာပေါဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏"ဟု ဟောတော်မူပါသည်။

ရာဟုလာ တေဇောဓာတ်ဟူသည့် အဘယ်နည်း

ဘုရားရှင်သည် ဆက်လက်ဟောတော်မူသည်မှာ ရာဟုလာ- တေဇောဓာတ်ဟူသည် အဘယ်နည်း။ တေဇောဓာတ်သည် အချို့ကား အဖျ့ဓာတ္တသန္တာန်၌ဖြစ်၏။ အချို့ကား ဗဟိဒ္ဓသန္တာန်၌ဖြစ်၏။ ရာဟုလာ- အဖျ့ဓာတ္တသန္တာန်၌ဖြစ်သော တေဇောဓာတ်ဟူသည် အဘယ်နည်း။ အဖျ့ဓာတ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ပူလောင်သော ပူလောင်ခြင်းသို့ရောက်သော အကြင်ဥပါဒိန္နဓာတ်သဘောသည် ရှိ၏။ ဤဥပါဒိန္နဓာတ်သဘောဟူသည် အဘယ်နည်း။ ပူလောင်ကြောင်းဖြစ်သော ပူလောင်တတ်သော ဓာတ်သဘော၊ ရင့်ရော်ဆွေးမြည့်ကြောင်းဖြစ်သော ဓာတ်သဘော၊ ထက်ဝန်းကျင် ပူလောင်ကြောင်းဖြစ်သောဓာတ်သဘော၊ စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ်သော အစာအာဟာရကောင်းစွာ ကြေညက်ခြင်းသို့ ရောက်ကြောင်းဖြစ်သော ဓာတ်သဘော၊ ထို့အပြင် အဖျ့ဓာတ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ပူလောင်သော ပူလောင်ခြင်းသို့ ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နဓာတ်သဘောသည်ရှိ၏။ ရာဟုလာ- ဤအလုံးစုံသော ဓာတ်သဘောကို အဖျ့ဓာတ္တသန္တာန်၌ဖြစ်သော တေဇောဓာတ်ဟူ၍ ဆိုအပ်၏။

အမှန်အားဖြင့် အကြင်အဖျ့ဓာတ္တသန္တာန်၌ဖြစ်သော တေဇောဓာတ်သည်လည်းကောင်း၊ အကြင်ဗဟိဒ္ဓသန္တာန်၌ဖြစ်သော တေဇောဓာတ်သည်လည်းကောင်းရှိ၏။ ထိုအလုံးစုံသော တေဇောဓာတ်သည် တေဇောဓာတ်ချင်းတူသည်သာတည်း။ "ထိုအလုံးစုံသော တေဇောဓာတ်သည် ငါပိုင်ဥစ္စာမဟုတ်။ ထိုတေဇောဓာတ်သည် ငါမဟုတ်။ "ထိုတေဇောဓာတ်သည် ငါ၏ကိုယ် 'အတ္တ'မဟုတ်"ဟူ၍ ဤသို့ ထိုတေဇောဓာတ်ကို

မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။ ဤသို့ ထိုတဇောဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့်ရှုလတ်သော် တဇောဓာတ်၌ ငြီးငွေ့၏။ တဇောဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏ဟု ဟောတော်မူသည်။

ရာဟုလာ ဝါယောဓာတ်ဟူသည့် အဘယ်နည်း

အရှင်ရာဟုလာအား ဆက်လက်၍ ဟောတော်မူသည်မှာ ရာဟုလာ- ဝါယောဓာတ်ဟူသည် အဘယ်နည်း။ ဝါယောဓာတ်သည် အချို့ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်၏။ အချို့ကား ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏။ ရာဟုလာ- အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝါယောဓာတ်ဟူသည် အဘယ်နည်း။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ထောက်ပံ့ခိုင်မာသော ထောက်ပံ့ခိုင်မာခြင်းသို့ရောက်သော အကြင်ဥပါဒိန္နဓာတ်သဘောသည် ရှိ၏။ ဤဥပါဒိန္နဓာတ်သဘောသည် အဘယ်နည်းဟူမူ အထက်သို့ ဆန်တက်သောလေ၊ အောက်သို့စုန်ဆင်းသောလေ၊ ဝမ်း၌တည်သောလေ၊ အူအတွင်း၌ တည်သောလေ၊ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်တတ်သောလေ၊ ထွက်သက်၊ ဝင်သက်လေ၊ ထို့အပြင် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ထောက်ပံ့ခိုင်မာသော ထောက်ပံ့ခိုင်မာခြင်းသို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နဓာတ်သဘောသည်ရှိ၏။ ရာဟုလာ- ဤအလုံးစုံသောဓာတ်သဘောကို အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝါယောဓာတ်ဟူ၍ ဆိုအပ်၏။

အမှန်အားဖြင့် အကြင်အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်လည်းကောင်း၊ အကြင်ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်လည်းကောင်း ရှိ၏။ ထိုအလုံးစုံသော ဝါယောဓာတ်သည် ဝါယောဓာတ်ချင်း တူသည်သာတည်း။ “ထိုအလုံးစုံသော ဝါယောဓာတ်သည် ငါပိုင်ဥစ္စာမဟုတ်။ ထို ဝါယောဓာတ်သည် ငါမဟုတ်၊ ထိုဝါယောဓာတ်သည် ငါ၏ကိုယ် ‘အတ္တ’ မဟုတ်”ဟူ၍ ဤသို့ ထိုဝါယောဓာတ်သဘောကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။ ဤသို့ “ထိုဝါယောဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုလတ်သော် ဝါယောဓာတ်၌ ငြီးငွေ့၏။ ဝါယောဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏”ဟု ဟောတော်မူပါသည်။[၁]

၁။ မဟာရာဟုလောဝါဒသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ (နှာ-၄၈)

သဗ္ဗညုတဉာဏ်တော်ကြီးဖြင့်သာ လက်လမ်းမီနိုင်သည့်တရားများ

ဘုရားရှင်၏ဉာဏ်တော်ကြီးဖြင့် သတ္တဝါတို့၏ ခန္ဓာကိုယ်၌ သူ့အဖွဲ့အစည်းနှင့်သူ ရုပ်ကလာပ်တွေ ဖြစ်နေပုံကိုလည်းကောင်း၊ ထိုရုပ်ကလာပ်တို့သည် အကြောင်းမဲ့ ဖြစ်နေကြသည်မဟုတ်ဘဲ ဆိုင်ရာဆိုင်ရာအကြောင်းကိုယ်စီဖြင့် ဖြစ်ကြပုံနှင့် အကြောင်းရုပ်ကလာပ်များကလည်း အကျိုးရုပ်ကလာပ်တို့ကို ဆိုင်ရာသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့လျက် ရှိနေကြပုံကိုလည်းကောင်း၊ ရုပ်အဖွဲ့အစည်းတစ်ခုထဲက ရုပ်တို့က အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေကြပုံကိုလည်းကောင်း၊ ထိုရုပ်ကလာပ်တို့၏ သက်တမ်းကိုလည်းကောင်း၊ ဖြစ်ပြီးရုပ်ကလာပ်တို့က ပျက်၍ ရုပ်ကလာပ် အသစ်၊ အသစ်တို့က ဆက်ကာဆက်ကာ အစားထိုးပေါ်လာ၍ ဖြစ်ပျက်အစဉ် တန်းနေဟန်ကိုလည်းကောင်း မာတ်ခွဲပြီးဝေဖန် ဟောကြားထားသည်မှာ အံ့ဖွယ်ဖြစ်ပေတော့သည်။ ဤမျှ ခက်ခဲနက်နဲပြီး သိနိုင်ခဲသော အကြောင်းအရာတို့ကို လေ့လာခွင့်ရကြသော ခေတ်အဆက်ဆက် ပညာရှိပုဂ္ဂိုလ်တို့က ဘုရားရှင်၏ဉာဏ်တော်ကြီးကို အားရကျေနပ်ကာ ဦးမခိုက်ဘဲ မနေနိုင်ကြပါ။

ဤမျှမကသေးပါ။ အကောင်အထည်ဟူ၍မရှိသော တရားများကိုလည်း စိတ်နှင့် စေတသိက်တွဲ၍ သူ့အတွဲနှင့်သူ ဖြစ်နေကြသည်ကို လည်းကောင်း၊ တစ်ခုပျက် တစ်ခုဖြစ်နှင့် အစဉ်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပျက်နေပုံကိုလည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ရပုံကိုလည်းကောင်း၊ ရှေးရှေးစိတ်က နောက်နောက်စိတ်ကို သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြု ထောက်ပံ့ပေးလျက်ရှိပုံကိုလည်းကောင်း၊ ဖြစ်လာသော နာမ်တရားများကလည်း ရုပ်ကလာပ်တို့ကို ပေါ်လာစေရန်၊ ပေါ်ပြီးရုပ်ကလာပ်တို့ကို တည်တံ့နိုင်စေရန် သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြု အထောက်အပံ့ပေးလျက် ရှိနေပုံတို့ကို ပဋ္ဌာန်းဒေသနာတော်၌ ဟောကြားထားသည်မှာလည်း အံ့သြချီးကျူး မဆုံးနိုင်အောင်ပင် ရှိလှပေသည်။

ခက်ခဲနက်နဲသည်တို့ကို ရှာရှာဖွေဖွေမေးမြန်းတတ်သည့် မိလိန္ဒမင်းကြီးကို ရှင်နာဂသေနက မေးတော်မူသည်မှာ “ဂင်္ဂါ ယမုနာစသော မြစ်ကြီးငါးသွယ်တို့မှ သမုဒ္ဒရာထဲ စီးဝင်ရောနှောခဲ့သည့်ရေကို လက်ခုပ်ထဲတွင်ယူပြီး ဤကား ဂင်္ဂါမြစ်ရေ၊ ဤကား ယမုနာမြစ်ရေ စသည်ဖြင့် ခွဲခြားနိုင်ပါမည်လော”ဟု မေးတော်မူရာ မင်းကြီးက “ခဲယဉ်းကြောင်းပါဘုရား”ဟုလျှောက်ထားသည်။

ဤတွင် အရှင်မြတ်ကြီး “ဤကား ဖဿ၊ ဤကား ဝေဒနာ၊ ဤကား သညာ စသည်ဖြင့် နာမ်တရားတို့ကို ဘုရားရှင်က ခွဲခြားပေးတော်မူခြင်းသည် မြစ်ကြီးငါးသွယ်မှ

ရေကို ခွဲခြားရသည်ထက် အဆပေါင်းများစွာ ခက်ခဲလှသော ခွဲခြားမှုကြီးဖြစ်ပြီး ပြုနိုင်ခဲသောအမှုကြီး ဖြစ်ပေသည်”ဟု အရှင်မြတ်က မိန့်ကြားတော်မူသည်။

ဤမျှ ခက်ခဲနက်နဲသော တရားတော်တို့ကို သဗ္ဗညုတညာဏ်တော်ရှင်မှအပ ခေတ်အဆက်ဆက် အခြားမည်သည့်ပညာရှိပုဂ္ဂိုလ်ကမှ ဖော်ထုတ်ဟောကြားနိုင်သော တရားမျိုးမဟုတ်ပါပေ။ ဤတွင် ဟောကြားရန်မဆိုထားဘိ ဘုရားရှင် ဟောကြားတော်မူခဲ့သည့် တရားတော်ကိုပင် အသိညာဏ်မှန်ဝါးမှကြောင့် ယုံကြည်ရန်ခက်ခဲနေသည်။ လက်ခံရန်မှာမူ သာလွန်၍ ခက်ခဲလှပါသည်။ [၁၂]

ပထဝီဓာတ်ကို ရှုဆင်ခြင်ပုံ

ဆက်လက်ပြီး ပရမတ်အစစ်ဓာတ်အနှစ်ကို ဝိပဿနာရှုနိုင်ရန် လယ်တီဆရာတော်ကြီး၏ ဘာဝနာဒီပနီမှ ကောက်နှုတ်ဖော်ပြပါမည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတည်းဟူသော ဓာတ်သဘာကို ပရမတ်မြေအစစ်မှာ ခက်မာသောအမှုအရာကြိယာမျှသာဖြစ်၏။ အထည်ဖြစ်ဟူ၍မရှိ၊ မြစ်ရေ၊ ချောင်းရေ၊ နေရောင်၊ လရောင်၊ မီးရောင်၊ ခေါင်းလောင်းသံ၊ ကြေးစည်သံ၊ လေပြေလေညင်း စသည်တို့၌ ပရမတ်ဓာတ်မြေအပြည့်ပါရှိ၏။

ခက်မာမှုကို ပရမတ်သဘောနှင့်ကြည့်၊ လူတို့ပကတိသဘောနှင့် မကြည့်ရ၊ လူတို့သဘောနှင့်ကြည့်လျှင် လရောင် စသည်၌ ခက်မာမှုသဘောကို မတွေ့နိုင်။ ပရမတ်မြေဓာတ်သည် အာပေါဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်းများစွာ ပေါင်းဖွဲ့မိလျှင် အဏုမြူတစ်ခုဟူသော အထည်ဖြစ်ဖြစ်လာ၏။ အဏုမြူပေါင်းများစွာ ဖွဲ့မိလျှင် သန်း၊ ကြမ်းပိုးမှမြင့်မိုရ်တောင် မဟာပထဝီမြေကြီးအထိ ဖြစ်လာ၏။ အဏုမြူ စသည့် သက်ရှိ၊ သက်မဲ့မှန်သမျှ မြေဓာတ်သည် အမာခံဖြစ်၏။ ရေ၊ လေ၊ မီးတို့သည် မြေ၌ တည်မှီကြရ၏။

အဏုမြူမျှလောက် အရှည်အတို စသည် ထင်လာလျှင် ပရမတ်မြေအစစ် မဟုတ်တော့ပြီ။ သဏ္ဌာနပညတ်နှင့်ရောလျှင် ပျက်မှုမထင်နိုင်ရှိတတ်၏။ သဏ္ဌာနပညတ်ဖြပ်အထည် ခုခံနေတတ်၏။ မိမိခန္ဓာကိုယ်၌ မြေဓာတ်ကို မြင်ခဲ့လျှင် ရှိသမျှခန္ဓာစုအကုန်ဓာတ်ပေါက်ပြီးဖြစ်တော့၏။ ကြွင်းသော ဓာတ် ၃ ပါး၊ အဇ္ဈတ္တိက ဗာဟိရဓာတ်ရှုနည်းလွယ်တော့၏။

၁။ မိလိန္ဒပဉှာ၊ အရူပဓမ္မ ဝဝတ္ထာနဒုက္ကရပဉှော (နှာ- ၉၄)

၂။ သပြေကန်ဆရာတော်ကြီး၏ပရိတ်ကြီးနိဿယသစ်ကို မှီငြမ်းကိုးကားသည်။

အာပေါဓာတ်ကို ရှုဆင်ခြင်ပုံ

အာပေါဓာတ်၏ ပရမတ်အနှစ်ကား တွယ်ကပ်မှု၊ ဖွဲ့စေးမှုဖြစ်၏။ အထည်ဒြပ်မရှိတွယ်ကပ် ဖွဲ့စေးခြင်း ကြိယာသာဖြစ်၏။ ပရမတ်ရေဓာတ်သည် မီးလေတို့ကို တစ်သားတည်းကဲ့သို့ဖြစ်အောင် ဖွဲ့နှောင်ပေး၏။ ရေဓာတ်ချုပ်လျှင် ကျန်ဓာတ် ၃-ပါး လည်း ချုပ်ကွယ်၏။ မြင်းမိုရ်တောင် စသည်ဖြင့် အတုံးအခဲ ဖြစ်နေမှုမှာ ရေဓာတ်၏ ကျေးဇူးပင်ဖြစ်၏။ ရေဓာတ်မရှိလျှင် မီး၊ လေ၊ မြေတို့ ပျက်ဆုံး ကွယ်ပျောက်ရာ၏။

ပရမတ်ရေဓာတ်ကို ဆင်ခြင်လိုလျှင် ဖွဲ့စေးမှု ရေဓာတ်သက်သက်ကိုသာ ဆင်ခြင်ရ၏။ အဆင်းသဏ္ဌာန် စသည် ခုခံနေတတ်၍ ဖြစ်ပျက်မထင်နိုင် ရှိတတ်၏။ ပရမတ်အစစ်ကိုမြင်မှ လက္ခဏာရေး ၃-ပါး မြင်နိုင်၏။ ဖွဲ့စေးမှု အာပေါဓာတ်ကို မြင်နိုင်၏။ မိမိသူတစ်ပါးသန္တာန်တို့၌ အာပေါလက္ခဏာပေါက်အောင်ရှုလေ။

တေဇောဓာတ်ကို ရှုဆင်ခြင်ပုံ

ပူမှု၊ အေးမှုဟူသော အမူအရာကြိယာသက်သက်သည် တေဇောဓာတ်၏ ပရမတ်အနှစ်ဖြစ်၏။ ကလာပ်တူဓာတ် ၃-ပါးကို ရင့်အောင် ပေါင်းနွေးမှုဖြစ်၏။ ကြက်ဥသည် ကြက်မ မပြတ်ဝပ်မှ အငွေ့ရကာ ပေါက်ဖွားနိုင်၏။ အငွေ့မပေးလျှင် ကြက်ဥများပုပ်၏။ တေဇောသည် ကြက်မနှင့်တူ၍ ကျန်ဓာတ် ၃-ပါးသည် ကြက်ဥနှင့်တူ၏။

မီးဓာတ်ရှိမှ မြေ၊ ရေ၊ လေတို့ ခက်မာမှု၊ ဖွဲ့စေးမှု၊ လှုပ်ရှားမှုဖြစ်နိုင်၏။ မရှိလျှင် မဖြစ်နိုင်။ မီးဓာတ်သက်သက်ကိုရှုသော် အအေးဝတ္ထုတို့၌ အေးမှုသက်သက်၊ အပူဝတ္ထုတို့၌ ပူမှုသက်သက်ကို ရှုရမည်။ အဆင်းသဏ္ဌာန် ဒြပ်အထည်ဝတ္ထုနှင့် အပူအအေးမီးဓာတ်တွင် အထည်ဝတ္ထုမရှိ။

ဝါယောဓာတ်ကို ရှုဆင်ခြင်ပုံ

မီးတောက်မီးခိုးအတွင်း၌ ဝါယောဓာတ်ပါရှိ၏။ ဝါယောမပါလျှင် မီးပြန့်ပွားမှု မရှိနိုင်၊ မီးမတောက်လျှင် မီးတောက်အောင် ယပ်ခတ်ခြင်းပင် ပြုရ၏။ လေဓာတ်သည် ကျန်ဓာတ်တို့၏ ခွန်အားဖြစ်၏။ လေဓာတ်လွန်ကဲလျှင် မုန်တိုင်းဖြစ်လာ၏။ စိတ္တဇရုပ် ကလာပ်များ ပြန့်ပွားမှု၊ အစာအာဟာရများ တစ်ကိုယ်လုံး ပြန့်ပွားမှု၊ သတ္တဝါတို့ အစဉ်အတိုင်း တိုးပွားစည်ကားမှု၊ သစ်ပင်များ ကြီးပွားမှုတို့သည် ဝါယောဓာတ်၏ လှုံ့ဆော်မှုကြောင့်ဖြစ်၏။ အခြားဓာတ်များကဲ့သို့ အခိုင်အမာမရှိ၊ အထည်ကိုယ်ဒြပ်မရှိ၍ အဆင်းသဏ္ဌာန် အထည်ဒြပ် ခံနေတတ်၏။ မရှိသောပညတ်ကို ဉာဏ်ဖြင့် ဖယ်ပစ်လေ။

ဝိပဿနာ၏ အရှုခံအာရုံ နာမ်တရား

နာမ်ခန္ဓာလေးပါးတို့သည်လည်း ဝိပဿနာ၏ အရှုခံအာရုံအဖြစ် ပါဝင်နေပါသည်။ "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော"ဟု လာရှိသည့် ပါဠိတော်အရ နာမ်ခန္ဓာတစ်ပါးသည် သုံးပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ သုံးပါးသော နာမ်ခန္ဓာတို့သည် တစ်ပါးသော နာမ်ခန္ဓာအားလည်းကောင်း၊ နှစ်ပါးသောနာမ်ခန္ဓာသည် နှစ်ပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(နာမ်ခန္ဓာလေးပါးဟူသည် ၁။ ဝေဒနာက္ခန္ဓာ = ခံစားမှုသဘောအစု၊ ၂။ သညာက္ခန္ဓာ = မှတ်သားမှုသဘောအစု၊ ၃။ သင်္ခါရက္ခန္ဓာ = နှလုံးသွင်းစဉ်းစားဆင်ခြင်မှု သဘောအစု နှင့် ၄။ ဝိညာဏက္ခန္ဓာ = သိမှုသဘောအစုတို့ ဖြစ်သည်။)

ထို့ကြောင့် ဝိပဿနာဉာဏ်ဖြင့် သိစရာအာရုံကို သိနိုင်ရန် ထိုနာမ်ခန္ဓာ အစုအဝေးလေးပါးလုံး ပါဝင်ကာ အညမညပစ္စည်းဖြင့် ကျေးဇူးပြုပြီး စုပေါင်း ပုံဖော်ပေးမှသာလျှင် သိမှုဟူသော နာမ်တရား ဖြစ်လာသည်။ ဤတွင်လည်း နာမ်တရားအစုသည် ဖြစ်၊ တည်ပျက်၊ ဖြစ်၊ တည်၊ ပျက် အစဉ်ဖြင့် ပေါ်ပြီး ပျောက်နေသည်။ အသိဉာဏ်ဖြင့် သိရုံမျှ၊ သိရုံမျှ သက်သက်သာဖြစ်သည်။

နာမ်တရားအစုအဝေးဖြစ်သည့် ခံစားမှုသဘော၊ မှတ်သားမှုသဘော၊ ဆင်ခြင်ကြံစည် စေ့ဆော်မှုသဘောနှင့် သိမှုသဘောဟူသော အစုအဝေးတို့သည် ဥပါဒ်၊ ဌိ၊ ဘင် ဟူသော ဖြစ်၊ တည်၊ ပျက် အစဉ် (Process) သက်သက်မျှသာ ဖြစ်သကဲ့သို့ ရုပ်တရား ဘက်ကလည်း မာသဘော၊ ပျော့သဘော၊ ပူသဘော၊ အေးသဘော၊ တွန်းကန်လှုပ်ရှားသည့်သဘော၊ ဖွဲ့စည်းသည့်သဘော ဟူသော မဟာဘုတ် (၄) ပါးသည် ဥပါဒ်၊ ဌိ၊ ဘင်ဟူသော ဖြစ်၊ တည်၊ ပျက် အစဉ် (Process) သက်သက်မျှသာ ဖြစ်သည်။

ဤတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လူက ကြည့်ချင်တိုင်း ကြည့်၍မရပါ။ လက္ခဏာရေး (၃) ပါးဟူသည် လူက ကြည့်၍မြင်ရသော သဘောတရားမဟုတ်ပါ။ ဉာဏ်၏အရာစစ်စစ်ကြီးဖြစ်သည်။

ထို့ကြောင့် ယောဂီက ဝိပဿနာဉာဏ်ပေါ်လာနိုင်ရန် ကြောင့်ကြစိုက်ပေးရမည်။ တစ်နည်းအားဖြင့် ယောဂီက ဝိပဿနာဉာဏ်ဖြစ်ပေါ်ကြောင်းကို လုပ်ပေးနိုင်သဖြင့် ရပ်၊ ထိုင်၊ လျောင်း၊ သွား၍လည်း အားထုတ်ရမည်။ အချိန်မရွေးလည်း အားထုတ်ရမည်။

နေရာမရွေးလည်း အားထုတ်ရမည်။ ကွက်ရိယာပုတ်မရွေးလည်း အားထုတ်ရမည်။ တရား အားထုတ်ရုံမျှဖြင့် သတိပဋ္ဌာန်ဘာဝနာ မဖြစ်နိုင်သောကြောင့် ဤနေရာတွင် မဟာဝဂ္ဂ အဋ္ဌကထာလာ အဆုံးအမကို အလေးအနက်ထား ဖော်ပြပါမည်။

အတ္တသညာကို မခွာနိုင်လျှင် သတိပဋ္ဌာန်ဘာဝနာမဖြစ်နိုင်သေး

"ပုန စပရန္တိအာဒိမာဟ။ တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ 'ဂစ္ဆာမာ'တိ။ ဇာနန္တိ (ပ)အတ္တသညံ န ဥဋ္ဌါဒေ့တိယ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာ နာ ဝါ န ဟောတိ"[၁]။

တောခွေး၊ အိမ်ခွေး အစရှိသော သတ္တဝါတို့သည်လည်း သွားသောအခါ၌ 'ငါတို့ သွားကုန်၏'ဟု သိကြသည်။ ဘုရားရှင်သည် ဤအသိမျိုးကို ဟောကြားတော်မူခြင်း မဟုတ်ပေ။ သို့ဖြစ်ပါ၍ ကမ္မဋ္ဌာန်းကို အားထုတ်ရာတွင် သတ္တဝါဟူသော အယူကိုလည်း မစွန့်နိုင်၊ အတ္တအမှတ်သညာကိုလည်း မခွာနိုင်ပါက ကမ္မဋ္ဌာန်းလည်းမဖြစ်၊ သတိပဋ္ဌာန် ဘာဝနာလည်းမဖြစ်ပါဟူ၍လည်းကောင်း၊ သတ္တဝါဟူသော အယူကိုစွန့်ပြီး အတ္တဟူ မှတ်ထင်ခြင်းကို ပယ်ခွာနိုင်လျှင်မူ ကမ္မဋ္ဌာန်းလည်းဖြစ်သည်။ သတိပဋ္ဌာန် ဘာဝနာလည်း ဖြစ်သည်ဟု အဋ္ဌကထာဆရာတော်ကြီးများက ဖွင့်ဆိုတော်မူခဲ့ကြပါသည်။

သွားသူ ရပ်သူမရှိ ပရမတ္ထဓမ္မသဘာဝမျှသာရှိသည်

ကာယာနုပဿနာသတိပဋ္ဌာန် ကွက်ရိယာပထပဗ္ဗ၌ 'ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ'ဟု လာရှိပါသည်။ သွားလျှင်သွားသည်ဟု သိရမည်ဟု ဆိုရာတွင် 'အဘယ်သူ သွားသနည်း။ အဘယ်သူ၏ သွားခြင်းနည်း။ အဘယ်အကြောင်းကြောင့် သွားသနည်း' ဟူ၍ ကောင်းစွာ ကွဲကွဲပြားပြားသိခြင်းကို ရည်ရွယ်၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ဤစကားရပ်၌ 'အဘယ်သူ သွားသနည်း'ဟူမူ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ သွားသည်မဟုတ်ပေ။ 'အဘယ်သူ၏ သွားခြင်းနည်း'ဟူမူ တစ်စုံတစ်ယောက် သော ပုဂ္ဂိုလ်သတ္တဝါ၏ သွားခြင်းမဟုတ်ပေ။ 'အဘယ်အကြောင်းကြောင့် သွားသနည်း' ဟူမူ သွားလိုသောစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ လှုပ်ရှားမှုကြောင့် သွားခြင်း သာဖြစ်ပေသည်။

၁။ ကာယာနုပဿနာ၊ ကွက်ရိယာပထပဗ္ဗဝဏ္ဏနာ၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၅၇)

ကိုယ်ကောင်ကြီးသည် မော်တော်ကား၊ ဒရိုင်ဘာသည် စိတ်

သို့ပါသော်လည်း အန္ဓပုထုဇဉ်သည် သွားခြင်း၊ ရပ်ခြင်း စသည်တို့၌ အတ္တကောင်သွားသည်။ ငါသွားသည်။ ငါရပ်သည် ဟူ၍ အမှားမှား အယွင်းယွင်း ထင်မြင်မှတ်ယူလျက် ရှိကြသည်။

ရဟန်းတရားကို အားထုတ်တော်မူကြသော ရဟန်းမူကား အန္ဓပုထုဇဉ်တို့ကဲ့သို့ မှားယွင်း တွေဝေခြင်းမဖြစ်ဘဲ 'ရှေ့သို့သွားအံ့'ဟူသော စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ထိုစိတ်နှင့်အတူ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် ကာယဝိညတ်ကို ဖြစ်စေသည်။

ဥပမာအားဖြင့် လောက၌ 'ကားသွားသည်'၊ 'ကားရပ်သည်' ဟု ပြောဆိုကြသည်။ စင်စစ်၌မူ သံတုံး၊ သံပြား၊ သံလုံး စသည်တို့ကို တပ်ဆင်ထားပြီး ကားဒရိုင်ဘာက မောင်းသောအခါ၌ 'ကားသွားသည်'၊ 'ကားရပ်သည်'ဟု သုံးနှုန်း ပြောဆိုကြခြင်းမျှသာ ဖြစ်သည်။

သံတုံး၊ သံပြား၊ သံလုံး စသည်တို့ကို ကားပြင်သည့်စက်ရုံ၌ တစ်ပုံစီ၊ တစ်ပုံစီ ပုံထားသောအခါ၌မူ ကားဟူ၍မရှိတော့ဘဲ သံအပုံကြီးဖြစ်သွားတော့သည်။ သံတုံး၊ သံပြား၊ သံလုံး စသည်တို့ကို နေရာတကျ တပ်ဆင်ထားသောကြောင့် ကားဟုခေါ်ခြင်းဖြစ်သည်။

ထိုကားက သူ့အလိုလို မသွားတတ်ပါ။ ကားဒရိုင်ဘာက မောင်းနှင်မှသာ လိုရာခရီး ရောက်နိုင်သည်။ ထိုနည်းအတူ ဤကိုယ်ကောင်ကြီးသည် ကားနှင့်တူပါသည်။ သူ့အလိုလို လက်ချောင်းကလေးတစ်ချောင်းကိုပင် ကွေးနိုင်၊ ထောင်နိုင်စွမ်း မရှိပါ။ စိတ်က ဦးဆောင်၍သာ ကွေးနိုင်၊ ထောင်နိုင်၊ ရယ်နိုင်၊ ပြုံးနိုင်၊ လှုပ်ရှား၊ သွားလာနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် စိတ်သည် ကားဒရိုင်ဘာနှင့် တူသည်။ တစ်နည်းအားဖြင့် စိတ္တဇလေတို့သည် ကားနှင့် တူပြီး စိတ်သည် ကားဒရိုင်ဘာနှင့် တူသည်။

'ငါ သွားအံ့'၊ 'ငါ ရပ်အံ့'ဟု စိတ်ဖြစ်ပေါ်လာသည်ရှိသော် ဝါယောဓာတ်က ကာယဝိညတ်ကို ဖြစ်ပေါ်လာစေသည်။ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ လှုပ်ရှားမှုကြောင့် သွားခြင်း စသည်တို့ ဖြစ်လာသည်။ ထိုသို့ ဖြစ်ခြင်းကြောင့် 'သတ္တဝါသည် သွား၏၊ သတ္တဝါသည် ရပ်၏။ ငါသည် သွား၏။ ငါသည် ရပ်၏'ဟူ၍ ပညတ်တင်ကာ ဝေါဟာရစကားဖြင့် ပြောဆိုကြခြင်းမျှသည်တည်း။

တစ်နည်းအားဖြင့် စိတ်မရှိသော ရွက်လှေသည် လေ၏အဟုန်ဖြင့် အရပ်တစ်ပါးသို့ သွားသကဲ့သို့လည်းကောင်း၊ စိတ်မရှိသော မြားတံသည် လေးည့်၏အဟုန်ဖြင့်

အရပ်တစ်ပါးသို့ သွားသကဲ့သို့လည်းကောင်း ထို့အတူ စိတ်မရှိသော ဤကိုယ်သည် စိတ္တဇလေ ဆောင်အပ်သည်ဖြစ်၍ အရပ်တစ်ပါးသို့ သွားနိုင်ခြင်းဖြစ်သည်။

ယန္တရားရုပ်သည် အရုပ်ကြိုး၏ အစွမ်းအားဖြင့်သာလျှင် သွားခြင်း၊ ရပ်ခြင်း ထိုင်ခြင်းကို ပြုသကဲ့သို့ ဤရူပကာယတည်းဟူသော ယန္တရားရုပ်သည်လည်း စိတ်တည်းဟူသောကြိုး၏ အစွမ်းအားဖြင့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းကို ပြုနိုင်ခြင်းဖြစ်သည်။[၁]

ဓာတ်သဘာဝတို့၏ ဆန်းကြယ်စွာ အလုပ်လုပ်ပုံ

ဤသို့ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပုံ့နှံ့ခြင်းကြောင့် ကိုယ်ဟူ၍ သမုတ်ခေါ်ဆိုအပ်သော ဤအရိုးစု ရုပ်အပေါင်းသည် ရွှေ့လျားသွားနိုင်ခြင်း ဖြစ်သည်။ ရွှေ့လျားသွားသောကိုယ်၏ တစ်ဖက်တစ်ဖက်သော ခြေကြွသောအခါ၌ ပထဝီဓာတ်နှင့် အာပေါဓာတ်နှစ်ပါးတို့သည် ယုတ်လျော့ပြီး တေဇောနှင့် ဝါယောဓာတ် နှစ်ပါးတို့က လွန်ကဲစွာ အားရှိကြလေသည်။ ခြေချလိုက်သောအခါ၌မူ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ ယုတ်လျော့ပြီး ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ လွန်ကဲစွာ အားရှိကြသည်။

ယင်းသို့ ခြေကြွ၍သွားသောခဏ၌ ဖြစ်ပေါ်သော စိတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် စသော ရုပ်ပရမတ်တရားတို့သည် ခြေကို ရှေ့သို့လှမ်းရာသို့ မပါကြ၊ မရောက်ကြပါ။ ခြေတို့ကို ရှေ့သို့လှမ်းသောခဏ၌ ဖြစ်ပေါ်သောစိတ်နှင့် ရုပ်ပရမတ်တို့သည်လည်း ခြေချရာသို့ မပါကြ၊ မရောက်ကြပါ။ ထိုခဏ၌ပင် ချုပ်ကွယ်ပျောက်ဆုံးကြကုန်သည်။

နာမ်နှင့်တကွ ဓာတ်လေးပါးသော မဟာဘုတ်၊ မဟာဘုတ်ကိုမှီသော ဥပါဒါရုပ်တို့သည် ခြေကိုကြွခိုက်၊ ခြေကိုချခိုက်တို့၌သာလျှင် အပိုင်းအပိုင်း၊ အဆစ်အဆစ်၊ အစုအစုဖြစ်၍ ချုပ်ပျောက်ကြကုန်သည်။ အိုးကင်းပူအတွင်းသို့ ထည့်အပ်သောနှမ်းတို့သည် တဖျောက်ဖျောက်မြည်ကာ ကွဲပျက်ကုန်သကဲ့သို့ ကွဲပျက် ချုပ်ပျောက်ကြကုန်ခြင်း ဖြစ်သည်။

တဒင်္ဂ တစ်ခဏမျှတည်တံ့သည်ဟူ၍ မရှိပါ

ဤသို့လျှင် တစ်နေရာမှ တစ်နေရာသို့ လိုက်ပါလာခြင်းမရှိဘဲ စိတ်သက်ခဏ၊ ရုပ်သက်ခဏကလေးမျှသာ တည်တန့်သည်ဆိုရသော (အမှန်မှာမူကား တည်တန့်ရပ်နားနေသည်ဟူ၍ မရှိကြ၊ ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် ပျက်နေကြသည်) ရုပ်နာမ်တို့ကို

၁။ ကာယာနုပဿနာ၊ ကြရိယာပထပဗ္ဗဝဏ္ဏနာ၊ မဟာဝဂ္ဂအဋ္ဌကထာနှင့် လယ်တီဒီပနီပေါင်းချုပ်ကို မှီငြမ်းပါသည်။ (နှာ-၃၅၈)

အဘယ်သူ၏ သွားခြင်း၊ အဘယ်သူသွားသည်ဟူ၍ ပြစရာ၊ ပြောစရာ အဘယ်မှာလျှင် ရှိပါအံ့နည်း။

စင်စစ်အားဖြင့် ဓာတ်လေးပါးတို့ ရွှေ့လျားခြင်း၊ လှုပ်ရှားခြင်းဖြစ်သည်။ ဓာတ်လေးပါးတို့ ရပ်တည်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ခြေကြွခြင်း၊ လှမ်းခြင်း၊ ခြေချခြင်းတို့သာဖြစ်သည်။

ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်နေသောရဟန်းတော်သည် ဤသို့ ဆင်ခြင်၍ သိသည်။ 'ငါသွားသည်မဟုတ်'၊ 'ငါဆိုစရာမရှိ'၊ 'အတ္တကောင်သွားသည်မဟုတ်'၊ 'အတ္တကောင်ဟူ၍ ပြစရာမရှိသော ရုပ်နာမ်ပရမတ် အစုအပေါင်းတို့သာပါတကား'ဟု သမ္မဇ္ဇညဏ်ဖြင့် သိရှိနိုင်သည်။

ထိုမှတစ်ပါး သွားခိုက်၊ ကြွခိုက်၊ ချခိုက်တို့၌ဖြစ်သော ဓာတ်လေးပါးအစု ရုပ်အပေါင်းနှင့်တကွ ခြေကိုကြွလိုသောစိတ်၊ ကြွသည်ကိုသိသော စိတ်တို့သည်လည်း ချုပ်၍ ချုပ်၍နေကြသည်။ အသစ်အသစ်ဖြစ်သော ရုပ်၊ အသစ်အသစ်ဖြစ်သော စိတ်တို့သည်လည်း အကြားမရှိဘဲ ရှေးရုပ်နှင့် ရှေးစိတ်တို့ ချုပ်နေကြသည်။

ပမာအားဖြင့် စဉ်ဆက်မပြတ်စီးဆင်းနေသော မြစ်ရေအလျဉ်ကဲ့သို့ တရစပ်တစ်ဆက်တည်း ဖြစ်ပေါ်လာပြီး၊ တရစပ် တစ်ဆက်တည်း ပျက်နေသည်။ ဤတွင် 'သွားခြင်း၊ ရပ်ခြင်းဟူ၍ ဝေါဟာရပညတ်အရ ပြောဆိုရခြင်း သက်သက်မျှသာ ရှိပါတကား'ဟု အသိအမြင်ရှင်းပြီး တွေဝေမှုမရှိခြင်းသည် အသမ္မောဟသမ္မဇဉ် မည်ပေသည်။[၁]

စကြ်ံကမ္မဋ္ဌာန်း

ဤနေရာတွင် ပထဝီ၏ မာသဘော ပျော့သဘော၊ တေဇော၏ ပူသဘော၊ အေးသဘော၊ ဝါယော၏ တွန်းကန် လှုပ်ရှားသဘောတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိရှိနားလည်သဘောပေါက်နိုင်ရန် စကြ်ံကမ္မဋ္ဌာန်းကိုလည်း ဒေသနာတော်လာ နည်းစဉ်အတိုင်း လေ့ကျင့်သင့်သည်။

အစဉ်အလာအားဖြင့် မျက်စိမှိတ်ပြီး ဆိတ်ငြိမ်ရာမှာ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်ထိုင်နေမှသာ စိတ်တည်ငြိမ်မည်။ စိတ်ကိုစူးစိုက်၍ရမည်ဟု ယောဂီအများက ထင်တတ်ကြသည်။ အချို့က လမ်းလျှောက်လျှင် သမာဓိပျက်မည်ဟု ထင်တတ်ကြသည်။

စကြ်ံကမ္မဋ္ဌာန်းသည် မျက်စိဖွင့်လမ်းလျှောက်နေစဉ်၌ပင် သမာဓိထူထောင်နိုင်သော ကမ္မဋ္ဌာန်းဖြစ်ပါသည်။ ထို့ကြောင့် အလေ့အကျင့် အားကောင်းလာသူသည် စက္ကန့်ပိုင်းအတွင်း၌ပင် စိတ်တည်ကြည်မှု ရရှိနိုင်သည်။

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော်၊ ကာယာနုပဿနာအခန်းကို မှီငြမ်းပါသည်။

စကြိ်ကမ္ဘဉာန်းကို ကျွမ်းကျွမ်းကျင်ကျင် အားထုတ်တတ်လာသူသည် လူအများကြားထဲ၌ လူပ်ရှားသွားလာ လုပ်ကိုင်နေစဉ်၌ပင် စိတ်ကို အာရုံတစ်ခုခုအပေါ်ကို စုစည်းနိုင်ကြောင်း ယောဂီကိုယ်တိုင် ကိုယ်တွေ့ဖြင့် နားလည်နိုင်သော တရားဖြစ်သည်။

စကြိ်ကမ္ဘဉာန်း အားထုတ်ခြင်း

စကြိ်ကမ္ဘဉာန်းကို လေ့ကျင့်ရာ၌ ဦးစွာပထမ (Relaxed) ဖြစ်နေသည့် ခန္ဓာကိုယ်အနေအထားဖြင့် စကြိ်လျှောက်တတ်ရန် လေ့ကျင့်ရမည်။ လက်နှစ်ဖက်ကို ရှေ့၌ လက်ပိုက်ထား၍လည်းကောင်း၊ နောက်ကို သက်သာအနေအထားဖြင့် ထား၍လည်းကောင်း၊ လက်နှစ်ဖက်ကို ဘေးချထား၍လည်းကောင်း၊ ဘယ်ညာ လက်လွဲလျက်လည်းကောင်း လေ့ကျင့်နိုင်ပါသည်။

စကြိ်ကမ္ဘဉာန်း လေ့ကျင့်ရာ၌ မျက်လွှာချထားလျှင် ပို၍သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မျက်လွှာချမထားဘဲ ဟိုဟိုဒီဒီကို ကြည့်နေမိပါက မြင်ချင်၊ ကြည့်ချင်၊ စပ်စုချင်သည့်စိတ်က အားကြီးလာပြီး အတွေးရေလျဉ်ကြောထဲ မျောပါတတ်သောကြောင့် ဖြစ်ပါသည်။

စကြိ်ကမ္ဘဉာန်း လေ့ကျင့်နိုင်ရန် အိမ်အခန်းထဲ၌ဖြစ်စေ၊ ခုံးခန်းထဲဖြစ်စေ၊ ဝရန်တာ၌ဖြစ်စေ၊ သစ်ပင်အောက်၌ဖြစ်စေ ခြေလှမ်း (၁၀)လှမ်း၊ (၁၅)လှမ်းခန့် ရှိသည့် လမ်းအရှည်ကို ဦးစွာ ရွေးချယ်ရမည်။ ထို့နောက် ခြေဖဝါးနှင့်ကြမ်းပြင် ထိတိုင်း၊ ထိတိုင်း တစ်ထိ၊ တစ်သိ၊ တစ်ထိ၊ တစ်သိဖြင့် လမ်းတိုကလေးကို ခေါက်တုံ့ခေါက်ပြန်လျှောက်၍ လေ့ကျင့်ရမည်။

ရံခါ ခြေထောက်ဗလာဖြင့်လည်း စကြိ်ကို လေ့ကျင့်သင့်သည်။ ရံခါ ဖိနပ်စီး၍ လေ့ကျင့်သင့်သည်။ ဤသို့ လေ့ကျင့်ရာတွင် ထိနေသည်ကို သိနေရုံ (Just knowing) မျှသာ ကြိုးစားရမည်။ စကားလုံးဝေါဟာရသုံးပြီး မှတ်ရန်မလိုအပ်ပါ။ တစ်ထိ၊ တစ်သိကို သိရုံမျှ၊ သိရုံမျှ သိနေလျှင် လုံလောက်ပါသည်။

ဖြည်းဖြည်းနှေးနှေးလေးလည်း လျှောက်ကြည့်သင့်သည်။ မြန်မြန်သွက်သွက် လျှောက်၍လည်း လေ့ကျင့်သင့်သည်။ ပုံမှန်ခြေလှမ်းဖြင့် လျှောက်၍လည်း လေ့ကျင့်ရမည်။ မိမိအတွက် သင့်တော်သည် (Suitable) ခြေလှမ်းကို မိမိကိုယ်တိုင် ရွေးချယ်ရမည်။ သင့်တော်သည့် (Suitable) အနေအထားကို မှန်ကန်စွာ ရွေးချယ်ပြီးပါက ထပ်ပြန်တလဲလဲ၊ ကြိမ်ဖန်များစွာ လေ့ကျင့်ရပါမည်။

Formal and Informal walking Meditation Practice

မိမိတို့၏ နေ့စဉ်ဘဝထဲ၌ အချိန်နေရာသတ်မှတ်ပြီး စင်္ကြံကမ္မဋ္ဌာန်း(Formal walking Meditation Practice) ကိုလည်း လေ့ကျင့်ရမည်။ နေရာမရွေး၊ အချိန်မရွေးမှာလည်း (Informal walking Meditation Practice) လေ့ကျင့်ရမည်။ သို့မှသာ မိမိတို့၏ နေ့စဉ်ဘဝထဲကို စင်္ကြံကမ္မဋ္ဌာန်း ရောက်လာပေလိမ့်မည်။

ဆက်လက်ပြီး စင်္ကြံကမ္မဋ္ဌာန်းကို ရုပ်လျက်အားထုတ်ရသည့် ကမ္မဋ္ဌာန်းနှင့်လည်း တွဲ၍ လေ့ကျင့်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် သမထကမ္မဋ္ဌာန်းဖြစ်သည့် မေတ္တာကမ္မဋ္ဌာန်းကို အားထုတ်လိုသောယောဂီသည် ရုပ်၊ ထိုင်၊ လျောင်း၊ သွား ဣရိယာပုတ်လေးပါး 'တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော'[၁]၌ အားထုတ်ရမည်ဟု လာရှိသောကြောင့်ဖြစ်သည်။

သို့ဖြစ်ပါ၍ စင်္ကြံကမ္မဋ္ဌာန်းကို စတင်လေ့ကျင့်ရာတွင် စင်္ကြံလေးငါးခြောက်ပြန်လျှောက်ပြီးသောအခါ၌ စင်္ကြံလမ်းအဆုံးတွင် ခေတ္တရပ်နေပြီး ထင်ရှားရာရာကို သိသိပေးရမည်။ ထိုအချိန်၌ အသက်ရှူ မြန်နေသည်ကိုလည်းကောင်း၊ နှလုံးခုန်ကြမ်းနေသည်ကိုလည်းကောင်း၊ တစ်ကိုယ်လုံး တုန်ခါနေသည်ကိုလည်းကောင်း၊ ထင်ရှားရာ၊ ထင်ရှားရာကို သိသိပေးနိုင်သည်။

စင်္ကြံကမ္မဋ္ဌာန်းကို မကျွမ်းကျင်သေးခင် အခက်အခဲ ရှိနေတတ်သည်။ မိမိစိတ်ကို တင်းတင်းကြပ်ကြပ်ဖြင့် ဖိ၍ အားထုတ်လေ ပို၍ဝေးလေ ဖြစ်နေတတ်သည်။ စင်္ကြံကို ကျွမ်းကျင်နိုင်နင်းလာသည့် ယောဂီများက "တပည့်တော် မျက်စိမှိတ်ပြီး တရားထိုင်လိုက်ရင် မခံနိုင်အောင်နာတယ်၊ မနာရင်တွေးတယ်၊ မတွေးရင် ငိုက်နေတတ်တယ် ဘုရား။ စင်္ကြံကမ္မဋ္ဌာန်းကို ထိုက်သလောက် ကျွမ်းကျင်လာတဲ့ နောက်ပိုင်းမှာတော့ တွေးရင်လည်း ခဏလေးနဲ့ ဖျောက်လို့ရတယ်။ ငိုက်ရင်လည်း ခဏလေးနဲ့ ဖျောက်လို့ရတယ်။ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာလည်း မရှိသလောက်ဖြစ်လို့ တပည့်တော် သက်သက်သာသာလေးနဲ့ စင်္ကြံလျှောက်လို့ရလာသလို ထိုင်ကမ္မဋ္ဌာန်းမှာလည်း စိတ်ကို စုစည်းဖို့ လွယ်ကူလာပါတယ်ဘုရား"ဟု လျှောက်တတ်ကြသည်။

၁။ မေတ္တာသုတ္တ၊ ဥရဂဝဂ္ဂ၊ သုတ္တနိပါတပါဠိ (နှာ-၃၀၁)

စင်္ကြံကမ္မဋ္ဌာန်း အလေ့အကျင့်

စင်္ကြံကမ္မဋ္ဌာန်း အလေ့အကျင့် အတန်အသင့်အားကောင်းလာသော ယောဂီသည် ခြေဖဝါးနှင့်ကြမ်းပြင် ထိသည်ကို သိရုံမျှမက သောက်ရေခွက်နှင့် နှုတ်ခမ်း ထိနေသည်ကို လည်းကောင်း၊ တံခါးလက်ကိုင်နှင့် လက်ချောင်းများ ထိနေသည်ကိုလည်းကောင်း၊ ကုလားထိုင် ကြမ်းပြင်နှင့် တင်ပါး ထိနေသည်ကိုလည်းကောင်း သိသိသာသာ သိနိုင်လာမည်။

ဆက်လက်ပြီး ခြေဖဝါးနှင့် ကြမ်းပြင်ထိတိုင်း သေသေချာချာ သိနိုင်လာသည့် ယောဂီအနေဖြင့် ပထဝီ၏မာသည့်သဘောနှင့် ပျော့သည့်သဘော၊ တေဇော၏ ပူသည့်သဘောနှင့် အေးသည့်သဘော၊ ဝါယော၏ တွန်းကန်လှုပ်ရှားသည့်သဘောတို့ကိုလည်း တဖြည်းဖြည်း အလိုက်သင့် သိနိုင်လာမည်ဖြစ်ပါသည်။

ထိတာလည်း အသစ်၊ သိတာလည်း အသစ်

ထို့ထက် အလေ့အကျင့်အားကောင်းလာသော ယောဂီများကမူ တစ်ခုခုကို ထိလိုက်တိုင်း၊ ထိလိုက်တိုင်း၌ သတိက အလိုလို ကပ်မိလျက်သား ဖြစ်လာတတ်သည်။ ထို့ကြောင့် ခြေဖဝါးနှင့် ကြမ်းပြင် ထိသမျှနေရာအားလုံးကို စင်္ကြံကမ္မဋ္ဌာန်း ဖြစ်နိုင်သည်။

ကမ္မဋ္ဌာန်းအားထုတ်နေသည့် ယောဂီအနေဖြင့် ဘာဝနာကမ္မဋ္ဌာန်းကို စနစ်တကျ စွဲမြဲလာသည့်အထိ အားထုတ်ရန် ကြိုးစားရမည်။ အားထုတ်လာသည်နှင့် အမျှ အကြောင်းစုံလျှင် အသိဉာဏ်များ ပွင့်ထွန်းလာနိုင်သည်။

ထို့ကြောင့် နိုင်ငံရပ်ခြားသား ယောဂီတစ်ယောက်က -"စင်္ကြံကမ္မဋ္ဌာန်း (Walking Meditation) ကြောင့် တပည့်တော်ရဲ့ ခန္ဓာကိုယ်အကြောင်းအပါအဝင် စိတ် အကြောင်းနဲ့ ကံနဲ့ ကံရဲ့အကျိုးပေးပုံတွေကိုပါ တဖြည်းဖြည်း ပိုပြီး အတွင်းကျကျ နားလည်သဘော ပေါက်လာပါတယ်ဘုရား"လို့ လျှောက်ဖူးသည်။

အခြားယောဂီတစ်ယောက်ကလည်း "တကယ်တမ်း တပည့်တော်ရဲ့ ဒီကိုယ် ကောင်ကြီးဆိုတာ ရူပသန္တတိဟူသော ရုပ်ဖြစ်စဉ် (Physical Process)နဲ့ နာမသန္တတိ ဟူသော နာမ်ဖြစ်စဉ် (Mental Process) တွေ သူ့အလုပ်သူလုပ်နေကြတဲ့ ဓာတုဗေဒ စက်ရုပ် (Chemical robot) ကြီးပါကလားဆိုတာကို စင်္ကြံလျှောက်ရင်း သဘောပေါက် လာပြီးတဲ့နောက်ပိုင်းမှာ ပိုင်ဆိုင်မှုတွေအပေါ် ငြိအားကြီးလွန်းတဲ့စိတ်ကနေ တော်တော် ကြီးကို လွတ်မြောက်လာလို့ စိတ်ချမ်းသာလာပါတယ်ဘုရား"ဟူ၍လည်း လျှောက်ဖူးသည်။

ခြေတစ်လှမ်းဆီသည် နိဗ္ဗာန်ကိုဦးတည်ရမည်

စကြိ်ုလျှောက်ပြီး တစ်ထိ တစ်သိ၊ တစ်ထိ တစ်သိဖြင့် စည်းချက်မိမိ အားထုတ်တတ်လာသူသည် တစ်ထိ ထိပြီးသည်နောက် ပေါ်လာသည့် တစ်သိက အသစ် အသစ်ဖြစ်နေသည်။ နောက်တစ်ထိ ထိပြီးသည်နှင့် ပေါ်လာသည့် တစ်သိက အသစ် အသစ်ဖြစ်နေသည်။ ထိတာလည်း အသစ်၊ သိတာလည်း အသစ်ပါလားလို့ နားလည် သဘောပေါက်လာနိုင်သည်။

ဆက်၍အားထုတ်ပါက ယောဂီ၏ဉာဏ်၌ 'တစ်ထိလည်းပေါ်လာပြီး ချက်ချင်း ပျောက်ပျောက်သွားသည်။ တစ်သိကလည်းပေါ်လာပြီး ချက်ချင်း ပျောက်ပျောက်သွားသည်'ဟု နားလည်လာနိုင်သည်။ ဤနေရာတွင် အသစ်၊ အသစ် ဖြစ်နေသည်ဟု သိသည့်အသိကလည်း မှန်ပါသည်။ ပေါ်လာပြီး ချက်ချင်း၊ ချက်ချင်း ပျောက်ပျောက်သွားနေသည်ဟု နားလည်လာသောအသိလည်း မှန်ပါသည်။ တစ်နည်းအားဖြင့် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း သိလာခြင်းဖြစ်သည်။

မိမိတို့၏သန္တာန်၌ ကိန်းနေသည့် ကိလေသာအညစ်အကြေးတို့ကို စကြိ်ုလျှောက်ပြီး 'တစ်ထိ တစ်သိ'၊ 'တစ်ထိ တစ်သိ'ဖြင့် ရှုငိုးထုတ်နေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် 'တစ်ထိ တစ်သိ'၊ 'တစ်ထိ တစ်သိ'ဖြင့် ကိလေသာအညစ်အကြေး ကင်းရာကုန်ရာ နိဗ္ဗာန်တစ်ဖက်ကမ်းသို့ သွားနေခြင်းဖြစ်သည်။

ထို့ကြောင့် စကြိ်ုကမ္မဋ္ဌာန်း အားထုတ်နေသည့်ယောဂီ၏ ခြေတစ်လှမ်းတိုင်း၊ ခြေတစ်လှမ်းတိုင်းသည် နိဗ္ဗာန်ကိုဦးတည်ပြီး လျှောက်လှမ်းနေခြင်း ဖြစ်သောကြောင့် ယောဂီခြေတစ်လှမ်းကို လှမ်းတိုင်း၊ လှမ်းတိုင်း နိဗ္ဗာန်ကို တစ်လှမ်းနီး၍ လာနေပါသည်။

အညမညပစ္စယောဆုတောင်း

-"ထောင်ထားသော သစ်သားသုံးချောင်းတို့သည်
အချင်းချင်း ထောက်ပံ့ထားသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း
ကောင်းမွန်သောနာမ်တရားနှင့် ကောင်းမွန်သောရုပ်တရားတို့
အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပြီး ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေသား၊
စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေသား"


အညမညပစ္စယော သိမ့တ်ဗ့ယ်

အညမညပစ္စည်း၏ ကျေးဇူးပြုပုံမှာ

အညမညပစ္စည်းသည် နာမ်တရားက နာမ်နှင့်ရုပ်တရား (Mind to Mind and Matter) ကိုလည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to Matter)ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရား (Mind to Matter Mutually) တို့ကို အပြန်အလှန် ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

အညမညပစ္စယော (နာကျင်စဉ်)ဝိထိ

အကြင်ပုဂ္ဂိုလ်သည် နာကျင်လိုလတ်သော် -



ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ ဒေါသဇော (၇)ကြိမ်

ဤဝိထိ၌ ဝေဒနာက နာကျင်တဲ့ဒုက္ခဝေဒနာကိုပဲ ခံစား၏။ သညာကလည်း ငါဖြင့် ဒုက္ခဝေဒနာမို့ မမှတ်ချင်ဘူးလို့များ ငြင်းသေးသလားဆိုရင် မငြင်းပါဘူး။ ဝေဒနာခံစားနေတဲ့ ဒုက္ခဝေဒနာကိုပဲ မှတ်၏။ ဖဿကလည်း ငါဖြင့် ဒုက္ခဝေဒနာမို့ မတွေ့ထိချင်ပါဘူးလို့ မငြင်းဘဲ ၎င်းဒုက္ခဝေဒနာကိုပဲ တွေ့ထိ၏။ ဝိညာဏ်ကလည်း ဒုက္ခဝေဒနာမို့ ငါတော့ အဖက်မလုပ်ချင်ပါဘူးဟု မငြင်းဘဲ (၀ါ) မရှောင်မတိမ်းပါဘဲ ဒုက္ခဝေဒနာပင် သိတာပါပဲတဲ့။

ဝေဒနာသည် ဒုက္ခဝေဒနာကို ခံစားခဲ့လို့ရှိရင် သညာ၊ ဖဿ၊ ဝိညာဏ်တို့အား ဒုက္ခဝေဒနာကိုပဲ ပေးသောကြောင့် ဇနကသတ္တိ။ ဝေဒနာသည် ဒုက္ခဝေဒနာတည်းဟူသော နာကျင်ခြင်းကို ခံစားခဲ့လို့ရှိရင် သညာ၊ ဖဿ၊ ဝိညာဏ်တို့ကလည်း ၎င်းဝေဒနာကိုပင် သူ့သတ္တိနဲ့သူ လိုက်ပြီးလျှင် မှတ်ရ၊ တွေ့ထိရ၊ သိရသောကြောင့် ဥပတ္ထမ္ဘကသတ္တိလို့မှတ်။[၁]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

(က) နာမ်တရားက နာမ်တရား (Mind to Mind)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။

(ခ) ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘုတ် (၄) ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသောအကျိုးတရားမှာ - မဟာဘုတ် (၄) ပါး ဖြစ်သည်။

(ဂ) နာမ်တရားက ရုပ်တရားတို့ (Mind to Matter mutually) ကို အပြန်အလှန် ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ပဉ္စဝေါကာရ ပဋိသန္ဓေ စိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဉ္စဝေါကာရ ပဋိသန္ဓေ စိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။

သဟဇာတက အတူတကွဖြစ်လျှင် ကျေးဇူးပြုသည်။ အညမညက အတူတကွဖြစ်ရုံသာမက တစ်ပါးကို တစ်ပါးက အပြန်အလှန် ကျေးဇူးပြုပါသည်။

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချဉ်စဉ် (နှာ-၁၃၄)

၈။ နိဿယပစ္စယော
တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Nissaya Paccaya (Dependence Condition)

ပစ္စယနိဒ္ဒေသ

နိဿယပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခ-ဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာ-နာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ-ပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနော ဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

Dependence condition (Nissaya Paccaya)

The four immaterial aggregates are mutually related to one another by dependence condition.

The four great essentials are mutually related to one another by dependence condition.

At the moment of conception, mind and matter are mutually related to each other by dependence condition.

Consciousness and mental factors are related to mind-produced matter by dependence condition.

The great essentials are related to derived matter by dependence condition.

Eye-base is related to eye-consciousness-element and its associated phenomena by dependence condition.

Ear-base is related to ear-consciousness-element and its associated phenomena by dependence condition.

Nose-base is related to nose-consciousness-element and its associated phenomena by dependence condition.

Tongue-base is related to tongue-consciousness-element and its associated phenomena by dependence condition.

Body-base is related to body-consciousness-element and its associated phenomena by dependence condition.

Depending on this [heart-base] matter, mind- element and mind-consciousness-element arise.

That matter is related to the mind-element, the mind-consciousness-element and their associated phenomena by dependence condition.

နိဿယပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့”ဟု လာရှိသည်နှင့်အညီ သစ်ပင်စိုက်ပျိုးသောအခါ သစ်ပင်သည် မြေကြီးကိုမှီ၍ ပေါက်ရသဖြင့် မြေကြီးသည် သစ်ပင်တို့၏ တည်ရာ မှီရာ ဖြစ်သကဲ့သို့လည်းကောင်း၊ ပန်းချီရေးဆွဲသောအခါ ရေးဆွဲလိုသော အရုပ်များသည် ပန်းချီကားချပ်ကို မှီ၍ ဖြစ်လာရသဖြင့် ပန်းချီကားချပ်သည် အရုပ်များ၏ တည်ရာမှီရာ ဖြစ်သကဲ့သို့ နာမ်ခန္ဓာ ၄ ပါး၊ မဟာဘုတ် ၄ ပါး၊ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ဟဒယဝတ္ထု၊ မြင်၊ ကြား၊ နံ၊ စား ထိသိစိတ်တို့သည် ဆိုင်ရာဝတ္ထုများကို မှီ၍ဖြစ်ကြသဖြင့် တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသည်။[၁]

Nissaya Paccaya

Number eight is Nissaya Paccayo. 'Nissaya' means something you depend on. It is translated as support. Nissaya is compared to a canvas for painting. The canvas is the support for the painting. You put the painting on the canvas. Canvas is Nissaya, a support. Nissaya is also compared to the earth. We all exist on the earth- the beings as well as trees and others. In the same way, Nissaya condition serves as something to depend upon. There are different kinds of Nissaya. We will study them later.[၂][၃]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

၂။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၃။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

မြင်သိစိတ်၊ ကြားသိစိတ် စသည်ဖြစ်ရန် အကြောင်းအင်္ဂါများ

စက္ခုဝိညာဏ်ဟူသော မြင်သိစိတ် (Eye consciousness) သည် မျက်စိအကြည်ကို မှီ၍ ဖြစ်သည်။ မျက်စိအကြည်ကို စက္ခုဝတ္ထုဟူ၍လည်းကောင်း၊ စက္ခာယတန ဟူ၍ လည်းကောင်း ခေါ်သည်။ မြင်သိစိတ်သည် အကြောင်းမဲ့ဖြစ်လာသည် မဟုတ်ပါ။ ရူပါရုံအဆင်းနှင့် မျက်စိအကြည် တိုက်ဆုံ၍ ဖြစ်လာပါသည်။ အမှန်တကယ်၌မူ မြင်သိစိတ် (Eye consciousness) တစ်ခုဖြစ်လာနိုင်ရန် အကြောင်းအင်္ဂါ (၄)ပါး ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ မျက်စိအကြည် ကောင်းမွန်ရမည်။
၂။ ရူပါရုံဟူသော မြင်နိုင်သည့်အဆင်း ရှိရမည်။
၃။ အာလောကဟူသော အလင်း ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။ ဤအကြောင်းတရား (၄)ပါး ပြည့်စုံမှသာ မြင်သိစိတ် ဖြစ်နိုင်ပါသည်။

ကြားသိစိတ် (Ear consciousness) တစ်ခုဖြစ်လာနိုင်ရန်လည်း အကြောင်းအင်္ဂါ (၄) ပါး ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ သောတပသာဒ ကောင်းမွန်ရမည်။
၂။ သဒ္ဒါရုံဟူသော ကြားနိုင်သည့်အသံ ရှိရမည်။
၃။ အာကာသဓာတ်ဟူသော လေဖြတ်သန်းသွားလာနိုင်သည့် ဟင်းလင်းနယ် ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။ ဤအကြောင်းတရား (၄)ပါး ပြည့်စုံမှသာ ကြားသိစိတ် ဖြစ်နိုင်ပါသည်။

နံသိစိတ် (Nose consciousness) တစ်ခုဖြစ်လာနိုင်ရန်လည်း အကြောင်းအင်္ဂါ (၄) ပါး ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ ဃာနပသာဒ ကောင်းမွန်ရမည်။
၂။ ဂန္ဓာရုံဟူသော အနံ့ ရှိရမည်။
၃။ ဝါတဟူသော အနံ့ကို ဆောင်သောလေ ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။ ဤအကြောင်းတရား (၄)ပါး ပြည့်စုံမှသာ နံသိစိတ် ဖြစ်နိုင်ပါသည်။

အရသာသိစိတ် (Tounge consciousness) တစ်ခုဖြစ်လာနိုင်ရန်လည်း အကြောင်းအင်္ဂါ (၄)ပါး ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ ဇိဝှာပသာဒ ကောင်းမွန်ရမည်။
၂။ ရသာရုံဟူသော အရသာ ရှိရမည်။
၃။ အာပဟူသော လျှာရည် ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။ ဤအကြောင်းတရား (၄)ပါး ပြည့်စုံမှသာ အရသာသိစိတ် ဖြစ်နိုင်သည်။

ထိသိစိတ် (Body consciousness) တစ်ခုဖြစ်လာနိုင်ရန်လည်း အကြောင်းအင်္ဂါ (၄)ပါး ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ ကာယပသာဒ ကောင်းမွန်ရမည်။
၂။ ဖောဋ္ဌဗ္ဗာရုံဟူသော အထိအတွေ့ ရှိရမည်။
၃။ မာသဘော၊ ပျော့သဘော၊ ကြမ်းသဘော၊ နုသဘော ပထဝီရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှုရှိရမည်။ ဤအကြောင်းတရား (၄)ပါး ပြည့်စုံမှသာ ထိသိစိတ်ဖြစ်နိုင်သည်။

ကြံသိစိတ် (Mano consciousness) တစ်ခုဖြစ်လာနိုင်ရန်လည်း အကြောင်းအင်္ဂါ (၄)ပါး ပြည့်စုံရမည် ဖြစ်ပါသည်။

၁။ မနောဒ္ဓါရဟုခေါ်သော ဘဝင်စိတ် ရှိရမည်။
၂။ ကြံတွေးစရာ ဓမ္မာရုံဟူသော အာရုံတစ်ခုခု ရှိရမည်။
၃။ ဟဒယဝတ္ထုဟူသော စိတ်၏ မှီရာဝတ္ထု ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။ ဤအကြောင်းတရား (၄)ပါး ပြည့်စုံမှသာ ကြံသိစိတ်ဖြစ်နိုင်သည်။

ပဉ္စဒ္ဓါရနှင့် မနောဒ္ဓါရ နှစ်ပါးခုံ အာရုံဆင်ခြင်း

တတ္ထ ဧကေကံ အာရမ္မဏံ ဒ္ဝိသု ဒ္ဝိသု ဒ္ဝါရေသု အာပါထမာဂစ္ဆတိ။ ရူပါရမ္မဏဥ္စိ စက္ခုပသာဒံ ဃဋ္ဋေတွာ တဒ်ဏ္ဏာညေ မနောဒ္ဓါရေ အာပါထမာဂစ္ဆတိ၊ ဘဝင်္ဂစလနဿ ပစ္စယော ဟောတိတိ အတ္ထော။ (ပ) ဣဒံ မဟာစိတ္တံ ဥပ္ပဇ္ဇတိ။[၁]

၁။ ကာမာဝစရကုသလဝဏ္ဏနာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ အဋ္ဌသာလိနီအဋ္ဌကထာ (နှာ-၁၁၄)

အာရုံထင်လာသောအခါ၌ ပဉ္စဝိညာဉ်သည်လည်းကောင်း၊ ပဉ္စဒွါရာဝဇ္ဇန်း စသော မနောဝိညာဉ်သည်လည်းကောင်း ဝီထိအစဉ်အတိုင်း ဖြစ်ရသည်။ ပဉ္စဝိညာဉ်က ထိုထို အာရုံကို ယူနိုင်လောက်အောင် စက္ခုစသော ဒွါရငါးပါး၌ အသီးသီးထင်ကြသည်။ မနောဝိညာဉ်က ထိုအာရုံကို ယူနိုင်ရန် ဘဝင်ဟူသော မနောဒွါရ၌ထင်သည်။ ထို့ကြောင့် အာရုံထင်သည်ဟုဆိုရာ၌ ဤသို့ ဒွါရ (၂)ခုစီ၊ (၂)ခုစီ၌ ထင်ကြသည်။

အာရုံများ တစ်ပြိုင်နက်ထင်လာပုံ

ဤနေရာတွင် အာရုံများ တစ်ပြိုင်နက်ထင်လာပုံကို လယ်တီဆရာတော်ကြီး၏ ဘာဝနာဒီပနီမှ ကောက်နှုတ်ဖော်ပြပါမည်။ မျက်စိဖြင့် မြင်ကောင်းသောအရာဝတ္ထု စသော အာရုံဟူသမျှ စက္ခုအကြည် မနောအကြည် (၂)ဌာန၌ ဖြစ်ပေါ်၏။ နားဖြင့် ကြားကောင်းသော စသည် နည်းတူမှတ်လေ။ ကြွင်း ဓမ္မာရုံဟူသမျှမှာမူ မနောအကြည် သက်သက်၌သာ ဖြစ်ပေါ်၏။

ဌက်နှင့် ဌက်ကိုယ်၊ သစ်ကိုင်းနှင့် သစ်ရိပ်၊ လူနှင့် လူရိပ် မြေပေါ်တွင် တစ်ပြိုင်နက် ထင်သကဲ့သို့ စက္ခုအကြည်စသည်၌ အာရုံပေါ်သည်နှင့် မနောအကြည်တွင်လည်း ပေါ်၏။ စက္ခုအကြည် စသည်၌ ဆိုင်ရာအာရုံ ကွယ်ပျောက်သွားသော်လည်း မနော အကြည်တွင် မကွယ်ပျောက်နိုင်ပုံကို မြင်အောင်ကြည့်။ တိမ်တိုက်အချင်းချင်း ထိခိုက် သော် လျှပ်ရောင်ဖြစ်ပေါ်လာသကဲ့သို့ အာရုံနှင့် ပသာဒအကြည် ထိခိုက်သော် ထိခိုက် ဒဏ်ချက်ကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်၏။

စက္ခုဝိညာဏ်သေပျောက်ပုံ

အာရုံနှင့်ပသာဒ ထိခိုက်မှုမရှိလျှင် မီးပွားသေပျောက်သကဲ့သို့ စက္ခုဝိညာဏ် သေပျောက်၏။ မနောအကြည်မှာမူ ထိခိုက်မှုအဟုန်ကြောင့် အာရုံကိုသိသော ဝီထိစိတ် အစဉ် ဖြစ်ပေါ်၏။ ခေါင်းလောင်းထိုးသောအရှိန်ကြောင့် အသံကလာပ်များ ဆက်လက် ဖြစ်ပေါ်နေသကဲ့သို့ ဖြစ်၏။ အဟုန်သေလျှင် အသံပျောက်သကဲ့သို့ ထိခိုက်မှုအဟုန် ကုန်လျှင် ဝီထိစိတ်အစဉ် သေပျောက်၏။ ဆက်လက်ပြီး သောတဝိညာဏ်မှသည် ကာယဝိညာဏ်အထိ ဖြစ်ပေါ်နိုင်ပုံ၊ သေပျောက်ပုံကို နည်းမှီသိလောက်ပြီ။

မနောဝိဉ္ဉာဏ်အကြည်

နှလုံးအိမ်တွင်း၌ ဖြစ်ပေါ်နေသော ဘဝင်စိတ်ကို မနောအကြည်ဟုဆို၏။ ဘဝင်စိတ်ခေါ် မနောအကြည်သည် ရှေးရှေးဘဝနှင့်စပ်သော အာရုံကိုသာ အာရုံပြုသော်လည်း မထင်မရှားသာ ပြုနေခြင်းဖြစ်၏။ အဘယ်ကို အာရုံပြုသည်ဟု မထင်ပေါ်။ အိပ်မက်မှ တစ်ပါး အဘယ်ကို အာရုံပြုနေသည်ဟုမရှိသော ဘဝင်ခေါ် မနောအကြည်သည် မြစ်ရေအစဉ်ကဲ့သို့ဖြစ်နေ၍ သေနေသကဲ့သို့ ဖြစ်၏။

အာရုံနိမိတ်များ အကြည် (၅)မျိုးမှဝင်၍ ဘဝင်ခေါ် မနောအကြည်မှာ ပေါ်သည့်အခါ ဘဝင်ခေါ် မနောအကြည်သည် တုတ်နှင့်ထိသော မြွေကဲ့သို့ အာရုံကိုသိသော ဝိထိစိတ်များ ချက်ချင်း ဖြစ်ပေါ်လာ၏။ ထိခိုက်မှုပျောက်လျှင် ဝိထိစိတ်များ သေပျောက်ရတော့၏။ မြင်မှုစသည် (၅)မျိုးမှ အလွတ်ဖြစ်သော ဓမ္မာရုံတို့သည် မနောအကြည်သက်သက်မှာသာ ထင်လာကြ၏။

သစ်ကိုင်း၌ ဒုက်နားသဖြင့် အရိပ်ထင်သည့်ဥပမာ

အာရုံဒွါရတို့ ထိမိခတ်မိသည်ဟူသော စကားကို ဆက်လက် ရှင်းပြပါမည်။ အဋ္ဌကထာအရ ရူပါရုံသည် စက္ခုဒွါရနှင့် မနောဒွါရ၌ တကယ်ပင် ထိမိ၊ ခတ်မိသည်ဟု ထင်စရာရှိပါသည်။ ဤနေရာတွင် အရာဝတ္ထုတစ်ခုနှင့်တစ်ခု ထိခတ်မိခြင်းမျိုး မဟုတ်ပါ။ ထိခတ်မိသကဲ့သို့ ဖြစ်လောက်အောင် အာရုံနှင့်ဒွါရတို့ ရှေးရှုမှတ်ခိုက် မိကြခြင်းသာဖြစ်သည်ဟု ကျေးဇူးရှင် ဘာသာဋီကာဆရာတော်ကြီးက အကျယ်တဝင့် ရှင်းလင်းပေးတော်မူထားပါသည်။

ဆက်လက်ပြီး မနောဒွါရတည်းဟူသော ဘဝင်၌ ရူပါရုံ စသည် ထင်လာသော အခါ၌ ဘဝင်လှုပ်သည်ဟု လာရှိပါသည်။ ဘဝင်လှုပ်ခြင်းကို အဋ္ဌကထာလာအတိုင်း ဥပမာဆောင်၍ပြပါမည်။ ဌက်တစ်ကောင်သည် သစ်ကိုင်း၌ လာ၍ နားခိုသည်ဆိုပါစို့။ ထိုဌက် နားလျှင်နားချင်းပင် မြေပြင်၌ အရိပ်ထင်လာမည်။ ဌက်၏အရိပ်သည် ဌက်မနားခင်က ရှေး၌လည်းမထင်သကဲ့သို့၊ နောက်ကျ၍လည်း မထင်ပေ။ ဌက်နားခြင်းနှင့် အရိပ်ထင်ခြင်းတို့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖြစ်တော့သည်။

ထိုနည်းအတူ အာရုံထိခိုက်ခြင်း၊ ဘဝင်လှုပ်ခြင်းတို့သည် ရှေး၌လည်းမထိခိုက်၊ နောက်ကျ၍လည်း မလှုပ်ပေ။ တစ်နည်းအားဖြင့် ရူပါရုံသည် စက္ခုဒွါရနှင့် မနောဒွါရတို့၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ထင်လာပါသည်။ ထိုမှနောက်၌ ဝုဋ္ဌောအဆုံးရှိသော စိတ်တို့၏အခြားမဲ့၌ မဟာကုသိုလ်စိတ် စသည် ဖြစ်ပေါ်လာပါသည်။[၁]

၁။ အဋ္ဌသာလိနီဘာသာဋီကာကို မှီငြမ်းပါသည်။

ဤသို့သဘာတရားကို သိရှိနားလည်နိုင်ရန် ခက်ခဲနက်နဲသောကြောင့် ရှေးရှေး ဆရာသခင်တို့က လူအများနားလည်နိုင်ရန် ဥပမာများဆောင်၍ ပြတော်မူ ခဲ့ခြင်းဖြစ်ပါသည်။ ဤနေရာ၌လည်း ယနေ့ခေတ် လူအများနားလည်နိုင်သည့် ကွန်ပျူတာတစ်လုံး အကြောင်းကြောင်းကြောင့် ပျက်သွားသောအခါ၌ ဝိညာဉ်ထွက်သွားပြီဟု မည်သူမှ မယူဆကြကြောင်းကို ဥပမာဆောင်၍ ဖော်ပြပါမည်။

အမှန်ကိုသိသောကြောင့် 'ကွန်ပျူတာဝိညာဉ် ထွက်သွားပြီ'ဟု မည်သူမှ မဇော်ကြပါ

မြင်သိစိတ် (Eye consciousness) တစ်လုံးပေါ်လာရန် အလွန်ရှုပ်ထွေး များပြားလှသည့် နာမသန္တတိအစဉ် (Mental process)ကြီးက အလုပ်လုပ်ပေးရပါသည်။ ဤဖြစ်စဉ်ကို ယနေ့ခေတ် ကွန်ပျူတာစက်တစ်လုံး၏ အလုပ်လုပ်နေပုံနှင့် နှိုင်းယှဉ်ပြီး နားလည်နိုင်မည်ဖြစ်ပါသည်။

သက်မဲ့ဖြစ်သော ကွန်ပျူတာ၏အတွင်း၌ သတ္ထုအဖုံးအကာများ၊ ဘက်ထရီ ငယ်များ၊ ပန်ကာသေးများ၊ ကြိုးနီ၊ ကြိုးပြာ၊ ကြိုးဝါများ၊ ပဲကြီးစေ့သဏ္ဌာန်၊ ပြောင်းဖူးစေ့ သဏ္ဌာန် သိပ်ပံပစ္စည်းကိရိယာများ ဟူသော မျက်မြင်ကိုယ်တွေ့၊ ထိတွေ့ နိုင်သည့် (Hard ware) ရှိသည်။ တစ်ဖန် ထိတွေ့ကိုင်တွယ်၍မရသည့် Application ဟူသော (Soft ware) ဟူ၍ နှစ်ပိုင်းရှိသည်။

ထိုမြင်နိုင်၊ ထိတွေ့နိုင်သည့် (Hard ware) နှင့် ကိုင်တွယ်ထိတွေ့မရသည့် (Soft ware)တို့ ဟန်ချက်ညီညီ အလုပ်လုပ်ကြသောအခါ ကွန်ပျူတာသည် လျင်မြန် သွက်လက်စွာ အံ့ဖွယ်စွမ်းဆောင်ရည်ဖြင့် အလုပ်လုပ်ပေးကြောင်းကို ကွန်ပျူတာ အသုံးပြုသူတိုင်း သိကြပါသည်။

ထို့ကြောင့် ကွန်ပျူတာပျက်သောအခါ၌ 'ငါ့ကွန်ပျူတာကြီး လိပ်ပြာလွင့်သွားတယ်'ဟု မပြောကြပါ။ ကွန်ပျူတာကြီး လုံးဝ သုံးမရတော့သောအခါ၌လည်း 'ကွန်ပျူတာက ဝိညာဉ်ထွက်သွားတယ်'ဟူ၍လည်း မပြောကြပါ။ မပြောရုံမက စိုးစဉ်းမျှ သံသယလည်း မဖြစ်ကြပါ။

အဘယ်ကြောင့်ဆိုသော် ကွန်ပျူတာတစ်လုံး တည်ဆောက်ထားပုံ အသေးစိတ် မဟုတ်စေကာမူ ယေဘုယျအခြေခံသဘောကို ယနေ့ခေတ် ကလေးလူကြီးအားလုံး ကွန်ပျူတာမသုံးတတ်သူတို့ကအစ သိထားပြီးဖြစ်သောကြောင့်တည်း။

အမှန်ကိုမသိသောကြောင့် 'ခန္ဓာကိုယ်ထဲက ဝိညာဉ်ထွက်သွားပြီ'ဟု ပြောကြသည်

လူသားဌ္ဌလည်း မြင်တွေ့နေရသော၊ စမ်းသပ်ထိတွေ့နိုင်သည့် ရုပ်ခန္ဓာကိုယ် ရူပသန္တတိအစဉ် (Physical process)ရှိပါသည်။ တစ်ဖန် ထိတွေ့၍မရဘဲ သိသိနေ တတ်သော နာမ်ပိုင်း နာမသန္တတိအစဉ် (Mental process)ဟူ၍ နှစ်ပိုင်းရှိပါသည်။

ၚင်း၏သဘောအမှန်ကို မသိကြသောကြောင့် ခန္ဓာကိုယ်ထဲဌ္ဌ အမာခံအဖြစ်ဝိညာဉ် ရှိသည်။ ထိုဝိညာဉ်ကို တန်ခိုးရှင်၊ ဖန်ဆင်းရှင်က ဖန်ဆင်းပေးထားသည်။ အသက်ရှင်သမျှ ကာလပတ်လုံး ဤကိုယ်ကောင်ကြီးထဲဌ္ဌနေသည်။ သေပြီးနောက် ထွက်ခွာသွားသည် ဟူ၍ စွဲစွဲလမ်းလမ်း ယူဆကြသည်။

ကွန်ပျူတာတစ်လုံးအပေါ်ဌ္ဌ သံသယမရှိ အသိရှင်းထားသောလူသားသည် မိမိ ခန္ဓာပေါ်ဌ္ဌ အသိအမြင် မှောက်မှားနေပါသည်။ အကြောင်းမှာ ကွန်ပျူတာအကြောင်း ပိုင်ပိုင်သိသောလူသားသည် မိမိအကြောင်း ဘာမှမသိသေးကြောင့်ဖြစ်ပါသည်။

ထို့ကြောင့် ထိတွေ့၍မရဘဲ သိသိနေသော နာမ်ပိုင်း နာမသန္တတိအစဉ် (Mental process)အကြောင်း များစွာရှိသည့်အနက် ဤနေရာတွင် 'မျက်စိနှင့် အဆင်း'ဆုံပြီး နောက် 'မြင်သိစိတ်'တစ်လုံးပေါ်ပေါက်လာရန် အလွန်ရှည်လျား ထွေပြားရှုပ်ထွေး လှသောနာမ်ဖြစ်စဉ် (Process) ကြီး ပါဝင်နေသည်။

ဤသဘောကို နားလည်လာသူသည် ဖြစ်စဉ် (Process) သက်သက်မျှသာ စည်းချက်ညီညီ၊ ဟန်ချက်ပါပါ အလုပ်လုပ်နေသောကြောင့် မြင်ခြင်း၊ ကြားခြင်း၊ တွေး တောကြံစည်ခြင်း၊ စကားလုံးများ နှုတ်ထွက်နေခြင်းပါတကားဟူသော အတွေးစကလေး ပေါ်လာနိုင်မည်ဟု ထင်ပါသည်။

ထိုအသိ၏အခြေခံအစ ပေါ်လာသူသည် ဤကိုယ်ကောင်ကြီး၏ အတွင်းဌ္ဌ လည်းကောင်း၊ အပြင်ဌ္ဌလည်းကောင်း မည်သည့်နေရာဌ္ဌမျှ တည်တံ့ခိုင်ခံ့သည့် အမာခံ သဘောသဘာဝမရှိကြောင်းနှင့် မည်သည့်ဖန်ဆင်းရှင်ကမှ ဖန်ဆင်းထားခြင်းမဟုတ် ကြောင်းကို နားလည်လာမည် ဖြစ်ပါသည်။

ဤသို့ သိရှိနားလည် သဘောပေါက်လာသည်ကို သမ္မာဒိဋ္ဌိ (Right understood) ဟု ခေါ်သည်။ ဘုရားတစ်ဆူပွင့်မှသာ သိခွင့်ရတတ်ပါသည်။ ဘုရားမပွင့်လျှင် အသိမှန် ရရန်ဝေးစွ အမည်နာမတပ်ရန်ပင် စွမ်းနိုင်မည် မဟုတ်ပါပေ။

ပဋ္ဌာန်းတရားဇာတ်လာ ဝိပဿနာရှုကွက်

'စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ(ပ)။ ဃာနံ(ပ)။ ဇိဝှံ(ပ)။ ကာယံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ'

မျက်စိအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ရှုကြ၏။ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ရှုကြ၏။

'ရူပေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ'

အဆင်းကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ရှုကြ၏။ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထုကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ရှုကြ၏ဟူ၍ ပဋ္ဌာန်းတရားတော်၌ လာရှိပါသည်။

ဆက်လက်ပြီး မဟာသတိပဋ္ဌာနသုတ်၊ ဓမ္မာနုပဿနာအပိုင်း၏ အာယတနပဗ္ဗ၌ စက္ခုပသာဒဟုခေါ်သော မျက်စိအကြည်ရုပ်ကိုလည်းသိ၏။ ရူပါရုံဟူသော အဆင်းရုပ်တို့ကိုလည်းသိ၏။ သောတပသာဒဟုခေါ်သော နားအကြည်ရုပ်ကိုလည်း သိ၏။ သဒ္ဒါရုံဟူသော အသံရုပ်တို့ကိုလည်းသိ၏။ ဃာနပသာဒဟုခေါ်သော နှာခေါင်းအကြည်ရုပ်ကိုလည်းသိ၏။ ဂန္ဓာရုံဟူသော အနံ့ရုပ်တို့ကိုလည်းသိ၏။ ဇိဝှာပသာဒဟုခေါ်သော လျှာအကြည်ရုပ်ကိုလည်း သိ၏။ ရသာရုံဟူသော အရသာရုပ်တို့ကိုလည်း သိ၏။ ကာယပသာဒဟုခေါ်သော ကိုယ်အကြည်ရုပ်ကိုလည်းသိ၏။ ဖောဋ္ဌဗ္ဗာရုံဟူသော အထိအတွေ့ရုပ်တို့ကိုလည်းသိ၏။ မနာယတနဟုခေါ်သော စိတ်ကိုလည်း သိ၏။ ဓမ္မာယတနဟုခေါ်သော သဘောအာရုံတို့ကိုလည်း သိ၏။ ထိုထိုအတွင်း အာယတနဟူသော မျက်စိ၊ နား၊ နှာခေါင်း စသည်နှင့် အပြင်အာယတန ဟူသော အဆင်း၊ အသံ၊ အနံ့ စသည်တို့၏ သဘာဝအမှန်တရားကို ပိုင်းပိုင်းခြားခြား သိရှိနားလည်ထားသူသည် ထိုထိုအာရုံတို့ပေါ်၌ တပ်မက်မှု ကင်းလေသည်။[၁]

၁။ 'စက္ခုဉ္စ ပဇာနာတိ, ရူပေ စ ပဇာနာတိ၊ သောတဉ္စ ပဇာနာတိ, သဒ္ဒေ စ ပဇာနာတိ၊ ဃာနဉ္စ ပဇာနာတိ, ဂန္ဓေ စ ပဇာနာတိ၊ ဇိဝှဉ္စ ပဇာနာတိ, ရသေ စ ပဇာနာတိ၊ ကာယဉ္စ ပဇာနာတိ, ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ, မနဉ္စ ပဇာနာတိ, ဓမ္မေ စ ပဇာနာတိ'ဟု လာရှိပါသည်။

It's when a bhikkhu understands the eye, sights…. They understand the ear, sounds…. They understand the nose, smells…. They understand the tongue, tastes….They understand the body, touches…They understand the mind, thoughts...

စန္ဒာ၏သစ္စာအမှန်ကို နားလည်ထားသူသည် မတပ်မက်ပါ

သုဘာအမည်ရသည့် အမျိုးကောင်းသမီးသည် ပုဏ္ဏားမျိုးနွယ်ဖြစ်သည်။ အသက်အရွယ်ရောက်လာသောအခါ၌ မိဘများ၏ခွင့်ပြုချက်ဖြင့် မဟာပဇာပတိဂေါတမီထံပါး ဘိက္ခုနီမပြုလေသည်။ ဘိက္ခုနီထေရီမသည် ဝိပဿနာတရားကို ကြိုးစားအားထုတ်သောကြောင့် ကာလမကြာမြင့်မီ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုလေသည်။

တစ်နေ့၌ သုဘာထေရီမ၏ဇာတိ ရာဇဂြိုလ်မြို့ရှိ ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ တစ်ပါးတည်း ကြွသွားပါသည်။ လမ်းတစ်နေရာ ရောက်သောအခါ၌ ရာဇဂြိုလ်မြို့သား၊ ရွှေပန်းတိမ်သည်သားနှင့် မျက်နှာချင်းဆိုင် ဆုံလေသည်။

ထိုအရက်သမား လူရမ်းကား ရွှေပန်းတိမ်သည်သားသည် သုဘာထေရီမကို လူဘဝကပင် ရည်ငံနေသူ ဖြစ်သည်။ ထို့ကြောင့် သူသည် သုဘာထေရီမကြီးကို လမ်းသွား၍ မရအောင် ရှေ့မှကာဆီးပိတ်ဆို့သည်။ ထို့နောက် ကာမဂုဏ်၌ တပ်မက်လာစေရန် အမျိုးမျိုး လှည့်ဖြား သွေးဆောင်နေပါတော့သည်။

သုဘာထေရီမက အမျိုးမျိုး တောင်းပန်ပါသော်လည်း ဇွတ်အတင်းပင် ချစ်ကြိုက်သည့်စကားတို့ကို ပြောမြဲပြောနေသည်။ သုဘာထေရီမက “သင် တပ်မက်လှသည်၊ သင် ချစ်ခင်လှပါသည်ဆိုသော ခန္ဓာကိုယ်သည် စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ်တို့ဖြင့် ပြည့်နှက်နေပြီး သုသာန်မြေကို တိုးပွားစေသည့်အရာတို့ဖြစ်သည်။ ငါ၏ ကိုယ်ပေါ်က အဘယ်အရာကို နှစ်သက်တာပါလဲ သင်ပြောကြားလေလော့”ဟု မိန့်တော်မူသည်။

ထိုအခါ သူဌေးသား လူရမ်းကားက “နှမ-သမင်မငယ်၏ မျက်လုံးပမာ၊ ကိန္နရီမ၏ မျက်လုံးပမာ တင့်တယ်လှပကုန်သော သင်၏မျက်လုံးတို့ကို မြင်ရ၍ အတိုင်းထက်အလွန် ငါ၏ ကာမဂုဏ်၌ မွေ့လျော်မှုတိုးပွား၏။ အကြေးမရှိသော ရွှေရုပ်၏မျက်နှာနှင့်တူသော သင်နှမ၏ မျက်နှာပြင်၌ ကြာနီပွင့်ချပ်ဖျားနှင့် တူကုန်သော၊ မျက်တောင်ရှိကုန်သော သင့်မျက်လုံးတို့ကို မြင်ရ၍ အတိုင်းထက်အလွန် ငါ့အား ကာမဂုဏ်၌ မွေ့လျော်လိုမှု တိုးပွားရပါ၏”ဟု ပြောကြားပါသည်။

ထိုသူမိုက်၏ စကားအဆုံး၌ သုဘာထေရီဘိက္ခုနီမသည် “အမောင်-သင် အလိုရှိသော ဤငါ၏မျက်လုံးကို ယူလော့၊ ယူပြီးလျှင် လိုရာအရပ်သို့ ဆောင်သွားပါလေလော့”ဟု ပြောဆိုပြီးလျှင် သူ၏မျက်လုံးကို မျက်လုံးအိမ်မှ ဆွဲထုတ်ကာ ထိုအရက်သမား လူရမ်းကားလက်ထဲ ထည့်ပေးပါတော့သည်။

ဘိက္ခုနီမ၏ မထင်မှတ်ထားသော ဤအပြုအမူကို လူရမ်းကား မြင်ရသောခဏ၌ အရက်မူးပြေပြီး ကြောက်လန့်တကြားဖြစ်ကာ “သင်သည် အနာကင်းလျက် ချမ်းသာခြင်း

ဖြစ်ပါစေသတည်း။ အကျွန်ုပ်သည်လည်း ဤသို့သော မကောင်းမှုများကို နောက်ထပ် မပြုပါလတ္တံ့။ အကျွန်ုပ်အား အပြစ်မှ သည်းခံခွင့်လွှတ်တော်မူပါ"ဟု လျှောက်ထား တောင်းပန်ပြီး ထွက်ခွာသွားပါတော့သည်။

သူတော်ကောင်းကြီးတို့သည် ဤခန္ဓာ၏ သဘောအမှန်ကို သိတော်မူပြီးဖြစ်သဖြင့် ငြိတွယ်တပ်မက်သောစိတ် အလျဉ်းမရှိသည့်အကြောင်း သုဘာထေရိမ၏ဖြစ်စဉ်ကို သာဓကပြု၍ သိရှိနိုင်မည်ဖြစ်သည်။[၁]

ဝိပဿနာတရား ရှုမှတ်ခြင်း

'စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော' ဟု ပဋ္ဌာန်း တရားတော်၌ လာရှိသည်။ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာ (၄)ပါးတို့သည် အညမည အချင်းချင်း တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူး ပြုကြသည်။

မဟာသတိပဋ္ဌာနသုတ်တွင် ဝေဒနာနုပဿနာဟု လာရှိပါသည်။ ဝေဒနာဟူသည် ခံစားမှု (Felling sensation) ကို ဆိုလိုခြင်းဖြစ်သည်။ ခံစားမှုဟူသည် ကောင်းသည့် ခံစားမှု၊ မကောင်းသည့်ခံစားမှုနှင့် အလယ်အလတ် ခံစားမှုဟူ၍ ရှိပါသည်။

တရားအားထုတ်သောအခါ၌ မထင်မှတ်ထားသည့် နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာ တို့လည်း ကြုံရတတ်သည်။ မကြုံစဖူးသည့် နှစ်သက်သာယာဖွယ်လည်း ကြုံရတတ်သည်။ ထိုထိုသုခဝေဒနာ၊ ဒုက္ခဝေဒနာအသီးသီးတို့ကို သိနိုင်ရန် တိုက်တွန်းပေးနေသည့် သဘောက စေတနာဟူသော သင်္ခါရက္ခန္ဓာဖြစ်သည်။ ထိုထိုသုခဝေဒနာ၊ ဒုက္ခ ဝေဒနာ အသီးသီးတို့ကို မှတ်သိနေသည့်သဘောက သညာကွန္ဓာဖြစ်သည်။

ထိုဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာ (၄)ပါးတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း ပေါ်ပြီး ပျောက်နေသည့် ဖြစ်စဉ်ကြီး ဖြစ်ပါသည်။

ဆက်လက်ပြီး 'မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော'ဟူ၍ နိဿယပစ္စည်း၌ လာရှိပါသေးသည်။ နာမ်ခန္ဓာ (၄)ပါးဟူသော ခံစားမှုဝေဒနာကို ဝိပဿ နာရှုပွားနိုင်သည်။ မှတ်သားမှုသညာကို ဝိပဿနာရှုပွားနိုင်သည်။ စေ့ဆော်မှုသင်္ခါရကို ဝိပဿနာရှုပွားနိုင်သည်။ သိစိတ်ဟူသော ဝိညာဏ်ကို ဝိပဿနာရှုပွားနိုင်ပါသည်။ တစ်ဖန် မာသည့်သဘော၊ ပျော့သည်သဘောဟူသော ပထဝီမဟာဘုတ်ကိုလည်း

၁။ သုဘာဇိဝကမ္မဝနိကာထေရီ ဂါထာဝဏ္ဏနာ၊ တိ်သနိပါတ၊ ထေရီဂါထာ အဋ္ဌကထာ (နှာ-၂၅၃)

ဝိပဿနာရှုပွားနိုင်သည်။ ပူသည့်သဘော၊ အေးသည့်သဘောဟူသော တေဇောမဟာဘုတ်ကို ဝိပဿနာရှုပွားနိုင်သည်။ တွန်းကန်လှုပ်ရှားသည့်သဘော ဟူသော ဝါယောမဟာဘုတ်ကိုလည်း ဝိပဿနာရှုပွားနိုင်ပါသည်။

ရဟန္တာအရှင်မြတ်များလည်း ဝိပဿနာရှုပွားတော်မူသည်

ရဟန္တာအရှင်မြတ်တို့သည်လည်း ဝိပဿနာရှုပွားတော်မူပါသည်။ သို့သော် အရှင်မြတ်ကြီးတို့၏သန္တာန်၌ ဝိပဿနာကုသိုလ်စိတ်မဖြစ်ဘဲ ကြိယာစိတ်မျှသာ ဖြစ်ပါသည်။ ကြိယာစိတ်ဟူသည် ပြုကာမျှသဘောဖြစ်သည်။ inoperative consciousness.ဟု ဘာသာပြန်နိုင်ပါသည်။

အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ။ ဃာနံ (ပ)အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။[၁] ရဟန္တာပုဂ္ဂိုလ်သည် မျက်စိအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ရှု၏။ နားအကြည် (ပ)ကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ရှု၏။-

ဆက်လက်၍ ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာပုဂ္ဂိုလ်နှင့် ဝိပဿနာတရားအားထုတ်ကြသော ပုထုဇဉ်ယောဂီပုဂ္ဂိုလ်တို့သည်လည်း စက္ခု၊ သောတဟူသော မျက်စိ၊ နားအကြည်အပါအဝင် ရူပ၊ သဒ္ဒဟူသော အဆင်း၊ အသံတို့ကိုလည်း မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာရှုပွားတော်မူကြပါသည်။

ဤတွင် ထူးခြားမှုတစ်ခု ရှိလာပါသည်။ ရဟန္တာအရှင်မြတ်ကြီးတို့၏သန္တာန်၌ ကုသိုလ်စိတ်မဖြစ်ဘဲ ကြိယာစိတ်မျှသာ ဖြစ်ပါသော်လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာပုဂ္ဂိုလ်များနှင့် ဝိပဿနာတရားအားထုတ်ကြသော ပုထုဇဉ်ယောဂီပုဂ္ဂိုလ်တို့၏သန္တာန်၌မူ ကြိယာစိတ်မဖြစ်ဘဲ ကုသိုလ်စိတ်သာဖြစ်ပါသည်။

သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ဃာနံ (ပ) အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။[၂] ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဝိပဿနာတရားအားထုတ်ကြသည့် ပုထုဇဉ်ယောဂီပုဂ္ဂိုလ် တို့သည်လည်း

၁။ ပဋ္ဌာနပါဠိ (ပထမတွဲ၊ နှာ-၁၃၄)

၂။ ပဋ္ဌာနပါဠိ (ပထမတွဲ၊ နှာ-၁၃၅)

ကောင်း မျက်စိအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှုကြကုန်၏။ နားအကြည် (ပ) ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ရှုမြင်ကြကုန်၏။-

ထို့ကြောင့် ရဟန္တာအရှင်မြတ်ကြီးတို့လည်း ဝိပဿနာရှုပွားတော်မူကြပါသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ပုထုဇဉ်တို့သည်လည်း ဝိပဿနာရှုပွားတော်မူကြပါသည်ဟု မှတ်သားနိုင်မည်ဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်များသည် အကုသိုလ်ကိုလည်း ဝိပဿနာရှုပွားတော်မူသည်

ဤနေရာတွင် ထူးခြားချက်တစ်ခု ရှိနေပါသည်။ ရဟန္တာပုဂ္ဂိုလ်တို့သည် အဗျာကတနှင့် ကုသိုလ်ကိုသာ ဝိပဿနာရှုပွားတော်မူကြသည်မဟုတ်ဘဲ အကုသိုလ်ကိုလည်း ဝိပဿနာရှုပွားတော်မူကြပါသည်။

အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ၊ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ[၁]ဟု ပဉ္စာဝါရ၌ လာရှိပါသည်။ ရဟန္တာပုဂ္ဂိုလ်သည် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို ပစ္စဝေက္ခတိ ဆင်ခြင်၏။ ရှေး၌ ပြုကျင့်လေ့ရှိပြီးဖြစ်ကုန်သော အကုသိုလ်တို့ကို သိ၏။ အကုသိုလ်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ရှု၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် အလုံးစုံသောကိလေသာတို့ကို ပယ်ခွာတော်မူပြီး ဖြစ်ပါသဖြင့် အကုသိုလ်ပြုရိုး မရှိတော့ပါ။ ထို့ကြောင့် အသစ်ဖြစ်ပေါ်လာသော အကုသိုလ်မဟုတ်ဘဲ ရှေးကဖြစ်ပေါ်ခဲ့ဖူးပြီးသည့် အကုသိုလ် (ဝါ) ရဟန္တာမဖြစ်သေးခင်က ဖြစ်ပေါ်ခဲ့သည့် အကုသိုလ်တို့သည် အာရုံထဲ ပေါ်တိုင်း၊ ပေါ်တိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ ရှုပွားတော်မူခြင်းဖြစ်သည်။ ဤသို့ ရှုပွားခြင်းကြောင့်လည်း ရဟန္တာအရှင်မြတ်ကြီးတို့၏သန္တာန်၌ ကုသိုလ်မဖြစ်ဘဲ ကြိယာစိတ်မျှသာဖြစ်သည်။

ဆက်လက်ပြီး ပုထုဇဉ်ဘဝမှသည် အရိယာဖြစ်သည်အထိ အဘယ်တရားကို ရှုမှတ်ရမည်နည်းဟူသော အရှင်မဟာကောဋ္ဌိက၏ မေးခွန်းကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဖြေကြားတော်မူသည့် မှတ်တမ်းကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်မြန်မာပြန်မှ ရယူဖော်ပြပါမည်။

၁။ ပဋ္ဌာနပါဠိ (ပထမတွဲ၊ နှာ-၁၃၄)

မှုထုစဉ်မှသည် အနာဂါမ်ရဟန္တာဖြစ်သည့်တိုင် မွားမှားရသည့်တရား

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကောဋ္ဌိကမထေရ်မြတ်ကြီးတို့သည် ဗာရာဏသီပြည် ကွယ်သိပတနမိဂဒါဝုန်တော၌ သီတင်းသုံးတော်မူနေကြပါသည်။ ညချမ်းအချိန်၌ အရှင်မဟာကောဋ္ဌိကမထေရ်မြတ်ကြီးက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးထံ ချဉ်းကပ်ပြီး "ငါ့ရှင်သာရိပုတ္တရာ သီလရှိတဲ့ရဟန်းက ဘယ်တရားတို့ကို နှလုံးသွင်းအပ်ပါသလဲ"ဟု မေးလျှောက်ပါသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက "ဥပါဒါနက္ခန္ဓာ (၅) ပါးတို့ကို အနိစ္စတော- မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော- ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော- ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော- အနာဟူ၍လည်းကောင်း၊ သလ္လတော- ငြောင့်ဟူ၍လည်းကောင်း၊ အဃတော- ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော- နာကျင်မှုဟူ၍လည်းကောင်း၊ ပရတော- သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော- အပျက်ဟူ၍လည်းကောင်း၊ သုညတော- ဆိတ်သုဉ်းသည့် တရားဟူ၍လည်းကောင်း၊ အနတ္တတော- အတ္တအနှစ်သာရ မရှိဟူ၍လည်းကောင်း၊ အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"ဟု မိန့်ကြားတော်မူပါသည်။

ဆက်လက်၍ "အရှင်သာရိပုတ္တရာ သောတာပန်ရဟန်းကကော အဘယ်တရားတို့ကို နှလုံးသွင်းရပါသလဲ"ဟု မေးတော်မူရာ မထေရ်မြတ်က "သောတာပန်ရဟန်းကလည်း ဥပါဒါနက္ခန္ဓာ (၅)မျိုးတို့ကို အနိစ္စတော- မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော- ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော- ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော- အနာဟူ၍လည်းကောင်း၊ သလ္လတော- ငြောင့်ဟူ၍လည်းကောင်း၊ အဃတော- ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော- နာကျင်မှုဟူ၍ လည်းကောင်း၊ ပရတော- သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော- အပျက်ဟူ၍လည်းကောင်း၊ သုညတော- ဆိတ်သုဉ်းသည့်တရားဟူ၍လည်းကောင်း၊ အနတ္တတော- အတ္တအနှစ်မရှိဟူ၍လည်းကောင်း အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"ဟု မိန့်ကြားတော်မူပါသည်။

ဆက်လက်၍ "အရှင်သာရိပုတ္တရာ သကဒါဂါမ် ရဟန်းကကော အဘယ်တရားတို့ကို နှလုံးသွင်းရပါသလဲ"ဟု မေးလျှောက်တော်မူရာတွင် ယခင်အတိုင်းပင် ဖြေကြားတော်မူပါသည်။

ထို့နောက် “အရှင်သာရိပုတ္တရာ အနာဂါမ်ရဟန်းကကော အဘယ်တရားတို့ကို နှလုံးသွင်းရပါသလဲ”ဟု မေးလျှောက်တော်မူရာတွင်လည်း ယခင်အတိုင်းပင် ဖြေကြားတော်မူပါသည်။

ဆက်လက်၍ “အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးကကော အဘယ်တရားကို နှလုံးသွင်းရပါသလဲ”ဟု မေးလျှောက်တော်မူရာတွင်လည်း ယခင်အတိုင်းပင် ဖြေကြားတော်မူပါသည်။

ဤတွင် ရဟန္တာပုဂ္ဂိုလ်ကား တစ်စုံတစ်ခုသော ရဟန်းကိစ္စကို နောက်ထပ် ပြုဖွယ်မရှိတော့သော်လည်း မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုးနှင့် သတိသမ္ပဇဉ်အလို့ငှာ ဥပါဒါနက္ခန္ဓာ (၅)မျိုးတို့ကို အနိစ္စတော-မမြဟူ၍လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော-ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော -အနာဟူ၍လည်းကောင်း၊ သလ္လတော-ငြောင့်ဟူ၍ လည်းကောင်း၊ အဃတော- ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော-နာကျင်မှု ဟူ၍လည်းကောင်း၊ ပရတော- သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော-အပျက်ဟူ၍လည်းကောင်း၊ သုညတော- ဆိတ်သုဉ်းသည့်တရားဟူ၍လည်းကောင်း၊ အနတ္တတော-အတ္တအနှစ်မရှိဟူ၍လည်းကောင်း အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်”ဟု မိန့်ကြားတော်မူပါသည်။[၁]

စိတ်နှင့် ရုပ်သည် အပြန်အလှန်တည်မှီကြသည်

ဘုရားရှင်သည် ‘စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော’ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူပါသည်။ စိတ်ဟုခေါ်ဝေါ်ကြသည့် နာမ်တရားသည် တစ်ခုတည်း မဖြစ်နိုင်ပါ။ စိတ်ဖြစ်လျှင် စေတသိက်ကလည်းဖြစ်သည်။ တစ်ဖန် ဝေဒနာစေတသိက်၊ သညာစေတသိက်နှင့် သင်္ခါရစေတသိက်နှင့် ဝိညာဏက္ခန္ဓာဟူသော စိတ်တို့သည်လည်း အပြန်အလှန် တည်ရာ မှီရာအဖြစ်ဖြင့် ဖြစ်ကြသည်။

ဝေဒနာက္ခန္ဓာက အကြောင်းတရားဖြစ်လျှင် သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့က အကျိုးတရားအဖြစ်လည်းကောင်း၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့က အကြောင်းတရားဖြစ်လျှင် ဝေဒနာက္ခန္ဓာက အကျိုးတရားအဖြစ်

၁။ သီလဝန္တသုတ္တ၊ ဓမ္မကထိကဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ (နှာ-၁၃၆)
ဝိပဿနာကထာ၊ ပညာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ။ (နှာ-၄၁၁)

လည်းကောင်း၊ သညာက္ခန္ဓာနှင့် သခ်ါရက္ခန္ဓာတို့က အကြောင်းတရားဖြစ်လျှင် ဝေဒနာ-က္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့က အကျိုးတရားအဖြစ်လည်းကောင်း စဉ်ဆက်မပြတ် ဖြစ်လျက်၊ တည်လျက်၊ ပျက်လျက်နေကြသည်။ ထို့ကြောင့် စိတ်တစ်လုံးတည်း ဖြစ်၍မရပါ။

တစ်ဖန် 'မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော'ဟူ၍ ဟောကြားတော်မူပါသည်။ မဟာဘုတ်ဟူသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့သည်လည်း အပြန်အလှန် တည်ရာမှီရာအဖြစ်ဖြင့် ဖြစ်ကြသည်။ ဤ၌ မဟာဘုတ်တစ်ပါးကိုစွဲပြီး (၃)ပါး ဖြစ်သည်။ မဟာဘုတ် (၃) ပါးကိုစွဲပြီး တစ်ပါးဖြစ်သည်။ မဟာဘုတ် (၂) ပါးကိုစွဲပြီး (၂)ပါး ဖြစ်သည်။ ရုပ်တစ်ခုတည်း ဖြစ်၍မရပါ။ မဟာဘုတ် (၄) ပါးတို့က စဉ်ဆက်မပြတ် ဖြစ်လျက်၊ တည်လျက်၊ ပျက်လျက် နေကြပါသည်။ ထို့ကြောင့် တည်တံ့၊ ခိုင်ခံ့မြဲမြံသည်ဟူ၍ မရှိပါ။

ဘဝတစ်ခုလုံးကို အလျော်အစား လုပ်ငံ့တော်မူကြသည်

ဆက်လက်ပြီး သူတော်ကောင်းကြီးများသည် ခန္ဓာ၏ မတည်တံ့၊ မခိုင်ခံ့သည့် သဘောကို သုတမယအသိဖြင့် ပိုင်ပိုင်သိရှိတော်မူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ဝယ်မပိုင်ဆိုင်ရသေးသော အရဟတ္တမဂ်အတွက် ယခုဘဝပိုင်ဆိုင်ထားသော ဤကိုယ်ကောင်ကြီးကို အလျော်အစား လုပ်ငံ့တော်မူကြသည့် သာဓကများ သာသနာ့သမိုင်း ခေတ်အဆက်ဆက်၌ ရှိခဲ့ဖူးပါသည်။

ကိလေသာပေလူးနေသော မျက်လုံးဖြင့်သာ ကြည့်တတ်သူတို့က ထိုသူတော်ကောင်းကြီးတို့၏လုပ်ရပ်ကို 'တဇွတ်ထိုးလုပ်တယ်'၊ 'ပြောတာနားမထောင်ဘူး ခေါင်းမာတယ်'၊ 'တစ်ကိုယ်ကောင်း ဆန်တယ်'ဟူ၍ အမျိုးမျိုးအဖုံဖုံ အပြစ်ဆိုချင်ဆိုကြပေမည်။

သူတို့၏ တစ်ထွာတစ်မိုက်မျှသာရှိသောဉာဏ်ဖြင့် ဤမျှသာ မြင်ကြခြင်းဖြစ်သည်။ သူတို့၏ မျက်လုံး၌ပေနေသော ကိလေသာအညစ်အကြေးတို့ကို တစ်ခုသောဘဝ၏ တစ်နေ့နေ့၌ ဖယ်ရှားပြီးပါက အကျိုးတရားတစ်ရပ် ပေါ်ပေါက်လာနိုင်ရန် အကြောင်းတရားများစွာ ရှိနေပါတကား'ဟူသော ဘုရားရှင်အဆူဆူတို့၏ အဆုံးအမစကားကို လက်လှမ်းမီနိုင်မည် ဖြစ်ပါသည်။

မျက်စိလည်းကွဲပျက်၊ ကိလေသာလည်း ကွဲပျက်ကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသည်

မဟာပါလအမည်ရသောသူဌေး၏အိမ်ရှေ့၌ လူများစွာတို့က နေ့စဉ် ပန်း၊ နံ့သာစသည်တို့ကို ယူဆောင်လျက် မြတ်စွာဘုရားရှင်၏ ကျောင်းတော်သို့ သွားကြသည်။ တစ်နေ့၌ မဟာပါလလည်း လူအများနှင့်အတူ လိုက်ပါသွားပြီး ဘုရားရှင်ထံပါးမှ တရားနာကြားလေသည်။ သူသည် တရားနာကြားပြီးနောက် ရဟန်းပြုခွင့် တောင်းသည်။

အရှင်မဟာပါလရဟန်းဖြစ်ပြီးနောက် ဆရာဥပဇ္ဈာယ်တို့၏ထံပါး၌ ငါးဝါပတ်လုံး နေသည်။ ဝါကျွတ်သောအခါ၌ မြတ်စွာဘုရားထံတော်ပါးမှ ကမ္မဋ္ဌာန်း တောင်းပန်လျှောက်ထားသည်။ ထို့နောက် ခြောက်ကျိပ်သော ရဟန်းတို့နှင့်အတူ ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးကွာသော ပစ္စန္တရစ်ရွာသို့ တရားအားထုတ်ရန် ကြွတော်မူကြပါသည်။

မဟာပါလမထေရ်သည် ဝါဆိုသောနေ့၌ ရဟန်းတို့ကိုခေါ်၍ “ငါ့ရှင်တို့ - ဤဝါတွင်း သုံးလပတ်လုံး အဘယ်မျှလောက်ကုန်သော ဣရိယာပုတ်တို့ဖြင့် လွန်စေကုန်အံ့နည်း”ဟု မေးတော်မူသည်။ “အရှင်ဘုရား - လေးပါးကုန်သော ဣရိယာပုတ်တို့ဖြင့် လွန်စေပါကုန်အံ့”ဟု ရဟန်းတို့က လျှောက်ကြသည်။ “ငါ့ရှင်တို့ - ဤဣရိယာပုတ်လေးပါးတို့ဖြင့် လွန်စေခြင်းသည် အဘယ်မှာ လျှောက်ပတ်အံ့နည်း။ မမှေ့မလျော့သောသူတို့ ဖြစ်ထိုက်သည်မဟုတ်ပါလော။ ဘုရားရှင်သည် မှေ့လျော့ခြင်းကို နှစ်သက်တော်မမူပါ။ မှေ့လျော့သောသူအား အပါယ်လေးဘုံတို့သည် မိမိအိမ်နှင့် တူကုန်၏”ဟု မိန့်တော်မူသည်။

ထိုအခါ ရဟန်းတို့က “အရှင်ဘုရားတို့သည် အဘယ်မျှလောက်သော ဣရိယာပုတ်တို့ဖြင့် လွန်စေကုန်အံ့နည်း”ဟု မေးလျှောက်ကုန်သော် “ငါ့ရှင်တို့-ငါကား သုံးပါးသော ဣရိယာပုတ်တို့ဖြင့် လွန်စေအံ့။ ကျောက်ကုန်းကို မဆန့်၊ မအိပ်စက်အံ့”ဟု မိန့်တော်မူသည်။

အိပ်စက်ခြင်းဣရိယာပုတ်ကို ပယ်တော်မူသည့် အရှင်မဟာပါလမထေရ်၌ ဝါခေါင်လတွင် မျက်စိရောဂါ ဖြစ်လာသည်။ မျက်ရည်များ ရေအလျဉ်ကဲ့သို့ တသွင်သွင် ယိုစီးလာသည်။ ရဟန်းတော်များအား ဆွမ်းခံရွာရှိဆေးဆရာတစ်ဦးက မကျန်းမမာဖြစ်ပါက ဆေးကုသပေးမည်ဟု လျှောက်ထားဖူးသည်။ ထို့ကြောင့် ဆေးဆရာကို အကြောင်းကြားကြသည်။

ဆေးဆရာသည် မျက်စိရောဂါကုသနိုင်ရန် မျက်စဉ်းဆေး ဖော်စပ်ပြီး ဆက်ကပ်ပါသည်။ သူ၏မျက်စဉ်းဆေးကို လဲလျောင်းသည့် ဣရိယာပုတ်ဖြင့် နှာခေါင်းထဲကို

ခတ်ရမည်ဟု လျှောက်ထားသည်။ မထေရ်မြတ်က ဆေးကို ထိုင်လျက်ခတ်ပြီး နောက် တစ်နေ့နံနက် ရွာထဲသို့ ဆွမ်းခံကြွတော်မူပါသည်။

ဆေးဆရာသည် မဟာပါလမထေရ်ကိုကြည့်ပြီး "အရှင်ဘုရား - တပည့်တော်လျှို့ လိုက်တဲ့မျက်စဉ်းဆေးကို နှာခေါင်းထဲကို ခတ်ပါသလားဘုရား"ဟု မေးလျှောက်ရာ "ခတ်ပါတယ် ဒါယကာ"ဟု မိန့်တော်မူသည်။ မျက်စိရောဂါ သက်သာလာပါသလား ဘုရားဟုမေးလျှောက်ရာ "ဒါယကာ - နာကျင်မြဲ နာကျင်နေပါတယ်"ဟု မိန့်တော်မူသည်။

ထိုအခါ ဆေးဆရာသည် "ငါ၏မျက်စဉ်းဆေးကား တစ်ကြိမ်ခတ်ရုံမျှဖြင့် ဒီရောဂါပျောက်နိုင်တယ်။ ဘာ့ကြောင့်များ ရောဂါမသက်သာတာပါလိမ့်မလဲ"ဟု တွေးမိပြီး-"အရှင်ဘုရား ဆေးကို အိပ်ရာပေါ်လဲလျောင်းပြီး ခတ်ပါသလား"ဟု မေး လျှောက်ရာမထေရ်သည် ဆိတ်ဆိတ်နေတော်မူသည်။ ဆေးဆရာသည် "ကျောင်းကို သွားပြီး မထေရ်ကြီး သီတင်းသုံးတော်မူနေတဲ့နေရာကို ကြည့်ဦးမယ်"ဟု ကြံစည်ပြီး ကျောင်းသို့ လိုက်သွားပါသည်။

ကျောင်းထဲ၌ အိပ်ရာနေရာကို မမြင်ပေ။ ထိုအခါ-"အရှင်ဘုရား မျက်စဉ်းဆေးကို ထိုင်ပြီးခတ်ပါသလား၊ အိပ်ပြီးခတ်ပါသလား"ဟု မေးလျှောက်ရာ မထေရ်သည်လဲ လျောင်းသည့် ဣရိယာပုတ်ကို ပယ်ထားသဖြင့် ရပ်ခြင်း၊ ထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်း ဟူသော ဣရိယာပုတ်သုံးပါးဖြင့်သာ ကမ္မဋ္ဌာန်းဘာဝနာ ကျင့်ကြံတော်မူနေသည်။ ထို့ကြောင့် ဆေးဆရာ၏ မေးခွန်းကို မဖြေကြားဘဲ ဆိတ်ဆိတ်သာ နေတော်မူသည်။

ဆေးဆရာသည် သူညွှန်ကြားသည့်အတိုင်း စကားနားမထောင်သော၊ ဂိလာန ရဟန်းတော်အား ဆေးကုသခြင်းကို ရပ်ဆိုင်းပြီး လက်လွတ် လိုက်လေတော့သည်။

မထေရ်မြတ်သည် ကျောင်းပြန်ရောက်ပြီးနောက် မိမိကိုယ်ကို "ငါ့ရှင် ပါလိတ-သင်သည် မျက်စိကို ကြည့်အံ့လော၊ သို့တည်းမဟုတ် ဘုရားရှင်သာသနာတော်ကို ကြည့်အံ့လော၊ အစမထင်သော သံသရာဝဋ်၌ သင်၏မျက်စိကန်းခြင်းကို ရေတွက် နိုင်ခြင်းမည်သည် မရှိ။ ယခုအခါ ငါသည် ဤဝါတွင်းသုံးလပတ်လုံး မအိပ်ဘဲနေတော့ အံ့ဟု ဆောက်တည်ထားပြီးဖြစ်၏။ ထို့ကြောင့် သင်ပါလိတ၏မျက်စိတို့သည် ပျက်မူ လည်း ပျက်စေကုန်၊ ကွဲမူလည်း ကွဲစေကုန်၊ ဘုရားရှင်၏ ဆုံးမခြင်းကိုသာ ဆောင်ယူ လေလော့။ မျက်စိကို မဆောင်ယူလေလင့်။ ယခုအခါ သင့်ကို ဆေးဆရာက စွန့်လွှတ် လေပြီ၊ သင်သည် ဣရိယာပုတ်ကို မစွန့်လွှတ်လေနဲ့"ဟု မိမိကိုယ်ကို ဆုံးမတော်မူပါသည်။

မထေရ်မြတ်ကြီးသည် မိမိကိုယ်ကို ဆုံးမပြီးနောက် ရဟန်းတရား အားထုတ်တော်မူပါသည်။ ထိုညဉ့်သန်းခေါင်ယံအချိန်ကို လွန်သည်ရှိသော် မျက်စိနှစ်ကွင်းလုံး ကွဲပျက်သွားလေတော့သည်။ ထိုအချိန်၏ မရှေးမနှောင်း၌ပင် ကိလေသာတို့သည်လည်း ကွဲပျက်ကုန်ခန်းခြင်းသို့ ရောက်ကာ သုက္ခဝိပဿက ရဟန္တာဖြစ်တော်မူပါသည်။[၁]

သီရိမာကို ခွဲလမ်းသောရဟန်း

ဆရာဇီဝက၏နှမ ပြည့်တန်ဆာမသီရိမာသည် မြတ်စွာဘုရားထံတော်ပါးမှ တရားနာကြားရသဖြင့် သောတာပန်အဖြစ်သို့ ရောက်သည်။ သူသည် ထိုနေ့မှစ၍ နေ့စဉ် နံနက်တိုင်း ရဟန်းတော်ရှစ်ပါးအား နိစ္စဘတ်ဝတ်ပြု၍ ဆွမ်းလှူဒါန်းလေ့ရှိသည်။

အချို့သော ဆွမ်းခံရဟန်းတော်များက 'သီရိမာဥပါသိကာမအိမ်က ဆွမ်းမည်မျှ ကောင်းမွန်ကြောင်း၊ သီရိမာကို မြင်ရခြင်းကလည်း သာ၍ကျေနပ်ဖွယ်ကောင်းကြောင်း' တို့ကို ပြောကြသည်။ ထိုသတင်းစကားကို ကြားမိသော ရဟန်းတစ်ပါးသည် သီရိမာကို ကြည့်လို၊ မြင်လိုလှသဖြင့် ရာဇဂြိုဟ်မြို့ဝင်ဝေဠုဝန်ကျောင်းတော်သို့ ကြွသွားသည်။ သီရိမာ၏ အိမ်ဆွမ်းအလှည့်ကျသောနေ့၌ ဆွမ်းခံ လိုက်ခွင့်ရလေသည်။

တိုက်ဆိုင်စွာပင် ထိုရဟန်း ဆွမ်းခံသွားသောနေ့၌ သီရိမာ မကျန်းမမာဖြစ်နေသဖြင့် အခြွေအရံများကို ဖေးမစေပြီး တုန်တုန်ရီရီဖြင့် သံဃာတော်များကို ရှိခိုးကန်တော့၍ ဆွမ်းကပ်လှူသည်။ တောကျောင်းမှလာသော ထိုရဟန်းသည် သီရိမာကို မြင်လျှင် 'နေမကောင်းလို့ အထူးတလည် ဝတ်စားဆင်ယင်မှု မရှိတာတောင်မှ ဒီလောက် လှပနေခဲ့ရင် ကျန်းမာတဲ့အခါတုန်းက သီရိမာဘယ်လောက်ကြီးများ ကြည့်မဝအောင် လှပတင့်တယ်နေမလဲနော်'ဟု တစိမ့်စိမ့် တွေးနေပါတော့သည်။

အယောနိသော မနသိကာရအားကြီးသွားသော ထိုတောနေရဟန်း၏သန္တာန်၌ သံသရာတစ်လျှောက် ကိန်းအောင်းလာခဲ့သော အနုသယကိလေသာငုတ်သည် သီရိမာတည်းဟူသော ရူပါရုံကို အကြောင်းပြု၍ ရုတ်ခြည်း ထကြွသောင်းကျန်းလာပါတော့သည်။ ရဟန်းသည် ကမ္မဋ္ဌာန်းအသိသတိ လက်လွတ်ပြီး ဆွမ်းကိုပင် မစားနိုင်တော့ဘဲ သပိတ်ကို ခုတင်အောက်ထားပြီး သက်နှံး ဦးခေါင်းခြုံ၍ အိပ်နေပါတော့သည်။

၁။ စက္ခုပါလထေရ်ဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂)

တိုက်ဆိုင်စွာပင် သီရိမာသည် ထိုနေ့ညနေ၌ သေဆုံးသွားလေသည်။ မြတ်စွာဘုရားရှင်သည် သီရိမာ၏ ရုပ်ကလာပ်ကို တောခွေး၊ အိမ်ခွေး၊ ကျီး၊ လင်းတို့ မစားစေဘဲ သုသာန်၌ (၃)ရက်တိုင်တိုင် စောင့်ရှောက်ထားရန် ဗိမ္မိသာရမင်းကြီးအား မိန့်ကြားတော်မူပါသည်။ (၄)ရက်မြောက်သောနေ့၌ သီရိမာ၏ကိုယ်ကောင်ကြီးသည် ညိုမည်းပြီး ဖူးဖူးရောင်ကာ (၉)ပါးသောဒွါရတို့မှ သွေးပုပ်၊ ပြည်ပုပ်တို့ ယိုစီးလျက်နေပါတော့သည်။ တစ်ကိုယ်လုံးလည်း ကွဲအက်ပေါက်ပြဲကာ မြင်မကောင်း၊ ရှုမကောင်း အပုပ်နံ့ တဟောင်းဟောင်း ထွက်လျက်ရှိနေပါသည်။

(ဤတွင် ကိုးပါးသော ဒွါရဟူသော အပေါက်တို့မှာ မျက်စိပေါက်-၂၊ နားပေါက်-၂၊ နှာခေါင်းပေါက်-၂၊ ခံတွင်းပါးစပ်ပေါက်-၁၊ ကျင်ကြီးပေါက်-၁၊ ကျင်ငယ်ပေါက်-၁ တို့ဖြစ်သည်။)

ထိုမှသည် (၄)ရက်မြောက်သောနေ့၌ ဘုရင့်အမိန့်ဖြင့် တိုင်းသူပြည်သားများကို သုသာန်သို့ လာစေသည်။ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကိုလည်း “သီရိမာ၏ အသုဘကိုရှုရန် ကြွတော်မူပါ”ဟု မင်းကြီးက ပင့်လျှောက်သည်။ သီရိမာကို စွဲလမ်းသော စိတ်ဖြင့် (၄)ရက်တိုင်တိုင် ဆွမ်းမစားဘဲ သင်္ကန်းခြုံ အိပ်နေသော ရဟန်းလည်း သီရိမာကို ကြည့်ရှုရန် ရုတ်ခြည်းထကာ ရဟန်းတော်များနှင့် အတူလိုက်လေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် သီရိမာအလောင်း၏တစ်ဖက်၌ နေတော်မူပြီး ဘိက္ခုနီများ၊ မင်းပရိသတ်များ၊ ပြည်သူပြည်သားတို့က အခြားတစ်ဖက်၌ နေကြသည်။

ထိုအခါ ဘုရားရှင်သည် ဗိမ္မိသာရမင်းကြီးကို “မင်းကြီး- ဤအလောင်းကောင်သည် အဘယ်သူဖြစ်သနည်း”ဟု မေးတော်မူသည်။-“ဆရာဇီဝက၏နှမ သီရိမာ ဖြစ်ပါသည် ဘုရား”ဟု လျှောက်သည်။-“မင်းကြီး- သီရိမာ ဖြစ်ဘိမူ ငွေတစ်ထောင်ပေး၍ သီရိမာကို ယူကြကုန်ဟု မြို့တွင်းသို့ စည်လည်ကြွေးကြော်စေလော့”ဟု မိန့်တော်မူရာ ဗိမ္မိသာရမင်းကြီးသည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း စည်လည်ကြွေးကြော်စေသည်။ တစ်ယောက်တလေမျှ သီရိမာကိုယူလိုသူ ပေါ်မလာပေ။ တန်ဖိုးကိုလျှော့၍ ကြွေးကြော်စေသော်လည်း ယူလိုသူမရှိသဖြင့် အခမဲ့ပေးသော်လည်း မည်သူမျှမယူကြပေ။

သီရိမာ၏ အလောင်းကောင်ကိုပြ၍ သုသာန်၌ တရားဟောတော်မူသည်

မြတ်စွာဘုရားသည် “ရဟန်းတို့- ကြည့်ကြစမ်းလော့၊ ယခင်က လူအပေါင်းတို့ နှစ်သက်မြတ်နိုးသော ဤသီရိမာကို ဤရာဇဂြိုဟ်မြို့၌ပင်လျှင် တစ်နေ့တွက် ပြုစုလုပ်ကျွေးရန် အဖိုးအခ ငွေတစ်ထောင်ပေးမှသာလျှင် ရကြကုန်၏။ ယခုအခါ၌မူကား အခမဲ့ အလကားပေးသည်ကိုပင် ယူမည့်သူ ယူလိုသူမရှိ ဖြစ်နေပေတော့သည်။ ဤကဲ့သို့ ချစ်ခင်နှစ်သက် စုံမက်ဖွယ် လှပတင့်တယ်ပါသည်ဟုဆိုရသော ရူပကာယမည်သော ဤရုပ်အစုသည် ကုန်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်း၊ ပုပ်သိုးခြင်းသို့ ရောက်ရပေတော့သည်”ဟု ဟောတော်မူပါသည်။

ဆက်လက်ပြီး “ပကတိ ရုပ်ကောင်ကြီးသည် အရိုး၊ အကြော၊ အသား၊ အသွေးတို့ဖြင့် တွယ်ကပ်လိမ်းကျံ ဖွဲ့ယှက်လျက် အရေထူ အရေပါးတို့က အပေါ်ရံ ဖုံးကွယ်အုပ်ဆိုင်းထားသောကြောင့် အတွင်း၌ရှိသော ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်၊ နှလုံးနာဖွယ်၊ မနှစ်သက်ဖွယ်ဖြစ်သော အသုဘသဘောကို ဟုတ်မှန်သောအတိုင်း မထင်မမြင်ကြပေ။ ထို့ကြောင့် အပေါ်ယံကိုသာ ကြည့်မြင်ကြလျက် ပုထုဇဉ်သတ္တဝါတို့သည် တွယ်တာနှစ်သက် တပ်မက်စွဲလမ်းနေကြသည်”ဟု ဂါထာဖြင့် ဟောကြားတော်မူပါသည်။

ထို့နောက် “ဤခန္ဓာကိုယ်အတွင်း၌ စန္ဒကူးနံ့သာ စသော မွှေးကြိုင်သန့်ရှင်းကောင်းမွန်သော အရာဝတ္ထုများ ရှိသည်မဟုတ်။ အူမကြီး၊ အစာသစ်အိမ်၊ အစာဟောင်းအိမ်၊ အသည်း၊ ကျင်ငယ်၊ နှလုံးသားအခွံ၊ အဆုတ်၊ အညှို့၊ သရက်ရွက်တည်းဟူသော စက်ဆုပ်ရွံရှာဖွယ်တို့ဖြင့်သာ ပြည့်သောကိုယ်ဖြစ်သည်”ဟု ဟောတော်မူပါသည်။

ဘုရားရှင်ဟောကြားတော်မူသော တရားတော်အရ မိန်းမ၊ ယောကျ်ား စသည်ဖြင့် ပညတ်တင်ကာ အထင်အမှတ်များနေကြသော ဤရူပကာယသည် စင်စစ်အားဖြင့် ဆံပင်၊ မွေးညင်း၊ အရိုး၊ အကြော၊ အသား၊ အသွေး စသော ရုပ်အစု အသုဘတို့ပါတကားဟု ပညာမျက်စိဖြင့် ကြည့်ရှုသော ယောဂီသည် ဉာတပရိညာဖြင့် သိမြင်ခြင်းဖြစ်ပါသည်။

တစ်ဖန် ထိုအရုပ်အစု အသုဘဖြစ်သော ကိုယ်သည် အမှန်အားဖြင့် မမြဲသောဘေးကြောင့် ဆင်းရဲသောသဘော၊ အလိုသို့မပါ မပိုင်မနိုင်သော အနတ္တသဘောရှိသော ပရမတ္ထရုပ်တရားတို့ပါတကားဟု ရှုမြင်သောယောဂီသည် တီရဏပရိညာဖြင့် မြင်ခြင်းဖြစ်ပါသည်။

ဤသို့ တီရဏပရိညာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော မြင်အောင်ရှုသည်ရှိသော် ယင်းရုပ်အစု အသုဘကိုယ်ကောင်၌ တပ်မက်နှစ်သက် တွယ်တာခြင်းသဘောရှိသော ဆန္ဒရာဂကို အရိယာမဂ်ဉာဏ်ဖြင့် မမြင်သေးသော ယောဂီသည်လည်း တဒင်္ဂအားဖြင့် ပဟာနပရိညာ ဉာဏ်အမြင်ဖြင့် မြင်ခြင်းဖြစ်ပါသည်။

ဘုရားရှင်ဟောကြားတော်မူသော ဤဒေသနာတော်အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် အကျွတ်တရား ရကြလေသည်။ သီရိမာနတ်သမီး သည် အနာဂါမိဖိုလ်သို့ရောက်သည်။ သီရိမာကိုစွဲလမ်းစိတ်ကြောင့် ဒုက္ခရောက်နေ ရှာသော ထိုတောနေရဟန်းသည်လည်း ဘုရားရှင်အား မှီရာနိဿယရရှိခဲ့သောကြောင့် သောတာပတ္တိဖိုလ်၌ တည်လေတော့သည်။[၁]

နိဿယပစ္စယာဇီဝတောင်း

“မြေကြီးသည် သစ်ပင်တို့၏ တည်ရာမှီရာဖြစ်သကဲ့သို့ လူသားတို့သည်လည်း ကောင်းမွန်သော နာမ်တရားနှင့် ရုပ်တရားတို့ကို အမှီပြု၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေသား”



၁။ သီရိမာဝတ္ထု၊ ဇရာဝဂ်၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၆၆)

နိဿယပစ္စယော သိမှတ်ပုံ


နိဿယပစ္စည်း၏ ကျေးဇူးပြုပုံ

သဟဇာတနိဿယပစ္စည်းသည် နာမ်တရားက နာမ်နှင့်ရုပ်တရား (Mind to Mind and Matter)ကို လည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to Matter)ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရားတို့ (Mind to Matter mutually)ကို အပြန်အလှန် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

ပုရေဇာတနိဿယပစ္စည်းသည် ရုပ်တရားက နာမ်တရား (Matter to Mind)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။[၁]

နိဿယပစ္စယော (ဘုရားဖူးစဉ်) ဝိထိ

အကြင်ပုဂ္ဂိုလ်သည် ဘုရားတည်းဟူသော ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရဝီထိ ကျလိုလတ်သော် -



ဘုရားတည်းဟူသောရူပါရုံ (စက္ခုဝိညာဏ်) သော ဉာသံ အ မဟာကုသိုလ်စိတ် ဇော (၇) ကြိမ်

ဤဝီထိ၌ ဘုရားတည်းဟူသော ရူပါရုံသည် သန်းဦးခေါင်းပမာဏရှိတဲ့ စက္ခုပသာဒနှင့် ရှေးရှုပြီး အတိတဘဝင် ပြိုင်လာကြ၏။ ဤကဲ့သို့ ပြိုင်လာငြားသော်လည်း ဟဒယဝတ္ထုနှင့်သာ ထိခိုက်လာ၏။ သို့အတွက် မနောဒွါရဝီထိများ ပေါ်လာရ၏။ ထို့ကြောင့် ရူပါရုံနှင့် စက္ခုပသာဒတို့ မထိခိုက်မိလွန်သောကြောင့် အတိတဘဝင်ယူ။ ၎င်းနောက် အတိတဘဝင်ဆိုတဲ့ စိတ်ကလေးသည် ဇာတိ၊ ဇရာ၊ မရဏဟု ဆိုအပ်တဲ့ တရားတွေက နှိပ်စက်သောကြောင့် ချုပ်သွားရ၏။ ဤကဲ့သို့ ချုပ်သွားငြားသော်လည်း ရူပါရုံက မချုပ်သေး။ စိတ္တက္ခဏ (၁၇)ချက်ပြည့်မှ ချုပ်ရ၏။

ဒါကြောင့် ၎င်းရူပါရုံက မချုပ်သေး၍ တစ်ဖန် ဟဒယဝတ္ထု အကြည်ဓာတ်နဲ့ တိုက်ပြန်၏။ သို့အတွက် ဘဝင်စလနဆိုတဲ့စိတ် ဖြစ်ပြန်၏။ ၎င်းစိတ်ကလေး ချုပ်သွားပြီးနောက် ရူပါရုံကလေးမှာ မချုပ်သေးပါပဲ ဟဒယဝတ္ထုနဲ့ တိုက်ပြန်၏။ ထိုသို့ တိုက်လိုက်တဲ့အခါမှာ ဘဝင်ပြတ်ခါနီးဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒကလေး ပေါ်လာရ၏။ ၎င်း ဘဝင်္ဂုပစ္ဆေဒကလေးလည်း ချုပ်သွားပြန်၏။ ချုပ်ပြီးနောက် ရူပါရုံကလေးမှာ မချုပ်သေးဘဲ ဟဒယဝတ္ထုနဲ့ တိုက်ပြန်၏။ စက္ခုဝိညာဏ် ပေါ်ပြီလားဆိုတော့ မပေါ်သေးပါဘူးတဲ့။ ၎င်းအာရုံကို ဆင်ခြင်တတ်တဲ့ ပဉ္စဒွါရာဝဇ္ဇနကလေးပေါ်လာရ၏။ ၎င်းနောက် ရူပါရုံကလေးသည် မချုပ်သေးဘဲ စက္ခုပသာဒနဲ့တိုက်ပြန်၏။

ထိုသို့ တိုက်လိုက်တဲ့အခါမှာ ရူပါရုံက အတိတဘဝင်ကစပြီး ဖြစ်လာတဲ့ရုပ်၊ စက္ခုပသာဒကလည်း အတိတဘဝင်ကစပြီး ဖြစ်လာတဲ့ရုပ်ဖြစ်၍ ဦရုပ်အချင်းချင်း သွားထိခိုက်လိုက်တဲ့အခါ အလွန်အားရှိသည်ဖြစ်၍ ထိခိုက်ချက်နာသောကြောင့် စက္ခုဝိညာဏ်ဆိုတဲ့ အပွင့်ဓာတ်ကလေး ပေါ်လာရ၏။ ၎င်းအပွင့်ဓာတ်ကလေးသည် ဘယ်သူ့ကိုမှမြင်ပြီး ပေါ်လာပါသလဲလို့ဆိုရင် စက္ခုပသာဒကလေးကိုမှမြင်ပြီး ပေါ်လာရ၏။ ဒါကြောင့် စက္ခုပသာဒသည် ဝတ္ထုပုရေဇာတပစ္စည်း၊ စက္ခုဝိညာဏ်ကလေးသည် ပစ္စယုပ္ပန်မှတ်လေ။ ကျေးဇူးပြုတဲ့နေရာမှာ ရူပါရုံကလည်းဦ၊ စက္ခုပသာဒကလည်းဦ။ ဤကဲ့သို့ အချင်းချင်းဖြစ်မှ ကျေးဇူးပြု၏မှတ်ပါ။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စု ချပို့စဉ်တို့ကို မှီငြမ်းသည်။

ဥပမာအားဖြင့် ကျောက်နဲ့သံတုံးတို့ ထိခိုက်လိုက်တဲ့အခါ မီးပွင့်ကလေး ဘွားခနဲပွင့်လာ၏။ ၎င်းမီးပွင့်ကလေးဟာ မည်သူ့ကြောင့် ပေါ်လာပါသလဲဆိုရင် သံနဲ့ကျောက်တို့ ထိခိုက်လို့ပေါ်လာတယ်မှတ်ပါ။ ဤကဲ့သို့ ပေါ်လာတဲ့အခါမှာ ၎င်းမီးပွင့်ကလေးသည် မည်သူ့အပေါ်မှာ တည်ပါသလဲဆိုရင် ခဏတ္တယအားဖြင့် ကျောက်ပေါ်မှာ တည်နေ၏။ သို့ဖြစ်ပါ၍ ဝါဂွမ်းကို မီးစွဲတာဟုမှတ်။ သံတုံးပေါ်မှာ အကယ်၍သွားပြီးတည်နေခဲ့ပါရင် မီးစွဲလိမ့်မည် မဟုတ်ပေ။

ထို့အတူ ရူပါရုံနှင့် စက္ခုသာဒတို့ သွားပြီးထိခိုက်လိုက်တဲ့အခါမှာ စက္ခုဝိညာဏ်ဆိုတဲ့ အပွင့်ဓာတ်ကလေးသည် စက္ခုပသာဒပေါ်မှာတည်ပြီး ခဏငယ်အားဖြင့် သုံးချက် အသက်ပြည့်အောင်နေနိုင်၏။ စက္ခုပသာဒကိုမှီရလို့သာ ဥပါဒ် ဌိ ဘင် ထိအောင် နေနိုင်၏။ မမှီက နေနိုင်မည် မဟုတ်ပေ။

စက္ခုပသာဒသည် ကျောက်နှင့်တူ၏။ ရူပါရုံသည် ခတ်တဲ့ သံတုံးနှင့်တူ၏။ စက္ခုဝိညာဏ်ဆိုတဲ့ အပွင့်ဓာတ်ကလေးသည် မီးပွင့်နှင့်တူ၏။ ကျောက်နှင့်တူတဲ့ စက္ခုပသာဒနှင့် သံနှင့်တူတဲ့ရူပါရုံတို့ သွားပြီး ထိခိုက်လိုက်တဲ့အခါမှာ မီးပွင့်နဲ့တူတဲ့ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာရ၏။ ပေါ်လာရငြားသော်လည်း စက္ခုပသာဒကို မှီပြီးမှ ပေါ်လာရ၏။ သို့အတွက် ရူပါရုံကိုမြင်နိုင်၏။ ဒါ့ကြောင့် ဒဿနကိစ္စ တပ်နိုင်၏။ မီးပွင့်ကလေးသည် ကျောက်မှာမှီပြီး ဝါဂွမ်းကိုစွဲသလို စက္ခုဝိညာဏ်ကလေးလည်း စက္ခုပသာဒကို မှီရလို့ ဒဿနကိစ္စ တပ်နိုင်၏။ ၎င်းပစ္စည်းသည် ဇနကောပတ္ထမ္ဘကပစ္စည်းမှတ်ပါ။

စက္ခုပသာဒကလေးသည် စက္ခုဝိညာဏ်စိတ်ဖြစ်အောင် ကျေးဇူးပြုရကား “ဇနက” မှတ်ပါလေ။ စက္ခုပသာဒကလေးကြည်လင်မှ စက္ခုဝိညာဏ်လည်း ကြည်ကြည်လင်လင် မြင်ရ၏။ စက္ခုပသာဒမကြည်က စက္ခုဝိညာဏ်လည်း မကြည်လင်။ သို့ဖြစ်၍ ၎င်းစက္ခုဝိညာဏ်အား စက္ခုပသာဒသည် အကူအညီ အထောက်အပံ့ပေးသောကြောင့် “ဥပတ္ထမ္ဘက” မှတ်ပါလေ။[၁]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ သဟဇာတနိဿယ

(က) နာမ်တရားက နာမ်နှင့် ရုပ်တရား (Mind to Mind and Matter)ကိုကျေးဇူးပြုရာတွင်-
ပစ္စယဟူသော အကြောင်းတရားမှာ- စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး၊ စိတ္တဇရုပ် နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

(ခ) ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘုတ် (၄) ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - မဟာဘုတ် (၄) နှင့် ဥပါဒါန်ရုပ်တို့ ဖြစ်သည်။

(ဂ) နာမ်တရားနှင့် ရုပ်တရားတို့ အပြန်အလှန် ကျေးဇူးပြုရာတွင် ပဋ္ဌဝေါကာရ ပဋိသန္ဓေစိတ် စေတသိက်နှင့် ဟဒယဝတ္ထု။

၂။ ပုရေဇာတနိဿယ

(က) ရုပ်တရားက နာမ်တရား (Matter to Mind)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ဝတ္ထုရုပ် (၆) ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - အရူပဝိပါက် (၄)ပါး ကြဉ်သောစိတ် (၈၅)ပါးနှင့် စေတသိက် (၅၂)ပါးတို့ဖြစ်သည်။

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုခွဲပို့စဉ် (နှာ-၁၅၁)

၉။ ဥပနိဿယပစ္စယော
အားကြီးသော မှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Upanissaya Paccaya (Strong dependence condition)

ပစ္စယနိဒ္ဒေသ

ဥပနိဿယပစ္စယောတိ - ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

Powerful dependence condition (Upanissaya Paccaya)

Preceding wholesome phenomena are related to subsequent wholesome phenomena by powerful dependence condition.

Preceding wholesome phenomena are related to subsequent unwholesome phenomena not immediately by powerful dependence condition.

Preceding wholesome phenomena are related to subsequent indeterminate phenomena by powerful dependence condition.

Preceding unwholesome phenomena are related to subsequent unwholesome phenomena by powerful dependence condition.

Preceding unwholesome phenomena are related to subsequent wholesome phenomena not immediately by powerful dependence condition.

Preceding unwholesome phenomena are related to subsequent indeterminate phenomena by powerful dependence condition.

Preceding indeterminate phenomena are related to subsequent indeterminate phenomena by powerful dependence condition.

Preceding indeterminate phenomena are related to subsequent wholesome phenomena by powerful dependence condition.

Preceding indeterminate phenomena are related to subsequent unwholesome phenomena by powerful dependence condition.

Weather and food are also related [to beings] by powerful dependence condition.

A person is also related [to beings] by powerful dependence condition.

The lodging-place is also related [to beings] by powerful dependence condition.

ဥပနိဿယပစ္စည်း၏ ဥပမာ ဥပမေယျ

“မိုးနှင့်မကင်း၊ စုံခပင်းတို့၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့” ဟု ရှေးဆရာမြတ်တို့က မိုးနှင့် ဥပမာပြု၍ မိန့်တော်မူထားသည်နှင့်အညီ သက်ရှိ၊ သက်မဲ့ အရာဝတ္ထု အားလုံးတို့ကို အားကြီးသော မှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုသကဲ့သို့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ၊ ကာယိက သုခ၊ ကာယိက ဒုက္ခ၊ ဥတု၊ ဘောဇဉ်၊ ပုဂ္ဂိုလ်၊ ကျောင်းအိပ်ရာနေရာတို့သည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတရားများ ဖြစ်ပေါ်လာစေရန် အားကြီးသော မှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုကြသည်။[၁]

Upanissaya Paccaya

Number nine is Upanissaya Paccaya. "Upa' means very strong. So 'Upanissaya' means very strong support or here it is translated as decisive support. It is compared to the rain. When there are rains, trees can grow, and beings can get water to drink. So, they all depend on the rain for their existence or their survival. Upanissaya is like the rain. It is more forceful than Nissaya. We will study them later.[၂][၃]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

၂။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၃။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

The great causes, Strong causes

ဥပနိဿယပစ္စည်းက အကျိုးတရားတို့ကို မလွဲမသွေ ဧကန် ဖြစ်ပေါ်စေနိုင်သည် အထိ အားကြီးသောအကြောင်းတရားဖြစ်သောကြောင့် မဟာပစ္စယ၊ ဗလဝကာရဏာ ဧရာမအကြောင်းတရား (The great causes, Strong causes)ဟု အဋ္ဌကထာက ဖွင့်ဆို ထားပါသည်။ ဥပနိဿယပစ္စည်း၌ -

၁။ အာရမ္မဏူပနိဿယ = Object decisive support

၂။ အနန္တရူပနိဿယ = Proximity decisive support

၃။ ပကတူပနိဿယ = Natural decisive support ဟု သုံးမျိုးရှိသည်။

ဤသုံးပါးတို့အနက် ပကတူပနိဿယသည် အားကြီးသည့် အကြောင်းတရား ဖြစ်သည်။ အာရမ္မဏူပနိဿယက အာရုံအကြောင်းတရား ဖြစ်ပါသည်။ အနန္တရူပ နိဿယက ရဟန္တာဖြစ်ပြီး သဉ္ဇာတိသေသနိဗ္ဗာန်ကို မျက်မှောက်မပြုသေးသမျှ ဥပါဒ်၊ ဋ္ဌိ၊ ဘင်၊ ဥပါဒ်၊ ဋ္ဌိ၊ ဘင်ဖြင့် စိတ်များ ဆက်ကာ၊ ဆက်ကာ၊ ဆက်ကာ ဖြစ်၊ တည်၊ ပျက်နေသည့် သဘာဝသဘောကပင် အနန္တရူပနိဿယ မည်ပေသည်။

ဗလဝန္ဒှင့် ဒုဗ္ဗလ

အားကောင်းသည့် ဗလဝကံဟုဆိုရာတွင် သာမန်အားကောင်းရုံမျှ မဟုတ်ဘဲ လွန်လွန်ကဲကဲကို အားကောင်းသောကြောင့် ဗလဝမည်ပါသည်။

(၁) အခြားကံတစ်ပါးပါးက နှောင့်ယှက်လျှင် ပျက်ပြယ်မည့်ကံကို ဒုဗ္ဗလကံဟု ခေါ်သည်။

(၂) အခြားကံတစ်ပါးပါးက မနှောင့်ယှက်နိုင်လောက်သည်အထိ အားကောင်း သည့်ကံကို ဗလဝကံဟု ခေါ်၏။ ဥပနိဿယမှာ ဗလဝ (The great, The Strong) ဖြစ်ပါသည်။

၁။ အာရမ္မဏူပနိဿယ = (အာရမ္မဏ + ဥပနိဿယ)

အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူပါသည်။ အာရမ္မဏာဓိပတိ = အာရုံသည်ပင် အားကြီးသည့်မှီရာအကြောင်း။ တစ်နည်းအားဖြင့် အာရုံက ဆိုင်ရာ နာမ်တရား (စိတ်)ကို ဆွဲဆောင်သွားခြင်းမျိုးဖြစ်သည်။ သို့သော် အာရုံတိုင်းမဟုတ်ဘဲ

'ဇေဋ္ဌ' အကြီးအမှူး (Great) သတ္တိလည်းရှိပြီး ရယူထားသည့် အာရုံကိုလည်း နှစ်နှစ်သက်သက် စွဲစွဲလမ်းလမ်းဖြစ်ကာ မစွန့်နိုင်၊ မခွာနိုင်၊ အာရုံမပြုဘဲ မနေနိုင်အောင်လည်း ဖြစ်မှ အာရမ္မဏာဓိပတိပစ္စည်း တပ်ပါသည်။

ကာမအာရုံတို့က ပုထုဇဉ်တို့၏စိတ်ကို သိမ်းကြုံး ဆွဲယူနိုင်စွမ်းရှိပါသည်။ ကိလေသာ ကုန်ခန်းနေသည့် အရိယာတို့၏စိတ်ကိုမူ ကာမအာရုံတို့က သိမ်းကြုံးနိုင်စွမ်းမရှိပါပေ။ ဈာနလာဘီပုဂ္ဂိုလ်က မိမိရထားသည့် ဈာန်ကို အလေးအမြတ် ပြုတော်မူကြပါသည်။ အရိယာသာဝကတို့ကလည်း မိမိတို့ရထားသည့် လောကုတ္တရာတရားတို့ကို အလေးအမြတ် ပြုတော်မူကြပါသည်။

အာရမ္မဏူပနိဿယနှင့် အာရမ္မဏာဓိပတိ၏ကွာခြားချက်

မိုးကုတ်ဆရာတော်ကြီးက အာရမ္မဏူပနိဿယနှင့် အာရမ္မဏာဓိပတိ၏ ခြားနားချက်ကို ဥပမာဖြင့် အောက်ပါအတိုင်း ပြတော်မူပါသည်။ 'သမီးမိန်းကလေးတစ်ယောက် မွေးဖွားလာတဲ့အခါမှာ သမီးကလေးကို ငယ်ရွယ်စဉ်အခါကာလ စောင့်ရှောက်ရသည်မှာ ဂရုကာတဗ္ဗမျှသာ စောင့်ရှောက်ရသောကြောင့် အာရမ္မဏာဓိပတိမှတ်။ အဲဒီနောက် အပျိုအရွယ်ဖြစ်လာတဲ့အခါကျတော့ ယောကျ်ားပျိုကလေးများရဲ့ စိတ်နှလုံးကိုရွှင်ပြုံးနှစ်သက်စေတဲ့အတွက် ငယ်ငယ်တုန်းက စောင့်ရှောက်ရတာနဲ့မတူတော့ဘဲ အထူးသဖြင့် စောင့်ရှောက်ရသောကြောင့် ဗလဝကာရဏ ဖြစ်လာရကား အာရမ္မဏူပနိဿယမှတ်ပါ'။[၁]

၂။ အနန္တရူပနိဿယ = (အနန္တရ + ဥပနိဿယ)

ရှေးရှေးစိတ်တို့ ပျောက်ပျောက်သွားကာ နောက်နောက်စိတ်တို့ မုချကေန် ဖြစ်လာစေနိုင်ရန် အနန္တရပစ္စည်းက ကျေးဇူးပြုသည်။ အနန္တရူပနိဿယ ပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူသည်။

ရုပ်ကိုယ်ကောင် (Physical process continuity)က ဒီဘဝသေလျှင် ပုပ်ပွပျက်ပြုန်းကာ ပျောက်ကွယ်သွားပါသည်။ နာမသန္တတိ (Mental process continuity)က ရှေ့ဘဝ၊ ရှေ့ဘဝမှသည် သံသရာမဆုံးမချင်း၊ နိဗ္ဗာန်မရမချင်း အဆက်ဆက် ဖြစ်၍နေပါသည်။ ယခုကဲ့သို့ ဆက်ကာဆက်ကာ ဖြစ်နေနိုင်ရန် အား (Power) လိုပါသည်။ ထိုကြီးမားသော အားရှိသောကြောင့် အနန္တရပစ္စယောက ဥပနိဿယထိုက်ပါသည်။ ထို့ကြောင့် အနန္တရူပနိဿယမည်သည်။

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုပို့ချစဉ် (နှာ-၁၈၅)

တစ်နည်းအားဖြင့် စိတ်တစ်ခုချုပ်ပြီးသည်နှင့် နောက်စိတ်တစ်ခု ဖြစ်လာနိုင်ရန်မှာ သာမညစွမ်းအား (Ordinary force)ဖြင့် မရနိုင်ပါ။ ရှေးရှေးစိတ်တို့၌ ပြင်းထန်သည့် တွန်းအား (Strong force) ရှိမှသာ နောက်နောက်စိတ်ကို ကျေးဇူးပြုနိုင်မည်ဖြစ်ပါသည်။

ဤတွင် ကုသိုလ်ဇောဝီထိအစဉ်တွင် အကုသိုလ်ဇောအစဉ် ဝင်မရပါ။ အကုသိုလ်ဇော စောနိုင်ရန်မူ ဇော၏နောက်၌ တဒါရုံ သို့မဟုတ် ဘဝင်ခြားပြီးမှသာ အကုသိုလ်ဇော စောနိုင်ပါသည်။ ကုသိုလ်အကြောင်းကြောင့် အကုသိုလ်ဖြစ်ခွင့်ကို အနန္တရမျိုး၌ မရနိုင်ပေ။ ထို့ကြောင့် ဝီထိစဉ်တစ်ခုတွင် ကုသိုလ်အကြောင်းကြောင့် ကုသိုလ်အကျိုး ဖြစ်ခွင့်နှင့် အကုသိုလ်အကြောင်းကြောင့် အကုသိုလ်အကျိုး ဖြစ်ခွင့်သာရနိုင်ပါသည်။

ကုသိုလ်ပြုနေသည့် ဖြစ်စဉ်တွင် အကုသိုလ်ဖြစ်နိုင်ကြောင်းကို ဥပမာပြပါမည်။ ဒါနပြုစဉ် ကုသိုလ်ဇော ဝီထိကျသည်။ ၎င်းမှာ ကုသိုလ်စစ်စစ်ဖြစ်သည်။ သို့သော် “ငါ့လို လျှဒါန်းနိုင်တဲ့လူ ဇမ္ဗူမှာ ရှိရိုးလား”ဟူသော မာနဝင်လာသည်ဟု ဆိုပါစို့။ အချိန်ခြားသွားလေပြီ။ ကုသိုလ်ဇောဝီထိများစွာ ဖြစ်ပြီးသွားခဲ့ပြီးပြီ။ ထိုမှနောက်၌ တဒါရုံကျပြီး (ဝါ) ဘဝင်ခြားပြီးမှသာ မာနဖြစ်ကာ အကုသိုလ်ဇော ဝီထိကျခြင်းဖြစ်သည်။

စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတရားကို ကောင်းမွန်စွာ အားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်အနေဖြင့် ဤစိတ်ဖြစ်စဉ်သည်လည်း သူ၏ရှုမှတ်မှု၌ ပါဝင်ပေမည်။ ထို့ကြောင့် ‘သိမ်အကြီးကြီးဆောက်ပြီး ရေစက်ချနေတုန်း ဇရပ်သေးသေးကလေးလှူထားတဲ့အစ်မကြီးကို ကြွားချင်တဲ့စိတ်က ဝင်လာပြန်သေးတယ်ဘုရား’ဟု ကျောင်းဒကာမကြီးက သူ၏တရားရှုကွက်ကို လျှောက်ထားဖူးသည်။

၃။ ပကတူပနိဿယ = (ပကတိ + ဥပနိဿယ)

ပကတိမည်သည် ပင်ကိုပကတိအားဖြင့်ပင် အားကြီးသည့်အကြောင်းတရားဖြစ်ပါသည်။ ပကတူပနိဿယ (Natural decisive support) ဟူသည် အနန္တရူပနိဿယကဲ့သို့ ရှေ့စိတ်က အားကြီး၍လည်း မဟုတ်ပေ။ အာရမ္မဏူပနိဿယကဲ့သို့ အာရုံက အားကြီး၍လည်း မဟုတ်ပေ။ ပကတူပနိဿယက ပင်ကိုပကတိအနေဖြင့်ပင် အားကြီးနေသည်ကို ဆိုလိုပါသည်။

တစ်နည်းအားဖြင့် အနန္တရူပနိဿယနှင့် အာရမ္မဏူပနိဿယအပြင် အခြားအားကြီးသည့်အရာမှန်သမျှ အားလုံး ပကတူပနိဿယဖြစ်သည်။ ထပ်မံ၍ တစ်နည်းဆိုရသော် အခြားအကြောင်းတရားများ မရောနှောဘဲ သူ့ချည်းသက်သက် အကျိုးတရားကို ဖြစ်စေနိုင်စွမ်းသည်ကိုပင် ပကတူပနိဿယဟု ခေါ်ပါသည်။

ရူပသန္တတိနှင့် နာမသန္တတိအကြောင်း သိကောင်းစရာ

စိတ်စေတနာမရှိသည့် ရူပသန္တတိအစဉ် (Physical process continuity) သည် တစ်စုံတစ်ခုကိုမှ ပြုလုပ်ဆောင်ရွက်နိုင်စွမ်း မရှိပါပေ။ အကြောင်းမှာ ထိုရူပသန္တတိအစဉ်၌ စိတ်စေတနာ မရှိသောကြောင့် ဖြစ်ပါသည်။

နာမသန္တတိအစဉ် (Mental process continuity)သည် စိတ်စေတနာရှိသောကြောင့် စေ့ဆော် တိုက်တွန်းနိုင်စွမ်းရှိပါသည်။ ထိုသို့သော အကြောင်းကြောင့်လည်း အတိတ်က ကောင်းကံ၊ မကောင်းကံတို့ကို ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုထို ကောင်းကံ၊ မကောင်းကံနှင့် လျော်ညီသည့် ရူပသန္တတိအစဉ် (Physical process continuity)နှင့် နာမသန္တတိအစဉ် (Mental process continuity) တို့ကို ယနေ့ ရရှိထားသည့်ရုပ်ဟု ပရမတ္ထဝေါဟာရဖြင့် ပြောခြင်းဖြစ်ပါသည်။ ဤဖြစ်စဉ် (Process) ကိုပင် လောကီပညတ် ဝေါဟာရဖြင့် လူဟုခေါ်သည်။ လူများစွာထဲက ၎င်းကို ယောကျ်ားဟု ခေါ်သည်။ ယောကျ်ားများစွာထဲက သူ့ကို မောင်မောင် ဟုခေါ်သည်။ အမှန်အရှိတရားမှာမူ ရူပသန္တတိအစဉ်နှင့် နာမသန္တတိအစဉ် (Process)မျှသာရှိပါသည်။

တရားရနိုင်ရန် ပုဂ္ဂိုလ် (၄)မျိုးအကြောင်း

ဤသို့ ခက်ခဲနက်နဲသော ပရမတ္ထဓမ္မ၏ သဘောသဘာဝတို့ကို နားလည်နိုင်ရန် လေးမျိုးသောပုဂ္ဂိုလ်ကို ဦးစွာလေ့လာထားရန် လိုအပ်ပါသည်။ သို့မှသာ မိမိသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်၍ တရားထူးရရန် အဘယ်သို့ အားထုတ်ရမည်ကို မိမိကိုယ်တိုင် ဝေဖန်ဆန်းစစ် နိုင်မည်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်(၄)မျိုးမှာ-

၁။ ဥဋ္ဌတိတညူ ပုဂ္ဂိုလ်မျိုး
၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုး
၃။ နေယျ ပုဂ္ဂိုလ်မျိုးနှင့်
၄။ ပဒပရမ ပုဂ္ဂိုလ်မျိုးတို့ဖြစ်သည်။[၁၂]

၁။ ဥဋ္ဌတိတညူ ပုဂ္ဂိုလ်မျိုး

ဥဋ္ဌတိတညူ ပုဂ္ဂိုလ်မျိုးဟူသည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အားကိုယ်တိုင်ဖူးမြင်ရပြီး အကျဉ်းသခ်ေပတရားအဆုံး၌ မဂ်ဖိုလ်ကိုရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။

၁။ ဥဋ္ဌဳိတညူသုတ္တ၊ ပုဂ္ဂလဝဂ္ဂ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၄၅၆)
၂။ နယသမုဋ္ဌာန၊ နေတ္တိပကရဏပါဠိ။ (နှာ-၁၀၄)

၂။ ဝိပဓွိတည္ဆူ ပုဂ္ဂိုလ်များ

ဝိပဓွိတည္ဆူ ပုဂ္ဂိုလ်များဟူသည် အကျဉ်းသခ်ေပဥဒ္ဒေသ တရားစကားမျှနှင့် မဂ်ဖိုလ်ကို မရနိုင်ပါ။ ထိုအကျဉ်းမျှသော သခ်ေပတရား အကျယ်ဝိတ္ထာရအားဖြင့် ဖွင့်ပြပြီး ဟောကြားပေးတော်မူမှသာ မဂ်ဖိုလ်ကိုရနိုင်သော ပုဂ္ဂိုလ်များဖြစ်ပါသည်။

ဤတွင် ဥဋ္ဌတိတည္ဆူ ပုဂ္ဂိုလ်များနှင့်ဝိပဓွိတည္ဆူ ပုဂ္ဂိုလ်များတို့သည် ကျောင်းအစ်မကြီးဝိသာခါ၊ အနာထပိဏ်သူဌေးတို့ကဲ့သို့ တရားဒေသနာကို ကြားနာရုံမျှနှင့်ပင် သောတာပတ္တိမဂ်ဉာဏ် စသည်ကိုရနိုင်ကြသည်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ အစရှိသော ပဋိပတ် ကျင့်စဉ်များကို ရှေးအဖို့၌ ကျင့်ကြသည် မရှိကုန်ပြီ။ခပ်သိမ်းသော နတ်ဗြဟ္မာတို့ ကျွတ်ကြရာ၌လည်း ဤနည်းတူ သိကြလေ ဟူ၍လည်းကောင်း၊ သောတာပတ္တိမဂ်၏ ရှေးအဖို့၌ ကျမ်းဂန်တို့တွင် ယခုရှိကြသော သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ အစရှိသော ပဋိပတ် ကျင့်စဉ်များသည်ကား နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ် နှစ်မျိုးတို့၏ အကျိုးငှာထားတော်မူအပ်သော ပဋိပတ်ကျင့်စဉ် ဖြစ်သည်ဟူ၍လည်းကောင်း လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီကျမ်းများ၌ လာရှိပါသည်။

၃။ နေယျပုဂ္ဂိုလ်များ

နေယျပုဂ္ဂိုလ်များဟူသည် ဥဒ္ဒေသ၊ နိဒ္ဒေသ အကျဉ်းအကျယ်အားဖြင့် ဟောတော်မူသော်လည်း ဒေသနာအဆုံး၌ မဂ်ဖိုလ်ကို မရနိုင်ပါ။ ထိုဒေသနာတော်များကို ကြားနာ၊ လေ့ကျက်၊ မှတ်သားပြီး ထိုဒေသနာတော်လာအတိုင်း နေ့၊ ရက်၊ လ၊ နှစ်တို့ဖြင့် ကျင့်ကြံပွားများအားထုတ်မှသာ မဂ်ဖိုလ်ကိုရနိုင်သော ပုဂ္ဂိုလ်များဖြစ်သည်။[၁]

ယနေ့သာသနာတော်သည် နေယျပုဂ္ဂိုလ်များနှင့် ပဒပရမပုဂ္ဂိုလ် နှစ်မျိုးတို့၏ ခေတ်သမယဖြစ်လေသည်။ တစ်နည်းအားဖြင့် ယခုအခါ သာသနာတော်တွင်းကာလ၌ နေယျပုဂ္ဂိုလ်များနှင့် ပဒပရမပုဂ္ဂိုလ် နှစ်မျိုးသာ ရှိပါတော့သည်။

နေယျပုဂ္ဂိုလ်သည် သတိပဋ္ဌာန်တရား၊ သမ္မပ္ပဓာန်တရား စသော ဗောဓိပက္ခိယတရားတို့ကို ကောင်းစွာ ကျင့်နိုင်လျှင် ယခုဘဝ၌ပင် အရိယာဖြစ်နိုင်သည်။ အကယ်၍ အကျင့်ပေါ့လျော့ခဲ့လျှင်မူ နောက်ဘဝ၌ နတ်ပြည်သို့ရောက်မှ အရိယာဖြစ်နိုင်သည်။

အကယ်၍ သတိပဋ္ဌာန် စသည် တရားကင်း၍သေလွန်လျှင်မူ ဤသာသနာတော်၌ တရားမရနိုင်တော့ပေ။ နောက်နောင်ဘုရားသာသနာတော်နှင့် တွေ့ကြုံခဲ့ပါလျှင် ထိုသာသနာတော်၌ ကျွတ်လွတ်နိုင်မည့် အခွင့်အရေးရှိသည်။

၁။ အာသီဝိသောပမသုတ္တဝဏ္ဏနာ၊ အာသီဝိသဝဂ္ဂ အဋ္ဌကထာ (နှာ-၅၂)

၄။ ပဒပရမပုဂ္ဂိုလ်မျိုး

ပဒပရမပုဂ္ဂိုလ်မျိုးသည် သတိပဋ္ဌာန်တရား၊ သမ္မပ္ပဓာန်တရား စသော ဗောဓိပက္ခိယတရားတို့ကို ကောင်းစွာကျင့်နိုင်လျှင် ဤသာသနာတော်၌ပင် ကျွတ်နိုင်သေးသည်။ မကျင့်နိုင်လျှင်မူ နေယျပုဂ္ဂိုလ်နည်းလမ်းအတိုင်း သွားပေလတ္တံ့။[၁]

တရားအားထုတ်ရန် ပရိက်

ပုဂ္ဂိုလ်လေးမျိုးအနက် မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်စေ စေတနာနှင့် ကြုံနေ၊ ဆုံနေသည့် ယခုဘဝ၌ ဝိပဿနာပါရမီမျိုးစေ့ရနိုင်ရန် တရားအားထုတ်သင့်ပါသည်။ တရားအားထုတ်မည့်ပုဂ္ဂိုလ်အတွက် ပရိက်ကို ဖော်ပြပါမည်။ တရားအားထုတ်မည့်ယောဂီသည် ရှေးဦးစွာ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘနှင့်တကွ ပြစ်မှားမိသူတို့ကို 'သြကာသကန်တော့ချိုး'ဖြင့် ဦးစွာ ကန်တော့တောင်းပန်ရမည်။ ထို့နောက် သီလဆောက်တည်ပြီး သတ္တဝါအများကို မေတ္တာပို့သရမည်။ မေတ္တာပို့ပြီးလျှင် မြတ်စွာဘုရားထံတော်ပါးမှ ကမ္မဋ္ဌာန်းကိုပေးသနားရန် တောင်းပန် လျှောက်ထားရမည်။ ထို့နောက် သက်သောင့်သက်သာဖြင့် မပင်မပန်းထိုင်နိုင်မည့် ဂ္ဂရိယာပုတ်ကို ရွေးချယ်ပြီး တရားထိုင်ရမည်။

နှားရှိုင်းကိုဆုံးမသည့် ဥပမာပြု

နွားသိုး၊ နွားပေါက် အရိုင်းအစိုင်းကို ဆုံးမလိုသူသည် ဦးစွာ နဖားကြိုးထိုးပြီး ကွင်းပြင်၌ ငုတ်တိုင်ကို ခိုင်ခိုင်စိုက်ကာ ကြိုးရှည်ရှည်ဖြင့် လှန်ထားရမည်။ ထိုအခါ နွားရိုင်းသည် ထိုကြိုးတစ်ပြန်သာ ပြေးနိုင်မည်။ ပြေးဖန်များ၍ မောလာသောအခါ၌ ချည်တိုင်ရင်း၌ပင် ဝပ်၍နေပေတော့မည်။

စိတ်ရိုင်းကို ဆုံးမမည့် ယောဂီသည်လည်း ကမ္မဋ္ဌာန်းအာရုံတည်းဟူသော နှာသီးဖျား၊ နှာသီးဝ၌ ဝင်လေဝင်တိုင်း တိုးနေသည်ကိုလည်းကောင်း၊ ထွက်လေထွက်တိုင်း တိုးနေသည်ကိုလည်းကောင်း သိသိပေးနေရပါမည်။

လေကြောင်းနောက် လိုက်မကြည့်ရပါ။ အကယ်၍ လေကြောင်းနောက်လိုက်ပြီး ပညတ်လေသဏ္ဌာန်ကို မှန်း၍ရှုပါက သမထကမ္မဋ္ဌာန်း၏ ရှုကွက်ဖြစ်မည်။ နှာသီးဝထိချက်တိုင်း၌ စိတ်ကိုစူးစိုက်ကာ ထိနေသည့်သဘော၊ တွန်းကန်လှုပ်ရှားနေသည့်သဘောကိုရှုလျှင် ဝိပဿနာရှုကွက် ပေါ်လာပါမည်။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက 'ထိမှုကိုရှုလျှင် သမထ၊ ထိရာကိုရှုလျှင် ဝိပဿနာ'ဟု ဆုံးမတော်မူကြခြင်းဖြစ်သည်။

၁။ ဗြဟ္မယာစနကထာဝဏ္ဏနာ၊ မဟာပဒါနသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၆၀)

ဖွတ်စောင်ပို့ ဥပမာ

အပေါက် (၆)ပေါက်ရှိသည့် တောင်ပို့ကြီးထဲတွင်နေသော ဖွတ်ကို ဖမ်းနိုင်ရန် ဦးစွာ အပေါက် (၅)ပေါက်ကို လုံအောင်ပိတ်ရမည်။ ထို့နောက် ကျန်နေသော အပေါက်မှ စောင့်၍ဖမ်းပါက ဖွတ်ကို ဖမ်းမိနိုင်မည်ဖြစ်သည်။

ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်လိုသူသည်လည်း ထိုဥပမာနည်းတူ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဒွါရ (၅)ပေါက်ကိုပိတ်ပြီး ကျန်သည့် မနောဒွါရမှစောင့်၍ ဖမ်းပါက ဖွတ်နှင့်တူသောစိတ်ကို မိမည်ဖြစ်သည်။ ဆက်လက်ပြီး ပင့်ကူဥပမာကို ပြပါမည်။

ပင့်ကူ ဥပမာ

ပင့်ကူတစ်ကောင်သည် ပင့်ကူအိမ်အဝိုင်းကို ဖွဲ့ချည်ပြီးပါက ပင့်ကူအိမ်၏အလယ်၌ စောင့်ဆိုင်းနေလေ့ရှိသည်။ သူ၏အစာဖြစ်သော ပိုးကောင်တစ်ကောင်သည် ပင့်ကူအိမ်၏ ထောင့်တစ်နေရာရာ၌ ငြိကပ်လာပါက ထိုပိုးကောင်ရှိရာ နေရာသို့ အသာအယာသွား၍ စားမည်။ စားပြီးသည့်နောက် ပင့်ကူအိမ်၏ မူလအလယ်နေရာ၌ သွားနေပေမည်။

ထိုနည်းအတူ နှာသီး၀၊ နှာသီးဖျား၌ လေတိုးထိနေသည်ကို သိနေရာမှ အသံကြားလာလျှင် ထိုအသံကို သိပေးရမည်။ ထို့နောက် မူလပင်တိုင် နှာသီး၀၊ နှာသီးဖျား၌ လေတိုးထိနေသည်ကို သိပေးနေရမည်။

တစ်ဖန် အနှံ့တစ်ခုခုရလာလျှင် ထိုအနှံ့ကို သိပေးရမည်။ ထို့နောက် မူလပင်တိုင် နှာသီး၀၊ နှာသီးဖျား၌ လေတိုးထိနေသည်ကို သိပေးနေရမည်။

တစ်ဖန် ခန္ဓာကိုယ်တစ်နေရာရာ၌ ယားယံနာကျင်မှု တစ်ခုခုထင်ရှားလာလျှင် ထိုထင်ရှားရာကို သိပေးရမည်။ ထို့နောက် မူလ ပင်တိုင်နှာသီး၀၊ နှာသီးဖျား၌ လေတိုးထိနေသည်ကို သိပေးနေရမည်။

သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ

တရားအားထုတ်မည့်ယောဂီသည် သမထဘာဝနာနှင့် ဝိပဿနာဘာဝနာကို ရှေးဦးစွာ ကွဲကွဲပြားပြား သိရှိထားရန် လိုအပ်ပါမည်။ ဤနေရာ၌ ပါမောက္ခချုပ် ဆရာတော်ကြီး၏ သွန်သင်ဆုံးမမှုကို ဖော်ပြပါမည်။

“သမထကျင့်စဉ်တစ်ခုကိုကျင့်ပြီး ဝိပဿနာကူးရင် ပိုပြီးတော့ လျင်မြန်သက်သာလွယ်ကူတယ် ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမထကျင့်စဉ်အရ သမာဓိက

စွမ်းအားတွေ တက်လာလို့ရှိရင် 'သမာဟိတော ယထာဘူတံ ပဇာနာတိ'သမာဓိက ယထာဘူတဉာဏ်ကို ဖြစ်စေတာပေါ့။ မြတ်စွာဘုရားရှင် လက်ထက်တော် သာသနာရှေ့ပိုင်း ရဟန်းတော်တော်များများက သမထကျင့်စဉ် ပေါက်ရောက်ပြီးမှ ဝိပဿနာကူးတာတွေ များပါတယ်။ သမထကျင့်ပြီးတဲ့ အခါကျတော့မှ ဝိပဿနာဘက်ကူးတာ ပိုပြီး လွယ်ကူတယ်လို့ ဆိုပါတယ်။ ဝိပဿနာသက်သက်ဆိုရင် သမာဓိထူထောင်ရတာခက်တယ်။ ဝိပဿနာဆိုတာ သွေ့ခြောက်တယ်။ သမထလိုမဟုတ်ဘူး။ သမထဆိုတာ စိတ်ကိုအာရုံတစ်ခုထဲမှာ ငြိမ်နေအောင်လုပ်တာ။ စိတ်ငြိမ်လို့ရှိရင် အသိဉာဏ်ကလည်း ပိုပြီးတော့ ရင့်ကျက်လာတယ်။

ဝိပဿနာကျတော့ အဲဒီလိုမဟုတ်ဘူး။ သဘာဝတရားတွေကို ဆင်ခြင်စဉ်းစားနေရတဲ့အတွက် သဘာဝတရားတွေထဲမှာ စိတ်ပျက်စရာ ဒုက္ခတွေမြင်မယ်။ အနိစ္စတွေမြင်မယ်။ အခုလို မြင်လာတဲ့အခါကျတော့ စိတ်ဓာတ်တွေ ချောက်ချားလာတတ်တယ်။ နောက်သခ်ါရတရားတွေကို ကြောက်စရာကြီးလို့ မြင်လာတတ်တယ်။ ငြီးငွေ့စရာကြီးလို့ မြင်လာတတ်တယ်။ သမထကနေ သွားလို့ရှိရင် အဲဒီအဆင့်တွေကို လွယ်လွယ်ကူကူနဲ့ ကျော်လွှားပြီး သဘာဝတရားတွေကို ရှုနိုးခနဲ၊ လင်းခနဲ သိသွားနိုင်တာပေါ့။ နောက်ဆုံးကျလို့ရှိရင်တော့ ဝိပဿနာသမာဓိလည်းပဲ အဆင့်မြင့်သွားလို့ရှိရင် သမထသမာဓိလိုပဲ ငြိမ်းချမ်းသွားပါတယ်။ အဆက်မပြတ် မှတ်နိုင်သွားပြီဆိုရင် ဝိပဿနာသမာဓိကလည်းပဲ သမထသမာဓိလို စိုပြည်သွားတာပဲ။ သို့သော် သမထအားထုတ်တဲ့အခါကျတော့ ချမ်းသာသုခကို အခြေခံပြီးတော့ အားထုတ်တာဖြစ်တယ်။

ဝိပဿနာသက်သက် အားထုတ်တာကျတော့ ဒုက္ခသက်သက် ခြောက်ခြောက်သွေ့သွေ့ဘက်က သွားတာဖြစ်တယ်ပေါ့။ အဲဒါကတော့ ပုဂ္ဂိုလ်ရဲ့ ဆန္ဒအရပေါ့။ ကိုယ်ကြိုက်တဲ့လမ်းကနေ ရွေးပြီးတော့ လျှောက်ရမှာပေါ့။ ကုန်းကြောင်းလျှောက်ချင်တာလား။ ကားစီးချင်တာလား တစ်ခုခုပေါ့နော်။ အဲဒီတော့ ဘယ်လမ်းကသွားသွား သခ်ါရတရားတွေရဲ့ မမြဲတဲ့သဘောတွေကို ဆင်ခြင်ပြီး လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ကိလေသာတရားတွေ ကုန်ဖို့ကသာ အဓိကကျတယ်ပေါ့။ နောက် သတိထားစရာအချက်လေးတစ်ခုက သမထသမာဓိနဲ့ ဝိပဿနာသမာဓိ မတူဘူးဆိုတာလေးကိုတော့ သတိထားဖို့ လိုတယ်ပေါ့။

အဲဒီတော့ သမာဓိဆိုတဲ့အဆင့်သည် အပ္ပနာစျာန်ထိအောင် သွားတာလား။ (သို့မဟုတ်) ဥပစာရအထိအောင် သွားတာလား။ သမာဓိက နှစ်မျိုးရှိတယ်။ သမထကျင့်စဉ်ကျင့်တဲ့အခါမှာ ဥပစာရသမာဓိအဆင့်ကနေ ဝိပဿနာကူးတာရှိတယ်။ သို့မဟုတ် အပ္ပနာဆိုတဲ့ စျာန်ရပြီးတဲ့နောက်မှ ဝိပဿနာကူးတာရှိတယ်။ အဲဒီနှစ်ခုလုံးဟာ

သမာဓိထူထောင်ပြီးမှ ဝိပဿနာဘက်ကူးတာ။ အဲဒီလိုမဟုတ်ဘဲနဲ့ ဝိပဿနာအာရုံတစ်ခုကို တန်းပြီးတော့ရှုမှတ်တာ။ သခ်ါရအာရုံတွေကနေစပြီးတော့ ရှုမှတ်တာ။ သမထကျင့်စဉ်တွေကို မကျင့်ဘဲကျင့်တာ။ အဲဒီလို သမာဓိနှစ်ခုဟာ မတူဘူးဆိုတာကို မှတ်သားထားရမယ်။ သမထသမာဓိအာရုံသည် ပညတ်၊ ဝိပဿနာသမာဓိရဲ့အာရုံသည် ပရမတ်၊ အဲဒီလို မတူတာကို သတိထားဖို့လိုတယ်။ ဆိုပါစို့ သမထမှာရှိတဲ့ သမာဓိတရားက ပညတ်ကိုအာရုံပြုတာ။ ပညတ်ပေါ်မှာ စိတ်ကို ငြိမ်အောင်လုပ်တာ။ အဲဒါက သမထသမာဓိပဲ။ ဝိပဿနာသမာဓိကျတော့ ပညတ်ပေါ်မှာ မဟုတ်ဘူး။ ပရမတ္ထတရားဆိုတာ အစဉ်ရွှေ့လျားနေတဲ့ ဖြစ်ပြီးပျက်နေတဲ့ သဘောတရားတွေ။ အဲဒီ ဖြစ်ပြီးပျက်နေတဲ့ သဘောတရားတွေပေါ်မှာ စိတ်ကိုထားတယ်ဆိုတာ ထားတဲ့စိတ်လည်း ဖြစ်ပျက်နေမှာပဲ။ အာရုံကသာ ဖြစ်ပျက်နေမှာ မဟုတ်ဘူး။ စိတ်ကလည်း ဖြစ်ပျက်နေတာပဲလေ။ နှစ်ခုလုံးဟာ ရွှေ့လျားနေတယ်ဆိုတာကို သိလာတယ်။ အဲဒါက ဝိပဿနာသမာဓိ။ ဝိပဿနာသမာဓိမှာ အသိဉာဏ်က ဦးဆောင်သွားတယ်။ သမထသမာဓိကျတော့ ပညတ်ပေါ်မှာပဲ တည်ငြိမ်နေတယ်။ ဒါကြောင့် ဝိပဿနာသမာဓိက (Momentary)ပဲ။ တစ်ခဏလေး တစ်ခဏလေး တန့်ပြီးရွှေ့နေတာ။ သမထသမာဓိကျတော့ (Remain) လုပ်ထားတာ။ အာရုံပေါ်မှာ (Remain) လုပ်ထားနိုင်တယ်။ ဥပမာဆိုပါတော့၊ အဖြူရောင်ကသိုက်ရှုတယ်ဆိုရင် အဖြူရောင်ပေါ်မှာစိတ်က ငြိမ်နေတယ်။ ဒါ့အပြင် ဘာမှ မစဉ်းစားတော့ဘူး။ ဝိပဿနာကျတော့ အဲလိုမဟုတ်ဘူး။ ဖြစ်ပြီးပျက်သွားတဲ့ သဘာဝတရားတွေကို ရှုနေတာ။ အဲဒီပေါ်မှာရှိတဲ့ သမာဓိက ပညတ်အာရုံမဟုတ်ဘဲ ပရမတ်အာရုံ ဖြစ်သွားပြီ။ အဲဒီတော့ သမာဓိချင်း မတူဘူးလို့ ရှင်းပြရတယ်”။[၁]

တစ်ကြောင်းတည်းသောလမ်း

မြတ်စွာဘုရားရှင်က ရဟန်းတို့အား သတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်လျှင် ရရှိမည့် အကျိုးကျေးဇူးများကို ဦးစွာဟောကြားတော်မူပါသည်။

“ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏”ဟု ဟောတော်မူပါသည်။ မဟာဝဂ္ဂပါဠိတော်လာ မဟာသတိပဋ္ဌာနသုတ်၌ သတိပဋ္ဌာန်တရား(၄)ပါး လာရှိပါသည်။ ၎င်းတို့မှာ-

---

၁။ ပါမောက္ခချုပ်ဆရာတော်၏ ဟောတရားမှ ကူးယူဖော်ပြပါသည်။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်

ထွက်သက်၊ ဝင်သက်အစရှိသော ကိုယ်အင်္ဂါအစုဥ် ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိခြင်း။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်

သုခ၊ ဒုက္ခစသော ဝေဒနာအစုဥ် ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိခြင်း။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်

သရာဂ၊ သဒေါသ စသော စိတ်အစုဥ် စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိခြင်း။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

သဘောတရားတို့ဥ် သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိခြင်းတို့ ဖြစ်ပါသည်။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်

ကာယာနုပဿနာ သတိပဋ္ဌာန်ဟူသည် ထွက်သက်ဝင်သက် အစရှိသော ရူပကာယဥ် ခိုင်မြဲစွာတည်သော သတိဖြစ်သည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်ဥ် (၀၊) ဆံပင်မွေးညင်းစသော (၃၂)ကောဋ္ဌာသဥ် အဖန်ဖန် ရှုခြင်းဖြစ်သည်။ ဤသို့ အဖန်ဖန်ရှုသောအခါ အသုဘ (မတင့်တယ် ရွံ့ရှာဖွယ်ဖြစ်သော) အခြင်းအရာ ထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် ခန္ဓာကိုယ်ကို တင့်တယ်သည်ဟု မှတ်ထင်သော သုဘဝိပလ္လာသ (တင့်တယ်၏ဟု အမြင်မှားနေမှု)ကို ပယ်ရှားနိုင်သည်။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်

ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟူသည် ဝေဒနာတရားတို့ဥ် ခိုင်မြဲစွာတည်သော သတိဖြစ်သည်။ တစ်နည်းအားဖြင့် ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိဖြစ်သည်။ ဤသတိပဋ္ဌာန်ဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့ကို အဖန်ဖန်ရှုသောအခါ အဖြစ်အပျက်ဒဏ် အမြဲခံရပုံကို မြင်ရသဖြင့် ကြောက်မက်ဖွယ် ဘေးဒုက္ခဟူ၍ ထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် ရုပ်နာမ်တို့ဥ် သုခဟု မှတ်ထင်သော သုခဝိပလ္လာသ (ချမ်းသာ၏ဟု အမြင်မှားနေမှု)ကို ပယ်ရှားနိုင်သည်။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်

စိတ္တာနုပဿနာသတိပဋ္ဌာန်ဟူသည် သရာဂစိတ်၊ ဒိတရာဂစိတ် အစရှိသော စိတ်အပြားဌ ခိုင်မြဲစွာတည်သော သတိဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်ကို အာရုံပြု၍ ဤစိတ်ကား ရာဂစိတ်၊ ဤစိတ်ကား ရာဂကင်းသောစိတ် စသည်ဖြင့် ခွဲခြားလျက် အနိစ္စ အခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုတတ်သော သတိဖြစ်သည်။ ဤသတိပဋ္ဌာန်ဖြင့် စိတ်တို့ကို ခွဲခြားဆင်ခြင်သောအခါ စိတ်အမျိုးမျိုး ပြောင်းလဲပုံကို သေချာစွာ သိရသဖြင့် အနိစ္စအခြင်းအရာ လွန်စွာထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် နိစ္စဝိပလ္လာသ (မြဲ၏ဟု အမြင်မှားနေမှု)ကို ပယ်ရှားနိုင်သည်။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူသည် နီဝရဏစသော ဓမ္မတို့ဌ ခိုင်မြဲစွာတည်သော သတိဖြစ်သည်။ တစ်နည်းအားဖြင့် ရူပက္ခန္ဓာကို ကာယာနုပဿနာဖြင့်၊ ဝေဒနာက္ခန္ဓာကို ဝေဒနာနုပဿနာဖြင့်၊ ဝိညာဏက္ခန္ဓာကို စိတ္တာနုပဿနာဖြင့် ရှုပြီးဖြစ်သောကြောင့် ကြွင်းသော သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာဟူသောဓမ္မကို အဖန်ဖန်ရှုသော သတိဖြစ်သည်။ ယင်းဓမ္မတို့ကို အနတ္တအခြင်းအရာ ထင်လာအောင် အဖန်တလဲလဲ အာရုံပြု၍ရှုသော အခါ အရာရာကိစ္စတို့ဌ ပရမတ္ထဓမ္မများသာ ရွှက်ဆောင်နေကြောင်း၊ ပရမတ္ထဓမ္မချည်းသာ ထင်ရှားရှိကြောင်းကို သိရ၍ စီမံနိုင်သော အတ္တ (အသက်၊ လိပ်ပြာ၊ ဝိညာဉ်)ကောင်မရှိဟူသော အနတ္တအခြင်းအရာ လွန်စွာထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် အတ္တဝိပလ္လာသ (အတ္တရှိ၏ဟု အမြင်မှားနေမှု)ကို ပယ်ရှားနိုင်သည်။[၁]

တရားအသိတိုးပြီး အသိအဖြင့်ပြောင်းခြင်း

သတိပဋ္ဌာန်တရားကို နည်းစနစ်မှန်ကန်စွာ အားထုတ်လာသောအခါ သတိပဋ္ဌာန်တရား၏အကျိုးကို ဘဝမခြားဘဲ ရရှိခံစားနိုင်ပါသည်။ တစ်နည်းအားဖြင့် အနည်းငယ်မျှ အားထုတ်ပါက အနည်းငယ်သာ အကျိုးခံစားရမည်။ အတန်အသင့် အားထုတ်ပါက အတန်အသင့် အကျိုးခံစားရမည်။ ပြည့်ပြည့်စုံစုံအားထုတ်ပါက ပြည့်ပြည့်စုံစုံ အကျိုးခံစားရပေမည်။

၁။ Wikipedia 'သတိပဋ္ဌာန်'ကို မှီငြမ်း ကိုးကားသည်။

အနည်းငယ်မျှဟူသည် အဘယ်အကျိုးတို့နည်းဟူမူကား သတိပဋ္ဌာန်တရားတော်၏နိဒါန်း၌ ဝိပဿနာတရားအားထုတ်ပါက ပူဆွေးငိုကြွေး ကင်းဝေးမည်ဟု ဟောတော်မူထားသည်နှင့်အညီ ရှုမှတ်မှုအား ကောင်းလာသည်နှင့်အမျှ သောကပရိဒေဝများ တဒင်္ဂချင်း ကင်းဝေးလာမည်။ ရှုမှတ်မှုအားနည်းလျှင်မူ ကိလေသာမကင်းသည့် တဒင်္ဂများသည် တဒင်္ဂအလျောက် ပူလောင်ပင်ပန်းဆင်းရဲသည်ကို မိမိခန္ဓာဖြင့် နှိုင်းယှဉ်၍ (comparative study)အဖြစ် မိမိကိုယ်တိုင် သိရှိနိုင်မည်ဖြစ်ပါသည်။

ယခုကဲ့သို့ သတိပဋ္ဌာန်တရားကို အချိန်မရွေး၊ နေရာမရွေး နေ့စဉ်ဘဝထဲ၌ အားထုတ်ပြီး (Daily life Vipassana) တဒင်္ဂချင်း ကိလေသာ ကင်းဆိတ်စွာနေလာနိုင်သော အခါ၌ စိတ်၏အရည်အသွေး မြင့်မားလာကာ လူ့ဘဝအဓိပ္ပာယ် ပြည့်ဝလာပြီး (Easy, Meaningful, Beautiful) ဖြစ်လာသည်ဟု ခံစားကြရပါသည်။ ယခုကဲ့သို့ ကိလေသာကင်းငြိမ်းသည့် တဒင်္ဂနှင့်နေနိုင်လာလျှင် ဝိပဿနာဉာဏ်များ အဆင့်ဆင့် ပွင့်ထွန်းလာနိုင်ပါသည်။ ထိုမှသည် အရိယာဉာဏ်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။

သပ္ပာယတရား

သပ္ပာယဟူသည် သင့်တင့်လျောက်ပတ်ခြင်း (suitable)ဟု အဓိပ္ပာယ်ရပါသည်။ ဝိပဿနာတရား အားထုတ်ကြသည့် ယောဂီပုဂ္ဂိုလ်တို့အနေဖြင့် မိမိ၏တရား တိုးတက်မှုရှိရန် သပ္ပာယကို အလေးဂရုပြုပြီး ချင့်ချိန်ရမည်ဖြစ်ပါသည်။ သပ္ပာယမျှတသည့် အခြေအနေကို အမှီပြုခွင့်ရပါက ပါရမီအားလျော်စွာ တရားထူးတရားမြတ်များ မျက်မှောက်ပြုနိုင်ကြောင်းကို အဋ္ဌကထာများ၌ လာရှိပါသည်။

ယခု ဥပနိဿယပစ္စယော၌ 'ဥတုဘောဇနမိဳ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။ သေနာသနမိဳ ဥပနိဿယပစ္စယေန ပစ္စယော' ဟုလာ ရှိပါသည်။ ထို့ကြောင့် ဤနေရာ၌ ပဋ္ဌာန်းတရားတော်လာ သပ္ပာယ(၄)ပါးကို ဖော်ပြပါမည်။

၁။ အာဝါသသပ္ပာယ တရားအားထုတ်ရန်အတွက် မိမိနှင့် သင့်တင့်လျောက်ပတ်ပြီး (suitable)ဖြစ်သည့် ကျောင်းအိပ်ရာ နေရာသည်လည်း တရားတိုးကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေသည်။

၂။ ဥတုသပ္ပာယ တရားအားထုတ်ရန်အတွက် မိမိနှင့် သင့်တင့်လျောက်ပတ်ပြီး (suitable) ဖြစ်သည့် အပူအအေးမျှတသည့် ရာသီဥတုသည်လည်း တရားတိုးကြောင်း အထောက်အပံ့ ကောင်းတစ်ခု ဖြစ်ပေသည်။ သဘာဝဥတုရာသီကို

အမှီပြုခွင့်မရပါက အပူလွန်လွန်းကဲသည်ကို လေအေးပေးစက်ဖြင့် လည်းကောင်း၊ အအေးလွန်းကဲသည်ကို အပူပေးစက်တို့ဖြင့် လည်းကောင်း ထိန်းညှိပေးနိုင်ခြင်းကလည်း တရားတိုးကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေသည်။

၃။ ဘောဇနသပ္ပာယ တရားအားထုတ်ရန်အတွက် မိမိနှင့် သင့်တင့်လျောက်ပတ်ပြီး (suitable)ဖြစ်သည့် အာဟာရဘောဇဉ်တို့ကို မှီဝဲသုံးဆောင်ရခြင်းသည်လည်း တရားတိုးကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေသည်။

၄။ ပုဂ္ဂလသပ္ပာယ တရားအားထုတ်ရန်အတွက် မိမိနှင့် သင့်တင့်လျောက်ပတ်ပြီး (suitable) ဖြစ်သည့် သီလအရာတူမျှသူ၊ စိတ်နေစိတ်သဘောထား တိုက်ဆိုင်သူ၊ တရားကို လိုလိုချင်ချင် အားထုတ်သည့် ပုဂ္ဂိုလ်များနှင့် အတူတကွ တရားအားထုတ်ရခြင်းသည်လည်း တရားတိုးကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေသည်။[၁]

ဘဿသပ္ပာယ၊ ဣရိယာပထသပ္ပာယ၊ ဂေါစရဂါမသပ္ပာယတို့လည်းရှိပါသေးသည်။

အရှင်မေယိယမထေရ်နှင့် အာဝါသသပ္ပာယ

ကျောင်းအိပ်ရာ နေရာဟူသောအာဝါသ သပ္ပာယနှင့်စပ်လျဉ်း၍ အရှင်မေယိယ၏ဝတ္ထုကို ဖော်ပြပါမည်။ မြတ်စွာဘုရားရှင် စာလိကာမြို့အနီး စာလိကာတောင်၌ သီတင်းသုံးနေတော်မူနေစဉ် အခါကာလ၌ အရှင်မေယိယသည် အလုပ်အကျွေးရဟန်းအဖြစ် ဘုရားရှင်အနီး၌ သီတင်းသုံးတော်မူပါသည်။ တစ်နေ့၌ တိမိကာလမြစ်ကမ်းပါး၌ ရှိသည့် သရက်ဥယျာဉ်ကြီးကို အရှင်မေယိယမြင်သဖြင့် ထိုနေရာသို့သွားပြီး တရားအားထုတ်ချင်သည့်စိတ်ကို တားဆီးမရအောင် ဖြစ်ပေါ်၍ လာလေသည်။

ထို့ကြောင့် မြတ်စွာဘုရားထံပါး ခွင့်တောင်းပြီးနောက် ထိုသရက်ဥယျာဉ်သို့ ကြွကာ ကျောက်ဖျာကြီးပေါ်၌ တရားထိုင်လေသည်။ အရှင်မြတ်ကြီး မျက်စိမှိတ်လိုက်သည်နှင့် သူသည် ရှင်ဘုရင်ကြီးဖြစ်သွားပြီး မောင်းမမိသံများ၊ မျူးကြီးမတ်ရာများက သူ၏အာရုံ၌ ပယ်ဖျောက်၍ မရနိုင်သည့်အထိ ပေါ်ပေါ်ထင်ထင် ပေါ်လာပါတော့သည်။

၁။ ပဋ္ဌသတဘိက္ခုဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၀၁)

ဤတွင် မနောဒွါရ၌ ထင်နိုင်သော အာရုံဟူ၍ ရှိပါသည်။ ၎င်းတို့မှာ မဖြစ်သေးသော အနာဂတ်ဆိုင်ရာ အာရုံများ၊ ဖြစ်တုန်းဆဲဆဲ ပစ္စုပ္ပန်ဆိုင်ရာ အာရုံများနှင့် လွန်လေပြီးသော အတိတ်ဆိုင်ရာအာရုံများ ပေါ်လာတတ်သည်။ ဤတွင် ကိုယ်တိုင် ဒိဋ္ဌမြင်ခဲ့ရ၊ ကိုယ်တိုင် ဒိဋ္ဌကြားခဲ့ရ၊ နမ်းခဲ့ရ၊ စားခဲ့ရ၊ တွေ့ထိခဲ့ရ၊ သိခဲ့ရသမျှလည်း မနောဒွါရ၌ အာရုံထင်လာတတ်ပါသည်။

အရှင်မေယိယမထေရ်၏ သန္တာန်၌ ပေါ်လာသောအာရုံမှာ ဤဥယျာဉ်နေရာသည် အတိတ်ဘဝပေါင်း (၅၀၀) တိုင်တိုင် သူကိုယ်တိုင် ရှင်ဘုရင်အဖြစ် ထီးနန်းစိုက်ရာ နေရာ ဖြစ်ခဲ့ဖူးသည်။ သူ၏အတိတ်ဘဝများစွာနှင့် အလွန်ရင်းနှီးခဲ့သောနေရာ ဖြစ်သောကြောင့် သရက်ဥယျာဉ်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် သူ၏ရင်ထဲ၌ ထိုနေရာကို ကြည့်ချင်စိတ်၊ မြင်ချင်စိတ်၊ သွားချင်စိတ်တို့က တားမရဆီးမရ ဖြစ်ပေါ်၍ လာခြင်းဖြစ်သည်။

ဤဥယျာဉ်နေရာ၌ မိဖုရားမောင်းမမိသံတို့နှင့် သာယာခဲ့ဖူး၊ ပျော်ပါးခဲ့ဖူးသောကြောင့် ကာမဝိတက်ပေါ်လာမည်။ ရာဇဝတ်သားတို့ကို သေမိန့်သေဒဏ်ချမှတ်ခဲ့ဖူးသောကြောင့် ဗျာပါဒဝိတက်ပေါ်လာမည်။ သူခိုး၊ ဓားပြ၊ လူဆိုးတို့ကို နှိပ်စက်ခြင်း၊ ထောင်သွင်း အကျဉ်းချခဲ့ဖူးသောကြောင့် ဝိဟိံသဝိတက်ပေါ်လာမည်။ ဤကဲ့သို့သော မိစ္ဆာဝိတက်သုံးပါးက သူ၏စိတ်ကို လွှမ်းမိုးထားသောကြောင့် ကမ္မဋ္ဌာန်းဘာဝနာသို့ စိတ်ကို စူးစိုက်၍မရနိုင်ဘဲ ဖြစ်နေတော့သည်။

ထိုအခါ အရှင်မေယိယသည် ထိုနေရာမှထ၍ ဘုရားရှင်ထံတော်ပါးသို့ ကြွသွားပါသည်။ ဘုရားရှင်သည် အရှင်မေယိယနှင့် ထိုနေရာ၏ ဆက်စပ်မှုကို ပြည့်ပြည့်စုံစုံ မိန့်ကြားတော်မူပြီးနောက် ဘုရားရှင်ထံတော်ပါးမှ သင့်တော်သည့်တရားတော်ကို နာကြားပြီးသောအခါ၌ အရှင်မေယိယသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူပါသည်။[၁]

ထို့ကြောင့် တရားအားထုတ်ရန်အတွက် မိမိနှင့် သင့်တင့်လျောက်ပတ်ပြီး (suitable) ဖြစ်သည့် ကျောင်းအိပ်ရာ နေရာမည်သော အာဝါသသပ္ပာယသည် ဥပနိဿယသတ္တိဖြင့် ကြီးစွာသော အကြောင်းအထောက်အပံ့ ပြုနိုင်သကဲ့သို့ ကျန်သပ္ပာယ (၃)ပါးသည်လည်း တရားတိုးနိုင်ရန် ကြီးစွာသော အကြောင်းအထောက်အပံ့ကောင်း ဖြစ်ပေသည်။

၁။ မေယိယထ္ထေရဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၁၈၂)

အာဟာရကို အကြောင်းပြုပြီး ရဟန်းဖြစ်လာသည့် စိတ္တဟတ္ထမထေရ်

ဆက်လက်ပြီး အာဟာရကိုအကြောင်းပြုပြီး ရဟန်းဖြစ်လာပြီးနောက် ရဟန္တာဖြစ်သည့်တိုင် ကျေးဇူးပြုသောဝတ္ထုကိုလည်း သာဓကပြုဖော်ပြပါမည်။ သာဝတ္ထိပြည်သား အမျိုးကောင်းသားတစ်ဦးသည် သူ၏နွားပျောက်သွားသဖြင့် တောတောင်အနှံ့ လိုက်ရှာနေလေသည်။ တောအုပ်ကြီးထဲတွင် နွားပျောက်ကိုတွေ့သောအခါ၌မူ နေမွန်းတည့်ချိန်တိုင် ရောက်သွားသောကြောင့် သူ၌ လွန်ကဲစွာ ဆာလောင်မွတ်သိပ်၍လာပါသည်။ ထို့ကြောင့် နီးရာတောရကျောင်း တစ်ကျောင်းထဲသို့ ဝင်သွားပါသည်။ မွန်းတိမ်းနေပြီဖြစ်၍ ဆွမ်းတောင်းထဲ၌ ဆွမ်းကျန်များရှိနေသေးသဖြင့် "ဤဆွမ်းတောင်းမှ ဆွမ်းကျန်ကို ယူ၍စားလော့"ဟု ရဟန်းတော်များက မိန့်ကြားတော်မူပါသည်။

ထိုအမျိုးကောင်းသားသည် ဆွမ်းကျန်ကို စားပြီးနောက် 'ဤရဟန်းတော်တို့သည် ပင့်ဖိတ်ကြားထားသည့် တစ်အိမ်အိမ်မှ ယနေ့ ဆွမ်းခံယူခဲ့လေရာ၏'ဟု တွေးဆင်ခြင်နေသည်။

ထို့ကြောင့် ရဟန်းတစ်ပါးအား မေးလျှောက်ကြည့်ရာ "ပင့်ဖိတ်ရာ အရပ်အထူးမရှိပါ"ဟု မိန့်တော်မူပါသည်။ ထိုအခါ အမျိုးကောင်းသား၏ စိတ်ထဲ၌ 'ငါသည်နေ့ညဉ့်ပတ်လုံး အလုပ်ကို ကြိုးစားလုပ်ပါသော်လည်း ဤမျှကောင်းမွန်သော ထမင်း၊ ဟင်းကို မစားရချေ။ ငါရဟန်းပြုပြီး ကျောင်းမှာနေတာ သင့်မြတ်ပေတော့မယ်'ဟု ကြံစည်ပါသည်။

သူကြံစည်သည့်အတိုင်း ရဟန်းတော်တို့အထံ၌ ရှင်ရဟန်းအဖြစ်ကို တောင်းပန်ပြီး ရဟန်းဖြစ်လာသည်။ သူသည် သာသနာတော်ကို မြတ်နိုး၍ ရဟန်းပြုလာသူမဟုတ်၊ အစားကောင်းစားရန် ရဟန်းပြုလာသူဖြစ်သောကြောင့် အစားကောင်းကောင်းစားသည်။ နေ့စဉ်ရက်ဆက် အစားကောင်းစားရသောကြောင့် ရက်များမကြာမီ ခန္ဓာကိုယ်အားအင်ပြည့်ဝ ဆူဖြိုးလာပါသည်။ ထိုအခါ 'ငါသည် အစားတစ်ခုအတွက် သူတစ်ပါးတို့ရဲ့ အိမ်ရှေ့၊ အိမ်ရှေ့တွေမှာရပ်ကာ တောင်းရမ်းပြီး အသက်မွေးရတာက အထက်တန်းမကျ၊ မမြင့်မြတ်ပါဘူး။ ဒါကြောင့် လူထွက်တာကောင်းပေတော့မယ်'ဟု ကြံစည်ပြီး လူထွက်ကာ လယ်ယာလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ပါသည်။

ရဟန်းလူထွက် ထိုယောကျ်ားသည် အိမ်အလုပ်၏ ပင်ပန်းမှုဒဏ်ကြောင့် ခန္ဓာကိုယ် ညှိုးနွမ်း ပိန်ချုံးလာသောအခါ၌ ရဟန်းဝတ်ရန် သတိရပြန်သည်။ သူသည် ခြောက်ကြိမ်၊ ခြောက်ခါ ရဟန်းပြုပြီး၊ ခြောက်ကြိမ်၊ ခြောက်ခါတိုင်တိုင် လူထွက်ခဲ့သည်။ ထို့ကြောင့် သူ့ကို သာသနာ့သမိုင်း၌ 'စိတ္တဟတ္ထမထေရ်'ဟု မှတ်တမ်းတင်ထားပါသည်။ 'စိတ္တဟဋ္ဌ'ဟူသည် 'စိတ်သွားရာအာရုံသို့ လိုက်တတ်သောသူ'ဟု အဓိပ္ပာယ်ရပါသည်။

ရဟန်းဘဝ၌နေသည့် 'စိတ္တဟတ္ထ'ကို ရဟန်းတို့ကလည်း ချစ်မြတ်နိုးကြသည်။ အဘယ်ကြောင့်ဆိုသော အစားအစာကောင်းကို နှစ်သက်သော တဏှာလောဘကြောင့် ရဟန်းပြုလာသူဖြစ်သဖြင့် ရဟန်းအားလုံး၏ ဝတ်ကြီးဝတ်ငယ်တို့ကို အလိုက်တသိ ကောင်းမွန်စွာ လုပ်ပေးလေ့ရှိသည်။ ရဟန်းတို့ကလည်း သူတို့ရသည့် ဆွမ်းဘောဇဉ် ကောင်းတို့ဖြင့် သူ့ကို ခီးမြောက်တော်မူကြသည်။ ဤယောကျ်ားသည် ရဟန်းဘဝနှင့် လူ့ဘဝသို့ ခဏ ခဏ လူးလား တုံ့ခေါက်နေစဉ်၌ပင် သူ၏မယားခ၌ ကိုယ်ဝန်တည်လေသည်။

သူ၏ ခုနစ်ကြိမ်မြောက် ရဟန်းပြုလတ္တံ့သောနေ့၌ လယ်ယာတောမှ ထွန်တုံး၊ ထွန်တံတို့ကိုယူ၍ အိမ်သို့ရောက်ရှိလာပါသည်။ သူသိမ့်သိမ်းဆည်းထားသည့် သပိတ် သင်္ကန်းတို့ကို ယူရန် အိမ်ခန်းထဲသို့ဝင်သွားရာ သူ၏မယားသည် အဝတ်များကွင်းလုံး ကျွတ်၍ အိပ်ရာပေါ်၌ အိပ်ပျော်နေပြီး ခံတွင်းပေါက် ဟင်းလင်းပွင့်လျက် အရိုအရွဲများ ယိုစီးနေကာ နှာခေါင်းမှာလည်း တရှူတ်ရှူတ် အသံမြည်နေသည်ကို တွေ့ရလေသည်။ သူမယားကို မြင်ရသည့်အခိုက်၌ ဖူးဖူးရောင်သော အကောင်ပုပ်၏ ကိုယ်ကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ်ဟု သူစိတ်နှလုံး၌ ထင်လာလေသည်။ အမျိုးကောင်းသားသည် 'ဤခန္ဓာကိုယ်သည် အမြဲမရှိ၊ ဆင်းရဲခြင်း သဘောရှိ၏'ဟူသော အမှတ်သညာကို ရလာပါသည်။ ထိုအခါ 'ငါသည် ဤမျှလောက်သော ကာလပတ်လုံး ရဟန်းပြုပြီး ဤမိန်းမကို အမှီပြု၍ ရဟန်းအဖြစ်၌ တည်တံ့ခြင်းငှာ မတတ်နိုင်ခဲ့'ဟု အကြံဖြစ်ကာ သင်္ကန်းအထုတ်ကို ကိုင်ပြီး အိမ်ခန်းထဲမှ လေးနက်သောခြေလှမ်းတို့ဖြင့် ထွက်ခွာသွားလေသည်။

သားမက်၏ အပြုအမူကို အစအဆုံးမြင်လိုက်ရသော ယောကျ်ားသည် 'ယခုပင် တောမှပြန်လာ၍ ယခုပင် သင်္ကန်းထုပ်ကိုယူပြီးလျှင် ကျောင်းသို့သွားတော့၏။ အကြောင်း အသို့နည်း'တွေးဆင်ခြင်မိပြီး အိမ်ထဲသို့ဝင်၍ကြည့်ရာ အိပ်ပျော်၍နေသော သမီး၏ အခြင်းအရာကို မြင်ရလေသည်။ 'ငါ့သမီး ပိုးစိုးပက်စက် အိပ်နေသည့်ဟန်ကိုမြင်ပြီး သားမက် အိမ်ကထွက်သွားချေသည်'ဟု သိရသဖြင့် "ဟဲ့ သူယုတ်မ ထလော့၊ သင်၏ လင်သည် အိပ်ပျော်သောနှင့်ကိုမြင်ပြီး နှလုံးမသက်သာဖြစ်၍ သွားလေပြီ"ဟု ပြစ်တင် စကားပြောသည်။ ထိုအခါ ကိုယ်ဝန်ဆောင်သမီး နိုးလာပြီး "အမိ မစိုးရိမ်ပါလင့်၊ ဤယောကျ်ားသည် နှစ်ရက်၊ သုံးရက်ဖြင့် ပြန်လာပေလတ္တံ့"ဟု ပြန်ပြောလေသည်။

ထိုအမျိုးကောင်းသား စိတ္တဟတ္ထမထေရ်အလောင်းလျာ၏ စိတ်အစဉ်ဝယ် အိပ်ပျော်နေသောဇနီးကို ဖူးဖူးရောင်နေသည့် အကောင်ပုပ်ကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ် ထင်လာသောကြောင့် အနိစ္စ၊ ဒုက္ခဟု မပြတ်မလပ် ဆင်ခြင်ပြီး လမ်းလျှောက်သွားနေ စဉ်၌ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်လေသည်။ ကျောင်းရောက်သောအခါ ရဟန်းတို့ကို

ရှိခိုးပြီးလျှင် ရဟန်းအဖြစ်ကို ပေးသနားတော်မူပါရန် လျှောက်ထားလေရာ သူ၏ကျေးဇူးတရားကို ထောက်ထားပြီး ရဟန်းပြုပေးကြလေသည်။

ထိုသူဆင်းရဲသည် အစားအစာကို အကြောင်းပြုပြီး ရဟန်းပြုလာပါသော်လည်း အတိတ်ပါရမီကံကြောင့် နှစ်ရက်၊ သုံးရက်အတွင်း ပဋိသန္ဓိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။[၁]

ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းတရားစတော်

သုံးလောကထွဋ်ထား ဘုရားရှင်မှအပ လောကကြီး၌ အခြားမည်သည့်ပညာရှိ ပုဂ္ဂိုလ်ကမှ ဒုက္ခနိရောဓအရိယသစ္စာနှင့် ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာတို့ကို ဖုံးလွှမ်းထားသော မသိမှုအဝိဇ္ဇာကို ဖယ်ရှားရန်နည်းလမ်းကို သင်ကြားပေးနိုင်စွမ်းမရှိကြပါ။

ထို့ကြောင့် ဒုက္ခ၏ချုပ်ငြိမ်းရာ အစစ်အမှန် မဟုတ်သော လူချမ်းသာဘဝ၊ နတ်ချမ်းသာဘဝ၊ ဗြဟ္မာဘဝတို့ကို ဒုက္ခ၏ချုပ်ငြိမ်းရာဟု အယူရှိကြသည်။ ထို့ပြင် နိဗ္ဗာန်မျက်မှောက်ပြုကြောင်း မဟုတ်သော ယဇ်ပူဇော်ခြင်း၊ ရေငုပ်ခြင်း၊ မီးလုံခြင်း စသည် မှားယွင်းနေသော အကျင့်တို့ကိုလည်း နိဗ္ဗာန်သို့ရောက်ကြောင်း ဒုက္ခနိရောဓဂါမိနိ ပဋိပဒါအကျင့်ဟု မှတ်ထင်ကြပြန်သည်။ ထို့ကြောင့် သတ္တဝါတို့သည် သခ်ါရသုံးပါးတို့ကို မနားမနေပြုလုပ်နေကြတော့သည်။ ဤသို့သော် အကြောင်းကြောင့် သတ္တဝါတို့၏ သန္တာန်၌ မသိမှုဟူသော အဝိဇ္ဇာကြောင့် ပြုလုပ်မှုဟူသော သခ်ါရာတို့ ဖြစ်နေကြပါတော့သည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ 'အဝိဇ္ဇာပစ္စယာ သခ်ါရာဟူ၍ လာရှိပါသည်။ ဤတွင် မသိမှုဟူသော အဝိဇ္ဇာက ကာမာဝစရ၊ ရူပါဝစရ ကုသိုလ်စေတနာ (၁၃)ပါးဟု ဆိုအပ်သော ပုညာဘိသခ်ါရကိုလည်းကောင်း၊ အကုသိုလ် စေတနာ (၁၂)ပါးဟု ဆိုအပ်သော အပုညာဘိသခ်ါရကိုလည်းကောင်း၊ အရူပါဝစရကုသိုလ်စေတနာ (၄)ပါးဟု ဆိုအပ်သော အာနေဉ္ဇာဘိသခ်ါရကိုလည်းကောင်း ကျေးဇူးပြုပုံတို့ကို အသီးသီးကို ဤနေရာတွင် ဖော်ပြပါမည်။

အဝိဇ္ဇာသည် ပုညာဘိသခ်ါရအား ကျေးဇူးပြုခြင်း

အဝိဇ္ဇာက ပုညာဘိသခ်ါရအား ကျေးဇူးပြုပုံကို ဦးစွာ ဖော်ပြပါမည်။ မသိမှုဟူသော အဝိဇ္ဇာကို 'သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ တွေဝေခြင်း မောဟနှင့်တကွသော စိတ်ကိုလည်း မောဟနှင့်တကွသော စိတ်ဟုသိ၏' ဟူသော ဒေသနာတော်

၁။စိတ္တဟတ္ထတ္ထေရဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ- ၁၉၄)

နှင့်အညီ ရှုမြင်သုံးသပ်သောအခါ၌ ကာမပုညာဘိသင်္ခါရတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေသည်။

တစ်ဖန် စေတောပရိယ ပုဗ္ဗေနိဝါသနုဿတိ အနာဂတံသ အဘိညာဉ်စိတ်ဖြင့် မောဟနှင့်တကွသောစိတ်ကို သိသောအခါ၌လည်း ရူပါဝစရကုသိုလ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေသည်။ အဝိဇ္ဇာကို လွန်မြောက်ရန်အတွက် အလျှူပေးခြင်း ဒါနစသော ကာမပုညကိရိယာဝတ္ထုတို့ကို ဖြည့်ကျင့်ရာ၌လည်းကောင်း၊ ရူပါဝစရစျာန်တို့ကို ရရှိရန် ကြိုးစားအားထုတ်ရာ၌လည်းကောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုလေသည်။ ကုသိုလ်ကောင်းမှုတို့ကို ပြုသောအခါ၌ အဝိဇ္ဇာဖုံးလွှမ်း၍ လှူစည်းစိမ်၊ နတ်စည်းစိမ်ဟူသော ကာမဘဝ၊ ရူပဘဝ စည်းစိမ်ချမ်းသာတို့ကို တောင့်တသော ပုဂ္ဂိုလ်ကိုမူ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ကျေးဇူးပြုခြင်း

အဝိဇ္ဇာက အပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံမှာ မသိမှုဟူသော အဝိဇ္ဇာကို အာရုံပြု၍ လိုချင်တပ်မက်မှုရာဂ စသည်တို့ ဖြစ်သည်။ ထိုအခါ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။ ဆက်လက်ပြီး အလေးအမြတ် အာရုံပြု၍ သာယာမှုဖြစ်သော အခါ၌မူ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။

ဤတွင် မသိမှု အဝိဇ္ဇာဖုံးလွှမ်း၍ ပါဏာတိပါတ စသောအမှုတို့ကိုပြုသော ပုဂ္ဂိုလ်ကိုမူ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ဒုတိယဇော စသည်တို့၌ အနန္တ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်။

အကုသိုလ်အမှု တစ်ခုခုကိုပြုသော ပုဂ္ဂိုလ်အား ဟေတုပစ္စည်း၊ သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်း၊ သမ္ပယုတ္တပစ္စည်း၊ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်။ ဤသို့အားဖြင့် မသိမှုဟူသော အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ဆိုခဲ့ပြီးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား ကျေးဇူးပြုခြင်း

ဤနေရာတွင် အဝိဇ္ဇာက အာနေဉ္ဇာဘိသင်္ခါရအား ကျေးဇူးပြုပုံကိုဆက်လက်ဖော်ပြပါမည်။ အဝိဇ္ဇာအမျောင်ထု၏ ဖုံးလွှမ်းမှုကြောင့် အရူပဗြဟ္မာ့ချမ်းသာကို တဏှာဖြင့်

မက်မော၍ အဝိဇ္ဇာလက်ခွက်မှ လွတ်မြောက်စေရန် ရည်ရွယ်လျက် အရူပဈာန်တို့ကို ရရှိနိုင်ရန် ကျင့်ကြံ ပွားများအားထုတ်သောပုဂ္ဂိုလ်အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုလေသည်။

မီးကျီးခဲပေါ် ယင်မနားသကဲ့သို့

လောကုတ္တရာတရားဟူသည် အလွန်ပင် သိမ်မွေ့၏။ ၎င်းကို လောဘစိတ်ဖြင့် အာရုံပြု၍ မရနိုင်ပါ။ ကိလေသာက လက်လှမ်းမမီနိုင်သောတရားဟု ဆိုနိုင်ပါသည်။ လက်လှမ်းမမီခြင်းဟူသည် ရဲနေသော မီးကျီးခဲပေါ်သို့ ယင်မနားနိုင်သကဲ့သို့ မဂ်စိတ်၊ ဖိုလ်စိတ်ကိုလည်း လောဘက မတွယ်ဝဲပါ။ တစ်နည်းအားဖြင့် လောကုတ္တရာစိတ်ကို ကိလေသာ မကပ်ရောက်နိုင်ပါ။

သွေးများပေကျံပြီး နီရဲနေသည့် အသားတုံးကမူ ယင်ကောင်အကြိုက် ဖြစ်သကဲ့သို့ ပုထုဇဉ်တို့၏ စိတ်သည်လည်း ကိလေသာ၏ တည်ရာမှီရာ ပျော်စံရာဖြစ်နေပေသည်။ ဤတွင် သူလိုကိုယ်လို ပုထုဇဉ်ကို မဆိုထားဘိ လောကုတ္တရာနယ်သို့ ခြေမချနိုင်သေးသည့် ဈာနလာဘီ တောနေရသေ့၊ ရဟန်းတို့ကိုပင် မျက်ရည်ဖြိုင်ဖြိုင် ကျသည့်အထိ ကိလေသာက ဝေ့ယမ်းကစားနိုင်စွမ်း ရှိကြောင်းကို သာဓကဝတ္ထုဖြင့် ဖော်ပြပါဦးမည်။

နတ်သမီး၏အစွေ့စကြောင့် ဈာန်ရ ရဟေ့ သီလပျက်ခဲ့ရသည်

ဗာရာဏသီပြည်၌ ဘုရားအလောင်းပုဏ္ဏား လုလင်တစ်ဦးသည် အရွယ်ရောက်သောအခါ အိမ်ရာမထူထောင်ဘဲ တောထွက်ကာ ရသေ့ပြုလေသည်။ သမင်မတစ်ကောင်သည် ရသေ့၏ သုက်ရည်နှောနေသော ကျင်ငယ်ရည်ကို သောက်မိပြီး ရသေ့အပေါ်၌ တပ်မက်သောစိတ်ရှိသောကြောင့် ကိုယ်ဝန်တည်လေသည်။ ထိုသမင်မသည် လူသားယောကျ်ားကိုဖွားမြင်သဖြင့် ရသေ့ကစောင့်ရှောက်ပြီး ဣသိသိဂ်ဟု အမည်ပေးပါသည်။

အရွယ်ရောက်သောအခါ သူငယ်အား ရသေ့ပြုပေးသည်။ တစ်နေ့သောအခါ အဘရသေ့သည် ဣသိသိဂ်ရသေ့ကို မိန်းမသဏ္ဌာန် ပန်းများပွင့်သော တောနက်ထဲသို့ ခေါ်သွားပြီးနောက် “ချစ်သား -ဟိမဝန္တာတောင်ပွင့်သော ဤပန်းနှင့်တူသော မိန်းမတို့မည်သည် လောက၌ရှိ၏။ ထိုမိန်းမတို့၏အလိုသို့ လိုက်မိသောယောကျ်ားသည် ပျက်စီးတတ်၏”ဟု အဆုံးအမစကားကို ပြောပြပါသည်။ ထို့နောက် ကာလအတန်ကြာသောအခါ၌ အဘရသေ့သည် သေလွန်ပြီးနောက် ဗြဟ္မာ့ပြည်သို့ လားရောက်သည်။

ကြာသိသိဂ်ရသေ့ငယ်၏ ပြင်းထန်သော အကျင့်၊ ချုပ်တည်းစောင့်စည်းသော စရဏတရားတို့၏ သတ္တိကြောင့် သိကြားမင်းပျော်စံရာ ပဏ္ဍုကမွှလာကျောက်ဖျာကြီးပင် တုန်လှုပ်၍ လာတော့သည်။ ထိုအခါ သိကြားမင်းက 'ဤရသေ့သည် ငါ၏ သိကြားမင်း စည်းစိမ်ကို ယူနိုင်၏'ဟု အကြံအစည်ဖြစ်လာသည်။

ထို့ကြောင့် ကြာသိသိဂ်ရသေ့၏ သီလကို ဖျက်ဆီးနိုင်စွမ်းသည့် နတ်သမီးတစ် ယောက်ကိုစုံစမ်းရာ နှစ်ဆယ့်ငါးကုဋေသော အလုပ်အကျွေးနတ်သမီးများထဲမှ အလမ္ဗုသာ နတ်သမီးသည်သာ ဤရသေ့၏သီလကို ဖျက်ဆီးနိုင်စွမ်းသူအဖြစ် သိကြားမင်းက မြင်လေသည်။ သို့ဖြစ်ပါ၍ အလမ္ဗုသာနတ်သမီးကိုခေါ်၍ "ကြာသိသိဂ်ရသေ့ထံပါးသို့ ချဉ်းကပ်၍ မိမိအလိုသို့ဆောင်ယူကာ ထိုရသေ့ငယ်၏သီလကို ဖျက်ဆီးချေလော့"ဟု စေခိုင်းလေတော့သည်။

အလမ္ဗုသာ နတ်သမီးသည် နတ်တို့၏အရှင် သိကြားမင်းကြီး တာဝန်ပေး စေခိုင်းသည့်အတိုင်း ကြာသိသိဂ်ရှင်ရသေ့ငယ်၏ကျောင်းသို့ သွားလေသည်။ ထိုအချိန်၌ ရသေ့ငယ်သည် မီးတင်းကုပ်၌ တံမြက်စည်းလှည်းနေသည်။ ရသေ့ငယ်သည် မိန်းမတို့၏ တင့်တယ်သော အမူအရာတို့ကို မမြင်စဖူးမြင်ရသော ထိုတဒင်္ဂတစ်ခဏ၌ အလွန်အမင်း အံ့သြ၍နေလေတော့သည်။

ထို့နောက် "သင်သည် ဆန်းကြယ်သော အဝတ်တို့ကို ဝတ်ထား၏။ ပုလဲသွယ် လည်ရွဲနှင့် ပတ္တမြားနားတောင်းကို ဝတ်ထား၏။ သောက်ရှူးကြယ် လျှပ်စီးနွယ်ကဲ့သို့ မျက်လုံးက တောက်ပလှ၏။ နေမင်းလို ထွန်းလင်းပြီး ဝါဝင်းသည့် စန္ဒကူးနှံ့သာကို လိမ်းထား၏။ အဘယ်သူနည်း"ဟု သူ၏အလှအပကို ချီးမွမ်းပြီး မေးလာသည့်ရသေ့၏ မေးခွန်းကိုမဖြေသေးဘဲ မိန်းမတို့၏ မာယာပရိယာယ်ဖြင့် ပြုံး၍နေလေတော့သည်။

ထိုအချိန်၌ ရသေ့ငယ်သည် မိမိ၏ အဓိဋ္ဌာန်ကိုလည်းကောင်း၊ မိမိ၏ အကျင့် သီလကိုလည်းကောင်း၊ မိမိ၏စရဏကိုလည်းကောင်း မေ့လျော့ရုံမျှမက မိမိသည်တောနေ ရသေ့ဆိုသည်ကိုပင် မေ့လျော့ပြီး နတ်သမီး၏အလှ၌ ယစ်မူးပြီး တစိမ့်စိမ့်ကြည့်ရှု၍ နေတော့သည်။ ထိုအခါ အလမ္ဗုသာနတ်သမီးသည် မိန်းမတို့၏မာယာ၌ ကျွမ်းကျင်လိမ္မာ သဖြင့် ကြာသိသိဂ်ရှင်ရသေ့ငယ်၏သီလကို အလွယ်တကူ ဖျက်ဆီးလေတော့သည်။

ထိုတဒင်္ဂတစ်ခဏ၌ပင် ရသေ့ကလေး၏သန္တာန်၌ ကိလေသာနီဝရဏတို့က ဦးထောင်လာပြီး စျာန်စိတ်တို့ လျှော့ကျ ပျက်စီးလေတော့သည်။ ရသေ့ငယ်သည် လူတို့၏ နှစ်အားဖြင့် သုံးနှစ်တိုင်တိုင် နတ်သမီး၏ အထိအတွေ့အာရုံဖြင့် တွေဝေမိန်းမော၍ နေပါတော့သည်။

သုံးနှစ်ပြည့်ပြီးသောအခါ၌ ရသေ့ငယ် သတိရလာပြီး "အချင်းတို့ ငါသည် မီးကို မပူဇော်မိလေ။ မီးပူဇော်ခြင်းကို စွန့်လွှတ်ခဲ့၏။ အဘယ်သူသည် ငါ့ကိုလာ၍ဖြားယောင်းလေသနည်း။ ငါ့ဈာန်စွမ်းအားတို့ ကုန်ဆုံးလေပြီ"ဟု ပြောကြားပြီး သည်းထန်စွာ ငိုကြွေး၍ နေပါတော့သည်။

ထိုအခါမှန်၌ နတ်သမီးက ကိုယ်ထင်ပြပြီး "အိုအရှင်ရသေ့ နတ်တို့၏အရှင် သိကြားမင်းကြီးက စေခိုင်း၍ ရသေ့အား ကာမဂုဏ်ဖြင့် လုပ်ကျွေးမိသော အလမ္ဗုသာနတ်သမီး ဖြစ်ပါသည်။ အရှင်၏စိတ်တော်ကို ညှဉ်းဆဲ တွေဝေစေခဲ့မိပါသည်"ဟု လျှောက်ထားတောင်းပန်ပြီး နတ်ပြည်သို့ ပြန်သွားလေသည်။

ထိုအခါ သိကြားမင်းက သူ၏အလိုဆန္ဒပြည့်စေနိုင်ခဲ့သည့် နတ်သမီးအား အလိုရှိရာဆုကို တောင်းစေသည်။ အလမ္ဗုသာနတ်သမီးက နောက်မျှား၌ သီလပြည့်စုံသော ရသေ့ရဟန်းတို့အား သွေးဆောင် ဖြားယောင်းရမည့်တာဝန်မှ ကင်းလွတ်ခွင့်ပြုရန် သိကြားမင်းထံပါး ဆုတောင်းလေသည်။[၁]

သတ္တဝါတို့၏ ကိုယ်တွင်းမှ ကာမတဏှာစေတ်ဆိုး

ဤဝတ္ထုသာဓကဖြင့် ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ ပုထုဇဉ်သတ္တဝါတို့၏ ကိုယ်တွင်းမှ ကာမတဏှာမည်သော အကုသိုလ်ဝဋ္ဋ မာတ်ဆိုးကြီးက အမြဲ တွန်းတင်မောင်းနှင်လျက်ရှိပါသည်။ ထို့ကြောင့် အထီးသတ္တဝါက အမသတ္တဝါမည်သော ဝိသဘာဂဆန့်ကျင်ဘက်လိင်ကိုလည်းကောင်း၊ အမသတ္တဝါက အထီးသတ္တဝါမည်သော ဝိသဘာဂဆန့်ကျင်ဘက်လိင်ကိုလည်းကောင်း ငံ့လင့် တမ်းတစွဲမက်၍ နေလေတော့သည်။

ထို့ကြောင့် ထိုထို ဝိသဘာဂ ဆန့်ကျင်ဘက်၏ အဆင်းရူပါရုံကို အဆက်မပြတ် မြင်တွေ့နေလိုသည်။ ဝိသဘာဂဆန့်ကျင်ဘက်၏အသံကို အဆက်မပြတ် ကြားနေလိုသည်။ ဝိသဘာဂဆန့်ကျင်ဘက်၏ ကိုယ်အင်္ဂါတို့ကို အမြဲမပြတ် ထိတွေ့ပွတ်သပ်နေလိုသည်။

မတင့်တယ်သည့် အသုဘကောင်ကြီးမှန်း ကြောင်ကြောင်ကြီးကို မြင်တွေ့နေရပါလျက် ကိုယ်တွင်းမှ ကာမတဏှာမည်သော အကုသိုလ်ဝဋ္ဋ မာတ်ဆိုးကြီး၏သတ္တိကြောင့် ဉာဏ်မျက်စိကန်းကာ တင့်တယ်သည့် သုဘ (Pleasant)ဟု ထင်နေသည်။ အချင်းချင်း အလွန် ခင်မင်စွဲလမ်းကာ မြိန်ရှက်၍ နေကြတော့သည်။[၂]

၁။ အလမ္ဗုသာဇာတကဝဏ္ဏနာ၊ စတ္တာလီသနိပါတ၊ ဇာတကအဋ္ဌကထာ (ပဉ္စမတွဲ၊ နှာ-၁၆၁)

၂။ လယ်တီဒီပနီကို ကိုးကားမှီငြမ်းသည်။

ဘဝါဘဝအဆက်ဆက်တိုင် နှံစ့ျာစေသည့် ကာမဝတ္ထု

ကာမဝတ္ထု ကာမအထည်ကိုယ်ဖြစ်သော ဝိသဘာဂဆန့်ကျင်ဘက်တို့ကို အဆက်မပြတ် မြင်လို၊ ကြားလို၊ ထိတွေ့လိုကာ ပေါင်းဖက်၊ ရောယှက်မိသောသူတို့သည် ဘုရားရှင်သာသနာတော် ပွင့်ထွန်းနေသည့် ယခုပစ္စက္ခဘဝတွင် မြင့်မြတ်လှသည့် သီလ အကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တို့ကို ကျော်ခိုင်းကြတော့သည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့မှအပဖြစ်သော မြားမြောင်လှသည့် အမှုကိစ္စ အစုစုတို့ကိုသာ လုပ်ကြရင်း သေပွဲဝင်ကြပါတော့သည်။ ထိုသူတို့ သေသည်၏ အခြားမဲ့ ၌လည်း ပုထုဇဉ်သတ္တဝါတို့၏ ကိုယ်တွင်းမှကာမတဏှာမည်သော အကုသိုလ်ဝဋ္ဋ ဓာတ် ဆိုးကြီး၏သတ္တိကပင် ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ လိပ်၊ ငါး၊ သန်း၊ ကြမ်းပိုး၊ ပိုးလောက်၊ ပိုးမွှားဟူသော သေးနုပ်စုတ်ဖွဲလှသည့် နုံချာသောဘဝသို့ရောက်အောင် ဆောင်ယူ ပေတော့သည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် “အပွဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အာဒီနဝေါ ဧတ္ထ ဘိယျော”[၁]ဟု ဟောတော်မူခြင်းဖြစ်သည်။ “ကာမဂုဏ်တို့သည် သာယာဖွယ် နည်းကုန်၏။ ဆင်းရဲများကုန်၏။ ပူလောင်မှုများကုန်၏။ ဤကာမတရား တို့၌ အပြစ်သည် လွန်ကဲစွာ များကုန်၏”ဟု အဓိပ္ပာယ်ရပါသည်။

ဝတ္ထုကာမနှင့် ကိလေသာကာမ

ထိုထိုအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့ကို ‘ဝတ္ထုကာမ” (Object love) ဟု ခေါ်သည်။ တပ်မက်စရာ အာရုံဝတ္ထုဖြစ်သည်။

ထိုဝတ္ထုကာမဖြစ်သော အာရုံတစ်ခုခုကို မျက်စိ စသည်ဖြင့် တိုက်တွေ့သောအခါ နှစ်သက်တပ်မက်စွဲငြိမှုကို ‘ကိလေသာကာမ’ (Lust)ဟုခေါ်သည်။ လိုချင်မက်မော တတ်သော လောဘ၊ တဏှာ ဖြစ်သည်။

ထိုထိုကိလေသာစိတ်ဖြစ်သောအခိုက်တွင် ကာမဂုဏ်၏ သာယာဖွယ်တို့ ဖြစ်လာသဖြင့် ထိုစိတ်ကိုပင် မပြတ်မလပ် တစ်ဆက်တစ်စပ်တည်းကြီး ဖြစ်နေနိုင်ရန် ပုထုဇဉ်က စွမ်းအားရှိသမျှ ကြိုးပမ်းနေလေတော့သည်။

၁။ စူဠဒုက္ခက္ခန္ဓသုတ္တ၊ မူလပရိယာယဝဂ္ဂ၊ မူလပဏ္ဏာသပါဠိ (နှာ-၁၂၆)

အာရုံနှင့်ဒွါရတို့ကို မပြတ် တရစပ် တိုက်ဆုံပေးမှုနှင့် နှလုံးသွင်းမှားမှုတို့ကြောင့် အခိုက်အတန့် သာယာဖွယ်ကလေးသည် အကောင်အထည် အလုံးအခဲကြီးအဖြစ် ထင်ရလောက်အောင် ကြီးကျယ် ပွားများလာပါတော့သည်။

အာရုံဟူသော ဝတ္ထုကာမနှင့် တပ်မက်စွဲငြိမှုဟူသော ကိလေသာကာမတို့က ခိုင်မာသော အနှောင်အဖွဲ့ဖြစ်လာပြီး ထိုကာမဂုဏ်ချည်တိုင်မှ သတ္တဝါတို့ မလွတ်နိုင်တော့ပေ။

စင်စစ်မှာမူ စိတ္တက္ခဏ တစ်ချက်စာမျှသာရှိသော၊ အနည်းငယ်မျှသော Little Moment ခဏတာကာလတိုကလေး သာယာဖွယ်အတွက် ရင်းနှီးရသောအရင်း အနှီးကာ ကြီးမားပေတော့သည်။ ကြုံလာလတ္တံ့သော ဆင်းရဲကား ကြီးကျယ်လှပေတော့သည်။

ဥပနိဿယပစ္စယောဆုံတောင်း

“ရွာသွန်းသောမိုးကြီးသည် သက်ရှိ၊ သက်မဲ့ အရာအားလုံးတို့အတွက် အားကြီးသောမှီရာဖြစ်သကဲ့သို့ လူသားတို့၏သန္တာန်၌လည်း သဒ္ဓါ၊ ပညာ စသည့် ကုသိုလ်ကောင်းမှုတို့သည် အားကြီးသော မှီရာဖြစ်ကြပြီး နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား”

ဥပနိဿယပစ္စယော သိမ့်တဲ့ပ်ွယ်

ဥပနိဿယပစ္စည်း၏ ကျေးဇူးပြုပုံ

၁။ အာရမ္မဏူပနိဿယ

နာမ်တရား၊ ရုပ်တရားနှင့် နိဗ္ဗာန်တရား (Mind Matter and Nibbana to Mind) တို့က နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

၂။ အနန္တရူပနိဿယ

နာမ်တရားက နာမ်တရားကို (Mind to Mind) ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

၃။ ပကတူပနိဿယ

နာမ်တရား၊ ရုပ်တရားနှင့် ပညတ်တရားက နာမ်တရားကို (Mind Matter and Pannatti to Mind) ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ အာရမ္မဏူပနိဿယ

ပစ္စယဟူသော အကြောင်းတရားမှာ - အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်၊ ဒေါသမူ ၂ မောဟမူ ၂ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သောစိတ် (၈၄) ပါး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇)ပါးနှင့် နိဗ္ဗာန်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄) ပါး၊ လောကုတ္တရာစိတ် (၈) ပါးတို့ ဖြစ်သည်။

၂။ အနန္တရူပနိဿယ

ပစ္စယဟူသော အကြောင်းတရားမှာ - ရဟန္တာတို့၏ စုတိကြဉ်သော စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ စိတ် (၈၉)ပါးနှင့် စေတသိက် (၅၂)ပါးတို့ဖြစ်သည်။

၃။ ပကတူပနိဿယ

ပစ္စယဟူသော အကြောင်းတရားမှာ - ဗလဝဖြစ်သော စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါးနှင့် ရုပ် (၂၈)ပါး ပညတ်တို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉)ပါးနှင့် စေတသိက် (၅၂)ပါးတို့ဖြစ်သည်။

၁၀။ ပုရေဇာတပစ္စယော
ပစ္စယုပ္ပန်တရားများမဖြစ်မီ ရှေးဦးစွာဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Purejata Paccaya (Born Earlier condition)

ပစ္စယနိဒ္ဒေသ

ပုရေဇာတပစ္စယောတိ - စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ-ပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ-ပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနော-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ မနော-ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

Born Earlier condition (Purejata Paccaya)

Eye-base is related to eye-consciousness-element and its associated phe-nomena by born earlier condition.

Ear-base is related to ear-consciousness-element and its associated phenomena by born earlier condition.

Nose-base is related to nose-consciousness-element and its associated phenomena by born earlier condition.

Tongue-base is related to tongue-consciousness-element and its associated phenomena by born earlier condition.

Body-base is related to body-consciousness-element and its associated phenomena by born earlier condition.

Visible object-base is related to eye-consciousness-element and its associated phenomena by born earlier condition.

Sound-base is related to ear-consciousness-element and its associated phenomena by born earlier condition.

Smell-base is related to nose-consciousness-element and its associated phenomena by born earlier condition.

Taste-base is related to tongue-consciousness-element and its associated phenomena by born earlier condition.

Tangible object-base is related to body-consciousness-element and its associated phenomena by born earlier condition.

Visible object, sound, smell, taste and tangible object are related to mind-element and its associated phenomena by born earlier condition.

Depending on this [heart-base] matter, mind-element and mind-consciousness-element arise. That matter is related to mind-element and its associated phenomena by born earlier condition.

That matter is sometimes related to the mind-consciousness-element and its associated phenomena by pre-nascence condition. Sometimes it is not related by born earlier condition.

ပုရေဇာတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“အလင်းမှီနေ၊ များပိုလ်ခြေကို၊ ကပွေစစွာ၊ ပေါ်ထွန်းလာပ၊ နေနှင့်လသို့” ဟု လာရှိသည်နှင့်အညီ ရှေးကာလ၌ ပေါ်ထွက်လာသော နေ၊ လ တို့သည် အလင်းရောင်ကိုမှီ၍ နေကြသူတို့အား ရှေးဦးဖြစ်၍ ကျေးဇူးပြုသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအားဖြင့် အာရုံ (၅)ပါးနှင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထုအားဖြင့် ဝတ္ထု (၆)ပါးတို့သည် ဆိုင်ရာသိစိတ်တို့အား ရှေးဦးဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုကြသည်။[၁]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

ပုရေဇာတပစ္စည်းသည် အကြောင်းတရားများက အကျိုးတရားမဖြစ်ပေါ်ခင် ရှေ့က ဖြစ်နှင့်သည်။ ရှေးဆရာမြတ်များက ပုရေဇာတပစ္စည်းကို နေနှင့်လတို့ဖြင့် ဥပမာ ပြတော်မူကြပါသည်။ သားသမီးနှင့် မိဘကိုလည်း ပမာပြုနိုင်ပါသည်။ နေ၊ လတို့သည် လူသားတို့ထက် ရှေးရှေးကဖြစ်နှင့်ကာ သတ္တဝါတို့၏အကျိုးကို ပြုကြသည်။ ထိုနည်းအတူ မိဘများက သားသမီးတို့ထက်အရင် ဖြစ်နှင့်ကြရပါသည်။

Purejata paccaya

Number ten is Purejata Paccaya. "Pure' means before. 'Jata' means arisen. So 'Purejata' means those that have arisen before, arisen before and still existing at the time. Purejata is compared to the sun or the moon since the beginning of the world. It is said that in the beginning there was no sun and no moon. So, beings lived in the dark and they were afraid. Then they longed for something to give them light. And the sun came up one day. After that, that is the sun's arising and the moon's arising (The moon came up later), they have served as a condition of Purejata for beings. We depend on the sun. The sun has been in the world for many, many years. So, it is Purejata Paccaya. It arises before, but it is still existing now. That we must understand-not that it arose before and then it is no more now. If it is no more now, it is not called Purejata Paccaya. Purejata Paccaya is also a kind of Atthi Paccaya, number 21. In order for a state to be Purejata Paccaya it must have arisen before the conditioned state, and it must be existing at the present moment.[၁၂]

ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတ၏မျိုးတူပစ္စည်း

ဤတွင်ပုရေဇာတနှင့် မျိုးတူသည့်ပစ္စည်းများမှာ ဝတ္ထုပုရေဇာတ၌ ၆ ပါးရှိပါသည်။ ၎င်းတို့မှာ ၁-ဝတ္ထုပုရေဇာတ၊ ၂-ဝတ္ထုပုရေဇာတနိဿယ၊ ၃-ဝတ္ထုပုရေဇာတိန္ဒြိယ၊ ၄-ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ၅-ဝတ္ထုပုရေဇာတတ္ထိနှင့် ၆-ဝတ္ထုပုရေဇာတ အဝိဂတတို့ ဖြစ်ပါသည်။

ဆက်လက်ပြီး အာရမ္မဏပုရေဇာတ၌ ၈-ပါး ရှိပါသည်။ ၎င်းတို့မှာ ၁-ပုရေဇာတ၊ ၂-အာရမ္မဏ၊ ၃-အဓိပတိ၊ ၄-နိဿယ၊ ၅-ဥပနိဿယ၊ ၆-ဝိပ္ပယုတ္တ၊ ၇-အတ္ထိနှင့် ၈-အဝိဂတ တို့ဖြစ်ပါသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

ဝတ္ထုပုရေဏတနှင့် အာရမ္မဏပုရေဏတ၏ဆိုလိုရင်း

ပုရေဏတပစ္စည်းတွင် ၁-ဝတ္ထုပုရေဏတနှင့် ၂-အာရမ္မဏပုရေဏတဟူ၍ နှစ်မျိုး ရှိပါသည်။ ဝတ္ထုပုရေဏတကို လေ့လာရာတွင် ၁-စက္ခုဝတ္ထု၊ ၂-သောတဝတ္ထု၊ ၃-ဃာနဝတ္ထု၊ ၄-ဇိဝှာဝတ္ထု၊ ၅-ကာယဝတ္ထုနှင့် ၆-ဟဒယဝတ္ထုတို့ကို ဦးစွာ မှတ်သား ထားရပါမည်။

အာရမ္မဏပုရေဏတကို လေ့လာရာတွင် ၁- ရူပါရုံ အဆင်း၊ ၂-သဒ္ဒါရုံ အသံ၊ ၃-ဂန္ဓာရုံ အနံ့၊ ၄-ရသာရုံ အရသာနှင့် ၅-ဖောဋ္ဌဗ္ဗာရုံ အထိအတွေ့တို့ကို ဦးစွာ မှတ်သားရပါမည်။

မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ပေါ်လာနိုင်ရန် တည်ရာမှီရာ (Base)အဖြစ် ကျေးဇူး ပြုခြင်းဟူသည် 'ဝတ္ထုပုရေဏတ' ဖြစ်သည်။ မြင်သိစိတ် စက္ခုဝိညာဏ ဖြစ်ပေါ်လာနိုင်ရန် အာရုံ (Object)အဖြစ် ကျေးဇူးပြုခြင်းဟူသည် 'အာရမ္မဏပုရေဏတ' ဖြစ်သည်။ ကျန်သည့် နား၊ နှာခေါင်းခွံ ကြားသိစိတ် နံသိစိတ်တို့ကိုလည်း အလားတူ နားလည် ရပါမည်။

ဝတ္ထုပုရေဏတ ကြိုတင်ဖြစ်နှင့်သည်

ပဋ္ဌာန်းပဉ္စာဝါရ၌ "စက္ခာယတနံ စက္ခုဝိညာဏာဿ ပုရေဏတပစ္စယေန ပစ္စယော" ဟူ၍လည်းကောင်း၊ ပစ္စယနိဒ္ဒေသပါဠိတော်၌ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဏတပစ္စယေန ပစ္စယော"ဟူ၍ လာရှိပါသည်။ စက္ခုပသာဒ (ဝါ) စက္ခုဝတ္ထုသည် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်)ကို ပုရေဏတ ပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု အဓိပ္ပာယ်ရပါသည်။

ဝတ္ထုပုရေဏတပစ္စည်း၏ ထူးခြားချက်မှာ တည်ရာ မှီရာ (Base)က ကြိုတင် ဖြစ်နှင့်ပြီး ကျေးဇူးပြုခြင်းဖြစ်ပါသည်။ ဝတ္ထုရုပ် ၆ ပါးရှိပါသည်။ ၎င်းတို့မှာ (၁) စက္ခု ဝတ္ထုရုပ် (၂) သောတဝတ္ထုရုပ် (၃) ဃာနဝတ္ထုရုပ် (၄) ဇိဝှာဝတ္ထုရုပ် (၅) ကာယဝတ္ထုရုပ်နှင့် (၆) ဟဒယဝတ္ထုရုပ်တို့ ဖြစ်ကြ သည်။

စက္ခုဝတ္ထုရုပ်သည် မျက်လုံးအတွင်းခွံရှိသော အကြည်ဓာတ်တစ်မျိုး ဖြစ်သည်။ ၎င်းစက္ခုရုပ်မှ စက္ခုဝိညာဏ်စိတ်ပေါက်ဖွားသည်။ မြင်သိစိတ်ကို စက္ခုဝိညာဏ်စိတ် ဟုခေါ်သည်။

သောတဝတ္ထုရုပ်သည် နားအတွင်းခွံရှိသော အကြည်ဓာတ်တစ်မျိုးဖြစ်သည်။ ၎င်း သောတဝတ္ထုရုပ်မှ သောတဝိညာဏ်စိတ် ပေါက်ဖွားသည်။ ကြားသိစိတ်ကို သောတ ဝိညာဏ်စိတ်ဟုခေါ်သည်။

ယာနဝတ္ထုရုပ်သည် နှာခေါင်းအတွင်း၌ရှိသော အကြည်ဓာတ်တစ်မျိုးဖြစ်သည်။ ၎င်းယာနဝတ္ထုရုပ်မှ ယာနဝိညာဏ်စိတ် ပေါက်ဖွားသည်။ နံသိစိတ်ကို ယာနဝိညာဏ်စိတ်ဟုခေါ်သည်။

ဇိဝှာဝတ္ထုရုပ်သည် လျှာအပြင်၌ရှိသော အကြည်ဓာတ်တစ်မျိုးဖြစ်သည်။ ၎င်းဇိဝှာဝတ္ထုရုပ်မှ ဇိဝှာဝိညာဏ်စိတ် ပေါက်ဖွားသည်။ အရသာသိစိတ်ကို ဇိဝှာဝိညာဏ်စိတ်ဟုခေါ် သည်။

ကာယဝတ္ထုရုပ်သည် ခြေဖဝါးအပြင်မှစ၍ အတွင်းအပြင် တစ်ကိုယ်လုံး၌ရှိသော အကြည်ဓာတ်မျိုးဖြစ်သည်။ ၎င်းကာယဝတ္ထုရုပ်မှ ကာယဝိညာဏ်စိတ် ပေါက်ဖွားသည်။ ထိသိစိတ်ကို ကာယဝိညာဏ်စိတ်ဟုခေါ်သည်။

ဟဒယဝတ္ထုရုပ်သည် နှလုံးအိမ်အတွင်း၌ရှိပြီး အလွန်နူးညံ့သောရုပ်ဖြစ်သည်။ ၎င်းဟဒယဝတ္ထုရုပ်မှ မနောဝိညာဏ်စိတ် (၇၅) ပါးတို့ ပေါက်ဖွားကြသည်။

ပသာဒ ၆ မျိုးနှင့် အကြည် ၆ မျိုး (၀၊) ဓာတ်မှန်

လယ်တီဆရာတော်ကြီးက ဝတ္ထုရုပ်အကြည်ဓာတ်ကို နားလည်လွယ်ကူရန် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းစာအုပ်၌ ဓာတ်မှန်ဟူ၍ ဖွင့်ဆိုပေးတော်မူထားပါသည်။ ဓာတ်မှန်သည် ဥတုဇဓာတ်မှန်၊ ကမ္မဇဓာတ်မှန်ဟု (၂)မျိုးရှိ၏။ မျက်မှန်၊ မှန်ပြောင်းစသည်၌ ဓာတ်မှန်သည် ဥတုဇဓာတ်မှန်ဖြစ်၏။ သတ္တဝါတို့သန္တာန်တွင်ရှိသော ဓာတ်မှန်သည် ကမ္မဇဓာတ်မှန်ဖြစ်၏။ ကမ္မဇဓာတ်မှန်သည် စက္ခုဓာတ်မှန်မှ မနောဓာတ်မှန်ထိ (၆)မျိုးရှိ၏။

စက္ခုဓာတ်မှန်သည် မျက်လုံးအိမ်တွင်း၌၊ သောတဓာတ်မှန်သည် နားတွင်း၌၊ ဃာနဓာတ်မှန်သည် နှာခေါင်းတွင်း၌၊ ဇိဝှာဓာတ်မှန်သည် လျှာအပြင်၌၊ ကာယဓာတ်မှန်သည် တစ်ကိုယ်လုံး၌၊ မနောဓာတ်မှန်သည် နှလုံးအိမ်၌ တည်ရှိ၏။ ထိုဓာတ်မှန် (၆)မျိုးကို အကြည်ဓာတ် (၆)မျိုးဟုခေါ်၏။ ဒွါရဟုလည်းခေါ်၏။

မှန်အကြည်တံခါး

ဒွါရ (၂)မျိုးရှိ၏။ အိမ်တွင် လေဝင်ရန် ပြတင်းပေါက်တံခါးနှင့် အပေါက်မရှိ မှန်ကာထားသော အကြည်တံခါးဟု (၂) မျိုးရှိ၏။ မှန်ကြည်တံခါးသည် ပြင်ပအာရုံများကို မြင်နိုင်၏။ အတွင်းမှအပြင်၊ အပြင်မှအတွင်းသို့ မြင်နိုင်၏။

သတ္တဝါတို့၏ အာကာသတံခါးဖြစ်သော ပြတင်းပေါက်တံခါးသည် ခံတွင်းပေါက်စသည့် ဒွါရ (၉)ပေါက်၊ (၉)သောင်း (၉)ထောင် မွေးညင်းပေါက်များဖြစ်၏။ စက္ခုအကြည်စသည်တို့သည် မှန်ပေါက်၊ အကြည်ပေါက်၊ အလင်းပေါက်များဖြစ်၏။ အရာဝတ္ထုမှန်သမျှသည် မှန်ကြည်တွင်ပေါ်သကဲ့သို့ အာရုံဟူသမျှ မနောအကြည်တွင်ပေါ်၏။

အဂ်ုတ္တိရ်ပါဠိတော်တွင် စိတ်သည် ပြိုးပြိုးပြက် တောက်ထွန်း၏ဟု ဟောတော်မူ၏။ အဟိတ်စိတ်ပင်ဖြစ်သော်လည်း အောက်မေ့လိုက်သည်နှင့် အာရုံဝတ္ထုတို့သည် မနောအကြည်တွင် ပေါ်လာ၏။

အဟိတ်စိတ်ထက် ဒွိဟိတ်စိတ်၊ ဒွိဟိတ်စိတ်ထက် တိဟိတ်စိတ် အကြည်သာလွန်၏။ လူတိဟိတ် မနောထက်တာဝတိံသာ တိဟိတ်မနောစသည်ဖြင့် ဘဝင်တိုင်အောင်သိလေ။ ပုထုဇဉ်သားထက် ပကတိသာဝက ဗောဓိအလောင်းမှ သဗ္ဗညုဗောဓိအလောင်းထိသာလွန်ကြည်၏။ အရာဝတ္ထုမှန်သမျှ မနောအကြည်တွင် မထင်ဟုမရှိ၊ စက္ခုစသော အကြောင်း (၅)မျိုးသည် မှန်ချပ်များနှင့်တူ၏။

စက္ခုပသာဒ မျက်စိရုပ်နှင့် မြင်သိစိတ်ကလည်း ပရမတ်

ရူပါရုံအဆင်းကလည်း ပရမတ်ဖြစ်ပါသည်။ စက္ခုပသာဒ မျက်စိရုပ်သည်လည်း ပရမတ်ဖြစ်သည်။ မြင်သိစိတ်ကလည်း ပရမတ်ဖြစ်သည်။ ရူပါရုံနှင့် စက္ခုပသာဒတို့သည် ပင်ကိုသဘောအားဖြင့် ဖောက်ပြန်ပြောင်းလဲနေသည်။ မြစ်ရေများ မနားတမ်း တသွင်သွင်စီးဆင်းနေသကဲ့သို့ ရုပ်ဓမ္မ၊ နာမ်ဓမ္မ အစဉ်သည်လည်း မနားတမ်း ဖြစ်ပျက် ပြောင်းလဲ၍နေပါသည်။ သို့ဖြစ်ပါ၍ (Everything change, Nothing remain without change.)ဟုခေါ်ဆိုနိုင်ခြင်းဖြစ်သည်။ သာမန်လူသားတစ်ယောက်အနေဖြင့် ဤသို့ ခိုင်မြဲမှုမရှိ၊ အနှစ်သာရမရှိသော ဓမ္မသဘာဝတရားသက်သက်ကို သိရှိနားလည်သဘောပေါက်ရန် လွန်စွာခက်ခဲပါသည်။

ပရမတ်သဘောကို သိရှိနားလည်ရန် ခက်ခဲသောကြောင့် ရူပါရုံနှင့် စက္ခုပသာဒတို့ တိုက်ဆုံမှုကြောင့် ဖြစ်ပေါ်လာသော မြင်ခြင်းပေါ်မူတည်၍လည်းကောင်း၊ ကြားခြင်း၊ နံခြင်း၊ ထိတွေ့ခြင်း စသည်ပေါ်မူတည်၍လည်းကောင်း ဖြူနီဝါပြာ အရောင်အသွေးအဆင်းသဏ္ဌာန် (Form) အဝိုင်းလေးတောင့် အရွယ်အစားပမာဏ (Dimension)၊ အလေးချိန် (Weight)၊ ဒြပ်သဘော (Mass) စသည့် ပညတ်ဝေါဟာရ တင်ကြရပါသည်။ သို့မှသာ လူတို့၏ နေ့စဉ်သုံး ဝေါဟာရစကားဖြင့် နားလည်နိုင်ကြမည်ဖြစ်သည်။

မမြဲသောတရားကို မမြဲဟုသိမှ လွတ်စေကြောက်မည်

ဘုရားရှင်သည် အဇ္ဈတ္တနန္ဒိကွယသုတ်၌ 'ရဟန်းသည် မမြဲသောမျက်စိကို မမြဲဟု ရှု၏။ ထိုသို့ရှုခြင်းသည် မှန်ကန်စွာမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဖြစ်၏။ မှန်ကန်စွာ မြင်သူသည် ငြီးငွေ့၏။ ငြီးငွေ့သူသည် နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏။ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏။ နှစ်သက်မှု၊ စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏'ဟု ဟောတော်မူပါသည်။[၁]

ဆက်လက်ပြီး ဗာဟိရနန္ဒိကွယသုတ်၌လည်း 'ရဟန်းတို့ မျက်စိကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့။ မျက်စိ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန် ရှုကုန်လော့။ ရဟန်းသည် မျက်စိကို အသင့်အားဖြင့် နှလုံးသွင်းသော် မျက်စိ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် မျက်စိ၌လည်း ငြီးငွေ့၏။ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏။ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏။ နှစ်သက်မှု၊ စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာလွတ်မြောက်ပြီဟု ဆိုအပ်၏ဟု ဟောတော်မူပါသည်။

ထိုနည်းအတူ 'ရဟန်းတို့ နားကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့၊ ရဟန်းတို့ နှာခေါင်းကို၊ လျှာကို အသင့်အားဖြင့် နှလုံးသွင်းကုန်လော့။ လျှာ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန် ရှုကုန်လော့။ ရဟန်းတို့ ရဟန်းသည် လျှာကို အသင့်အားဖြင့် နှလုံးသွင်းသော် လျှာ၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ အဖန်ဖန်ရှုသော် လျှာ၌လည်း ငြီးငွေ့၏။ နှစ်သက်မှုကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏။ စွဲမက်မှုကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏။ နှစ်သက်မှု စွဲမက်မှုကုန်ခြင်းကြောင့် စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏'ဟု ဟောတော်မူပါသည်။[၂]

ရှုပ်ပရမတ်၊ နာမ်ပရမတ်တို့၏ သဘာသဘာဝ

ဤကိုယ်ကောင်ကြီးဟုဆိုရသော ခန္ဓာ ၅ ပါးအစုအဖွဲ့၌ပါဝင်သော ရူပက္ခန္ဓာသည်လည်း သူသဘာဝလမ်းစဉ်အတိုင်း မသွေမဖည် မရပ်မနား ပြောင်းလဲ၍၊ ဖြစ်ပျက်၍နေသည်။

ဝေဒနာက္ခန္ဓာသည်လည်း သူသဘာဝလမ်းစဉ်အတိုင်း မသွေမဖည် မရပ်မနား ပြောင်းလဲ၍၊ ဖြစ်ပျက်၍နေသည်။

၁။ အဇ္ဈတ္တနန္ဒိကွယသုတ္တ၊ နန္ဒိကွယဝဂ္ဂ၊ သဠာယတနသံယုတ္တပါဠိ။ (နှာ-၃၅၄)
၂။ ဗာဟိရနန္ဒိကွယသုတ္တ၊ နန္ဒိကွယဝဂ္ဂ၊ သဠာယတနသံယုတ္တပါဠိ။ (နှာ-၃၅၄)

သညာက္ခန္ဓာသည်လည်း သူ့သဘာဝလမ်းစဉ်အတိုင်း မသွေမဖည် မရပ်မနား ပြောင်းလဲ၍၊ ဖြစ်ပျက်၍နေသည်။

သခ်ါရက္ခန္ဓာသည်လည်း သူ့သဘာဝလမ်းစဉ်အတိုင်း မသွေမဖည် မရပ်မနား ပြောင်းလဲ၍၊ ဖြစ်ပျက်၍နေသည်။

ဝိညာဏက္ခန္ဓာသည်လည်း သူ့သဘာဝလမ်းစဉ်အတိုင်း မသွေမဖည် မရပ်မနား ပြောင်းလဲ၍၊ ဖြစ်ပျက်၍နေသည်။

တရားအားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပရမတ္ထဓမ္မ၏ သဘာဝကား တရစပ်မနားတမ်း သူ့သဘာဝလမ်းစဉ်အတိုင်း မသွေမဖည် မရပ်မနား ပြောင်းလဲ၍၊ ဖြစ်ပျက်၍နေသည်။

မြစ်ရေမျှားစီးဆင်းသကဲ့သို့

ဆရာ့ထံပါးမှ နည်းရယူထားသော ယောဂီသည် ထိုဖြစ်စဉ်ကို စောင့်ကြည့် လေ့လာနေခြင်းကိုပင် ဝိပဿနာတရား အားထုတ်သည်ဟု ခေါ်သည်။ စောင့်ကြည့်နေသော ထိုယောဂီ၏ဉာဏ်ထဲ၌ တောင့်တင်း၊ ခက်မာ၊ ကြမ်းတမ်း၊ နူးညံ့မှုဟူသော ပထဝီဓာတ်၏ သဘောကိုလည်းကောင်း၊ ပူမှု၊ အေးမှု၊ နွေးမှု စသော တေဇောဓာတ်၏ သဘောကို လည်းကောင်း၊ လှုပ်ရှားတွန်းကန်မှု စသော ဝါယောဓာတ်၏ သဘောကိုလည်းကောင်း၊ ယိုစီးဖွဲ့စည်းမှုစသော အာပေါဓာတ်၏သဘောကို လည်းကောင်း ပေါ်ရာ ပေါ်ရာ၊ ထင်ရှားရာ၊ ထင်ရှားရာတို့ကို သိလာမည်။ ယောဂီတို့၏ ဉာဏ်အားလျော်စွာ ခန္ဓာတို့၏ မရပ်မနား ပြောင်းလဲဖောက်ပြန်မှု သဘောက ထင်ရှားသည်လည်း ရှိတတ်သည်။ အမြဲမပြတ် တည်ငြိမ်မှုမရှိသော သဘောက ထင်ရှားသည်လည်း ရှိတတ်ပါသည်။

ထို့ကြောင့် 'နဒီသောတော ဝိယ'[1] မြစ်ရေမျှား၊ ချောင်းရေမျှား အမြဲမပြတ် စီးဆင်းနေသကဲ့သို့ဟု အဋ္ဌကထာ၌ ဆိုထားသည်ကိုလည်း စာပေဗဟုသုတရှိပြီး ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းရှုပွားနေသည့် ယောဂီအနေဖြင့် ခန္ဓာ၏သဘောကလည်း ဤနည်း နှင့်နှင့် မရပ်မနား ဖောက်ပြန် ပြောင်းလဲနေပါတကားဟူ၍ သဘောကျတတ်သည်။

သောတာပန် အယေဘုယ်စား

ဤတွင် ရူပါရုံဟူသော ရူပဓာတု ရုပ်တရားတိုက်ဆုံမည့် စက္ခုပသာဒဟူသော မျက်စိအကြည်က ရုပ်တရားဖြစ်ပါသည်။ သဒ္ဒါရုံဟူသော သဒ္ဒဓာတု ရုပ်တရား တိုက်ဆုံမည့် သောတပသာဒဟူသော နားအကြည်ဓာတ်က ရုပ်တရားဖြစ်ပါသည်။

၁။ ပကိဏ္ဏကကထာ၊ ခန္ဓဝိဘင်္၊ ဝိဘင်္အဋ္ဌကထာ (နှာ-၂၅)

ၵင်းတို့အပေါ်မှီပြီး ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏာဓာတုဟူသော မြင်သိစိတ်၊ သောတ ဝိညာဏာဓာတု ဟူသော ကြားသိစိတ်တို့က နာမ်တရားများ ဖြစ်ကြပါသည်။[၁]

ရုပ်တရား၊ နာမ်တရားကို ယခုကဲ့သို့ နားလည်လာခြင်းအားဖြင့် 'ရုပ်တရားနှင့် နာမ်တရားတို့က အပြန်အလှန် အမှီသဟဲပြု၍ ဖြစ်နေကြပြီး သိတတ်သည့် နာမ်တရားနှင့် အသိခံသည့် ရုပ်တရားမျှသာရှိကြောင်း'ကို ကွဲကွဲပြားပြား နားလည်လာမည်ဖြစ်သည်။

ထို့ထက်မက သုတဉာဏ်အားကောင်းသူတို့က 'ထိုထိုရုပ်တရားနှင့် နာမ်တရားမှ အပ အခြားသတ္တဝါကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟူ၍ မရှိပေ'ဟု ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား' ဆုံးဖြတ်လာနိုင်သည်။ ဤသို့ သိရှိနားလည်လာသော အသိဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ခေါ်သည်။

တစ်ဖန် ဆက်လက်ပြီး မြင်သိစိတ် စသည်တို့သည် အကြောင်းမဲ့သက်သက် ဖြစ်လာသည်မဟုတ်ဘဲ ပသာဒအကြည်ရုပ်နှင့် ရူပါရုံအဆင်းတို့၏ တိုက်ဆုံမှုဟူသော အကြောင်းကြောင့် အကျိုးတရား မြင်သိစိတ်ပေါ်နေကြောင်းကို သိရှိပြီး ဉာဏ်သက်ဝင်လာနိုင်ခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်ပါသည်။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသက ဤနာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးပြည့်စုံသူကို သာသနာတော်၌ ရုပ်တည်ရာရသွားသူ၊ သက်သာရာရသွားသူ သောတာပန် အငယ်စားဟု တင်စားပေးတော်မူသည်။[၂]

ဆက်လက်ပြီး ဒေသနာတော်၌ "သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဣစ္ဆေတံ ကုသလံ။ သစေ န သက္ကောတိ သတ္တ ဘဝေ ဒေတိ"[၃]ဟု လာရှိသည်။

အဓိပ္ပာယ်မှာ "ဝိပဿနာသမ္မာဒိဋ္ဌိသည် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်စေခြင်းငှာ တတ်စွမ်းနိုင်၏။ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ ခုနစ်ခုသော ဘဝတို့ကိုပေး၏" ဤနေရာတွင် ဝိပဿနာသမ္မာဒိဋ္ဌိကို ဝိပဿနာဉာဏ်ဟု ယူရပါမည်။ အဘယ်ကြောင့် ဆိုသော် "ဝိပဿနာဉာဏံ ဝိပဿနာသမ္မာဒိဋ္ဌိ"ဟု ဖွင့်ဆိုထားသောကြောင့် ဖြစ်ပါသည်။

နိုင်ငံတော် သံဃနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးကလည်း "အခုလို ပဋ္ဌာန်းတရားတွေ သင်ယူနာကြားပြီး ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်လာနိုင်တဲ့အတွက် ရဟန္တာဖြစ်တဲ့ ဘဝမှာ ပဋိသန္ဓိဒါပတ္တ ရဟန္တာဖြစ်နိုင်တယ်"ဟု မိန့်ကြားတော်မူဖူးပါသည်။

၁။ ဓာတုနာနတ္တသုတ္တဝဏ္ဏနာ၊ နာနတ္တဝဂ္ဂ၊ ဓာတုသံယုတ္တ၊ နိဒါနဝဂ္ဂအဋ္ဌကထာ (နှာ-၁၂၁)

၂။ ပစ္စယပရိဂ္ဂဟကထာ၊ ကခ်ီဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၂၄၀)

၃။ ဒုတိယဝဂ္ဂဝဏ္ဏနာ၊ ဧကမ္မပါဠိ၊ ဧကကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ (နှာ-၃၆၉)

"ဧနတံ မမ" ငါဥစ္စာမဟုတ်

အာရမ္မဏပုရေဇာတဟူသည် ရှေးကဖြစ်နှင့်သည့် အာရုံ (Object) အဖြစ်နှင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။ ထို့ကြောင့် မျက်စိပသာဒ အကြည်ရုပ်များသာ ရှေးကဖြစ်နှင့် ရသည်မဟုတ်ဘဲ အာရုံကလည်း ကြိုတင် ဖြစ်နှင့်ရပါသည်။

ပစ္စယနိဒ္ဒေသပါဠိတော်၌ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ-နဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော" ဟု လာရှိပါသည်။ ဆိုလိုသည်မှာ အဆင်း အာရုံက မြင်သိစိတ်ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ရူပါရုံက အတီတဘဝင် ဥပါဒ်ခဏမှစ၍အရင် Born earlier ဖြစ်နှင့်ပြီး၊ စက္ခုဝိညာဏ်ကို ကျေးဇူးပြုပါသည်။ ၎င်းကို အာရမ္မဏပုရေဇာတဟု ခေါ်သည်။

ထို့ကြောင့် မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ပေါ်လာနိုင်ရန် တည်ရာမှီရာ Base အဖြစ် ကျေးဇူးပြုခြင်းကို ဝတ္ထုပုရေဇာတဟူ၍လည်းကောင်း၊ မြင်သိစိတ် စက္ခုဝိညာဏ် ဖြစ်ပေါ် လာနိုင်ရန် အာရုံ Object အဖြစ် ကျေးဇူးပြုခြင်းကို အာရမ္မဏပုရေဇာတဟူ၍ လည်း ကောင်း ဖြစ်ပါသည်။ ယခုကဲ့သို့ နားလည်လာသူအနေဖြင့် မြတ်စွာဘုရား ဟောကြား တော်မူသည့် -

"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"

ဤခန္ဓာငါးပါး အစုအဝေးကြီးသည် "နေတံ မမ" ငါ့ဥစ္စာမဟုတ်၊

ဤခန္ဓာငါးပါး အစုအဝေးကြီးသည် "နေသောဟမသ္မိ" ငါမဟုတ်၊

ဤခန္ဓာငါးပါးအစုအဝေးကြီးသည် "န မေသော အတ္တာ" ငါ၏အတ္တမဟုတ်[၁]ဟု နားလည်ရန် လမ်းစပေါ်လာပေလိမ့်မည်။

"အကြောင်းဆုံမှ ဖြစ်လာပြီး တစ်ခဏမျှ မတည်တံ့ဘဲ ပျက်နေတဲ့ သဘာဝတရား သက်သက် Natural phenomena ပါလား။ မြဲနေတာ မရှိပါလား၊ ငါ့ဥစ္စာလို့လည်း ပြောမရ၊ ငါလည်းမဟုတ်ပါကလား"ဟု တစ်ချိန်ချိန် နားလည်ရန် လမ်းစပေါ်နိုင်ပါသည်။ ထို့ကြောင့် ပဌာန်း ၂၄-ပစ္စည်းသည် ခန္ဓာငါးပါး သဘာဝမမ္မကိုဖော်ပြသည့် ဝိပဿနာ တရားရှုမှတ်ရန် လမ်းညွှန်ကျမ်းကြီးများ ဖြစ်ပေသည်။

၁။ အနတ္တလက္ခဏသုတ္တ၊ ဥပယဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ (နှာ-၅၅)
အလဂဒ္ဒူပမသုတ္တ၊ သြပမ္မဝဂ္ဂ၊ မူလပဏ္ဏာသပါဠိ (နှာ- ၁၈၈)

ဘုရားရှင်သည် ပုဂ္ဂိုလ်၏စရိုက်အားလျော်စွာ ဟောကြားတော်မူသည်

ဘုရားရှင်သည် ပုဂ္ဂိုလ်၏စရိုက်အားလျော်စွာ ရံခါ၌ အဏ္ဏတ္တိကာယတန (၆)ပါး၊ ရံခါ ဗဟိဒ္ဓါယတန (၆)ပါး၊ ရံခါ ဝိညာဏာဓာတ် (၆)ပါးတို့၏မမြဲပုံကို ရှုမြင်သော အကြားအမြင်များသော အရိယာသာဝကသည် ခန္ဓာငါးပါး၌ ငြီးငွေ့စိတ်ပျက်၏။ ငြီးငွေ့ စိတ်ပျက်ခြင်းကြောင့် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်၏။ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ပြီဟု သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။ မိမိမှာ ဇာတိမရှိတော့ပုံ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပုံ၊ ပြုဖွယ်ကိစ္စအားလုံး ပြီးစီးသွားပုံ၊ မဂ်ကို ပွားများဖွယ် မလိုတော့ပုံတို့ကို သိမြင်၏ဟု ဟောကြားတော်မူသည်။[၁]

ရံခါ၌လည်း ခန္ဓာ (၅)ပါးတို့၏ မမြဲပုံကို ရှုမြင်သော အကြားအမြင်များသော အရိယာသာဝကသည် ခန္ဓာငါးပါး၌ ငြီးငွေ့စိတ်ပျက်၏။ ငြီးငွေ့စိတ်ပျက်ခြင်းကြောင့် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်၏။ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ပြီဟု သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။ မိမိမှာ ဇာတိမရှိတော့ပုံ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပုံ၊ ပြုဖွယ်ကိစ္စအားလုံး ပြီးစီးသွားပုံ၊ မဂ်ကို ပွားများဖွယ်မလိုတော့ပုံတို့ကို သိမြင်၏ဟု ဟောကြားတော်မူသည်။

ရံခါ၌လည်း မဟာဘုတ် (၄)ပါးတို့၏ မမြဲပုံကို ရှုမြင်သော အကြားအမြင်များသော အရိယာသာဝကသည် ခန္ဓာငါးပါး၌ ငြီးငွေ့စိတ်ပျက်၏။ ငြီးငွေ့စိတ်ပျက်ခြင်းကြောင့် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်၏။ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ပြီဟု သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။ မိမိမှာ ဇာတိမရှိတော့ပုံ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပုံ၊ ပြုဖွယ်ကိစ္စအားလုံး ပြီးစီးသွားပုံ၊ မဂ်ကို ပွားများဖွယ် မလိုတော့ပုံတို့ကို သိမြင်၏ဟု ဟောကြားတော်မူသည်။

ကိုသုံးကာပမသုတ်

ဘုရားရှင်သည် ပုဂ္ဂိုလ်၏ စရိုက်၊ ဝါသနာအားလျော်စွာ တရားတော်များကို ဟောကြားတော်မူလေ့ရှိသဖြင့် ရံခါ၌ အချို့ရဟန်းတော်များ၏စိတ်ဝယ် ဒွိဟသံသယ ဖြစ်လေ့ရှိကြသည်။ ထို့ကြောင့် ပုထုဇဉ်ရဟန်းတစ်ပါးသည် ရဟန္တာတစ်ပါးထံပါးသို့ ချဉ်းကပ်ပြီး "အရှင်ဘုရား။ ။ အဘယ်မျှလောက်သောဉာဏ်ဖြင့် သိလျှင်၊ မြင်လျှင် ထိုပုဂ္ဂိုလ်သည်

၁။ ဆဋ္ဌသောဓနသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၁)
ဒုတိယပုဗ္ဗေသမ္ဗောဓသုတ္တ၊ ယမကဝဂ္ဂ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ (နှာ-၂၄၂)

စင်ကြယ်သော လောကုတ္တရာတရားကို မျက်မှောက်ပြုပါသလဲဘုရား”ဟု မေးလျှောက်ဖူးသည်။

ရဟန္တာအရှင်မြတ်ကြီးက “ငါ့ရှင်. . အာယတန ၆ ပါးတို့ရဲ့ဖြစ်ခြင်း၊ ပျက်ခြင်းကို သိရင် စင်ကြယ်သော လောကုတ္တရာတရား ရပါတယ်”ဟု ဖြေကြားတော်မူသည်။ ပုစ္ဆာမေးခဲ့သောရဟန်းသည် ဤအဖြေကို ကျေနပ်အားရမှုမရှိခဲ့ပေ။ ထို့ကြောင့် သူသည် အခြားရဟန္တာအရှင်မြတ်ကြီးထံပါးသို့ ချဉ်းကပ်ပြီး “အရှင်ဘုရား. . အဘယ်မျှလောက်သောဉာဏ်ဖြင့် သိလျှင်၊ မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သော လောကုတ္တရာတရားကို မျက်မှောက်ပြုပါသလဲ”ဟု မေးလျှောက်ပြန်ပါသည်။

ရဟန္တာအရှင်မြတ်ကြီးက “ငါ့ရှင်. . အစွဲအလမ်းကြောင့်ဖြစ်သော ခန္ဓာငါးပါးရဲ့ဖြစ်ခြင်း၊ ပျက်ခြင်းကိုသိရင် စင်ကြယ်သော လောကုတ္တရာတရား ရပါတယ်”ဟု ဖြေကြားတော်မူလေသည်။ ပုစ္ဆာမေးခဲ့သောရဟန်းသည် ဤအဖြေကိုလည်း ကျေနပ်အားရမှုမရှိပြန်ပေ။ ထို့ကြောင့် သူသည် အခြားသောရဟန္တာအရှင်မြတ်ကြီးထံပါးသို့ ချဉ်းကပ်ပြန်ပြီး “အရှင်ဘုရား . . အဘယ်မျှလောက်သောဉာဏ်ဖြင့်သိလျှင်၊ မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သော လောကုတ္တရာတရားကို မျက်မှောက်ပြုပါသလဲ”ဟု မေးလျှောက်ပါသည်။

ရဟန္တာအရှင်မြတ်ကြီးက “ငါ့ရှင်. . မဟာဘုတ်မာတ်ကြီးလေးပါးတို့ရဲ့ဖြစ်ခြင်း၊ ပျက်ခြင်းကိုသိရင် စင်ကြယ်သော လောကုတ္တရာတရား ရပါတယ်”ဟု ဖြေကြားတော်မူလေသည်။ ပုစ္ဆာမေးခဲ့သောရဟန်းသည် ဤအဖြေကိုလည်း ကျေနပ်အားရမှု မရှိပေ။ ထို့ကြောင့် သူသည် အခြားသော ရဟန္တာအရှင်မြတ်ကြီးထံပါးသို့ ချဉ်းကပ်ပြန်ပြီး “အရှင်ဘုရား. . . အဘယ်မျှလောက်သောဉာဏ်ဖြင့် သိလျှင်၊ မြင်လျှင် ထိုပုဂ္ဂိုလ်အား စင်ကြယ်သော လောကုတ္တရာတရားကို မျက်မှောက်ပြုပါသလဲ”ဟု မေးလျှောက်ပြန်သည်။

ရဟန္တာအရှင်မြတ်ကြီးက “ငါ့ရှင်. . ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်း၊ ပျက်ခြင်းသဘောရှိ၏ဟုသိရင် စင်ကြယ်သော လောကုတ္တရာတရား ရပါတယ်”ဟု ဖြေကြားတော်မူလေသည်။ ပုစ္ဆာမေးခဲ့သော ရဟန်းသည် ဤအဖြေကိုလည်း ကျေနပ်အားရမှု မရှိပြန်ပေ။

၁။ ပထမအမေးခံရသော ရဟန္တာမထေရ်မြတ်သည် ‘ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ’ (အာယတန ၆ ပါးတို့၏ ဖြစ်ပျက်ကို အမှန်အတိုင်း ဉာဏ်ဖြင့်သိ၏)ဟု ဖြေကြားတော်မူသည်။

၁။ ကိ်သုကောမသုတ္တ၊ အာသီဝိသဝဂ္ဂ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ (နှာ-၃၉၆)

၂။ ဒုတိယအမေးခံရသော ရဟန္တာမထေရ်မြတ်သည် 'ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ' (အစွဲအလမ်းကြောင့်ဖြစ်သော ခန္ဓာငါးပါး တို့၏ဖြစ်ပျက်ကို အမှန်အတိုင်း ဉာဏ်ဖြင့်သိ၏)ဟု ဖြေကြားတော်မူသည်။

၃။ တတိယအမေးခံရသော ရဟန္တာမထေရ်မြတ်သည် 'စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ' (ဓာတ်ကြီးလေးပါးတို့၏ ဖြစ်ပျက်ကို အမှန်အတိုင်း ဉာဏ်ဖြင့်သိ၏)ဟု ဖြေကြားတော်မူသည်။

၄။ စတုတ္ထအမေးခံရသော ရဟန္တာမထေရ်မြတ်သည် 'ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ယထာဘူတံ ပဇာနာတိ' (ဖြစ်ခြင်းသဘောရှိသော တရားအားလုံး သည် ချုပ်ခြင်း၊ ပျက်ခြင်းသဘောရှိ၏)ဟု ဖြေကြားတော်မူသည်။

တရားကိုလိုလားသည့် ထိုပုထုဇဉ်ရဟန်းက တရားရပြီးသော ရဟန္တာပုဂ္ဂိုလ် (၄) ပါးတို့အား မေးလျှောက်သောအခါ တရားအဖြေ (၄) မျိုးကိုရသဖြင့် ဘဝင်မကျနိုင်ဘဲ ဖြစ်နေသောကြောင့် မြတ်စွာဘုရားထံတော်ပါးသို့ သွားရောက်၍ လျှောက်ထားသောအခါ ဘုရားရှင်က ပေါက်ပင်ဥပမာကို ဟောကြားတော်မူပါသည်။

ပေါက်ပင်သည် ရာသီအခါကာလအားလျော်စွာ 'မီးလောင်ငုတ်ကဲ့သို့' မြင်ရသော သူလည်းရှိသည်။ ပွင့်သောအခါကာလတွင် 'သားတစ်ကဲ့သို့' နီနီရဲရဲ မြင်ရသူလည်း ရှိသည်။ သီးသောအခါကာလတွင် 'ကုက္ကိုပင်ကဲ့သို့' အသီးတွဲရရှိနှင့် မြင်ရသူလည်း ရှိသည်။ အပွင့်အသီးကြွေပြီး ရွက်နုရွက်ရင့်တို့ဖြင့် ပြည့်သောအခါကာလတွင် 'ပညောင်ပင်ကဲ့သို့' အရိပ်ကောင်းသည်ကို မြင်ရသူလည်းရှိသည်။ စင်စစ် ထိုတွေ့မြင်မှုအားလုံး သည် ပေါက်ပင်ကိုသာ မြင်သောကြောင့် အနှစ်သာရကား တစ်မျိုးတည်း တစ်ခုတည်း သာလျှင်ဖြစ်၏ဟု ဟောကြားတော်မူပါသည်။[၁]

ပုရေဏာတပစ္စယောဆုတောင်း

"နေနှင့်လတို့သည် ကမ္ဘာဦးအစ ရှေးကဖြစ်၍ ကျေးဇူးပြုသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ကောင်းမွန်သော အာရုံ၊
ကောင်းမွန်သော ဟဒယဝတ္ထုရုပ်များ ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်ပြီး
မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုနိုင်ပါစေသား"

ပုရေဏာတပန္ဓယော သိမ့တ်ပ့ဓယ်

ပုရေဏာတပစ္စည်း၏ ကျေးဇူးပြုပုံမှာ

ပုရေဏာတပစ္စည်းသည် ရုပ်တရားက နာမ်တရား (Matter to Mind) ကို ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။

ပစ္ဆာယဟူသော အကြောင်းတရားနှင့် ပစ္ဆာယုပ္ပန္နဟူသော အကျိုးတရား

၁။ **ဝတ္ထုပုရေဏာတ**

ရုပ်တရားက နာမ်တရား (Matter to Mind) ကို ကျေးဇူးပြုရာတွင် -

ပစ္ဆာယဟူသောအကြောင်းတရားမှာ - ဝတ္ထုရုပ် (၆)ပါး ဖြစ်သည်။

ပစ္ဆာယုပ္ပန္နဟူသောအကျိုးတရားမှာ - အရူပဝိပါက် (၄)ပါး ကြဉ်သောစိတ် (၈၅)ပါးနှင့် စေတသိက် (၅၂)ပါး တို့ ဖြစ်သည်။

၂။ **အာရမ္မဏပုရေဏာတ**


ရုပ်တရားက နာမ်တရား (Matter to Mind) ကို ကျေးဇူးပြုရာတွင် -

ပစ္ဆာယဟူသောအကြောင်းတရားမှာ - ပစ္ဆာပ္ပန်နိပ္ပန္နရုပ် (၁၈)ပါးတို့ ဖြစ်သည်။

ပစ္ဆာယုပ္ပန္နဟူသောအကျိုးတရားမှာ - ကာမစိတ် (၅၄)ပါး၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ဒိဗ္ဗသောတအဘိညာဉ် (၂)ပါးတို့ ဖြစ်သည်။

ပုရေဏာတပစ္စယော (ဘုရားရှင်အားဖူးမြင်) ဝီထိ

ဘုရားရှင်အား ဖူးမြင်လိုလတ်သော် -



ဘုရားတည်းဟူသောရူပါရုံ (စက္ခုဝိညာဏ်) သော ဉာသံ အ မဟာကုသိုလ်စိတ် ဇော (၇)ကြိမ်

ရုပ်တရားသည် နောက်က ပစ္ဆာဇာတအထောက်အပံ့ကိုရ၍ 'ဌိ'အခါကျမှ ကျေးဇူးပြု၏။ 'ဌိ'ရုပ် (၄၉)ခု ရှိရာတွင် အတီတဘဝင်နှင့်အတူ ဥပါဒ်သော ဘုရားတည်းဟူသော ရူပါရုံသည် စက္ခုဝိညာဏ်၏ ဥပါဒ်မှာ (၁၂)ခုသော (စိတ္တက္ခဏ)ရှိ၏။ ၎င်းရူပါရုံသည် စက္ခုဝိညာဏ်ထက် (၁၂)ခုသော (စိတ္တက္ခဏ)ရှေးကျ၏။ (၁၂)ခုမြောက်သော ရူပါရုံသည် အာရမ္မဏပုရေဏာတပစ္စည်း၊ စက္ခုဝိညာဏ်သည် ပစ္ဆာယုပ္ပန်၊ ရှေးရှေး၌ဖြစ်၍ ချုပ်ပျောက်သွားသော ရူပါရုံ, နောင်ဖြစ်လတ္တံ့ရူပါရုံ, အကြွင်းရူပါရုံတို့သည် ပစ္ဆာနိက်တည်း။[၁]

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး သုံးချက်စုပို့ချစဉ် (နှာ-၂၁၉)

၁၁။ ပစ္ဆာဇာတပစ္စယော
နောက်မှဖြစ်သောနာမ်တရားများက ရုပ်များအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း
Pacchajata Paccaya (Born Later Condition)

ပစ္စယနိဒ္ဒေသ

ပစ္ဆာဇာတပစ္စယောတိ - ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

Born Later Condition (Pacchajata paccaya)

The post-nascent phenomena consciousness and mental factors are related to this pre-nascent material body by born later condition.

ပစ္ဆာဇာတပစ္စည်း၏ ဥပမာ ဥပစေယျ

"ဂိဒ္ဓပေါတက (လင်းတပေါက်စ)၊ သရီရအား၊ အာဟာရဝယ်၊ တွယ်တာ အာသာ၊ စေတနာသို့"ဟု လာရှိသည်နှင့်အညီ လင်းတပေါက်စကလေး၏ အစာအာဟာရကို တောင့်တသော အာသာဆန္ဒသည် နောက်၌ဖြစ်သော သူ၏ခန္ဓာကိုယ်ကို ကြီးပြင်းလာအောင် ထောက်ပံ့ကျေးဇူးပြုသကဲ့သို့ ရုပ်တရား၊ နာမ်တရားများရှိသည့်ဘုံတွင် ရှေးရှေးစိတ်နှင့်အတူ ဖြစ်လာသည့် ရုပ်တရားများ သက်တမ်းပြည့် ရှင်သန်နိုင်ရန် နောက်နောက်စိတ်များက စဉ်ဆက်မပြတ် ဖြစ်ပေးရသည်ကို ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်းမည်ပါသည်။[၁]

ထို့ကြောင့် ပစ္ဆာဇာတသည် ပါဠိတော်အလိုအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းကို 'ပစ္ဆာဇာတတ္ထိ'ယူရမည်။ သို့ပါသော်လည်း ထင်ရှားမရှိစေကာမူ စိတ္တနိယာမအားဖြင့် ကျေးဇူးပြုခြင်းကိုလည်း 'ပစ္ဆာဇာတတ္ထိ'ဟူ၍ ယူသင့်ကြောင်း ဋီကာကျော်ဆရာက ပြထားပါသည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

Pacchajata Paccaya

Number eleven is Pacchajata Paccaya. "Paccha" means after, so that arises later, that arises after, something that arises later and supports something that has been there. It is compared to expectation of food in vulture's young ones. In our Commentaries it is said there is a kind of vulture that does not feed their young birds. The young birds always have the expectation that their parents will bring food for them; they think, "Our parents will bring food for us. " And they survive being supported by that longing, the volition accompanying that longing. Sometimes when we are happy and have expectations, we don't want to eat. We forget to eat, but we still have strength. In the same way, young vultures were sustained not by food, but by the longing for food. Longing appears later, but their bodies are already existent. The Cetana accompanying that longing is called Pacchajata. It arises later. Consciousness and mental factors arise later and support the Rupa that has already been existent.[၁၂၂]

Born Later

ပစ္ဆာဇာတမည်သည် ယခုကဲ့သို့ ရုပ်တရား၊ နာမ်တရားများရှိသည့်ဘုံတွင် ရှေးရှေးစိတ်နှင့် အတူဖြစ်လာသည့် ရုပ်တရားများ သက်တမ်းပြည့် ရှင်သန်နိုင်ရန် နောက်နောက်စိတ်များက စဉ်ဆက်မပြတ် ဖြစ်ပေးရသည်ကိုပင် ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်းမည်ပါသည်။

ဤတွင် ကံကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်၊ စိတ်ကြောင့်ဖြစ်သည့် ရှေးရှေးရုပ်တရားက အကျိုးတရား၊ နောက်နောက်စိတ်များက အကြောင်းတရားဖြစ်သည်။ နောက်မှဖြစ်သည့်စိတ်က ရှေ့မှဖြစ်နှင့်သည့်ရုပ်ကို ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။

ပစ္ဆာဇာတ Born Later ၌ နောက်နောက်ကဖြစ်သည့် အကြောင်းနာမ်တရားက ရှေးရှေးကဖြစ်သည့် အကျိုးရုပ်တရားကို ကျေးဇူးပြုသည်။

ဝိပဿနာတရားအားထုတ်ရခြင်းအကြောင်း

မျက်စိဖြင့် အာရုံကိုမြင်သောအခါ၌ အပွမာဒသတိတရားဖြင့် မပြတ်မလပ်သိနေနိုင်ပါက မြင်ခြင်းကြောင့် ကြိုက်လောဘစိတ်၊ မကြိုက်ဒေါသစိတ်တို့ ဆက်လက်ဖြစ်ခွင့်မရတော့ချေ။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

အကယ်၍မြင်ရာ၌ အပွမာဒသတိတရားဖြင့် ရှုမှတ်မှုမရှိခဲ့လျှင်မူ ကြိုက်လောဘစိတ်၊ မကြိုက်ဒေါသစိတ်တို့ ဆက်လက် ဖြစ်ခွင့်ရပါတော့သည်။

ကြိုက်လောဘစိတ်၊ မကြိုက်ဒေါသစိတ်တို့သည် အဆင်းကိုမြင်ရာ၌ မြဲသည်၊ ချမ်းသာသည်၊ ကောင်းစားသည်၊ မိမိအလိုအတိုင်း ဖြစ်သည်ဟူသော နိစ္စ၊ သုခ၊ အတ္တဟု ထင်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

သခ်ါရသဘောတရားတို့သည် မူလပင်ကိုကပင် မခိုင်ခဲ့ မတည်တံ့သည့် အနိစ္စသဘောတရားမှာ အမှန်တကယ် ရှိနေပါသည်။ သို့သော် ပုထုဇဉ်တို့က သဘာဝအမှန်တရားကို သိနိုင်စွမ်းသည့်ဉာဏ်မျက်စိ ပိတ်ဖုံးကာဆီးနေသဖြင့် နိစ္စ မြဲသည်၊ ခိုင်သည်၊ တည်တံ့သည်ဟု ဖောက်ဖောက်ပြန်ပြန် ထင်မှတ်မှားနေကြသည်။ ဤသို့ မှားယွင်းစွာ ထင်မှတ်နေသည့် အသိအမြင်ကို မှန်ကန်တည့်မတ်စွာဖြင့် သခ်ါရသဘောတရားတို့၏ မူလအရှိတရားအတိုင်း အနိစ္စ မခိုင်ခဲ့၊ မတည်တံ့သည့်သဘောဟု အမှန်အတိုင်း သိနိုင်မည့်ဉာဏ် ပွင့်ထွန်းလာရန် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရခြင်းဖြစ်သည်။

သခ်ါရသဘောတရားတို့သည် မူလပင်ကိုကပင် ချမ်းသာမဖက် ဆင်းရဲသက်သက်ဖြစ်သော ဒုက္ခသဘောတရားမှာ အမှန်တကယ် ရှိနေပါသည်။ သို့သော် ပုထုဇဉ်တို့က သဘာဝအမှန်တရားကို သိနိုင်စွမ်းသည့် ဉာဏ်မျက်စိ ပိတ်ဖုံးကာဆီးနေသဖြင့် ချမ်းသာသည်၊ ကောင်းစားသည်ဟု ဖောက်ဖောက်ပြန်ပြန် ထင်မှတ်မှား နေကြသည်။ ဤသို့ မှားယွင်းစွာ ထင်မှတ်နေသည့် အသိအမြင်ကို မှန်ကန်တည့်မတ်စွာဖြင့် သခ်ါရသဘောတရားတို့၏ မူလအရှိတရားအတိုင်း ချမ်းသာမဖက် ဆင်းရဲသက်သက်ဟူသော ဒုက္ခသဘောကို အမှန်အတိုင်းသိနိုင်မည့်ဉာဏ် ပွင့်ထွန်းလာရန် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရခြင်းဖြစ်သည်။

သခ်ါရသဘောတရားတို့သည် မူလပင်ကိုကပင် မိမိ၏အလိုအတိုင်းမဖြစ်သော အနတ္တသဘောတရားမှာ အမှန်တကယ် ရှိနေပါသည်။ သို့သော် ပုထုဇဉ်တို့က သဘာဝအမှန်တရားကို သိနိုင်စွမ်းသည့် ဉာဏ်မျက်စိ ပိတ်ဖုံးကာဆီးနေသဖြင့် မိမိ၏အလိုအတိုင်းဖြစ်သည်ဟု ဖောက်ဖောက်ပြန်ပြန် ထင်မှတ်မှားနေကြသည်။ ဤသို့ မှားယွင်းစွာ ထင်မှတ်နေသည့် အသိအမြင်ကို မှန်ကန်တည့်မတ်စွာဖြင့် သခ်ါရသဘောတရားတို့၏ မူလအရှိတရားအတိုင်း မိမိ၏အလိုအတိုင်း မဖြစ်နိုင်ဟူသော အနတ္တသဘောကို အမှန်အတိုင်းသိနိုင်မည့်ဉာဏ် ပွင့်ထွန်းလာရန် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရခြင်းဖြစ်သည်။

ငါနှင့် ငါ့ဖန်ခွက် ဥပမာ

လှပသော ဖန်ခွက်တစ်လုံးကို ပိုင်ဆိုင်ထားသူ တစ်ဦးသည် "ငါ့ဖန်ခွက်၊ ငါ့ဖန်ခွက်က လှတယ်။ ငါ့ဖန်ခွက် တန်ဖိုးကြီးတယ်။ "ငါ့ဖန်ခွက်ကို ပြင်သစ်နိုင်ငံကနေ ငါကိုယ်တိုင်ဝယ်လာတာ"ဟု "ငါနှင့် ဖန်ခွက်"၊ "ဖန်ခွက်နှင့် ငါ"တွဲ၍ သူ၏စိတ်အိမ်၌ နေရာယူထားပါသည်။

တစ်နေ့နေ့၌ အကြောင်းတစ်ခုခုကြောင့် ထိုဖန်ခွက်ကွဲလည်း ကွဲနိုင်သည်။ ထိုဖန်ခွက်ပျောက်လည်း ပျောက်သွားနိုင်ပါသည်။ သို့ပါသော်လည်း ထိုဖန်ခွက်ကို စွဲနေသော "ငါ"က မကွဲပါ။ "ငါ"က မပျောက်သွားပါ။ ထို့ကြောင့် "ငါ့ဖန်ခွက်ကွဲပြီ"၊ "ငါ့ဖန်ခွက် ပျောက်သွားပြီ"ဟူ၍ ပူဆွေး ငိုကြွေး ဝမ်းနည်း ကြေကွဲနေပေတော့မည်။

ဤဖြစ်စဉ်တွင် "ငါ"မရှိလျှင် "ငါ့ဖန်ခွက်" မရှိတော့ပေ။ "ဖန်ခွက်နှင့် ငါ"၊ "ငါနှင့် ဖန်ခွက်" ကွဲကွဲပြားပြားသိရန် သာမန်လူအနေဖြင့် သိရှိနားလည်သဘောပေါက်ရန် ခက်ခဲလှပါသည်။ ထို့ကြောင့် ပညာရှိများက "သာမန်လူတို့၏အရာမဟုတ်"ဟု မိန့်ကြားတော်မူကြခြင်းဖြစ်မည်။

ဓမ္မသဘာဝဟူသည် ခက်ခဲနက်နဲပါသည်

ထို့ကြောင့် ဓမ္မသဘာဝအစစ်အမှန်ကို ဟုတ်တိုင်းမှန်စွာ သိနိုင်ရန် ခက်လည်း ခက်ခဲပါသည်။ နက်လည်း နက်နဲပါသည်။ ဤဖြစ်စဉ်ကို သုံးသပ်လျှင် "ငါ"ဟု ပြောနေသည်က တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပါသည်။

ဤနေရာ၌ ထဲထဲဝင်ဝင် ဆင်ခြင်ကြည့်ပါက ထိုသုံးခုကို "ငါ"လုပ်နေခြင်းဖြစ်သည်။ "ငါ့ဖန်ခွက် လှတယ်၊ ပြင်သစ်နိုင်ငံက ဒေါ်လာနဲ့ ဝယ်လာတာ"ဟု မာနက ရှေ့ထွက်၍ ပြောလာသည်။ တဏှာငါ၊ ဒိဋ္ဌိငါ၊ မာနငါ ကွာနေသော သူတော်ကောင်းကြီးတို့၏ အမြင်၌မူ ဖန်ခွက်သည် ဖန်ခွက်သာဖြစ်သည်။ ဖန်ခွက်တစ်လုံးနှင့် မိမိ၏ခန္ဓာကိုယ်ကို တစ်တန်းတည်း မြင်တော်မူနိုင်စွမ်းကြသည်။

ခုတင်ပေါ်၌ နောက်ဆုံးအခြေအနေကို ရင်ဆိုင်နေရသည့် ဆရာတော်ကြီး၏ ခန္ဓာကိုယ်ကြီးသည် အကြောများဆွဲ၍ ပရမ်းပတာ ရုန်းကန်နေပါသည်။ မြင်ရသူ တပည့်အပေါင်းတို့က စိတ်မချမ်းမသာ ဖြစ်နေကြရပါသည်။ ဆရာတော်ကြီး၏ နှုတ်တော်မှ "ခန္ဓာက သူ့သဘောပြနေပြီ၊ မကြည့်ရက်ရင် အခန်းအပြင်ထွက်နေကြ" ဟူသော စကားသံ တိုးတိုးညင်းညင်းလေး ထွက်လာပါသည်။

သူတော်ကောင်းကြီးတို့သည် ဤခန္ဓာကိုယ်၏ အနိစ္စဓမ္မသဘောကိုလည်းကောင်း၊ ဒုက္ခဓမ္မသဘောကို လည်းကောင်း၊ အနတ္တဓမ္မသဘောကိုလည်း ကောင်မွန်ပြည့်စုံစွာ သိတော်မူပြီးဖြစ်သောကြောင့် စွန့်လွှတ်ရန် ဝန်မလေးကြခြင်းဖြစ်သည်။

ကလေးကစားစရာ အရုပ်ဥပမာ

ပရမတ္ထဓမ္မသဘာဝကို သိရှိနားလည်နိုင်ရန် ခက်ခဲနက်နဲလှသဖြင့် ထပ်မံ၍ ဥပမာတစ်နည်း ပြပါမည်။ ရွှံ့စေးမြေဖြင့် ပြုလုပ်ထားပြီး ဆေးဖြူ၊ ဆေးပြာသုတ်လိမ်းထားသော ဆင်ရုပ်၊ ဆေးနီဆေးဝါ သုတ်လိမ်းထားပြီး ကော်ဖြင့်ပြုလုပ်ထားသော မြင်းရုပ်တို့ကို ပိုင်ဆိုင်ထားသော ကလေးငယ်သည် ထိုထိုမြင်းရုပ်၊ ဆင်ရုပ်၊ ချိုးရုပ်၊ အိုးပုတ်တို့ကို သယ်ကာ၊ ချီကာ၊ မကာ၊ ရွှေ့ကာဖြင့် ကစားပျော်မြူး၍ နေပါသည်။

“အရုပ်ဆိုတာ ကျကွဲတတ်တယ် ကလေး”ဟု မိဘဘိုးဘွားတို့၏ သတိပေးစကားကို ကလေးငယ်လေး ကြားရသောအခါ၌ သူ့လက်ထဲက အရုပ်တို့ကို မကွဲရလေအောင်၊ မပျက်စီးရလေအောင် တင်းတင်းရင်းရင်း ပွေ့ကာဖက်ကာဖြင့် စောင့်ရှောက်၍ နေပါသည်။ ရွှံ့ဖြင့်လုပ်ထားပြီး ဆေးရောင်စုံ ခြယ်သထားသည့် ထိုထိုအရုပ်မည်သည် အလွယ်တကူ ‘ကွဲတတ်သည်၊ ပျက်တတ်သည်’ဟူ၍ ထိုကလေးငယ် လုံးလုံးလျားလျား မသိရှာပေ။

ထို့ကြောင့် ကလေးငယ်သည် ‘သူတစ်ပါး ပိုင်ဆိုင်ထားသောအရုပ် ကွဲချင်ကွဲ၊ ပျက်ချင်ပျက်ပါစေ’ သူ့လက်ထဲ၌ ပိုင်ဆိုင်ထားသော အရုပ်ကိုမူ အကွဲမခံလိုပေ။ မပျက်စီးစေလိုပေ။ တစ်နည်းဆိုရသော် ကလေးငယ်သည် သူ၏လက်ဝယ်ပိုင်ဆိုင်ထားသော ထိုထိုမြင်းရုပ်၊ ဆင်ရုပ်၊ ချိုးရုပ်၊ အိုးပုတ်တို့ကို ထာဝရ ခိုင်မြဲစေချင်သည်။ အစဉ်အမြဲ တည်တံ့စေချင်သည်။

သို့ပါသော်လည်း ကွဲတတ်၊ ပျက်တတ်၊ ကျိုးတတ်သည့်သဘာဝ ရာခိုင်နှုန်းအပြည့်ရှိသဖြင့် ကျိုးပျက်အက်ကွဲရန် အကြောင်းပြည့်စုံလာသော တစ်နေ့၌ ထိုထိုအရုပ်တို့သည် ဧကန်မုချ အစိတ်စိတ်အမွှာမွှာ ကွဲကြေကျိုးပျက်ပေတော့မည်။

ထိုအခါ အရုပ်ပိုင်ရှင် လူကလေးသည် သည်းထန်စွာလည်း ငိုကြွေးမည်။ ပြင်းထန်စွာလည်း ဝမ်းနည်းမည်။ အလွန်အမင်းလည်း စိတ်ဆင်းရဲမည်။ နေ့အခါ မျက်ရည်ထွေထွေကျပြီး ငိုရုံမက ညဉ့်အိပ်မက်ထဲအထိ ဝမ်းနည်းပူဆွေး ငိုကြွေးနေရှာပေတော့မည်။

အရုပ်တို့၏ ပိုင်ရှင်ကလေးငယ်သည် “အရုပ်ဆိုတာ ကွဲတတ်ပျက်တတ် ကျိုးတတ်တယ်”ဟူ၍ ကြားသာကြားဖူးနေသော်လည်း သေသေချာချာ ပိုင်ပိုင်နိုင်နိုင် မသိရှာသောကြောင့် ကွဲပျက်သွားသည်ကို သူလက်မခံနိုင်ခြင်းဖြစ်ပါသည်။

ဤတွင် ထူးခြားနေသည်မှာ အရုပ်ကို သူတို့ကိုယ်တိုင် ဝယ်ပေးပြီးနောက် ထိုအရုပ်တို့ဖြင့် ကလေးငယ်ဆော့ကစားကာ ပျော်မြူးနေသည်ကိုကြည့်ပြီး ကြည်နူးနေခဲ့ကြသော မိဘဘိုးဘွားများက ယခုအရုပ်ကွဲပျက်သောအခါ၌ ရှိုက်ကြီးတငင်ငိုနေသော ကလေးနှင့် အတူလိုက်၍ မငိုကြပါ။ သူတို့မငိုရုံမက ရယ်ရယ်မောမော နဂိုအတိုင်း နေမြဲနေနိုင်ကြသည်။ အရုပ်ကျကွဲပြီး အငိုမတိတ်နိုင်သော၊ ဝမ်းနည်း၍ မဆုံးဖြစ်နေသော ကလေးငယ်ကိုမူ သနားကြသည်။ အငိုတိတ်အောင် ချော့ကြသည်။

အဘယ်ကြောင့်ဆိုသော် မြင်းရုပ်၊ ဆင်ရုပ်၊ ချိုးရုပ်၊ အိုးပုတ်ဟူသောအရုပ်တို့သည် ကွဲတတ်ပျက်တတ် ကျိုးတတ်သည့် သဘောသဘာဝရှိကြောင်းကို လူကြီးက ဂဃနဏာသေသေချာချာ ပိုင်ပိုင်နိုင်နိုင်ကြီး သိထားကြသောကြောင့် ဖြစ်ပါသည်။ ဤအသိပိုင်နိုင်ထားသောလူကြီးသည် ငိုကြွေးပူဆွေးကာ သောကဖြစ်နေရှာသော ကလေးငယ်ကို ‘ဒါလေးများ မသိရကောင်းသလား’ဟု အပြစ်တင်ရက်ကြမည် မဟုတ်ဘဲ သနားကရုဏာသာ ဖြစ်ကြပေတော့မည်။

အရိယာအသိနှင့် ပုထုဇဉ်အသိ

ဤဥပမာတွင် လူကြီးမငိုခြင်း၊ မပူဆွေးခြင်း၊ နှမြောတသမဖြစ်ခြင်းအပြင် ငိုနေသောကလေးကို သနားကရုဏာဖြစ်နေခြင်းမှာ လူကြီးက ကွဲတတ်၊ ပျက်တတ်သည့် သဘာကို မူလကပင် ပိုင်ပိုင်နိုင်နိုင် ထဲထဲဝင်ဝင် သိရှိနားလည် သဘောပေါက်ထားသောကြောင့် ဖြစ်ပါသည်။ ကလေးငယ် ငိုကြွေးပူဆွေးနေခြင်းမှာ ကွဲတတ်၊ ပျက်တတ်သည်ဟု မကြာခဏ ကြားဖူးနေပါသော်လည်း ပိုင်ပိုင်နိုင်နိုင် မသိသောကြောင့်ဖြစ်ပါသည်။

ဤရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါး၏ အစုအဖွဲ့ကြီးသည် အိုတတ်သည်၊ နာတတ်သည်၊ သေတတ်သည့် သဘောသဘာဝ ရှိကြောင်းကို အရိယာသူတော်ကောင်းကြီးတို့က ဂဃနဏာ သေသေချာချာ ပိုင်ပိုင်နိုင်နိုင်ကြီး သိတော်မူကြသည်။ ပုထုဇဉ်ကမူ အိုတတ်သည်၊ နာတတ်သည်၊ သေတတ်သည်ဟူ၍ မကြာခဏ ကြားဖူးနေပါသော်လည်း ပိုင်ပိုင်နိုင်နိုင် မသိကြပါ။

သို့ဖြစ်ပါ၍ ပုထုဇဉ်သည် မိမိပိုင်ဆိုင်ထားသော သက်ရှိသက်မဲ့ အရာများ ပျက်စီး၊ ဆုံးရှုံးပြီး သေကွဲ၊ ရှင်ကွဲ ကြုံတွေ့လာရသောအခါ၌ သည်းထန်စွာလည်း ငိုကြွေးမည်။ ပြင်းထန်စွာလည်း ဝမ်းနည်းမည်။ အလွန်အမင်းလည်း ဆင်းရဲမည်။ နေ့အခါ မျက်ရည်ထွေထွေကျပြီး ငိုကြွေးနေရုံမက ညဉ့်အိပ်မက်ထဲအထိ ဝမ်းနည်းပူဆွေးငိုကြွေးနေရှာပေတော့မည်။

အရိယာသူတော်ကောင်းကြီးတို့က ထိုပုထုဇဉ်တို့နှင့်အတူ လိုက်ပါပြီး ပူဆွေးငိုကြွေးနေမည် မဟုတ်ပေ။ ငိုကြွေးပူဆွေးကာ သောကဖြစ်နေရှာသော ပုထုဇဉ်ကိုလည်း 'ဒါလေးတောင် မသိရကောင်းသလား'ဟု အပြစ်လည်း တင်ရက်မည်မဟုတ်ဘဲ သနားကရုဏာသာ ဖြစ်တော်မူကြပေမည်။ ဤဖြစ်စဉ်တွင် ပုထုဇဉ်အသိသည် ကလေးလေးအသိမျှသာဖြစ်သည်။ အရိယာသူတော်ကောင်းကြီးတို့၏ အသိသည် လူကြီးအသိဖြစ်ပေသည်။

ပန်းမဘဝိကဓ၏အားကြိုးသည့် ပစ္စာဇာတသတ္တိ

သုံးကျိပ်သော ရဟန်းတော်တို့သည် မြတ်စွာဘုရားထံတော်ပါးသို့သွားကာ တောထဲတရားအားထုတ်ရန် ခွင့်ပန်ကြပါသည်။ ဘုရားရှင်သည် ဘေးရန်တစ်ခုကို မြင်တော်မူပါသည်။ ထိုဘေးရန်ကို သံကိစ္စသာမဏော လိုက်ပါသည်ရှိသော် ငြိမ်းမည်ဟု မြင်တော်မူသဖြင့် သာမဏေငယ်ကို ပင့်ဆောင်သွားရန် မိန့်တော်မူပါသည်။

ထို့ကြောင့် ရဟန်းတော်များသည် သာမဏေငယ်ကိုပင့်၍ တောထဲကြွတော်မူကြပါသည်။ တောထဲရောက်ပြီးနောက် "နံနက်စောစော ဆွမ်းခံသွားသောအခါနှင့် ညချမ်းမထေရ်ကြီးအား ဆည်းကပ်သောအခါကို ဖယ်ထားပြီး ကျန်အချိန်၌ မမေ့မလျော့ကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်း ပွားများအားထုတ်ကြကုန်အံ့"ဟု ဝါဆိုသည့်နေ့၌ ကတိကဝတ် ပြုကြပါသည်။

တစ်နေ့၌ ရဟန်းတော်များ ဝါဆိုရာတောကျောင်းသို့ အစာရေစာငတ်မွတ်နေသည့် သူဆင်းရဲတစ်ဦး ရောက်လာသည်။ ရဟန်းများက သနားကရုဏာဖြစ်ကာ ဆွမ်းကျန်များ စွန့်တော်မူကြသည်။ သူသည် ဝတ်ကြီးဝတ်ငယ်များကိုပြု၍နေရာမှ သမီးကို လွမ်းသောကြောင့် ရဟန်းတော်များထံပါး မပန်ကြားဘဲ ထွက်ခွာသွားသည်။ သူသည် လမ်းခရီး၌ ခိုးသားတို့၏ ဖမ်းဆီးခြင်းကို ခံရသည်။ ထို့နောက် ခိုးသားတို့က သူ့ကိုသတ်ပြီး ဗလိနတ်စာ တင်မြှောက်ရန် စီစဉ်ကြသည်။

စားကြွင်းစားသည် သေရမည့်ဘေးကို ကြောက်လန့်လာသဖြင့် “အရှင့်သားတို့ အကျွန်ုပ်သည် အလွန်ယုတ်ညံ့သော စားကြွင်းစားပေတည်း။ ဤမည်သောအရပ်၌ သုံးကျိပ်တစ်ပါးသောရဟန်းတို့ နေတော်မူကြသည်။ ထိုရဟန်းတော်တို့ကို သတ်၍ ဗလိနတ်စာ တင်မြှောက်ခြင်းကို ပြုကြကုန်လော့”ဟုပြောကြားပြီး ရဟန်းတော်တို့ ဝါဆိုရာနေရာသို့ ခိုးသားတို့ကို လမ်းပြ၍ ပို့ဆောင်ပေးသည်။

ခိုးမျှူးကြီးက “ဗလိနတ်စာ တင်မြှောက်ခြင်းပြုရန် ရဟန်းတစ်ပါးကို ရလိုပါသည်” ဟု ရဟန်းတော်တို့အား လျှောက်ထားရာ မထေရ်ကြီးမှသည် သုံးကျိပ်သော ရဟန်းတို့က “တပည့်တော်သည်သာလျှင် ခိုးသူတို့ နောက်လိုက်သွားပြီး အသက်ကိုစွန့်ပါအံ့”ဟု အသီးသီး လျှောက်တင်ကြလေသည်။

နောက်ဆုံး၌ သံကိစ္စသာမဏေသည် “အရှင်ဘုရားတို့သည် နေမြဲသာ နေတော်မူကြပါ။ တပည့်တော်သည် အရှင်ဘုရားတို့အတွက် အသက်ကိုစွန့်၍ လိုက်သွားပါအံ့ ဘုရား”ဟု ရဟန်းတော်တို့ကို လျှောက်ထားပြီးနောက် “ပြစ်မှားမိသောအပြစ်သည် အကယ်၍ ရှိငြားအံ့၊ သည်းခံတော်မူကြပါဘုရား”ဟု တောင်းပန်သည်။ ထို့နောက် ခိုးသားတို့နောက် လိုက်ပါသွားလေသည်။

ဗလိနတ်စာတင်မည့် ခေါင်းဆောင်ခိုးမျှူးကြီးက သန်လျက်ကို ကိုင်၍ သာမဏေရှေ့သို့ ရောက်လာပါသည်။ ထိုင်လျက် စျာန်ဝင်စားတော်မူနေသည့် သာမဏေငယ်၏ လည်ပင်းကို သန်လျက်ဖြင့် ခုတ်ပိုင်းလေသည်။ ခိုးမျှူးကြီး၏ သန်လျက်သည် ထန်းရွက်ကဲ့သို့ ယိမ်းနွဲ့လျက် အရိုးရင်းသို့ ရောက်သွားသည်။ ထိုအခါ ခိုးမျှူးကြီးသည် သန်လျက်ကို မြေ၌ပစ်ချပြီး သာမဏေ၏ခြေရင်း၌ ထိုင်၍ရှိခိုးလေသည်။

ခိုးသားများ တရားရကြသည်

သံကိစ္စသာမဏေသည် ထိုခိုးသူတို့ကို ဘုရားရှင်ထံတော်ပါးသို့ ခေါ်ဆောင်သွားပါသည်။ သူတို့သည် ဘုရားရှင်ထံတော်ပါးမှ တရားတော်ကိုနာကြားပြီး ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြလေတော့သည်။

သံကိစ္စသာမဏေမည်သည် အရှင်သာရိပုတြာမထေရ်၏ တပည့်ဖြစ်ပြီး ခုနစ်နှစ် အရွယ်သာရှိပါသေးသည်။ သံကိစ္စသာမဏေလောင်း မိခင်ဝမ်း၌ ကိန်းအောင်းစဉ်ကပင် မိခင်ကွယ်လွန်သွားရှာသည်။ အလောင်းကောင်ကို သင်္ဂြိဟ်သောအခါ သန္ဓေအိမ်အသားမှလွဲ၍ ကြွင်းသောမိခင်၏ ကိုယ်ကောင်ကြီးလောင်ကျွမ်းလေသည်။ ထိုသန္ဓေအိမ်

အသားစိုင်ကို တံစူးဝါးတို့ဖြင့် ထိုးဆွရာ တံစူးဝါးအစွန်းသည် သူငယ်၏ မျက်စိထောင့်စွန်းကို ခတ်မိသည်။ နောက်တစ်နေ့ နံနက်တွင် သုသာန်တစပြင်ရှိ မီးသွေးပုံထက်၌ လျောင်းစက်နေသည့် သူငယ်ကို တွေ့ကြရလေသည်။

ပစ္ဆိမဘဝိကဖြစ်သည့် သံကိစ္စသူငယ်၏ သန္ဓေကိုလွယ်ထားသော မိခင်အလောင်း မီးသင်္ဂြိုဟ်ခံရသော်လည်း ကလေးငယ် မီးမလောင်ကျွမ်းခြင်းမှာ ရလတ္တံ့ဖြစ်သော အရဟတ္တဖိုလ်ဉာဏ်က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်ဖြစ်သည်။ တံစူးဝါးဖြင့် မျက်စိထောင့်စွန်း ကွဲပျက်သောကြောင့် "သံကိစ္စ"ဟု အမည်မှည့်ကြသည်။ ခုနစ်နှစ်ရှိသောအခါ အရှင်သာရိပုတြာအထံ၌ ရှင်ပြုရန် ဆံရိတ်နေစဉ် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။[၁]

ပစ္ဆာဇာတပစ္စယောဆုတောင်း

"လင်းတဉ်ကလေး၏ အစာအာဟာရကို တောင့်တသော အာသာဆန္ဒသည်
သူ၏ခန္ဓာကိုယ်ကို ကြီးထွားလာအောင် အထောက်အပံ့ပြုသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ရှေးရှေးကဖြစ်နှင့်သော ရုပ်တရားတို့အား
နောက်နောက်၌ဖြစ်လာသော ကုသိုလ်နာမ်တရားတို့က လောကုတ္တရာတရားကို
မျက်မှောက်ပြုနိုင်သည့်အထိ ကျေးဇူးပြုနိုင်ပါစေသား"

၁။ သံကိစ္စသာမဏေရဝတ္ထု၊ သဟဿဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၄၂၅)

ပဋ္ဌာဇာတပစ္စယော သိမ့တ်ပ္ဒယ်

ပစ္ဆာဇာတပစ္စည်း၏ ကျေးဇူးပြုပုံမှာ

ပစ္ဆာဇာတပစ္စည်းသည် နာမ်တရားက ရုပ်တရား (Mind to Matter)ကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

ကာမဘုံမှစုတေပြီးနောက် ကာမဘုံ၌ပင် တစ်ဖန် ပဋိသန္ဓေနေလိုလတ်သော်

ဘ တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဒါ ဒါ စုတိ ပဋိသန္ဓေ ဘဝင် (၁၅,၁၆)ကြိမ်၊
မ ၊ ဘဝနိကန္တိက လောဘ (၇)ကြိမ်၊ ဘဝင်

အထက်ပါဝီထိစဉ်၌ ပဋိသန္ဓေ၏ဥပါဒ်ခဏမှာ ရှေးဘဝက ချလိုက်သော ကံကြောင့်ဖြစ်သော ပဋိသန္ဓေ နာမက္ခန္ဓာ၊ ကမ္မဇကလာပ်သုံးစည်းတို့ တစ်ပြိုင်နက် ဖြစ်ပေါ်လာရ၏။

သူတို့သည် ဖြစ်စဖြစ်သောကြောင့် အလွန်တရာနုနယ်ရကား၊ ကမ်းပါးပြတ်နားမှာ နေသောသူကဲ့သို့ သူတစ်ပါးကပင် အထောက်အပံ့ အကူအညီ ပေးငြားသော်လည်း မယူနိုင်သေးရကား၊ မည်သည့်အလုပ်ကိုမှ မလုပ်နိုင်ဘူးဟုမှတ်။ ဤကဲ့သို့ ပဋိသန္ဓေ နာမက္ခန္ဓာကမှ အားမရှိပါရင် ကျန်တဲ့ကလာပ်သုံးစည်းမှာလည်း အားမရှိဘူးလို့မှတ်ပါ။

ဘာနဲ့အလားတူပါသလဲလို့ဆိုရင် မိမိတို့သည် ခဲတစ်လုံးကို ကုန်းထဲသို့ ပစ်ချလိုက်တဲ့အခါမှာ ၎င်းခဲသည် 'ငါဖြင့် ကုန်းထဲမှာ မနေချင်ပါဘူး၊ တခြားတစ်နေရာကို သွားပါတော့မယ်ဆိုပြီး'ရွှေ့ပြောင်းပြီး သွားလို့ရပါသလားဆိုရင် မရဘူးလို့မှတ်။ ဘာ့ကြောင့်ဆိုသော် သူတို့မှာ ရွှေ့ပြောင်းနိုင်သောအစွမ်းသတ္တိ မရှိလို့ဟုမှတ်ပါလေ။ ထို့အတူ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ကလာပ်သုံးစည်းတို့မှာလည်း ငါတို့ချည်းပဲနေရတာ မနေချင်ပါဘူး။ မှီခိုရာအားထားရာကို ရှာပါဦးမယ်လို့ဆိုပြီး အလုပ်များကို လုပ်လို့ရပါသလားဆိုရင် မရပါဘူးတဲ့။ ကံက ပစ်ချလိုက်တဲ့အတိုင်းပဲ နေရတာပါပဲ'တဲ့ဟု မိုးကုတ်ဆရာတော်ကြီးက ဟောကြားတော်မူပါသည်။[၁]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ပါး စိတ် (၈၅)ပါး၊ စေတသိက် (၅၂)ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဦးသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့ ဖြစ်ပါသည်။

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး- သုံးချက်စုပို့ချစဉ်(နှာ-၂၂၉)

၁၂။ အာသေဝနပစ္စယော
နောက်နောက်ဇောများအား ဂုဏ်သတ္တိသာလွန်ရန် အားကောင်းရန် အကြိမ်ကြိမ်ဖြစ်စေခြင်း ထုံမွှမ်းခြင်းဖြင့် ကျေးဇူးပြုသောပစ္စည်း
Asevana Paccaya (Repetition condition)

ပစ္စယနိဒ္ဒေသ

အာသေဝနပစ္စယောတိ - ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝန-ပစ္စယေန ပစ္စယော။

Repetition condition (Asevana paccaya)

Preceding wholesome phenomena are related to subsequent wholesome phenomena by repetition condition.

Preceding unwholesome phenomena are related to subsequent unwholesome phenomena by repetition condition.

Preceding functional indeterminate phenomena are related to subsequent functional indeterminate phenomena by repetition condition.

အာသေဝနပစ္စည်း၏ ဥပမာနှင့် ဥပစမယျ

“နောက်နောက်မွန်လေး၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နုံသာလားသို့”ဟု လာရှိသည်နှင့်အညီ နုံသာတုံး၊ နုံသာခဲများသည် အတူတူ ထုံထားသော အဝတ်တန်ဆာတို့အား မွှေးကြိုင်အောင် ကျေးဇူးပြုသကဲ့သို့ ကျမ်းဂန်စာပေတို့ ရှေးရှေးသင်ယူမှုသည် နောက်နောင် သင်ယူမှုအား လွယ်ကူအောင် ပို၍ တတ်သိလာအောင် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးကုသိုလ်၊ အကုသိုလ်၊ ကြိယာဇောစိတ်များသည် နောက်နောင်ဖြစ်ပေါ်သော ကုသိုလ်၊ အကုသိုလ်၊ ကြိယာဇောစိတ်များအား ဂုဏ်သတ္တိသာလွန်ရန်၊ အားကောင်းလာရန် အကြိမ်ကြိမ် ထုံမွှမ်းသောအားဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။[၁]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမှု။

အဖန်ဖန် အထပ်ထပ် ထုံမွှမ်းခြင်းကို တစ်နည်း ဥပမာထပ်ပေးရသော် နံ့သာကြုတ်ထဲ အဝတ်အစားထည့်ထားပါက ကာလကြာလေ ပို၍ ပို၍ မွှေးကြိုင်လာလေ၊ ကာလကြာလေ ပို၍ ပို၍ မွှေးကြိုင်လာလေဖြစ်ပါသည်။ ဤတွင် ရှေးရှေးအမွှေးအကြိုင် ထုံမွှမ်းမှုက နောက်နောက် အမွှေးအကြိုင် ထုံမွှမ်းမှုကို အားရှိလာစေသကဲ့သို့ အာသေဝန ပစ္စည်းကို နားလည်နိုင်ပါသည်။

Asevana Paccaya

Number twelve is Asevana Paccaya, repetition condition. Asevana means repetition, doing something again and again. It is compared to previous learning. You learn something now and then later some other thing. The first learning reinforces your second learning. The second learning reinforces the third learning and so on. The conditioning states impart something of their quality or something of their force to the succeeding states. It is also compared to using perfume again and again. Suppose there is a cup and you put perfume in it. And you use the cup every day. So more and more it has a good smell. Asevana is like that repetition. Repetition means the arising of states that are of the same genus. That means Kusala to Kusala, Akusala to Akusala, Kiriya to Kiriya, like that.

This Asevana condition is actually a variety of Anantara condition. It belongs to Anantara group. It arises and then it disappears. When it disappears, it lets the succeeding one arises and it imparts some kind of force or power to the following one. Since Asevana Paccaya can be obtained between states that belong to the same genus, we cannot have Asevana Paccaya between Kusala and Akusala or Kusala and Kiriya. Asevana Paccaya can only arise between Kusala and Kusala, Akusala and Akusala, Kiriya and Kiriya.

In a thought process, let us say, between five-door adverting consciousness and eye-consciousness, there is Anantara condition. What about Äsevana Paccaya?

Asevana Paccaya is Javana to Javana. So there is no Asevana Paccaya. What about between the first Javana and the second Javana? There is Asevana Paccaya. Similarly there is Asevana Paccaya between second and third, third and fourth, fourth and fifth, fifth and sixth, sixth and seventh. The first, second, third, fourth, fifth and sixth Javanas are included in the conditioning states. The seventh Javana cannot belong to conditioning states because there is no state belonging to the same genus following it. So the conditioning states of Asevana or Paccaya are the first, second, third, fourth, fifth and sixth Javanas. The conditioned states are the second, third, fourth, fifth, sixth and seventh Javanas.[၁၂၂]

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

Doing something again and again.

အာသေဝန (အာ + သေဝန) အာ = အထပ်ထပ်အခါခါ။ သေဝန = ထုံမွမ်းသည်။ ပွားများသည်ဟု အဓိပ္ပာယ်ရပါသည်။ ဇောတစ်ခုက ထိုဇောမျိုး ထပ်ခါထပ်ခါ ဖြစ်စေခြင်းကို ဆိုလိုပါသည်။ ပမာအားဖြင့် ရှေ့ရှေ့ကုသိုလ်ဇောက နောက်နောက် ကုသိုလ်ဇောကို ကုသိုလ်ဖြင့် အထပ်ထပ်ထုံမွမ်းခြင်းကို အာသေဝနပစ္စည်း (Repetition Condition) မည်ပေသည်။

ရှေးဆရာမြတ်များက အာသေဝနပစ္စည်းကို ရှေ့ရှေ့၌ စာပေကျမ်းဂန် သင်ကြားခြင်းသည် နောက်နောက်၌ စာပေကျမ်းဂန်သင်ကြားခြင်းကို လွယ်ကူထက်သန်စေရန် ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ဇောတို့က နောက်နောက်ဇောတို့အား ထက်သန်အားရှိစေရန် ကျေးဇူးပြုခြင်းကို ဥပမာပြတော်မူကြပါသည်။

ပါရမီဖြည့်ကျင့်မှုကို အာသေဝနဖြင့် နားလည်နိုင်သည်

ရဟန်းသီလဖြည့်ကျင့်မှု၊ ဓူတင်ဆောက်တည်မှု၊ လောကီ ဈာန် တန်ခိုး အဘိညာဉ်၊ မဂ် ဖိုလ်ရမှု၊ ပါရမီပြည့်မှုတို့ဟူသည် အာသေဝနပစ္စည်းပင်တည်း။ ကုသိုလ်၊ အကုသိုလ်တို့က အကြောင်းအထောက်အပံ့ကြီးစွာရပြီး အကျိုးဖြစ်ထွန်းလာမှုသည်လည်း ပကတူပနိဿယ၏သတ္တိဖြစ်သည်။ အာသေဝနသတ္တိဖြင့် အကြိမ်ကြိမ်ထုံမွမ်းပြီး ကျေးဇူးပြုခံရသောကြောင့် ပရမတ္ထနာမ်တရားက အားကောင်းလာခြင်းဖြစ်ပါသည်။

ဘုရားအလောင်းတော်နှင့် အလောင်းအလျာများ ပါရမီဖြည့်ကျင့်တော်မူခဲ့ကြသည့်ကာလ အလွန် ရှည်ကြာလွန်းပါသည်။ လွန်ခဲ့သည့် (၉၁)ကမ္ဘာအထက်ကာလကပြုခဲ့သည့် ကုသိုလ်ကောင်းမှုတို့က ဘုရားဖြစ်တော်မူသည့် ဘဝအထိ လာပြီးကျေးဇူးပြုသည်ဟု ပဋ္ဌာနုဒ္ဒေသကျမ်း၌ လာရှိပါသည်။

ဝိပဿနာတရားရှုပွားခြင်း

ဝိပဿနာတရားကို ရှုပွားရာ၌လည်း တရားတိုးတက်မှုကို ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်၌ အားထုတ်ခဲ့သူနှင့် အားမထုတ်ခဲ့သူဟူ၍ ကွဲပြားခြားနားမှုရှိပါသည်။ ဘဝါဘဝက ဝိပဿနာတရား အားမထုတ်ခဲ့ဖူးလျှင် ယခုဘဝ၌ ဝိပဿနာဉာဏ်ပွင့်ထွန်းရန် ခက်ခဲရှိတတ်သည်။ ရှေးရှေးဘဝါဘဝက အားထုတ်ခဲ့သူအဖို့ ဝိပဿနာဉာဏ်များ အခက်အခဲမရှိ ပွင့်ထွန်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် “ရဟန်းသီလဖြည့်ကျင့်မှု၊ ဓူတင်ဆောက်တည်မှု၊ လောကီ ဈာန် အဘိညာဉ်တန်ခိုး၊ မဂ် ဖိုလ်ရမှု၊ ပါရမီပြည့်မှုတို့ဟူသည် အာသေဝနပစ္စည်းတည်း”ဟု ဆရာမြတ်များက ဖွင့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာကောင်းရှာပြီး တရားကျင့်ကြံအားထုတ်ပါက မိမိ၏အထုံဝါသနာ၊ အလေ့အကျင့်၊ အနုအရင့်ကို အတိအကျမဟုတ်စေကာမူ ခန့်မှန်း သိရှိနိုင်မည် ဖြစ်ပါသည်။ အကြောင်းတိုက်ဆုံလာသောကြောင့် ဤနေရာ၌ ဝိပဿနာကျင့်စဉ်ကို အကျဉ်းမျှ ဖော်ပြပါမည်။

ဝိပဿနာဟူသည် ပစ္စုပ္ပန်ဖြစ်ဆဲကို ရှုခြင်းဖြစ်သည်

နှာသီးဖျား နှာဝ၌ ထွက်လေ၊ ဝင်လေ အမြဲ တိုက်ဝင်၊ တိုက်ထွက်နေသည်။ နှာသီးဖျားနှာဝ၌ ကာယပသာဒခေါ် ရုပ်အကြည်ဓာတ်က အထိခံနေသည်။ ဤတွင် ထို ‘အထိခံအာရုံ’နှင့် ‘ထိတွေ့နေခြင်း’၌ ထိထိနေသည်က ရုပ်တရား၊ ထိထိနေတာကို သိသိနေသည်က နာမ်တရားဖြစ်သည်။ မိမိ၏နှာသီးဝကို ဉာဏ်ဖြင့် စောင့်ကြည့်ပြီး ထိဝင်၊ ထိထွက်တာကို သိသိနေရမည်။ ဤသို့ ထိတာကို သိသိနေလျှင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့် မရသဖြင့် တဒင်္ဂငြိမ်းနေတော့သည်။

နှာသီးဝကို ဝင်လေ ထွက်လေ မထိသေးခင်၌ ရှုမှတ်၍လည်းမရပါ။ သို၍လည်း မဖြစ်ပါ။ ထိုနည်းအတူ ထိပြီးနောက်၌လည်း မှတ်၍၊ သို၍ မရပါ။ ဝင်လေဝင်ဆဲ အခိုက်အတန့်၌သာ ထိထိနေသည်ကို သိနိုင်သည်။ ထွက်လေထွက်ဆဲ အခိုက်အတန့်၌သာ ထိထိနေသည်ကို သိနိုင်သည်။

ဤသို့ မပြတ်မလပ် ရှုမှတ်သွားပါက ‘ထိထိနေတာကရုပ်တရား’၊ ‘ထိတာကို သိသိနေတာက နာမ်တရား’ဟူ၍ ဉာဏ်ထဲရှင်းလာသော ယောဂီအဖို့ ‘ရုပ်နှင့် နာမ်’သာ ရှိပြီး၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိသည်ကို ကွဲကွဲပြားပြား သိလာပေလိမ့်မည်။

ဖြစ်ပျက်ဉာဏ် ပို့ဝင်ရမည်

ဝိပဿနာအလုပ်ဟူသည် ထိမှုကို သိသိနေရုံမျှသာဖြစ်ပါသည်။ ထိုထိမှုသည် အစပိုင်း၌ နှာသီးဖျားဟူ၍လည်းကောင်း၊ လေကြောင်းဟူ၍လည်းကောင်း ပေါ်နေပေလိမ့်မည်။ နေ့စဉ်ရက်ဆက် မနားတမ်း ကြိုးစားအားထုတ်လာပါက နှာသီးဖျား နှာဝ၌

တရိပ်ရိပ် 'ထိလိုက် ပျောက်လိုက်'၊ 'ထိလိုက် ပျောက်လိုက်' ဖြစ်ပျက်နေပုံကို သိမြင်လာသည့်ဉာဏ် ရင့်သန်လာသောအခါ ဝိပဿနာသမာဓိ တစ်စထက်တစ်စ တိုးတက်လာကာ နှာသီးဖျား နှာဝမ္ဘာသာမက တစ်ကိုယ်လုံးခွဲလည်း ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည်ကို တွေ့မြင်လာပေလိမ့်မည်။

ဉာဏ်အရာသည် ခက်ခဲပါသည်။ နက်နဲပါသည်။ ယခုကဲ့သို့ ဥဒယဗ္ဗယမည်သော ဖြစ်ပျက်ဉာဏ်ကို ပိုင်ပိုင်သိရှိနားလည်ထားသည့် ဆရာသမားတို့က ပြောကြားခြင်းဖြင့်လည်းကောင်း၊ ရေးသားထားသည့်စာကို ဖတ်ရှုခွင့်ရခြင်းဖြင့်လည်းကောင်း သိနိုင်ခြင်းဖြစ်ပါသည်။

ဆရာသမားတို့၏အသိသည် မိမိကိုယ်ပိုင်အသိ မဟုတ်သေး

ဤနေရာတွင် သတိပြုရန်လိုသည်မှာ ဆရာသမားများ၌ ရှိသောအသိသည် ဆရာတို့၏ ကိုယ်ပိုင်အသိ မှန်ပါသော်လည်း မိမိအဖို့ ကိုယ်ပိုင်အသိ မဟုတ်သေးပါ။ ကြားဖူး၊ နာဖူး၊ ဖတ်ဖူးသောကြောင့် သိသည့် သုတမယအသိမျှသာဖြစ်သည်။

ကြားသိ၊ ဖတ်သိ၊ နာသိကို ကိုယ်ပိုင်အသိ ပမာ 'အားလုံး ဖြစ်ပြီး ပျက်နေတယ်'၊ 'ဖြစ်ပျက်မြင်ပြီ'၊ 'ဘာကြည့်လိုက် ကြည့်လိုက် ဖြစ်ပျက်ပဲ'ဟု အထင်ဖြင့် ပြောတတ်ကြသည်။ အထင်သည် အထင်မျှသာဖြစ်ပါသည်။ ကိုယ်ပိုင်အသိမဟုတ်သောကြောင့် အထက်အထက် ဝိပဿနာဉာဏ်ပေါ်ရန် ကြီးစွာသော အဟန့်အတား ဖြစ်ပေတော့မည်။

ထို့ကြောင့် ဤနေရာတွင် ဖြစ်ပျက်ဉာဏ်စစ်စစ်ပေါ်လာရန် မူလဝိပဿနာ၏ အာရုံသည် ပရမတ်အာရုံဖြစ်ရပါမည်။ ပရမတ်မှသာ "ဖြစ်ပြီးပျက်၊ ပေါ်လာပြီးချုပ်" သည်ဟု ပြောရပါသော်လည်း စင်စစ်အားဖြင့် အခဏအခိုက်အတန့် တစ်ခဏမျှပင် တည်တံ့ ခိုင်ခဲ့နေသည်ဟုတ်ပါ။ အရောင်အဆင်း၊ ပုံသဏ္ဌာန် မရှိသောကြောင့် ပညတ်ဝေါဟာရတင်၍ ရှင်းပြရန် အလွန်ခက်ခဲလှပါသည်။ အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာ၊ အဝိဇ္ဇာ၊ အမောဟမည်သော ဉာဏ်၏အရာသာ ဖြစ်ပေသည်။

အဝိဇ္ဇာဟူသည် မောဟကိလေသာ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"ဟု လာရှိသည်။ အဝိဇ္ဇာဟူသည် မောဟကိလေသာ၏ အမည်ကွဲဖြစ်သည်။ သင်္ခါရမည်သည် ကံကိုဆိုလိုသည်။ ထို့ကြောင့် ကံနှင့် ကိလေသာပေါင်းကာ ဝိညာဏ်မည်သော ဘဝတစ်ခု ဖြစ်ပေါ်လာစေပါသည်။

ဤတွင် ကိလေသာမရှိတော့ပါက ကံက လက်ကျိုး၊ ခြေကျိုး ဖြစ်သွားပါတော့သည်။ ကံအလုပ်မဖြစ်တော့သောကြောင့် ဘဝမရှိတော့ပေ။ ကိလေသာကို အပြီးတိုင် ပယ်ထားသည့် ရဟန္တာပုဂ္ဂိုလ်တို့အဖို့ ကုသိုလ်ကံများ ပြုနေစေကာမူ နောက်ဘဝကို ကံက ဖန်တီးပေးနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ရဟန္တာထေရ်ရှင်များ ပြုတော်မူသော ကုသိုလ်ကို ကြိယာဟူသောအမည် အသစ်ရသည်။

ပါဠိတော်၌ အရဟတ္တမဂ်သည် ကမ္မက္ခယ = ကံကုန်ခြင်းကိုပြုသည်ဟု လာရှိပါသည်။ ဤနေရာတွင် ကံကို တိုက်ရိုက်ပယ်ခြင်းမဟုတ်ဘဲ ကိလေသာကိုသာ ပယ်ခြင်းဖြစ်ပါသည်။ ကိလေသာကုန်သောကြောင့် ကံက ဘဝကို မထူထောင်နိုင်တော့ခြင်းဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်၌ ဘဝအသစ် မရှိတော့ပါ။ ထို့ကြောင့် ကံပြုသော်လည်း ကံအရာမမြောက်တော့ပေ။ ဘဝအသစ်ထူထောင်နိုင်ရန် ကံက ကိလေသာအဖော်ရရန် လိုအပ်ပါသည်။ ကိလေသာမရှိတော့သည့် ရဟန္တာပုဂ္ဂိုလ်အတွက် ကံက အလုပ်မလုပ်နိုင်တော့ပါ။

ကိလေသပရိနိဗ္ဗာန်နှင့် ခန္ဓပရိနိဗ္ဗာန်

အကြောင်းမှာ အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို ပယ်သတ်သဖြင့် ကိလေသာကုန်ခန်းသွားခြင်းဖြစ်သည်။ ဤသည်ကို ကိလေသာ မရှိတော့သောကြောင့် သဥပါဒိသေသနိဗ္ဗာန် = ကိလေသာပရိနိဗ္ဗာန်ဟူ၍လည်း ခေါ်ပါသည်။ ကိလေသာ ပရိနိဗ္ဗာန်ပြုပြီးဖြစ်ပါသော် လည်း ကံနှင့် ကိလေသာကပေါင်းပြီး ထုတ်လုပ်ထားခဲ့သည့် ဝိပါက်နာမက္ခန္ဓာကဋ္ဌတ္တာရုပ်ကမူ ကျန်ရှိနေပါသည်။ ခန္ဓပရိနိဗ္ဗာန်ပြုသည်ကိုမူ အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါသည်။

မြတ်စွာဘုရားရှင်သည် သက်တော် (၈၀)တွင် ကုသိနာရုံ၌ အနုပါဒိသေသနိဗ္ဗာန်-ခန္ဓပရိနိဗ္ဗာန် ပြုတော်မူပါသည်။ ခန္ဓာ (၅) ပါး ရုပ်နာမ်အပေါင်း ဝိပါက်နာမက္ခန္ဓာ၊ ကဋ္ဌတ္တာရုပ်အကြွင်းအကျန်မရှိတော့ဘဲ အပြီးချုပ်ငြိမ်းသွားခြင်း ဖြစ်ပါသည်။ ကိလေသပရိနိဗ္ဗာန် ကိုမူ ဘုရားဖြစ်တော်မူစဉ်ကပင် မျက်မှောက်ပြုတော်မူပြီး ဖြစ်ပါသည်။[၁]

၁။ ပါမောက္ခချုပ်ဆရာတော်၏ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့်လေ့လာသုံးသပ်ခြင်း စာအုပ်ကို ကိုးကားမှီငြမ်းသည်။

ဖိုလ်သည် အားထုတ်ခြင်းကင်း၏

ဖိုလ်ဇောသည် အားထုတ်ရတဲ့ တရားလား၊ အားမထုတ်ရတဲ့ တရားလားလို့ဆိုရင် အားမထုတ်ရတဲ့တရား မှတ်ပါ။ ဘာ့ကြောင့်လဲဆိုရင် ၎င်းမဂ်ထဲမှာပါသော စေတနာသည် အကာလိကဂုဏ်နှင့် ပြည့်စုံသည့်အားလျော်စွာ အခါမလင့်အကျိုးကို ပေးရသောကြောင့် မဂ်ပြီးရင် တစ်ခါတည်း ဖိုလ်ပါပဲတဲ့။ မဂ်ပြီး ဖိုလ်မဖြစ်ချင်ပါဘူးလို့များ ငြင်းသေးသလားဆိုရင် မငြင်းပါဘူးတဲ့။ မဂ်ပြီး တစ်ခါတည်း ဖိုလ်ဖြစ်၏။ ဒါဖြင့် အားမထုတ်ရတဲ့တရားဆိုတာ သိရမယ်။ ထို့ကြောင့် ဖိုလ်သည် နိရုဿာဟ အားထုတ်ခြင်းကင်း၏။ အားထုတ်ခြင်းကင်းသဖြင့် အာသေဝနပစ္စည်းမတပ်ဘူး၊ (၀ါ) မဖြစ်ဘူးမှတ်ဟု မိုးကုတ်ဆရာတော်ကြီးက မိန့်တော်မူပါသည်။[၁]

ဇောစုနစ်ကြိမ်တွင် အဘယ်ဇော အားကြီးဆုံးဖြစ်သနည်း

ကုသိုလ်သတ္တိရှိသည့်ဇောနှင့် အကုသိုလ်သတ္တိရှိသည့်ဇောဟူ၍ ရှိသည်။ ဤတွင် သတိပြုရမည်မှာ ကုသိုလ်ဇောက ကုသိုလ်ဇောကိုသာ အားကောင်းအောင် လုပ်ဆောင်ပေးနိုင်ပြီး အကုသိုလ်ဇောကလည်း အကုသိုလ်ဇောကိုသာ အားကောင်းအောင် လုပ်ပေးနိုင်စွမ်းသည်မှာ အလွန်ရိုးရှင်းသော ဓမ္မသဘာဝဖြစ်ပါသည်။

ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇောနှင့် သတ္တမဇောတို့ရှိသည့်အနက် အစဦးဆုံးဖြစ်သည့် ပထမဇောက အားမကောင်းသေးပါ။ အကြောင်းမှာ ပထမဇောရှေ့၌ ဝုဋ္ဌောရှိနေပါသည်။ မနောဒွါရာဝဇ္ဇန်းစိတ် (၀ါ) ဝုဋ္ဌောက အဗျာကတဖြစ်သဖြင့် ဇောနှင့် မျိုးဇာတ်မတူသောကြောင့် အာသေဝနသတ္တိ မရပါ။ ထို့ကြောင့် ပထမဇောအားနည်းခြင်း ဖြစ်ပါသည်။

ဒုတိယဇောကမူ အနည်းငယ် အားကောင်းလာပါသည်။ အဘယ်ကြောင့်ဆိုသော် မျိုးဇာတ်တူသည့် ပထမဇော၏ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပါသည်။ ဒုတိယ၊ တတိယတို့က ပို၍၊ ပို၍ အားကောင်းလာကြပါသည်။ စတုတ္ထဇောက အားအကောင်းဆုံးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ရှေ့ရှေ့ဇောတို့၏ ကျေးဇူးပြုမှုကို အပြည့်အဝ ရသောကြောင့်ပေတည်း။ တစ်နည်းအားဖြင့် ထိုရှေးရှေးဇောတို့သည် နောက်နောက်ဇောတို့အားဂုဏ်သတ္တိ သာလွန်ရန်၊ အားကောင်းရန် အကြိမ်ကြိမ် ဖြစ်စေခြင်း၊ ထုံမွမ်းခြင်းဖြင့် ကျေးဇူးပြုသောကြောင့် အားရှိလာခြင်းဖြစ်သည်။

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စုချပ်စဉ်။

သတ္တမဇော်သည် အားကောင်းသောကြောင့် မဖြစ်မနေ အကျိုးပေးပါသည်။ ပမာပြရသော် အဖသတ်သူ၊ အမိသတ်သူတို့သည် ဒုတိယဘဝ၌ အဝီစိငရဲသို့ မုချကောန် ရောက်ကြရသည်။ သတ္တမဇော်က ဒုတိယဘဝကိုသာ ပေးနိုင်စွမ်းပြီး အကျိုးပေးခွင့် မရပါက အဟောသိကံ ဖြစ်သွားပေတော့သည်။

အဟောသိကံဖြစ်ရသည့် အပရာပရိယဝေဒနီယကံ

မုဆိုးတစ်ယောက်မှာ သမင်၊ ဒရယ်စသော သားကောင်များကိုလိုက်ရန် ခွေးတစ်ကောင်ရှိ၏။ ၎င်းခွေးသည် သမင်ကိုမြင်တဲ့အခါ လိုက်၏။ ကွေ့ပြီးပြေးရင်လည်း ကွေ့ပြီးလိုက်၏။ မမိမချင်း နောက်က လိုက်လာရာ မီလောက်တဲ့အခါကျမှ ကိုက်၏။

ထို့အတူ ခွေးနဲ့တူတဲ့ အပရာပရိယကံသည် သမင်ကို နောက်က လိုက်သကဲ့သို့ လိုက်ပြီးလာခဲ့ရာ မှီလောက်သောအခါ၌ ကိုက်သကဲ့သို့ အကြောင်းအားလျော်တဲ့အခါ အကျိုးကိုပေးရကား နာနာကွဏိကကမ္မလို့ မှတ်ပါလေ။ နောက်ခွေးသည် သမင်ကို လိုက်တဲ့အခါ အလိုက်ညံ့၍ သမင်ကိုမမိဘဲ ပျောက်သွားတဲ့အခါ မကိုက်ရသကဲ့သို့ အပရာပရိယကံသည် နောက်က တကောက်ကောက် လိုက်နေပါသော်လည်း ခွေးသည် သမင်ကိုမမိဘဲ ပျောက်သွားသကဲ့သို့ နိဗ္ဗာန်သို့ဝင်သွားတဲ့အခါ အဟောသိကံ ဖြစ်ရ၏ ဟုမှတ်ပါ။[၁]

အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရား

အာသေဝနပစ္စည်း၌ ရှေ့ရှေ့ဇောက အကြောင်းပစ္စည်းတရားဖြစ်ပြီး ရှေ့နောက်ဇောက အကျိုးပစ္စယုပ္ပန် ဖြစ်ပါသည်။ ဇောနောက် တဒါရုံသည် အဗျာကတ (ဝိပါက်) စိတ်ဖြစ်ပါသည်။ ထို့ကြောင့် နောက်နောက်ဇောမရှိတော့သည့် သတ္တမဇောက အာသေဝန သတ္တိ မရနိုင်တော့ပေ။

အလယ်ဇောငါးပါးကမူ အပရာပရိယဝေဒနီယကံ (ဆာယာဝ အနုပါယိနီ = အစဉ် လိုက်သောအရိပ်ပမာ) နိဗ္ဗာန်ကို မျက်မှောက်မပြုမခြင်း ကုသိုလ်၊ အကုသိုလ်က အစဉ် အမြဲလိုက်ပါကာ အကြောင်းဆုံလျှင် ကျေးဇူးပြုပေတော့မည်။ ဤနေရာတွင် အရိပ်ပမာ လိုက်နေသည်ဟု ဆိုရာတွင် အဘိဓမ္မာသဘောအရ သဿတဒိဋ္ဌိ ဖြစ်နိုင်ပါသည်။ နားလည်လွယ်ရန် ရေးသားရခြင်းသာဖြစ်ပါသည်။

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ် အဘိဓမ္မာပဒ္ဒာန်း ညဝါမှတ်စုစာအုပ် သုံးချက်စုချပ်စဉ်။

ဇောစေတနာဆိုင်ရာ အကြောင်းဆုံလာသဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ရေချမ်း၊ ဒန်ပူနှင့် ဆွမ်းတို့ကို လှူဒါန်းခွင့်ရခဲ့သည့် သူဆင်းရဲမောင်ပုဏ္ဏာဇနီးမောင်နှံတို့၏ အဖန်တလဲလဲ ထုံမွမ်းသော ကုသိုလ်စေတနာ၏သတ္တိသည် ယခုဘဝ၌ပင် အကျိုးပေးနိုင်ခဲ့သည်ကို သာဓကပြုဖော်ပြပါမည်။

ဘဝမခြားအကျိုးပေးသည့် မောင်ပုဏ္ဏာတို့၏အလှူ

ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးကြီးကိုမှီ၍ သူဆင်းရဲမောင်ပုဏ္ဏာသည် အခစားဘဝဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရာလေသည်။ မောင်ပုဏ္ဏာတို့ ဇနီးမောင်နှံ၌ ဥတ္တရာအမည်ရှိသော သမီးတစ်ယောက်ရှိသည်။

ရာဇဂြိုဟ်ပြည်၌ ခုနစ်ရက်ပတ်လုံး နက္ခတ်ပွဲသဘင် ကျင်းပမည်ဖြစ်ရာ သုမနသူဌေးသည် မောင်ပုဏ္ဏာကိုခေါ်၍ “အမောင် ငါတို့၏ လူအပေါင်းသည် နက္ခတ်သဘင်ကို ကစားခြင်းငှာ အလိုရှိကြ၏။ အမောင်ကား အသို့နည်း၊ နက္ခတ်သဘင်ကို ကစားအံ့လော၊ သို့တည်းမဟုတ် အခစားအမှုကို ပြုလုပ်အံ့လော”ဟု မေးပါသည်။ မောင်ပုဏ္ဏာက “အရှင်သူဌေးကြီး နက္ခတ်သဘင် ပျော်ရွှင်ကစားခြင်းမည်သည် ဥစ္စာရှိသူတို့အတွက် ဖြစ်ပါသည်။ ကျွန်တော်၏ အိမ်၌ကား နက်ဖြန် ယာဂုကျိုစရာ ဆန်မရှိသေးပါ။ ကျွန်တော်အား နက္ခတ်သဘင် ကစားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ နွားတို့ကို ရသည်ရှိသော် လယ်ထွန်ခြင်းငှာ သွားပါမည်”ဟု ပြောပြီး နွားနှင့်ထွန်တို့ကို ယူ၍ လယ်တောသို့ သွားပါသည်။

ထိုနေ့၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စား၍ သမာပတ်မှထတော်မူပြီး “ငါသည် အဘယ်သူအား ယနေ့ ချီးမြှောက်ခြင်းကို ပြုသင့်ပေအံ့နည်း”ဟု ကြည့်ရှုတော်မူရာ သူဆင်းရဲမောင်ပုဏ္ဏာကို မြင်တော်မူပါသည်။ ထို့ကြောင့် သပိတ်၊ သင်္ကန်းကို ယူတော်မူလျက် မောင်ပုဏ္ဏာ လယ်ထွန်ရာအရပ်သို့ ကြွတော်မူပါသည်။ မောင်ပုဏ္ဏာသည် ရှင်သာရိပုတ္တရာမထေရ်မြတ်အား ရှိခိုးပြီးလျှင် ဒန်ပူနှင့်ရေကို ပေးလှူပါသည်။

အရှင်မြတ်သည် ဆက်လက်ကြွသွားတော်မူရာ လယ်တောသို့ လာနေသည့် မောင်ပုဏ္ဏာ၏ဇနီးက အရှင်မြတ်ကြီးအား ဖူးမြင်ရသဖြင့် “ငါသည် ရံခါ လှူဖွယ်ဝတ္ထု ရှိပါသော်လည်း အရှင်မြတ်ကို မဖူးမြင်ခဲ့ပါ။ ရံခါ အရှင်မြတ်ကို ဖူးမြင်ရပါသော်လည်း လှူဖွယ်ဝတ္ထု မရှိခဲ့ပါ။ ယနေ့မူကား ငါသည် အရှင်မြတ်ကိုလည်း ဖူးမြင်ရ၏။ လှူဖွယ်ဝတ္ထုသည်လည်း လက်ဝယ်ရှိနေ၏”ဟုကြံပြီးလျှင် မိမိခင်ပွန်းအတွက် ချက်လာခဲ့သော ထမင်းကို လှူဒါန်းရန် ဆုံးဖြတ်လိုက်ပါသည်။

ဦးစွာ မထေရ်မြတ်အား ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပါသည်။ ထို့နောက် “အရှင်ဘုရား ဤဆွမ်းကို ညံ့ဖျင်း၏ ဟူ၍လည်းကောင်း၊ မွန်မြတ်၏ ဟူ၍လည်းကောင်း ကြံစည်တော်မမူပါဘဲ အရှင်ဘုရားတို့၏ ကျေးကျွန် တပည့်မွဲအား ချီးမြှောက် ထောက်ပံ့ပေးတော်မူကြပါဘုရား”ဟု လျှောက်ထားပြီး အရှင်မြတ်ကြီး၏ သပိတ်ထဲလောင်းထည့်ပြီး လှူဒါန်းပါသည်။ ထို့နောက် ‘အရှင်ဘုရားတို့ သိမြင်အပ်သော တရား၏သာလျှင် အဖို့ရှိသည် ဖြစ်ပါစေသော်’ဟု ဆုတောင်းပတ္ထနာ ပြုလေသည်။

မောင်ပုဏ္ဏား၏ဇနီး သူဆင်းရဲမသည် အိမ်ပြန်ထမင်းချက်ပြီး လယ်ကွင်းသို့ လာရာနေအတော်ပင် မြင့်နေလေတော့သည်။ မောင်ပုဏ္ဏသည် ဆာလောင်လွန်းသဖြင့် နွားတို့ကို လွှတ်လိုက်ပြီး သစ်ပင်ရိပ်သို့ဝင်ကာ ဇနီးကိုမျှော်နေရှာသည်။ ထိုအခါ မောင်ပုဏ္ဏား၏မယားက ‘ငါ့လင်မောင်ပုဏ္ဏက ငါ့ကို အလွန်လျှင် ကြာမြင့်လှဘိ၏ဟု မောင်းမဲပြီး အကယ်၍ ပုတ်ခတ်သည်ဖြစ်အံ့၊ ငါပြုအပ်သော ကောင်းမှုသည် အကျိုးမရှိဖြစ်တော့အံ့’ဟုတွေးပြီး ခင်ပွန်းသည် ပုဏ္ဏအား “အရှင် ယနေ့စိတ်ကို ကြည်ဖြူစေပါလော့။ ကျွန်မပြုအပ်သော ကောင်းမှုကို အကျိုးမဲ့ မပြုပါလင့်၊ ကျွန်မသည် နံနက်စောစော ကသာလျှင် ထမင်းကို ဆောင်ယူခဲ့လေရာ လမ်းခရီးအကြား၌ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာကို ဖူးမြင်ရ၍ ထိုထမင်းကို ထိုရှင်သာရိပုတ္တရာအား လှူဒါန်းပြီးမှ တစ်ဖန် ပြန်သွား၍ ထမင်းချက်ပြီး လာရပါသည်။ စိတ်ကို ကြည်ဖြူစေပါလော့”ဟု ပြောပြပါသည်။

စိတ်တူ သဘောတူ လှူဒါန်းကြသည်

ထိုအခါ သူဆင်းရဲမောင်ပုဏ္ဏသည် “ချစ်နှမ ငါ့အလို့ငှာ ဆောင်ခဲ့သောထမင်းကို ရှင်သာရိပုတ္တရာအား ပေးလှူခြင်းအားဖြင့် သင်ပြုအပ်သောအမှုသည် ကောင်းလေစွတကား၊ ငါသည်လည်း ရှင်သာရိပုတ္တရာအား ယနေ့ နံနက်စောစောကပင်လျှင် ဒန်ပူနှင့် မျက်နှာသစ်တော်ရေကို လှူရလေပြီ”ပြောပြီး မယားဆိုသော စကားကြောင့် အလွန်ပင် နှစ်သက် ဝမ်းမြောက်နေလေသည်။ ထမင်းစားပြီးနောက် မောင်ပုဏ္ဏသည် အိပ်ပျော်သွားလေတော့သည်။ မောင်ပုဏ္ဏနိုးလာသောအခါ၌ သူလယ်ထွန်ခဲ့သော နေရာတစ်ခုလုံးသည် မဟာလေ့ကားပန်းပွင့်ပမာ ရွှေစိုင်ခဲကြီးများ ဖြစ်နေပေတော့သည်။

ရာဇဂြိုဟ်ပြည့်ရှင်ဘုရင်သည် မောင်ပုဏ္ဏတို့ဇနီးမောင်နှံ၌ များသော ဥစ္စာရှိလာသဖြင့် ထိုနေ့မှစ၍ “ဗဟုဓနအမည်ရသောသူဌေးဖြစ်စေ”ဟု အမိန့်တော်ပြန်ပြီး ချီးမြှောက်လေသည်။

နိရောဓသမာပတ်မှ ထတော်မူလာသည့် အရှင်သာရိပုတ္တရာမထေရ်မြတ်အား ရေချမ်း၊ ဒန်ပူနှင့် ဆွမ်းတို့ကို ယနေ့လျှဒါန်းခွင့်ရသည့် သူဆင်းရဲမောင်ပုဏ္ဏ ဇနီးမောင်နှံတို့၏ အဖန်တလဲလဲ ထုံမွမ်းသော ကုသိုလ်စေတနာ ပထမဇော၏သတ္တိကြောင့် ရက်များမခြားဘဲ ယနေ့၌ပင် ရှင်ဘုရင်ချီးမြှင့်သည့် သူဌေးရာထူးကို ရခြင်းဖြစ်ပါသည်။[၁]

ဇောစေတနာက ပေါ်ပြီးပျောက်သွားပါစေသော်လည်း သတ္တိကျန်ခဲ့သည်

မှတ်သားစရာကောင်းသည်မှာ ထိုထိုဇောစိတ်က ကောင်းကျိုး ဆိုးကျိုးတို့ကို ဖန်တီးနိုင်စွမ်းသည့် သတ္တိရှိသည်ဟု တစ်ဖက်ကဆိုပြီး အခြားတစ်ဖက်တွင်လည်း ဖြစ်၊ တည်၊ ပျက် အစဉ်တွင် ပျက် ပျက် သွားနေသဖြင့် မည်ကဲ့သို့ အကျိုးပေးမည်နည်းဟု မေးစရာ ပေါ်လာပါသည်။

အဖြေမှာ ပထမဇောစိတ်က ဖြစ်၊ တည်၊ ပျက်သွားပါသော်လည်း ပြီးပြီး၊ ပျောက်ပျောက် မဟုတ်ဘဲ ဒုတိယဇောစိတ်ကို ဖြစ်ခွင့်ပေးရုံမက သတ္တိများပါ ချန်ပေးခဲ့ပါသည်။ ထက်ကြပ်မကွာ အခြားမဲ့ ဒုတိယဇောစိတ်က ဖြစ်၊ တည်၊ ပျက် သွားပါသော်လည်း ပြီးပြီးပျောက်ပျောက် မဟုတ်ပါ။ တတိယဇောစိတ်ကို ဖြစ်ခွင့်ပေးရုံမက သတ္တိများပါ ချန်ပေးခဲ့ပါသည်။ ဤနည်းအတိုင်း နားလည်ရပေမည်။

ထို့ကြောင့် တစ်နေ့တာ ကြုံဆုံသမျှ စာရင်းမရှင်းခဲ့မိပါက၊ မကျေလည်ခဲ့မိပါက၊ တေးမှတ်ထားမိပါက၊ အကြွေးချန်ထားခဲ့မိပါက၊ အကြောင်းဆုံတိုင်း၊ ဆိတ်ငြိမ်ရာ၌ နေလိုက်တိုင်း ပြန်ပြန်ပေါ်နေခြင်းသည် အကုသိုလ်ဇော၏ သတ္တိပြနေခြင်းဖြစ်သည်။

အကြွေးမကျန်သည့် နေနည်းဖြင့် ဘဝကို နေတတ်ရန် လေ့ကျင့်ရမည် ဖြစ်ပါသည်။ သို့မရှင်းဖြစ်ခဲ့ပါက သူနှင့်ဆက်နွယ်နေသည့် သောကဖြစ်စရာကိုလည်း ခေါ်လာနိုင်သည်။ ဒေါသဖြစ်စရာကိုလည်း ခေါ်လာနိုင်ပါသည်။ မကြံသင့်၊ မတွေးသင့်သည်ကိုလည်း ကြံတွေးရုံမျှမက ကာယကံမြောက် လွန်ကျူးသည့်အထိဖြစ်သည့် သာဓကတစ်ခုကိုလည်း ဖော်ပြပါမည်။

လူရမ်းကားနန္ဒလွန်ကျူးစေသောအပြစ် ဘဝများစွာ အကျိုးပေးစေတော့သည်

လောကလူသားတို့သည် "ဘဝများဘဲ အကျိုးပေးတတ်သည်"ကို မိမိတို့၏ မျက်စိဖြင့် မြင်တွေ့နေရပါသော်လည်း "ထိုထိုအကြောင်းတရားတို့ကြောင့် ဤအကျိုးတရား ပေါ်ပေါက်လာခြင်းပါတကား"ဟု သိရှိနားလည် သဘောပေါက်ပြီး လက်ခံနိုင်သူ

၁။ ဥတ္တရာဥပါသိကာဝတ္ထု၊ ကောဓဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ - ၁၉၆)

အလွန်ပါးရှားလွန်းပါသည်။ အကြောင်းမှာ ခက်ခဲနက်နဲလွန်းပြီး ကြံစည်တွေးတော စဉ်းစားရုံမျှဖြင့် သိနိုင်သောအရာ မဟုတ်သောကြောင့်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဗ္ဗညုဘုရားရှင်တို့ကသာ လက်လှမ်းမီနိုင်သောတရား ဖြစ်သောကြောင့်တည်း။

ဤနေရာတွင် ဥပ္ပလဝဏ်ရဟန္တာထေရီမကြီးအား ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သော လူမိုက်ကြီးနန္ဒ ဘဝမခြားဘဲ မလှမပ ဇာတ်သိမ်းခဲ့သည့် ဖြစ်စဉ်ကို သာဓကအားဖြင့် ဖော်ပြပါမည်။

ဥပ္ပလဝဏ်ထေရီမအလောင်းအလျာသည် ပဒုမုတ္တရမြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ အဂ္ဂသာဝိကာမဆုကို ပန်ဆင်ခဲ့သူဖြစ်ပါသည်။ သူသည် ထိုဆုကိုရရှိနိုင်ရန် ကမ္ဘာတစ်သိန်းကာလပတ်လုံး များစွာသော ကုသိုလ်ကောင်းမှုတို့ကိုပြုကာ လှူပြည်၊ နတ်ပြည်တို့၌ လှူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို အဖန်တလဲလဲ ခံစား၊ စံစားခဲ့ပါသည်။ ထိုမှနောက်၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအခါကာလတွင် နတ်ပြည်မှစုတေပြီး သာဝတ္ထိပြည်ရှိ သူဋ္ဌေးမျိုး၌ ပဋိသန္ဓေတည်လေသည်။ သန္ဓေရင့်ပြီး ဖွားမြင်လာသောအခါ ဥပ္ပလဝဏ်ဟူသောအမည်ကို မှည့်ခေါ်ကြလေသည်။ ဥပ္ပလဝဏ္ဏာဟူသည် ကြာညိုပန်းနှင့်တူသော အဆင်းရှိသူဟု အဓိပ္ပာယ်ရသည်။

ဥပ္ပလဝဏ် သတို့သမီးအရွယ်သို့ ရောက်လာသောအခါတွင် အမှန်တကယ်ပင် ကြာညိုပန်းနှင့် တူသောအဆင်းရှိပြီး လွန်စွာ ချောမောလှပပါသည်။ ထို့ကြောင့် အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်းမှ မင်းတို့သည်လည်းကောင်း၊ သူဋ္ဌေးသူကြွယ်တို့သည်လည်းကောင်း ဥပ္ပလဝဏ်သတို့သမီး၏ ဖခင်သူဋ္ဌေးကြီးအထံသို့ "ငါတို့အား သမီးကို ပေးပါလော့"ဟု တမန်စေလွှတ်၍ သတင်းစကားပါးကြပါသည်။

ဥပ္ပလဝဏ်ရဟန်းပြုသည်

ထိုအခါ ဖခင်သူဋ္ဌေးကြီးက တစ်နေ့တစ်ခြား အခက်အခဲကြုံလာသောကြောင့် "ငါသည် အလုံးစုံကုန်သော သူတို့၏ စိတ်အလိုကို ပြည့်အောင်ယူခြင်းငှာ မတတ်နိုင်၊ တစ်ခုသော ဥပါယ်တံမျဉ်အကြောင်းကို ပြုပေတော့အံ့"ဟု ကြံစည်ကာ သမီးကိုခေါ်ပြီးလျှင် "ချစ်သမီး ရဟန်းပြုခြင်းငှာ တတ်နိုင်ပါအံ့လော"ဟု မေးလေသည်။ ပစ္ဆိမဘဝိကဖြစ်သူ ဥပ္ပလဝဏ်သတို့သမီးသည် ဖခင်သူဋ္ဌေးကြီး မေးလာသောစကားကို လွန်စွာ နှစ်ခြိုက်ပြီး ထိုတစ်ခဏ၌ပင် ရဟန်းပြုရန် ဆုံးဖြတ်လေတော့သည်။ သူဋ္ဌေးကြီးသည် မိမိ၏သမီးအား များစွာသော ပူဇော်သက္ကာရကိုပြုပြီး ရဟန်းမိန်းမတို့၏ ကျောင်းတိုက်သို့ ပို့ဆောင်ကာ ဘိက္ခုနီမပြုစေသည်။

ဥပ္ပလဝဏ်ထေရီမသည် ရဟန်းပြု၍ မကြာသေးသောကာလ၌ ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်း စသည်ကိုပြုရန် အလှည့်ရောက်လာပါသည်။ ထေရီမက ဆီမီးကို

ညှိထွန်း၍ ဥပုသ်အိမ်ကို တံမြက်လှည်းလျက် မိမိညှိထွန်းထားသော ဆီမီးလျှံကို နိမိတ်ယူပြီးလျှင် ရပ်နေလျက် အဖန်ဖန်ကြည့်ရှုကာ တေဇောကသိုဏ်းအာရုံရှိသောစျာန်ကို ဖြစ်စေပါသည်။ ထို့နောက် ထိုစျာန်ကို အခြေပြုသဖြင့် ပဋိသန္ဓိဒါ အဘိညာဉ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဥပ္ပလဝဏ်ရဟန္တာထေရီမသည် အခါတစ်ပါး၌ ဇနပုဒ်ဒေသစာရီ လှည့်လည်ပြီး ပြန်ရောက်လာသောအခါ အန္ဓဝနဟုအမည်ရသည့် သူကန်းတော်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုအချိန်ကာလတိုင် ဘုရားရှင်သည် ရဟန်းမတို့အား တောကျောင်း၌ သီတင်းသုံးနေခြင်းဆိုင်ရာ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း မရှိသေးပါ။ ထို့ကြောင့် တောထဲ၌ ဥပ္ပလဝဏ်ရဟန္တာထေရီမအား ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်ပြီး ညောင်စောင်းခင်းကာ အကာအရံတို့ပြုပေးကြသည်။ ထေရီမသည် သာဝတ္ထိမြို့၌ ဆွမ်းအလို့ငှာ လှည့်လည် ကြွဝင်တော်မူပြီး သီတင်းသုံးတော်မူရာ တောအရပ်သို့ ထွက်လာလေသည်။

လူမိုက်နန္ဒ မြေမျိုခံရသည်

ထေရီမ၏ဦးရီးတော်သား နန္ဒအမည်ရှိသော လုလင်ပျိုသည် ဥပ္ပလဝဏ် လူဖြစ်စဉ်ကာလကပင် စွဲလမ်းနှစ်သက်နေသူဖြစ်သည်။ ထိုနန္ဒသည် ဥပ္ပလဝဏ် ထေရီမဆွမ်းခံရာမှ တောအရပ်သို့ မဝင်သေးမီ ရှေးဦးကပင် တောရကျောင်းသို့ သွားနှင့်ကာ ထေရီမ၏ ကျောင်းငယ်ထဲသို့ဝင်ပြီး အိပ်ရာခုတင် ညောင်စောင်းအောက်၌ ပုန်းအောင်းနေလေသည်။

ထေရီမသည် ကျောင်းငယ်အတွင်းသို့ဝင်ကာ တံခါးကိုပိတ်ပြီး ညောင်စောင်းထက်၌ ထိုင်နေကာမျှရှိသေးသည်။ နန္ဒလူမိုက်သည် ခုတင်ညောင်စောင်းအောက်မှ ထွက်လာပြီး ညောင်စောင်းထက်သို့ တက်လာပါသည်။ “ဟယ် လူမိုက် မဖျက်ဆီးလေနှင့်”ဟု မထေရ်မ တားမြစ်နေစဉ်၌ပင်လျှင် ဖိစီးနှိပ်စက်၍ သူတောင့်တအပ်သော အမှုကို ပြုလုပ်၍ ထွက်ခွာသွားတော့သည်။

ဤတွင် မိုက်မဲလွန်းပြီး ရဟန္တာထေရီမကြီးကို ဖျက်ဆီးခဲ့သော ထိုနန္ဒလူမိုက်၏ အဖန်တလဲလဲ ထုံမွမ်းသော အကုသိုလ်စေတနာဇော၏သတ္တိကြောင့် ထေရီမ၏ မျက်ကွယ်ကို ရောက်သောအခါ၌ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် ဟင်းလင်း ကွဲအက်လာပါသည်။ ထိုအခါနန္ဒသည် ထိုမြေကြီးတွင်းသို့ ကျသွားလေတော့သည်။ ထိုခဏ၌ပင် မြေကြီးတွင်းထဲမှ မဟာအဝီစိ ငရဲမီးလျှံများ တက်လာကာ လူမိုက်ကို ဆွဲယူသွားတော့သည်။[၁]

၁။ ဥပ္ပလဝဏ္ထေရီဝတ္ထု၊ ဗာလဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ- ၃၁၀)

အကြောင်းခံမှုနှင့် အကျိုးခံမှုကိုဇလ့်လာခြင်း

ဘုရားရှင်သည် ပဋ္ဌာန်းတရားတော်၌ ပစ္စယမည်သောအကြောင်းခံမှု (Cause)နှင့် ပစ္စယုပ္ပန္နမည်သော အကျိုးခံမှု (Effect) ကို အစွမ်းသတ္တိအမျိုးမျိုးဖြင့် ဟောကြားတော်မူပါသည်။

အကျိုးတရားကို လူတိုင်း သိနိုင်၊ မြင်နိုင်ကြပါသည်။ သို့သော် ထိုအကျိုးတရားတစ်ခု ပေါ်ပေါက်လာနိုင်ရန် ရှိသင့်ရှိထိုက်သည့် အကြောင်းတရားတို့ကိုမူ သူလိုကိုယ်လို လူတိုင်း သိနိုင်မြင်နိုင်ခဲပါသည်။ ဉာဏ်ပညာမျက်စိ ပွင့်ထွန်းသူ လူနည်းစုကသာ သိနိုင်စွမ်းပါသည်။

ထိုသို့ မသိနိုင်၊ မမြင်နိုင်ခြင်းကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စသည့်ဝါဒပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထို့ပြင် ဣဿရနိမ္မာနဝါဒဟူသော ထာဝရဘုရားသခင်အယူအဆ (Concept of God) တို့ပေါ် ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် အကြောင်းခံမှုနှင့် အကျိုးခံမှုကို ပါမောက္ခချုပ်ဆရာတော်ကြီး၏ အလွန်ရိုးရှင်းသော ဥပမာကို အမှီပြုပြီး အကျယ်ရှင်းပြပါမည်။

အလွန်ရိုးရှင်းစသာ ထမင်းတစ်ပန်းကန်ဥပမာ

ခက်ခဲနက်နဲလှသည့် အကြောင်းအကျိုးတရားကို အလွန်ရိုးရှင်းသောဥပမာဖြင့် လေ့လာဆင်ခြင်ကြမည်။ မိမိ၏ ထမင်းစား စားပွဲရှေ့တွင် ချထားသည့် ထမင်းတစ်ပန်းကန်ကို ပစ္စယုပ္ပန္နဟူသော အကျိုးတရားနေရာထားကာ စဉ်းစားကြည့်ပါမည်။ လက်လှမ်းမီ၍ ဖြစ်နိုင်ခြေရှိသည့် နီးစွာသော အကြောင်းတရားများမှာ ဆန်ရှိရမည်။ ရေရှိရမည်။ မီးရှိရမည်။ အိုးရှိရမည်။ ထမင်းချက်တတ်သည့် နည်းပညာလည်း ရှိရဦးမည်ဟု သာမန်အားဖြင့် တွေ့ရပါသည်။

ဖော်ပြပါ (၅)ချက်မှာ နီးစွာသော အကြောင်းတရားမျှသာ ရှိသေးသည်။ ဝေးစွာသော အကြောင်းတရားတို့ကို ဆက်လက် စဉ်းစားပါက လယ်ယာမြေရှိရမည်။ စပါးမျိုးစေ့ရှိရမည်။ လိုအပ်သည့် မြေဆီဩဇာရှိရမည်။ စိုက်ပျိုးရန် ရေရှိရမည်။ သင့်တင့်မျှတသည့် ရာသီဥတုရှိရမည်။ စိုက်ပျိုးနည်းပညာရှိရမည်။ လယ်ယာလုပ်သားများရှိရမည်။ ကျွဲနွားထွန်တုံး ထွန်တံ၊ လယ်ထွန်စက် စသည်တို့ ရှိရဦးမည်။

သို့သော် ဤအကြောင်းတရားမျှနှင့်လည်း ထမင်းမဖြစ်လာနိုင်သေးပါ။ ဆန်လည်း ဖြစ်မလာသေးပါ။ ဆန်ဖြစ်လာရန်အတွက် စပါးရိတ်သိမ်း ခြွေလှေ့စက်ရှိရမည်။ ကြိတ်ခွဲစက် ရှိရမည်။ သယ်ယူပို့ဆောင်ပေးသည့် ယာဉ်ယန္တရားများရှိရမည်။ ထိုထိုစက်ကိရိယာကို ကိုင်တွယ် မောင်းနှင်နိုင်သည့် ကျွမ်းကျင်လုပ်သားများ ရှိရဦးမည်။

ထို့ကြောင့် မိမိစားပွဲရှေ့၌ ရှိနေသော ထမင်းဟူသော အကျိုးတရားတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ရန်အတွက် အကြောင်းတရားပေါင်းများစွာ ရှိနေသည်ကို တွေ့ရပါသည်။ တစ်နည်းအားဖြင့် ရှုပ်ထွေးများပြားလှသော အကြောင်းတရားပေါင်းများစွာက ပြုပြင်စီမံပေးသောကြောင့် ထမင်းတစ်ပန်းကန် ဖြစ်ပေါ်၍လာခြင်းဖြစ်သည်။

အနည်းငယ်ခက်ခဲသော အသားဟင်းတစ်ခွက်ဥပမာ

ထမင်းတစ်ပန်းကန် ဖြစ်ပေါ်လာနိုင်ရန် ဖြစ်နိုင်လောက်သည့် နီးစွာသော အကြောင်းနှင့် ဝေးစွာသောအကြောင်းတို့ကို လေ့လာခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် မိမိရှေ့စားပွဲပေါ်က ထမင်းတစ်ပန်းကန်ထက် ပို၍ရှုပ်ထွေးသော ငါးဟင်းတစ်ခွက်ကို အကျိုးတရားနေရာထား၍ ဥပမာဖြင့် လေ့လာကြည့်မည်ဆိုလျှင် လက်လှမ်းမီ၍ ဖြစ်နိုင်ခြေရှိသည့် နီးစွာသော အကြောင်းတရားများမှာ ဟင်းချက်ရန် ငါးရှိရမည်။ မီးရှိရမည်။ အိုးရှိရမည်။ ဆီရှိရမည်။ ဆားရှိရမည်။ ငရုတ်၊ ကြက်သွန်၊ ဟင်းခတ် အမွှေးအကြိုင်တို့ ရှိရမည်။ ချက်တတ်သည့် နည်းပညာလည်း ရှိရဦးမည်။ ဤသည်တို့မှာ ငါးဟင်းတစ်ခွက် ဖြစ်လာနိုင်ရန်အတွက် ယေဘုယျအားဖြင့် တွေ့ရမည့် နီးစွာသော အကြောင်းတရားတို့ ဖြစ်သည်။

ဆက်လက်ပြီး သူတစ်ပါးအသက်ကို မညှာမတာ သတ်ရဲ၊ ဖြတ်ရဲသည့် တံငါသည် ရှိရဦးမည်။ ငါးမဖိုက်ထဲကို ပဋိသန္ဓေရနိုင်သည်အထိ အကုသိုလ်ကံကို ထူထောင်ထားခဲ့သည့် သတ္တဝါရှိရဦးမည်။ ငါးကို ဖမ်းဆီးသတ်ဖြတ်နိုင်ရန် ငါးမျှားတံ၊ ငါးမျှားချိတ်၊ ပိုက်ကွန်၊ ဓားလက်နက်တို့ကို ထုတ်လုပ်သူရှိရမည်။ ထိုလက်နက်တို့ကို ရောင်းချသူ ရှိရဦးမည်။

ဤတွင် ထမင်းတစ်ပန်းကန်ကိစ္စတွင် ကံ၏အခန်းကဏ္ဍကို ပေါ်ပေါ်လွင်လွင် မသုံးသပ်ခဲ့ပါသော်လည်း ငါးဟင်းတစ်ခွက်အတွက် ကံ၏အခန်းကဏ္ဍ အရေးတကြီး ပါဝင်လာသဖြင့် နားလည်ရန် အနည်းငယ်ခက်ခဲနိုင်ပါသည်။

အကြောင်းမှာ ပါဏာတိပါတကံကို လွန်ကျူးချိုးဖောက်ဝံ့သည့် သတ္တဝါနှင့် ဘဝါဘဝက ငါးမဗိုက်ထဲ ရောက်နိုင်လောက်သည့် အကုသိုလ်ကံကို ထူထောင်ထားခဲ့သော သတ္တဝါတို့ရှိမှသာ ငါးဟင်းတစ်ခွက် ဖြစ်လာမည်။

ဆက်လက်ပြီး ဝက်သားဟင်း၊ ကြက်သားဟင်းတို့ကို အကျိုးတရားနေရာထားကာ ဆင်ခြင်ပါလျှင် ထမင်းတစ်ပန်းကန်ထက် နားလည်သဘောပေါက်ရန် ခက်ခဲသည့် အကြောင်းတရားတို့ကို မြင်တွေ့ရမည် ဖြစ်ပါသည်။

သာ၍စက်ခဲနက်နဲသောကံ၏အကြောင်း

မိမိတို့နေ့စဉ် စားသုံးနေရသည့် ထမင်းနှင့်ဟင်းဟူသော အကျိုးတရားများ ဖြစ်ပေါ်လာနိုင်ရန်ပင် ဤမျှများပြားသည့် အကြောင်းတရားများ ပါဝင်နေပါသည်။ ထမင်းတစ်ပန်းကန်ထက် နှိုင်းဆမရအောင် ခက်ခဲနက်နဲ ရှုပ်ထွေးလှသည့် ကံ၏အကျိုးတရားတစ်ရပ်အဖြစ် လူ့လောကၦ လူသားတစ်ဦး မွေးဖွားလာနိုင်ရန်အတွက်မှာမူ အကြောင်းတရားပေါင်း မည်မျှက ပုံပိုးကူညီ ထောက်ပံ့ပေးရမည်ကို သဗ္ဗညုတဉာဏ်ရှင်မှတစ်ပါး အခြားသူများက အပြည့်အစုံကို အဘယ်သို့ သိနိုင်ပါအံ့နည်း။

အကျိုးတရားတို့ကိုမူ သူလိုကိုယ်လိုလူတိုင်းပင် မြင်သိနိုင်ပါသည်။ သို့ပါသော်လည်း ထိုအကျိုးတရားတစ်ရပ်ကို ဖြစ်ပေါ်စေနိုင်စွမ်းသည့် နောက်ခံက အကြောင်းတရားများကို သိနိုင်ရန်မှာမူ သူလိုကိုယ်လို လူတိုင်း၏ အရာမဟုတ်တော့ပေ။

အကြောင်းတရားနှင့် လျော်ညီသည့် အကျိုးတရားဟူသည် မုချရှိသည်။ ဖြစ်ထိုက်သည့် အကြောင်းတရားမရှိဘဲ အကျိုးတရား မပေါ်ပေါက်နိုင်ကြောင်းနှင့် လောကတွင် အကြောင်းတရားကင်း၍ဖြစ်သည့် အကျိုးတရားဟူ၍ မရှိနိုင် (No causeless)သည်ကိုမူ မြတ်ဗုဒ္ဓ၏ တပည့်သာဝက အနည်းငယ်မျှကသာ သိရှိတော်မူနိုင်ကြမည် ဖြစ်ပါသည်။

အာဇသဝနပစ္စယာဇုဇောဘင်း

“ရှေးရှေး အမွေးအကြိုင် ထုံမွမ်းမှုက နောက်နောက် အမွေးအကြိုင်ထုံမွမ်းမှုကို အားကောင်းလာစေသကဲ့သို့ လူသားတိုင်း၊ လူသားတိုင်း၏ သန္တာန်၌လည်း ကောင်းမွန်သော ကုသိုလ်တရားတို့ကို အဖန်တလဲလဲ ထပ်ခါထပ်ခါ ထုံမွမ်းကာ အရိယာမဂ်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား”


အာသေဝနပစ္စယော သိမှတ်ဖွယ်

အာသေဝနပစ္စည်း၏ ကျေးဇူးပြုပုံမှာ

အာသေဝနပစ္စည်းသည် နာမ်တရားက နာမ်တရား(Mind to Mind)ကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

အာသေဝနပစ္စယော (ရှောက်သီးကိုစားစဉ်) ဝီထိ

အကြင်သူသည် ရှောက်သီးကို စားလိုလတ်သော်



ဖော်ပြပါ ဝီထိစဉ်၌ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသည် ချဉ်သောအရသာကို ဆင်ခြင်၏။ ဇိဇ္ဈာဝိညာဏ်သည် ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၏သတ္တိကို မယူ၊ ဇိဇ္ဈာပသာဒဖြင့်သာ တွေ့ထိ၏။ သမ္ပဋိစ္ဆိုင်းလည်း ရှေ့စိတ်၏သတ္တိကိုမယူ။ ခံလင့်ရုံသာ ခံလင့်၏။ သန္တီရဏ၊ ဝုဋ္ဌောတို့လည်း ၎င်းနည်းတူ။ ရှေးရှေးစိတ်က နောက်နောက်စိတ်အား သတ္တိမပေးနိုင်၊ နောက်နောက်စိတ်ကလည်း မယူပေ။ ဇောကျတော့ ရသာရုံချဉ်သည်မဟုတ်၊ ရှောက်သီး ချဉ်သည်ဟု သညာဝိပလာသဖြင့်ယူ၏။ နောက်နောက်ဇောကလည်း ရှေ့ဇော၏သတ္တိကို ယူကြ၏။ ထို့ကြောင့် ဇောခုနစ်ကြိမ်သည် အာသေဝနသတ္တိရကြ၏။

ပထမဇောချုပ်ပျောက်သွားသော်လည်း ရှောက်သီးချဉ်သည်ဟူသော သူ၏မှားမှု သတ္တိကိုထားခဲ့၏။ ဒုတိယဇောသည် ၎င်းမှားမှုကိုပင် ထပ်၍ယူ၏။ ပထမဇော ပစ္စည်း၊ ဒုတိယဇော ပစ္စယုပ္ပန်။ သတ္တမဇော တိုင်အောင် ၎င်းနည်းတူ တဒါရုံသည် သတ္တမဇော၏ အာရုံသို့ အစဉ်မလိုက်၊ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သည့် အခါ ဇောသည် အာဏာမပေးနိုင်သောကြောင့် အာသေဝနသတ္တိမရပေ။[၁]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော (၄၇)ပါးနှင့် စေတသိက် (၅၂)ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပထမဇော၊ ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော(၅၁)ပါးနှင့် စေတသိက် (၅၂)ပါးတို့ ဖြစ်သည်။

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး- သုံးချက်စုပို့ချစဉ်(နှာ-၂၇၅)

၁၃။ ကမ္မပစ္စယော
စေ့ဆော်ခြင်းသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း
Kamma Paccaya (Kamma condition)

ပစ္စယနိဒ္ဒေသ

ကမ္မပစ္စယော‌တိ - ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

Kamma condition (Kamma Paccaya)

Wholesome and unwholesome kammas are related to their resultant aggregates and kamma-produced matter by kamma condition.

Motivation (cetana) is related to the phenomena associated with it and to the matter produced by them, by kamma condition.

ကမ္မပစ္စည်း၏ ဥပမာနှင့် ဥပစမယျ

“သစ်ပင်တို့အား၊ မျိုးစေ့လားသို့”ဟု လာရှိသည်နှင့်အညီ သစ်ပင်တို့၏မျိုးစေ့သည် မျိုးဗီဇအလိုက် ဆိုင်ရာအပင်များ ပေါက်လာနိုင်ရန် ကျေးဇူးပြုသကဲ့သို့ ဖြစ်ဆဲ သဟဇာတ စေတနာ၊ ဥပါဒ်၊ ဌီ၊ ဘင် ခဏ အသီးသီး၌ဖြစ်သော နာနာက္ခဏိက စေတနာတို့သည် ဆိုင်ရာ ရုပ်နာမ်ခန္ဓာများ စေ့ဆော်ခြင်းသဘောအားဖြင့် ဖြစ်ပေါ်လာအောင် တည်ရှိလာအောင် ကျေးဇူးပြုကြသည်။[၁]

မျိုးစေ့အလိုက် သဖန်းမျိုးစေ့မှ သဖန်းပင်ပေါက်လာပြီး၊ မရမ်းမျိုးစေ့မှ မရမ်းပင်ပေါက်လာကြသည့်နှယ် သတ္တဝါတို့သည်လည်း မိမိတို့၏ ဘဝါဘဝက ထူထောင်ထားခဲ့သည့် ကံမျိုးစေ့အတိုင်း ဖြစ်တည်နေကြပါသည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

Kamma paccaya

Next one is Kamma Paccaya. There are two varieties of Kamma Paccaya: Sahajata-kamma Paccaya and Nanakkhanika-kamma Paccaya. 'Nanakkhnika' has the meaning of different times or different moments. 'Sahajata' means the same moment. Sahajata-kamma is compared to a chief pupil or a chief disciple. He does his own job and also, he encourages other pupils to do their job. In the same way, here volition acts like that. Volition is called Sahajata-kamma.

Also, Volition is Nanakkhnika-kamma. It gives results. Its results only arise after some time. There is time gap between the conditioning state which is volition and the conditioned states which are resultant consciousness, mental factors and Kamma-born matters. That Kamma is compared to a seed. When you sow a seed, it grows into a tree and then you get fruits and seeds again. We must understand there are two kinds of Kamma. The Kamma that we most commonly talk about or are familiar with is Nanakkhanika-kamma, the second kind of Kamma. The first kind of Kamma we are not aware of. There is this kind of Kamma activity in every type of consciousness because volition accompanies by every type of consciousness. Volition is in resultant consciousness. The volition is Kamma condition. It is Sahajata-kamma, not Nanakkhnika-kamma. Volition is related to resultant consciousness, mental factors and Kamma-born matters by Nänäkkhanika- kamma Paccaya, Asynchronous Kamma condition.[၁၂]

သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ

ပဋ္ဌာန်းပဠာဝါရ ကမ္မပစ္စည်း၌ အပိုင်း ၂ ပိုင်း ပါဝင်ပါသည်။ ၎င်းတို့မှာ -

၁။ သဟဇာတကမ္မ (Simultaneous Kamma) ဟူသည် ကံမြောက်အောင် လုံ့ဆော်ပေးသည့် စေတနာကံကိုပင် သဟဇာတကမ္မဟုခေါ်သည်။

၂။ နာနာက္ခဏိကကမ္မ (Asynchronous Kamma) ဟူသည် ကံမြောက်ပြီးနောက် မျိုးစေ့သဖွယ် အောင်မြင်စွာ အကျိုးဖြစ်ထွန်းစေနိုင်သည့် စေတနာကို ခေါ်၏။

သံဝိဓာနကိစ္စနှင့် ဗီဇနိဓာနကိစ္စ

မိုးကုတ်ဆရာတော်ကြီးသည် သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မကို သံဝိဓာနကိစ္စနှင့် ဗီဇနိဓာနကိစ္စ စိတ်ဝင်စားဖွယ် သင်ကြားပေးတော်မူပါသည်။ ဆရာတော်ကြီးထံပါးဒကာတစ်ယောက်က အရှင်ဘုရားအား “နက်ဖြန်မနက် တပည့်တော်တို့အိမ်ကို ဆွမ်းခံ

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

ကြွတော်မူပါဘုရား”လို့ ပင့်လျှောက်သွားတယ်။ အရှင်ဘုရားသည် မနက်မိုးလင်းလို့ ဒကာအိမ်ကို ကြွသွားတဲ့အခါမှာ ဒကာသည် စေတနာနှင့်တကွ ကာယဝိညတ်အားထုတ်၍ ဆွမ်းကိုလောင်း၏။ ဒီအခါမှာ ‘သံဝိဓာနကိစ္စ’သည်ဖြစ်၏။ ၎င်းဝိညတ်နှင့်တကွသော စေတနာချုပ်သွားတဲ့အခါမှာ ‘ဗီဇနိဓာနကိစ္စ’သည် ပေါ်ပေါက်လာ၏မှတ်ပါ။[၁]

ဒါကြောင့် ကုသိုလ်နှင့် အကုသိုလ်စေတနာ ဖြစ်တဲ့အခါမှာ ‘သံဝိဓာနကိစ္စနှင့် ဗီဇနိဓာနကိစ္စ’နှစ်ပါးစုံ ရောယှက်တယ်လို့မှတ်ပါ။ ဤကဲ့သို့ ရောယှက်ရာမှာလည်း ကာလအားဖြင့် ပိုင်းခြား၍သိရမည်။ မုဉ္စစေတနာအခိုက်အတန့်ကို ‘သံဝိဓာနကိစ္စ’လို့မှတ်။ အလှူကို ပေးလှူပြီးသည့်နောက်မှာ ဖြစ်ပေါ်လာသော (၀ါ) မြေမှာမြှုပ်သကဲ့သို့ ကျန်ရစ်ခဲ့သောစေတနာကို ‘ဗီဇနိဓာနကိစ္စ’လို့မှတ်ပါ။ အလှူကိုလှူတဲ့အခါမှာလည်း မုဉ္စစေတနာ မြောက်မှသာလျှင် ‘သံဝိဓာနကိစ္စ’ပေါ်၏။ သို့မှသာလျှင် ‘ဗီဇနိဓာနကိစ္စ’ပေါ်ရသည်ဟု မှတ်ပါလေ။[၂]

ကံသုံးပါး

‘ကမ္မ’ဟူသောပါဠိကို မြန်မာဘာသာစကား၌ ‘ကံ’ ဟု ခေါ်ပါသည်။ အမှု၊ အလုပ်ဟု အဓိပ္ပာယ်ရသည်။ ထိုအလုပ်သည် ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်ဟူ၍ သုံးမျိုးရှိသည်။ ကိုယ်အလုပ်ဆိုသည်မှာ လက်၊ ခြေစသော ကိုယ်အင်္ဂါတို့ဖြင့် ပြုလုပ်ရသော အမှုကိစ္စများဖြစ်သည်။ ဥပမာ - သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း၊ ကိုယ်တိုင် လှူဒါန်းပေးကမ်းခြင်း စသည်တို့ဖြစ်သည်။

နှုတ်အလုပ်ဆိုသည်မှာ နှုတ်ဖြင့် ပြောဆိုပြုလုပ်ရသော အမှုကိစ္စမျိုးဖြစ်သည်။ ဥပမာ-သူတစ်ဖက်သားကိုဆဲခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ ဘုရားရှိခိုးခြင်း စသည်တို့ဖြစ်သည်။

စိတ်အလုပ်ဆိုသည်မှာ ကိုယ်နှင့်လည်းမလုပ်၊ နှုတ်နှင့်လည်းမပြောဘဲ စိတ်ထဲ၌တွေးတော ကြံစည်စိတ်ကူးမှုများဖြစ်သည်။ ဥပမာ- “ဒီလူ ကားတိုက်သေရင်ကောင်းမှာ” စသည်ဖြင့် မကောင်းကြံခြင်း၊ ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်တို့ကို ပြန်လည်စဉ်းစားအောက်မေ့ခြင်း၊ ဘုရားဂုဏ်ကို စိတ်ဖြင့် အာရုံပြုပွားများခြင်း စသည်တို့ ဖြစ်ပါသည်။

၁။ ပစ္စယသင်္ဂဟ၊ ပရမတ္ထဒီပနီ (နှာ-၃၉၆)

၂။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပို့စဉ် (နှာ- ၂၈၉)

စေတနာစေတသိက်က လှုံ့ဆော်ပေးသောကြောင့် ကံဖြစ်လာသည်

ထိုကိုယ်အလုပ်၊ နှုတ်အလုပ်နှင့် စိတ်အလုပ်တို့သည် လှုံ့ဆော်ပေးသည့် အကြောင်းတရားမရှိဘဲ သူ့အလိုလို ပေါ်ပေါက်လာကြသည် မဟုတ်ပါ။ စိတ်နှင့်အတူ အမြဲ ယှဉ်တွဲဖြစ်ပေါ်နေသော စေတနာစေတသိက်၏ လှုံ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။

စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာကျသော အကြောင်းတရားဖြစ်သည်။ မည်သည့် အလုပ်ကိစ္စမဆို စေတနာမပါလျှင် မထမြောက်၊ မအောင်မြင်နိုင်ပါ။ စေတနာပါရှိမှသာ ထမြောက် အောင်မြင်နိုင်သည်။ ထို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူသော ကံတရားမှန်သမျှ စေတနာရှိမှ ဖြစ်ပေါ်လာသောကြောင့် “စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ”[၁] ဟူ၍ “ချစ်သားရဟန်းတို့ စေတနာကို ‘ကံ’ဟူ၍ ငါဘုရား ဟောတော်မူ၏”ဟု မြတ်ဘုရား ဟောတော်မူပါသည်။

စိတ်ဖြစ်တိုင်း စေတနာပါသည်

စက္ခုဝိညာဏ်က ဥပေက္ခာသဟဂုတ် ဝိပါက်စိတ်ဖြစ်သည်။ မြင်တာကိုဝိပါက်ဟု ယူလျှင် ကြည့်ချင်၍ ကြည့်ရာ၌ဖြစ်စေ၊ လိုချင်၍ ကြည့်ရာ၌ဖြစ်စေ လောဘပါလာသည်။ ထို့ကြောင့် မြင်ခြင်းနှင့် ကြည့်ခြင်းတို့သည် များစွာခြားနားသည်။

လိုချင်သောကြောင့် ကြည့်ချင်၍ ကြည့်လျှင်ဖြစ်စေ၊ မကျေနပ်သောကြောင့် ကြည့်သည်ဖြစ်စေ လောဘ၊ ဒေါသ ပါလာသဖြင့် ကမ္မအမည်ရသည်။ တစ်နည်းအားဖြင့် စေတနာက တိုက်တွန်းသောကြောင့် ကမ္မအမည်ရပါသည်။

ထိုနည်းအတူ ကြားခြင်းနှင့်နားထောင်ခြင်း၌လည်း ကြိုက်၍နားထောင်သည်ဖြစ်စေ၊ မကြိုက်၍ နားထောင်သည်ဖြစ်စေ စေတနာပါသည်သာ။ အခြားဒွါရ၌လည်း အလားတူ နားလည်နိုင်မည်ဖြစ်ပါသည်။ ဤသဘောကို နားလည်ထားလျှင် ဝိပဿနာ ရှုပွားရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။

၁။ နိဗ္ဗေဓိကသုတ္တ၊ မဟာဝဂ္ဂ၊ ဒုတိယပဏ္ဏာသက၊ ဆက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ-၃၆၃)
ရှုပံ ကမ္မန္တိကထာ၊ အဋ္ဌမဝဂ္ဂ၊ ကထာဝတ္ထုပါဠိ (နှာ-၂၉၀)

မြန်မာစကားဌမူ စေတနာကို ကောင်းသည့်ကုသိုလ်၏သဘောဟု ထင်မှတ်မှား ကြပါသည်။ အမှန်တကယ်အားဖြင့်မူ စေတနာသည် အကုသိုလ်စိတ်ဌလည်းပါသည်။ ကုသိုလ်စိတ်ဌလည်းပါသည်။ ဝိပါက်စိတ်ဌလည်းပါသည်။ ကြိယာစိတ်ဌလည်း ပါဝင်ပါသည်။

ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကပင် ကံဖြစ်သည်

ကံဆိုသည်မှာ ထိုထို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ဖြစ်သည်။ သို့သော် ထိုကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများသည် စေတနာကြောင့်သာ ထမြောက် အောင်မြင်ကြရသောကြောင့် အကျိုးတရားများဖြစ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၏ 'ကံ'ဟူသောနာမည်ကို အကြောင်းရင်း စေတနာပေါ်တင်စား၍ ဖလူပစာရ နည်းအားဖြင့် အကြောင်းရင်း စေတနာကိုပင် 'ကံတရား'ဟု ခေါ်ရသည်။ ထို့ကြောင့် စေတနာထက်လျှင် ကံထက်ပြီး စေတနာညံ့လျှင် ကံညံ့သည်။

ကံအကျိုးပေးနှင့် သရက်စေ့ဥပမာ

နာနာက္ခဏိကကမ္မ (Asynchronous Kamma) ၏သတ္တိကို သရက်စေ့ဖြင့် ဥပမာပြု၍ နားလည်နိုင်မည်ဖြစ်ပါသည်။ စိန်တစ်လုံး သရက်စေ့တစ်လုံးကို မြေကျင်းထဲမြှုပ်ကာ အပေါ်ဌ မြေကြီးဖြင့် ဖုံးပြီးပစ်ထားစေကာမူ မိုးဦးကာလ မိုးရေနှင့် ထိတွေ့သောအခါဌ မပုပ်မသိုး မပျက်မစီးဘဲ အညှောက်များ စိုစိုပြည်ပြည် ထွက်ပြူလာပါသည်။

ထိုနည်းအတူ ထူထောင်ထားခဲ့သည့် ကံစေတနာမှာလည်း ဥပါဒ်၊ ဌီ၊ ဘင်အစဉ်ဖြင့် ချုပ်ငြိမ်းသွားပါသည်။ သို့သော် မြေကျင်းထဲ မြှုပ်ထားသည့် စိန်တစ်လုံးသရက်စေ့ မိုးရေနှင့် ထိတွေ့သောအခါဌ မပုပ်မသိုး မပျက်မစီးဘဲ အညှောက်များ စိုစိုပြည်ပြည် ထွက်ပြူလာသကဲ့သို့ သမ္မတ္တိစက်လေးပါးတည်းဟူသော ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ တို့ပြည့်စုံလာသောအခါဌ ကောင်းသည့်အကျိုးပေးတို့ ထွက်ပြူလာပေတော့မည်။ အကယ်၍ ဝိပတ္တိစက်လေးပါး၏သတ္တိ ပြည့်စုံလာပါက မကောင်းသည့်အကျိုးတို့ ထွက်ပြူလာပေတော့မည်။

သံသရာတစ်ခွင် ကျင်လည်နေကြသော သတ္တဝါတို့သည် အဝိဇ္ဇာမောဟက ဦးစီးသောကြောင့် ရံခါ ကောင်းကံကို ထူထောင်ပေလိမ့်မည်။ ရံခါဌလည်း ဆိုးကံကို ထူထောင်ကြပေလိမ့်မည်။

အဝိဇ္ဇာတိမ်တိုက်ကြီးမျှား

သစ္စာ (၄) ပါး မသိသည့်သဘောကို အဝိဇ္ဇာဟုခေါ်သည်။ အဝိဇ္ဇာကို အဘိဓမ္မာစေတသိက်အရ မောဟဟုခေါ်သည်။ ပုထုဇဉ်၏သန္တာန်၌ မောဟထုထည် ကြီးမားလွန်းပါသည်။ ရှေးရှေးပညာရှိများက ၎င်းအဝိဇ္ဇာမောဟကို တိမ်တိုက်ဖြင့် ဥပမာပြုတော်မူကြသည်။

ထိုထိုတိမ်တိုက်ကြီးတို့၏ ထုထည်ပမာဏ အားကြီးမားသောကြောင့် ပထမအကြိမ်၌ သောတာပတ္တိမဂ်ဖြင့် ဖယ်သည်။ ဒုတိယတိမ်တိုက်ဖြစ်သည့် အဝိဇ္ဇာမောဟက ကျန်နေပါသေးသည်။ တစ်ဖန် သကဒါမိမဂ်ဖြင့် ထိုဒုတိယတိမ်တိုက်ကို ဖယ်သည်။ တတိယတိမ်တိုက်ဖြစ်သည့် အဝိဇ္ဇာမောဟက ကျန်နေပါသေးသည်။ အနာဂါမိမဂ်ဖြင့် တတိယတိမ်တိုက်ကို ဖယ်သည်။ သို့သော် စတုတ္ထတိမ်တိုက်ဖြစ်သည့် အဝိဇ္ဇာမောဟက ကျန်နေပါသေးသည်။ ထိုထိုတိမ်တိုက်ကို အရဟတ္တမဂ်ဖြင့် အကြွင်းအကျန်မရှိ ဖယ်ထုတ်ပြီးသောအခါ၌သာ အဝိဇ္ဇာမောဟကုန်စင်ပြီး ရဟန္တာဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာမောဟသည် အလွန်အင်အားကြီးသောတရား ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတိမ်တိုက်ကို သောတာပတ္တိမဂ်က တစ်ကြိမ်တည်းဖြင့် ဖယ်ထုတ်နိုင်သည်။ ဒေါသပဋိဃတိမ်တိုက်ကို သောတာပတ္တိမဂ်က တစ်ကြိမ်၊ သကဒါမိမဂ်ကတစ်ကြိမ်နှင့် အနာဂါမိမဂ်ကတစ်ကြိမ်ဖြင့် အပြီးတိုင် ဖယ်ထုတ်နိုင်သည်။ အဝိဇ္ဇာမောဟကိုမူ လေးမဂ်တိုင်တိုင် ဖယ်ထုတ်ရသည်။

သံသရာစရိုးသည်၏ သံသရာစရိုးရှည်

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ ပထမဦးစွာ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' 'အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရဖြစ်သည်'ဟု ဟောတော်မူပါသည်။ အဝိဇ္ဇာဟူသည် မသိမှုမောဟ ဖြစ်သည်။ သင်္ခါရဟူသည် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဟူ၍ သုံးပါးရသည်။ ဤတွင် မောဟကြောင့် ကုသိုလ်သင်္ခါရလည်း ဖြစ်ခွင့်ရှိသည်။ မောဟကြောင့် အကုသိုလ်သင်္ခါရလည်း ဖြစ်ခွင့်ရှိသည်။ ထို့ကြောင့် ကုသိုလ်နှင့် အကုသိုလ်ကံအရာ မြောက်နေကြခြင်း၏ အဓိကအကြောင်းရင်းမှာ အဝိဇ္ဇာမောဟဖြစ်သည်။

ရဟန္တာ၏သန္တာန်၌ စိတ်အညစ်အကြေးဖြစ်သော အဝိဇ္ဇာမောဟကိလေသာမရှိတော့သောကြောင့် ပြုပြုသမျှ ကုသိုလ်ကောင်းမှုတို့သည် ကံအရာမမြောက်ပေ။ ထို့ကြောင့် ကုသိုလ်ဟုမခေါ်ဘဲ ကြိယာဟုခေါ်သည်။

ပုထုဇဉ်နှင့်သေက္ခာတို့ ကုသိုလ်ပြုနေကြရခြင်းမှာ အကုသိုလ်ကို တွန်းလှန်ဖယ်ရှားနိုင်ရန်ဖြစ်သည်။ ရဟန္တာသည် အကုသိုလ်အလုံးစုံကို အကြွင်းမဲ့ ဖယ်ရှားပြီးဖြစ်သဖြင့် ကုသိုလ်ပြုတော်မူကြသော်လည်း ကံအကျိုးမပေးတော့ပါ။

ထို့ကြောင့် အဝိဇ္ဇာမောဟ အားပြည့်ဝနေကြသည့် ပုထုဇဉ်တို့သည် ကံကို ထူထောင်မြဲ ထူထောင်ကြပေလိမ့်မည်။ မျက်ကန်းတစ်ယောက် လမ်းလျှောက်ရာတွင် ရံခါ လမ်းကောင်းလျှောက်မိမည်။ ရံခါ၌လည်း ဆူးချုံတောနှင့် ကျင်း၊ ချိုင့်ခွက်ပေါသော လမ်းဆိုးကို လျှောက်မိမည်။ လမ်းကောင်းလျှောက်ခြင်းသည် မြင်၍မဟုတ်သကဲ့သို့ လမ်းဆိုးလျှောက်နေခြင်းကလည်း မြင်၍မဟုတ်ပါ။

ထိုနည်းအတူ ဉာဏ်မျက်လုံးကန်းနေသည့် ပုထုဇဉ်သည်လည်း အချိန်မလပ် ကံတို့ကို ထူထောင်နေသည်။ ထိုထိုကံတို့သည် ကုသိုလ်ကံလည်းဖြစ်ချင်ဖြစ်မည်။ အကုသိုလ်ကံလည်း ဖြစ်ချင်ဖြစ်မည်။ အသိဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြားသိ၍ ကံကိုထူထောင်နေခြင်းမဟုတ်ပါ။ သို့သော် သူထူထောင်ထားသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကမူ အကြောင်းစုံလျှင် ဧကန်မုချ အကျိုးပေးလာပေမည်။ ဤသို့ ကံကိုထူထောင်၊ ကံ၏ဝိပါက်အကျိုးကို ခံစံနေသည်ကပင် သံသရာခရီးသည်တို့ သံသရာခရီး သွားနေကြခြင်းဖြစ်ပါသည်။

အဘိသင်္ခရတရားမျှား

မိမိဆိုင်ရာအကျိုးတရားတို့ကို အထူးသဖြင့် ပြုပြင်စီရင်တတ်သောကြောင့် စေတနာကို အဘိသင်္ခရဟူ၍ ခေါ်သည်။ ထိုအဘိသင်္ခရစေတနာသည် သုံးပါးရှိသည်။ ၎င်းတို့မှာ ပုညာဘိသင်္ခရ၊ အပုညာဘိသင်္ခရနှင့် အာနေဉ္ဇာဘိသင်္ခရတို့ ဖြစ်သည်။

၁။ ပုညာဘိသင်္ခရဟူသည် ကာမကုသိုလ်၊ ရူပကုသိုလ် စေတနာ (၁၃) ပါးတည်း။ ဤပုညာဘိသင်္ခရသည် ကာယသင်္ခရ၊ ဝစီသင်္ခရ၊ စိတ္တသင်္ခရ (၃)ပါးတို့နှင့် သက်ဆိုင်သည်။

၂။ အပုညာဘိသင်္ခရဟူသည် အကုသိုလ်စေတနာ (၁၂) ပါးတည်း။ ဤအပုညာဘိသင်္ခရသည်လည်း ကာယသင်္ခရ၊ ဝစီသင်္ခရ၊ စိတ္တသင်္ခရ (၃)ပါးနှင့် သက်ဆိုင်သည်။

၃။ အာနေဉ္ဇာဘိသင်္ခရဟူသည် အရူပကုသိုလ်စေတနာ (၄) ပါးတည်း။ ဤအာနေဉ္ဇာဘိသင်္ခရသည် စိတ္တသင်္ခရ (၁)ပါးနှင့်သာ သက်ဆိုင်သည်။[၁]

၁။ အဝိဇ္ဇာပစ္စယာသင်္ခါရပဒကထာဝဏ္ဏနာ၊ ပညာဘူမိနိဒ္ဒေသဝဏ္ဏနာ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒုတိယတွဲ၊ နှာ-၂၆၃)

အဝိဇ္ဇာဟူသောအစကြောင်းစကြောင့် သင်္ခါရဖြစ်သည်

ထိုထိုသင်္ခါရတို့သည် အဝိဇ္ဇာမောဟကြောင့် ဖြစ်ပေါ်ကြသည်။ အဝိဇ္ဇာမောဟ မရှိလျှင် (၀၊) အဝိဇ္ဇာမောဟမဖြစ်လျှင် သင်္ခါရမဖြစ်ပေါ်နိုင်ပါ။ ထို့ကြောင့် အဝိဇ္ဇာမောဟ မကင်းသေးသော ပုဂ္ဂိုလ်တို့သည်သာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိ သင်္ခါရတို့ကို ပြုလုပ် အားထုတ်ကြသည်။ ယခုကဲ့သို့ ပြုလုပ်အားထုတ်မှုကြောင့် သံသရာ တစ်နံတစ်လျားကို ပျော်ပျော်ကြီး ပြေးလွှားနေကြခြင်းဖြစ်သည်။[၁]

တစ်နည်းအားဖြင့် ဒုက္ခသစ္စာ၊ ဒုက္ခသမုဒယသစ္စာတို့ကို မသိမှုဟူသော အဝိဇ္ဇာ မောဟကြောင့် သံသရာဝဋ်ဆင်းရဲကို ဆင်းရဲဟုမသိ၊ ချမ်းသာဟုမှတ်ထင်ကာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော ကုသိုလ်၊ အကုသိုလ်သင်္ခါရတို့ကို ပြုလုပ် အားထုတ်ကြခြင်းဖြစ်သည်။

ဆက်လက်ပြီး ဒုက္ခနိရောဓသစ္စာ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါသစ္စာတို့ကို မသိမှု အဝိဇ္ဇာမောဟကြောင့် သံသရာဝဋ်ဆင်းရဲ၏ အမှန်တကယ် ချုပ်ငြိမ်းရာ မဟုတ်သော နတ်ပြည်၊ ဗြဟ္မာ့ပြည် စသောဘုံဌာနတို့ကို အမြတ်ဆုံး နိဗ္ဗာန်ဟု ထင်မှတ်ပြီး တောင့်တ ကြသည်။ ထိုထိုတောင့်တမှုတို့ ပြည့်စုံနိုင်ရေးအတွက် နိဗ္ဗာန်ရောက်ကြောင်း အကျင့် ကောင်းမဟုတ်သော ကြက်၊ ဝက်၊ ဆိတ်၊ နွား စသည့် သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ် ပူဇော်ကြသည်။ ဒုက္ခချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း မှတ်ထင်၍ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရတို့ကို ပြုလုပ် အားထုတ်ကြပါတော့သည်။

ပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း

ပုညာဘိသင်္ခါရ ပြုလုပ်အားထုတ်ခြင်းကို ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့ဟူ၍ လည်းကောင်း၊ ပျားရည်ကို စုံမက်နှစ်သက်သောသူသည် ပျားရည်လူးနေသော သန်လျက် သွားကို လျက်သကဲ့သို့လည်းကောင်း ရှေးဆရာများက ဥပမာပေးတော်မူကြသည်။

အဘယ်ကြောင့်ဆိုသော် သတ္တဝါများစွာတို့သည် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရ ခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေဆုံးရခြင်းဆင်းရဲ စသော ဘေးအန္တရာယ်များစွာတို့ဖြင့် ရောပြွမ်းနေသော လူဘဝ၊ လူခန္ဓာကိုလည်းကောင်း၊ နတ်ဘဝ၊ နတ်ခန္ဓာကိုလည်းကောင်း တောင့်တကြသည်။

၁။ သင်္ခါရပဒနိဒ္ဒေသ၊ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ၊ ဝိဘင်္ဂအဋ္ဌကထာ (နှာ-၁၃၈)
ပုဗ္ဗေနိဝါသာနုဿတိ ဉာဏနိဒ္ဒေသဝဏ္ဏနာ၊ မဟာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၃၁၉)

အဝိဇ္ဇာမောဟကြောင့် သံသရာဝဋ်ဆင်းရဲကို ဆင်းရဲဟု မသိမြင်ရုံမက ချမ်းသာဟု မှတ်ထင်ကြသောကြောင့် လူဘဝ၊ လူခန္ဓာ၊ နတ်ဘဝ၊ နတ်ခန္ဓာကို ရရှိရန် ကာမကုသိုလ်ဟု ခေါ်သော ပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ကြခြင်းဖြစ်သည်။

အပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း

အပုညာဘိသင်္ခါရ ပြုလုပ်အားထုတ်ခြင်းကို မသိနားမလည်သော ကလေးသူငယ်သည် မစင်ပျော့ကို ကိုင်ဆော့ကစားသကဲ့သို့လည်းကောင်း၊ သေလိုသောသူသည် အဆိပ်သောက်သကဲ့သို့လည်းကောင်း ရှေးဆရာမြတ်များက ဥပမာပေးတော်မူကြသည်။

အဘယ်ကြောင့်ဆိုသော် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းဟူသော အမှုသည် အပြစ်ကြီးလေးလွန်းပါသော်လည်း လောကဥ္စ လူအများက အပြစ်ကို အပြစ်မှန်းမသိကြသဖြင့် သတ်ခြင်း၊ ခိုးခြင်းအလုပ်ကို ငွေရလွယ်ကြောင်း၊ ချမ်းသာကြီးပွားကြောင်း အလုပ်အကိုင်ကြီးအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။

သူတို့၏သန္တာန်၌ အဝိဇ္ဇာမောဟဟူသော ကိလေသာမာတ်ဆိုးကြီးက နှိပ်စက်သောကြောင့် အကုသိုလ်မှန်းမသိနိုင်ရှာဘဲ အပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်နေကြခြင်းဖြစ်သည်။[၁]

အာနေဉ္ဇာဘိသင်္ခါရကို ပြုလုပ်အားထုတ်ခြင်း

အာနေဉ္ဇာဘိသင်္ခါရ ပြုလုပ်အားထုတ်ခြင်းကို မျက်စိလည်လမ်းမှားနေသော ခရီးသွားယောကျ်ားသည် ဖြောင့်တန်းစွာသွားသော လမ်းခရီးမှသွေဖီပြီး ဘီလူးတို့နေထိုင်ရာမြို့သို့ ရောက်သကဲ့သို့ဟု ရှေးဆရာမြတ်များက ဥပမာပေးတော်မူကြပါသည်။

ကမ္ဘာပေါင်းများစွာတိုင်အောင် အသက်တမ်းရှည်လျားလှသည့် အရူပဗြဟ္မာဘဝ၊ အရူပဗြဟ္မာခန္ဓာ၌ သင်္ခါရဒုက္ခသဘော၊ ဝိပရိဏာမဒုက္ခသဘောတို့ကို မသိမမြင်နိုင်ရှာဘဲ အရူပ ဗြဟ္မာဘဝ၊ အရူပဗြဟ္မာခန္ဓာသည် 'ထာဝရတည်တံ့ခိုင်မြဲ၏'ဟု မှားသောအယူကို ယူပြီး အရူပဗြဟ္မာခန္ဓာကို ရရှိနိုင်ရန် အရူပကုသိုလ်ဟုခေါ်သော အာနေဉ္ဇာဘိသင်္ခါရ ပြုလုပ် အားထုတ်နေကြခြင်းဖြစ်သည်။[၂]

၁။ အဝိဇ္ဇာပစ္စယာသင်္ခါရပဒဝိဘင်္ဂါရကထာ၊ ပညာဘူမိနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၁၇၃)
ပစ္စယသင်္ဂဟ၊ ပရမတ္ထဒီပနီ (နှာ-၃၇၉)

၂။ တိကဝဏ္ဏနာ၊ သင်္ဂီတိသုတ္တ၊ ပါထိကဝဂ္ဂဋ္ဌကထာ (နှာ-၁၈၀)
ရူပသင်္ဂဟ၊ ပရမတ္ထဒီပနီ (နှာ-၂၉၆)

မဂ်စလေးတန်၊ ဖိုလ်စလေးတန်ပုဂ္ဂိုလ်

သံသရာခရီးခဲကြီးကို ဆန်တက်နေရသည့် ပုထုဇဉ်ဘဝမှ လွန်မြောက်ကာ သူတော်ကောင်းစစ်စစ်ကြီးတို့ လေးပါးရှိသည်။ ၎င်းတို့မှာ (၁) သောတာပတ္တိမဂ်ဖိုလ်ရပြီးသော သောတာပန်ပုဂ္ဂိုလ် (၂) သကဒါဂါမိမဂ်ဖိုလ်ရပြီးသော သကဒါဂါမ်ပုဂ္ဂိုလ် (၃) အနာဂါမိမဂ်ဖိုလ်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် (၄) အရဟတ္တမဂ်ဖိုလ်ရပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်သည်။

ဤတွင် သကဒါဂါမိမဂ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို သကဒါဂါမိမဂ္ဂဋ္ဌ (သကဒါဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်)ဟု ခေါ်သည်။ မဂ်၏ခဏမခြား ဖိုလ်ရောက်သောအခါ သကဒါဂါမိဖလဋ္ဌ (သကဒါဂါမိဖိုလ်၌တည်သောပုဂ္ဂိုလ်) ဟုခေါ်သည်။ တစ်ဖန် ပုဂ္ဂိုလ်အားဖြင့် သကဒါဂါမ်ပုဂ္ဂိုလ်ဟုခေါ်သည်။

ထိုပုဂ္ဂိုလ်သည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်လာသော ပုဂ္ဂိုလ်ဖြစ်သည်။ အကြောင်းမှာ သကဒါဂါမိမဂ်သည် ကိလေသာကို အထူး မပယ်သတ်သော်လည်း ရာဂ၊ ဒေါသ၊ မောဟတို့ကို ပါးအောင်ပြုသည်။

ထိုသကဒါဂါမ်ပုဂ္ဂိုလ်သည် ရှေးနည်းအတူ ဝိပဿနာတရားအားထုတ်၍ အနာဂါမိမဂ်ရသည်။ ထိုအနာဂါမိမဂ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို အနာဂါမိမဂ္ဂဋ္ဌ (အနာဂါမိမဂ်၌တည်သောပုဂ္ဂိုလ်) ဟုခေါ်သည်။ မဂ်၏ခဏမခြား ဖိုလ်ရောက်သောအခါ အနာဂါမိဖလဋ္ဌ (အနာဂါမိဖိုလ်၌တည်သောပုဂ္ဂိုလ်)ဟုခေါ်သည်။ တစ်ဖန် ပုဂ္ဂိုလ်အားဖြင့် ထိုပုဂ္ဂိုလ်ကို အနာဂါမ်ဟုခေါ်သည်။

ထိုပုဂ္ဂိုလ်သည် နအာဂါမိ (ကာမဘုံသို့ ပဋိသန္ဓေအနေဖြင့် မလာရောက်တော့သော ပုဂ္ဂိုလ်) ဖြစ်သည်။ အကြောင်းမှာ အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဒေါသတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်သောကြောင့် ကာမဘုံ၌ မဖြစ်တော့ပေ။ ဤဘဝမှစုတေလျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်သည်။ အကယ်၍ အလိုရှိလျှင် အခြားပြဟ္မာဘုံများ၌လည်း ဖြစ်ခွင့်ရှိသည်။

ထိုအနာဂါမ်ပုဂ္ဂိုလ်သည် ရှေးနည်းအတူ ဆက်လက်အားထုတ်၍ အရဟတ္တမဂ်ရသည်။ အရဟတ္တမဂ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို အရဟတ္တမဂ္ဂဋ္ဌ(အရဟတ္တမဂ်၌တည်သောပုဂ္ဂိုလ်)ဟု ခေါ်သည်။ ဤမဂ်ကား ကိလေသာအလုံးစုံ အကုန်သတ်နိုင်၍ ၎င်း၏ဖိုလ်မှစ၍ မဂ်၏ခဏမခြား ဖိုလ်ရောက်သောအခါ အရဟတ္တဖလဋ္ဌ (အရဟတ္တဖိုလ်၌ တည်သောပုဂ္ဂိုလ်)ဟု ခေါ်သည်။ တစ်ဖန် ပုဂ္ဂိုလ်အားဖြင့် ထိုပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်သည်။ ရဟန္တာ

ပုဂ္ဂိုလ်သည် အကျင့်စခန်းတွင် လမ်းဆုံးရောက်လေပြီ။ အမြတ်ဆုံးပန်းတိုင်သို့ တိုင်ခဲ့လေပြီ။ ထို့ကြောင့် သာသနာ့ကိစ္စ အပြီးတိုင်ရောက်ရှိပြီဖြစ်၍ ပြုဖွယ်ကိစ္စ ပြည့်စုံလေပြီ။ တစ်ဖန် ဘဝအသစ်ဖြစ်ရန် မရှိတော့ပေ။[၁]

အရိယာမဟုတ်သူကလည်း ကွာခွေကိုကြည့်၍ မှန်းဆကြည်ညိုနိုင်သည်

မဂ်ဖိုလ်မရသေးသော် ပုထုဇဉ်သည် အရိယာပုဂ္ဂိုလ်များ၏ အခြင်းအရာကို လည်းကောင်း၊ ကွာခွေတို့ကိုလည်းကောင်း ကြည့်၍ အရိယာဖြစ်ကြောင်း မှန်းဆ ကြည်ညိုနိုင်သည့် သာဓကများ ရှိခဲ့ဖူးသည်။

ပမာပြရသော် အယျမိတ္တမထေရ်သည် ကဿကလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသည်။ မထေရ်မြတ်အား ဒါယိကာမတစ်ဦးက သားအရင်းကဲ့သို့ ဆွမ်းဝတ်မပျက် လောင်းလှူလေ့ရှိသည်။ တစ်နေ့သ၌ မထေရ်မြတ်က ဆွမ်းခံကြွလာသည်။ ထိုစဉ် ဒါယိကာမကြီးက တောထဲသွားပြီး အလုပ်လုပ်ရန် အိမ်မှထွက်ခါနီး၌ "အမေ့အတွက် ဆန်ကွဲနှင့် ဟင်းရွက်ရောပြီး ဆန်ပြုတ်ချက်ထားပါကွယ်။ ဆွမ်းခံကြွလာမည့် ရဟန်းတော်အတွက် နို့ထောပတ်၊ တင်လဲတွေနဲ့ ဖွယ်ဖွယ်ရာရာ ဆွမ်းလောင်းနော်သမီး"ဟု မိခင်၏ မှာကြားသည့် စကားသံတို့ကို အရှင်မြတ်ကြားရပြီး ကြီးစွာသောသတိသံဝေဂ ဖြစ်တော်မူပါသည်။

ထို့နောက် "ငါရဟန္တာမဖြစ်ဘဲ ဤဆွမ်းကိုမစား"ဟု အဓိဋ္ဌာန်ပြုတော်မူပြီး လိုဏ်ဂူသို့ ပြန်ကြွတော်မူပါသည်။ ထို့နောက် ဝိပဿနာတရား အားထုတ်တော်မူရာ မကြာမီပင် ရဟန္တာဖြစ်ပြီး ဆွမ်းခံကြွတော်မူသည်။

မိခင်ကြီး အလုပ်လုပ်ပြီး ပြန်လာသောအခါ၌ သမီးက "ဒီကနေ့ အရှင်မြတ်ရဲ့ ကွာခွေ၊ မျက်နှာအရေအဆင်းတွေက အရင်နေ့များနှင့်မတူ သိပ်ကိုကြည်လင်တာအမေ"ဟု ပြောပြရာ မိခင်က ရဟန်းကိစ္စပြီးကြောင်းကို မှန်းဆ၍သိသဖြင့် "အေးသမီး မောင်တော် သာသနာမှာပျော်ပြီ၊ မငြိုးငွေ့တော့ဘူး"ဟု ပြောဆိုကြောင်း မဟာဝဂ္ဂ ကထာ၌လာရှိပါသည်။[၂]

ဆက်လက်ပြီး အရှင်သာရိပုတ္တရာအလောင်းအလျာပရိဗိုဇ်သည် အရှင်အဿဇိကို ဖူးမြင်ရသောအခါ၌ ကွာခွေတို့၏ ကြည်လင်ပုံ၊ သွားပုံ၊ လာပုံ စသည့် အမူအရာတို့က သူတကာနှင့်မတူဘဲ တစ်မူထူးခြား သိမ်မွေ့နေသည်ကို တွေ့ရသောကြောင့် 'ဤပုဂ္ဂိုလ် သန္တာန်၌ တစ်စုံတစ်ရာ တရားထူးရှိလိမ့်မည်'ဟု မှန်းဆကာ ကြည်ညိုခဲ့ဖူးသည်။

၁။ သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယကို မှီငြမ်းသည်။

၂။ ဗောဇ္ဈင်္ဂပဗ္ဗဝဏ္ဏနာ၊ ဓမ္မာနုပဿနာ၊ မဟာသတိပဋ္ဌာနသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၇၉)

တစ်ဖန် အရှင်သာရိပုတ္တရာအလောင်းအလျာက အရှင်အဿဇိ၏ နှုတ်တော်မှ “ယေ ဓမ္မာ”ဂါထာတော်ကို နာကြားရပြီး တရားထူးရကာ သောတာပန်ပုဂ္ဂိုလ်အဖြစ် ပြန်ကြွလာသည်။ ထိုအခါ သူငယ်ချင်းဖြစ်သော အရှင်မောဂ္ဂလာန်အလောင်းလျာက အရှင်သာရိပုတ္တရာအလောင်းအလျာကို မြင်ရသောအခါ၌ ဣန္ဒြေတို့၏ ကြည်လင်ပုံ၊ သွားပုံ၊ လာပုံ စသည့် အမူအရာတို့က ယခင်နေ့များနှင့်မတူဘဲ တစ်မူထူးခြားစွာ သိမ်မွေ့နေသည်ကို တွေ့ရသောအခါ တစ်စုံတစ်ရာ တရားထူးတွေ့ခဲ့ပြီးကြောင်းကို မှန်းဆ၍ သိရှိခဲ့ဖူးသည်။[၁]

ပုထုဇဉ်နှင့် အရိယာအမြင်မတူကြပါ

ရဟန္တာ ထေရီထေရာ အရှင်မြတ်တို့သည် စည်းစိမ်ဥစ္စာ ရာထူးအာဏာဟူသမျှတို့ကို ‘မတည်မြဲပါ’၊ ‘မခိုင်ခံ့ပါ’၊ ‘အစိုးမရပါ’ဟု ကောင်းစွာ ပြည့်ပြည့်စုံစုံ သဘာကျထားကြသည်။ ထိုနည်းတူ ဆင်းရဲကင်းရာ ချမ်းသာအစစ် ဧကန်အမှန်ကိုလည်း သေသေချာချာသိမြင် သဘောပေါက်ထားကြပါသည်။ စည်းစိမ်ဥစ္စာ အာဏာရာထူးဌာနန္တရ လောကီအာရုံကာမဂုဏ်တို့သည် ချမ်းသာအစစ်ကို မပေးနိုင်ပါဟူ၍လည်း ပိုင်ပိုင်နိုင်နိုင် သိမြင်တော်မူကြပါသည်။

ယံ ပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော။
ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။[၂]

ဤအာဂုံပါဠိဂါထာတော်သည် ပုထုဇဉ်နှင့် သူတော်ကောင်းပုဂ္ဂိုလ်တို့၏အမြင်ခြားနားခြင်းကို ဖော်ပြထားခြင်းဖြစ်သည်။

ပုထုဇဉ်တို့၏အမြင်၌ ဒုက္ခဆင်းရဲဟု ထင်မြင်ယူဆ သဘောကျထားသောအရာတို့သည် သူတော်သူမြတ်တို့အဖို့ သုခဖြစ်သည်။ ပုထုဇဉ်တို့၏အမြင်၌ သုခချမ်းသာဟု မှတ်ထင်ယူဆကာ နှစ်သက် သဘောကျထားသောအရာတို့သည် သူတော်သူမြတ်တို့အဖို့ ဒုက္ခဖြစ်သည်။

တစ်နည်းဆိုရသော် ပုထုဇဉ်နှင့် အရိယာသူတော်ကောင်းတို့၏ အမြင်ခြင်း မတူသော ခြားနားချက်များပေတည်း။ ပုထုဇဉ်အမြင်၌ “ချမ်းသာတယ်၊ မြင့်မြတ်တယ်” ဆိုသောအရာများကို အရိယာအမြင်၌မူ “ယုတ်နိမ့်တယ်၊ ဆင်းရဲတယ်”ဟု မြင်တော်မူကြခြင်းမှာ အသိအမြင် ပြောင်းလဲခြင်းကြောင့်ဖြစ်သည်။

၁။ သာရိပုတ္တတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၅၈)
၂။ ပဌမရူပါရာမသုတ္တ၊ ဒေဝဒဟဝဂ္ဂ၊ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိ (နှာ-၃၄၂)

သို့ဖြစ်ပါ၍ စွန့်နိုင်ခဲသည့် ကြီးကျယ်ခမ်းနားလွန်းသော ဘုရင်ဧကရာဇ် မင်းစည်းစိမ်များ၊ မိဖုရားခေါင်ကြီး စည်းစိမ်များ၊ ရာဇကုမာရ ရာဇကုမ္မာရီတို့၏ စည်းစိမ်များ၊ နုပျိုလှပသည့် အရွယ်၏ဂုဏ်များ၊ သူဌေးသူကြွယ်တို့၏ ကြီးကျယ်များပြားလှသည့် စည်းစိမ်ဥစ္စာများကို တပ်မက်ခြင်းမရှိ၊ တွယ်တာခြင်းမရှိ၊ စွန့်စွန့်လွှတ်လွှတ်ကြီး စွန့်ထားခဲ့ကြသည်မှာ အမြင်ပြောင်းလဲခြင်းကြောင့် ဖြစ်ပါသည်။ အသိပြောင်းလဲခြင်း ကြောင့်ဖြစ်ပါသည်။[၁]

လူသားတို့ကိုး ကံကိုထူဖောင်စနကြသည်

သူလိုကိုယ်လို လူတိုင်းလူတိုင်းက အချိန်တိုင်း၊ အချိန်တိုင်း၌ လောဘတိုးကြောင်း၊ ဒေါသတိုးကြောင်း၊ မောဟတိုးကြောင်း၊ မာနတိုးကြောင်း၊ ဒိဋ္ဌိတိုးကြောင်းဟူသော စိတ်ကို ပူလောင်ပင်ပန်းစေတတ်သည့် ကိလေသာ (၁၀) ပါး တိုးပွားကြောင်းကိုသာ နေ့မနား၊ ညမအား လုပ်ဆောင်နေကြပါသည်။

အနည်းငယ်မျှသော လူနည်းစုကသာ ဒါနကုသိုလ်တိုးကြောင်း၊ သီလကုသိုလ်တိုးကြောင်း၊ နိက္ခမကုသိုလ်တိုးကြောင်း၊ ပညာကုသိုလ်တိုးကြောင်း၊ ဝီရိယကုသိုလ်တိုးကြောင်း၊ ခန္တီကုသိုလ်တိုးကြောင်းဟူသော ဘဝသံသရာ လွတ်မြောက်ရေးကို ဦးတည်သည့် ပါရမီ (၁၀) ပါး တိုးကြောင်းကို လုပ်ဆောင်နေကြပါသည်။

ထို့ကြောင့် လောက၌ ကုသိုလ်ပါရမီတိုးကြောင်းလုပ်နေသည့် သေးငယ်သည့် လူအုပ်စုနှင့် ကိလေသာကြီးပွားတိုးတက်ရေးကို လုပ်ဆောင်နေသည့် ကြီးမားသည့် လူအုပ်စုဟူ၍ လူအုပ်စုနှစ်စုသာ ရှိကြသည်။ ဤတွင် အသိဉာဏ်ပညာကြီးမားသူက ပါရမီတိုးကြောင်းကို များများလုပ်ပြီး အသိဉာဏ် ပါးရှားသူတို့က ကိလေသာတိုးကြောင်းကို များများလုပ်နေကြပါသည်။

ထို့ကြောင့် အသိဉာဏ်ပညာဦးစီးပြီး ပါရမီခြံရံသော ကောင်းကံကို ထူထောင်သူ ပါးရှားပြီး အဝိဇ္ဇာမောဟဦးစီးပြီး ကိလေသာခြံရံသော မကောင်းကံကို ထူထောင်သူ များပြားနေကြခြင်းဖြစ်သည်။

ပုဏ္ဏာဒါသီ၏ ဘဝနောက်ကြောင်း

ဘုရားရှင်၏ ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေး၏အိမ်၌ အယောက်တစ်ရာပြည့် (ရာပြည့်)ကျွန်မလေးမပြည့်ခေါ် ပုဏ္ဏာဒါသီ၏ ဘဝအဆက်ဆက်က

၁။ ရန်ကင်းတောရဆရာတော် အရှင်ခေမာနန္ဒရေးသားသော ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း)

ထူထောင်ထားခဲ့သည့် အကုသိုလ်ကံအကျိုးပေးကြောင့် ဤဘဝ၌ ကျွန်သပေါက်မ ဖြစ်နေရရှာသည်။

သူမသည် သူဌေးကြီး၏အိမ်၌ ရေခပ်ကျွန်မတာဝန် ယူရသည်။ တစ်ခုသော ဆောင်းတွင်းကာလ၌ အအေးဒဏ်ကို အမှုမထားနိုင်ဘဲ အခါတိုင်းကဲ့သို့ပင် အစိရဝတီမြစ် ကမ်းပါးသို့ နံနက်ဝေလီဝေလင်း ရေခပ်သွားပါသည်။

ကျွန်မကလေးမပြည့် မြစ်ကမ်းစပ်သို့ ရောက်သောအချိန်၌ ထူးခြားသော လူ တစ်ယောက်ကို တွေ့ရလေသည်။ ထိုသူသည် အပေါ်ဝတ်မပါ ဗလာကျင်း၍ မြစ်ရေထဲ ငုပ်ချည်၊ ပေါ်ချည်ပြုနေရာ အအေးဒဏ်ကြောင့် နှုတ်ခမ်းပြာနေပြီး ဆတ်ဆတ်တုန်နေ ရှာသည်။ အသေအချာကြည့်သောအခါ ဤသူကား သာဝတ္ထိမြို့၌ ထင်ရှားသည့် ပုရောဟိတ်ပုဏ္ဏားကြီးတစ်ပါး ဖြစ်နေသည်။

ဤမျှ ချမ်းအေးနေသည့်အချိန်တွင် အဘယ့်ကြောင့် မြစ်ထဲဆင်းပြီး ရေချိုးနေ သည်ကို သိလိုလှသဖြင့် ပုဏ္ဏားကြီး အဝတ်အစားများ ဝတ်ရုံပြီးသောအခါ၌ “ဆရာ ပုဏ္ဏားကြီး အရှင်သခင်တို့၏ ဆဲရေးခြင်း၊ ရိုက်ပုတ်ခြင်းဟူသော အကြောင်းကြောင့် ကျွန်မသည် အအေးဒဏ်ကိုအန်တုပြီး မြစ်အတွင်းဆင်းကာ ရေခပ်ရ၏။ ဆရာပုဏ္ဏား သည်ကား မည်သူ့ကိုကြောက်၍ ရေထဲသို့ ဆင်းရပါသနည်း။ အဘယ့်ကြောင့် အအေး ဒဏ်ခံပြီး စောစီးစွာ ရေထဲတွင် ဆင်းပါသနည်း”ဟု သိလိုရင်းဖြင့် မေးလေသည်။

ထိုအခါ ပုဏ္ဏားကြီးက “မိန်းကလေး ငါသည် မကောင်းမှုကို ပြုခဲ့မိ၏။ ထိုမကောင်း မှုများ ကျေပျောက်စေရန် စောစောစီးစီး ရေချိုးခြင်းဖြစ်၏။ လောကဌ ငယ်သူဖြစ်ဖြစ် ကြီးသူဖြစ်ဖြစ် မကောင်းမှုပြုမိသော် ဤကဲ့သို့ စောစောစီးစီး ရေချိုးလိုက်ပါမူ ထိုမကောင်း မှုများသည် ကင်းစင် လွင့်ပျောက်သွားပေမည်”ဟု သူလက်ကိုင်ပြုထားသော ဒဿနကို ကျွန်မကလေး မပြည့်အား ပြောပြသည်။

ထိုအခါ မပြည့်က “ဆရာပုဏ္ဏား မကောင်းမှုကို ရေဖြင့်ဆေးကြော၍ သန့်စင်ရိုး မှန်လျှင် ရေထဲအမြဲနေသည့် ငါး၊ လိပ်၊ မိကျောင်းတို့သည် အမြဲ စင်ကြယ်နေရာ၏။ အကုသိုလ်ကို ရေဖြင့်ဆေးကြော၍ ရရိုးမှန်လျှင် ရေဆေးစဉ် ကုသိုလ်တရားတို့လည်း ရေဖြင့် မျောပါသွားကုန်ရာ၏။ ဆရာပုဏ္ဏားကြီး မကောင်းမှုကို ကြောက်လန့်သဖြင့် နေ့စဉ် ရေချိုး၏။ အမှန်အားဖြင့် ထိုမကောင်းမှုသည် အကျိုးမပေးဘဲမနေ။ အကျိုးတစ်ဖန် ပေးလာပြန်မူ ဆင်းရဲရ၏။ ဆရာပုဏ္ဏားကြီး မကောင်းမှုကိုကြောက်လျှင် မကောင်းမှုကို မပြုဘဲနေရာ၏”ဟု ပြောသည်။

ထိုအခါ ပုဏ္ဏားကြီးသည် မကောင်းမှု၏စင်ကြယ်ပုံ၊ လွတ်မြောက်ရပုံကို သဘာဝကျကျ ပြောပြသည့် ကျွန်မကလေးမပြည့်အား အပေါ်ရုံအဝတ်လွှာတစ်ခုကို ဆုချသည်။ ထို့နောက် ပုဏ္ဏားကြီးသည် ဤကျွန်မကလေးသည်ပင် ဤမျှတတ်သိနားလည်နေပါမူ သူ့ဆရာကား ဆိုဖွယ်ရာမရှိဟု ဆင်ခြင်သည်။

ထို့နောက်ပိုင်း၌ ပုဏ္ဏားဆရာကြီးသည် မြတ်စွာဘုရားရှင်အား ကိုးကွယ်ဆည်းကပ်ပြီးနောက် သရဏဂုံတည်ကာ ဥပါသကာအဖြစ်သို့ ရောက်ရှိသွားသကဲ့သို့ အနာထပိဏ်သူဌေးကလည်း မပြည့်အား ကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ဟူသော ဆုလာဘ်ကို ပေးလေသည်။

ဘုရားရှင်၏ သာသနာတော်၌ 'ကျေးကျွန်ကို ရဟန်းပြုမပေးရ'ဟူသော ဝိနည်းပညတ်ချက်ရှိသည်။ သခင်က ကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့်ပေးမှသာ ရဟန်းပြုခွင့်ရနိုင်သည်။ မပြည့်သည် ကျေးကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိပြီဖြစ်၍ ဘုရားရှင် ထံတော်ပါးသွားကာ ရဟန်းမအဖြစ် တောင်းပန်ပြီး တရားဘာဝနာကို ကြိုးစားပွားများအားထုတ်ရာ မကြာမြင့်မီကာလတိုင်ပင် အရဟတ္တဖိုလ်သို့ ဆိုက်လေတော့သည်။

ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုဏ်မြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရားတို့၏ သာသနာတော်တွင် ဘိက္ခုနီမအဖြစ်ဖြင့် စာသင်စာချ တရားဟောခြင်းများကို လုပ်၍ ပါရမီဖြည့်ခဲ့သည့် သူတော်ကောင်းတစ်ယောက်ဖြစ်သည်။ ဂေါတမဘုရားရှင် လက်ထက်တော်တွင် အာသဝေါကင်းကွာ ရဟန္တာဖြစ်မည့်သူ မှန်သော်လည်း သံသရာခရီးကို လျှောက်လှမ်းခဲ့စဉ် မပြုသင့်မပြုထိုက်သည့် အကုသိုလ်ကံများစွာကို ထူထောင်မိခဲ့သောကြောင့် ကျွန်မဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ သူမ၏အမှားကား အခြားမဟုတ်။ မာနခက်ထန်ခြင်းတည်း။ မာန်မာန ခက်ထန်သူတို့သည် အမျိုးယုတ်၌ ဖြစ်တတ်သည်။[၁]

ကမ္မပစ္စယောဆုတောင်း

"သစ်ပင်တို့သည် မျိုးဗီဇအလိုက် ပေါက်ရောက် ရှင်သန်ကြသကဲ့သို့
လူသားတိုင်း၊ လူသားတိုင်း၏ သန္တာန်၌လည်း ကောင်းမွန်မြင့်မြတ်သော
ကုသိုလ်ကံမျိုးစေ့တို့ကို ရှင်သန်အောင် ပြုစုပျိုးထောင်နိုင်ပြီး
ဖြစ်လေရာဘဝတိုင်း၌ ကောင်းကျိုးအဆက်ဆက် ရရှိ ခံစားနိုင်ကြပါစေသား"

၁။ (၂၃၆-၂၅၁)၊ ပုဏ္ဏာထေရီဂါထာ၊ သောဠသနိပါတ၊ ထေရီဂါထာပါဠိ (နှာ-၄၀၆)

ကမ္မပစ္စယော သိမှတ်မှယ်

ကမ္မပစ္စည်း၏ ကျေးဇူးပြုပုံ


ကမ္မပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

ကမ္မပစ္စယော (ကု၊ ကု + ဗျာ) ဝိထိ

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)
ကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။[၁]

ကုသိုလ်စိတ်နှင့် ယှဉ်၍ဖြစ်သည့် စေတနာဟူသော စေ့ဆော်ခြင်းသဘောသည် ယှဉ်၍ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။[၂]

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၈ (စိတ္တဇရုပ်)

စေတနာ (ကုသိုလ်)

ပုံပါ စက္ခုဒ္ဒါရဝီထိအစဉ်၏ အဓိပ္ပာယ် ရှင်းလင်းချက်

(၁) စက္ခုဒ္ဒါရဝီထိ၊ သောတဒ္ဒါရဝီထိ၊ ဃာနဒ္ဒါရဝီထိ၊ ဇိဝှာဒ္ဒါရဝီထိ၊ ကာယဒ္ဒါရဝီထိ၊ မနောဒ္ဒါရဝီထိ စသည်တို့ရှိသည့်အနက် စက္ခုဒ္ဒါရဝီထိကို ဥပမာပြပါသည်။

(၂) ကုသလာ စေတနာ၊ အကုသလာ စေတနာ တို့ရှိသည့်အနက် ကုသလာ စေတနာကိုသာ ဥပမာပြပါသည်။

(၃) ကုသလာ စေတနာ = စေတနာ။

(၄) ကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ = သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်နှင့် စေတနာကြဉ်သော စေတသိက် (၃၂)ပါး။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၅၄)
၂။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဉ္စာဝါရ (အပိုင်း-၁၊ နှာ-၈၆)

(၅) တံသမုဒ္ဒာနဉ္စ ရှုပါနံ = စိတ္တဇရုပ်။ (ဥတုဇရုပ်၊ ကမ္မဇရုပ်နှင့် အာဟာရဇရုပ်)တို့သည် စေတနာ၏ ကျေးဇူးပြုခြင်း မခံရသောကြောင့် ပစ္စနိက်။

(၆) ကမ္မပစ္စယေန ပစ္စယော = ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) ဝိထိအစဉ်ကို ရေးဆွဲထားသည့် Pulse ခုံပုံ၏အစကို 'ဥပါဒ်-ဖြစ်'ဟူ၍ လည်းကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍လည်းကောင်း ကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်[၂]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ သဟဇာတကမ္မ

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါးရှိ စေတနာတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတနာကြဉ်သော စေတသိက် (၅၁) ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်သည်။

၂။ နာနာက္ခဏိကကမ္မ

ပစ္စယဟူသော အကြောင်းတရားမှာ - ကုသိုလ်၊ အကုသိုလ်ရှိ စေတနာတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဝိပါက်စိတ် (၃၆) ပါး၊ စေတသိက်နှင့် ပဋိသန္ဓေ ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်တို့ ဖြစ်သည်။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပ်စဉ်တို့ကို မှီငြမ်းသည်။

၂။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းပဿာဝါရဆိုင်ရာစာတမ်းမှ ဝိထိစဉ် Pulse ခုံပုံကို မှီငြမ်းသည်။

၁၄။ ဝိပါကပစ္စယော
အားထုတ်မှုမရှိ ငြိမ်သက်ခြင်းအားဖြင့် ကျေးဇူးပြုသောပစ္စည်း
Vipaka Paccaya (Resultant condition)

ပစ္စယနိဒ္ဒေသ

ဝိပါကပစ္စယောတိ - ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

Kamma-result condition (Vipaka Paccaya)

The four immaterial aggregates are mutually related to one another by kamma-result condition.

ဝိပါကပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“ချမ်းရိပ်နားနေ၊ သွန်းလေပြည်သို့”ဟု လာသည်နှင့်အညီ အရိပ်အာဝါသကောင်းသော သစ်ပင်၏အောက်၌ အနားယူနေသူအား လေပြည်လေညင်းတို့က အရပ်မျက်နှာများမှ တိုက်ခတ်လာသောအခါ ကြောင့်ကြဗျာပါရမရှိ ငြိမ်သက်အေးဆေးစွာဖြစ်နေသကဲ့သို့ ကုသိုလ်၊ အကုသိုလ် အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝိပါက်ခန္ဓာတို့သည် မိမိနည်းတူ အချင်းချင်း ငြိမ်သက်အေးဆေးစွာ ဖြစ်ပေါ်လာအောင်၊ တည်ရှိလာအောင် ကျေးဇူးပြုကြသည်။[၁]

ကမ္မပစ္စည်းက အလုပ်ကို ကြိုးစားလုပ်သည်နှင့် တူသဖြင့် ကြောင့်ကြဗျာပါရမရှိသည်။ ဝိပါကပစ္စည်းမှာမူ လုပ်ခလစာထုတ်ယူပြီး ခံစားစံစားသည်နှင့် တူသောကြောင့် ကြောင့်ကြဗျာပါရမရှိ အကျိုးပေးသက်သက်ဖြစ်သည်။

Vipaka Paccaya

Number fourteen is Vipaka Paccaya. Since it is resultant, we must take only the resultant types of consciousness. It is compared to relaxing in the breeze. That means there is no activity. Vipakas are the results that are produced by

---

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမှု။

causes, produced by volition and so on. They have no activity of their own. They are said to be inactive. 'Relaxing in the breeze' means just relaxing; there is no activity; it is doing nothing. The non-active nature of Vipaka is most evident when we are asleep. When we are asleep, there is no conscious mental activity, there is no bodily activity, there is no verbal activity. Vipakas are said to be inactive. Here relaxing in the breeze does not mean enjoying the coolness or something but just being there and doing nothing, like that. The 'Vipâka Paccayo' means resultant. We must take only the resultant types of consciousness. It is compared to relaxing in the breeze. That means there is no activity.[၁၂၂]

ကံကိုထူဇောင်သူလည်းမရှိ၊ ဝိပါက်အကျိုးခံသူလည်းမရှိ

'ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ'။ [၃]

ပုဂ္ဂိုလ်သတ္တဝါတို့နှင့်မရော ကံကိုထူထောင်သည့် ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိသကဲ့သို့ ကံနှင့် ကံ၏အကျိုးဝိပါက်ကို ခံစားတတ်သည့် ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်း မရှိပေ။ အကြောင်းနှင့် အကျိုးတရားတို့သာ စဉ်ဆက်မပြတ် ဖြစ်နေ၊ ပျက်နေသည့် သဘောမျှ ဖြစ်သည်။

ထိုနည်းအတူ ဒါနပြုသူမရှိ။ အလောဘဒါနစေတနာကုသိုလ် သဘောမျှသာ ရှိသည်။ ဒေါသထွက်သူ၊ လောဘကြီးသူ၊ မာနထောင်လွှားသူ စသည့် ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပေ။ လောဘ၊ ဒေါသ၊ မာနဟူသော ကိလေသာမျှသာရှိသည်။ ဝိပဿနာတရားရှုပွားအားထုတ်ပြီး ယခုကဲ့သို့ သိမြင်သဘောပေါက်လာသော ဉာဏ်အမြင်သည် မဖောက်မပြန် သိမြင်သည့်ဉာဏ်၊ ဟုတ်တိုင်းမှန်စွာ သိမြင်သည့်ဉာဏ် ဖြစ်သည်။

ထို့ကြောင့် ပုထုဇဉ်သည် အဆင်မပြေမှု တစ်စုံတစ်ရာကြုံလာပါက ပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်သတ္တဝါတို့ကို စွပ်စွဲပြစ်တင်တတ်သည်။ အရိယာသူတော်ကောင်းတို့ကမူ ဘဝ၏ အဆင်မပြေမှု ၊ ကြုံဆုံရမှုအဖုံဖုံကို ခန္ဓာကိုဖန်ဆင်းပေးခဲ့သည့် ဝဋ်ကိုသာ အပြစ်ဟူ၍ မြင်တော်မူကြသည်။ သံသရာကို ဘေးကြီးဟု မြင်တော်မူကြပါသည်။ ပုထုဇဉ်တို့၏ အမြင်နှင့် အရိယာသူတော်ကောင်းကြီးတို့၏အမြင်သည် မိုးမြေမက ကွာလွန်းပါသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

၃။ ပစ္စယပရိဂ္ဂဟကထာ၊ ကခ်ီဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ (ဒုတိယတွဲ၊ နှာ-၂၃၇)

သူတော်ကောင်းတို့သည် သံသရာကို စားနုတ်ဟု မြင်တော်မူကြသည်

သာဝတ္ထိမြို့၌ရှိသည့် ရွှေထွင်းသမားတစ်ဦး၏နေအိမ်သို့ ရဟန္တာမထေရ်မြတ်ကြီး တစ်ပါး နေ့စဉ် ဆွမ်းခံကြွတော်မူလေ့ရှိပါသည်။ ရွှေထွင်းသမားနှင့်သူ၏ မိသားစုက လည်း ဖခင်အရင်းပမာထားကာ ချစ်ခင် ကြည်ညိုမြတ်နိုးစွာဖြင့် ဆွမ်းလောင်းလှူကြသည်။

တစ်နေ့၌ မထေရ်မြတ်ကြီး ဆွမ်းခံရန်ကြွလာပြီး အိမ်ရှေ့ကုလားထိုင်ပေါ်တွင် သီတင်းသုံးနေတော်မူပါသည်။ ထိုစဉ်ကောသလမင်းကြီး၏ နန်းတော်မှ အဖိုးတန် ပတ္တမြားတစ်လုံးကို ရွှေထွင်းသမားလက်ထက် အပ်နှံပြီး မှာကြားသည့်အတိုင်း လုပ်ငန်း ဆောင်ရွက်ပြီးပါက ရွှေထွင်းသမားကိုယ်တိုင် နန်းတော်သို့လာရောက်၍ အပ်နှံရန် ဘုရင့် အမိန့်တော်ပါလာသည်။

ရွှေထွင်းသမားက ထိုပတ္တမြားကိုလက်ခံပြီး ဘုရင့်အမိန့်တော်ကို နာခံသည်။ ထို အချိန်၌ ဆွမ်းဟင်းလျာချက်ရန်အတွက် အမဲသားကို ကိုင်တွယ်နေသဖြင့် ရွှေထွင်းသမား၏ လက်သည် သွေးစွန်းနေပါသည်။ ထိုသွေးဖြင့် ပေကျံနေသောလက်ဖြင့် ပတ္တမြားကို ကိုင်တွယ် ကြည့်ရှုသည်။ ထို့နောက် မထေရ်မြတ်ကြီး၏ အနားသို့ရှိသော စားပွဲခုံပေါ်တွင် ပတ္တမြားကို တင်ထားပြီး မီးဖိုထဲသို့ဝင်သွားပါသည်။ ထိုအခိုက်အတန့်အတွင်း ရွှေထွင်း သမား၏အိမ်၌ အလှမွေးထားသော ကြိုးကြာသည် ပတ္တမြားရှိရာသို့ ရောက်လာပြီး သွေး အညှိနှံ့ပေကျံကာ နီနီရဲရဲအလုံးကို အသားတုံးထင်မှတ်ပြီး မျိုချလေတော့သည်။ လျှပ်တစ် ပြက်ဖြစ်သွားသော ဤဖြစ်စဉ်ကို ရဟန္တာမထေရ်မြတ်ကြီးက အစအဆုံး မြင်တော်မူသည်။

ရွှေထွင်းသမားက ပတ္တမြား သိမ်းဆည်းရန်အိမ်ရှေ့သို့ ထွက်လာသောအခါတွင် ပတ္တမြားမတွေ့ရတော့ပေ။ ထိုအခါ သူသည် မထေရ်မြတ်ကြီးကို ပတ္တမြားသူခိုးဟု စတင် စွပ်စွဲပါတော့သည်။ သို့ဖြစ်ပါ၍ “ကျုပ်ပတ္တမြားပေး”ဟု တောင်းသည်။ မထေရ်မြတ်ကြီးက “မယူဘူး”ဟု အမိန့်ရှိတော်မူသည်။ ရွှေထွင်းသမားက “ဒီဘုန်းကြီးရှေ့ထားခဲ့တာ သူမယူရင် ဘယ်သူယူမှာလဲ”ဟု မထေရ်မြတ်ကြီးအား ပတ္တမြားသူခိုးဟု စွပ်စွဲပြီး ကြိုးတုပ်ကာ “ကျုပ်ပတ္တမြားပေး”ဟူ၍ မနားတမ်းရိုက်ပြီး တောင်းနေပါတော့သည်။ ရွှေထွင်းသမား၏ ရိုက်ချက် ပြင်းထန်လွန်းသဖြင့် အရှင်မြတ်ကြီး၏ ပါးစပ်ထဲမှ သွေးများယိုစီးကျလာ ပါသည်။

ထိုအခါ ကြိုးကြာဌက် ရောက်လာသည်။ မြေပြင်၌ စီးကျလာသောသွေးကို သောက်နေသည်။ ထိုအခါ ရွှေထွင်းသမား၏ ဒေါသက ခေါင်းထိပ်ရောက်နေသောကြောင့် သူအမြှေတ်တနိုးမွေးထားသည့် ကြိုးကြာဌက်ကို ရက်ရက်စက်စက် ကန်ထုတ်လိုက်ပါ သည်။ ကြိုးကြာသည် နံရံထောင့်ဖြင့်ရိုက်မိပြီး ထိုနေရာ၌ပင် သေသွားရှာသည်။

ထိုအခါ မထေရ်မြတ်ကြီးက “ကြိုးကြာသေသွားပြီလား ဒကာကြီး”ဟု မေးတော်မူရာ “ကိုယ်တော့်ကိုလည်း အဲဒီကြိုးကြာသေသလို သတ်မယ်၊ ပေး ကျူပ်ပတ္တမြား”လို့ ပြောပြီးရိုက်နေပြန်သည်။ မထေရ်မြတ်ကြီးက “ခေတ္တစောင့်ဆိုင်းငံ့ဦး၊ ကြိုးကြာသေတာမှန်ရင် ဒကာကြီးရဲ့ပတ္တမြားကို ကြိုးကြာမျိုထားတယ်”ဟု အမိန့်ရှိတော်မူလိုက်သည်။

မထေရ်မြတ်ကြီး၏ နှုတ်ထွက်စကားကြောင့် ရွှေထွင်းသမား မှင်တက်မိပြီးနောက် ချက်ချင်း ကြိုးကြာ၏ ဝမ်းဗိုက်ကိုဓားဖြင့် ခွဲလိုက်သောအခါ၌ ဘုရင့်နန်းတော်မှ ပတ္တမြားကို ကြိုးကြာ၏ဝမ်းဗိုက်ထဲ၌ တွေ့လေသည်။

ရွှေထွင်းသမားသည် ရဟန္တာမထေရ်မြတ်ကြီး၏ ခြေတော်ရင်း၌ထိုင်ပြီး ငိုယိုတောင်းပန်ပါသည်။ သူ့အပြစ်ကို ခွင့်လွှတ်ပေးသနားတော်မူပါရန် အကြိမ်ကြိမ် လျှောက်ထားသည်။

မထေရ်မြတ်ကြီးက “အပြစ်တွေကို ခွင့်လွှတ်ကြောင်း ဒါယကာကြီးမှာ အပြစ်မရှိကြောင်း၊ ဘဝသံသရာကပါလာတဲ့ ဝဋ်သာလျှင် အပြစ်ဖြစ်ကြောင်း၊ ဘဝါဘဝကမိမိပြုခဲ့တဲ့ အကုသိုလ်ကံသာလျှင် အပြစ်ဖြစ်ကြောင်း” မိန့်ကြားတော်မူပါသည်။[၁]

ပုထုဇဉ်၏နေအိမ်သည် အပါယ် ဓလေ့ဘုံ

ထို့ကြောင့် ကျမ်းဂန်များ၌ ‘စတ္တာရော အပါယာ သကဂေဟသဒိသာ’ အပါယ်လေးဘုံသည် မိမိတို့၏နေအိမ်နှင့် တူသည်ဟု လာရှိသည်။[၂]

အမှန်တကယ်ပင် ပုထုဇဉ်စိတ်သည် အမြဲကောင်းသည်ဟုဆိုရန် ခက်ခဲကြောင်းကို ဤဝတ္ထုဖြင့် သာဓကပြုနိုင်လေပြီ။ သို့ဖြစ်ပါ၍ ပုထုဇဉ်တို့၏ လားရာဂတိ မမြဲကြပါ။

ဤနေရာတွင် ပုထုဇဉ်တို့၏လားရာကို ထန်းပင်၊ အုန်းပင်ပေါ်မှ ကြွေကျလာသည့် ထန်းသီး၊ အုန်းသီးပမာဟု လယ်တီဆရာတော်၏ ဒီပနီကျမ်း၌လာရှိသည်။

အဘယ်ကြောင့်ဆိုသော် တောင်စောင်း၌ ပေါက်နေသော ထန်းပင်၊ အုန်းပင်မှ ကြွေကျလာသော အသီးတို့သည် တောင်အောက်သို့လည်း ကျချင်ကျမည်။ ချောက်ကမ်းပါး၌ ကျချင်ကျမည်။ တောင်စောင်း၌လည်း တင်ချင်လည်းတင်မည်။ မည်သည့်နေရာ၌ ကျမည်ဟူသောအမှတ်အသား အသေအချာ မရှိသောကြောင့်ဖြစ်သည်။

အရိယာပုဂ္ဂိုလ်တို့၏ ဂတိမှာမူမြဲသည်။ ပမာပြုရသော် အုန်းပင်၊ ထန်းပင်ပေါ်၌နားနေသည့် ငှက်များပမာတည်း။ ထိုထို ထန်းပင်၊ အုန်းပင်ပေါ်၌နားနေသော ငှက်တို့

၁။ မဏိကာရ ကုလူပကတိဿတ္ထေရဝတ္ထု၊ ပါပဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၂၂)

၂။ စက္ခုပါလတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆)

သည် မိမိတို့ ပျံသန်းလိုရာကို ပျံသန်းနိုင်သကဲ့သို့ အရိယာတို့သည်လည်း မိမိတို့အလိုရှိရာ သုဂတိဘုံဌာနကို ရောက်ရှိနိုင်ကြပါသည်။

သို့ဖြစ်ပါ၍ ဘုရားရှင်၏ အဆုံးအမသာသနာတော် မရှိသည့်ကာလ (သို့မဟုတ်) သာသနာတော် တည်နေပါသော်လည်း အဆုံးအမစကားများ နှလုံးသားထဲ မတည်သည့် သတ္တဝါတို့အတွက် အပါယ်လေးဘုံသည် သူတို့အတွက် ထာဝရနေအိမ်သဖွယ် ဖြစ်နေပေတော့မည်။ တစ်ဖက်တွင်လည်း လောကၠ ဘုရားတစ်ဆူ၊ တစ်ဆူ ပွင့်ထွန်းရန်ကာလကိုလည်း မှန်းဆ၍ မရနိုင်လောက်အောင် ရှည်လျားလှပါသည်။

ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ကာလဟူသည်

'ဧတ္တာဝတာ ကိရ ဒ္ဝိန္နံ ဗုဒ္ဓါနံ အန္တရေ ယောဇနံ ပထဝီ ဥဿန္နာ---' ဘုရားတစ်ဆူနှင့်တစ်ဆူ အကြားကာလကို သံယုတ်ပါဠိတော်နှင့် အဋ္ဌကထာ၌ လာရှိပါသည်။

ဘုရားတစ်ဆူနှင့်တစ်ဆူ အကြားကာလ၌ ဤကမ္ဘာမြေကြီး၏အထုသည် တစ်ယူဇနာ (၁၀ မိုင်) မြင့်တက်လာသည်။ ထို့ကြောင့် နှစ်၊ လ၊ ရက်အားဖြင့် မည်ရွေ့မည်မျှဟု ရေတွက်၍မရနိုင်သည့်အထိ ကာလအလွန် ရှည်ကြာလှပါသည်။ ဘုရားတစ်ဆူပွင့်မှသာနာကြားခွင့်ရသည့် အဆုံးအမတို့သည် မှန်းဆ၍မရနိုင်လောက်သည့် အချိန်ကာလထိတိုင် ပျောက်ကွယ်ပေတော့မည်။[၁]

ကောကာလိကရဟန်း၏ အကုသိုလ်ဝိပါက်အကျိုး

ကောကာလိကရဟန်းသည် မြတ်စွာဘုရားရှင်ထံတော်ပါးသို့သွားပြီး "အရှင်ဘုရား သာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကြပါသည်ဘုရား"ဟု လျှောက်ထားပါသည်။ ဘုရားရှင်က "ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ သာရိပုတြာနှင့် မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတြာ နှင့် မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏"ဟု မိန့်ကြားတော်မူသည်။

ကောကာလိကရဟန်းသည် ဤနည်းအတိုင်း ၃ ကြိမ်လျှောက်ထားသည်။ မြတ်စွာဘုရားသည်လည်း "ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက သာရိပုတြာနှင့် မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊

၁။ ဝေပုလ္လပဗ္ဗတသုတ္တဝဏ္ဏနာ၊ ဒုတိယဝဂ္ဂ၊ အနုမတဂ္ဂသံယုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ (နှာ-၁၄၉)

သာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏"ဟု (၃) ကြိမ်တိုင်တိုင် မိန့်ကြားတော်မူသည်။

ထို့နောက် ကောကာလိကသည် နေရာမှထ၍သွားပြီး မကြာမြင့်မီကာလတွင် သူ၏ကိုယ်အနှံ့ မုန်ညင်းစေ့ခန့် အလုံးအဖုထွက်လာသည်။ ထိုမှနောက်၌ ပဲနောက်စေ့ခန့် ဖြစ်လာသည်။ ထို့နောက် ကုလားပဲစေ့ခန့် ဖြစ်လာသည်။ ထို့နောက် ဆီးသီးလုံးခန့်ဖြစ်လာသည်။ ထို့နောက် ဥသျစ်သီးနုခန့် ဖြစ်လာသည်။ ထို့နောက်၌ ဥသျစ်သီးအလုံးခန့် ဖြစ်လာကာ ပေါက်ကွဲပြီး ပြည်၊ သွေး၊ သားနံရည်များ စီးကျလာသည်။

ထိုအခါ သင်္ကန်းမကပ်နိုင်တော့သဖြင့် ဌက်ပျော်ရွက်ခင်း၍ လှဲအိပ်နေရသည်။ ကောကာလိကသည် ထိုအနာရောဂါဖြင့် ကွယ်လွန်ပြီး ပဒုမငရဲသို့ကျရောက်လေသည်။ ဤတွင် ကောကာလိကရဟန်း ပဒုမငရဲသို့ ကျရောက်ခြင်းသည် အရှင်သာရိပုတြာ မထေရ်မြတ်ကြီးနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်တို့အား နှုတ်ဖြင့် ပြစ်မှားခဲ့သော အကုသိုလ်ကံ၏ အကျိုးဝိပါက်ဆိုးကျိုးကြောင့် ဖြစ်သည်။[၁]

မယားမို့က်၏စကားကြောင့် မိဘတို့ကိုသတ်ခဲ့မိသည့် အကုသိုလ်ဝိပါက်အကျိုး

ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်၌ အဂ္ဂသာဝကအဆင့်အထိ ပါရမီရှိသူ၊ တန်ခိုးအရာ၌ ဧတဒဂ်ဘွဲ့ထူးကို ပန်ဆင်ရမည့် ပါရမီရှိသူသော်မှ ဘဝတစ်ခုခု၌ထူထောင်ခဲ့ဖူးသည့် ပစ္စာနန္တရိယကံ၏ ဝိပါက်အကျိုးကို ပေးဆပ်ရသည့် သာဓကကို လည်းဖော်ပြပါမည်။

ဘုရားရှင်၏ သာသနာတော် နေလို၊ လလို ထွန်းလင်းတောက်ပလာသောကြောင့် တိတ္ထိတို့၌ လာဘ်လာဘ အလွန်ပင် ရှားပါးလာလေသည်။ ထို့ကြောင့် သူတို့ စည်းဝေးကြပြီး "ငါ့ရှင်တို့ အဘယ်အကြောင်းကြောင့် ရဟန်းကြီးဂေါတမအား လာဘ်ပူဇော်သက္ကာရ များစွာဖြစ်ဘိသနည်း"ဟု မေးမြန်းပြောဆိုသောအခါ ရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့သွား၍ ပြုခဲ့ဖူးသော ကုသိုလ်ကံကိုမေးပြီး လူ့ပြည်ပြန်လာကာ "ဤမည်သော ကုသိုလ်ကံကို ပြုခြင်းကြောင့် ဤသို့သဘောရှိသော စည်းစိမ် ချမ်းသာကို နတ်ပြည်၌ ခံစားနေကြရ၏။ ဤမည်သော အကုသိုလ်ကံကို ပြုခြင်းကြောင့် ဤသို့ သဘောရှိသော

၁။ ကောကာလိကသုတ္တ၊ ထေရဝဂ္ဂ၊ ဒသကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ-၃၉၃)
ကောကာလိကသုတ္တ၊ ပထမဝဂ္ဂ၊ ဗြဟ္မသံယုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ (နှာ-၁၅၂)

ဆင်းရဲကိုငရဲ၌ ခံစားနေကြရ၏"ဟု ပြောဟောသည်။ ထို့ကြောင့် လူတို့သည် ရဟန်း ဂေါတမ၏ သာသနာတော်၌သာ လျှုဒါန်းပူဇော်သဖြင့် ငါတို့၌ ပို၍ ပို၍ ပါးရှားလာသည်ဟု တိတ္ထိတို့က ထင်မြင်ယူဆကြသည်။

ထို့ကြောင့် ထိုတိတ္ထိဂိုဏ်းသားတို့သည် အရှင်မဟာမောဂ္ဂလာန်ကို အပြီးတိုင် သတ်ဖြတ်ရန် ဆုံးဖြတ်ကြပြီးနောက် ခိုးသားတို့အား အသပြာတစ်ထောင်ပေး၍ စေခိုင်းတော့သည်။ မထေရ်မြတ်သည် အတိတ်ဘဝတစ်ခုခု၌ လွန်ကျူးခဲ့ဖူးသည့် အကုသိုလ်ကံဟောင်းကြောင့် အရိုးများ ဆန်ကွဲစေ့တမျှ ကျိုးကြေသည့်တိုင် ရိုက်နှက်ခံရရှာလေသည်။ တန်ခိုးအရာ၌ အဂ္ဂက္ကဒ္ဓိမန္တာဇာတဒဂ်ဖြစ်တော်မူသည့် အရှင်မောဂ္ဂလာန်အရှင်မြတ်ကြီး ယခုကဲ့သို့ အဖြစ်ဆိုးကြုံရသည်မှာ အကြောင်းမဲ့မဟုတ်ပါပေ။

သူ၏အတိတ်ကံ အကျိုးဝိပါက်သာလျှင် ပမာနဖြစ်သည်။ အတိတ်ကိုဆောင်လျှင် ဗာရာဏသီပြည်သား အမျိုးကောင်းသားတစ်ယောက်သည် မျက်စိမမြင်တော့သည့် မိခင်ဖခင်အို့တို့ကို ကောင်းမွန်စွာ ပြုစုလုပ်ကျွေးသည်။ မိဘတို့က အကြိမ်ကြိမ် တိုက်တွန်းကြသဖြင့် မိဘ၏ဆန္ဒကို မပယ်ရှားလိုသောကြောင့် အိမ်ရာထူထောင်လေသည်။

ယောကျ္ဘမအိမ်သို့ ရောက်လာသော ချွေးမသည် နှစ်ရက်၊ သုံးရက်မျှသာ မိအို၊ ဖအို့တို့ကို ကောင်းမွန်စွာ လုပ်ကျွေးပြီး နောက်ရက်များ၌မူ သူတို့ကို မမြင်တွေ့လိုတော့ပေ။ အယုတ်ဆုံးဖြင့် အသံကိုမျှ မကြားလိုတော့ပေ။ ထို့ကြောင့် သူ၏ခင်ပွန်းအား "သင်၏ မိအို၊ ဖအို့မျက်ကန်းတို့နှင့် အတူတကွ တစ်အိမ်တည်း၌ နေခြင်းငှာ မတတ်နိုင်တော့ပါ" ဟု အဖန်တလဲလဲ ပြောလာပါသည်။ ထိုအခါ မယားမိုက်၏ ခံစားချက်နှင့် အထပ်ထပ် ပြောကြားလာသည့်စကားတို့ကြောင့် လင်ယောကျ်ားသည် မတွေးဝံ့သည်ကိုပင် လုပ်ဝံ့သည့် သတ္တိများ ရှိလာပါတော့သည်။

ထို့ကြောင့် သားမိုက်သည် သူ၏မယားနှင့် ဤမျက်မမြင်မိဖတို့ကို ဝေးကွာသွားစေမည့် နည်းလမ်းကို ကြံစည်ပြီးနောက် မိခင်၊ ဖခင်တို့ကို နောက်ဆုံး ထမင်းတစ်နပ်ကို ကောင်းမွန်စွာ ကျွေးမွေးပါသည်။ ထို့နောက် မျက်မမြင် မိခင်၊ ဖခင်တို့၏ ဆွေမျိုးများ ရှိရာအရပ်သို့ ပို့ဆောင်မည်ဟု လိမ်လည်ပြောကြားပြီး လှည်းပေါ်သို့တင်ကာ ခရီးထွက်ခဲ့သည်။ တောအုပ်ကြီး အလယ်သို့ ရောက်သောအခါ "ဖခင်- ကြိုးတို့ကို ကိုင်ထားကြပါ၊ ဤအရပ်၌ ခိုးသူတို့ နေကြကုန်၏"ဟုပြောပြီး လှည်းပေါ်မှ ဆင်းသွားပါသည်။

ထို့နောက် သူ၏အသံကို ပြောင်းပြီး ခိုးသူတို့၏အသံကဲ့သို့ အော်ဟစ်ရာ မျက်မမြင် မိဖတို့သည် ခိုးသူတို့လာပြီဟုထင်ကာ "ချစ်သား - ငါတို့ကား အိုမင်းပြီ၊ သင်သည် မိမိကိုယ်ကိုသာလျှင် စောင့်ရှောက်လေလော့"ဟု သားဟူသော ချစ်ခြင်းမေတ္တာဖြင့် ပြောကြားရှာသည်။

သားအရင်းဖြစ်သူကမူ မျက်မမြင်မိဘနှစ်ပါးကို ထောင်းထုရိုက်နှက်သတ်ဖြတ်ပြီး အလောင်းကို တောအုပ်ထဲ၌ စွန့်ပစ်ခဲ့သည်။ ဤအကုသိုလ်ကံကြောင့် အသိန်းမကသော နှစ်တို့ပတ်လုံး ငရဲ၌ကျရောက်ပြီး ဘဝများစွာ၌ ထောင်းထုရိုက်နှက်ခံရပြီး အရိုးတို့မှုန့်မှုန့် ညက်ညက်ကြေမွကာ သေပွဲဝင်ခဲ့ရရှာသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ယခုနောက်ဆုံးဘဝ၌ပင် အတိတ်ဘဝက မယားဖြစ်သူ၏ ကုန်းတိုက်စကားဖြင့် မျက်မမြင်မိဘတို့အား ရိုက်နှက်သတ်ဖြတ်ခဲ့သည့် အကုသိုလ်ဝိပါက် ဆိုးကျိုးကြောင့် ရဟန္တာဖြစ်သည့်တိုင်အောင် ခိုးသားငါးရာတို့၏ သတ်ဖြတ်မှုကို ခံရပြီး ပရိနိဗ္ဗာန်စံဝင်တော်မူရသည်။[၁]

ထူထောင်ထားခဲ့သောကံကို ရှောင်လွဲမရပါ

ဝိပါက်ကံကိုယူရာတွင် ဒုဗ္ဘလစေတနာကိုမယူဘဲ ဗလဝနာနာက္ခဏိကကံနှင့် အားကြီးသည့် ဗလဝစေတနာကို ယူရမည်ဟု မူလပဋ္ဌာန်းဆရာတော်ကြီး ဟောကြားတော်မူသည့် သာဓကတစ်ခု ထုတ်ပြပါမည်။

"မိန်းမတစ်ယောက်ဟာ ကြိုးဆွဲချပြီး သေဖို့ရာ သစ်ပင်မှာ ကြိုးကိုတက်ချည်တယ်။ လည်ပင်းစွပ်ဖို့ ကွင်းတွေလုပ်ပြီးမှ သူလုပ်စရာတစ်ခုသတိရလို့ အိမ်ထဲ ခဏဝင်သွားတယ်။ အဲဒီအခါမှာ သူခိုးတစ်ယောက်က သစ်ပင်ပေါ်က ကြိုးကိုမြင်တော့ "ဟန်ကျပြီ ငါခိုးလို့ရတဲ့ ဥစ္စာပစ္စည်းတွေကို ဒီကြိုးနဲ့ချည်ပြီးတော့ ယူမှပဲ"ဆိုပြီး ကြိုးကို ဓားနဲ့ဖြတ်ဖို့ရာ ကြိုးနားကပ်သွားတယ်။ ဒီအခါ ကြိုးကမွေ့ဖြစ်ပြီး ရှူးရှူးဆိုတဲ့ အသံပမာထွက်လာတာကို သူမျက်လုံးထဲမှာလည်း မွေ့ကိုမြင်တယ်။ သူနားထဲမှာလည်း မွေ့သံကြားလာတော့ သူခိုးလည်း ကြောက်ပြီး ထွက်ပြေးသွားတယ်။ ဒီမိန်းမကလည်း အိမ်ထဲကထွက်လာပြီး သူစီစဉ်ထားတဲ့အတိုင်း ကြိုးဆွဲချပြီး သေသွားပါတော့တယ်"။

ဤနေရာတွင် သတ်သေရန် အကြောင်းစုံလာသောအခါ သူခိုးကပင် အနှောင့်အယှက် မပေးနိုင်လောက်သည်အထိ အကုသိုလ်ကံက အားကြီးနေလေတော့သည်။ ဘဝါဘဝကပြုခဲ့သည့် ဤဗလဝ အကုသိုလ်ကံကြောင့် ကြိုးက သူခိုးလက်ထဲပါသွားမည့် အရေးကို တားမြစ်ခြင်းကပင်လျှင် "အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော"အဖြစ် အကုသိုလ်ဝိပါက်ကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းပေတည်း။[၂]

၁။ မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု၊ ဒဏ္ဍဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ- ၄၁)

၁။ မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်းပဋ္ဌာန်း ပို့ချစဉ်ကျမ်း

ဆက်လက်ပြီး ရဇ္ဈမာလာကျွန်မ မိမိကိုယ်ကို သတ်သေမည့်ဆဲဆဲအချိန်၌ ဘုရားရှင်ကိုယ်တော်တိုင်ကြွလာပြီး စောင့်ရှောက်ပေးတော်မူပါသည်။ ကျွန်မသည် မသေရုံမက အရိယာသောတာပန်အထိ တက်လှမ်းနိုင်ခဲ့သည့် သာဓကကိုလည်း ဖော်ပြပါမည်။

ရဇ္ဈမာလာ၏ ဝိပါက်အကျိုး

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဂယာအမည်ရှိသောရွာ၏ ပုဏ္ဏားအိမ်တွင် ကျွန်မတစ်ယောက် ရှိလေသည်။ ထိုကျွန်မသည် သခင်ဖြစ်သော ပုဏ္ဏားမိသားစုတို့နှင့် အလွန်ချစ်ခင် ရင်းနှီးစွာဖြင့် နေထိုင်သူဖြစ်ပါသည်။

တစ်နေ့သောအခါတွင် ပုဏ္ဏားကြီး၏သား အိမ်ထောင်ပြုသည်။ ထိုမှနောက်၌ သူတို့၏အိမ်သို့ ခွေးမဖြစ်သူ ပုဏ္ဏေးမကလေးတစ်ယောက် ရောက်ရှိလာပါသည်။ ထိုပုဏ္ဏေးမသည် ယောကျ္ဍမ၏အိမ်သို့ရောက်ပြီး ကျွန်မရဇ္ဈမာလာကို တွေ့မြင်သည့် အချိန်မှစတင်၍ အလိုလို ဒေါသဖြစ်နေတော့သည်။

ထို့ကြောင့် သူသည် ကျွန်မကို အကြောင်းမဲ့ဆဲဆိုပြီး မြည်တွန်တောက်တီးနေတတ်သည်။ ရံခါ ခြေဖြင့်ကန်သည်။ ရံခါ ဆံပင်ကိုစောင့်ဆွဲ၍ ရိုက်သည်။ ကျွန်မခမြာဤအိမ်၌ ယခင်ကကဲ့သို့ စိတ်အေးချမ်းသာစွာဖြင့် မနေနိုင်တော့ဘဲ ညှဉ်းပမ်းနှိပ်စက်ခြင်းအမျိုးမျိုး ကို ခံနေရရှာသည်။

တစ်နေ့သောအခါတွင် ကျွန်မသည် မြစ်ဆိပ်သို့ ရေခပ်ရန်သွားသောအခါ ခေါင်းရိတ်နေသူတို့ကို တွေ့မြင်ရလေသည်။ ထိုအခါ သူသည် ဆံပင်ကိုဆွဲ၍ အရိုက်မခံရစေရန်အကြံ ရသဖြင့် ခေါင်းတုံးရိတ်လေသည်။ ပုဏ္ဏေးမသည် ကတုံးမကို မြင်ရသောအခါ၌ ကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်ချည်နှောင်လျက် ကြိုးစကိုကိုင်ပြီး ရိုက်ပြန်သည်။ ထိုအခါ ကျွန်မ၏ခေါင်းတွင် ကြိုးပန်းကြီး ပန်ဆင်ထားသကဲ့သို့ ဖြစ်နေသောကြောင့် ထိုကျွန်မကို ရဇ္ဈမာလာဟု ခေါ်ကြခြင်းဖြစ်သည်။

ရဇ္ဈမာလာသည် တစ်နေ့တခြား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစွာနေရသဖြင့် “ငါသည် တောထဲသွားပြီး ကြိုးဆွဲချသေတာက ကောင်းပေတော့မယ်”ဟု ဆုံးဖြတ်လေတော့သည်။ ထို့ကြောင့် သူသည် ရေခပ်သွားမည့်ဟန်ဖြင့် ရေအိုးထဲတွင် သတ်သေရန် ကြိုးတစ်ချောင်းကို ထည့်ယူပြီး တောထဲသို့ ထွက်ခွာခဲ့ပါသည်။

ထို့နောက် သူမသည် သစ်ပင်တစ်ပင်ပေါ်တက်၍ သစ်ကိုင်းတစ်ကိုင်းတွင် ကြိုးကို ခိုင်မြဲအောင်ချည်သည်။ တစ်ဖန် ကြိုး၏အခြားတစ်ဖက်တွင် ဦးခေါင်းစွပ်ရန် ကွင်းလုပ်လျက် လည်ပင်းတွင် စွပ်သည်။ ထို့နောက် သူသည် အောက်သို့ခုန်ချတော့မည့်ဆဲဆဲ၌ မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ကို ဖူးမြင်ရသဖြင့် ခုန်မဆင်းတော့ဘဲ လည်ပင်းမှ ကြိုးကွင်းကို ဖြုတ်ပါသည်။ ထို့နောက် သစ်ပင်အောက်သို့ ဆင်းလာပြီး မြတ်စွာဘုရားကို ဖူးမြော်လျက် သစ္စာတရားကို နာကြားခွင့်ရပြီး သောတာပတ္တိဖိုလ်၌ တည်လေသည်။

ရဇ္ဇုမာလာကျွန်မသည် ဤဘဝ၌ သောတာပန်အရိယာဖြစ်မည့် ကံပါရမီပြည့်စုံသူဖြစ်နေသောကြောင့် သူကြိုးဆွဲချသေမည့် တောထဲရှိသစ်ပင်အောက်သို့ ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူလာပြီး စောင့်ကြို၍ တရားဟောပေးတော်မူခြင်းဖြစ်ပါသည်။ ဘုရားရှင်သည် ကျွတ်ထိုက်သည့် သတ္တဝါတစ်ဦးတစ်ယောက်အတွက် လွန်စွာ အပင်ပန်းခံတော်မူပါသည်။

ပါရမီရှင် ရဇ္ဇုမာလာသည် သောတာပန်အရိယာဖြစ်ပြီးနောက်၌ မြတ်စွာဘုရားရှင်အား အိမ်သို့ပင့်လျက် တရားနာကြားပါသည်။ ထိုအခါ ဘုရားရှင်ထံတော်ပါးမှ သိလာရသည်မှာ အတိတ်ဘဝ၌ ကျွန်မရဇ္ဇုမာလာသည် သခင်မဖြစ်ခဲ့ပြီး ပုဏ္ဏားမလေးက ကျွန်မဖြစ်ခဲ့ဖူးသည်။

သူသခင်မဖြစ်ခဲ့ဖူးသည့်ဘဝ၌ ကျွန်မကို အမျိုးမျိုး နှိပ်စက် ညှင်းပန်းခဲ့ဖူးသဖြင့် ထိုအကုသိုလ် ဝိပါက်အကျိုးကို ဤဘဝ၌ပြန်လည်၍ ပေးဆပ်နေရခြင်းဖြစ်ကြောင်းကို သိခွင့်ရသဖြင့် ထိုနေ့မှစ၍ ရဇ္ဇုမာလာနှင့် ပုဏ္ဏားမတို့သည် ညီအစ်မအရင်းပမာ ချစ်ခင်စွာ နေထိုင်ကြပါတော့သည်။[၁]

ဝိပါက်အကျိုးဓမ္မဒေသနာတော်မှ တစ်နေရာရာ၌စုံမနေပါ

ဘဝသံသရာရှည်လျားလွန်းသဖြင့် သံသရာခရီးရှည်၌ လူတစ်ဦးချင်းစီ၊ တစ်ဦးချင်းစီ ထူထောင်ထားခဲ့သည့် ကံတရားမှာ အလွန်ပင်များပြားနေမည်ဖြစ်သည်။ ထိုကံတို့သည် တစ်နေရာရာ၌ စုပုံသိုလှောင်ထားသကဲ့သို့ ရှိနေမည်လောဟူသော သံသယအတွေးကို ပါမောက္ခချုပ်ဆရာတော်ကြီးက တစ်ဖက်ပါအတိုင်း ဟောကြားပေးတော်မူဖူးသည်။

၁။ ရဇ္ဇုမာလာဝိမာနဝတ္ထာ၊ ဝိမာနဝတ္ထုအဋ္ဌကထာ (နှာ-၁၉၀)

ဆရာတော်ကြီးက “စဉ်းစားကြည့်မယ်ဆိုရင် ကံတွေက ဦးနှောက်ထဲမှာ စုတာလား၊ နှလုံးသားထဲမှာ စုတာလား၊ တစ်နေရာမှာ စုနေသလားလို့ ဖြစ်သွားတဲ့ကံတရားတွေဟာ ဘယ်နေရာမှာ တည်ရှိသလဲဆိုတာ စဉ်းစားရမယ်။ အကယ်၍ ဦးနှောက်ထဲမှာ စုတယ်ဆိုရင် ဦးနှောက်ဟာ ရုပ်တရားပဲ။ လူသေရင် ဦးနှောက်သေသွားမှာ။ တချို့ဆိုရင် လူမသေခင် ဦးနှောက်သေသွားတာ ရှိသေးတယ်။ အကယ်၍ နှလုံးသားထဲမှာ စုနေတယ်ဆိုရင်လည်း နှလုံးသား အစားထိုးလဲလှယ်လိုက်လို့ရှိရင် ကံတရားတွေဟာ အခြေအနေဆိုးသွားနိုင်တာပေါ့။ အဲဒီတော့ နှလုံးသားထဲမှာလည်းပဲ ဒီကံတရားတွေဟာ စုနေတာ မဟုတ်ဘူး။ ကံတရားတွေရဲ့စွမ်းရည်သတ္တိဟာ နှလုံးသားထဲမှာ ရှိတာလည်း မဟုတ်ဘူး။ ဦးနှောက်ထဲမှာ ရှိတာလည်းမဟုတ်ဘူး။ ဘယ်မှာရှိတာလဲလို့ မေးမယ်ဆိုလို့ရှိရင် “စိတ္တသန္တတိ”လို့ ခေါ်တဲ့ စိတ်ဖြစ်စဉ်လေးတစ်ခုမှာ ရှိတယ်ပေါ့။ အဲဒီစိတ်ဖြစ်စဉ်ဆိုတာ non stop ဘယ်တော့မှ မရပ်ဘူး။ စိတ်တစ်ခုပြီးရင် နောက်တစ်ခု၊ နောက်တစ်ခုပြီးရင် နောက်တစ်ခု၊ စိတ်ဖြစ်စဉ်ရပ်ဆိုင်းသွားတာ (၂)နေရာပဲရှိတယ်။ နိရောဓသမာပတ် ဝင်စားခိုက်မှာ ခေတ္တခဏရပ်သွားတာရှိတယ်။ အသညသတ်ဗြဟ္မာဘုံ ရောက်သွားလို့ရှိရင်လည်းပဲ ရပ်ဆိုင်းသွားတာရှိတယ်။ ကျန်တဲ့အချိန်မှာ စိတ်ဖြစ်စဉ်ဟာ ဘယ်တော့မှ မရပ်ဆိုင်းဘူး။ ဒါကြောင့်မို့ ကံတရားတွေဟာ accumulate ဖြစ်တယ်ဆိုတာ ဘယ်မှာ စုမိဆောင်းမိတာတုန်းဆို ကိုယ့်ရဲ့စိတ်ဖြစ်စဉ်မှာ စုမိဆောင်းမိတယ်လို့ ဒီလိုပြောရမှာ။ စိတ်အစဉ်ဆိုတာ တွန်းအားပေးသွားတာ။ ပထမစိတ်မှာရှိတဲ့ စေတနာရဲ့ စွမ်းအင်တွေဟာ ပထမစိတ်ချုပ်တာနဲ့တစ်ပြိုင်နက် ဒုတိယစိတ်၊ ဒုတိယစိတ်ချုပ်သွားရင် တတိယစိတ်၊ တတိယစိတ်ချုပ်သွားရင် စတုတ္ထစိတ်ဖြစ်တယ်၊ အဲဒီလိုနဲ့ အခုခေတ်စကားနဲ့ ပြောရရင် ဒါ on line ပေါ့နော်။ အဲဒီလို on line အနေနဲ့ ကိုယ့်ရဲ့စိတ်ဖြစ်စဉ်ကြီး တစ်ခုတည်းမှာ တည်ရှိနေတဲ့ သခ်ါရလို့ဆိုတဲ့ ကံတရားတွေဟာ ဘဝသစ်တစ်ခုကို အစပြုပြီးတော့ ထုတ်လုပ်ပေးနိုင်တာကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က “သခ်ါရပစ္စယာ ဝိညာဏံ”လို့ ဒီလိုဟောတော်မူတာနော်။[၁]

၁။ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း (နှာ-၅၉)

ပေါ်ပြီးပျောက် ဖြစ်ပေါ် လာပြီးချုပ်နေသည့် စိတ်ဖြစ်စဉ်

'ဧကသ္မိံ ဟိ အစ္ဆရာက္ခဏေ အနေကာနိ စိတ္တကောဋ္ဌိသတသဟဿာနိ ဥပ္ပဇ္ဇန္တီ'။[၁]

စိတ်ဟူသည် အဖြစ်အပျက် အလွန်လျင်မြန်ပါသည်။ လက်ဖျစ်တစ်ချက်တီးဟူသော အချိန်တိုအတွင်း၌ပင် ကုဋေတစ်သိန်းမက များစွာ ရှေ့နောက် ဆက်ကာ ဆက်ကာ ဖြစ်၍ ပျက်၍ နေပါသည်။ ဤမျှ စိတ်အဖြစ်အပျက် မြန်နေပါသော်လည်း စိတ် (၂)မျိုး၊ (၃)မျိုး ပြိုင်တူ ဖြစ်ရိုးထုံးစံမရှိပါ။ စိတ္တနိယာမအတိုင်း စိတ်တစ်ခုဖြစ်ပြီး ချုပ်သွားပြီးမှသာ နောက်စိတ်တစ်ခု ဆက်ဖြစ်သည်။ တစ်နည်းအားဖြင့်အာရုံတစ်ခုကို ယူခြင်းကိစ္စပြီးသွားမှသာ အခြားအာရုံတစ်ခုကို ဆက်ပြီးယူပါသည်။

ထို့ကြောင့် ထူထောင်ထားခဲ့သည့် ကုသိုလ်၊ အကုသိုလ် ကံဟောင်းတို့ကိုလည်းကောင်း၊ ကိလေသာတို့ကိုလည်းကောင်း စိတ်၏ တစ်နေရာရာ၌ သိုမှီး သိမ်းဆည်းထားခြင်း မရှိပါပေ။ ဖြစ်ပြီးပျက်၊ ပေါ်လာပြီးချုပ်နေသည့် နာမသန္ထတိအစဉ် Mental process)ထဲ၌ စီးဝင် မျောပါနေခြင်းသာ ဖြစ်သည်။

ယခုကဲ့သို့ တည်တံ့ခိုင်ခံ့သည့် အထည်ကိုယ်ဒြပ်အခိုင်အမာမရှိဘဲ လျင်လျင်မြန်မြန် ဖြစ်ပြီးပျက်နေသော 'သဘောတရား သက်သက်မျှပါတကား'ဟု အသိဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိလာသော သူတော်ကောင်းသည် ဌက်ပျော်တုံး၊ လက်ပံတုံး၌ အနှစ်မရှာသကဲ့သို့ ကာမဂုဏ်ငါးဖြာကို အရင်းတည်ပြီး ဘဝ၏အနှစ်ကိုရှာတော့မည် မဟုတ်ပေ။

ဝိပါကပစ္စယောဆုတောင်း

"အကျိုးဝိပါက်နာမက္ခန္ဓာတို့သည် အတူဖြစ်ဖက် နာမ်ရုပ်တရားတို့ကို
ကျေးဇူးပြုသကဲ့သို့ လူသားတို့သည်လည်း လူပြည်၊ နတ်ရွာ သုဂတိဘုံဘဝမှသည်
နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေသား"

၁။ အဿုတဝါသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂ၊ နိဒါနဝဂ္ဂအဋ္ဌကထာ (နှာ-၉၂)

ဝိပါကပစ္စယော သိမှတ်ဖွယ်


ဝိပါကပစ္စည်း၏ ကျေးဇူးပြုပုံမှာ

ဝိပါကပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

ဝိပါကပစ္စယော (ဗျာ-ဗျာ) ဝိထိ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော။ (ဗျာ-ဗျာ)
ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။[၁]

မရဏာသန္နဇော (လူဘဝပဋိသန္ဓေ)



ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ဝိပါက်စိတ် (၃၆) ပါး၊ စေတသိက် (၃၈)ပါး ပဥ္စဝေါကာရပဋိသန္ဓေ (၁၅) ပါး၊ စေတသိက် (၃၅) ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဝိပါက်စိတ် (၃၆)ပါး၊ စေတသိက် (၃၈)ပါးနှင့် စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့ ဖြစ်ပါသည်။ ဝိပါကမှာ သဟဇာတလတ်မျိုး ဖြစ်ပါသည်။

၁။ ပဋ္ဌာန်းပါဠိ (ပထမတွဲ၊ နှာ-၁၅၅)

၁၅။ အာဟာရပစ္စယော
ရုပ် နာမ် တရားများအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း
Ahara Paccaya (Nutriment condition)

ပစ္စယနိဒ္ဒေသ

အာဟာရပစ္စယောတိ - ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

Nutriment condition (Ahara paccaya)

Edible food (kabalikaro aharo) is related to this body by nutriment condition. The immaterial nutriments are related to the phenomena associated with them and to the matter produced by them, by nutriment condition.

အာဟာရပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့”ဟု လာရှိသည်နှင့်အညီ အစားအသောက်၌ပါသော အဆီဩဇာ ကဗဠီကာရာဟာရရုပ်သည် ခန္ဓာကိုယ်အား လည်းကောင်း၊ ဖဿ၊ စေတနာ၊ ဝိညာဏ် နာမ်အာဟာရ (၃) ပါးသည် ယှဉ်ဖက် ရုပ်၊ နာမ်တရားတို့အားလည်းကောင်း ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုကြသည်။[၁]

ထို့ကြောင့် ရှေးဆရာမြတ်တို့က အာဟာရပစ္စည်းကို အိမ်အိုကြီးမလဲပြိုစေရန် ထောက်ကန်ထားသည့် ကျားတိုင်တို့သည် ထိုအိမ်အိုကို ခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ဟု ဥပမာပြုတော်မူကြပါသည်။

Ahara Paccayo

Number fifteen is Ahara Paccaya, nutriment condition. Ahara is compared to supporting poles. There are no houses that are leaning here. I do not see such houses here, but in our country some houses may lean to this side or that side. Then have to put some poles to support them. Ahara is like supporting poles. It supports what has already been there.

၁။ ပဋ္ဌာနဂရုဏအဋ္ဌကထာ-ဆဋ္ဌမှု။

What are the conditioning factors of Ahara? Do you remember how many Äharas there are? There are four Aharas. Where do you find them? Ahara is one of the categories in the seventh chapter. The four Äharas are food, contact, volition, and mind. These four are called Ahara. Ahara is of two kinds- physical nutriment and mental nutriment. Food is physical nutriment. Contact, volition, and consciousness are mental nutriment.[၁၂]

အိမ်အိုးကြီးကို ကျားတိုင်ထောက်သည့်ပမာ

"အိမ်အိုကြီးများ မလဲပြိုရအောင် ကျားတိုင်များဖြင့် ထောက်ကန်ထားသကဲ့သို့" အစားအသောက်၌ပါသော အဆီဩဇာ ကဗဠိကာရာဟာရရုပ်သည် ခန္ဓာကိုယ်အား လည်းကောင်း၊ ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရ (၃)ပါးသည် ယှဉ်ဖက်ရုပ်၊ နာမ်တရားတို့အား လည်းကောင်း ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုသည်။

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ

ကံက ဘဝအသစ်ကို ပို့ပေးလိုက်သဖြင့် ဘဝအသစ်ရရှိရေး၌ ကံ၏တာဝန် ကျေပွန်လေပြီ။ ဤရရှိထားသည့်ခန္ဓာ ဆက်လက်ရှင်သန်နေရန်မှာ အာဟာရကတာဝန်ယူပြီး ထောက်ပံ့ပေးရသည်။ ထို့ကြောင့် သတ္တဝါမှန်သမျှသည် အာဟာရ အကြောင်းအထောက်အပံ့ကြောင့်သာ ဖြစ်တည်နေနိုင်ကြသဖြင့် 'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'[၃]ဟု မြတ်စွာဘုရားဟောတော်မူပါသည်။

ရူပ အရူပ ဇြဟ္မာ

အသညသတ်ပုဂ္ဂိုလ်များသည် လူပြည်၌ တရားအားထုတ်ပြီး ဈာန်ဇော စောနေစဉ်၌ပင် ထိုင်လျက် စုတိစိတ်ကျလျှင် အသညသတ်ဘုံ၌ ထိုင်လျက်ပင်ဖြစ်သည်။ ဈာန်ကို အားထုတ်ပြီး ဈာန်ဇောက ပို့ဆောင်၍ အသညသတ်ဘုံသို့ ရောက်လာသောကြောင့် ထိုဈာန်ဇောကပင် အာဟာရဖြစ်ကြောင်း အဂုံတွိုရ်အဋ္ဌကထာ[၄]၌ ပြဆိုထားသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

၃။ ဧကကံ၊ သဂီတိသုတ္တ၊ ပါထိကဝဂ္ဂပါဠိ (နှာ- ၁၇၈)

၄။ ပဌမမဟာပဉ္စသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂ၊ အဋ္ဌကာဒိနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ။ (နှာ-၃၀၂)
ဧကကဝဏ္ဏနာ၊ သဂီတိသုတ္တဝဏ္ဏနာ၊ ပါထိကဝဂ္ဂဋီကာ။ (နှာ-၁၆၇)

ဆက်လက်ပြီး ရူပဇြဟ္မာကြီးတွေမှာ ဘာကိုမှမစားဘဲ အာယုကပ်ကုန်သည့်တိုင် ကမ္ဘာချီကြာအောင် နေနိုင်တာဟာ သူတို့ရဲ့သန္တာန်မှာရှိတဲ့ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇတွေထဲမှာလည်း ဩဇာအဟာရရှိပြီး အဲဒီဩဇာက ထောက်ပံ့ထားလို့ ဒီလိုနေနိုင်တာမှတ်ပါ။ ငရဲဘုံမှာဖြစ်တဲ့ သတ္တဝါတွေကလည်း ငရဲမှာ ကျခံရမည့်ကံ မကုန်သေးသမျှ ရှည်ကြာကာလပတ်လုံး ငရဲသားတွေ မသေသေးပါဘူးတဲ့။ ဒီအခါမှာ အဲဒီငရဲသားက ကာလရှည်ကြာမြင့်သည့်တိုင် ဘာကိုမျှမစားမသောက်ရဘဲနဲ့ နေနိုင်တာကလည်း 'အကုသိုလ်တည်းဟူသော စေတနာကံရဲ့ အစွမ်းသတ္တိကြောင့် နေနိုင်တယ်လို့မှတ်ပါ'ဟု မိုးကုတ်ဆရာတော်ဘုရားကြီး၏ညဝါမှတ်စုဌ် လာရှိပါသည်။[၁၊၂၃]

ရုပ်နာမ် အာဟာရ

ဤဘဝကို ပဋိသန္ဓေဝိညာဏ်မှ စတင်ခဲ့ခြင်းဖြစ်သည်။ တစ်ဘဝတာ အသက်ရှင်ရေးကို ရုပ်အာဟာရတစ်ပါးက ထောက်ပံ့သည်။ နာမ်အာဟာရသုံးပါးကမူ တစ်ဘဝပြီး တစ်ဘဝ သံသရာခရီးရှည်မဆုံးမချင်း စဉ်ဆက်မပြတ် ရှင်သန်ရေးကို ကျေးဇူးပြုသည်။

ရုပ်အာဟာရဖြစ်သော အစားအသောက်များကြောင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ အင်အား တောင့်တင်းခိုင်မာလာသည်ကို သိသာနိုင်ပါသည်။ နာမ်အာဟာရဖြစ်သည့် ဖဿ၊ စေတနာ၊ ဝိညာဏ် တို့၌လည်း အာရုံခြောက်ပါး တစ်ပါးပါး ဖဿကြောင့် တွေ့ထိလာပြီး ကောင်းကောင်းဆိုးဆိုး အာရုံအရသာကို ဝေဒနာက ခံစားသည်။ ဖဿအာဟာရ၏ လှုံဆော်ပေးခြင်းကြောင့် တဏှာကြီးပွားကာ သတ္တဝါများ သံသရာ၌ပျော်ပျော်ကြီး ကျင်လည်နေခြင်းကပင် နာမ်အာဟာရ၏သတ္တိကြောင့်ဖြစ်သည်။

စတုသမုဋ္ဌာနိကဩဇာ

ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်၌လည်း ဩဇာရုပ်ပါသည်။ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်၌လည်း ဩဇာရုပ်ပါသည်။ ဥတုကြောင့်ဖြစ်သည့် ဥတုဇရုပ်၌လည်း ဩဇာရုပ်ပါသည်။ အာဟာရကြောင့်ဖြစ်သည့် အာဟာရဇရုပ်၌လည်း ဩဇာရုပ်ပါသည်။ ထို့ဩဇာရုပ် (၄)ပါးသည် စတုသမုဋ္ဌာနိကဩဇာဖြစ်သည်။

၁။ ဧကကဝဏ္ဏနာ၊ သဂီတိသုတ္တ၊ ပါထိကဝဂ္ဂအဋ္ဌကထာ (နှာ-၁၅၈)

၂။ ပဌမမဟာပဥ္ဉသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂ၊ အဋ္ဌကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ (နှာ-၃၀၃)

၃။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု သုံးချက်စုချပ်စဉ်။

ထိုလေးပါးသော အကြောင်းကြောင့်ဖြစ်သည့် စတုသမုဋ္ဌာနိက ဩဇာရုပ်တို့သည် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ကို ကျေးဇူးပြုသည်။ အတွင်း ဩဇာဓာတ် အားကောင်းသည့် လူမမာများအတွက် ပြင်ပမှ ဆေးဝါးဟူသော ဩဇာနှင့် အဏ္ဏတ္တိကဩဇာတို့ ပေါင်းစပ်မိသောအခါ၌ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ် အာဟာရဇရုပ်ဖြစ်သည့် ကွမသ ကာယသ ဤကိုယ်ကောင်ကြီးကို အသက်ရှင်သန်ရေးအတွက် ကျေးဇူးပြုနိုင်သည်။ ဤမျှအရေးပါသော ရုပ်အာဟာရဖြစ်သည့် စားဖွယ်၊ ခဲဖွယ် စသည်တို့ကို သတိဉာဏ်ယှဉ်၍ စားသုံးရန် မဟာသတိပဋ္ဌာနပါဠိတော်တွင် ဘုရားရှင် မိန့်ကြားတော်မူပါသည်။

စားနေစဉ် သတိရှိခြင်းအကျိုး

သတိပဋ္ဌာန်တရားကို ရှုပွား၍ အစားအစာကို စားသုံးလေ့ရှိသောယောဂီသည် ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာကို အလိုလို ရှောင်ကျဉ်ပြီး ဖြစ်နေတတ်သည်။ ပမာပြရသော် ယောဂီသည် မိမိခန္ဓာကိုယ်နှင့် မသင့်တော်သည့် အစားအစာကို မြင်ခါမျှဖြင့် သိနေသဖြင့် ရှောင်ကြဉ်နိုင်သည်။ အကယ်၍ မြင်ရရုံမျှဖြင့် မသိခဲ့လျှင် အနံ့ရသည်နှင့် 'မိမိကျန်းမာရေးအတွက် မသင့်တော်'ဟုသိသဖြင့် ရှောင်ကျဉ်နိုင်သောကြောင့် အစားအစာနှင့် စပ်လျဉ်း၍ ခန္ဓာကိုယ်ကြီး ဒုက္ခမရောက်နိုင်ပါ။ သို့ဖြစ်ပါ၍ စားနေစဉ်၌ သတိရှိသူသည် healthy foods ကို အလိုအလျောက် ရွေးချယ်ပြီး စားသုံးဖြစ်သည့် အကျိုးကျေးဇူးကိုလည်း ခံစားကြရပါသည်။

လူအများစုသည် မစားဖူးသည့် အစားအစာ၊ ဆန်းပြားသည့် အစားအစာတို့ကို ရှာရှာဖွေဖွေ စားသုံးလေ့ရှိကြသည်။ ထို့ကြောင့် ရောဂါဘယလည်း ဆန်းဆန်းပြားပြား အတောမသတ် ဖြစ်နေကြသည်။ သတိပဋ္ဌာန်တရားကို ရှုပွားနေသောယောဂီသည် အမြဲစားနေကျ မဟုတ်သော အစားအစာကြောင့် ခန္ဓာကိုယ်က အဘယ်သို့ တုန့်ပြန်သည်ကိုလည်းကောင်း၊ စိတ်က အဘယ်သို့ တုန့်ပြန်သည်ကိုလည်းကောင်း သိနိုင်ကြသည်။ ထို့ကြောင့် လိုအပ်သလောက်၊ မျှတရုံမျှသာ စားသုံးကြသည့်အပြင်-'ကြိုက်ရင်လည်း နည်းနည်းစားပါ။ တည့်ရင်လည်း နည်းနည်းစားပါ။ -ကြိုက်လည်းကြိုက် တည့်လည်းတည့်ရင်လည်း နည်းနည်းစားပါ'ဟူသော အစားအစာဆိုင်ရာ လှပသည့် Advice များကိုလည်း လိုက်နာနိုင်ကြသဖြင့် အစားအစာကြောင့် ဘေးဥပါဒ်မဖြစ်ကြပါ။

စားနေစဉ်၌ ဝိပဿနာတရားရှုမှတ်ခြင်း

ပါးစပ်ထဲ အစားအစာဝါးနေသောအချိန်၌ ဇွန်းခက်ရင်းကို လက်ထဲမကိုင်တော့ဘဲ ထမင်းပန်းကန်ပြားပေါ်၌ချထားပြီး အစားအစာကို သွားက ကြိတ်ဝါးနေသည့် ဖြစ်စဉ်ကို သိသိပေးရမည်။ ပါးစပ်ထဲသို့ အစားအစာကို သင့်တော်ရုံမျှခွဲ့ပြီး သေသေချာချာ ဝါးသင့်ပါသည်။ ထိုအခါ လျှာပေါ်၌ အရသာ အဆင့်ဆင့်ပြောင်းနေသည်ကို သိနိုင်ရန် ကြိုးစားရမည်။ လျှာ၏ အလုပ်လုပ်ပုံကိုလည်း သိသိပေးရမည်။ ပါးစပ်ထဲ၌ ဝါးနေသောအစားအစာ မကြေညက်သေးခင် အလျင်အမြန် မျိုချချင်နေသည်ကိုလည်း သိပေးနိုင်သေးသည်။ ညာဘက်သွားက ဝါးနေသည်ကိုလည်း သိပေးရမည်။ ရံခါ ဘယ်ဘက်သွားက ဝါးနေသည်ကိုလည်း သိပေးရမည်။ အစားအစာ စားနေသောဖြစ်စဉ်သည် စက်ယန္တရားတစ်ခု အလုပ် လုပ်နေသည့်အလား process များလွန်းပါသည်။ ထို့ကြောင့် အားလုံးကို မသိနိုင်စေကာမူ ထင်ရှားရာ၊ သိနိုင်ရာရာကို သိပေးရမည်။

ထမင်းစားပွဲ၌ ဇွန်း၊ ခက်ရင်းကို လွတ်မကျရုံ၊ ကိုင်ထားလျှင် ရနိုင်ပါသော်လည်း တုတ်၊ ဓားလက်နက် ကိုင်ထားသကဲ့သို့ အားအပြည့်ထည့်ပြီး ကိုင်နေမိတတ်သည်။ သို့ဖြစ်ပါ၍ ဇွန်း၊ ခက်ရင်းကိုလည်း အမှတ်မထင် သတိလက်လွတ်မကိုင်မိရန် လိုအပ်ပါသည်။

အစားအစာမစားခင် ချက်ပြုတ်ပြင်ဆင်ပေးခဲ့သူ၊ စိုက်ပျိုးထုတ်လုပ်ပေးခဲ့သူတို့ကို ဦးစွာ မေတ္တာပို့သင့်သည်။ ရင်ထဲ၊ နှလုံးထဲက လှိုက်လှိုက်လဲလဲ ကျေးဇူးတင်သင့်သည်။ သို့သော် တိရစ္ဆာန်အသားကို စားသောအခါ၌ မေတ္တာပို့ရန် ခက်ခဲမည်ဟု ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အသတ်ခံရခါနီး၌ ငယ်သံပါအောင် အော်ဟစ် ရုန်းကန်ရင်း မလွတ်မြောက်နိုင်တော့သည့်အဆုံး၌ သားသတ်သမား၏လက်ထဲ အသက်ပျောက်သွားရရှာသည်။ သူတို့ ဇီဝိန်မကြွေခင် စက္ကန့်ပိုင်းအထိ ကြောက်လန့်တကြား ဖြစ်နေခဲ့ရှာသည့် သတ္တဝါတို့၏ အသွေး၊ အသားတို့ကို မိမိတို့ နေ့စဉ် စားနေ၊ ဝါးနေ၊ မျိုနေရသည့် ဖြစ်စဉ်ကို မေ့မထားသင့်ပါ။

ထို့ကြောင့် ဖြစ်နိုင်လျှင် တစ်ပတ်လျှင်တစ်ရက် မိမိ၏မွေးနေ့၌ဖြစ်စေ၊ ဥပုသ်နေ့ မျိုး၌ဖြစ်စေ သူ့အသွေး၊ သူ့အသားမပါသော ဟင်းလျာဖြင့် ရောင့်ရဲသည့် အလေ့အကျင့် ကောင်းကိုလည်း ထူထောင်သင့်ပါသည်။

၁။ ကာယာနုပဿနာ သမ္မဇာနပဗ္ဗ၊ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၂၃၃)
ပုန စပရံ, ဘိက္ခဝေ ဘိက္ခု အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ။
Furthermore, a bhikkhu acts with situational awareness when eating, drinking, chewing, and tasting.
စားနေ၊ သောက်နေ၊ ခဲနေ၊ လျက်နေစဉ်၌လည်း သိလျက်ပြုသည်။

ရသတဏှာကြောင့် ပေါ်ပေါက်လာသော ဓမ္မန္တရာယ်

သာဝတ္ထိပြည်၌ 'သုန္ဒရသမုဒ္ဒ'အမည်ရှိသော သတို့သား၏မိဘများသည် ကုဋေ့လေးဆယ် ဥစ္စာပစ္စည်း ကြွယ်ဝကြသည်။ တစ်နေ့ နေလွဲအချိန်၌ လူများစွာတို့သည် နံ့သာပန်း စသည်ကို လက်၌ကိုင်လျက် တရားနာရန် ဇေတဝန်ကျောင်းတော်သို့ သွားနေကြသည်ကို တွေ့ရသဖြင့် သူဌေးသားကလေးသည်လည်း ထိုလူတို့နှင့်အတူ လိုက်ပါသွားပြီး ပရိသတ်၏ အစွန်အဖျားဌာန၌ ထိုင်၍တရားနာနေသည်။

မြတ်စွာဘုရားသည် သုန္ဒရသမုဒ္ဒ သတို့သား၏အလိုကို သိတော်မူသဖြင့် သင့်လျော်သည့် တရားစကားကို ဟောကြားပေးတော်မူပါသည်။ တရားနာပြီးနောက် သူသည် မြတ်စွာဘုရားထံတော်ပါးသွားပြီး ရဟန်းအဖြစ်ကို တောင်းပန်လေသည်။ ထိုအခါ ဘုရားရှင်က မိခင်၊ ဖခင်တို့ထံပါး ရဟန်းပြုခွင့်တောင်းခံရန် မိန့်ကြားတော်မူပါသည်။ သတို့သားငယ်သည် မိဘများထံပါးသွားပြီး အလွန်ခက်ခဲစွာဖြင့် ခွင့်ပြုချက်ကို ရယူခဲ့ပါသည်။

ထို့နောက် ရဟန်းအဖြစ်ကို ရောက်ခဲ့ပြီးနောက်၌ မိဘဆွေမျိုးများနှင့်ဝေးရာ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူပါသည်။ ရဟန်းတော်သုန္ဒရသမုဒ္ဒသည် အိမ်စဉ်မပြတ် ဆွမ်းခံလေ့ရှိသော သပဒါနစာရီဓုတင်ကို အမြင့်ဆုံး၊ အမြတ်ဆုံးဥက္ကဋ္ဌအဖြစ် ကျင့်တော်မူသည့် မထေရ်မြတ်တစ်ပါးဖြစ်သည်။

တစ်နေ့၌ သာဝတ္ထိပြည်တွင် နက္ခတ်ပွဲသဘင်ကျင်းပရာ ရဟန်းတော်၏ မယ်တော်၊ ခမည်းတော်တို့သည် သားရဟန်းကို အောက်မေ့သတိရပြီး ငိုကြွေးနေကြသည်။ မယ်တော်၊ ခမည်းတော်များ ငိုကြွေးနေသည်ကို ပြည့်တန်ဆာမတစ်ဦးက မြင်လေသည်။

ထို့ကြောင့် အိမ်ထဲသို့ဝင်လာပြီး-"အမိ - အဘယ်အကြောင်းကြောင့် ငိုကြွေးနေဘိသနည်း"ဟုမေးရာ-သားကို လွမ်းဆွတ်အောက်မေ့လျှ၍ ငိုကြွေးပါသည်ဟု ပြောသည်။ ထိုအခါ ပြည့်တန်ဆာမက "အမိ - ထိုသားသည် အဘယ်အရပ်၌ နေပါသနည်း"ဟုမေးသည်။-"ရဟန်းဘောင်၌ ရဟန်းပြု၍နေ၏"ဟုပြောရာ "လူထွက်စိမ့်သောဌာ မသင့်ပါသလော"ဟု မေးပြန်လေသည်။ -"လူထွက်ရန် မဖြစ်နိုင်တော့ပါ။ ယခုအခါ ဤသာဝတ္ထိပြည်မှထွက်ခွာ၍ ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူလေပြီ"ဟု မယ်တော်ကြီးက ပြောပြသည်။ ထိုအခါ ပြည့်တန်ဆာမက-"ကျွန်မသည် ထိုရဟန်းကို အကယ်၍ လူထွက်စေနိုင်သည်ဖြစ်ပါအံ့။ ကျွန်မအား အဘယ်သို့ ပြုစုကြကုန်အံ့နည်း"ဟုမေးရာ မယ်တော်ကြီးက "သင့်အား ဤအမျိုး၏ ဥစ္စာစည်းစိမ်ရှင် ပြုကြကုန်အံ့"ဟု ပြောသည်။ ဆိုလိုသည်မှာ သားကိုလူထွက်စေနိုင်ပါက သူ့ကို ခွေးမအဖြစ် ခံုးမြောက်မည်ဟု ပြောပါသည်။

ထိုအခါ ပြည့်တန်ဆာမက လမ်းစရိတ်၊ စားစရိတ်တို့ကို အလုံအလောက် တောင်းခံပြီး သူဌေးခွေးမ ဖြစ်နိုင်ရေးအတွက် ဆောင်ရွက်ဖွယ်ရာတို့ကို ဆောင်ရွက်နိုင်ရန် ရာဇဂြိုဟ်ပြည်သို့ မိန်းပျိုများခြံရံပြီး သွားလေသည်။

ထို့နောက် မထေရ်မြတ် ဆွမ်းခံလှည့်လည်တော်မူသောလမ်းရှိ အိမ်တစ်လုံး၌ နေပြီး မွန်မြတ်သော၊ အရသာပြည့်သော ဆွမ်း၊ ဘောဇဉ်တို့ကို အထူးစီမံ၍ လောင်းလှူသည်။ နှစ်ရက်၊ သုံးရက်ခန့် ရှိလာသောအခါ အလွန်အမင်း ကြည်ညိုဟန်ပြပြီး "အရှင်ဘုရား ဤအိမ်၌ပင် ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"ဟု လျှောက်ထားပြီး သပိတ်ကို သူ၏ လက်ဝယ်သို့ ယူထားလေသည်။

ရသတဏှာဖြင့် ဖြားယောင်းခြင်း

မထေရ်အား မွန်မြတ်သောအာဟာရကို ဆက်ကပ်ပြီးလျှင်-"အရှင်ဘုရား တပည့်တော်မကို ချီးမြှောက်သောအားဖြင့် နေ့စဉ်ရက်ဆက် ဆွမ်းသုံးဆောင်ရန် ကြွတော်မူပါဘုရား"ဟု လျှောက်ထားသည်။ မထေရ်ကလည်း ဖြစ်ရိုးဖြစ်စဉ် သဘောရိုးဟု ယူဆတော်မူသည်။ ထို့ကြောင့် နောက်ရက်တို့၌လည်း ထိုဆွမ်းဒါယိကာမ၏ အိမ်ရှေ့သို့ ဆွမ်းရပ်တော်မူပါသည်။

နှစ်ရက်သုံးရက်မျှ ဆွမ်းကပ်လှူဒါန်းပြီးနောက် အိမ်အနီးအပါးမှ သူငယ်တို့အား မုန့်ပဲ သရေစာပေးပြီး "မထေရ်မြတ်ကြွလာသောအခါတွင် အိမ်ပြင်ပ၌ ဖုန်မှုန့်တို့ဖြင့် ပက်ကြလေလော့။ ဆူဆူညံညံ ပြုကြလေလော့။ ဆော့ကစားကြလေလော့"ဟု မှာကြားထားသည်။ ပြည့်တန်ဆာမ၌ စိတ်ကူးအကြံအစည်တစ်ခုကို အကောင်အထည်ဖော်ရန် စီမံနေသည်ကို သုန္ဒရသမုဒ္ဒ မထေရ်မြတ် အရိပ်အယောင်မျှပင် မခန့်မှန်းမိသေးဘဲ ဖြစ်ရိုးဖြစ်စဉ် သဘောရိုးဟု ထင်နေတော်မူပြီး ပြည့်တန်ဆာမကို ချီးမြှောက်သောအားဖြင့် ဆွမ်းခံ ကြွမြဲ ကြွတော်မူသည်။

နောက်တစ်နေ့၏ အရုဏ်ရောင် တက်လာလေပြီ။ အရှင်မြတ်လည်း အရသာထွေထွေ စုံလင်အောင်ဆက်ကပ်တတ်သည့် ဆွမ်းဒါယိကာမကလေး၏ စေတနာသဒ္ဓါတရားကို အထူး ချီးမြှောက်တော်မူလိုသဖြင့် သပိတ်ပိုက်လျက် အိမ်ရှေ့သို့ ကြွတော်မူသည်။ လမ်းမ၏နံဘေး အိမ်ရှေ့၌ ကလေးသူငယ်တို့က ဖုန်မှုန့်၊ သဲမှုန့်တို့ကို ပက်ဖျန်း၍ ကျယ်လောင်စွာ အော်ဟစ်ပြီး ဆော့ကစားနေကြသည်။ ဤဖြစ်စဉ်ကိုလည်း မထေရ်မြတ်က ဖြစ်ရိုးဖြစ်စဉ် ဖြစ်တတ်သည့်သဘောရိုးဟု ယူဆတော်မူပြီး နောက်ရက်လည်း ဆက်ကြွမြဲ ကြွတော်မူသည်။

ပြည့်တန်ဆာမက မထေရ်မြတ်ကို အလွန်အားနာဟန်ပြသည်။ ထို့နောက် သူငယ်တို့ကိုလည်း ဤသို့မဆော့ကြရန် တားမြစ်ဟန်ပြုသည်။ ထို့နောက် "အရှင်ဘုရား ဤသူငယ်အရိုင်းအစိုင်းတွေက တပည့်တော်မရဲ့ စကားကိုလည်း နားမထောင်ကြပါဘုရား။ အိမ်ထဲကို ကြွတော်မူပါ။ အိမ်ထဲမှာ ဆွမ်းကပ်ပြီး ကုသိုလ်ယူပါရစေ"ဟု ပိုပိုမိုမို ရိုသေသည့်ဟန်အမူအရာဖြင့် လျှောက်ထားပါသည်။ မထေရ်ကလည်း ဖြစ်ရိုးဖြစ်စဉ် သဘောရိုးဟု ယူဆတော်မူသည်။ ထို့နောက် အိမ်ထဲဝင်ပြီး ဆွမ်းဘုဉ်းတော်မူပါသည်။ တစ်နေဝင်ပြီး နောက်တစ်နေ့ ရောက်လာပြန်ပါသည်။ ပြည့်တန်ဆာမက သူငယ်တို့ကို မုန့်ပဲသရေစာပေးပြီး မထေရ်ဆွမ်းဘုဉ်းချိန်၌ အိမ်ထဲအထိ ဖုန်မှုန့်၊ သဲမှုန့်တို့ဖြင့် ပက်ကြပါလော့။ ဆော့ကြပါလော့။ ကစားကြပါလော့ဟု အားပေးအားမြှောက်ပြုထားသည်။

ကလေးများ ဆော့ကစားနေစဉ် မထေရ်မြတ်ကြွလာတော်မူပြီး ယမန်နေ့များက ဆွမ်းကပ်ခဲ့သည့်နေရာ၌ ခေတ္တသီတင်းသုံးတော်မူပါသည်။ ကလေးသူငယ်တို့ကလည်း ပျော်ပျော်ပါးပါး သီဆိုကခုန်ရင်း မုန့်ဒါယိကာမကြီး မှာကြားထားသည့်အတိုင်း မထေရ်ကြွလာပြီဖြစ်၍ ဖုန်မှုန့်၊ သဲမှုန့်တို့ဖြင့် အိမ်ခန်းထဲရောက်သည့်ထိ ပက်ကြတော့သည်။

ထိုအခါ ပြည့်တန်ဆာမက "အရှင်ဘုရား ဤသူငယ်အရိုင်းအစိုင်းတွေက တပည့်တော်မရဲ့ စကားကိုလည်း နားမထောင်ကြပါဘုရား။ ပြာသာဒ်အထက်သို့ ကြွတော်မူပါ။ ပြာသာဒ်ထက်၌ ဆွမ်းကပ်ပြီး ကုသိုလ်ယူပါရစေ"ဟု ပိုပိုမိုမို ရိုသေသည့်ဟန်အမူအရာဖြင့် လျှောက်ထားလာပါသည်။ မထေရ်ကလည်း ပင့်ရိုးပင့်စဉ် သဘောရိုးဟု ယူဆတော်မူပြီး သပိတ်ပိုက်ပြီး ပြာသာဒ်အထက်သို့ ရှေ့က ကြွတော်မူပါသည်။ ပြည့်တန်ဆာမကလည်း ထပ်ချပ်မကွာ နောက်မှလိုက်ပါလာပြီး အထပ်တိုင်း၏ တံခါးမင်းတုပ်တို့ကိုပိတ်ခဲ့ပြီး နောက်ဆုံး အပေါ်ဆုံးထပ်သို့ ရောက်ရှိလာကြပါသည်။

မာယာထောင်ချောက်ထဲသို့ သက်ဆင်း

ထိုအခါ ပြည့်တန်ဆာမသည် သူ၏မဟာစီမံကိန်းကြီးကို စတင် အကောင်အထည်ဖော်ပါတော့သည်။ သူသည် ဦးစွာ မထေရ်မြတ်၏အနားသို့ ချဉ်းကပ်သည်။ ထို့နောက် မိန်းမတို့၏မာယာအတတ် မျိုးစုံတို့ဖြင့် ဖြားယောင်းကာ "အရှင်ဘုရားနှင့် တပည့်တော်တို့ ငယ်ရွယ်ကြပါတယ်ဘုရား။ ဒါကြောင့် အိမ်ထောင်ပြုကြရအောင်။ အသက်ကြီးတော့မှ နှစ်ယောက်စလုံး တစ်ပြိုင်နက် ရဟန်းပြုကြတာပေါ့"ဟု ပြောဆိုလာသည်အထိ အတင့်ရဲလာပါသည်။ 'အစားအစာရဲ့ အရသာအဖုံဖုံက လွှမ်းမိုးခဲ့တဲ့အတွက် မစူးမစမ်း မဆင်မခြင် ငါပြုမူလိုက်မိတဲ့အဖြစ်က အလွန်ဝန်လေးစရာ ဖြစ်ပါပကော'ဟု ဆင်ခြင်တော်မူမိပြီး မထေရ်မြတ်သည် ထိတ်လန့်တုန်လှုပ်၍ လာပါတော့သည်။

မြတ်စွာဘုရားသည် သုန္ဒရသမုဒ္ဒအရှင်မြတ်၏ ဖြစ်ရပ်အဖုံဖုံကို ခရီးယူဇနာ အလွန်ဝေးကွာသော ဇေတဝန်ကျောင်းတော်မှ တန်ခိုးတော်ဖြင့် မြင်တော်မူသဖြင့် အရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူသည်။ “ချစ်သားအာနန္ဒာ ရာဇဂြိုဟ်ပြည်က ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ထဲမှာ သုန္ဒရသမုဒ္ဒ ရဟန်းနှင့် ပြည့်တန်ဆာမတို့ စစ်ထိုးနေကြတယ်”ဟု မိန့်တော်မူပါသည်။

“အရှင်အာနန္ဒက -မြတ်စွာဘုရား ဘယ်သူနိုင်မှာပါလဲဘုရား”ဟု မေးလျှောက်ရာ ဘုရားရှင်က “ငါ့ရဲ့ချစ်သား သုန္ဒရသမုဒ္ဒရဟန်းက နိုင်မယ်။ ပြည့်တန်ဆာမက ရှုံးမယ်”ဟု မိန့်တော်မူပါသည်။ ထို့မှနောက်၌ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် သုန္ဒရသမုဒ္ဒ ရဟန်းအား တရားဟောကြားပေးတော်မူပါသည်။

ဒေသနာတော်အဆုံး၌ သုန္ဒရသမုဒ္ဒမထေရ်သည် အဘိညာဏ်တန်ခိုးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးနောက် ပြည့်တန်ဆာမနေအိမ် ပြဿာဒ်ခေါင်မိုးကို ထုတ်ချင်းဖောက်ထွင်းကာ မြတ်စွာဘုရားရှင်ခြေတော်ရင်းသို့ ကောင်းကင်ခရီးဖြင့် လာရောက်ရှိခိုးပါသည်။

သုန္ဒရသမုဒ္ဒမထေရ်မြတ်သည် အရသာစုံလင်သော အစာအာဟာရ၏ ဆွဲဆောင်မှုနှင့် ပြည့်တန်ဆာမ၏ သူဌေးချွေးမဖြစ်ရန် ကြိုးပမ်းမှုဟူသော မာယာထောင်ချောက်ထဲသို့ သက်ဆင်းတော်မူခဲ့သည်။ ထိုအခါမှစ၍ အိမ်စဉ်မပြတ်ကြွ၍ ဆွမ်းခံလေ့ရှိသည့် သပဒါန စာရီဓုတင်ကို မေ့လျော့တော်မူသွားပြီး ရသတဏှာ၏နောက် လိုက်ပါမိလေတော့သည်။

မူတင်ဆောင် ရဟန္တာမထေရ်မြတ်အလောင်းအလျာကြီးသည် ပြည့်တန်ဆာမ၏နေအိမ်၌ ‘ထိုင်ဆွမ်းကိုယ်တော်’ ဘဝ ရောက်သွားခြင်း၏အပြစ်က သံသရာတစ်နံတစ်လျားရှည်သည့်အထိ ကျယ်ပြန့်သွားနိုင်ပါသည်။ သို့သော် ကရုဏာရှင်ဖြစ်တော်မူသော ဘုရားရှင်၏ စောင့်ရှောက်ပေးမှုကြောင့် အန္တရာယ်မိန်းမ၏မာယာ ကျော့ကွင်းမှ လွတ်မြောက်တော်မူရုံမက သံသရာအကျဉ်းထောင်၏ အကျဉ်းသားဘဝမှလည်း ထာဝရ လွတ်ငြိမ်းချမ်းသာခွင့်ရတော်မူလေသည်။[၁]

ရုပ်အာဟာရနှင့် နာမ်အာဟာရ

ကဗဠိကာရော အာဟာရောဟူသော စားသောက်ဝါးမျိုသောကြောင့်ဖြစ်သည့် အဆီ၊ အနှစ်၊ သြဇာဟူသော အာဟာရအကြောင်းကို လူအများ နားလည်လွယ်သည်။ သို့သော် အာဟာရပစ္စယော၌ ရုပ်အာဟာရသာမက နာမ်အာဟာရကိုလည်း ‘ကုသလာ အာဟာရ၊ အကုသလာ အာဟာရ’ဟူ၍ ဘုရားရှင်သည် ဟောကြားတော်မူပါသေးသည်။

၁။ သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု၊ ဗြဟ္မဏဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၄၂၈)

ပဌာန်းပဥ္စာဝါရပါဠိတော် အာဟာရပစ္စယော၌ အာဟာရနှစ်မျိုး လာရှိသည်။ ၎င်းတို့မှာ ၁-ရုပ်အာဟာရ physical nutriment နှင့် ၂- နာမ်အာဟာရ mental nutriment တို့ ဖြစ်သည်။

ရုပ်အာဟာရ

'ကဗဠိကာရော အာဟာရော'ဟု ဆိုအပ်သော စားသောက်ဝါးမျိုသဖြင့် ဖြစ်ပေါ်လာသည့် အဆီအနှစ် သြဇာအာဟာရဓာတ်ဖြစ်သည်။

နာမ်အာဟာရ

၁။ ဖဿာဟာရ = Contact nutriment အာရုံကို တွေ့ထိခြင်းသဘော။ ဖဿစေတသိက်ဟူသော ဖဿာအာဟာရ။

၂။ စေတနာဟာရ = Intention nutriment စေ့ဆော် တိုက်တွန်းခြင်းသဘော။ စေတနာစေသိက်ဟူသော မနောသဉ္စေတနာအာဟာရနှင့်

၃။ ဝိညာဏာဟာရ = Conciousnes nutriment အာရုံကို သိတတ်သောသဘော၊ စိတ် (၈၉)ပါး (၀၊) ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏာဟာရတို့ ဖြစ်ပါသည်။

ထို့ကြောင့် အာဟာရဟူသည် နာမ်အာဟာရက သုံးပါး၊ ရုပ်အာဟာရကတစ်ပါး ဖြစ်သဖြင့် စုစုပေါင်း အာဟာရလေးပါး ရှိပါသည်။ ဤနေရာတွင် ကောင်းမွန်သော နာမ်အာဟာရ၏ အထောက်အပံ့ကြောင့် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနေနိုင်သည့် သာဓကများစွာအနက် ဗိမ္မိသာရမင်းကြီးသည် ထောင်ထဲ၌ ဖလသမာပတ်ချမ်းသာဟူသော နာမ်အာဟာရ ခံစားလျက် ကျန်းမာသက်ရှင်သည့်အကြောင်းကို ဖော်ပြပါမည်။

ဖလသမာပတ်ချမ်းသာဟူသော နာမ်အာဟာရကြောင့် ခန္ဓာကိုယ် တင့်တယ်ရွှင်လန်းသည်

ဘုရားရှင်နှင့်တကွ သာသနာတော်ကို ပျက်စီးစေလိုသော အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားကို ဖြားယောင်းသွေးဆောင်ကာ သူ့ကို ကြည်ညိုလာစေရန် ကြိုးပမ်းလာသည်။ အရှင်ဒေဝဒတ်၏ ရည်ရွယ်ချက်မှာ ဘုရားရှင်အား သတ်၍ ဘုရားအဖြစ်ယူမည်။ အဇာတသတ်ကိုလည်း ခမည်းတော် ဗိမ္မိသာရမင်းကြီးအား သတ်၍ မင်းအဖြစ် ယူစေရန်ဖြစ်သည်။ ထို့ကြောင့် မင်းသားငယ်အား ခမည်းတော်ဘုရင်ကြီးကို သုတ်သင်ရန် အကြိမ်ကြိမ် တိုက်တွန်းနေလေတော့သည်။

အသိအလိမ္မာ မကြွယ်ဝသည့် မင်းသားငယ် အဇာတသတ်သည် ဆရာဒေဝဒတ်၏ တိုက်တွန်းချက်ကြောင့် ခမည်းတော်ကြီးအား ကိုယ်တိုင်သတ်ရန် ကြံစည်လာပါသည်။ ထိုအကြံအစည် အကောင်အထည်မပေါ်ခင် ပေါက်ကြားသွားလေသည်။ ခမည်းတော် မင်းကြီးသည် သူ့ကိုလုပ်ကြံရန် နန်းမဆောင်အတွင်းသို့ ဝင်လာသည့်သားတော်အား အပြစ်မယူဘဲ သားတော်၏ဆန္ဒအတိုင်း ထီးနန်း လွှဲအပ်ပေးသည်။

သို့သော် ဒေဝဒတ်သည် ဤမျှဖြင့်အားမရသေးဘဲ တစ်နည်းတစ်ဖုံ လှည့်ဖျားတိုက်တွန်းပြန်သည်။ ထို့ကြောင့် အဇာတသတ်မင်းသည် ခမည်းတော်ကြီးအား အစားအစာမကျွေးတော့ဘဲ အာဟာရပြတ်လပ်ပြီး သေစေရန်ရည်ရွယ်လျက် ထောင်သွင်းအကျဉ်းချထားရန် အမိန့်ထုတ်ပြန်သည်။

သို့သော် မယ်တော်ကြီး ဝေဒေဟီမိဖုရားကြီးက ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချထားရာထောင်တွင်းသို့ ဝင်ရောက်ကာ နည်းအမျိုးစုံဖြင့် အာဟာရမျှတစေရန် ပြုစုပေးရှာသည်။ ဤဖြစ်စဉ်ကို အဇာတသတ်မင်းက သိလာပြန်သဖြင့် မယ်တော်ကြီးကို ခမည်းတော်ထံ ဝင်ခွင့်မပြုတော့ဘဲ ခမည်းတော်အား အစားအစာပြတ်လပ်၍ သေစေရမည်ဟု ထောင်အမှူထမ်းတို့အား ညွှန်ကြားသည်။

ထိုအခါမှစ၍ မင်းကြီးသည် အစာရေစာ ပြတ်လပ်သွားပါသည်။ သောတာပန်အရိယာဖြစ်တော်မူသော ဗိမ္ဗိသာရမင်းကြီးသည် ရုပ်အာဟာရပြတ်လပ်သောကြောင့် နတ်ရွာစံနိုင်ပါသော်လည်း ဖလသမာပတ်ချမ်းသာဟူသော နာမ်အာဟာရကိုခံစားကာ စကြံ့လျှောက်နေသဖြင့် ကိုယ်ခန္ဓာမျှတလျက် အလွန်တင့်တယ်ပြီး ရွှင်လန်းနေခဲ့ပါသည်။

ခမည်းတော်မင်းကြီး၏ ခန္ဓာကိုယ်အတ္တဘောသည် စကြံ့လျှောက်နေသဖြင့် အလွန်တင့်တယ်နေကြောင်းကို အဇာတသတ်မင်းသိရသောအခါ ခမည်းတော်ကြီး စကြံ့မလျှောက်နိုင်စေရန် ခြေဖဝါးကို ဓားနှင့်ခွဲပြီးသော် ဆားရောသောဆီဖြင့် လိမ်းကျံ၍ ရှားမီးခဲတွင် ကင်မြှိုက်စေသည်အထိ ညှဉ်းပန်း နှိပ်စက်ခိုင်းပါတော့သည်။

ခမည်းတော်မင်းကြီးသည် ထိုဆင်းရဲဝေဒနာကို ပြင်းထန်စွာ ခံစားရသော်လည်း ရတနာသုံးပါးကို နှလုံးသွင်းဆင်ခြင်လျက်ကပင် ခန္ဓာကိုယ် ညှိုးနွမ်းခြောက်သွေ့၍ စုတေပြီး စတုမဟာရာဇိနတ်ပြည် ဝေဿဝဏ်နတ်မင်းကြီး၏ အလုပ်အကျွေး ဇနဝသဘမည်သော နတ်သားဖြစ်လေသည်။[၁]

၁။ ရာဇာမစ္စကထာဝဏ္ဏနာ၊ သာမညဖလသုတ္တ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (နှာ-၁၂၅)

ဖဿသည် နာမ်အာဟာရ

ဘုရားလောင်းရသေ့သည် ပဒုမ္မာကြာအိုင်သို့သွားစဉ် ပွင့်နေသော ပဒုမ္မာကြာပွင့်ရနံ့ကို နမ်းရှုမိ၏။ ထိုအချိန်၌ ကြာကန်ကိုစောင့်သည့် နတ်သမီးက သစ်ပင်၏ ပင်စည်အကြား၌ရပ်ကာ ရသေ့ကိုထိတ်လန့်စေရန်ရည်ရွယ်ပြီး "ကြာပန်းအနံ့သူခိုး"ဟု စွပ်စွဲလေတော့သည်။

စွပ်စွဲကဲ့ရဲ့သံကို ကြားရသောကြောင့် ရသေ့ကြီးက "ကြာကန်ကြီးထဲဆင်းပြီး ကြာစွယ်၊ ကြာရိုး နှုတ်ယူသူတို့ကို သူခိုးဟု မဆိုဘဲ အနံ့မျှသာ ရှုမိသည့်မိမိကို အဘယ်ကြောင့် သူခိုးဟု ဆိုရဘိသနည်း"ဟု နတ်သမီးကို မေးတော်မူပါသည်။ နတ်သမီးက "အရှင်ရသေ့ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေးတို့ဖြင့် လိမ်းကျံကာ ညစ်ပတ် ပေရေနေသည့် နို့ထိန်းကျွန်မဝတ်သော အဝတ်ကဲ့သို့ ထိုသူတို့မှာ အကုသိုလ်ပြုရမည်ကို ဝန်မလေးကြသဖြင့် ပြော၍အကျိုးမရှိပါ။ အရှင်ရသေ့တို့မှာမူ အပြစ်ကင်းစင်သဖြင့် ထိတ်လန့်အောင်ပြောဆိုပါက အကျိုးရှိမည်"ဟု ပြောကြားသည်။

ထိုအခါ ဘုရားအလောင်းရသေ့က "နတ်သမီး နောင်လည်း ဤသို့သော အပြစ်ကြီး၊ အပြစ်ငယ်ကို မြင်မိလျှင် ငါ့ကို အသိပေးပါ"ဟု မိန့်တော်မူရာ နတ်သမီးက "အရှင်ရသေ့ ကျွန်မသည် အရှင့်ကိုမှီပြီး အသက်မွေးတာလည်းမရှိ၊ အရှင်၏ သူရင်းငှားလည်းမဟုတ်တဲ့အတွက် အသိပေးရန် အကြောင်းမရှိပါ။ အရှင်ကိုယ်တိုင်သည်သာ ကောင်းမှု၊ မကောင်းမှုတို့ကို သိတော်မူပါ"ဟု လျှောက်ထားသည်။

ဤဝတ္ထုတွင် ကြာပွင့်၏အနံ့အာရုံကို ရှုရာ၌ဖြစ်သောစိတ်သည် ဃာနဝိညာဉ်စိတ်ဖြစ်သည်။ ထိုဃာနဝိညာဉ်စိတ်၌ ဖဿယှဉ်ပါသည်။ ထိုဖဿကို ဤနေရာ၌ နာမ်အာဟာရခေါ်သည်။[၁]

သီလကို့ဆင်ခြင်၍ ဖြစ်လာသောပီတိသည်ပင် အာဟာရ

မြန်မာနိုင်ငံအောက်ပိုင်း သူကျွန်ဘဝမရောက်သေးခင်ကာလက ဘုန်းတော်ကြီးဦးသီလ (၁၈၃၂-၁၉၀၇)သည် ရွှေကျင်ဆိတ်ကလေးတောရကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝမ်းခနိမ်ရွာသို့ ဆွမ်းခံကြွတော်မူသည်။ တစ်နေ့သော် ဆွမ်းခံကြွရင်းသားငှက်များကိုထောင်သော ညွှတ်ကွင်း၌ ခြေထောက်စွပ်မိသဖြင့် ရှေ့မကြွတော့ဘဲ

၁။ သိဃ်ပုပ္ပဇာတကဝဏ္ဏနာ၊ ခရပုတ္တဝဂ္ဂ၊ ဇာတကအဋ္ဌကထာ (အတွဲ - ၃၊ နှာ-၂၈၉)

ရပ်နေတော်မူပါသည်။ ညွှတ်ထောင်ထားသူမြင်လျှင် ကြောက်လန့်နေ၍ အနားသို့ မကပ်ဝံ့ချေ။ အခေါက်ခေါက်လာရောက် ချောင်းမြောင်းကြည့်ရာ ဘုန်းတော်ကြီးကား ရပ်လျက်သာ ဖူးတွေ့နေရသည်။ ညွှတ်သမားလည်း ကြီးစွာ သောကဖြစ်နေရှာတော့သည်။ လာ၍လည်း မဖြုတ်ဝံ့။ ကြာသော် အခြားသူတစ်ယောက်အား အဖြုတ်ခိုင်းသည်။ ဘုန်းတော်ကြီးက ထိုလာသူအား "ဒကာ ဒါနင့်ညွှတ်ကွင်းလား"ဟု မေးတော်မူရာ "မဟုတ်ပါဘုရား"ဟု လျှောက်သည်။ ထိုအခါ "သူတစ်ပါးညွှတ်ကွင်းကို မဖြုတ်နှင့်"ဟု ပယ်မြစ်တော်မူသည်။

ဝိနည်းတော်အရ ကိုယ်တိုင်လည်းညွှတ်ကို မဖြုတ်ရပါ။ မဆိုင်သူ ဖြုတ်သည်ကိုလည်း ခွင့်မပြုရပါ။ ကိုယ်တိုင်ဖြုတ်ပါက ညွှတ်ပိုင်ရှင် မုဆိုး၏ရလတ္တံ့သော သားကောင်အတွက် ဘဏ္ဍာစားထိုက်မည်။ တစ်ဖန် ကိုယ်တိုင်ဖြုတ်ပြီး ပြန်ထောင်ပေးပါက ပါဏာတိပါတကံ ထိုက်မည်။ သူတစ်ပါးအားခိုင်းလျှင်လည်း ထိုနည်းအတူဖြစ်မည်။ ထို့ကြောင့် ဘုန်းတော်ကြီးက ညွှတ်ကွင်းရှင်ကို စောင့်နေတော်မူသည်။

ထိုချိန်၌ ညွှတ်ကွင်းပိုင်ရှင်၏မိတ်ဆွေက ညွှတ်ကွင်းရှင်အား "မင်းတော့ခက်တာပဲ၊ မွန်းလည်းတည့်လုပြီ၊ ဆွမ်းမစားရလို့ သေသွားရင် မင်းတော့ အဝီစိပဲ"ဟု ပြန်၍ပြောရာ ညွှတ်ရှင်လည်း ဝမ်းနည်းကြေကွဲစွာ ငိုယို၍ လာရောက် ဖြုတ်ပေးပါတော့သည်။

"နောင်ဒီလို မလုပ်တော့ပါ၊ သည်းခံပါဘုရား"ဟု ညွှတ်ကွင်းပါလှူ၍ ကန်တော့လေသည်။ ဘုန်းတော်ကြီးကား ဆွမ်းတစ်နပ် လစ်လပ်လေပြီ။

ဘုရားရှင်စသော သူတော်ကောင်းတို့သည် မာရ်နတ်ကြောင့် ဆွမ်းလစ်လပ်ရသောအခါမျိုးတွင် ပီတိဘက္ခတရား ပီတိကိုသာ စား၍နေသော ဗြဟ္မာကြီးများကဲ့သို့ ဝမ်းမြောက်ဝမ်းသာပင် နေတော်မူကြမြဲဖြစ်သည်။ တစ်နည်းအားဖြင့် မိမိသီလကို ဆင်ခြင်၍ ဖြစ်လာသော ပီတိကပင် အာဟာရဖြစ်နေသကဲ့သို့တည်း။[၁]

ထို့ကြောင့် သီလကိုသစ္စာဆိုနိုင်သည့်အထိ စောင့်ထိန်းထားသည့် သူတော်ကောင်းများအဖို့ သီလသည်ပင် အာဟာရဖြစ်သည်။ သီလသည်ပင် မဂ်ဖိုလ်နိဗ္ဗာန်အတွက် တံတားဖြစ်နေပေတော့သည်။ အဘယ်ကြောင့်ဆိုသော် သီလကိုဆင်ခြင်သဖြင့် ဖြစ်ပေါ်လာသော ပီတိကိုပင် ဝိပဿနာရှုပွားပြီး အရိယာသစ္စာဉာဏ်ကို မျက်မှောက်ပြုနိုင်သောကြောင့်ဖြစ်ပါသည်။[၁]

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ (၁၉၉၃-ခုနှစ်) နဝမအကြိမ်။ (နှာ-၂၂၁)

အာဟာရပစ္စယောဆုတောင်း

"အိမ်အိုကြီးကို မလဲမပြိုရလေအောင် ကျားတိုင်များဖြင့် ထောက်ကန်ထားသကဲ့သို့
လူသားတို့၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကိုလည်း ကောင်းမွန်သော ရုပ်အာဟာရနှင့်
ကောင်းမွန်သော နာမ်အာဟာရတို့ဖြင့် အထောက်အပံ့ပြုကာ
ကိုယ်ကျန်းမာကြပါစေသား၊ စိတ်ချမ်းသာကြပါစေသား"



၁။ ပဋ္ဌာန်းပါဠိ (ပထမတွဲ နှာ-၁၅၅)
၁။ အရှင်ခေမာနန္ဒ(ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဉ္စာဝါရ (အပိုင်း-၁၊ နှာ-၈၆)

အာဟာရပန္နယော သိမ္ဗတ်ဖွယ်

အာဟာရပစ္စည်းကျေးဇူးပြုပုံ

အာဟာရပစ္စည်းတွင် ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ နှစ်ပိုင်းရှိပါသည်။ ရုပ်အာဟာရတွင် ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုပြီး နာမ်အာဟာရတွင် နာမ်တရားက နာမ်-ရုပ်တရား (Mind to Mind-Matter)ကို ကျေးဇူးပြုသည်။


အာဟာရပစ္စယော(ကု-ကု + ဗျာ)ဝိထိ

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ကု-ကု-ဗျာ)
ကုသလာ အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။[၁]

ကုသိုလ်စိတ်နှင့်ယှဉ်သည့် ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်ကုန်သော စိတ်၊ စေတသိက်၊ နာမ်ခန္ဓာတို့အားလည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။။[၂]

အာဟာရပစ္စယော (ကု-ကု + ဗျာ)ဝိထိ

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၈ (စိတ္တဇရုပ်)

ဖဿ၊ စေတနာ (ကုသိုလ်)

ပုံပါ စက္ခွဒ္ဒါရဝီထိအစဉ်၏ အဓိပ္ပာယ်ရှင်းလင်းချက်

(၁) စက္ခွဒ္ဒါရဝီထိ၊ သောတဒ္ဒါရဝီထိ၊ ဃာနဒ္ဒါရဝီထိ၊ ဇိဝှာဒ္ဒါရဝီထိ၊ ကာယဒ္ဒါရဝီထိ၊ မနောဒ္ဒါရဝီထိ စသည်တို့ရှိသည့်အနက် စက္ခွဒ္ဒါရဝီထိကို ဥပမာပြပါသည်။

(၂) ကုသလာ အာဟာရ၊ အကုသလာ အာဟာရတို့ ရှိသည့်အနက် ကုသလာ အာဟာရကိုသာ ဥပမာပြပါသည်။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပ်စုစဉ်တို့ကို မှီငြမ်းသည်။

(၃) ကုသလာ အာဟာရ = 'အရူပိနော အာဟာရာ'ဖြစ်သော စိတ်၊ ဖဿ၊ စေတနာ။
(၄) သမ္မယုတ္တကာနံ ခန္ဓာနံ= သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်နှင့် စေတသိက် (၃၈)ပါး။
(၅) တံသမုဋ္ဌာနဉ္စ ရူပါနံ = စိတ္တဇရုပ်။
(၆) အာဟာရပစ္စယေန ပစ္စယော = အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။
(၇) ဝီထိအစဉ်ကို ရေးဆွဲထားသည့် Pulse ခုံးပုံ၏အစကို 'ဥပါဒ်-ဖြစ်'ဟူ၍လည်းကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍လည်းကောင်း ကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

အာဟာရပစ္စည်းတွင် ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ နှစ်ပိုင်းရှိပါသည်။

၁။ ရုပ်အာဟာရ၌ ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - စတုသမုဋ္ဌာနိကရုပ်၌ရှိသော ဩဇာဖြစ်ပါသည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စတုသမုဋ္ဌာနိကရုပ် (ကံ၊ စိတ်၊ ဥတု၊ အာဟာရ)တို့ကြောင့်ဖြစ်သည့် မဟာဘူတ် (၄)ပါးဖြင့်ပြီးသည့် ရုပ်ကိုယ်ခန္ဓာတို့ ဖြစ်ပါသည်။

၂။ နာမ်အာဟာရ၌ နာမ်တရားက နာမ်-ရုပ်တရား (Mind to Mind-Matter)ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ဖဿ၊ စေတနာ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ် အာဟာရ (၃) ပါးတို့ ဖြစ်ပါသည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

၁။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီး ဦးခင်မောင်သန်း၏ ပဋ္ဌာန်းပုစ္ဆာဝါရဆိုင်ရာစာတမ်းမှ ဝီထိစဉ် Pulse ခုံးပုံကို မှီငြမ်းသည်။

၁၆။ ဣန္ဒြိယပစ္စယော
ဆိုင်ရာပစ္စယုပ္ပန်တရားများအား အစိုးတရအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း
Indriya Paccaya (Faculty condition)

ပစ္စယနိဒ္ဒေသ

ဣန္ဒြိယပစ္စယောတိ - စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

Faculty condition (Indriya Paccaya)

Eye-faculty is related to eye-consciousness-element and its associated phenomena by faculty condition.

Ear-faculty is related to ear-consciousness-element and its associated phenomena by faculty condition.

Nose-faculty is related to nose-consciousness-element and its associated phenomena by faculty condition.

Tongue-faculty is related to tongue-consciousness-element and its associated phenomena by faculty condition.

Body-faculty is related to body-consciousness-element and its associated phenomena by faculty condition.

Physical life-faculty is related to kamma-produced matter by faculty condition.

The immaterial faculties are related to the phenomena associated with them and to the matter produced by them, by faculty condition.

၁။ ပဋ္ဌာန်းပါဠိ (ပထမတွဲ၊ နှာ-၈)

ဣန္ဒြိယပစ္စည်း၏ ဥပမာနှင့် ဥပစမယျ

"တစ်ပြည်တွင်း၌၊ ချင်းချင်းမဆန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်စား၊ မင်းအများသို့"ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူသည်နှင့်အညီ တိုင်းပြည်အတွင်း၌ မြို့ရွာများကို အုပ်ချုပ်ရသော မြို့စား၊ ရွာစားများသည် ဆိုင်ရာမြို့ရွာများကို အစိုးရသကဲ့သို့ ကျန်းမာရေးဌာန၊ ပညာရေးဌာန စသည်ကို အုပ်ချုပ်ရသောဝန်ကြီးများသည် ဆိုင်ရာဌာနကို အစိုးရသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်စသော ဣန္ဒြေတရားတို့သည် ယှဉ်ဖော်ယှဉ်ဖက်ဆိုင်ရာ ရုပ်၊ နာမ်တရားတို့အား အစိုးတရ ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုကြသည်။[၁]

တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အကြီးအကဲဖြစ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများဖြင့်လည်း ပမာပြုနိုင်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် အလုံးစုံကို အစိုးရသောကြောင့် အဓိပတိပစ္စည်းဖြင့် ပမာပြုနိုင်ပါသည်။ ဝန်ကြီးများကိုမူ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုစီကိုသာ အစိုးရသောကြောင့် ဣန္ဒြိယပစ္စည်းဖြင့် ပမာပြုနိုင်ပါသည်။ ထီးပြိုင်နန်းပြိုင်မင်းများ၏ အစိုးရခြင်းကို ဣန္ဒြိယပစ္စည်း ယူရပါသည်။ အတုမရှိပြိုင်ဘက်ကင်းသည့် စကြာမင်းတို့၏ အစိုးရမှုကိုမူ အဓိပတိပစ္စည်း ယူရပါသည်။

Indriya Paccaya

Number sixteen, Indriya is faculty or exercising power. How many Indriyas are there? There are 22 Indriyas or faculties. They again are to be found in the seventh chapter. Among them twenty are taken as Indriya Paccaya, faculty condition. Indriya is compared to regional chiefs or ministers as opposed to a universal king or prime minister. The ministers have authority over respective departments, not over everything. In the same way, each Indriya can exercise authority in its own field. For example, eye faculty exercises authority over seeing, not over hearing and so on. Among the 22 Indriyas two are not taken to be the conditioning states in Indriya condition.

They are the two genders, masculinity and femininity. In order to be Indriya condition, it needs to be existing with the conditioned states. Because Indriya belongs also to Atthi group whatever constitutes the Indriya condition must be arising at the same time with what is conditioned. Masculinity or femininity

---

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

arises at the moment of rebirth linking. But at the moment of rebirth linking there are no manners of man or woman, no features of man or woman, no habits of man or woman. That is why they are excluded from Indriya condition.

The others are included In the Indriya condition. There are different kinds of Indriya conditions- physical faculty and mental faculty. Eye faculty, ear faculty and so on are physical faculty. Then there is confidence, effort and so on. They are mental faculty. Then physical life faculty is made one separate faculty. If you remember the 22 faculty factors, you know the conditioning factors in Indriya.[၁၂၂]

ရုပ်ကူးစေခြင်းနှင့် နာမ်ကူးစေခြင်း

ကျန်ခြင်းယပစ္စယောဒ္ဒ ကျန်ခြင်း (၂၂) ပါး ရှိလာပါသည်။ ၎င်းတို့မှာ ရုပ်ကျန်ခြင်း (၈)ပါးနှင့် နာမ်ကျန်ခြင်း (၁၄) ပါးတို့ ဖြစ်ပါသည်။

ရုပ်ကျန်ခြင်း (၈) ပါးမှာ ၁-ရုပ်ဇီဝိတိန္ဒြေ၊ ၂-စက္ခုန္ဒြေ၊ ၃-သောတိန္ဒြေ၊ ၄-ဃာနိန္ဒြေ၊ ၅-ဇိဝှိန္ဒြေ၊ ၆-ကာယိန္ဒြေ၊ ၇-ကျတ္ထိန္ဒြေနှင့် ၈-ပုရိသိန္ဒြေတို့ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဇီဝိတရုပ် (၁) ပါး၊ ပသာဒရုပ် (၅) ပါးနှင့် ဘာဝရုပ် (၂) ပါးတို့ ဖြစ်သည်။ သဂြိုဟ်တွင် ဟဒယဝတ္ထုရုပ် (၁) ပါး ပါဝင်သောကြောင့် ကမ္မဇရုပ် (၉) ပါး ရှိပါသည်။ သို့သော် ဟဒယဝတ္ထုရုပ်သည် ကျန်ခြင်းမထိုက်ပါ။

ဆက်လက်ပြီး နာမ်ကျန်ခြင်း (၁၄) ပါး ရှိပါသည်။ ၎င်းတို့မှာ ၁-မနိန္ဒြေ၊ ၂-သုခိန္ဒြေ၊ ၃-ဒုက္ခိန္ဒြေ၊ ၄-သောမနဿိန္ဒြေ၊ ၅-ဒေါမနဿိန္ဒြေ၊ ၆-ဥပေက္ခိန္ဒြေ၊ ၇-သဒ္ဓိန္ဒြေ၊ ၈-ဝီရိယိန္ဒြေ၊ ၉-သတိန္ဒြေ၊ ၁၀-သမာဓိန္ဒြေ နှင့် ၁၁-ပညိန္ဒြေ၊ ၁၂-အနညာတညဿာမီတိန္ဒြေ၊ ၁၃-အညိန္ဒြေနှင့် ၁၄-အညာတာဝိန္ဒြေတို့ ဖြစ်ပါသည်။

ထိုနာမ်ကျန်ခြင်း (၁၄) ပါးကို တရားကိုယ်ကောက်ပါက အောက်ပါအတိုင်း (၈)ပါးရ၏။ ၁-မနိန္ဒြေသည် စိတ် (၈၉)ပါးပင်တည်း။ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေနှင့် ဥပေက္ခိန္ဒြေဟူသော ကျန်ခြင်း (၅)ပါးတို့သည် ၂-ဝေဒနာစေတသိက် ဖြစ်၏။ ၃-နာမ်ဇီဝိတ၊ ၄-သဒ္ဓိန္ဒြေသည် သဒ္ဓါစေတသိက်၊ ၅-ဝီရိယိန္ဒြေသည် ဝီရိယစေတသိက်၊ ၆-သတိန္ဒြေ သတိစေတသိက်၊ ၇-သမာဓိန္ဒြေသည် ဧကဂ္ဂတာ စေတသိက်နှင့် ၈-ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေနှင့် အညာတာဝိန္ဒြေတို့သည် ပညာစေတသိက်တို့ ဖြစ်ပါသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

စက္ခုန္ဒြေ၊ သောတန္ဒြေစသည့် ဣန္ဒြေ (၆)ပါး

၁။ စက္ခုန္ဒြိယ = စက္ခုပသာဒ= မျက်စိ အကြည်ရုပ်က စက္ခုဝိညာဏ် = မြင်သိစိတ်ကို အစိုးရသည်။ တစ်နည်း စက္ခုန္ဒြေသည် မြင်ခြင်းကိစ္စ၌ တာဝန်ရှိသည် (၀၊) အစိုးရသည်။

၂။ သောတိန္ဒြိယ = သောတပသာဒ = နားအကြည်ရုပ်သည် သောတဝိညာဏ် = ကြားသိစိတ်ကို အစိုးရသည်။ တစ်နည်း သောတိန္ဒြေသည် ကြားခြင်းကိစ္စ၌ တာဝန်ရှိသည် (၀၊)အစိုးရသည်။

၃။ ဃာနိန္ဒြိယ = ဃာနပသာဒ = နှာခေါင်းအကြည်ရုပ်သည် ဃာနဝိညာဏ် = နံသိစိတ်ကို အစိုးရသည်။ တစ်နည်း ဃာနိန္ဒြေသည် နံခြင်းကိစ္စ၌ တာဝန်ရှိသည် (၀၊) အစိုးရသည်။

၄။ ဇိဝှိန္ဒြိယ = ဇိဝှာပသာဒ = လျှာအကြည်ရုပ်သည် ဇိဝှာဝိညာဏ် = အရသာသိစိတ်ကို အစိုးရသည်။ တစ်နည်း ဇိဝှိန္ဒြေသည် အရသာသိခြင်းကိစ္စ၌ တာဝန်ရှိသည် (၀၊) အစိုးရသည်။

၅။ ကာယိန္ဒြိယ = ကာယပသာဒ = ကိုယ်အကြည်ရုပ်သည် ကာယဝိညာဏ်= ကိုယ်အထိ အတွေ့သိစိတ်ကို အစိုးရသည်။ တစ်နည်း ကာယိန္ဒြေသည် ထိသိခြင်းကိစ္စ၌ တာဝန်ရှိသည် (၀၊) အစိုးရသည်။

၆။ မနိန္ဒြိယ = စိတ်သည် အာရုံကို သိခြင်းကိစ္စ၌ အစိုးရသည်။ ထို့ကြောင့် စိတ်က အဆင်းအာရုံ၊ အသံအာရုံ စသည့် အာရုံအသစ်ကို ယူနိုင်ရန် တိုက်ရိုက် မစွမ်းနိုင်သဖြင့် မျက်စိ၊ နား စသည်တို့ကို စေခိုင်းရပါသည်။

ဤနေရာတွင် အကြောင်းဆုံလာသဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ဣန္ဒြေတို့ကို စောင့်စည်းသည့် ရဟန်းတော်တစ်ပါးအား 'ဣန္ဒိယဂုတ္တဒွါရဇေတဒဂ်' ဘွဲ့ထူးကို ချီးမြှင့်တော်မူဖူးသည့်အကြောင်းကို ဖော်ပြပါမည်။

'ဣန္ဒိယဂုတ္တဒွါရ ဇေတဒဂ်' ဘွဲ့ထူးရှင် ညီတော်နန္ဒမင်းသား

ညီတော်နန္ဒထေရ်အလောင်းလျာသည် ပဒုမုတ္တရဘုရားရှင် လက်တော်တွင် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်ခဲ့ဖူးသည်။ တစ်နေ့၌ မြတ်စွာဘုရားရှင်သည် ဣန္ဒြေတို့ကိုစောင့်စည်းသည့် ရဟန်းတော်တို့တွင် အသာဆုံး အမြတ်ဆုံး ဇေတဒဂ် ဆုချီးမြှင့်တော်မူသည်ကို ဖူးမြင်ရလေသည်။

ထိုအခါ အမျိုးကောင်းသားသည် မထေရ်မြတ်ကြီးကို အားကျသဖြင့် ကောင်းမှုအစုစုကိုပြုလျက် ဆုတောင်းပတ္ထနာပြုခဲ့ပါသည်။ ထိုတောင်းဆုသည် ကပိလဝတ်ပြည် နန်းတော်၌ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ ဝမ်းကွဲညီအဖြစ် ဖွားမြင်လာသောဘဝ၌ ပြည့်စုံရန် အကြောင်းဆုံလာပါသည်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ပြီး ဘုရားဖြစ်တော်မူပြီးနောက် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူခဲ့ပါသည်။ ထို့နောက် ညီတော်နန္ဒမင်းသား၏ ရာဇဘိသိက် မင်္ဂလာ၊ ဝိဝါဟဘိသိက်မင်္ဂလာ၊ မဟေသီဘိသိက်မင်္ဂလာစသဖြင့် မင်္ဂလာပေါင်းများစွာကို ရာဇထုံးများနှင့်အညီ ကျင်းပမည့်နေ့၌ ဘုရားရှင်နှင့် နောက်ပါသံဃာတော်တို့အား ဆွမ်းပင့်ထားပါသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပြီး၍ နန်းတော်မှ ပြန်ကြွတော်မူသောအခါ၌ ညီတော်နန္ဒမင်းသား၏ လက်ထဲသို့ သပိတ်ထည့်ပေးတော်မူပါသည်။ နန္ဒမင်းသားသည် မြတ်ဗုဒ္ဓ၏သပိတ်တော်ကိုပိုက်ကာ လိုက်ပါသွားနေစဉ် အလှထွဋ်ခေါင် ဇနပဒကလျာဏီမင်းသမီးချောကလေးက နန်းမဆောင်မှထဲနေ၍ “မောင်တော်ဘုရား၊ မြန်မြန်ကြီးသာ ပြန်လာခဲ့ပါနော်”ဟု ရာဇကုမ္မာရီတို့ စောင့်ထိန်းအပ်သည့်ဣန္ဒြေကိုပင် မထိန်းသိမ်းနိုင်ဘဲ အလောတကြီးမှာ ကြားလေတော့သည်။

ညီတော်နန္ဒမင်းသားသည် မြတ်စွာဘုရားရှင်နှင့်အတူ နိဂြောဓာရုံကျောင်းသို့ ရောက်သောအခါ ညီတော်အား “ရဟန်းပြုမလား”ဟု မေးတော်မူသည်။ နောင်တော်ကြီးဘုရား၏ “ရဟန်းပြုမလား”ဟူသောမေးခွန်းနှင့် နှမတော်လေး၏ “မောင်တော်ဘုရား၊ မြန်မြန်ကြီးသာပြန်လာခဲ့ပါနော်”ဟူသောစကားတို့သည် အစီစဉ်မကျဘဲ ဆန့်ကျင် နေလေသည်။ ရဟန်းပြုလျှင် နှမတော်နှင့် အတူမနေရတော့ပေ။ နှမတော်နှင့် အတူနေပြန်လျှင်လည်း ရဟန်းမဖြစ်တော့ပေ။ နောက်ဆုံး၌မူ နန္ဒမင်းသားသည် ရဟန်းမပြုချင်ဘဲ ရဟန်းဖြစ်လာပါတော့သည်။

သို့သော် ညီတော်နန္ဒသည် ရှင်ရဟန်းဘဝ၌ မပျော်ပိုက်ပေ။ အကြောင်းမှာ ဇနပဒကလျာနီက သူ၏စိတ်အိမ်ကို လွမ်းမိုးခြယ်လှယ်ထားသောကြောင့် ဖြစ်ပါသည်။ ဘုရားရှင်သည် ညီတော်၏ ဒုက္ခကိုသိတော်မူသောကြောင့် တန်ခိုးတော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်သွားတော်မူပါသည်။ နတ်တို့၏သခင် သိကြားမင်း၏ အနီးနေ နတ်သမီးတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆို၍ ရှိခိုးကြသည်။ အရှင်နန္ဒ၏ တစ်သက်မျှော်မှန်းမထားလောက်သည့်အထိ အလွန်တရာလှပသည့် နတ်သမီးတို့ကို မြင်ရပါတော့သည်။

ထိုအခါ အရှင်နန္ဒသည် နောင်တော်ဘုရား၏ စွမ်းဆောင်ချက်အပေါ် အလွန်ပင် အံ့သြမှင်တက်မိနေပါသည်။ ထိုစဉ်အခိုက် ဘုရားရှင်က "နတ်သမီး လိုချင်သလား" ဟု မေးရာ အရှင်နန္ဒက ဟန်မဆောင်နိုင်တော့ဘဲ "လိုချင်ပါတယ်ဘုရား"ဟု ဖြေကြားရှာသည်။ ထိုအခါ ဘုရားရှင်က "သိက္ခာသုံးပါး ဖြည့်ကျင့်ပါ။ နတ်သမီးရရှိရေးကို ငါဘုရားတာဝန်ယူပါ့မယ်"ဟု မိန့်တော်မူသည်။

လူ့ပြည်သို့ ပြန်ရောက်သောအခါ အရှင်နန္ဒသည် နတ်သမီးပိုင်ဆိုင်နိုင်ရန် တရားဘာဝနာကို ကြိုးစား၍ အားထုတ်သည်။ ထိုအခါ အခြားရဟန်းတော်များက "အရှင်နန္ဒက နတ်သမီးလိုချင်လို့ ရဟန်းတရားကို မနေမနား အားထုတ်နေသတဲ့"ဟု ပြက်ရယ်ပြုကြသည်။ ကျီစယ်ကြသည်။

ထိုအခါ အရှင်နန္ဒသည် "ငါ ကွန္ဒြေမစောင့်စည်းမိခဲ့လို့ ရဟန်းတွေရဲ့ ပြက်ရယ်ပြုတာကို ခံနေရပြီ၊ အခုချိန်ကစပြီး ကွန္ဒြေစောင့်စည်းတော့မယ်"ဟု အကြံဖြစ်လာသည်။ ထို့ကြောင့် လောဘ၊ ဒေါသ စသည့် အကုသိုလ်တရားတို့မဖြစ်အောင် သတိသမ္ပဇဉ်အမြဲယှဉ်၍ ကွန္ဒြိယသံဝရပဋိပတ်ကို အထူးကျင့်ကြံတော်မူလျက် ရဟန်းတရားကို ပွားများကြိုးကုတ် အားထုတ်တော်မူလေရာ မကြာမြင့်မီပင် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ နန္ဒမထေရ်သည် ဤသာသနာတော်၌ ကွန္ဒြေတို့ကို စောင့်စည်းရာတွင် အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူပါသည်။

မြတ်စွာဘုရားရှင်သည် "ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ကွန္ဒြိယေသု ဂုတ္တဒ္ဒါရာနံ ယဒိဒံ နန္ဒော"ဟု မိန့်ကြားတော်မူပြီး ကွန္ဒြေတို့ကို စောင့်စည်းခြင်းအရာ၌ အရှင်နန္ဒမထေရ်အား "ဧတဒဂ်ဘွဲ့"ထူးဖြင့် ချီးမြှောက်တော်မူသည်။[၁၂]

ဓနုစဉ်ဘဝထဲက ကွန္ဒြိယပစ္စယော

ဥပုသ်နေ့၌ ဥပုသ်သီလ စောင့်သုံးမည်။ တရားစခန်းဝင်မည်။ ပဌာန်းသင်တန်းတက်မည် စသည်ဖြင့် ကုသိုလ်ကောင်းမှုကို ပြုလုပ်မည်ဟု ဆုံးဖြတ်ထားသည်။ ထိုဆုံးဖြတ်ချက်ကြောင့် နာမ်ကွန္ဒြေ သဒ္ဓါတရားနှင့် ယှဉ်ဖက် စိတ်စေတသိက်တရားတို့က ထက်သန်နေသဖြင့် ရုပ်ခန္ဓာကိုယ်ကောင်ကြီးကပါ ဖျတ်လတ်၊ သွက်လက်၊ ရွှင်လန်းနေပါတော့သည်။ ဤဖြစ်စဉ်တွင် အကြောင်းဓမ္မဖြစ်သည့် နာမ်ကွန္ဒြေသဒ္ဓါတရားက အကျိုးဓမ္မဖြစ်သည့် စိတ္တဇရုပ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။

၁။ နန္ဒတ္ထေရဂါထာဝဏ္ဏနာ၊ ဒုကနိပါတ၊ ထေရဂါထာအဋ္ဌကထာ၊ (ပထမတွဲ၊ နှာ-၃၅၁)

၂။ အရှင်နန္ဒမထေရ်၊ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏မဟာဗုဒ္ဓဝင် (ဆဋ္ဌမတွဲ၊ ပဌမပိုင်း၊ နှာ-၅၃၁)

ဤတွင် ဆန့်ကျင်ဘက်အားဖြင့် နာမ်ကွန်ဇြေတစ်ပါးဖြစ်သည့် သဒ္ဓါတရား လျော့နည်း၊ ညံ့ဖျင်းသွားလျှင် ကိုယ်အမူအရာ၊ နှုတ်အမူအရာဟူသော စိတ္တဇရုပ်တို့လည်း လျော့ရဲသွားသည်ကို မိမိတို့၏ လက်တွေ့ဘဝထဲတွင် နားလည်နိုင်မည်ဖြစ်ပါသည်။ ခံစားမှုဝေဒနာကြောင့်၊ တည်ကြည်မှုသမာဓိကြောင့်၊ စိတ်ကြောင့်၊ အသိဉာဏ်ပညာစသည့် နာမ်ကွန်ဇြေတို့ကြောင့် စိတ္တဇရုပ်ကို ကျေးဇူးပြုရာ၌လည်း ဤနည်းအတူဖြစ်သည်။

အနိန္ဒာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်

ဝိပဿနာတရား ပွားများအားထုတ်နေသည့် ယောဂီက ပဋ္ဌာန်းတရားတော်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ 'ပဋ္ဌာန်းတရားတော်ကို အခြေခံ၍ ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာ'ပွားများ အားထုတ်နေခြင်းသာဖြစ်သည်။

ဆရာ့ထံပါး နည်းခံယူပြီး တရားအားထုတ်နေသည့် ယောဂီ၏ဉာဏ်ထဲ၌ ရုပ်တရား၊ နာမ်တရားတို့သည် ပေါ်ပြီး ပျောက်နေသည်ဟု အထပ်ထပ် ရှုမှတ်လာသောအခါ၌ 'မခိုင်မြဲသည့် သဘောပါတကား'ဟု နားလည်သဘောပေါက်လာခြင်းကပင် 'အနိစ္စာနုပဿနာဉာဏ်' မည်ပေသည်။

တစ်ဖန်ရှုမှတ်နေသည့် ယောဂီ၏ဉာဏ်ထဲ၌ ရုပ်တရား၊ နာမ်တရားတို့သည် ပေါ်ပြီး ပျောက်နေသော ဓမ္မသဘောသဘာဝကိုသာ သိသိနေရသောကြောင့် 'ချမ်းသာမရှိ ဒုက္ခဆင်းရဲ အစုအဝေးကြီးပါတကား' နားလည်သဘောပေါက်လာခြင်းကပင် 'ဒုက္ခာ နုပဿနာဉာဏ်' မည်ပေသည်။

ဆက်လက်ပြီး ယောဂီ၏ဉာဏ်ထဲ၌ ဤရုပ်ဓမ္မနှင့် နာမ်ဓမ္မတို့သည် သူ့သဘောသူဆောင်ပြီး ပေါ်ပြီးပျောက်နေသည်။ မပေါ်ရန်လည်း တားမရသကဲ့သို့ မပျောက်ရန်လည်း တားဆီး၍ မရပါကလားဟု နားလည်လာနိုင်သည်။ ယခုကဲ့သို့ မိမိသဘောဆန္ဒအတိုင်း အစိုးမရဘဲ သူ့သဘောသူဆောင်နေပါတကားဟု နားလည်သဘောပေါက်လာခြင်းကပင် 'အနတ္တာနုပဿနာဉာဏ်'မည်ပေသည်။

လွတ်လမ်းရယ် ဘယ်မဖြင်

ရံခါ၌ လိုချင်မှုလောဘက စိတ်ကို လွှမ်းမိုးခြယ်လှယ်ထားသည်။ ရံခါ မုန်းတီးရန်လိုမှုဒေါသက စိတ်ကို လွှမ်းမိုးခြယ်လှယ်ထားသည်။ ရံခါ တွေဝေမိုက်မဲမှု မောဟက စိတ်ကို လွှမ်းမိုး ခြယ်လှယ်ထားသည်။ ထိုထို အခိုက်အတန့်၌ လူပုဂ္ဂိုလ် သတ္တဝါဟူ၍

မရှိပါ။ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာတို့၏ ကျေးကျွန်ကြီး အဖြစ် ရောက်နေပါသည်။

ထို့ကြောင့် သခင်ဖြစ်သည့် လောဘကိလေသာ၏ စေခိုင်းမှုအရ သူလိုချင်သည့် အာရုံတို့ကို မနားမနေ ရှာဖွေဆက်သနေရသည်။ သခင်ဖြစ်သည့် ဒေါသကိလေသာ၏ စေခိုင်းမှုအရ မုန်းတီးသူကို မရမနေ ဖျက်ဆီးနေရတော့သည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမစကားကို မရရှာသည့် သူလိုကိုယ်လို သာမန်လူသားတို့အဖို့ ကိလေသာ၏ ချုပ်ကိုင်ခြယ်လှယ်မှုကို နားမလည်နိုင်သဖြင့် အရှင်သခင် လောဘ အလိုက်၊ အရှင်သခင် ဒေါသအလိုက်၊ အရှင်သခင် မောဟအလိုက် ဘဝဇာတ်ခုံပေါ်၌ မမောမပန်း သေပွဲဝင်သည့်ထိ ကပြနေရသည်ကိုပင် ဘဝ၏တာဝန်၊ ဘဝ၏ အဓိပ္ပာယ်၊ ဘဝပန်းတိုင်အဖြစ် ရူးရူးမိုက်မိုက် ခံယူနေကြရှာပါသည်။

အချိန်တိုင်း စက္ကန့်မလပ် ရန်သူကိလေသာ၏အလိုက် လုပ်ဆောင်နေရသည်ကိုပင် ရန်သူ့အကျိုးမှန်း မသိ၊ မိမိအကျိုးမှန်း မသိနိုင်လောက်အောင်ပင် အဝိဇ္ဇာ မောဟက ပိပိရိရိ ပိတ်ဖုံး ကာဆီးခံထားရရှာသူ၏ဘဝသည် ထိုရန်သူ့လက်ခုပ်ထဲမှ လွတ်လမ်းရယ် ဘယ်မမြင်ရတော့ပြီ။

ကိလေသာဖြစ်စွဲမရှိနိုင်ရန် ဣန္ဒြေကိုစောင့်စည်းရမည်

ထို့ကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်စသည့် ဣန္ဒြေတို့ကို မစောင့်စည်းဘဲ အသိသတိလွတ်နေသူ၏သန္တာန်၌ ဓာတ်ပုံ၊ Video ရိုက်ထားသည့်ပမာ စွဲထင်ကျန်ရစ်တော့မည်ဖြစ်ပါသည်။ ထိုအခါ နှစ်သက်သာယာမှုများ၊ ပြစ်မှားမှုများလည်း စဉ်ဆက်မပြတ် ခဏမခြား ဖြစ်လာပါတော့မည်။

အကြောင်းဆုံတိုင်း၊ စဉ်းစားမိတိုင်း၌လည်း ယခုမျက်မှောက်၌ပင် ကြားနေ၊ ကြုံနေရသည့်ပမာ ရောင်စုံအဆင်းရုပ်ပုံများ၊ သံစဉ်များ စိတ်ထဲပေါ်နေပေတော့မည်။

မူလအစ အသိသတိလွတ်ကင်းပြီး မြင်ခဲ့၊ ကြားခဲ့၊ ထိတွေ့ခဲ့စဉ်၌ ရွှင်ရွှင်လန်းလန်းရယ်ရယ်ပြုံးပြုံး ဖြစ်ခဲ့ပါမူကား ယခု စိတ်ထဲပြန်ပေါ်လာသောအခါ၌လည်း ရယ်မောရွှင်ပြုံးလျက် ပေါ်ပေမည်။ မူလအစ၌ ရုံ့ရုံ့မဲ့မဲ့ စိတ်ဆိုးမာန်ဆိုးဖြင့် မြင်ခဲ့၊ ကြားခဲ့၊ ကြုံခဲ့ပါကလျှင် ယခုစိတ်ထဲပြန်ပေါ်လာသောအခါ၌ ထိုအတိုင်းပင် စိတ်ဆိုး၊ စိတ်ပျက်နေသည့်ပုံများ စိတ်ထဲပေါ်နေပေမည်။

ဆက်လက်ပြီး မိမိမြင်ခဲ့၊ ကြားခဲ့၊ ကြုံခဲ့ဖူးသည့်အာရုံကို တွေးဆင်ခြင်မိတိုင်း၌ နှစ်သက်သာယာသည့် ရာဂစိတ်၊ မနှစ်သက် သဘောမကျတဲ့သည့် ဒေါသစိတ်အပြင်

မနာလိုဝန်တို ကျွဿာမစ္ဆရိယစိတ်၊ ထောင်လွှားဝင့်ကြွားသည့် မာနစိတ်များ ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော ထိုထိုအာရုံတို့ကို ဆုံခဲ့စဉ်က အသိသတိမရှိ၊ ရှုမှတ်မှု လွတ်ခဲ့သောကြောင့် ဖြစ်ပါသည်။

ကြုံဆုံသည့်အာရုံတိုင်း၌ ဝိပဿနာရှုမှားရမည်

ရှုမှတ်မှုရှိခဲ့ပါက (သို့မဟုတ်) အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာအားဖြင့် အမှန်အတိုင်း သိနိုင်ခဲ့ပါက အကြောင်းဆုံ၍ ထိုထိုအာရုံတို့ကို စဉ်းစားဆင်ခြင်မိသောအခါ၌ ကိလေသာဖြစ်မည် မဟုတ်ပေ။

ဤနေရာတွင် 'အကြောင်းဆုံ၍'ဟူသည်မှာ ဝိပဿနာရှုမှတ်မှုမရှိဘဲ သတိလက်လွတ်၊ အားပါးတရကြုံဆုံခဲ့သည့်အာရုံမှာ ကားမတော်တဆမှု (Car accident) ဆိုပါစို့။ နောင်ကာလကြာသောအခါ မေ့ပျောက်နေခဲ့သော်လည်း တစ်နေရာရာ၌ ထိုမတော်တဆမှု၌ပါခဲ့သော ကားအရောင်ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း မြင်သည်နှင့် တစ်ပြိုုနက်၊ ကြားသည်နှင့် တစ်ပြိုုနက်၊ မမြင်၊ မကြားသော်လည်း တွေးမိသည်နှင့်တစ်ပြိုုနက် ဖြစ်စဉ်အားလုံးပေါ်လာပြီး ခြေတုန်၊ ဒူးတုန်၊ နှလုံးတုန်သည့်အထိ ကြောက်စိတ်က လွှမ်းမိုးလာတတ်သည်။ ထိုအဖြစ်ဆိုးကြီး ယခုပင် ကြုံဆုံနေရသည့်ပမာ ခံစားနေရတတ်ပါသည်။

အကယ်၍ ထိုဖြစ်စဉ်ကြုံနေစဉ်၌ ရှုမှတ်မှုသာ နိုင်နိုင်နင်းနင်း ရှိခဲ့မည်ဆိုလျှင် ယခုအခါ၌ ကြောင့်ကြစိုက်ပြီး တမင်တကာ စဉ်းစားသောအခါ၌ပင် မထင်ရှားသည့် ခံစားမှုမျှသာ ပေါ်နိုင်သည်။

ရှုမှတ်မှုနှင့် ပယ်နှိုင်ပါက ကိလေသာဖြစ်စွဲငှဲ့မရှိပါ

ဝိပဿနာရှုမှတ်မှု နိုင်နင်းလာပါက ကြုံဆုံလာသည့် အာရုံပေါ်၌ ကိလေသာဖြစ်ခွင့် မရှိတော့ပါ။ ထိုရှုမှတ်မှုကပင် ကိလေသာကို ပယ်ခွာထားပြီး ဖြစ်လေသည်။ ထိုနည်းအတူ မကြားဘူး၊ မကြုံဘူး၊ မစားဘူး၊ မမြင်ဘူးသော အာရုံနှင့်စပ်လျဉ်း၍လည်း ကိလေသာဖြစ်ခွင့် မရှိနိုင်ပါ။

ထို့ကြောင့် မကြားရ၊ မကြုံရသောအာရုံနှင့် စပ်လျဉ်း၍ ကိလေသာမဖြစ်ဘဲ ကြားရ၊ ကြုံရ၊ မြင်ရသော အာရုံပေါ်၌သာ ကိလေသာဖြစ်နိုင်သဖြင့် ကိလေသာ ကင်းငြိမ်းပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူသည် ကျွန်ုပ် (၆) ပါးကို စောင့်ရှောက်ရပါမည်။

ဤရှုမှတ်မှု ဖြစ်စဉ်သည် ဝိပဿနာလုပ်ငန်းစဉ်၌ အရေးကြီးသောကြောင့် တစ်နည်း ထပ်၍ ရှင်းပြပါဦးမည်။ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၌ အဆင်းမျှဟူ၍လည်းကောင်း၊ အသံမျှဟူ၍လည်းကောင်း ရှုမှတ်နိုင်ပါက ကြားရုံမျှ၊ မြင်ရုံမျှနှင့် ရပ်စဲသွားမည်။ ပညတ် အာရုံထိ မရောက်နိုင်တော့ပါ။

ဥပမာပြရလျှင် 'ခွေး'ဟူသော စကားသံကို ကြားခါမျှ၌ပင် ခွေးဖြူ၊ ခွေးဝါ၊ ခွေးမည်းဟူ၍ မပေါ်သေးပါ။ အမြီးရှည်၊ အမြီးတိုလည်း မပေါ်သေးပါ။ ထိုဝိထိစိတ်၏ အခြားမဲ့၌ ဝိပဿနာ ရှုမှတ်နိုင်ခဲ့မည်ဆိုလျှင်လည်း ပရမတ်အသံမျှကို အသံဟု သိရုံမျှ သိပေမည်။

မရှုမှတ်နိုင်ခဲ့ပါမူကား ခွေးပုံပန်းသဏ္ဌာန်အထိ ပေါ်လာပေတော့မည်။ ထိုကဲ့သို့ ပညတ်အထိ ပေါ်ခဲ့ပါက နောင်ဆင်ခြင်သောအခါ၌ ကိလေသာဖြစ်မည်။ ငဲ့ခွေး၊ သူ့ခွေး၊ ခိုးတတ်တဲ့ခွေး၊ ကိုက်တတ်တဲ့ခွေး စသည်ဖြင့် ပေါ်လာပါတော့မည်။

ယခုကဲ့သို့ ကိလေသာအထိ ဆက်လက်မဖြစ်ဘဲ ကြားရုံမျှ၊ မြင်ရုံမျှ၌ ရပ်စဲနိုင်ရန် ကြားသိဝိထိ၌ပင် ဝိပဿနာရှုမှတ်နိုင်ခဲ့ပါက ပရမတ်အာရုံ၌ ရပ်တန့်သွားမည်ဖြစ်ပြီး ပညတ်ဘက်သို့ မသက်ရောက်တော့ပါ။

တရားအားမထုတ်ထားသူတို့သည် ထိုထို ကြားစဉ်၊ မြင်စဉ်၊ နံစဉ်တို့၌ စောင့်စည်းမှု မရှိပေ။ စောင့်စည်းရမည်ကိုလည်း မသိကြပေ။ ထို့ကြောင့် ချစ်စရာကောင်းသော အာရုံနှင့်တွေ့ကြုံပါက နှစ်သက်သဘောကျသည့်စိတ်၊ လိုချင်သည့် လောဘစိတ်တို့သည် အစဉ်အမြဲ အတောမသတ် ဖြစ်မြဲဖြစ်နေပါတော့သည်။

ထိုနည်းအတူ မုန်းစရာ၊ မနှစ်သက်စရာ အာရုံများနှင့် ဆုံလျှင်လည်း သဘောမကျသည့်စိတ်၊ မုန်းတီးစိတ်တို့ အထိန်းအကွပ်မရှိ ဖြစ်မြဲဖြစ်နေပါတော့သည်။ ယခုကဲ့သို့ ရှုမှတ်မှုလွတ်ပြီး သူသူကိုယ်ကိုယ် အရပ်ထဲနေသကဲ့သို့ ချစ်စရာကို ပိုချစ်လိုက်ကြ၊ မုန်းစရာကို အလွန်မုန်းလိုက်ကြဖြင့် နေသူတို့ကို 'မွေ့မွေ့လျော်လျော် နေကြသူ'ဟု ခေါ်ပါသည်။

စိတ်ဖြစ်တိုင်း သိသိနေရမည်

ထို့ကြောင့် 'သရာဂ'စိတ်ဖြစ်လျှင်လည်း မိမိသန္တာန်၌ 'သရာဂ'စိတ် ရာဂနှင့်တကွ ဖြစ်သောစိတ်ဖြစ်သည်။ 'ဒိတရာဂ'စိတ်ဖြစ်လျှင်လည်း 'ဒိတရာဂ'စိတ် ရာဂကင်းသောစိတ် ဖြစ်သည်ဟု ဖြစ်တိုင်း၊ ဖြစ်တိုင်းသောစိတ်ကို သိမ်းဆည်း ဆင်ခြင်ရမည်။ ရံခါ မိမိစိတ်ကို ဆင်ခြင်ရမည်။ ရံခါ သူတစ်ပါးစိတ်ကိုလည်း ဆင်ခြင်ရမည်။ သူတစ်ပါးစိတ်ကို ဆင်ခြင်ရာ၌ ထိုသူ၏ မျက်နှာရိပ်၊ မျက်နှာကဲကို မြင်သဖြင့် ထိုသူသန္တာန်၌ 'ရာဂ'စိတ်

ဖြစ်နေသည် ဟူ၍လည်းကောင်း၊ သို့မဟုတ် 'ဝိတရာဂ'စိတ်ဖြစ်နေသည်ဟူ၍ လည်းကောင်း အကဲခတ်၍ မှန်းဆကာ သိရှိနိုင်ပါသည်။

ထိုနည်းအတူ ဒေါသဖြစ်နေလျှင်လည်း 'ဒေါသ'စိတ်ဖြစ်နေသည်ဟူ၍ လည်းကောင်း၊ 'ဝိတဒေါသ'စိတ် ဒေါသကင်းသောစိတ်ဖြစ်နေလျှင်လည်း ဒေါသကင်းသော စိတ်ဖြစ်နေသည်ကို သိမ်းဆည်းဆင်ခြင်ရမည်။ ရံခါ မိမိစိတ်ကို ဆင်ခြင်သိရှိ၍ ရံခါသူ တစ်ပါးစိတ်ကို ဆင်ခြင်သိရှိရမည်။ သူတစ်ပါး၏ဒေါသစိတ်ကို သိရှိရန်မှာလည်း ထိုသူ၏ မျက်နှာရိပ်၊ မျက်နှာကဲကိုမြင်သဖြင့် ထိုသူသန္တာန်၌ ဒေါသစိတ်ဖြစ်နေသည်ကို သိနိုင်မည်ဖြစ်သည်။

ထို့ထို့စိတ်တို့သည် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီးချုပ်သည်

မိမိသန္တာန်၌ဖြစ်သော စိတ်ကိုလည်းကောင်း၊ သူတစ်ပါးသန္တာန်၌ဖြစ်သော စိတ်ကို လည်းကောင်း ဤစိတ်တို့သည် ရာဂဖြစ်ဖွယ်ရာအကြောင်း ပေါ်ပေါက်လာသောအခါ၌ 'သရာဂ'စိတ်ဖြစ်ကြသည်။ ရာဂဖြစ်ကြောင်း ချုပ်သောအခါ 'သရာဂ'စိတ်တို့သည် ချုပ်ငြိမ်းကြသည်။ ထို့အတူ ဒေါသဖြစ်ဖွယ်ရာအကြောင်း ပေါ်ပေါက်လာသည့်အခါ၌ 'သဒေါသ'စိတ် ဖြစ်ကြသည်။ ဒေါသဖြစ်ကြောင်း ချုပ်သောအခါ 'သဒေါသ'စိတ်တို့သည် ချုပ်ငြိမ်းကြသည် စသည်ဖြင့် ဆင်ခြင်ပွားများကြရမည်။

ထိုစိတ်တို့၏ ဖြစ်ပေါ်ခြင်း သမုဒယသဘောကိုလည်း ဆင်ခြင်ရမည်။ ထိုစိတ်တို့၏ ပျက်ခြင်း၊ ပျောက်ကွယ်ခြင်း ဝယသဘောကိုလည်း ဆင်ခြင်ရမည်။ အဖြစ်အပျက်သဘောကိုမူလည်း ဆင်ခြင်ရမည်။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကြ၍ အကြောင်းချုပ်က ချုပ်ပျောက်ခြင်းသဘောရှိသော စိတ်သာလျှင် ဖြစ်ပေသည်ဟု ဆင်ခြင်ရမည်။

ဆင်ခြင်ဖန်များလာလျှင် စိတ်၌ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာမည်။ စိတ်၌ ငြီးငွေ့လာမည်။ တပ်မက်နှစ်သက် သာယာသောသဘော ကင်းပါးလာမည်။ စိတ်၏ တည်မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်မှ အစပြု၍ ကရဇကာယရုပ်စုကြီး၌ ငြီးငွေ့၍ လာပေမည်။

ထိုအခါ စိတ်နှင့်တကွ စိတ်၌ယှဉ်ကြသော စေတသိက် တရားဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့၌လည်းကောင်း၊ ရူပက္ခန္ဓာတို့၌လည်းကောင်း ခန္ဓာငါးပါးလုံး၌ တွယ်တာတပ်မက် နှစ်သက်သာယာခြင်းကင်းကာ ငြီးငွေ့ခြင်း ဖြစ်သဖြင့် လောက၌ တစ်စုံတစ်ရာ စွဲလမ်းခြင်းဥပါဒါန်တို့မှ ကင်းလွတ်လေတော့သည်။

သစ္စာလေးပါးတရားမြတ်

သရာဂစိတ်၊ ဒိတရာဂစိတ်၊ သဒေါသစိတ်၊ ဒိတဒေါသစိတ် စသည်ဖြင့် မိမိသန္တာန်၌ ဖြစ်ပေါ်သောစိတ်တို့ကို သိမ်းဆည်းသောသတိသည် 'ဒုက္ခသစ္စာ'ပေတည်း။ ဒုက္ခသစ္စာ ဖြစ်ကြောင်းဖြစ်သော ရှေးအဖို့ကဖြစ်သော တဏှာလောဘသည် သမုဒယသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ တို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာဖြစ်သည်။ ဒုက္ခသစ္စာကို ဒုက္ခသစ္စာအဖြစ်ဖြင့် သိရှုခြင်း၊ ယင်းဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို ပယ်ခြင်း၊ ဒုက္ခသမုဒယတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာဖြစ်သည်။ ဤသို့လျှင် စိတ္တာနုပဿနာဘာဝနာကို ပွားများသောယောဂီသည် စိတ္တာနုပဿနာဘာဝနာကို ပွားများ ဆင်ခြင်ဖန်များလာသောအခါ၌ သစ္စာလေးပါးတို့ကို ကိုယ်တိုင်ဒိဋ္ဌသိမြင်၍ သိန္ဒြိဋ္ဌကဂုဏ်၊ အကာလိကဂုဏ်တို့နှင့် ပြည့်စုံသော အရိယာအဖြစ်သို့ ရောက်နိုင်ကြပေသည်။[၁]

ဧကာယနမည်သော တစ်ကြောင်းတည်းသောလမ်း

'ဧကာယန'ဟု ဆိုအပ်သော သတိပဋ္ဌာန်တရားတော်ကို မသိမမြင်ကြကုန်သော အန္ဓပုထုဇဉ်တို့သည်ကား ရုပ်စင်ကြယ်လျှင် ကိလေသာတို့မှ စင်ကြယ်သည်ဟူသော အယူမှားကို ယူကြသည်။ ထို့ကြောင့် ဂင်္ဂါမြစ်၌ ရေချိုးခြင်း၊ ကိုယ်၏အညစ်အကြေးကို ဆေးကြောခြင်းဖြင့် ကိလေသာအညစ်အကြေးများ စင်ကြယ်သည်ဟူသော မိစ္ဆာအယူကို ယူကြလျက် ရုပ်စင်ကြယ်မှုကို ပြုလုပ်ကြသည်။ ဤတွင် -

'ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။ ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။'[၂]

'သတ္တဝါတို့သည် ရုပ်ညစ်နွမ်းလျှင် ကိလေသာတို့ ညစ်နွမ်းကြကုန်၏။ ရုပ်စင်ကြယ်လျှင် သတ္တဝါတွေ ကိလေသာမှ စင်ကြယ်ကြကုန်၏'ဟူ၍ မြတ်စွာဘုရား ဟောတော်မမူခဲ့ပါ။

'စိတ္တေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။ စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ'။[၃]

'သတ္တဝါတို့သည် စိတ်သန့်ရှင်း စင်ကြယ်သဖြင့်သာလျှင် ကိလေသာတို့မှ စင်ကြယ်ကြကုန်၏။ စိတ်သည် ကိလေသာတို့မှ စင်ကြယ်သည်ရှိသော် စင်ကြယ်ခြင်းအစစ်ဖြစ်ကြကုန်၏'ဟူ၍သာ မြတ်စွာဘုရား ဟောတော်မူခဲ့သည်ကို သတိပြုကြရပါမည်။

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် (နှာ-၃၉၂)

၂။ ၃။ ကာယာနုပဿနာ၊ ဣရိယာပထပဗ္ဗဝဏ္ဏနာ၊မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၃၈)

မြတ်စွာဘုရားရှင်သည် ဆက်လက်ပြီး 'စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ'ဟူ၍ ဟောတော်မူပါသည်။ ဆိုလိုသည်မှာ 'ရဟန်းတို့ စိတ်ညစ်နွမ်းလျှင် သတ္တဝါတို့ ညစ်နွမ်းကြသည်။ စိတ်စင်ကြယ်မှသာ သတ္တဝါတို့ သန့်ရှင်းဖြူစင်ကြသည်'ဟု ဟောကြားတော်မူပါသည်။

ပွားများရမည့် စိတ္တာနုပဿနာသတိပဋ္ဌာန်

သို့ဖြစ်ပါ၍ စိတ်၌ ကိလေသာအညစ်အကြေးတို့ စင်ကြယ်နိုင်ရန်အတွက် မိမိစိတ်ကိုမိမိ မပြတ် ကြည့်ရှုဆင်ခြင်၍ သရာဂစိတ်၊ သဒေါသစိတ် စသည့် ညစ်ထေးသောစိတ် မဖြစ်စေရန်၊ ကိလေသာ အညစ်အကြေး မကပ်ရောက်နိုင်စေရန်အတွက် စိတ္တာနုပဿနာသတိပဋ္ဌာန်ဘာဝနာကို ပွားများ အားထုတ်ကြရမည်ဖြစ်သည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်တရားကြောင့် သတ္တဝါတို့သန္တာန်၌ ကိလေသာ အယုတ်တရားတို့မှ လွတ်ကင်း၍ သန့်ရှင်းဖြူစင်သော အရိယာစိတ်ဖြစ်သည်။ ထိုမျှမက သောကမီးကြောင့် ပူဆွေးနေသော သတ္တဝါတို့သည်လည်း အပူငြိမ်းစေနိုင်သည်။ ပရိဒေဝမီးတောက်လောင် ကာငိုကြွေးနေသော သတ္တဝါတို့သည်လည်း အငိုတိတ်စေနိုင်သည်။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်နေသော သတ္တဝါတို့၏ ဒုက္ခဒေါမနဿတို့ကိုလည်း ချုပ်ပျောက်စေနိုင်သည်။ ထိုမျှသာမက စိတ္တာနုပဿနာကို ပွားများလေ့လာသော ပုဂ္ဂိုလ်သည် သေခြင်းကင်းငြိမ်းရာ အမတအငြိမ်းဓာတ် တရားမြတ်ကိုလည်း မျက်မှောက်ပြုနိုင်သည်။[၁]

ဆန္ဒထက်သန်သူမှသာ အရိယာဖြစ်မည်

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် တည်တံ့ပြန့်ပွားနေသည့် ယနေ့ကာလတွင် ဘဝသံသရာလွတ်မြောက်နိုင်ရန် နည်းလမ်းကောင်း (၇) သွယ်ရှိသည်။

၁။ သီလသိက္ခာကို စောင့်ထိန်းရာ၌ စိတ်ဆန္ဒ ထက်သန်ရမည်။
၂။ တရားကို ဆင်ခြင်ရာ၌ စိတ်ဆန္ဒ ထက်သန်ရမည်။
၃။ ကိလေသာတဏှာကို တူးဖြိုရာ၌ စိတ်ဆန္ဒ ထက်သန်ရမည်။
၄။ ဆိတ်ငြိမ်ရာတွင် တစ်ဦးတည်းနေခြင်း၌ စိတ်ဆန္ဒ ထက်သန်ရမည်။
၅။ လုံ့လဝီရိယအရာ၌ စိတ်ဆန္ဒ ထက်သန်ရမည်။
၆။ သတိပညာ၌ စိတ်ဆန္ဒ ထက်သန်ရမည်။
၇။ အရိယာဖြစ်ရန် စိတ်ဆန္ဒ ထက်သန်ရမည်ဟု ပါဠိတော်၌ လာရှိပါသည်။

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော်ကို မှီငြမ်းပါသည်။

တည်ကြည်ဖွယ် ကျန်းမာရေးရှိသည့် နိဗ္ဗောဓသာမဏေ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း ၂၀၀ ကျော်ကာလတွင် အသောကမင်းသည် ဇမ္ဗူဒိပ်ကျွန်း၌ ဧကရာဇ်ဘုရင်ဖြစ်လာပါသည်။ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် အဝတ်သင်္ကန်းမဆည်းသော အစေလကတိတ္ထိ ၆ သောင်းတို့အား နေ့စဉ် ဝတ်ထား၍ လုပ်ကျွေးပြုစုသည်။ အသောကမင်းတရားကြီး နန်းတက်လာသော အခါ၌လည်း ထိုထိုတိတ္ထိတို့အား ဆက်လက်၍ လှူဒါန်းထောက်ပံ့၍ နေလေသည်။

မင်းကြီးသည် လျှပ်ပေါ်လော်လီသော ကျွန်ုပ်ဖြင့် ထိုတိတ္ထိ ပရိဗိုဇ်တို့က လှုပ်လှုပ်ခတ်ခတ် နေထိုင်စားသောက်နေကြသည်ကို နေ့စဉ်မြင်ရသောအခါ 'ဤသူတို့၌ မြတ်သောတရား မရှိလေရာ၊ သွားလာနေထိုင်ရာတွင် ငြိမ်သက် သိမ်မွေ့ခြင်းလည်း မရှိ၊ ပကတိကာမဘောဂီ လူယောကျ်ား၊ မိန်းတို့ကဲ့သို့ပင်တကား'ဟု စိတ်ပျက်စွာ ရေရွတ်မိနေလေသည်။

မင်းကြီးက ထိုသူတို့သည် သူကောင်းသူမြတ်မဟုတ်မှန်း သိတော်မူ၍ ထိုသူတို့နှင့် သင့်လျော်ရုံ ပူဇော်သက္ကာရကို ပြုတော်မူသည်။ ကိုးကွယ်ဆည်းကပ်မှုနှင့် စပ်လျဉ်း၍ မင်းကြီး၏ရင်ထဲ ကျေနပ်နှစ်သက် အားရသည်ဟူ၍ မရှိခဲ့ပေ။

တစ်နေ့သောအခါတွင် နိဂ္ရောဓသာမဏေသည် သပိတ်၊ သင်္ကန်းတို့ကိုပြင်လျက် မယ်တော်၏အိမ်သို့ ဆွမ်းအလို့ငှာ ကြွလာတော်မူသည်။ သိရိဓမ္မာသောကမင်းကြီးသည် လေသာပြတင်းဝ၌ ရပ်လျက် အရှေ့အရပ်သို့ ကြည့်နေစဉ် မင်းရင်ပြင်သို့ ဖြတ်သန်းလာသော နိဂ္ရောဓသာမဏေငယ်ကို မြင်တော်မူသဖြင့် ချစ်ခင်ကြည်ညိုစိတ် ဖြစ်သွားလေသည်။

"လောကကြီး၌ မြင်မြင်သမျှသော လူအပေါင်းတို့ကား မတည်ကြည်သော နှလုံးရှိ၏။ ကျွန်ုပ်တို့သည် လျှပ်ပေါ် လော်လီ၍နေသည်။ ကျော့ကွင်း၌ မိနေသော သားသမင်ပမာ တုန်လှုပ်၍နေသည်။ မငြိမ်မသက် ဖြစ်လျက်နေသည်။ နန်းရင်ပြင်၌ သွားနေသော ဤသာမဏေငယ်သည်ကား အလွန်ပင် တည်ကြည်သော ကျွန်ုပ်ရှိနေ၏။ သူ၏အမူအရာတို့သည် လွန်စွာ သိမ်မွေ့ပေစွတကား။ ဤသာမဏေငယ်၏ကိုယ်တွင်း၌ မြတ်သောတရား ရှိပေရာ၏"ဟု ကြံတွေးနေလေသည်။

ထို့ကြောင့် အမတ်ကြီးတို့အား သာမဏေကို ပင့်စေသည်။ နန်းတော်သို့ ရောက်သောအခါ၌ မင်းကြီးက "သင့်လျော်သောနေရာ၌ နေလော့"ဟုပြောသည်။ သာမဏေသည် ဤနေရာ၌ မိမိထက် သိက္ခာကြီးသည့် ရဟန်းမရှိသောကြောင့် မင်းကြီး၏လက်သို့

သပိတ်ပေးပြီး ရာဇပလ္လင်ထက်သို့ တက်ထိုင်လေသည်။ မင်းကြီးသည် ဆွမ်း၊ ခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ဆွမ်းဘုဉ်းပြီးသောအခါ မင်းကြီးအား 'အပ္ပ မာဒေါ အမတံ ပဒံ'စသော ဂါထာကို ဟောကြားပါသည်။ မင်းကြီးသည် တရားနာကြား ပြီးသောနောက်၌မူ ထိုထိုတိတ္ထိတို့အား လှူသောဆွမ်းဝတ်ကို ဖြတ်လိုက်ပြီး နေ့စဉ် သံဃာတော် ၆ သောင်းအား ဆွမ်းဆက်ကပ် လှူဒါန်းပါတော့သည်။

ထို့ကြောင့် ဣန္ဒြေစောင့်စည်းလျက် ဆွမ်းခံကြွလာတော်မူသည့် နိဂြောဓသာမဏေ ကို ဖူးမြင်ရသော အသောကမင်းတရားကြီးသည် သဒ္ဓါတရားများ ထက်သန်လာပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်၌ လွန်စွာ သက်ဝင်ကြည်ညိုကာ သာသနာပြု မင်းတစ်ပါး ဖြစ်လာပါတော့သည်။[၁၂]

ဣန္ဒြေထက်စောင်းတရား (၉) ပါး

မဟာစည်ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်လင်္ကာများဖြင့် ဣန္ဒြေထက်ကြောင်း တရား (၉) ပါးကို ဖော်ပြပါမည်။

၁။ ဖြစ်တိုင်းရုပ်နာမ်၊ ချုပ်ပျက်ဟန်၊ ဧကန်ရှုရမည်။
၂။ ရှုမှတ်မှုမှာ၊ ရိုသေကာ၊ ကောင်းစွာပြုရမည်။
၃။ မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်။
၄။ သင့်လျော်လှစွာ၊ ခုနစ်ဖြာ၊ ကောင်းစွာမှီရမည်။
၅။ စိတ်တည်ငြိမ်ကြောင်း၊ နိမိတ်ဟောင်း၊ ကောင်းကောင်းမှတ်ရမည်။
၆။ သင့်တင့်လျောက်ပတ်၊ ဗောဇ္ဈင်မြတ်၊ မပြတ်ပွားရမည်။
၇။ ကိုယ်နှင့်အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်။
၈။ ရှုစဉ်ပေါ်ရိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးနိုင်ရမည်။
၉။ လမ်းဆုံးမရောက်၊ လက်မမြွောက်၊ တောက်လျှောက်သွားရမည်။

ဤ ဣန္ဒြေထက်ကြောင်း အခြင်းအရာတို့ကို တဒင်္ဂတစ်ခဏမျှ ထက်သန်နေခြင်း မဟုတ်ဘဲ ယခုရောနောင်ပါ ပန်းတိုင်သို့ မရောက်မချင်း ထက်သန်နေရမည်။

၁။ တတိယသင်္ဂီတိကထာ၊ ဗာဟိရနိဒါနကထာ၊ ပါရာဇိကဏ္ဍအဋ္ဌကထာ (ပထမတွဲ၊ နှာ-၃၂)
၂။ မဟာဝင်ဝတ္ထု၊ ဝင် ၉ ဝင်ဝတ္ထု (ပထမတွဲ၊ နှာ-၁၃၀)

ကျန်ဒြေငါးပါး တစ်လုံးတစ်စည်းတည်းဖြစ်ခြင်း

ထွက်သက်ဝင်သက်အစရှိသော သတိပဋ္ဌာန်အာရုံ၌ စိတ်၏ မငြိမ်မသက်မှုကို သမာမာဓိဒြေကြ ပယ်သတ်သည်။ စိတ်၏ တွေဝေမှုန်မှေးမှုကို ပညာဒြေကြ ပယ်သတ်သည်။ ရှေးဦးဖြစ်သော သဒ္ဓါဒြေ၊ ဝီရိယဒြေ၊ သတိဒြေ (၃) ပါးတို့ကား သမာဓိဒြေ၊ ပညာဒြေ (၂) ပါးတို့ကို အထွတ်အမြတ်သို့ရောက်အောင် မင်းမြောက်သမားတို့ပေတည်း။

ကာယဂတာသတိပဋ္ဌာန်တည်ထောင်မိ၍ စိတ်ကို အစိုးရသူအဖြစ်သို့ ရောက်ကြသောအခါ၌ သမထလမ်းသို့ လိုက်ခဲ့လျှင် သမာဓိဒြေသည် သမာပတ်ရှစ်ပါး ဖြစ်လာ၏။ ပညာဒြေသည် ဣန္ဒြိယ အစရှိသော အဘိညာဉ် (၅) ပါး ဖြစ်လာသည်။

ဝိပဿနာလမ်းသို့ လိုက်ခဲ့လျှင် သမာဓိဒြေသည် သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိ (၃) ပါး ဖြစ်လာသည်။ ပညာဒြေသည် ဒိဋ္ဌဝိသုဒ္ဓိ အစရှိသော ပညာဝိသုဒ္ဓိ (၅) ပါး၊ အနုပဿနာဉာဏ်သုံးပါး၊ ဝိပဿနာဉာဏ်ဆယ်ပါး၊ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး၊ ပစ္စဝေက္ခဏာဉာဏ် (၂၆) ပါး ဖြစ်လာသည်။[၁]

ဤနေရာတွင် သာမဏေငယ်က ပေါဋ္ဌိလမထေရ်ကြီးအား ပေးခဲ့သည့်ကမ္မဋ္ဌာန်းကိုလည်း လေ့လာမှတ်သားသင့်ပါသည်။

ပေါဋ္ဌိလမထေရ်မြတ်

ပေါဋ္ဌိလမထေရ်သည် ခုနစ်ဆူသော (ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသော) ဘုရားရှင်တို့၏ သာသနာတော်၌ ပိဋကတ်သုံးပုံကို ဆောင်ပြီး ရဟန်း (၅၀၀) တို့အား စာပေပို့ချတော်မူသည်။ သို့ပါသော်လည်း ဂေါတမမြတ်စွာဘုရားရှင်သည် ပေါဋ္ဌိလမထေရ်အား 'တုစ္ဆ'ဟူ၍ မကြာခဏ မိန့်တော်မူလေ့ရှိသည်။ တုစ္ဆဟူသည် အချည်းနှီး (Empty) ဟု အဓိပ္ပာယ်ရပါသည်။

ပေါဋ္ဌိလမထေရ်က "ငါကား အဋ္ဌကထာနှင့်တကွ ပိဋကတ် (၃) ပုံကို ဆောင်နိုင်ရုံမကဘူး ရဟန်း (၅၀၀)ရဲ့ဆရာဖြစ်တယ်။ ဒါတင်မကသေးဘူး ၁၈ ဂိုဏ်းမှာလည်း စာပေပို့ချနိုင်စွမ်းတယ်။ သို့ပါသော်လည်း မြတ်စွာဘုရားရှင်က အချည်းနှီး (Empty)လို့ မိန့်တော်မူတာက တရားအားထုတ်စေချင်တာ ဖြစ်ရမယ်"ဟု ကြံစည်ပြီး သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်းယူ၍ တောထွက်တော်မူခဲ့သည်။

၁။ လယ်တီဆရာတော်ကြီး၏ဗောဓိပက္ခိယဒီပနီ။

ယူဇနာ (၁၂၀) ဝေးသောတောင်၌ ရဟန္တာအပါး ၃၀ သီတင်းသုံးရာ တောကျောင်းတစ်ကျောင်းသို့ ရောက်သောအခါ သံဃာ့မထေရ်ကြီးအား "အရှင်ဘုရား - တပည့်တော်ရဲ့ အားကိုးအားထား မှီခိုစရာ ဖြစ်တော်မူကြပါဘုရား"ဟု လျှောက်ထားသည်။ ရဟန္တာမထေရ်မြတ်ကြီးက 'ပေါဠိလရဟန်းက ပိဋကတ် ၃ ပုံ တတ်မြောက်တဲ့အတွက် မာန်မာနရှိနိုင်တယ်'ဟု ဆင်ခြင်တော်မူပြီး ဒုတိယမထေရ်ထံသို့ စေလွှတ်တော်မူသည်။

ထိုဒုတိယမထေရ်သည်လည်း ပထမ မထေရ်ကြီးကဲ့သို့ ဆင်ခြင်တော်မူပြီး အခြားတစ်ပါးထံသို့ စေလွှတ်တော်မူသည်။ ဤသို့ဖြင့် နောက်ဆုံး၌ ခုနစ်နှစ်သား အရွယ်သာရှိသော သာမဏေငယ်၏အထံသို့ စေလွှတ်တော်မူကြသည်။

ထိုအခါ ပေါဠိလရဟန်းသည် မာန်မာနကိုပယ်ချကာ သာမဏေငယ်၏အထံ၌ လက်အုပ်ကိုချီလျက် "သူတော်ကောင်းသာမဏေ - အကျွန်ုပ်၏ မှီခိုအားထားစရာ ဖြစ်တော်မူပါလော့"ဟု လျှောက်သည်။

သာမဏေငယ်က "အံ့ဖွယ်ရှိပေစွဘုရား။ အဘယ်ကြောင့် အခုလိုပြောရတာပါလဲဘုရား။ အရှင်ဘုရားတို့သည် ကြီးပါကုန်၏။ ဗဟုသုတလည်း ရှိပါကုန်၏။ အရှင်ဘုရားတို့၏ အထံမှာပင် တပည့်တော်တို့ သင်စရာတွေကို သင်ရမှာပါဘုရား"ဟု လျှောက်ရာ "သူတော်ကောင်း ဤသို့ မပြောပါနှင့်၊ အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်ပါလော့"ဟု လျှောက်သည်။

"အရှင်ဘုရား၊ အကယ်၍ ဆုံးမတိုင်း နာယူလိုက်နာနိုင်သည်ဖြစ်အံ့၊ အရှင်ဘုရား၏ မှီခိုရာဖြစ်ပါမည်"၊ "သူတော်ကောင်း ဆုံးမတိုင်း နာယူလိုက်နာပါမည်၊ မီးပုံကြီးထဲ ဆင်းဆိုလျှင် ဆင်းပါမည်"ဟု လျှောက်သဖြင့် သာမဏေငယ်က "ဒီလိုဆိုရင် အရှင်ဘုရား ယခုဝတ်ရုံထားသည့်သင်္ကန်းဖြင့် ဤရေအိုင်သို့ ဆင်းပါလော့"ဟု ပြောကြားသည်။

သာမဏေငယ်သည် အရှင်ပေါဠိလ သင်္ကန်းသုံးထည်နှင့် လာသောအဖြစ်ကို သိလျက် အဆုံးအမကို လိုက်နာပြုကျင့်မည်။ မပြုကျင့်မည်ကို သိနိုင်ရန် စုံစမ်းလို၍ ရေအိုင်ကို ညွှန်ပြပြီး ဆင်းခိုင်းခြင်းဖြစ်သည်။ အရှင်ပေါဠိလသည် သာမဏေငယ်၏ စကားတစ်ခွန်းတည်းဖြင့် ရေအိုင်ထဲသို့ ဆင်းသွားပါသည်။ သင်္ကန်းစွန်း ရေစိုစွတ်သဖြင့် သာမဏေကလေးက "အရှင်ဘုရား ကြွပါဘုရား"ဟု ပင့်လေသည်။ အရှင်ပေါဠိလသည် ပြန်ကြွလာပြီး ကမ်းစပ်ကိုရင်လေး၏ရှေ့၌ ရပ်နေပါသည်။ ထိုအခါ ကိုရင်ကလေးက ကမ္မဋ္ဌာန်းပေးပါသည်။

"အရှင်ဘုရား တောင်ပို့တစ်ခုမှာ အပေါက်ခြောက်ပေါက်ရှိပါတယ်။ အဲဒီ တောင်ပို့ထဲကို အပေါက်တစ်ပေါက်ကနေ ဖွတ်တစ်ကောင် ဝင်သွားပါတယ်။ အဲဒီ ဖွတ်ကို ဖမ်းလိုပါလျှင် ကျန်သည့်ငါးပေါက်ကိုပိတ်ပြီး ခြောက်ခုမြောက်ဝင်သည့်အပေါက်မှ ဖမ်းယူရပါတယ်။ အဲဒီဥပမာ အတူပါပဲ။ အရှင်ဘုရားတို့သည် ဒွါရခြောက်ပါး၊ တံခါး ခြောက်ပေါက်တို့တွင် ဒွါရငါးပါး၊ တံခါးငါးပေါက်တို့ကို ပိတ်၍ မနောဒွါရဖြင့် ကမ္မဋ္ဌာန်းတရားရှုပွားတော်မူကြပါကုန်ဘုရား"။

အရှင်ပေါဠိလမထေရ်မြတ်ကြီးသည် ဗဟုသုတရှိ ကျမ်းဂန်တတ်ပုဂ္ဂိုလ် ဖြစ်သည်။ ဤမျှဖြင့် ဆီမီးထွန်းညှိပြသကဲ့သို့ ရှင်းလင်းသွားတော့သည်။ ထို့ကြောင့် "သူတော်ကောင်း ဤမျှဖြင့် တော်လောက်ပါပြီ"ဟု လျှောက်ထားပြီး မိမိ၏ ကရဏ ကာယ ခန္ဓာကိုယ်အတွင်း ဉာဏ်သွင်း၍ ရဟန်းတရားကို အားထုတ်ပါသည်။

အရှင်ပေါဠိလမထေရ်မြတ် တရားအားထုတ်နေသည်ကို ဘုရားရှင်က ဇေတဝန်ကျောင်းတော်မှ မြင်တော်မူသဖြင့် ဩဘာသရောင်ခြည်တော်လွှတ်ပြီး တရားဟောတော်မူပါတယ်။

"ကမ္မဋ္ဌာန်းတရား ကြိုးစားပွားများခြင်းကြောင့် စင်စစ်ပညာ တိုးပွား၏။ ကမ္မဋ္ဌာန်းတရား မကြိုးစား မပွားများခြင်းကြောင့် ပညာကုန်ခန်း ဆုတ်ယုတ်၏။ ပညာပွားခြင်း၊ ဆုတ်ယုတ်ခြင်း ခရီးနှစ်ဖြာ လမ်းနှစ်မြွောကို သိပြီး၍ ပညာတိုးပွားသော အခြင်းအရာဖြင့် မိမိကိုယ်ကို သွင်းထားရာ၏"ဟူသော ဒေသနာတော်၏အဆုံး၌ ပေါဠိလမထေရ်သည် အရဟတ္တဖိုလ်၌ တည်လေတော့သည်။[၁]

ဣန္ဒြိယပစ္စယောဆုတောင်း

"တိုင်းပြည်တွင်း၌ မျူးကြီးမတ်ရာ သေနာပတိတို့က
မိမိတို့နှင့် ဆိုင်ရာဆိုင်ရာကိစ္စရပ်တို့၌ အသီးသီး စိုးပိုင်အုပ်ချုပ်ကြသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ကောင်းသော ရုပ်တရား နာမ်တရားတို့က
အသီးသီးလွှမ်းမိုး ခြယ်လှယ်စိုးပိုင်ကြပြီး အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကို
မျက်မှောက်ပြုနိုင်သည့်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား"

၁။ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၂၆၄)

ကွန်ဒြိယပစ္စယာ သိမ္ဘတ်ပွယ်

ကွန်ဒြိယပစ္စည်း၏ ကျေးဇူးပြုပုံမှာ


ကွန်ဒြိယပစ္စည်းသည် ရုပ်တရားက နာမ်တရား (Matter to Mind) ကိုလည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to Matter)ကိုလည်းကောင်း၊ နာမ်တရားက နာမ်နှင့် ရုပ်တရား (Mind to Mind and Matter)ကိုလည်းကောင်း ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ကွန်ဒြိယပစ္စယော(ကု၊ကု + ဗျာ)ဝိထိ

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကွန်ဒြိယပစ္စယေန ပစ္စယော။(ကု၊ ကု၊ ဗျာ-၃)
ကုသလာ ကွန်ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကွန်ဒြိယပစ္စယေန ပစ္စယော။[၁]

ကုသိုလ်စိတ်၌ရှိသော ၁-နာမ်ဇီဝိတ၊ ၂-စိတ်၊ ၃-ဝေဒနာ၊ ၄-သဒ္ဓါ၊ ၅-ဝီရိယ၊ ၆-သတိ၊ ၇-သမာဓိနှင့် ၈-ပညာတည်းဟူသော နာမ်ကွန်ဒြေရှစ်ပါးတို့သည် အတူယှဉ်၍ဖြစ်သော နာမ်ခန္ဓာလေးပါးတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ကွန်ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။။[၂]

ကုသိုလ်ဇော



ပုံပါ စက္ခုဒွါရဝီထိအစဉ်၏ အဓိပ္ပာယ်ရှင်းလင်းချက်

(၁) စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှာဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ စသည်တို့ရှိသည့်အနက် စက္ခုဒွါရဝီထိကို ဥပမာပြပါသည်။

(၂) ကုသလာ ကွန်ဒြိယာ ၊အကုသလာ ကွန်ဒြိယာ တို့ ရှိသည့်အနက် ကုသလာ ကွန်ဒြိယာ ကိုသာ ဥပမာပြပါသည်။

(၃) 'ကုသလာ ကွန်ဒြိယာ'= ၁-နာမ်ဇီဝိတ၊ ၂- စိတ်၊ ၃-ဝေဒနာ၊ ၄-သဒ္ဓါ၊ ၅-ဝီရိယ၊ ၆-သတိ၊ ၇-သမာဓိနှင့် ၈-ပညာတည်းဟူသော နာမ်ကွန်ဒြေရှစ်ပါး။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၅၆)
၂။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဥ္စာဝါရ (အပိုင်း-၁၊ နှာ-၉၀)

(၄) 'သမ္မယုတ္တကာနံ ခန္ဓာနံ'ဟူသည် သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိကစိတ်နှင့် စေတသိက် (၃၈) လုံး ဖြစ်သည်။

(၅) 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူသည် ထိုကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်။

(၆) 'ကျန္ဒြိယပစ္စယေန ပစ္စယော'ဟူသည် ကျန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) ဝီထိအစဉ်ကို ရေးဆွဲထားသည့် Pulse ခုံးပုံ၏အစကို 'ဥပါဒ်-ဖြစ်'ဟူ၍ လည်း ကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်' ဟူ၍ လည်းကောင်း ကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ ဝတ္ထုပုရေဇာတိန္ဒြိယတွင် ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ၁။ စက္ခုပသာဒမျက်စိအကြည်ရုပ်၊ ၂။ သောတပသာဒ နားအကြည်ရုပ်၊ ၃။ ဃာနပသာဒ နှာခေါင်းအကြည်ရုပ်၊ ၄။ ဇိဝှာပသာဒ လျှာအကြည်ရုပ်နှင့် ၅။ ကာယပသာဒ ကိုယ်အကြည်ရုပ်တို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဒွေပဉ္စဝိညာဉ် (၁၀) ပါးနှင့် စေတသိက် (၇)ပါး တို့ ဖြစ်ပါသည်။

၂။ ရူပဇီဝိတိန္ဒြိယ၌ ရုပ်တရားက ရုပ်တရားကို ကျေးဇူးပြုရာတွင်-

ပစ္စယဟူသော အကြောင်းတရားမှာ - ရုပ်ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉) ပါး ဖြစ်ပါသည်။

၃။ သဟဇာတိန္ဒြိယ၌ နာမ်တရားက နာမ်နှင့် ရုပ်တရားကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ၁။ နာမ်၏အသက်ဖြစ်သည့် နာမ်ဇီဝိတ၊ ၂။ စိတ်၊ ၃။ ဝေဒနာ၊ ၄။ သဒ္ဓါ၊ ၅။ ဝီရိယ၊ ၆။ သတိ၊ ၇။ သမာဓိနှင့် ၈။ ပညာ တည်းဟူသော နာမ်ကျန္ဒြေရှစ်ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်ပါသည်။

၁။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီး ဦးခင်မောင်သန်း၏ ပဋ္ဌာန်းပုစ္ဆာဝါရဆိုင်ရာစာတမ်းမှ ဝီထိစဉ် Pulse ခုံးပုံကို မှီငြမ်းသည်။

၁၇။ ဈာနပစ္စယော
စူးစူးစိုက်စိုက် ရှုတတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း
Jhana Paccaya (Jhana condition)

ပစ္စယနိဒ္ဒေသ

ဈာနပစ္စယောတိ - ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

Jhana condition (Jhana Paccaya)

The jhana-factors are related to the phenomena associated with the jhanas and to the matter produced by them by jhana condition.

ဈာနပစ္စည်း၏ ဥပမာနှင့် ဥပဓေယျ

“သစ်ပင်တောင်ဂူ၊ တက်သောသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့” ဟု ရှေးဆရာတော်ကြီးများ ဖွင့်ဆိုတော်မူသည်နှင့်အညီ တောင်ပေါ်၊ သစ်ပင်ပေါ်သို့ တက်ရောက် ကြည့်ရှုသူက မြင်ရသည့်အာရုံများကို အောက်လူတို့အား သူမြင်ရသလို ရှုမြင်ရအောင် ပြောကြားသကဲ့သို့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ တရားတို့သည် ယှဉ်ဖော်ယှဉ်ဖက်ဆိုင်ရာ ရုပ်၊ နာမ်တရားတို့အား ကသိဏ်းစသော အာရုံတို့ကို ရှုကြည့်မှုသဘော ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုလေသည်။[၁]

ဈာန်၏အဓိပ္ပာယ်မှာ စူးစူးစိုက်စိုက် ရှုကြည့်ခြင်းဖြစ်သည်။ စိတ်ကို အာရုံတစ်ခုပေါ်တွင် တည်တံ့နေစေရန်ထားခြင်းကပင် ဈာန်မည်ပါသည်။ အခြားအာရုံ အားလုံးကို ခေတ္တမေ့ထားပြီး အာရုံတစ်ခုတည်းပေါ်၌ ထပ်တလဲလဲ ဖြစ်နေခြင်းသည်ပင် ဈာန်ဝင်စားခြင်း မည်ပေသည်။

Jhana Paccaya

Number seventeen is Jhana Paccaya. How many Jhana factors are there? There are seven or five. Initial application, sustained application, joy, feeling and concentration are the Jhana factors. The Jhana condition is compared to

---

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

people who go up a tree or a mountain. A person who goes up a tree sees things for himself and then he relates to other people what he sees. In the same way, these Jhana factors contemplate on the objects closely. The same is true for a person who goes up a mountain. You go up a mountain and see many things there. You tell to other people what you have seen also.

With regard to Jhana you have to remember something in the seventh chapter, what are the Jhana factors? They are initial application, sustained application, joy, feeling and concentration. Concentration is concomitant with every type of consciousness. Feeling is concomitant with every type of consciousness. Concentration in eye-consciousness and so on is not called a Jhana factor, however. When we talk about the conditioning states of Jhana condition, we must exclude two types of fivefold sense consciousness. That means seeing consciousness and so on. The Jhana factors arising with seeing consciousness and so on must be excluded.[၁၂၂]

ခို်က်ခို်က်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟူ ခေါ်သတတ်

စူးစူးစိုက်စိုက် ရှုကြည့်ခြင်းကို ဈာန်ဟုခေါ်သည်။ တစ်နည်းဆိုရသော် စိတ်ကို အာရုံတစ်ခုပေါ်တွင် တည်တံ့နေစေရန် ထားခြင်းကပင် ဈာန်မည်ပါသည်။ အခြားအာရုံအားလုံးကို ခေတ္တမေ့ထားပြီး အာရုံတစ်ခုတည်းပေါ်၌ ထပ်တလဲလဲ ဖြစ်နေခြင်းမှာ ဈာန်ဝင်စားခြင်း ဖြစ်ပါသည်။ ဈာန်အင်္ဂါတို့သည် ကုသိုလ်နှင့်လည်း ယှဉ်တွဲဖြစ်ပေါ်တတ်ပြီး အကုသိုလ်နှင့်လည်း ယှဉ်တွဲဖြစ်ပေါ်တတ်ပါသည်။

အကုသိုလ်နှင့် ယှဉ်တွဲပုံကို ဥပမာပြရသော် ငါးမျှားနေသည့် တံငါသည်၏ ဦးခေါင်းထိပ်၌ နေက ခြစ်ခြစ်တောက်ပူနေသည်။ ခြေထောက်အောက် ဒူးအထိ ရွှံ့နွံထဲမြုပ်နေသည်။ တစ်ဖန် သူငါးမျှားနေသည့် ရေစပ်၌ ခြင်မည်းကြီးများက သူ၏ကိုယ်ခန္ဓာပေါ်တွင် သီးနေသော်လည်း သူမသိတော့ပါ။ သူ၏စိတ်ကို ငါးမျှားခိုက်အရင်းတွင် တပ်ထားသည့် ဖော့တုံးကလေး ရေပေါ်၌ တလှုပ်လှုပ်ဖြစ်နေသည့်အာရုံက အပြည့်အဝ ဆွဲဆောင်ထားပါသည်။ အကြောင်းမှာ တီကောင် အရှင်လတ်လတ် ခိုက်ဆွဲထားသည့် ငါးမျှားခိုက်ကို ငါးတစ်ကောင်ကောင်က လာ၍ဟပ်ပါက ထိုဖော့တုံး အဖြူကလေးသည် လှုပ်ခါယိမ်းယိုင်ပြီး ရေထဲမြုပ်သွားမည်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် တံငါသည်၏ စိတ်အာရုံစူးစိုက်မှုက ဖော့တုံးအဖြူပေါ်သို့ အပြည့်အဝရောက်နေပြီး သူ့အကုသိုလ်အာရုံနှင့်သူ ဝမ်းမြောက်မှုပီတိဖြစ်ရုံမက ဧကဂ္ဂတာကျနေပါသည်။ တံငါသည်၏ စိတ်ကို အာရုံထဲ စူးဝင်နေမတတ် တွဲကပ်ထားသည့်သဘောက ဈာန်မည်ပါသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

ဆက်လက်ပြီး အလွန်သပွာယ်လှသည့် ဘုရားရုပ်ပွားတော်ရှေ့၌ ဘုရားရှိခိုးနေသူ၏ သန္တာန်၌လည်း သဒ္ဓါတရားများ တဖွားဖွားဖြစ်ကာ ဘုရားအာရုံမှတစ်ပါး အခြားအာရုံ မဝင်ဘဲနေခြင်း၊ (ဝါ) ဘုရားအာရုံပေါ်မှ စိတ်က မခွဲနိုင်၊ မခွာနိုင် ဖြစ်နေခြင်း ကလည်း စျာန်မည်ပါသည်။

စိတ်ပါလက်ပါ ငါးမျှားနေသည့် တံငါသည်၏သန္တာန်၌ လောဘဦးစီးသော အကုသိုလ်စိတ်က ငါးတည်းဟူသော အာရုံတစ်မျိုးတည်း၌ ကြာမြင့်စွာ တည်တံ့နေတတ်သည်။ စိတ်ပါလက်ပါ ဘုရားရှိခိုးနေသည့် ဥပါသကာ၏သန္တာန်၌ သဒ္ဓါဦးစီးသော ကုသိုလ်စိတ်က ဘုရားတည်းဟူသော အာရုံတစ်မျိုးတည်း၌ ကြာမြင့်စွာ တည်တံ့နေတတ်သည်။

တစ်နည်းအားဖြင့် ငါးတည်းဟူသော အာရုံတစ်မျိုးတည်း၊ ဘုရားတည်းဟူသော အာရုံတစ်မျိုးတည်း၌ ဧကဂ္ဂတာကျနေခြင်းသည် သမာဓိရနေခြင်းဖြစ်သည်။ ဧကဂ္ဂတာ သမာဓိဟူ၍လည်း ခေါ်သည်။ ထို့ကြောင့် လယ်တီဆရာတော်ကြီးက "စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ စျာန်ဟုခေါ်သတတ်"ဟု မိန့်ဆိုတော်မူထားပါသည်။

စျာန်ကို ကုသိုလ်၊ အကုသိုလ်ဟု ပုံသေမဆိုနိုင်ပါ

ထို့ကြောင့် စျာန်ကို ကုသိုလ်၊ အကုသိုလ်ဟူ၍ ပုံသေ မသတ်မှတ်နိုင်ပါသော်လည်း မြန်မာစကား၌မူ အစဉ်အလာအားဖြင့် စျာန်၊ မဂ်၊ ဖိုလ်ဟု တွဲ၍ ခေါ်ဝေါ် သုံးနှုန်းခဲ့ကြပါသည်။ ထို့ကြောင့် လူအများက စျာန်ကို မဂ်ဖိုလ်ကဲ့သို့ အမြဲကောင်းမွန်သော ကုသိုလ်တရားဟု ထင်မှတ်တတ်ကြပါသည်။ သို့သော် စျာန်ကို အစဉ်အမြဲ ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း ပုံသေကားချ ယူခွင့်မရှိပါ။

တစ်နည်းအားဖြင့် စျာန်စိတ်ဖြစ်တိုင်း အမြဲကုသိုလ်စိတ်ဖြစ်သည်ဟု မဆိုနိုင်ပါ။ မကောင်းသည့်စိတ်ဖြင့်လည်း အာရုံကို စူးစိုက်ရှုတတ်သည်။ ကောင်းသည့်စိတ်ဖြင့်လည်း အာရုံကို စူးစိုက်ရှုတတ်သည်။ ဝိပဿနာကို ကျွမ်းကျင်နိုင်နင်းတော်မူကြသည့် သူတော်ကောင်းကြီးများကမူ နှစ်သက် ဝမ်းမြောက်မှုပိတိကို ဝိပဿနာတင်ရှုပွားပြီး ရဟန္တာဖြစ်သည့်တိုင် ကျေးဇူးများခဲ့သည့် သာဓကများလည်း ရှိပါသည်။

ရဟန်းသီလကို ဆင်ခြင်ပြီး ဖြစ်ပေါ်လာသည့် ပီတိကို ဝိပဿနာရှုသည်

ဘုရားရှင်လက်ထက်တော်ကာလ သာဝတ္ထိပြည်တွင် တိဿဟုအမည်ရှိသည့် သူဌေးသားတစ်ဦး ရှိလေသည်။ သူသည် မြတ်စွာဘုရားထံတော်ပါးမှ တရားတော်များကို

နာကြားရသဖြင့် ကုဋ္ဌေလေးဆယ်သော ဥစ္စာရွှေငွေတို့ကို ညီဖြစ်သူအား ပေးစွန့်ပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်တွင် ရဟန်းပြုခဲ့ပါသည်။ ငါးဝါရပြီးနောက် လူသူဝေးသည့် တောအရပ်တွင် လေးပင်တိုင်သစ်မိုး ကျောင်းကလေးဖြင့် သီတင်းသုံးတော်မူသည်။

တိဿမထေရ်၏ ခယ်မ(ညီ၏ဇနီး)က အရှင်မြတ်ကြီး သာသနာတော်တွင် မပျော်မွေ့သဖြင့် တစ်နေ့နေ့၌ လူထွက်လာပါက သူရထားသည့် ပစ္စည်းဥစ္စာများကို ခွဲဝေပေးရမည်ကို စိုးရိမ်ကြောင့်ကြနေလေသည်။ ထို့ကြောင့် တစ်ယောက်စီတွင် ဂိုဏ်းသားတစ်ရာစီရှိသည့် လူဆိုးကြီး ငါးဦးတို့ကိုခေါ်ကာ တိဿမထေရ်အား အဆုံးစီရင်ရန် စရန်ငွေများပေးပြီး စေခိုင်းလေတော့သည်။ ရဟန်းသီလ စင်ကြယ်စွာဖြင့် တရားဘာဝနာရှုပွားနေသည့် တိဿမထေရ်မြတ်ကို သတ်ဖြတ်ရန် လူဆိုးတို့သည် တောအရပ်သို့ သွားကြလေသည်။

တိဿမထေရ်ရှိရာသို့ လူဆိုးကြီးများ ရောက်လာသည့်အခါ မထေရ်က အဘယ်ကြောင့် ရောက်လာသနည်းဟုမေးရာ အရှင်ဘုရား၏ခယ်မက စေခိုင်းခြင်းကြောင့် ယခုအရှင်ဘုရားကိုသတ်ဖြတ်ရန် ရောက်လာခြင်းဖြစ်ကြောင်း လျှောက်ထားသည်။ ထိုအခါ မထေရ်မြတ်သည် လူဆိုးတို့အား မိမိကို ယနေ့တစ်ည မသတ်ရန်ပြောပြီး မိမိထွက်ပြေးမည်မဟုတ်ကြောင်း သက်သေထားသည့်အနေဖြင့် မထေရ်ကြီးသည် သူ၏ပေါင်ရိုးနှစ်ချောင်းကို ကျောက်တုံးဖြင့် ကိုယ်တိုင် ထုချိုးလေတော့သည်။ ထိုအခါ လူဆိုးတို့ကလည်း စိတ်ချလက်ချဖြင့် စကြိ်လမ်းတစ်နေရာ၌ မီးဖို၍ ညအိပ်ကြပါတော့သည်။

မထေရ်မြတ်ကြီးသည် ဝိပဿနာတရားကို အလွန်ကျွမ်းကျင် နိုင်နင်းတော်မူသောကြောင့်သာ ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ)ကို ပယ်ခွာ၍ မိမိရဟန်းဖြစ်သည်မှ ယနေ့တိုင်အောင် စောင့်ထိန်းတော်မူခဲ့သည့် သီလကို ဆင်ခြင်တော်မူရာတွင် စင်ကြယ်သော သီလရှိသည်ကိုသိ၍ ဝမ်းမြောက်နှစ်သက်ခြင်းဖြစ်ပြီးနောက် မြတ်စွာဘုရားထံမှ သင်ကြားနာယူခဲ့သော ဝိပဿနာကို ရှုပွားတော်မူရာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူသည်။

'ထေရသ ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ပိတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ။ တတော အနုက္ကမေန ဝိပဿနံ ဝမ္မေန္တော တိယာမရတ္တိံ သမဏမဓ္မံ ကတွာ အရုဏုဂ္ဂမနေ အရဟတ္တံ ပတ္တော'။[၁]

ဆက်လက်ပြီး မဟာတိဿမထေရ်မြတ်ကြီး ရဟန္တာဖြစ်တော်မူခြင်းအကြောင်းကို မူလပဏ္ဏာသဋ္ဌကထာ၌လည်းကောင်း၊ မဟာဝဂ္ဂဋ္ဌကာ၌လည်းကောင်း၊ မူလပဏ္ဏာသဋ္ဌီကာ၌လည်းကောင်း လာရှိပါသေးသည်။

၁။ မူလပဏ္ဏာသဋ္ဌကထာ (နှာ-၂၃၈)။ မဟာဝဂ္ဂဋ္ဌီကာ (နှာ-၂၈၃)။ မူလပဏ္ဏာသဋ္ဌီကာ (နှာ- ၃၃၃)

ထေရဿ ဟိ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ဥဋ္ဌာရံ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇမာနံ ဥရုဠ္ဠဘေဒဇနိတံ ဒုက္ခဝေဒနံ ဝိက္ခမ္ဘေသိ'။

ထို့ကြောင့် ဝေဒနာကို ရှုပွားရာ၌ မဟာတိဿမထေရ်မြတ်၏ဝတ္ထုသည် အလွန်ကောင်းမွန်သော သာဓက၊ စာပေအရ ခိုင်မာသော အထောက်အထားဖြစ်ပေသည်။ ဤစာပေသာဓကကို ကျောခိုင်းပြီး 'ဝေဒနာကို ကျော်အောင်အားထုတ်နေတယ်'၊ 'ဝေဒနာမကျော်နိုင်သေးဘူး'ဟူသော ယူဆချက်ကို သေသေချာချာ ဆန်းစစ်သင့်ပါသည်။ ဤနေရာ၌ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော်လာ ဝေဒနာရှုပွားပြီး သမသီသီရဟန္တာအဖြစ် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည့် မထေရ်တစ်ပါး၏ဝတ္ထုကိုလည်း သာဓကဖြင့် ဖော်ပြပါမည်။

ဝေဒနာကို့အကြောင်းပြုပြီး ရဟန္တာဖြစ်တော်မူသည်

ဆက်လက်ပြီး စိတ္တလတောင်၌ သီတင်းသုံးတော်မူပြီး မကျန်းမမာဖြစ်တော်မူသော မထေရ်တစ်ပါးသည် ခံစားနေရသော ဒုက္ခဝေဒနာကိုအကြောင်းပြုပြီး သမသီသီရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည့်အကြောင်းကို ဖော်ပြပါမည်။

မထေရ်မြတ်သည် အားကြီးသောဒုက္ခဝေဒနာကြောင့် ညည်းညူလျက် ထိုမှဤမှလူးကာလှိမ့်ကာ ခံစားနေရရှာသည်။ မထေရ်မြတ်ကြီး၏ အလုပ်အကျွေးဖြစ်သော ရဟန်းတစ်ပါးက "ဘယ်နေရာက နာကျင်ကိုက်ခဲနေတာပါ၏လဲဘုရား"ဟု မေးလျှောက်ရာ "ငါ့ရှင်-အသီးအခြား ဘယ်နေရာက နာကျင်ကိုက်ခဲသည်ဟူ၍မရှိ၊ ဝတ္ထုကို အာရုံပြု၍ ဝေဒနာသည်သာလျှင် ခံစား၍နေပေသည်"ဟု မိန့်တော်မူပါသည်။ ထိုအခါ ရဟန်းငယ်က "အရှင်ဘုရားဝတ္ထုကို အာရုံပြု၍ ဝေဒနာသည်သာလျှင် ခံစားနေသည်ဟူ၍ သိတော်မူပါလျှင် ထိုဝေဒနာကို သည်းခံခြင်းငှာ သင့်လျော်သည် မဟုတ်ပါလော"ဟု လျှောက်လေရာ မထေရ်မြတ်ကြီးက "ငါ့ရှင်-သည်းခံပါတော့မည်"ဟု မိန့်ကြားတော်မူပါသည်။

ထို့နောက်၌မူ မညည်းမညူ မလူးမလှိမ့်ဘဲ ငြိမ်သက်စွာဖြင့် ဝေဒနာကို သည်းခံတော်မူပါသည်။ ထိုအခြင်းအရာကိုမြင်သော် ရဟန်းငယ်က "အရှင်ဘုရား၏ သည်းခံခြင်းသည် ကောင်းမြတ်လှပါသည်"ဟု လျှောက်လေသည်။

မထေရ်မြတ်ကြီး၏သန္တာန်၌ ပြင်းထန်သော လေနာရောဂါသည် နှလုံးကွဲသည့်တိုင်အောင် ထိုးကျင်သဖြင့် ဝမ်းအတွင်းမှ အူတို့သည် ထွက်၍ ညောင်စောင်းပေါ်၌ပုံနေပါတော့သည်။ ထိုအခါ မထေရ်မြတ်က ရဟန်းငယ်ကိုပြတော်မူပြီးကာ "ငါ့ရှင် ဤမျှလောက်သည်းခံလျှင် သင့်လျော်လောက်ပြီလော"ဟု မေးတော်မူသည်။ ရဟန်းငယ်သည် ဆိတ်ဆိတ်သာနေလေသည်။

မထေရ်ကြီးသည် ဝိရိယကို ညီမျှစွာအားထုတ်၍ ဝေဒနာကမ္မဋ္ဌာန်းကို နှလုံးသွင်းတော်မူရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူသဖြင့် သမသီသီရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပါသည်။

ဤအရာ၌ သမသီသီသည် ဇီဝိတသမသီသီဟု ဆိုရပေမည်။ ဇီဝိတိန္ဒြေချုပ်သည်နှင့် ကိလေသာအလုံးစုံ ချုပ်ငြိမ်းခြင်းသည် (ဝေဒနာအပါအဝင်ဖြစ်၏။) မရှေးမနှောင်းဖြစ်၍ တစ်ပြိုင်နက် ချုပ်သကဲ့သို့ရှိသည်ကို ရည်ရွယ်၍ ဇီဝိတသမသီသီဟု ဆိုသည်။

ဆက်လက်ပြီး မထေရ်ကြီးက "ဝတ္ထုကိုအာရုံပြု၍ ဝေဒနာသည်သာ အာရုံကိုခံစားသည်ဟု မိန့်တော်မူပါသည်။ ဤနေရာတွင် ဝတ္ထုဟူသည် ဝတ္ထုနာမ ကရဇကာယော၊ သော အတ္ထတော ဘူတာနိ စေဝ ဥပါဒါနိ စ"- ဟူ၍ သက္ကပဉ္ဉာသုတ် အဋ္ဌကထာ၌ လာရှိသောကြောင့် ဝတ္ထုဟူသည် ဝေဒနာအစရှိသော နာမ်တရားတို့၏ မှီရာတည်ရာ ဘူတရုပ်နှင့် ဥပါဒါရုပ်တို့ပင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မထေရ်မြတ်သည် ဤဝတ္ထုကား ရုပ်တရားတည်း။ ဝေဒနာကား နာမ်တရားတည်း။ ဝေဒနာဖြစ်သည်ဆိုလျှင် ဖဿ၊ သညာ၊ စေတနာ၊ ဝိညာဏ်တို့သည်လည်း ယှဉ်ဖက်အားဖြင့် ပါဝင်ကြကုန်၏။ ဝတ္ထုရုပ်သည်ကား ရူပက္ခန္ဓာဖြစ်သည်။ ဝေဒနာ စသော နာမ်တရားတို့သည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတည်းဟူသော နာမက္ခန္ဓာတို့ဖြစ်ကုန်၏။ နာမ်ရုပ်တို့မှလွတ်သော ခန္ဓာငါးပါးဟူ၍ မရှိ၊ ခန္ဓာငါးပါးမှ လွတ်သောနာမ်ရုပ်ဟူ၍လည်း မရှိပေ။

မထေရ်သည် ဤခန္ဓာငါးပါး၊ ရုပ်နာမ် ၂-ပါးတို့သည် အဘယ်တရားလျှင် အကြောင်းအထောက်အပံ့ ရှိကြကုန်သနည်းဟု ဆင်ခြင်လျှင် အဝိဇ္ဇာတည်းဟူသော အကြောင်းကိုမြင်ရာ၏။ ထို့နောက် အကြောင်းဖြစ်သော အဝိဇ္ဇာကိုလည်းမြင်၏။ အဝိဇ္ဇာ၏အကျိုးဖြစ်သော ရုပ်၊ နာမ်ခန္ဓာငါးပါးကိုလည်း မြင်၏။ ထိုရုပ်နာမ်တို့မှတစ်ပါး သတ္တဝါဟူသည်၊ ပုဂ္ဂိုလ်ဟူသည် မရှိချေ၊ သက်သက် ရုပ်နာမ်ခန္ဓာတည်းဟူသော သင်္ခါရအစုအဝေးမျှသာ ဖြစ်ချေသည်။ အကြောင်းနှင့်တကွဖြစ်သော နာမ်၊ ရုပ်တို့သာ ဖြစ်ချေသည်ဟူ၍ ဆင်ခြင်ကာ ယင်းနာမ်ရုပ်တို့သည် စင်စစ်မမြဲကြ။ မမြဲခြင်းဖြင့် နှိပ်စက်၍ စင်စစ် ဆင်းရဲခြင်းသဘောရှိ၏။ မြဲစေလိုသော၊ ချမ်းသာစေလိုသော အလိုသို့ မပါမလိုက်၊ သူ့သဘာဝအားဖြင့်သာလျှင် ဖောက်ပြန်ခြင်းသဘော ရှိသည်ဖြစ်၍ အနတ္တဖြစ်သော ရုပ်နာမ်ခန္ဓာတို့ပါတကားဟူ၍ ဝေဒနာနှင့်တကွဝေဒနာ၏ တည်ရာမှီရာ ကရဇကာယ၌ လက္ခဏာရေးတင်၍ ဆင်ခြင် ပွားများခြင်းကြောင့် သမသီသီရဟန္တာအဖြစ်သို့ ရောက်တော်မူသည်ဟု ဆိုရပေမည်။[၁]

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် (နှာ-၂၀၅)

အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန်

ဆက်လက်ပြီး အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန်ကို ဖော်ပြပါမည်။ ဈာန်တရားဟူသည် ကသိုဏ်းစသည့် အာရုံကို စူးစိုက်ရှုမှတ်ရသည့် အာရမ္မဏူပနိဇ္ဈာန်နှင့် သခ်ါရရုပ်နာမ်တို့၏ အနိစ္စစသည့် သဘောလက္ခဏာတို့ကို စူးစိုက်ရှုပွားရသည့် လက္ခဏူပနိဇ္ဈာန်ဟူ၍ နှစ်မျိုးရှိသည်။

ဈာန်သမာပတ်သည် အာရမ္မဏူပနိဇ္ဈာန် ဖြစ်ပါသည်။ အာရုံတစ်ခုတည်း၌ စိတ်ကို စွဲမြဲ သက်ဝင်တည်နေသဖြင့် အပ္ပနာဈာန် (ဈာန်သမာဓိ)ဟူ၍လည်း ခေါ်သည်။ သာသနာပကာလတွင် အမြင့်ဆုံးပန်းတိုင်မှာ ဤအပ္ပနာဈာန်ပင် ဖြစ်သည်။

သာသနာတွင်းကာလ၌မူ ဈာန်သည် ပန်းတိုင်မဟုတ် ငြမ်းမျှသာဖြစ်သည်။ အကြောင်းမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ရေးအတွက် အထောက်အကူပြုသဖြင့် ငြမ်းဟုတင်စား၍ ဆိုခြင်းဖြစ်ပါသည်။ သာသနာတွင်း၌မူ ပေါ်လာသမျှ အရှုခံအာရုံ၏ မတည်တံ့သည့် သဘောလက္ခဏာ၊ မခိုင်ခံ့သည့် သဘောလက္ခဏာ၊ အစိုးမရသည့် သဘောလက္ခဏာတို့ကို ရှုပွားရသဖြင့် လက္ခဏူပနိဇ္ဈာန်မည်ပါသည်။ ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကိုပယ်ခွာ၍ သီလ၏ အစွန်းအထင်းမရှိ စင်ကြယ်မှုကို ဆင်ခြင်တော်မူသောအခါ ဖြစ်ပေါ်လာသည့် နှစ်သက်ဝမ်းမြောက်မှုပီတိကို ဝိပဿနာရှုပွားတော်မူသည့် တိဿမထေရ်မြတ်ကြီးသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူခြင်းဖြစ်သည်။

ယခုကဲ့သို့ မိမိ၏သီလကို ဆင်ခြင်ပြီး ဖြစ်ပေါ်လာသောပီတိကိုပင် ဝိပဿနာရှုပွားတော်မူပြီး ရဟန်းကိစ္စ ပြီးမြောက်ခဲ့သည့် သာဓကများစွာရှိသကဲ့သို့ ဘုရားရှင်၏ အသံတော်နှင့်ဆင်တူသည့် ကရဝိက်ဉက်၏အသံကို ကြားရသောအခါ စူးစူးစိုက်စိုက် ဆင်ခြင်ကာ ဖြစ်ပေါ်လာသော ဈာန်အင်္ဂါအသီးသီးကို ဝိပဿနာရှုပွားပြီး သောတာပန်တည်သည့် သာဓကကိုလည်း ဖော်ပြပါမည်။

သဒ္ဓါတရားအားကြီးမားသည့် အသန္ဓိမိတ္တာ မိဖုရားကြီး

သီရိမမ္မာသောကမင်းကြီး၏ မိဖုရားကြီး အသန္ဓိမိတ္တာသည် လောက၌ မြတ်စွာဘုရားရှင်၏ အသံတော်နှင့် အနီးစပ်ဆုံးတူသော အသံရှိသည့် သတ္တဝါမှာ ကရဝိက်ဉက်ဖြစ်ကြောင်းကို ရဟန်းတော်များထံတော်ပါးမှ နာကြားသိရှိခွင့်ရခဲ့သည်။ ထိုအချိန်မှစ၍ ဘုရင်မင်းမြတ်ကြီးအား ကရဝိက်ဉက်ကို ဆောင်ယူပေးတော်မူပါရန် လျှောက်ကြား

ပါသည်။ ဘုရင်က မုဆိုးတို့ကို ဆုတော်လာဘ်တော်များပေး၍ တောတောင်အနှံ့ရှာဖွေပြီး ကရဝိတ်ဌက်ကို ဆောင်ယူစေရာ နန်းတော်သို့ ရောက်ရှိလာပါသည်။

သို့သော် ကရဝိတ်ဌက်သည် အသံမပြုဘဲဖြစ်နေပါသည်။ မင်းကြီးက ကရဝိတ်ဌက် တွန်ကျူးလာစေရန် အဘယ်ကဲ့သို့ ပြုသင့်ကြောင်း ပညာရှိတို့နှင့် တိုင်ပင်ပါသည်။ ပညာရှိတို့၏ အကြံပြုချက်ဖြင့် ကရဝိတ်ဌက်ထားရှိသည့် အဆောင်၏ ပတ်လည်လေးဘက်လေးတန် မှန်များကာရံပေးသောအခါ အပေါင်းအဖော်များစွာ ရောက်ရှိလာသည်ဟု ထင်မှတ်ပြီး ကရဝိတ်ဌက်က ရွှင်မြူးလာကာ အတောင်ကိုခတ်၍ ကခုန်ပြီး တွန်ကျူးပါတော့သည်။

ထိုအခါ မိဖုရားကြီးသည် အလွန်ပင် ဝမ်းမြောက်ကြည်နူးပြီး "လောဘ၊ ဒေါသ မောဟမကင်းသော ဤအဟိတ်တိရစ္ဆာန် ကရဝိတ်ဌက်၏ တွန်ကျူးသံသည်ပင်လျှင် ဤမျှ သာယာနာပျော်ဖွယ်ဖြစ်နေပါလျှင် လောဘ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာ (၁၀)ပါး အင်္ဂေ့အသက်မျှမကျန်အောင် ကင်းစင်တော်မူပြီးသော ဘုရားရှင်၏အသံတော်သည် ဤကရဝိတ်ဌက်၏အသံထက် အဆပေါင်းများစွာ သာယာပေလိမ့်မည်'ဟု စူးစူးစိုက်စိုက်ဆင်ခြင်ကာ ဖြစ်ပေါ်လာသည့် စျာန်အင်္ဂါတို့ကို ဝိပဿနာရှုပွားသောအခါ အသန္ဓိမိတ္တာမိဖုရားကြီးသည် သောတာပန်တည်လေသည်။

ဘုရားရှင်၏ သာသနာတော်၌ သဒ္ဓါတရားအကြီးအမှူးပြု၍ မဂ်ဖိုလ်ရသော 'သဒ္ဓါဓုရ အရိယာသောတာပန်'နှင့် ပညာတရားအကြီးအမှူးပြု၍ မဂ်ဖိုလ်ရသော 'ပညာဓုရ အရိယာသောတာပန်'ဟူ၍ ရှိရာ မိဖုရားကြီးအသန္ဓိမိတ္တာသည် 'သဒ္ဓါဓုရ အရိယာသောတာပန်' ဖြစ်လေသည်။[၁၂၂]

သမထယာနိကနှင့် ဝိပဿနာယာနိက

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့ကို အခြေခံရှေ့သွားပြုပြီး ဝိပဿနာတရားကို ရှုပွားသော ယောဂီပုဂ္ဂိုလ်သည် သမထယာနိကပုဂ္ဂိုလ် ဖြစ်ပါသည်။ သမထအခြေခံမရှိဘဲ ဝိပဿနာကိုသာ စ၍ ရှုပွားသောပုဂ္ဂိုလ်သည် သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်ဖြစ်သည်။ ဝိပဿနာယာနိကပုဂ္ဂိုလ်သည် ခဏိကသမာဓိကိုမှီ၍ ဝိပဿနာရှုသည်။ ထိုခဏိကသမာဓိကိုပွားခြင်းဖြင့် စိတ္တဝိသုဒ္ဓိဖြစ်၍ ဝိပဿနာဉာဏ် အဆင့်ဆင့်မြင့်တက်လာပြီး မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသည်။

၁။ ဝိပသီသမညာဝဏ္ဏနာ၊ မဟာပဒါနသုတ္တ၊ (သုတ္တန္တ) မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၄၃)

၂။ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီး၏အခြေပြုပဋ္ဌာန်း (နှာ-၄၀၆)

ဝိပဿနာဉာဏ်၏အစ နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ခဏိကသမာဓိ ဖြစ်လေသည်။ ထို့ကြောင့် ရုပ်နာမ်တို့၏ သဘာဝလက္ခဏာကို ယောဂီက သိနိုင်ခြင်းဖြစ်ပါသည်။ ခဏိကသမာဓိသာမရှိလျှင် နာမ်ရုပ်၏ သဘောအမှန်ကို သိနိုင်မည်မဟုတ်ပေ။ ဥဒယ-ဗ္ဗယဉာဏ်အခိုက်၌မူ အလတ်စားခဏိက သမာဓိဖြစ်သည်။ ဤဥဒယဗ္ဗယဉာဏ်မှစ၍ မဂ္ဂင်ရှစ်ပါးရှိသော ဝိပဿနာလမ်းကြောင်းမှန်ပေါ်သို့ လျှောက်လှမ်းနေပြီဟု အခိုင်အမာဆိုနိုင်ပါသည်။

ဘင်္ဂဉာဏ်မှစ၍ အမြတ်စား ခဏိကသမာဓိဖြစ်နေပါသည်။ ဘင်္ဂဉာဏ်အခိုက်၌ အားထုတ်နေသောယောဂီသည် ရှုမှတ်စဉ်၌ ကုန်ကုန်သွားသည်ဟူ၍လည်းကောင်း၊ ပျောက်ပျောက်သွားသည်ဟူ၍လည်းကောင်း၊ မရှိတော့ပါ၊ မရှိတော့ပါဟူ၍လည်းကောင်း သိမြင်လာပါသည်။ တစ်ဖန် ထိုထို 'ကုန်နေတယ်၊ ပျောက်နေတယ်၊ မရှိတော့ဘူး'ဟူ၍ သိမြင်နေသည့် အသိကိုလည်း (၀၊) စိတ်ကိုလည်း အခြားစိတ်မခြားဘဲ တစ်ဆက်တစ်စပ်တည်း သိသိနေသည်။ ထို့ကြောင့် ဝိပဿနာကိုပင် ဝိပဿနာရှုသိနေသောကြောင့် ဤဉာဏ်ကို ပဋိဝိပဿနာဉာဏ် ဟူ၍လည်းခေါ်သည်။

ဤနေရာ၌ ဝိပဿနာယာနိကပုဂ္ဂိုလ်သည် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိကင်းလျက် ဝိပဿနာဉာဏ်က ဦးစွာဖြစ်သည်ဟု မဟာစည်ဆရာတော်ကြီးက မိန့်ကြားတော်မူပါသည်။[၁]

ကမ္မဋ္ဌာန်းဘာဝနာ

မေတ္တာကမ္မဋ္ဌာန်းကို ရှုပွားလိုသောယောဂီသည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးကို စူးစူးစိုက်စိုက် အာရုံပြုပြီး "ကျန်းမာချမ်းသာပါစေ၊ ကျန်းမာချမ်းသာပါစေ"ဟု စိတ်ထဲအကြိမ်ကြိမ် အထပ်ထပ် ရှုပွားရပါမည်။ ရှုပွားဖန်များလာသည်နှင့်အမျှ ကြည်နူး နှစ်သိမ့်သည့် ပီတိ၊ ချမ်းသာမှု သုခ၊ အာရုံပေါ်တွင်သာ စိတ်က စူးစိုက်ကျရောက်နေမှု ဧကဂ္ဂတာတရားတို့ ဖြစ်လာမည်။ ဤတရားတို့သည် တစ်ခဏ၊ တစ်ခဏအတွင်း ပြောင်းလဲဖြစ်ပျက်နေကြသည့် သဘောအထိ အသိဆိုက်ရောက်လာပါက ဝိဿနာဉာဏ် သက်ဝင်လာလေပြီ။

ဤတွင် စူးစူးစိုက်စိုက် ရှုမှတ်သည်ဟုဆိုရာတွင် ကမ္မဋ္ဌာန်းအားထုတ်သည့်ယောဂီက ရှုပွားခြင်းမဟုတ်ပါ။ ထို ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော

၁။ မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း (ပထမတွဲ)

တရားငါးပါးတို့က ရှုနေခြင်းသာဖြစ်ကြောင်းကို တရားအားထုတ်နေကြသည့် ယောဂီများ အနေဖြင့် သတိပြုရပေမည်။

အာရုံတစ်ခုတည်းအပေါ် စူးစိုက်တည်ကြည်ခြင်းဟူသည်မှာလည်း ဧကဂ္ဂတာ တရား၏ လုပ်ငန်းဖြစ်သည်။ လူအများ ပြောဆိုသုံးနှုန်းကြသည့် သမာဓိဟူသည် ဤဧကဂ္ဂတာ စေတသိက်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤတွင် မိမိစိတ်၏ ကမ္မဋ္ဌာန်းဘာဝနာဖြင့် အစဉ်သဖြင့် ထုံမွမ်းထားသူအတွက် အကြောင်းပြည့်စုံမည်ဆိုလျှင် အချိန်မရွေး၊ နေရာမရွေး အရိယာဖြစ်နိုင်ပါသည်။ အောက်ဖော်ပြပါ သာဓကဝတ္ထုဥ်မူ ထူးထူးခြားခြား မာရ်နတ်ကို အကြောင်းပြုပြီး အရဟတ္တဖိုလ်တိုင် မျက်မှောက်ပြုတော်မူပါသည်။

ဘုရားပုံစံတော်ကို အာရုံပြုပြီး ရဟန္တာဖြစ်တော်မူသည့် မဓုရိမြတ်

ဖုဿဒေဝမထေရ်မြတ်ကြီးသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ဝတ်မပျက် စီးဖြန်းတော်မူလေ့ရှိသည်။ ထို့ပြင် စေတီရင်ပြင်တော်၌ တံမြက်လှည်းခြင်း၊ ဆီမီး၊ ရေချမ်း၊ ပန်းတို့ဖြင့် ပူဇော်ခြင်းစသည့် ဝေယျာဝစ္စများကိုလည်း ဝတ်မပျက်အမြဲ ဆောင်ရွက်တော်မူလေ့ရှိပါသည်။ ဤကဲ့သို့ တံမြက်လှည်းခြင်းစသော စေတီယင်္ကဏဝတ်များကို ဆောင်ရွက်ရာ၌လည်း ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးသွင်း ဆင်ခြင်တော်မူလေ့ရှိပါသည်။

တစ်နေ့၌ စေတီရင်ပြင်တော် တံမြက်လှည်းပြီးနောက် ညီညာပြန့်ပြူးနေသော ရင်ပြင်တော်ကို စူးစူးစိုက်စိုက်ကြည့်ရှုရာ စိတ်ဝယ်ကြည်လင်၍နေပါသည်။ ဆက်လက်ပြီး ဗုဒ္ဓဂုဏ်တော်ကို ပွားများမြဲ ပွားများနေစဉ် စိတ်မသက်သာဖွယ်ရာ အနိဋ္ဌာရုံကို မြင်တော်မူပါသည်။

အကြောင်းမှာ ညီညာပြန့်ပြူး သန့်ရှင်းနေသည့် စေတီရင်ပြင်တော်ပေါ်သို့ မျောက်ညိုကြီးတစ်ကောင်က နွားချေးအခြောက်များကို ယူဆောင်လာပြီး ဖြန့်ကြဲချနေပါသည်။ မထေရ်ကြီးသည် ထိုနွားချေးခြောက်များကို တစ်နေ့တာပတ်လုံး ရှင်းလင်းတော်မူသည်။

ထိုနည်းအတူ နောက်တစ်နေ့၌လည်း တံမြက်လှည်းအပြီး ကြည်နူးနှစ်သိမ့်ကာ ဗုဒ္ဓဂုဏ်တော်ပွားများနေစဉ်၌ နွားအိုတစ်ကောင် ရောက်လာပြန်ပါသည်။ နွားအိုကြီးသည် စေတီရင်ပြင်တစ်ခွင် မစင်များ စွန့်ချသည်။ မထေရ်ကြီးသည် ထိုမစင်များကို တစ်နေ့တာပတ်လုံး သုတ်သင် ရှင်းလင်းတော်မူသည်။

ထိုအနှောင့်အယှက်သည် ဒုတိယနေ့မှသည် တတိယနေ့သို့ ရောက်ရှိလာပြန်သည်။ တတိယနေ့၌မူ တံမြက်လှည်းအပြီး ကြည်နူးနှစ်သိမ့်ကာ ဗုဒ္ဓဂုဏ်တော်ပွားတော်မူစဉ် အလွန် အကျည်းတန် အရုပ်ဆိုးပြီး ခြေတရွတ်ဆွဲနေသော လူတစ်ယောက် ရင်ပြင်ပေါ်သို့ တက်လာပါသည်။ ထို့နောက် ညီညာပြန့်ပြူးနေသော သဲများကို သူ၏ခွင်နေသောခြေဖြင့် တိုက်ဆွဲသွားသည်။ ထိုအခါ စေတီရင်ပြင်တော်ကြီးသည် မညီမညာမသေမသပ် ဖြစ်သွားသည်။ ထို့ကြောင့် မထေရ်မြတ်ကြီးသည် စေတီရင်ပြင်ကို အစအဆုံး သုတ်သင် ရှင်းလင်းတော်မူရပြန်ပါသည်။

ဤသို့ နေ့စဉ်ကြုံတွေ့လာရသောဖြစ်စဉ်ကို ဆင်ခြင်တော်မူရာတွင် 'ဤစေတီ၏ တစ်ယူဇနာဝန်းကျင် ဂေါစရဂါမ်ရွာ၌ ဤမျှရုပ်ဆိုး အကျည်းတန်သော စက်ဆုပ်ဖွယ်ရာ လူယောကျ်ားကို မမြင်ခဲ့ဘူးပါ။ မာရ်နတ်များ ဖြစ်နေမလား'ဟု သံသယဝင်လာသဖြင့် "သင် မာရ်နတ် မဟုတ်လေသလော"ဟု မေးတော်မူပါသည်။ ထိုအခါ "အရှင်ဘုရားအား လှည့်စား၍ မရတော့ပါတကား။ တပည့်တော် မာရ်နတ်ဖြစ်ပါ၏"ဟု ဝန်ခံလေသည်။ ထိုအခါ မထေရ်မြတ်ကြီးသည် မာရ်နတ်အား "သင်ဘုရားရှင်ကို သက်တော်ထင်ရှားဖူးတွေ့ခဲ့ဖူးသလော"ဟု မေးတော်မူရာ ဖူးတွေ့ခဲ့ဖူးကြောင်း ဝန်ခံသည်။ ထို့ကြောင့် မထေရ်မြတ်က "မာန်နတ်တို့ မည်သည် အလွန်တန်ခိုးအာနုဘော် ကြီးမားလှပေတယ်၊ ဘုရားရှင်နှင့် အသွင်သဏ္ဌာန်တူအောင် ဖန်ဆင်းပြနိုင်စွမ်းပါ၏လော"ဟု မိန့်တော်မူရာ မာရ်နတ်ကလည်း ဘုရားရှင်၏အသွင် တစ်ထပ်တည်းတူအောင် ဖန်ဆင်းနိုင်စွမ်းမရှိပါသော်လည်း အသွင်သဏ္ဌာန် တူရုံမျှဆိုပါက ဖန်ဆင်းနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားရင်ပြင်တော်ပေါ်၌ သဗ္ဗညုတဘုရားရှင်ပုံသဏ္ဌာန် ဖန်ဆင်းပြသည်။ မထေရ်ကြီးသည် မာရ်နတ်ဖန်ဆင်းပြသည့် ဘုရားပုံတော်ကို အာရုံပြုတော်မူပြီး "ရာဂ၊ ဒေါသ၊ မောဟ တို့ဖြင့် ရုန့်ရင်းကြမ်းတမ်းနေသော မာရ်နတ်ယုတ်သည်ပင်လျှင် ဤမျှ တင့်တယ်၊ သပ္ပာယ်ပါသေးရင် ကိလေသာ အခိုးအငွေ့ တစ်စက်မျှမကျန်အောင် ကင်းစင်တော်မူပြီးသော ဘုရားရှင်သည် အနှိုင်းအဆမဲ့ တင့်တယ်ပေတော့မည်။ အနှိုင်းအဆမဲ့ သပ္ပာယ်ပေတော့မည်။ အနှိုင်းအဆမဲ့ ကြည်ညိုဖွယ်ဖြစ်နေပေမည်'ဟု ဆင်ခြင်တော်မူပြီး စိတ်တော် ကြည်လင် သန့်ရှင်း၍လာပါသည်။ ထိုအခါ ဘုရားရှင်၏ အရဟံအစရှိသည့် ဂုဏ်တော်တို့ကို ပွားများရာမှ ဖြစ်ပေါ်လာသော ဈာန်အဂ်ိတို့ကို ဝိပဿနာရူပွားရာ ထိုစေတီရင်ပြင်၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူပါသည်။[၁၂]

၁။ ပဋ္ဌကဝါရဝဏ္ဏနာ၊ ဧကုတ္တရိကနယ၊ ပရိဝါရအဋ္ဌကထာ (နှာ-၁၇၄)

၂။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်း (နှာ-၄၀၅)

သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်း

ဤနေရာတွင် တရားအားထုတ်နေကြသည့် ရဟန်းရှင်လူတို့သည် သမထနှင့် ဝိပဿနာကို ကွဲကွဲပြားပြား သိထားရန် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့် ဆိုသော် သမထ၏အာရုံသည် ပညတ်ဖြစ်ပြီး ဝိပဿနာ၏အာရုံမှာ ပရမတ်ဖြစ်ပါသည်။ ထို့ကြောင့် သမထနှင့် ဝိပဿနာသည် အာရုံမတူကြပါ။

ယောဂီအများစုမှာ ပညတ်အာရုံနှင့်ပင် ကမ္မဋ္ဌာန်းဘာဝနာလုပ်ငန်းကို စတင်ရမြဲ ဖြစ်ပါသည်။ သမထအာရုံဟူသည် သတ်မှတ်ထားသော အာရုံတစ်ခုတည်း၌ စိတ်ကို ချည်နှောင်ထားရပါသည်။ ထို့ကြောင့် သမထသည် အာရုံများလျှင်ပျက်သည်။ ဝိပဿနာ၏အာရုံသည် ၆ ဒွါရ၌ ပေါ်ရာ၊ ပေါ်ရာကို သိရပါသည်။ အာရုံတစ်ခုတည်း၌ နေလျှင် ဝိပဿနာပျက်ပါသည်။

တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်းသည် အာရုံတစ်ခုတည်း၌နေလျှင် တရားတက်သည်။ ဝိပဿနာကမ္မဋ္ဌာန်းသည် အာရုံအများနှင့်နေလျှင် တရားတက်သည်။ သို့ပါသော်လည်း ယောဂီအများစုမှာ ဆရာသမားများပေးထားသည့် တစ်ခုခုသောအာရုံ၌ အနေကြာလာသောအခါ၌ ပေါ်ရာ၊ ပေါ်ရာအာရုံကို သိရန် တွန့်ဆုတ်လေ့ရှိကြသည်။

ထို့ကြောင့် အချို့ယောဂီက 'ငါနှာခေါင်းမှတ်ရတာ အဆင်ပြေတယ်'ဟူ၍ လည်းကောင်း၊ အချို့ယောဂီက 'ဝမ်းပိုက် ဖောင်းပိန်မှတ်ရတာ ငါက ပိုလို့အဆင်ပြေတာ' ဟူ၍လည်းကောင်း၊ အချို့ယောဂီက 'ငယ်ထိပ်မှတ်ရတာက အရမ်းသဘာဝကျနေတာ' ဟူ၍လည်းကောင်း ပြောတတ်ကြပါသည်။

ကျေးဇူးရှင် ဆရာသခင်များက ချည်တိုင်ပေးထားပါသည်။ ထိုချည်တိုင်ကို လှေကားသဖွယ်၊ ငြမ်းသဖွယ်၊ အသုံးချပြီး ရှေ့ဆက်ပြီး ဉာဏ်ခရီးကို တက်လှမ်းရမည် ဖြစ်ပါသော်လည်း ထိုလှေကား၊ ထိုငြမ်းပေါ်၌ပင် နေအိမ်ဖွဲ့ပြီး ကျောက်ချနေကြတော့ မည်ဆိုလျှင် အဘယ်သို့ အထက်အထက် ဝိပဿနာဉာဏ်များ ပွင့်ထွန်းနိုင်ပါတော့ မည်နည်း။

ကူးခတ်ရန် ခက်သောနေရာ

သမာဓိနယ်မှသည် ဝိပဿနာနယ်သို့ အကူးရမလွယ်ကူသောနယ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သမထနှင့် ဝိပဿနာ ကွဲကွဲပြားပြားဖြစ်ရန် ယောဂီအများစု၌ အခက်အခဲကိုယ်စီ ရှိကြသည်။ တစ်ဖန် ပညတ်နယ်မှ ပရမတ်နယ်ကို ကူးပြောင်းရန်လည်း

ခက်ခဲတတ်ပါသည်။ ဆက်လက်ပြီး လောကီဝိပဿနာဉာဏ်မှသည် လောကုတ္တရာ မဂ်ဉာဏ်သည်လည်း အကူးရခက်ခဲသောနယ်များဖြစ်သည်။ ဤအကူးအပြောင်း ၃ ဌာန၊ ၃ နယ်တို့သည် ဉာဏ်၏အရာ ဖြစ်ပေတော့သည်။

ရွှေကျောင်းကုန်းဆရာတော်ကြီးက "သမာဓိကား အတည်ထားသော သမာဓိအား၊ ဝိပဿနာကား လှုပ်ကြွည့်ရသော ဝီရိယအားအမျိုးများဖြစ်ကြရာ ဉာဏ်မပါလျှင် အထက်သို့လည်းမတက်၊ အောက်သို့လည်းမကျဘဲ ကန့်လန့်ဖြစ်နေတတ်၏ဟူ၍ ရေးသားတော်မူသည်။ ဆက်လက်ပြီး ဝိပဿနာကား ရုပ်နာမ်ဖြစ်ပျက်ကို စိုက်ကြည့်ရသည်။ မဂ်ဉာဏ်ကား ရုပ်နာမ်ချုပ်ပြတ်မှုကို အကဲခတ်ကြည့်ရသည်"ဟု မိန့်တော်မူသည်။

ထို့ကြောင့် ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်တို့သည် သဘာဝချင်း မတူကြသော်လည်း အချင်းချင်း ကူးခတ် ပေါင်းသင်းရမည်ဖြစ်သည်။ ထိုနေရာမျိုး၌ ဉာဏ်မပါလျှင် လန်ကျတော့၏။ ရုပ်နာမ်ဖြစ်ပျက်တို့ကိုလည်း ပိုင်နိုင်စွာသိနေရမည်။ ထိုရုပ်နာမ် နှစ်ပါးစလုံး၏ ချုပ်ပြတ်မှုသို့လည်း ဉာဏ်သက်ဝင်စေရမည်ဟူ၍ ဆရာတော်ကြီး ပဋိဘာနဉာဏဒဿနကထာကျမ်း၌ ပွင့်လင်းစွာ ဖော်ပြတော်မူပါသည်။[၁]

ဝိပဿနာအားထုတ်ရာတွင် စျာန်သဘောများပါနေတတ်သည်

ဝိပဿနာရှုပွားရာတွင် စျာန်၏သဘောများ ပါဝင်နေတတ်ကြောင်းကို မဟာစည်ဆရာတော်ကြီးက အကျယ်ဖွင့်ပြတော်မူဖူးပါသည်။ "ဝိပဿနာရှုတဲ့နေရာမှာ စျာန်သဘောတွေ ပါနေတတ်ပါတယ်။ ဒါက ပဋိပတ်၊ ပရိယတ် ကျွမ်းကျင်နှံ့စပ်ဖို့ လိုပါတယ်။ (၁) အာရုံပေါ်အောင်ကြံမှု ဝိတက်၊ (၂) အာရုံကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်မှု ဝိစာရ၊ (၃) နှစ်သက်အားရမှု ပီတိ၊ (၄) စိတ်ရွှင်လန်းချမ်းသာမှု သုခနှင့် (၅) ရှုခိုက်အာရုံနှင့် ကပ်ခနဲ၊ ကပ်ခနဲ အားစိုက်တည်ကြည်မှု သမာဓိတို့ ထင်ရှားပါတယ်။ ရှုမှတ်တိုင်းမှာ စျာန်အင်္ဂါ (၅)ပါး ရှိတဲ့ ပထမစျာန်နှင့် ခပ်တူတူ ဖြစ်နေတတ်တယ်" ဟူ၍လည်းကောင်း၊ "ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါမှာ ပေါ်လာသမျှအာရုံကို မှတ်သိရုံမျှမှတ်သိသွားပြီး ပီတိ၊ သုခတွေ အလွန်အကဲ ဖြစ်နေတယ်။ စိတ်ပျံ့လွင့်မှုမရှိဘဲ တည်ငြိမ်နေတယ်။ ဒါကြောင့် ဒီရှုမှတ်တိုင်း၊ ရှုမှတ်တိုင်းမှာ စျာန်အင်္ဂါ (၃)ပါးရှိတဲ့ ဒုတိယစျာန်နှင့် ခပ်တူတူ ဖြစ်နေတယ်" ဟူ၍လည်းကောင်း၊ "ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှာတော့ အရောင်အလင်းစတဲ့ ဥပက္ကိလေသာတွေ ပျောက်သွားပြီး အာရုံတွေ အဖြစ်အပျက်တွေကို ရှင်းလင်းပြတ်သားစွာ သိရပါတယ်။ အဲဒီအခါမှာ ပီတိသဘောမပါတော့ဘဲ စိတ်ချမ်းသာမှုက

၁။ ရွှေကျောင်းကုန်းဆရာတော်ကြီး၏ ပဋိဘာနဉာဏဒဿနကထာကျမ်းကို မှီငြမ်းသည်။

အလွန်အကဲ ထင်ရှားပါတယ်။ စိတ်ပျံ့လွင့်မှုမရှိဘဲ တည်ငြိမ်နေတယ်။ အဲဒီမှာ ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ (၂)ပါးရှိတဲ့ တတိယဈာန်နှင့် ခပ်တူတူဖြစ်နေတယ်”ဟူ၍လည်းကောင်း၊ ဆက်လက်ပြီး “ဘင်္ဂဉာဏ်အစရှိတဲ့ အထက်ပိုင်းဉာဏ်တွေကတော့ ဥပေက္ခာနှင့် ဧကဂ္ဂတာ ထင်ရှားတတ်တယ်။ သခ်ါရုပေက္ခာဉာဏ်မှာ လျစ်လျူရှုတဲ့ ဥပေက္ခာ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ(၂)ပါးရှိတဲ့ စတုတ္ထဈာန်နှင့် ခပ်တူတူ ဖြစ်နေတတ်ပါတယ်”ဟူ၍လည်းကောင်း ဖော်ပြတော်မူပါသည်။

ဆက်လက်ပြီး “တစ်ခါတစ်ရံမှာ ကိုယ်ကြီးတစ်ကိုယ်လုံးပျောက်ပြီး ဟင်းလင်းပြင်ထဲရောက်နေသလို ထင်ရတဲ့အခါမှာ အာကာသနဉ္စာယတနဈာန်စိတ်တစ်မျိုးတည်းပေါ်နေလို့ အဲဒီစိတ်ကို ကြည့်ရှုနေတဲ့အခါမှာ ဝိညာဏဉ္စာယတနဈာန်၊ ဘာမျှမရှိတာကိုချည်း ရှုမှတ်နေရသလို ထင်ရတဲ့အခါမှာ အာကိဉ္စညာယတနဈာန်နှင့် ပေါ်လာတဲ့စိတ်ကော မှတ်သိတဲ့စိတ်ပါ အလွန်သိမ်မွေ့နေလို့ စိတ်ဟာ မရှိသလိုလို ဖြစ်နေတဲ့အခါမှာ နေဝသညာနာသညာယတနဈာန်တွေနှင့် ခပ်တူတူဖြစ်နေတယ်”ဟူ၍ ဆဋ္ဌသင်္ဂီတိပုစ္ဆက မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာကျမ်းဌ ရေးသားတော်မူပါသည်။

ငြိမ်းအေးမှု အဆင့်ဆင့်ရှိပါသည်

သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ ဘာဝနာကမ္မဋ္ဌာန်းဌ အလေ့အကျင့်ကောင်းနေသောယောဂီများသည် ငြိမ်းအေးမှုအဆင့်ဆင့်ကို ကြုံရတတ်ပါသည်။

၁။ ယောဂီ၏သန္တာန်ဌ ကာမဂုဏ်နှင့် အကုသိုလ်ကိလေသာများကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွာထားပြီး ကြံစည်စဉ်းစားမှု (ဝိတက်)၊ သုံးသပ်ဆင်ခြင်မှု (ဝိစာရ)များပါ ကင်းဆိတ်ကာ ပီတိကြောင့်ဖြစ်သည့် ငြိမ်းအေးမှုလည်းရှိသည်။

၂။ ပီတိပါကင်းပျောက်ပြီး သုခချည်းသက်သက်ကြောင့် ချမ်းသာသည့် ငြိမ်းအေးမှုလည်း ရှိသေးသည်။

၃။ သုခကိုလည်း ပယ်ဖျောက်ပြီး ဝမ်းသာဝမ်းနည်းမရှိဘဲ ဥပေက္ခာကြောင့် ငြိမ်သက်အေးငြိမ်းမှုကလည်း ရှိပါသေးသည်။

၄။ မှတ်သားမှုသညာအားလုံးကို လွန်မြောက်ကာ အာကာသဟူသော ကောင်းကင်ပညတ်ကို အာရုံပြုပြီးနေနိုင်သည့် ငြိမ်းအေးမှုလည်း ရှိသေးသည်။

၅။ ထို့ပြင် အာကာသကိုပင် နှလုံးမသွင်းမူဘဲ သိမှု (ဝိညာဏ်) တစ်ခုတည်းကိုသာလျှင် အာရုံပြုကာနေသည့် ချမ်းသာမှုလည်း ရှိပါသေးသည်။

၆။ သိမှု (ဝိညာဏ်)ကိုပါ နှလုံးမသွင်းတော့ဘဲ စိုးစဉ်းမျှမရှိသည်ကို သိ၍နေသည့် ငြိမ်းအေးမှုလည်း ရှိသေးသည်။

၇။ ထိုစိုးစဉ်းမျှမရှိသည်ကိုပင် သိမနေတော့ဘဲ သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်းမဟုတ်ဟု ဆိုရလောက်အောင် အလွန်သိမ်မွေ့သည့် စိတ်အဆင့်ဖြင့် ငြိမ်းအေးမှုလည်း ရှိပါသေးသည်။

ထို့ကြောင့် တရားရှုမှတ်ရာတွင် ကြုံလာရသည့် ငြိမ်းအေးမှုအဆင့်ဆင့်ကို ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန်မှာမူ ပရိယတ်၊ ပဋိပတ်အရာ ထဲထဲဝင်ဝင် ကျွမ်းကျင်တော်မူကြသည့် ဆရာသခင်တို့၏ထံပါး အစစ်ဆေးခံရမှသာ ဈာန်၏ငြိမ်းအေးမှုနှင့် ဉာဏ်၏ငြိမ်းအေးမှုကို ခွဲခြားနိုင်မည်ဖြစ်ပါသည်။

အကြောင်းမှာ ယောဂီပုဂ္ဂိုလ်အနေဖြင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မကို ဝိပဿနာတင် ရှုပွားကာနေသည်ဟု ထင်နေပါသော်လည်း ကျွမ်းကျင်လိမ္မာမှု မရှိသေးလျှင်သော်လည်းကောင်း၊ ဆရာကောင်း မမှီရလျှင်သော်လည်းကောင်း ဉာဏ်ပိုင်းမရောက်ဘဲ ဈာန်ပိုင်းကို ရောက်သွားတတ်ပါသည်။ ထို့ကြောင့် ဤနေရာတွင် ဆုံးဖြတ်ချက် တစ်ချက်လွဲသွားပါက ဘုရားရှင်သာသနာတော်၏ အနှစ်သာရဖြစ်သော မဂ်ဖိုလ်နှင့် ဝေးကွာနိုင်သည့်အထိ ဖြစ်သွားနိုင်ပါသည်။

ဆရာတစ်ပါးမှားလျှင် တပည့်အများ အကျိုးနည်းနိုင်သည်

ဆရာတစ်ပါးမှားလျှင် တပည့်အများ မှားတတ်သည့်အကြောင်း သီဟိုဠ်ခေတ် ဖြစ်စဉ်တစ်ခုကို သာဓကအနေဖြင့် ပြပါမည်။ မထေရ်ကြီးတစ်ပါးအား အများသူငါတို့က ရဟန္တာဟု ထင်မှတ်ကြည်ညိုကြသည်။ မထေရ်ကြီး၏ထံပါး တရားနည်းခံယူ၍ အားထုတ်နေကြသည့် ရဟန်းသံဃာများလည်း ရှိကြသည်။

ဆရာသခင်သည် မဂ်ဖိုလ်နိဗ္ဗာန်အကြောင်းကို ဟောကြားပြသရာတွင် "ငါ့ရှင်တို့ သမထ၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့အား ပထမအကြိမ်ပေါ်လာသော အလင်းရောင်သည် သောတာပတ္တိမဂ်ဖြစ်သည်။ ဒုတိယအကြိမ်ပေါ်လာသော အလင်းရောင်သည် သကဒါဂါမိမဂ်ဖြစ်သည်။ တတိယ

အကြိမ်ပေါ်လာသော အလင်းရောင်သည် အနာဂါမိမဂ်ဖြစ်သည်။ စတုတ္ထအကြိမ် ပေါ်လာသော အလင်းရောင်သည် အရဟတ္တမဂ်ဖြစ်သည်ဟု ဟောကြားတော်မူလေ့ရှိသည်။ တပည့်အများက 'ငါတို့၏ ဆရာတော်ကြီးသည် ရဟန္တာဖြစ်၍သာ ဤတရားမျိုးကို ရဲဝံ့စွာ ဟောတော်မူခြင်းဖြစ်သည်'ဟု ယုံကြည်၍ အကြည်ညိုု အလွန်ပိုကြလေသည်။

မကြာမြင့်မီကာလ၌ ထိုမထေရ်ကြီး ပျံလွန်တော်မူသည်။ ထိုအခါ တပည့်ကြီးများက 'ဆရာရဟန္တာကြီး မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူသည်'ဟူ၍ ကြီးစွာသော သာဓုကီဠနသဘင်ကို ကျင်းပပူဇော်ကြသည်။ ထို့နောက် အရိုးဓာတ်တို့ကို စေတီတည်၍ ကိုးကွယ်ကြလေသည်။

တစ်နေ့သောအခါ၌ ရှေးအခါက မထေရ်ကြီးနှင့် သိကျွမ်းခင်မင်ခဲ့ဖူးသော ကျမ်းဂန်တတ် မထေရ်ကြီးတစ်ပါး ဒေသစာရီကြွချီကာ ရောက်ရှိတော်မူလာသည်။ ထို့နောက် မထေရ်ကြီးကို မေးမြန်းတော်မူရာ "ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသွားသဖြင့် စေတီတည်ထား ကိုးကွယ်ထားပါကြောင်း' လျှောက်ထားကြပါသည်။

ထိုအခါ ပညာရှိအာဂန္တုမထေရ်က "ဘယ်လိုတရားများ ဟောကြား ပြသပါသလဲ" မေးတော်မူရာ တပည့်များက "ပထမအကြိမ်ပေါ်လာသော အလင်းရောင်သည် သောတာပတ္တိမဂ်ဖြစ်သည်။ ဒုတိယအကြိမ်ပေါ်လာသော အလင်းရောင်သည် သကဒါမိမဂ်ဖြစ်သည်။ တတိယ အကြိမ်ပေါ်လာသော အလင်းရောင်သည် အနာဂါမိမဂ်ဖြစ်သည်။ စတုတ္ထအကြိမ်ပေါ်လာသော အလင်းရောင်သည် အရဟတ္တမဂ်ဖြစ်သည်"ဟု ဟောကြားတော်မူကြောင်း လျှောက်ထားကြသည်။

စာပေကျမ်းဂန် ကျွမ်းကျင်တော်မူသော ပညာရှိအာဂန္တုမထေရ်ကြီးက တရားအားထုတ်ရာ၌ အလင်းရောင်ဟူသော သြဘာသသည် မဂ်မဟုတ်ပါ။ ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသာဖြစ်လေ့ရှိကြောင်း၊ အလင်းရောင်ကို မြင်ခြင်းသည် ရဟန္တာ အမြင်မဟုတ် ပုထုဇဉ်အသိမျှသာဖြစ်သေးသည်ဟု ဟောကြားတော်မူပါသည်။[၁]

ဗျာန်လမ်းနှင့် ဉာဏ်လမ်း မှားတတ်သည်

ထို့ကြောင့် ဝိပဿနာအားထုတ်သည့် လမ်းကြောင်း၌ 'ငြိမ်းအေးမှု'အမျိုးမျိုး၊ အလင်းရောင် အမျိုးမျိုးရှိသကဲ့သို့ ဗျာန်ပိုင်း၌လည်း ချုပ်ငြိမ်းမှုနှင့် ဆင်ဆင်တူသည်များကြုံရတတ်ပါသည်။

၁။ သာမဂါမသုတ္တဝဏ္ဏနာ၊ ဒေဝဒဟဝဂ္ဂ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ (နှာ-၂၅)

ပီတိကြောင့်လည်း ချုပ်ငြိမ်းမှုနှင့် ဆင်တူတတ်ပါသည်။ သုခကြောင့်လည်း ချုပ်ငြိမ်းမှုနှင့် ဆင်တူတတ်ပါသည်။ သမာဓိကြောင့်လည်း ချုပ်ငြိမ်းမှုနှင့် ဆင်တူတတ်ပါသည်။ ထိနမိဒ္ဓကြောင့်လည်း ချုပ်ငြိမ်းသည်ဟု ထင်မှတ်မှားတတ်ပါသေးသည်။

ရံခါ တရားအားထုတ်နေစဉ်၌ 'လင်းခနဲ့၊ သိမ့်ခနဲ့၊ လက်ခနဲ့' ဖြစ်ဖြစ်သွားတတ်ပါသေးသည်။ ရံခါမူ မည်သည့်အာရုံမှမပေါ်ဘဲ ဘာမှမသိသကဲ့သို့လည်း ဖြစ်တတ်သည်။ ယောဂီကြုံတွေ့လာသည့် ဘာမှမသိဟူသောအာရုံ၊ ငြိမ်းအေးနေသည်ဟူသောအာရုံကို တရားထူးဟု ဆုံးဖြတ်မိတတ်ကြသည်။ ထို့ကြောင့် ပရိယတ်၊ ပဋိပတ် စွယ်စုံကျွမ်းကျင်တော်မူကြသည့် ဆရာသမားများထံပါး နည်းခံယူရန်နှင့် လောကုတ္တရာ တရားလမ်းကြောင်း၌ ဆုံးဖြတ်ချက်ချရာတွင် ဆန္ဒမစောမိဘဲ အထူးအလေးဂရုထားရန် လိုအပ်ပါသည်။

လောကီစျာန်ပိုင်းသည် အလွန်ပင် ကျယ်ဝန်းလှပါသည်။ သံသရာရှည်လျားသမျှ သာသနာပကာလများ၌လည်း သမထကမ္မဋ္ဌာန်းကို အားထုတ်ခဲ့ဖူးကြမည် ဖြစ်ပါသည်။ ထို့ကြောင့် စျာန်နှင့် ဉာဏ် မှားတတ်သည့်သာဓကကို မဟာနာဂမထေရ်မြတ်ကြီး၏ ဝတ္ထုဖြင့် ပြပါမည်။

ဆင်ရှိုင်းကြီးကို ပန်ဆင်းနိုင်စွမ်းသည့် မဓေရ်မြတ်

တစ်နေ့သောအခါ၌ ဓမ္မဒိန္နမထေရ်မြတ်သည် နေ့သန့်ရာအရပ်၌ ထိုင်နေတော်မူစဉ် 'ငါတို့၏ဆရာ မဟာနာဂမထေရ်မြတ်ကြီး ရဟန်းကိစ္စ ပြီးမပြီး'ကို ဆင်ခြင်ကြည့်တော်မူရာတွင် ပုထုဇဉ်မျှသာ ဖြစ်နေသေးကြောင်း သိမြင်တော်မူလေသည်။

'ဆရာ့ထံပါး ငါမသွားရင် ဆရာသည် ပုထုဇဉ်သေခြင်းဖြင့် သေရချာတော့မယ်'ဟု ဆင်ခြင်တော်မူပြီးနောက် ကောင်းကင်ခရီးဖြင့်ကြွပြီး ဆရာမထေရ်၏ရှေ့၌ သက်ဆင်း၍ ရှိခိုးပါသည်။

"ဘုရင် ဓမ္မဒိန္န အချိန်အခါမဟုတ်ဘဲ အဘယ်အကြောင်းကြောင့် ကြွလာသလဲ"ဟု မေးတော်မူသည်။ ဓမ္မဒိန္နမထေရ်မြတ်က "ပြဿနာမေးလျှောက်ရန် ကြွလာပါဘုရား" လျှောက်ထားပါသည်။ "ထိုအခါ ဘုရင် . . . မေးလျှောက်ပါ၊ သိရင်လည်း ဖြေတာပ"ဟု မိန့်တော်မူပါသည်။ ပြဿနာတစ်ထောင်ကို မေးလျှောက်လေရာ မေးတိုင်း၊ မေးတိုင်းပင် ဆုတ်ဆိုင်းတွန့်ဆုတ်ခြင်းမရှိ မပင်မပန်း၊ မငြိမငြင် လွယ်ကူစွာ ဖြေကြားတော်မူပါသည်။

ထိုအခါ တပည့်ဖြစ်သူ ဓမ္မဒိန္နမထေရ်မြတ်က "အရှင်ဘုရားများ၏ ဉာဏ်တော်က လွန်စွာထက်မြက်လှပါပေသည်။ ဤတရားကို ဘယ်အခါက ရရှိထားပါသလဲဘုရား"

ဟု မေးလျှောက်ရာ မထေရ်မြတ်ကြီးက “လွန်ခဲ့သော အနှစ်ခြောက်ဆယ်က ရခဲ့ပါတယ် ငါ့ရှင်”ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ဓမ္မဒိန္နမထေရ်မြတ်က “သမာဓိကို အသုံးပြုပါသေးသလားဘုရား”ဟု မေးလျှောက်ရာ “ငါ့ရှင် သမာဓိအသုံးပြုတာ မခဲယဉ်းပါ”ဟု မိန့်တော်မူပါသည်။ ထိုအခါ ဓမ္မဒိန္နမထေရ်မြတ်က “ဤသို့ဆိုလျှင် ဆင်တစ်ကောင် ဖန်ဆင်းပြတော်မူပါဘုရား”ဟု လျှောက်ထားပါသည်။ မဟာနာဂမထေရ်ကြီးသည် ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်တစ်ကောင်ကို ချက်ချင်းပင် အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်း၍ ပြတော်မူပါသည်။

ထိုအခါ “အရှင်ဘုရား၏ဆင်ကြီးကို နားရွက်ကုပ်၊ အမြီးထောင်ကာ နှာမောင်းကို ခံတွင်းထဲထည့်ပြီး ကြောက်မက်ဖွယ်အသံပေးလျက် အရှင်ဘုရားဆီ တည့်တည့် ပြေးလာဟန် ဖန်ဆင်းတော်မူပါဦးဘုရား”ဟု လျှောက်ထားရာ၊ မထေရ်မြတ်ကြီးက တပည့် လျှောက်ထားသည့်အတိုင်း ဖန်ဆင်းပြတော်မူပါသည်။ ထိုအခါ မထေရ်ကြီးကိုယ်တိုင် ဖန်ဆင်းထားသည့် ဆင်ကို ကြောက်ပြီး ထ၍ပြေးရန် ဟန်ပြင်လေသည်။

ထိုအခါ တပည့်ဖြစ်သူ အရှင်ဓမ္မဒိန္နက မထေရ်ကြီး၏ သင်္ကန်းစွန်းကိုဆွဲကာ “အရှင်ဘုရား။ ။ ။ ရဟန္တာပုဂ္ဂိုလ်မှာ ကြောက်ရွံ့ထိတ်လန့်ခြင်း ရှိပါသေးသလားဘုရား” ဟု မေးလျှောက်ရာ မထေရ်မြတ်ကြီးက မိမိပုထုဇဉ်အဖြစ်ကို သိတော်မူ၍ “ငါ့ရှင် ဓမ္မဒိန္န။ ။ ။ ငါ၏ အားထားမှီခိုရာဖြစ်ပါ”ဟု မိန့်တော်မူပြီး အရှင်ဓမ္မဒိန္နခြေအနီး၌ ဆောင့်ကြောင့်ထိုင်လေသည်။

တပည့်ဖြစ်သူ ဓမ္မဒိန္နက “အရှင်ဘုရားများ အားထားမှီခိုရာဖြစ်စေမယ်လို့ ရည်ရွယ်ပြီး လာခဲ့ပါတယ်ဘုရား”ဟု လျှောက်ပြီး ကမ္မဋ္ဌာန်းပေးတော်မူရာ မဟာနာဂမထေရ်ကြီးသည် တပည့် အရှင်ဓမ္မဒိန္နပေးသော ကမ္မဋ္ဌာန်းကို နာယူရှုမှတ်လျက် စင်္ကြံသို့အတက် ခြေသုံးလှမ်းအရောက်တွင် ရဟန္တာဖြစ်တော်မူလေသည်။[၁၊၂]

ရဟန္တာတိုင်း ဈာန်းကင်မပျံနိုင်ပါ၊ ဈာန်းကင်ပျံနိုင်တိုင်း ရဟန္တာမဟုတ်ပါ

လူအများစုက ကောင်းကင်းပျံနိုင်လျှင် ရဟန္တာဟု ထင်မှတ်တတ်ကြသည်။ အမှန်တကယ်တွင်မူ ကောင်းကင်းမှာ ပျံနိုင်တိုင်း ရဟန္တာမဟုတ်သကဲ့သို့ ရဟန္တာတိုင်း လည်း ကောင်းကင်မပျံနိုင်ပါ။ လောကီပညာရပ်အရ အင်း၊ ဓာတ် စသည်တို့ အောင်မြင်သည့် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီအချို့လည်း ကောင်းကင်ပျံနိုင်သည်။ ထို့အပြင် ဈာန်အဘိညာဉ်ရသော ပုထုဇဉ်ရဟန်းအချို့လည်း ကောင်းကင်ပျံနိုင်ပါသည်။

၁။ ဆင်ရိုင်းဖန်ဆင်းမထေရ် သီဟိုဠ်ခေတ်စံတော်ဝင် (နှာ-၄၇၈) (၇၃၃)

၂။ ဝိပဿနုပက္ကိလေသကထာ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ဒုတိယတွဲ၊ နှာ -၂၇၁)

ဘုရားရှင်၏ ညီတော်တစ်ပါးဖြစ်သည့် အရှင်ဒေဝဒတ်လည်း စိတ်ရိုင်းမဝင်ခင်က ဈာန်အဘိညာဉ်ရ ရဟန်းတစ်ပါးဖြစ်ခဲ့ဖူးသည်။ အရှင်ဒေဝဒတ် စိတ်ယုတ်မာကြောင့် ဘုရားရှင်၏သာသနာတော်၌ မပြုကောင်း၊ မပြောကောင်း၊ မကြံကောင်းသော အကုသိုလ်တို့ကို လွန်ကျူးခဲ့မှစ၍ သူ၏လောကီအဘိညာဉ်တန်ခိုး ကွယ်ပျောက်သွားပါတော့သည်။

ထိုမျှမကသေး အဘိညာဉ်ရ ပုထုဇဉ်ဖြစ်ခဲ့ဖူးသည့် အရှင်ဒေဝတ်သည် ယနေ့တိုင် အဝီစိငရဲ၌ ကျခံနေရပါသည်။ ထို့ကြောင့် ဈာန်အဘိညာဉ်တန်ခိုးတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကဲ့သို့ အပါယ်ငရဲ ဆင်းရဲကို မတားမြစ်နိုင်ပါ။

ဈာန်အဘိညာဉ်ရသော ရဟန္တာများ ကောင်းကင်ပျံနိုင်သည်။ ဈာန်အဘိညာဉ်မရသော သုက္ခဝိပဿက ရဟန္တာများက အာသဝေါတရားကုန်ခန်းသည့် ရဟန္တာကြီးဖြစ်ပါသော်လည်း ကောင်းကင်ပျံနိုင်ခြင်း မရှိချေ။

ဤတွင် ဈာန်နှင့် အဘိညာဉ်တန်ခိုးတို့ မတူပါ။ ကောင်းကင်ပျံနိုင်ခြင်းသည် ဈာန်၏ တန်ခိုးမဟုတ်ပါ။ အဘိညာဉ်၏ တန်ခိုးသာဖြစ်သည်။ ကြိုးစားအားထုတ်သည့် တိဟိတ်ပုဂ္ဂိုလ်တိုင်း ဈာန်ရနိုင်ပါသည်။ သို့သော် အဘိညာဉ်ကိုကား တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရုံမျှနှင့် မရနိုင်ပါ။

ဤဘဝနှင့် နီးစွာသောဘဝများက အဘိညာဉ်တန်ခိုး၌ အလေ့အလာများသူတို့က အိပ်မက်ထဲ၌ ကောင်းကင်ပျံနေတတ်သည်။ ထိုသူတို့အတွက် ယခုဘဝ၌ တန်ခိုးကို မပင်မပန်း ရလွယ်တတ်ကြပါသည်။

ကို့ရင်ကလေး တော်တော်ဈာန်ကစား ကန်းမနှင့်ညား

ရဟန္တာအရှင်မြတ်ကြီးတစ်ပါးသည် တန်ခိုးကြွွဒ္ဓိပါဒ်နှင့် ပြည့်စုံသော သာမဏေငယ်တစ်ပါးနှင့်အတူ သီဟိုဠ်ကျွန်းရှိ မဟာစေတီနှင့် မဟာဗောဓိပင်ကို ပူဇော်ရန် ခရီးကြွတော်မူပါသည်။ ရဟန္တာအရှင်မြတ်ကြီးသည် တစ်ခုသောညချမ်း၌ မဟာစေတီတော်သို့ ကြွရောက် ပူဇော်နေစဉ် သာမဏေငယ်သည် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွသွားပြီး တစ်ခဏအတွင်း အဆင်းအနံ့တို့နှင့်ပြည့်စုံသော ပန်းများကို ယူဆောင်လာပြီး ဘုရားပူဇော်နိုင်ရန် ဆရာမထေရ်ထံ ဆက်ကပ်လေသည်။

ထို့နောက် ဆရာတပည့်နှစ်ပါး မဟာစေတီကြီးအား လက်ျာရစ်သုံးပတ် လှည့်လည် ပူဇော်ကြပြီးနောက် အပြန်လမ်းတွင် 'ကိုရင်ကလေးကား တန်ခိုးကျွတ်ပါဒ ကြီးပေစွ၊ ဒီတန်ခိုးကို ဆက်လက်ပြီး စောင့်ရှောက်နိုင်ပါ့မလား'ဟု ဆင်ခြင်တော်မူရာ စောင့်ရှောက်နိုင်မည့် အခြေအနေမရှိသည်ကို မြင်တော်မူသောကြောင့် "ကိုရင်လေး တန်ခိုးကြီးပါပေတယ်။ သို့သော် တစ်နေ့မှာ တန်ခိုးပျက်ပြီးတော့ ယက်ကန်းသည် အကန်းမကလေးရဲ့ လက်နဲ့နယ်တဲ့ ဆန်ပုန်းရည်ကို သောက်နေရလိမ့်မယ်နော်"ဟု သတိပေးစကား မိန့်ကြားတော်မူပါသည်။ သို့ပါသော်လည်း ကိုရင်လေးသည် ဥပဇ္ဈာယ်ဆရာ၏စကားကို အလေးဂရုမပြုဘဲ "ငါ့ကို ဆရာတော်ကြီး ဘာတွေပြောနေပါလိမ့်"ဟုတွေးပြီး မကြားယောင်ဆောင်ပြီး ဈာန်ကစားမြဲ ကစားနေခဲ့ပါသည်။

သာမဏေငယ်သည် ဆရာတော်နှင့်အတူ ဆွမ်းခံမကြွဘဲ ကောင်းကင်ခရီးဖြင့် နောက်မှ အမီလိုက်လေ့ရှိသည်။ ဆရာတော်ကြီးက "ကိုရင်လေး ဒီလိုမလုပ်ပါနဲ့၊ ပုထုဇဉ်တို့ရဲ့တန်ခိုးကွဒ္ဓိပါဒ်ဆိုတာ မခိုင်မြဲဘူး။ မသင့်လျော်တဲ့ ဝိသဘာဂအာရုံနဲ့ကြုံရင် ဈာန်အဘိညာဉ် တန်ခိုးတွေ ပျက်စီးဆုံးရှုံးတတ်တယ်။ ဈာန်သမာပတ်တွေပျက်ရင် အကျင့်သီလစောင့်ထိန်းဖို့ ခက်ခဲတတ်တယ်"ဟု ဆုံးမတော်မူပါသော်လည်း သာမဏေငယ်သည် မကြားယောင်ဆောင်၍သာ နေလေ့ရှိသည်။

တစ်နေ့၌ ဆရာတော်ကြီး ဆွမ်းခံရာနောက်သို့ ကောင်းကင်ပျံ၍ကြွသည်။ ရွာအဝင်ကြာပင်အိုင်၌ ချောမောလှပသော ယက်ကန်းသည်မကလေးတစ်ဦး သီချင်းများ သီဆိုလျက် ကြာပန်းခူးနေပါသည်။ ကိုရင်လေးသည် ထိုယက်ကန်းသည်မလေး၏ သီချင်းသံကို အလွန်တပ်မက်မိသောကြောင့် ဈာန်လျှောကာ အဘိညာဉ်တန်ခိုးများ ကွယ်ပျောက်သွားလေတော့သည်။ ထို့နောက် ထိုယက်ကန်းသည်မလေးနှင့် အိမ်ထောင်ပြုပါသည်။

ထိုကိုရင်လူထွက်သည် တစ်နေ့၌ ယက်ကန်းယက်နေပါသည်။ ဇနီးဖြစ်သူ ယက်ကန်းသည်မကလေးက ထမင်းစားချိန် အလွန်နောက်ကျမှ ထမင်းပို့လာပါသည်။ ထိုအခါ ကိုရင်လူထွက်က စိတ်ဆိုးပြီး ယက်ကန်းယက်သည့် ရက်ဖောက်တံဖြင့် ဇနီး၏ မျက်နှာကို ပစ်ပေါက်လိုက်တော့သည်။ ထိုရက်ဖောက်တံ၏ အချွန်သည် ယက်ကန်းသည်မကလေး၏ မျက်စိထဲ စူးဝင်ပြီး မျက်လုံးတစ်ဖက် ကွယ်သွားရှာပါတော့သည်။[၁]

၁။ မဟာသကုလုဒါယိသုတ္တဝဏ္ဏနာ၊ ပရိဗ္ဗာဇကဝဂ္ဂ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (နှာ-၁၇၀)
သုတ္တန္တဘာဇနီယဝဏ္ဏနာ၊ ဝိဘင်္အဋ္ဌကထာ (နှာ- ၂၇၈)

ပုထုဇဉ်ဘဝ၌ ရရှိပိုင်ဆိုင်ထားသည့် လောကီတန်ခိုး ဣဒ္ဓိပါဒ်သည် လောကုတ္တရာပညာ၏ အထိန်းအကွပ်မပါရှိသောကြောင့် ရံခါ၌ ထိုတန်ခိုးရှင်ကိုပင် ကြီးစွာသောဆင်းရဲကို ဖြစ်စေတတ်ပါသည်။

ယနေ့ကာလ၌မူ သာသနာ တည်ထွန်းလျက်ရှိပါသည်။ သာသနာတော်၏ အနှစ်သာရမှာ မဂ်ဖိုလ် နိဗ္ဗာန်သာဖြစ်သည်။ ထို့ကြောင့် “မယ္ဒံ ပန သာသနေ န ဧတံ သာရံ၊ ဝိပဿနာမဂ္ဂဖလာနိ သာရံ” ဟု မြတ်စွာဘုရားရှင် နှုတ်မြွက်ဟောကြားတော်မူခြင်းဖြစ်သည်။[၁]

ဓျာနပစ္စယာဆုစတောင်း

“လူသားအများ အကုသိုလ်တရားတို့ကို ရှောင်ကြဉ်နိုင်ပြီး သမထဘာဝနာ၊
ဝိပဿနာဘာဝနာတရားတို့ကို စဉ်ဆက်မပြတ် စူးစူးစိုက်စိုက်ပွားများကာ
ဓျာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို
ဘဝမခြားဘဲ လွယ်ကူ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေသား”

၁။ အဿဇိသုတ္တဝဏ္ဏနာ၊ ထေရဝဂ္ဂ၊ ခန္ဓဝဂ္ဂအဋ္ဌကထာ (နှာ-၂၄၉)

ဈာနပစ္စယော သိမှတ်ပုံ

ဈာနပစ္စည်း၏ကျေးဇူးပြုပုံမှာ


ဈာနပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter) ကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

ဈာနပစ္စယော (ကု၊ ကု + ဗျာ) ဝိထိ

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)
ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။[၁]

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ကုသိုလ်ဈာန်အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည် ထိုဈာန်နှင့်အတူ ယှဉ်၍ဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတည်းဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။[၂]

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၈ (စိတ္တဇရုပ်)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (ကုသိုလ်)

ပုံပါ စက္ခုဒွါရဝီထိ အစဉ်၏ အဓိပ္ပာယ် ရှင်းလင်းချက်

(၁) စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှာဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ စသည်တို့ ရှိသည့်အနက် စက္ခုဒွါရဝီထိကို ဥပမာပြပါသည်။

(၂) ကုသလာနိ ဈာနင်္ဂါနိ၊ အကုသလာနိ ဈာနင်္ဂါနိတို့ရှိသည့်အနက် ကုသလာနိ ဈာနင်္ဂါနိကိုသာ ဥပမာပြပါသည်။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၅၇)
၂။ အရှင်ဓမ္မာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဉ္စဝဂါရ (အပိုင်း-၁၊ နှာ-၉၇)

(၃) ဗျာနဂ်ါနိ= ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ။
(၄) သမ္မယုတ္တကာနံ ခန္ဓာနံ = သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်နှင့် စေတသိက် (၃၈)ပါး။
(၅) တံသမုဋ္ဌာနာနဉ္စ ရူပါနံ = စိတ္တဇရုပ်။
(၆) ဗျာနပစ္စယေန ပစ္စယော = ဗျာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။
(၇) ဝီထိအစဉ်ကို ရေးဆွဲထားသည့် Pulse ခုံးပုံ၏ အစကို 'ဥပါဒ်-ဖြစ်'ဟူ၍ လည်း ကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍ လည်းကောင်းကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်[၂]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ဗျာနင်တရားကိုယ် (၅) ပါး (ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ)တို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဒွေပဉ္စဝိညာဏ် (၁၀)ပါးကြဉ်သောစိတ် (၇၉)ပါး၊ စေတသိက် (၅၂)ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပို့စဉ်တို့ကို မှီငြမ်းသည်။

၂။ မန္တလေးတက္ကသိုလ် ရူပဗေဒဌာနပါမောက္ခဆရာကြီး ဦးခင်မောင်သန်း၏ ပဋ္ဌာန်းပစ္စာဝါရဆိုင်ရာစာတမ်းမှ ဝီထိစဉ် Pulse ခုံးပုံကို မှီငြမ်းသည်။

၁၈။ မဂ္ဂပစ္စယော
လမ်းဟူသော ထွက်မြောက်တတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း
Magga Paccaya (Path condition)

ပစ္စယနိဒ္ဒေသပါဠိ

မဂ္ဂပစ္စယောတိ - မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

Path condition (Magga Paccaya)

The path-factors are related to the phenomena associated with the path and to the matter produced by them, by path condition.

မဂ္ဂပစ္စည်း၏ ဥပမာနှင့် ဥပဓေယျ

“ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ”ဟု ရှေးဆရာမြတ်များက ဥပမာပြုတော်မူကြသည်နှင့်အညီ ပကတိလမ်းများသည် လမ်းပေါ်သွားကြသူများအား လည်းကောင်း၊ လှေ၊ သင်္ဘော စသော ယာဉ်များသည် စီးနင်းကြသူတို့အား လည်းကောင်း လိုရာဌာနသို့ ရောက်ရှိအောင် ပို့ဆောင်နိုင်သကဲ့သို့ သမ္မာမဂ္ဂင်(၈)ပါး၊ မိစ္ဆာမဂ္ဂင်(၄)ပါးတို့သည်လည်း ယှဉ်ဖော်ယှဉ်ဖက် ဆိုင်ရာရုပ်နာမ်တရားတို့အား ဒုဂ္ဂတိ၊ သုဂတိသို့ ပို့ဆောင်တတ်သောသဘောဖြင့် ကျေးဇူးပြုကြသည်။[၁]

Magga paccayo

Number eighteen is Magga Paccaya. How many Magga factors are there, both good and bad? There are twelve---Right understanding, right thought, right speech, right action, right livelihood, right effort, right mindfulness, right concentration, and then wrong understanding, wrong thought, wrong effort, and wrong concentration. These are the conditioning factors of Magga condition. Actually, there are nine. Magga condition is compared to a ferry or a boat. You reach a place through a ferry, or you use a boat to reach the place you want to go

---

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

to. Whatever leads to something is called Magga. Good factors lead to good destination and to realization of Nibbana. Bad factors lead to bad destinies. So, they are called Magga.[၁၂]

ပဋ္ဌာန်းတရားတော်လာ မဂ္ဂင် (၁၂) ပါး

မဂ္ဂင် (၈) ပါးကို လူသိများပါသော်လည်း ပဋ္ဌာန်းမဂ္ဂပစ္စယော၌ မဂ္ဂင် (၁၂) ပါး ပါဝင်သည်။ ကောင်းသည့် မဂ္ဂင် ၈ ပါးသည် နိဗ္ဗာန်သွားရာလမ်း ဖြစ်ပါသည်။ တစ်နည်း အားဖြင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် သွားရာလမ်းဖြစ်ပါသည်။ မကောင်းသည့် မဂ္ဂင် (၄) ပါးသည် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ပြည်တို့သို့ သွားရာလမ်းဖြစ်ပါသည်။ ထိုမဂ္ဂင် (၁၂) ပါးကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

ပညာမဂ္ဂင် (၂) ပါး

၁။ သမ္မာဒိဋ္ဌိ (Right view, Right understanding)= ကောင်းစွာသိမြင်မှု (တရားကိုယ် ပညာစေတသိက်)

၂။ သမ္မာသင်္ကပ္ပ (Right thought) = ကောင်းစွာကြံစည်မှု (တရားကိုယ် ဝိတက်စေတသိက်)

သီလမဂ္ဂင် ၃ ပါး

၃။ သမ္မာဝါစာ (Right speech) = ကောင်းစွာပြောဆိုမှု (တရားကိုယ် ဝိရတီစေတသိက်)

၄။ သမ္မာကမ္မန္တ (Right action) = ကောင်းစွာပြုလုပ်မှု (တရားကိုယ် ဝိရတီစေတသိက်)

၅။ သမ္မာအာဇီဝ (Right livelihood) = ကောင်းစွာအသက်မွေးမှု (တရားကိုယ် ဝိရတီ စေတသိက်)

ဤနေရာတွင် သမ္မာအာဇီဝမကျသည့် လုပ်ငန်း (၁၂) ရပ်ကိုလည်း သိထားသင့်သည်။

မိစ္ဆာဝါစာ = လိမ်ညာသည့်စကား၊ ကုန်းချောသည့်စကား၊ ကြမ်းတမ်းသည့်စကား၊ ပိန်ဖျင်းသည့် စကားလေးပါးဖြင့် စီးပွားရှာပါက မိစ္ဆာအာဇီဝ။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

မိစ္ဆာကမ္မန္တ = သူ့အသက်သတ်ခြင်းဖြင့်လည်းကောင်း၊ သူ့ဥစ္စာခိုးခြင်းဖြင့်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရဖြင့်လည်းကောင်း ဤသုံးပါးဖြင့် စီးပွားရှာပါက မိစ္ဆာအာဇီဝ။

အဆိပ်ရောင်းခြင်းဖြင့်လည်းကောင်း၊ လက်နက်ရောင်းခြင်းဖြင့်လည်းကောင်း၊ မူးယစ်ဆေး ရောင်းခြင်းဖြင့်လည်းကောင်း၊ အသားရောင်းခြင်းဖြင့်လည်းကောင်း၊ လူကုန်ကူးခြင်း၊ ရောင်းခြင်းဖြင့်လည်းကောင်း ဤ (၅)ပါးဖြင့် စီးပွားရှာပါက မိစ္ဆာအာဇီဝဖြစ်သည်။

ထို့ကြောင့် (မိစ္ဆာဝါစာ ၄-ပါး + မိစ္ဆာကမ္မန္တ ၃-ပါး + ဒေသနာတော်လာ ၅-ပါး စုစုပေါင်း ၁၂-ပါးသည် မိစ္ဆာအာဇီဝဖြစ်သည်။)

သမ္မာဓိမဂ္ဂင် ၃ ပါး

၆။ သမ္မာဝါယာမ (Right effort) = ကောင်းစွာအားထုတ်မှု (တရားကိုယ် ဝီရိယ စေတသိက်)

၇။ သမ္မာသတိ (Right mindfulness) = ကောင်းစွာအောက်မေ့မှု (တရားကိုယ် သတိ စေတသိက်)

၈။ သမ္မာသမာဓိ (Right concentration)= ကောင်းစွာတည်ကြည်မှု (တရားကိုယ် ဧကဂ္ဂတာ စေတသိက်)

မိစ္ဆာမဂ္ဂင်လမ်းအမှား ၄ ပါး

၉။ မိစ္ဆာဒိဋ္ဌိ (Wrong View, Wrong Understanding) = မှားယွင်းစွာသိမြင်မှု (တရားကိုယ် ဒိဋ္ဌိ စေတသိက်)

၁၀။ မိစ္ဆာသင်္ကပ္ပ (Wrong thought) = မှားယွင်းစွာ ကြံစည်မှု (တရားကိုယ် ဝိတက် စေတသိက်)

၁၁။ မိစ္ဆာဝါယမ (Wrong effort) = မှားယွင်းစွာ အားထုတ်မှု (တရားကိုယ် ဝီရိယ)

၁၂။ မိစ္ဆာသမာဓိ (Wrong concentration) = မှားယွင်းစွာ တည်ကြည်မှု (တရားကိုယ် ဧကဂ္ဂတာ)

မဂ္ဂင် (၁၂) ပါး၏ တရားကိုယ်မှာ ပညာ၊ ဝိတက်၊ ဝိရတီ (၃) ပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာနှင့် ဒိဋ္ဌိစေတသိက် (၉)ပါး ရသည်။

မဂ္ဂင်လမ်းစပါ၌ ဝိပဿနာတရားအားထုတ်ခြင်း

ဝိပဿနာတရား အားထုတ်ခြင်းဟူသည် ထိုထိုမဂ္ဂင်တရားတို့ကို ယောဂီ၏ သန္တာန်၌ မရှိသေးလျှင် ရှိလာရန်၊ ရှိလာပါက တိုးပွားရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သမ္မာဒိဋ္ဌိက အမှားအမှန်ကို ပိုင်းပိုင်းခြားခြား သိနိုင်သည်။ သမ္မာသင်္ကပ္ပက ကောင်းစွာ ဆင်ခြင်တွေးတောပေးသည်။ သမ္မာဝါယာမက ကြိုးပမ်းအားထုတ်သည်။ သမ္မာသတိက ကောင်းစွာ အောက်မေ့သည်။ စိတ်ကို အာရုံတစ်ခုပေါ်သို့ စူးစိုက်တည်စေသည်က သမ္မာသမာဓိဖြစ်သည်။ ထိုထိုမဂ္ဂင်ငါးပါး အလုပ်လုပ်နေခြင်းသည် တရားအားထုတ်ခြင်းဟု ဆိုရမည် ဖြစ်ပါသည်။ ဤ (၅)ပါးကို ကာရကမဂ္ဂင်များ (ပြုတတ်သည်-Doing)ဟု ခေါ်ပါသည်။

ကိုယ်ကျင့်သီလဆိုင်ရာ မဂ္ဂင် (၃)ပါးက သမ္မာဒိဋ္ဌိ၌ လမ်းဆုံးနိုင်ရန် (၀ါ) ဉာဏ်ပညာပေါ်လာနိုင်ရန် ပံ့ပိုးအားဖြည့်ပြီး အထောက်အပံ့ပေးနေပါသည်။ ထို့ကြောင့် ဤ (၃)ပါးကို ကာရာပကမဂ္ဂင်များ (ပြုစေသော - One who orders to do something.)ဟု ခေါ်ပါသည်။

သံသရာစရိုး စလျှောက်လှမ်းနေကြသည်

အတွင်းသန္တာန်၌ မှားယွင်းသည့်အတွေး၊ မှားယွင်းသည့် အသိအမြင်တို့ဖြင့် ပြည့်နှက်နေသူတို့က မိစ္ဆာမဂ္ဂင်များဖြစ်သည့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမနှင့် မိစ္ဆာသမာဓိတို့၏ လွှမ်းမိုးခြယ်လှယ် အားပေးမှုအရ အမှားများကို အားကြိုးမာန်တက်၊ စိတ်ပါလက်ပါ၊ ထက်ထက်သန်သန်ကြီး လုပ်နေ၊ ပြောနေ၊ လုံ့လ စိုက်ထုတ်နေကြသည်။

အတွင်းသန္တာန်၌ မှန်ကန်သည့် အတွေး၊ မှန်ကန်သည့်အသိအမြင်တို့ဖြင့် ပြည့်ဝနေသူတို့ကလည်း သမ္မာမဂ္ဂင်များဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိတို့၏ လွှမ်းမိုးခြယ်လှယ် အားပေးမှုအရ အမှန်ကို အားကြိုးမာန်တက်၊ စိတ်ပါ လက်ပါ၊ ထက်ထက်သန်သန်ကြီး လုပ်နေ၊ ပြောနေ၊ လုံ့လ စိုက်ထုတ်နေကြသည်။

ဤသည်ကပင် လောကမည်ပါသည်။ ဤသည်ကပင် သံသရာမည်ပါသည်။ ဤသို့ ပြုလုပ်၊ ပြောဆို၊ တွေးတောကြံစည်နေသည်ကိုပင် လောကခရီး၊ သံသရာခရီးကို လျှောက်လှမ်းနေကြခြင်းဖြစ်သည်။

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ သရက်သီးဥပမာ

ဘုရားရှင်သည် မဟာကရုဏာတော်ဖြင့် သတ္တဝါတို့အား သက္ကာယဒိဋ္ဌိပယ်သတ် ရန်အရေးမှာ ရင်ဝလုံစူးနေသည်ကို ပယ်နုတ်ရန်ထက်ပင် ပိုမို အရေးကြီးကြောင်း ဟော ကြားတော်မူပါသည်။ သို့ဖြစ်ပါ၍ သဿတဒိဋ္ဌိနှင့် တစ်ဆက်တည်း ဥစ္ဆေဒဒိဋ္ဌိတို့ကို မိုးကုတ်ဆရာတော်ကြီး ဟောကြားသည့် သရက်သီးဥပမာကို ဖော်ပြပါမည်။

စေတနာသည် 'ဖြစ်၊ တည်၊ ပျက်' အစဉ်ဖြင့် ချုပ်ပျောက်သွားတယ်။ ယခုကဲ့သို့ ချုပ်ပျောက်သွားသော စေတနာသည် 'ငါတို့၏အလုပ်ကိစ္စကြီးဟာဖြင့် ပြီးပေပြီ၊ စေတနာတောင် ချုပ်သွားပြီပဲ အကျိုးကိုပေးတော့မှာ မဟုတ်ပါဘူးလို့ မယူလိုက်ပါနဲ့တဲ့။ ဒီလိုယူလိုက်ရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားမှာပါ'ဟု ဟောတော်မူသည်။

ဆက်လက်ပြီး "သရက်သီး စားပြီးတဲ့အခါမှာ သရက်စေ့ကလေးကို မြေထဲမှာ မြှုပ်ထားလိုက်၏။ ၎င်းနောက် သရက်သီးတော့တုံးပြီ။ နောင် ငါတို့ဖြင့် သရက်သီးကိုတော့ မစားရတော့ဘူးလို့ ပြောသောစကားများသည် ဒီနှစ်အဖို့ကိုသာ ကန့်သတ်ပြီးပြောတဲ့ စကားလို့မှတ်ပါ။ ဘာကြောင့်လဲဆိုသော် ဒီနှစ်စားတဲ့ သရက်သီးက တုံးသွားသော်လည်း မိမိတို့ မြေကြီးထဲမှာ မြှုပ်ထားသော သရက်စေ့ကလေးသည် မိုးရွာတဲ့အခါမှာ ရေနဲ့တွေ့ပြီး အပင်ကလေးပေါက်၍ ကြီးမြင့်လာတဲ့အခါမှာ သရက်သီးကို တစ်ဖန် စားရပြန်သော ကြောင့် ဒီနှစ်အဖို့သာ တုံးတယ်လို့မှတ်ပါ။ သရက်ပင်ကလေး ကြီးလာတဲ့အခါမှာ စားရ ဦးမည်ဖြစ်ပါ၍ လုံးလုံးကြီး မတုံးသေးဘူးလို့ယူပါ။ ဤကဲ့သို့ သရက်ပင်ကလေး ကြီးလာတဲ့အခါမှာ သရက်သီးကို စားရသည်မှာလည်း အရင်က မိမိစားပြီးမြှုပ်ထားတဲ့ သရက်စေ့ကလေးနဲ့ကော ကင်းပါသလားလို့ဆိုရင် မကင်းဘူးလို့မှတ်ပါ။ ဒီနေရာမှာ ယခု နှစ် သရက်သီးတော့ တုံးပြီလို့ဆိုတဲ့စကားနဲ့ သဟဇာတကမ္မနဲ့ စပ်ဟပ်ပါလေ။ နောင် သရက်ပင်ကလေးကြီးလာတဲ့အခါ စားရမှာကို နာနာက္ခဏိကကမ္မနဲ့ စပ်ဟပ်၍ယူပါလေ" ဟု ဆုံးမတော်မူသည်။

သို့ဖြစ်ပါသောကြောင့် သရက်သီးကို စားပြီးသည့်နောက် တုံးပြီဟု ယူသကဲ့သို့ အလျှဒါနပြုလုပ်ပြီးသည့်နောက် စေတနာတွေ ချုပ်ပျောက်သွားရကား အကျိုးကို မပေး တော့ပါဟု ယူပါက ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ နောက်သရက်ပင်ကလေး ကြီးလာသောအခါ၌ စားရဦးမည်ဖြစ်သောကြောင့် မတုံးသေးဟုယူပါက သဿတဒိဋ္ဌိဖြစ်သည်။[၁]

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ်

ဓာတ်ကြီး (၄) ပါး ရှင်းလင်းဖြင့်လည်း ဉာဏ်မပေါ်သည်

သံသရာမှ လွတ်မြောက်နိုင်ရန် ဝိပဿနာတရား အားထုတ်ကြရပါသည်။ တရား အားထုတ်ရာ၌ ခန္ဓာကိုယ်ပေါ်၌ ထိမှုဟူသော ကာယဖောဋ္ဌဗ္ဗတို့ကို သိနိုင်ရန် ကြိုးစားရ မည်။ ပမာအားဖြင့် စက်ြေလ္ကာက်ရာ၌ ခြေဖဝါးနှင့်ကြမ်းပြင် ထိထိနေသည်ကို သိသိနေရန် ကြိုးစားရမည်။

ဤသို့ထိမှုကို သိသည်ဆိုရာ၌ "ခက်မာ ကြမ်းတမ်း၊ နူးညံ့ ချောညက်မှုဟူသော ပထဝီဓာတ်၏ အပေါင်းအစုသဘော"၊ "ပူမှု၊ နွေးမှု၊ အေးမှု ဟူသော တေဇောဓာတ်၏ အပေါင်းအစုသဘော"၊ "တောင့်တင်းမှု၊ လှုပ်ရှားရုန်းကန်မှုဟူသော ဝါယောဓာတ်၏ အပေါင်းအစုသဘော"၊ "ယိုစီးမှု၊ စိုထိုင်းမှု၊ ဖွဲ့တွယ်စေးကပ်မှုဟူသော အာပေါဓာတ်၏ အပေါင်းအစုသဘော"မျှသာ ရှိသည်ဟု နားလည် သဘောပေါက်လာကြခြင်း ဖြစ်သည်။

အကြိမ်များစွာ လေ့ကျင့်၍ သဘောပေါက်လာသူ၏ဉာဏ်၌ "ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား၊ ငါကောင်၊ ငါ့ဥစ္စာဟူ၍ မရှိပေတကား။ တွန်းကန်လှုပ်ရှား၊ ပူနွေး အေးစက် စသည့် ဓာတ်သဘာဝများသာ အမှန်တကယ်ရှိပါပေတကား"ဟု ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်းခြားဆုံးဖြတ်လျက် သိလာနိုင်ပါသည်။ ဤသို့ သိလာသည်မှာ မှန်ကန် သောအသိ (Right understanding) ဖြစ်သည်။

ဉာဏ်၏သိမှု အားကောင်းလာသည်

ဝိပဿနာတရားကို နည်းစနစ်မှန်ကန်စွာ အားထုတ်လာသည်နှင့်အမျှ ဝိပဿနာ ဉာဏ် ထက်သန်၍လာပါသည်။ ဤသို့ ထက်သန်၍လာသောဉာဏ်ကြောင့် ဝိပဿနာ ရှုမှတ်သောအခါ၌ ယောဂီက ရှေးအသိနှင့် နောက်အသိတို့က ခြားပြတ်ပြီး ဝေးကွာနေ သည်ဟူ၍လည်း တွေးထင်မိတတ်ကြသည်။

ဆိုလိုသည်မှာ ယခင်အခါက အမှတ်စိပ်စိပ် မှတ်နိုင်ခဲ့သော်လည်း ယခုအခါ၌ တစ်သိန့်ငှ် တစ်သိအကြား ပြတ်ပြတ်သားသား ခြားနေသည်။ (ဝါ) ဝေးနေသည် (ဝါ) သီးခြားစီ၊ သီးခြားစီ ဖြစ်နေသည်ဟု ထင်လာတတ်သည်။ ထို့ကြောင့် ယောဂီက မှတ်စရာ အာရုံနည်းသွားသည် ဟူ၍လည်းကောင်း၊ အမှတ်ကျဲသွားသည်ဟူ၍ လည်းကောင်း ပြောလေ့ရှိကြသည်။

အမှန်တကယ်တွင်မူ မှတ်စရာအာရုံလည်း နည်းမသွားပါ။ အမှတ်အသိလည်း ကျဲမသွားပါ။ မှတ်သိနိုင်သည့် ရှုမှတ်မှုဉာဏ်အားကောင်းလာသောကြောင့် ရှေ့ဝီထိစိတ်

နှင့် နောက်ဝိထိစိတ်တို့၏ အကြားအကြား၌ ဖြစ်တတ်သည့် ဘဝင်စိတ်ကိုပါ ထင်ထင်ရှားရှား သိနိုင်လာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဝိပဿနာဉာဏ် ထက်သန်လာသောကြောင့် မနောဒွါရကို ရှုနိုင်လာခြင်းဖြစ်သည်။

ဆက်လက်၍ ကြိုးစားအားထုတ်လာသည်နှင့်အမျှ ယောဂီ၏ဉာဏ်၌ ရုပ်မမှန်နာမ်မမှတို့သည် လျင်မြန်စွာ ဖြစ်ပေါ်လာပြီး တည်တံ့ခိုင်ခံ့ခြင်းမရှိဘဲ ပျောက်၍၊ ပျောက်၍သွားနေသည့် ဖြစ်စဉ်ကို သိရုံမျှ သိရုံမျှ သိ၍သိ၍သာ နေပါတော့သည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးက ရှုနေသည်၊ မှတ်နေသည်မဟုတ်ဘဲ ရှုသူလည်းမရှိ၊ မှတ်သူလည်းမရှိသည့် 'မမှသဘာဝ သက်သက်မျှရှိပါတကား'ဟု သိလာသည်မှာ ပုဂ္ဂိုလ်၏အရာမဟုတ်၊ ဉာဏ်၏အရာဖြစ်သည်။

ယခုကဲ့သို့ ဝိပဿနာဉာဏ် အားကောင်းလာသောအခါ၌ ကမ္မဋ္ဌာန်းကို မရပ်မနားဘဲ အားထုတ်သွားသင့်ပါသည်။ သို့မှသာ ဉာဏ်၏သိမှုကလည်း တိုး၍တိုး၍ သိသိသွားပေမည်။ တစ်နည်းအားဖြင့် ဝိပဿနာဉာဏ်က ရှေ့သို့ အဆင့်ဆင့်တိုး၍၊ တိုး၍သွားမည် ဖြစ်ပါသည်။

သခ်ၤါရကို ဥပေက္ခာပြုထားသောဉာဏ်

ယောဂီ၏ဉာဏ်သည် ဤနေရာသို့ ရောက်လာသောအခါ၌ မိမိတစ်ဆက်တည်း အစဉ်အဆက် ရှုမှတ်မြဲ ရှုမှတ်လာခဲ့သော ရှုကွက်သည် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတတ်ပါသည်။ ရှုမှတ်သည်ဟူ၍မရှိတော့ဘဲ မပင်မပန်း၊ မတောင့်မတ၊ မကြောင့်မကြသိနေသည့် အသိစိတ်တစ်ခုတည်းသာ ရှိနေတတ်သည်။

ထိုအသိသည်လည်း သိခါမျှ၊ သိရုံမျှသာဖြစ်သည်။ သိနေသည်ဟု မည်ကာမတ္တာမျှ ဖြစ်နေပါတော့သည်။ လူသေကောင်ကို လူ (၄)ယောက်က မနည်းထမ်းရသည့်အထိ လေးလံသော ဤခန္ဓာကိုယ်ကြီးသည် ဝါဂွမ်းစိုင်ကဲ့သို့ ပေါ့ပါးနေပြီး ရံခါ တိမ်ကြား၌ တည်နေသည့်ပမာ လေးလံမှုမျှား လုံးဝ ကွယ်ပျောက်၍ နေပါတော့သည်။

စိတ်၌လည်း ပျင်းရိ၊ ထိုင်းမှိုင်းမှု၊ လိုချင်မှု၊ စိတ်နှလုံးမသာယာမှုမျှားလည်း ကွယ်ပျောက်၍နေသည်။ စိတ်ပျံ့လွင့်မှု၊ စိတ်ပူပန်မှုမျှားလည်း အနားမသိနိုင်ပေ။ ယခုအားထုတ်နေရသည့် တရားပေါ်၌လည်းကောင်း၊ ဆရာသမားများပေါ်၌လည်းကောင်း ယုံမှားသံသယ ဒိဗ္ဗစိတ်နှစ်ခွများလည်း ကြက်ပျောက်၊ ငှက်ပျောက် ပျောက်နေပါတော့သည်။

ဤစိတ်အခြေအနေအတိုင်း နာရီပေါင်းများစွာမှ အချို့မှာ ရက်မှ လတိုင်အောင်လည်း ကြာနေတတ်ပါသည်။ အချို့ယောဂီက သေးသေးမျှင်မျှင်လေးဖြစ်နေသော ထိုသိမှုကလေး ချုပ်ပြတ်သွားတတ်သည်လည်း ရှိတတ်သည်။ ဤအရာ၌ စျာန်သဘောများလည်း ပါဝင်တတ်သဖြင့် ဆရာ၏အတွေ့အကြုံက အလွန်ပင် အရေးပါသည်။

ဤနေရာသည် ဘဝါဘဝက သမထအလေ့အလာများခဲ့သော ယောဂီတို့အတွက် စျာန်နှင့် မဂ်၏ နယ်နိမိတ်အစပ်ကို ရောက်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆရာသခင်များ၏ ကျွမ်းကျင်ပိုင်နိုင်မှုသည် လွန်စွာ အရေးကြီးလှသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စာပေပရိယတ္တိကို လက်ကိုင်ပြုပြီး တပည့်ယောဂီသွားလိုသည့် နိဗ္ဗာန်လမ်းအမှန်ကို လက်တွဲခေါ်ပေးရမည့်နေရာ ရောက်နေ၍ဖြစ်ပါသည်။

မဂ်ဖိုလ်အဆုံးအဖြတ် ဆန္ဒမစောသင့်ပါ။ ဆရာအဆုံးအဖြတ်မှားလျှင် တပည့်၏ မဂ်ညွှန့်၊ ဖိုလ်ညွှန့်ကို ချိုးပစ်သည့်နှယ် အရှုံးကြီးဆုံးရှုံးတတ်ပါသည်။ စိတ်သည် အခြားတစ်ပါးသောအာရုံကိုမယူဘဲ ငြိမ်းအေးနေသည့်စိတ်ကိုပင် အာရုံအဖြစ် သိနေနိုင်ပါသည်။ အာရုံအပြောင်းအလဲ အလွန်နည်းသောနေရာ၌ ရောက်နေပါသည်။ နား၌ကြားရသော အသံအာရုံသည် ကြားရုံမျှသက်သက် ဖြစ်နေသည်။

ဥပမာအားဖြင့် ခွေးဟောင်သံကြားလျှင်ခွေးနီ၊ ခွေးဝါ၊ ခွေးမြီးတိုဟူ၍ စိတ်က ပုံမဖော်တော့ဘဲ စိတ်ကအေးငြိမ်းနေပြီး အသံကို သိရုံမျှသိပေးပြီး မူလအေးငြိမ်းနေသည့် အာရုံနှင့်သာ နေနေတော့သည်။ ကိလေသာ၊ နိဝါရဏတို့သည် အေးငြိမ်းမှုနယ်ပယ် ခြံစည်းရိုးအတွင်းသို့ ဝင်ရောက်ရန်ဝေးစွ ချောင်းကြည့်ရုံမျှပင် မစွမ်းနိုင်သည့် အခြေအနေသို့ ရောက်နေခြင်းဖြစ်ပါသည်။

ထို့ကြောင့် အရိယာသူတော်ကောင်းကြီးတို့၏ စိတ်အလား အဆိုးလောကဓံနှင့် ကြုံသော်လည်း မတုန်လှုပ်၊ အကောင်းလောကဓံနှင့်ကြုံသော်လည်း မလှုပ်ခါဘဲ စိတ်အခြေအနေမှာ သန့်ရှင်းစင်ကြယ်၍ နေပါတော့သည်။ ဤအခြေအနေအတိုင်း အစဉ်ထာဝရ စင်ကြယ်မည်ဟူ၍လည်း ယောဂီက တိတ်တခိုးလေး မျှော်လင့်နေတတ်ပါသေးသည်။

အကယ်၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတည်းဟူသော ကိလေသာတို့ကို အပြီးပယ်သတ်ပြီးဖြစ်ပါမူကား အမှန်တကယ်ပင် သောတာပန်အရိယာစစ်စစ် ဖြစ်ပေတော့မည်။ မပယ်နိုင်သေးပါက မည်မျှပင်ငြိမ်းအေးနေစေကာမူ ခုတ်လှဲထားသည့် ညောင်ငုတ်တိုမှ မိုးရာသီ၌ အတက်ထွက်လာသကဲ့သို့ အကြောင်းဆုံသည်နှင့် ထိုထိုအနုသယကိလေသာတို့သည် တစ်မုဟုတ်ချင်း အတက်ထွက်ကာ ဝိတိက္ကမအဆင့် ထကြွသောင်းကျန်းလာနိုင်သည်။

စိတ်အားငယ်ရန်၊ စိတ်ပျက်ရန် မဟုတ်ပါ။ သဒ္ဓါ၊ ဆန္ဒနှင့် ဝီရိယပြင်းထန်လျှင် ယနေ့ ဒွိဟိတ်၊ မနက်ဖြန် တိဟိတ်ဖြစ်နိုင်သည်သာ။ အားထုတ်မှုအစွမ်းသန်ပါက ကိလေသာ နာလန်မထူနိုင်ပါ။ သို့ဖြစ်ပါ၍ "ယောဟိ ကောစိ ဘိက္ခဝေ"စသည်ဖြင့် မည်သူ အားထုတ်သည်ဖြစ်စေ (၇)ရက်မျှဖြင့်လည်း ကိစ္စပြီးနိုင်သည်ဟု ဘုရားရှင် အာမခံချက် ပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။[၁]

ဝိပဿနာဉာဏ် အဆင့်ဆင့်မြင့်တက်ခြင်း

ယခုကဲ့သို့ အားထုတ်လာသော ယောဂီ၏သန္တာန်၌ ဝိပဿနာဉာဏ်က ကိလေသာတို့ကို စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ပယ်ခွာပေးလျက်ရှိပါသည်။ အရိယာမဂ်သို့ အရောက်၌မူ ဆိုင်ရာကိလေသာတို့ကို အပြီးအပိုင် ရှင်းလင်း ဖြတ်တောက်ပေးပါတော့သည်။

ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဥပမာတစ်ခုလာရှိပါသည်။ ထင်းခုတ်သမား တစ်ယောက်သည် သစ်ပင်ကို လွှဖြင့်တစ်ချက်ဆွဲတိုင်း၊ တစ်ချက်ဆွဲတိုင်း သစ်ပင်၏ပင်စည်က ပြတ်၍ ပြတ်၍ သွားနေပါသည်။ အချက် (၁၀၀) ပြည့်လျှင် သစ်ပင်ပြတ်မည်ဟုဆိုပါက (၉၉) ချက်သော လွှချက်က သစ်ပင်ကို ပြတ်လုနီးနီး ဖြတ်ပြီးဖြစ်သည်။ သို့သော် (၁) ချက် လိုသေးသောကြောင့် သစ်ပင်ကြီး မလဲသေးပါ။

ရှေ့၌ဆွဲလာသောလွှချက် (၉၉) ချက်နှင့်တူသည့် ဝိပဿနာဉာဏ်က ကိလေသာကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပြတ်လုခမန်း ဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ထိုနောက်ဆုံး လွှချက် (၁) ချက်ဆွဲလျှင် သစ်ပင်ကြီးလဲကျမည်ဟူသော ဥပမာနှင့်အညီ ဝိပဿနာဉာဏ်က ပယ်ပြီးဖြစ်သည့် ကိလေသာတို့ကို အရိယာဉာဏ်က အကြွင်းမဲ့ အပြီးအပြတ် တစ်ချက်တည်းဖြင့် ဖြတ်ခြင်းမည်ပေသည်။

သောတာပန်၌ အလွန်ဆုံး (၇) ဘဝသာရှိသည်

ဘုရားရှင်က 'သောတာပတ္တိမဂ်ဖြင့် အဘိသင်္ခါရဝိညာဏ် ချုပ်ငြိမ်းသွားခြင်းကြောင့် သံသရာ၌ ခုနစ်ဘဝထက်ပိုလွန်၍ ဖြစ်ခွင့်မရှိတော့ပေ'ဟု ဟောကြားတော်မူခဲ့ပါသည်။ ဤသည်မှာ အလွန်ဆုံး၊ အများဆုံးဘဝဖြစ်နိုင်ပြီး နံ့သောက္ကန္ဒြေရှိသည့် သတ္တက္ခတ္တုပရမ သောတာပန်ကို ရည်ညွှန်းခြင်းဖြစ်သည်။

၁။ ရွှေကျောင်းကုန်းဆရာတော်ကြီး၏ ပဋိဘာနဉာဏဒဿနကထာကျမ်း မှီငြမ်းပါသည်။

ဤနေရာ၌ သောတာပန်ပုဂ္ဂိုလ်သည် အဘယ်ကြောင့် (၇) ဘဝထက် ပိုလွန်၍ မဖြစ်ရခြင်းကိုလည်း ဖော်ပြပါဦးမည်။ သောတာပန်၏သန္တာန်၌ ဒိဋ္ဌနှင့် ဝိစိကိစ္ဆာ အမြစ်ပြတ်ခဲ့ပြီးဖြစ်သဖြင့် သံသရာတစ်ခွင်၌ မှားယွင်းခဲ့သည့် ဝိညာဉ်၊ လိပ်ပြာ၊ အတ္တဟူသော သတ္တသညာ၊ ဇီဝသညာတို့ မရှိတော့ကြောင်းကို ပိုင်ပိုင်နိုင်နိုင်သိပြီး ဖြစ်ပါသည်။

ထို့ပြင် သောတာပတ္တိမဂ် မကျမီကပင် ရုပ်နာမ်ဓမ္မသခ်ါရတရားတို့၏ သဘောသရုပ်အမှန်ကို ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြင့် ရှုမှတ်ခဲ့ပြီးဖြစ်သည်။ ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲ (Knowledge of arising and passing away) ရှုမှတ်ခဲ့ပြီးဖြစ်သည်။

ဆက်လက်ပြီး ဘင်ဉာဏ်ဖြင့် ထိုထိုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ပျက်ခြင်းကိုသာ အဖန်တလဲလဲ (Knowledge of the dissolution of formations) ရှုမှတ်ခဲ့ပြီး ဖြစ်သည်။ ထိုနည်းအတူ ဘယဉာဏ်ဖြင့် ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို ကြောက်မက်ဖွယ်ဘေးကြီးဟု အဖန်တလဲလဲ (Knowledge of the fearful nature of mental and physical states) ရှုမှတ်ခဲ့ပြီးဖြစ်သကဲ့သို့ အာဒီနဝဉာဏ်ဖြင့်လည်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့အား အပြစ်အားဖြင့် (Knowledge of mental and physical states as unsatisfactory) ရှုမှတ်ခဲ့ပြီးဖြစ်သည်။

ထိုနည်းအတူ နိဗ္ဗိဒါဉာဏ်ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၌ ငြီးငွေ့သောအစွမ်းအားဖြင့် (Knowledge of disenchantment) ရှုမှတ်ခဲ့ပြီးဖြစ်သည့်နည်းတူ မုစ္စိတုကမျတာဉာဏ်ဖြင့်လည်း ခန္ဓာငါးပါးတို့မှ လွတ်မြောက်ခြင်းငှာ (Knowledge of the desire to abandon the worldly state) ကြိုးစား ရှုမှတ်ခဲ့ပြီးဖြစ်သည်။

သောတာပန်သည် ရုပ်ဓမ္မ၊ နာမ်ဓမ္မ၏အပြစ်ကို သိပြီးဖြစ်

ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့၏အပြစ်ကို သိရှိခဲ့ပြီးဖြစ်ပါသည်။ အကယ်၍ ထိုသောတာပန်ပုဂ္ဂိုလ်သည် ကာမရာဂမပယ်ရသေးသဖြင့် လူစည်းစိမ်ဖြင့်လည်းကောင်း၊ နတ်စည်းစိမ်ဖြင့်လည်းကောင်း အမွေကြီး မွေလျော့နေစေကာမူ သိရှိနားလည်ထားခဲ့ပြီးဖြစ်သည့် ဉာဏ်၏အစွမ်းအစကို ပြန်၍အစဖော်ရန် မခက်ခဲကြောင်း သုတ္တန်ဒေသနာတော်များစွာ၌ တွေ့ရှိနိုင်ပါသည်။

ဥပမာပြရပါမူ မိမိရပြီးသည့်စာကို မေ့နေသော်လည်း ပြန်ကျက်သောအခါ၌ လွယ်ကူစွာရကြသည်။ တစ်ဖန် တစ်စုံတစ်ခုခုသော အကြောင်းကြောင့် ဈာန်လျှာကွယ်ပခဲ့သူ ယောဂီပုဂ္ဂိုလ်တို့သည် ပြန်၍အားထုတ်ပါက မိမိရခဲ့ဖူးသည့်ဈာန်ကို အလွယ်တကူ ရနိုင်သည်ကိုလည်း ဆင်ခြင်နိုင်မည် ဖြစ်ပါသည်။

သာဓကအနေဖြင့် ရဟန်းဘဝမှ စုတေပြီးနောက် နတ်ပြည်သို့ရောက်သည့်တိုင် အောင် အားထုတ်ခဲ့သည့် ဝိပဿနာ၏အစွမ်းသတ္တိကြောင့် နတ်စည်းစိမ်ကို ငြီးငွေ့စက်ဆုပ်လျက် ထွက်ပြေးခဲ့သည့် နတ်သားတစ်ပါး၏အကြောင်းကို ဤနေရာ၌ ဖော်ပြပါမည်။

နတ်စည်းစိမ်ကို ကဲ့ရဲ့ရွှတ်ချပြီး ထွက်ပြေးခဲ့သည့် ရဟန်းတစ်ပါး

ဘုရားရှင်လက်ထက်တော်၌ ရဟန်းတစ်ပါးသည် တောထဲ၌သီတင်းသုံးကာ ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ်တော်မူနေပါသည်။ ရဟန်းတော်သည် လဲလျောင်းခြင်း ဣရိယာပုတ်ကို ပယ်ထားပါသည်။ ထို့ကြောင့် ရပ်လျက်၊ ထိုင်လျက်၊ စင်္ကြံလျှောက်လျက်သာ နေ့နေ့ညည အားထုတ်တော်မူသည်။ တစ်နေ့ စင်္ကြံကမ္မဋ္ဌာန်း ရှုပွားနေစဉ် စင်္ကြံလမ်းပေါ်၌ပင် ရုတ်တရက်လဲကျပြီး ပျံလွန်တော်မူသွားပါသည်။

ပျံလွန်သည့်အထိ ဝိပဿနာကမ္မဋ္ဌာန်းကို ပြင်းပြင်းထန်ထန် အားထုတ်တော်မူခဲ့ပါသော်လည်း သောတာပတ္တိမဂ်ဉာဏ်သို့ တက်လှမ်းရန် အကြောင်းအထောက်အပံ့ မပြည့်စုံခဲ့ရှာပေ။

သို့ပါသော်လည်း ရဟန်းတော်၏ သီလကုသိုလ်နှင့် ဘာဝနာကုသိုလ်ကံတို့၏ အစွမ်းသတ္တိကြောင့် တာဝတိံသာနတ်ပြည်၌ အသင့်ဖြစ်ပေါ်နေနှင့်သည့် ဗိမာန်ကြီး၏ တံခါးဝ၌ အိပ်ပျော်ရာမှ နိုးလာသကဲ့သို့ ဘဝအသစ်ရလေသည်။

ထိုဗိမာန်အတွင်း၌ နတ်သမီးတစ်ထောင်ခန့်က ဗိမာန်ရှင်နတ်သားကို စောင့်မျှော်၍ နေကြပါသည်။ ထိုစဉ်အခိုက် နတ်သားရောက်လာပြီဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ တူရိယာများ တီးမှုတ်ကခုန်၍ ကြိုဆိုကြပါသည်။

သို့ပါသော်လည်း ရဟန်းဘဝမှ စုတေလာသော နတ်သားကမူ သူသည် ရဟန်းဘဝ၌ပင် ရှိသေးသည်ဟု ထင်မှတ်နေဆဲဖြစ်သည်။ ထို့ကြောင့် သူကြားနေသည့် နတ်သမီးတို့၏အသံကို တောကျောင်းသို့ အဖူးအမြော်လာကြသည့် ဒါယိကာမတို့၏ အသံဟု ထင်နေသည်။ ထိုအခါ သူ၏အပေါ်ရုံအဝတ်ပိုင်းဖြင့် လက်ဝဲပခုံးကို လုံအောင် ဖုံးလျက် ဣန္ဒြေကြီးကြီးဖြင့် မျက်လွှာချနေပါတော့သည်။

ထိုအခါ နတ်သမီးတို့က ရဟန်းဘဝမှဖြစ်လာသည့် နတ်သားဖြစ်ကြောင်းကို ဆင်ခြင်မိကြသဖြင့် "အရှင်နတ်သား နတ်ပြည်ရောက်နေပါပြီ၊ ရဟန်းတရားကျင့်ဖို့ အချိန်အခါ မဟုတ်တော့ပါဘူး။ နတ်စည်းစိမ်ကို ခံစားဖို့ အချိန်အခါဖြစ်ပါတယ်"ဟု ပွင့်ပွင့်လင်းလင်းကြီး ပြောပါသော်လည်း နတ်သားက ကွန္ဒေမပျက် နေမြဲနေနေပါသည်။

ထိုအခါ နတ်သမီးတို့က မှန်ချပ်ထောင်ပြကြသဖြင့် သူသည်လူပြည်၌ ရဟန်းဘဝမှ စုတေပြီး တာဝတိံသာနတ်ပြည် ရောက်နေကြောင်းကို သိသွားပါတော့သည်။

ဘဝနာ၏အစွမ်းသတ္တိကြောင့် နတ်ပြည်ကိုပြီးစွဲ.

ထိုနတ်သားသည် ရဟန်းဘဝ၌ ကျင့်ကြံပွားများအားထုတ်ခဲ့သည့် ဘာဝနာ ကမ္မဋ္ဌာန်း၏ အစွမ်းသတ္တိကြောင့် သခ်ါရတရားအပေါ် ငြီးငွေ့၍နေလေတော့သည်။ သခ်ါရဓမ္မအပေါ် အပြစ်ဟု မြင်၍နေလေတော့သည်။ သခ်ၤတတရားတို့မှ လွန်မြောက်ရာ အသခ်ၤတနိဗ္ဗာနဓာတ်ကို တောင့်တစိတ်က အားကြီး၍နေတော့သည်။ ထို့ကြောင့် နတ်ကာမဂုဏ်၊ နတ်စည်းစိမ်က နတ်သား၏စိတ်ကို မဆွဲဆောင်နိုင်ဘဲ ဖြစ်နေပါသည်။

ထို့ကြောင့် ထိုနတ်သားသည် နတ်တို့၏တန်ခိုး ကောင်းကင်ခရီးဖြင့် ဘုရားရှင် ထံတော်ပါးသို့ သွားပါသည်။ နတ်ဘုံဗိမာန်အတွင်း၌ သူမြင်တွေ့ခဲ့ရသည့် နတ်သမီး တို့ကို 'တစ္ဆေ မြေဘုတ် ဘီလူးမ' ဟူ၍လည်းကောင်း၊ နန္ဒဝန်ဥယျာဉ်ကိုလည်း 'မောဟ အမိုက်တော'ဟူ၍လည်းကောင်း ရက်ရက်စက်စက်ကြီး ရှုတ်ချပြီး ဘုရားရှင်ထံပါး လျှောက်ထားသည်။ ထို့နောက် "ဘုရားတပည့်တော်အား ဤမနုစ်မြို့ဖွယ်ရာ တာဝတိံသာ ဟူသော နေရာဌာနမှ လွတ်မြောက်ရာ နည်းလမ်းကောင်းကို ညွှန်ပြပေးတော်မူပါ ဘုရား"ဟု အသနားခံ လျှောက်ထားသည်။

ဘုရားရှင်က "နန္ဒဝန်ဥယျာဉ်နှင့်တကွ နတ်လောကနတ်သမီးတွေ အနီးအပါးကနေ လွတ်မြောက်အောင် အလျင်အမြန်ထွက်ပြေးဖို့ အဖြောင့်ဆုံးသောလမ်း၊ အကောင်းဆုံး သောလမ်းကတော့ ရဟန်းဘဝမှာ ရှုမှတ်ပွားများအားထုတ်လာခဲ့တဲ့ ဝိပဿနာမဂ္ဂင် လမ်း သည်သာလျှင် အသင့်တော်ဆုံးဖြစ်ပေတယ်"ဟု ဟောကြားပေးတော်မူပါသည်။ ဘုရား ရှင်၏ တရားတော်အဆုံး၌ နတ်သားသည် ဒိဋ္ဌဓမ္မ ဝိစိကိစ္ဆာကို ပယ်ခွာပြီး သောတာပန် နတ်သား ဖြစ်လာသည်။[၁၂]

၁။ (၄၆၁)၊ အစ္ဆရာသုတ္တဝဏ္ဏနာ၊ အာဒိတ္တဝဂ္ဂ၊ သဂါထာဝဂ္ဂဋ္ဌကထာ-၁ (နှာ-၈၀-၈၁)

၂။ မဟာစည်ဆရာတော်ကြီး၏ ဓမ္မစကြာတရားတော်

သောတာပန်ပုဂ္ဂိုလ် သုံးမျိုးရှိသည်

ဆက်လက်၍ သောတာပန်ပုဂ္ဂိုလ်သုံးမျိုးကို ဖော်ပြပါဦးမည်။ သောတာပန်တို့မည်သည် (၈) ခုမြောက်ဘဝ မရှိဟု စာပေ၌လာရှိပါသည်။ ဤအရာ၌ သောတာပန်ပုဂ္ဂိုလ်တိုင်း (၇)ဘဝသာရှိသည်ဟု မယူဆစေလိုပါ။ အကြောင်းမှာ သောတာပန်သုံးမျိုးရှိသောကြောင့် ဖြစ်ပါသည်။

သောတာပန်ဖြစ်ပြီးနောက် အထက်အထက်မဂ်ကို ကျင့်ရာ၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဣန္ဒြေငါးပါးထက်မြက်ခြင်း၊ မထက်မြက်ခြင်းအပေါ်၌ တည်မှီလေသည်။ ထက်မြက်သည့် ဣန္ဒြေရှိသော သောတာပန်ပုဂ္ဂိုလ်မှာ တစ်ဘဝတည်း၌ ခန္ဓာဇာတ် သိမ်းနိုင်စွမ်းသဖြင့် ဧကဗီဇီ သောတာပန်မည်ပေသည်။

(က) တစ်ခုသောပဋိသန္ဓေမျိုးစေ့ရှိသော ဧကဗီဇီသောတာပန်သည် လူ၊ နတ်ဘဝတို့၌ (၁) ကြိမ်သာနေပြီး ပရိနိဗ္ဗာန်စံဝင်သည်။

(ခ) ကောလံကောလ သောတာပန်မှာ အလတ်စားဣန္ဒြေရှိသူဖြစ်သဖြင့် လူ၊ နတ်ဘဝတို့၌ (၂) ဘဝမှ၊ (၆) ဘဝအထိနေပြီး ပရိနိဗ္ဗာန်စံဝင်သည်။

(ဂ) သတ္တက္ခတ္တုပရမ သောတာပန်မှာ နုံသောဣန္ဒြေရှိသူဖြစ်သောကြောင့် (၇) ဘဝတိုင်တိုင် ပဋိသန္ဓေနေပြီးနောက် ပရိနိဗ္ဗာန်စံဝင်ပါသည်။

ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်တို့သည် သံသရာ၌ အလွန်ဆုံး (၇) ဘဝသာဖြစ်မည့်အကြောင်းကို ဉာဏဝိဘင်္ဂကထာ အဋ္ဌာနဝိဘင်းအဖွင့်၌ 'ခုနစ်ခုသောဘဝ၌ ရဟန္တာမဖြစ်သေးမီ အမှတ်မထင် မား စသည့် လက်နက်ဘေးအန္တရာယ် ကျရောက်၍ ရုတ်တရက်စုတေရစေကာမူ ထိုမျှတိုတောင်းလှသည့် အချိန်တိုကလေး၌ပင် ရဟန္တာဖြစ်နိုင်သည်။ ရဟန္တာမဖြစ်ဘဲ စုတိရိုးထုံးစံမရှိ'ဟူ၍ ဖော်ပြပါရှိသည်။[၁]

ထို့ပြင် ဈာန်ရထားသော သောတာပန်ပုဂ္ဂိုလ်သည် ဗြဟ္မာဘုံ၌ဖြစ်ပြီး ကာမဘုံသို့ ပြန်ဆင်းမလာတော့ဘဲ အထက်အထက် ဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်လည်းရှိသည်။ လူပြည်၌ သောတာပန်ဖြစ်ပြီး နတ်ပြည်ခြောက်ထပ်၌ အစဉ်အတိုင်းဖြစ်ပြီး အကနိဋ္ဌ ဗြဟ္မာ့ဘုံသို့ရောက်မှ ပရိနိဗ္ဗာန်ပြုမည့် အနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအစ်မကြီးတို့ကဲ့သို့ ဘုံစဉ်စံ သောတာပန်လည်း ရှိပါသေးသည်။[၂]

၁။ (စဝေ၉)ပဋမဗလနိဒ္ဒေသ၊ ဒသကနိဒ္ဒေသဝဏ္ဏနာ၊ ဝိဘင်္ဂအဋ္ဌကထာ(နှာ-၄၁၁)

၂။ (၃၃၁)ဧကကနိဒ္ဒေသဝဏ္ဏနာ၊ ပုဂ္ဂလပညတ္တိအဋ္ဌကထာ၊ ပဥ္စပကရဏအဋ္ဌကထာ (နှာ-၄၇)

ဘုရားပရိနိဗ္ဗာန်စံသည့်အစွန်အထိ ရဟန္တာမဖြစ်ခဲ့သည့် အရှင်အာနန္ဒာ

သောတာပန်ဖြစ်ပြီးနောက် အထက်အထက် မဂ်ရရှိရေးအတွက် ကြောင့်ကြမစိုက်၊ အားမထုတ်သောကြောင့် လည်းကောင်း၊ သောတာပန်ဖြစ်ရုံမျှဖြင့် ကျေနပ်နေခြင်းကြောင့် လည်းကောင်း ရဟန္တာမဖြစ်နိုင်သည်လည်း ရှိပါသည်။

ပမာပြရသော် အရှင်အာနန္ဒာမထေရ်မြတ်သည် ပုဏ္ဏာမထေရ်၏တရားကို နာကြားပြီး သောတာပန်ဖြစ်ခဲ့သည်။ သို့ပါသော်လည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည့်တိုင် ရဟန္တာမဖြစ်ခဲ့ပါ။ ဤသို့ဖြစ်ရခြင်းအကြောင်းကို သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်၌ 'အရှင်အာနန္ဒာသည် သောတာပန်အဖြစ်နှင့် ကျေနပ်တော်မူလျက် တရားအထူး အားမထုတ်သောကြောင့်လောဟူ၍လည်း တွေးတောဖွယ်ရာဖြစ်ရသည်။ တရားအားထုတ်ရေးထက် ဓမ္မဗဟုသုတအတွက် အလေးပေး ကြိုးစားနေသောကြောင့်လောဟူ၍လည်း စဉ်းစားဖွယ်ရာပင်'ဟု ရေးသားတော်မူပါသည်။

အရှင်အာနန္ဒာသည် ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး၌ မိမိ၏တရားကိစ္စ မပြီးပြတ်သေးဘဲ သေကွဲမျှသာဖြစ်နေသည်ကို တွေးတောပူပန် စိုးရိမ်နေပါသည်။ ထိုအခါ ဘုရားရှင်က "ကတပုညောသိ တွံ အာနန္ဒ၊ ပဓာနမနုယုဉ္ဇ၊ ခိပ္ပံ ဟောဟိသိ အနာသဝေါ" "အာနန္ဒာ-သင်ကား ကောင်းမှုရှိသူတစ်ဦးဖြစ်၏၊ ကမ္မဋ္ဌာန်းကို အားထုတ်ပါလော၊ မကြာမီ ရဟန္တာဖြစ်လိမ့်မည်" ဟု နှစ်သိမ့်အားပေးစကားကို မိန့်ကြားတော်မူသည်။ အရှင်အာနန္ဒာသည် ပဌမသင်္ဂါယနာ တင်ခါနီးအချိန်၌ ကြိုးစား အားထုတ်တော်မူခဲ့သောကြောင့် လွယ်ကူစွာဖြင့် ရဟန္တာဖြစ်တော်မူသည်။[၁]

ပဋ္ဌာန်းတရားစတော်ကို ဆင်ခြင်လျက်ပင် ရဟန္တာဖြစ်စတော်မူသည်

မဟာဂတိဂမိယတိဿဒတ္တမထေရ်မြတ်သည် ပဋ္ဌာန်းကျမ်းကြီးကို သင်အံ ပို့ချတော်မူလေ့ရှိသော မထေရ်မြတ်ကြီးတစ်ပါးဖြစ်သည်။ မထေရ်မြတ်ကြီးသည် တစ်နေ့သောအခါ၌ မဟာဗောဓိကို ဖူးမြော်နိုင်ရန် သီဟိုဠ်ကျွန်းမှသည် မဇ္ဈိမဒေသသို့ သင်္ဘောဖြင့် ပင်လယ်ခရီး ကြွတော်မူပါသည်။

ခရီးတစ်ဝက်ခန့် ရောက်သောအခါတွင် သင်္ဘောပေါ်မှနေ၍ အဆုံးအစ မထင်သော ပင်လယ်ရေပြင်ကြီးကို တစ်မျှော်တစ်ခေါ် ကြည့်ရှုနေတော်မူနေပါသည်။ ဤပင်လယ်

၁။ အာနန္ဒအစ္ဆရိယဓမ္မ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၁၁၉)

ရေပြင်ကြီးမှာ အလွန်ပင် ကျယ်ပြောကာ ဟိုမှာဘက်ကမ်းကိုလည်း မမြင်ရ၊ ဒီမှာဘက်ကမ်းကိုလည်း မမြင်ရ၊ အိမ်လောက်မက ကြီးမားသော လှိုင်းလုံးဖြူကြီးများသာ တက်ကြွရိုက်ခတ်၍နေပေသည်။ ကမ်းမမြင်ရသကဲ့သို့ မည်မျှနက်ရှိုင်းမည်ကိုလည်း မခန့်မှန်းနိုင်တော့ပါတကားဟု ဆင်ခြင်တော်မူပါသည်။

မထေရ်မြတ်ကြီး၏ တစ်သက်တာကာလပတ်လုံး အဘိဓမ္မာ ပဋ္ဌာန်းကျမ်းကြီးကို အကြိမ်ကြိမ် လေ့ကျက်တော်မူခဲ့သူဖြစ်သောကြောင့် မထေရ်ကြီး၏ဉာဏ်ထဲ၌ ပဋ္ဌာန်းကျမ်းကြီးနှင့် စပ်လျဉ်းသော စိတ်ကူးအကြံတစ်ခုဝင်လာသည်။

ဤမဟာသမုဒ္ဒရာကြီး၏ လှိုင်းတံပိုးအဟုန်ကပင် အင်အားကြီးလေသလော မဟာပဋ္ဌာန်းကျမ်းကြီး၏ ဆန်းကြယ်သောနည်းပညာကပင် အင်အားကြီးလေသလောဟု ဆင်ခြင်တော်မူနေပါသည်။ ထိုအခါ မထေရ်မြတ်ကြီး၏ ဉာဏ်အမြင်၌ မဟာသမုဒ္ဒရာသည် မည်မျှပင် ကျယ်ပြောသော်လည်း အထက်၌ ကောင်းကင်ပြင်ရှိသည်။ ရေပြင်အောက် မြေပြင်ရှိသည်။ တစ်ဖက်တွင်လည်း စကြဝဠာတောင်နှင့် ပင်လယ်ကမ်းခြေပိုင်းခြား သတ်မှတ်၍ ရနိုင်သောကြောင့် အပိုင်းအခြား အကန့်အသတ် ရှိနေသေးသည်။ ပဋ္ဌာန်းကျမ်းကြီး၏ ဆန်းကြယ်နက်ရှိုင်းမှုမှာကား အပိုင်းအခြား အကန့်အသတ် မရှိပါတကားဟု ပဋ္ဌာန်းကျမ်းကြီးကို ရင်းဖျားတုံ့လှယ် နှိုင်းချိန် ဆင်ခြင်တော်မူနေပါတော့သည်။

သိမ်မွေ့နက်ရှိုင်းသော အဘိဓမ္မာပဋ္ဌာန်းဒေသနာများကို အစုန်အဆန်၊ အပြန်ပြန် အလှန်လှန် သုံးသပ်ဆင်ခြင်တော်မူရာ တစ်ကိုယ်လုံး ပီတိများ လွှမ်းဖုံးသွားပါတော့သည်။ ဖြစ်ပေါ်လာသောပီတိကို လျစ်လျူရှုကာ မိမိခန္ဓာကိုယ်ပေါ်၌ အမြဲမပြတ် ဖြစ်ပေါ်ချုပ်ပျက်နေသော ရုပ်နာမ်ဓမ္မသဘောကို အကြောင်းနှင့်အကျိုး၊ အာရုံနှင့် အာရမ္မဏိကစသည်ဖြင့် စဉ်ဆက်မပြတ်ဆင်ခြင်လျက် ရှုမှတ်နေစဉ်၌ပင် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်တော်မူပါသည်။

ပရိယတ္တိအဖြစ် လေ့လာထားခဲ့သော ပဋ္ဌာန်းဒေသနာ အဘိဓမ္မာသဘာဝများသည် ပဋိပတ္တိအဖြစ် ခန္ဓာကိုယ်၌တင်၍ ရှုဆင်ခြင်သောအခါ စာပေအဆို အမိန့်အတိုင်းကိုယ်တွေ့လက်တွေ့ သိမြင်ရသဖြင့် သဘော်ပေါ်၌ အောက်ပါအတိုင်း ဥဒါန်းကျူးရင့်တော်မူသည်။

> အတ္ထေဝ ဂမ္ဘီရဂတံ သုဒုဒ္ဒုဒံ၊ သယံ အဘိညာယ သဟေတုသမ္ဘဝံ။
> ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊ မဟေသိနာ ရူပဂတံဝ ပဿတိ။[၁]

၁။ ဓမ္မသင်္ဂဏိအဋ္ဌကထာ (စာမျက်နှာ-၁၃)

အဓိပ္ပာယ်မှာ 'မြတ်စွာဘုရားရှင်သည် ဉာဏ်တော်ကြီးဖြင့် အကြွင်းအကျန်မရှိ ထိုးထွင်းသိမြင်၍ အစီအစဉ်တကျ ဟောကြားတော်မူအပ်သော နက်နဲ၍ သိနိုင်ခဲလှသော မဟာပဋ္ဌာန်းကျမ်းကြီးကို လက်ဝယ်ထား ပတ္တမြားပမာ သိမြင်နိုင်သော ဘုရားရှင်၏ တပည့်သည် အမှန်ပင်ရှိပါပေ၏'ဟု ကျူးရင့်တော်မူပါသည်။[၁၂၃]

မင်္ဂအန့်ကသည် တို့စတောင်းလှပါသည်

မင်္ဂ၏သတ္တိက ကိလေသာတို့ကို ပယ်သတ်နိုင်စွမ်းရှိသောကြောင့် ကိလေသာထူပြောသော ပုထုဇဉ်ဘဝမှသည် ကိလေသာစင်ကြယ်သော အရိယာဘဝသို့ ကူးပြောင်းနိုင်ခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ အရိယာဖြစ်နိုင်ရန် ကိလေသာကို ပယ်သတ်နိုင်စွမ်းသည့် ဝိပဿနာတရားကို အားထုတ်ရပါသည်။

ပုထုဇဉ်သည် ရုပ်နာမ်ခန္ဓာတို့၏ သဘောအမှန်ကိုမြင်လည်းမမြင်၊ သိလည်းမသိသောကြောင့် ကိလေသာဖြစ်သည်။ ထို့ကြောင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ သဘောအမှန်ကို အမှန်အတိုင်း ရှုသိနေသောယောဂီ၏ သန္တာန်၌ ဖြစ်ခွင့်ရှိသော ကိလေသာတို့ကို ဝိပဿနာဉာဏ်က တဒင်္ဂချင်း၊ တဒင်္ဂချင်း ပယ်ခွာသည်။

ထိုထိုကိလေသာတို့ကို တဒင်္ဂချင်း ပယ်ခွာလျက်ရှိနေသော ယောဂီ၏ဉာဏ်သည် အဆင့်ဆင့်မြင့်တက်၍ အားရှိလာသောအခါ၌ ထိုထိုသခ်ါရတို့ကို ရှုမြင်နေသော ဉာဏ်မှသည် သခ်ါရတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါသည်။

ဤတွင် မင်္ဂအခိုက်ဟူသည် စိတ်တစ်ခဏ တစ်ချက်မျှသာရှိသဖြင့် အချိန်ကာလအားဖြင့် အလွန်တိုတောင်းသကဲ့သို့ အလွန်လည်း လျင်မြန်ပါသည်။ သောတာပတ္တိမင်္ဂ၏ရှေ့၌ ဂေါတြဘူဉာဏ်ဖြစ်သည်။ ထိုဂေါတြဘူဉာဏ်သည် ဝိပဿနာဉာဏ်၏ အဆုံးစွန်သောဉာဏ် ဖြစ်ပါသည်။ ရှေးရှေးဝိပဿနာဉာဏ် ယူနေကျဖြစ်သည့် သခ်ါရအာရုံတို့ကို အပြီးလွှတ်ချပြီး နိဗ္ဗာန်အာရုံကိုယူသည်။

ထို့ကြောင့် ပဋ္ဌာန်းပဥ္စာဝါရ ပါဠိတော်တွင် 'အနုလောမံ ဂေါတြဘုဿ အနန္တရ ပစ္စယေန ပစ္စယော' 'ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော'ဟု ဟောတော်မူပါသည်။[၁]

၁။ နိဒါနကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာ (နှာ-၁၂)

၂။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်း (နှာ-၁၇)

၃။ သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ (နှာ-၂၄၉)

၄။ ဂေါတြဘုဉာဏနိဒ္ဒေသဝဏ္ဏနာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၅၄)

ဝိပဿနာအနိုက် ဖောဈ်တွေဖြစ်နေကြပုံ

ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ တစ်ခုခုကို သတိက ကပ်တည်လိုက်တဲ့အခါ ပညာက ထိုရုပ် ထိုနာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို စိစစ်ဆင်ခြင်တယ်။ ဝိရိယက သတိလုပ်အားကောင်းအောင်၊ ပညာလုပ်အားကောင်းအောင် တခြားအတူဖြစ်တဲ့ ဖောဈ်တွေရဲ့ လုပ်အားကောင်းအောင် ခိုးမြောက်အားပေးတယ်။ ပီတိက ဖောဈ်အားလုံးကိုယ့်အလုပ်ကိုယ် အားရပါးရလုပ်အောင် နှစ်သက်မှုကိစ္စနဲ့ ကူညီအားပေးတယ်။ ပဿဒ္ဓိကလည်း ထိုထိုဖောဈ်တရားတွေ အလုပ်လုပ်တဲ့အခါ အနှောင့်အယှက် ဖောဈ်ဖျက်တရားဖြစ်တဲ့ ဥဒ္ဓစ္စစတဲ့ တရားအပူတွေ ဝင်မလာအောင် နှိပ်နင်းပြီး အငြိမ်းဓာတ်နဲ့ ကူညီဖြည့်ပေးတယ်။ သမာဓိကလည်း ထိုထိုဖောဈ်တွေ ညီညီမျှမျှ အလုပ်လုပ်နိုင်ကြအောင် စူးစိုက်မှု၊ တည်ငြိမ်မှုကိစ္စနဲ့ ကူညီအားပေးတယ်။ ဥပေက္ခာကလည်း ထိုတရားတွေ ဆုတ်မသွား၊ ယုတ်မသွား၊ လွန်မသွားအောင် ထိန်းပေးမှုနဲ့ ကူညီဆောင်ရွက်ပေးတယ်။ မိမိတို့မှာ အားရှိတဲ့ ဝိပဿနာအခိုက်ဝယ် ဖြစ်ကြရသော တရားတွေမို့ အလွန်ပေါ်လွင်အလွန်ထင်ရှား အင်အားကောင်းကောင်းနဲ့ အလုပ်လုပ်နေကြခြင်းလည်း ဖြစ်ပါတယ်။ အဲဒါလို တက်ညီလက်ညီ ခဏတိုင်း၊ ခဏတိုင်း တစ်ခုနဲ့တစ်ခု ကူညီပြီး ပူးပေါင်းဆောင်ရွက်တော့ ဆိုင်ရာ ရုပ်နာမ်ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောလည်း သိသွားတယ်။ တဒင်္ဂအားဖြင့် နိဝရဏတွေ ကိလေသာတွေလည်း ကွာကြရတယ်။ အဲဒါ ဝိပဿနာအခိုက်မှာ ဖောဈ်တွေ ဖြစ်နေကြပုံပါပဲ။

မဂ်အခိုက် ဖောဈ်တွေဖြစ်ပုံ ထို့အတူ မဂ်အခိုက်မှာလည်း သတိက နိဗ္ဗာန်အာရုံမှာ ကပ်တည်တယ်။ သတိကပ်လိုက်တဲ့ နိဗ္ဗာန်ကို ဓမ္မဝိစယက စိစစ်ဆင်ခြင်ပြီး မြင်သိတယ်။ ဝိရိယက အားလုံးဖောဈ်တွေ နိဗ္ဗာန်အာရုံဆီမှာ ဆိုင်ရာကိစ္စဖြင့် ရောက်ဆိုက်ကာ အလုပ်လုပ်နိုင်အောင် အားပေးအားမြှောက် ပြုပေးတယ်။ ပီတိကလည်း ထိုထိုဖောဈ်တွေ နိဗ္ဗာန်အာရုံမှာဆိုက်ပြီး အားရပါးရ ကိုယ့်ကိစ္စကိုယ် ရွက်ဆောင်နိုင်အောင် နှစ်သက်မှုကိစ္စဖြင့် ကူညီအားပေးတယ်။ ပဿဒ္ဓိကလည်း နိဗ္ဗာန်အာရုံယူနေတဲ့ ထိုထို ဖောဈ်တရားတွေ အလုပ်ကိစ္စလုပ်ရာမှာ အနှောင့်အယှက်ဖြစ်စေတဲ့ ပူပန်မှုတွေ ကင်းစေပြီး ငြိမ်းအေးခြင်းဆိုတဲ့ မိမိကိစ္စဖြင့် ကူညီထောက်ပံ့ပေးတယ်။ သမာဓိကလည်း နိဗ္ဗာန်အာရုံယူနေတဲ့ ထိုထိုဖောဈ်တရားတွေ နိဗ္ဗာန်အာရုံမှ လွတ်မသွားရအောင် စည်းရုံးပေးမှုဖြင့် ကူညီတယ်။ ဥပေက္ခာကလည်း အတူဖြစ်ဖက် ဖောဈ်တွေ နိဗ္ဗာန် အာရုံယူရာမှ မယုတ်ရ၊ မလွန်ရ ညီမျှအောင် ဆောင်ပေးမှုကိစ္စဖြင့် ထိန်းပေးသောအားဖြင့် ကူညီပေးတယ်။

အဲဒါလို ဗောဇ္ဈင်ခုနစ်ပါးဟာ မင်ဓာတုမှာ တင်္ကာလင်္ကာ တစ်ခုနဲ့တစ်ခု ကူညီအားပေး တစုတဝေးတည်း စုကာပေါင်းကာ ကိုယ့်ကိစ္စကိုယ် အသီးသီးဆောင်ရွက်ကြလို့ နိဗ္ဗာန်ကိုသိမှု၊ မျက်မှောက်ပြုမှုကိစ္စ၊ ကိလေသာတွေ ပယ်မှုကိစ္စတွေကို မင်ဟာ အပြီးတိုင် ဆောင်ရွက်နိုင်ပါတယ်။[၁]

ပုထုဇဉ်နယ်နှင့် အရိယာနယ်

ဤမှာဘက်ကမ်းတွင် ပုထုဇဉ်ဖြစ်ပြီး ဟိုမှာဘက်ကမ်း၌မူ အရိယာဖြစ်တော့သည်။ ဂေါတြဘူယူထားသော နိဗ္ဗာန်အာရုံကို မင်သို့ပြောင်းသည်။ တစ်ဖန် မင်က နိဗ္ဗာန်အာရုံကိုယူပြီး ဒိဋ္ဌ၊ ဝိစိကိစ္ဆာဟူသော ကိလေသာတို့ကို အပြီးအပိုင် ပယ်သတ်ပါတော့သည်။

တစ်နည်းအားဖြင့် ပဋ္ဌာန်းပါဠိတော်အရ ဂေါတြဘူဉာဏ်ဖြစ်ပြီးနောက်၌ လောကုတ္တရာမင်ဉာဏ်သို့ ကူးပါသည်။ 'ဂေါတြဘူ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော'ဟု ပဋ္ဌာန်းတရားတော်၌ လာရှိပါသည်။ ထို့ကြောင့် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မင်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝက္ခဏာဉာဏ်ဟူ၍ (Non-returnable) ဖြစ်ကြခြင်းမှာ စိတ္တာနိယာမပေတည်း။

ဤတွင် ဂေါတြဘူဉာဏ်အခိုက်အတန့်သည် အရိယာနယ်နှင့် ပုထုဇဉ်နယ် ဖြစ်သည်။ ဂေါတြဘူဉာဏ်၏ နောက်ဖြစ်လာမည့် မင်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝက္ခဏာဉာဏ်တို့သည် အရိယာနယ်စစ်စစ်ကြီး ဖြစ်ပေတော့သည်။

သို့သော် ဘုရားအလောင်းတော်များကမူ သခ်ါရုပေက္ခာဉာဏ်အထိသာ ရကြပါသည်။ သခ်ါရုပေက္ခာဉာဏ်မှသည် အထက်အထက်ဉာဏ်ဖြစ်သည့် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်သို့ ရောက်လျှင်မူ အရိယာအဖြစ်သို့ ရောက်ရှိတော့မည် ဖြစ်သောကြောင့်တည်း။[၂]

ပဋ္ဌာန်းပဉ္စဝါရ ပါဠိတော်တွင် 'မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော'ဟု ဟောတော်မူသည်နှင့်အညီ မင်မည်သည် ခဏမခြား အကျိုးပေးမြဲဖြစ်သောကြောင့် မင်ဖြစ်ပြီးလျှင် ဖိုလ်နှစ်ကြိမ်၊ သုံးကြိမ် ဆက်၍ဖြစ်မြဲတည်း။

ထို့ကြောင့် ယောဂီ၏ ဝိပဿနာအားထုတ်သည့် လုပ်ငန်းစဉ်၌ မင်ကျပြီးနောက် ခဏမခြား ဖိုလ်စိတ်ဖြစ်သည်။ ထို့ကြောင့် ဖိုလ်ခဏမှစ၍ သောတာပတ္တိဖိုလ်၌ တည်သော

၁။ သပြေကန်ဆရာတော်ကြီး၏ ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ

၂။သခ်ါရုပေက္ခာဉာဏနိဒ္ဒေသဝဏ္ဏနာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၅၁)

သောတာပတ္တိဖလဌပုဂ္ဂိုလ် ဖြစ်လာသည်။ ထိုဖိုလ်ပုဂ္ဂိုလ်ကို လောက စကားဝေါဟာရဖြင့် သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ခြင်းဖြစ်သည်။ မဂ်သည် တစ်ခဏမျှ ကာလတိုအတွင်း၌သာ ဖြစ်ပါသော်လည်း ထိုတစ်ခဏအတွင်းဖြစ်ရသော မဂ်၏သတ္တိကား အလွန်ပင်ကြီးကျယ်ပါသည်။

နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ

ဤနေရာတွင် မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း၌ မဂ်သို့ဆိုက်ရောက်ပုံကို အသေးစိတ် ဖော်ပြတော်မူထားသဖြင့် ကူးယူဖော်ပြပါမည်။ "ဤသို့ တက်လိုက် ကျလိုက်နဲ့ ဖြစ်နေသော ဝိပဿနာဉာဏ်သည် ပင်လယ်ကူးသဘော်မှ လွှတ်လိုက်သောဌက်နှင့် တူ၏။ တူပုံကား ရှေးခေတ်က ပင်လယ်ခရီးသွားတို့သည် ကမ်းစကျွန်းနီးရာအရပ်ကို မမှန်းဆနိုင်သောအခါ၌ အသင့်ယူဆောင်လာခဲ့သော ကျီးငှက်ကို လွှတ်လိုက်၍ စူးစမ်းကြသတဲ့။ ထိုငှက်သည် သဘော်မှပျံသွား၍ အရပ်လေးမျက်နှာ၌ ကမ်းစကို ရှာရာတွင် ကမ်းကိုမတွေ့ရသေးလျှင် သဘော်သို့သာ ပြန်၍ ပြန်၍ နားရသတဲ့။ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ်ဉာဏ်ဖြစ်လောက်အောင် ဉာဏ်အားမပြည့်သေး၍ တစ်ဖန် ကျဲကျဲသွားခြင်းသည် ကမ်းစကို မတွေ့ရသော ထိုငှက်၏သဘော်သို့ ပြန်၍ ကပ်နားခြင်းနှင့်တူ၏။ ကမ်းအရပ်ကို မြင်လျှင်ကား ထိုငှက်သည် သဘော်ဆီသို့ ပြန်မလာတော့ဘဲ ထိုကမ်းဆီသို့သာလျှင် တစ်ဟုန်တည်း ပျံသွားသတဲ့။ . . . ."ဤအတူပင် မှတ်သိမှု ဝိပဿနာဉာဏ်သည်လည်း ကွန္ဒေြ (၅)ပါး ရင့်သန်သောခဏ၌ အမှတ်အထူးကောင်းနေစဉ်အတွင်းမှာပင် တစ်ကြိမ်ထက်တစ်ကြိမ် သာ၍သွက်လက် ရှင်းလင်းစွာဖြင့် ထင်ရှားဖြစ်ပျက်သော သခ်ါရတစ်မျိုးမျိုးကို မှတ်သိပြီးသည်နှင့် တစ်ပြိုင်နက် "မှတ်ရတဲ့ အာရုံနှင့် မှတ်သိမှုဟူသော သခ်ါရအလုံးစုံ ကင်းပြတ်ချုပ်ငြိမ်းသော နိဗ္ဗာန်ကို" မျက်မှောက် တွေ့မြင်လျက် မဂ်ဖိုလ်အဆင့်သို့သာလျှင် ဆိုက်ရောက်သွားလေတော့၏ဟု ဖော်ပြတော်မူပါသည်။[၁]

ဝိပဿနာယောဂီတို့၏ အတွေ့အကြုံ

ယခုကဲ့သို့ မှတ်သိရသည့်အာရုံနှင့် မှတ်သိမှုဟူသော သခ်ါရအလုံးစုံ ကင်းပြတ်ချုပ်ငြိမ်းသောနိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်ကြသည့် ဝိပဿနာယောဂီတို့၏ အတွေ့အကြုံထဲကအချို့ကို ဆက်လက် ဖော်ပြပါမည်။

၁။ မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း (အတွဲ-၂၊ နှာ ၄၀)

'အာရုံနဲ့ အမှတ်တွေ အကုန်လုံး တိခနဲပြတ်ပြီး ရပ်စဲသွားသည်'ဟူ၍ လည်းကောင်း၊ 'အာရုံနဲ့ အမှတ်တွေ အကုန်လုံး ပြုတ်ကျသွားသည်'ဟူ၍ လည်းကောင်း၊ 'ဆွဲကိုင်ထားရာမှ လွတ်ကျသွားသလိုပင် အာရုံနှင့် အမှတ်တွေမှ ကျွတ်လွတ်သွားသည်' ဟူ၍လည်းကောင်း၊ 'အာရုံနဲ့အမှတ်တွေ ချုပ်ပြတ်သွားပုံက မီးတောက်ကလေး ငြိမ်းသွားသလိုပင် သိပ်လျှင်မြန်တာပဲ'ဟူ၍လည်းကောင်း၊ 'အမှောင်ထဲမှ အလင်းထဲသို့ ရုတ်တရက် ရောက်သွားသလိုပင် အာရုံနဲ့အမှတ်တွေ လွတ်သွားသည်' ဟူ၍လည်းကောင်း၊ 'အရှုပ်ထဲမှ အရှင်းထဲသို့ ဖြုတ်ခနဲ ရောက်သွားသလိုပင် အာရုံနဲ့အမှတ်တွေမှ လွတ်ထွက်သွားသည်' ဟူ၍လည်းကောင်း၊ 'အာရုံရော၊ မှတ်စိတ်ရော ပျောက်သွားသည်'ဟူ၍ လည်းကောင်း ဤသို့ စသည်ဖြင့် လျှောက်ထားတတ်ကြပေသည်ဟု ဖော်ပြတော်မူပါသည်။[၁]

အရိယာမဂ်အဆင့်ဆင့်က အကုသိုလ်အဆင့်ဆင့်ကို ပယ်သည်

အရိယာမဂ်အဆင့်ဆင့်က အကုသိုလ်စိတ်ကို အဆင့်ဆင့်ပယ်သည်။ ဦးဆုံးသောတာပတ္တိမဂ်သည် အကုသိုလ်စိတ် (၁၂) ပါးရှိသည့်အနက် လောဘမူစိတ် (၈) ပါးထဲက ဒိဋ္ဌဂတသမ္ပယုတ်စိတ် (၄) ပါးနှင့် မောဟမူစိတ် (၂) ပါးထဲက ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါး စုစုပေါင်း အကုသိုလ်စိတ် (၅)ပါးကို ပယ်သည်။ ဆက်လက်ပြီး သကဒါဂါမိမဂ်သည် ဒေါသမူစိတ် (၂) ပါးထဲက ဒေါမနဿ သဟဂုတ်စိတ် (၂)ပါးကို ခေါင်းပါးစေသည်။ အကြွင်းမဲ့ မပယ်ပါ။ တစ်ဖန် အနာဂါမိမဂ်သည် ဒေါသမူစိတ် (၂) ပါးထဲက ဒေါမနဿသဟဂုတ်စိတ် (၂) ပါးကို အကြွင်းမဲ့ပယ်သည်။ နောက်ဆုံး အရဟတ္တမဂ်သည် လောဘမူစိတ် (၈) ပါးထဲက ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄) ပါးနှင့် မောဟမူစိတ် (၂) ပါးထဲက ဥဒ္ဓစ္စသဟဂုတ်စိတ် (၁) ပါး စုစုပေါင်း အကုသိုလ်စိတ် (၅) ပါးကို ပယ်သည်။[၂]

မဂ်ဖြစ်ပုံအခြင်းအရာ

သခ်ါရုပေက္ခာဉာဏ်သည် အနိစ္စအားဖြင့် သခ်ါရတရားတို့ကို သုံးသပ်၍ မဂ်ဖြစ်ပေါ်လာပါက ၎င်းမဂ်ကို အနိမိတ္တဝိမောက္ခမဂ်ဟုခေါ်သည်။ သခ်ါရုပေက္ခာဉာဏ်သည် ဒုက္ခအားဖြင့် သခ်ါရတရားတို့ကို သုံးသပ်ဆင်ခြင်၍ မဂ်ဖြစ်ပေါ်လာပါက

၁။ မဟာစည်ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း (အတွဲ-၂ နှာ ၄၁)

၂။ ပဟာတဗ္ဗမမ္မပဟာနကထာ၊ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ - ၃၂၅)

ၦင်းမင်္ဂကို အပ္ပဏာဟိတ ဝိမောက္ခမင်္ဂ ဟုခေါ်သည်။ သဒ္ဓါရုပေက္ခာဉာဏ်သည် အနတ္တ အားဖြင့် သဒ္ဓါရတရားတို့ကို သုံးသပ်ဆင်ခြင်၍ မင်္ဂဖြစ်ပေါ်လာပါက ၦင်းမင်္ဂကို သုညတ ဝိမောက္ခမင်္ဂဟုခေါ်သည်။

အနိစ္စာနုပဿနာဖြင့် သဒ္ဓါရတရားတို့၏ အပေါင်းအစုကို ခွဲခြမ်းဝေဖန်၍ နိစ္စ၊ ဓုဝ၊ သဿတ နိမိတ်တို့ကို ပယ်စွန့်လျက် မင်္ဂဖြစ်ပေါ်လာပါက ၦင်းမင်္ဂကို အနိမိတ္တမင်္ဂ ဟုခေါ်သည်။

ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်စွန့်၍ ရာဂစသော တောင့်တမှုကို ခြောက်သွေ့စေလျက် မင်္ဂဖြစ်ပေါ်လာပါက ၦင်းမင်္ဂကို အပ္ပဏိဟိတမင်္ဂဟုခေါ်သည်။ အနတ္တာနုပဿနာဖြင့် အတ္တသညာ ပုဂ္ဂလသညာကိုပယ်စွန့်၍ သဒ္ဓါရတရားတို့၏ အတ္တမှ ကင်းဆိတ်သည်၏အဖြစ်ကို ဆင်ခြင်လျက် မင်္ဂဖြစ်ပေါ်လာပါက ၦင်းမင်္ဂကို သုညတမင်္ဂဟုခေါ်သည်။[၁]

သောတာပန် အရိယာပုဂ္ဂိုလ်တို့၏ ဂုဏ်ရည် (၇) ပါး

သောတာပန် အရိယာပုဂ္ဂိုလ်၌ ပုထုဇဉ်နှင့်မတူသည့် ဂုဏ်ရည်များရှိပါသည်။ ထိုထို ဂုဏ်ရည်ကို ဆင်ခြင်ပြီး သောတာပန်ပုဂ္ဂိုလ် ဟုတ်သည်မဟုတ်သည်ကို သိနိုင်ပါသည်။ သောတာပန်အစစ်က အစစ်ဆေး ခံနိုင်ကြပါသည်။ စစ်ဆေးနိုင်သည့် နည်းလမ်း (၇) သွယ် ရှိသည်။

(၁) သောတာပန်သည် ကိလေသာ (၁၀) ပါးအားလုံးကို မပယ်နိုင်သေးသော်လည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ပယ်သတ်ထားသူဖြစ်သည်။ ထို့ကြောင့် သောတာပန်၌ မပယ်ရသေးသည့် ကိလေသာများ ဖြစ်နိုင်သေးသည်။ သောတာပန်သည် ထိုထိုကိလေသာများ ဖြစ်လာလျှင် ဖြစ်လာခြင်းဖြစ်ကြောင်းကို ချက်ချင်း သိနိုင်သည်။ သို့ဖြစ်ပါ၍ ထိုသောတာပန်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ကိလေသာ ဖြစ်ကြော မရှည်ပါ။

(၂) သောတာပန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကိလေသာဖြစ်ပေါ်လာပါက ဝိပဿနာရှုပွားပြီး ငြိမ်သက်တည်ကြည်ခြင်းကိုရသည်။

(၃) ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မှအပဖြစ်သော အခြားအခြားသော ဘာသာအယူဝါဒတို့တွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူ၍ လုံးဝမရှိနိုင်ဟု ယုံကြည်သည်။

၁။ နိဒ္ဒေသ၊ ဝိမောက္ခကထာ၊ မဟာဝဂ္ဂ၊ ပဋိသမ္ဘိဒါဝဂ္ဂပါဠိ (နှာ-၂၅၇)

(၄) သောတာပန် ရဟန်းတော်မြတ်သည် အာပတ်သင့်ရောက်ပါက ထိုထိုအာပတ်ကို အလျှင်အမြန် ကုစားသည်။ လူသောတာပန်သည် ငါးပါးသီလကို ခါးဝတ် ပုဆိုးပမာ မြဲတော့သည်။ ထို့ကြောင့် သူသည် စေတနာဖြင့် ငါးပါးသီလ လွန်ကျူးမည် မဟုတ်ပေ။ ဥပမာအားဖြင့် ပက်လက်အိပ်တတ်သောအရွယ် ကလေးငယ်သည် မီးကျီးခဲကို လက်ဖြင့်လည်းကောင်း၊ ခြေဖြင့်လည်းကောင်း ထိမိလျှင် လက်ခြေကို အလျှင်အမြန် ရုပ်သိမ်းသကဲ့သို့ သင့်မိသော အပြစ်အာပတ်ကို လျင်မြန်စွာ ကုစားသည်။

(၅) သောတာပန်ရဟန်းသည် သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်သော သင်္ကန်းချုပ်ခြင်း၊ သင်္ကန်းဆိုးခြင်း၊ မထေရ်ကြီးတို့၏ခြေကို ရေဆေးပေးခြင်း စသည်ကို ကြောင့်ကြစိုက်ကာ ပြုလုပ်ပါသော်လည်း မိမိဆောက်တည်ပွားများ အားထုတ်နေသည့် သီလ၊ သမာဓိ၊ ပညာတို့ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ ပြုလုပ်သည်။ ဥပမာအားဖြင့် မွေးခါစသားငယ်ရှိသော နွားမသည် မလွဲသာ၍ မြက်အစာတို့ကို စားရသော်လည်း နွားသားငယ်ကို ကြည့်ရှုစောင့်ရှောက်မြဲ စောင့်ရှောက်သကဲ့သို့ သောတာပန်ရဟန်းသည် မလွဲသာ၍ အမှုကိစ္စတို့ကို ဆောင်ရွက်ပါသော်လည်း သီလ၊ သမာဓိ၊ ပညာ အကျင့်ကို စောင့်ရှောက်မြဲ စောင့်ရှောက်သည်။

(၆) ဘုရား၊ ရဟန်းသံဃာတော်များ ဟောကြားတော်မူသော တရားတော်ကို စီးပွားဥစ္စာသဖွယ် လိုလားလျက် အဖန်ဖန် နှလုံးသွင်းဆင်ခြင်လျက် တရားတော်ကို ရိုရိုသေသေ စူးစူးစိုက်စိုက် နာကြားသည်။

(၇) နာကြားရသော တရားတော်၏ အနက်အဓိပ္ပာယ်ကို နှစ်နှစ်ခြိုက်ခြိုက် သဘောကျသည်။ တရားတော်နှင့် စပ်လျဉ်း၍ နှစ်သိမ့်ခြင်း ပီတိများဖြစ်လေ့ရှိသည်။ ရင်ထဲနှလုံးထဲတွင် ဖိုလှိုက်၊ ဖိုလှိုက် ဖြစ်စေလျက် နှစ်သိမ့်အားရသည်။ ဤသို့ နားလည်သဘောပေါက်ထားသည့် တရားတော်သည် မေ့ပျောက်သွားခြင်းမရှိဘဲ နားလည်လောက်သည့်တိုင် ဟောကြားသည်။[၁]

၁။ ကောသမ္မိယသုတ္တ၊ စူဠဃယမကဝဂ္ဂ၊ မူလပဏ္ဏာသပါဠိ (နှာ-၃၉၅)

ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ (၁၈ - မဂ္ဂပစ္စယော)

စက်ခဲနက်နဲလှသည့် ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာ

ဝိပဿနာဉာဏ်ဖြင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို သိရန်မှာမူ လူတိုင်း၏အရာမဟုတ်ပေ။ သာမန်ဉာဏ် အဆင့်မျှသာ ရှိသူတို့မှာမူ ထိုထိုဝိပဿနာဉာဏ်၏သဘာဝကို သိနိုင်ရန် မဖြစ်ကောင်းပါ။ ထို့ထက်သာလွန်၍ နိဗ္ဗာန်ကို သိမြင်ရန်မှာမူကား အလွန့်အလွန်ပင် နက်နဲ ခက်ခဲလှပေတော့သည်။ နိဗ္ဗာန်ဟူသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မှတစ်ပါး အခြားလောကီဉာဏ်ဖြင့် ထောက်တည်ရာ မရနိုင်လောက်အောင်ပင် နူးညံ့သိမ်မွေ့ နက်နဲလှပေတော့သည်။

ဤမျှသာမက ပဋ္ဌာန်းတရားတော်လာ ဝိပဿနာကျင့်စဉ်သည် နက်နဲလွန်းပါသည်။ သာမန်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။ လောကရေးရာကိစ္စရပ်များပမာ ကြံစည်တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပါပေ။ ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့် ပဏ္ဍိတ်ပညာရှိ အနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့် တရားတော်မြတ်ကြီး ဖြစ်ပါပေတော့သည်။

မဂ္ဂပစ္စယောဆုတောင်း

“ပကတိလမ်းခရီးသည် သွားလာသူတို့အား လိုရာကိုရောက်စေနိုင်သကဲ့သို့ လောကလူသားတို့သည်လည်း မကောင်းသော အကုသိုလ်မဂ္ဂင်လမ်းအမှားကို ရှောင်ရှားနိုင်ပြီး မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ကြားပြသပေးတော်မူခဲ့သည့် ကောင်းမွန်သော၊ မှန်ကန်သော၊ လိုရာရောက်နိုင်သော ကုသိုလ်မဂ္ဂင် လမ်းကောင်း လမ်းမှန်ကို လျှောက်လှမ်းနိုင်ကြပါစေသား’

မဂ္ဂပစ္စဓေယာ သိမ့်တ်ပွယ်

မဂ္ဂပစ္စည်း၏ ကျေးဇူးပြုပုံမှာ


မဂ္ဂပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

မဂ္ဂပစ္စယော (ကု၊ ကု + ဗျာ) ဝိဏိ

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (ကု၊ကု၊ဗျာ)
ကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။[၁]

ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သတိ၊ ဝီရိယ၊ ဧကဂ္ဂတာ ဟူသော ကုသိုလ်မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။[၂]

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၃ (စိတ္တဇရုပ်)

ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ (ကုသိုလ်)

ပုံပါ စက္ခုဒ္ဒါရဝီထိအစဉ်၏ အဓိပ္ပာယ်ရှင်းလင်းချက်

(၁) စက္ခုဒ္ဒါရဝီထိ၊ သောတဒ္ဒါရဝီထိ၊ ဃာနဒ္ဒါရဝီထိ၊ ဇိဝှာဒ္ဒါရဝီထိ၊ ကာယဒ္ဒါရဝီထိ၊ မနောဒ္ဒါရဝီထိ စသည်တို့ရှိသည့်အနက် စက္ခုဒ္ဒါရဝီထိကို ဥပမာပြပါသည်။

(၂) ကုသလာနိ မဂ္ဂင်္ဂါနိ၊ အကုသလာနိ မဂ္ဂင်္ဂါနိတို့ရှိသည့်အနက် ကုသလာနိ မဂ္ဂင်္ဂါနိကိုသာ ဥပမာပြပါသည်။

(၃) ကုသလာနိ မဂ္ဂင်္ဂါနိ = ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သတိ၊ ဝီရိယ၊ ဧကဂ္ဂတာ

(၄) ဗျာနသမ္မယုတ္တကာနံ ခန္ဓာနံ= သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် နှင့် စေတသိက် ၃၃ ပါး

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၅၈)
၂။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဥ္စာဝါရ (အပိုင်း-၁၊ နှာ-၁၀၀)

(၅) တံသမုဋ္ဌာနဥ္စ ရူပါနံ = စိတ္တဇရုပ်

(၆) မဂ္ဂပစ္စယေန ပစ္စယော = မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) ဝီထိအစဉ်ကိုရေးဆွဲထားသည့် Pulse ခုံးပုံ၏ အစကို 'ဥပါဒ်-ဖြစ်'ဟူ၍လည်းကောင်း၊ အလယ်ကို 'ဌိ-တည်'ဟူ၍လည်းကောင်း၊ အဆုံးကို 'ဘင်-ပျက်'ဟူ၍လည်းကောင်း ကိုယ်စားပြုပါသည်။[၁]



ဖြစ် တည် ပျက်[၂]

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ၁-သမ္မာဒိဋ္ဌိ၊ ၂-သမ္မာသင်္ကပ္ပ၊ ၃-သမ္မာဝါစာ၊ ၄-သမ္မာကမ္မန္တ၊ ၅- သမ္မာအာဇီဝ၊ ၆-သမ္မာဝါယာမ၊ ၇-သမ္မာသတိ၊ ၈-သမ္မာသမာဓိ၊ ၉-မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ ၁၀-မိစ္ဆာသင်္ကပ္ပ၊ ၁၁-မိစ္ဆာဝါယာမ၊ ၁၂-မိစ္ဆာသမာဓိတို့ ဖြစ်သည်။ ထိုမဂ္ဂင်တို့၏ တရားကိုယ် (၉)ပါးရသည်။ ၎င်း တို့မှာ (ပညာ၊ ဝိတက်၊ ဝိရတီ-၃ပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာနှင့် ဒိဋ္ဌိ) တို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - သဟိတ်စိတ်(၇၁)ပါး၊ စေတသိက်(၅၂)ပါး၊ သဟိတ် စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပါသည်။ မဂ္ဂပစ္စည်းသည် သဟဇာတ မျိုး၌ ပါဝင်၏။

၁။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိနှင့် မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုချပို့စဉ်တို့ကို မှီငြမ်းသည်။

၂။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာန ပါမောက္ခဆရာကြီး ဦးခင်မောင်သန်း၏ ပဋ္ဌာန်းပုစ္ဆာဝါရဆိုင်ရာစာတမ်းမှ ဝီထိစဉ် Pulse ခုံးပုံကို မှီငြမ်းသည်။

၁၉။ သမ္ပယုတ္တပစ္စယော
Sampayutta Paccaya (Association condition)
ယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

ပစ္စယနိဒ္ဒေသ

သမ္ပယုတ္တပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

Association condition (Sampayutta Paccaya)

The four immaterial aggregates are mutually related to one another by association condition.

သမ္ပယုတ္တပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“စတုမဓု၊ ရောသည့်တူသို့”ဟု လာရှိသည်နှင့်အညီ ရှေးဆရာတော်ကြီးများက ထောပတ်၊ ပျားရည်၊ သကာ၊ နှမ်းဆီတို့ကို သမသွားအောင် မွှေသောအခါ တစ်ခုချင်း၏ အရသာ မထွက်တော့ဘဲ အရသာတစ်မျိုးတည်း ထွက်သကဲ့သို့ နာမ်ခန္ဓာ (၄)ပါး တရားတို့သည် အာရုံကို ယူသောအခါ တစ်ပါးချင်း၏သဘော မထင်ရှားဘဲ တစ်ပါးနှင့် တစ်ပါး အတူတကွ နှီးနှောယှဉ်တွဲ ဖြစ်ချုပ်မှီ အာရုံကိုယူပြီး ကျေးဇူးပြုကြသည်။[၁]

တစ်နည်းအားဖြင့် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှ စီးဆင်းလာသော ရေသည် သမုဒ္ဒရာထဲသို့ ရောက်သည်။ သမုဒ္ဒရာရေကို လက်ခုပ်ထဲယူကာ “ဒါက ဂင်္ဂါမြစ်ရေ၊ ဒါက ယမုန်နာမြစ်ရေ၊ ဒါက အစိရဝတီမြစ်ရေ၊ ဒါက သရဘူမြစ်ရေ၊ ဒါက မဟီမြစ်ရေ”ဟု ခွဲခြားဆန်းစစ်ရန် မစွမ်းနိုင်သကဲ့သို့ဟူ၍ သမ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံကို ဥပမာ ပြုပေးတော်မူကြပါသည်။

Sampayutta Paccaya

Number nineteen is Sampayutta Paccaya, association condition. Association is compared to four sweet things. You know that monks can eat some kinds of sweet things in the afternoon. They are a mixture of four things - ghee, oil,

---

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

molasses and honey. They are mixed together and they must be cooked in the sun. That mixture we call Catumadhura.

'Catu' means four. 'Madhura' means sweet thing. When they are mixed together, they really mix. They are blended. They are combined. We do not differentiate one from the other. In the same way, we say some things Sampayutta. They are blended together so much that it is difficult to differentiate them. When consciousness and mental factors arise together, it is very difficult to differentiate - this is consciousness, this is mental factor. We are now talking about consciousness and mental factors because Buddha taught them. We are just following what he taught

You remember the characteristics of mental factors. What are those characteristics? Their characteristics are arising together with consciousness, perishing together with consciousness, having the same object, having the same base. These are the four characteristics of being Sampayutta. That applies here too. So the conditioning states of Sampayutta can only be minds and mental factors. The conditioned states are also minds and mental factors.[၁၂]

ဖြစ်တူ၊ ချုပ်တူ၊ အာရုံတူ၊ မှီရာတူကြသည်

သမ္မယုတ္တဟူသည် ရောနှောသမကာ တစ်စုတစ်ပေါင်းတည်းအဖြစ် ယှဉ်တွဲရောနှောနေခြင်းကို ဆိုလိုပါသည်။ စိတ် စေတသိက် ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အညီအမျှသမ၍ တစ်စုတည်းတပေါင်းတည်းအဖြစ်ဖြင့် ယှဉ်တွဲရောနှောကာ ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

စိတ်စေတသိက်ဟူသော နာမ်ခန္ဓာတို့သည် -

ဧကုပ္ပါဒ = အတူတကွ တစ်ပြိုင်နက် ဖြစ်ကြသည်။

ဧကနိရောဓ = အတူတကွ တစ်ပြိုင်နက် ချုပ်ကြသည်။

ဧကာလမ္ဗန = အာရုံတစ်ခုတည်းကိုသာ အာရုံပြုကြသည်။

ဧကဝတ္ထုက = မှီရာဝတ္ထု တူညီကြသည်။

ထို့ကြောင့် "အဖြစ်တူ၊ အပျက်တူ၊ မှီရာတူ၊ အာရုံတူကြသည်"ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ သမ္မယုတ်ပစ္စည်းတရားများ ဖြစ်နိုင်ကြသည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

စန္ဒာ ၅ ပါးတရား

ခန္ဓာ (၅)ပါးရှိသည်။ ၎င်းတို့မှာ ရုပ်ခန္ဓာ (၁)ပါးနှင့် နာမ်ခန္ဓာ (၄)ပါးတို့ ဖြစ်ကြပါသည်။ ရုပ် (၂၈) ပါးသည် ရူပက္ခန္ဓာဖြစ်ပါသည်။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာဖြစ်သည်။ သညာစေတသိက်သည် သညာက္ခန္ဓာဖြစ်သည်။ ဝေဒနာနှင့် သညာမှ ကြွင်းသော စေတသိက် အပါး (၅၀)သည် သင်္ခါရက္ခန္ဓာဖြစ်ပြီး စိတ် (၈၉)ပါးက ဝိညာဏက္ခန္ဓာဖြစ်ပါသည်။

နာမ်စန္ဒာ ၄ ပါး

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏သန္တာန်၌ သံသရာတစ်လျှောက်လုံး ဖောက်ဖောက်ပြန်ပြန်ဖြင့် အနိစ္စကို နိစ္စဝိပလ္လာသဖြင့်လည်းကောင်း၊ ဒုက္ခကို သုခဝိပလ္လာသဖြင့်လည်းကောင်း၊ အနတ္တကို အတ္တဝိပလ္လာသဖြင့်လည်းကောင်း ဖောက်ဖောက်ပြန်ပြန် ထင်မှတ်မှားလာသည်ကို ပယ်ဖျောက်နိုင်ရန် ဟောကြားတော်မူပါသည်။

သတ္တဝါတို့၏သန္တာန်၌ သုခဟု ဖောက်ဖောက်ပြန်ပြန် (သုခဝိပလ္လာသ) ထင်မှားတတ်သောတရားတို့တွင် ခံစားမှုဝေဒနာသည် အလွန်ကဲဆုံးဖြစ်သည်။ အတ္တဟု ဖောက်ဖောက်ပြန်ပြန် (အတ္တဝိပလ္လာသ) ထင်မှားတတ်သောတရားတို့တွင် သညာသည် အလွန်ကဲဆုံးဖြစ်သည်။ နိစ္စဟု ဖောက်ဖောက်ပြန်ပြန် (နိစ္စဝိပလ္လာသ) ထင်မှားတတ်သော တရားတို့တွင် စိတ်သည် အလွန်ကဲဆုံးဖြစ်လေသည်။

အစကြောင်းအကျိုးတရား

ဤတွင် ပဋ္ဌာန်းပဋ္ဌိစ္စဝါရ၌ “ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ”လို့ ဟောတော်မူပါသည်။ ဆိုလိုသည်မှာ ဝေဒနာက္ခန္ဓာကို အကြောင်းယူပါက ကျန်သည့် (၃) ပါးက အကျိုးခံမှုဖြစ်သည်။ တစ်ဖန် ဝေဒနာက္ခန္ဓာနှင့် သညာက္ခန္ဓာ (၂)ပါးကို အကြောင်းယူပါက ကျန် (၂)ပါးသည် အကျိုးခံမှုဖြစ်သည်။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကိုအကြောင်းယူပါက ကျန်(၁) ပါးသည် အကျိုးခံမှု ဖြစ်ပါသည်။

နာမ်စနှစ် စလေးပါးအတွက် ဝိပဿနာရှုကွက်

သမ္မယုတ္တပစ္စယောတိ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္မယုတ္တပစ္စယေန ပစ္စယော"ဟု ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ လာရှိပါသည်။ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာ (၄)ပါးတို့ကို ခွဲခြား၍မရပါ။ ဝိပဿနာရှုပွားရာ၌လည်း ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏတို့ကို ထင်ရှားရာ၊ ပေါ်လွင်ရာကို ရှုပွားရပါသည်။

ပမာပြရသော် တရားထိုင်ရာတွင် နာခြင်း၊ ကျင်ခြင်း၊ ညောင်းညာကိုက်ခဲခြင်းစသော ဒုက္ခဝေဒနာတို့ ရံခါထင်ရှားတတ်ပါသည်။ ထိုထို 'နာတာ၊ ကျင်တာ၊ ညောင်းတာ၊ ကိုက်ခဲတာ'တို့သည် ဝေဒနာကွန္ဓာပေတည်း။ ထို 'နာတာ၊ ကျင်တာ၊ ညောင်းတာ၊ ကိုက်ခဲတာ'ကို မှတ်သားနေသည့်သဘောက သညာကွန္ဓာပေတည်း။ ထို 'နာတာ၊ ကျင်တာ၊ ညောင်းတာ၊ ကိုက်ခဲတာ'ကို သိသိနေသည့်သဘောက ဝိညာဏက္ခန္ဓာပေတည်း။ ထို 'နာတာ၊ ကျင်တာ၊ ညောင်းတာ၊ ကိုက်ခဲတာ'တို့ကို သိလာရန် တိုက်တွန်းစေ့ဆော်ပေးနေသည့် စေတနာက သင်္ခါရက္ခန္ဓာပေတည်း။

ထို့ကြောင့် ဝေဒနာဟူသော ခံစားမှုထဲက ဒုက္ခဝေဒနာတစ်ပါးကို ရှုပွားပါက "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္မယုတ္တပစ္စယေန ပစ္စယော"ဟု လာရှိသည်နှင့်အညီ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာအပေါင်းအစုကို ခွဲခြား၍ မရနိုင်ကြောင်းကို ဝိပဿနာကမ္မဋ္ဌာန်း ရှုပွားလာသည့် ယောဂီက ခန္ဓာနှင့်တိုက်ဆုံပြီး သိရှိနားလည်လာနိုင်မည်ဖြစ်ပါသည်။

အပြောင်းအလဲမြင်ပါစေ

ထိုနာမကွန္ဓာ (၄)ပါးတို့သည် ထာဝရ တည်တံ့ ခိုင်ခံ့နေသည်မဟုတ်ပါ။ ခံစားမှုဝေဒနာသည်လည်း ပေါ်ပြီးပျောက်နေသည်။ မှတ်သားမှုသညာလည်း ပေါ်ပြီး ပျောက်နေသည်။ စေ့ဆော်မှုသင်္ခါရသည်လည်း အသီးသီး ပေါ်ပြီးပျောက်နေပါသည်။

တစ်နည်းအားဖြင့် သုခဝေဒနာဖြစ်စေ၊ ဒုက္ခဝေဒနာဖြစ်စေ တည်တံ့နေသည်မဟုတ်ဘဲ ပြောင်းလဲ၍နေပါသည်။ ထို့ကြောင့် ရွှေဥမင်ဆရာတော်ကြီးက တရားအားထုတ်နေကြသည့် တပည့်များအား "အပြောင်းအလဲကို မြင်ပါစေ"ဟု မကြာခဏ ဆုံးမတော်မူခြင်း ဖြစ်ပါသည်။ အလွန်ထိမိပြီး၊ တိုရှင်းပြီး လိုရင်းရောက်သော အဖိုးတန်ဆုံးမစကားဖြစ်ပါသည်။

ဝိပဿနာကမ္မဋ္ဌာန်း၏အာရုံမှာ ပရမတ္ထတရားဖြစ်ပါသည်။ ထိုပရမတ္ထတရားမည်သည် တစ်ခဏ တဒဂ်မျှ တည်တံ့မှု မရှိပေ။ ခိုင်ခံ့မှု မရှိပါပေ။ ထို့ကြောင့် အပြောင်းအလဲရှိနေသော သဘာဝတရားကို အပြောင်းအလဲရှိသည်ဟု သဘောပေါက်လာပါက ဉာဏ်လမ်းပေါ် ရောက်လာခြင်းဖြစ်ပါသည်။ မမြဲသည့်သဘာဝက၊ ပေါ်ပြီးပျောက်နေပါသည်။ ပေါ်ပြီးပျောက်နေသည့်သဘာဝက အပြောင်းအလဲရှိနေသည်။

ဤတွင် တွေးသိ၊ ကြံသိကို ကျော်လွန်ပြီး ရုပ်ဓမ္မကို ဖြစ်စေ၊ နာမ်ဓမ္မကိုဖြစ်စေ ယခုကဲ့သို့ အပြောင်းအလဲကို သိရှိနားလည်လာခြင်းသည် အနိစ္စကို သိလာခြင်းပေတည်း။ တဒဂ် တခဏမျှ အငြိမ်မနေဘဲ ပြောင်းလဲ ဖောက်ပြန်ခြင်းက ချမ်းသာမဖက် ဆင်းရဲသက်သက်ကို သိရှိနားလည် သဘောပေါက်လာခြင်းသည် ဒုက္ခကို သိလာခြင်းပေတည်း။ မိမိအလိုသို့မပါသကဲ့သို့ မပြောင်းမလဲဘဲ တည်တံ့စေရန်လည်း မတတ်နိုင်သော သဘောကို သိရှိနားလည်လာခြင်းသည် အနတ္တကို သိရှိလာခြင်းပေတည်း။

သမ္မယုတ္တပစ္စယာဇီဝတောင်း

“ထောပတ်၊ ပျားရည်၊ သကာနှင့် ဆီတို့ကို ရောစပ်ထားသော စတုမဓုဠ်
အရသာလေးမျိုးတို့ ခွဲခြားမရနိုင်သည့်အထိ ရောစပ်သွားသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ကောင်းမွန်မြင့်မြတ်သော၊ ကုသိုလ်တရားနှင့်ယှဉ်သော
နာမ်တရားတို့သည်လည်း အချင်းချင်း အညီအညွတ် ယှဉ်တွဲပေါင်းစည်းကာ
အမြင့်မြတ်ဆုံး လောကုတ္တရာတရားကို မျက်မှောက်ပြုနိုင်ပါစေသား”

သမ္မယုတ္တပစ္စယော သိမှတ်ဖွယ်ရာ

သမ္မယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံ

သမ္မယုတ္တပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။


သမ္မယုတ္တပစ္စယော (ကု၊ ကု) ဝိဓိ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္မယုတ္တပစ္စယေန ပစ္စယော။ (ကု၊ကု)

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္မယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယော။[၁]

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ် နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသော နာမ်ခန္ဓာသည် သုံးပါးသော နာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သုံးပါးသော နာမ်ခန္ဓာတို့သည် တစ်ပါးသော နာမ်ခန္ဓာအား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ နှစ်ပါးသော နာမ်ခန္ဓာတို့သည် နှစ်ပါးသော နာမ်ခန္ဓာတို့အား သမ္မယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။[၂]

ကုသိုလ်ဇော



သော ဉာသံ အ မဟာကုသိုလ်စိတ် + စေ ၃၈ (စိတ္တဇရုပ်)

ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး ဖြစ်သည်။

၁။ ပဋ္ဌာန်းပါဠိတော် (ပထမတွဲ၊ နှာ-၁၅၉)
၂။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)၏ ပဋ္ဌာန်းပဉ္စာဝါရ (အပိုင်း-၁၊ နှာ-၁၀၃)

၂၀။ ဝိပ္ပယုတ္တပစ္စယော
မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း
Vippayutta Paccaya *(Dissociation condition)*

ပစ္စယနိဒ္ဒေသ

ဝိပ္ပယုတ္တပစ္စယောတိ - ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

Dissociation condition (Vippayutta Paccaya)

Material phenomena are related to mental phenomena by dissociation condition.
Mental phenomena are related to material phenomena by dissociation condition.

ဝိပ္ပယုတ္တပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

"ခြောက်ထွေရသာ၊ ပေါင်းရောပါသို့"ဟု ဖွင့်ဆိုသည်နှင့်အညီ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် အရသာ ၆ ပါးတို့သည် အတူတကွ ရောထားသော်လည်း အသီးသီးသတ္တိပြကာ မရောနှောဘဲ ကျေးဇူးပြုသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထု၊ ပဋိသန္ဓေစိတ်၊ စေတသိက် စသော ရုပ်နာမ်တရားတို့သည် အတူဖြစ်နေသော်လည်း တစ်ပါးနှင့်တစ်ပါး မလိုက်လျော မယှဉ်တွဲဘဲ ကျေးဇူးပြုကြသည်။[၁]

ဝိပ္ပယုတ္တပစ္စည်း၌ ဤသို့ မပေါင်း၊ မစပ်၊ မရောခြင်းကပင် Dissociation အဖြစ် ကျေးဇူးပြုခြင်း ဖြစ်ပေသည်။ ဤတွင် သမ္ပယုတ္တပစ္စည်းသည် ရောစပ်ပေါင်းကာ ကျေးဇူးပြုသည့် ပစ္စည်းဖြစ်ပြီး၊ ဝိပ္ပယုတ္တပစ္စည်းမှာမူ မပေါင်း၊ မစပ်၊ မရောစပ်ဘဲ ကျေးဇူးပြုသည့် ပစ္စည်း ဖြစ်ပေသည်။ ထို့ကြောင့် နာမ်တရားနှင့် ရုပ်တရားတို့သည် သဘောလက္ခဏာချင်း မတူညီသောကြောင့် တစ်သားတည်း ပေါင်းစပ်၍ မရခြင်းကပင် ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

Vippayutta Paccaya

Number twenty is Vippayutta Paccaya. It is the opposite of Sampayutta Paccaya. It is compared to mixture of six tastes. When you mix six tastes, they will mix but they will not be blended. You will still know or experience different tastes although you mix them together. They are together so they are called mixed, but they are not blended. In the same way, there are some things that are mixed so there is a suspicion whether they may be Sampayutta. In that case this word has to be used to prevent them from being taken as Sampayutta. Nama to Rupa and Rupa to Nama is Vippayutta. But Rupa to Rupa we don't say is Vippayutta because there is no suspicion of their being Sampayutta. We don't say there is Vippayutta condition between Rupa and Rupa, although they are really Vippayutta. With regard to Vippayutta we take Nama on the hand and Rupa on the other.[၁၂၂]

သုံးပါးအပြားရှိသည်

ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတဖြစ်သော နာမ်ခန္ဓာတို့သည် ပုရေဇာတသ = ရှေး၌ဖြစ်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယနှင့် စတုဇကာယ ဟူသော ကိုယ်ခန္ဓာရုပ်ကြီးကို ဝိပွယုတ္တပစ္စယ သတ္တိဖြင့် မပေါင်း၊ မစပ်၊ မရော၊ မယှက်ဘဲ (Dissociation) အဖြစ် ကျေးဇူးပြုကြောင်းကို ပဉ္စဝါရတွင် အကျယ်တဝင့်လာရှိပါသည်။

ဝိပွယုတ္တပစ္စည်းသည် ၁-သဟဇာတဝိပွယုတ်၊ ၂-ဝတ္ထုပုရေဇာတဝိပွယုတ်နှင့် ၃-ပစ္ဆာဇာတဝိပွယုတ် ဟူ၍ သုံးပါးအပြားရှိလေသည်။

၁–သဟဇာတဝိပ္ပယုတ္တပစ္စည်း

ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း အားလည်းကောင်း၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော (အရူပဝိပါက်စိတ် ၄ ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော) စိတ် (၇၅) ပါး၊ စေတသိက် (၅၂) ပါးဟူသော ပဝတ္တိ၊ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးတို့သည် မိမိတို့နှင့် အတူတကွ ဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတဝိပွယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

၂–ဝတ္ထုပုဗ္ဗရဏတ ဝိပွယုတ္တပစ္စည်း

ဝတ္ထုပုရေဏတ ဝိပွယုတ္တပစ္စည်းသည် ဝတ္ထုပုရေဏတ နိဿယပစ္စည်းနှင့် တူ၏။ ပဝတ္တိအခါ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ ဟူသော ဝတ္ထုရုပ်ခြောက်ပါး တို့သည် ၎င်းတို့ကို မှီ၍ဖြစ်ကုန်သော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်နှင့် မနောဝိညာဏ်တည်းဟူသော ဝိညာဏ်ခြောက်ပါး နာမ်တရားတို့အား ဝတ္ထုပုရေဏတဝိပွယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

တစ်နည်းပြရသော် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နှင့် ဟဒယ နှလုံးတည်းဟူသော ဝတ္ထုရုပ်ခြောက်ပါးတို့သည် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်နှင့် ကြံသိစိတ်တည်းဟူသော နာမ်တရားကို ဝတ္ထုပုရေဏတဝိပွယုတ္တပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၃–ပစ္ဆာဇာတ ဝိပွယုတ္တပစ္စည်း

ပစ္ဆာဇာတ ဝိပွယုတ္တပစ္စည်းသည် ပစ္ဆာဇာတပစ္စည်းနှင့် တူ၏။ ပစ္ဆဝေါကာရဘုံ၌ အရူပဝိပါက်စိတ်လေးခုကြဉ်သော နောက်နောက်သောစိတ် (၈၅) ပါး၊ စေတသိက် (၅၂)ပါး ဟူသော နာမ်တရားတို့သည် ရှေးရှေး၌ဖြစ်ကုန်သော (၈ကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ ဟုခေါ်သော) ရုပ်တရားအပေါင်းတို့အား ပစ္ဆာဇာတဝိပွယုတ္တ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဝတ္ထာရမ္မဏဝိပွယုတ္တ

ဝတ္ထာရမ္မဏဝိပွယုတ္တ ဆိုသည်မှာ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကိုပင် အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတစ်ခုယုတ် သုံးဆယ်၊ တဒါရုံဇကာဒသတို့သည် (၁၇) ချက်မြောက်သော ဟဒယ ဝတ္ထုကိုပင် အာရုံပြု၏။ ၎င်းမနောဒွါရာဝဇ္ဇန်း အစရှိသော စိတ်တို့နှင့် ဟဒယဝတ္ထုမှာ ဇကုပ္ပါဒအစရှိသော အင်္ဂါလေးပါးမှ လွတ်သောကြောင့် 'ဝိပွယုတ္တ' မှတ်ပါ။ သို့သော်လည်း ၎င်းဟဒယဝတ္ထု ကြည်မှသာလျှင် အာရုံခံမှတွေဟာ ကြည်ရ၏။ ၎င်းဟဒယဝတ္ထု မကြည်ပါက အာရုံခံမှတွေမှာ မကြည်သောကြောင့် နှံ့မှု၊ ထက်မှုဟု ဆိုအပ်တဲ့အကြောင်း အကျိုးကတော့ စပ်နေတယ်လို့မှတ်ပါဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား ကြီး၏ သုံးချက်စုချပို့စဉ် အဘိဓမ္မာပဒ္ဒာန်း ညဝါမှတ်စုဥ် လာရှိပါသည်။[၁]

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပို့စဉ် အဘိဓမ္မာပဒ္ဒာန်း ညဝါမှတ်စုစာအုပ်သုံးချက်စုချပို့စဉ်

သမ္ပယုတ္တမဖြစ် ဝိပ္ပယုတ္တ၏သတ္တိ

ဤဝိပွယုတ္တပစ္စည်းသည် သမ္ပယုတ္တပစ္စည်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသောအာရုံရှိခြင်း၊ တူသောမှီရာဝတ္ထုရှိခြင်း ဟူသော လက္ခဏာလေးပါးတို့ဖြင့် မယှဉ်ရကား ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ အချင်းချင်း မလိုက်လျောနိုင်သောသတ္တိသည် ဝိပွယုတ္တပစ္စည်း၏ သတ္တိဖြစ်သည်။

ဤဝိပွယုတ္တပစ္စည်းကို "အရသာခြောက်ပါး ရောစပ်ထားပုံနှင့်တူ၏"ဟု ဥပမာလာရှိသည်။ ချို၊ ချဉ်၊ စပ်၊ ဖန်၊ အငန်၊ အခါး အရသာခြောက်ပါး ရောစပ်ထားရာ၌ ရောပင်ရောသော်လည်း တစ်ခုနှင့်တစ်ခု မနှီးနှောမိကြသဖြင့် "အညီအမျှသမ" မဖြစ်နိုင်သလို ထို့အတူ ပစ္စည်းပစ္စယုပ္ပန်တို့ ရောနှောမိကြ တွေ့မိဆိုင်မိကြသော်လည်း အချင်းချင်း မလိုက်လျောနိုင်ကြသဖြင့် အညီအမျှသမသဘော သမ္ပယုတ္တသဘောမရှိ၊ ဝိပွယုတ္တသဘောသာ ဖြစ်ကြလေသည်ဟု တောင်တွင်းကြီး ဘုံကျော်ဆရာတော်၏ ပဋ္ဌာန်းကျမ်း၌ ဖော်ပြပါရှိပါသည်။

မပေါင်း၊ မစပ်၊ မရောခြင်းကပင် ကျေးဇူးပြုခြင်းတည်း

ဝိပွယုတ္တဟူသည် အတူတကွဖြစ်ကြ၊ တွေ့ဆုံမိကြလျက်လည်း အချင်းချင်း မနှီးမနှောမရောပွမ်းခြင်း၊ မယှဉ်တွဲခြင်း၊ သမနေသည် မဟုတ်ခြင်းဟူ၍ အဓိပ္ပာယ်ရှိသည်။ ဤသို့ အတူတကွကား ဖြစ်ကြ၏။ သို့သော် တရားတစ်ခုနှင့်တစ်ခု သမနေအောင် (တစ်သားတည်းဖြစ်နေအောင်) မရောနှောဘဲ သူ့သဘောသူဆောင်သော အနေဖြင့်သာ (ဆက်ဆံကြလျက်) ကျေးဇူးပြုတတ်သောပစ္စည်းသည် ဝိပွယုတ္တပစ္စည်းမည်၏။

သမ္ပယုတ္တပစ္စည်းသည် ရောစပ်ပေါင်းကာ ကျေးဇူးပြုသည့်ပစ္စည်းဖြစ်ပြီး၊ ဝိပွယုတ္တမှာမူ မပေါင်း၊ မရောဘဲ ကျေးဇူးပြုသည့်ပစ္စည်း ဖြစ်ပေသည်။ ပစ္စယနိဒ္ဒေသ၌ "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပွယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပွယုတ္တပစ္စယေန ပစ္စယော"ဟု လာရှိပါသည်။

ထို့ကြောင့် ဝိပွယုတ္တပစ္စယောတိ၊ ဝိပွယုတ္တပစ္စည်းဟူသည်ကား "ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝတ္ထုရုပ် ခြောက်ပါးတို့သည်။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နောက်နောက်၌ဖြစ်သော အရူပဝိပါက် (၄) ခုကြဉ်သော စိတ် (၈၅) ပါး, ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ဝိပွယုတ္တပစ္စယေန၊ မယှဉ်ခြင်း ဝိပွယုတ္တပစ္စယ သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

နာမ်တရားနှင့် ရုပ်တရားတို့သည် သဘောလက္ခဏာချင်း မတူညီသောကြောင့် တစ်သားတည်းပေါင်းစပ်၍ မရခြင်းကပင် ဝိပွယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရူပနှင့် နာမဟူသော ဤရုပ်နာမ်သဘောတရားတို့သည် ပဉ္စဝေါကာရဘုံ၌ မပေါင်းစပ်ဘဲ အပြန်အလှန်ကျေးဇူးပြုပြီး တည်နေခြင်းကပင် ဝိပွယုတ္တ Dissociation ဖြစ်နေပါသည်။

သမ္မယုတ္တအဖြစ် တပေါင်းတည်းမဖြစ်

ထို့ကြောင့် အဋ္ဌကထာဆရာများက ဝိပွယုတ္တ၏ ကျေးဇူးပြုပုံကို ချို့၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် အရသာ ၆ ပါးတို့ ရောနှောထားပါသော်လည်း သမ္မယုတ္တအဖြစ် တစ်ပေါင်းတည်း မဖြစ်သည်ကို ပမာပြတော်မူကြပါသည်။

ချို့၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် ဟူသော အရသာတို့ဖြင့် စားဖွယ်စုံချက်ထားသည့် ဟင်းကို မျက်စိဖြင့်ကြည့်လျှင် တစ်စုတပေါင်းတည်းပင်ဖြစ်သော်လည်း ဟင်း၏ စပ်သည့် အရသာက သီးခြားစပ်လျက်ရှိနေသည်။ ချဉ်သည့်အရသာက သီးခြားချဉ်လျက် ရှိနေသည်။ ငန်သည့် အရသာကလည်း သီးခြားငန်လျက်ပင် ရှိနေသကဲ့သို့ပင် ဝိပွယုတ္တပစ္စည်းသည်လည်း အချင်းချင်း တပေါင်းတည်း သမသွားအောင် ရောစပ်၍မရသည့် အကြောင်းတရားဖြစ်သည့် ရုပ်နှင့်အကျိုးတရားဖြစ်သည့် နာမ်ဝိပွယုတ္တသတ္တိဖြင့် ကျေးဇူးပြုနေပါသည်။ တစ်ဖန် အကြောင်းတရားဖြစ်သည့် နာမ်နှင့် အကျိုးတရားဖြစ်သည့် ရုပ်တို့က ဝိပွယုတ္တသတ္တိဖြင့် ကျေးဇူးပြုနေပါသည်။ ယခုကဲ့သို့ မပေါင်း၊ မစပ်၊ မရောယှက်ခြင်းကိုပင် ဝိပွယုတ္တ Dissociation သတ္တိဖြင့် ကျေးဇူးပြုခြင်းမည်ပါသည်။

တရားအားထုတ်စေခြင်း

ခန္ဓာ (၅) ပါးရှိသည့် ပဉ္စဝေါကာရဘုံ၌ ရုပ်သဘာဝလည်း ရှိသည်။ နာမ်သဘာဝလည်းရှိသည်။ ဝိပဿနာတရား အားထုတ်သောအခါ၌ အလွန်ထင်ရှားပါသည်။ ဆိုလိုသည်မှာ ရံခါ၌လည်း ရုပ်သဘာဝ ထင်ရှားသည်။ ရံခါ၌လည်း နာမ်သဘာကဝ ထင်ရှားသည်။ သတိပဋ္ဌာန်တရားကို ဆရာ့ထံပါးမှ စနစ်တကျနည်းခံယူထားရန် အရေးကြီးပါသည်။

အသက်ရှူသွင်းတိုင်း၊ ရှူထုတ်တိုင်း ထွက်လေနှင့် ဝင်လေသည် နှာသီးဖျားသို့မဟုတ် နှုတ်ခမ်းဖျားတစ်နေရာ၌ ထိ၍ထိ၍ သွားနေသည်။ ဤနေရာတွင် ထိနေသည့် သဘောက ရုပ်တရား။ သိနေသည့်သဘောက နာမ်တရားဖြစ်သည်။

အချို့က စူးစိုက်မှု အားများနေလျှင် ထိုနေသည်ကို မသိဘဲဖြစ်နေတတ်သည်။ ဦးစွာ ကိုယ်ရောစိတ်ပါလျှော့ Body and mind relax ဖြစ်နေပါစေ။ ဤမျှဖြင့်လည်း မထင်ရှားသေးပါက သုံးလေးကြိမ်ခန့် အသက်ကို ပုံမှန်ထက် အနည်းငယ်ပြင်းပြင်းရှူပြီး ထွက်လေထွက်တိုင်း၊ ဝင်လေဝင်တိုင်း ထိထိနေသည့်နေရာကို မှတ်သားလာမိလာပါလိမ့်မည်။

ဤသို့ ထွက်လေထွက်တိုင်း ထိနေသည်။ ဝင်လေဝင်တိုင်း ထိနေသည်ကို သတိအား၊ ဝီရိယအား၊ ဉာဏ်အားစိုက်၍ သိနိုင်ရန်ကြိုးစားရမည်။ တစ်စုံတစ်ခုခု ဖြစ်လာရန် မလုပ်ဘဲ၊ ခန္ဓာ၌ဖြစ်နေသည်ကို သိသိနေရမည်။ ရံခါ ရှူကွက်ပျောက်သည်အထိ အတွေးများပြီး စိတ်ထဲမွန်းကြပ်လာပါက မျက်စိကိုဖွင့်ထားပါ။ ယောဂီတစ်ခုခုကို မဲတင်းပြီး 'မဖြစ်သေးသည်ကို ဖြစ်ပေါ်လာရန် လုပ်မိနေပြီလား'ဟု မိမိကိုယ်ကို ဆန်းစစ်ကြည့်သင့်ပါသည်။

ရံခါ၌မူ သတိအား၊ ဝီရိယအား၊ ဉာဏ်အားလျော့ပြီး ပျင်းရိစိတ်ဝင်လာကာ ရှူစရာအာရုံ ရှာမတွေ့ဘဲလည်း ဖြစ်တတ်ပါသေးသည်။ တရားအားမထုတ်ခင် ဝိပဿနာဆိုင်ရာ လုံလောက်သည့် ဗဟုသုတရှိထားလျှင်လည်း ကောင်းပါသည်။ သို့မဟုတ်ပါက နားလည်ကျွမ်းကျင်ပြီး မိမိအပေါ် မေတ္တာ၊ ကရုဏာထား၍ သင်ကြားပေးနိုင်မည့် ဆရာတစ်ပါးပါး၏အနား၌ နည်းခံယူခွင့်ရရှိနေလျှင်လည်း ကောင်းမွန်ပါသည်။

အလေ့အလာကောင်းလာသောယောဂီသည် မိမိ၏တစ်နေ့တာဘဝ၌ အချိန်ပေးပြီး အားထုတ်သင့်ပါသည်။ မြင်ရာ၊ ကြားရာ၊ နံရာ။ အရသာသိရာ၊ ထိတွေ့ရာ၊ တွေးကြံရာ၌လည်း သိနိုင်အောင် ကြိုးစားရမည်။

ထိ ထိနေသည် သိ သိနေရမည်

ဆက်လက်ပြီး ပထဝီ၏မာသည့်၊ ပျော့သည့်သဘော၊ တေဇော၏ ပူသည့်၊ အေးသည့်သဘော၊ ဝါယော၏တွန်းကန်၊ လှုပ်ရှားသည့်သဘော၊ အာပေါ၏ ယိုစီးဖွဲ့စည်းသည့်သဘောတို့ကိုလည်း သိနိုင်အောင်ကြိုးစားရမည်။ သဘောမည်သည် ပရမတ်ဖောဋ္ဌဗ္ဗရုပ်တရားကို ဆိုလိုခြင်းဖြစ်သည်။ ထိထိနေသည်ကို 'သိ သိ'နေသည့် သဘောကလည်း ပရမတ်နာမ်တရားဖြစ်ပါသည်။

ကြိုးစားအားထုတ်နေသည့် ယောဂီတစ်ဦးအနေဖြင့် မိမိအားထုတ်နေသည့် ဖြစ်စဉ်၌ ဤကား ပရမတ်တရားဟု သိချင်မှလည်းသိမည်။ ယောဂီက အားထုတ်ရန်တာဝန်ရှိသည်။ ဆရာက လမ်းမှန်ကို သွန်သင်ဆုံးမပေးရန် တာဝန်ရှိသည်။ နည်းစနစ်မှန်ကန်စွာ ကြိုးစားအားထုတ်နေသော ယောဂီအနေဖြင့် တစ်နေ့နေ့၌ ထိုထိုအာရုံ၏ ပေါ်ပြီးပျောက်၊

ဖြစ်ပေါ်လာပြီး ချုပ်နေသည့်သဘောကို သဘောပေါက်လာနိုင်မည်ဖြစ်ပါသည်။ ဤလမ်းသည် အဂ်ါရှစ်ပါးရှိသော မဂ္ဂင်လမ်းဖြစ်သည်။ မဂ္ဂင်လမ်း၏ အဆုံးသည် နိဗ္ဗာန်ပေတည်း။ ထို့ကြောင့် ဤနေရာ၌ အကြောင်းဆုံလာသဖြင့် နိဗ္ဗာနဓာတ် အကြောင်းကို ဖော်ပြပါမည်။

နိဗ္ဗာန်ဟူသည် အငြိမ်းဓာတ်

နိဗ္ဗာန်ဟူသည် ကိလေသာတို့၏ ငြိမ်းအေးခြင်းသဘော၊ ရုပ်၊ နာမ်၊ သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသဘောဖြစ်သည်။ ထို့ကြောင့် 'သန္တိလက္ခဏံ နိရောဓသစ္စံ နိဗ္ဗာနံ' (နိဗ္ဗာန်ဟု သိရကြောင်း အမှတ်အသားမှာ ငြိမ်းခြင်းသဘောသာ)ဟု ဖွင့်ဆိုတော်မူကြသည်။[၁]

လောကဥ္စ ရောဂါဖြစ်နေသူသည် ဆေးဆရာကောင်း၊ ဆေးဝါးဓာတ်စာကောင်းဖြင့် ကုသရာတွင် ရောဂါပျောက်ငြိမ်းသွားသည်။ ရောဂါပျောက်ငြိမ်းသည့်သဘောကို မည်သို့မည်ပုံရှိသည်ဟု အထည်ကိုယ်ပုံသဏ္ဌာန်ဖြင့် မပြနိုင်သော်လည်း သဘာဝအားဖြင့် ရှိနေသောဓာတ်များ ဖြစ်သည်။

ထို့အတူ ရုပ်၊ နာမ်၊ သင်္ခါရတို့၏ မဖြစ်သောအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အငြိမ်းဓာတ်မှာ ထင်ရှားပါသော်လည်း ငြိမ်းအေးခြင်းတို့၏ သဘာဝအတိုင်း အထည်ပုံဟန်သဏ္ဌာန် နိမိတ်အားဖြင့် ဘယ်သို့ဘယ်ပုံဟု ပြရန်မဖြစ်နိုင်ပါ။

ထို့ကြောင့် နိဗ္ဗာန်ကို ကိုယ်တွေ့ရှိတော်မူကြသည့် အရိယာတို့မှာ သင်္ခါရတို့ကဲ့သို့ နိမိတ်ပုံဟန်ကို မသိမမြင်ရဘဲ သင်္ခါရတို့၏ မရှိခြင်း၊ ကင်းခြင်း၊ ပျောက်ငြိမ်းနေခြင်းကိုသာ သိလျက်ရှိနေသည်။ ထို့ကြောင့် 'အနိမိတ္တပစ္စုပဋ္ဌာနံ' (နိမိတ်ပုံဟန် မရှိသောတရားဟု ယောဂီဉာဏ်တွင် ထင်မြင်ခြင်းရှိ၏)ဟု ဆိုခြင်းဖြစ်သည်။[၂]

ဆက်လက်ပြီး ကိလေသာသင်္ခါရတို့၏ ချုပ်ငြိမ်းခြင်း၊ ကင်းပျောက်ခြင်း သဘောဖြစ်၍ နိဗ္ဗာန်ကိုဟောရာ၌ တဏှာ၏ ချုပ်ငြိမ်းရာ၊ ကင်းပျောက်ရာ ဟူ၍လည်းကောင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့၏ ကုန်ရာဟူ၍လည်းကောင်း ဘုရားရှင် ဟောတော်မူခဲ့ပါသည်။

ပုဂ္ဂိုလ်အားလျော်စွာ အချို့နေရာ၌ သင်္ခါရတို့၏ ချုပ်ငြိမ်းရာဟူ၍လည်းကောင်း၊ ပထဝီစသော မဟာဘုတ်၊ အာကာသာနဉ္စာယတန စသော အရူပနာမ်များမရှိရာဟူ၍ လည်းကောင်း၊ ဤဘဝ၊ နောက်ဘဝ၊ နေ၊ လ စသည်တို့ မရှိရာဟူ၍ လည်းကောင်း၊ ဟောတော်မူပါသည်။

၁။ သစ္စပကိဏ္ဏကဝဏ္ဏနာ၊ ဉာဏကထာ မာတိကာဝဏ္ဏနာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ- ၁၈၃)

၂။ သုတ္တန္တဘာဇနီယဝဏ္ဏနာ၊ သစ္စဝိဘင်္၊ ဝိဘင်္အဋ္ဌကထာ (နှာ- ၈၀)

တစ်ဖန် နိဗ္ဗာန်၌ တဏှာရာဂ စသည့် ကိလေသာတို့ လုံးဝမရှိသဖြင့် နိဗ္ဗာန်ကို ကိလေသာက အာရုံပြုနိုင်ခွင့် မရှိပါ။ ထို့ကြောင့် 'တဏှာကွယ်' (တဏှာကုန်ရာ နိဗ္ဗာန်) ဟု လာရှိပါသည်။ ဤတွင် တဏှာရာဂသာမက အခြားကိလေသာအားလုံး ကုန်သည်ဟု မှတ်သားရပါမည်။[၁]

ရောဂါဓမ္မာကင်းသည့် ဥပမာ

လောက၌ ပြင်းထန်သောရောဂါဝေဒနာကို သေလုမျောပါး ခံစားရပြီးနောက် ပျောက်ကင်းသွားသောအခါ ထိုပုဂ္ဂိုလ်မှာ ရောဂါ၏ အလွန်ဆိုးဝါးပုံ အဖုံဖုံကိုလည်းကောင်း၊ ရောဂါပျောက်ငြိမ်းမှု၏ အလွန်ထူးမြတ်သော သက်သာရာအဖြစ်ကိုလည်းကောင်း ကိုယ်တွေ့သိမြင်နိုင်သည်သာ။

ထို့အတူ သတိပဋ္ဌာန်တရားတော်ကို နည်းစနစ်မှန်ကန်စွာ အားထုတ်ထားသော ယောဂီသည်လည်း ထိုထိုကိလေသာတို့၏ ငြောင့်သဖွယ် ထိုးကျင်ကိုက်ခဲတတ်သည် ကိုလည်းကောင်း၊ ပူလောင်ပင်ပန်းစေသည်ကိုလည်းကောင်း၊ ခက်ထန်ကြမ်းတမ်း၍ လွန်စွာဆိုးဝါးပုံတို့ကိုလည်းကောင်း ကွက်ကွက်ကွင်းကွင်း၊ သေသေချာချာ သိလာရသဖြင့် ကိလေသာတို့၏ အကျိုးမဲ့ပုံ၊ ဂုဏ်ကျေးဇူးမရှိပုံတို့မှာ ယောဂီ၏ဉာဏ်၌ အလွန်ထင်ရှား၍ နေပါတော့သည်။

သတိပဋ္ဌာန်ဘာဝနာ၏ အစွမ်းကြောင့် ထိုထိုကိလေသာတို့၏ ပူလောင်မှုအဖုံဖုံတို့ကို ခန္ဓာဉာဏ်တွေ့ ပိုင်ပိုင်သိလာနိုင်သောအခါ၌ ကိလေသာချုပ်ရာ၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်၏ဂုဏ်မှာ ယောဂီ၏ဉာဏ်၌ အလွန်ပင် ထင်ရှား၍လာတော့သည်။

ဤတွင် ဗုဒ္ဓစာပေဆိုင်ရာ သုတဉာဏ်အသင့်အတင့် ရှိသူအနေဖြင့် 'သခ်ါရာနံ ဥပ္ပါဒေါ၊ ခန္ဓာနံ အနုပ္ပါဒေါ နိဗ္ဗာနံ' (ဖြစ်သောတရားမျိုးကား သခ်ါရ၊ မဖြစ်သောတရားမျိုးကား နိဗ္ဗာန်တည်း)ဟု နားလည်သဘောပေါက်လာသည်။ တစ်နည်းအားဖြင့် 'အဖြစ်တရားမျိုးဖြစ်သော သခ်ါရတို့၌ အငြိမ်းဓာတ်ကို ရှာမတွေ့သကဲ့သို့ မဖြစ်တရားမျိုးဖြစ်သော နိဗ္ဗာနဓာတ်၌လည်း သခ်ါရတို့၏ အဖြစ်သဘောမျိုး လုံးဝ ရှာတွေ့လိမ့်မည်မဟုတ်'ဟူ၍ 'နိဗ္ဗာန်နှင့် သခ်ါရ'တရားတို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်သဘောကို ကျေနပ် နှစ်သက်နိုင်ကြပါသည်။

၁။ သပ္ပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယကို မှီငြမ်းပါသည်။

ဆက်လက်ပြီး သခ်ၢါရတရားတို့မည်သည် အဖြစ်တရားမျိုးဖြစ်သည်။ ထို့ကြောင့် ဖြစ်ပေါ်မှု 'ဥပါဒ်' ရှိသည်။ ဖြစ်တတ်သောကြောင့် ချုပ်မှု 'ဘင်'လည်းရှိသည်။ ဖြစ်ပေါ်လာပြီးလျှင် ချုပ်မြဲဖြစ်ရာ ၎င်းတရားသည် သေတတ်သော 'မတ'သဘောသာတည်း။

နိဗ္ဗာန်ဟူသည်ကား မဖြစ်တရားဖြစ်၍ 'ဥပါဒ်' မရှိပေ၊ ဥပါဒ်မရှိသောကြောင့် ချုပ်မှု 'ဘင်' လည်းမရှိပါ။ အမြဲတန်းမပျက်တော့ဘဲ တည်ရှိနေသော ထာဝရဓာတ် နိစ္စဓာတ်ဖြစ်၍ မသေတတ်သော 'အမတ' သဘောပေတည်း။[၁]

တစ်နည်းအားဖြင့် နိဗ္ဗာန်ရလျှင် မသေရတော့ပေ၊ သို့ဖြစ်လျှင် နိဗ္ဗာန်သည်ကား မသေခြင်း၏ အကြောင်းအရင်းခံဖြစ်သောကြောင့် ရွှေဥမင်ဆရာတော်ကြီးက 'သတိရှိကာသိနေတာ၊ သေရာလွတ်ဖို့ အကြောင်းတည်း။ သတိကင်းပ မေ့နေက၊ သေကြဖို့ရာအကြောင်းတည်း။ လုပ်ကိုင်ပြောကြား သတိထား၊ မေ့အားမကြီးနဲ့' ဟု ဆုံးမတော်မူခြင်းဖြစ်ပေလိမ့်မည်။

တစ်ဖန် 'အမတဟေတုတာယ ဘဂိၢဘာဝတော စ အမတံ' (မသေခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း 'ဘင်' မရှိသောကြောင့်လည်းကောင်း အမတမည်၏)ဟု နေတ္တိအဋ္ဌကထာ၌ လာရှိပါသည်။[၂]

မဂ္ဂဘာဝနာသာ အားထားရာ

အဂိၢရှစ်ပါးရှိသော မဂ္ဂဘာဝနာကို မပွားများသူ၏သန္တာန်၌ ကိလေသာတို့ကား ဖြစ်မြဲ ဖြစ်နေကြသည်။ ထိုထိုကိလေသာတို့ဖြစ်နေလျှင် ခန္ဓာတို့လည်း ဖြစ်မြဲဖြစ်နေမည်။ မဂ္ဂဘာဝနာကို ပွားများသူသည် မဂ်အခိုက်၌ အငြိမ်းဓာတ်ကို ဆိုက်တွေ့ရသည်။ ထိုအခိုက်၌ပင် ခန္ဓာချုပ်ငြိမ်းမှု၊ ခန္ဓာကိုဖြစ်စေတတ်သော အဘိသခ်ၢါရဝိညာဏ်တို့၏ ချုပ်ငြိမ်းမှုများလည်း တစ်ပြိုင်တည်း ပြီးစီးလေတော့သည်။

ထိုအငြိမ်းဓာတ်ကား ပျောက်သွားသည်ဟူ၍မရှိ၊ ထာဝစဉ်တည်ရှိသည်။ ထို့ကြောင့်ပင် ရဟန္တာများ၌ စုတိ၏အခြားမဲ့၌ ဝဋ်ဒုက္ခသခ်ၢါရတို့ လုံးဝချုပ်ငြိမ်းမှုကြီးကထင်ရှား၍နေပါတော့သည်။

ဤတွင် ရုပ်နာမ်သခ်ၢါရတို့၏ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဟုဆိုလျှင် ထို 'ချုပ်ငြိမ်းမှု'ကို ချမ်းသာဟု အဘယ်ကြောင့် ဖွင့်ဆိုကြသနည်းဟူသော မေးခွန်းလည်း သာသနာတော်၌ ပေါ်ပေါက်ခဲ့ဖူးပါသည်။

၁။ သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်ကို မှီငြမ်းပါသည်။

၂။ ဝေဝစနဟာရဝိဘင်ဝဏ္ဏနာ၊ နေတ္တိအဋ္ဌကထာ (နှာ-၁၁၉)

"ငါ့ရှင်တို့ ဤနိဗ္ဗာန်ကား ချမ်းသာပေတည်း"ဟု မိန့်တော်မူခဲ့သော အရှင်သာရိပုတ္တရာမထေရ်မြတ်အား အရှင်ဥဒါယီက"ခံစားဖွယ်မရှိသောနိဗ္ဗာန်မှာ အဘယ်သို့ ချမ်းသာ ဖြစ်ပါသနည်း"ဟု မေးလျှောက်သည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "ဤခံစားမှု ဝေဒယိတမရှိခြင်းသည်ပင် ချမ်းသာဖြစ်တော့သည်"ဟု ပြန်လည် ဖြေကြားတော်မူပါသည်။

ဧဝေဒယိတသုခနှင့် သန္တိသုခ

ကြောင့်ကြစိုက်ရသော၊ ဒုက္ခနှင့်ရောနေသော၊ အမြဲမတည် ပျက်စီးတတ်သော၊ ယိုယွင်းပျက်စီးသွားသောအခါ၌ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်စေတတ်သော ဤဝေဒယိတသုခ၌ သန္တိသုခကို အလိုရှိသော ပညာရှင်တို့အဖို့ စိတ်ပျက်ဖွယ်အတိသာ ဖြစ်နေပေတော့သည်။ ကြောက်မက်ဖွယ် ဒုက္ခအဖြစ်သာ ထင်နေပါတော့သည်။ ဘာဝနာအစွမ်းဖြင့် ငြိမ်းအေးမှု တိုး၍ရလာသောအခါ၌ ထိုဝေဒယိတသုခဟူသည် ဒုက္ခအဖြစ် ပို၍ ပို၍ ထင်ရှားလာပါတော့သည်။

သပြေကန်ဆရာတော်ကြီးက 'သုခမည်သည်မှာ နုတ်နိုင်၊ ပယ်နိုင်သမျှပို၍ရလာမြဲဖြစ်၏'ဟု မိန့်တော်မူသည်။ နုတ်နိုင်၊ ပယ်နိုင်ခြင်းဟူသည် ကာမချမ်းသာကိုပယ်လျှင် ပဌမစျာန်ချမ်းသာရမည်။ ထိုပဌမစျာန်ကား ကာမသုခထက် ပို၍ချမ်းသာသည်။ ဝိတက်၊ ဝိစာရကိုနုတ်သဖြင့် ရအပ်သော ဒုတိယစျာန်ချမ်းသာသည် ထို့ထက်ပိုလာသည်။ ပီတိ နုတ်၍ရသော တတိယစျာန်၊ သုခနုတ်၍ရသော စတုတ္ထစျာန်၊ ရုပ်ကိုနုတ်ပယ်၍ရသော အရူပစျာန်သုခတို့ကား အဆင့်ဆင့်ပို၍ ချမ်းသာသည်။

ထို့ထက် နာမ်တရားနှင့် ရုပ်တရားတချို့နုတ်၍ ချုပ်ငြိမ်းသော နိဗ္ဗာန်ချမ်းသာမှာမူ ချမ်းသာတကာတို့၏ အထွတ်အထိပ်သို့ ရောက်တော့သည်။ ပရမသုခဖြစ်သောကြောင့် နိဗ္ဗာန်ကို ကောင်းမြတ်သော တရားအဖြစ်သိရ၏။ ကောင်းသောမြတ်သောအရာဆိုလျှင် ၎င်း၌ အပြစ်ကင်းသည်။ ကိလေသာတို့ကား အပြစ်အလွန်များသည်။ ခန္ဓာတို့သည်လည်း ဒုက္ခဖြစ်၍ အပြစ်များသည်။ ထိုထိုအပြစ်တို့မှ ကင်းလွတ်သော နိဗ္ဗာန်သည်ကား အလွန်ဂုဏ်မြင့်၍ ကောင်းမြတ်ပေသည်။

၁။ သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်ကို မှီငြမ်းပါသည်။

လောကဌ် ကောင်းမြတ်သော ရတနာကို ကြည့်၍မဝ၊ ခန္ဓာကိုယ်ဌ် ဆင်၍အားမရ ဖြစ်ကြသကဲ့သို့ နိဗ္ဗာနဓာတ်ကို ရရှိထားသောပုဂ္ဂိုလ်တို့မှာလည်း ထိုနိဗ္ဗာန်ကို အာရုံယူနေခြင်းဌ် ရောင့်ရဲတင်းတိမ်ပြီး ငြီးငွေ့သည်ဟူ၍ မရှိကြတော့ပေ။[၁]

နိဗ္ဗာန်၏သဘော

"ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်ဌ်ပင် ဒုက္ခကိုလည်း ငါဘုရား ပညတ်တော်မူ၏။ ဒုက္ခဖြစ်ကြောင်း သမုဒယ၊ ဒုက္ခချုပ်ငြိမ်းရာ နိရောဓ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မဂ္ဂကိုလည်း ငါဘုရား ပညတ်တော်မူ၏"ဟု ဘုရားရှင်ဟောကြားတော်မူသည်။[၂]

ရောဟိတဿသုတ္တံအရ နိရောဓဟူသည် ဤခန္ဓာဌ်ပင်ရှိသည်၊ ဖြစ်သည် မဟုတ်လောဟု ဆိုရန်ရှိပြန်သည်။ နိဗ္ဗာန်ကို ဗဟိဒ္ဓဓမ္မအဖြစ် ဟောတော်မူသောကြောင့် ခန္ဓာကိုယ်ဌ်ကား ရှိနေ၊ ဖြစ်နေသော နာမ်ရုပ်တို့ကို ရှုမြင်နေသော ပုဂ္ဂိုလ်၏စိတ်သည် ထိုဖြစ်နေသော ရုပ်နာမ်တို့ကို မြင်နေရာမှ မဖြစ်သော၊ ချုပ်ငြိမ်းနေသော နိဗ္ဗာနဓာတ်သို့ ရောက်သွားခြင်းဖြစ်၍ ခန္ဓာကိုယ်မှာရှိနေသကဲ့သို့ တင်စား၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ထိုသို့ အဖြစ်တရားတို့ကိုမြင်နေရာမှ မဖြစ်တရား ချုပ်ငြိမ်းခြင်းဓာတ်သို့ ရောက်သွားသောကြောင့်ပင် နိဗ္ဗာန်သည် အနီးအနားမှာရှိနေလျက် မမြင်နိုင်ကြသည့်အကြောင်းကို 'သန္တိကေ နော ဝိဇာနန္တိ, မဂါ ဓမ္မသ အကောဝိဒါ'ဟု ဟောကြားတော်မူသည်။ သစ္စာတရားကို မသိမလိမ္မာကုန်သော သားသမင်အသွင် ပုထုဇဉ်တို့သည် အနီး၌ တည်ရှိနေသောနိဗ္ဗာန်ကို မသိနိုင်ကြကုန်။[၂]

ဤတွင် နိဗ္ဗာန်သည် ဗဟိဒ္ဓဖြစ်၍ ပုဂ္ဂိုလ်မှအလွတ်ဟု ဆိုရသော်လည်း ပုဂ္ဂိုလ်၏ကိလေသာ ရုပ်နာမ်တို့ အနုပ္ပါဒနိရောဓဖြင့် ချုပ်ငြိမ်းခြင်းသဘော၊ ပုဂ္ဂိုလ်၏မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ရသောသဘောဖြစ်၍ ပုဂ္ဂိုလ်နှင့်ကား ကင်း၍ မဖြစ်ပေ။

ထိုသို့သောအကြောင်းကြောင့် သာမန်လူတို့အနေဖြင့် နိဗ္ဗာန်ကို မြင်ရန် ခက်ခဲလှပါသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မှတစ်ပါး အခြားသောလောကီဉာဏ်တို့ဖြင့် မသိနိုင်လောက်အောင် ခက်ခဲနက်နဲလှပေသည်။

၁။ ရောဟိတဿသုတ္တံ၊ သဂါထာဝဂ္ဂသံယုတ် (နှာ-၆၁)

၂။ ဒွယတာနုပဿနာသုတ္တံ၊ သုတ္တနိပါတပါဠိ (နှာ-၃၉၇)

နိဗ္ဗာန်မည်သည် ဖောက်ပြန်တတ်သော ရုပ်၊ နာမ်သဘောမှ လွတ်လျက်ရှိသောကြောင့် အလွန်သိမ်မွေ့ပြီး အလွန်ငြိမ်သက်ပါသည်။ ဤမျှထူးခြား ကောင်းမွန်သော တရားမြတ်တော်ဖြစ်သည့် နိဗ္ဗာနဓာတ်ကို သာသနာတော်တွင်း၌သာ ရယူနိုင်ခွင့် ရှိပါသည်။ အကြောင်းမှာ အင်္ဂါရှစ်ပါးရှိသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းမှန်ဟူသည် သဗ္ဗညုတဘုရားရှင် ပွင့်ထွန်းတော်မူမှသာ လောကသားတို့ ကြားနာကျင့်ကြံခွင့် ရသောကြောင့်တည်း။[၁]

ဝိပ္ပယုတ္တပစ္စယဆုတောင်း

"ခြို့၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန်ဟူသော ခြောက်ထွေရသာ
ပေါင်း၍ထားသော်လည်း မယှဉ်တွဲ မရောနှောသကဲ့သို့
ကောင်းသောရုပ်တရားက ကောင်းသောနာမ်တရားအားလည်းကောင်း၊
ကောင်းသောနာမ်တရားက ကောင်းသောရုပ်တရားအားလည်းကောင်း
မယှဉ်တွဲသော်လည်း အပြန်အလှန် ကျေးဇူးပြုပြီး
လူသားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေသား"

၁။ သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်ကို မှီငြမ်းပါသည်။

ဝိပဿနာတရားသမားတော်ဖွယ်

ဝိပဿနာတရား ကျေးဇူးပြုပုံမှာ

ဝိပဿနာတရားသည် ရုပ်တရားက နာမ်တရား (Matter to Mind) ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရား (Mind to Matter)ကိုလည်းကောင်း ကျေးဇူးပြုသောတရား ဖြစ်သည်။

တရားယဉ်ကျေးမှုနှင့် တရားမယဉ်ကျေးမှုအကျိုးတရား

၁။ **သဟဇာတဝိပဿနာ**

နာမ်တရားက ရုပ်တရားကို (Mind to Matter)ကို ကျေးဇူးပြုရာတွင် -

ယဉ်ကျေးမှုအကျိုးတရားမှာ - ပဋိသန္ဓေဖြစ်သောအခါ အရူပဝိပါက် (၄) ပါး၊ ဒွေပဋိသန္ဓေ (၁၀) ပါး၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သောစိတ် (၇၅) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။

ယဉ်ကျေးမှုမဟုတ်သောအကျိုးတရားမှာ - စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်သည်။

၂။ **ပုရေဇာတဝိပဿနာ**

ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုရာတွင် -

ယဉ်ကျေးမှုအကျိုးတရားမှာ - ဝတ္ထုရုပ် (၆)ပါးဖြစ်သည်။

ယဉ်ကျေးမှုမဟုတ်သောအကျိုးတရားမှာ - အရူပဝိပါက်လေးခုကြဉ်သောစိတ် (၈၅)ပါးနှင့် စေတသိက် (၅၂)ပါးတို့ဖြစ်သည်။

၃။ **ပစ္ဆာဇာတဝိပဿနာ**

ယဉ်ကျေးမှုအကျိုးတရားမှာ - ပဋိသန္ဓေဖြစ်သောအခါ အရူပဝိပါက် (၄)ပါးကြဉ်သောစိတ် (၈၅)ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။

ယဉ်ကျေးမှုမဟုတ်သောအကျိုးတရားမှာ - ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇ ကာယတို့ဖြစ်သည်။

၂၁။ အတ္ထိပစ္စယော
ပစ္စုပ္ပန်သဘောဖြစ်ပြီး ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း
Atthi Paccaya (Presence condition)

ပစ္စယနိဒ္ဒေသ

အတ္ထိပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနော ဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ ပစ္စယေန ပစ္စယော။

Presence Condition (Atthi Paccaya)

The four immaterial aggregates are mutually related to one another by presence condition.

The four great essentials are mutually related to one another by presence condition.

At the moment of conception, mind and matter are mutually related to each other by presence condition.

The phenomena consciousness and its mental factors are related to mind-born matter by presence condition.

The great essentials are related to derived matter by presence condition.

Eye-base is related to eye-consciousness-element and its associated phenomena by presence condition.

Ear-base is related to ear-consciousness-element and its associated phenomena by presence condition.

Nose-base is related to nose-consciousness-element and its associated phenomena by presence condition.

Tongue-base is related to tongue-consciousness-element and its associated phenomena by presence condition.

Body-base is related to body-consciousness-element and its associated phenomena by presence condition.

Visible object-base is related to eye-consciousness-element and its associated phenomena by presence condition.

Sound-base is related to ear-consciousness-element and its associated phenomena by presence condition.

Smell-base is related to nose-consciousness-element and its associated phenomena by presence condition.

Taste-base is related to tongue-consciousness-element and its associated phenomena by presence condition.

Tangible object-base is related to body-consciousness-element and its associated phenomena by presence condition.

Visible object, sound, smell, taste and tangible object are related to mind-element and its associated phenomena by presence condition.

Depending on this [heart-base]matter, mind-element and mind-consciousness-element arise. That matter is related to mind-element, mind-consciousness-lement and their associated phenomena by presence condition.

အတ္ထိပစ္စည်း၏ ဥပမာနှင့် ဥပစေယျ

'မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရွှင်၊ မြက်သစ်ပင်အား၊ ထောက်ပံ့လားသို့' ဟု ရှေးဆရာတော်ကြီးများ ဖွင့်ဆိုတော်မူကြသည်နှင့်အညီ မြင့်မားသောတောင်ကြီးသည် ၎င်းအပေါ်၌ ပေါက်ရောက်နေသော မြက်သစ်ပင်တို့အား ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ သဟဇာတတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ တို့သည်လည်း ယှဉ်ဖော်ယှဉ်ဖက် ရုပ်နာမ်တရားတို့အား ပစ္စုပ္ပန် ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုကြသည်။[၁]

တစ်နည်းအားဖြင့် အတ္ထိပစ္စည်းသည် ပစ္စုပ္ပန်အနေအားဖြင့် မိမိထင်ရှားရှိခိုက် မိမိကဲ့သို့ ထင်ရှားရှိနေသည့်တရားအား ထောက်ပံ့သမှု ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။ ဥပမာအားဖြင့် မြေကြီး၊ မြင်းမိုရ်တောင်၊ ဟိမဝန္တာတောင်တို့သည် မိမိတို့ ထင်ရှားရှိခိုက် မိမိအပေါ် ပေါက်ရောက်နေကြသည့် ထိုထိုသစ်ပင် စသည်တို့အား သြဇာထက်မြက်စေရန်လည်းကောင်း၊ စိမ်းလန်းစိုပြည် ရှင်သန်စေရန်လည်းကောင်း ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုကြပါသည်။

Atthi Paccaya

Number twenty-one is Atthi Paccaya. "Atthi" means existing. It is compared to the earth or Mount Meru, the same. When the earth is existing, we survive on the earth. The trees also survive on the earth. Mount Meru is the same or we can just say it is a big mountain. A big Mountain serves as a support. Also, when it is existing, it helps beings, trees, and others to exist. Atthi condition is presence. The conditioning states of Atthi condition must be present along with those that are conditioned. Sometimes it is affiliated with Sahajata. Sometimes it is affiliated with Purejata. Sometimes it is affiliated with Pacchajata. Sometimes it is affiliated with Ähara and so on.[၂]

အပြန်ပြန်အလှန်လှန် ကျေးဇူးပြုသည်

နာမ်ခန္ဓာ လေးပါးရှိပါသည်။ ၎င်းတို့မှာ ၁- ဝေဒနာက္ခန္ဓာ၊ ၂- သညာက္ခန္ဓာ၊ ၃- သင်္ခါရက္ခန္ဓာနှင့် ၄- ဝိညာဏက္ခန္ဓာတို့ ဖြစ်ပါသည်။ နာမ်ခန္ဓာသုံးပါးက တစ်ပါးကို၊ နာမ်ခန္ဓာနှစ်ပါးက နှစ်ပါးကို၊ နာမ်ခန္ဓာတစ်ပါးက သုံးပါးကို ကျေးဇူးပြုခြင်းဖြစ်သည်။ အတူတကွ ဖြစ်နေသည့်အခိုက်၌ အတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်။

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမှု။

၂။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၃။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

“တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော” သုံးပါးသော နာမ်ခန္ဓာက တစ်ပါးသော နာမ်ခန္ဓာကို ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။ ပမာအားဖြင့် ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာက သင်္ခါရက္ခန္ဓာကို ခဏမခြား ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။

“ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော” တစ်ဖန် နှစ်ပါးသောနာမ်ခန္ဓာက ကျန်နှစ်ပါးသော နာမ်ခန္ဓာအား ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။ ပမာအားဖြင့် ဝေဒနက္ခန္ဓာနှင့် သညာက္ခန္ဓာတို့က ဝိညာဏက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကို ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။

ဥပမာ လောဘစိတ်ဖြစ်လာလျှင် လောဘတစ်လုံးတည်း ဖြစ်သည်ဟု ထင်မှတ်တတ်ကြသည်။ ထို့ကြောင့် ‘ငါလောဘကြီးနေပါပကော’ဟု ပြောတတ်ကြသည်။ အမှန်မှာမူ သူနှင့်ဆိုင်ရာ စိတ်စေတသိက်များစွာက အတူတကွ ဖြစ်ကြပါသည်။ လောဘမူစိတ် (၈)ပါး ရှိပါသည်။ ထိုထိုစိတ်တို့ဖြစ်တိုင်း စေတသိက် (၁၈)ပါးမှ (၂၁)ပါးအထိ ဖြစ်ခွင့်ရှိ၏။ မောဟမူစိတ် (၂)ပါး ရှိပါသည်။ ထိုထိုစိတ်ဖြစ်တိုင်း စေတသိက် (၁၅)ပါးအထိ ဖြစ်ခွင့်ရှိပါသည်။

ထိုလောဘမူစိတ် (၈)ပါး၊ မောဟမူစိတ် (၂)ပါးနှင့် ဆိုင်ရာဆိုင်ရာ စေတသိက်တို့သည် အပြန်ပြန် အလှန်လှန် အတ္ထိသတ္တိဖြင့် ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

စန္ဓာ (၅) ပါးကို ဥပမာပြစေတော်မူခြင်း

ဘုရားရှင်သည် ဂင်္ဂါမြစ်ကမ်းနံဘေး အယုဇ္ဈာပုရမြို့အနီး တောရကျောင်း၌ သီတင်းသုံးနေတော်မူစဉ်က ရေမြှုပ်စိုင်နှင့်တူသော ဖေဏပိဏ္ဍူပမသုတ်ကို ဟောတော်မူပါသည်။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။[၁]

ဂင်္ဂါမြစ်ထဲ၌ မျောပါလာသော ရေမြှုပ်ဆိုင်ကြီးနှင့် ရူပက္ခန္ဓာကိုလည်းကောင်း၊ မိုးရွာသွန်းစဉ် ဖြစ်ပေါ်လာသော ရေပွက်နှင့် ဝေဒနာက္ခန္ဓာကိုလည်းကောင်း၊ နွေဥတု၏ နောက်ဆုံးလနေ့ပိုင်း၌ တွေ့မြင်ရတတ်သော တံလှပ်နှင့် သညာက္ခန္ဓာကိုလည်းကောင်း၊ အနှစ်ကို ရှာ၍မရသော ငှက်ပျောတုံးနှင့် သင်္ခါရက္ခန္ဓာကိုလည်းကောင်း၊ မျက်လှည့်ပညာနှင့် ဝိညာ-ဏက္ခန္ဓာကိုလည်းကောင်း ပမာပြု၍ ဟောတော်မူခြင်းဖြစ်သည်။

၁။ ဖေဏပိဏ္ဍူပမံသုတ္တ၊ ပုပ္ဖဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ (နှာ -၁၁၆)

တစ်နည်းအားဖြင့် 'ရုပ်ကို ရေမြုပ်စိုင်နှင့်တူတယ်' ဟူ၍လည်းကောင်း၊ 'ခံစားမှု ဝေဒနာကို ရေပွက်နှင့်တူတယ်' ဟူ၍လည်းကောင်း၊ 'မှတ်သားမှုသညာကို တံလျှပ်နှင့် တူတယ်' ဟူ၍လည်းကောင်း၊ 'ပြုပြင်မှုသင်္ခါရတို့ကို ငှက်ပျောတုံးနှင့် တူတယ်' ဟူ၍လည်း ကောင်း၊ 'သိမှု ဝိညာဏ်ကို မျက်လှည့်နှင့်တူတယ်' ဟူ၍လည်းကောင်း ဘုရားရှင်ဟော တော်မူခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ခန္ဓာ (၅) ပါးကို စူးစူးစိုက်စိုက် ဆင်ခြင်သောအခါ၌ တည်တံ့ခိုင်ခံ့သည် ဟူသော နိစ္စကိုလည်းကောင်း၊ ချမ်းသာကောင်းစားသည်ဟူသော သုခကိုလည်းကောင်း၊ မိမိအလိုအတိုင်းပြီးသည်ဟူသော အတ္တကိုလည်းကောင်း၊ တင့်တယ်သည်ဟူသော သုဘကိုလည်းကောင်း ရှာမတွေ့နိုင်ပါ။ တစ်နည်းအားဖြင့် နိစ္စ၊ သုခ၊ အတ္တ၊ သုဘတို့မှ ဆန့်ကျင်ပြီး ဝေးကွာလွန်းပါသည်။

ခန္ဓာ (၅) ပါး၏ သဘောသဘာဝအမှန်တရားမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတို့ ဖြစ်သည်။ ဤသဘောသဘာဝ အမှန်တရားကို ထွင်းဖောက်နားလည်သော သုတဝန္တ အရိယာသာဝကတို့ကသာ နိဗ္ဗိန္ဒဉာဏ်၊ ဝိရာဂဉာဏ်နှင့် ဝိမုတ္တိဉာဏ်တို့ အဆင့်ဆင့် ပေါ်လာပြီး အရဟတ္တဖိုလ်ကို မျက်မှောက် ပြုတော်မူနိုင်ကြပါသည်။

ဆင်ခြင်လျှင် ကုသိုလ်တိုးသည်

ကမ္မဋ္ဌာန်းတရား အားထုတ်လာသောယောဂီ၏ ဉာဏ်အဆင့်၊ စျာန်အဆင့် မြင့်မားလာသည်နှင့်အမျှ ဘုရားရှင်ဟောကြားတော်မူသော တရားတော်၏ နက်နဲမှုကို ခန္ဓာနှင့် တိုက်ပြီး အနည်းငယ်မျှဖြစ်စေ သိရှိနားလည်နိုင်ကြသည်။

ပမာပြရသော် ရှစ်ပါးသီလကို ကာလရှည်ကြာ ဆောက်တည်ကြသည့် ယောဂီများက သူတို့၏သီလ ကာလရှည်ကြာသည့်တိုင် မကျိုးမပေါက် မပြောက်မကျားသည်ကို အောက်မေ့ဆင်ခြင်တိုင်း တသိမ့်သိမ့် ပီတိဖြစ်သည်ကို ကိုယ်တိုင် သိရှိခံစားလာကြသည်။

တစ်ဖန် ဝိပဿနာတရားကို စနစ်တကျအားထုတ်ထားသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဒေါသစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် စိတ်ရောကိုယ်ပါ ပူလောင်သည်ကို ကိုယ် တိုင် သိရှိခံစားလာကြသည်။

ထိုနည်းအတူ မေတ္တာကမ္မဋ္ဌာန်း ရှုပွားနေသော ယောဂီများကလည်း ကမ္မဋ္ဌာန်း၏ သတ္တိကြောင့် ကိုယ်ရောစိတ်ပါ ငြိမ်းအေးရုံမက ဝန်းကျင်တစ်ခွင်ရှိ သတ္တဝါအများလည်း မေတ္တာ၏ အအေးဓာတ်ကို ခံယူရရှိနိုင်ကြသည်ကို ကိုယ်တိုင် သိရှိခံစားလာကြသည်။ ဤနေရာ၌ အကြောင်းဆုံလာသဖြင့် မေတ္တာကမ္မဋ္ဌာန်းကို ဖော်ပြပါမည်။

ဧမတ္တာစာတ်၏အကျိုး

သာသနာပကာလ၌ မေတ္တာကမ္မဋ္ဌာန်းကို လက်ကိုင်ပြုပြီး ငြဟ္မာ့ပြည်အထိ တက်လှမ်းကြရသည်။ ယနေ့ သာသနာတွင်းကာလ၌မူ မေတ္တာတရားကို အခြေခံပြီး နိဗ္ဗာန်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။

မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းပွားလေ့ရှိသူကို လူ၊ နတ်အပေါင်း ချစ်ခင်ကြသည်။ ကြံတိုင်းအောင်၍ ဆောင်တိုင်းလည်း မြောက်ကြပါသည်။ မေတ္တာဘာဝနာ လက်ကိုင်ရှိသူကို ပတ်ဝန်းကျင်က ပီယချစ်ဆေးရှိသူ၊ အဆောင်လက်ဖွဲ့ ဆောင်ထားလေ့ရှိသူဟု ထင်တတ်ကြပါသည်။

တစ်ဖန် မေတ္တာကို မြင်ရ၊ မမြင်ရ သတ္တဝါအားလုံးက လိုလားနှစ်သက်ကြပါသည်။ အချို့ မိစ္ဆာနတ်ဘီလူး ပြိတ္တာတို့အား ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေသောအခါ၌ မျက်ထောင့်နီကြီးဖြင့် ကြည့်နေတတ်ကြပါသည်။ မေတ္တာပို့သောအခါ၌မူ သူတို့၏မျက်နှာ ရွှင်ပြုံးနေတတ်ကြပါသည်။ ထို့ကြောင့် မေတ္တာတရားက မနုဿ၊ အမနုဿဟူသော သတ္တဝါအားလုံးထံပါးမှ ချစ်ခြင်းကို ဆောင်ကြဉ်းပေးနိုင်သော ကမ္မဋ္ဌာန်းဖြစ်ပါသည်။

ရံခါ၌လည်း အထက်အထက် ဘုံဌာနမှပုဂ္ဂိုလ်များလည်း မေတ္တာခံယူနိုင်ရန် ရွှင်ပြုံးသောမျက်နှာဖြင့် ပေါ်လာတတ်ပါသည်။ မေတ္တာပို့ပေးရပါမည်။ ရံခါ၌လည်း ဘယ်သူဘယ်ဝါမှန်းမသိရသည့် ဒုက္ခိတသတ္တဝါများလည်း ညှိုးငယ်သောမျက်နှာဖြင့် မေတ္တာခံယူရန် ပေါ်လာတတ်ပါသည်။ မေတ္တာပို့ပေးရပါမည်။ သေပြီးသူဖြစ်သော်လည်း သူရောက်ရာဘုံဌာနမှ မေတ္တာခံယူရန်အတွက် သူအသက်ရှင်စဉ်က မျက်နှာဖြင့် ပေါ်လာတတ်ပါသည်။ မေတ္တာပို့ပေးရပါမည်။

မိမိ၏သန္တာန်၌ မေတ္တာအားကောင်းလာသည်နှင့်အမျှ မည်သည့်နေရာ ရောက်သည်ဖြစ်စေ၊ မည်သည့်ပတ်ဝန်းကျင်၌ နေထိုင်ရသည်ဖြစ်စေ၊ မည်သူတို့နှင့် ဆုံတွေ့ရသည်ဖြစ်စေ ဆွေမျိုးသားချင်းတို့၏အလယ်၌ ရောက်နေရသကဲ့သို့ စိတ်ထဲနွေးထွေးမှုကို ခံစားရတတ်ပါသည်။ စိတ်ထဲလုံခြုံမှုကို ခံစားရတတ်ပါသည်။

သာဓကအားဖြင့် သုဘူတိမထေရ်မြတ်က ဆွမ်းဒါယကာတို့အတွက် အကျိုးကျေးဇူးများစေရန် မေတ္တာစျာန် ဝင်စားတော်မူပြီးမှ ဆွမ်းခံယူတော်မူပါသည်။ သာမာဝတီမိဖုရား၏ မေတ္တာသတ္တိကြောင့် ဥတေနမင်းကြီးပစ်လိုက်သည့်မြားက သူ့ထံပါးသို့ မရောက်ခဲ့ပါ။ ဝိသာခမထေရ်မြတ်ကြီး၏ မေတ္တာဓာတ်ကြောင့် နတ်အများ ချစ်ခင် ညီညွတ်ခဲ့ကြသည့် သာဓကများရှိပါသည်။ မေတ္တာဓာတ်၏ တုန့်ပြန်မှုက ကြီးမြတ်လှပေသည်။

ဝိသာခမထေရ်၏ မေတ္တာဓာတ်ကြောင့် ပတ်ဝန်းကျင်မှနတ်များလည်း အေးချမ်းကြသည်

ဝိသာခမထေရ်လောင်းလျှာသည် ရဟန်းမဖြစ်ခင်က ပါဠလိပုတ်မြို့သား သူကြွယ်တစ်ဦးဖြစ်သည်။ သီဟိုဠ်ကျွန်း၌ သာသနာရောင်ဝါ ထွန်းလင်းတောက်ပနေသည့် သတင်းကို သူကြားရသဖြင့် စည်းစိမ်ဥစ္စာအစုစုကို သားမယားတို့အား အပ်နှင်းပါသည်။ ထို့နောက် ငွေအနည်းငယ်မျှကိုသာယူ၍ သင်္ဘောဖြင့် ခရီးထွက်ခွာလာခဲ့ရာ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်သို့ ရောက်ရှိလာပြီး ရှင်ရဟန်းအဖြစ်ကို တောင်းလေသည်။ ဝိသာခသူကြွယ်ကို ရှင်ရဟန်းပြုပေးရန် သိမ်သို့ခေါ်သွားသောအခါ သူ၏ ခါးပိုက်ကြားမှ ငွေထုတ်က မြေကြီးပေါ်သို့ ကျလာသည်။ ရဟန်းတို့က "ဤအရာကား အဘယ်နည်း"ဟု မေးတော်မူသောအခါ "အသပြာငွေထုပ်ပါဘုရား" ဟု လျှောက်သည်။ "ဥပါသကာ ရှင်ရဟန်းဖြစ်သောကာလမှစ၍ ငွေကို စီမံရန် မဖြစ်နိုင်ချေ။ ယခုကပင် ဤငွေကို စီမံပါလော့"ဟု မိန့်ကြားတော်မူရာ သူကြွယ်က "တပည့်တော်၏ ရှင်ရဟန်းပြုရာဌာနသို့ လာကြသောလူတို့သည် လက်ဗလာဖြင့် ပြန်မသွားကြရပါစေလင့်ဟုဆိုပြီး သိမ်တန်ဆောင်းဝင်းမြေပြင်၌ ငွေကို ဖြန့်ကြဲပြီး ရှင်ရဟန်းပြုလေသည်။

ဝိသာခရဟန်းသည် ငါးဝါရ၍ ဒွေမာတိကာတို့ကိုလည်း ကျေပွန်အောင် လေ့လာသည်။ ထို့နောက် ပဝါရဏာပြုပြီးသောအခါ၌ မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို တောင်းယူသည်။ ဝိသာခမထေရ်သည် တစ်ခုတစ်ခုသော ကျောင်း၌ လေးလစီ၊ လေးလစီ သီတင်းသုံးတော်မူသည်။ တစ်ခုသောလေးလကို စိတ္တလတောင် ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသည်။ လေးလပြည့်ပြီဖြစ်၍ "မိုးသောက်သောအခါ၌ ဤကျောင်းတိုက်မှ ထွက်ခွာတော့မည်"ဟု ကြံစည်ကာ လျောင်းစက်၍ နေတော်မူလေသည်။

ထိုအခါ စကြဲဦးသပြေပင်၌ အုပ်စိုးသော ရုက္ခစိုးနတ်က လေ့ကားပျဉ်ချပ်၌ ထိုင်လျက် သည်းထန်စွာ ငိုကြွေးနေပါတော့သည်။ မထေရ်က "ဤငိုနေသူကား အဘယ်သူနည်း"ဟု မေးတော်မူရာ "အကျွန်ုပ်သည် သပြေပင်စောင့်နတ်ပါ အရှင်ဘုရား"ဟု လျှောက်ပါသည်။ "အဘယ့်ကြောင့် ငိုနေရသနည်း"ဟု မေးတော်မူရာ "အရှင်ဘုရားတို့ ကြွသွားမည်ကို အကြောင်းပြု၍ ငိုပါသည်"ဟု လျှောက်ထားသည်။ "ဤအရပ်၌ ငါနေခြင်းကြောင့် သင်တို့အား အဘယ်သို့သော ဂုဏ်အကျိုးကျေးဇူး ရှိပါသနည်း"ဟု ထပ်၍ မေးတော်မူသောအခါ "အရှင်ဘုရားတို့ ဤအရပ်၌နေလျှင် နတ်တို့သည် အချင်းချင်း မေတ္တာကို ရကြပါသည်ဘုရား။ ယခု အရှင်ဘုရားတို့ ကြွသွားလျှင် ထိုနတ်တို့သည် ခိုက်ရန်ပြုကြပါတော့မည်။ ရုန့်ရင်းကြမ်းကြုတ်သော စကားကိုလည်း ပြောဆိုကြပါတော့မည်"ဟု

လျှောက်ထားသည်။ ဝိသာခမထေရ်သည် “ဤအရပ်၌ ငါနေလျှင် သင်တို့အား အကယ်၍ ချမ်းသာစွာ နေရခြင်းဖြစ်ပါမူ ကောင်းပါပြီ”ဟု ဆို၍ နောက်ထပ်လေးလပတ်လုံး ထိုအရပ်၌ သီတင်းသုံးနေတော်မူသည်။

တစ်ဖန် လေးလပြည့်သောအခါ ရှေးနည်းတူ ကျောင်းတိုက်မှ ကြွသွားရန် စိတ်ကူးကြံစည်ပြန်သည်။ နတ်သည်လည်း တစ်ဖန် ရှေးနည်းအတိုင်းပင် သည်းထန်စွာ ငိုကြွေးပြန်ပါသည်။ ဤနည်းဖြင့်လျှင် ဝိသာခမထေရ်သည် ထိုအရပ်၌ပင် သီတင်းသုံးတော်မူ၍ ထိုအရပ်၌ပင် ပရိနိဗ္ဗာန် စံတော်မူလေသည်။

မေတ္တာဖြင့် နေလေ့ရှိခြင်းကြောင့် ပတ်ဝန်းကျင်ရှိ မြင်ရ၊ မမြင်ရ သတ္တဝါအများအတွက်လည်း အကျိုးသက်ရောက်နိုင်သဖြင့် မေတ္တာကမ္မဋ္ဌာန်းကို ကိုယ်စောင့်တရား အဖြစ်ပွားများရန် ဘုရားရှင် တိုက်တွန်းတော်မူခြင်းဖြစ်သည်။[၁]

အတ္ထိပစ္စည်းနှင့် ယထာဘူတဉာဏ်

ရုပ်နာမ်တရားတို့ကို ပစ္စုပ္ပန်အနေအားဖြင့် တစ်ခုနှင့်တစ်ခု အတ္ထိပစ္စည်းဖြင့် ဖွဲ့စပ်၍ ကျေးဇူးပြုထားခြင်းကြောင့် အထူးထူးသော နိမိတ်သဏ္ဌာန် ဟန်ပန်ပုံပန်း အဆန်းတကြယ် ဖြစ်နေကြခြင်းဖြစ်သည်။ ‘ထိုထို အမျိုးမျိုးအထူးထူးသော နိမိတ်တို့သည် အတ္ထိပစ္စည်း၏ ကိစ္စပါတကား’ဟု နားလည်လာသူအဖို့ သုတမယအသိဖြင့်လည်း ထိုထိုနိမိတ်တို့ ကွယ်ပျောက်နိုင်မည် ဖြစ်ပါသည်။ ဤတွင် ပရမတ္ထဓမ္မကို မမြင်နိုင်ရန် ကွယ်ကာထားသည့် တရား (၄) ပါး ရှိပါသည်။ ၎င်းတို့မှာ -

၁။ နာမပညတ်ခေါ် အမည်ဖြင့် ဖုံးကာထားခြင်း၊

၂။ သန္တတိပညတ်ခေါ် အစဉ်အတန်းဖြင့် ဖုံးကာထားခြင်း၊

၃။ သမူဟပညတ်ခေါ် အပေါင်းအစုဖြင့် ဖုံးကာထားခြင်းနှင့်

၄။ သဏ္ဌာနပညတ်ခေါ် အသွင်သဏ္ဌာန်ဖြင့် အဆင့်ဆင့် ဖုံးကာခံထားရသောကြောင့် လောကသားတို့၏အသိဉာဏ်၌ ပရမတ္ထတရားကိုမြင်ရန် ခက်ခဲနေခြင်း ဖြစ်ပါသည်။

၁။ နာမပညတ်စေ၍ အမည်ဖြင့်ဖုံးကာထားခြင်း

လောက၌ ရှိကြသည့် အလုံးစုံသော အရာဝတ္ထုမှန်သမျှတို့သည် အမှန်တကယ် ပရမတ်ဖြစ်ကြသည်။ ထိုပရမတ်သဘောတို့ကို နာမည်ခေါ်ဝေါ်၍လည်း မဖြစ်၊ စကား

၁။ မေတ္တာဘာဝနာဝဏ္ဏနာ၊ ဗြဟ္မဝိဟာရနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၃၀၅)

ပြောဆို၍လည်း မဖြစ်သောကြောင့် 'ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မောင်ဖြူ၊ မောင်မဲ'စသည်ဖြင့် အမည်နာမ အသီးသီး သတ်မှတ်ထားကြရသည်။ ကာလကြာမြင့်လာသည့်အခါ သတ္တဝါတို့သည် မူလပရမတ်အပေါ် သို့ စိတ်မရောက်ကြတော့ဘဲ ပညတ်ထားသည့် အမည်နာမအပေါ်၌သာ စိတ်ရောက်သွားကြတော့သည်။

ထိုအခါ ကြာကြာစံလိုပါက ကြာဆံလျှူရမည်။ မပြောင်းမရွှေ့အနေမြဲရန် ပြောင်းဖူးစားရမည်။ သြဇာတိက္ကမကြီးရန် သြဇာပင်ကို စိုက်ရမည်။ အကြံအောင်မြင်နိုင်ရန် ကြံပင်ကို ဘုရားလျှူရမည်ဟူသော အယူအဆတို့က ပညတ်ဝေါဟာရ စကားလုံးပေါ်မူတည်ပြီး ပေါ်ပေါက်လာကြခြင်းဖြစ်သည်။ ဤနေရာ၌ အင်္ဂလိပ်စကားဖြင့် ကြံပင်ကို Sugar cane ဟု ပြောင်းလဲခေါ်လိုက်ပါက အကြံအောင်ရန် ကြံပင်ဘုရားလျှူရသည် ဟူသော အယူအဆသည် သတ်မှတ်ချက်မျှသာ ဖြစ်သွားပေတော့မည်။

ဤသို့ ဖောက်ဖောက်ပြန် ယူဆလာကြခြင်းမှာ မူလဘူတဖြစ်သည့် ခန္ဓာငါးပါး ပရမတ္ထသဘာဝပေါ်သို့ ဉာဏ်မသက်ဝင်နိုင်ခြင်းက အကြောင်းရင်းဖြစ်ပေသည်။

၂။ သန္ဓတိပညတ်စေ်ါ အစဉ်အတန်းဖြင့် ပုံးကာထားခြင်း

ပရမတ္ထသဘာဝ အစစ်အမှန်တရားသည် တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း မဟုတ်ဘဲ၊ အပြတ်၊ အပြတ်များသာ ဖြစ်ကြသည်။ သို့သော် တစ်ဆက် တစ်စပ်တည်းဟု ထင်ရလောက်အောင် ဖြစ်ပျက်မှုက မြန်ဆန်လွန်းလှပါသည်။

ဥပမာပြရသော် မှောင်မိုက်သည့် ညဉ့်အခါကာလတွင် ခပ်လှမ်းလှမ်းမှ လူတစ်ယောက်က မီးစတစ်ခုကိုကိုင်၍ စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်အောင် မြန်နိုင်သမျှ မြန်မြန်လှည့်ပြလိုက်သည့်အခါ မြင်ရသူတို့က မီးစကြာဝိုင်းဟု ထင်ရသကဲ့သို့တည်း။

၃။ သမူဟပညတ်စေ်ါ အပေါင်းအစုဖြင့်ပုံးကာထားခြင်း

ပရမတ်သဘာဝ၌ ရုပ်တရားသည် သဒ္ဒာသာသူ၊ သူကလာပ်စည်းနှင့်သူ တစ်ခုပြီးမှတစ်ခု ဖြစ်နေသည်။ စိတ်လည်း ထို့အတူဖြစ်သည်။ တစ်စိတ်ပြီးမှတစ်စိတ် ဖြစ်နေသည်။ အပေါင်းအစုဟူ၍ မရှိပါဘဲလျက် အပေါင်းအစုဟူ၍ ထင်မှတ်နေကြသည်။ အထူးသဖြင့် ရုပ်အပေါ်၌ ရုပ်တုံးကြီး၊ ရုပ်ခဲကြီးဟု ထင်မှတ်နေခြင်းသည် သမူဟပညတ်က ဖုံးထားခြင်းဖြစ်သည်။

၄။ သဏ္ဌာနပညတ်စေါ် အသွင်သဏ္ဌာန်ဖြင့် အဆင့်ဆင့် ပုံးကာထားခြင်း

ပရမတ္ထဓမ္မ၏သဘာဝ၌ ယောက်ျားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်၊ ခွေးသဏ္ဌာန်၊ နွားသဏ္ဌာန်၊ ငှက်သဏ္ဌာန်၊ ဦးခေါင်းသဏ္ဌာန်၊ လက်ခြေသဏ္ဌာန်တို့ မရှိပါ။ ထိုသဏ္ဌာန်သည် ပရမတ္ထသဘာဝ၏ တည်နေဟန်ကိုလိုက်၍ ခေါ်ဆိုနေကြခြင်းသာ ဖြစ်သည်။

ပမာပြရလျှင် မြေမှုန့်များကိုစု၍ ရေဖြင့်နယ်ပြီး နွားသဏ္ဌာန်လုပ်လျှင် နွားရုပ်ခေါ်နိုင်သည်။ ဆင်သဏ္ဌာန်လုပ်လျှင် ဆင်ရုပ်ခေါ်နိုင်သည်။ လူသဏ္ဌာန်လုပ်လျှင် လူရုပ်ခေါ်နိုင်သည်။ မိမိပြုလုပ်ချင်သည့် အရုပ်များကို ပြုလုပ်၍ အမည်တပ်ပြီး ခေါ်ဆိုနိုင်ကြပါသည်။

ဤသည်ကိုပင် သူတည်နေဟန်ကိုလိုက်၍ အမျိုးမျိုး ခေါ်ဆိုနေခြင်းဖြစ်သည်။ ထို့အတူပင် ပရမတ္ထတရားကိုလည်း သူတို့၏တည်နေရာကိုလိုက်၍ လူဟုခေါ်ချင် ခေါ်ကြသည်။ အိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ အသီးသီးခေါ်ကြသည်။ သို့သော် မူလပရမတ်သည် လူလည်း မဟုတ်၊ နတ်လည်းမဟုတ်၊ အိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံလည်း မဟုတ်ပေ။ တကယ့် အစစ်အမှန် ပရမတ္ထဓမ္မကို မမြင်ကြတော့ဘဲ သဏ္ဌာနပညတ်အပေါ်၌ ထင်မြင်စွဲလမ်းနေကြခြင်းသာ ဖြစ်ပေတော့သည်။

လောကသားတို့အပေါ်၌ အင်အားကြီးမားစွာ လွှမ်းမိုးထားသည့် ပညတ်တရားတို့ကို ထွင်းဖောက်၍ သိတော်မူနိုင်စွမ်းသည့် သူတော်ကောင်းကြီးများအဖို့မှာမူ မည်မျှပင် တပ်မက်ဖွယ်ကောင်းသည့် အာရုံဖြစ်နေစေကာမူ ဈာန်မဂ်ဖိုလ်ကို ပို့ဆောင်ပေးနိုင်သည်။ ဤတွင် သာဓကအားဖြင့် မဟာတိဿမထေရ်အကြောင်းကို ဖော်ပြပါမည်။

လှပသောမာတုဂါမ၏ အပြုံးကို သွားအရိုးစုဟု မြင်တော်မူသည်

မဟာတိဿမထေရ်မြတ်သည် သီဟိုဠ်ကျွန်း စေတိယတောင်ပေါ်၌ သီတင်းသုံးတော်မူလေ့ရှိပါသည်။ တစ်ခုသော နံနက်ခင်းတွင် အသုဘဘာဝနာကို ပွားများလျက် အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွတော်မူပါသည်။ ထိုမြို့၌နေသော အမျိုးသမီးငယ် တစ်ဦးသည်လည်း သူ၏လင်ယောက်ျားနှင့် ရန်ဖြစ်ပြီး နတ်သမီးတမျှလှပစွာ ဖြီးလိမ်းပြင်ဆင်ပြီးနောက် မိဘအိမ်သို့သွားရန် အိမ်ထဲမှ ထွက်ခွာလာပါသည်။

ထိုအမျိုးသမီးသည် အနုရာဓမြို့၏ လမ်းတစ်နေရာ၌ ဆွမ်းခံကြွလာတော်မူသော မဟာတိဿမထေရ်မြတ်ကို မြင်လေသည်။ အခိုက်၌ သူ၏စိတ်၌ တဏှာရာဂစိတ် ဖောက်ပြန်လာသောကြောင့် ကွန်ဇွန်မဆည်၊ ဟန်မဆောင်နိုင်တော့ဘဲ မထေရ်မြတ်ကြားသိစေရန် အသံထွက်၍ ရယ်သံပေးသည်။

မဟာတိဿမထေရ်သည် ရယ်နေသောအသံရှင်ကို ကြည့်ရှုတော်မူရာတွင် လှပတင့်တယ်စွာ ဖြူးလိမ်းပြင်ဆင်ထားသည့် အမျိုးသမီးငယ်အသွင်မထင်ဘဲ ရယ်နေသောပါးစပ်ထဲက သွားကိုသာ မြင်တော်မူလေသည်။

မထေရ်မြတ်ကြီးသည် အသုဘကမ္မဋ္ဌာန်း စီးဖြန်းတော်မူလေ့ရှိသောကြောင့် အမျိုးသမီး၏သွားကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရှုးခ္ဍရဖူးသော အရိုးစုသညာကို အမှတ်ရတော်မူသည်။ အသုဘဘာဝနာ အရိုးစု ပဋိဘာဂနိမိတ် ထင်ပြီးနောက် ဥပစာရစျာန်မှသည် ပထမစျာန်ထိ ဆိုက်ရောက်လေသည်။ ထိုစျာန် အဆင့်ဆင့်ကို အခြေခံ၍ ဝိပဿနာရှုပွားတော်မူရာ ဝိပဿနာဉာဏ်များ ရင့်ကျက်ကာ ထိုနေရာ၌ပင် ရဟန္တာဖြစ်တော်မူပါသည်။

ထိုအချိန်တွင် အိမ်၌ရန်ဖြစ်ပြီး ထွက်ခွာလာသည့် အမျိုးသမီး၏ လင်ခင်ပွန်းသည်သူ၏ ဇနီးသွားရာလမ်းအတိုင်း နောက်မှလိုက်လံရှာဖွေရာ မဟာတိဿမထေရ်မြတ်ကြီးအား ဖူးတွေ့ရပါသည်။ ထိုအခါ “အရှင်ဘုရား မိန်းမတစ်ယောက်ကို တွေ့မြင်ခဲ့ပါသလော”ဟု မေးလျှောက်သည်။ မဟာတိဿမထေရ်သည် “ဤအရပ်မှ သွားလေသောသူသည် မိန်းမဖြစ်သည်ဟူ၍လည်းကောင်း၊ ယောကျ်ားဖြစ်သည်ဟူ၍လည်းကောင်း ငါမသိ၊ စင်စစ်မူကား အရိုးစုတစ်ခုသည် လမ်းမ၌သွားလေ၏”ဟု မိန့်ကြားတော်မူသည်။

နတ်သမီးတမျှ လှပအောင် ဝတ်စားဆင်ယင် ပြင်ဆင်ဖြူးလိမ်းထားသော မိန်းကလေးကို မထေရ်ကြီး၏သညာ၌မူ မိန်းမလှဟူသော နာမပညတ်၊ သဏ္ဌာနပညတ်တို့ပျောက်ကွယ်ပြီး အရိုးစုဟူသောသညာသာ ပေါ်လွင်ထင်ရှား၍ နေပါတော့သည်။ သို့ဖြစ်ပါ၍ ယောကျ်ားဟူ၍ ပေါင်းစပ်ထားသော ပညတ်သည်လည်းကောင်း၊ မိန်းမဟူ၍ ပေါင်းစပ်ထားသော ပညတ်သည်လည်း ကွယ်ပျောက်နေခြင်းဖြစ်သည်။[၁]

ပရမတ်ကွယ်သောကြောင့် ကိလေသာဖြစ်သည်

ဤသို့ ပညတ်တို့၏အစွမ်းဖြင့် နိမိတ်ပုံသဏ္ဌာန်အသီးသီး ပေါ်လွင်နေသောကြောင့် တင့်တယ်သည်။ လှပသည်။ ချစ်ခင်ဖွယ်ဖြစ်သည်။ မင်္ဂလာရှိသည်။ ကျက်သရေတိုးသည်။ ကောင်းမြတ်သည်ဟု ထင်မှတ်ပြီး လိုချင်မှု၊ လိုချင်မှု၊ လိုချင်မှုတို့က အတောမသတ်နိုင်ဘဲ ပွားနေခြင်းဖြစ်သည်။

၁။ ကင်္ခါဝိတရဏီသီလ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၀)

မူလသဘောအားဖြင့် နိမိတ်အမှတ်အသား လက္ခဏာမရှိပါက လောဘမပေါ်နိုင်ပါ။ အတ္ထိပစ္စည်းဖြင့် ရုပ်နာမ်တို့အချင်းချင်း ကျေးဇူးပြုပုံကို သေသေချာချာ၊ ပိုင်ပိုင်နိုင်နိုင် သဘောပေါက် နားလည်လာနိုင်ပါက နိမိတ်သဏ္ဌာန် ပျောက်ကွယ်ပြီး မူလသဘောမှန်အတိုင်း သိရှိလာနိုင်မည်ဖြစ်သည်။ သဘာဝ၏သဘောအမှန်ကို သိရှိလာသူ၏သန္တာန်၌ တဏှာလောဘဖြစ်ရန် အကြောင်းမရှိတော့ပေ။

နိဗ္ဗာန်သည် အတ္ထိပစ္စည်းမဆိုက်ပါ

ဤတွင် ထင်ရှားရှိခိုက်၌ ကျေးဇူးပြုသောကြောင့် အတ္ထိပစ္စည်းထဲတွင် နိဗ္ဗာန်ပါသင့်သည်ဟု ထင်စရာရှိပါသည်။ အတ္ထိ (၅) မျိုး၏ သုဒ္ဓသင်္ခါကို ကြည့်ပါက နိဗ္ဗာန်မပါဝင်။ အတ္ထိပစ္စည်းဟူသည် ရှိခိုက်၌ ကျေးဇူးပြုသည်။ မရှိသည့်အခိုက်၌ ကျေးဇူးမပြုပါ။

နိဗ္ဗာန်ဟူသည် မရှိခိုက်ဟူ၍ မရနိုင်ပါ။ သဘာဝအနေဖြင့် နိဗ္ဗာန်မည်သည် အမြဲတမ်းရှိနေသည်။ ပမာပြရလျှင် "မီးငြိမ်းသည်"ဟု ဆိုရာတွင် ငြိမ်းခြင်းမည်သော အငြိမ်းဓာတ်ရှိနေသည်ကို ဆိုလိုပါသည်။ ထို့ကြောင့် နိဗ္ဗာန်သည် အမြဲတမ်းရှိနေသောကြောင့် အတ္ထိပစ္စည်း မတပ်ပေ။ ရှိနေသည့်အခိုက် ကျေးဇူးပြုပြီး၊ မရှိသည့်အခိုက် ကျေးဇူးမပြုပါဟူ၍ အပြောင်းအလဲမျိုး မရနိုင်သဖြင့် နိဗ္ဗာန်ကို အတ္ထိပစ္စည်း မတပ်ရပါ။ ကျန်သည့် သခါရတရားတို့ကမူ ရှိသည့်အခိုက် ကျေးဇူးပြုကြပြီး မရှိသည့်အခိုက်၌ ကျေးဇူးမပြုကြပါ။[၁]

ပဋ္ဌာန်း၏ပစ္စယသတ္တိ

ပဋ္ဌာန်းတရားတော်လာ အတ္ထိပစ္စယသတ္တိဖြင့် "ဒီတရားရှိနေလို့သာ ဒီတရားရှိရတယ်။ ဒီတရားတည်နေဖို့ရာ ဒီတရားက ကျေးဇူးပြုထားတယ်"ဟု အမှန်ကို အမှန်အတိုင်း သဘာဝတရား၏ ကျေးဇူးပြုပုံကို မြင်နိုင်စွမ်းပါမူကား မှားယွင်းနေသည့် အတ္တဇီဝ အယူဝါဒများ ဆိတ်သုဉ်းနိုင်ပေတော့မည်။

ရူပါရုံအဆင်းကို အာရမ္မဏပုရေဇာတသတ္တိကြောင့် မြင်ခြင်းဟူသော စက္ခုဝိညာဏ် ဖြစ်နေသည်။ ဤသည်မှာ အကြောင်းကိုစွဲ၍ အကျိုးတရားဖြစ်မှုသာတည်း။ "ငါမြင်တာမဟုတ်၊ သဟဇာတတ္ထိကြောင့် ရုပ်နာမ်အစဉ်ဖြစ်နေတာ။ ငါဖြစ်နေတာမဟုတ်၊

၁။ ပါချုပ်ဆရာတော်၏ ပဋ္ဌာန်းမြတ်ဒေသနာတော်

ပစ္စာဇာတတ္ထိ နာမ်တရားတို့ကြောင့် ဒီစတုသမုဋ္ဌာနိက ရုပ်တရားတွေ တည်နေတယ်။ ငါတည်နေတာ မဟုတ်ဘူး။ ရုပ်အာဟာရတ္ထိဩကြောင့် စတုသမုဋ္ဌာနိက ရုပ်တရားတို့ အင်အားပြည့်ဝပြီး ရွှင်လန်းလတ်ဆတ်နေတယ်။ ငါအင်အားပြည့်ဝ လတ်ဆတ်နေတာ မဟုတ်ဘူး။ ရူပဇီဝိတိန္ဒြိယအတွက် ကမ္မဇရုပ်တို့ မပျက်မပြားဘဲ ရှည်ကြာစွာ အသက်ရှိတဲ့ အသွင်နဲ့ တည်နေနိုင်တာ ဖြစ်တယ်။ ငါတည်နေနိုင်တာ မဟုတ်” ဟူ၍ အတ္ထိပစ္စည်း၏ သဘောမှန်ကို ဆင်ခြင်နိုင်လျှင် ယုံမှားမှုမျှား ကင်းပျောက်ပြီး မဂ္ဂင်လမ်းပေါ် လျှောက်လှမ်းကာ ကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် အပြီးပယ်သတ်နိုင်ပေမည်။ သာဓက အားဖြင့် ဘုရားရှင်၏ညီမတော် အလှမာန်ယစ်မူးနေသူ ဇနပဒကလျာနီ၏ အသိဉာဏ် အဆင့်ဆင့် မြင့်တက်လာခြင်းကို ဤနေရာတွင် ဖော်ပြပါမည်။

နန္ဒာထေရီမ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့၏ သမီးငယ်၊ မြတ်စွာဘုရားရှင်၏ အဖေတူ အမေကွဲ နှမတော်၊ ညီတော်နန္ဒဟု အမည်ရသော နန္ဒမင်းသား၏ အမတော် မင်းသမီးငယ်သည် ချောမောလှပလွန်းသဖြင့် ဇနပဒကလျာဏီဟု ထပ်ဆင့် အမည်ပေးခံထားရသူဖြစ်သည်။ အလှမယ်ဘွဲ့ရသူဟု ဆိုနိုင်ပါသည်။ အလှတရား၌ တုန်ိုင်းမရသည့် ယသော်ဓရာမင်းသမီးကြီးမှအပ အချောဆုံး၊ အလှပဆုံး မင်းသမီးတစ်ပါး ဖြစ်လေသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည်ရွှေနန်းတော်၌ ပရိနိဗ္ဗာန်စံတော်မူပါသည်။ နောင်တော်ကြီးမှာလည်း ဘုရားဖြစ်တော်မူပြီး နန်းတော်၌ ဖူးတွေ့ခွင့်မရတော့သကဲ့သို့ မောင်ဖြစ်သူ အရှင်နန္ဒလည်း သာသနာ့ဘောင်ဝင်သွားလေသည်။ တစ်ဖန် မယ်တော်ကြီးဂေါတမီလည်း ဘိက္ခုနီမဖြစ်နေလေပြီ။ ထို့ကြောင့် ဇနပဒကလျာဏီသည်လည်း ရွှေနန်းတော်ကို ပယ်စွန့်ပြီး နန္ဒာထေရီ ဖြစ်လာခဲ့ပါသည်။ သို့သော် တရားမမှသို့ စိတ်မရောက်တတ် သေးသကဲ့သို့ ဘုရားရှင်ထံတော်သို့ သွားရောက်ဖူးမြော်ရန်ပင် လုံလောက်သည့်သဒ္ဓါတရား မပွင့်ထွန်းနိုင်ဘဲ ဖြစ်နေပါသည်။

သို့ပါသော်လည်း နန္ဒာထေရီမသည် နောင်တော်ကြီး မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးစကားများစွာကိုမူ ဘိက္ခုနီကျောင်းတိုက်၌ နေ့နေ့ည‌ည ကြားနေရသည်။ ထို့ကြောင့် တစ်နေ့၌ ‘ငါသည် ရဟန်းမတို့နှင့် အတူသွားပြီး ကိုယ်ကိုမပြဘဲ မြတ်စွာဘုရားကို ဖူးမြော်ပြီး တရားနာရပါမူ ကောင်းလေစွ’ဟု ကြံစည်ပြီး လိုက်သွားလေသည်။

ဘုရားရှင်သည် ထိုနေ့နံနက် နန္ဒာထေရီမရောက်လာမည်ကို သိတော်မူသည်။ သို့ဖြစ်ပါ၍ သူ၏အဆင်းမာန်ကို ပယ်ဖျောက်နိုင်ရန် ထေရီမထက် အဆများစွာ သာလွန်လှပသော မိန်းမငယ်ကလေးက ဘုရားရှင်အား ယပ်လေခတ်နေဟန် ဖန်ဆင်းထားတော်မူသည်။

ရူပနန္ဒာထေရီမ ဘုရားရှေ့မှောက်ထံ ရောက်သောအခါ၌ လွန်စွာလှပသော မိန်းမလှကလေးက ဘုရားရှင်အား ယပ်လေခတ်၍ ပူဇော်နေသည်ကို မထင်မှတ်ဘဲ မြင်တွေ့ရသောအခါ၌ သူ့ထက်နှိုင်းဆ၍ မရနိုင်သည့်အထိ အလှပိုနေသောမိန်းမငယ်ကို တအံ့တသြဖြစ်ကာ တစိမ့်စိမ့်ရူစား၍ နေလေတော့သည်။

ထိုအချိန်၌ မြတ်စွာဘုရား ဖန်ဆင်းထားတော်မူသော မိန်းမလှကလေးကို အပျိုရွယ်၊ သားဖွားပြီးအရွယ်၊ မိန်းမလတ်အရွယ်၊ မိန်းမကြီးအရွယ်၊ မိန်းမအိုကြီးအရွယ် အဆင့်ဆင့် ဖန်ဆင်းပြတော်မူပါသည်။ ရူပနန္ဒာထေရီမသည် တအံ့တသြဖြစ်ပြီး ကြည့်နေဆဲ အချိန်တိုအတွင်း၌ပင် ထိုမိန်းမအိုကြီး၏ သေခြင်းကိုလည်းကောင်း၊ ဖူးဖူးရောင်နေသော သူသေကောင်အဖြစ်လည်းကောင်း၊ ပိုးလောက်များစွဲကာ ရွံရှာဖွယ် အပုပ်ကောင်အဖြစ် လည်းကောင်း အဆင့်ဆင့် ဖန်တီးပြတော်မူပါသည်။

ထေရီမသည် ထိုရုပ်အစဉ်ကို မပြတ်မလပ်ကြည့်ရှုနေမိရာမှ 'ယခု ငါမြင်နေရသော ဤမိန်းမငယ်၏ ဖောက်ပြန်ပြောင်းလဲသွားသော ကြောက်မက်ထိတ်လန့်ဖွယ်ဖြစ်စဉ်ကြီးသည် အားလုံးသော သတ္တဝါတို့ကြုံရမည် ဓမ္မသဘာဝကြီးပေတကား'ဟု ရှုဆင်ခြင်သောအခါ အနိစ္စသညာ ပေါ်လာသည်။

ထိုအခါ မြတ်စွာဘုရားသည် နန္ဒာဘိက္ခုနီ၏စိတ်သည် ကမ္မဋ္ဌာန်းအလုပ်၌ သက်ဝင်လေပြီဟု သိတော်မူ၍ ထိုနန္ဒာထေရီမအား သင့်လျော်လျောက်ပတ်သော တရားတော်ကို ဟောကြားတော်မူသည်။ "ချစ်သမီး ရူပနန္ဒာ အဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည် အနိစ္စစသော သဘောရှိသကဲ့သို့ အပြင်ပကိုယ်သည်လည်း ထို့အတူပင်ဖြစ်၏။ သင်မြင်ရသည့် အပြင်ပကိုယ်သည် အစဉ်အတိုင်း အရွယ်အစုစု အနုအရင့်တွေကိုစွန့်ကာ ဖူးဖူးရောင်နေသော သူသေကောင်အဖြစ်သို့ရောက်သည် ဧကန် ဖြစ်လတ္တံ့။ အဇ္ဈတ္တ ဗဟိဒ္ဓကိုယ်ကာယ နှစ်ပါးအပေါင်းတို့သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ဖြင့် တည်ဆောက်ထားသဖြင့် အတ္တအတ္တနိယ စသည်မှ ဆိတ်သုဉ်းသောအားဖြင့် ဝိပဿနာဉာဏ်ပညာစက္ခုဖြင့် ရှုကြည့်လေလော့။ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကသို့ တစ်ဖန်ထပ်မံ၍ ချစ်သမီး မလာရောက်ချင်နှင့်။ ကာမ၊ ရူပ၊ အရူပ ဘဝသုံးပါး၌

တွယ်တာ စုံမက် တပ်နှစ်သက်သည့် တဏှာဆန္ဒကို သမုဒ္ဓေဒပဟာန်ဖြင့် ပယ်လှန်ဖြတ်ရှင်း ကင်းစေ၍ ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းသည်ဖြစ်၍ ချမ်းကြည်အေးမြနေရပေလိမ့်မည်” ဟု ဟောကြားတော်မူပါသည်။ တရားအဆုံး၌ ရူပနန္ဒာ ထေရီမသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထို့နောက်၌ ကာလအတန်ကြာသောအခါ၌ မြတ်စွာဘုရားရှင်သည် ဝိဇယသုတ္တန်ဒေသနာကို ဟောကြားတော်မူပြီးနောက်၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ရဟန္တာထေရီမ ဖြစ်တော်မူလေသည်။ အရှင်မသည် ရဟန္တာထေရီမ (၁၃) ပါးအနက် စျာန်ဝင်စားခြင်းအရာ၌ ဧတဒဂ်ရတော်မူသည်။[၁]

အတ္ထိပစ္စယောဆုတောင်း

“မြင်းမိုရ်တောင်သည် မြက်ပင်သစ်ပင်တို့ကို ထင်ရှားရှိသောအားဖြင့်
ထောက်ပံ့ပေးထားသကဲ့သို့ လူသားအများ၏ သန္တာန်၌လည်း ကောင်းမွန်သော
ရုပ်တရား နာမ်တရားတို့ ထင်ရှားစွာ ဖြစ်ပေါ်ကြပြီး နေ့စဉ်ဘဝထဲ၌
မမေ့မလျော့သော အပွမာဒသတိတရားဖြင့် နေနိုင်ပါစေသား”

၁။ ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု၊ ဇရာဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၇၂)

အတ္ထိပစ္စယော သိမ့တ်ပွယ်

အတ္ထိပစ္စည်း၏ကျေးဇူးပြုပုံမှာ

၁။ သဟဇာတတ္ထိ

(က) နာမ်တရားက နာမ်နှင့် ရုပ်တရား Mind to Mind and Matter ကို ကျေးဇူးပြု သည်။
(ခ) ရုပ်တရားက ရုပ်တရား Matter to Matter ကို ကျေးဇူးပြုသည်။
(ဂ) နာမ်ရုပ် အချင်းချင်း Mind to Matter, Matter to Mind ကို ကျေးဇူးပြုသည်။

၂။ ပုရေဇာတတ္ထိ

(က) ရုပ်တရားက နာမ်တရား Matter to Mind ကို ကျေးဇူးပြုသည်။
(ခ) ရုပ်တရားက နာမ်တရား Matter to Mind ကို ကျေးဇူးပြုသည်။

၃။ ပစ္ဆာဇာတတ္ထိ

နာမ်တရားက ရုပ်တရား (Mind to Matter) ကို ကျေးဇူးပြုသည်။

၄။ အာဟာရတ္ထိ

ရုပ်အာဟာရတွင် ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုသည်။

၅။ ဣန္ဒြိယတ္ထိ

ရူပဇီဝိတိန္ဒြိယတ္ထိတွင် ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ သဟဇာတတ္ထိ

(က) နာမ်တရားက နာမ်နဲ့ ရုပ်တရား (Mind to Mind and Matter)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့ ဖြစ်သည်။

(ခ) ရုပ်တရားက ရုပ်တရား (Matter to Matter) ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘုတ် (၄)ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - မဟာဘုတ် (၄) နှင့် ဥပါဒါန်ရုပ်တို့ ဖြစ်သည်။

(ဂ) နာမ်ရုပ် အချင်းချင်း (Mind to Matter, Matter to Mind)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ပဉ္စဝေါကာရပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဉ္စဝေါကာရပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုဖြစ်သည်။

၂။ ပုရေဇာတတ္ထိ

(က) **ဝတ္ထုပုရေဇာတ**

ရုပ်တရားက နာမ်တရား (Matter to Mind)ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ဝတ္ထုရုပ် (၆)ပါး ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - အရူပဝိပါက် (၄)ပါးကြဉ်သော စိတ် (၈၅)ပါးနှင့် စေတသိက် (၅၂)ပါးတို့ ဖြစ်သည်။

(ခ) **အာရမ္မဏပုရေဇာတ**

ရုပ်တရားက နာမ်တရား (Matter to Mind) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ပစ္စုပ္ပန်နိဗ္ဗန္ဓရုပ် (၁၈)ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ကာမစိတ် (၅၄)ပါး၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ဒိဗ္ဗသောတအဘိညာဉ် (၂)ပါးတို့ ဖြစ်သည်။

၃။ ပစ္ဆာဇာတတ္ထိ

ပစ္စယဟူသော အကြောင်းတရားမှာ - အရူပဝိပါက် (၄) ခု ကြဉ်သောစိတ် (၈၅)ပါးနှင့် စေတသိက် (၅၂)ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဦသို့ ရောက်သော ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇ ကာယတို့ ဖြစ်ပါသည်။

၄။ အာဟာရတ္ထိ

ရုပ်အာဟာရတ္ထိ၌ ရုပ်တရားက ရုပ်တရားကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - စတုသမုဋ္ဌာနိကရုပ်၌ရှိသော ဩဇာဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စတုသမုဋ္ဌာနိကရုပ် (ကံ၊ စိတ်၊ ဥတု၊ အာဟာရ) တို့ကြောင့်ဖြစ်သည့် မဟာဘုတ် (၄)ပါးဖြင့် ပြီးသည့် ရုပ်ကိုယ်ခန္ဓာတို့ ဖြစ်ပါသည်။

၂၂။ နတ္ထိပစ္စယော
ချုပ်ပျောက်ပြီး မရှိသောအားဖြင့် နောက်၌ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း
Natthi Paccaya (Absence condition)

ပစ္စယနိဒ္ဒေသ

နတ္ထိပစ္စယောတိ - သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

Absence condition (Natthi Paccaya)

The just ceased phenomena consciousness and mental factors are related to the present consciousness and mental factors by absence condition.

နတ္ထိပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍”ဟု ရှေးရှေး ဆရာမြတ်တို့က ဥပမာပြုတော်မူကြသည်နှင့်အညီ ဆီမီးငြိမ်းသွားခြင်းသည် အမိုက် အမှောင်ဖြစ်ရန် အခွင့်ပေးသကဲ့သို့ ရှေးရှေးစိတ်၊ စေတသိက်၊ နာမ်တရားများ ချုပ်ပျောက် သွား၍ မရှိခြင်းဖြင့် နောက်နောက်စိတ်၊ စေတသိက်၊ နာမ်တရားများအား ဖြစ်ပေါ်ခွင့် ရစေရန် ကျေးဇူးပြုသည်။[၁]

ထို့အတူ ရှေးရှေးတရားတို့က မိမိတို့ မရှိခြင်းမျှဖြင့် နောက်နောက်တရားတို့အား ဖြစ်ကြစေရန် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်းမည်၏။ မရှိခြင်း (Absence) အဖြစ်ဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။ ‘နတ္ထိ’သဒ္ဒါသည် ‘အတ္ထိ’နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ‘မရှိခြင်း၊ ထင်ရှားမရှိခြင်း’ဟု အဓိပ္ပာယ်ရှိသည်။

Natthi Paccaya

Number twenty two is Natthi Paccaya. It is the opposite of Atthi Paccaya It is compared to a flame that has ceased, that has blown out. When the flame is blown out, there is darkness. The flame that goes out, the flame that ceases serves as a condition for darkness to arise. Actualy Natthi is the same as Anantara.

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

The conditioning states and the conditioned states do not exist at the same moment. They belong to different moments.[၁၂]

မြစ်ရေအလျဉ်ပမာ

ရှေးရှေးနာမ်တရား အဟောင်း အဟောင်းတို့က နောက်နောက် နာမ်တရား အသစ် အသစ်တို့အား အနမတဂ္ဂ သံသရာမှစ၍ ပရိနိဗ္ဗာန် စံဝင်သည့်တိုင်အောင် 'မြစ်ရေ အလျဉ်ကဲ့သို့'လည်းကောင်း၊ 'လှည်းဘီး စက်ဝန်းကဲ့သို့'လည်းကောင်း ခဏမခြား မရပ်မနား ဖြစ်ဖြစ်နေကြစေရန် 'အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ အနန္တရူပ နိဿယသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိ"စသည် ပဋ္ဌာန်းတရား၏သတ္တိတို့ဖြင့် ကျေးဇူးပြုနေကြသည်။

ဤပစ္စည်းတို့ကို ကောင်းစွာ သဘောပေါက်နားလည်လာလျှင် နာမ်တရားတို့၏ ထူးခြား ဆန်းကြယ်အံ့ဩဖွယ် သဘောသဘာဝတို့ကို နားလည်နိုင်ရန် လမ်းစရမည် ဖြစ်ပါသည်။

ပုဏ္ဏဇဉ်နတ်ဗြဟ္မာများလည်း 'သဿတဒိဋ္ဌိ'အားကြီးကြသည်

တန်ခိုးကြီးသည့် နတ်ဗြဟ္မာတို့က နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်လာကြသူတို့က 'အဘယ်သူသည် လူ့ပြည်၌ ကုသိုလ်ကောင်းမှုကိုပြုသဖြင့် ယခု နတ်ပြည်သို့ ရောက်လာသည်'ဟူ၍ လည်းကောင်း၊ 'အဘယ်နတ်ဘုံက နတ်သားစုတေပြီးနောက် အဘယ်ဘုံသို့ ရောက်သွားသည်'ဟူ၍လည်းကောင်း သူတို့ကိုယ်တိုင် မြင်နိုင်၊ သိနိုင်စွမ်း ရှိကြသည်။

သို့သော် လူ့ပြည်၌မူ ဘုရားရှင်နှင့် တန်ခိုးကြီးသည့် မထေရ်မြတ်များက "ဘယ်ဥပါသကာသေဆုံးပြီးနောက် နတ်ပြည်ရောက်သွားတယ်။ ဘယ်ရဟန်းပျံလွန်ပြီး ဗြဟ္မာ့ပြည်ရောက်သွားတယ်။ ဘယ်မုဆိုးသေပြီး ငရဲရောက်သွားတယ်။ ဘယ်သူဌေးသေပြီး ပြိတ္တာဖြစ်နေတယ်"ဟု ဟောကြားတော်မူသော တရားစကားတို့ဖြင့် လူအများက ယုံကြည်ကြရသည်။ ဤတွင် နတ်ဗြဟ္မာတို့က ကိုယ်တိုင် မျက်ဝါးထင်ထင် သိကြ၊ မြင်ကြသည်။ လူတို့က မြင်နိုင်စွမ်းမရှိသဖြင့် တရားစကားဖြင့် ယုံကြည်ကြရသည်။

ဤတွင် တန်ခိုးအာနုဘော်ကြီးမားသည့် ထိုထိုနတ်ဗြဟ္မာတို့က "ထိုထို သတ္တဝါတို့၏ 'နာမ်တရား'က ဘယ်ဘုံကိုရောက်သွားတယ်။ ယခုအခါမှာ ဘယ်ဘုံကနေ ဒီဘုံကို ရောက်လာတာ"ဟု ထင်ကြသည်။ တစ်နည်းအားဖြင့် 'နာမ်တရား'သည်သာ တစ်ဘဝမှ

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

တစ်ဘဝသို့လည်းကောင်း၊ တစ်ဘုံမှတစ်ဘုံသို့လည်းကောင်း လှည့်လည်သွားလာနေသည်ကို သူတို့ ထင်နေကြသည်။

ဤဖြစ်စဉ်တွင် နတ်တို့၏အမြင်သည် ပြည့်စုံပြီဟု မဆိုနိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် လူဘဝ၏ကောင်းမှုကြောင့် နတ်ဘဝကို ဥပပတ္တိပဋိသန္ဓေဖြင့် ရောက်လာသည်မှာ မှန်ပါသော်လည်း လူဘဝ၏စုတိနှင့် နတ်ဘဝ၏ ပဋိသန္ဓေစိတ်ကို နတ်ဗြဟ္မာတို့ မြင်နိုင်စွမ်း မရှိကြပါ။ ထို့ကြောင့် သူတို့၏ အသိအမြင်ပြည့်စုံပြီဟု မဆိုနိုင်ပါ။

မပြည့်စုံသည်ကိုလည်း သူတို့မပြည့်စုံသေးဟု မသိကြသဖြင့် နတ်ဗြဟ္မာတို့၏ သန္တာန်၌ နာမ်တရားက အစဉ်ထာဝရမြဲသည်ဟု စွဲမှတ် ယုံကြည် နေကြခြင်းဖြစ်သည်။

ဤနေရာတွင် အရှင်ဝပွမထေရ်မြတ်ကြီး အားရရွှင်လန်းစွာ ဥဒါန်းကျူးရင့်သည့် ဂါထာတစ်ပုဒ်ရှိပါသည်။

“ပဿတိ ပသော ပဿန္တံ၊ အပဿန္တမ္ပ ပဿတိ၊
အပဿန္တော အပဿန္တံ၊ ပဿန္တမ္ပ န ပဿတိ”[၁]။

အဓိပ္ပာယ်မှာ “မြင်သူသည် မြင်သူကိုလည်းမြင်၏။ မမြင်သူကိုလည်း မြင်၏။ မမြင်သူကား မမြင်သူကိုလည်းမမြင်၊ မြင်သူကိုလည်း မမြင်ပေ”ဟူ၍ ဖြစ်ပါသည်။

ဤနေရာတွင် စုတိစိတ်နှင့် ပဋိသန္ဓေစိတ်ကို နတ် ဗြဟ္မာတို့ မြင်နိုင်စွမ်း မရှိကြပါ။ သို့သော် သူတို့မမြင်သည်ကို မမြင်ပါဟူ၍ မသိကြပေ။ ထို့ကြောင့် ဘုရားရှင်က “အနန္တရပစ္စယောဟူ၍လည်းကောင်း၊ တစ်ဖန် သမနန္တရပစ္စယောဟူ၍လည်းကောင်း၊ ဆက်လက်ပြီး အနန္တရူပနိဿယပစ္စယောဟူ၍လည်းကောင်း၊ နတ္ထိပစ္စယောဟူ၍လည်းကောင်း၊ ဝိဂတပစ္စယောဟူ၍လည်းကောင်း (၅)ကြိမ်၊ (၅)ပြန် ဟောတော်မူခြင်းသည် ‘မသိသည်ကို မသိမှန်းမသိသည့်’ နတ်ဗြဟ္မာတို့ကို အသိပေး ဟောကြားတော်မူခြင်း ဖြစ်ပေမည်ဟု ထင်ပါသည်။

နာမ်တရားတို့သည် လက်ဖျစ်တစ်တွက်ဟူသော အချိန်ကာလတိုအတွင်း၌ ကုဋေတစ်သိန်းဖြစ်ပြီး ပျက်နေကြောင်းနှင့် ထိုနာမ်တရားတို့၏ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်ပျက်အစဉ်ကို ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် မြင်တော်မူနိုင်စွမ်းပါသည်။ ထိုနာမ်တရားတို့၏ ဖြစ်ပျက်အစဉ်ကိုသိရန် နတ်၊ ဗြဟ္မာတို့၏ အရာမဟုတ်ပေ။

ဤသို့ မသိနိုင်၊ မမြင်နိုင်သောကြောင့် ရုပ်ကိုယ်ကောင်ကြီးက ပျက်စီးသွားပါသော်လည်း နာမ်တရားက မြဲသောကြောင့် ယခုကဲ့သို့ ဘုံတစ်ဘုံမှသည် အခြားဘုံ တစ်ဘုံသို့၊ ဘဝတစ်ခုမှသည် အခြားဘဝတစ်ခုသို့ ပြောင်းနေသည်ဟု ထင်မြင်ယူဆကြခြင်းဖြစ်သည်။

၁။ ဝပွတ္ထေရဂါထာ၊ ထေရဂါထာပါဠိ (နှာ - ၂၃၃)

နတ္ထိနှင့် ဝိဂတ သဘောအနှစ်ချုပ်

"နတ္ထိပစ္စယောနှင့် ဝိဂတပစ္စယော၏ သဘောအနှစ်ချုပ်ကို မိုးကုတ်ဆရာတော်၏ ပို့ချစဉ်မှ ကူးယူဖော်ပြပါမည်။ ပဋ္ဌာန်းမူလဋ္ဌီကာ ဥဒ္ဒေသအဖွင့်၌ 'နတ္ထိတာ စ နိရောဓာနန္တရသုညတာ၊ ဝိဂတတာ နိရောဓပ္ပတ္တတာ၊ အယမေတေသံ ဝိသေသော'ဟု လာ၏။ ဤအလိုအရ ချုပ်သွားခြင်း၊ အခြားမဲ့၌ ဆိတ်သွားခြင်းသည် နတ္ထိ၏ သဘောပါပဲတဲ့။ ချုပ်ခြင်းသို့ ရောက်သွားခြင်းသည် ဝိဂတ၏ သဘောပါပဲတဲ့။ ထိုနှစ်ပါးတို့တွင် နတ္ထိက ချုပ်သွားခြင်း၊ ဆိတ်သွားခြင်း သတ္တိနှစ်ပါး။ ဝိဂတက ချုပ်သွားကာမျှ မတ္တတစ်ပါးသာ။ ထို့ကြောင့် နတ္ထိက သတ္တိတစ်ပါး ပိုသည်ဟုမှတ်ပါ"။

"ဥပမာဆောင်၍ ထင်အောင်ပြအံ့"လောက၌ ချမ်းသာတဲ့ လူတစ်ယောက်နှင့် မွဲတဲ့လူတစ်ယောက်ဟူ၍ နှစ်ဦးရှိပေ၏။ ထိုနှစ်ဦးတို့တွင် မွဲတဲ့လူသေတဲ့အခါ ဘေးက လူတွေကို မသေခင်က ပေးကမ်းချီးမြှင့်ခြင်း ကိစ္စကမရှိပါ၍ ထိုသူ၏အကြောင်းကိုလည်း ကောင်း၊ ဂုဏ်ထူးကိုလည်းကောင်း ပြောကြားခြင်းအမှုကို ဘေးကလူတွေက မပြောကြားကြပါဘူးတဲ့။ ထိုကဲ့သို့ မပြောကြားလေသောကြောင့် သတ္တိတစ်ပါးတည်းရှိတဲ့ ဝိဂတနှင့် တူတယ်တဲ့။ ဘာ့ကြောင့်ဆိုသော် ထိုသူမှာသေတယ်ဆိုတဲ့ အကြောင်းသာရှိ၍တည်း"။

"ချမ်းသာတဲ့ လူသေတော့ ဘေးကလူတွေက ထိုသူ၏ပေးကမ်း ချီးမြှင့်ခြင်းကို ခံကြရခြင်း၊ ထိုသူက ချမ်းသာတယ်ဆိုတဲ့ ဂုဏ်ကရှိခြင်း၊ ဤကဲ့သို့ သူ၏ကျေးဇူးတွေ များသောကြောင့် သတ္တိနှစ်ပါးရှိတဲ့ နတ္ထိနှင့် တူပါတယ်တဲ့။ ဘာ့ကြောင့်ဆိုသော် သေတယ်ဆိုတဲ့အကြောင်း၊ တော်ပါပေတယ်ဆိုတဲ့အကြောင်း ရှိ၍တည်း"။

တစ်နည်းအားဖြင့် "တောမှာကျောင်းထိုင်၍ ကလေးသူငယ်တွေကို စာသင်ပြသနေတဲ့ ဘုန်းကြီးများ ပျံလွန်တော်မူတော့ ကျန်တဲ့သံဃာများက ထိုဘုန်းကြီး၏ အကြောင်း ဂုဏ်ထူးများကို မပြောကြားကြပါ။

ဘာ့ကြောင့်ဆိုသော် သံဃာတော်များ၏ မှီခိုအားထားလောက်သော ကျမ်းကြီး၊ ကျမ်းငယ် တစ်စောင်တစ်ဖွဲ့ကိုမျှ ပြုနိုင်တဲ့သတ္တိ မရှိ၍တည်း။ ထို့ကြောင့် ပျံတော်မူကာမျှ မတ္တဖြစ်၍ သတ္တိတစ်ပါးသာရှိသော ဝိဂတနှင့်တူပါတယ်တဲ့"။

"ဗန်းမော်ဆရာတော်၊ လယ်တီဆရာတော် အစရှိသောပုဂ္ဂိုလ်တို့ ပျံတော်မူတော့ 'တော်ပါပေတယ်၊ နှမြောစရာကောင်းပါပေတယ်'စသည်ဖြင့် ပြောကြ၏။ သံဃာတော်များက ဘာ့ကြောင့် ဤကဲ့သို့ပြောရသလဲဆိုရင် ထိုဆရာတော်တို့ ရေးသားထားခဲ့တဲ့ ကျမ်းဂန်တွေကို ကြည့်၍ နောင်လာနောက်သား သောတုဇနတို့မှာ ပညာဗဟုသုတ

တိုးပွား၍ ထိုပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ်မဟုတ်၊ ပညာအရာဌာနဘက်ကဖြင့် ချီးမွမ်းလောက်အောင်ဖြစ်တဲ့ပုဂ္ဂိုလ်ဟု သူတို့၏ကျမ်းများကို ကြည့်ရှုရသူ ပုဂ္ဂိုလ်တိုင်းမှာ ဉာဏ်ပညာကြီးမားတော်မူပုံကိုသိရသဖြင့် ၎င်းပုဂ္ဂိုလ်တို့ ပျံလွန်တော်မူငြားသော်လည်း ထိုပုဂ္ဂိုလ်တို့၏ဂုဏ်များကို ချီးမွမ်းထောမနာတွေဟာ ဆိတ်ငြိမ်သည်ဟူ၍မရှိဘဲ ပြောနေကြ၍ သတ္တိနှစ်ပါးပါသော နတ္ထိနှင့် တူပါတယ်တဲ့"ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားတော်မူသည်။[၁]

မြန်လွန်းသည့်ဆိုစိတ်

ဤနေရာ၌ စုတိပဋိသန္ဓေဟူသော ဘဝကူးပြောင်းခြင်းကို ပဌာန်းပစ္စယသတ္တိဖြင့် ပြပါမည်။ ဘဝအဟောင်းမှ ဘဝအသစ်သို့ ကူးပြောင်းခြင်းအကြောင်းကို ရုပ်တရားသက်သက်ဖြင့် စဉ်းစားဆင်ခြင်၍ မပြည့်စုံနိုင်ပါ။ 'စုတိစိတ်'နှင့် 'ပဋိသန္ဓေစိတ်'တို့ကို အခြေခံ၍ စဉ်းစားရပါမည်။ ထိုစုတိပဋိသန္ဓေစိတ်အစဉ်ကို ဘုရားရှင် ဟောကြားတော်မူမှသာ သိခွင့်ရလာခြင်းဖြစ်သည်။ ထိုထိုစိတ်တို့၏ လျင်မြန်ပုံကို လောက၌ ဥပမာပြရန် ပညတ်ဝေါဟာရစကား ရှားပါးလွန်းပါသည်။

အချို့ပညာရှင်များက စိတ်၏လျင်မြန်ပုံကို ကွေးသောလက် မဆန့်မီကာလဟူ၍ လည်းကောင်း၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက် ကာလဟူ၍လည်းကောင်း ဖော်ပြကြပါသည်။ သို့ပါသော်လည်း ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၊ တစ်ယောက် စုတိပြီးနောက် ပဋိသန္ဓေအသစ်ရသည့် ကာလတိုကလေးမှာ ကွေးသောလက် မဆန့်မီ၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ထက် အဆကုဋေပေါင်းများစွာ မြန်ဆန်ပါသည်။

အမှန်တကယ်တွင်မူ 'စက္ခုဝိညာဏ်'ဟူသော မြင်သိစိတ်ဖြစ်ရန် စိတ်ပေါင်း (၁၇)ချက် ဖြစ်ရသည်။ တစ်ဖန် 'သောတဝိညာဏ်'ဟူသော ကြားသိစိတ်ဖြစ်ရန် စိတ်ပေါင်း (၁၇)ချက် ဖြစ်ရသည်။ သို့သော် မိမိတို့သည် တစ်ပြိုင်တည်းမြင်ပြီး တစ်ပြိုင်တည်း ကြားနေရသည်ဟု ထင်မှတ်ကြသည်။

ထို့ကြောင့် တန်ခိုးကြီးပြီး ဉာဏ်ပညာထက်မြက်သည့် နတ်ဗြဟ္မာတို့ကလည်း ဤမျှမြန်ဆန်စွာဖြစ်ပြီး ပျက်နေသော စိတ်အစဉ်ကို သိနိုင်စွမ်းမရှိကြသဖြင့် သဿတဒိဋ္ဌိအယူကို စွဲနေကြခြင်းဖြစ်သည်။ နတ်ဗြဟ္မာတို့ကို အနန္တရပစ္စယောဖြင့်တစ်ကြိမ်၊ သမနန္တရပစ္စယောဖြင့်တစ်ကြိမ်၊ ဥပနိဿယပစ္စယောဖြင့်တစ်ကြိမ်၊ နတ္ထိပစ္စယောဖြင့်တစ်ကြိမ်၊ ဝိဂတပစ္စယောဖြင့်တစ်ကြိမ် အသီးသီး ဟောကြားတော်မူသည့်နောက်၌ နာမ်တရား၏

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ် အဘိဓမ္မာပဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စုပ်ချစဉ်

သဘာဝအရှိတရားအမှန်ကို ထိုထိုတန်ခိုးအာနုဘော်ကြီးသည့် နတ်ဗြဟ္မာအချို့က သိရှိနားလည် လက်ခံလာကြသည်။

ဤသို့ အသိအမြင်မှန်လာမှသာ ရှေးအခါက သူတို့လက်ခံယုံကြည်ထားသည့် 'နာမ်တရားဟူသည် ထာဝရမြဲမြံပြီး အမတအနေဖြင့်တည်သည်'ဟူသော အယူမှားကို ပယ်စွန့်ပြီး သဿတဒိဋ္ဌအစွဲ ကင်းလွတ်သွားနိုင်ကြမည် ဖြစ်ပါသည်။

မြင်သိစိတ်တစ်ခု ပေါ်ပေါက်လာရန်

မျက်စိနှင့် အဆင်း တိုက်ဆုံသောအခါ၌ -

၁။ လွန်လေပြီးသောဘဝင်စိတ် ဖြစ်၏။ (အတီတဘဝင် = Past bhavanga)

၂။ လှုပ်သွားသောဘဝင်စိတ်ဖြစ်၏။ (ဘဝင်္ဂစလန = Vibrational bhavanga)

၃။ ပြတ်စဲသောဘဝင်ဖြစ်၏။ (ဘဝင်္ဂုပစ္ဆေဒ = Arrest bhavanga)

၄။ ရှေးဦးစွာ ဆင်ခြင်သည့်စိတ်ဖြစ်၏။
(ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် = five door adverting Consciousness)

၅။ ထို့နောက် မြင်သိစိတ်ဖြစ်ပေါ်လာ၏။ (စက္ခုဝိညာဏ်= eye Consciousness)

၆။ မြင်သိစိတ်ပြီးလျှင် လက်ခံသည့်စိတ် ဖြစ်လာ၏။
(သမ္ပဋိစ္ဆိန်းစိတ် = Receiving Consciousness)

၇။ လက်ခံသည့်စိတ်ပြီးလျှင် စုံစမ်းသည့်စိတ် ဖြစ်လာ၏။
(သန္တီရဏစိတ် = Investigating Consciousness)

၈။ စုံစမ်းသည့်စိတ်ပြီးလျှင် ဆုံးဖြတ်သည့်စိတ် ဖြစ်လာ၏။
(ဝုဋ္ဌောစိတ် = Determining Consciousness)

၉-၁၅။ ဆုံးဖြတ်သည့်စိတ်ပြီးလျှင် ခံစားသည့်စိတ် (၇) ကြိမ်ဖြစ်လာ၏။
(ဇောစိတ် = Impulsion Consciousness)

၁၆-၁၇။ နောက်ဆုံးမှာကား အဆုံးသတ်စိတ် (၂) ကြိမ်ဖြစ်လာ၏။
(တဒါရုံ = Registering Consciousness)

ရုပ်၏သက်တမ်း (Life time of rupa)

ဤနေရာ၌ ရုပ်၏သက်တမ်းကိုလည်း တိကျစွာ ဖော်ပြရန် လိုအပ်လာပါသည်။ ရုပ်ကလာပ်တစ်ခုစီ၏ သက်တမ်းသည် စိတ်၏သက်တမ်းထက် (၁၇)ဆ (၀၊) စိတ္တက္ခဏ (၁၇) ချက်နှင့် ညီမျှသည်။ ဆိုလိုသည်မှာ စိတ်သည် ရုပ်ထက် (၁၇)ဆ မြန်နေသည်။

ဤ (၁၇)ဆဟူသော အခိုက်အတန့်ကို ခဏငယ်အားဖြင့် ရေတွက်ပါက ခဏငယ် (၁၇×၃=၅၁)ချက် ရှိပါသည်။ ထို့ကြောင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်တိုအတွင်း၌ ရုပ်ကလာပ်ကုဋေပေါင်း ၅၈၀၀ (၅၈×၁၀^{၉})ကျော် ဖြစ်၍ ပျက်၍ သွားနေသည်။ တစ်နည်းအားဖြင့် ရုပ်ကလာပ်တစ်ခု၏အသက်သည် လက်ဖျစ်တစ်တွက်၏ ကုဋေ (၅၈၀၀) ပုံ (၁)ပုံ ခန့်သာရှိသည်။ လက်ဖျစ်တစ်တွက်ကို တစ်စက္ကန့်ထား၍ စဉ်းစားမည်ဆိုလျှင် (၅၈×၁၀^{၉}) ဟူသောသခ်ၤာဖြင့် (၁)စက္ကန့်ကို စား၍ရလာသော အချိန်တိုကလေးသည် ရုပ်၏အသက်ဖြစ်သည်။

Cells ၏ သက်တမ်း

ဤနေရာ၌ အကြောင်းဆုံလာသောကြောင့် ဆေးသိပ္ပံပညာ၏ တွေ့ရှိချက်တစ်ခုကိုလည်း ဖော်ပြပါဦးမည်။ လူတိုင်းကြားဖူးသည့် Cells ဟုခေါ်သော ရုပ်ကလာပ်စည်းတစ်ခု၏ အသက်ရှင်နိုင်သည့် သက်တမ်းမှာ (Nano one second)သာ ရှိသည်။ (Nano one second) ဟူသည် (၁)စက္ကန့်၏ သန်းတစ်ထောင်ပုံ တစ်ပုံဖြစ်ပါသည်။ တစ်နည်းပြောရလျှင် (၁)စက္ကန့်ကို (10^{9})သန်း တစ်ထောင်နှင့်စား၍ ရသည့်အချိန်တိုမျှသာ ရုပ်ကလာပ်စည်းတစ်ခု အသက်ရှင်နိုင်သည်။

တစ်နည်း ထပ်၍ပြောရလျှင် (၁) စက္ကန့်ကို (၁)၏နောက်၌ သုည (၉)လုံးရှိသော သခ်ၤာဖြင့်စား၍ ရသောအချိန်တိုကလေးသာ ရုပ်ကလာပ်စည်းတစ်ခု၏ သက်တမ်းရှိသည်။ ထူးခြားနေသည်မှာ ဤရုပ်ဖြစ်စဉ်ကြီး တရစပ်ပေါ်ပြီး ပျောက်နေပါသော်လည်း လူပုဂ္ဂိုလ်၏ကိုယ်၌လည်းကောင်း၊ စိတ်၌လည်းကောင်း နာကျင်မှု၊ မချမ်းမြေ့မှု၊ မခံသာမှု တစ်စုံတရာ မခံစားရပါ။ ပကတိမျက်စိဖြင့်လည်း မမြင်ရပါဟု ယနေ့ခေတ် သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြား လာကြပါသည်။

ဤဓမ္မသဘာဝကို မည်သူကမျှဖြစ်လာစေရန်လည်း မပြုလုပ်နိုင်သကဲ့သို့ မည်သူကမျှ မဖြစ်လာစေရန်၊ ပျောက်ပျက်သွားစေရန်၊ အရှိန်အဟုန် ရပ်တန့်စေရန်လည်း လုပ်မရသည့် သဘာဝဥပဒေသကြီး (The law of nature) ဖြစ်သည်ဟု လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

ဒိဋ္ဌဓမ္မောနိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ကြ

လောက၌ ဘုရားတစ်ဆူ၊ တစ်ဆူ ပွင့်ထွန်းတော်မူမှသာ ဤမျှနက်နဲခက်ခဲသော တရားတော်များကို ကြားနာခွင့်ရပြီး သက္ကာယဒိဋ္ဌအရာ၌ အသိအမြင် စင်ကြယ်ကာ ဘဝသံသရာမှ လွတ်မြောက်သည့်အထိ ကျေးဇူးများမည်ဖြစ်သည်။

နှိုင်းဆ၍ မရနိုင်လောက်အောင် လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖြစ်၍၊ ပျက်၍ နေသော နာမ်တရားတို့၏အစဉ်ကို တန်ခိုးအာနုဘော်ကြီးမားသည့် နတ်မင်း၊ ဗြဟ္မာမင်း များကလည်း သူတို့၏ ကိုယ်ပိုင် အသိဉာဏ်စွမ်းပကားဖြင့် မမြင်နိုင်ရှာပေ။

ထို့ကြောင့် သူတို့၏အယူဝါဒက ဥစ္ဆေဒဒိဋ္ဌိမှ လုံးလုံးကင်းနေပါသော်လည်း သဿတဒိဋ္ဌိကြောင့်ပင် ပုထုဇဉ်ဘဝမှ မလွန်မြောက်နိုင်ခြင်းဖြစ်သည်။ လောကုတ္တရာ တရားကိုလည်း မျက်မှောက်မပြုနိုင်ခြင်းဖြစ်ပါသည်။

ဘဝပြောင်းသွားသောအခါ ဘာမှမပါ

ယခုတစ်ဖန် စဉ်းစားဆင်ခြင်ပြီး နားလည်ရန် ခက်ခဲလောက်အောင် စိတ်၏မြန်ဆန် နေပုံကို စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ဖြင့် ဘဝကူးမြန်ဆန်ပုံကို ဥပမာဆောင်၍ ပြပါ ဦးမည်။

လူပြည်၌ ကုသိုလ်ကောင်းမှုပြုခဲ့သည့် ဦးဖိုးလှသည် လူဘဝ၌ စုတိစိတ်ကျပြီးသည် နှင့် ခဏမခြား တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်သည် ဆိုကြပါစို့။ မိသားစုဝင်များက ဦးဖိုးလှ၏ အလောင်းကောင်ကြီးကိုကြည့်ပြီး ဝမ်းနည်းပူဆွေး၊ ငိုကြွေးနေကြပေမည်။ ဘကြီးဖိုးလှကွယ်လွန်ပြီး တစ်လပြည့်သောအခါ၌ လပတ်ဆွမ်းကျွေးပြီး ဘကြီးကို အောက်မေ့နေကြပေမည်။ တစ်နှစ်ပြည့်သောအခါ၌လည်း နှစ်လည်ဆွမ်းကျွေးပြီး ဘကြီးကို တမ်းတနေကြပေမည်။ ဤမျှဖြင့် အားမရသေးဘဲ ကြေးမုံသတင်းစာ၏ နာရေးအခန်း၌ ကြော်ငြာ၍လည်း လွမ်းဆွတ်တသကြောင်း၊ အမျှပေးဝေကြောင်း ဖော်ပြ ကြပေလိမ့်ဦးမည်။

အကယ်၍ သေဆုံးသွားသူသည် သားစွဲ၊ မယားစွဲ၊ အိုးစွဲ၊ အိမ်စွဲပြီး ပြိတ္တာဖြစ်နေပြီး သာဓုခေါ်ရမှန်းသိလျှင် သာဓုခေါ်ပေလိမ့်မည်။ အကယ်၍ အစွဲကြီးပြီး အသိဉာဏ်နုံချာ နေလျှင်မူ ကျောပေး၍သာ နေပေတော့မည်။ ယခု ဘကြီးဖိုးလှကမူ ကုသိုလ်ကောင်းမှု အား ကြီးမားသူဖြစ်သောကြောင့် နတ်ဗိမာန်ထဲတွင် အခြံအရံနတ်သမီးများစွာနှင့် ဒေဝါ ဖိုးလှဘဝ၌ ရွှင်ပျ၍နေပေတော့မည်။

ဤတွင် နတ်ဒေဝါဖိုးလှက ဆင်ခြင်မည်ဆိုလျှင် နတ်ဘုံဗိမာန်ကို သူရလာသည့် အကြောင်းကို သေသေချာချာသိနိုင်သည်။ သို့သော် လူ၏စုတိစိတ်ချုပ်သည်နှင့် ခဏ မခြား နတ်ဒေဝါ ပဋိသန္ဓေစိတ်ဖြစ်သည်ကိုမူ ဒေဝါဖိုးလှသာမက သူ့ထက်တန်ခိုး အာနုဘော်ကြီးမားသည့် နတ်မင်း၊ ဗြဟ္မာမင်းတို့ကလည်း မသိနိုင်ကြပေ။

ဤတွင် စိတ်တစ်လုံးစီ၏ ဖြစ်ပြီးပျက်နေသည့် နာမသန္တတိအစဉ် (Mental Process)ကိုမူ နတ်ဗြဟ္မာများကလည်း မသိနိုင်ကြပေ။ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ကြီးဖြင့်သာ သိတော်မူနိုင်သည့် သဘာဝတရား၏ လျှို့ဝှက်ချက်တစ်ခု ဖြစ်ပါသည်။

ခက်ခဲနက်နဲသည့် ဤလျှို့ဝှက်ချက်မှာ လူ့ပြည်မှ ဦးဖိုးလှကြီးက နတ်ပြည်သို့ ပြောင်းလာခြင်းမဟုတ်ပါ။ ဦးဖိုးလှဟူသော နာမ်ရုပ် (Mind & Matter)မည်သော သဘာဝ အလုံးစုံတစ်ခုမကျန် လူ့ပြည်၌ ပျက်သုဉ်းသွားပြီးဖြစ်သည်။ ပေါ်လာပြီးနောက် ချုပ်ပျောက်သွားပြီး ဖြစ်ပါသည်။ လူ ဦးဖိုးလှ၏ နာမ်ရုပ်နှင့် ဒေဝါ ဖိုးလှ၏ နာမ်ရုပ်တို့သည် သီးခြားစီဖြစ်သည်။ လူ့ပြည်မှ မည်သည့်ရုပ်တရား (Matter)မှ တာဝတိံသာနတ်ပြည်သို့ ရွှေ့မသွားသကဲ့သို့ မည်သည့်နာမ်တရား (Mind)မှ တာဝတိံသာနတ်ပြည်သို့ ရွှေ့မသွားပါ။

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ

ဤတွင် လူ့ပြည်ကဦးဖိုးလှနှင့် နတ်ပြည်က ဒေဝါဖိုးလှက 'လုံးဝမတူ တခြားစီလော'ဟူသော မေးခွန်းတစ်ခု ပေါ်ပေါက်၍လာပါသည်။ 'တူသည်'ဟုယူပါက သဿတဒိဋ္ဌိ အစွန်းငြိမည်။ မတူပါဟုယူပါက ဥစ္ဆေဒဒိဋ္ဌိ အစွန်းငြိမည်။ ဤသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ရပ်လုံးသည် ရုပ်နာမ်အပေါ်၌ အတ္တစွဲလမ်းမှုကို အရင်းခံ၍ ပေါ်ပေါက်လာကြခြင်းဖြစ်သည်။

'ရှေးဘဝက အတ္တဖြစ်သော ရုပ် သို့မဟုတ် နာမ်သည်ပင် ဘဝသစ်၌ ဆက်လက်ပါလာ၏'ဟုယူလျှင် 'သတ္တဝါသည် မပြတ်မစဲ မြဲ၏'ဟုယူသော သဿတအယူဘက်သို့ သက်ဝင်ပါသည်။ 'ရှေးဘဝက အတ္တဖြစ်သော ရုပ်နာမ်ဟူသမျှနှင့် လုံးဝ အဆက်အသွယ်မရှိ ပြတ်၏'ဟုယူလျှင်မူ ဥစ္ဆေဒအယူဘက်သို့ သက်ဝင်ပြန်သည်။

ထိုဒိဋ္ဌိနှစ်မျိုးမှ လွတ်ကင်းရန်မှာမူ 'ရှေးဘဝကအကြောင်းနှင့်လည်း မကင်းတတ်၊ တိုက်ရိုက်ပါလာခြင်းလည်းမရှိ'ဟုသာ ယူရမည်ဟု တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ သဂြိုဟ်ဘာသာဋီကာ၌ လာရှိပါသည်။[၁]

ဘဝကူးပြောင်းခြင်းဆိုင်ရာ အယူအဆများ

ဘဝကူးပြောင်းခြင်းနှင့် စပ်လျဉ်း၍ လောက၌ အယူအဆအမျိုးမျိုး ရှိကြသည်-

၁။ ပုဒ်မှစပြီး သုသာန်၌ ဘဝဆုံးသည်ဟူသော အယူအဆ၊

၁။ သဂြိုဟ်ဘာသာဋီကာ၊ အရှင်ဇနကာဘိဝံသ

၂။ လူ၏ခန္ဓာကိုယ်ထဲ၌ အမြဲရှိနေသည့် အသက် (သို့) လိပ်ပြာ (သို့) ဝိညာဉ် (သို့) အတ္တတစ်ခုခုက ထိုသူသေသွားသောအခါ၌ ထွက်လာပြီး မိခင်၏ဝမ်းထဲ၌ သန္ဓေအသစ် ယူသည်ဟူသော အယူအဆ၊

၃။ ဘုရားသခင် (သို့) ဖန်ဆင်းရှင်တစ်ပါးပါးက ဖန်ဆင်းပေးသောကြောင့် ဘဝ ဖြစ်လာရသည်ဟူသော အယူအဆနှင့်

၄။ အသက်၊ ဇီဝ၊ အတ္တ၊ လိပ်ပြာ၊ ဝိညာဉ်ဟူ၍မရှိဘဲ သူထူထောင်ထားခဲ့သည့် ကံအားလျော်စွာ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့၏ သတ္တိဖြင့် ဘဝတစ်ခု ဖြစ်ပေါ်လာသည်ဟူသော အယူအဆတို့ ဖြစ်သည်။

ဖော်ပြပါ အယူအဆ(၄)ပါးထဲက အမှတ်စဉ် (၁၊၂၃)တို့ကို မှန်ကန်ကြောင်း သက်သေထူပြရန် အလွန်ပင် ခက်ခဲပါသည်။ အယူအဆ (၄)ကိုမူ အသိဉာဏ်ရှိသည့် လူသားတိုင်း လက်ခံနိုင်လောက်သည့် လူဝင်စားဟူသော သက်သေများစွာနှင့် သေရွာပြန်တို့၏ ကိုယ်တွေ့ မှတ်တမ်းများစွာ ရှိပါသည်။ အဘိဓမ္မာတရား၊ ပဌာန်းတရားကို ထဲထဲဝင်ဝင် လေ့လာထားပါက အယူအဆ အမှတ်စဉ် (၄)ကို ငြင်းပယ်ရန်အကြောင်း လုံးဝမရှိနိုင်ပါ။ ဉာဏ်သက်ဝင်ပြီး စဉ်းစား ဆင်ခြင်နိုင်စွမ်းရှိသူတိုင်း ကျေကျေနပ်နပ် သဘောကျလက်ခံနိုင်ကြသည်။

စုတိနှင့် ပဋိသန္ဓေသည် စိတ္တက္ခဏတစ်ချက်သာကြားသည်

တစ်ဘဝ၏ နောက်ဆုံးအချိန်သို့ ရောက်နေသော သတ္တဝါတစ်ဦး၏သန္တာန်၌ မရဏာသန္နဇောစေပါသည်။ ထို့နောက် ပဋိသန္ဓေအကျိုးပေးမည့် ကံများစွာအနက်မှ အခွင့်သာသည့် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ တစ်ပါးပါးက ရှေးရှုထွက်ပြူလာသကဲ့သို့ သိသိသာသာ၊ ထင်ထင်ရှားရှားပေါ်လာသည်။ သို့မဟုတ် ထိုကံကို ပြုစဉ်အခါက ကြုံတွေ့ခဲ့ရသည့် အာရုံက ကမ္မနိမိတ်အဖြစ် ပေါ်လာတတ်သည်။ သို့မဟုတ် ထိုကံအကျိုးပေး၍ လားရောက်ရမည့် ဘုံဌာန၏ အာရုံနိမိတ်တို့က ဂတိနိမိတ်အဖြစ် ပေါ်လာတတ်သည်။ ဤဖြစ်စဉ်တို့သည် မသေခင်ကပင် ဤမှာဘက်ဘဝ၌ ဒိဋ္ဌမြင်တွေ့နေရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သေဆုံးခြင်းကို အဘိဓမ္မာသဘောဖြင့် လေ့လာပါက စိတ်အစဉ်အတန်းကြီးထဲက စုတိစိတ်တစ်လုံး ပေါ်လာပြီးနောက် ခဏမခြားပျောက်သွားသည်။ ထို့နောက် ပဋိသန္ဓေစိတ် တစ်လုံးပေါ်လာပြီးနောက် ခဏမခြား ပျောက်သွားသည်။ ထိုမှနောက်၌ စိတ္တနိယာမအတိုင်း ဘဝင်စိတ် စသည်တို့ပေါ်လာပြီး ဥပါဒ်၊ ဌိ၊ ဘင်။ ဥပါဒ်၊ ဌိ၊ ဘင် ဟူသော အစဉ်အတန်းကြီးမျှသာ ဖြစ်ပါသည်။ အသက်ရှင်နေခိုက် စဉ်ဆက်

မပြတ် ဖြစ်နေသည့် စိတ်အစဉ်တန်း (Mental continuity)ထဲ၌ပါနေသည့် ဘဝင်စိတ်နှင့် စုတိစိတ်၊ ပဋိသန္ဓေစိတ်တို့သည် မည်သည့် ထူးခြားမှုမှမရှိပါ။ သဘောသဘာဝ တူညီပါသည်။ အခေါ်အဝေါ်မျှသာ ကွဲပြားခြင်းဖြစ်သည်။

ဦးဖိုးလှနှင့် နတ်ဒေဝါဖိုးလှ

ဤအကြောင်းအရာသည် ခက်ခဲနက်နဲသဖြင့် ဥပမာဖြင့် ထပ်မံ၍ ပြဆိုပါဦးမည်။ သေငယ်ဇောနှင့် မြောနေသည့် ဦးဖိုးလှ စုတိစိတ်ကျသည်နှင့် အခြားစိတ်မခြားဘဲ နတ်ဘဝ၌ ဒေဝါဖိုးလှအဖြစ် ပေါ်လာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဦးဖိုးလှတစ်သက်တာ ထူထောင်ထားခဲ့သည့် ကံ၏သတ္တိကြောင့်ပင် ဒေဝါဖိုးလှ ပေါ်လာခြင်းဖြစ်ပါသည်။ အကယ်၍ ဦးဖိုးလှထူထောင်ထားခဲ့သည့် ကုသိုလ်ကောင်းမှုကံ မရှိပါက ဒေဝါဖိုးလှ ပေါ်လာရန် အကြောင်းမရှိပေ။

ဤတွင် ဦးဖိုးလှဘဝ၌ အကုသိုလ်ကံများကိုသာ ထူထောင်ထားခဲ့ပါက ကျွဲဖိုးလှ (ဝါ) နွား ဖိုးလှ (ဝါ) ပြိတ္တာ ဖိုးလှ (ဝါ) ငရဲသားဖိုးလှဟူ၍ သူထူထောင်ထားခဲ့သည့် ကံနှင့် ထိုက်တန်သောဘဝ ပေါ်လာပေမည်။

ထို့ကြောင့် ဦးဖိုးလှ၏ စုတိစိတ် ချုပ်သွားသည်နှင့် တစ်ပြိုင်နက်တည်း နတ်ဒေဝါဖိုးလှ ပဋိသန္ဓေစိတ်ပေါ်လာသည်။ ဦးဖိုးလှ၏ စုတိစိတ်မချုပ်မချင်း ဒေဝါဖိုးလှ၏ ပဋိသန္ဓေစိတ် ပေါ်မည်မဟုတ်ပါ။ ဤတွင် လူဦးဖိုးလှနှင့် နတ်ဒေဝါဖိုးလှက တူတူပေလော (ဝါ) သီးခြားစီလောဟု မေးစရာရှိလာပါသည်။ နတ်ဒေဝါ ဖိုးလှသည် လူ ဦးဖိုးလှ မဟုတ်ပါ။ အခြားသူ တစ်ဦးတစ်ယောက်လည်း မဟုတ်ပါပေ။

နစသော၊ နစအညော

ဤနေရာတွင် 'နစသော၊ နစအညော'ဟု စာပေ၌ လာရှိပါသည်။ 'သူလည်း မဟုတ်သလို အခြားတစ်ယောက်လည်း မဟုတ်ဘူး'ဟု ဆိုလိုသည်။[၁] အကြောင်းမှာ ဦးဖိုးလှ၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သည် လူ့ပြည်၌ ပျက်သုဉ်းခဲ့လေပြီ။ နတ်ဘဝသို့ တစိုးတစေ့၊ အစအနတစ်ခုမှ ပါမသွားပါ။ ထူထောင်ထားခဲ့သည့် ကံ၏သတ္တိ (Potential energy)ကသာ နတ်ဒေဝါ ဖိုးလှအဖြစ် ဘဝအသစ်ကို ထူထောင်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် 'နစသော၊ နစအညော'[၂]ဟု ဆိုခြင်းဖြစ်ပါသည်။

၁။ ဒေါက်တာနန္ဒမာလာဘိဝံသ၏ ပဋ္ဌာန်းမြတ်ဒေသနာ

၂။ ဓမ္မသင်္ဂဏိပဋ္ဌာန၊ အဒွါနဝဂ္ဂ၊ မိလိန္ဒပဉ္ဉပါဠိ (နှာ-၄၀)

ဤဖြစ်စဉ်တွင် ဦးဖိုးလှ၏ စုတိစိတ်ကလေးပေါ်ပြီး ပျောက်သွားသည်နှင့်တစ်ပြိုင်နက် ဒေါ်ဖိုးလှ၏ ပဋိသန္ဓေစိတ်အသစ်ပေါ်လာနိုင်ရန် "အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ အနန္တရူပနိဿယပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော"တို့က ကျေးဇူးပြုခြင်းဖြစ်သည်။ နက်နဲပါသည်။ ဤသို့ နက်နဲသောတရားတော်ကို ဗုဒ္ဓစာပေများ၌သာ တွေ့ရမည်ဖြစ်ပါသည်။

ကြားသိ၊ နာသိမှသည် စန္ဒာသိဖြစ်လာရန်

ဤမျှ ခက်ခဲနက်နဲသော တရားတော်ကို ဗဟုသုတအနေဖြင့် နာကြားခွင့်၊ ဖတ်ရှုခွင့်ရနေသော မိမိတို့၏သာသနာတွင်းသား ဖြစ်ခွင့်ရသောဘဝသည် အလွန်ပင် အရတော်နေပါသည်။ သို့ပါသော်လည်း ကြားသိ၊ နာသိမှသည် ခန္ဓာဉာဏ်တွေ့ သိခွင့်ရရန်မှာမူ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်ရမည်ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းဘာဝနာဟူသည် ဉာဏ်ပါရမီအားလျော်စွာ အသိဉာဏ်ပွင့်ထွန်းတတ်ပါသည်။ အချို့လည်း ကာလတိုအတွင်း တရားအသိတိုးပါသည်။ အချို့မှာမူ အချိန်ကာလ ကြာတတ်ပါသည်။ အချို့က ပင်ပန်းကြီးစွာ အားထုတ်ရသည်။အချို့က မပင်မပန်းဖြင့်ရသည်။ ဘဝါဘဝက မိမိတို့ ဖြည့်ကျင့်ဆည်းပူးခဲ့သည့် ပါရမီသည်သာ ပဓာနဖြစ်ပေသည်။

အာဠဝိပြည်သူ ရက်ကန်းသည်၏သမီးသည် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို (၃)နှစ်တိုင်တိုင် ကြိုးစားအားထုတ်ခဲ့သူဖြစ်သဖြင့် သူ၏အသိဉာဏ်ထဲ၌ သေခြင်းတရားအပေါ် အံ့သြဖွယ် အမြင်ပြောင်းနေသည်ကို ထူးခြားစွာ တွေ့ရပါသည်။

မရဏာနုဿတိ သုံးနှစ်မွားမျှားသည့် ရက်ကန်းသည်၏သမီး

မြတ်စွာဘုရားရှင်သည် အာဠဝီပြည်သို့ ကြွတော်မူပြီး ဒါယကာ၊ ဒါယိကာမတို့အား မရဏာနုဿတိကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူပါသည်။

*** အဓုဝံ မေ ဇီဝိတံ** ။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ အဓုဝံ၊ မမြဲလေစွတကား။

*** ဓုဝံ မေ မရဏံ** ။ မေ၊ ငါ၏။ မရဏံ၊ သေရခြင်းသည်။ ဓုဝံ၊ မြဲလေစွတကား။

*** အဝဿံ မယာ မရိတဗ္ဗမေဝ**။ မယာ၊ ငါသည်။ အဝဿံ၊ မခွဲတ်မယွင်း။ မရိတဗ္ဗမေဝ၊ သေရမည်သာတည်း။

*** မရဏာပရိယောသာနံ မေ ဇိဝိတံ**။ မေ၊ ငါ၏။ ဇိဝိတံ၊ အသက်ရှင်ခြင်းသည်။ မရဏာ-ပရိယောသာနံ၊ သေရခြင်းသာလျှင် အဆုံးရှိချေ၏ တကား။

*** ဇိဝိတမေဝ အနိယတံ** ။ ဇိဝိတမေဝ၊ အသက်ရှင်ခြင်းသည်သာလျှင်။ အနိယတံ၊ မမြဲလေစွတကား။

*** မရဏံ နိယတံ** ။ မရဏံ၊ သေရခြင်းကား။ နိယတံ၊ မြဲလေစွတကားဟူ၍ မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများကြကုန်လော့ဟု ဟောကြားတော်မူပါသည်။

ထိုမှနောက် သုံးနှစ်ခန့် ကာလကြာမြင့်လာသောအခါ၌ မြတ်စွာဘုရားရှင်သည် နံနက်စောစော မိုးသောက်သောအခါ လောကကို ကြည့်ရှုတော်မူပါသည်။ ဘုရားရှင်၏ ဉာဏ်ကွန်ယက်အတွင်းသို့ အာဠဝီပြည်သူ ရက်ကန်းသည်၏သမီး ဝင်ရောက်လာပါသည်။ ထိုသတို့သမီးငယ်သည် လွန်ခဲ့သောသုံးနှစ်က ဘုရားရှင်၏ တရားဒေသနာကို နာကြားရသောနေ့မှစ၍ ယနေ့တိုင်အောင် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနေခဲ့ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် သံဃာတော်များခြံရံလျက် အာဠဝီပြည်သို့ ကြွတော်မူပါသည်။

ထို့နေ့၌ တိုက်ဆိုင်စွာပင် သတို့သမီးငယ်သည် ဖခင်စေခိုင်းထားသည့် အရေးကြီးသည့် အလုပ်တစ်ခုကို လုပ်ရန်ရှိနေသည်။ ထို့ကြောင့် "ငါကား မြတ်စွာဘုရားရှင်၏ တရားတော်ကို နာလို၏။ ဖခင်သည်လည်း ငါ့ကို ဤသို့မှာသွားခဲ့၏။ အသို့နည်း၊ မြတ်စွာဘုရား တရားတော်ကို နာရအံ့လော၊ ထိုသို့မဟုတ် ဖခင်ထံ ရက်ဖောက်ကို ယောက်၍ လုံး၍ ဆောင်ယူအံ့လော"ဟု ကြံစည်သည်။

ထိုအခါ သူဆင်ခြင်သည်မှာ "ဖခင်သည် ရက်ဖောက်ကို မဆောင်ခဲ့သည်ရှိသော် ငါ့ကို ရိုက်မူလည်းရိုက်ရာ၏။ ပုတ်ခတ်မူလည်း ပုတ်ခတ်ရာ၏။ ထို့ကြောင့် ရက်ဖောက်ကို လုံး၍ ဖခင်အားပေးပြီးနောက်မှ တရားနာတော့အံ့"ဟု ဆုံးဖြတ်ပါသည်။

ထိုအချိန်၌ အာဠဝီပြည်သူပြည်သားတို့သည် မြတ်စွာဘုရားရှင်အား ဆွမ်းလုပ်ကျွေးပြီးလျှင် သပိတ်ကိုယူ၍ တရားနာခြင်းငှာ စုဝေးနေကြသော်လည်း မရဏာနုဿတိကို (၃)နှစ် (၃)မိုး ပွားများအားထုတ်သည့် သတို့သမီးငယ် မရောက်သေးသဖြင့် ဆိတ်ဆိတ်နေတော်မူသည်။

ထိုအချိန်၌ သတို့သမီးငယ်သည် ရက်ဖောက်တောင်းကိုယူ၍ ဖခင်ထံသို့သွားစဉ် ပရိသတ်၏ အစွန်အဖျားဌာနရပ်၍ မြတ်စွာဘုရားရှင်အားဖူးမြော်ပါသည်။

ဤသတို့သမီးငယ်သည် မကြာမီတွင် ပုထုဇဉ်အဖြစ်ဖြင့် သေလွန်တော့မည်ကို လည်းကောင်း၊ ပုထုဇဉ်ဂတိ မမြဲသည်ကိုလည်းကောင်း မြင်တော်မူသကဲ့သို့ တရားတော် နာပြီး သောတာပတ္တိဖိုလ်၌ တည်သွားလျှင်မူ တုသိတာနတ်ပြည်သို့ ရောက်မည်ကို ဘုရားရှင်၏ ဉာဏ်တော်၌ ထင်လာပါသည်။

ဘုရားရှင်သည် သတို့သမီးငယ်ကို အောက်ပါအတိုင်းမေးတော်မူပါသည်။

၁။ "သတို့သမီး - သင်သည် အဘယ်အရပ်မှ လာခဲ့လေသနည်း"ဟု မေးလျှင် "မသိပါဘုရား"ဟု ဖြေသည်။

၂။ "အဘယ်အရပ်သို့ သွားမည်နည်း"ဟု မေးလျှင် "မသိပါဘုရား"ဟု ဖြေသည်။

၃။ "မသိလေသလော"ဟု မေးလျှင် "မြတ်စွာဘုရား-သိပါသည်ဘုရား"ဟု ဖြေသည်။

၄။ "သိ၏လော"ဟု မေးလျှင် "မြတ်စွာဘုရား- မသိပါဘုရား"ဟု ဖြေသည်။

ထိုအခါ တရားနာရန် ရောက်ရှိနေသော လူအပေါင်းက ရက်ကန်းသည်၏ သမီး သည် ဘုရားရှင်အား မလေးမစား မချေမငံပြောသည်ဟု ထင်မြင်ယူဆသဖြင့် ကဲ့ရဲ့ကြ သည်။ မြတ်စွာဘုရားက လူအပေါင်း၏ အသံကိုတိတ်ဆိတ်အောင် ပြုတော်မူပြီးနောက်-

၁။ "သမီး အဘယ်အရပ်မှ လာခဲ့သနည်း ဟူသောမေးခွန်းကို အဘယ့်ကြောင့် 'မသိပါဘုရား'ဟု ဖြေဆိုဘိသနည်း"ဟု မေးတော်မူသည်။ ထိုအခါ "တပည့်တော်မ ရက်ကန်းသည်အိမ်မှ လာသည့်အဖြစ်ကို ဘုရားရှင်သိတော်မူပြီး ဖြစ်ပါသည်။ ဘုရားတပည့်တော်မ မည်သည့်ဘဝမှလာသည်ကို မသိသဖြင့် 'မသိပါဘုရား'ဟု ဖြေကြားခြင်းဖြစ်ပါသည်"ဟုလျှောက်ရာ ဘုရားရှင်က သာဓု ခေါ်တော်မူပါသည်။

၂။ "အဘယ်အရပ်သို့ သွားမည်နည်း" ဟူသောမေးခွန်းကို အဘယ့်ကြောင့် "မသိပါ ဘုရားဟူ၍ ဖြေဆိုဘိသနည်း"ဟု မေးတော်မူသည်။ "တပည့်တော်မ ရက်ဖောက်တောင်းယူလျက် ရက်ကန်းတင်းကုပ်သို့ သွားမည်အဖြစ်ကို ဘုရားရှင် သိတော်မူပြီးဖြစ်ပါသည်။ တပည့်တော်မ ဤဘဝမှ စုတေပြီး နောက် အဘယ်ဘဝ၌ဖြစ်မည်ကို မသိသဖြင့် 'မသိပါဘုရား'ဟု ဖြေကြားခြင်း ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားရာ ဘုရားရှင်က ဒုတိယအကြိမ်မြောက် သာဓုခေါ်တော်မူပါသည်။

၃။"မသိလေသလောဟူသော မေးခွန်းကို အဘယ်ကြောင့် သိပါသည်ဘုရားဟု ဖြေဆိုဘိသနည်း"ဟူ၍ မေးတော်မူသည်။ "တပည့်တော်မ သေရမည်ကို

သိပါသည်။ ထို့ကြောင့် 'သိပါသည်ဘုရား'ဟု ဖြေဆိုခြင်း ဖြစ်ပါသည်ဘုရား" ဟုလျှောက်ရာ ဘုရားရှင်က တတိယအကြိမ်မြောက် သာဓုခေါ်တော်မူပါသည်။

၄။ "သိသလောဟူသော မေးခွန်းကို အဘယ့်ကြောင့် 'မသိပါဘုရား'ဟု ဖြေဆိုဘိသနည်း"ဟူ၍ မေးတော်မူသည်။ "တပည့်တော်မ သေရမည်ကို သိပါသော်လည်း မည်သည့်အချိန်အခါ၌ သေမည်ကို မသိသောကြောင့် 'မသိပါဘုရား' ဟု ဖြေဆိုခြင်းဖြစ်ပါသည်ဘုရား"ဟု လျှောက်ရာ ဘုရားရှင်က စတုတ္ထအကြိမ်မြောက် သာဓုခေါ်တော်မူပါသည်။

ဘုရားရှင်သည် 'အန္ဓဘူတော'ဂါထာတော်ကို ဟောကြားတော်မူပါသည်။ ဒေသနာတော်၏ အဆုံး၌ သတို့သမီးသည် သောတာပတ္တိဖိုလ်၌တည်ပြီး များစွာသော လူအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာတော် ဖြစ်လေသည်။[၁]

သဿတဒိဋ္ဌိ စင်ကြယ်ရန် အဓေးကြီးသည်

ဘုရားရှင်ဟောကြားတော်မူနေသည့် တရားတော်ကို နာကြားနေသည့် ပရိသတ်ထဲတွင် တန်ခိုးအာနုဘော်ကြီးမားသော ဗြဟ္မာမင်းများလည်း ပါဝင်ပါသည်။ သူတို့က သတ္တဝါတစ်ဦး၏ အတိတ်ဘဝဖြစ်စဉ်ကို ဆင်ခြင်ကြည့်သောအခါ၌ တစ်ဘဝ၊ နှစ်ဘဝမက ဘဝတစ်ရာ၊ ဘဝတစ်ထောင် မဆိုထားဘိ ကမ္ဘာပေါင်း (၄၀)ကြာက ဖြစ်ခဲ့ဖူးသည့် ဘဝဟောင်းတို့ကိုပင် သိမြင်နိုင်စွမ်းရှိကြသည်။

ထို့ကြောင့် နတ်ဗြဟ္မာကြီးတို့၏ အသိဉာဏ်ထဲတွင် 'သတ္တဝါတွေ သေသွားကြသော်လည်း သူတို့၏ခန္ဓာကိုယ်ကောင်ကြီးထဲက ဝိညာဉ်၊ အတ္တက ထာဝရမပျက်မစီးဘဲ ဘဝအဆက်ဆက် လိုက်ပါနေတယ်'ဟူသော အယူဝါဒကို စွဲမြဲစွာယူကြသည်။ ထို့ကြောင့် နတ်ဗြဟ္မာတို့၏သန္ဓာန်၌လည်း သဿတဒိဋ္ဌိက ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်နေခြင်းဖြစ်သည်။

ဘုရားရှင်က ထိုထိုတရားနာနေကြသည့် ပုဂ္ဂိုလ်များ သဿတဒိဋ္ဌိ စင်ကြယ်ပြီး အသိအမြင် မှန်ကန်စေရန် အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ ဥပနိဿယပစ္စယော၊ နတ္ထိပစ္စယောနှင့် ဝိဂတပစ္စယောတို့ဖြင့် အကြိမ်ကြိမ် ဟောကြားတော်မူပါသည်။ နားလည်သဘောပေါက်ရန် လွန်စွာခက်ခဲသောကြောင့် အထပ်ထပ်ဟောတော်မူခြင်း ဖြစ်မည်ထင်ပါသည်။

၁။ ပေသကာရဓီတာဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၁၁၁)

ပုထုဇဉ်၏ ဆရာရှာရသည့်နှုန်း

ပုထုဇဉ်လူများကိုမဆိုထားဘိ တန်ခိုးအာနုဘော်ကြီးများသည့် နတ်ဗြဟ္မာတို့လည်း အသိအမြင် မစင်ကြယ်ခြင်းတည်းဟူသော (Wrong view, Wrong understanding) ကြောင့် လောကုတ္တရာတရားကို မျက်နှာမမူနိုင်ဘဲ ဖြစ်နေကြရှာသည်။

ဤသို့ လောကုတ္တရာတရားကို ကျော်ခိုင်းကာ သစ္စာမမြင်၊ သစ္စာမသိသည့် ပုထုဇဉ်တို့မည်သည် အမျိုးမျိုးအဖုံဖုံသော ဆရာ၏မျက်နှာကို မော်ကြည့်ရသည့်ဘဝမှ မလွန်မြောက်နိုင်ရှာပေ။ ဤဆရာ၏ဝါဒကို နှစ်သက်နေရာမှ ထိုဆရာ၏ဝါဒကို ကြိုက်ပြန်သည်။ ထိုဆရာ၏ဝါဒကို ကြိုက်ရာမှ အခြားသော ထိုထိုဤဤဆရာတို့၏ ဝါဒကို သက်ဝင် ယုံကြည်ပြန်သည်။

ထို့ကြောင့် ပုထုဇဉ်တို့၏ဘဝ၌ ဆရာတစ်ယောက်ပြီးတစ်ယောက် ပြောင်းနေရသည့် ဒုက္ခက ကြီးကျယ်သောကြောင့် ဘုရားရှင်က "ပုထု သတ္ထာရာနံ မုခုလ္လောကိကာတိ ပုထုဇ္ဇနာ"[၁] ဟု ဟောတော်မူထားပါသည်။ အဓိပ္ပာယ်မှာ ဆရာအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်ရသောကြောင့် ပုထုဇဉ်မည်သည်။ ကိလေသာ ထူပြောသောကြောင့်လည်း ပုထုဇဉ်မည်သည်။ ပုထုဇဉ်ဘဝဖြင့် သံသရာတစ်ခွင် ကျင်လည်နေသူတို့တွင် နတ်မင်းကြီးများလည်းပါသည်။ ဗြဟ္မာမင်းများလည်းပါသည်။ လူမင်းများလည်း မလွတ်ပေ။ အခြားအပါယ်သတ္တဝါကိုမူ အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။

ဤမျှ သို့လော၊ သို့လော ချီတုံ့၊ ချတုံ့ဖြစ်နေရသည်မှာ သစ္စာမမြင်၍ ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်စွမ်းသည့် အသိဉာဏ် မပြည့်စုံသောကြောင့်ဖြစ်သည်။ သစ္စာတရားကို ကိုယ်တွေ့သိရှိပြီးသည့် သောတာပန်ပုဂ္ဂိုလ်ကိုမူ မည်သူတစ်ဦးတစ်ယောက်ကမျှ သွေးဆောင်ဖြားယောင်း၊ ခြိမ်းခြောက်၍လည်းကောင်း၊ လှည့်စား၍လည်းကောင်း မရနိုင်ကောင်း တော့ပေ။

သောတာပန်ပုဂ္ဂိုလ်၏ နိုင်မြဲသည့်ယုံကြည်မှု

သာဓကတစ်ခု ပြပါမည်။ မြတ်စွာဘုရားရှင်ထံတော်ပါးမှ တရားနာကြားရ၍ နူနာရောဂါသည်တစ်ဦး သောတာပန်ဖြစ်လေသည်။ သူသည် မိမိရလာသော တရားတော်၏ ဂုဏ်ကို ဘုရားရှင်အား လျှောက်ကြားရန် ပရိသတ်ရှေ့သို့ သွားနေပါသည်။ ထိုအခါ

၁။ တိသမေတ္တေယျ သုတ္တနိဒ္ဒေသ၊ အဋ္ဌကထာဝဂ္ဂ၊ မဟာနိဒ္ဒေသပါဠိ (နှာ-၁၁၃)

သိကြားမင်းက သူ၏သဒ္ဓါတရားကို စုံစမ်းလိုသဖြင့် ကောင်းကင်၌ရပ်လျက် “လူဆင်းရဲလူနှုကြီး သင့်ကို ဥစ္စာပစ္စည်း အများကြီးပေးမယ်။ ဘုရားကို ဘုရားမဟုတ်ဘူး။ တရားကို တရားမဟုတ်ဘူး။ သံဃာကို သံဃာမဟုတ်ဘူး။ ဘုရား တရား သံဃာတို့ကို ငါအလို မရှိဘူးလို့ ပြောရမယ်”ဟု ခိုင်းလေသည်။

ထိုလူနှုသူဆင်းရဲက “သင်ဘယ်သူလဲ”ဟု မေးပါသည်။ နတ်တို့၏ အရှင်သခင် သိကြားမင်းကြီးဖြစ်ကြောင်းကို ပြောပြသောအခါ “အရှက်မဲ့တဲ့ သိကြားမိုက်၊ သင့်ကို ဖက်ပြုင်ပြီး ငါစကားမပြောလိုဘူး။ ကျုပ်ကို ဆင်းရဲတယ်လို့ မပြောပါနဲ့။ ကျုပ်မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ စတဲ့ သူတော်ကောင်းဥစ္စာတွေ ရှိတယ်”ဟု ခွန်းတုံ့ပြန်လေသည်။

ထိုအခါ သိကြားမင်းက ဘုရားရှင်ထံပါး ဤဖြစ်စဉ်ကို လျှောက်ထားရာ “သင်ကဲ့သို့ သိကြားမင်း အယောက်တစ်ထောင်ကလည်း သူ၏သဒ္ဓါတရားကို ဖျက်နိုင်တော့မည် မဟုတ်”ဟု မိန့်ကြားတော်မူသည်။[1] သောတာပန်ပုဂ္ဂိုလ်၏ သဒ္ဓါတရားသည် ဤမျှ ခိုင်မြဲသွားပါတော့သည်။

အကယ်၍ သောတာပန်မဖြစ်စေကာမူ ‘ရုပ်တရား၊ နာမ်တရား’ဟူသော တရားစကားကို ကဿပဘုရားရှင်လက်ထက်တော်၌ ကြားနာဖူးသည့် ပုဏ္ဏားဇနီးမောင်နှံတို့သည် ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ကို တက်လှမ်းနိုင်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ နာကြားမှတ်သား သိရှိသဘောပေါက်ထားသည့် တရားအသိတို့သည် ဘုရားတစ်ဆူနှင့် တစ်ဆူကြား ရှည်ကြာကာလတိုင်အောင် မပျောက်မပျက်ဘဲ ကျေးဇူးပြုနိုင်စွမ်းရှိကြောင်းကို အောက်ပါဝတ္ထုဖြင့် သာဓကပြု၍ ဖော်ပြပါမည်။

ရုပ်တရား၊ နာမ်တရားကို နာကြားဖူးသည့် ပုဏ္ဏား၏ အိမ်ဧရှ့ ဘုရားရှင် ကြွတော်မူသည်

ဘုရားရှင်ကိုယ်တော်တိုင် အိမ်ရှေ့အထိ ကြွရောက်ချီးမြှောက်တော်မူခဲ့သည့် ပုဏ္ဏားကြီး၏အမည်မှာ ‘ပဉ္စင်္ဂဒါယကာ’ဟုခေါ်သည်။ ‘ငါးခုသော အဂိုးအဖျားတို့ကို လှူသော သူ’ဟု အဓိပ္ပာယ်ရသည်။

၁။ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု၊ ဗာလဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၃၀၂)

ထိုပုဏ္ဏားကြီးလျှဒါန်းလေ့ရှိသည့် ငါးခုသော အလျှူဟူသည်မှာ (၁) ရိတ်သိမ်းစဉ် အခါ၌လျှူသော လယ်ဦးအလျှူ (၂) တလင်း၌ စပါးနယ်သောအခါလျှူသော တလင်းဦး အလျှူ (၃) စပါးကျီထဲ ထည့်သွင်း သိုလှောင်သောအခါ၌လျှူသော ကျီဦးအလျှူ (၄) ထမင်း ချက်သောအခါ၌လျှူသော ထမင်းဦးအလျှူနှင့် (၅) ထမင်းစားပန်းကန်၌ ထမင်းခူး ထည့်သောအခါ၌လျှူသော စားဦးအလျှူတို့ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ထိုပဥ္စဂ္ဂဒါယကာပုဏ္ဏားနှင့် ပုဏ္ဏေးမကြီးတို့သည် အနာဂါမိ ဖိုလ်၌ တည်နိုင်မည့်အကြောင်း ဥပနိဿယကို မြင်တော်မူပါသည်။ ထို့ကြောင့် ပုဏ္ဏားကြီး ထမင်းစားသောအခါ၌ ကြွသွားတော်မူပြီး အိမ်ရှေ့တံခါးဝ၌ ဆွမ်းရပ်နေတော်မူပါသည်။

ပုဏ္ဏားကြီးသည် တံခါးကိုကျောပေးထားသဖြင့် ဘုရားရှင်အား မဖူးမြင်ရပေ။ သို့သော် ပုဏ္ဏေးမကမူ ပုဏ္ဏားကြီးကို ထမင်းခူးခပ်ကျွေးနေသဖြင့် ဘုရားရှင်ကို မြင်သည်။ ထိုအခါ ပုဏ္ဏေးမ၏စိတ်ဝယ် 'ဤပုဏ္ဏားကြီးကား ငါးပါးသောအဦးကို လျှူပြီးမှစား၏။ ယခု ရဟန်းဂေါတမကို ဖူးမြင်ရ၍ ထမင်းအားလုံးလျှူခဲ့သော် ထမင်းချက်ဖို့ ငါမတတ် နိုင်တော့ဘူး'ဟု တွေးနေသည်။

ထို့ကြောင့် ပုဏ္ဏေးမက ဘုရားရှင်အား ပုဏ္ဏားကြီးမြင်မည်ကို စိုးရိမ်သောကြောင့် "ကန်တော့ဆွမ်းပါ"ဟု တိုးတိုးလေးပြောသည်။ ထိုအခါ ဘုရားရှင်သည် 'ငါမကြွသွား လတ္တံ့'ဟု ဦးခေါင်းတော်ကို လှုပ်ယမ်းတော်မူပါသည်။ ပုဏ္ဏေးမသည် ဘုရားရှင်၏ ထိုအမူအရာကို မြင်ပြီး တခစ်ခစ်ရယ်လေသည်။ ပုဏ္ဏေးမ၏ရယ်သံကြောင့် ပုဏ္ဏားက နောက်လှည့်ကြည့်သောအခါ၌ မြတ်စွာဘုရားရှင်အား ဖူးမြင်ရလေသည်။

ထိုအခါ ပုဏ္ဏားကြီးသည် ထက်ဝက်စားပြီးသော ထမင်းပန်းကန်ကိုယူပြီး "အို ရှင်ဂေါတမ တပည့်တော်သည် ငါးပါးသောအရာဌာနတို့၌ အဦးကိုပေးလျှူပြီးမှသာ စားပါသည်။ ဤထမင်းကိုလည်း တပည့်တော်သည် အလယ်၌ခွဲ၍ တစ်ခြမ်းကိုသာ စားရပါသေးသည်။ ကြွင်းကျန်သောထမင်းကို အလျှူခံတော်မူပါအံ့လော"ဟု မယုတ်မလွန် လျှောက်ထားပါသည်။

ဘုရားရှင်သည် 'ငါဘုရားအား သင်၏ စားကြွင်းထမင်းဖြင့် အလိုမရှိကုန်ပြီ'ဟု မိန့်တော်မမူဘဲ "ပုဏ္ဏားကြီး- အဦးသည်လည်း ငါဘုရားအား လျှောက်ပတ်၏။ အလယ်၌ ခွဲ၍ ထက်ဝက်စားအပ်ပြီးသော စားကြွင်းလည်း ငါဘုရားအား လျှောက်ပတ်၏။ အဆုံးစွန် သော ထမင်းဆုပ်သည်လည်း ငါဘုရားအားသာလျှင် လျှောက်ပတ်၏။ ပုဏ္ဏားကြီး- ငါဘုရားတို့သည် သူတစ်ပါး ပေးကမ်းသည်ကိုမှီ၍ အသက်မွေးခြင်းရှိသော ပြိတ္တာနှင့် တူကြကုန်၏"ဟု ဘုရားရှင်က အလွန်နှိမ့်ချပြီး မိန့်တော်မူပါသည်။

ပုဏ္ဏားကြီးသည် ဘုရားရှင်၏နှုတ်တော်မှ ထိုစကားကို ကြားရသောအခါ၌ အလွန်အမင်း ကြည်ညိုစိတ်များ တဖွားဖွားပေါ်လာကာ ဩော် - အံ့ဖွယ်ရှိပေစွတကား၊ သုံးလောကထွဋ်ထားဘုရားရှင်သည် 'ငါ့အား သင်၏ စားကြွင်းထမင်းဖြင့် အလိုမရှိဟု မိန့်တော်မမူဘဲ ဤမျှနှိမ့်ချစွာ မိန့်မြွက်တော်မူပါပေတယ်'ဟု တွေးဆင်ခြင်ပြီးနောက် "အဘယ်မျှဖြင့် ဘိက္ခုမည်သောသူ ဖြစ်ပါသနည်းဘုရား"ဟု မေးလျှောက်ပါသည်။

ထိုအခါ ဘုရားရှင်သည် ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့အား သင့်လျော်သောတရားကို ဟောရန် ဆင်ခြင်တော်မူရာတွင် 'ဤသူတို့သည် ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ ရဟန်းတို့၏ထံပါးမှ နာမ်ရုပ်ဟူသော တရားစကားကို ကြားနာရဖူးသည်'[၁]ဟု ဉာဏ်တော်၌ ပေါ်လာပါသည်။

ထိုကြောင့် နာမ်ရုပ်နှင့် စပ်လျဉ်းသော တရားစကားကို ဟောကြားတော်မူရာ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုကြလေတော့သည်။ ထို့ကြောင့် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော ပဋ္ဌာန်းတရားတော်၏သတ္တိက ဘုရားတစ်ဆူနှင့် တစ်ဆူကြား ခြားသည့်တိုင် ကြီးမား ကျယ်ပြန့်လှပါပေတော့သည်။

သီရန်စက်ခဲသည့် စုတိနှင့်ပဋိသန္ဓေ

သဒ္ဓမ္မဇောတိက ပဋ္ဌာန်းကျမ်းပြုဆရာကြီး ဦးကျော်ထွဋ်က သူ၏ သဒ္ဓမ္မဇောတိက ပဋ္ဌာန်းကျမ်း၌ "ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်များသေတော့ အခုဒီလူပြည်ကအိမ်ထဲမှာ ငိုနေကြတယ်။ သေသွားတဲ့သူက နတ်ဗိမာန်မှာ နတ်သမီးတွေနဲ့ ပျော်နေပြီ"ဟူ၍ စုတိနှင့် ပဋိသန္ဓေ၏ လျင်မြန်ပုံကို သဘာဝကျကျ ဖော်ပြထားပါသည်။

နတ်ဗြဟ္မာတို့က ယခုကဲ့သို့ စုတိပဋိသန္ဓေစိတ်အစဉ်ကို နားလည်ရန် ခက်ခဲသောကြောင့် သဿတဒိဋ္ဌိအယူကို ယူကြသကဲ့သို့ လူ့လောက၌မူ 'ဘဝဆိုတာ ပုခက်ကနေ စပြီး သချိုင်းကုန်းမှာ ပြီးဆုံးသွားတာပဲ' ဟုယူဆကြခြင်းမှာ ဥစ္ဆေဒဒိဋ္ဌိအယူကို ယူနေကြပြန်သည်။

ထိုဒိဋ္ဌိအယူကို ယူကြသည့်လူများက ဝိပဿနာတရားအားထုတ်ပြီးနောက် နာမ်တရားတို့၏ နာမသန္ဋာတိအစဉ်ဟူသော ဖြစ်၊ တည်၊ ပျက်အစဉ်ကို နားလည်သဘောပေါက်လာကြသောအခါ၌ 'သတ္တဝါဟာ သေပြီးနောက်ဘဝမရှိ ပြီးပြတ်လေပြီ'ဟူသော ဥစ္ဆေဒဒိဋ္ဌိ အစွဲကင်းလွတ်သွားနိုင်သည်။

၁။ ပဥ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၃၆၇)

အမှန်တကယ်အားဖြင့်မူ လူ့လောကၦ သေပြီးနောက် ဘယ်ဘဝဖြစ်သွားသည်ဟူ၍ မြင်လည်းမမြင်၊ သိလည်းမသိသော အနွဓာလတို့အဖို့ 'သေပြီးနောက်ဘဝမရှိ' ဟူသော ဥစ္ဆေဒအယူကို ယူရန် လွယ်ကူနေခြင်း ဖြစ်သည်။ သို့သော် နတ်ဗြဟ္မာတို့ကမူ သေပြီးနောက် ဘဝဖြစ်နေသည်ကို မျက်မြင်ဒိဋ္ဌ ဖြစ်နေသောကြောင့် ဥစ္ဆေဒဒိဋ္ဌိအယူကို ယူရန် မဖြစ်နိုင်သော်လည်း သဿတဒိဋ္ဌိမှ မလွတ်မြောက်ပြန်ပေ။ ထို့ကြောင့် အသိမှား၊ အမြင်မှား ဒိဋ္ဌိ (Wrong view, Wrong understanding) အရာၦ တူတူပင် ဖြစ်ပါသည်။

သက္ကာယဒိဋ္ဌိ၏ ဘုံသုံးဆင့်

ထိုသက္ကာယဒိဋ္ဌိသည် သတ္တဝါတို့၏ ကိုယ်ခန္ဓာတွင် ဘုံသုံးဆင့်ဖြင့် တည်ထောင်ကာနေ၏ဟု လယ်တီဆရာတော်ကြီး၏ ဒီပနီကျမ်းများၦ်လာရှိသည်။ ၎င်းဘုံသုံးဘုံတွင် ပထမဘုံသည် အနုသယဘုံ၊ ဒုတိယဘုံမှာ ပရိယုဋ္ဌာနဘုံ၊ တတိယဘုံသည် ဝီတိက္ကမဘုံ ဖြစ်သည်။

ကာယကံ သုံးပါး၊ ဝစီကံ လေးပါးကို ဝီတိက္ကမဘုံဟုဆိုသည်။ မနောကံကို ပရိယုဋ္ဌာနဘုံ ဟုဆိုသည်။ ကံသုံးပါးသို့ မရောက်သေးမူ၍ ကံသုံးပါး၏ အမြစ်မူလ ဗီဇမျိုးစေ့အနေနှင့် ကိုယ်ခန္ဓာတစ်ခုလုံးၦ် ကိန်းဝပ်တည်ထောင်၍ အနုမတဂ္ဂသံသရာၦ် အစဉ်အမြဲလိုက်ပါ၍နေသော ဒိဋ္ဌိကို အနုသယဘုံဆိုသည်။

ဒိဋ္ဌိဒုစရိုက်တို့ကို ဖြစ်ပွားစေနိုင်သော အာရုံတရားတို့သည် စက္ခုစသော ဒွါရခြောက်ပါးတို့တွင် တစ်ခုခုသောဒွါရၦ် ထိခိုက်လာကုန်သည်ရှိသော် ထိုဒိဋ္ဌိ၏ အပွားအစီးဖြစ်သော အကုသိုလ်စုသည် အနုသယဘုံမှ ထကြွ၍ ပရိယုဋ္ဌာနဘုံကို ပြည့်စေ၍တည်၏။ မနောကံအဖြစ်သို့ ရောက်၍ တည်လေ၏ဟု ဆိုလိုသည်။

မနောကံအဖြစ်တွင် မငြိမ်းနိုင်ရှိပြန်သော် ပရိယုဋ္ဌာနဘုံမှ ထကြွသောင်းကျန်း၍ ဝီတိက္ကမဘုံကို ပြည့်စေ၍ တည်လေ၏။ ထိုအခါ ကာယကံ၊ ဝစီကံအဖြစ်သို့ ရောက်လေသည်။[၁]

ဒိဋ္ဌိနှင့် မဂ္ဂင်

သက္ကာယဒိဋ္ဌိ၏ အစီးအပွားဖြစ်သော ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါးတို့ကို ပယ်ရှားခြင်းငှာ သီလက္ခန္ဓမဂ္ဂင် (၃)ပါးကို ထူထောင်ရမည်။ အာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်၍ စောင့်ထိန်းရမည်ဟု ဆိုလိုသည်။

၁။ လယ်တီဆရာတော်ကြီး၏ မဂ္ဂင်္ဂဒီပနီကျမ်း

သက္ကာယဒိဋ္ဌိ၏ အစီးအပွားဖြစ်သော မနောဒုစရိုက် (၃)ပါးကို ပယ်ရှားခြင်းငှာ သမာဓိကျွန်မဂ္ဂင် (၃)ပါးကို ထူထောင်ရမည်။ အာနာပါနကမ္မဋ္ဌာန်းအလုပ်၊ အဋ္ဌက ကမ္မဋ္ဌာန်းအလုပ်၊ ကသိဏ်းကမ္မဋ္ဌာန်းအလုပ် စသည်တို့တွင် တစ်ခုခုကို တည်ထောင်၍ ယုတ်စွအဆုံး တစ်နေ့တစ်ညဉ့်အဖို့တွင် တစ်နာရီမျှသော်လည်းကောင်း စိတ်တည်ကြည် ခွင့်ရအောင် နေ့စဉ် စွဲမြဲရမည်ဟု ဆိုလိုသည်။

ထို့နောက်တွင် သက္ကာယဒိဋ္ဌိ၏ ပထမဘုံကြီးကို ပယ်သတ်ခြင်းငှာ ပညာမဂ္ဂင် ၂ ပါးကို ထူထောင်ရမည်။ မိမိသန္တာန်၌ရှိသော ရုပ်တရား၊ နာမ်တရားတို့တွင် ထင်ရှား လှစွာသော တစ်ခုခုသော ရုပ်တရား၊ နာမ်တရား၌ အနိစ္စရှုနည်းကို ထူထောင်၍ အသက် ထက်ဆုံး အခွင့်သာသမျှ ကြိုးစားအားထုတ်၍ ရှုရမည်ဆိုလိုသည်။[၁]

ပုထုဇဉ်၊ စသက္ခမှသည်ရဟန္တာ

သောတာပတ္တိမဂ်ဓာဒ္ဌ ကံကိလေသာအချို့ကို အကြွင်းမဲ့ ပယ်ခွာနိုင်ခဲ့သော ကြောင့် ပုထုဇဉ်အဖြစ်မှသည် အဖြစ်တစ်မျိုးပြောင်းကာ အရိယာသောတာပန်ဖြစ် လာသည်။ ထိုနည်းအတူ သကဒါဂါမိမဂ်ဓာဒ္ဌလည်း သောတာပန်အဖြစ်မှပြောင်းကာ သကဒါဂါမ်အဖြစ်သို့ ရောက်သည်။ ထိုနည်းအတူ အနာဂါမိမဂ်ဓာဒ္ဌလည်း အနာဂါမ် အဖြစ်မှပြောင်းကာ ရဟန္တာအဖြစ်သို့ ရောက်သည်။

ဤတွင် ပုထုဇဉ်ဘဝမှသည် သောတာပန်အဖြစ် တက်လှမ်းနိုင်ရေးအတွက် ဝိပဿနာရှုပွားရာတွင် နာမရူပပရိစ္ဆေဒဉာဏ်က အစပြုရပါသည်။ ကျင့်ဆဲ သေက္ခ အရိယာပုဂ္ဂိုလ်တို့၏ ဝိပဿနာမှာမူ ဉဒယဗ္ဗယဉာဏ်မှ အစပြုမြဲဖြစ်သည်။

ဖလသမာပတ်ဝင်စားခြင်း

ဖလသမာပတ်ကို ဝင်စားလိုသော အရိယာပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ကပ် ရောက်ကာ ဉဒယဗ္ဗယဉာဏ်မှအစပြုလျက် သခ်ါရတို့ကို ရှုရသည်။ ဉာဏ်အဆင့်ဆင့် အစဉ်အတိုင်းတက်ကာ အနုလောမဉာဏ်၏အဆုံး၌ ဖိုလ်သို့ရောက်ရှိ၍ ထိုဖိုလ်စိတ် အစဉ်သည် နိဗ္ဗာန်သို့အာရုံပြုလျက် နေပါတော့သည်။ ပိုင်းခြားအပ်သော ကာလအတိုင်း ဖိုလ်စိတ် အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်နေခြင်းကိုပင် ဖလသမာပတ်ဟုဆိုသည် ထို့ကြောင့် ဖလသမာပတ်ဝင်စားခြင်းအကြောင်းကိုဟောရာ၌ အလုံးစုံသော သခ်ါရနိမိတ် တို့ကို နှလုံးမသွင်းခြင်း၊ အနိမိတ္တဓေါ် နိဗ္ဗာနဓာတ်ကို နှလုံးသွင်းခြင်းဟူ၍ အကြောင်း နှစ်ပါး ဟောကြားတော်မူခြင်းဖြစ်သည်။[၂၃]

၁။ ၂။၃။ လယ်တီဆရာတော်ကြီး၏ မဂ္ဂင်္ဂဒီပနီကျမ်း

မဂ်ဉာဏ်ဖြင့် ကိစ္စလေးပါးသိသည်

မဂ်ဉာဏ်ဖြင့် ကိစ္စလေးပါးသိပုံကို ဖယောင်းတိုင်မီးဖြင့် ဥပမာပြပါမည်။ ဖယောင်းတိုင်မီးသည် မီးစာကိုလောင်စေခြင်း၊ အမှောင်ကို ဖျောက်ခြင်း၊ အလင်းကိုပေးခြင်းနှင့် ဖယောင်းဆီကို ခန်းစေခြင်းဟူသော ကိစ္စလေးပါးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပြုနိုင်သကဲ့သို့ မဂ်ဉာဏ်သည်လည်း ဒုက္ခကိုသိခြင်း၊ သမုဒယကိုပယ်ခြင်း၊ မဂ္ဂကိုပွားခြင်းနှင့် နိရောဓကို မျက်မှောက်ပြုခြင်းတည်းဟူသော ကိစ္စလေးပါးကို တစ်ပြိုင်နက်တည်း ပြီးစေနိုင်သောကြောင့် မဂ်ကိစ္စလေးချက်ဟု ခေါ်သည်။

ယခုကဲ့သို့ သောတာပတ္တိမဂ်ဖြင့် ကိစ္စလေးပါးကို ကိုယ်တိုင် ပိုင်ပိုင်သိထားသော အရိယာပုဂ္ဂိုလ်သည် မဂ်၏ဂုဏ်အရ အရိယာဖိုလ်ကို ပိုင်နိုင်ပါတော့သည်။ ထို့ပြင် ယုံမှားမှုအမျိုးမျိုးမှ လွန်မြောက်ကာ ဘုရားရှင်မှတစ်ပါး အခြား အားထားယုံကြည်ကိုးကွယ်ရာမရှိတော့ပြီဟု ရဲဝံ့စွာ ဆုံးဖြတ်နိုင်ပါတော့သည်။

ထိုပုဂ္ဂိုလ်သည် အခြားအယူတစ်ပါးပါးကြောင့် ဘဝခြားသွားသည့်တိုင် မယိမ်းယိုင်တော့ပါ။ ခုဒ္ဒကနိကာယ်၌ ပြထားသော ဥပမာတစ်ခုရှိပါသည်။ အလွန် ခိုင်ခံ့မြဲမြံစွာ စိုက်ထူထားသော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာတို့မှ လေပြင်းမုန်တိုင်းများ တိုက်ခတ်ပါသော်လည်း မလှုပ်ခါစေနိုင်သကဲ့သို့ သောတာပန်၏ ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှုကိုလည်း မည်သည့်ဘာသာ အယူဝါဒကမျှ မလှုပ်ခါစေနိုင်တော့ပါ။ မယိမ်းယိုင်စေနိုင်တော့ပါ။[၁]

နတ္ထိပစ္စယောဆုတောင်း

"ဆီမီးငြိမ်းသွားခြင်းသည် အလင်းရောင်ကွယ်ပျောက်ပြီး
အမိုက်မှောင် ဖြစ်ပေါ်လာသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း
မကောင်းသော အကုသိုလ်နာမ်တရားတို့ ကွယ်ပျောက်ပြီး
ကောင်းမွန်မြင့်မြတ်သော ကုသိုလ်နာမ်တရားတို့
စဉ်ဆက်မပြတ်ပေါ်လာကာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တိုင် ကျေးဇူးပြုနိုင်ပါစေသား"-

---

၁။ ရတနသုတ္တ၊ စူဠဝဂ္ဂ၊ သုတ္တနိပါတပါဠိ (နှာ-၃၁၃)


နတ္ထိပစ္စယော သိမ့တ်ပွယ်

နတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံမှာ

နတ္ထိပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind)ကို ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။

နတ္ထိပစ္စယော (ကု-ကု၊ ကု-ဗျာ) ဝိထိ

၁- အနုလောမံ ဂေါတြဘုသ နတ္ထိပစ္စယေန ပစ္စယော (ကု-ကု)
၂- ဂေါတြဘု မဂ္ဂသ နတ္ထိပစ္စယေန ပစ္စယော (ကု-ကု)
၃- မဂ္ဂေါ ဖလသ နတ္ထိပစ္စယေန ပစ္စယော (ကု-ဗျာ)



မဟာကုညသံ - ၄

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါးတို့ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါး ဖြစ်သည်။ နတ္ထိပစ္စည်းသည်အနန္တရ မျိုးခြင်း ပါဝင်၏။

၁။ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး၏ ပရမတ္ထသရူပဘေဒနီကျမ်းနှင့် ထန်းတပင်သာသနာပိုင် ဆရာတော်အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဌိတို့ကို မှီငြမ်းသည်။

၂၃။ ဝိဂတပစ္စယော
ကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း
Vigata Paccaya (Disappearance condition)

ပစ္စယနိဒ္ဒေသ

ဝိဂတပစ္စယောတိ - သမနန္တရ ဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

Disappearance condition (Vigata Paccaya)

The just disappeared phenomena consciousness and mental factors are related to the present consciousness and mental factors by disappearance condition.

ဝိဂတပစ္စည်း၏ ဥပမာနှင့် ဥပမေယျ

“နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့”ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူသည်နှင့်အညီ နေရောင်ကင်းပျောက်သည်နှင့် လ၏အရောင် ဖြစ်ပေါ်လာသကဲ့သို့ ရှေးရှေး စိတ်၊ စေတသိက် နာမ်တရားတို့ ပျောက်ကွယ်သွားခြင်းဖြင့် နောက် နောက်စိတ်၊ စေတသိက်၊ နာမ်တရားများအား ဖြစ်ပေါ်ခွင့်ရအောင် ကျေးဇူးပြုသည်။[၁]

တစ်နည်းအားဖြင့် နေရောင်ကင်းပျောက်ခြင်းသည် လ၏အရောင် ထွန်းလင်းလာရန် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးနာမ်တရားအစုတို့က ချုပ်ကွယ်ကင်းပျောက်ခြင်းသည် နောက်နောက် နာမ်တရားအစုတို့အား ဖြစ်ခွင့်ရလာရန် ကျေးဇူးပြုသည်။

Vigata Paccaya

Number twenty three is Vigata Paccaya, disappearance condition. It is compared to the disappearance of the sun at night. When the sun goes down, there is darkness. The disappearance of the sun makes it possible for darkness to arise. Vigata is also the same as Anantara.[၂၃]

၁။ ပဋ္ဌပကရဏအဋ္ဌကထာ-ဆဋ္ဌမူ။

၂။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၃။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

ရဟန္တာ၏ စုတိစိတ်နောက်၌ ဒုတိယစိတ်မဖြစ်တော့ပါ

ရဟန္တာတို့၏ စုတိစိတ်နောက်၌ စိတ်အစဉ်ပြတ်ပြီး ဒုတိယစိတ်မဖြစ်သည့် အကြောင်းကို ဤနေရာ၌ ဖော်ပြပါမည်။ “ရဟန္တာတို့မှာ စုတိစိတ်ဖြစ်ပြီးတဲ့နောက် ဒုတိယစိတ်မဖြစ်တာဟာ ပစ္စယမထားခဲ့လို့မှတ်ပါ။ ပထမဇော၌ ရှိတဲ့ဖဿသည် ဖုသန လက္ခဏာ၊ ဝေဒနာကလည်း ဝေဒယိတီလက္ခဏာ၊ သညာကလည်း သဉ္ဇာနန လက္ခဏာ၊ ဤကဲ့သို့ စသည်ဖြင့် လက္ခဏာတွေမထားခဲ့ဘဲ လက္ခဏာနှင့်တကွ ချုပ်ငြိမ်း ရုပ်သိမ်းသွားတာဟာ ဝိဂတဟုမှတ်ပါ။ ၎င်းရုပ်သိမ်းပြီးသည့်နောက် “နောက်စိတ်ဖြစ်ရစ်တော့”ဟု ဆိုတာက ပစ္စယဟုမှတ်ပါ”ဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်း ညဝါမှတ်စု၌ ဤသို့ နားလည်လွယ်သည့် ဥပမာတို့ဖြင့် ဖော်ပြပါရှိပါသည်။[၁]

ရှေးဆရာမြတ်များ၏ အယူအဆ

အချို့ဆရာမြတ်များက နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့သည် အရတူ နှစ်မျိုး၊ နှစ်တွဲဖြစ်သည်။ ဘုရားရှင်က ဝေါဟာရကွဲပြားစွာ ဟောတော်မူခြင်းသည် အချို့သောနတ်ပြဟ္မာတို့က ဝိဂတနှင့် အဝိဂတဖြင့်ဟောမှ နားလည်နိုင်ပြီး၊ အချို့ကမူ အတ္ထိနှင့် နတ္ထိပစ္စည်းဖြင့် ဟောတော်မူမှ နားလည်နိုင်မည်ဖြစ်သောကြောင့် ပုဂ္ဂလဏ္ဌာသယ အားလျော်စွာသာဖြစ်ကြောင်း ထောက်ပြတော်မူကြသည်။

တစ်ဖန် အချို့ဆရာမြတ်များကမူ နတ္ထိသဘောသည် ချုပ်ပြီးသည်၏ အခြားမဲ့၊ ဘာမျှမရှိခြင်းသဘောဖြင့် ကျေးဇူးပြုခြင်းဖြစ်ပြီး ဝိဂတမှာမူ ကင်းသည့်အနေဖြင့် ကျေးဇူးပြုခြင်းဖြစ်ကြောင်း ညွှန်ပြတော်မူကြပါသည်။

ဆရာကြီးဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာကျမ်း၌လည်း ရှေးရှေးနာမ်တရား အဟောင်း အဟောင်းတို့က နောက်နောက် နာမ်တရားအသစ်အား အနမတဂ္ဂသံသရာမှစ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့်တိုင် “မြစ်ရေအလျဉ်ကဲ့သို့”လည်းကောင်း၊ “လှည်းဘီး စက်ကဲ့သို့”လည်းကောင်း ခဏမခြား မရပ်မနား ဖြစ်ဖြစ်နေကြစေရန် အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ ဥပနိဿယသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုနေကြကုန်၏။

ဤပစ္စည်းငါးပါးတို့ကို ကောင်းစွာ လေ့လာသဘောပေါက်လျှင် နာမ်တရားတို့၏ ထူးဆန်းအံ့ဖွယ် သဘောသဘာဝတို့ကို ကောင်းစွာ နားလည်နိုင်မည်ဟု ဖွင့်ဆိုရေးသားထားပါသည်။[၂]

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စဉ် အဘိမွှာပဋ္ဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စုပ်ချစဉ်

၂။ ဦးမြင့်ဆွေ မဟာဝိဇ္ဇာ (လန်ဒန်)၏ ပဋ္ဌာန်းမဟာ

နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းအထူး

နတ္ထိပစ္စည်းသည် မိမိတို့၏အမိအဖများ သေဆုံးခါနီးလာသောအခါ၌ "ငါတို့ သေခဲ့ရင် ကျန်သောပစ္စည်းဥစ္စာများကို ငါ့သား၊ ငါ့သမီးများ ယူရစ်ကြပေတော့"ဟု သြကာသဒါနကြီးထားပြီး ပေးသွားသကဲ့သို့ "ငါတည်းဟူသော ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ချုပ်သွားခဲ့လို့ရှိရင် မင်းတည်းဟူသော စက္ခုဝိညာဏ်တို့ ဖြစ်ရစ်ကြဟော့"လို မပြောသော်လည်း ပြောသကဲ့သို့ အခွင့်အခါဟု ဆိုအပ်သော သြကာသသတ္တိကိုပေး၍ ကျေးဇူးပြု၏။

ဝိဂတပစ္စည်းမှာမူ မိမိတို့၏မိဘများသည် သေခါနီးသောအခါ၌ မိမိတို့၏ဥစ္စာကို "ငါတို့မရှိသည့်နောက် ငါတို့၏ပစ္စည်းဥစ္စာများကို ယူရစ်ကြတော့"ဟု ဆိုအပ်တဲ့ သြကာသဒါနကို မပေးခဲ့ပါသော်လည်း မိဘများမရှိသည့်နောက် အမွေအနှစ်ဖြစ်ပါ၍ သားသမီးများရသကဲ့သို့ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းကလေး ချုပ်ပျောက်သွားပြီးနောက် "ငါမရှိသည့်နောက် မင်းတည်းဟူသော စက္ခုဝိညာဏ်တို့ ဖြစ်ကြဟော့"ဟု သြကာသဒါနကိုလည်း မပေးခဲ့ပါဘဲ သူတည်းဟူသော စက္ခုဝိညာဏ်ကလေးမှာ ၎င်းပဋ္ဌဒ္ဓါရာဝဇ္ဇန်းကလေး ချုပ်သွားပြီး သည့်နောက် မိမိမှာ ဖြစ်ခြင်းဌာသက်ဆိုင်နေသောကြောင့် ဖြစ်ရပြီးလျှင် ကျေးဇူးပြုသွားပေ၏ဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းညဝါမှတ်စု၌ ဤသို့ နားလည်လွယ်သည့် ဥပမာတို့ဖြင့် ဖော်ပြပါရှိပါသည်။[၁]

အလှမာန်ယစ်မူးသည့် စေမာမိဗုရားကြီးဘဝမှသည် ရဟန္တာစေတရိယ၏ဘဝသို့

ခေမာမိဖုရားသည် ပဒုမုတ္တရမြတ်စွာဘုရားရှင်ထံတော်ပါး၌ ကောင်းမှုပြုပြီး တောင်းခဲ့သည့် ဆုတောင်းကြောင့် အလွန်အဆင်းလှပပြေပြစ်ပြီး ကြည်လင်နှစ်သက်ဖွယ်ရှိပေသည်။

သူသည် "ဂေါတမမြတ်စွာဘုရားရှင်က အလှအပ၏အပြစ်ကို ဟောတော်မူလေ့ရှိတယ်"ဟူသောစကားကို ကြားရဖူးသောကြောင့် ဘုရားရှင်၏ ရှေ့တော်သို့ သွားရောက်ဖူးမြော်ရန် ဆန္ဒမရှိချေ။ သို့ပါသော်လည်း ဘုရားရှင်၏တပည့် အရိယာသောတာပန်ဖြစ်သည့် ဗိမ္ဗိသာရမင်းကြီးကမူ ခေမာမိဖုရားကို ဘုရားရှေ့မှောက် ရောက်ဖူးစေလိုလှသည်။

ထို့ကြောင့် ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေဠုဝန်ဥယျာဉ်၏ သာယာဖွယ်တို့ကို သီချင်းသီကုံးစေပြီး ကချေသည်တို့အား သီဆိုကခုန်စေသည်။ ထိုအခါ ခေမာမိဖုရား၏ စိတ်၌ ဘုရားဖူးရန်မဟုတ်ဘဲ ဝေဠုဝန်ဥယျာဉ်ကို သွားကြည့်လိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ဘုရင်ကြီးထံ ဥယျာဉ်သို့ သွားခွင့်တောင်းလေသည်။

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချပ်စွဲစဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စုပ်စွဲချစဉ်

ထို့နောက် ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူမည့်အချိန်ကို စုံစမ်းမေးမြန်းပြီး အပျိုတော်များနှင့်အတူ ဥယျာဉ်သို့ သွား၍ကြည့်ရှုကြသည်။ သူမကြာခဏ နာကြားနေရသည့်သီချင်းထဲ၌ပါသော ဘုရားရှင်၏ ဂန္ဓကုဋီတိုက်ကိုလည်း ကြည့်လိုလှသဖြင့် အတွင်းသို့ဝင်လိုက်ရာ၌ မြင်ရသောမြင်ကွင်းကြောင့် ခေမာမိဖုရား အလွန်အမင်းကြီး အံ့အားသင့်သွားပါသည်။

အကြောင်းမှာ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်ထဲ၌ ထိုင်တော်မူနေပြီး ဘုရား၏အနား၌ အလွန်အဆင်းလှပသည့် မိန်းကလေးငယ်တစ်ယောက်က ယပ်လေခတ်ပေးနေသောမြင်ကွင်းကို မြင်ရသောကြောင့်ပေတည်း။

ခေမာမိဖုရားက ထိုအမျိုးသမီးငယ်ကို စူးစူးစိုက်စိုက်ကြည့်ပြီး “ငါသည် ဤမိန်းမ၏အဆင်းကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှပင်မမီပေ။ ငါသည် ဤသို့သဘောရှိသောမိန်းမ၏အဆင်းကို ယခင်က မမြင်ရစဖူးပါတကား”ဟု ကြံစည်တွေးတောကာ အတွေးရေလျှဉ်ကြောင့် မျောနေရှာတော့သည်။

ဘုရားရှင်ဖန်ဆင်းထားတော်မူသော ထိုမိန်းမငယ်၏အဆင်းကို ခေမာမိဖုရားက အရူးအမူးလွန်လွန်ကဲကဲ မြတ်နိုးသည်ကိုသိတော်မူသဖြင့် ထိုမိန်းမငယ်၏ ရုပ်ရည်ကို ငယ်ရွယ်နုပျိုသော အရွယ်မှ မိန်းမလတ်အရွယ်သို့ ဖန်ဆင်းပြတော်မူသည်။ ထို့နောက် မိန်းမလတ်အရွယ်မှသည် မိန်းမအိုကြီးအရွယ်သို့ ဖန်ဆင်းပြတော်မူသည်။ ထို့နောက် သူအိုတို့၏ လက္ခဏာဖြစ်သော အသားအရေပိန်လှီခြောက်ကပ်ခြင်း၊ သွားကျိုးခြင်း၊ မျှောင်နေသည့် ဆံပင်တို့က ဖြူဖွေးသော အရောင်သို့ပြောင်းခြင်း စသည့် မတည်မမြဲဖောက်ပြန်တတ်သော ရုပ်ခန္ဓာကြီးကို ဖန်ဆင်းပြတော်မူသည်။ မူလက တင့်တယ်လှပခဲ့သော မိန်းမငယ်၏ အလှအပတို့သည် ဖောက်လဲဖောက်ပြန် ဖြစ်ပေါ်လာသည်ကို မြင်ရသောအခါ ခေမာမိဖုရားသည် “အဆင်း၏လှပမှုမည်သည် တစ်ခဏချင်းဖြင့် သာလျှင် ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်ဘိ၏။ ဤအဆင်း၌ အနှစ်သာရမရှိပေစွတကား”ဟု သူ၏စိတ်ဝယ် သံဝေဂဖြစ်ပေါ်လာလေသည်။

ဘုရားရှင်သည် ခေမာမိဖုရား၏ စိတ်အကြံကို သိတော်မူသဖြင့်“ခေမာမိဖုရားသင်သည် ဤအဆင်း၌ အနှစ်သာရရှိ၏ဟု ကြံဘိ၏။ ယခု ဤမိန်းမ၏အဆင်း၌အနှစ်သာရမရှိသည်အဖြစ်ကို ကြည့်ရှုလေလော့”ဟု မိန့်တော်မူပြီး သင့်တော်သည့်တရားတော်များကို ဟောကြားပေးတော်မူသည်။ ခေမာမိဖုရားသည် ဒေသနာတော်၏အဆုံး၌ အရဟတ္တဖိုလ်၌ တည်လေသည်။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးအား “မြတ်သောမင်းကြီး” ခေမာမိဖုရားကြီးအား ရဟန်းပြုခြင်းငှာလည်းကောင်း၊ ပရိနိဗ္ဗာန်ပြုခြင်းငှာလည်းကောင်း သင့်၏”ဟု

မိန့်တော်မူရာ မင်းကြီးက "ခေမာမိဖုရားကြီးကို ရဟန်းပြုပေးတော်မူကြပါဘုရား။ ပရိနိဗ္ဗာန်ပြုခြင်းဖြင့် မသင့်လျော်ပါဘုရား"ဟု လျှောက်သောကြောင့် ထိုနေ့၌ပင် ခေမာမိဖုရားသည် ဘိက္ခုနီရဟန်းမ ဖြစ်လေသည်။

အလွန်အဆင်းလှသည့် ခေမာမိဖုရားသည် ဘုရားရှင်ဖန်ဆင်းပြတော်မူသော မိန်းမလှလေး၏ အိုး၊ နာ၊ သေကို မြင်ရပြီးနောက် ဘုရားရှင်ထံတော်ပါးမှ တရားဒေသနာတော်ကို ကြားရသည်၏အခြားမဲ့၌ အလှမာန်ကင်းကွာကာ အရဟတ္တဖိုလ်၌ တည်လေတော့သည်။

ဤတွင် ရှေးဆရာမြတ်များက "နေရောင်ကင်းပျောက်ခြင်းသည် လရောင်ထွန်းလင်းလာရန် ကျေးဇူးပြုသကဲ့သို့"ဟု ဆိုထားသည်နှင့်အညီ အရဟတ္တမဂ်၏ သတ္တိကြောင့် ခေမာမိဖုရား၏သန္တာန်၌ ရှေးရှေးနာမ်တရားဖြစ်ကြကုန်သော ကိလေသာတို့အကြွင်းအကျန်မရှိ ချုပ်ကွယ်ကင်းပျောက်ခြင်းသည် နောက်နောက် နာမ်တရားဖြစ်ကုန်သော အရဟတ္တဖိုလ်ကို ဖြစ်ခွင့်ရလာရန် ဝိဂတသတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။[၁] တစ်နည်းအားဖြင့် "မဂ္ဂေါဖလဿ အနန္တရပစ္စယေန ပစ္စယော"ဟု လာရှိသကဲ့သို့ မဂ်သည် ဖိုလ်ကို အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်။

စုတိစိတ်နှင့် ပဋိသန္ဓေစိတ်

ဤနေရာ၌ ဘဝခြားပြီးနောက် ဘဝအသစ်တစ်ခုကို ဖန်တီးပေးနိုင်စွမ်းသည့် စုတိစိတ်နှင့် ပဋိသန္ဓေစိတ်ကို ဖော်ပြပါဦးမည်။ ဤဘဝ၏ နောက်ဆုံးစိတ်ကို စုတိစိတ်ဟု ခေါ်ပြီး၊ ဘဝအသစ်၏ ပထမဦးဆုံးစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်။ စုတိနှင့် ပဋိသေန္ဓကို ဘဝတစ်ခုမှ သေဆုံးပြီးနောက် အခြားဘဝတစ်ခုသို့ ကူးပြောင်းသည့်ဖြစ်စဉ် (Process)ဟူ၍လည်း ခေါ်နိုင်သည်။

ဤစိတ်နှစ်ခုသည် စကားတင်စားရန်ပင် ခက်ခဲလှပြီး အလွန့်အလွန် လျင်မြန်သည့် စိတ်အစဉ်တန်းကြီး၌ပါဝင်သော စိတ်၏ဖြစ်စဉ် (Mental process)တစ်ခုမျှသာဖြစ်သည်။ ထို့ကြောင့် ဘဝတစ်ခုမှ အခြားဘဝတစ်ခုသို့ ကူးပြောင်းခြင်းဟူသည်မှာ စိတ် အစဉ်တန်းကြီးထဲမှ စိတ်တစ်လုံးဖြစ်ပြီး ပျက်သွားပြီးနောက် စိတ်တစ်လုံး ဖြစ်ပေါ်လာသည့် သဘောမျှသာဖြစ်ပါသည်။

၁။ ခေမာထေရီဝတ္ထု၊ တဏှာဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၃၃၉)

သို့ဖြစ်ပါသောကြောင့် အချို့လူများမှာ သေဆုံးသွားပြီးနောက် ဘဝအသစ်အဖြစ် တစ္ဆေဘဝသို့ ကူးပြောင်းရောက်ရှိသွားသည်ကို မသိလိုက်ကြပါ။ ထိုပြတ္တာ၊ တစ္ဆေ မိတ်ဆွေများနှင့် တွေ့ဆုံပြီး ဘုရားဖူးလိုက်သွားသောကြောင့် ရက်လည်ဆွမ်းသွတ်သည့်နေ့၌ သာဓုမခေါ်လိုက်ရသည့် သာဓကများ မြန်မာနိုင်ငံ၌ ရှိဖူးသည်။[၁]

စိတ်တံခါးဝသို့ မဖိတ်ခေါ်ဘဲရောက်လာသည့်အာရုံ

ဤဘဝ၏ နောက်ဆုံးအခြေအနေကို ရင်ဆိုင်နေရသူ၏ ခန္ဓာကိုယ်ကြီးသည် အလွန်ပင် ခွန်အားနည်းနေပါသည်။ စိတ်သည် ရုပ်ကိုမှီရသောကြောင့် လူမမာသည် အလိုရှိရာကို ပြုလုပ်ရန်မဆိုထားဘိ ပြောဆိုရန်၊ လက်ဟန် ခြေဟန်ပြရန်ပင် မစွမ်းနိုင်တော့ပါ။ ထိုမျှမက စဉ်းစားဆင်ခြင်နိုင်စွမ်းလည်း မရှိတော့ပါ။

ထို့ကြောင့် ဘဝတစ်သက်တာ ပြုလုပ်ခဲ့သည့် အကြောင်းအရာများစွာ အနက်မှ စွမ်းအားအကောင်းဆုံး အကြောင်းအရာတစ်ခုခုက စဉ်းစား၍ မဟုတ်ဘဲ မထင်မှတ်ထားသည့် အိပ်မက်တစ်ခု ရုတ်တရက် မက်လိုက်သည့်နှယ် စိတ်တံခါးဝသို့ အင်အားကြီးစွာဖြင့် အလိုအလျောက် ဝင်ရောက်လာပါတော့သည်။

ထိုအာရုံသည် လူမမာက ရွေးချယ်၍ပေါ်လာခြင်း မဟုတ်သကဲ့သို့ တွန်းဖယ်၍လည်း မရနိုင်တော့ပါ။ ဤသဘောတရားကပင် ဘဝအသစ်တစ်ခုကို ဖန်တီးပေးပေတော့မည်။

သို့မဟုတ် သူ့ဘဝတစ်သက်တာ၌ ပြုလုပ်ခဲ့သည့် အလုပ်၏နိမိတ် သင်္ကေတများက အထင်ပါနည်းအတိုင်း ပေါ်လာတတ်ပါသည်။ ပမာပြရလျှင် ကြွက်သတ်ခဲ့ဖူးလျှင် သတ်သည့်လုပ်ရပ်က စိတ်တံခါးဝသို့ အင်အားကြီးစွာဖြင့် ဝင်ရောက်နေရာယူမည်။ သို့မဟုတ် ခွေးတစ်ကောင်ခန့်ကြီးသည့် ကြွက်ကြီးများ၊ ကျွဲနွားခန့်ကြီးသည့် ကြွက်များက မိမိကို ရန်ပြုတိုက်ခိုက်ရန်လာသည့်နှယ် စိတ်တံခါးဝသို့ အင်အားကြီးစွာဖြင့် ဝင်ရောက်ကာ နေရာယူတော့မည်။ သို့မဟုတ် လားရောက်ရမည့်ဘဝနှင့် ဆိုင်ရာအာရုံတို့က စိတ်တံခါးဝသို့ အင်အားကြီးစွာဖြင့် ဝင်ရောက်ကာ နေရာယူပေတော့မည်။

လူမမာက ထိုထိုအာရုံတို့ကို ရှောင်လွှဲမရနိုင်သောကြောင့် မတွေ့မြင်လိုသော်လည်း မြင်တွေ့နေရခြင်းမျိုး ဖြစ်နေတော့သည်။ မကြုံချင်၊ မဆုံချင်သော်လည်း ကြုံနေ၊ ဆုံနေပါတော့သည်။

၁။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းတရားတော် (နှာ-၂၂၅)

ခုတင်ပေါ်၌ လဲလျောင်းနေရှာသည့် လူမမာက ဤအခြေအနေအရပ်ရပ်ကို သူ၏ စိတ်ဆန္ဒအလျောက် ရွေးချယ်ခွင့် မရှိရှာတော့ပေ။ ဤအကြောင်းတရားတို့ကပင် ဘဝအသစ်တစ်ခုကို ဖြစ်ပေါ်လာစေရန် သဘာဝက ဖန်တီးပေးထားသည့် ကံနှင့် ကံ၏ အကျိုးဆက်များဖြစ်တော့သည်။

ဏ္ဍဋ္ဌနိမိတ်၊ အနိဋ္ဌနိမိတ်

မကောင်းသည့် ငရဲနိမိတ်ကဲ့သို့သော အာရုံထင်လာသည့် လူမမာများကမူ ရုတ်တရက် ကြောက်လန့်တကြား အထိန်းအကွပ်မဲ့ အော်ဟစ်လာတတ်သဖြင့် သူနာပြုများက နှစ်သိမ့်အားပေးရတတ်ကြောင်းနှင့် အချို့လူမမာများကမူ အလွန်အမင်း ကြောက်လန့်ကာ ရုန်းကန်နေတတ်ကြောင်းကိုလည်း ဆေးပညာသုတေသန စာတမ်းများ၌ ဖော်ပြထားပါသည်။

ဤသို့ ကြောက်လန့်တကြားသေခြင်းကို ရင်ဆိုင်နေရသည့် လူမမာကို စောင့်ရှောက်နေသူ မိသားစုဝင်များအနေဖြင့် စိတ်မချမ်းမမြေ့ ဖြစ်ရုံသာမက ကိုယ်ကိုယ်တိုင် သေခါနီးကာလ၌ အလားတူအဖြစ်ဆိုးမျိုး ကြုံမည်ကိုလည်း အထူးပင် စိုးရိမ်ကာ ထိတ်လန့်တုန်လှုပ်နေတတ်ကြပါသည်။ မိမိ၏ မိသားစုဝင် လူမမာ၌ ဤအဖြစ်ဆိုးမျိုး ကြုံလာသောအခါ၌ နားလည်လက်ခံရန် အလွန် ခက်ခဲနေတတ်ပါသည်။

မရဏာသန္နဘောစိတ်

သေဆုံးခါနီး ဤဘဝ၏ နောက်ဆုံးစိတ်ကို ဖန်တီးပေးသူမှာ တန်ခိုးရှင်၊ ဖန်ဆင်းရှင် (Creator, God) မဟုတ်ဘဲ မိမိထူထောင်ထားခဲ့သည့်ကံက ဘဝအသစ်ကို ဖန်တီးပေးခြင်းဖြစ်ပါသည်။

ဘဝတစ်ခုကို ဖန်ဆင်းပေးနိုင်စွမ်းသည့် ကံလေးမျိုးရှိပါသည်။ ၎င်းတို့မှာ-

(၁) ကြီးလေးသော (ဂရုကံ)
ပမာအားဖြင့် မိဘကိုသတ်သည့် (အနန္တရိယကံ)

(၂) အလေ့အလာအဖြစ် လိုလိုလားလားပြုလုပ်ခဲ့သည့် (အာစိဏ္ဏကံ)
ဤနေရာတွင် ဘဝတစ်လျှောက်လုံး ကြိမ်ဖန်များစွာ အလေ့အကျင့်များခဲ့သည့်ကံ (သို့မဟုတ်) တစ်ကြိမ်တစ်ခါမျှပင် ပြုခဲ့သော်လည်း စိတ်ဝယ် ထပ်တလဲလဲ အောက်မေ့နေသည့် ကုသိုလ်၊ အကုသိုလ်ကံကိုလည်း ယူနိုင်သည်။

(၃) သေခါနီးကာလ၌ကပ်၍ ပြုလုပ်သည့် (အာသန္နကံ)
ပမာအားဖြင့် သေခါနီးကာလ သံဃာတော်များထံပါးမှ ပရိတ်တရားတော်များကို နာကြားခြင်း၊ သပိတ်၊ သင်္ကန်း စသည် လျှူဒါန်းသည့်ကံကို ဆိုလိုပါသည်။

(၄) ဤကံသုံးမျိုး ထင်ဟပ်မလာနိုင်ပါက (ကဋတ္တာကံ)
ဘဝါဘဝများစွာက ပြုလုပ်ခဲ့သည့် ကုသိုလ်၊ အကုသိုလ်များအနက် တစ်ခုခု ထင်ဟပ်လာပါမည်။ သေခါနီးကာလတွင် ဤကံလေးမျိုးအနက် ကံတစ်ပါးပါးက စိတ်ကို အာဃာတစွာ လွှမ်းမိုးထားမည် ဖြစ်ပါသဖြင့် ကာယကံရှင်သည် ထိုအချိန်၌ ထိုအတွေးကို ဖယ်ရှားနိုင်စွမ်း မရှိရှာတော့ပါ။

လူမမာ၏အနီး၌ ရဟန်းတော်များ၏ တရားအသံကို နာကြားနေရပါသော်လည်း စိတ်၌ထင်ဟပ်နေသည့် ထိုအတွေးအာရုံကို ဖယ်ရှားနိုင်ရန် အခက်ခဲ ရှိကောင်းရှိနိုင်ပါသည်။ ဤဘဝ၏ နောက်ဆုံးအချိန်တွင် ၎င်းအာရုံကပင် မရဏာသန္နဇောစိတ်အဖြစ် ဘဝအသစ်တစ်ခုကို ဖော်ဆောင်ပေးပါတော့မည်။

ဤသည်မှာ ရှောင်လွှဲ၍လည်းမရ၊ ကိုယ်စားခံပေး၍လည်း မရသကဲ့သို့ ဘာသာလူမျိုးနှင့်လည်း မသက်ဆိုင်၊ ကိုးကွယ်မှုနှင့်လည်း မသက်ဆိုင်၊ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းနှင့်လည်း မသက်ဆိုင်သော သဘာဝ၏ နိယာမတရားသက်သက် (The law of nature) ဖြစ်ပေတော့သည်။

သေခါနီးအချိန်၌ စိတ်ဖြစ်ပေါ်လာပုံ

ဘဝကူးပြောင်းရာတွင် အာရုံနိမိတ်ထင်ပုံဟူသည် လူတိုင်းတွေ့ကြုံရမည့် အရေးကြီးအကြောင်းအရာဖြစ်သဖြင့် တစ်နည်း ထပ်မံ၍ ဖော်ပြပါဦးမည်။ သေဆုံးခါနီးသူသည် မိမိပြုထားဖူးသော ကောင်းမှုကံ၊ မကောင်းမှုကံ တစ်ခုခုကိုဖြစ်စေ၊ ထိုကံကို ပြုစဉ်ကတွေ့ကြုံခဲ့ရသောအာရုံကို ဖြစ်စေ၊ ဖြစ်ရမည့် လာလတ္တံ့သော ဘဝကအခြေအနေကို ဖြစ်စေ စိတ်အာရုံ၌ ထင်မြင်စွဲလမ်းလျက် ရှိတတ်သည်။ အကယ်၍ ထိုအာရုံကို ထိုလူမမာက အလိုမရှိသော်လည်း ပယ်ဖျောက်၍ မရနိုင်ပေ။

ထို့ကြောင့် သေဆုံးခါနီး၌ မိန်းမော တွေဝေမှေးမြောနေသော လူမမာတို့တွင် တချို့မှာ တစ်စုံတစ်ခုကို ပြုလုပ်နေသကဲ့သို့လည်းကောင်း၊ တချို့မှာ ဝမ်းသာစရာ ပျော်ရွှင်စရာများနှင့် တွေ့နေသကဲ့သို့လည်းကောင်း၊ တချို့မှာ ကြောက်လန့်စရာ ဘေးရန်များနှင့်

တွေ့နေသကဲ့သို့လည်းကောင်း၊ လူမမာ၏ဟန်ပန် ထူးထူးခြားခြား ဖြစ်နေသည်ကို အနီးအပါးရှိ လူများကပင် ထင်ရှားတွေ့နိုင်လေသည်။ တချို့မှာ မေ့မြောရာက ပြန်လည် သတိရလာသောအခါ "ဘယ်လိုလူက ခေါ်သွားတယ်၊ ဘယ်နေရာကို ရောက်သွားတယ်၊ ဘယ်လိုဟာတွေကို တွေ့ခဲ့ရတယ်" စသည်ဖြင့်လည်း ပြောပြတတ်ကြသည်။ ဤသို့သော အာရုံနိမိတ်တစ်ခုခုကို စွဲလမ်းရင်းပင် နောက်ဆုံး စုတိစိတ်ကလေး ချုပ်ပျက်ပြီး သေဆုံး သွားသည်။ သေဆိုသည်မှာလည်း ယခုကြုံသိလိုက်သည့် စိတ်ကလေးတစ်ခု ကုန်ဆုံး သွားခြင်းကဲ့သို့ပင် ပမာပြုနိုင်ပါသည်။

ထို့ကြောင့် ယခုကြုံသိနေသော ရှေးရှေးစိတ်များ ကုန်ဆုံးသွားတိုင်း၊ ကုန်ဆုံး သွားတိုင်း ထိုထိုစိတ်များ၏အဟုန်ကြောင့် နောက်နောက်စိတ်များ မပြတ်ဆက်စပ်ကာ ဖြစ်နေသကဲ့သို့ စုတိစိတ်ကလေး ပြတ်စဲသွားသည်နှင့်တစ်ပြိုင်နက် သေခါနီးက စွဲလမ်း ခဲ့သည့်အာရုံကိုပင် ဆက်လက်ထင်မြင်လျက် ဘဝသစ်ဌာန၌ စိတ်အသစ် စ၍ ဖြစ်ပေါ် လာသည်။ ၎င်းကို ရှေးဘဝနှင့် ဆက်စပ်၍ဖြစ်သောကြောင့် ပဋိသန္ဓေစိတ်ဟု ခေါ်သည်။

ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးပြောင်းသည့် သဘာဝဖြစ်စဉ်ကို ပဌာန်းတရား တော်လာ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ ဥပနိဿယပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော စသည်တို့ဖြင့် လေ့လာမှသာ စိတ္တနိယာမအရ စုတိစိတ်၏အခြားမဲ့၌ ခဏမခြားဖြစ်ပေါ်လာသည့် ပဋိသန္ဓေစိတ်ကို နားလည် လက်ခံနိုင်ကြမည်ဖြစ်ပါသည်။

ခက်ခဲနက်နဲသော ဤဘဝကူးသည့်ဖြစ်စဉ်ကို သေသေချာချာ၊ ပိုင်ပိုင်နိုင်နိုင် သိထားသူအဖို့ သဿတဒိဋ္ဌိအစွန်းနှင့် ဥစ္ဆေဒဒိဋ္ဌိအစွန်းနှစ်ပါးမှ လွန်မြောက်ကာ ဘဝ တစ်ခု၏နိဂုံး အဆုံးသတ်ကာလ၌လည်း ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်များ အဆင့်ဆင့် မြင့်တက်ကာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

နတ်ပြည်၌အရိယာဉာဏ်ကို မျက်စမှာက်ပြုသည့် ဥစပါသထာနတ်သမီး

သတ္တဝါတို့သည် ရှည်လျားလှသည့် သံသရာခရီးကို ဖြတ်သန်းခဲ့သမျှ အကြိုက် ကိုယ်စီ၊ ဝါသနာထုံမွမ်းမှုကိုယ်စီ ရှိခဲ့ကြသည်။ ထို့ကြောင့် ယနေ့သာသနာတွင်းကာလ၌ သံသရာလွတ်မြောက်နိုင်သည့် အခွင့်အရေးကြီးသည် လက်တစ်ကမ်း၌ ရှိနေပါသော်လည်း လူတိုင်း ဧကန် နှစ်သက်လိုလားကြမည်ဟု မဆိုနိုင်ပါ။

ထို့ကြောင့် အချို့ကလည်း ပုထုဇဉ်ဘဝဖြင့် သံသရာခရီးခဲကြီးကို မရပ်မနားသွားလို သူလည်းရှိသည်။ အချို့က သောတာပန်ဖြစ်ပြီး ဘဝကို (၇)ဘဝအထိ အကျဉ်းချုံ့ပြီး

သွားလိုသူလည်းရှိသည်။ အချို့ကလည်း ဘုံစဉ်စံကာ ဘဝရှည်ရှည်ကြာကြာကြီးနေပြီးမှ သံသရာမှ လွတ်လိုသူလည်းရှိသည်။ အချို့က လက်တစ်ကမ်း၌ ရောက်နေသည့် အရိယာဖြစ်နိုင်မည့် အခွင့်အရေးကို လက်လွတ်ကာ စူဠသောတာပန်ဘဝဖြင့် ကျေနပ်ရောင့်ရဲမည့် သူများလည်း ရှိနေပြန်ပါသည်။

ထို့ကြောင့် မည်သူ၏ရွေးချယ်မှုက မှားသည်။ မည်သူ၏ရွေးချယ်မှုက မှန်ကန်သည်ဟု ပြောရန်ခက်ခဲလှပါသည်။ သို့သော် လူ့ဘဝလူ့ခန္ဓာထက်သာလွန်သော နတ်ဘဝ နတ်ခန္ဓာက အရိယာဉာဏ်အဆင့်ဆင့်ကို မျက်မှောက်ပြုနိုင်ရန် ကျေးဇူးများပေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ ဥပေါသထာအမည်ရသည့် အမျိုးကောင်းသမီးသည် စုတေပြီးနောက် တာဝတိံသာနတ်ပြည်ရှိ ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်ကြီး၌ ဖြစ်နေသည်။

တစ်နေ့၌ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးသည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူရာ ဥပေါသထာနတ်သမီးက သူ၏ဘုံဗိမာန်ပေါ်က ဆင်းလာပြီး အရှင်မြတ်ကြီးကို ရိုသေစွာရှိခိုးပါသည်။

ထိုခါ အရှင်မြတ်ကြီးက “နတ်သမီးကလေး ဒီလိုအရောင်အဆင်းတွေနဲ့ ဒီလောက်ကြီးကျယ်တဲ့ နတ်စည်းစိမ်တွေကို ဘယ်လိုကုသိုလ်ကောင်းမှုတွေပြုခဲ့လို့ ရတာပါလဲ”ဟု မေးတော်မူပါသည်။ နတ်သမီးက “တပည့်တော်မက မြတ်စွာဘုရားရှင်ထံတော်ပါးက တရားတော်များကို နာကြားခဲ့ပါတယ်။ သာသနာတော်မှာ ယုံကြည်တဲ့ သဒ္ဓါတရားနှင့်လည်း ပြည့်စုံခဲ့ပါတယ်ဘုရား။ ပြီးတော့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး သရဏဂုံတည်တဲ့ ဥပါသိကာမတစ်ဦး ဖြစ်ခဲ့ပါတယ်။ တပည့်တော်မဟာ ဥပုသ်သီလလည်း ဆောက်တည်ခဲ့ပြီး သံဃာတော်များအား ဆွမ်းသင်္ကန်း၊ ကျောင်းတိုက်လည်း ကြည်ညိုတဲ့စိတ်နဲ့ ပေးလှူခဲ့ပါတယ်ဘုရား”ဟု ပြည့်စုံစွာ လျှောက်ထားပါသည်။

ဆက်လက်ပြီး ဥပေါသထာနတ်သမီး လျှောက်ထားသည်မှာ ဘုရားတပည့်တော်မသည် တာဝတိံသာနတ်ပြည်က နန္ဒဝန်ဥယျာဉ်အကြောင်းကို မကြာခဏ ကြားနာရပါသောကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်လိုသောဆန္ဒ ပြင်းပြခဲ့ပြီး ထိုနတ်ပြည်ကို စိတ်ညွှတ်ခဲ့မိပါသည်။ အခုလို တောင့်တခဲ့မိတဲ့အတွက်ကြောင့် တပည့်တော်မ အခု ဒီနတ်ပြည်မှာ ဖြစ်လာတာပါအရှင်ဘုရား”ဟု လျှောက်ထားပြီးနောက် နတ်ပြည်၌ ဖြစ်ရသည်ကို နောင်တရကြောင်းကိုလည်း ဆက်လက် လျှောက်ထားပြန်ပါသည်။

"အရှင်ဘုရား တပည့်တော်မသည် ဘုရားရှင်၏ အဆုံးအမစကားတော်ကို အပြည့်အစုံ မလိုက်နာမိခဲ့ပါဘုရား။ မကျင့်သုံးမိခဲ့ပါဘုရား။ ဒါကြောင့် အခုလို ယုတ်ညံ့တဲ့ နတ်ပြည်လောကကို စိတ်ညွှတ်မိတဲ့အတွက် နောင်တတစ်ဖန် ပူပန်ရပါတယ်ဘုရား"ဟု လျှောက်ထားပါသည်။

ထိုဥပေါသထာနတ်သမီးသည် လူ့ဘဝလူ့ခန္ဓာဖြင့် အရဟတ္တဖိုလ်တိုင်အောင် အားထုတ်ရန် ရရှိခဲ့သည့် အခွင့်အရေးကို အလွဲသုံးစားပြုခဲ့သူဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ပါသော်လည်း နတ်တို့၏ရုပ်သည် သန့်ရှင်းစင်ကြယ်သည်။ ထိုစင်ကြယ်သော ရုပ်ကို အမှီပြုပြီးဖြစ်ရသည့် အသိဉာဏ်ကလည်း ထက်မြက် လျင်မြန်လှပါသည်။ ထို့ကြောင့် ဓမ္မကထိက အရိယာနတ်သားများထံပါးမှ တရားနာကြားခွင့်ရလျှင် မဂ်ဖိုလ်တရားကို လွယ်ကူ လျင်မြန်စွာ မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။[၁]

နတ်သားဖြစ်ပြီးမှ အရိယာဖြစ်ခဲ့သည့် သာဓကတစ်ခုကိုပြရလျှင် သမဏနတ်သားသည် လူ့ပြည်က ရဟန်းဘဝ၌ ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ခဲ့ပါသော်လည်း တရားထူးမရဘဲ စုတေပြီးနောက် နတ်သားဘဝ ရောက်သွားပါသည်။ နတ်သားဘဝဖြင့် ဘုရားရှင်ထံတော်ပါး သွားပြီး တရားနာကြားသောအခါ၌ မပင်မပန်း လျင်လျင်မြန်မြန်ပင် သောတာပန် အရိယာနတ်သားဖြစ်သွားသည့် သာဓကတစ်ခုလည်း ရှိပါသေးသည်။[၂]

စူဠဇသောတာပန်ဖြစ်ရုံမျှဖြင့် အပါယ်ဘေး မလွတ်သေးပါ

သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌနှင့် ဝိစိကိစ္ဆာကို အပြီးပယ်ပြီးမှသာ ဂတိမြဲနိုင်သည်။ တစ်နည်းဆိုရသော် ဝိပဿနာတရား အားထုတ်ဆဲပုဂ္ဂိုလ်၏သန္တာန်၌ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ ၃ ပါးတို့သည် ပုထုဇဉ်နယ်မှ လွတ်မြောက်ပြီး လောကုတ္တရာနယ်၏ သီလ၊ သမာဓိ၊ ပညာ ဖြစ်စုံမှသာ လားရာဂတိမြဲပေမည်။

ဤတွင် ဝိပဿနာတရား အားထုတ်နေဆဲဖြစ်သော ယောဂီ၏သန္တာန်၌ ဒိဋ္ဌနှင့် ဝိစိကိစ္ဆာတို့ ကင်းနေလျှင်လည်းကောင်း၊ ကခ်ီဝိတရဏဝိသုဒ္ဓိဟူသော 'ယုံမှားမှုမှ လွန်မြောက်ခြင်းဟူသော စင်ကြယ်ခြင်း'နှင့် ပြည့်စုံသောသူ၏ လားရာဂတိသည်လည်း ပရိနိဗ္ဗာန်စံဝင်သည်အထိ မဟုတ်ဘဲ ယာယီအားဖြင့် မြဲနိုင်သည်။

၁။ ဥပေါသထာဝိမာန၀ဏ္ဏနာ၊ စိတ္တလတာ၀ဂ္ဂ၊ ဝိမာန၀တ္ထုအဋ္ဌကထာ (နှာ-၁၀၄)

၂။ အစ္ဆရာသုတ္တ၀ဏ္ဏနာ၊ အာဒိတ္တ၀ဂ္ဂ၊ သဂါထာ၀ဂ္ဂအဋ္ဌကထာ (နှာ-၈၁)

တစ်နည်းဆိုရသော် ဝိပဿနာတရား အားထုတ်ဆဲယောဂီ၏သန္တာန်၌ နေရောင်ကင်းပျောက်ပြီး လရောင်ရောက်သကဲ့ ကိလေသာတရားဆိုးတို့ကို လောကုတ္တရာမဂ်က ပယ်သတ်သဖြင့် ကင်းပျောက်ပြီး လောကုတ္တရာနယ် ထွန်းလင်းတောက်ပလာမှသာ လားရာဂတိမြဲမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အကယ်၍ သောတပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အပြီးမပယ်သတ်သေးသော်လည်း ဝိပဿနာဘာဝနာ၏အစွမ်းသတ္တိကြောင့် ဝိပဿနာဉာဏ် အဆင့်ဆင့် ပွင့်ထွန်းကာ ကခ်ီဝိတရဏဝိသုဒ္ဓိဟူသော 'ယုံမှားမှုမှ လွန်မြောက်ခြင်းဟူသော စင်ကြယ်ခြင်း'နှင့် ပြည့်စုံနေသည် ဆိုပါစို့။

ထိုယောဂီပုဂ္ဂိုလ်သည် သိက္ခာ (၃)ပါးတို့ကို မကျင့်ကြံတော့ဘဲ ချထားမည်ဆိုလျှင်မူသူ၏ လားရာဂတိ မြဲမြံကောင်းမွန်မည်ဟု ဧကန်ပြော၍ မရနိုင်တော့ပေ။

ထို့ကြောင့် အချို့သော ယောဂီပုဂ္ဂိုလ်များက ဆရာ၏ပြောကြားချက်ကြောင့်လည်းကောင်း၊ စာပေဗဟုသုတကြောင့်လည်းကောင်း "ငါစူဠသောတာပန်ဖြစ်ပြီ၊ ဒါကြောင့် ငါ့ရဲ့တမလွန်ဘဝ လားရာဂတိ မြဲလေပြီ"ဟု အားရကျေနပ်တင်းတိမ် ရောင့်ရဲပြီး ဝိပဿနာအလုပ်ကို စွန့်မည်။ သီလသိက္ခာ စင်ကြယ်ရန်လည်း ကြောင့်ကြမစိုက်ဘဲ မုဋ္ဌသတိဖြင့်နေလျှင် ဤဘဝ၊ နောင်ဘဝတိုင် များစွာ နစ်နာပေတော့မည်။

အဘယ်ကြောင့်ဆိုသော် ကခ်ီဝိတရဏဝိသုဒ္ဓိဟူသော 'ယုံမှားမှုမှ လွန်မြောက်ခြင်းဟူသော စင်ကြယ်ခြင်း'ဟူသည် လောကုတ္တရာတရား မဟုတ်ပါ။ လောကီတရားမျှသာဖြစ်ပါသည်။ လောကီဉာဏ်တို့မည်သည် ဆုတ်ယုတ်ပျက်ပြားနိုင်ပါသည်။ ဆုတ်ယုတ်ပျက်ပြားနိုင်သည့် အကြောင်းများစွာ ရှိပါသည်။ မိစ္ဆာဒိဋ္ဌိတရားတို့ကို နာကြားမိခြင်းကြောင့်လည်း ပျက်စီးနိုင်သည်။ မသင့်မတင့် နှလုံးသွင်းမိခြင်းကြောင့်လည်း ပျက်စီးနိုင်သည်။

ထိုအခါ "ငါစူဠသောတာပန်"ဟု မာန်တက်ပြီး သိက္ခာသုံးပါးကို စွန့်ပစ်ထားခဲ့သော ထိုပုဂ္ဂိုလ်၏သန္တာန်၌ ဘုရားတရားသံဃာအပေါ် ယုံမှားမှုဝိစိကိစ္ဆာလည်း ငွေးငွေးစွင့်စွင့်ကြီး ပေါ်ပေါက်လာနိုင်သည်။ အသိမှား၊ အထင်မှား၊ အယူမှားမှုဟူသော ဒိဋ္ဌိလည်း ငွားငွားစွင့်စွင့်ကြီး ပေါ်ပေါက်လာနိုင်ပါသည်။

ဤသို့ဖြစ်လာခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ အကြောင်းရင်းမှာ ပုထုဇဉ်အနွယ်ကို မဂ်ဉာဏ်ဖြင့် မဖြတ်ရသေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် စူဠသောတာပန် စူဠမှသည် မဟာသောတာပန် အရိယာစစ်စစ် ဖြစ်သည့်တိုင်အောင် ကြိုးစား အားထုတ်သင့်လှပေတော့သည်။

အလောင်းတော်သည် သခ်ါရုပေက္ခာဉာဏ်တိုင်ခဲ့သော်လည်း သုဂတိဘဝမမြဲခဲ့ပါ

စူဠသောတာပန်မဆိုထားဘိ အနုလောမဉာဏ်တိုင်ရောက်တော်မူခဲ့ကြသည့် ဘုရားအလောင်းတော်ကြီးသည်ပင် သုဂတိဘဝ မမြဲခဲ့သည်ကို ဇာတ်တော်များ၌ တွေ့ရပါသည်။

ပမာပြရသော် ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် လွန်ခဲ့သော ကမ္ဘာပေါင်း ၃ အသင်္ချေ၌ ပွင့်ထွန်းတော်မူခဲ့သည့် ကောဏ္ဍညမြတ်စွာဘုရားမှစ၍ ၉ ဆူသော ဘုရားရှင်တို့၏ထံတော်၌ ၉ ဘဝတိုင်တိုင် ရဟန်းပြုတော်မူခဲ့ကြောင်း ဗုဒ္ဓဝင်၌လာရှိသည်။

"ဘုရားအလောင်းတော်တို့သည် ပါရမီဖြည့်ကျင့်စဉ်ကာလ၌ ဘုရားရှင်ပွင့်ထွန်းရာနှင့် ကြုံဆုံလာပါက ဘုရားရှင်ထံတော်ပါး၌ ရဟန်းပြုကြသည်။ ထိုအခါ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်တော်မူကြရာ သခ်ါရုပေက္ခာဉာဏ်၌သာလျှင် ဝိပဿနာရပ်တန့်သည်ဟု ဋီကာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။[1]

ဤမျှ ဝိပဿနာဉာဏ်ထက်မြက်ခဲ့ပါသော်လည်း သုမနမြတ်စွာဘုရားနှင့် ဝိပဿီမြတ်စွာဘုရားတို့၏ လက်ထက်၌ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် နဂါးမင်းဘဝဖြင့် ဗျာဒိတ်ခံခဲ့ရသည်။ ပဒုမမြတ်စွာဘုရား၏လက်ထက်၌ ခြင်္သေ့မင်းဘဝဖြင့် ဗျာဒိတ်ခံခဲ့ရသည်။ ဆက်လက်ပြီး တေမိယဇာတ်တော်၌ ငရဲ၌ဖြစ်ခဲ့ရသည်ဟု ဗုဒ္ဓဝင်ပါဠိတော်၌လာရှိသည်။

ထို့ကြောင့် သခ်ါရုပေက္ခာဉာဏ်တိုင်အောင် ရောက်ပြီးသော ဘုရားအလောင်းတော်သော်မှ သုဂတိဘဝ မမြဲပါ။ တစ်နည်းအားဖြင့် အပါယ်ဘေးမှ မလွတ်မြောက်သေးကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ဤနေရာတွင် သခ်ါရုပေက္ခာဉာဏ်ဝေးစွကခ်ါဝိတရဏဝိသုဒ္ဓိမျှပြည့်စုံကာ စူဠသောတာပန်မည်သော သာမန် ပုထုဇဉ်ပုဂ္ဂိုလ်၏ တမလွန်ဘဝ လားရာဂတိမြဲမည်ဟု ဧကန်ဧက မျှော်လင့်မထားသင့်ပါ။

"အနုလောမဉာဏတော ဩရမေဝ ဝိပဿနံ ဌပေန္တီတိ အတ္ထော။"

သို့ဖြစ်ပါ၍ စူဠသောတာပန်မျှဖြင့် ကျေနပ်ရောင့်ရဲမနေဘဲ မဟာသောတာပန် စစ်စစ်ကြီးဖြစ်ရန် ကြိုးစားမှသာ အနာဂတ်သံသရာ၌ လားရာဂတိမြဲပေတော့မည်။

၁။ ဃဋ္ဋီကာရသုတ္တဝဏ္ဏနာ၊ ရာဇဝဂ္ဂေါ၊ မဇ္ဈိမပဏ္ဏာသဋ္ဋီကာ (နှာ-၁၃၇)

ဥပေက္ခာနှင့် ဥပေက္ခာ၏အတားအဆီး

ဘုရားအလောင်းတော်ကြီးများ၏ ပါရမီဖြည့်ရာကာလတစ်လျှောက်လုံး၌ သခ်ါရုပေက္ခာဉာဏ်သည် အထွတ်အထိပ် ဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာ၌ အကြောင်းဆုံလာသဖြင့် သခ်ါရုပေက္ခာဉာဏ်အကြောင်းကို ဖော်ပြပါမည်။

ဥပေက္ခာ၏သတ္တိသည် အရာရာကို လျစ်လျူရှုနိုင်ခြင်းဖြစ်သည်။ ဥပေက္ခာဉာဏ်သို့ သက်ဝင်လာသော ယောဂီ၏စိတ်ထားသည် အထူးအားဖြင့် သုခနယ်နှင့် ဒုက္ခနယ်တို့မှ ကျော်လွန်နေခြင်းဖြစ်သည်။ သုခချမ်းသာဟူသော အကောင်းနှင့် ကြုံဆုံပါသော်လည်း သဘောမျှသာဟု နားလည်သည်။ ဒုက္ခဆင်းရဲနှင့် ကြုံဆုံပါသော်လည်း သဘောမျှသာဟု နားလည်စွမ်း သည်။

ဤတွင် ဒုက္ခဆင်းရဲမနှစ်မြို့စရာအာရုံကို ဥပေက္ခာပြုနိုင်ရန် သူသူကိုယ်ကိုယ် အတွက် မခဲယဉ်းပါသော်လည်း နှစ်သက်စရာအာရုံကို ဥပေက္ခာပြုရန် ခဲယဉ်းလှပါသည်။ သို့သော် အားကောင်းသော သခ်ါရုပေက္ခာဉာဏ်၏ ဥပေက္ခာသဘောသတ္တိကလည်း ဣဋ္ဌအာရုံနှင့် အနိဋ္ဌအာရုံတို့ကို အညီအမျှ ထားနိုင်စွမ်းရှိပါသည်။

ထို့ကြောင့် အရာရာကို ဥပေက္ခာပြုပြီး နေနိုင်ခြင်းသည် လူ့ပြည်လူ့လောက၏ အမွန်အမြတ်ဆုံး ကာမအာရုံထက် အနှိုင်းအဆမဲ့ ကောင်းလွန်းနေသဖြင့် ဉာဏ်အား မပြည့်သူတို့က ထိုတရားသဘော၌ပင် စီးမျောနေတတ်ပါသည်။ ဤတွင် 'ရန်ကုန်သွားမည့်သူက ပဲခူး၌ ပွဲဝင်ကြည့်ရာ မိုးလင်းသွားသည်နှယ်' လိုရာပန်းတိုင် မရောက်နိုင်ဖြစ်ရပြန်ပါသည်။

ပုထုဇဉ်သွေး၊ ပုထုဇဉ်ဓလေ့နှင့် အရိယာယဉ်ကျေးမှုက မိုးမြေမက ကွာခြားလွန်းသဖြင့် ပုထုဇဉ်တစ်ပါး၊ ပုထုဇဉ်တစ်ဦး အရိယာနယ်ကူးရန် အတားအဆီးများသည်ဟု ထင်မှတ်တတ်ကြသည်။ အမှန်တကယ်မှာမူ ပြင်ပအတားအဆီးထက် ပုထုဇဉ်သန္တာန်၌ အင်အားအပြည့် ရှိနေနှင့်ပြီးဖြစ်သော ကိလေသာ၊ နီဝရဏတို့က ပိတ်ဆို့ တားဆီးနေခြင်းက များပါသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တအချက်

ဤသခ်ါရုပေက္ခာဉာဏ်အဆင့်သို့ မမြဲသောအချက်ကို ကိုင်လျက် ကူးဝင်လာလျှင် ထိုမမြဲသောသဘောကို ကြည့်လျက် ဤခန္ဓာသည် မိမိနှင့် မဆိုင်တော့သကဲ့သို့ ဖြစ်လာတတ်သည်။ အကယ်၍ ဒုက္ခအချက်ကို ကိုင်လျက် ကူးဝင်လာသူဖြစ်လျှင်မူ 'နင့်ဟာနင်နေ၊ ငါ့ဟာငါနေ'သဘောမျိုး ဖြစ်တတ်သည်။ သဘောမျှဟူသော အနတ္တအချက်ကို

ကိုင်လျက်ကူးဝင်လာသူကား သူစိမ်းချင်းချင်း လမ်းပက်ပင်းတွေ့သည်ထက်ပင်ပိုသော ဥပေက္ခာပြုမှုမျိုး ပေါ်လွင်နေတတ်သည်။

ဤဉာဏ်သို့ရောက်လာသော ယောဂီကား သွားလာလှုပ်ရှားမှုများ၌ ခပ်တည်တည် ခပ်မှန်မှန် ဖြစ်လာတတ်သည်။ သို့သော် မျက်နှာအဆင်း အထူးကြည်လင်လာတတ်သည်။ ဝမ်းနည်းစရာ၊ ဝမ်းသာစရာများနှင့် တွေ့လာစေကာမူ တုန်လှုပ်တော့မည် မဟုတ်ပြီ။ ယခင်က မျက်နှာပေါက်ဆိုးဆိုးဖြင့် သုန်သုန်မှုန်မှုန် နေလေ့ရှိသောသူသည်ပင် ဤဉာဏ်သို့ ရောက်လာပါက မျက်စိမျက်နှာကြည်လင်ပြီး အပြောင်းလဲကြီး ပြောင်းလဲနေတတ်သည်။

မှတ်သလောက်ကောင်း၊ ကောင်းသလောက်မှတ်နေသောဉာဏ်

သခ်ီါရမည်သော ရုပ်နာမ်ဖြစ်ပျက်တို့ကို ကြောင့်ကြမစိုက်ရဘဲ လက်လွှတ်၍ ရလောက်အောင် အားပြည့်အင်ပြည့် ဖြစ်လာသောအခါ၌ မှတ်စိတ်သည် အလွန်ကြည်လင်သန့်ရှင်း၍ နေတတ်သည်။ အလွန်လည်း နူးညံ့သိမ်မွေ့၍လာတတ်သည်။ သူ့အရှိန်နှင့်သူ အလိုလိုပင် သိလျက်၊ သိလျက် ဖြစ်နေသည်ဟု ထင်ရတတ်သည်။ အလွန်နူးညံ့သိမ်မွေ့သော ရုပ်နာမ်လှုပ်ရှားမှုကိုပင် အထူးကြောင့်ကြစိုက်ရန်မလိုဘဲ သိ၍ သိ၍ နေနိုင်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကိုကား ဆင်ခြင်နေစရာပင် မလိုပြီ။ အလိုလိုပင် ပြသလျက် ရှိနေပါတော့သည်။

တစ်ကိုယ်လုံး၌ရှိသော ထိတွေ့မှုကလေးများကိုသာ တစ်ခုပြီးတစ်ခု ဇယ်ခပ်သကဲ့သို့ ကွက်ခနဲ၊ ကွက်ခနဲ တွေ့နေရတတ်သည်။ ဝါဂွမ်းနှင့် တို့ထိဘိသို့ သိမှုကလေးများသည် အလွန်သိမ်မွေ့စွာ ထင်နေတတ်သည်။ တစ်ခါတစ်ရံ ကိုယ်မှတွေ့ထိမှုများ လျင်မြန်စွာ အဆက်မပြတ် ထင်ပေါ်နေတတ်သောကြောင့် ချာချာလည်နေအောင် မှတ်သိမှုများကလည်း လျင်မြန်နေတတ်သည်။ ကိုယ်ရောစိတ်ပါ အထက်သို့ ရုန်းတက်နေသကဲ့သို့လည်း ဖြစ်တတ်ပါသည်။

တစ်ခါတစ်ရံတွင်ကား မှတ်နေကျအာရုံ အနည်းငယ်မျှသာ ထင်ပေါ်နေတတ်ပြီး အေးငြိမ်းလျက်လည်း ရှိနေတတ်သည်။ ရှုကွက်ပျောက်လျက်က သိစိတ်လေးတစ်ခုတည်းလည်း ကျန်နေတတ်သေးသည်။ ကိုယ်၌ သိမ်မွေ့သော ရေမှုန်ရေမွှားလေးများဖြင့် ဆွတ်ဖျန်းပေးနေဘိသို့လည်း ပီတိ၏အရှိန်၊ ပဿဒ္ဓိ၏အရှိန်တို့သည် ထင်ပေါ်နေတတ်သည်။ ဤဉာဏ်အဆင့်၌ ကြည်လင်တောက်ပသော အလင်းရောင်များကလည်း ဥဒယဗ္ဗယဉာဏ်မှာထက် အဆပိုသည်။ သို့တစေလည်း ဝမ်းသာခြင်း၊ ရွှင်လန်းတက်ကြွခြင်းကား မရှိပြီ။ အဘယ့်ကြောင့်ဆိုသော် ရုပ်နာမ်တို့၏ အတွင်းသဘောကို ပိုင်နိုင်စွာ သိနေပြီဖြစ်နေ၍ ဘာမဆို မတုန်လှုပ်တော့သောကြောင့်ပင်တည်း။

ဤဉာဏ်အဆင့်၌ အာရုံနှင့်မှတ်သိစိတ်မှန်သမျှ 'ငါကောင်လည်းမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်'ဟု အပိုင်သိနေတော့သည်။ ထို့အတူ သူကောင်လည်းမဟုတ်၊ သူတစ်ပါး၏ဥစ္စာမဟုတ်'ဟူ၍လည်း အပိုင်သိနေသည်။ စင်စစ် သဘောမျှသာ ဖြစ်တော့သည်။ သဘောတစ်ခုက သဘောတစ်ခုကို မှတ်သိနေခြင်းမျှသာတည်း။ ရှုမှတ်၍လည်း အာရုံမညောင်းနိုင်အောင်ပင် ကောင်းနေပေတော့သည်။[၁]

ဣရိယာပုတ်လည်း နှိုင်းမြဲသည်

တရားအားထုတ်ရာ၌ ရပ်၊ ထိုင်၊ လျောင်း၊ သွား ဣရိယာပုတ်ဖြင့် မည်မျှကြာပါစေ မှတ်၍ အားမရနိုင်ချေပြီ။ မည်မျှကြာပါစေ ဒုက္ခဝေဒနာမည်သော ယားယံခြင်း၊ နာကျင်ကိုက်ခဲခြင်းများလည်း အလျှင်းမရှိတော့သောကြောင့် ဣရိယာပုတ် အလွန် ခိုင်ခန့်သည်။ မည်သည့် ဣရိယာပုတ်ဖြင့် အားထုတ်သည်ဖြစ်စေ (၂)နာရီ၊ (၃)နာရီအထိ ကြာညောင်းသွားသော်လည်း အချိန်ကုန်လွန်သွားမှန်း မသိလိုက်တော့ပေ။

မူလဣရိယာပုတ် ယူထားသည့် ကိုယ်ခန္ဓာအခြေအနေ ပျက်ယွင်းခြင်းလည်း မရှိ။ တစ်ခဏမျှ အားထုတ်မည်ဟု စိတ်ကူးထားပါသော်လည်း ရံခါ မိုးလင်းသွားပြီး ရံခါလည်း မိုးချုပ်သွားပြန်သည်။ ရှုကွက်၏ အတွေ့သဘောသည် ကြာရှည်မှတ်လေ သိမ်မွေ့လာလေလေပင်ဖြစ်သည်။ သိမ်မွေ့မှုသည် ဥဒယဗ္ဗယဉာဏ်နှင့် ဆင်ဆင်တူသော်လည်း မှတ်စရာအာရုံ သဏ္ဌာန်နိမိတ်ကား ထိုဉာဏ်မှာကဲ့သို့ မထင်ရှားတော့ပြီ။ ဉာဏ်၏ သဘောကား 'စာသိမှသည် ငါသိ'ဖြစ်လာမှသာ စားပွဲပေါ်ကသကြား လျှာပေါ်ရောက်မှ အရသာပေါ်သကဲ့သို့ ဖြစ်ပေတော့မည်။[၂]

ဝိဂတပစ္စယဆူတောင်း

"နေရောင် ကွယ်ပျောက်သွားခြင်းသည် လရောင်ထွန်းလင်းတောက်ပရန်
ကျေးဇူးပြုသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း မကောင်းသော၊
ညစ်နွမ်းသော နာမ်တရားတို့ ကွယ်ပျောက်ပြီး ကောင်းမွန်သော၊ ဖြူစင်သန့်ရှင်းသော
နာမ်တရားတို့က လောကုတ္တရာတရားကို မျက်မှောက်ပြုနိုင်သည့်တိုင်အောင်
ထွန်းလင်းတောက်ပနိုင်ပါစေသား"

၁။ ၂။ ရွှေကျောင်းကုန်း ဆရာတော်ကြီး၏ ပဋိဘာနဉာဏဒဿနကထာကျမ်းစာမျက်နှာ (၈၀၀)ကျော်ကို မှီငြမ်းထားပါသည်။

ဝိဂတပစ္စယော သိမှတ်ပုံ

ဝိဂတပစ္စည်း၏ကျေးဇူးပြုပုံ

ဝိဂတပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။


စုတိပဋိသန္ဓေ

မရဏာသန္နဇော

တီ နဒမ  ရုံ ရုံ ဘွင် စုတိ ပဋိသန္ဓေ ဘွင် (၁၅, ၁၆) ကြိမ် မ
ဘဝင်္ဂကန္တိက လောဘဇော (၇)ကြိမ် ဘွင်

ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုခြင်း

မရဏာသန္နဇော

ဘွင် တီ နဒမ  ပရိနိဗ္ဗာန်စုတိ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂)ပါး တို့ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂)ပါး တို့ဖြစ်သည်။



၂၄။ အဝိဂတပစ္စယော
မကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း
Avigata Paccaya *(Non - disappearance condition)*

ပစ္စယနိဒ္ဒေသ

အဝိဂတပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စ-ယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။ သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ-ပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ-နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဇိဝှာယတနံ ဇိဝှာဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ-ပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ-နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ-ပစ္စယေန ပစ္စယော။

၁။ ပဋ္ဌာနဂရုဏအဋ္ဌကထာ-ဆဋ္ဌမူ။

Non - disappearance condition (Avigata Paccaya)

The four immaterial aggregates are mutually related to one another by non-disappearance condition.

The four great essentials are mutually related to one another by non-disappearance condition.

At the moment of conception, mind and matter are mutually related to one another by non-disappearance condition.

The phenomena consciousness and its mental factors are related to mind-born matter by non-disappearance condition.

The great essentials are related to derived matter by non-disappearance condition.

Eye-base is related to eye-consciousness-element and its associated phenomena by non-disappearance condition.

Ear-base is related to ear-consciousness-element and its associated phenomena by non-disappearance condition.

Nose-base is related to nose-consciousness-element and its associated phenomena by non-disappearance condition.

Tongue-base is related to tongue-consciousness-element and its associated phenomena by non-disappearance condition.

Body-base is related to body-consciousness-element and its associated phenomena by non-disappearance condition.

Visible object-base is related to eye-consciousness-element and its associated phenomena by non-disappearance condition.

Sound-base is related to ear-consciousness-element and its associated phenomena by non-disappearance condition.

Smell-base is related to nose-consciousness-element and its associated phenomena by non-disappearance condition.

Taste-base is related to tongue-consciousness-element and its associated phenomena by non-disappearance condition.

Tangible object-base is related to body-consciousness-element and its associated phenomena by non-disappearance condition.

Visible object, sound, smell, taste and tangible object are related to mind-element and its associated phenomena by non-disappearance condition.

Depending on this [heart-base] matter, mind-element and mind-consciousness-element arise. That matter is related to mind-element, mind-consciousness-element and their associated phenomena by non-disappearance condition.

အဝိဂတပစ္စည်း၏ ဥပမာနှင့် ဥပစမယျ

"ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့"ဟု ရှေးဆရာတော်ကြီးများ ဖွင့်ဆို တော်မူသည်နှင့်အညီ ပင်လယ်သမုဒ္ဒရာရေများသည် ငါး၊ လိပ်၊ မကန်း စသော ရေနေသတ္တဝါများစွာကို မကင်းမကွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ သဟဇာတအဝိဂတ၊ ပုရေဇာတ အဝိဂတ၊ ပစ္ဆာဇာတအဝိဂတ၊ အာဟာရအဝိဂတ၊ ဣန္ဒြိယအဝိဂတဟူသော အဝိဂတ (၅) မျိုးဆိုင်ရာ ရုပ်နာမ်တရားတို့သည် ယှဉ်ဖော်ယှဉ်ဖက် ရုပ်နာမ်တရားတို့အား ပစ္စုပ္ပန်သဘောဖြစ်သော မကင်းမကွာသောအားဖြင့် ကျေးဇူးပြုကြသည်။

တစ်နည်းအားဖြင့်လည်း ပရမတ္ထအနေဖြင့် ထင်ရှားရှိနေသောအားဖြင့် ကျေးဇူးပြုတတ်သောသတ္တိကို အတ္ထိပစ္စည်းဟုခေါ်၍၊ ပရမတ္ထသဘောမှ မကင်းမချုပ်သေးသော အားဖြင့် (၀၊) မကွေမကွာ ပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသတ္တိကို အဝိဂတပစ္စည်းဟုခေါ်သည်။ ဤသို့လျှင် ဤပစ္စည်းနှစ်ခုအနက်၊ တစ်ခု၏သဘော အဓိပ္ပာယ်က အခြားတစ်ခု၏ သဘောအဓိပ္ပာယ်ကို ထပ်ဆင့်ရှင်းပြတိုသကဲ့သို့ ရှိလေသည်။

Avigata paccaya

The last one is Avigata Paccaya, non-disappearance condition. It is the opposite of Vigata Paccaya. That means existing. So it is the same as number 21, Atthi Paccaya. It is compared to the ocean where fish delight. That means so long as there is an ocean, then the fish can live in the ocean. It serves as their place, as their domain while it is. When the ocean dries up, it is no longer a place for fish to live.[၁၂]

အဝိဂတပစ္စည်း၏မျိုးကွဲများ

အဝိဂတပစ္စည်းဟူသည် မကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။ တစ်နည်းဆိုပါက Non - disappearance condition အဖြစ် ကျေးဇူးပြုခြင်း ဖြစ်သည်။

၁။ ဒေါက်တာသီလာနန္ဒာဘိဝံသ၏ Hand book of Abhidhamma study.

၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်၏ The meaning of 24 condition.

အဝိဂတပစ္စည်းသည် -သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယ ဟူသော ပဋ္ဌာန်းပစ္စည်း (၅)ပါးနှင့် ဆက်စပ်လျက်ရှိသည်။

(၁) သဟဇာတပစ္စည်းရင်းမှာ တစ်မျိုးတည်းသာရှိ၍ ယင်းနှင့်တူသော အဝိဂတပစ္စည်းကိုလည်း သဟဇာတာဝိဂတဟူ၍ တစ်ခုတည်းထားသည်။

(၂) ပုရေဇာတပစ္စည်းမှာ 'ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမဏပုရေဇာတ'ဟူ၍ မျိုးကွဲသုံးခုရှိရာ၊ ယင်းသုံးမျိုးစလုံးနှင့် တူသောကြောင့် အဝိဂတပစ္စည်းကို 'ဝတ္ထုပုရေဇာတာဝိဂတ၊ အာရမ္မဏပုရေဇာတာဝိဂတ၊ ဝတ္ထာရမဏပုရေဇာတာဝိဂတ'ဟူ၍ အမည်သုံးမျိုးဖြင့် ခွဲပြထားသည်။

(၃) ပစ္ဆာဇာတပစ္စည်းမှာ တစ်မျိုးတည်းသာရှိ၍ ယင်းနှင့်တူသော အဝိဂတပစ္စည်းကိုမူ 'ပစ္ဆာဇာတာဝိဂတ'ဟူ၍ တစ်ခုတည်းထားသည်။

(၄) အာဟာရပစ္စည်းမှာ 'ရုပ်အာဟာရ၊ နာမ်အာဟာရ'ဟူ၍ နှစ်မျိုးရှိသော်လည်း၊ နာမ်အာဟာရမှာ သဟဇာတပစ္စည်းမျိုးဖြစ်၍ 'သဟဇာတာဝိဂတ' ပစ္စည်းထဲပါဝင်ပြီးဖြစ်သောကြောင့် ယင်းအတွက် 'နာမ်အာဟာရာ ဝိဂတ'ဟု အမည်သီးခြား မဖော်ပြဘဲ၊ ထူးခြားသော ရုပ်အာဟာရအတွက်သာ 'ရုပ်အာဟာရာဝိဂတ'ဟု ခွဲ၍ ဖော်ပြသည်။

(၅) ဣန္ဒြိယပစ္စည်းမှာလည်း 'သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ' ဟူ၍ ပစ္စည်းမျိုးကွဲ သုံးခုရှိရာ၊ သဟဇာတိန္ဒြိယသည် သဟဇာတပစ္စည်းထဲ ပါသွားပြီဖြစ်၍လည်းကောင်း၊ ဝတ္ထုပုရေဇာတိန္ဒြိယလည်း ဝတ္ထုပုရေဇာတပစ္စည်းထဲ ပါသွားပြီဖြစ်၍လည်းကောင်း ယင်းနှစ်မျိုးအတွက် အဝိဂတပစ္စည်းအမည်ကို သီးခြားဖော်မပြတော့ဘဲ၊ ထူးခြားသော ရူပဇီဝိတိန္ဒြိယအတွက်သာ 'ရူပဇီဝိတိန္ဒြိယာဝိဂတ'ဟူ၍ ခွဲခြား ဖော်ပြပါသည်။

မဟာဘူတ်ရုပ်တို့၏သတ္တိ

'စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော'။

မဟာဘူတ် (၄)ပါးတို့သည် ရုပ်ကရုပ်ကို ကျေးဇူးပြုကြသည်။ ပထဝီဟူသည် မာသည့်သဘော၊ ပျော့သည့်သဘော၊ တေဇောဟူသည် ပူသည့်သဘော၊ အေးသည့်သဘော၊ အာပေါဟူသည် ဖွဲ့စည်းသည့်သဘော၊ ဝါယောဟူသည် တွန်းကန် လှုပ်ရှားသည့်

သဘောတို့ကလည်း တစ်ပါးနှင့်တစ်ပါး မကင်းကွာသောအားဖြင့် အဝိဂတပစ္စယသတ္တိ (Non-disappearance condition) ကျေးဇူးပြုကြပါသည်။

ဆက်လက်ပြီး "ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အဝိဂတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ၊ ဒွေ မဟာဘူတာ ဒ္ဝိန္နံ မဟာဘူတာနံ အဝိဂတပစ္စယေန ပစ္စယော"ဟု ပဋ္ဌာန်းပဥ္စာဝါရ၌ လာရှိပါသည်။

ဤတွင် ၁-ကမ္မဇမဟာဘူတ်၊ ၂-စိတ္တဇမဟာဘူတ်၊ ၃-ဥတုဇမဟာဘူတ်နှင့် ၄-အာဟာရဇမဟာဘူတ်ဟူ၍ ရှိပါသည်။

(၁) ကမ္မဇမဟာဘူတ်ဟူသည် သတ္တဝါတို့၏ ခန္ဓာ၌ရှိသည့် ကမ္မဇပထဝီ၊ ကမ္မဇတေဇော၊ ကမ္မဇဝါယောနှင့် ကမ္မဇအာပေါတို့လေးပါးက အပြန်အလှန် ကျေးဇူးပြုနေကြပါသည်။ ထို့ကြောင့် ကမ္မဇမဟာဘူတ် ဓာတ်တစ်ပါးပါး ချွတ်ယွင်း ပျက်ပြားပါက သေဆုံးသွားနိုင်သည်။

(၂) စိတ္တဇမဟာဘူတ်ဟူသည် ထင်ရှားလွန်းပါသည်။ သတ္တဝါတစ်ဦးဦး စိတ်ဆိုးလျှင် ပထဝီဓာတ်ကြောင့် ရုပ်က ကြမ်းတမ်းလာပါတော့သည်။ စိတ်ဆိုးဒေါသဖြစ်သောအခါ ဝါယောဓာတ်ကြောင့် ခြေလက်လှုပ်ခတ်လာခြင်းဖြစ်သည်။ မျက်စိမျက်နှာနီမြန်းလာခြင်းသည် တေဇောဓာတ်၏ သတ္တိဖြစ်သည်။ ထို့ကြောင့် စိတ္တဇမဟာဘူတ်ကို ဝိပဿနာရှုပွားရာတွင် သိသာထင်ရှားသည်။

(၃) ဥတုဇမဟာဘူတ်ဟူသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ပေတည်း။ အပူ၊ အအေးလွန်ကဲလာပါက ရုပ်ကဖောက်ပြန်လာတတ်သည်။ အပူအအေးမျှတနေပါက ရုပ်တရားက ချက်ချင်း ကြည်လင်လန်းဆန်း လာတတ်ပါသည်။

(၄) အာဟာရဇမဟာဘူတ်၌လည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သည့် အစာအာဟာရများ ရှေ့မှောက်သို့ ရောက်ရှိလာပါက အလွန်ပင် ပြုံးပျော် ကျေနပ်သွားခြင်းမှာ အာဟာရဇမဟာဘူတ်၏ သတ္တိဖြစ်သည်။ မိမိရောဂါနှင့် တည့်သည့်ဆေးကို သောက်သုံးခွင့်ရလျှင် ချက်ချင်းပင် လန်းဆန်းလာတတ်သည်မှာလည်း ထိုနည်းအတူပင် ဖြစ်ပါသည်။ မဟာဘူတ်လေးပါးတို့ကလည်း တစ်ပါးနှင့်တစ်ပါး မကင်းကွာသောအားဖြင့် အဝိဂတပစ္စယသတ္တိ (Non-disappearance condition)ဖြင့် ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။ တရားတော်များ နက်နဲလွန်းပါသည်။ လောက၌ မြတ်စွာဘုရားရှင်သာ မပွင့်ထွန်းခဲ့ပါက ဖန်ဆင်းရှင်တစ်ပါးပါးက ဖန်ဆင်းထားသည်ဟု ထင်မှတ်ယူဆမိကြမည်သာ။

ဝါဃယာဓာတ်ကြောင့် လှုပ်ရှားလာသည်

ထို့ကြောင့် ဘုရားရှင်က 'ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော၀ါ ဂစ္ဆာမိတိ ပဇာနာတိ' ရဟန်းတော် အရှင်သူမြတ်သည် သွားသောအခါ သွားသည်ဟူ၍ ဉာဏ်ပညာဖြင့် သိ၏ဟု ဟောတော်မူပါသည်။

ဤသို့သိနိုင်ရန်မှာ သွားမည်ဟု မဆုံးဖြတ်သေးခင် သွားချင်သောစိတ် ဦးစွာပေါ်လာသည်။ ထိုသွားချင်သောစိတ်ကြောင့် ဝါယောဓာတ်လွန်ကဲသော စိတ္တဇရုပ် (Mind produce Matter) ဖြစ်လာသည်။ ထိုစိတ္တဇရုပ်၌ပါသော ဝါယောဓာတ်၏ ဝိကာရသတ္တိကြောင့် ဝိညတ်ရုပ်ပေါ်လာသည်။ ခန္ဓာကိုယ်၌ ထိုဝိညတ်ရုပ်များ အနှံ့အပြား ပြည့်ပြီးသည်နှင့် ဝါယောဓာတ်၏ အစွမ်းသတ္တိကြောင့် ဤရုပ်ကိုယ်ကောင်ကြီးသည် မူလဖြစ်ရာ အခြေအနေမှသည် ရှေ့သို့တိုး၍ ရုပ်သဏ္ဌာန်တို့ ဖြစ်ပေါ်လာသည်ကိုပင် လောကဝေါဟာရအားဖြင့် သွားသည်ဟူ၍လည်းကောင်း၊ ရပ်သည်ဟူ၍လည်းကောင်း၊ ထိုင်သည်ဟူ၍လည်းကောင်း ခေါ်ဆိုခြင်းဖြစ်သည်။

အကယ်စင်စစ်မှာမူ သွားတတ်သူ၊ ရပ်တတ်သူ၊ ထိုင်တတ်သူ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိပါ။ ဝါယောဓာတ် ပျံ့နှံ့ခြင်းဟူသော အစွမ်းသတ္တိကြောင့် သွားမှု၊ ရပ်မှု၊ ထိုင်မှုတို့ ဖြစ်ပေါ်သည်ဟု သတိပဋ္ဌာန်တရား အားထုတ်နေကြသည့် ယောဂီအနေဖြင့် အမှန်ကို အမှန်အတိုင်း သိလာနိုင်သည်။ ဤသို့ သိလာခြင်းကို ဉာဏ်ပညာဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းဟုခေါ်သည်။

မကင်းကွာသောအားဖြင့် စက္ခုဒွါရဝီထိသော အဝိဂတပစ္စည်း၏ ဝိပဿနာအမြင်

(၁) ရူပါရုံတည်းဟူသော ပုရေဇာတာဝိဂတပစ္စည်းကြောင့် မြင်ခြင်းတည်းဟူသော 'ဝိညာဏ်' ပစ္စယုပ္ပန်များဖြစ်နေသည့်အကြောင်းကို အစွဲပြုပြီး၊ အကျိုးတရားဖြစ်ပွားနေသော ပဋိစ္စသမုပ္ပါဒ်ပါတကား။ 'ငါမြင်သည်မဟုတ်'၊ 'သူမြင်သည်မဟုတ်'၊ 'ပုဂ္ဂိုလ်သတ္တဝါက မြင်သည်လည်းမဟုတ်'ဟု အမှန်ကိုအမှန်အတိုင်း သိလာသော ယောဂီသည် စက္ခုဒွါရ၌ ယုံမှားကင်းပျောက်နိုင်သည်။

ဤမျက်စိနှင့် မြင်သိစိတ်နည်းတူ၊ နားနှင့်ကြားသိစိတ်၊ နှာခေါင်းနှင့် နံသိစိတ်၊ လျှာနှင့် အရသာသိစိတ်၊ ခန္ဓာကိုယ်နှင့် အထိအတွေ့သိစိတ် စသည်တို့၌လည်း ဤနည်းအတူ သိရှိနိုင်ပါသည်။

(၂) သဟဇာတာဝိဂတပစ္စည်းကြောင့် ရုပ်နာမ်အစဉ် ဖြစ်နေ၊ တည်နေ၊ ပျက်နေသည်။ 'ငါဖြစ်နေသည်မဟုတ်'ဟု ဝိပဿနာတရား အားထုတ်လာသည့် ဉာဏ်အား လျော်စွာ ယောဂီ၏ဉာဏ်၌ သိလာနိုင်ပါသည်။

(၃) ပစ္စာဇာတာဝိဂတ ပစ္စည်းထိုက်သော နာမ်တရားတို့ကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော ဤစတုသမုဋ္ဌာနိကရုပ်သည် တည်တံ့၍နေနိုင်သည်။ "ငါတည်နေသည်မဟုတ်"ဟု ယောဂီ၏ဉာဏ်၌ သိလာနိုင်မည်။

(၄) အာဟာရာဝိဂတပစ္စည်းထိုက်သော 'ဩဇာ'ကြောင့် စတုသမုဋ္ဌာနိက ရုပ်တရားတို့ အားအင်ပြည့်ဝ၊ ရွှင်ပျလန်းဆန်း၍နေသည်။ "ငါအင်အား ပြည့်ဝလန်းဆန်း၍ နေသည်မဟုတ်"ဟု ယောဂီ၏ဉာဏ်၌ သိလာနိုင်မည်။

(၅) ဣန္ဒြိယာဝိဂတပစ္စည်းထိုက်သော ရုပ်ဇီဝိတကြောင့် သတ္တဝါထင်စရာ၊ အထည်ကိုယ်ဖြစ်သော ကမ္မဇရုပ်တို့ မပျက်ပြားဘဲ၊ ရှည်ကြာစွာ အသက်ရှိကြသည့် အသွင်ဖြင့် တည်နေနိုင်သည်။ "ငါတည်နေနိုင်သည်မဟုတ်"ဟု ယောဂီ၏ဉာဏ်၌ သိလာနိုင်မည်။

ဤသို့ အဝိဂတပစ္စည်း၏သဘောကို သေချာကျနစွာ သိစွမ်းနိုင်ပါမူ ယုံမှားခြင်း အမျိုးမျိုး ကင်းပျောက်၍ ကခ်ီဝိတရဏဝိသုဒ္ဓိဉာဏ်လမ်း ပေါက်နိုင်လေသည်။ ယင်းဉာဏ်အမြင်ရှိသူသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းကွာ၍ စူဠသောတာပန်ဖြစ်သည်။[၁၂]

အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်တော်မူသည့် နာဂသမာလမထေရ်

နာဂသမာလမထေရ်မြတ်သည် သာကီဝင်မင်းမျိုးဖြစ်သည်။ မြတ်စွာဘုရားရှင်အား အလုပ်အကျွေးအဖြစ် နေခဲ့ဖူးသူလည်းဖြစ်သည်။ မထေရ်မြတ်သည် တစ်နေ့သောအခါ၌ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူရာ လမ်းဘေးတစ်နေရာ၌ ပွဲကနေကြပါသည်။ အလှအပတို့ဖြင့် တန်ဆာဆင်ထားသော အမျိုးသမီးတစ်ယောက်သည် အတီးအမှုတ် တူရိယာဝိုင်းနှင့် ပရိသတ်တို့အကြား၌ ရွှင်ပျစွာ သီဆိုကပြနေပါသည်။

မထေရ်မြတ်သည် ထိုကခြေသည်၏ ကပြအသုံးတော်ခံနေပုံကို အမှတ်မထင် ကြည့်တော်မူရာမှ တစ်ခဏအတွင်း၌ ကိလေသာစိတ်များ ဖြစ်ပေါ်လာတော့မည်ဟု

၁။ ဝိသုဒ္ဓိမဂ် (ဒုတိယတွဲ၊ နှာ- ၂၄၀)

၂။ ဆရာကြီးဦးမြင့်ဆွေ၏ မဟာပဋ္ဌာန်းကျမ်း

သတိရတော်မူပါသည်။ ဤသို့သိတော်မူနိုင်ခြင်းမှာ ဘာဝနာကမ္မဋ္ဌာန်း၌ ကျွမ်းကျင်နိုင်နင်းတော်မူသောကြောင့် ဖြစ်ပါသည်။

ထိုအခါ မထေရ်မြတ်ကြီး၏စိတ်ဝယ် "ဤကချေသည်မသည် သူ၏လက်ခြေကွေးကောက်၊ မြောက်ချီ၊ နှိမ့်ချ၊ လှည့်လည်ကာ အမျိုးမျိုး ကပြနေသည်ဟု ဆိုကြသည်။ စင်စစ်မှာမူကား ကချင်သော ၎င်း၏စိတ်နှင့် ထိုကချင်သောစိတ်က တိုက်တွန်းနှိုးဆော်ပြုပြင်စီရင်အပ်သော ဝါယောဓာတ်တို့ သတ္တိလွန်ကဲလာကာ ရုပ်ကလာပ်မှုန်တို့ အဆင့်ဆင့် ဖောက် ပြန်တုန်လှုပ်မှုကြောင့် ဤမဟာဘုတ်အစုအဝေးဖြစ်သော ခန္ဓာကိုယ်ကောင်ကြီးက ထိုမှ ဤမှ ပြောင်းလဲနေသည့် သဘောအခြင်းအရာတို့ လှည့်လည် လှုပ်ရှားနေခြင်းကိုပင် "ကသည်"၊ "ကပြနေသည်"၊ "ကပြအသုံးတော်ခံနေသည်"ဟု ခေါ်ခြင်းဖြစ်သည်ဟု ဆင်ခြင်တော်မူနေသည်။

အမှန်တကယ်တွင်လည်း ကချေသည်မ၏ ကချင်သောစိတ်က စိတ္တဇရုပ်တို့ကို နှိုးဆွလာမှုကြောင့် ခန္ဓာတစ်ခုလုံး တရွရွတလှုပ်လှုပ် တသုတ်သုတ်ဖြင့် ပင့်မြောက် နှိမ့်ချ လည်ပတ်မှုသည် ရုပ်နာမ်ပရမတ်တို့၏ ကိစ္စသာဖြစ်သည်။

ငါဟူ၍ စွဲယူစရာလည်းမရှိ၊ နှစ်သက်စရာလည်းမရှိ၊ မြတ်နိုးတွယ်တာစရာလည်းမရှိသော ပရမတ်ဓမ္မသဘောကို အမှန်အတိုင်း မသိနိုင်ရှာသည့် အန္ဓဗာလပုထုဇဉ်တို့၌ မျက်စိဖြင့်မြင်ရသော ကချေသည်အာရုံကြောင့် ရာဂစိတ်တို့နိုးကြွလာသည်။ နားဖြင့်ကြားရသော သီချင်းသံဟူသောအာရုံကြောင့် ရာဂစိတ်တို့နိုးကြွလာသည်။ သဘောအမှန် ပရမတ်ကို ဧကန်အမှန် သိတော်မူသော နာဂသမာလမထေရ်မြတ်သည် ထိုထိုပညတ်အာရုံပေါ်မူတည်ပြီး ကိလေသာအဖြစ် ခံတော်မမူပေ။

"အဟော အနိစ္စာ သခ်ၤါရာ" "ဖောက်ပြန် ဖြစ်ပျက် သခ်ၤါရအချက်တို့သည်သော်. . . ဖြစ်လျှင် ပျက်ကြသဘာဝမို့ မမြဲပါတကား"ဟု ကုန်တတ်ပျက်တတ်သော သဘောသို့ ဉာဏ်သက်ဝင်၍ ပရမတ်ရုပ်နာမ်ကို ဆင်ခြင်တော်မူသော မထေရ်မြတ်သည် ထိုပရမတ်သဘောတို့၏ မမြဲသဘော၊ ဆင်းရဲသဘော၊ အစိုးမရသည့် သဘောတို့ကို နှလုံးသွင်းရှုမှတ် ပွားများတော်မူလေရာ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်တော်မူလေသည်။[၁]

၁။ ထေရဂါထာ အဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၁)

အဝိဂတပစ္စယာဆုတောင်း

“သမုဒ္ဒရာရေသည် ငါး၊ လိပ်တို့အတွက် မကင်းမကွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့
လူသားအများသည်လည်း ကောင်းသော ရုပ်တရား၊ ကောင်းသော
နာမ်တရားတို့နှင့်တကွ သီလတရားများ မကင်းမကွာပြည့်စုံကြပြီး
မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား”

အဝိဂတပစ္စယော သိမ့်တ်ပွတ်ရာ

အဝိဂတပစ္စည်း၏ကျေးဇူးပြုပုံမှာ

၁။ **သဟဇာတအဝိဂတ**
(က) နာမ်တရားက နာမ်နှင့် ရုပ်တရား (Mind to Mind and Matter)ကို ကျေးဇူးပြုသည်။
(ခ) ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုသည်။
(ဂ) နာမ်ရုပ် အချင်းချင်း (Mind to Matter, Matter to Mind)ကို ကျေးဇူးပြုသည်။

၂။ **ပုရေဇာတအဝိဂတ**
(က) ရုပ်တရားက နာမ်တရား (Matter to Mind) ကို ကျေးဇူးပြုသည်။
(ခ) ရုပ်တရားက နာမ်တရား (Matter to Mind) ကို ကျေးဇူးပြုသည်။

၃။ **ပစ္ဆာဇာတအဝိဂတ**
နာမ်တရားက ရုပ်တရား (Mind to Matter) ကို ကျေးဇူးပြုသည်။

၄။ **ရုပ်အာဟာရအဝိဂတ**
ရုပ်အာဟာရတွင် ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုသည်။

၅။ **ရူပဇီဝိတိန္ဒြိယ**
ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

၁။ **သဟဇာတအဝိဂတ**
(က) နာမ်တရားက နာမ်နှင့် ရုပ်တရား(Mind to Mind and Matter)ကိုကျေးဇူးပြုရာတွင်-
ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် (၈၉) ပါး၊ စေတသိက် (၅၂) ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

(ခ) ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘုတ် (၄)ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - မဟာဘုတ် (၄)ပါးနှင့် ဥပါဒါရုပ်တို့ ဖြစ်သည်။

(ဂ) နာမ်ရုပ် အချင်းချင်း (Mind to Matter, Matter to Mind)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ပဋိသန္ဓေနာမကွန်ရာ၊ ဟဒယဝတ္ထုဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဋိသန္ဓေနာမကွန်ရာ၊ ဟဒယဝတ္ထုဖြစ်သည်။

၂။ **ပုရေဇာတအဝိဂတ**

(က) **ဝတ္ထုပုရေဇာတ**

ရုပ်တရားက နာမ်တရား (Matter to Mind)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ဝတ္ထုရုပ် (၆) ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - အရူပဝိပါက် (၄)ပါး ကြဉ်သောစိတ် (၈၅) ပါး နှင့် စေတသိက် (၅၂)ပါး တို့ ဖြစ်သည်။

(ခ) **အာရမ္မဏပုရေဇာတ**

ရုပ်တရားက နာမ်တရား (Matter to Mind)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ပစ္စုပ္ပန်နိပ္ပန္နရုပ် (၁၈) ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ကာမစိတ် (၅၄) ပါး၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ဒိဗ္ဗ သောတ အဘိညာဉ် (၂)ပါးတို့ ဖြစ်သည်။

၃။ **ပစ္ဆာဇာတအဝိဂတ**

ပစ္စယဟူသော အကြောင်းတရားမှာ - အရူပဝိပါက် (၄) ခု ကြဉ်သောစိတ် (၈၅)ပါးနှင့် စေတသိက်(၅၂)ပါး တို့ ဖြစ်ပါသည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဋ္ဌိသို့ ရောက်သော ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယတို့ ဖြစ်ပါသည်။

၄။ **အာဟာရအဝိဂတ**

ရုပ်အာဟာရ၌ ရုပ်တရားက ရုပ်တရား (Matter to Matter)ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - စတုသမုဋ္ဌာနိကရုပ်၌ရှိသော ဩဇာဖြစ်ပါသည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စတုသမုဋ္ဌာနိကရုပ် (ကံ၊ စိတ်၊ ဥတု၊ အာဟာရ)တို့ကြောင့် ဖြစ်သည့် မဟာဘုတ်(၄)ပါးဖြင့်ပြီးသည့် ရုပ်ကိုယ်ခန္ဓာတို့ ဖြစ်ပါသည်။

သတိပဋ္ဌာန်တရားအားထုတ်နေကြသည့် ယောဂီ၏အတွေ့အကြုံများ

ငါ့မှာ ဘာတရားမှ မရှိသေးတာပါလား

စိတ္တာနုပဿနာသတိပဋ္ဌာန်တရားကို အလေ့အကျင့်အားကောင်းလာတဲ့ တစ်နေ့မှာ တန်ဖိုးထားတဲ့ ပစ္စည်းလေးတစ်ခု ပျောက်သွားတာကို ကြုံလိုက်ရပါတယ်။ ဘာမှမဖြစ်သေးခင်ကတော့ စိတ်ထဲ ဘယ်လိုမှမနေတဲ့အတွက် 'ငါ အရာရာကို ဥပေက္ခာပြုပြီး နေနိုင်တယ်'လို့ အဟုတ်ကြီး ထင်ခဲ့ဖူးပါတယ်။ အခုတော့ နဖူးတွေ့၊ ဒူးတွေ့ကြုံလိုက်ရပြီ။

အလွန်ရိုးသားလို့ ယုံယုံကြည်ကြည် အိမ်မှာထားတဲ့ ကလေးတစ်ယောက်ကို ကျွန်မစိတ်ထဲမှာ သူခိုးလို့ စွပ်စွဲနေမိတယ်။ သူ့ကိုပြောတဲ့စကားသံတွေ မာကြောနေတာကို သတိပြုမိသော်လည်း 'သူခိုးတာ မဟုတ်ဘူး'လို့ ယတိပြတ် မဆုံးဖြတ်နိုင်ဘဲ 'သူခိုးလေး'လို့ပဲ စိတ်ထဲ တဝဲလည်လည် ဖြစ်နေပါတယ်။

ရက်အတန်ကြာတဲ့တစ်နေ့မှာတော့ ပျောက်သွားတဲ့ ပစ္စည်းလေးကို အမှတ်မထင် ဗီရိုအံဆွဲထောင့်မှာ ပြန်တွေ့တော့ ရှက်မိတယ်။ 'ငါ့မှာ ဘာတရားမှ မရှိသေးတာပါလား၊ အစစအရာရာ အဆင်ပြေနေတဲ့အခါမှာသာ ငါစိတ်ကောင်းခဲ့တာပါလား'ဆိုတာကို သေသေချာချာ ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရပါပြီ။

"စိတ်ကို အကဲခတ်ပါ"၊ "တရားအားထုတ်တဲ့ယောဂီ ရိုးသားရမယ်နော်"လို့ မကြာ၊ မကြာ မိန့်တော်မူတဲ့ဆရာတော့် အဆုံးအမစကားရဲ့တန်ဖိုးကို ကျွန်မ ဒီမနက်မှာ သေသေချာချာကြီး သိလိုက်ရလို့ ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်။

'တပည့်တော် စိတ်မထွက်ပါဘူးဘုရား'လို့ လျှောက်မှူးတယ်

ဆရာတော်က "နမောတဿ သုံးကြိမ် ဘုရားရှိခိုးတဲ့အခါ စိတ်ဘယ်နှခါထွက်သလဲ၊ အကဲခတ်ဖူးကြသလား"လို့ မိန့်တော်မူတုန်းက "တပည့်တော် စိတ်မထွက်ပါဘုရား"လို့ လူကြားထဲ လျှောက်ခဲ့ဖူးတယ်။ တရားစခန်းကနေ အိမ်ပြန်ရောက်တဲ့ညက ပဋ္ဌာန်း (၂၄)ပစ္စည်း ပူဇော်ရင်း စိတ်ကို အကဲခတ်နေလိုက်တာ (၁၂)ကြိမ် တောင်ထွက်တယ်။ ဘာရယ်မဟုတ်ဘူး တောင်စဉ်ရေမကျ စိတ်က ရောက်ချင်တိုင်း ရောက်နေတာပါ။ စိတ်က ပူဇော်နေတဲ့ပဋ္ဌာန်းတရားပေါ်မှာ တစ်ဝက်တောင် မရှိဘူးထင်တယ်။ ဒီတစ်ခါ ဆရာတော်မေးရင်တော့ "တပည့်တော် စိတ်စုစည်းရတာ ခက်ခဲလှပါတယ်ဘုရား"လို့ ရိုးသားစွာ လျှောက်မယ်လို့ ဆုံးဖြတ်ထားပါပြီ။

ဥပုသ်စောင့်တယ်ဆိုတာ တော်တော်မလွယ်ပါလား

ည-၉နာရီလောက်မှာ အမေနဲ့ သားသားက တပည့်တော် အရမ်းကြိုက်တဲ့ အကင်တွေကို အားရပါးရ စားနေကြပါတယ်။ သူတို့ကိုကြည့်ပြီး ဖျော်ရည်ပဲသောက်ရမလိုလို၊ ရေပဲသောက်ရမလိုလိုနဲ့ ထမင်းစားခန်းထဲ ဘာမှန်းမသိ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိပါတယ်။ အမေနဲ့ သားသားက တပည့်တော်ကို စကြိ်ုလျှောက်တယ်လို့ပဲ ထင်နေကြတယ်။ တပည့်တော်က ဥပုသ်ကျိုးမှာစိုးလို့ အကင်စားချင်နေတဲ့စိတ်ကို မနည်းကြီး အောင့်နေရတာကို သူတို့မသိကြဘူး။

တပည့်တော်ရဲ့ ရင်တွင်းတိုက်ပွဲကနေ နိုင်ခြေကို မြင်လိုက်ရတဲ့အချိန်မှာ “ဥပုသ်စောင့်တယ်ဆိုတာ တော်တော်မလွယ်တာပါလား”လို့ နှုတ်ကရွတ်လိုက်မိပါတယ်။ အမေနဲ့ သားသားတို့က တပည့်တော်ကို တော်တော်အထင်ကြီးတဲ့ မျက်လုံးနဲ့ကြည့်နေကြတာကို သဘောကျတဲ့စိတ်ဖြစ်သွားပါတယ်။ အဲဒီစိတ်ကို သိသိနေတယ်။

အခုလို တပည့်တော်စိတ်ကို ပိုင်ပိုင်လေးမြင်လိုက်တော့မှ ရှက်လိုက်တာဘုရား။ တကယ်တမ်းတော့ “ဥပုသ်စောင့်တယ်ဆိုတာ တော်တော်မလွယ်တာပါလား”လို့ ပြောမိကတည်းက အမေနဲ့ သားသားရဲ့ အထင်ကြီးတာကို လိုချင်နေတာပါဘုရား။ တပည့်တော်စိတ်ကသာ မရိုးသားတာပါ။ သူတို့က တပည့်တော်ကို ထမင်းစား စားပွဲအနားမှာ စကြိ်ုလျှောက်နေတယ်လို့ပဲ ရိုးသားစွာ ထင်နေကြတယ်။ ရှစ်ပါးသီလနဲ့ နေ့စဉ်ဘဝ တစ်သားတည်းမဖြစ်သေးဘူးဆိုတာကိုလည်း သိလိုက်ပါတယ်။ အခြေခိုင်ဖို့ တော်တော်ကြီးကြိုးစားရဦးမယ်ဆိုတာကိုလည်း ပိုင်ပိုင်နိုင်နိုင် သိလိုက်ရပါတယ်ဘုရား။ စိတ်ကို အကဲခတ်တတ်အောင် သင်ကြားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား။

အရင်စိတ်နဲ့သာဆို့ရင် ရုံးရောက်၊ ဂါတ်ရောက်ဖြစ်မှာ သေချာတယ်

ဒီရက်ပိုင်းမှာ လူတစ်ယောက်က ဒေါသတကြီး ဆဲဆို၊ စော်ကား၊ ခြိမ်းခြောက်တာကို ခံလိုက်ရတယ်။ အဆဲခံနေရတဲ့အချိန်မှာ ဒေါသကြောင့် ဗလောင်ဆူနေတဲ့စိတ်၊ ရင်ဘတ်မှာ တင်းကြပ်နေတာတွေ၊ မျက်နှာမှစပြီး တစ်ကိုယ်လုံး ဖြန်းခနဲ ပူထူသွားတာတွေကို တစ်ခုပြီးတစ်ခု သိသိနေပါတယ်။

တခြားတစ်ဖက်မှာတော့ သူ့ကို တုံ့ပြန်ချင်တဲ့ ဒေါသစိတ်တလှိုက်လှိုက်ဖြစ်လာတယ်။ သိလိုက်တယ်။ ခံပြင်းတဲ့စိတ် ဖြစ်လာတယ်။ သိလိုက်တယ်။ ဒါကြောင့် ကာယကံထိလည်း မရောက်ဘူး။ ဝစီကံထိလည်းမပွင့်ဘဲ ဆဲဆိုမိုက်ရိုင်းနေတဲ့သူကို ဘာမှမတုံ့ပြန်ဘဲ ကြည့်နေမိတယ်။

မိမိစိတ်ထဲ ယောက်ယက်ခတ်ပြီး ပူလောင်နေတာကို သိလိုက်ရတဲ့အချိန်မှာ သူက ငါ့ထက် အဆပေါင်းများစွာ ယောက်ယက်ခတ်နေရှာမယ်၊ ပူလောင်နေရှာမယ်လို့ သိနေတဲ့အတွက် သူ့ကိုစိတ်ဆိုးလို့ မရဘူးဖြစ်နေပါတယ်။

အခုလိုအဖြစ်မျိုးကို အရင်စိတ်နဲ့သာ ကြုံဆုံရရင် ဆေးရုံလည်းရောက်မှာ၊ ရုံးရောက်၊ ဂါတ်ရောက်တဲ့အထိလည်း လုပ်ပစ်လိုက်မှာ သေချာပါတယ်။ အခုတော့ ဘာဖြစ်လို့ မတုံ့ပြန်ဖြစ်တာလဲဆိုရင် အဲ့ဒီအချိန်မှာ စိတ်မှာရောကိုယ်မှာပါ ဖြစ်ပျက်ပြောင်းလဲနေတာတွေကို တစ်ခုပြီးတစ်ခု လိုက်သိနေတဲ့အတွက်ကြောင့်ပါဘုရား။ ဆရာတော်ကြီးက မိမိစိတ်ကို၊ မိမိကိုယ်တိုင် အကဲခတ်တတ်အောင် သင်ကြားပေးတော်မူခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ဘုရား။

သတိမရှိတာကို ရှုက်တတ်အောင် ဆရာတော်က ဘယ်လို့များ သင်ပေးလို့က်သလဲမသိဘူး

မနေ့ကမနက် အရုဏ်ဆွမ်းမှာ ကြက်ဟင်းခါးသီးကြော်လည်းပါတယ်။ ချဉ်ပေါင်ဟင်းလည်းပါတယ်။ ဆရာတော်က အစာစားနေတုန်းမှာလည်း သတိရှိကြဖို့၊ ကြေညက်အောင်ဝါးဖို့ မကြာခဏ သတိပေးတော်မူပါတယ်။ ဒါကြောင့် အချဉ်ဟင်းနှင့် ကြက်ဟင်းခါးသီးကြော်ကို ကြေညက်အောင် ဝါးလိုက်ပါတယ်။ ဝါးလေ အရသာကပေါ်လွင်လေ ဖြစ်လာပါတယ်။ အခါး၊ အချဉ်၊ အငန် အရသာစုံလွန်းနေလို့ ပြောလို့တောင် မတတ်နိုင်တော့ပါဘူး။ အရသာ ကောင်းလွန်းလို့ သတိက ဘယ်အချိန် ဘယ်ရောက်သွားမှန်းကို မသိလိုက်ပါဘူး။

ဟင်းခွက်ထဲက ဟင်းတွေကုန်သွားလို့ လိုက်ပွဲများရဦးမလားလို့ ခေါင်းကိုမော့ကြည့်မိမှ သတိဝင်လာတယ်။ အခုန သတိမရှိဘဲ Non stop ကြီး ယူလိုက်၊ ဝါးလိုက်နဲ့ သတိလက်လွတ်စားမိတာကို တွေးတွေးပြီး ရှက်နေမိပါတယ်။ ထမင်းစားတဲ့အချိန်တိုင်းလေးမှာ သတိမရှိဘဲ စားမိတာကို ရှက်တတ်အောင် ဆရာတော်က တပည့်တော်ကို ဘယ်လိုများသင်ပေးလိုက်သလဲလို့ ဒီမနက် တွေးနေမိပါတယ်။

Customer အသစ်လား၊ လေသံက မာလို့က်တာနော်

ဆိုင်က မန်နေဂျာမိသားစုဝင်တွေနဲ့ စကားပြောနေကြတုန်း ဖုန်းဝင်လာပါတယ်။ သူသိချင်တာတွေကို အေးအေးဆေးဆေး ဖုန်းနဲ့ပြောပြနေပါတယ်။ သို့ပါသော်လည်း တစ်ဖက်က သူထင်တာတွေကိုပဲ သူပြောနေလို့ တော်တော်ကြီး စိတ်ရှည်ရှည်နဲ့ နားထောင်ပြီး သေသေချာချာ ထပ်ပြီးရှင်းပြပါတယ်။ တပည့်တော် ရှင်းပြလေ သူဘက်က ပိုပြီး အထက်စီးဆန်လာပြီး မထင်မှတ်ထားတဲ့ စကားလုံးတွေကို ကြားလာရတော့ စိတ်တိုလာတယ်။

သူက အထက်ကနေ ဆက်ဆံမှတော့ ငါကန့်မ်ချပြီးပြောနေလို့ ဘယ်ဖြစ်မလဲဆိုတဲ့ စိတ်ကတစ်ဖက် "ငါစေတနာနဲ့ လုပ်ပေးနေတာကို တန်ဖိုးမထားဘူး အစော်ကားခံရတယ်" ဆိုပြီး ဒေါသဖြစ်တာက တစ်ဖက်၊ "သူမသိလို့ဖြစ်မှာပါ"လို့ ခွင့်လွှတ်ပေးဖို့ ကြိုးစားနေတဲ့ စိတ်ကတစ်ဖက် အပြိုင်အဆိုင် လွန်ဆွဲနေပါတယ်။ ဆရာတော့်ထံပါးက အဆုံးအမတွေ မရခင်တုန်းကသာ အခုလိုပြောခံရရင် "သူဘာလဲ၊ ငါဘာလဲ"ဆိုပြီး ပွဲက ရုပ်ပျက်ဆင်းပျက်ကြမ်းသွားမှာ သေချာပါတယ်ဘုရား။

တပည့်တော်ဘေးမှာ ရှိနေကြတဲ့ လူတွေက ဖြစ်စဉ်အစအဆုံးကို ကြားနေရတော့ အံ့သြတဲ့ အကြည့်နဲ့ကြည့်ပြီး "Customer အသစ်လား၊ လေသံက မာလိုက်တာနော်"လို့ မှတ်ချက်ပေးပြီး မေးခွန်းတွေမေးကြတယ်။ တပည့်တော်က "မဟုတ်ပါဘူး။ သူ့အဆောက်အဦးဆောက်တာကို မေတ္တာနဲ့ ကူညီပေးနေတာပါ"လို့ ပြောလိုက်တဲ့အခါမှာတော့ သူတို့ ပါးစပ်အဟောင်းသားနဲ့ ဆွံ့အသွားကြပါတယ်ဘုရား။

ဆရာတော်က "စိတ်ကို အကဲခတ်ပါ"၊ "စိတ်ကို ဘေးကနေ စောင့်ကြည့်နေသလို မျိုးနော်"လို့ ရိုးရိုးလေး သင်ကြားပေးတော်မူတာဖြစ်ပေမဲ့ တပည့်တွေအတွက် အကျိုးကျေးဇူးကြီးမားလှပါတယ်ဘုရား။ လိုအပ်တာများကို လမ်းညွှန်ပေးတော်မူပါဘုရား။ ကြိုးစားပါ့မယ်ဘုရား။

ကိလေသာကို့အထင်မသေးနဲ့ ကို့ယ့်ကို့ယ်ကို့ယ်အထင်မကြီးနဲ့

"ကျေးဇူးတင်ပါတယ်လို့ ပြောတာကိုတောင် မမျှော်ဘဲ နှောင်ကြိုးမဲ့ ကူညီတတ်အောင် ကြိုးစားကြပါ"လို့ ဆရာတော် မကြာမကြာမိန့်တော်မူတာကို တပည့်တော် ဘဝထဲပါအောင် လေ့ကျင့်နေပါတယ်။ တချို့နေရာမှာ လွယ်ကူပါသော်လည်း တချို့နေရာမှာတော့ မအောင်မြင်သေးပါဘူး။ မကြာသေးခင်က ကြုံခဲ့ရတဲ့ ဖြစ်စဉ်တစ်ခုရှိပါတယ်။

ဒီနှစ် နှစ်ဆန်းပိုင်းမှာ နေပြည်တော်မှာဖွင့်တဲ့ (Diploma in Education and Pedagogy) သင်တန်းမှာ ကြီးကြပ်တာဝန် ပေးခံရပါတယ်။ ဆရာ၊ ဆရာမတွေကို သင်ကြားပေးတဲ့အခါမှာလည်း သူတို့ တတ်သွားကြပါစေ၊ သိသွားကြပါစေဆိုတဲ့ စေတနာနဲ့ သေသေချာချာလေ့လာပြင်ဆင်ပြီးမှ သင်ကြားပေးခဲ့ပါတယ်။ ကျွန်မက ကြီးကြပ်ဖြစ်နေပေမဲ့ နည်းပြတွေ မလိုချင်တဲ့အချိန်၊ သူတို့အတွက် အဆင်မပြေတဲ့ အချိန်တွေကို ယူပေးခဲ့တယ်။ စာသင်ချိန်မှေနေတဲ့ နည်းပြအတွက်လည်း အစားထိုး ဝင်ပေးခဲ့ပါတယ်။

သို့ပါသော်လည်း သင်တန်းတစ်ဝက်လောက်ပဲ ရှိသေးတယ်။ ပါရဂူဝင်ခွင့်ရပါတယ်။ ဒါကြောင့် နေပြည်တော်ကနေ ရန်ကုန်ပညာရေးတက္ကသိုလ်ကို သွားပြီး ရုံးလုပ်ငန်းတွေ လုပ်ရပါတယ်။ အဲဒီဌာနက တာဝန်ရှိတဲ့စာရေးမက သူများလျှောက်ထားလွှာတွေကို

ရှေ့တင် လက်ခံပေးတယ်။ ကျွန်မအလှည့်ရောက်တော့ မုန့်ဖိုးပေးမှ လုပ်ပေးမယ်ဆိုပြီး အမျိုးမျိုး ပညာပြနေပါတော့တယ်။

ရှေ့မှာ မေတ္တာတရားနဲ့ အစစအရာရာ အဆင်ပြေလာခဲ့ပါသော်လည်း အခုတော့ မေတ္တာတရားနဲ့ပြေမဲ့ပုံ မပေါ်တော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်မစိတ်ထဲ မေတ္တာ နေရာမှာ ဒေါသက အတုံးလိုက်အခဲလိုက် နေရာအပြည့်ယူလိုက်ပါပြီ။ သူကလည်း ပြဿနာရှာနေတုန်းပါပဲ။ ပါမောက္ခချုပ်နဲ့ ဝင်တွေ့ခိုင်းလို့ သွားတွေ့လိုက်တယ်။ ကျွန်မစိတ်ကို ထိန်းသိမ်းလိုက်နိုင်လို့ သူ့အကြောင်း မပြောဖြစ်ခဲ့ပါဘူး။

ညနေပိုင်းမှာတော့ "သူလည်း မိသားစုရှိလို့ လုပ်တာနေမှာပါ"လို့ တွေးနိုင်လာပါတယ်။ ပေးလိုက်တဲ့မုန့်ဖိုးက 'သူ့အဖေ ဆေးဖိုးရပါစေ'၊ 'သားသမီး ပညာသင်စရိတ်ဖြစ်ပါစေ'လို့ ဆင်ခြင်ပြီး Kpay နဲ့ မုန့်ဖိုး လှမ်းပြီးထည့်ပေးလိုက်တယ်။

"ကောင်းတာတွေ ဆက်တိုက် ကြုံနေရလေ စိတ်ကို ပိုပြီး စောင့်ရှောက်ရမှာပါလား" ဆိုတဲ့ အသိတရားတစ်ခုရပါတယ်။ တစ်ဆက်တည်း ဆရာတော်ရဲ့ "ကိလေသာကိုလည်း အထင်မသေးနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အထင်မကြီးနဲ့"ဆိုတဲ့ အဆုံးအမကိုလည်း သတိရမိပါတယ်။ မသိမလိမ္မာတဲ့တပည့်ကို လိမ္မာအောင် သင်ကြားပေးခဲ့တဲ့ ဆရာတော်ကို ကျေးဇူးတင်ပါတယ်ဘုရား။

စိတ်ကို ကြည့်နေ သိနေပါသော်လည်း မနှိုင်မနင်းကြီးဖြစ်နေပါတယ်

သူငယ်ချင်းတစ်ယောက်က နေပြည်တော်မှာ ငလျင်ကြောင့် ထိခိုက်သွားတဲ့အဆောက်အဦတစ်လုံးအတွက် Estimate တွက်ပေးဖို့ အကူညီတောင်းထားတယ်။ ဒါကြောင့် သူ့ရုံးမှာပဲ ထိုင်ပြီး တွက်ပေးဖို့ ကိုယ်တိုင်ကားမောင်းပြီး သွားပါတယ်။ သူ့ရုံးခန်းထဲဝင်လိုက်တော့ ထိုင်ဖို့စားပွဲ၊ ကုလားထိုင်တွေ အသင့်ဖြစ်မနေတာ တွေ့ရပါတယ်။ "သူတို့အလုပ်များလို့ ထင်တယ်၊ ရပါတယ်လေ"ဆိုပြီး တွေ့တဲ့နေရာမှာထိုင်ပြီး Estimate တွက်နေလိုက်ပါတယ်။

ခဏလေးနေတော့ ကောင်မလေးတစ်ယောက်ကလာပြီး ဒါက သူ့စားပွဲ၊ သူ့နေရာလို့ မျက်နှာထားတင်းတင်းနဲ့ အပြောခံလိုက်ရတဲ့ အချိန်မှာတော့ စိတ်က မရတော့ပါဘူး။ ဒေါသက တလိပ်လိပ်ကြီး တက်လာပါတော့တယ်။ "ငါ့ကိုအကူအညီတောင်းလို့ အခုငါလာကူညီနေတာ၊ ထိုင်စရာလေးတောင် ငါ့အတွက်စီစဉ်ပေးမထားဘူး၊ ငါ့ကိုဘာထင်လို့လဲ" ဆိုပြီး တစ်ယောက်တည်း စိတ်ထဲ တတွတ်တွတ်ပြောနေတာကို နှုတ်ကမထွက်အောင် မနည်းကြီးကို အောင့်နေရပါတယ်။

ဒီလိုနဲ့ စိတ်က ပုံမှန်မရောက်သေးခင်မှာဘဲ သူတို့က ကျွန်မကိုထားခဲ့ပြီး အပြင်သွားဖို့ ဟန်ပြင်နေတာလည်းမြင်ရော ဒေါသက အထွတ်အထိပ်ရောက်နေပြီ။ စိတ်ကို ကြည့်နေတယ်။ သိနေတယ်ဆိုပေမဲ့ မနိုင်မနင်းကြီးဖြစ်နေတုန်းမှာပဲ သူငယ်ချင်းက "အစ်မရေ Estimate က ညနေအပြီးတင်ရမယ်နော်"လို့ ပြောလာတဲ့အခါမှာတော့ "ဘယ်လိုလုပ် အခုချက်ချင်းကြီး ရနိုင်မလဲ"လို့ အော်ပြီး ပြောမိသွားတယ်။

စိတ်ဆိုးပြီး အသံအကျယ်ကြီးနဲ့ အော်ပြောမိလိုက်မိတာကို သူတို့သတိမထားလိုက်ပေမဲ့ "ငါဘာလို့ မထိန်းသိမ်းလိုက်နိုင်တာလဲ"ဆိုပြီး ရှက်လည်းရှက်၊ နောင်တလည်းရမိပါတယ်။ ဒါကြောင့် ခဏလောက် စက်ြိုထလျှောက်လိုက်ပါတယ်။ တော်တော်လေးကြာတော့ စိတ်က ပုံမှန် အခြေအနေ ရောက်သွားပါတယ်။

ဆရာတော်က "စိတ်ကိုအကဲခတ်ပါ ၊ စိတ်ကိုသိနေပါ"လို့ မကြာမကြာ မိန့်တော်မူတဲ့ အဆုံးအမစကားရဲ့တန်ဖိုးကို တပည့်တော် မနေ့က သေသေချာချာ သိလိုက်ရပါတယ်။ ကျေးဇူး တင်ပါတယ်ဘုရား။



ပဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ စာမူကြမ်းကို ဖတ်ခဲ့တဲ့ ညီတော်တစ်ပါးက "တရားအားထုတ်နေတဲ့ ယောဂီတွေရဲ့ ကိုယ်တွေ့ ကိုလည်း ထည့်ရေးပေးပါဦးဘုရား"လို့ လျှောက်ထားဖူးတယ်။

ဒါကြောင့် သတိပဌာန်တရားကို ထိုက်သလောက် အားထုတ် နေကြတဲ့ ယောဂီတွေရဲ့ နေ့စဉ်ဘဝမှာ ကြုံဆုံခဲ့ဖူးတဲ့ ကိုယ်တွေ့ထဲက တချို့ကို ဒီနေရာမှာ ဖော်ပြပေးလိုက်ပါတယ်။

ယောဂီတွေရဲ့ ဆန္ဒအရ သူတို့ရဲ့ အပိစ္ဆဂုဏ်ကို အလေးဂရုပြုသော အားဖြင့် အမည်၊ နေရပ်လိပ်စာတွေကို ချန်လှပ်ထားခဲ့ခြင်း ဖြစ်ပါတယ်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

အကွာရာစဉ်	စာမျက်နှာ
(အ)	
အကုသိုလ်ဝဋ်ရှိ ဓာတ်ဆိုးကြီး	၂၀၅
အကြောင်းကြောင့် အကျိုး	၁၃၆
အကြံအောင်ရန် ကြံပင်	၃၉၁
အခက်အခဲကို မှတ်သားရမည်	၈၀
အချိန်တိုတောင်းလွန်း	၉၁
အဂ္ဂက္ကဒ္ဓိမန္တတေဒဂ်	၂၇၃
အဆင်းက ပရမတ်	၁၂၆
အဆုံးဖြတ် ဆန္ဒမစောသင့်	၃၄၆
အဆုံးအဖြတ်မှားတတ်သည်	၉၉
အဏ္ဏတ္တနန္ဒိကွယသုတ်	၂၁၅
အညတရရဟန်း	၈
အဋ္ဌကလာပ် ရုပ်မှုန်	၁၂၈
အဏုမြူ	၁၃၀
အဏုမြူပေါင်းများစွာဖွဲ့မှ	၁၄၇
အတ္တဟူ၍ ရှာမရ	၁၅
အန္ဓဘူတော	၄၁၄
အဓိပတိစိတ်ဖြင့်	၆၇
အဓိမာန	၉၆
အဓိမာန	၈၆
အဓုဝံ မေ ဇီဝိတံ	၄၁၁
အနန္တရိယကံ	၄၂၉
အနတ္တာနုပဿနာဉာဏ်	၃၀၂
အနတ္တကို အတ္တဝိပလ္လာသ	၃၆၆
အနိစ္စကိုမြင်လျှင် အနတ္တထင်	၅၈
အနိစ္စသမ္ဘူတံ, ဘိက္ခဝေ	၁၂၆
အနိစ္စကို နိစ္စဝိပလ္လာသ	၃၆၆
အနိစ္စ၊ ဒုက္ခ၊ အနတ္တအချက်	၄၃၆
အနိစ္စာနုပဿနာဉာဏ်	၃၀၂
အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတ	၁၁၈
အနိမိတ္တဝိမောက္ခမဂ်	၃၅၈
အနိမိတ္တမဂ်	၃၅၉
အနိမိတ္တပစ္စုပဋ္ဌာနံ	၃၇၆
အနုလောမဉာဏ်	၃၅၆
အနုပ္ပါဒနိရောဓ	၃၈၀
အနေမြရန် ပြောင်းဖူး	၃၉၁
အပ္ပိစ္ဆဂုဏ်ရှင်	၁၂၁
အပ္ပဿာဒါ ကာမာ	၂၀၆
အပ္ပဏိဟိတမဂ်	၃၅၉
အပ္ပဏိဟိတဝိမောက္ခမဂ်	၃၅၉
အပုညာဘိသင်္ခါရ	၂၀၂
အပုညာဘိသင်္ခါရ	၂၅၈
အပြောင်းအလဲမြင်ပါစေ	၃၆၇
အဘိသင်္ခါရဝိညာဏ်	၃၇၈
အဘိသင်္ခါရတရားများ	၂၅၆
အဘယ်သူ သွားသနည်း	၁၅၀
အမတ	၃၇၈
အမတသဘာဝ	၇၅
အမှတ်သွက်လာသည်	၉၄
အယျမိတ္တမထေရ်	၂၆၀
အရဟတ္တဖိုလ်တိုင်အောင်	၄၅
အရိယာဂုဏ်ရည်	၁၇
အရိယာဖြစ်ခြင်းအင်္ဂါ	၉၈
အရိယာတို့ဌာန	၁၂၂
အရိယာဘုံသား	၁၁၃
အရိယာအသိသည် လူကြီးအသိ	၂၂၉
အရိယာဂုဏ်ရည် (၇)ပါး	၃၅၉
အရောင်အလင်းက မဂ်မဟုတ်	၈၉
အရှင်မဟာကောဋ္ဌိက	၁၇၁
အရှင်မဟာပါလ	၁၇၅
အရှင်မေဃိယ	၁၉၇
အရှင်မဟာမောဂ္ဂလာန်	၂၇၃
အရှင်သာရိပုတ္တရာမထေရ်မြတ်	၂၄၁
အရိုးစုတစ်ခုသည် လမ်း၌သွားသည်	၃၉၃
အရိုးစု ပဋိဘာဂနိမိတ်	၃၉၃
အလမ္ဗုသာ နတ်သမီး	၂၀၄

အကျွေးထားသော ကြိုးကြာ	၂၆၉
အဝဿံ မယာ မရိတဗ္ဗမေဝ	၄၁၁
အဝိဇ္ဇာပစ္စယာ သင်္ခါရာ	၂၇
အဝိဇ္ဇာဟူသည် မောဟကိလေသာ	၂၃၇
အဝိဇ္ဇာပစ္စယာ သင်္ခါရာ	၂၅၃
အဝိနိဘ္ဘောဂရုပ်	၁၂၉
အသာဒေတိ၊ အဘိနန္ဒတိ	၂၄
အသန္ဓိမိတ္တာမိဖုရားကြီး	၃၂၂
အသိခံရုပ်တရား	၈၂
အသမ္မောဟသမ္ပဇဉ်	၁၅၃
အသောကမင်းတရားကြီး	၃၀၉
အီလက်ထရွန်	၁၃၁

(အာ)

အာကာသနဉ္စာယတနစျာန်	၃၂၉
အာကိဉ္စညာယတနစျာန်	၃၂၉
အာဂန္တု ကိလေသာ	၇၈
အာစိဏ္ဏကံ	၄၂၉
အာဒီနဝဉာဏ်	၁၁၇၊၃၄၈
အာနေဉ္ဇာဘိသင်္ခါရ	၂၀၂၊ ၂၅၈
အာပတ်မသင့်ပါ	၁၁၆
အာပေါ၏ အပေါင်းအစုသဘော	၃၄၄
အာယတနပဗ္ဗ	၁၆၇
အာရမ္မဏာနုသယ	၂၈
အာရမ္မဏူပနိဿယ	၁၈၆
အာရမ္မဏာဓိပတိ	၁၈၆
အာရမ္မဏူပနိဇ္ဈာန်	၃၂၂
အာရုံစုစည်းလာသဖြင့်	၉၃
အာရုံနှင့် မှတ်စိတ် တကွဲစီ	၈၂
အာရုံနှင့် ရှုစိတ်ပြတ်တောက်	၉၄
အာရုံလည်း ရှာမတွေ့	၇၉
အာရုံ၏ 'အပြောင်းအလဲ'	၉၃
အာဝါသသပ္ပာယ	၁၉၇

အာသန္နကံ	၄၃၀
အာဟာရဇမဟာဘုတ်	၄၄၄

(ကြ)

ကြသိသိဂ်ရသေ့	၂၀၄
ကြရိယာပုတ်လည်း ခိုင်မြဲသည်	၄၃၉
ကြန္ဒြိယဂုတ္တဒွါရ ဧတဒဂ်	၂၉၉
ကြန္ဒြေငါးပါး	၃၁၁
ကြန္ဒြေထက်ကြောင်းတရား	၃၁၀

(ဥ)

ဥဩတိတည္ဟု ပုဂ္ဂိုလ်မျိုး	၁၈၈
ဥဿဒဒိဋ္ဌ	၁၂၇၊၃၄၃၊၄၁၈
ဥတုဇမဟာဘုတ်	၄၄၄
ဥတုသပ္ပာယ	၁၉၇
ဥတုဇ၊ ကမ္မဇဓာတ်မှန်	၂၁၃
ဥဒယဗ္ဗယဉာဏ်	၁၁၇
ဥဒယဗ္ဗယ၊ ဖြစ်ပျက်ဉာဏ်	၂၃၇
ဥပက္ကိလေသာ (၁၀)ပါး	၈၇
ဥပပ္ပလဝဏ်ထေရီမ	၂၄၄
ဥပါဒါခဏ၊ ဌိခဏ၊ ဘင်ခဏ	၇၇
ဦးဖိုးလှနှင့် နတ်ဒေဝါဖိုးလှ	၄၁၀

(ဧ)

ဧကဗီဇီသောတာပန်	၃၅၁
ဧဒါနဒီ၊ ပဂ်လနဒီ	၅၅

(ဩ)

ဩကာသကန်တော့ချိုး	၁၉၀
ဩဘာသအရောင်အလင်း	၈၅
ဩဇာရှိရန် ဩဇာပင်စိုက်	၃၉၁

အကွာရာစဉ်	စာမျက်နှာ
(က)	
ကခ်ီဝိတရဏဝိသုဒ္ဓိ	၁၃၅
ကခ်ီဝိတရဏဝိသုဒ္ဓိ	၄၃၄
ကဋ္ဌတ္ထာကံ	၄၃၀
ကတပုညောသိ တွံ အာနန္ဒ	၃၅၂
ကဗဋီကာရော အာဟာရော	၂၈၉
ကမ္မဇဓာတ်မှန်	၂၁၃
ကမ္မဇမဟာဘုတ်	၄၄၄
ကမ္မဋ္ဌာန်းမဖြစ်၊ သတိပဋ္ဌာန်ဘာဝနာမဖြစ်	၁၅၀
ကမ္မဿ ကာရကော နတ္ထိ	၂၆၈
ကရဝိက်ငှက်	၃၂၃
ကာယာနုပဿနာ သတိပဋ္ဌာန်	၁၉၄
ကာယိန္ဒြိယ	၂၉၉
ကံကို ရှောင်လွဲမရပါ	၂၇၄
ကိုရင်ကလေး စျာန်ကစား	၃၃၄
ကောင်းတာလည်းတရား	၈၀
ကန်းမနှင့်ညား	၃၃၄
ကိုယ်ကို တံတားခင်းမည်	၅၁
ကိုယ်နှင့်စိတ်၊ ကားနှင့် ဒရိုင်ဘာ	၁၅၀
ကိရိယာအဗျာကတ	၃၇၀
ကျီဦးအလှူ	၄၁၇
ကျေးကျွန်ကို ရဟန်းပြုမပေးရ	၂၆၄
ကျွမ်းကျင်လိမ္မာသည့်ဆရာ	၃၃
‘ကြည့်တာ’တစ်ခု	၃၅
ကြိုက်ရင် နည်းနည်းစား	၂၈၃
ကာယဝိညာဏ်စိတ်	၂၁၃
ကြက်သီးထတတ်	၈၃
ကြာကြာစံလိုပါက ကြာဆံလှူ	၃၉၁
ကြာပန်းအနုံသူခိုး	၂၉၁
‘ကြားတာ’တစ်ခု	၃၅
ကြိယာစိတ်ဟူသည်	၁၇၀
ကွန်ပျူတာဝိညာဉ် ထွက်သွားပြီ	၁၆၅
ကိလေသာကုန်ခန်း	၁၇၇
ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန်	၂၃၈
ကိုသုကောပမသုတ်	၂၁၉
ကုက္ကိုပင်ကဲ့သို့	၂၂၁
ကုဒ္ဒါလပဏ္ဍိတ	၄
ကူးခတ်ရန် ခက်သောနေရာ	၃၂၇
ကောကာလိကရဟန်း	၂၇၁
ကောလံကောလ	၃၅၁
(ခ)	
ခုဇ္ဈတ္တရာကျွန်မ	၁၆
ခေမာမိဖုရား	၄၂၆
ခေမာထေရီမ	၄၂၅
ခေတ်အခါမဟုတ်ဘူး	၆၄
ချည်တိုင်ကို မစွဲသင့်ပါ	၁၃၄
ချုပ်ပြတ်သွားသည်မဟုတ်	၁၀၀
ခြေထောက်အောက်မှ ရတနာ	၁၄
(ဂ)	
ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ	၁၅၀
ဂတပစ္စာဂတဝတ်	၁၁၅
ဂရုကံ	၄၂၉
ဂေါတြဘုဉာဏ်	၃၅၆
ဂေါတြဘူဉာဏ်	၉၅
ဂွမ်းပုံပေါ်လျှောက်နေ	၈၅
(ဃ)	
ဃာနဝိညာဏ်စိတ်	၂၁၃
ဃာနိန္ဒြိယ	၂၉၉
(င)	
‘ငါ’က ပညတ်	၂၃
‘ငါ’နှင့် ‘ဒေါသ’	၁၃
ငါနှင့် ဖန်ခွက်၊ ဖန်ခွက်နှင့် ငါ	၂၂၆

အကျွေရာစဉ်	စာမျက်နှာ
ငါ ဖလသမာပတ်ဝင်စားနိုင်ပြီ	၈၆
ငါရဟန္တာမဖြစ်ဘဲ ဤဆွမ်းမစား	၂၆၀
‘ငှဒေါသ’	၁၄
‘ငှလောဘ’	၁၄
‘ငှမောဟ’	၁၄
ငါးပါးသီလရဲ့ အလယ်တစ်ပါး	၁၀၃
ငြီးငွေ့၍နေသည်	၆၅
ငြိမ်းအေးမှု အဆင့်ဆင့်	၃၂၉
ငှက်နားခြင်းနှင့် အရိပ်ထင်ခြင်း	၁၆၄
ငှက်ပျောတုံးနှင့် သခ်ါရက္ခန္ဓာ	၃၈၆

(စ)

စတ္တာရော ခန္ဓာ အရူပိနော	၁၆၉
စက္ခုဓာတ်မှန်	၂၁၃
စက္ခုဣန္ဒြိယ	၂၉၉
စတုသမုဋ္ဌာနိကဩဇာ	၂၈၂
စာတစ်လုံးဖတ်နေ	၉၁
စားဦးအလှူ	၄၁၇
စားနေစဉ် ဝိပဿနာတရားရှု	၂၈၄
စားကျက်မည်သောအာရုံ	၂၄
စားသူ၊ အရသာခံသူမရှိ	၄၃
စိတ်က ဦးဆောင်	၁၅၁
စိတ်ကို အစိုးမရသော သူရူး	၅၄
စိတ်ကို စောင့်ရှောက်ပါ	၈
စိတ်ကူးရတာကောင်း	၃၉
စိတ်ငြိမ်နေပါတယ်	၇၇
စိတ္တဇလေသည် ကား	၁၅၁
စိတ္တဇမဟာဘူတ်	၄၄၄
စိတ္တေန သံကိလိဋ္ဌေန	၃၀၇
စိတ္တာနုပဿနာ သတိပဋ္ဌာန်	၁၉၅
စိတ္တသံကိလေသာ	၃၀၈
စိတ်သာ အဓိပတိထိုက်ပါစေ	၅၂
စိတ္တဟဋ္ဌမထေရ်	၁၉၉

အကျွေရာစဉ်	စာမျက်နှာ
စိတ်တစ်လုံး၏သက်တမ်း	၇၆
စိတ်မထွက်ပါဘူး	၇၇
စိတ်ဖြစ်တိုင်း သိသိနေရမည်	၃၀၅
စိတ်ရိုင်းကို ဆုံးမမည့်	၁၉၀
စုတိစိတ်နှင့် ပဋိသန္ဓေစိတ်	၄၂၇
စူဠသောတာပန်	၄၅၊၄၃၃
စေတနာဟာရ	၂၈၉
စေတနာဟံ ဘိက္ခဝေ	၂၅၃
စေတိယတောင်	၃၉၂
စိတ်သည် ဒရိုင်ဘာ	၁၅၁
စွမ်းအင်မျှသာ	၁၃၀

(ဆ)

ဆန္ဒာဓိပတိ	၅၂
ဆန္ဒာဓိပတိရသည်	၅၀
ဆရာဆုံးဖြတ်ပေးထား	၉၉
ဆရာတော်က သာမုဒေါ်	၉၇
ဆရာ၏စကားတစ်ခွန်း	၄၄
ဆင်ခြင်လျှင် ကုသိုလ်တိုး	၃၈၇
ဆင်ရိုင်းကြီးကိုဖန်ဆင်း	၃၃၂
ဆဲလ်ဟူသော ကလာပ်စည်း	၁၃၁

(ဇ)

ဇနဝသဘနတ်သား	၂၉၀
ဇိတံ မေ၊ ငါ အောင်ပြီ	၄
ဇိဟ္ဝါဝိညာဏ်	၂၁၃
ဇိဝှါန္ဒြိယ	၂၉၉
ဇိဝိတမေဝ အနိယတံ	၄၁၂
ဇိဝိတသမသီသီ	၃၂၁

(ဈ)

ဈာန်ကို ကု၊ အကု မဆိုနိုင်	၃၁၈
ဈာန်လမ်းနှင့် ဉာဏ်လမ်း	၃၃၁

အကွောရာစဉ်	စာမျက်နှာ
(တ)	
တစ္ဆေ မြေဘုတ် ဘီလူးမ	၃၅၀
တဇ္ဈာရီမြူတစ်ခု	၁၃၀
တဏှာ၊ မာန၊ ဒိဋ္ဌိ	၂၂၆
တဏှာက္ခယ	၃၇၇
တဒင်္ဂပဟာန်	၃
တရားထူးတယ်ဆိုတာ ဒါမျိုးလား	၅၆
တရုဏဝိပဿနာ	၁၁၇၊၁၁၈
တလင်းဦးအလျှူ	၄၁၇
တာဝတိံသာနတ်ပြည်	၃၄၉
တံလျှပ်နှင့် သညာက္ခန္ဓာ	၃၈၆
တံလျှပ်ကို ရှုမြင်ရသကဲ့သို့	၁၁၇
တိုးတာလည်း အသစ်	၁၃၄
တစ်ကြောင်းတည်းသောလမ်း	၁၉၄
တစ်ချက်ပေါ်၊ တစ်ချက်သိ	၉၀
တွန်းကန် ဝါယောဓာတ်	၁၂၈
တွန်းကန် လှုပ်ရှားသဘော	၁၅၃
တိဋ္ဌ စရံ နိသိန္နော ဝ	၁၅၅
တိဿမထေရ်မြတ်	၃၁၉
တေဇောသဘော	၁၂၈
တေဇော၏ အပေါင်းအစု	၃၄၄
တည့်ရင်လည်း နည်းနည်းစား	၂၈၃
(ထ)	
ထမင်းဦးအလျှူ	၄၁၇
ထမင်းတစ်ပန်းကန်ဥပမာ	၂၄၆
ထိနေသည်ကို သိနေရမည်	၃၇၅
ထိတာကို သိတာက နာမ်တရား	၂၃၆
ထိတိုင်း တစ်ထိ၊ တစ်သိ	၁၅၄
ထိထိနေတာက ရုပ်တရား	၂၃၆
‘ထိမှု’သည် အဗျာကတ	၅၇
ထိသိသတိ၊ ထိသိသတိ	၅၆
ထင်မှတ်မှားတတ်	၈၅
ထွက်လေ၏ တိုးမှု၊ ထိမှု	၅၃

အကွောရာစဉ်	စာမျက်နှာ
(ဒ)	
ဒိဋ္ဌိနှင့် မဂ္ဂင်	၄၁၉
ဒွိတ္တိသာကာရ	၅၄
ဒွီသု ဒွီသု ဒွါရေသု	၁၆၂
ဒုက္ခကို သုခ	၃၆၆
ဒုက္ခာနုပဿနာဉာဏ်	၃၀၂
ဒုဗ္ဗလစေတနာ	၂၇၄
ဒေါသကြောင့် နှလုံးခုန်နှုန်းမြင့်	၁၀
ဒေါသဖြစ်တာ ပင်ပန်း	၁၁
(ဓ)	
ဓမ္မသဘာဝ သက်သက်မျှ	၃၄၅
ဓမ္မာနုပဿနာ	၁၉၅
ဓမ္မာယတန	၁၆၇
ဓုဝံ မေ မရဏံ	၄၁၁
(န)	
နစသော၊ နစအညော	၄၁၀
နန္ဒဝန်ဥယျာဉ်	၃၅၀
နန္ဒာထေရီမ	၃၉၅
နဒီသောတော ဝိယ	၂၁၆
နည်းကိုလည်း မစွဲသင့်	၁၃၄
နတ်ပြည်မှာ တရုန်းရုန်း	၄၄
နတ်ဗြဟ္မာများ ဒိဋ္ဌိမလွတ်	၁၂၆
နျုကလိယပ်စ်	၁၃၁
နာဂသမာလမထေရ်	၄၄၆
နာနာက္ခဏိကကမ္မ	၂၅၄
နာမရူပပရိစ္ဆေဒဉာဏ်	၁၁၇
နာမပညတ်ခေါ်	၃၉၀
နာမသန္တတိအစဉ်	၄၀၈
‘နားထောင်တာ’တစ်ခု	၃၅
နာမ်တရားကပရမတ်	၁၂၆
နာမ်ကိုမှီပြီး ရုပ်ဖြစ်လာ	၁၂၇

အကျွေရာစဉ်	စာမျက်နှာ
နှာသီးဝ လေတိုးဝင်၊ ထွက်	၁၃၄
နိဂြောဓသာမဏော	၃၀၉
နိဗ္ဗာနဓာတ်	၄၂၀
နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ	၃၅၇
နိဗ္ဗိဒါဉာဏ်	၃၄၈
နိဗ္ဗာန်၏သဘော	၃၈၀
နိဗ္ဗာန်ဟူသည် အငြိမ်းဓာတ်	၃၇၆
နိဗ္ဗာန် အတ္ထိမထိုက်	၃၉၄
နိဗ္ဗာန်သို့ လျှောက်လှမ်း	၁၅၇
နေတံ မမ	၂၁၈
နေယျပုဂ္ဂိုလ်မျိုး	၁၈၉
နေရာမရွေး၊ အချိန်မရွေး	၁၅၅
နေဝသညာနာသညာ	၃၂၉

(ပ)

ပစ္စယပရိဂ္ဂဟ	၄၅
ပစ္စယပရိဂ္ဂဟဉာဏ်	၁၃၅
ပဉ္စဒ္ဒါရနှင့် မနောဒ္ဒါရ	၁၆၂
ပဉ္စဒ္ဒါရာဝဇ္ဇန်း	၁၆၃
ပဉ္စာဇာတဝိပွယုတ္တ	၃၇၂
ပညာကို ခေါင်းဆောင်	၅၃
ပညာသာ အဓိပတိ	၅၂
ပညတ်အာရုံကို မလွတ်သမျှ	၅၃
ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်း	၂၀၁
ပဋိဝိပဿနာဉာဏ်	၆၇
ပဋိသန္ဓေစိတ်	၁၂၇
ပဋိသန္ဓေအရာ အသိမရှင်း	၁၂၇
ပဋိဝိပဿနာဉာဏ်	၃၂၄
ပထဝီ၏ အပေါင်းအစု	၃၄၄
ပဒပရမပုဂ္ဂိုလ်မျိုး	၁၉၀
ပဒုမဝေရဲ	၂၇၂
ပရမသုခ	၃၇၉
ပရမတ်နယ်မရောက်	၅၃

အကျွေရာစဉ်	စာမျက်နှာ
ပရမတ်ပေါ် ပညတ်ငုပ်	၆၀
ပရမတ်အရှိတရား	၂၃
ပရမတ်ကွယ်သောကြောင့်	၃၉၃
ပရမာဏုမြူ	၁၃၀
ပရိယတ္တိပညာ အားသေး	၆၄
ပရိုတွန်၊ ရှူထွန်	၁၃၁
ပဿတိ ပဿော ပဿန္ဓိ	၄၀၂
ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ	၁၇၁
ပင်ကိုပကတိအားကြီး	၁၈၇
ပင်ပန်းမည်ကိုကြောက်	၆၄
ပင့်ကူ ဥပမာ	၁၉၁
ပညောင်ပင်ကဲ့သို့	၂၂၁
ပါရမီကကိုနည်း	၆၄
ပုဂ္ဂလဗျာပါရ	၆၇
ပုဂ္ဂလဇ္ဈာသယ	၁၁၀
ပုဂ္ဂလသပ္ပာယ	၁၉၇
ပုညာဘိသင်္ခါရ	၂၀၁၊၂၅၇
ပုထုဇဉ်ဘုံသား	၁၁၃
ပုထုဇဉ်တို့ဂေဟာ	၁၂၂
ပုထုဇဉ်၏ ကလေးအသိ	၂၂၉
ပုထုဇဉ်နယ်၊ အရိယာနယ်	၃၅၆
ပုထုဇဉ် ဆရာရှာရသည့်ဒုက္ခ	၄၁၅
ပုဏ္ဏာဒါသီ	၂၆၂
ပူသဘော အေးသဘော	၁၅၃
ပေါဋ္ဌိလမထေရ်	၃၁၁
ပျောက်၍ ပျောက်၍	၈၄

(ဖ)

ဖလသမာပတ်ဝင်စားခြင်း	၄၂၀
ဖဿသည် နာမ်အာဟာရ	၂၉၁
ဖဿာဟာရ	၂၈၉
ဖားနတ်သား	၁၁၂
ဖုသန လက္ခဏာ	၄၂၄

အက္ခရာစဉ်	စာမျက်နှာ
ဖုဿဒေဝမထေရ်	၃၂၅
ဖေဏပိဏ္ဍူပမသုတ်	၃၈၆
ဖွတ်တောင်ပို့ ဥပမာ	၁၉၁
ဖြစ်ခြင်း၊ ပျက်ခြင်းသဘော	၅၇
(ဗ)	
ဗလဝနာနာက္ခဏိကကံ	၂၇၄
ဗလဝဝိပဿနာ	၆၆၊ ၁၁၇
ဗလဝဝိပဿနာဉာဏ်	၁၁၃၊၁၁၈၊၁၁၉
ဗာဟိရနန္ဒိကွယသုတ်	၂၁၅
ဗိမ္ဗိသာရမင်းကြီး	၂၈၉
ဗြဟ္မဝိဟာရသမထ	၅၄
(ဘ)	
ဘင်္ဂဉာဏ်	၁၁၇၊၃၄၈၊၃၄၈၊၁၁၇
ဘတစ်ပြန်၊ ကျားတစ်ပြန်	၇၈
ဘဝကူးပြောင်းခြင်းအမျိုးမျိုး	၄၀၈
ဘဝင်စိတ်အစဉ်	၁၃
ဘာဝနာ အာစိဏ္ဏကံ	၆၄
ဘာဝနာဉာဏ် နုနယ်	၁၁၆
ဘာဝနာရတိ	၈၆
ဘောဇနသပ္ပာယ	၁၉၇
ဘုံစဉ်စံ သောတာပန်	၃၅၁
ဘုန်းတော်ကြီးဦးသီလ	၂၉၁
(မ)	
မကောင်းတာလည်းတရား	၈၀
မကြည့်ရက်ရင် အခန်းပြင်ထွက်	၂၂၇
မဂ္ဂဘာဝနာ	၃၇၈
မယားမိုက်၏စကား	၂၇၂
မနိုဇ္ဈိယ	၂၉၉
မနောဓာတ်မှန်	၂၁၃
မနောဝိညာဏ်စိတ်	၂၁၃

အက္ခရာစဉ်	စာမျက်နှာ
မပျံ့လွင့်ပါဘူး	၇၇
မရဏံ နိယတံ	၄၁၂
မရဏာသန္နဇော	၄၂၉
မဟာသီဝမထေရ်	၆၂
မဟာနာဂထေရ်	၁၁၄
မဟာဖုဿဒေဝထေရ်	၁၁၄
မဟာဂတိဂမိယတိဿဒတ္တ	၃၅၂
မဟိစ္ဆဂုဏ်ရှင်	၁၂၁
မဟာသောတာပန်စစ်စစ်	၄၅
မာဂဏ္ဍိပုဏ္ဏားမကလေး	၂၅
မာတိကာ မာတာ	၈
မာယာထောင်ချောက်	၂၈၇
မာသဘော ပျော့သဘော	၁၅၃
မိစ္ဆာ မဂ္ဂင် (၄)ပါး	၃၄၂
မီးလောင်ငုတ်ကဲ့သို့	၂၂၁
မုဉ္စိတုကမျတာဉာဏ်	၁၁၇၊၃၄၈
မေတ္တာကမ္မဋ္ဌာန်း	၃၈၇
မော်လီကျူး	၁၃၁
မဲပြီး ရှာလေ၊ သာ၍ဝေးလေ	၈၀
မင်္ဂလေးဆင့်၊ ဖိုလ်လေးဆင့်	၉၇၊၂၅၉
မဂ်ညွှန့်၊ ဖိုလ်ညွှန့်ကျိုး	၃၄၆
မောင်ပုဏ္ဏတို့ ဇနီးမောင်နှံ	၂၄၁
မျက်စိနှစ်ကွင်း ကွဲသွား	၁၇၇
'မြင်တာ'တစ်ခု	၃၅
မြင်သိစိတ်က ပရမတ်	၁၂၆
မြစ်ရေအလျဉ်ပမာ	၄၀၁
မှားလည်း မှားလောက်သည်	၈၆
(ယ)	
ယထာဘူတဉာဏ်	၁၃၅
ယသော်ဓရာမင်းသမီး	၃၉၅
ယောဟိ ကောစိ ဘိက္ခဝေ	၃၄၇
ယံ ပရေ သုခတော အာဟု	၂၆၁
ယိုစီးဖွဲ့သည့်သဘော အာပေါ	၁၂၈

အကွာရာစဉ်	စာမျက်နှာ
(ရ)	
ရဇောဟရဏံ	၅၉
ရထရေဏုမြူတစ်ခု	၁၃၀
ရမ္မာဝတီပြည်	၅၁
ရဟန္တာတိုင်း ကောင်းကင်မပျံနိုင်	၃၃၃
ရဟန္တာဖြစ်ပြီးမှ ပဝါရဏာပြုမယ်	၆၃
ရသေ့မ အိမ်ထောင်ပြုသွား	၉၈
ရုပ်ကွန်ဒြေနှင့် နာမ်ကွန်ဒြေ	၂၉၈
ရုပ်က ပရမတ်	၁၂၆
ရုပ်ကိုမှီပြီး နာမ်ဖြစ်	၁၂၇
ရုပ်နှင့် နာမ်အာဟာရ	၂၈၈
ရုပ်သည် အသိခံအာရုံ	၁၄၂
ရှုစိတ်လည်းပျောက်	၇၉
ရှုပနှင့် နာမသန္တတိ	၁၈၈
စက္ခုနှင့် မနောဒွါရ၌ တစ်ပြိုင်တည်းထင်	၁၆၄
ရှုပေန သံကိလိဋ္ဌေန	၃၀၇
ရှုပနန္ဒာထေရီမ	၃၉၆
ရှုပံ ဘိက္ခဝေ အနတ္တာ	၁၃၀
ရှုမှတ်နိုင်လျှင် ကိလေသာဖြစ်ခွင့်မရှိ	၃၀၄
ရေပွက်နှင့် ဝေဒနာက္ခန္ဓာ	၃၈၆
ရေပွက်ကို ရှုမြင်ရသကဲ့သို့	၁၁၇
ရေမြှုပ်ဆိုင်ကြီးနှင့် ရှုပက္ခန္ဓာ	၃၈၆
ရေသောက်မြစ်	၁
ရောဟိတဿသုတ္တံ	၃၈၀
(လ)	
လက္ခဏူပနိဇ္ဈာန်	၃၂၂
လူမိုက်နန္ဒ မြေမျိုခံရ	၂၄၅
လူသေသော်လည်း ဝိညာဉ်၊ လိပ်ပြာမသေ	၇၅
လောကီဈာန်ပိုင်း	၃၃၂
လောဘာဓိပတိမရပါ	၅၀
လိုက်လေ၊ ဝေးလေ	၅၆
လယ်ဦးအလှူ	၄၁၇
လမ်းလျှောက်လှည် သမာဓိမပျက်	၁၅၃
(ဝ)	
ဝဇီရဗုဒ္ဓိဋီကာဆရာ	၂၇
ဝတ္ထာရမ္မဏဝိပွယုတ္တ	၃၇၂
ဝတ္ထုကာမနှင့် ကိလေသာကာမ	၂၀၆
ဝတ္ထုနာမ ကရဇကာယော	၃၂၁
ဝါယောရုပ်တရား၏ လက္ခဏာ	၅၇
ဝါယောဖောဋ္ဌဗ္ဗရုပ်၏ရသ	၅၇
ဝိက္ခမ္ဘနပဟာန်	၃၄၇
ဝိဇ္ဇုပ္ပါဒေါ အာကာသေ	၁၁၀
ဝိညာဏက္ခန္ဓာမျက်လှည့်	၃၈၆
ဝိညာဏာဟာရ	၂၈၉
ဝိညာဏဉ္စာယတနစျာန်	၃၂၉
ဝိပဿနာအစ ဥဒယဗ္ဗယဉာဏ်	၅၈
ဝိပဿနာဉာဏ်၏ နယ်ပယ်	၅၇
ဝိပဿနာနယ် မရောက်သေး	၅၃
ဝိပဿနာအာရုံကို လွှတ်လျက်	၁၁၉
ဝိပဿနာယာနိက	၃၂၃
ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုး	၁၈၉
ဝိပဿနာအာရုံ ပရမတ်	၃၂၇
ဝိပဿနာရှုကွက်	၃၆၇
ဝိပါက်အဗျာကတ	၃၇၀
ဝိသာခမထေရ်၏ မေတ္တာဓာတ်	၃၈၈
ဝိသုဒ္ဓိမဂ်မဟာဋီကာ	၃၄၇
ဝီထိစိတ်အစဉ်သာရှိ	၁၃
ဝီထိဖြစ်ရန် အင်္ဂါ	၁၆၁
ဝေဒနာနုပဿနာ	၁၉၄
ဝေဒနံ ဝိက္ခမ္ဘေတွာ	၃၁၉
ဝေဒယိတသုခ	၃၇၉
ဝေဒယိတာ လက္ခဏာ	၄၂၄
ဝေဘူဆရာတော်	၆၁

အက္ခရာစဉ်	စာမျက်နှာ
ဝင်ရော်ဆိပ်ကြီးဆရာတော်	၆၂
ဝင်လေ၏ တိုးမှု၊ ထိမှုသဘော	၅၃
ဝဋ်ဒုက္ခသခ်ါရ	၃၇၈
ဝမ်းပိုက်၏ ဖောင်းမှု၊ ပိန်မှု	၁၃၄
(သ)	
သက္ကာယဒိဋ္ဌ၏ ဘုံသုံးဆင့်	၄၁၉
သခ်ါရုပေက္ခာဉာဏ်	၁၁၇၊၁၁၈၊၁၁၉၊၃၅၆
သဠာနန လက္ခဏာ	၄၂၄
သစ္စာလေးပါးတရားမြတ်	၃၀၇
သဏ္ဌာနပညတ်	၃၉၀
သန္တာနာနုသယ	၂၈
သတ္တက္ခတ္တုပရမ	၃၄၇၊ ၃၅၁
သန္တတိပညတ်	၃၉၀
သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ	၂၈၀
သဘာဝ၏ လျှို့ဝှက်ချက်	၄၀
သမထနှင့် ဝိပဿနာ	၁၉၂
သမာဟိတော ယထာဘူတံ	၁၉၂
သမ္မာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိကိုဖယ်	၃၄
သမထ၊ ဝိပဿနာကို ကွဲပြားရန်	၃၂၇
သဿတဒိဋ္ဌိ	၇၅၊၁၂၇၊၃၄၃
သမုဒ္ဓေဒပဟာန်	၃
သမူဟပညတ်	၃၉၀
သာမာဝတီမိဖုရား	၁၆
သားတစ်ကဲ့သို့	၂၂၁
သမထ၏အာရုံ ပညတ်	၃၂၇
သမထယာနိက	၃၂၃
သိတာလည်း အသစ်	၁၃၄
သိတတ်သည့်သဘော	၁၄၂
သိရန်ခက်သည့် စုတိနှင့် ပဋိသန္ဓေ	၄၁၈
သီရိမာ၏ အသုဘရှုရန်	၁၇၈
သီလံ ပစ္စဝေက္ခတော	၃၁၉

အက္ခရာစဉ်	စာမျက်နှာ
သုက္ခဝိပဿက ရဟန္တာ	၁၇၇
သုညကမ္ဘာ	၅၄
သုညတမဂ်	၃၅၉
သုညတဝိမောက္ခမဂ်	၃၅၉
သုတေသန	၄၂
သုန္ဒရသမုဒ္ဒ	၂၈၅
သုဘာထေရီမ	၁၆၈
သုမနပန်းသည်	၁၆
သုမိတ္တာပုဏ္ဏေးမကလေး	၅၁
သုဘူတိမထေရ်မြတ်	၃၈၈
သေက္ခတောင်ဆရာတော်	၁၂၉
သောတဝိညာဏ်	၂၁၂
သောတာပန်အင်္ဂယ်စား	၄၅
သောတာပန် ဘွဲ့တံဆိပ်အတု	၁၀၄
သောတာပတ္တိမဂ်	၁၂၀
သောတာပတ္တိဖလဋ္ဌ	၃၅၇
သောတိန္ဒြိယ	၂၉၉
သံကိစ္စသာမဏော	၂၃၀
သံဝိဓာနနှင့် ဗီဇနိယာမကိစ္စ	၂၅၀
သံသယစိတ်လည်း အာရုံ	၈၃
သုံးပါးသော ကျရိယာပုတ်	၁၇၅
သင်္ဘောမှ လွှတ်လိုက်သောဌက်	၃၅၇
သိမ်မွေ့ရာသို့ရောက်	၉၃
သန်းဦးခေါင်းပမာဏ စက္ခုပသာဒ	၁၈၁
သတ်ခိုင်းမိတယ်	၁၀၅
သွားသူ ရပ်သူမရှိ	၁၅၀
သပ္ပာယတရား	၁၉၆
(ဟ)	
ဟဒယဝတ္ထုရုပ်	၁၂၇
ဟဒယဝတ္ထု၏ လှုပ်ရှားတုန်ခါမှု	၁၃၄

ပဋ္ဌာန်းပစ္စည်းကို မျိုးအလိုက် လေ့လာခြင်း

စဉ်	ပါဠို (မြန်မာ)	Pali (Roman)
၁	ဟေတုပစ္စယော	*Hetu-paccaya*
၂	အာရမ္မဏပစ္စယော	*Ârammaṇa-paccaya*
၃	အဓိပတိပစ္စယော (က) အာရမ္မဏာဓိပတိ (ခ) သဟဇာတာဓိပတိ	*Adhipati-paccaya* *(a) Ârammaṇ'âhipati (b) Sahajât'âdhipati*
၄	အနန္တရပစ္စယော	*Anantara-paccaya*
၅	သမနန္တရပစ္စယော	*Samanantara-paccaya*
၆	သဟဇာတပစ္စယော	*Sahajâta-paccaya*
၇	အညမညပစ္စယော	*Aññamaññña-paccaya*
၈	နိဿယပစ္စယော (က) ဝတ္ထုပုရေဇာတနိဿယ (ခ) သဟဇာတနိဿယ	*Nissaya-paccaya* *(a) Vutthu purejâta-nissaya (b) Sahajâta-nissaya*
၉	ဥပနိဿယပစ္စယော (က) အာရမ္မဏူပနိဿယ (ခ) အနန္တရူပနိဿယ (ဂ) ပကတူပနိဿယ	*Upanissaya-paccaya* *(a) Ârammaṇ'ûpanissaya (b) Anantar'ûpanissaya* *(c) Pakat'ûpanissaya*
၁၀	ပုရေဇာတပစ္စယော (က) ဝတ္ထုပုရေဇာတ (ခ) အာရမ္မဏပုရေဇာတ (ဂ) ဝတ္ထာရမ္မဏပုရေဇာတ	*Purejâta-paccaya* *(a) Vatthu-purejâta (b) Ârammaṇa-purejâta* *(b) Vatthârammana-purejâta*
၁၁	ပစ္ဆာဇာတပစ္စယော	*Pacchâjâta-paccaya*
၁၂	အာသေဝနပစ္စယော	*Âsevana-paccaya*
၁၃	ကမ္မပစ္စယော (က) သဟဇာတကမ္မ (ခ) ဗလဝနာနာက္ခဏိကကမ္မ (ဂ) ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ (ဃ) နာနာက္ခဏိကကမ္မ	*Kamma-paccaya* *(a) Sahajâta-kamma (b)Balava Nânakkhaṇika-kamma* *(c) Balavadubbala Nânakkhaṇika-kamma* *(d) Nânakkhaṇika-kamma*
၁၄	ဝိပါကပစ္စယော	*Vipâka-paccaya*
၁၅	အာဟာရပစ္စယော (က) ရူပ်အာဟာရ (ခ) နာမ်အာဟာရ	*Âhâra-paccaya* *(a) Rûpâhâra (b) Nâmâhâra*
၁၆	ဣန္ဒြိယပစ္စယော (က) ဝတ္ထုပုရေဇာတိန္ဒြိယ (ခ) ရူပဇီဝိတိန္ဒြိယ (ဂ) သဟဇာတိန္ဒြိယ	*Indriya-paccaya* *(a) Vutthu purejâta-indriya (b) Rupa jîvit'indriya* *(c) Sahâjâta-indriya*
၁၇	ဈာနပစ္စယော	*Jhâna-paccaya*
၁၈	မဂ္ဂပစ္စယော	*Magga-paccaya*
၁၉	သမ္ပယုတ္တပစ္စယော	*Sampayutta-paccaya*
၂၀	ဝိပ္ပယုတ္တပစ္စယော (က) သဟဇာတဝိပ္ပယုတ္တ (ခ) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ (ဂ) ပစ္ဆာဇာတဝိပ္ပယုတ္တ (ဃ) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ	*Vippayutta-paccaya* *(a) Sahajâta-vippayutta (b) Vatthu- Purejâta-vippayutta* *(c) Pacchâjâta-vippayutta (d) Purejâta-vippayutta*
၂၁	အတ္ထိပစ္စယော (က) သဟဇာတအတ္ထိ (ခ) ဝတ္ထုပုရေဇာတတ္ထိ (ဂ) အာရမ္မဏပုရေဇာတတ္ထိ (ဃ) ပစ္ဆာဇာတတ္ထိ (င) ရူပ်အာဟာရတ္ထိ (စ) ရူပဇီဝိတိန္ဒြိယတ္ထိ	*Atthi-paccaya* *(a) Sahajâta-atthi (b) Purejâta-atthi* *(c) Ârammaṇa Purejâta-atthi (c) Pacchâjâta-atthi* *(e) Rupa Âhâra-atthi (f) Rûpâ Jîvit' indriya-atthi*
၂၂	နတ္ထိပစ္စယော	*Natthi-paccaya*
၂၃	ဝိဂတပစ္စယော	*Vigata-paccaya*
၂၄	အဝိဂတပစ္စယော (က) သဟဇာတအဝိဂတ (ခ) ဝတ္ထုပုရေဇာတအဝိဂတ (ဂ) အာရမ္မဏပုရေဇာတအဝိဂတ (ဃ) ပစ္ဆာဇာတအဝိဂတ (င) ရူပ်အာဟာရအဝိဂတ (စ) ရူပဇီဝိတိန္ဒြိယအဝိဂတ	*Avigata-paccaya* *(a) Sahajâta-Avigata (b) Vatthu- Purejâta-Avigata* *(c) Ârammaṇa Purejâta-Avigata (d) Pacchâjâta-Avigata* *(e) Rupa Âhâra-Avigata (f) Rûpâ Jîvit' indriya-Avigata*

လက်ာ - ဆယ့်ငါးသဟ၊ ရှစ်ဝအာနှင့်၊ ခုနှစ်ဖြာနန်၊ ခြောက်တန်ဝဏ္ဏ၊ လေးခုပစ္စာ၊ သုံးဖြာဟာရော၊ တယောက္ကန္ဒြေ၊ ဒွိပကတူ၊ တစ်ခုမူကမ် မျိုးကိုးတန်၊ ဆောင်ရန်နှုတ်တက် အာဂုံတည်း။

သဟဇာတမျိုး ၁၅-ပါး

သဟဇာတ အကြီးပစ္စည်း ၄-ပါး

၁။ သဟဇာတ
၂။ သဟဇာတနိဿယ
၃။ သဟဇာတတ္ထိ
၄။ သဟဇာတအဝိဂတ

သဟဇာတ အလတ်ပစ္စည်း ၄-ပါး

၅။ အညမည
၆။ ဝိပါက
၇။ သမ္မယုတ္တ
၈။ သဟဇာတဝိပ္ပယုတ္တ

သဟဇာတ အငယ်ပစ္စည်း ၇-ပါး

၉။ ဟေတု
၁၀။ သဟဇာတာဓိပတိ
၁၁။ သဟဇာတကမ္မ
၁၂။ နာမ်အာဟာရ
၁၃။ သဟဇာတိန္ဒြိယ
၁၄။ ဈာန ၁၅။ မဂ္ဂ

အာရမ္မဏမျိုးပစ္စည်း ၈-ပါး

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၄။ အာရမ္မဏူပနိဿယ
၅။ အာရမ္မဏပုရေဇာတ
၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၇။ အာရမ္မဏပုရေဇာတတ္ထိ
၈။ အာရမ္မဏပုရေဇာတအဝိဂတ

အနန္တရမျိုးပစ္စည်း ၇-ပါး

၁။ အနန္တရ
၂။ သမနန္တရ
၃။ အနန္တရူပနိဿယ
၄။ အာသေဝန
၅။ နာနာက္ခဏိကကမ္မ
၆။ နတ္ထိ
၇။ ဝိဂတ

ဝတ္ထုပုရေဇာတမျိုးပစ္စည်း ၆-ပါး

၁။ ဝတ္ထုပုရေဇာတနိဿယ
၂။ ဝတ္ထုပုရေဇာတ
၃။ ပုရေဇာတိန္ဒြိယ
၄။ ပုရေဇာတဝိပ္ပယုတ္တ
၅။ ပုရေဇာတတ္ထိ
၆။ ပုရေဇာတအဝိဂတ

ပစ္ဆာဇာတမျိုးပစ္စည်း ၄-ပါး

၁။ ပစ္ဆာဇာတ
၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ
၃။ ပစ္ဆာဇာတတ္ထိ
၄။ ပစ္ဆာဇာတအဝိဂတ

ရူပဇီဝိတိန္ဒြိယမျိုးပစ္စည်း ၃-ပါး

၁။ ရူပဇီဝိတိန္ဒြိယ
၂။ ရူပဇီဝိတိန္ဒြိယတ္ထိ
၃။ ရူပဇီဝိတိန္ဒြိယအဝိဂတ

ရူပ်အာဟာရမျိုးပစ္စည်း (၃) ပါး

၁။ ရူပ်အာဟာရ
၂။ ရူပ်အာဟာရတ္ထိ
၃။ ရူပ်အာဟာရအဝိဂတ

ပကတူပနိဿယပစ္စည်း (၂) ပါး

၁။ ပကတူပနိဿယ
၂။ ဗလဝနာနာက္ခဏိက ကမ္မ

ကမ္မပစ္စည်း (၁) ပါး

၁။ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ

မိုဠိမ်းကိုးကားသည့် ကျမ်းစာအုပ်များ

၁။ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ

၂။ မဟာဝဂ္ဂပါဠိအဋ္ဌကထာ

၃။ ပါထိကဝဂ္ဂပါဠိအဋ္ဌကထာ

၄။ မူလပဏ္ဏာသပါဠိအဋ္ဌကထာ

၅။ မဇ္ဈိမပဏ္ဏာသပါဠိ၊ အဋ္ဌကထာဋီကာ

၆။ ဥပရိပဏ္ဏာသပါဠိအဋ္ဌကထာ

၇။ သဂါထာဝဂ္ဂသံယုတ္တပါဠိအဋ္ဌကထာ

၈။ နိဒါနဝဂ္ဂသံယုတ္တပါဠိအဋ္ဌကထာ

၉။ ခန္ဓဝဂ္ဂသံယုတ္တပါဠိအဋ္ဌကထာ

၁၀။ သဠာယတနဝဂ္ဂသံယုတ္တပါဠိအဋ္ဌကထာ

၁၁။ မဟာဝဂ္ဂသံယုတ္တပါဠိအဋ္ဌကထာ

၁၂။ အင်္ဂုတ္တရပါဠိအဋ္ဌကထာ

၁၃။ ပါရာဇိကပါဠိအဋ္ဌကထာ

၁၄။ မဟာဝဂ္ဂပါဠိ(ဝိနယ)အဋ္ဌကထာ

၁၅။ ပရိဝါပါဠိအဋ္ဌကထာ

၁၆။ ဓမ္မပဒပါဠိအဋ္ဌကထာ

၁၇။ သုတ္တနိပါတပါဠိအဋ္ဌကထာ

၁၈။ ထေရဂါထာပါဠိအဋ္ဌကထာ

၁၉။ ထေရီဂါထာပါဠိအဋ္ဌကထာ

၂၀။ ဝိမာနဝတ္ထုပါဠိအဋ္ဌကထာ

၂၁။ ဇာတကပါဠိအဋ္ဌကထာ

၂၂။ ပဋိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ

၂၃။ မိလိန္ဒပဉ္ဉပါဠိ

၂၄။ ဝိဘင်္ဂပါဠိအဋ္ဌကထာ

၂၅။ အဋ္ဌသာလိနီအဋ္ဌကထာ
၂၆။ ပဉ္စပကရဏအဋ္ဌကထာ
၂၇။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ
၂၈။ ပထမရွှေကျင်ဆရာတော်ကြီး၏ ပဋ္ဌာန်းပစ္စည်း အနက်အဓိပ္ပာယ်ကျမ်း
၂၉။ လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းနှင့် ဒီပနီကျမ်းများ
၃၀။ လယ်တီဆရာတော်ကြီး၏ ပရမတ္ထဒီပနီ
၃၁။ လယ်တီဆရာတော်ကြီး၏ နိဗ္ဗာနဒီပနီ
၃၂။ ကျေးဇူးရှင် မိုးညှင်းတောရဆရာတော်ကြီး၏ လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်းနှင့် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း
၃၃။ သဲအင်းသာသနာပိုင်ဆရာတော်ကြီး၏ ပဋ္ဌာန်းညဝါ သုံးစောင်တွဲ (၁၉၁၂-ခုနှစ်တွင် ထုတ်ဝေသည်)
၃၄။ မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်းပဋ္ဌာန်းပို့ချစဉ်ကျမ်း
၃၅။ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်ကျမ်း
၃၆။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းတရားတော် (၂၀၀၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)
၃၇။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဝိထိနှင့်သုံးချက်စု
၃၈။ တိပိဋကမင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲ (၂၀၁၇-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)
၃၉။ မဟာစည်ဆရာတော်ကြီး၏ ဓမ္မစကြာတရားတော် (နဝမအကြိမ်) (၂၀၂၂-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)
၄၀။ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း (ပထမတွဲနှင့် ဒုတိယတွဲ၊ ၂၀၁၅-ခုနှစ်တွင် ၁၃-ကြိမ်မြောက် ထုတ်ဝေသည်)
၄၁။ မိုးကုတ်ဆရာတော်ကြီး၏ သုံးချက်စုပို့ချစဉ်
၄၂။ ခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော်၏ ပဋ္ဌာန်းပါရဂူကျမ်း
၄၃။ သဒ္ဓမ္မောဆရာတော်၏ ပဋ္ဌာနသာရဝိဘာဝနီကျမ်း (၁၉၆၀-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)
၄၄။ ရွှေဟင်္သာဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်တရားတော် (၂၀၂၀-ခုနှစ်တွင် ပြန်လည်စီစဉ် ပုံနှိပ်ထုတ်ဝေသည်)

၄၅။ ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပဋ္ဌာန်းလမ်းညွှန်ကျမ်း (ဒုတိယအကြိမ်) (၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၄၆။ ပဋ္ဌာန်းသိပ္ပံဆရာတော်၏ 'ပဋ္ဌာနသာရဝိလာသိနီ'ခေါ် ပဋ္ဌာန်းသိပ္ပံကျမ်း (ဒုတိယအကြိမ်) (၂၀၁၃-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၄၇။ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရ (၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၄၈။ သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ် (နဝမအကြိမ်) (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၄၉။ သပြေကန်ဆရာတော်ကြီး၏ ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ

၅၀။ သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ ပဋ္ဌာန်းနှင့် ဝိပဿနာသိကောင်းစရာတရားတော် (၂၀၀၅ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၅၁။ ပန်းကုံးဆရာတော်ကြီး၏ ပဋ္ဌာနပန်းကုံး (၂၀၁၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၅၂။ အရှင်နန္ဒောဘာသ၏ အုတ်ကန်ပဋ္ဌာန်းနည်းပြကျမ်း (၂၀၁၅ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၅၃။ ဗန်းမော်ဆရာတော်ကြီး၏ ပဋ္ဌာန်းတရားတော်

၅၄။ မြောင်းမြတိုက်သစ် ပဇ္ဇောတာရုံဆရာတော်၏ ပဋ္ဌာနဗောဓိကျမ်း (၂၀၁၂ - ခုနှစ်တွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်)

၅၅။ ရွှေကျောင်းကုန်းဆရာတော်ကြီး၏ ပဋ္ဌာနဉာဏဒဿနာဂဆာကျမ်း

၅၆။ အရှင်တိလောကာဘိဝံသ၏ မာတိကာ + ဓာတုကထာ လင်္ကာဆောင်

၅၇။ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋ္ဌာန်းမြတ်ဒေသနာ (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၅၈။ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

၅၉။ ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)၏ လူတိုင်းအတွက်ပဋ္ဌာန်း (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၆၀။ ဘုံကျော်ဆရာတော်ကြီး (တောင်တွင်းကြီး)၏ တိကပဋ္ဌာနပါဠို၊ ပစ္စယနိဒ္ဒေသမှတ်စု

၆၁။ ဆရာတော်ဦးသေဋ္ဌယ၏ မုံရွာလယ်တီပဋ္ဌာန်းဟောစဉ် (ပထမအကြိမ်၊ ၁၉၉၇-ခုနှစ်တွင် ထုတ်ဝေသည်)

၆၂။ အရှင်တေဇနိယ၏ ပထမကြီးတန်းအတွက် ပဋ္ဌာန်းအလင်းရောင် (၂၀၀၀-ခုနှစ်တွင် ထုတ်ဝေသည်။)

၆၃။ အရှင်ဇောတိက (ညောင်တုန်း)၏ ပဋ္ဌာန်းပစ္စယနိဒ္ဒသေ ပို့ချဟောကြားချက်များ (၂၀၀၈-ခုနှစ်တွင် ထုတ်ဝေသည်။)

၆၄။ ပဋ္ဌာန်းဆရာတော်ဦးဝါယမ (ရေဦး)၏ ပဋ္ဌာန်းဝိပဿနာဟောစဉ်ကျမ်း (၁၉၉၃-ခုနှစ်တွင် ထုတ်ဝေသည်။)

၆၅။ ရန်ကင်းတောရဆရာတော် အရှင်ခေမာနန္ဒ၏ ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ

၆၆။ ဆရာကြီးဒေါ်ဝိဇ္ဇေသီ၏ သရုပ်ပြခမ္မပဒကျမ်း (၁၉၈၃-ခုနှစ်တွင် ထုတ်ဝေသည်။)

၆၇။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် အတွဲ-၁ (၁၉၈၄ - ခုနှစ်တွင် ထုတ်ဝေသည်)

၆၈။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် အတွဲ-၃ (၂၀၀၄ - ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေသည်)

၆၉။ ဦးသော်ဇင်၏ လန်ဒန်ပါဠိဒေဝီ၏ အမေး၊ လယ်တီဆရာတော် အဖြေ (ပဋ္ဌာန်းအလင်းပြကျမ်း)

၇၀။ ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများ (၁၉၈၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၇၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဒသမအကြိမ်၊ ၁၉၈၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၇၂။ ဦးမြင့်ဆွေ မဟာဝိဇ္ဇာ (လန်ဒန်)၏ ပဋ္ဌာန်းမဟာ

၇၃။ ဆရာကြီးဦးကျော်ထွတ်၏ သဒ္ဒမ္မဇောတိကပဋ္ဌာန်းကျမ်း (၁၉၉၉-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၇၄။ ဦးတင်ဝင်း(ဒိုက်ဦး)၏ ပဥ္စာဝါရဝိဘင်္ဂမှတ်စု (၂၀၁၂-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၇၅။ ဦးတင်ဝင်း (ဒိုက်ဦး)၏ မာတိကာမှတ်စု (၂၀၁၀-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၇၆။ မဟာသဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်၏ သံသရာလမ်းညွှန်ပညာ ဆုထူးပန် အဘိဓမ္မာကျမ်းများ (ပထမအဆင့်)၂၀၁၂-ခုနှစ်တွင် ထုတ်ဝေသည်။

၇၇။ ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (စတုတ္ထအကြိမ်)၁၉၉၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၇၈။ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းစာတမ်း

၇၉။ စိန်လင်း ခွဲစိတ်နှင့် ကင်ဆာပါရဂူ၏ နယသာဂရ ပဋ္ဌာန်းတရားတော် (တတိယအကြိမ်) ၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၈၀။ ပြင်ဦးလွင်မှ ဆရာကြီးဦးအုန်းကျော် (အင်ဂျင်နီယာ)မှ ဟောကြားသည့် ဘဝနှင့်ပဋ္ဌာန်းတရားတော် အသံသွင်းထားသည့်တရားများ။

၈၁။ သစ္စာမဏ္ဍိုင်ပိဋကတ်တိုက်မှ ထုတ်ဝေသည့် ပဋ္ဌာန်းပါဠိတော်နိဿယနှင့် ၂၄-ပစ္စည်း အဓိပ္ပာယ်အကျဉ်း ၁၉၈၅-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၈၂။ မဟာဂန္ဓာရုံဘုံကျော်ဆရာတော်ကြီး၏ The meaning of 24 condition.

၈၃။ Handbook of Abhidhamma Studies by Ven.Sayadaw U Silananda.

၈၄။ Patthana by Ven.Sayadaw U Silananda.

၈၅။ Anantara paccayo by Ashin Kudalabivamsa

၈၆။ Patthana Condition Relations Agganyani.

၈၇။ University of Abhidhamma Superior Diploma Course in Abhidhamma (English) Level 1Part (I)

၈၈။ Patthana Dhamma By Htoo Naing.

၈၉။ www.kbrl.gov.mm

၉၀။ www.dhammadownload.com

၉၁။ www.dhammatrainingcenter.com

၉၂။ Website များမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့် ပိဋကတ်တော်တို့၏ မြန်မာပြန် ကောက်နှုတ်ချက်အတို Summary များနှင့် ရှားပါး Reference book အချို့ကို ရည်ညွှန်းကိုးကားခွင့် ရခဲ့ပါသဖြင့် ပညာရှင်များကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

ရန်ကင်းတောင်စာစဉ်၏ ဆုတောင်း

"လူဘဝက တိုတောင်းလွန်းပါတယ်။ အလုပ်တစ်ခုပြီးစီးအောင် လုပ်နိုင်ဖို့တောင် အချိန်က မလုံလောက်ပါဘူး။ သို့ပါသော်လည်း ရတဲ့အချိန်ကို ရနိုင်သလောက်ယူပြီး ကိုယ်တိုင်ရေးသား ပြုစုထားတဲ့ ကျမ်းစာအုပ်တွေက လူသားတွေအကျိုးဖြစ်ထွန်းဖို့ ဘုန်းကြီးအနေနဲ့ ကြိုးစား နေပါတယ်" ဟု ဆရာတော်က မိန့်တော်မူဖူးပါတယ်။

ယနေ့အချိန်ထိ ဆရာတော်ပြုစုခဲ့တဲ့ စာအုပ်စုစုပေါင်း (၅၁)အုပ် ရှိပြီး စုစုပေါင်းအုပ်ရေ နှစ်သန်းခွဲကျော်ကျော် ပုံနှိပ်ဖြန့်ချိနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ကျမ်းစာအုပ်ကြီး (၃)အုပ်အပါအဝင် စာအုပ်(၇)အုပ်က ဆရာတော် ရေးသားပြုစု လက်စ ရှိတယ်လို့ သိရပါတယ်ခင်ဗျား။

"ဆရာတော် သက်ရှည်ကျန်းမာပြီး ကျမ်းစာအုပ်များစွာကို
ရေးသား ပြုစုပေးနိုင်ပါစေဘုရား"

ရန်ကင်းတောင်စာစဉ်


ရန်ကင်းတောရဆရာတော် ရေးသားခဲ့သည့် စာအုပ်များ		
စာစဉ်	စာအုပ်အမည်	ပုံနှိပ်အကြိမ်
၁	ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ပထမပိုင်း)	အဋ္ဌမအကြိမ်
၂	ကောင်းကင်ကြယ် နက္ခတ်ကြည့်နည်းပညာနှင့် အရာဏ်တက်ချိန်	နဝမအကြိမ်
၃	ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း)	ဆဋ္ဌမအကြိမ်
၄	ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ဒုတိယပိုင်း)	ဆဋ္ဌမအကြိမ်
၅	ဤခရီးနိုးလာပါသည်	စတုတ္ထအကြိမ်
၆	ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (တတိယပိုင်း)	ပဉ္စမအကြိမ်
၇	ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း)	ဆဋ္ဌမအကြိမ်
၈	ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း)	ဆဋ္ဌမအကြိမ်
၉	"ပဉ္စာနန္တရိယ" ကံနှင့် "ပါဏာတိပါတ" ကံတို့အကြောင်း	ပဉ္စမအကြိမ်
၁၀	ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၁)	စတုတ္ထအကြိမ်
၁၁	ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ပထမပိုင်း)	ပဉ္စမအကြိမ်
၁၂	လူတို့နှင့်သက်ဆိုင်သော "ရဟန်းဝိနည်းများ" (အပိုင်း - ၁)	ဆဋ္ဌမအကြိမ်
၁၃	ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၂)	တတိယအကြိမ်
၁၄	ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့်(ဒုတိယပိုင်း)	တတိယအကြိမ်
၁၅	ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့်(တတိယပိုင်း)	တတိယအကြိမ်
၁၆	ဖွံ့ဖြိုးတိုးတက်နေသည့် လူဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ (အပိုင်း - ၁)	ဆဋ္ဌမအကြိမ်
၁၇	ဥရောပယောဂီ၏ ဘဝနိဂုံး (အပိုင်း - ၁)	တတိယအကြိမ်
၁၈	"အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုဂါမဗုဒ္ဓသိမ်မြေဂရန်" မင်းအစိုးရထံ လျှောက်ထားခြင်း	ပဉ္စမအကြိမ်
၁၉	လူတို့နှင့်သက်ဆိုင်သော "ရဟန်းဝိနည်းများ" (အပိုင်း - ၂)	တတိယအကြိမ်
၂၀	Vipassana Primary Text Book (Elementary Level) Part-1	ပထမအကြိမ်
၂၁	ဆဋ္ဌမအာရုံ (Intuitive Power) ကို ဝိပဿနာဖြင့် ချဉ်းကပ်လေ့လာခြင်း	ဒုတိယအကြိမ်
၂၂	ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာ)အပိုင်း - ၁	၂၈ကြိမ်မြောက်
၂၃	မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၁)	ဒုတိယအကြိမ်
၂၄	ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာအဖွင့်)	ပဉ္စမအကြိမ်

ရေးသားပြုစုသူ **အရှင်ဒေမာနန္ဒ** ရန်ကင်းတောရ၊ သပြေပင်




တတိယအကြိမ်

ပဋ္ဌာန်းပဥ္စာဝါရ
အပိုင်း (၁)




တတိယအကြိမ်

ပဋ္ဌာန်းတရားတော်နှင့်
ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ



ပထမအကြိမ်

သိကောင်းစရာ ပဋ္ဌာန်းတရား



ပထမအကြိမ်

ပဋ္ဌာန်းတရားတော်နှင့်
ဝိပဿနာအခြေခံ

၂၅	မမွေကျောင်းတော် (အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာ)အပိုင်း - ၂	စတုတ္ထအကြိမ်
၂၆	ရောင်စုံခြယ်သ ပုံဆွဲ သင်ခန်းစာ(၁) ပါရမီ (၁၀)ပါး	ဒုတိယအကြိမ်
၂၇	ရောင်စုံခြယ်သ ပုံဆွဲ သင်ခန်းစာ(၂) ဝဋ်တော် (၁၂)ပါး	ဒုတိယအကြိမ်
၂၈	ရောင်စုံခြယ်သ ပုံဆွဲ သင်ခန်းစာ(၃) အောင်ခြင်း(၈)ပါး	ဒုတိယအကြိမ်
၂၉	မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၂)	ဒုတိယအကြိမ်
၃၀	Game အကြောင်းကို လူကြီးမိဘများက သိဖို့လိုတဲ့ခေတ် ရောက်ပါပြီ	ပထမအကြိမ်
၃၁	ဘဝဆည်းဆာ လှစေချင်ပါသည်	ပဉ္စမအကြိမ်
၃၂	ရောင်စုံခြယ်သ ပုံဆွဲ သင်ခန်းစာ(၄) ဗုဒ္ဓဝင်	ပထမအကြိမ်
၃၃	လမ်းမပေါ်၌ လမ်းပျောက်ချင်သူ	ပထမအကြိမ်
၃၄	မမွေကျောင်းတော် (အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၃	ဒုတိယအကြိမ်
၃၅	နဘူးကျင်းဆရာတော်ဘုရားကြီး၏စံနမူနာယူစရာ ကျင့်သီလ	ပထမအကြိမ်
၃၆	ပဋ္ဌာန်းပဥ္စာဝါရ	တတိယအကြိမ်
၃၇	ပဋ္ဌာန်းတရားတော်နှင့်ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ	တတိယအကြိမ်
၃၈	ဥရောပယောဂီ၏ ဘဝနိဝုံး (အပိုင်း - ၂)	ပထမအကြိမ်
၃၉	ငြိမ်းအေးသောစိတ် (အပိုင်း - ၁)	ဒုတိယအကြိမ်
၄၀	မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၃)	ပထမအကြိမ်
၄၁	သိကောင်းစရာဓူတင်သာသနာ	ပထမအကြိမ်
၄၂	ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း - ၁)	ပထမအကြိမ်
၄၃	ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း - ၂)	ပထမအကြိမ်
၄၄	မေတ္တာတရား (Loving Kindness)	တတိယအကြိမ်
၄၅	သိကောင်းစရာ ပဋ္ဌာန်းတရား	ပထမအကြိမ်
၄၆	ကရုဏာတရား (Compassion)	ပထမအကြိမ်
၄၇	မုဒိတာတရား (Sympathetic Joy)	ပထမအကြိမ်
၄၈	ဥပေက္ခာတရား (Equanimity)	ပထမအကြိမ်
၅၀	ဖွံ့ဖြိုးတိုးတက်နေသည့် လူဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ (အပိုင်း - ၂)	ပထမအကြိမ်
၅၁	ပုံတော်စုံ ပဋ္ဌာန်းတရားတော်	ပထမအကြိမ်
၅၂	ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာအခြေခံ	ပထမအကြိမ်